
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပညာရွှေတောင် စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ


| | | |
|---|---|---|
| ၁၃၅ | (၂၀)ရာစု အင်္ဂလိပ်စာဆောင်းပါးများပေါင်းချုပ် (ဒုတိယတွဲ) | ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြဘေသား) |
| ၁၃၆ | အုံ့မှုနှင့် ဆန်းကြယ်ရင်မိဝတ္ထုတိုများ | မောင်ညိုမှိုင်း(သန့်လျှင်) |
| ၁၃၇ | မိစ္ဆာပိုး | မောင်မြင့်ကြွယ် |
| ၁၃၈ | မြမကိုင် ကျွဲရေဆန်းကြယ်ဝတ္ထုကြီး | မာယာ |
| ၁၃၉ | ပုလဲနက် ဝက်ပါ | ဖိုးကျော့ |
| ၁၄၀ | ဂျာအေးနှင့် ရွှေအိုးကြီး | ပေါ်ကျာရစ် |
| ၁၄၁ | သစ်မိစ္ဆာနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ | တပ်ကြပ်ကြီးမောင်ကို |
| ၁၄၂ | သူတော်ငတေ၏ ပိတုန်းတစ်ကောင်နှင့် အခြားဝတ္ထုတိုများ | ဝေယံလင်းဖော် |
| ၁၄၃ | မြန်မာပြည်အရပ်ရပ်မှ လူ့ဝင်စားများ | တိုးထက် |
| ၁၄၄ | သူရဲကောင်းတို့၏ စိတ်ဓာတ်ပုံပြင်များ | မကြွယ်ကြွယ် |
| ၁၄၅ | မရထာကျန်သည် | မောင်မြင့်ကြွယ် |
| ၁၄၆ | ရန်ကုန်မောင်မောင်တုတ်(ရတနာပုံလျှို့ဝှက်တော်လမ်းများ) | မောင်မေငယ် |
| ၁၄၇ | သမိုင်းကမြှော်သော ကျွဲရုပ်နယ်မြေများ | လှမိုး(ပညာရေး) |
| ၁၄၈ | ပုန်းကြည် | မာယာ |
| ၁၄၉ | သူ့ရဲ့ယောက်ျားနှင့် ဆန်းကြယ်ရသဝတ္ထုတိုများ | ပညာဝေ |
| ၁၅၀ | အချစ်တရားအပေါက်ကျော်နှင့် လူ့ရှိန်တမင်းဆင် | သီဝေမာ(ကချင်ပြည်နယ်) |
| ၁၅၁ | ရာအေးနှင့် ဝိသဝိဇ္ဇာ | ပေါ်ကျာရစ် |
| ၁၅၂ | ရွှေသော်စကြာ | အထောက်တော်လှအောင် |
| ၁၅၃ | နိုင်ငံကျော်လိုင်မာလယ်နှင့်ယာကူဘာအထူးဆောင်းပါးများ (မြိတ်)ဆရာကျော်လင်း | |
| ၁၅၄ | ရာအေးနှင့် ဓာတ်လိုက်ကြီး | ပေါ်ကျာရစ် |
| ၁၅၅ | စာအင်သုံးဆင် ဆေးဝက်ဝင် | ဦးလှခင် |
| ၁၅၆ | ယုန်တောင်ကြောင်မိနှင့် ဝိဇ္ဇာရဲများ | တပ်ကြပ်ကြီးမောင်ကို |
| ၁၅၇ | ဒုတိယကမ္ဘာစစ်နှင့် ထူးခြားဖြစ်ရပ်ဆန်းများ | လှမိုး (ပညာရေး) |
| ၁၅၈ | အိမ်ကြီးပေါ်မှ ဧည့်သည်များနှင့် သည်းထိတ်ရင်ဖိုဝတ္ထုတိုများ | ကြည်ဦး |
| ၁၅၉ | သူတော်ငတေနှင့် ကျောက်တာမြည်သံ | ဝေယံလင်းဖော် |
| ၁၆၀ | မီးကိုတိုးတဲ့ ပိုးဖလံ | အထောက်တော်လှအောင် |
| ၁၆၁ | တုရက်တွင်းကပါလာသူ | ခင်(စေတောင်ကြီး) |
| ၁၆၂ | ကမ္ဘာ့ရှုမျိုးနှင့် ဂန္ဓီမြို့တော် | ဖိုးကျော့ |
| ၁၆၃ | နဂါးကြီးဂူနှင့် အဝိစိမှလောကီလွန်ဖြစ်ရပ်များ | လှမိုး (ပညာရေး) |
| ၁၆၄ | ရွှေမည်းတောင်ကြား | ဝေယံလင်းဖော် |
| ၁၆၅ | မဲခူးမြို့မထေရာတော်ဘုရားကြီး | မကြွယ်ကြွယ် |
| ၁၆၆ | ဥမ္မာဒဂေဘာ | ပေါ်ကျာရစ် |
| ၁၆၇ | တစ်ဖန်ပြန်၍မနိုးသောဝေဒနာ | နတ်နွယ် |
| ၁၆၈ | ပရလောကမှထူးဆန်းသောဖြစ်ရပ်မှန်များ | ငြိမ်းငြိမ်း(ကျိုင်းတုံ) |
| ၁၆၉ | လှယမင်းလား ကျားရဲလားနှင့်တစ်ခြားဝတ္ထုတိုများ | မင်းခေါင်စိုး |
| ၁၇၀ | ဂျာအေးနှင့် ချစ်နောက်ကောက် | ပေါ်ကျာရစ် |
| ၁၇၁ | ကျွန်တော်နှင့်ဆေးလောက ဆေးလောကနှင့်ကျွန်တော် | မကျေးဝင်းမြင့် |
| ယခု | | |
| ၁၇၂ | ကမ္ဘာ့ဖျက်စစ်ဆင်ရေး | မောင်မြင့်ကြွယ် |
| ထက်လက်၌ | | |
| ၁၇၃ | မြင့်မိုရ်မှန်တိုင်း | မာယာ |
| ၁၇၄ | ဣသသာမစ္ဆရိယ ဗိပါက်ကြမ္မာ | ထက်မြက် |




# မောင်မြင့်ကြွယ်

# ကမ္ဘာ့ဖျက်စစ်ဆင်ရေး

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ချက်စဝ်ဆင်ရေး

မောင်မြို့ကြွယ်

အတွင်းစာသားခွင့်ပြုချက်အမှတ်
၆၄၇ / ၂၀၀၄ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၉၅၅ / ၂၀၀၄ (၉)
ထုတ်ဝေသည့်အကြိမ်
ဒုတိယအကြိမ်
၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ
၅၀၀
အဖုံးဝန်းချီနှင့် အတွင်း
ကိုစိုးအောင်
ဖလင်
ဦးထွန်းဆိုင်
စာအုပ်ချုပ်
ပပဓိုး
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး၊
ပညာရွှေတောင်စာအုပ်တိုက်
(မြ- ၀၃၉၄၅)
၁၁၄ ဗိုလ်ရတီလမ်း
ရတနာကျွန်းရိပ်သာ၊သုနန္ဒာ
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊
အမှတ် ၈၄ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
တန်ဖိုး
၂၀၀၀- ကျပ်

BURMESE CLASSIC .com

# နိဒါန်း

*ယုတင်ဖေါ်၊ ဆွစ်ဇာလန်နိုင်ငံ*
*အောက်တိုဘာလ ၀၄ ရက်၊ တနင်္ဂနွေ၊ ၁၅ း ၅၀ နာရီ*

ကွင်းအစပ်၌ ရပ်နေကြသော မျက်မြင်ပုဂ္ဂိုလ်များသည် တုန်လှုပ်ချောက်ချားမှုကြောင့် တိတ်ဆိတ်စွာ ငေးစိုက်ကြည့်နေကြသည်။ စကားမပြောနိုင်လောက်အောင်ပင် ကြက်သေ သေနေကြသည်။ သူတို့ရှေ့ဘက်မှ မြင်ကွင်းမှာ ကိုးရိုကားရားနိုင်လှသောမြင်ကွင်း ဖြစ်သည်။ ကျောက်ခေတ်လူသားများ၏ မသိစိတ်ထဲ၌ ပေါင်းစုနစ်မြုပ်နေသော စိတ်ချောက်ချားဖွယ်ရာ အိပ်မက်ဆိုးများကို အလွန်နက်ရှိုင်းသည့် နေရာမှ ဆွဲထုတ်လိုက်သလို ဖြစ်နေသည်။

မျက်မြင်ပုဂ္ဂိုလ်တစ်ယောက်စီ၏ တုံ့ပြန်မှုများမှာ မတူညီကြချေ။

တစ်ယောက်က သတိလစ်သွားသည်။ ဒုတိယပုဂ္ဂိုလ်က အော့အန်ချလိုက်သည်။ အမျိုးသမီးတစ်ယောက်ကမူ ထိန်းမနိုင်သိမ်းမရ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်။ နောက်တစ်ယောက်ကမူ 'ငါတော့ နှလုံးရောဂါ ဖြစ်တော့မှာပဲ' ဟု တွေးတောလိုက်သည်။ အသက်ခပ်ကြီးကြီး ဘုန်းတော်ကြီးကမူ သိပုတီးကို တင်းတင်းကြီး ဆုပ်ကိုင်လိုက်ပြီး သူ့ကိုယ်သူ လက်ဝါးကပ်တိုင်သဖွယ် သက်နှင့် တို့ထိလိုက်သည်။

*"ကယ်တော်မူပါ၊ ဘုန်းတော်ကြီးသောဖခင်။ ကျွန်ုပ်တို့ကို ကယ်တော်မူပါ။ ကောင်းဆိုးဝါး ဝင်စားသော ဤသတ္တဝါ၏ဘေးရန်မှ အကာအကွယ် ပေးတော်မူပါ။ ကျွန်ုပ်တို့သည် မိစ္ဆာနတ်ဆိုး၏မျက်နှာကို နောက်ဆုံးတွင် မြင်တွေ့နေကြရပါပြီ။ အမှာကြီး ပျက်စီးရပါတော့မည်။ အဆုံးအဖြတ်ပေးမည့်နေ့ကြီးသို့ ရောက်ရှိလာပြီ။ အကောင်းနှင့်အဆိုးတို့၏ အကြိတ်အနယ် တိုက်ပွဲကြီး ဒီမှာ စတင် ဖြစ်ပေါ်နေပါပြီ"* ဟု ပြောဆို ရေရွတ်နေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

အောက်တိုဘာလ ၁၄ ရက်၊ တနင်္ဂနွေနေ့၊ ၂၁း ၀၀ နာရီ၊
ချက်ချင်းအကြောင်းကြားချက်
အထူးထိပ်တန်းလျှို့ဝှက်
အင်အက်စ်အေမှ ကွန်ဆက် ဒုညွှန်မှူးထံ၊
ရင်းကိုယ်တိုင် ဖတ်ရှုရန်အတွက်သာ

အကြောင်းအရာ။ ။ ကမ္ဘာဖျက်စီမံချက်

အကြောင်းကြားချက်။ ။ နီရက်စ်၊ တားဗစ်စ်၊ ဂီပန်၊ ဒီအိုင်အက်စ်၊ ဂျီအိတ်ချ်ကို ပွိုင်အက်စ်အေအက်စ်၊ ဒိုင်အင်အက်စ်တို့ကို အသက်သွင်းကြောင်း အသိပေး

အကြောင်းကြားချက် ပြီးပြီ။

❖ ❖ ❖



အောက်တိုဘာလ ၁၄ ရက်၊ တနင်္ဂနွေနေ့၊ ၂၁း ၁၅ နာရီ၊
ချက်ချင်းအကြောင်းကြားချက်
အထူးထိပ်တန်းလျှို့ဝှက်
အင်အက်စ်အေမှ (၁၇)စီရင်စု၊ ရေတပ်ထောက်လှမ်းရေး ဒုတိယညွှန်မှူးထံ
ရင်းကိုယ်တိုင် ဖတ်ရှုရန်အတွက်သာ

အကြောင်းအရာ။ ။ ကွန်မန်ဒါ ရောဘတ်ဘယ်လာမီ။ ဤဌာနသို့ ယခု အချိန်မှစ၍ ချက်ချင်း ယာယီ လွှဲပြောင်းပေးရန် စီစဉ်ပါ။ ဤကိစ္စအတွက် သင်လည်း သဘောတူညီပြီး ဖြစ်သည်ဟု ယူဆသည်။

အကြောင်းကြားချက် ပြီးဆုံးပြီ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## စာအုပ်အမှတ်တစ်

## မှဆိုး

### အခန်း တစ်

**ဝထာမနေ့**
**ထနယ်သာ အောတ်တိုဘာလ ၁၅ ရက်။**

သူသည် ဗီယက်နမ်ရှိ ချမ်းချိ အခြေစိုက်စခန်းမှ အလွန် လူနာများသော ဆေးရုံအဆောင်ထဲသို့ ပြန်ရောက်နေသည်။

ကြွပ်ရွနေသော အဖြူရောင် သူနာပြုဝတ်စုံကို ဝတ်ဆင်ထားသည့် ဆူဆန်သည် သူ့အိပ်ရာပေါ်၌ ခေါင်းငုံ့ရင်း -

"ရေတပ်မတော်သားကြီး ထတော့လေ။ ရှင် မသေချင်သေးပါဘူးလေ"ဟု တိုးတိုးကလေး ပြောနေသည်။

သူသည် ဆူဆန်၏ ဖမ်းစားနိုင်စွမ်းရှိသော အသံကို ကြားရသည့်အခါ နာကျင်သော ဝေဒနာကိုပင် မေ့နိုင်သလိုလို ဖြစ်သွားသည်။

ဆူဆန်သည် သူ့နားရွက်ကို ပါးစပ်နှင့်ကပ်၍ အချိုးစကားများ ခပ်တိုးတိုး ပြောနေသည်။ သို့ရာတွင် ကျယ်လောင်သော ခေါင်းလောင်းသံကြောင့် ဆူဆန် ပြောသည့် စကားများကို သူ ပြတ်ပြတ်သားသား မကြားရပါ။ သူက ဆူဆန်ကို သူ့ဆီသို့ ဆွဲယူရန် လက်နှစ်ဖက်ကို မြှောက်လိုက်သည့်အခါ လေကိုသာလျှင် ဆုပ်ကိုင်မိသည်။

ရေဘတ်ဘယ်လာမီအား အိပ်ရာမှ ကောင်းကောင်း နိုးလာစေသော အသံမှာ တယ်လီဖုန်း ခေါင်းလောင်းသံပင် ဖြစ်သည်။

သူသည် မက်နေသောအိပ်မက်ကို ပျောက်မသွားစေလိုသောကြောင့် မျက်လုံးများကို အင်တင်တင်နှင့် ဖွင့်လိုက်သည်။ သူ့အိပ်ရာနံဘေးမှ တယ်လီဖုန်း ခေါင်းလောင်းသံက ဖွတ်အတင်း ဆက်မြည်နေသည်။ သူက နာရီကိုကြည့်လိုက်၏။ နံနက်လေးနာရီ။ သူ့အိပ်မက်ကို နှောင့်ယှက်သောကြောင့် သူက စိတ်ခပ်ဆိုး ဆိုးနှင့် တယ်လီဖုန်းကို ဆတ်ခနဲ ကောက်ကိုင်လိုက်သည်။

"အခု ဘယ်အချိန်လဲဆိုတာ ခင်ဗျား သိရဲ့လား"

"ကွန်မန်ဒါ ဘယ်လာမီလား"

ခပ်သြသြ ယောကျာ်းအသံ တစ်သံပင် ဖြစ်သည်။

"ဟုတ်ပါတယ်"

"ကွန်မန်ဒါ့ အတွက် အကြောင်းကြားချက် တစ်ခု ရှိနေပါတယ်၊ ခင်ဗျား အနေနဲ့ ဒီကနေ့ မနက် ဝ၆ း ဝဝ နာရီမှာ ဖို့တ်မီးဒီမှာရှိတဲ့ အမျိုးသားလုံခြုံရေး အေဂျင်စီ (အင်အက်စ်အေ) ရုံးချုပ်က ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်ထံမှာ သတင်း ပို့ဖို့ ညွှန်ကြားထားပါတယ်။ အကြောင်းကြားချက်ကို နားလည်ပါသလား ကွန်မန်ဒါ"

"ဟုတ်ကဲ့"

စိတ်ထဲကမူ 'နားမလည်ဘူး' ဟု တွေးလိုက်သည်။

ကွန်မန်ဒါ ရေဘတ်ဘယ်လာမီက စိတ်ရှုပ်ထွေးစွာနှင့် တယ်လီဖုန်း ကောပြောခွက်ကို ဖြည်းညင်းစွာ ပြန်တင်လိုက်သည်။

အင်အက်စ်အေက သူ့ကို ဘာကိစ္စနှင့် လိုချင်ရသနည်း။ သူ့ကို အိုအင်အိုင် အစ်နည်းအားဖြင့် ရေတပ်မတော် ထောက်လှမ်းရေးဌာနခွဲ တာဝန် ပေးအပ် ထားသည်။ ပြီးတော့လည်း နံနက် ခြောက်နာရီမှာ အစည်းအဝေး ခေါ်ရ လောက်အောင် ကိစ္စက မည်မျှလောက် အရေးကြီးနေပါသနည်း။

သူက အိပ်မက်ကို ပြန်စားမြုံ့ပြန်ရန် အိပ်ရာပေါ်သို့ ပြန်လှဲချလိုက်ပြီး မျက်စိကို မှိတ်ထားလိုက်သည်။

အိပ်မက်က သိပ်ကို စင်းလွန်းလှသည်။ မည်သည့်ကိစ္စက အိပ်မက်မက် စေခဲ့သနည်း ဆိုတာကို သူ သိပါ၏။

ယမန်နေ့ညက သူ့ထံသို့ ဆူဆန် တယ်လီဖုန်းဆက်ခဲ့သည်။

"ရေဘတ်"

ဆူဆန်၏အသံက သူ့အား အမြဲတမ်း ချောက်ချားစေခဲ့သလို ယခုလည်း ချောက်ချားစေခဲ့သည်။ သူသည် တုန်တုန်ယင်ယင်နှင့် အသက်ရှူလိုက်၏။

"ဟယ်လို . . . ဆူဆန်"

"ရှင် နေကောင်းရဲ့လား ရေဘတ်"

"ကောင်းပါတယ်၊ သိပ်ကောင်း၊ ငွေအိုးကြီးရော ဘယ်လိုနေသလဲ"

"အဲဒီလို မပြောပါနဲ့ရှင်"

"ကောင်းပါပြီ၊ မွန်တီဘင့်ခ် နေကောင်းရဲ့လား"

သူက ဆူဆန်ကို 'မင်းရဲ့ခင်ပွန်း' ဟု ပါးစပ်က ပြောမထွက်ရက်ပါ။ သူ ကိုယ်တိုင်ကသာ ဆူဆန်၏ခင်ပွန်း ဖြစ်ခဲ့ဖူးပါသည်။

"သူ နေကောင်းပါတယ်၊ ကျွန်မတို့ ခဏလောက် ခရီးထွက်စရာ ရှိတဲ့အ ကြောင်း ရှင့်ကို အသိပေးချင်လို့ပါ၊ ကျွန်မက ရှင့်ကို သောက မဖြစ်စေချင်ပါဘူး"

ထိုကိစ္စမှာ ကြောင့်ကြ ပူပန်တတ်သော ဆူဆန့်ပုံစံပင် ဖြစ်သည်။ သူက သူ့အသံကို တည်ငြိမ်အောင် ကြိုးစားလိုက်သည်။

"ဒီတစ်ကြိမ် မင်းတို့ ဘယ်ကို သွားကြမှာလဲ"

"ကျွန်မတို့ ဘရာဇီးကို လေယာဉ်ပျံနဲ့ သွားကြမလို့"

မန်းနီးဘက်ခ်ဟု သူက နောက်ပြောင်၍ ခေါ်ဝေါ်ထားသော ...





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပိုင် ၇၂၇ ဘိုးရင်း ဂျက်လေယာဉ်ပျံကြီးနှင့် သွားမှာပေါ့ ဟု သူက တွေးလိုက်မိသည်။

"မွန်တီကာ ဘာရာဇီးမှာ သူ့လုပ်ငန်းကိုင်ငန်းကလေးတွေ ရှိနေတယ်လေ"

"တကယ်လား၊ ကိုယ်က တစ်နိုင်ငံလုံးကို သူပိုင်တယ်လို့ ထင်ထားတာ"

"တော်ပါတော့ ရောဘတ်ရယ်၊ မနောက်ပါနဲ့"

"ဝမ်းနည်းပါတယ်ကွာ"

အနည်းငယ် ရပ်ဆိုင်းသွားသည်။

"ကျွန်မကတော့ ရှင့်ကို အခုထက်ပိုပြီး နေကောင်းစေချင်တယ်"

"မင်း ဒီမှာ ရှိနေရင်တော့ ကိုယ် နေကောင်းနေမှာပေါ့ကွာ"

"ရှင့်အနေနဲ့ အင်မတန် အံ့သြစရာကောင်းတဲ့ အမျိုးသမီးတစ်ယောက်ကို ရှာပြီး ပျော်ပျော်ကြီး နေစေချင်ပါတယ်ရှင်"

"ကိုယ့်အနေနဲ့ အလွန် အံ့သြစရာကောင်းသူ တစ်ယောက်ကို ရှာတွေ့ခဲ့ပြီး ပြီပဲ ဆူဆန်ရယ်"

သူ့လည်ချောင်းထဲမှ အလုံးကြီးတစ်လုံးက သူ့ကို စကားပြောရ ခက်စေခဲ့သည်။

"ပြီးတော့ ဘာဖြစ်သွားသလဲဆိုတာ မင်း သိရဲ့လား၊ ကိုယ် သူ့ကို လက်လွှတ်ဆုံးရှုံးခဲ့ရတယ်လေ"

"ရှင်က အခုလို အချိုးမျိုး ချိုးနေမယ်ဆိုရင် ကျွန်မ ရှင့်ဆီကို နောက်ထပ် မဆက်သွယ်တော့ဘူး"

သူ့စိတ်ထဲ မြွန်းခနဲ ချောက်ချားသွားသည်။

"ဒီလို မပြောပါနဲ့ကွာ"

ဆူဆန်သည် သူ့အတွက် အသက်လမ်းကြောင်းပင် ဖြစ်သည်။ ဆူဆန်နှင့် ဘယ်တော့မှ နောက်တစ်ကြိမ် စကားပြောခွင့် ရတော့မှာမဟုတ် ဆိုသော အတွေးကို သူ မတွေးရဲပါ။

သူက ရွှင်ရွှင်မြူးမြူးလေသံကလေးဖြစ်အောင် ကြိုးစားလိုက်သည်။

"ဒါဆိုရင် ကိုယ် ရွှေရောင်ဆံပင်နဲ့ မိန်းကလေးတစ်ယောက်ကို ထပ်ရှာလိုက်ပါဦးမယ်လေ"

"ကျွန်မကတော့ ရှင့်အနေနဲ့ တစ်ယောက်ယောက်ကို ရှာတွေ့စေချင်ပါပြီ"

"ကိုယ် ကတိပေးပါတယ်ကွာ"

"ကျွန်မက ရှင့်အတွက် ကြောင့်ကြမိတယ် အချစ်ရယ်"

"ကြောင့်ကြစရာ မလိုပါဘူးကွာ၊ ကိုယ် တကယ် နေကောင်းပါတယ်"

သူသည် မုသားစကား ပြောလိုက်ရသောကြောင့် တံတွေးသီးမလိုလို ဖြစ်သွားခဲ့ရသည်။ အမှန်တရားကိုသာ ဆူဆန် သိသွားရင် ခက်မည်။ သို့ရာတွင် ရောဘတ် အနေဖြင့် ထိုကိစ္စကို မည်သူနှင့်မျှ မဆွေးနွေးရဲပါ။ အထူးသဖြင့် ဆူဆန်နှင့် မဆွေးနွေးရဲပါ။ ဆူဆန်၏ သနားမှုကို သူ မခံနိုင်ပါ။

"ကျွန်မ ရှင့်ဆီကို ဘရာဇီးက ဖုန်းဆက်လိုက်မယ်"

အတော်ကလေးကြာမြင့်အောင် တိတ်ဆိတ်သွားသည်။ သူတို့နှစ်ဦးထဲတွင် နှုတ်က ပြောမထွက်သော ပြောစရာ စကားပေါင်း မြောက်မြားစွာ ရှိနေသည့်အတွက် စကား မပြောဖြစ်ဘဲ ငြိမ်နေကြခြင်း ဖြစ်သည်။





"ကျွန်မ သွားရတော့မယ် ရောဘတ်"

"ဆူဆန်"

"ရှင်"

"ကိုယ် မင်းကိုချစ်တယ် ကလေးရယ်၊ ကိုယ် အမြဲတမ်း ချစ်နေမှာပါ"

"ကျွန်မ သိပါတယ်၊ ကျွန်မကလည်း ချစ်ပါတယ် ရောဘတ်ရယ်"

ထိုကိစ္စမှာ အလွန်ပင် အခံရခက်စရာ ကောင်းသောကိစ္စ ဖြစ်သည်။ သူတို့ နှစ်ယောက်သည် အလွန် ချစ်ကြသူများ ဖြစ်ပါသည်။

"မင်းတို့နှစ်ယောက်ဟာ တကယ့်စံပြအိမ်ထောင်ပဲ" ဟု သူတို့၏မိတ်ဆွေ အားလုံးက ပြောခဲ့ကြသည်။ ဘာတွေများ မှားယွင်းခဲ့မိပါလိမ့်။

ကွန်မန်ဒါ ရောဘတ်ဘယ်လာမီသည် အိပ်ရာထဲက ထလိုက်ပြီးနောက် တိတ်ဆိတ်နေသော ညေ့ခန်းကို ဖိနပ်မပါ ဗလာခြေဖဝါးများနှင့် ဖြတ်လျှောက်သွားသည်။ ထိုအခန်းက ဆူဆန် တစ်ယောက် မရှိတော့သည့်ကိစ္စကို သတိပေးနေသည်။ အခန်းပတ်ပတ်လည်တွင် သူနှင့်ဆူဆန်တို့၏ ဓာတ်ပုံပေါင်း ဒါဇင်ပေါင်း များစွာ ရှိနေကြသည်။ စကော့တလန်မှ တောတောင်များထဲတွင် သူတို့နှစ်ယောက် ငါးများနေပုံ၊ ထိုင်းနိုင်ငံရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းမှ ဗုဒ္ဓရုပ်ပွားတော်ရှေ့၌ မတ်တတ်ရပ်နေကြပုံ၊ ရောမမြို့ရှိ ပန်းခြံထဲတွင် မိုးသည်းသည်း ရွာနေစဉ် မြင်းရထားစီးနေကြပုံ စသည် စသည်ဖြင့်။

ပြီးတော့လည်း ဓာတ်ပုံတိုင်းတွင် အရွှင်အမူး ချစ်ခင်နေကြသူ နှစ်ဦး။ တစ်ဦးကိုတစ်ဦးက ပျော်ပျော်မြူးမြူးနှင့် ဖက်ထားကြသည့်ပုံများပင် ဖြစ်သည်။

သူသည် မီးဖိုခန်းထဲသို့ ဝင်သွားပြီး ကော်ဖီတစ်အိုး တည်လိုက်သည်။ မီးဖိုထဲမှ နာရီက ၀၄ : ၁၅ ဟု ညွှန်ပြနေသည်။ သူသည် ခေတ္တမျှ တွန့်ဆုတ်ဆုတ် ဖြစ်သွားပြီးနောက် နံပါတ်တစ်ခုကို လှည့်လိုက်၏။ တစ်ဖက်မှ ခေါင်းလောင်းက ခြောက်ကြိမ်တိတိ မြည်နေပြီး နောက်ဆုံးတွင် အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာ၏ အသံကို ကြားရတော့သည်။

"ဟယ်လို"

"အက်ဒ်မိုင်ရယ်"

"ဆိုစမ်း"

"ကျွန်တော် ရောဘတ်ပါ။ ဆရာ့ကို အိပ်ရာက နိုးရတဲ့အတွက် အများကြီး ဝမ်းနည်းပါတယ် ခင်ဗျာ၊ ကျွန်တော့်ဆီကို ခုလေးတင် အမျိုးသားလုံခြုံရေး အေဂျင်စီက တယ်လီဖုန်းလာတယ် ခင်ဗျ"

"အင်အက်စ်အေလား၊ သူတို့က ဘာလိုချင်လို့လဲ"

"ကျွန်တော် မသိဘူး၊ ဗိုလ်ချုပ်ကြီး ဟီးလီးယန်ဆီကို မနက်ခြောက်နာရီမှာ သတင်းပို့ရမယ်လို့ ကျွန်တော့်ကို ညွှန်ကြားထားတယ်"

အတွေးနက်နေဟန်နှင့် ငြိမ်ကျသွားသည်။

"အဲဒီကို မင်းကို ရွှေ့ပစ်လိုက်တာများလား"

"ကျွန်တော်တော့ မဖြစ်နိုင်ဘူး။ အဲဒါက အဓိပ္ပာယ် မရှိဘူး၊ သူတို့က ဘာဖြစ်လို့ . . ."

"အရေးကြီးတဲ့ကိစ္စတစ်ခု ဖြစ်ပုံရတယ် ရောဘတ်ရ၊ မင်း [illegible] ကျမှ ငါ့ဆီကို ဆက်သွယ်ပါလားကွာ"


www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ဆက်သွယ်ပါ့မယ်၊ ကျေးဇူးတင်ပါတယ်"

တယ်လီဖုန်း အဆက်အသွယ် ပြတ်သွားသည်။

'ငါ့အနေနဲ့ ဒီအဘိုးကြီးကို ဒုက္ခမပေးသင့်ဘူး' ဟု ရောဘတ်က တွေးလိုက်သည်။

အက်ဒ်မိုင်ရယ်ကြီးသည် လွန်ခဲ့သောနှစ်နှစ်က ရေတပ်မတော် ကာကွယ်ရေးဌာန၏ အကြီးအကဲအဖြစ်မှ အနားယူခဲ့သည်။ အလုပ်မှ တမင် အနားယူခိုင်းလိုက်မုံရသည်။ ကောလာဟလ သတင်းများအရ အက်ဒ်မိုင်ရယ်ကြီးကို ချွေးသိပ်သည့် အနေနှင့် ရေတပ်မတော်က သူ့ကို တစ်နေရာရာမှာ ရုံးခန်းကလေးတစ်ခန်းနှင့် ဗုံမဝင် ဆုံမဝင်ကိစ္စတွေကို လုပ်ခိုင်းထားသည်ဟု ကြားရသည်။ အက်ဒ်မိုင်ရယ်ကြီးသည် လက်ရှိ ထောက်လှမ်းရေးလုပ်ငန်းများကို သိလိမ့်မည် မဟုတ်ပါ။ သို့ရာတွင် ရေတပ်ဗိုလ်ချုပ်ကြီးသည် ရောဘတ်၏ ဆရာသမားပင် ဖြစ်သည်။ ဆူဆန်ကလွဲလျှင် ရောဘတ်အတွက် အရင်းနှီးဆုံး ပုဂ္ဂိုလ် ဖြစ်သည်။

ပြီးတော့လည်း ရောဘတ် အနေနှင့် တစ်ယောက်ယောက်ကို ပြောပြဖို့ လိုအပ်နေသည်။ ဆူဆန် မရှိသည့်နောက်ပိုင်းတွင် သူသည် စိတ်ကူးယဉ်ကမ္ဘာထဲသို့ ရောက်နေသည်။ သူနှင့်ဆူဆန်သည် အခြား တစ်ချိန်ချိန်၊ အခြား တစ်နေရာရာတွင် ပျော်ရွှင်စွာ လက်ထပ်ကြဆဲပင်ဟု ထင်နေသည်။ ထိုကဲ့သို့ ဟုတ်ချင်မှလည်း ဟုတ်မည်ဟု ရောဘတ်က စိတ်ပင်ပန်းနွမ်းနယ်စွာနှင့် တွေးလိုက်သည်။

ကော်ဖီ အဆင်သင့် ဖြစ်ပါပြီ။ အရသာက ခါးသည်။ ထိုကော်ဖီစေ့များသည် ဘရာဇီးနိုင်ငံက လာလေသလားဟု သူ တွေးမိသည်။

သူက ကော်ဖီပန်းကန်ကို ရေချိုးခန်းထဲသို့ ယူသွားပြီး သူ့ရုပ်သွင်ကို မှန်ထဲတွင် ကြည့်လိုက်သည်။

သူသည် အသက်လေးဆယ်ကျော်ခါစ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးနှင့် ကျန်းမာရေးပြည့်စုံသူ၊ အရေးအစင်းများ ပေါ်နေသောမျက်နှာ၊ အားရှိသော မေးရိုး၊ မည်းနက်နေသောဆံပင်နှင့် အကင်းပါးပုံရသည့် နက်မှောင်သောမျက်လုံး ပိုင်ရှင် အမျိုးသား တစ်ယောက်ကို မြင်လိုက်ရသည်။

သူ့ရင်ဘတ်ပေါ်တွင် ရှည်လျားပြီး အတော်ကလေးနက်သော အမာရွတ်ကြီး တစ်ခု ရှိသည်။ လေယာဉ်ပျံ ပျက်ကျရာမှ ရရှိခဲ့သော အမှတ်တရ လက်ဆောင် ဖြစ်သည်။ သို့ရာတွင် ထိုကိစ္စမှာ မနေ့တစ်နေ့က ဖြစ်ခဲ့သောကိစ္စ ဖြစ်သည်။ ထိုစဉ်က ဆူဆန် ရှိနေသည်။ ယခုမူ ယနေ့ကိစ္စ ဖြစ်သည်။ ဆူဆန် မရှိတော့ပါ။

သူက မုတ်ဆိတ်ကျင်စွယ်တို့ကို ရိတ်ပစ်လိုက်ပြီး ရေချိုးပြီးနောက် အဝတ်ဗီရိုဆီသို့ သွားသည်။ 'ငါ ဘာဝတ်ရမလဲ' ဟု တွေးလိုက်သည်။ ရေတပ်မတော် ယူနီဖောင်းလား သို့တည်းမဟုတ် အရပ်ဝတ်အရပ်စားလား။ ပြီးတော့လည်း သူ ဘာကိုပဲ ဝတ်ဝတ်၊ မည်သူက ဂရုစိုက်မည်နည်း။

သူက မီးခိုးရောင်ဝတ်စုံ၊ ရှပ်အကျႌအဖြူနှင့် မီးခိုးရောင် ပိုးသားလည်စည်းတို့ကို ဝတ်ဆင်လိုက်သည်။

အမျိုးသားလုံခြုံရေးအေဂျင်စီသည် သူတို့ ပဟေဠိနန်းတော်ဟု အပြောင်အပြက် နာမည်မှည့်ထားသောနေရာ ဖြစ်သည် ဆိုသောအချက်ကလွဲ၍ သူ





သိပ် မသိလှပါ။ အင်အက်စ်အေသည် အမေရိကန်ပြည်ထောင်စုရှိ အခြားသော ထောက်လှမ်းရေးအဖွဲ့အစည်းများထက် ပို၍ ဩဇာအာဏာ ကြီးမားသည်။ အားလုံးထက် အလျှို့ဝှက်ဆုံးအဖွဲ့အစည်းလည်း ဖြစ်သည်။

'သူတို့က ငါ့ကိုပတ်သက်ပြီး ဘာများ လိုချင်လို့ပါလိမ့်။ ငါ မကြာခင် သိရတော့မှာပါ' ဟု တွေးလိုက်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း နှစ်

အမျိုးသားလုံခြုံရေး အေဂျင်စီသည် မေရီလင်းပြည်နယ် ဖို့တ်မီးဒီရို (၈၂) ဧက ကျယ်ဝန်းသော အဆောက်အအုံ မကျနသည့် မြေပြင်ပေါ်တွင် ကျစ်ကျစ်လျစ်လျစ် ဖုံးကွယ်ထားသည်။ ထိုမြေပေါ်တွင် အဆောက်အအုံ နှစ်ခု ရှိသည်။ အဆိုပါ အဆောက်အအုံ နှစ်ခုတို ပေါင်းလိုက်လျှင် ဗာဂျီးနီးယားပြည်နယ် လန်ဂလီရှိ စီအိုင်အေ ခေါ် ဗဟိုထောက်လှမ်းရေးအေဂျင်စီ အဆောက်အအုံ၏ နှစ်ဆမျှ ရှိသည်။

အမျိုးသားလုံခြုံရေး အေဂျင်စီကို ဖွဲ့စည်းထားခြင်းမှာ အမေရိကန်ပြည်ထောင်စု၏ ဆက်သွယ်ရေးများကို ကာကွယ်ရာတွင် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပေးရန်နှင့် ကမ္ဘာတစ်ဝန်းလုံးမှ ထောက်လှမ်းရေးဆိုင်ရာ အချက်အလက်များကို ရယူ စုဆောင်းရန်အတွက် လူထောင်ပေါင်းများစွာကို ခန့်ထားတည်ထောင်ထားခြင်း ဖြစ်ရာ အေဂျင်စီ၏လုပ်ငန်းများမှ ရရှိလာသော သတင်းအချက်အလက်များသည် များပြားလွန်းလှသောကြောင့် အေဂျင်စီသည် နေ့စဉ်နေ့တိုင်း စက္ကူတန်လေးဆယ်ကျော်ကို ဖြတ်တောက်ဖျက်ဆီးပစ်ရလေ့ ရှိသည်။

ပထမ ဂိတ်တံခါးသို့ ကွန်မန်ဒါ ရောဘတ်ဘယ်လာမီ ရောက်ရှိသွားချိန်တွင် မှောင်နေဆဲပင် ရှိသေးသည်။ သူသည် အပေါ်ဘက်တွင် သံဆူးကြိုး ထပ်ဆင့်ကာရံထားသော ရှစ်ပေမြင့်သည့် တံတိုင်းဆီသို့ မောင်းနှင်သွားသည်။ ထိုနေရာတွင် အစောင့်နှစ်ယောက် ရှိနေသည့် ကင်းအစောင့်တဲကလေး တစ်လုံး ရှိနေသည်။ အစောင့်တစ်ယောက်က သူ့ထံသို့ ချဉ်းကပ်လာနေစဉ် ကျန်တစ်ယောက်က တဲကလေးထဲမှ စောင့်ကြည့်နေသည်။

"ခင်ဗျားကို ဘာများ ကူညီနိုင်ပါသလဲ ခင်ဗျာ"

"ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်နဲ့ တွေ့ဖို့လာတဲ့ ကွန်မန်ဒါ ဘယ်လာမီပါ"

"ခင်ဗျားရဲ့ စိစစ်ရေးကတ်ပြားကို ကျွန်တော် ကြည့်ပါရစေ ကွန်မန်ဒါ"

ရောဘတ်ဘယ်လာမီသည် သူ့ပိုက်ဆံအိတ်ကို ဆွဲထုတ်လိုက်ပြီးနောက် (၁၇) စီရင်စု ရေတပ်မတော်ထောက်လှမ်းရေးမှ စိစစ်ရေးကတ်ပြားကို ထုတ်ယူလိုက်သည်။ အစောင့်က သေချာစွာ စစ်ဆေးကြည့်ရှုပြီးနောက် ပြန်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ကွန်မန်ဒါ"

ထိုအစောင့်က ကင်းတဲထဲ၌ ရှိနေသောအစောင့်ထံ ခေါင်းညိတ်ပြလိုက်ရာ

တ်တံခါးကြီး ပွင့်သွားလေတော့သည်။

ကင်းတဲထဲမှ အစောင့်က တယ်လီဖုန်းတစ်လုံးကို ကောက်ကိုင်လိုက်၏။

"ကွန်မန်ဒါ ဘယ်လာမီ လာနေပါပြီ ခင်ဗျာ"

နောက် တစ်မိနစ် ကြာသောအခါ ရောဘတ်ဘယ်လာမီသည် လျှပ်စစ် တ်အား လွှတ်ပြီး ပိတ်ထားသော ဂိတ်တံခါးဆီသို့ ရောက်သွားပြန်သည်။ တ်နက်ကိုင်အစောင့် တစ်ယောက် မော်တော်ကားဆီသို့ ချဉ်းကပ်လာသည်။

"ကွန်မန်ဒါ ဘယ်လာမီလား"

"ဟုတ်ပါတယ်"

"ခင်ဗျားရဲ့ စိစစ်ရေးကတ်ပြားကို ကျေးဇူးပြုပြီး ကြည့်ပါရစေ"

သူက တန့်ကွက်ရန် ကြံစည်လိုက်ပြီးမှ -

'ဘာဖြစ်ရမှာလဲကွာ၊ ဒါက သူတို့ရဲ့ တီရှဲ့ရှာန်ရှုံပဲ' ဟု တွေးလိုက်မိသည်။

သူက ပိုက်ဆံအိတ်ကို ထုတ်ယူလိုက်ပြီးနောက် စိစစ်ရေးကတ်ပြားကို စောင့်အား ပြရပြန်သည်။

"ကျေးဇူးတင်ပါတယ် ကွန်မန်ဒါ"

အစောင့်က မသိသာလှသော အချက်ပြနည်းဖြင့် ပြလိုက်ရာ ဂိတ်တံခါး င့်သွားပြန်လေတော့သည်။

ရောဘတ်ဘယ်လာမီက ရှေ့သို့ ဆက်မောင်းသွားစဉ် တတိယမြောက် တိုင်းကြီးကို တွေ့လိုက်ရပြန်၏။

ယူနီဖောင်းဝတ်ဆင်ထားသော နောက်အစောင့်တစ်ယောက် ကားနားသို့ င်းကပ်လာပြန်၏။ ရောဘတ်ဘယ်လာမီက သူ့ပိုက်ဆံအိတ်ကို ထုတ်ယူရန် တ်လှမ်းလိုက်စဉ် အစောင့်က ကားနံပါတ်ကို လှမ်းကြည့်ပြီးနောက် -

"အုပ်ချုပ်ရေး အဆောက်အအုံကိုသာ တန်းမောင်းသွားပါ ကွန်မန်ဒါ။ စ်ယောက်ယောက်က ခင်ဗျားကို ဆီးကြိုပြီး စောင့်နေပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်"

ဂိတ်တံခါးကြီး ပွင့်သွားသဖြင့် ရောဘတ်သည် ချဉ်းကပ်လမ်းအတိုင်း လွန်ကြီးမားသော ဖြူဖြူဖွေးဖွေး အဆောက်အအုံကြီးဆီသို့ ဆက်မောင်းသွား ည်။ အရပ်ဝတ်အရပ်စားနှင့် ပုဂ္ဂိုလ်တစ်ယောက် အပြင်ဘက်တွင် ရပ်စောင့် သည်။ ထိုသူသည် အောက်တိုဘာလ၏ အေးမြသောလေထဲတွင် နိုက်နိုက် န်နေရှာသည်။

"ခင်ဗျားရဲ့ မော်တော်ကားကို အဲဒီမှာ ထားခဲ့နိုင်ပါတယ် ကွန်မန်ဒါ။ န်တော်တို့ စောင့်ရှောက်ထားလိုက်ပါ့မယ်"

ထိုသူက လှမ်းအော်လိုက်သည်။

ရောဘတ်ဘယ်လာမီသည် ကားသော့ကို တန်လန်းထားရစ်ခဲ့ပြီး မော် ာ်ကားထဲမှ ထွက်လိုက်သည်။ သူ့ကို နှုတ်ဆက်သောပုဂ္ဂိုလ်သည် အသက် းဆယ်ခန့်သာ ရှိသေးသည်။ ပိန်ပိန်ရှည်ရှည်နှင့် ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သည် နေရောင်ခြည်ကို နှစ်ပေါင်းများစွာ မထိတွေ့ခဲ့ရသူလို ဖြစ်နေသည်။

"ကျွန်တော်က ဟယ်ရီဆန်ကဲလားပါ။ ဂျင်နရယ် ဟီးလီးယဒ်ရုံးခန်းကို က်ပို့ပေးပါ့မယ်"

သူတို့သည် မျက်နှာကြက် အလွန်မြင့်သော ကျယ်ဝန်းသည့် ခန်းကြီး





www.burmeseclassic.com

www.burmeseclassic.com

ထဲသို့ ဝင်သွားကြသည်။ အရပ်ဝတ်အရပ်စားနှင့် ပုဂ္ဂိုလ်တစ်ယောက်သည် စားပွဲ တစ်လုံးနောက်ဘက်၌ ထိုင်နေသည်။

"ကွန်မန်ဒါ ဘယ်လာမီ"

သူသည် ချာခနဲ လှည့်ကြည့်လိုက်၏။ သူက ကင်မရာခလုတ်နှိပ်သံ တစ် သံကို ကြားလိုက်ရသည်။

"ကျေးဇူးပါတယ် ခင်ဗျာ"

ရောဘတ်ဘယ်လာမီက ကဲလားဘက်သို့ လှည့်လိုက်၏။

"ဒါ ဘာလုပ် . . ."

"ခုကိစ္စက တစ်မိနစ်ပဲ ကြာမှာပါဗျာ"

ဟယ်ရီဆန်ကဲလားက သူ့ကို နှစ်သိမ့်လိုက်သည်။

စက္ကန့်ခြောက်ဆယ် ကြာသောအခါ သူ့ဓာတ်ပုံပါသော အဖြူနှင့် အပြာ ရောင် စိစစ်ရေးရင်ထိုးတံဆိပ်ကို ရောဘတ်ဘယ်လာမီအား လှမ်းပေးလိုက်၏

"ဒီအဆောက်အအုံထဲမှာ ရှိနေတုန်း ဒီတံဆိပ်ကလေးကို အမြဲတမ်း ချိတ် ဆွဲထားပါ ကွန်မန်ဒါ"

"ကောင်းပါပြီ"

သူတို့သည် ဖြူဖွေးနေသော ရှည်လျားသည့် စင်္ကြံလမ်းအတိုင်း လျှောက် သွားကြသည်။ လုံခြုံရေးကင်မရာများကို စင်္ကြံလမ်း တစ်ဖက်တစ်ချက်တွင် ပေနှစ်ဆယ်စီခြား၍ ထားရှိကြောင်း ရောဘတ်ဘယ်လာမီက သတိပြုမိသည်။

"ဒီအဆောက်အအုံက ဘယ်လောက်ကြီးသလဲ"

"စတုရန်းပေပေါင်း နှစ်သန်းကျော်ရုံကလေးပါ ကွန်မန်ဒါ"

"ဘာပြောတယ်"

"ဟုတ်ပါတယ်၊ ဟောဒီ စင်္ကြံလမ်းဟာ ပေ (၉၈၀) ရှည်လျားပါတယ် ကမ္ဘာပေါ်မှာ အရှည်လျားဆုံး စင်္ကြံလမ်းပါ။ ကျွန်တော်တို့အဖို့ ဒီနေရာမှာ အပြည့်အစုံ ရှိပါတယ်။ ကျွန်တော်တို့ဆီမှာ ဈေးဝယ်ထွက်နိုင်တဲ့ ဈေးဆိုင်တွေ ကော်ဖီဆိုင်၊ စာတိုက်၊ အဆာပြေစားနိုင်တဲ့ စားသောက်ဆိုင် ရှစ်ဆိုင်၊ ခွဲစိတ်ခန်း ပါတဲ့ ဆေးရုံတစ်ရုံ၊ သွားရောဂါကုဆရာဝန်၊ လောရယ်ဘဏ်ရဲ့ ဘဏ်ခွဲတစ်ခု အဝတ်အစားကို အခြောက်လျှော်ပေးတဲ့ ပင်မင်းဆိုင်၊ ဖိနပ်ဆိုင်၊ ဆံပင်ညှပ်ဆိုင် အခြား တိုလီမိုလီကလေးတွေ ရှိပါတယ်"

'ဒီနေရာသည် အိမ်နှင့်ဝေးသော အရပ်ဒေသမှ နေအိမ်ကြီးတစ်လုံးပင် ဖြစ်သည်' ဟု ရောဘတ်က တွေးလိုက်၏။

'တော်တော် စိတ်ဓာတ် ကျစရာကောင်းသည်' ဟု ရောဘတ်က တွေး လိုက်မိပြန်သည်။

သူတို့သည် ကွန်ပျူတာစက်များနှင့် ပြည့်နှက်နေသော အခန်းကျယ်ကြီး တစ်ခန်းကို ဖြတ်သန်းကြရပြန်၏။ ရောဘတ်က အံ့သြလွန်းသောကြောင့် ခေတ္တ တန့်လိုက်မိသည်။

"အထင်ကြီးစရာ ကောင်းတယ် မဟုတ်လား။ ဒါက ကျွန်တော်တို့ရဲ့ ကွန်ပျူတာအခန်းတစ်ခန်းပါ။ ဒီအဆောက်အအုံထဲမှာ ဒေါ်လာသိန်းသုံးထောင် (သုံးဘီလီယံ)ဖိုးရှိတဲ့ ကွန်ပျူတာတွေနဲ့ စကားဝှက်ကို ပြန်အဓိပ္ပာယ်ဖော်ပေးတဲ့ စက်တွေ ရှိပါတယ်"





"ဒီနေရာမှာ လူဘယ်လောက်လောက် အလုပ်လုပ်နေကြသလဲ"

"လူ တစ်သောင်းခြောက်ထောင်လောက်ပါပဲ"

'ဒါနဲ့တောင် ဘာကိစ္စနဲ့ ငါ့ကို လိုချင်ရတာလဲ' ဟု ရောဘတ်ဘယ်လာမီက တအံ့တသြ တွေးလိုက်မိသည်။

သူ့ကိုသည် ဟယ်ရီဆန်ကဲလားက သော့နှင့်ဖွင့်သော သီးသန့်ဓာတ်လှေကား ထဲသို့ ဝင်လိုက်ကြသည်။ သူတို့သည် အပေါ်သို့ အထပ် တစ်ထပ်သာ တက်လိုက်ကြပြီးနောက် ရှည်လျားသောစင်္ကြံလမ်းအတိုင်း လျှောက်ကြရပြန်၏။ နောက်ဆုံးတွင် စင်္ကြံလမ်းအဆုံး၌ ရုံးခန်းကြီးများ ရှိနေကြသည်။

"ဒီအခန်းထဲကိုဝင်ပါ ကွန်မန်ဒါ"

သူတို့သည် အတွင်းရေးမှူးလေးယောက်အတွက် စားပွဲများ ရှိနေသော အလွန်ကြီးမားသည့် ဧည့်ကြိုအခန်းထဲသို့ ဝင်လိုက်ကြသည်။

အခန်းထဲတွင် အတွင်းရေးမှူးနှစ်ယောက် ရောက်ရှိနေပြီး အလုပ်လုပ်နေ ကြသည်။ ဟယ်ရီဆန်ကဲလားက တစ်ယောက်ကို ခေါင်းညိတ်ပြလိုက်၏။ ထို အမျိုးသမီးလေးက ခလုတ်တစ်ခုကို နှိပ်လိုက်ရာ အတွင်းဘက်ရုံးခန်းတံခါးသည် ချက်ခနဲ မြည်၍ ပွင့်သွားလေတော့သည်။

"အထဲကို တန်းဝင်သွားကြပါရှင်၊ ဗိုလ်ချုပ်ကြီးက ရှင်တို့ကို စောင့်နေပါ တယ်"

ဟယ်ရီဆန်ကဲလားက -

"ဒီဘက်ကိုလာဗျို့" ဟု ပြောလိုက်သည်။

ရောဘတ်ဘယ်လာမီသည် အတွင်းဘက် ရုံးခန်းထဲသို့ သူ့နောက်မှလိုက် သွားရလေသည်။ သူသည် အလွန် ကျယ်ဝန်းသောရုံးခန်းထဲသို့ ရောက်နေ ကြောင်း တွေ့လိုက်ရသည်။ မျက်နှာကြက်နှင့် နံရံများကို အသံလုံအောင် အထူး တလည် စီမံထားသည်။ အခန်းထဲတွင် သက်သောင့်သက်သာ နေနိုင်အောင် ပရိဘောဂများလည်း ထားရှိသည်။ ဓာတ်ပုံများနှင့် ကိုယ်ရေးကိုယ်တာ ပစ္စည်းက လေးများလည်း အပြည့် ရှိနေသည်။ ဤအခန်းထဲ၌ ရုံးထိုင်သောပုဂ္ဂိုလ်သည် ဤအခန်းထဲ၌ အချိန် ကြာမြင့်စွာ နေထိုင်သည်မှာ သိသာထင်ရှားလှသည်။

အမျိုးသားလုံခြုံရေး အေဂျင်စီ၏ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး မတ်ခန်ဟီးလီးယဒ်သည် အသက် (၅၅) နှစ်ခန့်ရှိပုံရပြီး အလွန်အရပ်ရှည်သည်။ မျက်နှာမှာ ကျောက်သားကို ထုထားသကဲ့သို့ ရှိနေပြီး အေးစက်မာကျောသော မျက်လုံးများနှင့် ခန္ဓာကိုယ်ကို တောင့်တောင့်မတ်မတ်ကြီး နေလေ့ရှိသူ ဖြစ်သည်။ ဗိုလ်ချုပ်ကြီးသည် အဖြူရောင်ရှပ်အင်္ကျီ၊ မီးခိုးရောင်ဝတ်စုံနှင့် မီးခိုးရောင်လည် စည်းတို့ကို ဝတ်ဆင်ထားသည်။

'ငါတွေးတာ မှန်တယ်' ဟု ရောဘတ်က တွေးလိုက်၏။

ဟယ်ရီဆန်ကဲလားက ပြောလိုက်သည်။

"ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်၊ သူဟာ ကွန်မန်ဒါ ဘယ်လာမီပါ"

"ခုလို ခဏတစ်ဖြုတ် ဝင်လာတဲ့အတွက် ကျေးဇူးတင်ပါတယ် ကွန်မန်ဒါ"

'လက်ဖက်ရည်ပွဲတစ်ပွဲသို့ ဖိတ်ကြားသလိုပါပဲလား' ဟု တွေးမိပြန်၏။

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ထိုင်ပါ၊ မင်း ကော်ဖီတစ်ခွက်လောက်တော့ သောက်နိုင်လိမ့်မယ်တုံ"



www.burmeseclassic.com

www.burmeseclassic.com

'ထိုပုဂ္ဂိုလ်ကြီးသည် လူ့အတွင်းစိတ်ကို သိသူ ဖြစ်ပေသည်' ဟု တွေးမိပြန်၏။

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"ဟယ်ရီဆန်ရော"

"တော်ပါပြီ၊ ကျေးဇူးတင်ပါတယ် ဆရာ"

သူက ထောင့်တစ်ထောင့်မှ ကုလားထိုင်တွင် နေရာယူလိုက်သည်။

လူခေါ်သည့် ခလုတ်တစ်ခုကို နှိပ်လိုက်သည်တွင် တံခါးပွင့်လာပြီး စားပွဲထိုးဝတ်စုံကို ဝတ်ဆင်ထားသည့် အရှေ့တိုင်းသား တစ်ယောက်သည် ကော်ဖီနှင့် ဒိန်းမတ်နိုင်ငံလုပ် ဘီစကွတ်မုန့်များ ထည့်ထားသော လင်ပန်းကို ကိုင်၍ ဝင်ရောက်လာသည်။ ထိုစားပွဲထိုးသည် စိတ်စေရေရင်ထိုးတံဆိပ်ကို ချိတ်မဆွဲထားကြောင်း တွေ့လိုက်ရသည်။ ရှက်ဖွယ် . . . ။

ကော်ဖီကို ပန်းကန်ထဲသို့ ငှဲထည့်လိုက်၏။ ကော်ဖီအနံ့က မွှေးကြိုင်လှသည်။

"မင်းက ဘယ်လို သောက်တတ်သလဲ" ဂျင်နရယ် ဟီးလီးယဒ်က မေးလိုက်၏။

"ကော်ဖီအမည်းပဲ ပေးပါ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

ကော်ဖီက အရသာရှိလှသည်။ သူတို့နှစ်ယောက်သည် အလွန်နူးညံ့သော ဆိုဖာကြီးများပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

"ညွှန်ကြားရေးမှူးက ကျုပ်ကို မင်းနဲ့ တွေ့ခိုင်းထားတယ်"

ညွှန်ကြားရေးမှူး အက်ဒဝပ်ဆန်ဒါဆန်။ ထောက်လှမ်းရေးအသိုင်းအဝိုင်းတွင် အလွန်ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ အလွန် ထူးချွန်သည်။ ကြိုးဆွဲစေခိုင်းရာတွင် အလွန် ရက်စက်သည်။ လူကြားထဲ၌ တွေ့ရခဲသူဖြစ်သလို နှစ်ကိုယ်ကြား ပြောသည့်အခါတွင်လည်း သူ့အကြောင်းကို တိုးတိုးကလေးသာ ပြောရဲကြသည်။

"မင်းက ဆယ့်ခွန်စီရင်စု ရေတပ်ထောက်လှမ်းရေးအုပ်စုနဲ့ ဘယ်လောက်ကြာခဲ့ပြီလဲ ကွန်မန်ဒါ"

ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်က မေးလိုက်၏။

ရောဘတ်ကလည်း အမှန်အတိုင်း ဖြေသည်။

"ဆယ့်ငါးနှစ် ခင်ဗျ"

ဗိုလ်ချုပ်ကြီးသည် ရေတပ်မတော် ထောက်လှမ်းရေးသို့ ရောဘတ်ဘယ်လာမီ စတင် ဝင်ရောက်သောနေ့ကိုပင် ပြောပြနိုင်မည့်ပုဂ္ဂိုလ်ဖြစ်သည်ဟု သူတစ်လစာနှင့် လောင်းကြေးထပ်ရဲပါသည်။

"အဲဒါ မတိုင်ခင်ကတော့ မင်းဟာ ဗီယက်နမ်မှာ ရေတပ်က လေယာဉ်အုပ်တစ်အုပ်ကို ကွပ်ကဲခဲ့ရတယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"မင်း ကောင်းကင်က ပစ်ချခံခဲ့ရတယ်၊ မင်း အသက်ပြန်ရှင်လာလိမ့်မယ်လို့ သူတို့က မထင်ကြဘူး"

ဆရာဝန်က -

"သူ့ကိုအံသာထားလိုက်စမ်းပါ၊ သူ့အသက် ရှင်မှာ မဟုတ်ဘူး"ဟု ပြောဆို





နေသည်၊ သူကလည်း သေချင်နေသည်၊ နာကျင်သည့်ဝေဒနာမှာ မခံမရပ်နိုင်အောင် ပြင်းထန်နေသည်။ ထို့နောက် ဆူဆန်သည် သူ့ကိုယ်ပေါ်တွင် မှီးထားသည်။

"ရှင့်မျက်လုံးတွေကို ဖွင့်စမ်းပါ၊ ရေတပ်မတော်သားကြီးရယ်၊ ရှင် မသေချင်သေးပါဘူး" ဟု ပြောနေသည်။ သူက မျက်စိကို ဖွတ်အတင်း ဖွင့်ကြည့်လိုက်ရာ နာကျင်နေသော ဝေဒနာအကြားမှ သူမြင်ဖူးသမျှအထဲတွင် အလှဆုံး အမျိုးသမီးတစ်ဦးက ငေးစိုက်ကြည့်နေသည်ကို တွေ့ရတော့သည်။ သူ့ထဲတွင် ဘဲဥပုံ နူးညံ့သော မျက်နှာပေါ်က် ရှိသလို ဆံကေသာများက နက်မှောင်နေသည်။ တောက်ရှူးကြယ်ပမာ တောက်ပသည့် မျက်လုံးများနှင့် သူ့အပြုံးက ဆုတောင်းပြည့်သလိုပင်တည်း။ သူက စကားပြောရန် ကြိုးစားလိုက်၏။ သို့ရာတွင် အလွန်အခင်း ပင်ပင်ပန်းပန်း ကြိုးစားလိုက်ရသည်။

ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်က တစ်ခုခုကို ပြောဆိုနေသည်။

ရောဘတ်ဘယ်လာမီက သူ့အတွေးကို ပစ္စုပ္ပန် ကာလဆီသို့ အတင်းဆွဲခေါ်လိုက်ရသည်။

"တစ်ဆိတ် ပြန်ပြောပါဦး ဗိုလ်ချုပ်ကြီး ခင်ဗျား"

"ကျုပ်တို့ဆီမှာ ပြဿနာတစ်ခု ရှိနေတယ် ကွန်မန်ဒါ၊ မင်းရဲ့အကူအညီကို ကျုပ်တို့ လိုအပ်နေတယ်"

"ဟုတ်ကဲ့ ခင်ဗျ"

ဗိုလ်ချုပ်ကြီးသည် ထိုင်ရာမှ ထလိုက်ပြီးနောက် ခေါက်တုံ့ခေါက်ပြန် လျှောက်တော့သည်။

"အခု ကျုပ် မင်းကို ပြောမယ့်ကိစ္စဟာ အလွန်သိမ်မွေ့တယ်၊ ထိပ်တန်းလျှို့ဝှက်ထက်တောင် ပိုအဆင့်မြင့်တယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"မနေ့က ဆွစ်ဇာလန်နိုင်ငံက အဲလ်ပ်တောင်တန်းတွေအပေါ်မှာ နေတိုးက [illegible]တ်တင်ထားတဲ့ ရာသီဥတုထောက်လှမ်းရေး ဘောလုံးကြီးတစ်လုံး ပျက်ကျသွားတယ်၊ အဲဒီ ဘောလုံးထဲမှာ တပ်မတော်ရဲ့ စမ်းသပ်ဆဲ စစ်ဘက်ဆိုင်ရာ ပစ္စည်းတွေ ပါသွားတယ်။ အဲဒီ ပစ္စည်းတွေဟာ အလွန် လျှို့ဝှက်ထားတဲ့ ပစ္စည်းတွေပဲ"

ယခု ပြောနေသည့် စကားက ဘယ်ဆီသို့ ဦးတည်နေလေသနည်းဟု ရောဘတ်က တွေးမိသည်။

"ဆွစ်ဇာလန်အစိုးရက အဲဒီ ပစ္စည်းတွေကို ဘောလုံးထဲက ထုတ်ယူထားပါပေမယ့် ကံက ဆိုးချင်တော့ အဲဒီလို ပျက်ကျတဲ့နေရာမှာ မျက်မြင်သက်သေ အချို့ ရှိနေခဲ့ရတယ်။ သူတို့ မြင်တွေ့ခဲ့တာတွေကို အဲဒီ လူတွေက [illegible]သူ့ကိုမှ ပြန်မပြောကြဖို့ သိပ်ကို အရေးကြီးနေတယ်၊ အဲဒီလို ပြောလိုက်ရင် [illegible]အချို့ အတွက် သိပ်အဖိုးတန်တဲ့ သတင်းအချက်အလက်တွေ ဖြစ်သွားမယ်။ မင်း ငါပြောတာကို သဘောပေါက်ရဲ့လား"

"ကျွန်တော် သဘောပေါက်တယ်လို့ ထင်ပါတယ် ခင်ဗျာ၊ ကျွန်တော်က [illegible]တ်သေတွေနဲ့ သွားတွေ့ပြီး သူတို့မြင်ခဲ့တဲ့ကိစ္စကို မဆွေးနွေးဖို့ သတိပေး


www.burmeseclassic.com

www.burmeseclassic.com

ရမှာ မဟုတ်လား ခင်ဗျ"

"အဲဒီလိုလည်း မဟုတ်သေးဘူး ကွန်မန်ဒါ"

"ဒါဆိုရင် ကျွန်တော် နားမလည်တော့ . . ."

"ငါ့အနေနဲ့ မင်းကို လုပ်စေချင်တာကတော့ အဲဒီလူတွေကို လိုက်ရှာပေး ပဲ၊ တိတ်တိတ်နေဖို့ လိုအပ်တယ် ဆိုတာကိုတော့ အခြားပုဂ္ဂိုလ်တွေက လိုက်ပြီ ပြောကြလိမ့်မယ်"

"ဒီလိုကိုး၊ အဲဒီ မျက်မြင်သက်သေတွေက ဆွစ်ဇာလန်မှာပဲလား"

ဗိုလ်ချုပ်ကြီး ဟီးလီးယန်သည် ရောဘတ်ရှေ့သို့ မတ်တတ်ရပ်လိုက်သည်

"အဲဒါက ငါတို့ရဲ့ ပြဿနာပဲ ကွန်မန်ဒါ၊ သူတို့ ဘယ်မှာ နေကြသလဲ ဆိုတာတော့ ငါတို့ မသိဘူး၊ ပြီးတော့ သူတို့ ဘယ်သူတွေလဲ ဆိုတာကိုလည်း ငါ မသိဘူး"

ရောဘတ်က သူ နားကြားလွဲလေပြီဟု ထင်လိုက်မိသည်။

"တစ်ဆိတ် ပြန်ပြောပါဦး ခင်ဗျာ"

"ငါတို့သိထားတဲ့ အချက်ကတော့ အဲဒီမျက်မြင်သက်သေတွေဟာ လမ် ဘတ်စ်ကားတစ်စီးပေါ်မှာ လိုက်ပါလာကြတယ်၊ သူတို့က ရာသီဥတု ထောက် လှမ်းတဲ့ဘောလုံး ပျက်ကျတဲ့ . . . ၊ ဘယ်ရွာပါလိမ့်"

သူက ဟယ်ရီဆန်ဘက်သို့ လှည့်မေးလိုက်၏။

"ယူတာင်ဒေါ့ဖ်ပါ ခင်ဗျာ"

"အဲဒီ ရွာကလေးကို ဖြတ်သန်းသွားချိန်နဲ့ ကြုံကြိုက်နေတယ်"

ဗိုလ်ချုပ်ကြီးက ရောဘတ်ဘက်သို့ လှည့်လိုက်၏။

"ခရီးသည်တွေဟာ အဲဒီလို ပျက်ကျတာကို ကားပေါ်က မိနစ် အနည်း လောက် ဆင်းကြည့်ပြီး ခရီးဆက်ခဲ့ကြတယ်။ အဲဒီ ခရီးစဉ် ပြီးဆုံးတဲ့အခါ ခရီးသည်တွေ အလျှိုလျှို ပျောက်သွားကြတော့တယ်"

ရောဘတ်တ ဖြည်းညင်းစွာ ပြောလိုက်၏။

"ဗိုလ်ချုပ်ကြီး ခင်ဗျာ၊ အဲဒီပုဂ္ဂိုလ်တွေဟာ ဘယ်သူတွေလဲ၊ သူတို့ ဘယ် သွားခဲ့ကြသလဲဆိုတဲ့ မှတ်တမ်းတွေ မရှိဘူးလို့ ဆိုလိုပါသလား ခင်ဗျား"

"ဟုတ်ပါတယ်ကွာ"

"ပြီးတော့လည်း ဗိုလ်ချုပ်ကြီးက ကျွန်တော့်ကို သူတို့ကို လိုက်ရှာခိုင်းမယ် ပေါ့"

"အဲဒီအတိုင်းပဲ၊ မင်းကို ကောင်းကောင်းကြီး ထောက်ခံချက် ပေးထား တယ်။ မင်းဟာ ဘာသာစကား ခြောက်မျိုးကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ် ဆိုတတ်ရုံသာမက ထောက်လှမ်းရေးလုပ်တဲ့နေရာမှာလည်း အလွန် တော်တယ် လို့ ငါ့ကို ပြောထားတယ်။ ငါတို့ ညွှန်ကြားရေးမှူးက မင်းကို အင်အက်စ်အေ ယာယီပြောင်းရွှေ့ပေးဖို့ စီစဉ်လိုက်တယ်"

'သိပ်ကောင်းတာပေါ့' ဟု တွေးမိပြန်၏။

"ကျွန်တော်က ဒီကိစ္စမှာ ဆွစ်ဇာလန်နိုင်ငံက အစိုးရနဲ့ ပူးပေါင်းဆော ရွက်ရလိမ့်မယ်လို့ ထင်ပါတယ်"

"မဟုတ်ဘူး၊ မင်းတစ်ယောက်တည်း အလုပ်လုပ်ရလိမ့်မယ်"

"တစ်ယောက်တည်းလား၊ ဒါပေမယ့် . . ."





"အခုကိစ္စမှာ ငါတို့က ဘယ်သူ့ကိုမှ မပါဝင် မပတ်သက်စေချင်ဘူး။ အဲဒီ ဘောလုံးထဲမှာ ပါတဲ့ပစ္စည်းတွေဟာ ဘယ်လောက်အထိ အရေးကြီးတယ်ဆို တာ မင်းကို ရှည်ရှည်ဝေးဝေး ပြောပြဖို့ လိုမယ် မထင်ဘူး ကွန်မန်ဒါ။ အချိန်က သိပ်အရေးကြီးတယ်။ မင်းက လုပ်ငန်းတိုးတက်မှုကို နေ့တိုင်း ငါ့ဆီကို အစီရင် ခံစေချင်တယ်"

ဗိုလ်ချုပ်ကြီးက ကတ်ပြားလေးတစ်ချပ်ပေါ်တွင် နံပါတ်တစ်ခုကို ရေး လိုက်ပြီးနောက် ရောဘတ်ထံ လှမ်းပေးလိုက်သည်။

"ဟောဒီ နံပါတ်ကတစ်ဆင့် ငါ့ဆီကို နေ့ရောညပါ ဆက်သွယ်နိုင်တယ်။ မင်းကို ဇူးရစ်ချ်ကို လိုက်ပို့မယ့် လေယာဉ်တစ်စီး အဆင်သင့် စောင့်ဆိုင်းနေ တယ်။ မင်းလိုအပ်တာတွေကို ထုပ်ပိုးပြီး ယူသွားနိုင်တဲ့အတွက် မင်းအိမ်ခန်းကို လိုက်ပို့ပေးလိမ့်မယ်။ အဲဒီနောက် မင်းကို လေယာဉ်ပျံကွင်း လိုက်ပို့ပေးလိမ့်မယ်"

'ခဏတစ်ဖြုတ် ဝင်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်' ဆိုတဲ့ ကိစ္စ တတော့ နိဂုံးတံပေပြီ။

ရောဘတ်က 'ကျွန်တော် ခရီးသွားနေတုန်း ကျွန်တော့်ရွှေငါးကလေး တွေကို အစာကျွေးထားပေးမှာလား' ဟု မေးချင်စိတ် ပေါ်လာမိသည်။ သို့ရာတွင် 'မင်းဆီမှာ ရွှေငါး မရှိပါဘူးကွာ'ဆိုတဲ့အဖြေကိုသာ ရလိမ့်မည်ဟု သူသိနေသည်။

"မင်း ရေတပ်မတော် ထောက်လှမ်းရေးမှာ အလုပ်လုပ်နေတုန်း ပြည်ပမှာ အဆက်အသွယ်တွေ ရှိခဲ့လိမ့်မယ်လို့ ငါထင်တယ်"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော့်မှာ အသုံးချလို့ရမယ့် မိတ်ဆွေတွေ အတော်များများ ရှိပါတယ်"

"မင်း သူတို့ကို တစ်ယောက်နဲ့မှ မဆက်သွယ်ရဘူး၊ မင်းအနေနဲ့ သူတို့ကို ဆက်သွယ်ခွင့် ပေးမထားဘူး။ မင်းလိုက်ရှာရမယ့် မျက်မြင်သက်သေတွေဟာ နိုင်ငံမျိုးစုံက နိုင်ငံသားတွေ ဖြစ်လိမ့်မယ်ဆိုတာ သေချာတယ်"

ဗိုလ်ချုပ်ကြီးက ဟယ်ရီဆန်ဘက်သို့ လှည့်လိုက်သည်။

"ဟယ်ရီဆန်"

ဟယ်ရီဆန်ကဲလားသည် ထောင့်တစ်ထောင့်ရှိ ဖိုင်တွဲများထည့်သော ဗီရို ဆီသို့ လျှောက်သွားပြီး တံခါးကို ဖွင့်လိုက်သည်။ သူက မနီလာစာအိတ်အညို ကြီးကို ထုတ်ယူပြီး ရောဘတ်ထံ လှမ်းပေးလိုက်သည်။

"အဲဒီအထဲမှာ နိုင်ငံပေါင်းစုံက ငွေကြေးမျိုးစုံ ဒေါ်လာ ငါးသောင်းဖိုးရှိ တယ်။ ပြီးတော့လည်း နောက်ထပ် အမေရိကန်ဒေါ်လာ နှစ်သောင်းလည်း ရှိသေးတယ်။ မင်း အတွက် အသုံး လိုအပ်လာစရာရှိတဲ့ စိစစ်ရေးကတ်ပြား အတုတွေလည်း မင်း တွေ့ရလိမ့်မယ်"

ဗိုလ်ချုပ်ကြီး ဟီးလီးယန်သည် ကတ်ပြားအပေါ်ဘက်တွင် အဖြူရောင် အစင်းတစ်ရစ်ပါသော ပြောင်ပြောင်လက်လက်ရှိနေသည့် ခပ်ထူထူအနက်ရောင် [illegible]တ်စတစ်ကတ်ပြားတစ်ခုကို ထုတ်ယူလိုက်သည်။

"ဟောဒါကတော့ မင်းအတွက် အကြွေးဝယ်ယူခွင့်ကတ်ပြား"

"ကျွန်တော့်အတွက် အဲဒီကတ်ပြား လိုမယ် မထင်ပါဘူး ဂျင်နရယ်၊ [illegible]သားနဲ့တင် လုံလောက်ပါတယ်။ ပြီးတော့လည်း ကျွန်တော့်ဆီမှာ ရေတပ် [illegible]တော် ထောက်လှမ်းရေးဌာနရဲ့ အကြွေးဝယ်ယူခွင့်ကတ်ပြား ရှိနေပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



"ယူသွားပါကွာ"

"ကောင်းပါပြီ"

ရောဘတ်က ကတ်ပြားကို စစ်ဆေးကြည့်ရှုလိုက်သည်။

ထိုကတ်ပြားမှာ ဘဏ်နာမည်ကို သူ တစ်ခါမှ မကြားဖူးဘူးခဲ့သော ဘဏ်မှ ထုတ်ပေးထားသောကတ် ဖြစ်သည်။ ထိုကတ်ပြား၏ အောက်ဘက်တွင် တယ်လီဖုန်းနံပါတ်တစ်ခု ပါရှိသည်။

"ကတ်ပြားပေါ်မှာ ဘာနာမည်မှ မပါဘူး" ဟု ရောဘတ်က ပြောလိုက်၏။

"အဲဒါက ဘဏ်ကထုတ်ပေးတဲ့ ချက်လက်မှတ်နဲ့ အတူတူပဲ။ အဲဒီအပေါ်မှာ ဘာအမှတ်အသားမှ မလိုဘူး၊ သူတို့အနေနဲ့ အဲဒီကတ်ပေါ်က တယ်လီဖုန်းနံပါတ်ကို ဆက်သွယ်ခိုင်းလိုက်ရုံပဲ။ အဲဒီကတ်ပြားက သိပ်အရေးကြီးတဲ့အတွက် မင်းဆီမှာ ကိုယ်နဲ့မကွာ အမြဲတမ်း ဆောင်ထားဖို့လိုတယ်"

"ကောင်းပါပြီ ခင်ဗျာ"

"ပြီးတော့လည်း ကွန်မန်ဒါ"

"ဟုတ်ကဲ့ ခင်ဗျ"

"မင်း အဲဒီမျက်မြင်သက်သေတွေကို တွေ့အောင်ရှာမှဖြစ်မယ်။ အားလုံးကို တွေ့အောင်ရှာပါ။ မင်းက ဒီတာဝန်ပေးချက်ကို စတင် ထမ်းဆောင်နေပြီလို့ ညွှန်ကြားရေးမှူးကို ငါ သတင်းပို့လိုက်မယ်"

တွေ့ဆုံပွဲ ပြီးဆုံးပါပြီ။

ဟယ်ရီဆန်ကဲလားက ရောဘတ်အား အပြင်ဘက်ခန်းသို့ လိုက်ပို့သည်။ ယူနီဖောင်းဝတ် မရင်းတစ်ယောက် လာထိုင်စောင့်နေသည်။ သူတို့နှစ်ယောက် ဝင်လာချိန်တွင် ထိုသူက မတ်တတ်ရပ်လိုက်သည်။

"သူက ဗိုလ်ကြီး.ဒေါက်ဂါတီ၊ သူက ခင်ဗျားကို လေဆိပ် လိုက်ပို့ပေးလိမ့်မယ်၊ ကံကောင်းပါစေ"

"ကျေးဇူးတင်ပါတယ်"

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။

ကဲလားသည် ပြန်လှည့်ပြီး ဂျင်နရယ် ဟီးလီးယံ၏ ရုံးခန်းထဲသို့ ပြန်ဝင်သွားသည်။

"ခင်ဗျား အဆင်သင့် ဖြစ်ပြီလား ကွန်မန်ဒါ"

ဗိုလ်ကြီး ဒေါက်ဂါတီက မေးလိုက်ခြင်း ဖြစ်သည်။

"ဖြစ်ပါပြီ"

'ဒါပေမယ့် ဘာအတွက် အဆင်သင့်ဖြစ်တာလဲ' ဟု သူ့စိတ်ထဲက တွေးမိပြန်၏။ သူသည် ယခင်ကလည်း ခက်ခဲသော ထောက်လှမ်းရေးတာဝန်များကို ထမ်းဆောင်ဖူးခဲ့ပါသည်။ သို့ရာတွင် ယခုလောက် ဆိုးရွားသော ကိစ္စမျိုး မဟုတ်ခဲ့ပါ။ သူ့အနေနှင့် အရေးအတွက် မည်မျှ ရှိနေမှန်း မသိရသည်သာမက မည်သည့်နိုင်ငံက မည်သူမည်ဝါမှန်း မသိရသော မျက်မြင်သက်သေများကို ရှာပေးရတော့မည် ဖြစ်ပါ၏။ ထိုကိစ္စအတွက် ဖြစ်နိုင်ခြေ မည်မျှ ရှိလေသနည်း။

"ခင်ဗျားကို ခင်ဗျားအိမ်ခန်း လိုက်ပို့ပေးပြီး အဲဒီက အင်ဒရူး လေတပ်စခန်းကို လိုက်ပို့ပေးဖို့ ကျွန်တော့်ကို အမိန့်ပေးထားပါတယ်။ လေယာဉ်ပျံတစ်စီး





ကလည်း စောင့်နေ . . ."

ဗိုလ်ကြီး ဒေါက်ဂါတီ၏စကား မဆုံးမီ ရောဘတ်က ခေါင်းခါပြလိုက်၏။

"ကျုပ်က ကျုပ်ရုံးခန်းကို ပထမဦးဆုံး ခဏဝင်ဦးမှ ဖြစ်မယ်"

ဒေါက်ဂါတီ ထွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

"ကောင်းပြီလေ၊ အဲဒီနေရာကို ကျွန်တော်ပါ အတူတူလိုက်လာပြီး ခင်ဗျားအတွက် စောင့်နေမယ်"

သူ့ကို မျက်စိအောက်က အပျောက်မခံနိုင်သည့် ပုံစံမျိုးပါလား။ ရောဘတ်က မိုးလေဝသ ထောက်လှမ်းရေး ဘောလုံးကြီးတစ်လုံး ပျက်ကျသွားတဲ့ကိစ္စကို သိနေလို့များလား။ အဲဒါက အဓိပ္ပာယ် မရှိပါ။

သူက ရင်ထိုးတံဆိပ်ကို ဧည့်ကြိုစားပွဲတွင် ပြန်၍ အပ်နှံခဲ့ပြီးနောက် အရက်တက်စ ပြုနေပြီဖြစ်သော အေးမြလှသည့် အပြင်ဘက်သို့ ထွက်လာခဲ့သည်။ သူ့မော်တော်ကား မရှိတော့ပြီ။ ထိုမော်တော်ကား နေရာတွင် ရှည်လျားသော အိမ်ခံကားကြီးတစ်စီး ရှိနေသည်။

ဗိုလ်ကြီး ဒေါက်ဂါတီက သတင်းပို့လိုက်၏။

"ခင်ဗျားမော်တော်ကားကို သိမ်းထားပေးပါ့မယ် ကွန်မန်ဒါ။ ကျွန်တော်တို့က ဒီမော်တော်ကားကို စီးရမယ်"

ယခု ကိစ္စမှာ အပေါ်စီးကနေ၍ လုပ်ကိုင်နေမှုမျိုး ဖြစ်နေသောကြောင့် ရောဘတ်စိတ်ထဲ၌ ကသိကအောက် ဖြစ်မိသည်။

"ရပါတယ်"

သူတို့သည် ရေတပ်မတော် ထောက်လှမ်းရေးရုံးဆီသို့ မောင်းနှင်၍ လာခဲ့ကြသည်။ နံနက်ခင်းမှ ဖြူဖွေးဖွေး နေမင်းကြီးသည် မိုးတိမ်များနောက်ဘက်သို့ ဘိုးဝင်ပျောက်ကွယ်သွားသည်။

'တော်တော် စိတ်ဆင်းရဲဖို့ကောင်းတဲ့နေ့ ဖြစ်မှာပဲ။ စိတ်ဆင်းရဲစရာတွေက ဘစ်မျိုးတည်းထက် ပိုလိမ့်မယ်' ဟု ရောဘတ်က တွေးလိုက်မိသည်။

❖ ❖ ❖



www.burmeseclassic.com

## အခန်း သုံး

*ဘော့တဝါး၊ ကနေဒါနိုင်ငံ၊ ၂၄ း ၀၀ နာရီ*

သူ၏ စကားဝှက်အမည်မှာ ဂျေးနပ်စ် ဖြစ်သည်။

သူက အစောင့်အကြပ်များ ထူထပ်စွာ ချထားသော စစ်တပ်ဝင်းအတွင်းမှ အခန်းတစ်ခန်းထဲတွင် လူ (၁၂) ယောက်ကို မိန့်ခွန်းပြောနေသည်။

"ခင်ဗျားတို့အားလုံးကို အသိပေးပြီး ဖြစ်တဲ့အတိုင်း ကမ္ဘာဖျက် စီမံချက်ကို အသက်သွင်းလိုက်ပြီ၊ တတ်နိုင်သလောက် သိုသိုသိပ်သိပ်နဲ့ ခပ်မြန်မြန် ရှာဖွေရမယ့် မျက်မြင်သက်သေတွေ ရှိနေတယ်။ ကျုပ်တို့အနေနဲ့ သတင်းပေါက်ကြားမှာ စိုးရိမ်ရတဲ့အတွက် ထုံးစံအတိုင်း ထောက်လှမ်းရေးလမ်းကြောင်းတွေကတစ်ဆင့် စုံစမ်းထောက်လှမ်းဖို့ မကြိုးစားရဲဘူး"

"ကျုပ်တို့က ဘယ်သူ့ကို အသုံးချနေသလဲ"

*မေးသူက ရုရှားလူမျိုး၊ ထွားကျိုင်းသည်၊ စိတ်တိုသည်။*

"သူ့နာမည်က ကွန်မန်ဒါ ရောဘတ်ဘယ်လာမီ"

"သူ့ကို ဘယ်လို ရွေးချယ်လိုက်တာလဲ"

*မေးသူက ဂျာမန်လူမျိုး၊ မင်းမျိုးမင်းနွယ်တစ်ဦး ဖြစ်သည်၊ ရက်စက်သည်။*

"စီအိုင်အေ၊ အက်ဖ်ဘီအိုင်နဲ့ ဒါဇင်ဝက်လောက်ရှိတဲ့ အခြားလုံခြုံရေးအဖွဲ့အစည်းတွေရဲ့ ဖိုင်တွေကို ကွန်ပျူတာနဲ့ ရှာဖွေစိစစ်ပြီးမှ ကွန်မန်ဒါကို ရွေးချယ်လိုက်ခြင်း ဖြစ်ပါတယ်"

"ကျေးဇူးပြုပြီးတော့ သူ့အရည်အချင်းတွေကို မေးပါရစေ"

*မေးသူမှာ ဂျပန်အမျိုးသား၊ ယဉ်ကျေးသည်၊ ဖုံးဖုံးဖိဖိလုပ်တတ်သည်။*

"ကွန်မန်ဒါ ဘယ်လာမီဟာ ထောက်လှမ်းရေးလုပ်ငန်းတွေမှာ အလွန်ထူးချွန်ပြီး စံထားလောက်အောင် အောင်မြင်မှု ရှိခဲ့တဲ့ပုဂ္ဂိုလ်ပါ။ ဘာသာစကား ခြောက်မျိုးကို ကျွမ်းကျင်စွာ ပြောတတ် ဆိုတတ်တယ်။ သူဟာ ထပ်ခါတလဲလဲဆိုသလို အကျပ်အတည်းတွေကို ဖြေရှင်းနိုင်စွမ်းရှိကြောင်း သက်သေပြခဲ့ပါတယ်။ သူ့မှာ အသက်ရှင်နေတဲ့ဆွေမျိုး မရှိပါဘူး"

"ဒီလုပ်ငန်းဟာ သိပ်ကို အလျှင်စလို လုပ်ရမယ့်လုပ်ငန်းဖြစ်ကြောင်း သူသိရဲ့လား"

*မေးသူက အင်္ဂလိပ်လူမျိုး၊ တစ်ဖက်သားကို အထင်အမြင်သေးသည်၊ ကြောက်ဖို့ကောင်းသည်။*





"သူ သိပါတယ်။ သူက မျက်မြင်သက်သေ အားလုံးကို သိပ် မြန်မြန်ဆန်ဆန် ရှာဖွေပေးနိုင်စွမ်း ရှိလိမ့်လို့ ကျုပ်တို့က မျှော်လင့်နိုင်ပါတယ်"

"ဒီလုပ်ငန်းရဲ့ ရည်ရွယ်ချက်ကို သူ နားလည်သဘောပေါက်ရဲ့လား"

*မေးသူက ပြင်သစ်လူမျိုး၊ အငြင်းသန်သည်၊ ခေါင်းမာသည်။*

"မသိပါဘူး"

"သူက မျက်မြင်သက်သေတွေအားလုံးကို ရှာတွေ့ပြီးတဲ့အခါကျရင်ကော"

*မေးသူမှာ တရုတ်လူမျိုး၊ အကင်းပါးသည်၊ စိတ်ရှည်သည်။*

"သူ့ကို သင့်လျော်တဲ့ဆု ချီးမြှင့်ပါ့မယ်"

❖ ❖ ❖

www.burmeseclassic.com

## အခန်း လေး

ရေတပ်မတော် ထောက်လှမ်းရေးဌာန၏ ရုံးချုပ်သည် အလွန် ကြီးမားကျယ်ပြန့်သော ပင်တဂွန် အဆောက်အအုံကြီး၏ ပဥ္စမထပ် တစ်ထပ်လုံးတွင် နေရာယူထားသည်။ (၁၇) မိုင်ရှည်လျားသော စင်္ကြံလမ်းများရှိပြီး အရပ်သားနှင့် တပ်မတော်သား စုစုပေါင်း (၂၉၀၀၀) အလုပ် လုပ်ကိုင်နေသည့် ကမ္ဘာပေါ်ရှိ အကြီးဆုံး ရုံးအဆောက်အအုံကြီးထဲမှ နယ်မြေကလေးတစ်ခု ဖြစ်သည်။

ရေတပ်မတော် ထောက်လှမ်းရေးရုံးချုပ်၏ အတွင်းပိုင်းသည် ပင်လယ်ရေကြောင်းသွားလာမှု၏ အမွေအနှစ်ကို ရောင်ပြန်ဟပ်၍ ပြသလျက် ရှိသည်။ စားပွဲများနှင့် ဗီရိုများသည် ဒုတိယကမ္ဘာစစ်ခေတ်မှ သံလွင်သီး အစိမ်းရောင်များ သို့တည်းမဟုတ် ဗီယက်နမ်စစ်ပွဲခေတ်မှ စစ်သင်္ဘော မီးခိုးရောင်များသာ ဖြစ်ကြသည်။ နံရံနှင့် မျက်နှာကြက်များကို ဝါညိုညိုအရောင် သို့မဟုတ် နို့နှစ်ရောင်များနှင့်သာ သုတ်ထားသည်။

အစောပိုင်းကမူ ရောဘတ်က ချွေတာလွန်းလှသော အပြင်အဆင်များကြောင့် စိတ်ပျက်မိသော်လည်း သူသည် ထိုအပြင်အဆင်များနှင့် နေသားကျလာခဲ့သည်မှာ ကြာမြင့်လှလေပြီ။

ယခု သူသည် အဆောက်အအုံထဲသို့ ဝင်သွားပြီး ဧည့်ကြိုစားပွဲဆီသို့ ချဉ်းကပ်သွားစဉ် စားပွဲ၌ရှိနေသော တွေ့မြင်နေကျ အစောင့်တပ်သားက ပြောလိုက်၏။

"မင်္ဂလာနံနက်ခင်းပါ ကွန်မန်ဒါ၊ ခင်ဗျားရဲ့ ဝင်ထွက်ခွင့်လက်မှတ်ကို ကြည့်ပါရစေ"

ရောဘတ်သည် ဤနေရာ၌ အလုပ် လုပ်ခဲ့သည်မှာ (၇) နှစ်ပင် ရှိခဲ့ပါပြီ။ သို့ရာတွင် ထိုလုပ်ငန်းစဉ်မှာ မည်သည့်အခါကမျှ မပြောင်းလဲခဲ့ပါ။ သူက သူ့ဝင်ထွက်ခွင့်လက်မှတ်ကို တာဝန်ကျေစွာ ထုတ်ပြလိုက်သည်။

"ကျေးဇူးတင်ပါတယ် ကွန်မန်ဒါ"

သူက သူ့ရုံးခန်းဆီသို့ လျှောက်သွားနေစဉ် မြစ်ဘက်ဝင်ပေါက်ရှိ မော်တော်ကား ရပ်နားသည့်နေရာ၌ သူ့ကို စောင့်ဆိုင်းနေသော ဗိုလ်ကြီးဒေါက်ဂါ၏ အကြောင်း တွေးလိုက်မိသည်။ ဆောင်ရွက်ရန် အဖြစ်နိုင်ဆုံး လိုက်လံထောက်လှမ်းမှုကို စတင်ပြုလုပ်ဖို့ ဆွစ်ဇာလန်နိုင်ငံသို့ သူ့ကို ပို့ဆောင်ပေးမည့် လေယာဉ်ပျံထံ လိုက်ပို့ပေးရန် စောင့်နေရှာသည်။





သူ့ရုံးခန်းသို့ ရောက်သွားသောအခါ သူ့အတွင်းရေးမှူး ဘာဘရာသည် ရောက်နှင့်နေလေပြီ။

"မင်္ဂလာနံနက်ခင်းပါ ကွန်မန်ဒါ။ ယာယီညွှန်ကြားရေးမှူးက ရှင့်ကို သူ့ရုံးခန်းမှာတွေ့ဖို့ စောင့်နေပါတယ်"

"သူ့ကို အသာထားစမ်းပါဦး၊ အက်ဒ်မိုင်ရယ်ဝှစ်တိတ်ကာနဲ့ ဆက်သွယ်ပေးစမ်းပါ"

"ကောင်းပါပြီရှင်"

နောက်တစ်မိနစ်ကြာသောအခါ ရောဘတ်သည် ရေတပ်ဗိုလ်ချုပ်ကြီးနှင့် စကားပြောဆိုနေခဲ့လေပြီ။

"မင်းတို့ တွေ့ဆုံပြီးစီးသွားပြီလို့ ငါယူဆတယ် ရောဘတ်"

"လွန်ခဲ့တဲ့ မိနစ်ပိုင်းအတွင်းကပါ"

"အဆင်ပြေရဲ့လား"

"အဲဒါက စိတ်ဝင်စားဖို့တော့ ကောင်းပါတယ် အက်ဒ်မိုင်ရယ်၊ ဆရာ့အနေနဲ့ ကျွန်တော်နဲ့အတူ နံနက်စာစားဖို့ အချိန်အားလပ်ရဲ့လား"

သူက လေသံကို ပုံမှန်ဖြစ်အောင် ကြိုးစား၍ ပြောလိုက်သည်။

ရေတပ်ဗိုလ်ချုပ်ကြီးဘက်မှ တုံ့ဆိုင်းမှု မရှိပါ။

"အေးကွ၊ ငါတို့ အဲဒီမှာပဲ တွေ့ကြမလား"

"ဖြစ်ပါတယ်၊ ဆရာ့အတွက် ဧည့်သည်လက်မှတ်ကလေး တစ်စောင် ကျွန်တော် စီစဉ်ထားလိုက်မယ်"

ရောဘတ်က တယ်လီဖုန်းစကားပြောခွက်ကို ပြန်တင်လိုက်ပြီး တွေးလိုက်မိသည်။

'ငါက ရေတပ်ဗိုလ်ချုပ်ကြီးအတွက် ဧည့်သည်လက်မှတ်ကလေး တစ်စောင် စီစဉ်ပေးရတာဟာ ကံကြမ္မာရဲ့ အရွဲ့တိုက်မှုတစ်ခုပဲ။ လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်တဆိုရင် သူဟာ ရေတပ်မတော်ထောက်လှမ်းရေးဌာနကို တာဝန်ယူရတဲ့ အတော်ဆုံး ပုဂ္ဂိုလ်တစ်ယောက်။ သူ့အနေနဲ့ ဘယ်လိုများ ခံစားရမလဲ မသိဘူး' ဟု တွေးလိုက်မိသည်။

ရောဘတ်က ခလုတ်နှိပ်၍ သူ့အတွင်းရေးမှူးနှင့် ဆက်သွယ်လိုက်သည်။

"ဟုတ်ကဲ့ပါ ကွန်မန်ဒါ"

"ကျုပ် အက်ဒ်မိုင်ရယ်ဝှစ်တိတ်ကာနဲ့ တွေ့ဆုံဖို့ရှိတယ်။ သူ့အတွက် ဝင်ထွက်ခွင့်လက်မှတ်တစ်စောင် စီစဉ်ပေးပါ"

"ကျွန်မ ခုချက်ချင်း ဆောင်ရွက်ပါ့မယ်"

ယခုအချိန်မှာ ယာယီညွှန်ကြားရေးမှူး ဒပ်စတင်သွန်တန်နှင့် တွေ့ဆုံရမည့် အချိန်ပင် ဖြစ်တော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ငါး

ဒပ်စတင် (ဒပ်စတီ) သွန်တန်သည် ရေတပ်မတော် ထောက်လှမ်းရေးအနက် ယာယီညွှန်ကြားရေးမှူး ဖြစ်သည်။ သူသည် ရေတပ်မတော်၏ သင်တန်းကျောင်းဖြစ်သော အင်နာပိုးလစ်မှ အထူးချွန်ဆုံး အားကစားသမားတစ်ဦးအဖြစ် ပေါ်ထွက်ခဲ့သူဟု နာမည်ကြီးသူ ဖြစ်သည်။ ယခုလို ကြီးမြတ်သောနေရာကို သူရရှိထားခြင်းမှာ ဘောလုံးကစားပွဲ တစ်ခုကြောင့်ပင် ဖြစ်သည်။ တိတိကျကျပြောရမည် ဆိုပါက ကြည်းတပ်နှင့် ရေတပ်တို့၏ ဘောလုံးကစားပွဲကြောင့်ပင် ဖြစ်သည်။

သွန်တန်သည် အလွန် ကြီးမားထွားကျိုင်းသူ ဖြစ်သည်။ အင်နာပိုးလစ်သင်တန်းကျောင်းတွင် ဝါရင့်ကျောင်းသားကြီး တစ်ယောက်ဖြစ်ပြီး ရေတပ်မတော်၏ အရေးအပါဆုံး အားကစားပွဲဖြစ်သော ဘောလုံးကစားပွဲတွင် နောက်တန်းလူအဖြစ် ပါဝင်ကစားခဲ့သည်။

စတုတ္ထကွာတာကို စတင် ကစားချိန်တွင် ကြည်းတပ်က (၁၃ - ၀) နှင့် ဦးဆောင်နေသည်။ ထိုအချိန်တွင် ကံကြမ္မာက ကြားဖြတ် ဝင်ရောက်လာပြီး ဒပ်စတင်သွန်တန်၏ ဘဝလမ်းကြောင်းကို ပြောင်းလဲပေးခဲ့တော့သည်။

ဒပ်စတင်သည် ကြည်းတပ်ဘက်မှ ထိုးဖောက် ဝင်ရောက်လာသူကို ကြားမှဖြတ်တားလိုက်ပြီးနောက် ချာခနဲ လှည့်လိုက်ပြီး ကြည်းတပ်မှ ဘောလုံးသမားတစ်စုကို အတင်းကျော်ဖြတ်၍ ဂိုးစည်းထိရန် ကြိုးစားလိုက်သည်။ ဤတွင်ရေတပ်ဘက်မှ အမှတ်ရလာပြီး ကြည်းတပ်က (၁၃)၊ ရေတပ်က (၉) မှတ်ရလာသည်။ အချိန်ကလည်း စေ့လုနီးပါး ဖြစ်နေပြီ။

နောက်တစ်ကြိမ် ပွဲစတင်ကစားသောအခါ သွန်တန်ထံ ဘောလုံးကို ပစ်ပေးလိုက်သည်။ သူသည် ကြည်းတပ်မှ ဘောလုံးသမားတစ်သိုက်၏ အောက်ဘက်သို့ ရောက်ရှိသွားသည်။ သူသည် အချိန်အတော်ကြာမှ ပြန်၍မတ်တတ်ရပ်နိုင်ခဲ့သည်။ ဆရာဝန်တစ်ယောက်က ကွင်းထဲသို့ အပြေးအလွှား ပြေးဝင်လာသည်။ သွန်တန်က ဆရာဝန်ကို ဒေါသတကြီး လက်ပြ၍ နှင်ထုတ်လိုက်သည်။

စက္ကန့်ပိုင်းမျှသာ ကျန်သောအချိန်တွင် ဒိုင်လူကြီးက ကွင်းဘေးမှ ဘောလုံးကို သယ်ဆောင်ခွင့်ပြုလိုက်သည်။ သွန်တန်သည် ဆယ်ကိုက် အလိုတွင် ဘောလုံးကို ရရှိလိုက်ပြီး တစ်ဟုန်ထိုး စွတ်ပြေးတော့သည်။ သူ့ကို မည်သူမျှ တားဆီး၍မရပါ။ သူက တစ်ဖက်မှ ဘောလုံးသမားများကို တင့်ကားကြီးသဖွယ် အတင်းတိုးဝင် ထိုးဖောက်သွားသည်။ သူ့ကို ရှေ့မှ ဆီး၍ ပိတ်ဆို့မိကြသော ကံဆိုး...





...ခေါင်းရှင်တို့ကို အတင်းဝင်တိုက်ပြီး တွန်းလှဲသွားသည်။ ပွဲပြီးရန် နှစ်စက္ကန့်အလိုတွင် သွန်တန်သည် ဂိုးစည်းကြောင်းကို ကျော်ဖြတ်နိုင်ပြီးနောက် အနိုင်ဂိုးအဖြစ်...စည်းကို ဘောလုံးနှင့် ထိလိုက်နိုင်ခဲ့တော့သည်။ လေးနှစ်တာကာလအတွင်း ရေတပ်က ကြည်းတပ်ကို ပထမဦးဆုံးအကြိမ် အနိုင်ရလိုက်ခြင်းလည်း ဖြစ်တော့သည်။

ထိုကိစ္စတစ်ခုတည်းက သွန်တန်၏ဘဝကို အနည်းငယ်မျှသာ ပြောင်းလဲစေပါလိမ့်မည်။ ထိုကိစ္စတွင် ပို၍ ထူးခြားမှု ဖြစ်စေသည်မှာ အရေးပါသော ...အိုင်ပီ လူကြီးများအတွက် သီးသန့် သတ်မှတ်ပေးထားသော နေရာတွင် ...လီးယဒ်စတုန်းနှင့် သမီးဖြစ်သူ အယ်လီနာတို့ ရှိနေကြမှုပင် ဖြစ်သည်။ ...ကြည့်ပရိသတ်က မတ်တတ်ရပ်၍ ရေတပ်မှလူစွမ်းကောင်းကို ချီးကျူးနေကြစဉ် အယ်လီနာက သူ့အဖေဘက်သို့ လှည့်၍ -

"ကျွန်မ သူနဲ့တွေ့ချင်တယ်" ဟု ပြောလိုက်တော့သည်။

အယ်လီနာစတုန်းသည် အလိုရမ္မက်ကြီးသူ ဖြစ်သည်။ မျက်နှာက ရွက်...မ်းရေကျိုမျှသာ ဖြစ်သည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း ထွားကျိုင်းသည်။ ...က ရေတပ်မှ လူစွမ်းကောင်း ဒပ်စတင်သွန်တန်ကို သဘောကျနေသည်။

နောက်ထပ် ခြောက်လကြာသောအခါ အယ်လီနာနှင့် ဒပ်စတင်သွန်တန်...တို့ လက်ထပ်လိုက်ကြသည်။ ထိုကိစ္စမှာ အစမျှသာ ဖြစ်သည်။ ဒပ်စတင်သွန်တန်သည် ယောက္ခမကြီးထံ သွားရောက်၍ အလုပ်လုပ်ကိုင်ခဲ့ရာ သူက ရှိသည်ဟူ၍ ...တစ်ခါမျှ အိပ်မက်ပင် မမက်ဘူးခဲ့သော လျှို့ဝှက်ဆန်းကြယ်သည့် လောကထဲသို့ ...တ်သွင်းမှုကို ခံလိုက်ရလေတော့သည်။

သွန်တန်၏ယောက္ခမဖြစ်သူ ဝီးလီးယဒ်စတုန်းသည် နားမလည်နိုင်အောင် အလွန် ထူးဆန်းသူ တစ်ဦး ဖြစ်သည်။ သူသည် အလွန် ဩဇာအာဏာရှိသော ...ိုင်ရေးသမားများနှင့် အဆက်အသွယ်ရှိသူ ကုဋေကြွယ် သူဌေးကြီးတစ်ဦး ...သည်။ သူ့အတိတ်ဇာတ်ကြောင်းမှာ လျှို့လျှို့ဝှက်ဝှက် ရှိနေသည်။ သူသည် ...ပေါ်ရှိ မြို့တော်တစ်ဒါဇင်လောက်ကို နောက်ကွယ်မှနေ၍ လူမသိ သူမသိ ...ခွဲနေသူ ဖြစ်သည်။ သူသည် အသက် (၆၀) နီးပါးရှိသူဖြစ်ပြီး အလွန် တိကျ...သပ်သူ ဖြစ်သည်။ သူ့လုပ်ရှားမှု မှန်သမျှမှာ တိကျသလို စနစ်တကျလည်း ...သည်။ သူ့ရုပ်သွင်မှာ အလွန် ထက်မြက်ပုံရသည်။ မျက်ခွံများက အောက်...တ်သို့ အိကျနေသောကြောင့် ဘာကိုမှ ဖော်ပြနေခြင်းမရှိပါ။ ဝီးလီးယဒ်စတုန်း...သည် စကားလုံးများကိုသော် လည်းကောင်း၊ ခံစားမှုများကိုသော် လည်းကောင်း ...ဖြုန်းတီးမှုကို မကြိုက်သူ ဖြစ်သည်။ သူလိုချင်သည့်ပစ္စည်းကို ရအောင်ယူရာ၌ ...အလွန် ရက်စက်သူလည်း ဖြစ်သည်။

သူနှင့်ပတ်သက်၍ ကြားနေရသော ကောလာဟလများကလည်း စိတ်ဝင်...ယ်ကောင်းလှသည်။ သူသည် ပြိုင်ဘက်တစ်ဦးကို မလေးရှားနိုင်ငံတွင် ...သတ်ဖြတ်ပစ်ခဲ့သည် ဟူ၍ လည်းကောင်း၊ စော်ဘွားတစ်ယောက်၏ ဇနီးနှင့် ...ောက်ပြားခဲ့သည် ဟူ၍ လည်းကောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ ...က သူ့အား စွဲချက် (၆) ခုခန့် တင်ခဲ့သော်လည်း ထိုစွဲချက်များသည် ...ဆန်းဆန်း ပျောက်ကွယ်သွားခဲ့ကြသည်။ လာဘ်ပေးမှုများ၊ ဆီးနင်းတား... ဘက်လိုက်၍ ထွက်ဆိုရန် လာဘ်ပေးမှုများ၊ ကုန်သွယ်ရေးဆိုင်ရာ...



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ချက်များကို ခိုးယူမှုများ၊ သက်သေခံမည့်ပုဂ္ဂိုလ်များ ပျောက်ကွယ်သွ
မှုများကိုလည်း ပုံပြင်ပမာ ကြားခဲ့ကြရသည်။

ဝီးလီးယဒ်စတုန်းသည် ဘုရင်များနှင့် သမ္မတများ၏ အတိုင်ပင်ခံပုဂ္ဂို
လည်း ဖြစ်သည်။ ဝီးလီးယဒ်စတုန်း ပိုင်ဆိုင်သည့် ပစ္စည်းများထဲတွင် ကိုလိုရာ
တောင်တန်းများပေါ်၌ အလွန် သီးသီးသန့်သန့်ရှိနေသော အလွန်ကြီးမားသ
ခြံကြီးတစ်ခြံလည်း ပါဝင်သည်။ စက်မှုလောကမှ ထိပ်တန်းပုဂ္ဂိုလ်ကြီးများ၊ သိ
ပညာရှင်ကြီးများနှင့် ကမ္ဘာ့ခေါင်းဆောင်ကြီးများသည် ဆွေးနွေးပွဲများအတွ
ထိုနေရာသို့ နှစ်စဉ် သွားရောက်လေ့ရှိကြသည်။ လက်နက်ကိုင် အစောင့်အကြ
များက မလိုလားသည့် ပုဂ္ဂိုလ်များကို တားဆီးပိတ်ပင်ထားကြသည်။

ဝီးလီးယဒ်စတုန်းသည် သမီးဖြစ်သူ၏မင်္ဂလာပွဲကို သဘောတူသည်သာမ
ဖြစ်မြောက်အောင်လည်း အားပေးခဲ့သည်။ သူ၏ သမက်အသစ်သည် ထူးချွ
သည်။ ရည်ရွယ်ချက် ကြီးမားသည်။ ပြီးတော့လည်း အရေးအကြီးဆုံးအချက်မှ
ပုံသွင်း၍ ရနိုင်မည့်သူလည်း ဖြစ်နေသည်။

အိမ်ထောင်သက် (၁၂) နှစ်ရှိသောအခါ ဝီးလီးယဒ်စတုန်းက ဒပ်စတ
အား တောင်ကိုရီးယားသို့ သံအမတ်ကြီးအဖြစ် ခန့်အပ်စေလွှတ်ရန် စီစဉ်ပေး
သည်။ နောက်ထပ် လေးငါးနှစ် ကြာသောအခါ သမ္မတကြီးက ၎င်းအား ကု
သမဂ္ဂသို့ သံအမတ်ကြီးအဖြစ် ခန့်အပ်စေလွှတ်တော့သည်။ ထို့နောက် ရေတပ်
ဗိုလ်ချုပ်ကြီး အက်ဒ်မိုင်ရယ်ဝှစ်တီတံကာအား ရေတပ်မတော် ထောက်လှမ်းရေ
ယာယီညွှန်ကြားရေးမှူးအဖြစ်မှ ချက်ချင်း ဖယ်ရှားပစ်လိုက်သောအခါ သွန်တ
သည် ထိုနေရာတွင် ယာယီညွှန်ကြားရေးမှူး ဖြစ်လာခဲ့တော့သည်။

ထိုနေ့က ဒပ်စတင်အား ယောက္ခမဖြစ်သူက ခေါ်ခိုင်းလိုက်သည်။

ဝီးလီးယဒ်စတုန်းက ကတိပေးလိုက်သည်။

"ဒါက အစ ပဏာမလောက်ပဲ ရှိပါသေးတယ်ကွာ၊ မင်းအတွက် ပိုကြီးမ
တဲ့ အစီအစဉ်တွေ ငါ့မှာ ရှိပါတယ်။ အလွန်ကြီးမားတဲ့ အစီအစဉ်တွေကွ ဒ
စတင်ရ" ဟု ပြောလိုက်လေ၏။

ထို့နောက် ဝီးလီးယဒ်စတုန်းက သူ့အစီအစဉ်များကို အကြမ်းဖျင်း ပြော
လိုက်လေတော့သည်။

လွန်ခဲ့သော နှစ်နှစ်က ရေဘတ်သည် ရေတပ်မတော် ထောက်လှမ်းရေ
ယာယီညွှန်ကြားရေးမှူး အသစ်ကျပ်ချွတ်နှင့် ပထမဦးဆုံးအကြိမ် တွေ့ဆုံခဲ့
သည်။

"ထိုင်ပါ ကွန်မန်ဒါ"

ဒပ်စတင်သွန်တန်၏ လေသံတွင် ဖော်ရွေမှု အလျင်း မပါဝင်ပါ။

"ခင်ဗျားရဲ့ မှတ်တမ်းအရ ခင်ဗျားဟာ တစ်ကိုယ်ကောင်း တစေကောက်ကန်
ပုဂ္ဂိုလ်တစ်ယောက်ပဲ"

'အဲဒါ ဘာကိုဆိုလိုတာလဲ' ဟု ရေဘတ်က တွေးလိုက်မိ၏။

သို့ရာတွင် သူက နှုတ်ဆိတ်နေရန် ဆုံးဖြတ်လိုက်သည်။

သွန်တန်က မော့ကြည့်လိုက်၏။

"ရေတပ်ဗိုလ်ချုပ်ကြီး ဝှစ်တီတံကာ ဒီမှာ အကြီးအကဲ ဖြစ်နေတုန်းက

ဒီရုံးကို ဘယ်လို အုပ်ချုပ်သွားသလဲဆိုတာ ကျုပ် မသိဘူး၊ ဒါပေမယ့် ခုအချိန်တ
စပြီး ကျုပ်တို့က အစစအရာရာကို စာအုပ်ကြီးအတိုင်းပဲ လုပ်ကိုင်သွားကြမယ်၊
ကျုပ်ရဲ့အမိန့်ကိုလည်း ညွှန်ကြားထားတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာလိမ့်
မယ်လို့ ကျုပ် မျှော်လင့်ထားတယ်။ ကျုပ်ပြောတာ ရှင်းရဲ့လား"

'ကယ်တော်မူပါ' ဟု ရေဘတ်က တွေးလိုက်၏။

"ကျုပ်တို့ ဒီမှာ ဘာကိစ္စ အတွက် လာပြီး လုပ်ကိုင်နေကြတာလဲ၊ ကျုပ်
ပြောတာ ရှင်းရဲ့လား ကွန်မန်ဒါ"

"ဟုတ်ကဲ့ခင်ဗျ၊ ဆရာက ဆရာ့အမိန့်ကို တစ်သဝေမတိမ်း လိုက်နာလိမ့်
မယ်လို့ မျှော်လင့်ထားပါတယ်"

'သူ့ကို အလေးပြုတာ ခံချင်လို့များလား' ဟု ရေဘတ်က တွေးလိုက်မိ
သည်။

"ဒါပါပဲ"

သို့ရာတွင် ထိုမျှနှင့် မပြီးသေးပါ။

တစ်လကြာသောအခါ အမေရိကန်သို့ လာရောက်ခိုလှုံချင်သော အရှေ့
ဂျာမနီမှ ပညာရှင် တစ်ယောက်အား သွားရောက်ခေါ်ယူရန် ရေဘတ်ကို
စေလွှတ်လိုက်သည်။

အရှေ့ဂျာမနီ၏ ဗဟိုလုံခြုံရေး လျှို့ဝှက်ရဲအဖွဲ့ စတာစီ (Stasi) က ထိုကဲ့သို့
ထွက်ပြေး ခိုလှုံခွင့်ပြုရန် တောင်းခံသည့်ကိစ္စကို သိရှိသွားပြီး အဆိုပါ သိပ္ပံ
ပညာရှင်ကို မျက်ခြည်မပြတ် စောင့်ကြပ် ကြည့်ရှုနေသောကြောင့် ထိုကိစ္စမှာ
အန္တရာယ်ရှိသော တာဝန်ပေးချက်ပင် ဖြစ်သည်။

သို့တိုင်အောင် ရေဘတ်သည် ထိုသိပ္ပံပညာရှင်အား နယ်စပ်ကို ဖြတ်ကျော်
ခေါ်ဆောင်ပြီး ဘေးကင်းသောအိမ် တစ်အိမ်သို့ အရောက် ခိုးထုတ်လာနိုင်ခဲ့
သည်။

ရေဘတ်က ထိုသိပ္ပံပညာရှင်အား ဝါရှင်တန်သို့ ဆက်လက် ခေါ်ဆောင်
လာရန် စီစဉ်နေစဉ်မှာပင် ဒပ်စတင်သွန်တန်က ရေဘတ်ထံသို့ တယ်လီဖုန်းနှင့်
ဆက်သွယ်လာခဲ့သည်။ သွန်တန်က အခြေအနေ ပြောင်းလဲသွားသောကြောင့်
ရေဘတ် အနေနှင့် ထိုတာဝန်ပေးချက်ကို ဆက်လက် ဆောင်ရွက်ဖို့ မလိုအပ်
တော့ကြောင်း ပြောဆိုတော့သည်။

ရေဘတ်က ကန့်ကွက်လိုက်၏။

"ကျွန်တော်တို့က သူ့ကို အဲဒီမှာ ထားပစ်ခဲ့လို့ မဖြစ်ဘူး၊ သူတို့က သူ့ကို
သတ်ပစ်ကြလိမ့်မယ်"

သွန်တန်က ပြန်ဖြေသည်။

"အဲဒါက သူ့ပြဿနာပဲ၊ မင်းကို ညွှန်ကြားတဲ့အမိန့်က ဒီကိုပြန်လာခဲ့ဖို့ပဲ"

'ခွီးမှပဲ' ဟု ရေဘတ်က ရေရွတ်လိုက်၏။

'ငါတော့ သူ့ကို စွန့်မပစ်ခဲ့ဘူး' ဟု တွေးလိုက်သည်။

ရေဘတ်က ဗြိတိသျှထောက်လှမ်းရေး (အမ်အိုင်ခြောက်) မှ သူ့မိတ်ဆွေ
တစ်ယောက်ထံ တယ်လီဖုန်းဆက်၍ အခြေအနေကို ရှင်းပြလိုက်သည်၊

ရေဘတ်က ပြောလိုက်၏။

"သူ အရှေ့ဂျာမနီကို ပြန်သွားမယ်ဆိုရင် သူ့ကို [illegible]





www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားက သူ့ကို ခေါ်သွားမလား"

"ကိုယ်လုပ်နိုင်တာကို လုပ်ပေးပါ့မယ် ကိုယ့်လူရာ၊ သူ့ကိုသာ ခေါ်လာခဲ့ပါ"

ဤနည်းဖြင့် ထိုသိပ္ပံပညာရှင်သည် အင်္ဂလန်၌ ခိုလှုံခွင့် ရရှိသွားသည်။

သူ၏ညွှန်ကြားချက်များကို မလိုက်နာသည့်အတွက် ဒပ်စတင်သွန်တန်က ရောဘတ်အပေါ် လုံးဝ ခွင့်မလွှတ်ခဲ့ချေ။ ထိုအချိန်မှစ၍ သူတို့နှစ်ယောက် အကြားတွင် ပွင့်ပွင့်လင်းလင်း ရန်စောင်မှုများ ဖြစ်ပေါ်လာခဲ့တော့သည်။

သွန်တန်က ထိုအဖြစ်အပျက်ကို သူ့ယောက္ခမနှင့် ဆွေးနွေးခဲ့သည်။

"ဘယ်လာမိလို ထိန်းမရတဲ့ ငတိတွေဟာ အန္တရာယ်ရှိတယ်ကွ၊ အဲဒီလို လူတွေဟာ လုံခြုံရေးအတွက် အန္တရာယ်ပဲ။ အဲဒီလို လူစားမျိုးကို အဆုံးရှုံးခံရမယ်။ အဲဒါကို သတိရစမ်းပါကွာ" ဟု ဝီးလီးယဒ်စတုန်းက သတိပေးလိုက်သည်။

ထိုကိစ္စကို သွန်တန်က မှတ်မိနေပါသည်။

ယခု ရောဘတ်သည် စကြံလမ်းအတိုင်း ဒပ်စတင်သွန်တန်၏ ရုံးခန်းဆီသို့ လမ်းလျှောက်လာနေစဉ် သွန်တန်နှင့် ဝုစ်တိတ်ကာတို့ နှစ်ဦး၏ ခြားနားချက်များကို မတွေးတောမိဘဲ မနေနိုင်တော့ပါ။ ယခုလို လုပ်ငန်းမျိုးတွင် ယုံကြည်စိတ်ချမှုသည် ပဓာန လိုအပ်ချက်ပင် ဖြစ်သည်။

ရောဘတ်က သွန်တန်ကို မယုံကြည်ပါ။

ရောဘတ်က ရုံးခန်းထဲ ဝင်လာစဉ် သွန်တန်သည် သူ့စားပွဲနောက်ဘက်၌ ထိုင်နေသည်။

"ခင်ဗျားက ကျွန်တော့်ကို တွေ့ချင်တယ်ဆိုလို့"

"ဟုတ်တယ်၊ ထိုင်ပါ ကွန်မန်ဒါ"

သူတို့ နှစ်ယောက်၏ ဆက်ဆံရေးသည် 'ရောဘတ်' ဟု ရင်းရင်းနှီးနှီး ခေါ်ဝေါ်သော အနေအထားထိ ဘယ်တုံးကမှ မရောက်ခဲ့ပါ။

"မင်းကို အမျိုးသားလုံခြုံရေး အေဂျင်စီကို ယာယီ လွှဲပြောင်းပေးလိုက်တယ်လို့ ကျုပ်ကို အသိပေးထားတယ်။ မင်း ဒီဌာနကို ပြန်လာတဲ့အခါကျရင် ကျုပ်က မင်းအတွက် . . ."

"ကျွန်တော် ပြန်မလာတော့ပါဘူး၊ ဒါ ကျွန်တော့်ရဲ့ နောက်ဆုံးတာဝန်ပဲ"

"ဘာပြောတယ်"

"ကျွန်တော် အလုပ်က ထွက်တော့မယ်"

ထိုကိစ္စကို နောက်ပိုင်းတွင် ပြန်၍ တွေးကြည့်သောအခါ မည်ကဲ့သို့သော တုံ့ပြန်မှုမျိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု သူက တိတိကျကျ မျှော်လင့်ထားခြင်း မရှိပါ။ အထိတ်အလန့် တစ်ခုခုတော့ ရှိလိမ့်မည်ဟု တွေးမိခဲ့သည်။

ဒပ်စတင်သွန်တန်က တအံ့တဩ ဖြစ်ပုံမျိုးဖြင့် ပြသနိုင်သည် သို့တည်းမဟုတ် ဒပ်စတင်က ဆင်ခြေတက်နိုင်သည် သို့တည်းမဟုတ် သူက ဒေါပွနိုင်သည် သို့တည်းမဟုတ် စိတ်သက်သာရာရမှုမျိုးကို ပြသနိုင်သည်။

ထိုကဲ့သို့ ပြုလုပ်မည့်အစား သူက ရောဘတ်အား လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"ဒါဆိုရင်လည်း အဲဒါပဲပေါ့ကွာ၊ ဟုတ်တယ် မဟုတ်လား"

ထို့နောက် ရောဘတ်သည် သူ့ရုံးခန်းသို့ ပြန်လာပြီး သူ့အတွင်းရေးမှူးကို





ပြောလိုက်သည်။

"ဘာဘရာ၊ ကျုပ် ခဏလောက် အဝေးကို သွားဖို့ရှိတယ်။ ကျုပ် တစ်နာရီအတွင်း ခရီးထွက်မယ်"

"ဆရာနဲ့ ဆက်သွယ်နိုင်မယ့်နေရာ တစ်နေရာရာ ရှိပါသလား"

ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်၏ အမိန့်ကို ရောဘတ် သတိရလာသည်။

"မရှိဘူး"

"ဆရာ တွေ့ရမယ့်လူတွေ ရှိ . . ."

"အဲဒီအချိန်းအချက်တွေ အားလုံးကို ဖျက်ပစ်လိုက်"

သူက သူ့လက်ပတ်နာရီကို ကြည့်လိုက်၏။ အက်ဒ်မိုင်ရယ်ဝုစ်တိတ်ကာနှင့် တွေ့ရမည့်အချိန်ပင်တည်း။

သူတို့သည် ပင်တဂွန်၏ အလယ်ကောင် ဝင်းအတွင်းရှိ ပထဝီသုညထပ်ကဖီး တွင် နံနက်စာ စားခဲ့ကြသည်။

ထိုနာမည်ကို မှည့်ခေါ်ထားခဲ့ခြင်းမှာလည်း အကယ်၍ အမေရိကန်ပြည်ထောင်စုအား အဏုမြူဗုံးနှင့် တိုက်ခိုက်လာခဲ့သည်ရှိသော် ပင်တဂွန်သည် ပထမဦးဆုံး အထိမှန်ခံရမည့်နေရာဟု တစ်ချိန်က ယူဆခဲ့ကြသောကြောင့်ပင် ဖြစ်သည်။

ရောဘတ်က သူတို့အတွက် အနည်းငယ် သီးသီးသန့်သန့် ရှိနိုင်မည့် ထောင့်စားပွဲတစ်လုံးကို ရွေးချယ်ထားသည်။ ရေတပ်ဗိုလ်ချုပ်ကြီး ဝုစ်တိတ်ကာသည် ထုံးစံအတိုင်း အချိန်မှန်သည်။ သူ့စားပွဲဆီသို့ ချဉ်းကပ်လာနေသည်ကို ရောဘတ်က စောင့်ကြည့်ရင်း ယခုလို အငြိမ်းစားတစ်ပိုင်း ယုပ်ကိုင်နေရမှုက ၎င်းကို အသက်အရွယ် ပိုကြီးရင့်လာစေပြီး ခန္ဓာကိုယ်ကို ကျုံ့သွားစေခဲ့သည့်အလား သူသည် ပို၍ အသက်ကြီးလာပြီး ပို၍ ပိန်သွားသလို ထင်နေရသည်။

သူသည် ယခု အချိန်အထိ ဖြူဖွေးနေသောဆံပင်များနှင့် ကြည့်ကောင်းနေသူပင် ဖြစ်နေသေးသည်။

ရောဘတ်သည် ဗီယက်နမ်တွင် အက်ဒ်မိုင်ရယ်ကြီး လက်အောက်၌ အမှုထမ်းဆောင်ခဲ့ပြီးနောက် နောက်ပိုင်းတွင် ရေတပ်မတော် ထောက်လှမ်းရေး၌လည်း ၎င်း၏လက်အောက်မှာပင် တာဝန်ထမ်းဆောင်ခဲ့ရသည်။ သူက ဝုစ်တိတ်ကာကို အထူးပင် လေးစားကြည်ညိုခဲ့သည်။ လေးစားကြည်ညိုမှုထက် သာလွန်ပါသည်။ အက်ဒ်မိုင်ရယ် ဝုစ်တိတ်ကာသည် သူ၏ မွေးစားဖခင်ပင် ဖြစ်တော့သည်။

အက်ဒ်မိုင်ရယ်ကြီး ထိုင်ချလိုက်သည်။

"မင်္ဂလာနံနက်ခင်းပါ ရောဘတ်၊ အေးလေ သူတို့က မင်းကို အင်အက်စ်အေကို ပြောင်းပေးလိုက်ပြီလား"

ရောဘတ်က ခေါင်းညိတ်လိုက်၏။

"ယာယီပါ"

စားပွဲထိုးတစ်ယောက် ရောက်ရှိလာသဖြင့် သူတို့က စားသောက်ဖွယ်ရာဇာရင်းကို လေ့လာလိုက်ကြသည်။

"ဒီနေရာမှာ အစားအသောက် သိပ်ညံ့တယ်ဆိုတာကို ငါမေ့ . . .



www.burmeseclassic.com

www.burmeseclassic.com

အက်ဒ်မိုင်ရယ်ဝှစ်တိတ်ကာက ပြုံးလိုက်၏။ သူက အခန်းပတ်ပတ်လည်ကို လျှောက်ကြည့်လိုက်သည်။ ဖွင့်မပြောသော်လည်း သူ့မျက်နှာတွင် အတိတ်ကို လွမ်းဆွေးတသမှုများ ပေါ်လွင်နေသည်။

'သူ ဒီနေရာကို ပြန်ရောက်ချင်နေပုံရတယ်' ဟု ရောဘတ်က တွေးလိုက်၏။ စားသောက်ဖွယ်ရာများကို သူတို့ မှာလိုက်ကြသည်။ စားပွဲထိုးက သူတို့ပြောသည့်စကားကို မကြားနိုင်သောနေရာသို့ ရောက်ရှိသွားချိန်တွင် ရောဘတ်က ပြောလိုက်၏။

"အက်ဒ်မိုင်ရယ်၊ ဂျင်နရယ် ဟီးလီးယဒ်က ရာသီဥတု ထောက်လှမ်းရေး ဘောလုံးတစ်လုံးပျက်ကျတာကို မြင်တွေ့လိုက်ရတဲ့ မျက်မြင်သက်သေ တချို့ကို အပူတပြင်း ရှာဖွေဖို့ မိုင်သုံးထောင်ဝေးတဲ့ခရီးကို လွှတ်နေတယ်။ အဲဒါ ထူးဆန်းတယ်လို့ ကျွန်တော် ထင်ပါတယ်။ ပြီးတော့လည်း အဲဒါထက် ပိုပြီး ထူးဆန်းတာ တစ်ခု ရှိနေပါသေးတယ်။ ဂျင်နရယ်ကြီးရဲ့ အဆိုအရ အချိန် သိပ်အရေးကြီးတယ်လို့ ဆိုတယ်။ ဒါပေမယ့် ပြည်ပမှာ ကျွန်တော့်ကို ကူညီမယ့် ထောက်လှမ်းရေး အဆက်အသွယ်တွေကို လုံးဝ မသုံးရဘူးလို့ အမိန့်ပေးထားပါတယ်"

အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာသည် ဇဝေဇဝါ ဖြစ်သွားပုံရသည်။

"ဗိုလ်ချုပ်ကြီးမှာလည်း သူ့အကြောင်းနဲ့သူ ရှိမှာပေါ့လေ"

ရောဘတ်က ပြောလိုက်၏။

"အဲဒီအကြောင်းအချက်တွေဟာ ဘာလဲလို့ ကျွန်တော်တော့ တွေးကြည့်လို့ကို မရဘူး"

အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာက ရောဘတ်ကို လှေ့လာလိုက်သည်။

ကွန်မန်ဒါ ဘယ်လာမီသည် ဗီယက်နမ်တွင် သူ့လက်အောက်၌ တာဝန်ထမ်းဆောင်ခဲ့ပြီး လေယာဉ်အုပ်၌ အတော်ဆုံး ပိုင်းလော့ ဖြစ်ခဲ့သည်။ အက်ဒ်မိုင်ရယ်ကြီးသား အက်ဒဝပ်သည် ရောဘတ်၏ ပုံကြသမားဖြစ်ပြီး သူတို့လေယာဉ် ပစ်ချခံခဲ့ရသော ကံဆိုးသည့် ထိုနေ့တွင် အက်ဒဝပ် သေဆုံးခဲ့ရသည်။ ရောဘတ်ကမူ မသေရုံတစ်မည် ကျန်ရစ်ခဲ့သည်။

အက်ဒ်မိုင်ရယ်ကြီးက ရောဘတ်ကိုတွေ့ရန် ဆေးရုံသို့ သွားရောက်ခဲ့သည်။

"သူ အသက်ရှင်မှာ မဟုတ်တော့ဘူး" ဟု ဆရာဝန်က သူ့ကို ပြောပြခဲ့သည်။

ပြင်းထန်သောဝေဒနာကို လဲလျောင်းရင်း အလူးအလိမ့် ခံစားနေရသော ရောဘတ်က -

"အက်ဒဝပ်အတွက် ကျွန်တော် ဝမ်းနည်းပါတယ်ဗျာ။ သိပ်ကို ဝမ်းနည်းပါတယ်" ဟု လေသံကလေးနှင့် ပြောခဲ့သည်။

အက်ဒ်မိုင်ရယ်ဝှစ်တိတ်ကာက ရောဘတ်၏လက်ကို ဖျစ်ညှစ်လိုက်သည်။

"မင်း လုပ်သင့်လုပ်ထိုက်တာတွေ အားလုံးကို လုပ်ခဲ့တယ်ဆိုတာ ငါသိပါတယ်။ အခု မင်းပြန်နေကောင်းလာဖို့ပဲ လိုတော့တယ်။ မင်း ပြန်နေကောင်းလာမှာပါ"

သူက ရောဘတ်ကို သွေးရူးသွေးတန်း အသက်ပြန်ရှင်လာစေချင်သည်။ အက်ဒ်မိုင်ရယ်စိတ်ထဲတွင် ရောဘတ်သည် ယခု သူ့သား ဖြစ်နေလေပြီ၊





အက်ဒဝပ်၏နေရာကို ဝင်ယူမည့်သား ဖြစ်နေလေပြီ။

ပြီးတော့လည်း ရောဘတ်သည် ပြန်၍ ကျန်းမာလာခဲ့သည်။

"ရောဘတ်"

"ဟုတ်ကဲ့ပါ အက်ဒ်မိုင်ရယ်"

"မင်းရဲ့ ဆွစ်ဇာလန်တာဝန်ဟာ အောင်မြင်လိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်"

"ကျွန်တော်လည်း အဲဒီလိုပဲ မျှော်လင့်ပါတယ်။ အဲဒါဟာ ကျွန်တော့်ရဲ့ နောက်ဆုံးတာဝန်ပါပဲ"

"မင်းက ထွက်ဖို့ စိတ်ပိုင်းဖြတ်ထားတုန်းပဲလား"

ရောဘတ်က မခြွင်းမချန် ဖွင့်ဟ၍ တိုင်ပင်ခံရသူမှာ အက်ဒ်မိုင်ရယ် တစ်ဦးသာ ရှိသည်။

"ကျွန်တော့်အဖို့ တော်လောက်ပါပြီ"

"သွန်တန်ကြောင့်လား"

"သူ့ကြောင့်သတ်သက် မဟုတ်ပါဘူး။ ကျွန်တော့်ကြောင့်ပါ။ ကျွန်တော်က တခြားပုဂ္ဂိုလ်တွေရဲ့ ဘဝခရီးမှာ ဝင်စွက်ဖက်နေတာကို ငြီးငွေ့လာပြီ"

သူ့စိတ်ထဲကမူ 'ကျွန်တော်ဟာ မုသာဝါဒတွေနဲ့ လိမ်ရညာရတာတွေကို ငြီးငွေ့လှပြီ။ ဘယ်တုံးကမှ လိုက်နာမည်ဟု ရည်ရွယ်ချက် မရှိခဲ့သော ကတိ တားများအား ချိုးဖောက်ရမှု၊ ပြီးတော့ လူတွေကို ကြိုးဆွဲရမှု၊ မိမိကိုယ်တိုင် ကြိုးဆွဲခံရမှု၊ အဲဒါတွေကို ငြီးငွေ့လှပြီ။ ပြီးတော့လည်း စုံထောက်ရတဲ့ အလုပ်တွေ၊ အန္တရာယ်တွေနဲ့ သစ္စာဖောက်ရမှုတွေကို စိတ်ပျက်လှပြီ။ ငါ့အနေနဲ့ ယုံယုံကြည်ကြည်ရှိတယ်လို့ ထင်ထားခဲ့တဲ့ အရာတွေ အားလုံးလည်း ဒီလုပ်ငန်းကြောင့် ဆုံးရှုံးခဲ့ရပြီ' ဟု တွေးနေမိသည်။

"မင်း ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ"

"ကျွန်တော့်ဘဝအတွက် အသုံးဝင်မယ့်ကိစ္စ တစ်ရပ်ရပ်၊ အပြုသဘော ဆောင်တဲ့ကိစ္စ တစ်ခုခုကို ရှာဖို့ ကြိုးစားမယ်"

"တကယ်လို့ သူတို့က မင်းကို ထွက်ခွင့်မပေးခဲ့ရင်ကော"

ရောဘတ်က -

"သူတို့အတွက် ရွေးစရာနည်းလမ်း မရှိပါဘူးလေ၊ ရှိကော ရှိလို့လား" ဟု ပြောလိုက်လေ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ခြောက်

ဗိမ်ခံမော်တော်ကားကြီးသည် မြစ်ဘက်ဝင်ပေါက်ရှိ မော်တော်ကား ရပ်နားသည့် ကွက်လပ်ထဲတွင် စောင့်ဆိုင်းနေသည်။

ဗိုလ်ကြီးဒေါက်ဂါတီက မေးလိုက်၏။

"ခင်ဗျား အဆင်သင့်ဖြစ်ပါပြီလား ကွန်မန်ဒါ"

'ကျုပ် အမြဲတမ်း အဆင်သင့်ဖြစ်ခဲ့သလို အခုလည်း ဖြစ်နေပါပြီ' ဟု စိတ်ထဲက တွေးလိုက်၏။

"ဖြစ်ပါပြီ"

ရောဘတ် အနေနှင့် အဝတ်အစားများကို ထုပ်ပိုးနိုင်အောင် ရောဘတ် အိမ်ခန်းသို့ ဗိုလ်ကြီးဒေါက်ဂါတီ လိုက်ပါလာသည်။ ရောဘတ်အနေနှင့် ရ မည်မျှကြာအောင် ခရီးသွားရမည်ကို သူ မသိပါ။ မဖြစ်နိုင်သော တာ ပေးချက်ကို ထမ်းဆောင်ရန် အချိန် မည်မျှ ကြာမည်နည်း။

သူသည် ရက်သတ္တတစ်ပတ်စာ အဝတ်အစားများကို ထည့်လိုက်ပြီးနော နောက်ဆုံး အချိန်ပိုင်းတွင် မှန်ပေါင်သွင်းထားသော ဆူဆန်၏ဓာတ်ပုံ ထပ်ထည့်လိုက်သည်။ သူက ဓာတ်ပုံကို အကြာကြီး စိုက်ကြည့်ရင်း ဆူဆ တစ်ယောက် ဘုရင့်နိုင်ငံတွင် ပျော်ရွှင်နေလေမည်လားဟု တွေးလိုက်မိသည်

'သူ မပျော်ရွှင်ပါစေနှင့်၊ သူ့အနေနှင့် တစ်ချိန်လုံး စိတ်ကသိကအော ဖြစ်နေပါစေ' ဟု တွေးလိုက်မိသည်။

ထို့နောက် သူသည် သူ့ကိုယ်သူ ရှက်သွားမိတော့သည်။

အင်ဒရူးစ် လေတပ်စခန်းသို့ မော်တော်ကားကြီး ရောက်ရှိလာချိန်တွ လေယာဉ်ပျံက အသင့် စောင့်ဆိုင်းနေသည်။ ထိုလေယာဉ်ပျံမှာ ဒီ (၂၀) အ အမျိုးအစား ဖြစ်သည်။ လေတပ်မတော်၏ ဂျက်လေယာဉ်တစ်စီးပင်တည်

ဗိုလ်ကြီး ဒေါက်ဂါတီက လက်ကမ်းပေးလိုက်သည်။

"ကံကောင်းပါစေ ကွန်မန်ဒါ"

"ကျေးဇူးတင်ပါတယ်"

'ကျုပ်အတွက် ကံကောင်းဖို့လိုတယ်' ဟု သူ တွေးမိသည်။

ရောဘတ်သည် လေယာဉ်လှေကားပေါ်သို့ တက်သွားသည်။ လေယာ မောင်း အဖွဲ့သားများက အထဲတွင် ရှိနေကြသည်။ လေယာဉ်ပျံ မထွ စစ်ဆေးရန်ရှိသည့် ကိစ္စရပ်များကို လက်စသတ်နေကြသည်။





ထိုအဖွဲ့တွင် လေယာဉ်မှူး၊ တွဲဖက်လေယာဉ်မှူး၊ လေကြောင်းပြတစ်ဦးနှင့် စားပွဲထိုးတစ်ယောက်တို့ ပါဝင်သည်။ အားလုံးပင် လေတပ်မတော်ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။

ရောဘတ်က ဤလေယာဉ်နှင့် ရင်းနှီးကျွမ်းဝင်ပါသည်။ လေယာဉ်ပေါ်တွင် အီလက်ထရွန်နစ် ပစ္စည်းများနှင့် ပြည့်နှက်နေသည်။ လေယာဉ်ပျံအပြင်ဘက် အမြီးနားတွင် အလွန် ကြီးမားသော ငါးမျှားတံကြီး တစ်ချောင်းနှင့်တူသည့် ဖရီကွင်စီ အလွန် မြင့်မားသော ကောင်းတင်ကြိုးတိုင်တစ်ခု ရှိသည်။

လေယာဉ်ပျံကေဗင်ထဲရှိ နံရံများပေါ်၌ အနီရောင် တယ်လီဖုန်း (၁၂)လုံး နှင့် လုံခြုံရေးအတွက် စိတ်မချရသော အဖြူရောင်တယ်လီဖုန်းတစ်လုံး ရှိသည်။ ရေဒီယိုနှင့် ထုတ်လွှင့်မှုများကို စကားဝှက်နှင့်သာ ပို့ပေးရလေ့ ရှိသည်။ ထိုလေ ယာဉ်ပျံ၏ရေဒါသည် စစ်ဘက်ဆိုင်ရာ ဖရီကွင်စီနှင့် ဆက်သွယ်ထားသည်။ လေယာဉ်အတွင်းဘက်၌ သုတ်ထားသောဆေးရောင်မှာ လေတပ်၏အပြာရောင် ဖြစ်ပြီး လေယာဉ်ပျံထဲတွင် သက်သောင့်သက်သာရှိသော ကုလားထိုင်များ ချထားသည်။

ရောဘတ်က ခရီးသည်မှာ သူတစ်ဦးတည်းသာ ဖြစ်ကြောင်း တွေ့လိုက်ရ သည်။ လေယာဉ်မှူးက သူ့ကို နှုတ်ဆက်လိုက်၏။

"လေယာဉ်ပျံပေါ်က ကြိုဆိုပါတယ် ကွန်မန်ဒါ၊ ခင်ဗျားက ထိုင်ခုံသိုင်းကြိုး ကို ပတ်လိုက်မယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ စတင် ပျံသန်းခွင့် ရရှိထားပါပြီ"

ရောဘတ်က ထိုင်ခုံသိုင်းကြိုးကို ကိုယ်တွင် ပတ်လိုက်ပြီး ထိုင်ခုံပေါ်သို့ နောက်မှီ၍ ထိုင်ချလိုက်ချိန်တွင် လေယာဉ်ပျံသည် ပြေးလမ်းအတိုင်း စတင်၍ ပြေးစပြုလေပြီ။

နောက်ထပ် တစ်မိနစ် ကြာသောအခါ ဂျက်လေယာဉ်ပျံက လေထဲသို့ တော်မြည်၍ ပျံတက်လိုက်ချိန်တွင် သူ ခံစားရလေ့ရှိသော ကမ္ဘာမြေကြီး၏ ဆွဲငင်အားကို သူ ခံစားလိုက်ရလေတော့သည်။

သူ လေယာဉ်ပျံ ပျက်ကျပြီး၊ နောက်ပိုင်းတွင် သူ့အနေနှင့် မည်သည့် အခါတွင်မျှ လေယာဉ်ပျံကို ပြည်လည် မောင်းနှင်နိုင်တော့မည် မဟုတ်ကြောင်း ပြောပြကြသည်။ သူကလည်း ထိုအချိန်မှစ၍ လေယာဉ်ပျံကို မမောင်းနှင်ဖြစ် တော့ပါ။

'နောက်တစ်ကြိမ် ပျံသန်းနိုင်မှာ မဟုတ်ဘူးတဲ့လား။ ခေါက်ထားလိုက်စမ်း ပါ။ သူတို့က ငါ အသက်ရှင်မှာ မဟုတ်ဘူးလို့တောင် ပြောခဲ့ကြတယ်။ တော်တော့်ကို ထူးခြားဆန်းကြယ်တဲ့ကိစ္စပဲ။ မဟုတ်သေးဘူး။ အဲဒါက ဆူဆန်ကြောင့်ပါ'ဟု သူ တွေးနေမိသည်။

ဗီယက်နမ်။

သူ့ကို လေယာဉ်တင်သင်္ဘောကြီး ရိန်ဂျာပေါ်၌ နည်းစနစ်မှူးအဖြစ် ဒုတိယအဆင့်နှင့် စေလွှတ်လိုက်ခြင်း ဖြစ်သည်။ သူ့တာဝန်မှာ တိုက်လေယာဉ် မောင်းနှင်သူများကို လေ့ကျင့်ပေးခြင်း၊ တိုက်ခိုက်ရန် အစီစဉ်များ ပြုလုပ်ခြင်းနှင့် ဟောဖျူဟာ ချမှတ်ရန်ပင် ဖြစ်သည်။

သူသည် အေခြောက်အေ အင်ထရူးဒါးစ် ဖုံးကြိုလေယာဉ်... ...



www.burmeseclassic.com

www.burmeseclassic.com

ရသူဖြစ်ပြီး တိုက်ပွဲများကို အဆက်မပြတ် ဆင်နွှဲနေရသူ ဖြစ်သည်။ သူ ခံစားခွင့်ရရှိခဲ့သော ခွင့်များအနက် တစ်ကြိမ်မှာ ဗန်ကောက်တွင် ရက်သတ္တပတ် အနားယူအပန်းဖြေခွင့် ရရှိမှုပင် ဖြစ်သည်။

သူသည် ထိုရက်သတ္တပတ်အတွင်း ဒုက္ခရှာ၍ အိပ်စက်နားနေခြင်း မပြုခဲ့ပါ။ ထိုမြို့သည် ပုရိသယောကျ်ား တိရစ္ဆာန်များအတွက် ပျော်စရာ အစုံအလင် ဖန်တီးပေးထားသော အံ့ဖွယ်ဥယျာဉ်ကြီး ဖြစ်သည်။

သူသည် မြို့ထဲသို့ ရောက်ရောက်ချင်း နာရီပိုင်း အတွင်းမှာပင် နုနယ်သိမ်မွေ့လှပသော ထိုင်းအမျိုးသမီးကလေး တစ်ယောက်နှင့် တွေ့ခဲ့ရသည်။ ထိုအမျိုးသမီးကလေးသည် သူ့အပါးမှ တစ်ဖဝါးမှ မခွာတော့သည့်အပြင် သူ့ကိုလည်း ထိုင်းဘာသာ ဝါကျအချို့ကို သင်ပေးသည်။ ထိုင်းဘာသာစကားသည် နူးညံ့ပြီး အသံချိုကြောင်း ရောဘတ် တွေ့ရှိရသည်။

| | | |
|---|---|---|
| မင်္ဂလာနံနက်ခင်းပါ | - | အရွှန်ဆာဝါဒီ |
| ရှင် ဘယ်ကပါလဲ | - | ခွန်မချတ်နိုင် |
| ရှင် အခု ဘယ်ကိုသွားနေတာလဲ | - | ခွန်ခန်ရန့်ချိန်ပိုင် |

ထိုင်းအမျိုးသမီးကလေးက ရောဘတ်အား အခြား ဝါကျများကိုလည်း သင်ပေးသည်။ သို့ရာတွင် ထိုဝါကျများ၏ အဓိပ္ပာယ်ကို ရှင်းမပြပါ။ ရောဘတ်က ထိုဝါကျများကို ပြောသောအခါတွင် သူက တခစ်ခစ် ရယ်လေတော့သည်။

ရိန်ဂျာ လေယာဉ်တင် သင်္ဘောကြီးပေါ်သို့ ရောဘတ် ပြန်ရောက်သောအခါ ဗန်ကောက်သည် ရပ်ဝေးတစ်နေရာမှ အိပ်မက်နှင့် တူနေသေးတော့သည်။

စစ်ကြီးသည် ပကတိ အရှိအရား ဖြစ်သည်။ ကြောက်မက်ဖွယ်လည်း ကောင်းသည်။ ရေတပ်မှ ကမ်းတက်တိုက်ခိုက်ရေး စစ်သည်များက ဗီယက်နမ်ပေါ်သို့ ကြဲချသော စာရွက်တစ်ရွက်ကို တစ်ယောက်ယောက်က သူ့အား ပြသခဲ့သည်။

ထိုစာတွင် -

*ချစ်ခင်ရပါသော နိုင်ငံသူ နိုင်ငံသားများ ခင်ဗျား -*

*ဗီယက်နမ် နိုင်ငံသားများ အနေဖြင့် အစားဆင်းရဲသည့် ဒုက္ခ ဝေဒနာခံစားရမှုတို့မှ ကင်းဝေးပြီး လွတ်လပ်စွာနှင့် ပျော်ရွှင်စွာ နေထိုင်နိုင်ကြစေရေးအတွက် အမေရိကန် မရင်းတပ်များသည် ဒပ်ဖို့ရှိ ဗီယက်နမ်အစိုးရတပ်မတော်သားများနှင့် လက်တွဲ၍ တိုက်ခိုက်လျက် ရှိပါသည်။*

*သို့ရာတွင် ဗီယက်နမ်နိုင်ငံသား အများအပြားသည် ဗီယက်ကောင်း သူပုန်များကို ကူညီခဲ့ကြသောကြောင့် ၎င်းတို့၏ နေအိမ်များသာမက အသက်များပါ ဆုံးရှုံးခဲ့ကြရပါသည်။*

*ထိုကဲ့သို့သော ကူညီမှုများကြောင့် ဟိုင်မွန်၊ ဟိုင်တန်၊ စာဘင်း၊ တာဘင်းနှင့် အခြား နေရာများရှိ ရွာသိမ်ရွာငယ်များသည် ဖျက်ဆီးခံခဲ့ကြရပါသည်။ ကျွန်ုပ်တို့ အနေနှင့် ဗီယက်ကောင်း သူပုန်များကို ကူညီသည့် ရွာသိမ်ရွာငယ်များကို ဖျက်ဆီးပစ်ရန် လက်တွန့်နေလိမ့်မည် မဟုတ်ပါ။ ဗီယက်ကောင်းတို့သည် ဗီယက်နမ်အစိုးရတပ်မတော်နှင့် မဟာမိတ်တို့၏ စုပေါင်းအင်အားကို တားဆီးရန် အင်အား မရှိကြပါ။ ရွေးချယ်ရန်မှာ*





*သင်တို့၏တာဝန်သာ ဖြစ်သည်။ သင်တို့၏ ကျေးရွာများနှင့် ရွာသိမ်ရွာငယ်များကို ဗီယက်ကောင်း သူပုန်တို့အား တိုက်ပွဲ ဆင်နွှဲသည့်နေရာအဖြစ် အသုံးပြုခွင့် မပေးပါက သင်တို့၏အိုးအိမ်များနှင့် အသက်စည်းစိမ်များ ချမ်းသာရာ ရရှိကြလိမ့်မည်။*

ရောဘတ်က မှတ်နှာထားတင်းတင်းနှင့် -

'ငါတို့က ဗီယက်နမ်နိုင်ငံသားတွေကို ကယ်ဆယ်နေကြသည်။ ပြီးတော့ ငါတို့က သူတို့၏ နိုင်ငံကို ဖျက်ဆီးနေကြသည်' ဟု တွေးကြည့်လိုက်သည်။

လေယာဉ်တင် သင်္ဘောကြီး ရိန်ဂျာသည် နောက်ဆုံးပေါ် နည်းပညာရပ်များကို တတ်နိုင်သလောက် အပြည့်အနှက် တင်ဆောင်လာသည်။ ထိုသင်္ဘောကြီးသည် လေယာဉ်ပျံ (၁၆) စီး၊ အရာရှိ (၄၀) နှင့် တပ်သား (၃၅၀)တို့၏ တပ်စခန်းဖြစ်သည်။ ပျံသန်းရမည့် အစီအစဉ်များကို နေ့စဉ် စတင် မတိုက်ခိုက်မီ သုံးလေးနာရီ ကြိုတင်၍ ဖြန့်ဝေပေးလေ့ ရှိသည်။

သင်္ဘောကြီး၏ ထောက်လှမ်းရေးဌာနရှိ ပျံသန်းရေးအစီအစဉ် အနုစိတ်တွင် နောက်ဆုံး ရရှိထားသောသတင်းများနှင့် ထောက်လှမ်းပျံသန်းရာမှ ရရှိလာသော ဓာတ်ပုံများကို ဗုံးကြဲမည့် ပုဂ္ဂိုလ်များအား ထုတ်ပေးလေ့ရှိသည်။ ၎င်းတွင် ထိုပုဂ္ဂိုလ်များက ၎င်းတို့ပျံသန်းရမည့် အစီအစဉ်ကို ရေးဆွဲကြတော့သည်။

"အလိုလေး၊ ဒီကနေ့မနက် သူတို့က ကျုပ်တို့ကို တကယ့်ချစ်စရာကလေးကို ပေးလိုက်ပါပကောလား"

ရောဘတ်၏ ဗုံးကြဲသမား အက်ဒဝပ်ဝှစ်တိတ်ကာက ပြောလိုက်ခြင်းဖြစ်သည်။

အက်ဒဝပ်ဝှစ်တိတ်ကာသည် ရုပ်ရည်ရူပကာတွင် သူ့ဖခင်၏ ကိုယ်ပွားငယ်စားလေး ဖြစ်သော်လည်း ဥပဓိရုပ်တွင်မူ လုံးဝ ကွဲပြားခြားနားသူ ဖြစ်၏။ အက်ဒ်မိုင်ရယ်ဝှစ်တိတ်ကာသည် ကြောက်စရာကောင်းသည့်ပုဂ္ဂိုလ်၊ သိက္ခာနှင့် အလွန် စည်းကမ်းတင်းကြပ်သူ ဖြစ်သည်။

သူ့သားဖြစ်သူကာမူ အင်မတန် လက်တွေ့ဆန်သူ၊ ရင်းရင်းနှီးနှီး ခင်ခင်မင်မင်နေတတ်သူ ဖြစ်သည်။ သူသည် ပေါင်းရသင်းရ လွယ်ကူသူအဖြစ် အများက သတ်မှတ်ခံကြသည်။ သူသည် တပ်မှူး၏သား ဖြစ်သည့်တိုင်အောင် ကျန်သောတပ်မတော်သားများက သူ့ကို ခွင့်လွှတ်ကြသည်။ သူသည် လေယာဉ်အုပ်စုတွင် အကောင်းဆုံး ဗုံးကြဲသမား ဖြစ်သည်။ သူနှင့် ရောဘတ်တို့သည် အချိန်တိုအတွင်းမှာပင် အင်မတန် ရင်းနှီးသောမိတ်ဆွေများ ဖြစ်လာကြသည်။

"ငါတို့က ဘယ်ကို သွားရမှာမို့လဲ"

ရောဘတ်က မေးလိုက်၏။

"ကျုပ်တို့ရဲ့ ဒုစရိုက်မှုတွေကြောင့် ဖလားစုံကွမ်းအစ်ဆီကို သွားကြရမှာဗျ"

ထိုခရိုင်မှာ အန္တရာယ်အများဆုံး ခရိုင် ဖြစ်သည်။ ထိုခရိုင်မှာ ဟန္နိုင်၊ ဟိုင်ဖုံးဆိပ်ကမ်း၏ မြောက်ဘက်နှင့် မြစ်နီ၏ မြစ်ဝကျွန်းပေါ် ဒေသသို့ ပျံသန်းရမည့်လမ်းကြောင်း ခုခံပစ်ခတ်မှု အများဆုံး နေရာပင် ဖြစ်သည်။

၎င်းခရိုင်တွင် ခြွင်းချက် တစ်ခုတော့ရှိသည်။ သူတို့ အနေနှင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com

အချက်အချာကျသော နေရာများသည် အရပ်သားများနေသော နေရာ
နီးကပ်နေပါက ထိုနေရာကို ဗုံးကြဲခွင့် မရှိပါ။ မြောက်ဗီယက်နမ်တို့ကလည်း
လူအလူနများ မဟုတ်ကြသည့်အတွက် ၎င်းတို့၏ စစ်စခန်းများ ပတ်ပတ်လည်
အရပ်သားများကို ချက်ချင်း နေခိုင်းထားတော့သည်။ ထိုကိစ္စနှင့် ပတ်သက်
မဟာမိတ်များဘက်တွင် မကျေမနပ် ပြောဆိုမှုများ ရှိသော်လည်း ဝါရှင်တ
အန္တရာယ်ကင်းစွာ နေထိုင်လျက်ရှိသော သမ္မတကြီး လင်ဒန်ဂျွန်ဆန်က အမိ
ပေးခဲ့ခြင်း ဖြစ်သည်။

ဗီယက်နမ်၌ အမေရိကန်တပ်များ (၁၂) နှစ်ကြာအောင် တိုက်ခိုက်ခဲ့
သည် အမေရိကန်တို့အတွက် အကြာမြင့်ဆုံး စစ်ပွဲပင် ဖြစ်သည်။

ရောဘတ်ဘယ်လာမီသည် ဗီယက်နမ်သို့ ၁၉၇၂ ခုနှစ် နှစ်ကုန်ပိုင်းတွင်
ရောက်ရှိလာသည်။ ထိုအချိန်တွင် ရေတပ်မတော်၌ ပြဿနာများနှင့် ကြုံ
နေရသည်။ ရေတပ်မတော်၏ အက်ဖ် (၄) လေယာဉ်အုပ်များသည် အဖျ
အဆီးခံနေကြရသည်။ အက်ဖ် (၄) လေယာဉ်အုပ်များသည် ရှုံးလုပ် အမ်အိုင်
တိုက်လေယာဉ်များထက် သာသော်လည်း အမေရိကန်ရေတပ်က အမ်အိုင်
နှစ်စီးကို ပစ်ချတိုင်း အက်ဖ် (၄) လေယာဉ်ပျံတစ်စီး ဆုံးရှုံးခံနေရသည်။ ထို
မှာ လက်မခံနိုင်သည့် အချိုးအစား ဖြစ်သည်။

အက်ဒ်မိုင်ရယ် ရပ်စ် ဝုစ်တိတ်ကာက သူရုံးစိုက်သည့် ရုံးချုပ်သို့ ရောဘ
ကို ခေါ်ခိုင်းလိုက်သည်။

"ဗိုလ်ချုပ်ကြီးက ကျွန်တော့်ကို ခေါ်ခိုင်းတယ်ဆိုလို့"

"မင်းဟာ အင်မတန်တော်တဲ့ လေယာဉ်မှူးလို့ ကျော်ကြားနေတယ် 
မန်ဒါ၊ မင်းအကူအညီကို ငါလိုအပ်နေတယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"ငါတို့ဟာ တစ်ဖက်ရန်သူက တိုက်ခိုက်တာကို အလူးအလိမ့် ခံနေရတာ
အဲဒါကို ငါက ပြည့်ပြည့်စုံစုံ သုံးသပ်ခိုင်းထားတယ်။ ငါတို့ရဲ့ လေယာဉ်ပျံတွေ
ချွတ်ယွင်းတာ မဟုတ်ဘူး။ လေယာဉ်မှူးတွေကို လေ့ကျင့်ခန်း ပေးတဲ့နေရာ
ချွတ်ယွင်းနေတာ၊ မင်း နားလည်ရဲ့လား"

"ဟုတ်ကဲ့ ခင်ဗျ"

"မင်းက အုပ်စုတစ်စုကိုရွေးပြီး တိုက်ခိုက်ပုံ တိုက်ခိုက်နည်းတွေနဲ့ လ
နက်တွေ ကိုင်တွယ်ပစ်ခတ်ပုံတွေကို ပြန်ပြီး လေ့ကျင့်သင်ကြားပေးစမ်းကွ

ထိုအုပ်စုကို တော့ပ်ဂန်း ဟု အမည်ပေးထားသည်။ သူတို့ကို ပြီး
အောင် သင်ကြား၍ မပြီးသေးခင်မှာပင် တိုက်ပွဲ၌ ကျဆုံးမှု အချိုးအစားသ
'နှစ်မှ တစ်' အချိုးမှ 'ဆယ့်နှစ်မှ တစ်' အချိုးသို့ ပြောင်းလဲလာသည်။ အ
(၄) လေယာဉ်ပျံနှစ်စီး ဆုံးရှုံးတိုင်း အမ်အိုင်ဂျီလေယာဉ် (၂၄) စီး အ
ပစ်ချနိုင်ခဲ့သည်။

ထိုတာဝန်ပေးချက်အရ ရက်သတ္တ ရှစ်ပတ်ကြာအောင် အပြင်းအထ
လေ့ကျင့်ပေးပြီးနောက် ကွန်မန်ဒါဘယ်လာမီသည် နောက်ဆုံးတွင် သူ့သင်္
ကို ပြန်လာခဲ့တော့သည်။

အက်ဒ်မိုင်ရယ် ဝုစ်တိတ်ကာက သူ့ကို စောင့်ကြိုနှုတ်ဆက်နေသည်။





"မင်းလုပ်တဲ့ကိစ္စက သိပ်ကို ပြောင်မြောက်တယ် ကွန်မန်ဒါ"

"ကျေးဇူးတင်ပါတယ် ဗိုလ်ချုပ်ကြီး"

"ကဲ - ငါတို့ ကိုယ့်အလုပ်ကို ကိုယ် ပြန်လုပ်ကြရအောင်"

"ကျွန်တော်ကတော့ အဆင်သင့်ပါပဲ ခင်ဗျာ"

ရောဘတ်သည် လေယာဉ်တင် သင်္ဘောကြီး ရိန်ဂျာပေါ်မှနေ၍ ဗုံးကြဲ
ထွက်ခဲ့သည့် အကြိမ်ပေါင်း (၃၄) ကြိမ်ကို အထိအခိုက် မရှိဘဲ ဆောင်ရွက်နိုင်ခဲ့
သည်။

သူ၏ (၃၅) ကြိမ်မြောက် ခရီးစဉ်မှာ ဖလားစုံကွမ်းအစ်ဆီသို့ သွားရသော
ခရီးပင် ဖြစ်တော့သည်။

သူတို့သည် ဟန္နိုင်ကို ကျော်ဖြတ်လာခဲ့ပြီးနောက် ဖူသိုနှင့် 'ယင်' ပင်လယ်
အော်ရှိရာ အနောက်မြောက်ဆီသို့ ဦးတည် ပျံသန်းလာကြသည်။ အောက်ဘက်
မှ ခုခံပစ်ခတ်မှုကလည်း ပို၍ ပို၍ များပြားလာသည်။

အက်ဒဝပ် ဝုစ်တိတ်ကာသည် ရောဘတ်၏ ညာဘက်၌ထိုင်ရင်း ရေဒါ
ဖန်သားမျက်နှာပြင်ကို စိုက်ကြည့်နေသည်။ ရန်သူ၏ ရေဒါများက ကောင်းကင်
ပြင်ဆီသို့ လျှောက်ထိုးကြည့်ပြီး ရှာဖွေနေသော အသံများကိုလည်း နားထောင်
နေသည်။

အောက်မှ ပစ်ခတ်နေသော အသေးစား အမြောက်ကလေးများမှ ထွက်
ပေါ်လာသည့် အဖြူရောင်မီးခိုးတန်းများ၊ (၅၅) မီလီမီတာ အမြောက်ကျည်ဆန်
များ ပေါက်ကွဲမှုမှ ထွက်ပေါ်လာသည့် မီးခိုးရင့်ရောင် မီးခိုးလုံးများ၊ မီလီမီတာ
(၁၀၀) အမြောက်ကျည်ဆန်များမှ ထွက်ပေါ်လာသည့် အနက်ရောင် မီးခိုးလုံး
များ၊ ပြောင်းဝကျယ်သော စက်သေနတ်များမှ ထွက်ပေါ်လာသည့် အရောင်ပါ
သော ထရေစာ ကျည်ဆန်များတို့ကြောင့် သူတို့ ရှေ့တည့်တည့်၌ ရှိနေသော
ကောင်းကင်မှာ အမေရိကန်လွတ်လပ်ရေးနေ့ဖြစ်သော ဂျူလိုင်လ ၄ ရက်နှင့်ပင်
ဆင်တူနေသည်။

"ကျုပ်တို့ ပစ်မှတ်နဲ့ နီးလာနေပြီ"

အက်ဒဝပ်က ပြောလိုက်သည်။

ခေါင်းဆောင်းစကားပြောခွက်မှ ထွက်ပေါ်လာသည့် သူ့အသံမှာ အဝေးကြီး
မှ လာသောအသံလို တစ်မျိုးကြီး ဖြစ်နေသည်။

အေခြောက်အေ အင်ထရူးဒါးစ် ဗုံးကြဲလေယာဉ်ပျံသည် တစ်နာရီလျှင်
မိုင် (၄၅၀) နှုန်းနှင့် မောင်းနှင်နေသည်။ ထိုအမြန်နှုန်းနှင့် ဆိုပါက ဗုံးများ၏
အလေးချိန်နှင့် လေ၏ဆွဲအားတို့ ရှိနေသည့်တိုင်အောင် လေယာဉ်ပျံကို နိုင်နိုင်
နင်းနင်း ထိန်းသိမ်း၍ ရသည်သာမက ရန်သူက လိုက်လံရှာဖွေ၍ မရအောင်ပင်
လျင်မြန်နေပါသေးသည်။

ရောဘတ်က လက်လှမ်းလိုက်ပြီး လက်နက်များကို ထိန်းချုပ်သည့်ခလုတ်
ကို ဖွင့်ပစ်လိုက်သည်။ ပေါင် (၅၀၀) စီ အလေးချိန်ရှိသော ဗုံး (၁၂)လုံးကို
ယခု အချိန်တွင် ကြဲချရန် အဆင်သင့် ဖြစ်နေလေပြီ။ သူက ပစ်မှတ်ဆီသို့
တန်းတန်းမတ်မတ် ပျံသန်းလိုက်သည်။

သူ့ရေဒီယိုထဲမှ အသံတစ်သံ၏ ပြောသံကို ကြားလိုက်ရသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ရှိမိယို၊ ခင်ဗျားရဲ့ လေးနာရီအမြင့်လောက်မှာ မှင်စာတစ်ကောင် ရှိနေတယ်"

ရောဘတ်က နောက်လှည့်ကြည့်လိုက်၏။ အမ်အိုင်ဂျီ လေယာဉ်ပျံတစ်စီးသည် 'နေ' ရှိရာ အရပ်ဆီမှ ပြုန်းခနဲ ထွက်ပေါ်လာပြီး သူ့ဆီသို့ ထိုးစိုက်၍ ဆင်းလာနေသည်။

ရောဘတ်က လေယာဉ်ကို စောင်းလိုက်ပြီး အောက်ဘက်သို့ ခပ်မတ်မတ် စိုက်ထိုးချလိုက်သည်။ အမ်အိုင်ဂျီ လေယာဉ်ပျံသည် သူ့နောက်ဘက်၌ ကပ်ပါလာနေဆဲပင်။ ထိုလေယာဉ်ပျံက ဒုံးပျံတစ်စီးကို ပစ်လွှတ်လိုက်သည်။ ရောဘတ်က သူ့ဒိုင်ခွက်များကို ကပျာကယာ စစ်ဆေးလိုက်၏။ ဒုံးပျံကလည်း လျင်မြန်စွာပို၍ နီးကပ်လာနေသည်။ ပေတစ်ထောင် ဝေးသေးသည်။

ပေ ခြောက်ရာ၊ ပေ လေးရာ . . .။

"ချီးမှပဲ၊ ကျုပ်တို့က ဘာကို စောင့်နေတာလဲဗျ"

အက်ဒဝပ်က အော်လိုက်ခြင်း ဖြစ်သည်။

ရောဘတ်သည် နောက်ဆုံး အချိန်အပိုင်းအထိ စောင့်နေလိုက်ပြီးနောက် သတ္တု အစအနကလေးများ ပါဝင်သော မီးတန်းကြီးကို ပစ်ထုတ်လိုက်သည်။

ထို့နောက် အပေါ်ဘက်သို့ ပြုန်းခနဲ ခပ်မတ်မတ် ပျံတက်လိုက်လေ၏။ ဤတွင် ရန်သူ့ဒုံးပျံသည် သတ္တု အစအနကလေးများပါသော မီးတန်းကြီးနောက်သို့ လိုက်ပါသွားပြီး အောက်ဘက် မြေပြင်ပေါ်၌ ပေါက်ကွဲသွားလေတော့သည်။

အက်ဒဝပ်က ပြောလိုက်၏။

"ကျေးဇူးတင်ပါတယ် ဘုရားသခင်၊ ခင်ဗျားကိုလည်း ကျေးဇူးတင်ပါတယ် သူငယ်ချင်း"

ရောဘတ်သည် အပေါ်သို့ ဆက်၍ ပျံတက်လိုက်ပြီးနောက် အမ်အိုင်ဂျီ နောက်ဘက်ဆီသို့ ရောက်အောင် ကွေ့ချလိုက်သည်။

ရန်သူ့လေယာဉ်မှူးက ရှောင်တိမ်းရန် ကြိုးစားသော်လည်း သူ့အတွက် သိပ်နောက်ကျသွားခဲ့လေပြီ။

ရောဘတ်က ဆိုက်ဒ်ဝိုင်းဒါး ဒုံးကျည်တစ်ခုကို ပစ်လွှတ်လိုက်ရာ ထိုဒုံးကျည်သည် အမ်အိုင်ဂျီ၏ နောက်မြီးဆီသို့ ချဉ်းကပ်သွားပြီးနောက် အမ်အိုင်ဂျီ ပေါက်ကွဲသွားသည်ကို စောင့်ကြည့်နေလိုက်သည်။

နောက် တစ်ခဏ အတွင်းမှာပင် ကောင်းကင်မှ သတ္တု အစအနကလေးများသည် မိုးရွာသလို ပြန့်ကျဲပြီး ကျလာလေ၏။

အင်တာကွန်းထဲမှ အသံတစ်သံ ပေါ်ထွက်လာ၏။

"သိပ်ကောင်းတယ် ရှိမိယို"

ယခု အချိန်တွင် ၎င်းတို့၏လေယာဉ်ပျံသည် ပစ်မှတ်အပေါ် တည့်တည့်သို့ ရောက်ရှိနေလေပြီ။

အက်ဒဝပ်က ပြောလိုက်၏။

"ကဲ ချပြီဟေ့"

သူက ဗုံးများကို ဖြုတ်ချသော အနီရောင်ခလုတ်ကို နှိပ်လိုက်ပြီးနောက် ဗုံးများ ပစ်မှတ်ဆီသို့ ဖရိုဖရဲ ကျဆင်းသွားနေကြသည်ကို စောင့်ကြည့်နေသည်။

သူတို့၏ လုပ်ငန်းတာဝန် ပြီးဆုံးပါပြီ။





ရောဘတ်က လေယာဉ်ပျံကို ပြန်လှည့်ပြီး လေယာဉ်ပျံတင် သင်္ဘောကြီးဆီသို့ ဦးတည် ပျံသန်းလိုက်သည်။

ထိုအခိုက်မှာပင် သူတို့လေယာဉ်ပျံသည် တုံ့ခနဲ ဖြစ်သွားသည်ကို ခံစားသိရှိလိုက်သည်။ ကျက်သရေရှိရှိနှင့် အလွန် လျင်မြန်သော ဗုံးကြဲလေယာဉ်ပျံကြီးသည် ချက်ချင်း တုံ့ဆိုင်းဆိုင်း ဖြစ်လာသည်။

အက်ဒဝပ်က လှမ်းပြောလိုက်၏။

"ကျုပ်တို့ကို ထိသွားပြီဗျို့"

မီးလောင်နေသည်ဟု အချက်ပြသော မီးလုံးများ ရဲခနဲ ရဲခနဲ လင်းလာကြသည်၊ လေယာဉ်ပျံသည် ထိန်းမနိုင် သိမ်းမရဘဲ တုန်ခါနေသည်။

ရေဒီယိုပေါ်မှ အသံတစ်သံ ပေါ်ထွက်လာ၏။

"ရှိမိယို၊ ခုပြောနေတာ တိုက်ဂါး၊ ငါတို့က မင်းကို စောင့်ခေါ် ပေးရမလား"

ရောဘတ်က ချက်ချင်းလက်ငင်း ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

"ဟင့်အင်း၊ ခင်ဗျားတို့ရဲ့ ပစ်မှတ်တွေဆီကိုသာ ရောက်အောင် ဆက်သွားကြပါ၊ ကျုပ်ကတော့ စခန်းကိုရောက်အောင် ကြိုးစားပြီး ပြန်တော့မယ်"

လေယာဉ်ပျံသည် နှေးကွေးလေးလံလာသည်။ ထိန်းရခက်လာသည်။

"မြန်မြန်မောင်းပါဗျ"

အက်ဒဝပ်က စိတ်လှုပ်ရှားစွာနှင့် ပြောလိုက်သည်။

"ဒါမှ မဟုတ်ရင် ကျုပ်တို့ နေ့လယ်စာအတွက် နောက်ကျသွားလိမ့်မယ်"

ရောဘတ်က အမြင့်ပေပြသော ဒိုင်ခွက်ကို ကြည့်လိုက်၏။ မြားတံက လျင်မြန်စွာ ကျဆင်းနေသည်။ သူက ရေဒီယိုမိုက်ခွက်ကို ခလုတ်ဖွင့်လိုက်၏။

"ရှိမိယိုက အခြေစိုက်စခန်းဆီကို ဆက်သွယ်နေပါတယ်၊ ကျုပ်တို့ ထိမှန်လိုက်ရပြီ"

"အခြေစိုက်စခန်းက ရှိမိယိုထံ၊ ဘယ်လောက်လောက် ဆိုးရွားသလဲ"

"သိပ်မသေချာဘူး၊ ကျုပ်ကတော့ စခန်းရောက်အောင် ပြန်လာနိုင်မယ်လို့ ထင်တယ်"

"ခဏစောင့်ဦး"

ခေတ္တမျှ ကြာသောအခါ ထိုအသံ ပြန်ပေါ်လာသည်။

"မင်း ဆက်သွယ်ရမယ့်စကားက 'ချာလီ ရောက်လာပြီ' ဒါပဲ"

ထိုစကား၏ အဓိပ္ပာယ်မှာ သူ ချက်ချင်း ဆင်းနိုင်အောင် လေယာဉ်တင် သင်္ဘောပေါ်၌ ရှင်းလင်းထားပြီဟု ဆိုလိုခြင်း ဖြစ်သည်။

"ကောင်းပါပြီ"

"ကံကောင်းပါစေ"

လေယာဉ်ပျံသည် လူးလွန့်စ ပြုလာသည်။ ရောဘတ်က လေယာဉ်ပျံကို ထိန်းရန် ကြိုးစားသည်။ အမြင့်သို့ တက်နိုင်အောင် ကြိုးစားသည်။

'လာပါ ကလေးရယ်၊ မင်း အဲ့ဒီလောက်တော့ တက်နိုင်ပါတယ်'

ရောဘတ်၏မျက်နှာထား တင်းနေသည်။ သူတို့သည် အောက်ဘက်သို့ သိပ်ပြီး ကျဆင်းနေသည်။

"ကျုပ်တို့ ပြန်ရောက်ရမယ့် ခန့်မှန်းအချိန်က ဘယ်လောက်လဲ"

အက်ဒဝပ်က သူ့ဇယားကို ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုနစ်မိနစ်"

"မင်းစားချင်တဲ့ နေ့လယ်စာ ပူပူနွေးနွေးကို ငါကိုယ်တိုင် ယူကျွေးပါ့မယ်"

ရောဘတ်သည် သူ့ရှိသမျှ ကျွမ်းကျင်မှု အားလုံးကို အသုံးချ၍ လေယာဉ်ပျံကို တယုတယ မောင်းနှင်နေသည်။ စက်ရှိန်မြှင့်ကိရိယာနှင့် ပဲ့ထိန်းကိရိယာတို့ကို သုံးစွဲ၍ လေယာဉ်ပျံကို ဖြောင့်ဖြောင့်တန်းတန်း ပျံနိုင်အောင် ကြိုးစားနေသည်၊ လေယာဉ်ပျံသည် ထိတ်စရာ လန့်စရာ ကောင်းအောင် အမြင့်ပေ ကျဆင်းနေသည်၊ နောက်ဆုံးတွင် ရောဘတ်သည် သူ့ရှေ့တည့်တည့်၌ တုန်ကင်ပင်လယ်အော်မှ တောက်ပသော အပြာရောင် ပင်လယ်ရေတို့ကို မြင်ရတော့သည်၊

"ငါတို့ အိမ်ကို ချောချောမောမော ပြန်ရောက်ပြီ ကိုယ့်လူ၊ မိုင် နည်းနည်းလောက်ပဲ လိုတော့တယ်" ရောဘတ်က ပြောလိုက်ခြင်း ဖြစ်သည်။

"သိပ်ကောင်းတယ်၊ ကျုပ် ဘယ်တုံးကမှ မယုံမကြည် မဖြစ်ခဲ့ပါဘူး"

ဤတွင် အမ်အိုင်ဂျီ လေယာဉ်ပျံနှစ်စီးသည် မည်သည့်နေရာက ရောက်လာမှန်း မသိဘဲ ဖြုန်းခနဲ ပေါ်လာပြီးနောက် တဝေါဝေါ အော်မြည်သံနှင့်အတူ စိုက်ထိုးပြီး ဆင်းလာကြလေသည်၊ ကျည်ဆန်များက လေယာဉ်ပျံကိုယ်ထည်ကို စတင် ထိမှန်စ ပြုကြသည်၊

"အက်ဒီ၊ အပြင်ဘက်ကို ခုန်ထွက်တော့"

ရောဘတ်က နောက်ဘက်ကို ပြန်ကြည့်သည်၊ အက်ဒီသည် သူ၏ ထိုင်ခုံခါးပတ်ကြိုးထဲတွင် ပျော့ခွေပြီး ဖိကျနေသည်။ သူ့ခန္ဓာကိုယ် ညာဘက်ခြမ်းမှာ ဟင်းလင်းပွင့်နေပြီး လေယာဉ်ပျံမောင်းခန်းထဲ၌ သွေးစက်များ ပေကျံနေသည်။

"ဟင့်အင်း . . . "

အထိတ်တလန့် အော်သံ ဖြစ်သည်။

နောက် တစ်စက္ကန့်ကြာသောအခါ ရောဘတ်သည် ဖြုန်းခနဲ နာကျင်သွားသည်။ သူ့ရင်ဘတ်တွင် စူးရှစွာ နာကျင်သွားခြင်း ဖြစ်သည်။ သူ၏ပျံသန်းရေးဝတ်စုံမှာ ရုတ်တရက် ချက်ချင်း သွေးများနှင့် စိုရွှဲသွားသည်။ လေယာဉ်သည်လည်း ပတ်ချာလည်ရင်း အောက်ဘက်သို့ စိုက်ပြီး ထိုးဆင်းစပြုသည်။ သူကိုယ်တိုင် သတိလွတ်တော့မလိုလို ခံစားနေရသည်။ သူသည် ကျန်ရှိနေသေးသော ရှိရှိသမျှ အင်အားများနှင့် ထိုင်ခုံခါးပတ်ကို ဖြုတ်စ ပြုသည်။

သူက အက်ဒဝပ်ဘက်သို့ နောက်ဆုံးအကြိမ် လှမ်းကြည့်လိုက်၏။

"ငါ ဝမ်းနည်းပါတယ်ကွာ"

သူက တိုးတိုးကလေးပြောလိုက်သည်။

သူသည် သတိလစ်သွားပြီး နောက်ပိုင်းတွင် သူ့အနေနှင့် မည်ကဲ့သို့ လေယာဉ်ထဲမှ ကန်ထွက်လာအောင် လုပ်နိုင်ခဲ့ပြီး လေထဲနှင့် ရေထဲသို့ ခုန်ချနိုင်ခဲ့သည်ကို သူ မမှတ်မိတော့ပါ။

'ကယ်တော်မူပါ' ဆိုသည့် အသံလွှင့်ချက်ကိုမူ ထုတ်လွှင့်ခဲ့ပြီး ဖြစ်သဖြင့် ယူအက်စ်အက်စ်ယော့ခ်တောင်း လေယာဉ်တင် သင်္ဘောကြီးမှ ဆီးကောစကီး အက်စ်အိုပ်၍ သစီး အေ ဆီးကင်း ရဟတ်ယာဉ်တစ်စီးက သူ့ကို ဆယ်ယူရန် စောင့်ဆိုင်းရင်း ပျံဝဲနေသည်။

ခပ်လှမ်းလှမ်းတွင် ရှိနေသော တရုတ်နိုင်ငံလုပ် ရေယာဉ်များက အပြတ်





န် လျှင်မြန်စွာ ချဉ်းကပ်လာနေကြသည်ကို ရဟတ်ယာဉ်အဖွဲ့သားများက နေရသည်။

သို့ရာတွင် သူတို့ သိပ်နောက်ကျသွားပါပြီ။

သူတို့က ရောဘတ်အား ရဟတ်ယာဉ်ပေါ်သို့ တင်ပြီးချိန်တွင် ဆေးတပ် တစ်ယောက်က ဒဏ်ရာရနေသော ရောဘတ်၏ခန္ဓာကိုယ်ကို ကြည့်ရင်း-

"ဘုရား ဘုရား၊ သူ ဆေးရုံရောက်တဲ့ အထိတောင် အသက်ရှင်မှာ တ်ဘူး" ဟု ပြောလိုက်သည်။

သူတို့က ရောဘတ်အား မော်ဖိန်းတစ်လုံး ထိုးပေးလိုက်ပြီးနောက် သူ့ရင် ပတ်ပတ်လည်တွင် ပတ်တီးများကို ကျပ်ကျပ်တည်းတည်း စည်းပေးလိုက် သည်။

ထို့နောက် ချူးချိအခြေစိုက်စခန်း၌ရှိသော (၁၂)ခုမြောက် ဆုတ်ခွာရေး ရုံဆီသို့ ပျံသန်းသွားကြတော့သည်။

ကူချီ၊ တေနင်းနှင့် ဒေါ်တိန် အခြေစိုက်စခန်းများအတွက် တာဝန်ခံ ပေးနေသော (၁၂) ခုမြောက် ဆုတ်ခွာရေးဆေးရုံတွင် အဆောင်ပေါင်း ဒါလင်ခန့်ရှိပြီး လူနာပေါင်းလေးရာကို လက်ခံကုသပေးနိုင်သည်။ ဆေးရုံတဲ ကို အင်္ဂလိပ်အက္ခရာ 'ယူ' ပုံသဏ္ဌာန်ရှိသော ခြံဝင်းပတ်ပတ်လည်တွင် ာက်လုပ်ထားပြီး ဆေးရုံတဲများကို အမိုးမိုးထားသော စင်္ကြံလမ်းများနှင့် ယ်သွယ်ထားသည်။ထိုဆေးရုံတွင် ခွဲစိတ်ကုလူနာများအတွက် အထူးကုသရေး ဆောင်တစ်ဆောင်နှင့် မီးလောင်သည့် လူနာများအတွက် အထူးကုသရေး ဆောင်တစ်ဆောင် ပေါင်း နှစ်ဆောင် ရှိနေသည်။ ထိုအဆောင် နှစ်ခုစလုံး၌ ိုးရွားရွား လူနာများ ပြည့်လျှံနေကြသည်။

ရောဘတ်ကို သယ်ဆောင်လာသောအခါ ဆေးရုံကြမ်းပြင် တစ်လျှောက် ၌ အနီရောင် သွေးစီးကြောင်းကြီး ကျကျန်ရစ်ခဲ့သည်။

ခွဲစိတ်ကု ဆရာဝန်တစ်ယောက်က ရောဘတ်၏ရင်ဘတ်မှ ပတ်တီးများ တမန်းကတန်း ဖြုတ်တောက်လိုက်ပြီးနောက် စိတ်ပျက်လက်ပျက်နှင့် ပြော တ်သည်။

"သူ အသက်ရှင်မှာ မဟုတ်တော့ဘူး၊ သူ့ကို အအေးခန်းထဲ ပြန်ယူသွား ာ"

ထို့နောက် ဆရာဝန်က ဆက်လျှောက်သွားသည်။

သတိရတစ်ချက်၊ မရတစ်ချက် ဖြစ်နေသော ရောဘတ်သည် ဆရာဝန် ာသည့် စကားကို အလွန်လေးလံသော အရပ်ဆီမှ ကြားလိုက်ရသည်။

'ဩ - ဒီလိုကိုး၊ တော်တော်ရှက်ဖို့ကောင်းတဲ့ သေရပုံ သေရနည်းပဲ'

သူ့စိတ်ထဲက တွေးလိုက်မိသည်။

"ရှင် မသေချင်သေးပါဘူး ရေတပ်မတော်သားကြီးရယ်၊ ရှင်က သေချင် လား၊ ရှင့်မျက်လုံးတွေကို ဖွင့်လိုက်စမ်းပါ၊ လုပ်စမ်းပါ ရှင်ရယ်"

သူက မျက်စိကိုဖွင့်လိုက်ရာ အဖြူရောင် သူနာပြုဝတ်စုံကို ဝတ်ဆင်ထား သော အမျိုးသမီးတစ်ဦး၏ မျက်နှာကို ခပ်ဝါးဝါးမြင်လိုက်ရသည်။

ထိုအမျိုးသမီးက နောက်ထပ် စကားတွေ ပြောနေသည်။ သို့သော် စကားလုံးများကို ရောဘတ် သဲသဲကွဲကွဲ မကြားရပါ။



www.burmeseclassic.com

www.burmeseclassic.com

လူနာများ၏ အသံကို ခြစ်၍ အော်ဟစ်သံများ၊ ညည်းညူသံများ၊
ဝေါက်၍ ညွန်ကြားနေသော ဆရာဝန်များ၏ အသံများ၊ အဆောင်ထဲ
တုံးလုံးပက်လက် ဖြစ်နေသူများကို ကယ်ဆယ်ရန် အပြေးအလွှား ပြေးလွှား
ပြုစုပေးနေကြသော သူနာပြုဆရာမတို့၏ အသံမျိုးစုံတို့သည် အဆောင်
ပြည့်နှက်ပြီး အလွန် ဆူညံနေသည်။

နာကျင်သောဝေဒနာကို ခံစားရမှု တစ်လှည့်၊ ကယောင်ချောက်ချား
နေမှုတို့က တစ်လှည့်နှင့် နောက်ထပ် (၄၈) နာရီကို ရောဘတ်က ဝိုးတိုးဝါး
သာ မှတ်မိသည်။

သူနာပြုဆရာမ ဆူဆန်ဝါ့ဒ်က ရောဘတ်အား ခွဲစိတ် ကုသပေ
ဆရာဝန်တစ်ဦးကို စည်းရုံးသိမ်းသွင်းခဲ့ကြောင်းနှင့် သွေးသွင်းရန် ဆူဆ
သူ့သွေးကို ပေးလှူခဲ့ကြောင်း နောက်ပိုင်းတွင်မှ ရောဘတ်က သိလာရသ

သူတို့က အလွန်အမင်း ပျက်စီးချွတ်ယွင်းနေသော ရောဘတ်၏ခန္ဓာကို
ထဲသို့ အကြောဆေး သုံးပုလင်းနှင့် သွေးများကို တစ်လှည့်စီ သွင်းပေးကြ
ရောဘတ် အသက်ရှင်အောင် ဆောင်ရွက်ပေးခဲ့ကြသည်။

ခွဲစိတ်ကုသမှုများ ပြီးစီးသွားသောအခါတွင် ကြီးကြပ်ကွပ်ကဲခဲ့သော ခွဲစိတ်
ဆရာဝန်ကြီးက သက်ပြင်းချလိုက်၏။

"ငါတို့ သက်သက်မဲ့ အချိန်ဖြုန်းခဲ့ကြတာပဲ။ သူ အသက် ပြန်ရှင်လ
အတွက် ဆယ်ရာခိုင်နှုန်းထက် ပိုပြီး အခွင့်အလမ်း မရှိဘူး" ဟု ပြောခဲ့သ

သို့ရာတွင် ထိုဆရာဝန်သည် ရောဘတ်ဘယ်လာမီ အကြောင်း မသိ
ပြီးတော့ သူသည် ဆူဆန်ဝါ့ဒ်အကြောင်းကိုလည်း မသိပါ။

ရောဘတ်အဖို့ သူမျက်စိ ဖွင့်လိုက်သည့်အခါတိုင်း သူ့လက်ကို ကိုင်ထ
သော၊ သူ့နဖူးကို တယုတယ ပွတ်သပ်ပေးနေသော၊ သူ့ကို ဆေးတိုက်နေသေ
သူ့ကို အသက်ရှင်လိုစိတ်ဖြစ်အောင် အားပေးနေသော ဆူဆန်သည် သူ့
မျောက်၌ အမြဲတမ်း ရှိနေသည်။

သူသည် အချိန်အများစုတွင် ကယောင်ကတမ်း ဖြစ်နေသည်။

ဆူဆန်သည် မည်းမှောင်နေသော အဆောင်ထဲတွင် မည်သူမျှ မရှိသေ
ညအချိန်၌ ရောဘတ် နံဘေး၌ ငြိမ်ငြိမ်ကလေး ထိုင်ရင်း ရောဘတ်၏ ကယေ
ကတမ်း ပြောဆိုနေမှုများကို နားထောင်နေခဲ့သည်။

"ပစ်မှတ်ရှိရာကို ဦးတည်ပြီး ဒိုင်ဗင်ထိုးချတဲ့နေရာမှာ ဒီဂရီ နည်းနည်
လောက် စွေစောင်းပေးဖို့ သူတို့ကို ပြောလိုက်စမ်း"

ရောဘတ်က ကယောင်ကတမ်း ရေရွတ်နေသည်။

ဆူဆန်က နှစ်သိမ့်သောလေသံနှင့် ပြောလိုက်၏။

"ကျွန်မ ပြောလိုက်ပါ့မယ်"

ရောဘတ်တစ်ကိုယ်လုံး ချွေးများနှင့် စိုရွှဲနေသည်။ ဆူဆန်က ရေဇ
တိုက်ပေးလိုက်၏။

"မင်းတို့က လုံခြုံရေးပင်ချောင်း ငါးချောင်းစလုံးကို ဖြုတ်ပစ်ရမယ်၊ အဲဒီ
မဖြုတ်ရင် ထိုင်ခုံက ကန်ထွက်လာမှာ မဟုတ်ဘူး၊ အဲဒါတွေကို စစ်ဆေးစ

"ကောင်းပါပြီရှင်၊ အခု ပြန်အိပ်တော့နော်"

ဆူဆန် အနေနှင့် သူ၏လူနာက ဘာတွေ ပြောဆိုနေသည်ကို ငါးဆ





ရာခိုင်နှုန်း နားလည်ခြင်း မရှိခဲ့ပါ။

ဆူဆန်ဝါ့ဒ်သည် အရေးပေါ် ခွဲစိတ်ခန်း၏ သူနာပြုခေါင်းဆောင်ဖြစ်သလို အတော်ဆုံးလည်း ဖြစ်သည်။

သူသည် အိုင်ဒါဟိုပြည်နယ်ရှိ မြို့ကလေးတစ်မြို့တွင် မွေးဖွားသူဖြစ်သည်။ သူသည် အိမ်နီးနားချင်းဖြစ်သူ ဖရင့်ပရက်စကော့နှင့် အတူတူ ကြီးပြင်းလာသူ ဖြစ်သည်။ ဖရင့်သည် မြို့တော်ဝန်၏သား ဖြစ်သည်။ သူတို့ နှစ်ဦးသည် တစ်နေ့နေ့တွင် လက်ထပ်ကြလိမ့်မည်ဟု ထိုမြို့ရှိ မြို့သူမြို့သား အားလုံးက ယူဆခဲ့ကြသည်။

ဆူဆန့်တွင် သူ အလွန်ချစ်သော မိုက်ကယ် ဆိုသည့် မောင်ငယ်တစ်ယောက် ရှိသည်။ မိုက်ကယ် (၁၈) နှစ်ပြည့်သောနေ့တွင် ဗီယက်နမ်သို့ စေလွှတ်ခံရသည်။ ဆူဆန်က မိုက်ကယ်ထံ နေ့တိုင်း စာရေးသည်။ မိုက်ကယ် စစ်ထဲသို့ ဝင်ပြီး သုံးလ ကြာသောအခါ ဆူဆန်၏မိသားစုထံ သံကြိုးစာတစ်စောင် ရောက်ရှိလာသည်။ သံကြိုးထဲ၌ ဘာပါသည်ကို မဖောက်ခင်ကပင် ဆူဆန် သိနှင့်နေသည်။

ထိုသတင်းကို ဖရင့်ပရက်စကော့ ကြားသိရသောအခါ သူသည် အပြေးအလွှား ပေါက်ချလာသည်။

"ငါ သိပ်ကို ဝမ်းနည်းပါတယ် ဆူဆန်၊ ငါ မိုက်ကယ်ကို သိပ်ချစ်ပါတယ်"

ထို့နောက် ပရက်စကော့က -

"ကဲ - ငါတို့ ခုချက်ချင်း လက်ထပ်ကြရအောင်"

ဆိုသောစကားကို ပြောလိုက်ခြင်းဖြင့် အလွန်ကြီးမားသော အမှားကြီး တစ်ခု ကျူးလွန်လိုက်လေသည်။

ဤတွင် ဆူဆန်သည် ပရက်စကော့ကို ကြည့်လိုက်ပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်လေ၏။

"ဟင့်အင်း၊ ကျွန်မဘဝမှာ အရေးကြီးတဲ့ကိစ္စ တစ်ခုကို လုပ်ဖို့ရှိသေးတယ်"

"ဘယ်လိုလဲကွ၊ ငါနဲ့လက်ထပ်ဖို့ထက် ပိုပြီးအရေးကြီးတဲ့ကိစ္စ ရှိနေလို့လား"

အဖြေကတော့ ဗီယက်နမ်ပင် ဖြစ်သည်။

ဆူဆန်ဝါ့ဒ်သည် သူနာပြုသင်တန်းကျောင်းသို့ သွားတက်ခဲ့သည်။

ဒုဗိုလ်မှူးကြီး ရောဘတ်ဘယ်လာမီအား ဘီးတပ်တွန်းလှည်းဖြင့် တွန်းယူလာပြီးနောက် သေမိန့်ချမှတ်လိုက်ချိန်တွင် ဆူဆန်သည် ဗီယက်နမ်သို့ ရောက်ရှိနေသည်မှာ ဆယ့်တစ်လပင် ရှိနေပြီး မမောမပန်း လုပ်ကိုင်နေခဲ့သူ ဖြစ်သည်။

လူနာသုံးဦးကို တစ်ကြိမ်တည်းတွင် စစ်ဆေးသောနည်းမှာ အရေးပေါ် ဆုတ်ခွာရေးဆေးရုံများ၌ အများသုံး စနစ်ပင် ဖြစ်သည်။ ဆရာဝန်များသည် လူနာ နှစ်ယောက်၊ သုံးယောက်ကို စစ်ဆေးကြည့်ရှုပြီးနောက် မည်သည့်လူနာအား ကြိုးစား၍ ကုသပေးမည်ဟု ဆုံးဖြတ်တတ်ကြသည်။

ဆူဆန်သည် ရောဘတ်ဘယ်လာမီ၏ ဒဏ်ရာဗရပွရနေသော ခန္ဓာကိုယ်ကို တစ်ချက် ကြည့်လိုက်ပြီးနောက် သူ့ကို အသေခံခွင့် မပေးနိုင်တော့ပါ။

အဘယ်ကြောင့် ထိုကဲ့သို့ ဆုံးဖြတ်ခဲ့သည်ကိုလည်း သူ့စိတ်ထဲက [illegible] ပြား မပြောနိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

သူက သူမောင်ငယ်ကို ကယ်ဆယ်ဖို့ ကြိုးစားနေတာများလား၊ ဒါမှမဟုတ် အခြား ကိစ္စများလား။

ဆူဆန်သည် အလုပ်ကို မတန်တဆ လုပ်ကိုင်ထားပြီး ပင်ပန်းနွမ်းနယ်နေသည်။ သို့ရာတွင် ဆူဆန်သည် နားချိန်ယူမည့်အစား သူ အနားရမည့် အချိန်တိုင်း ရောဘတ်ကိုသာ ပြုစုနေခဲ့သည်။

ဆူဆန်သည် သူ့လူနာ၏မှတ်တမ်းကို ကြည့်ရှုလိုက်၏။

သူသည် ရေတပ်မှ အလွန် ထူးချွန်ပြောင်မြောက်သည့် လေယာဉ်မှူးနှင့် နည်းပြဆရာတစ်ဦးဖြစ်ပြီး ရေတပ်မတော် ကြက်ခြေတံဆိပ်ကိုပါ ရရှိထားသူ ဖြစ်သည်။

ရောဘတ်၏ မွေးဇာတိမှာ အီလီနွိုင်ပြည်နယ် ချီကာဂိုမြို့ တောင်ဘက်ရှိ စက်မှုလက်မှု မြို့ငယ်ကလေး တစ်ခုဖြစ်သော ဟာဗီမြို့ ဖြစ်သည်။ သူသည် ကောလိပ်၌ ကျောင်းတက်နေစဉ် စစ်တပ်ထဲသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်ပြီး ပင်ဆာကိုလာတွင် သင်တန်းတက်ခဲ့သည်။ သူ့တွင် အိမ်ထောင် မရှိပါ။

ရောဘတ် တစ်ယောက် နာလန်ထစပြုလာစဉ် သေရေးနှင့် ရှင်ရေး နှစ်ခု အကြား၌ ကြိုးတန်းလျှောက်နေခဲ့ရသည်။ နေ့စဉ် နေ့တိုင်း ဆူဆန်က ရောဘတ်ကို တိုးတိုးကလေး ပြောခဲ့သည်။

"ကြိုးစားစမ်းပါ ရေတပ်သားကြီးရယ်၊ ရှင့်ကို ကျွန်မ စောင့်ကြိုနေပါတယ်"

ရောဘတ်ကို ဆေးရုံသို့ ခေါ်လာပြီးနောက် ခြောက်ရက်မြောက်သောနေ့၊

ထိုညတွင် ရောဘတ်သည် ကယောင်ကတမ်း လျှောက်ပြောနေသည်။ ထို့နောက် သူသည် အိပ်ရာပေါ်တွင် ဖြုန်းခနဲ ထထိုင်လိုက်ပြီးနောက် ဆူဆန်ကိုကြည့်ရင်း ပီပီသသကြီး ပြောချလိုက်လေ၏။

"ဒါက အိပ်မက် မက်နေတာ မဟုတ်ဘူး။ မင်းက တကယ်တစစ်ပဲ"

ဆူဆန် ကိုယ်တိုင်လည်း ထိတ်ခနဲ ရင်ခုန်သွားသည်။

"ဟုတ်ပါတယ်၊ ကျွန်မက တကယ်အစစ်ပါ" ဟု ဆူဆန်က တိုးတိုးကလေး ပြောလိုက်သည်။

"ကိုယ်က အိပ်မက် မက်နေတယ်လို့ ထင်ခဲ့မိတာ။ ကိုယ်က ကောင်းကင်ဘုံ ရောက်သွားပြီး ဘုရားသခင်က ကိုယ့်အတွက် မင်းကို တာဝန်ပေးထားတယ်လို့ ထင်နေမိတယ်"

ဆူဆန်က ရောဘတ်ကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီးနောက် လေးလေးနက်နက် ပြောလိုက်သည်။

"ရှင်သာ သေသွားခဲ့ရင်၊ ကျွန်မကိုယ် ကျွန်မ သတ်သေမိလိမ့်မယ်"

ရောဘတ်က လူနာများ တင်းကျမ်းပြည့်နေသော ဆေးရုံအဆောင်ကို မျက်စိကစားလိုက်သည်။

"ကိုယ် . . . ကိုယ် . . . ဘယ်မှာ ရောက်နေတာလဲ"

"ချူရှီမှာရှိတဲ့ ဆယ့်နှစ်ခုမြောက် ဆုတ်ခွာရေးဆေးရုံ"

"ကိုယ် ဒီရောက်နေတာ ဘယ်လောက် ကြာပြီလဲ"

"ခြောက်ရက်"

"အက်ဒီ . . . သူ . . . သူ ဘာဖြစ် . . ."

"ကျွန်မ ဝမ်းနည်းပါတယ်"





"ကိုယ် ရေတပ်ဗိုလ်ချုပ်ကြီးကို ပြောပြမှ ဖြစ်မယ်"

ဆူဆန်က ရောဘတ်၏လက်ကို ဆုပ်ကိုင်လိုက်ပြီးနောက် ညင်သာစွာ ပြောလိုက်သည်။

"သူ သိပါတယ်၊ သူက ရှင့်ဆီကို လာလာပြီး ကြည့်ခဲ့တယ်"

ရောဘတ်၏ မျက်လုံးအိမ်ထဲ၌ မျက်ရည်များ ပြည့်လျှံလာသည်။

"ကိုယ် ဒီ သောက်စစ်ပွဲကြီးကို မုန်းတယ်၊ ကိုယ် ဘယ်လောက် မုန်းတီးတယ်ဆိုတာ မင်းကို မပြောပြတတ်ဘူး"

ထို့နောက်ပိုင်းတွင် ရောဘတ်၏တိုးတက်မှုကို ဆရာဝန်များ အံ့ဩကုန်ကြရသည်။ သူ၏ ကျန်းမာခြင်းနှင့် သက်ဆိုင်သော အရေးကြီးအစိတ်အပိုင်းများ တည်ငြိမ်စ ပြုလာကြသည်။

"ငါတို့က သူ့ကို မကြာခင် ဒီက ဆင်းခွင့်ပြုတော့မယ်"

ဆရာဝန်များက ဆူဆန်ကို ပြောပြကြသည်။

ဆူဆန့်ရင်ထဲ၌ စစ်ခနဲ နာကျင်သွားလေ၏။

ရောဘတ်သည် ဆူဆန်အား မည်သည့်အချိန်က ချစ်စိတ်ဝင်ခဲ့မိကြောင်း သူ မပြောတတ်ပါ။ ဆူဆန်ဝါ့ဒ်က သူ့အနာများကို ဆေးထည့်ပေးနေစဉ်က ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

ထိုစဉ်တွင် အနီးအနား၌ ဖုံးကြချနေသံများကို ကြားရပြီး ဆူဆန်က -

"သူတို့ကလည်း ကျွန်မတို့ ဆိုတဲ့သီချင်းကို ဆိုနေကြတယ်" ဟု တိုးတိုးကလေး ပြောလိုက်သည်။

သို့တည်းမဟုတ် ရောဘတ်အား သူသည် ဝါရှင်တန်ရှိ ဝေါလ်တာရိဒ် ဆေးရုံသို့ သွားရောက်ပြီး နာလန်ထူမှုကို အဆုံးသတ်ရန် နေကောင်းလာပြီဖြစ်ကြောင်း၊ ဆရာဝန်များက ပြောပြသည့်အချိန်တွင် ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

ထိုစဉ်က -

"ရှင့်ရဲ့ခန္ဓာကိုယ်ကို တခြားသူနာပြုဆရာမတွေက အပိုင်ယူသွားနိုင်ခွင့်ရအောင် ကျွန်မက ဒီမှာ ဆက်ပြီး နေရစ်ခဲ့လိမ့်မယ်လို့ ရှင် ထင်သလား။

ဟင့်အင်း - မရပါဘူး၊ ကျွန်မ ရှင်နဲ့အတူတူ လိုက်လာလို့ရအောင် အစွမ်းကုန် ကြိုးစားမယ်" ဟု ဆူဆန်က ပြောခဲ့သည်။

နောက်ထပ် ရက်သတ္တနှစ်ပတ်ကြာသောအခါ သူတို့လက်ထပ်ခဲ့ကြသည်။

ရောဘတ် အနေနှင့် ကောင်းကောင်း ကျန်းမာလာသည်အထိ နာလန်ထူလာအောင် တစ်နှစ်တိတိ အချိန်ယူခဲ့ရသည်။ ထိုကာလအတွင်း ဆူဆန်သည် ရောဘတ်ကို နေ့ရောညပါ ပြုစုခဲ့သည်။ ရောဘတ်သည် ဆူဆန်နှင့်တူသော အမျိုးသမီးကို ဘယ်တုံးကမှ မတွေ့ဖူးဘူးခဲ့ပါ။ ထိုနည်းတူစွာပင် သူ နှစ်နှစ်ကာကာ ချစ်နိုင်မည့် အမျိုးသမီးကို ရှာတွေ့လိမ့်မည်ဟု အိပ်မက်ပင် မမက်ခဲ့ဘူးပါ။ ရောဘတ်သည် ဆူဆန်၏ကြင်နာတတ်မှုနှင့် အာရုံထက်မြက်မှု၊ ပြင်းထန်သောဆန္ဒနှင့် ကျန်းမာမှုတို့ကို ချစ်မိသည်။ ရောဘတ်သည် ဆူဆန်၏ဟာလနှင့် ဟာသဉာဏ်တို့ကိုလည်း ချစ်မိသည်။

သူတို့ နှစ်ယောက် ပထမဦးဆုံး မင်္ဂလာနှစ်ပတ်လည် အခါသမယတွင် ရောဘတ်က -


www.burmeseclassic.com

www.burmeseclassic.com

“မင်းကလေးဟာ အချောဆုံး၊ အံ့ဩစရာ အတောင်းဆုံး၊ ကမ္ဘာပေါ်မှာ အယုအယဲဆုံး ပုဂ္ဂိုလ်တစ်ယောက်ပဲ။ ဒီကမ္ဘာပေါ်မှာ မင်းလောက် ဉာဏ်ထက် တဲ့လူ၊ ဇာနဉာဏ်ရှိသူ၊ ကြင်ကြင်နာနာရှိသူ တစ်ယောက်မှ မရှိဘူး” ဟု ဆူဆန်ကို ပြောခဲ့သည်။

ဤတွင် ဆူဆန်က သူ့ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားရင်း နှာခေါင်းသ ကလေးနှင့် -

“ရှင်ကလည်း ထိုနည်းရင်းပါပဲရှင်” ဟု ဆိုလိုက်လေ၏။

သူတို့နှစ်ဦးသည် ချစ်တာထက် ပိုကြပါသည်။ သူတို့ နှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် နှစ်နှစ်ကာကာ သဘောကျကြပြီး လေးစားကြ သည်။

သူတို့၏မိတ်ဆွေ အားလုံးက သူတို့ကို မနာလိုဖြစ်ကြသည်။ ဒါကလည်း အကြောင်းရှိပါသည်။ သူတို့က စုံပြဇာတ်ထောင်ရှင်များ အကြောင်း ပြောကြဆိုကြ တိုင်း ရောဘတ်နှင့် ဆူဆန်တို့ကို စံနမူနာအဖြစ် ပြောပြလေ့ရှိကြသည်။

သူတို့နှစ်ယောက်သည် အစစအရာရာတွင် ဆက်ဆံပေါင်းသင်း၍ ရကြ သည်။ နှစ်ကိုယ့်တစ်စိတ် ဖြစ်နေကြသူများပင်တည်း။

ဆူဆန်သည် ရောဘတ်၏ လိုအပ်ချက်များကို ရောဘတ်ကိုယ်တိုင်တ မသိခင် ကြိုရှ၍ သိနှင့်သူဖြစ်ပြီး ရောဘတ်၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးလေ့ သည်။ ရောဘတ်ကလည်း ဆူဆန်အပေါ်တွင် လွန်စွာ ဂရုစိုက်သည်။ ဆူဆ အနေနှင့် ရောဘတ် ရေးထားသည့် ချစ်သဝဏ်လွှာများကို သူ အလှပြင်သည့် မှန်တင်ခုံ သို့မဟုတ် သူ အဝတ်အစားလဲလှယ်စဉ် သို့မဟုတ် ဖိနပ်ထဲမှ တွေ့ရတ သည်။ မွေးနေ့သမျှ နေ့ထူးနေ့မြတ်များတွင်လည်း ပန်းများနှင့် လက်ဆောင်ကလေး များကို ပေးလေ့ရှိသည်။

ပြီးတော့လည်း နှစ်ယောက်စလုံး ကြည်ကြည်နူးနူး ရယ်ကြမောကြသည်။ အလွန် ကြည်နူးဖွယ်ကောင်းသည့် ရယ်မောရမှုများပင်တည်း။

အင်တာကွန်းထဲမှနေ၍ ပိုင်းလော့၏အသံ ပေါ်ထွက်လာသည်။

“ကွန်မန်ဒါ၊ ကျွန်တော်တို့ ဆယ်မိနစ်အတွင်း ဇူးရစ်ချ်မှာ ဆင်းသက်ပါ တော့မယ်”

ရောဘတ် ဘယ်လာမီ၏ အတွေးများသည် ပစ္စုပ္ပန်အချိန်နှင့် သူဆောင် ရွက်ရမည့် တာဝန်ပိုင်းဆီသို့ ဖျတ်ခနဲ ပြန်ရောက်လာသည်။

သူသည် ရေတပ်မတော်ထောက်လှမ်းရေး၌ ဆယ့်ငါးနှစ်ကြာအောင် ဆောင်ရွက်ခဲ့ရသည့် ကာလတွင် အလွန် ခက်ခဲသည့်အမှုများကို ဒါဇင်ပေါင်း များစွာ ကိုင်တွယ်ဆောင်ရွက်ခဲ့ရသည်။

သို့ရာတွင် ယခုအမှုကမူ အလွန်ကိုးရိုးကားရား နိုင်လှသည့်အမှု ဖြစ်ပုံရ သည်။ သူသည် ဘတ်စ်ကားတစ်စီးစာရှိသော မည်သူမည်ဝါမှန်း မသိရသည့် မျက်မြင်သက်သေများကို ရှာဖွေရန် ဆွစ်ဇာလန်နိုင်ငံသို့ သွားနေရသည်။ ထို သက်သေများသည် အစရှာမရအောင် ခြေရာလည်းပျောက် ရေလည်းနောက် ဆိုသလို ပျောက်ကွယ်သွားကြသည်။

‘ကောက်ရိုးပုံထဲမှာ အပ်ရှာခိုင်းသည်’ ဟု စကားပုံရှိသည်။ သို့ရာတွင်





ထိုကောက်ရိုးပုံ မည်သည့်နေရာ၌ ရှိနေသည်ကို သူ မသိပါ။ ရှားလော့ဟုမ်း၏ အကူအညီကို လိုအပ်နေချိန်တွင် ထိုစုံထောက်ကြီးသည် မည်သည့်နေရာသို့ ရောက်ရှိနေလေသနည်း။

“ကျေးဇူးပြုပြီး ထိုင်ခုံခါးပတ်ကို ပတ်ပေးထားပါဗျာ”

စီ (၂၀) အေ လေယာဉ်ပျံသည် မည်းမှောင်နေသော တောအုပ်ပေါ်မှ ဖြတ်၍ပျံသန်းနေပြီးနောက် တစ်ခဏအကြာတွင် ဇူးရစ်ချ် နိုင်ငံတကာလေဆိပ်မှ တစ်ချက်တစ်ချက်တွင် မီးထွန်း၍ ပြထားသော ပြေးလမ်းအစပ်ပေါ်သို့ ဆင်း သက်လိုက်သည်။ လေယာဉ်ပျံသည် လေဆိပ်၏အရှေ့ဘက်ဆီသို့ မောင်းနှင သွားပြီး လေယာဉ်စီးသူများ အဆင်းအတက် ပြုလုပ်သည့် အဆောက်အအုံနှင့် ဝေးရာ အထွေထွေလေကြောင်းအဆောက်အအုံဆီသို့ ဦးတည်လိုက်သည်။ ကတ္တရာစေးလမ်းပေါ်တွင် ခပ်စောစောပိုင်းက ရွာချထားသော မိုးသက်မုန်တိုင်း များမှ ကြွင်းကျန်နေသည့် ရေအိုင်၊ ရေကွက်ကလေးများ ရှိနေသေးသော်လည်း ထိုည မိုးကောင်းကင်မှာ ကြည်လင်နေသည်။

လေယာဉ်မှူးက မှတ်ချက်ချလိုက်၏။

“တော်တော် အူကြောင်ကြောင်နိုင်တဲ့ ရာသီဥတုပဲဗျာ၊ တနင်္ဂနွေနေ့က ဒီမှာ ပူတယ်၊ ဒီကနေ့ကျတော့ တစ်နေ့လုံး မိုးရွာနေတယ်။ ဟော- ညကျတော့ မိုးသားမိုးတိမ်တွေ ကင်းစင်သွားပြန်ပြီ။ ခင်ဗျားအတွက် ဒီမှာ လက်ပတ်နာရီ မလိုဘူး။ ပြဒါးတိုင်တစ်ခု ရှိဖို့ပဲလိုတယ်။ ကျွန်တော် ကားတစ်စီးစီး စီစဉ်ပေးရ မလား ကွန်မန်ဒါ”

“ဟင့်အင်း၊ ကျေးဇူးတင်ပါတယ်”

ယခုအချိန်မှစ၍ သူသည် သူ့ဇာတ်ကို သူတစ်ဦးတည်း ကပြရချေတော့ မည်။ ရောဘတ်က ထိုလေယာဉ်ပျံသည် လေယာဉ်ပျံပြေးလမ်းပေါ်တွင် ပြန် မောင်းနှင်သွားသည်အထိ စောင့်ဆိုင်းနေလိုက်ပြီးနောက် လေဆိပ်ဟိုတယ်ဆီသို့ ပို့ပေးမည့် ဘတ်စ်ကား အသေးစားကလေးပေါ်သို့ တက်လိုက်သည်။

လေဆိပ်ဟိုတယ်သို့ အရောက်တွင် သူသည် အိပ်မက်ပင် မမက်ဘဲ အိပ်မောကျသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ခုနစ်

**ဒုတိယနေ့ ဝ၈း ဝဝနာရီ**

နောက်တစ်နေ့ နံနက်တွင် ယူရော့ မော်တော်ကားကုမ္ပဏီ၏ စားပွဲနောက်၌ ထိုင်နေသော စာရေးဆီသို့ ချဉ်းကပ်သွားလိုက်၏။

ထိုစာရေးက ဂျာမန်ဘာသာဖြင့် နှုတ်ဆက်လိုက်သည်။ ဤတွင် သူသည် ဆွစ်ဇာလန်နိုင်ငံမှ ဂျာမန်ဘာသာစကားကို ပြောဆိုသောဒေသသို့ ရောက်ရှိနေကြောင်း သတိပြုလိုက်မိသည်၊ သူက ဂျာမန်ဘာသာစကားနှင့် ပြန်လည်နှုတ်ဆက်လိုက်ပြီးနောက် မေးလိုက်သည်။

"ခင်ဗျားတို့မှာ မော်တော်ကား အဆင်သင့်ရှိပါသလား"

"ဟုတ်ကဲ့ ခင်ဗျ၊ ရှိနေပါတယ်၊ ဆရာက ဘယ်လောက်လောက်ကြာအောင် သုံးစွဲမှာလဲ"

မေးသင့်မေးထိုက်တဲ့ မေးခွန်းပဲ။

တစ်နာရီလား၊ တစ်လလား၊ တစ်နှစ်လား၊ နှစ်နှစ်လား။

"ကျုပ်ကတော့ မပြောတတ်သေးဘူး"

"ဆရာက မော်တော်ကားကို ဇီလေဆိပ်ကို ပြန်ပို့ပေးဖို့ စိတ်ကူးထားပါသလား"

"ဖြစ်နိုင်ပါတယ်"

စာရေးက သူ့ကို ထူးထူးဆန်းဆန်း ကြည့်လိုက်သည်။

"ကောင်းပြီလေ၊ ဒီစာရွက်ပေါ်မှာ ကျေးဇူးပြုပြီး ဖြည့်စွက်ပေးပါ"

ရောဘတ်က ထိုမော်တော်ကားအတွက် ကျသင့်ငွေကို ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်က သူ့အား ပေးလိုက်သော အနက်ရောင် စပါယ်ရှယ် အကြွေးဝယ်ခွင့်ကတ်ပြားနှင့် ပေးချေလိုက်သည်။ စာရေးက အကြွေးဝယ်ခွင့်ကတ်ပြားကို ကြည့်လိုက်ပြီးနောက် ဦးနှောက်ခြောက်သွားပြီး -

"ကျွန်တော့်ကို ခွင့်ပြုပါ" ဟု ပြော၍ ရုံးခန်းထဲသို့ ဝင်သွားသည်။

သူ ပြန်ထွက်လာသောအခါ ရောဘတ်က မေးလိုက်၏။

"ပြဿနာတစ်ခုခု ရှိနေပါသလား"

"မရှိပါဘူး ခင်ဗျာ၊ ပြဿနာ လုံးဝ မရှိပါဘူး ခင်ဗျ"

သူ ငှားစီးလာသောကားမှာ မီးခိုးရောင် အိုပယ်ထိုမေဂါ အမျိုးအစားကားတစ်စီး ဖြစ်သည်။





ရောဘတ်သည် လေဆိပ်အဝေးပြေးလမ်းမကြီးပေါ်သို့ မောင်းတက်လိုက်ပြီး ... ချ၍ မြို့လယ်ကောင်ဆီသို့ ဦးတည် မောင်းနှင်လိုက်လေ၏။ သူက ဆွစ်ဇာလန်နိုင်ငံကို နှစ်မြို့က်သည်။ ထိုနိုင်ငံသည် ကမ္ဘာပေါ်ရှိ အလှပဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သည်။

နှစ်ပေါင်း အတော်ကြာကြာက သူသည် ဆွစ်ဇာလန်နိုင်ငံ၌ နှင်းခဲပေါ်တွင် လျှောစီးခဲ့ဖူးသည်။ မကြာသေးသော ကာလကမူ သူသည် ဆွစ်ဇာလန်နိုင်ငံ၏ ထောက်လှမ်းရေးအေဂျင်စီဖြစ်သော အက်စ်ဗီယွန်နေ့၌ အက်ဘ်တိုင်လမ်းနှင့် ဆက်သွယ်၍ သူ့အား ပေးအပ်လိုက်သော ထောက်လှမ်းရေးတာဝန်များကို ဆောင်ရွက်ခဲ့ဖူးသည်။

ဒုတိယကမ္ဘာစစ် အတွင်းကမူ ထိုအေဂျင်စီကို ဌာနခွဲသုံးခုအဖြစ် ဒီ၊ ပီနှင့် အိုင် ဟု ခွဲခြမ်းစိတ်ဖြာ၍ ဂျာမနီ၊ ပြင်သစ်နှင့် အီတလီနိုင်ငံတို့ကို ထောက်လှမ်းစုံစမ်းစေခဲ့သည်။

ယခုမူ အဆိုပါ အေဂျင်စီ၏ အဓိကရည်မှန်းချက်မှာ ကမ္ဘာ့ကုလသမဂ္ဂကြီး၏ ဆီးရိုပ်ကို အကာအကွယ်ယူ၍ ဂျီနီဗာတွင် အခြေစိုက်ထားသော ကုလသမဂ္ဂအဖွဲ့မျိုးစုံ၏ ထောက်လှမ်းရေးလုပ်ငန်းများနှင့် ဆက်စပ်ထားရန်သာ ဖြစ်တော့သည်။ အဆိုပါ အေဂျင်စီတွင် ရောဘတ်၏ မိတ်ဆွေများ ရှိနေကြသည်။ သို့ရာတွင် သူသည် ဂျင်နရယ် ဟီးလီးယဒ် ပြောလိုက်သော 'မင်း သူတို့ တစ်ယောက်နဲ့မှ ဆက်သွယ်ရဘူး' ဆိုသည့် စကားလုံးများကို သတိရနေပါသည်။

မြို့ထဲသို့ရောက်အောင် မောင်းနှင်ရသည်မှာ (၂၅) မိနစ်ကြာမြင့်ပါသည်။ ရောဘတ်သည် မြို့လယ်ကောင်ရှိ ဒူးဘင်ဒေါ်ဖ် အရပ်ဆီသို့ ရောက်ရှိလာပြီးနောက် ဒိုလ်ဒါဂရင်းဟိုတယ်သို့ ဦးတည်လိုက်သည်။ ထိုဟိုတယ်သည် သူပြန်မှတ်မိလာသည့် ပုံစံအတိုင်း၊ ပစ္စင်၊ ပြူအိုးများနှင့် အလွန် ကြီးမားခဲ့ညားသည့် မဲတိုက်ကြီးတစ်ခုဖြစ်ပြီး ပတ်ပတ်လည်၌ စိမ်းလန်းစိုပြည်သော ရှုမျှော်ခင်းများ ဝိုင်းရံထားသည့်အပြင် ဇူးရစ်ချ်ရေကန်ကြီးကို အပေါ်က စီးမိုး၍ မြင်နေရသည်။

သူက မော်တော်ကားကို ရပ်တန့်ထားခဲ့ပြီးနောက် ဧည့်ခန်းထဲသို့ ဝင်သွားသည်။ ဘယ်ဘက်တွင် ဧည့်ကြိုစားပွဲ ရှိနေသည်။

ဧည့်ကြိုစာရေးက ဂျာမန်ဘာသာနှင့် နှုတ်ခွန်းဆက်လိုက်၏။ သူကလည်း ဂျာမန်ဘာသာနှင့်ပင် အခန်းတစ်ခန်း ငှားလိုကြောင်း ပြောဆိုလိုက်သည်၊ သူက ဂျင်နရယ် ဟီးလီးယဒ် ပေးလိုက်သော အနက်နှင့် အဖြူရောင် အကြွေးဝယ်ယူခွင့်ကတ်ပြားကိုပင် အသုံးပြုသည်။ ရောဘတ်က ဆွစ်ဇာလန်နိုင်ငံ၏ မြေပုံတစ်ပုံ တောင်းလိုက်ပြီးနောက် သူ့အား ဟိုတယ်၏တိုးချဲ့အဆောင်သစ်မှ သက်သောင့်သက်သာရှိလှသောအခန်း တစ်ခန်းဆီသို့ ခေါ်ဆောင်သွားကြသည်။ ထိုအခန်းတွင် ဇူးရစ်ချ်ရေကန်ကို စီးမြင်နေရသော ဝရန်တာအသေးကလေး ရှိနေသည်။

ရောဘတ်သည် ထိုနေရာ၌ ရပ်နေရင်း ဆောင်းဦးရာသီ၏ လတ်ဆတ်သန့်ရှင်းသောလေကို တစ်ဝကြီး ရှူရှိုက်၍ အနာဂတ်ကာလတွင် သူ ဆောင်ရွက်ရမည့် တာဝန်ကြီးအကြောင်း တွေးနေမိသည်။

သူ့အနေနှင့် ဆက်လိုက်စရာ သဲလွန်စ ဘာမှ မရှိပါ။ တစ်ချက်တလေမျှပင် မရှိပါ။ သူ့ကို ပေးအပ်လိုက်သည့် တာဝန်များထဲတွင် မသိကိန်းများသာ ပါဝင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ခရီးသွားဘတ်စ်ကား အေဂျင်စီ၏အမည်၊ ခရီးသည်ဦးရေ ထိုခရီးသည်များ၏ နာမည်များနှင့် နေရပ်လိပ်စာများ။

'ထို မျက်မြင်သက်သေ အားလုံးသည် ဆွစ်ဇာလန်နိုင်ငံ၌ နေထိုင်ကြပါသလား'

'အဲဒါ ငါတို့ရဲ့ ပြဿနာပဲ။ သူတို့ ဘယ်သူတွေလဲ။ သူတို့ ဘယ်မှာနေကြသလဲဆိုတာ ငါတို့ မသိဘူး'

ပြီးတော့လည်း မျက်မြင်သက်သေ အချို့ကို ရှာတွေ့ရုံမျှနှင့် ပြီးပြတ်မည့်ကိစ္စ မဟုတ်ပါ။

'မင်းက မျက်မြင်သက်သေ အားလုံးကို တွေ့အောင် ရှာရမယ်'

သူ ရရှိထားသည့် တစ်ခုတည်းသော အချက်အလက်မှာ အောက်တိုဘာ ၁၄ ရက်၊ တနင်္ဂနွေနေ့၊

ပြီးတော့ နေရာမှာ ယူတင်ဒေါ့ဖ် ဆိုသော ကျေးရွာကလေးသာ ဖြစ်သည်။

သူ့အဖို့ ကိုင်ဆွဲစရာ၊ ဖက်တွယ်စရာ ကောက်ရိုးကလေး တစ်မျှင်တော့ လိုအပ်နေပါသည်။ သူ မှန်မှန်ကန်ကန် ပြန်သတိရမည်ဆိုပါက နွေခင်းပိုင်းတွင် ခရီးသည်များကို ရှုခင်းများအား လှည့်လည်ပြသသော ခရီးသွားဘတ်စ်ကား အေဂျင်စီများသည် ဇူးရစ်ချ်နှင့် ဂျီနီဗာဆိုသော အဓိက မြို့ကြီး နှစ်မြို့မှသာ ထွက်ခွာလေ့ရှိသည်၊

ရောဘတ်သည် စားပွဲမှ အံဆွဲတစ်ခုကို ဆွဲဖွင့်လိုက်ပြီးနောက် အလွန်ထုထဲသော တယ်လီဖုန်းစာအုပ်ကြီးကို ဆွဲထုတ်လိုက်သည်။ တယ်လီဖုန်းစာအုပ်ထဲ၌ ဘတ်စ်ကားနှင့် လိုက်လံပြသသော ခရီးသွားအေဂျင်စီ ခြောက်ခုထက်မနည်းအား ဖော်ပြထားသည်ကို တွေ့လိုက်ရသည်။

ဆန်းရှိုင်းတိုး၊ ဆွစ်စ်တိုး၊ တိုးဆားဗစ်၊ တိုရော်ပီနီ တိုးရစ်မာရှိုင်ဆင် စသည်စသည်ဖြင့်။

သူ့အနေနှင့် ထိုခရီးသွားအေဂျင်စီ အားလုံးကို မေးမြန်းစုံစမ်းရပါလိမ့်မည်။ သူက ထိုကုမ္ပဏီများ၏ လိပ်စာ အားလုံးကို ကူးယူလိုက်ပြီးနောက် အနီးဆုံးနေရာတွင် ရှိနေသော တိုးဆားဗစ် အေဂျင်စီ၏ ရုံးခန်းဆီသို့ ခြေဦးလှည့်လိုက်သည်။

ခရီးသွားပုဂ္ဂိုလ်များ၏ မေးမြန်းစုံစမ်းချက်များကို ဖြေကြားပေးနေသော စာရေးနှစ်ယောက်သည် ကောင်တာနောက်ဘက်၌ ရှိနေသည်။ ထိုနှစ်ယောက်အနက် စာရေးတစ်ယောက် အားလပ်သွားသောအခါ ရောဘတ်က -

"ခွင့်ပြုပါဗျာ၊ လွန်ခဲ့တဲ့ တနင်္ဂနွေနေ့တုန်းက ကျုပ်ဇနီးဟာ ခင်ဗျားတို့ရဲ့ ဘတ်စ်ကားတစ်စီးနဲ့ လိုက်သွားပြီး ပိုက်ဆံအိတ် ကားပေါ်မှာ မေ့ကျန်ရစ်ခဲ့တယ် ခင်ဗျ။ သူက မိုးလေဝသဘောလုံးကြီး ယူတင်ဒေါ့ဖ် အနားမှာ ပျက်ကျသွားတာကို မြင်ရပြီး စိတ်လှုပ်ရှားသွားတယ်နဲ့တူတယ် ခင်ဗျ"

ထိုစာရေးက မျက်မှောင်ကုတ်လိုက်သည်။

"ခင်ဗျား ကုမ္ပဏီ မှားနေပြီနဲ့တူတယ်၊ ကျွန်တော်တို့ရဲ့ ခရီးစဉ်တွေဟာ ယူတင်ဒေါ့ဖ် အနားကို မသွားကြဘူး ခင်ဗျ"

"ဗျာ . . . တောင်းပန်ပါတယ်"





"စုံစမ်းရမယ့် နေရာတစ်ခုကိုတော့ စာရင်းထဲက ဖျက်ပစ်လို့ ရပါပြီ"ဟု တွေးလိုက်မိသည်။

နောက်တစ်နေရာတွင်မူ ပို၍ အလားအလာ ရှိပုံရသည်။

"ခင်ဗျားတို့ရဲ့ ခရီးစဉ်တွေက ယူတင်ဒေါ့ဖ်ရွာအနားကို သွားသလားခင်ဗျ"

"ဟုတ်ကဲ့၊ သွားတယ် ခင်ဗျ"

စာရေးကလေးက ပြုံးလိုက်သည်။

"ကျွန်တော်တို့ရဲ့ ခရီးစဉ်တွေက ဆွစ်ဇာလန်မှာရှိတဲ့ နေရာအနှံ့အပြားကို သွားတယ် ခင်ဗျ၊ အဲဒီ ခရီးစဉ်တွေ အားလုံးဟာ အလွန် ရှုခင်းကောင်းကြပါတယ်"

"လွန်ခဲ့တဲ့ တနင်္ဂနွေနေ့တုန်းက မိုးလေဝသဘောလုံးကြီး တစ်လုံး ပျက်ကျတာကို မော်တော်ကားရပ်ပြီး ကြည့်မိတဲ့ခရီးစဉ်များ ရှိခဲ့ပါသလား။ ကျုပ်မိန်းမက ဆိုတယ်ကို နောက်ကျပြီး ပြန်ရောက်လာလို့ ကျုပ်က သိလိုက်တာပါ"

ကောင်တာနောက်ဘက်ရှိ စာရေးက စိတ်ဆိုးမာန်ဆိုးနှင့် ပြန်ပြောလိုက်သည်။

"ကျွန်တော်တို့ရဲ့ ခရီးစဉ်တွေဟာ ဘယ်တော့မှ နောက်မကျဘူးဆိုတဲ့အချက်ကို ကျွန်တော်တို့က သိပ်ဂုဏ်ယူတာ ခင်ဗျ။ ကျွန်တော်တို့က အစီအစဉ်ထဲမှာ မပါတဲ့နေရာတွေမှာ ရပ်လေ့ မရှိပါဘူး"

"ဒါဆိုရင် ခင်ဗျားတို့ရဲ့ ဘတ်စ်ကား တစ်စီးစီးက မိုးလေဝသဘောလုံးကြီး ပျက်ကျတာကို ရပ်တန့်ပြီး မကြည့်ခဲ့ဘူးပေါ့"

"လုံးဝ မကြည့်ခဲ့ပါဘူး"

"ကျေးဇူးတင်ပါတယ်"

စာရင်းထဲမှ နှစ်ခုကို ပယ်ဖျက်လို့ ရသွားပါပြီ။

ရောဘတ် တတိယအကြိမ် သွားရောက်ခဲ့သည့် ရုံးခန်းမှာ ဆန်းရှိုင်းတိုး ခရီးသွားလုပ်ငန်းပင် ဖြစ်သည်။ ရောဘတ်သည် ကောင်တာဆီသို့ လျှောက်သွားလိုက်၏။

"မင်္ဂလာရှိသော မွန်းလွဲပိုင်းပါ ခင်ဗျာ၊ ကျုပ်ကတော့ ခင်ဗျားတို့ရဲ့ခရီးသည်ပို့ဆောင်ရေး ဘတ်စ်ကား တစ်စီးအကြောင်း မေးမြန်းချင်ပါတယ်။ မိုးလေဝသဘောလုံးကြီး တစ်လုံးဟာ ယူတင်ဒေါ့ဖ် အနားမှာ ပျက်ကျသွားပြီး ခင်ဗျားတို့ရဲ့ ယာဉ်မောင်းက ခရီးသည်တွေ ကြည့်ရှုနိုင်အောင် နာရီဝက် ရပ်ပေးခဲ့တယ်လို့ ကျုပ် ကြားသိထားရပါတယ်"

"မဟုတ်ပါဘူးဗျာ၊ ဟုတ်ကို မဟုတ်ပါဘူး၊ သူက ဆယ့်ငါးမိနစ်ပဲ ရပ်ပေးခဲ့တာပါ။ ကျွန်တော်တို့မှာ အင်မတန် တိကျတဲ့ အချိန်ဇယား သတ်မှတ်ချက်ရှိပါတယ်"

"ဒက်ထိပဲဗျို့"

"ခုကိစ္စမှာ ခင်ဗျားက ဘာကြောင့် စိတ်ဝင်စားရတာလဲ"

ရောဘတ်သည် သူ့ကို ပေးလိုက်သော ကတ်ပြားများအနက် တစ်ခုကို ထုတ်ပြလိုက်သည်။ သူက စိတ်ပါလက်ပါ ပြောလိုက်၏။

"ကျုပ်က သတင်းထောက် တစ်ယောက်ပါ။ ကျုပ်က တခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ဆွစ်ဇာလန်နိုင်ငံက ဘတ်စ်ကားတွေဟာ ဘယ်လောက်အထိ နှမ်း


www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရည်ရှိတယ် ဆိုတဲ့သတင်းတစ်ပုဒ်ကို ခနီးသွားလာခြင်းနှင့် အားလပ်ချိန် မဂ္ဂဇင်းအတွက် ရေးသားပြုစုနေပါတယ်။ ကျုပ်က ခင်ဗျားတို့ရဲ့ ယာဉ်မောင်းကို တွေ့ဆုံမေးမြန်းရရင် ကောင်းမလားပဲ"

"အဲဒါဆိုရင် သိပ်ကို စိတ်ဝင်စားဖို့ကောင်းတဲ့ သတင်းတစ်ပုဒ် ဖြစ်မှာပဲ ကတယ့်ကို စိတ်ဝင်စားဖို့ ကောင်းမှာဗျ။ ကျုပ်တို့ဆွစ်ဇာလန်နိုင်ငံသားတွေဟာ ကျုပ်တို့ရဲ့ စွမ်းဆောင်ရည်အတွက် အင်မတန် ဂုဏ်ယူကြတာ ခင်ဗျ"

"အင်မတန် ဂုဏ်ယူထိုက်တဲ့ကိစ္စပါပဲဗျာ"

ရောဘတ်ကလည်း သူ့ကို ထောက်ခံလိုက်သည်။

"ကျုပ်တို့ ကုမ္ပဏီရဲ့နာမည်ကို ဖော်ပြပေးမှာလား"

"ထင်ထင်ရှားရှားကြီးကို ဖော်ပြပေးမှာပါ"

စာရေးက ပြုံးလိုက်သည်။

"အေးလေ၊ ဒါဆိုရင် ပြဿနာ မရှိတန်ကောင်းဘူးလို့ ထင်တာပဲ"

"ကျုပ် အခု သူနဲ့ စကားပြောခွင့်ရမလား"

"ဒီနေ့ သူနားရက်ဗျ"

သူက စာရွက်ပေါ်တွင် နာမည်တစ်ခုကို ရေးချလိုက်၏။

ရောဘတ် ဘယ်လာမီက ပြောင်းပြန် ဖတ်ကြည့်လိုက်သည်။

*ဟန်စ်ဘက်ကာမင်*

စာရေးက လိပ်စာကိုပါ ဖြည့်စွက် ရေးသားပေးလိုက်သည်။

"သူက ကက်ဝဲလ်ကျေးရွာမှာနေတယ်၊ အဲဒီရွာက ဇူးရစ်ချ်နဲ့ ကီလိုမီတာလေးဆယ်လောက်ဝေးတယ်၊ အခုအချိန်ဆိုရင် ခင်ဗျား သူ့ကို အိမ်မှာ တွေ့နိုင်လိမ့်မယ်"

ရောဘတ်ဘယ်လာမီက စာရွက်ကလေးကို ယူလိုက်၏။

"သိပ်ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ စကားမစပ်၊ ကျုပ်က အချက်အလက်တွေ အားလုံးကို လိုချင်တယ်ဆိုတော့ အဲဒီ ခရီးစဉ်အတွက် ခင်ဗျားတို့က လက်မှတ် ဘယ်နှစောင် ရောင်းလိုက်ရတယ်ဆိုတာ မှတ်တမ်းမှတ်ရာများ ရှိပါသလား"

"ရှိတယ် ခင်ဗျ၊ ကျုပ်တို့က ခရီးစဉ်တွေ အားလုံး အတွက် မှတ်တမ်းတွေ ထားပါတယ်။ ခဏလေးနော်"

သူက ကောင်တာအောက်ဘက်မှ လယ်ဂျာစာအုပ်ကြီး တစ်အုပ်ကို ကောက်ယူလိုက်ပြီးနောက် စာမျက်နှာ တစ်မျက်နှာကို လှန်လိုက်သည်။

"ဟော . . . ကျုပ်တို့ တွေ့ပါပြီ။ တနင်္ဂနွေနေ့၊ ဟန်စ်ဘက်ကာမင်၊ ပါဆင်ဂျာက ခုနစ်ယောက်။ သူ အဲဒီနေ့က ဘတ်စ်ကား အငယ်စားကလေး အိုင်ဗီကို ဆိုတဲ့ကားကို မောင်းသွားတယ်"

*ဒါဆိုရင် အမည်မသိ ခရီးသည်ခုနစ်ယောက်နဲ့ ယာဉ်မောင်းသူပေါ့။*

ရောဘတ်က အမြတ် ထွက်လိုထွက်ငြား စမ်းကြည့်လိုက်သည်။

"ခင်ဗျား အနေနဲ့ ခရီးသည်တွေရဲ့ နာမည်တွေကိုများ သိနိုင်ပါသလား"

"ဆရာသမားရယ်၊ ခရီးသည်တွေက လမ်းမပေါ်က ဝင်လာကြပြီး လက်မှတ်တွေ ဝယ်ကြတယ်။ အဲဒီ ခရီးစဉ်နဲ့ ပါသွားကြတယ်။ ကျုပ်တို့က ခရီးသည်တွေကို ဘယ်သူဘယ်ဝါ ဖြစ်ကြောင်း သက်သေ မပြခိုင်းပါဘူး"

'သိပ်ကောင်းတာပေါ့ဗျာ။ နောက်တစ်ကြိမ် ကျေးဇူးတင်ပါတယ်ဗျာ'





ရောဘတ်က တံခါးပေါက်ဆီသို့ လျှောက်သွားစပြုသည်။

စာရေးက လှမ်းမေးလိုက်၏။

"ခင်ဗျားက ကျုပ်တို့ဆီကို အဲဒီ သတင်းပါတဲ့မဂ္ဂဇင်း တစ်စောင်တော့ ပို့ပေးမှာပေါ့နော်"

"မဖြစ်မနေ ပို့ပေးရမှာပေါ့ဗျာ"

ထိုပဟေဠိမှ ပထမဦးဆုံး ဖြေရှင်းရမည့်အချက်မှာ ထိုနေ့က အသုံးပြုခဲ့သော ဘတ်စ်ကလေးပင်ဖြစ်ပေရာ ရောဘတ်သည် ဖုံးကွယ်နေသည့် သဲလွန်စ တစ်ခုကို တွေ့ရလို တွေ့ငြား ဘတ်စ်ကားများ စတင် ထွက်ခွာသည့် နေရာဆီသို့ ဦးစွာ မောင်းနှင်လာခဲ့သည်။

အိုင်ဗီကို ဘတ်စ်ကားကလေးမှာ အညိုရောင်နှင့် ငွေရောင် ဖြစ်ပြီး မတ်စောက်သော အဲလ်ပ်တောင်တန်းများပေါ်မှ လမ်းကျဉ်းကလေးများပေါ်တွင် မောင်းနှင်နိုင်သော (၁၄)ယောက်စီး ဘတ်စ်ကား အငယ်စားကလေး ဖြစ်သည်။

ခရီးသည်ခုနစ်ယောက်ဟာ ဘယ်သူတွေလဲ။

သူတို့က ဘယ်နေရာဆီကို ပျောက်သွားကြတာလဲ။

ရောဘတ်သည် သူ့မော်တော်ကားထဲသို့ ပြန်ဝင်လိုက်သည်။ သူက မြေပုံကိုကြည့်ပြီး အမှတ်အသား လုပ်ထားလိုက်သည်။ သူသည် အဲလ်ပ်တောင်ခြေရင်း၌ရှိသော ကက်ဝဲလ် ကျေးရွာကလေးဆီသို့ ဦးတည်မောင်းနှင်လာခဲ့၏။

သူသည် တောင်ဘက်စူးစူးဆီသို့ ဦးတည်မောင်းနှင်လာခဲ့ပြီး ဇူးရစ်ချ်မြို့ကို ပတ်ချာလည် ဝိုင်းရံထားသော တောင်ကမူလေးများကို ကျော်ဖြတ်လာခဲ့ပြီးနောက် အလွန် ကျက်သရေရှိလှသော တစ်တောင်ပြီးတစ်တောင် ဆက်တိုက် ရှိနေကြသည့် အဲလ်ပ်တောင်တန်းများပေါ်သို့ စတင်၍ မောင်းတက်စပြုသည်။

သူသည် အက်ဒလစ်ဝီလ်၊ လန်းနောနှင့် ဟောဆင် ကျေးရွာတို့ကို ဖြတ်သန်းလာခဲ့ပြီး သစ်သားအိမ်ငယ်ကလေးများနှင့် ပို့စကတ်ထဲမှ ရှုမျှော်ခင်းကဲ့သို့ နာမည် မသိရသည့် လှပသော ကျေးရွာငယ်ကလေးများကိုလည်း ဖြတ်သန်းလာခဲ့သည်။

နောက် တစ်နာရီနီးပါး ကြာမြင့်သောအခါ သူသည် ကက်ဝဲလ်ကျေးရွာသို့ ရောက်ရှိလာခဲ့လေ၏။

ထိုကျေးရွာကလေးတွင် စားသောက်ဆိုင်တစ်ဆိုင်၊ ဘုရားရှိခိုးကျောင်းတစ်ခု၊ စာတိုက်တစ်ခု၊ တောင်ကုန်းကလေးများ ပတ်ပတ်လည်တွင် ကြဲပြန့်နေသော အိမ်တစ်ဒါဇင်ခန့်သာ ရှိနေသည်။

ရောဘတ်သည် မော်တော်ကားကို ရပ်ထားခဲ့ပြီးနောက် စားသောက်ဆိုင်ထဲသို့ ဝင်လာခဲ့သည်။ သူက ဂျာမန်ဘာသာဖြင့် မေးလိုက်၏။

"မင်္ဂလာပါ မိန်းကလေး၊ မစ္စတာ ဘက်ကာမင် ဘယ်မှာ နေသလဲဆိုတာ သိပါသလား"

"ဟုတ်ကဲ့ရှင့်"

သူက လမ်းအတိုင်း လက်ညှိုးထိုးပြလိုက်သည်။

"ဘုရားရှိခိုးကျောင်းနားက အိမ်ပါပဲရှင်"

"ကျေးဇူးတင်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးကျောင်းသို့ အရောက်တွင် ညာဘက်သို့ ချိုးကွေ့လိုက်ပြီး ကြွေအုပ်ကြွပ်ပြားများ မိုးထားသော ဣန္ဒြေသိက္ခာရှိသည့် နှစ်ထပ်တိုက်ကလေးဆီသို့ မောင်းနှင်လာခဲ့လေ၏။

သူသည် မော်တော်ကားထဲက ထွက်လိုက်ပြီး တံခါးဆီသို့ လျှောက်လာခဲ့သည်။ လူခေါ်ခေါင်းလောင်းနှိပ်ရန် ဘုကို ရှာမတွေ့သောကြောင့် လက်နှင့်ပင် ခေါက်လိုက်ရသည်။

နှုတ်ခမ်းမွေးရေးရေးနှင့် ခပ်ဝဖိုင့်ဖိုင့် အမျိုးသမီးကြီး တစ်ဦးက တံခါးကို လာဖွင့်ပေးသည်။

"ဘာလဲရှင့်"

"နှောင့်ယှက်ရတဲ့အတွက် ဝမ်းနည်းပါတယ်။ မစ္စတာ ဘက်ကာမင် ရှိနေပါသလား"

အမျိုးသမီးကြီးက မသင်္ကာသော မျက်လုံးများနှင့် သူ့ကိုကြည့်လိုက်သည်။

"ရှင်က သူနဲ့ ဘာကိစ္စ တွေ့ချင်ရတာလဲ"

ရောဘတ်က နှစ်လိုဖွယ်ရာ အပြုံးကလေးနှင့် -

"ခင်ဗျားက မစ္စစ်ဘက်ကာမင်နဲ့ တူတယ်"

သူက သတင်းထောက်ကတ်ပြားကလေးကို ထုတ်ယူလိုက်သည်။

"ကျုပ်က ဆွစ်ဇာလန်နိုင်ငံသား ဘတ်စ်ကားမောင်းသူတွေ အကြောင်း ဆောင်းပါးတစ်စောင် ပြုစုနေပါတယ်။ ခင်ဗျားရဲ့ ခင်ပွန်းသည်ဟာ ဒီနိုင်ငံမှာ တော့ လမ်းလုံခြုံရေးနဲ့ ပတ်သက်ပြီး စံတင်ရလောက်အောင် မှတ်တမ်းတင်ခံရသူ တစ်ယောက်ပဲလို့ ကျုပ်တို့မဂ္ဂဇင်းတိုက်ကို ထောက်ခံစာ ပေးပို့ထားပါတယ်"

အမျိုးသမီးကြီးသည် လန်းလန်းရွှင်ရွှင် ဖြစ်လာပြီး ဂုဏ်ယူဝမ်းသာစွာ ပြောလိုက်သည်။

"ကျွန်မခင်ပွန်းက တကယ်တော်တဲ့ ယာဉ်မောင်းတစ်ယောက်ပဲရှင့်"

"ဟုတ်ပါတယ် ခင်ဗျာ၊ လူတိုင်းက အဲဒီလိုပဲ ပြောကြပါတယ်၊ ကျုပ်က သူနဲ့တွေ့ဆုံပြီး မေးချင်မြန်းချင်လို့ပါ"

"မဂ္ဂဇင်းအတွက် ကျွန်မယောကျ်ားနဲ့ အင်တာဗျူးလုပ်မယ်ပေါ့"

အမျိုးသမီးကြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

"သိပ်ကို စိတ်လှုပ်ရှားဖို့ ကောင်းတာပဲရှင်၊ ကျေးဇူးပြုပြီး ဝင်ခဲ့ပါရှင်"

သူက ရောဘတ်အား အင်မတန် သေသေသပ်သပ် ရှိလှသည့် ဧည့်ခန်း ငယ်ငယ်ကလေး တစ်ခုအတွင်းသို့ ခေါ်သွားသည်။

"ဒီမှာ ခဏ စောင့်ပါရှင်၊ ကျွန်မ ဟန်စ်ကို သွားခေါ်လိုက်ပါ့မယ်"

ထိုအိမ်ကလေး၏ မျက်နှာကြက်မှာ ခပ်နိမ့်နိမ့်ဖြစ်ပြီး အရောင်ရင့်ရင့် သစ်သားကြမ်းပြင်နှင့် ခပ်ရိုးရိုး သစ်သားပရိဘောဂများသာ ရှိနေကြသည်။ ကျောက်တုံးများနှင့် ဆောက်ထားသော မီးလင်းဖိုသေးသေးကလေး တစ်ခုရှိပြီး ပြတင်းပေါက်များတွင် ဇာခန်းဆီးများကို တပ်ဆင်ထားသည်။

ရောဘတ်သည် ထိုနေရာ၌ မတ်တတ်ရပ်ရင်း စဉ်းစားနေသည်။ ဤနေရာ သည် သူ၏အကောင်းဆုံး သဲလွန်စဖြစ်ကာလို တစ်ခုတည်းသော သဲလွန်စလည်း ဖြစ်သည်။ ခရီးသည်များသည် လမ်းမပေါ်မှ ဝင်လာကြပြီး လက်မှတ်များကို ဝယ်ယူကြသည်။ ထိုခရီးစဉ်နှင့် လိုက်ပါသွားကြသည်။ ဘယ်သူဘယ်ဝါတွေဖြစ်





ကြောင်း မမေးမြန်းခဲ့ပါ။ အဲဒီလူတွေကို လိုက်လံစုံစမ်းနိုင်တဲ့နည်း မရှိပါဟု ရောဘတ်က စိတ်ပျက်လက်ပျက် တွေးလိုက်၏။

တကယ်လို့ အခုကိစ္စ မအောင်မြင်ခဲ့ရင် -

'တနင်္ဂနွေနေ့က မိုးလေဝသ ဘောလုံးကြီးတစ်လုံး ပေါက်ကွဲပျက်စီးသွားသည်ကို မြင်တွေ့ခဲ့ကြတဲ့ ဘတ်စ်ကားစီး ခရီးသည်ခုနစ်ဦး ကျေးဇူးပြုပြီး နက်ဖြန် ညနေ ၁၂၀၀ နာရီတိတိမှာ ကျွန်တော့်ဟိုတယ်အခန်းသို့ လာရောက်စုရုံးကြပါ။ နံနက်စာနှင့် ဧည့်ခံပါမည်' ဆိုသော ကြော်ငြာကို ထည့်နိုင်သေးသားပဲ ဟု ရောဘတ်က တွေးလိုက်သည်။

ခပ်ပိန်ပိန်ပါးပါးနှင့် ထိပ်ပြောင်နေသော လူတစ်ယောက် ရောက်ရှိလာသည်။ သူ့အသားအရေမှာ ဖြူဖပ်ဖြူရော် ဖြစ်နေပြီး သူ့တစ်ကိုယ်လုံးနှင့် မလိုက်ဖက် မအပ်စပ်သော မည်းမှောင်နေသည့် နှုတ်ခမ်းမွေးကားကားကြီးလည်း ရှိနေသည်။

"မင်္ဂလာရှိသော မွန်းလွဲပိုင်းပါ မစ္စတာ"

"စမစ်ပါ ခင်ဗျ"

ရောဘတ်ကလည်း အားရပါးရ ပြန်ဖြေလိုက်သည်။

"ကျုပ်က ခင်ဗျားနဲ့ အလွန် တွေ့ချင်နေတာပါ ခင်ဗျ"

"ခင်ဗျားက ဘတ်စ်ကားမောင်းသူတွေအကြောင်း သတင်းတစ်ပုဒ် ရေးတယ်လို့ ကျုပ်မိန်းမက ပြောတယ်"

သူက ဂျာမန်သံ ခပ်ဝဲဝဲနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

ရောဘတ်က ကျေးဇူးတင်စွာနှင့် ပြုံးပြလိုက်ပြီး -

"မှန်ပါတယ် ခင်ဗျာ၊ ကျုပ်တို့ မဂ္ဂဇင်းက ခင်ဗျားရဲ့ လမ်းလုံခြုံရေးနဲ့ ပတ်သက်တဲ့ မှတ်တမ်းအကြောင်း စိတ်ဝင်စားတဲ့အပြင် . . ."

"ခီးမှုပဲ"

ဘက်ကာမင်က ရှင်းပျစွာ ပြောလိုက်သည်။

"ခင်ဗျားက တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတုန်းက ပျက်ကျသွားတဲ့ ပစ္စည်း အကြောင်းကိုသာ စိတ်ဝင်စားတာပါ။ ဟုတ်တယ် မဟုတ်လား"

ရောဘတ်က ရှက်ကိုးရှက်ကန်း ဖြစ်သွားဟန်နှင့် -

"အမှန်အတိုင်း ပြောရမယ်ဆိုရင် မှန်ပါတယ် ခင်ဗျာ၊ ကျုပ်က အဲဒါနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ကိုလည်း စိတ်ဝင်စားပါတယ်"

"ဒါဆိုရင်လည်း ခင်ဗျားက ဘာဖြစ်လို့ အဲဒီလို ပွင့်ပွင့်လင်းလင်း မပြောသလဲဗျာ၊ ကဲ - ထိုင်စမ်းပါဦး"

"ကျေးဇူးတင်ပါတယ်"

ရောဘတ်သည် တန်းလျားတစ်ခုအပေါ် ထိုင်ချလိုက်သည်။

ဘက်ကာမင်က ပြောလိုက်၏။

"ခင်ဗျားကို ယမကာတစ်ခုခု မတိုက်နိုင်တဲ့အတွက် ဝမ်းနည်းပါတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အိမ်မှာ ဘာယမကာကိုမှ မထားတော့ပါဘူး"

သူက သူ့ဝမ်းဗိုက်ကို လက်ဖြင့် ပုတ်ပြသည်။

"အာလ်ဆာရောဂါ ဖြစ်နေတယ်ဗျ၊ ဆရာဝန်တွေက နာကျင်တဲ့ဝေဒနာ ပျောက်သွားအောင်တောင် ဆေးတွေဝါးတွေ မပေးနိုင်ကြတော့ဘူး။ ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com

အဲဒီဆေးတွေ အားလုံးနဲ့ မတည့်ဘူးလေ"

သူက ရောဘတ်နှင့် မျက်နှာချင်းဆိုင်၌ ဝင်ထိုင်လိုက်သည်။

"ဒါပေမယ့်၊ ခင်ဗျားက ကျုပ်ရဲ့ ကျန်းမာရေးအကြောင်း ဆွေးနွေးဖို့ ဒီ လာတာ မဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား၊ ခင်ဗျား သိချင်တာက ဘာလဲ

"ကျုပ်ကတော့ တနင်္ဂနွေတုန်းက ယူတင်ဒေါ့ဖ် အနီးမှာ ရာသီဥတုဘေ လုံးကြီး ပျက်ကျတုန်းက ခင်ဗျားနဲ့ ဘတ်စ်ကားပေါ်က ဆင်းကြည့်ကြတဲ့ ဘတ် ကားခရီးသည်တွေ အကြောင်း ဆွေးနွေးချင်လို့ပါ"

ဟန်စ်ဘက်ကာမင်က သူ့ကို ငေးစိုက်ကြည့်နေသည်။

"ရာသီဥတုဘောလုံးကြီး ဟုတ်လား၊ ဘယ်ကလာ ရာသီဥတုဘော ကြီး ဖြစ်ရမှာလဲ၊ ခင်ဗျားက ဘာတွေ လာပြောနေတာလဲ"

"အဲဒီတုန်းက ပျက်ကျသွားတဲ့ဘောလုံး"

"ခင်ဗျားက အာကာသယာဉ်အကြောင်း ပြောနေတာလား"

ရောဘတ်က ပြန်၍ ငေးကြည့်ရမည့် အလှည့်ပင်တည်း။

"အာကာသယာဉ်၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ အာကာသယာဉ်ပါ"

ထိုစကားလုံးများကို လက်သင့်ခံနိုင်အောင် အတော်ကလေး အချိန် လိုက်ရလေသည်။ ရောဘတ်သည် ချက်ချင်း ဆိုသလိုပင် ချမ်းစိမ့်စိမ့် ဖြစ်ယ တော့သည်။

"ခင်ဗျားက ပန်းကန်ပြားပျံ တစ်ခုကို မြင်တွေ့ခဲ့ရတယ်လို့ ပြောနေတ လား"

"ဟုတ်တယ်၊ အဲဒီအထဲမှာ သေနေတဲ့အလောင်းတွေလည်း ပါတယ်

'မနေ့က ဆွစ်ဇာလန်နိုင်ငံက အဲလ်ပ် တောင်တန်းတွေပေါ်မှာ နေတို လွှတ်တင်ထားတဲ့ ရာသီဥတုထောက်လှမ်းရေး ဘောလုံးကြီးတစ်လုံး ပျက် သွားတယ်။ အဲဒီ ဘောလုံးကြီးထဲမှာ တပ်မတော်ရဲ့ စမ်းသပ်ဆဲ စစ်ဘက်ဆိုင် ပစ္စည်းတွေ ပါသွားတယ်။ အဲဒီ ပစ္စည်းတွေဟာ အလွန်လျှို့ဝှက်ထားတဲ့ ပစ္စ တွေပဲ' တဲ့။

ရောဘတ်က အသံကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ကြိုးစား၍ထိန်း

"မစ္စတာ ဘက်ကာမင်၊ ခင်ဗျား မြင်ခဲ့ရတဲ့ပစ္စည်းဟာ ပန်းကန်ပြားပျံတ ဖြစ်ကြောင်း သေချာရဲ့လား"

"သေချာပါတယ်ဗျ၊ ခင်ဗျားတို့ ပြောပြောနေတဲ့ ယူအက်ဖ်အို (UF ဆိုတာမျိုးပဲ"

"ပြီးတော့လည်း အထဲမှာ လူသေ အလောင်းတွေ ရှိနေတယ်ပေါ့ တ်လား"

"လူတွေတော့ မဟုတ်ဘူးဗျ၊ သတ္တဝါတွေ၊ သူတို့ရဲ့ ပုံပန်းသဏ္ဌာန် ဖော်ပြဖို့ တော်တော်ခဲယဉ်းလိမ့်မယ်"

သူက ကိုယ်ကို အနည်းငယ် တုန်ပြလိုက်သည်။

"အဲဒီ သတ္တဝါတွေဟာ ကိုယ်လုံးကသေးသေး၊ မျက်လုံးတွေက သိပ်ကြီ သိပ်ကို ထူးဆန်းနေတယ်။ သူတို့ဟာ ငွေသတ္တုရောင် ဝတ်စုံတွေကို ဝတ်ဆ ထားကြတယ်၊ သိပ်ကို ကြောက်စရာကောင်းတာပဲဗျာ"





ရောဘတ်က နားထောင်ရင်း သူ့စိတ်ထဲ၌ လေမုန်တိုင်း တိုက်နေသည်။

"ခင်ဗျားရဲ့ ဘတ်စ်ကားစီး ခရီးသည်တွေကရော အဲဒါကို မြင်ကြရရဲ့လား"

"ဟာ . . . မြင်ကြရတာပေါ့ဗျာ၊ ကျုပ်တို့အားလုံး မြင်ကြရတာပဲ။ ကျုပ်က အဲဒီ နေရာမှာ ဆယ့်ငါးမိနစ်လောက် ရပ်တန့်ပေးခဲ့တယ်။ ခရီးသည်တွေက ခပ်ကြာကြာ ရပ်ပေးစေချင်ပေမယ့် ကျုပ်တို့ကုမ္ပဏီက ခရီးစဉ် အချိန်ဇယားနဲ့ ပတ်သက်လာရင် သိပ်ကို စည်းကမ်းကြီးတယ်ဗျ"

ရောဘတ်က သူမေးမည့်မေးခွန်းကို မမေးမီကပင် အချည်းနှီး ဖြစ်လိမ့် မည်ဖြစ်ကြောင်း ကြိုသိလိုက်သည်။

"မစ္စတာ ဘက်ကာမင်၊ ခင်ဗျားက အဲဒီ ခရီးသည်တချို့ရဲ့ နာမည်တွေကို များ သိပါသလား"

"ဆရာသမား၊ ကျုပ်က ဘတ်စ်ကားမောင်းတဲ့လူပါ။ ခရီးသည်တွေဟာ ဇူးရစ်ချ်မှာ လက်မှတ်ဝယ်ပြီး အနောက်တောင်ဘက်မှာရှိတဲ့ အင်ကာလာအင်ဆီ ကို ခရီးထွက်ကြတယ်။ အဲဒီနောက်တော့ အနောက်မြောက်ဘက်မှာရှိတဲ့ ဘန်း မြို့ကို ခရီးဆက်ပါတယ်။ ခရီးသည်တွေဟာ ဘန်းမြို့မှာ ဆင်းချင်ရင် ဆင်းနိုင် တယ်။ ဒါမှမဟုတ် ဇူးရစ်ချ်ကို ပြန်လိုက်လာနိုင်တယ်။ ဘယ်သူကမှ နာမည်ကို ပြောပြခဲ့ကြတာ မဟုတ်ဘူး"

ရောဘတ်က သွေးရူးသွေးတန်း ပြောလိုက်သည်။

"ခင်ဗျားက သူတို့အထဲက တစ်ယောက်ယောက်ကို ခွဲခြားပြီး မှတ်မိနိုင် စရာနည်းလမ်း မရှိတော့ဘူးလားဗျာ"

ဘတ်စ်ကားမောင်းသူက ခေတ္တမျှ စဉ်းစားလိုက်သည်။

"အေးလေ၊ အဲဒီ ခရီးစဉ်တုန်းက ကလေးတွေတော့ ပါမလာဘူး၊ အမျိုး သားတွေချည်း လိုက်လာတယ် ဆိုတာတော့ ပြောနိုင်ပါတယ်"

"ယောကျ်ားတွေချည်းပဲလား"

ဘက်ကာမင်က ခေတ္တမျှ စဉ်းစားလိုက်ပြန်သည်။

"ဟင့်အင်း၊ အဲဒါလည်း မဟုတ်သေးဘူး၊ အမျိုးသမီး တစ်ယောက်တော့ ပါလာသေးတယ်"

'သိပ်ကောင်းတာပေါ့။ ဒါဆိုရင် တော်တော့်ကို ဘောင်ကျဉ်းသွားပြီ' ဟု ရောဘတ်က နာနာကြည်းကြည်း တွေးလိုက်မိသည်။

နောက်ထပ် မေးရမည့် မေးခွန်းကတော့ -

'ငါ ဘာဖြစ်လို့ ဒီတာဝန်ကို ထမ်းဆောင်ဖို့ သဘောတူခဲ့ရတာလဲ' ဟူ၍ပင် ဖြစ်ပါလိမ့်မည်။

"မစ္စတာဘက်ကာမင်၊ ခင်ဗျား ပြောချင်တဲ့ အဓိပ္ပာယ်ကတော့ ဇူးရစ်ချ်မှာ ခရီးသည်တစ်သိုက် ကားပေါ်ကို တက်လာကြတယ်။ ခရီးစဉ် ပြီးဆုံးသွားတဲ့အခါ ကျတော့ သူတို့ တကွဲတပြားစီ ဆင်းသွားကြတယ်။ ဒါပဲ မဟုတ်လား"

"မှန်ပါတယ်၊ မစ္စတာ စမစ်"

ဒါဆိုရင် အပ်ကို ရှာဖို့ မပြောနှင့်။ ကောက်ရိုးပုံကိုပင် ရှာမတွေ့တော့သေး ပြီ။

"ခင်ဗျားက ခရီးသည်တွေနဲ့ ပတ်သက်ပြီး ဘာတစ်ခုလေးမှ မှတ်မိဘူး လားဗျာ၊ သူတို့ပြောတာ ဒါမှမဟုတ် သူတို့လုပ်တာ တစ်ခုခုပေါ့ဗျာ"


www.burmeseclassic.com

www.burmeseclassic.com

ဘက်ကာမင်က ခေါင်းကို ခါယမ်းလိုက်၏။

"ဆရာသမားရယ်၊ ကြာတော့လည်း သူတို့ကို ဂရုမထားမိတော့ဘူး၊ သူတို့က ဟို ဂျာမန်လူမျိုးလို ဒုက္ခမပေးဘူး ဆိုရင်ပေါ့ဗျာ"

ရောဘတ်သည် ထိုင်နေရင်းကပင် ငြိမ်ကျသွားသည်။ သူက ခပ်မှုမှုမေးလိုက်၏။

"ဘယ်ဂျာမန်လဲ"

"သိပ်ဆိုးတယ်ဗျာ၊ တခြား ခရီးသည်တွေက ပန်းကန်ပြားပုံကို မြင်နေရတဲ့ အပြင် အထဲမှာ သေနေတဲ့သတ္တဝါတွေကိုပါ မြင်တွေ့နေကြရတဲ့အတွက် စိတ်လှုပ်ရှားနေကြတယ်။ ဒါပေမယ့် ဒီအဘိုးကြီးကတော့ 'ကျုပ်တို့ ဘန်းမြို့ကို မြန်မြန် ရောက်အောင် သွားဖို့လိုတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူက မနက်ပိုင်း ကျရင် တက္ကသိုလ်မှာ သင်ကြားပို့ချရမှာ ဖြစ်တဲ့အတွက် ကြိုတင် ပြင်ဆင်ဖို့ လိုတယ်'ဆိုပြီး ဂျီတိုက်နေတာပဲဗျာ"

လမ်းစတော့ ပေါ်ပြီ။

"သူနဲ့ပတ်သက်ပြီး ခင်ဗျားက ဘာတွေကိုများ သတိရသေးသလဲ"

"မရတော့ဘူး"

"လုံးဝ သတိမရတော့ဘူးလား"

"သူက အနက်ရောင် အပေါ်ဝတ် ကုတ်အင်္ကျီကြီးကို ဝတ်ထားတယ်"

သိပ်နိပ်တာပေါ့။

"မွှတာ ဘက်ကာမင်၊ ခင်ဗျားကို ကျုပ် မေတ္တာရပ်ခံချင်တဲ့ အချက်တစ်ချက် ရှိတယ်ဗျာ၊ ခင်ဗျားက ကျုပ်ကို ယူတင်ဒေါ့ဖ်အထိ လိုက်ပို့ပေးပါလားဗျာ"

"ဒါ ကျုပ်ရဲ့ နားရက်ပါ။ ကျုပ်ကလည်း အလုပ်များ . . ."

"ကျုပ်က ခင်ဗျားကို ဝမ်းမြောက်ဝမ်းသာစွာနဲ့ ငွေကြေးပေးပါ့မယ်ဗျာ"

"ဟုတ်လား"

"မတ်ငွေနှစ်ရာ"

"ကျုပ် မလိုက် . . ."

"လေးရာ ပေးမယ်ဗျာ"

ဘက်ကာမင်က ခေတ္တမျှ စဉ်းစားလိုက်သည်။

"သွားကြတာပေါ့ဗျာ၊ ဒီကနေ့ကလည်း ကားမောင်းလို့ ကောင်းတဲ့နေ့ဗျ"

သူတို့သည် တောင်ဘက်စူးစူးဆီသို့ ဦးတည်ခဲ့ကြသည်။ သူတို့သည် ရှခင်း အလွန်လှသော အင်မင်ဆီးနှင့် မက်ဂင်ကျေးရွာများ၊ ပြီးတော့ လူဇန်းကို ဖြတ်သန်းလာခဲ့ကြသည်။ ရှုခင်းမှာ ရင်သပ်ရှုမောဖွယ် ကောင်းလှသည်။ သို့ရာတွင် ရောဘတ်သည် သူ့ဦးနှောက်ထဲ၌ အခြား တွေးတောစရာများ ရှိနေကြသည်။

သူတို့သည် တစ်နာရီနီးပါး မောင်းနှင်လာခဲ့ပြီးနောက် စပစ်ဇ်သို့ ရောက်လာခဲ့ကြ၏။ ဟန်စ်ဘက်ကာမင်က ပြောလိုက်သည်။

"သိပ်မဝေးတော့ဘူးဗျ၊ သွန်း ဆိုတဲ့ နောက်တစ်မြို့ကိုကျော်ရင် ရောက်ပြီ"

ရောဘတ်၏ ရင်ထဲတွင်လည်း နှလုံးသားက တဒုတ်ဒုတ် ခုန်လာသည်ကို ခံစားနေရသည်။

သူသည် စိတ်ကူးထဲမှာပင် တွေးတော၍ မရနိုင်သော အခြား ဂြိုဟ်မှ အလည်အပတ် ရောက်လာကြသည့် ဂြိုဟ်သားများကို မျက်ဝါးထင်ထင် မြင်





ခွင့်ရတော့သည်။

သူတို့သည် သွန်းကို ဖြတ်သန်းလာခဲ့ကြပြီးနောက် မိနစ် အနည်းငယ် ကြာသောအခါ အဝေးပြေးလမ်းမကြီးနံဘေး တစ်ဖက်တစ်ချက်စီရှိ သစ်တောအုပ် ဘက်ခုဆီသို့ ချဉ်းကပ်လာချိန်တွင် ဟန်စ်ဘက်ကာမင်က -

"ဟိုမှာ" ဟု လက်ညှိုးထိုး၍ ပြလိုက်သည်။

ရောဘတ်က ဘရိတ်ကို နင်းလိုက်ပြီးနောက် လမ်းနံဘေးတွင် ရပ်ထားလိုက်သည်။

"အဝေးပြေးလမ်းမကြီးကို ကျော်ဖြတ်ပြီး ဟိုသစ်ပင်တွေနောက်ဘက်မှာဗျ"

ရောဘတ် ကိုယ်တိုင်လည်း စိတ်လှုပ်ရှားမှု ရှိလာသည်။

"ကောင်းပြီ၊ ကျုပ်တို့ ဆင်းကြည့်ကြရအောင်"

ထရပ်ကားတစ်စီးသည် အရှိန်ပြင်းပြင်းနှင့် ဖြတ်သန်းသွားသည်။ ထိုမော်တော်ကား ကျော်လွန်သွားသောအခါ ရောဘတ်နှင့် ဟန်စ်ဘက်ကာမင်တို့သည် လမ်းကို ဖြတ်ကျော်လိုက်ကြသည်။ ရောဘတ်သည် သစ်ပင်များနောက်ဘက်ရှိ ကုန်းစောင်းဆင်ခြေလျှောကလေးအတိုင်း သစ်ပင်များနောက်ဘက်ဆီသို့ တက်သွားနေသော ယာဉ်မောင်းနောက်ဘက်မှာ လိုက်ပါသွားသည်။

အဝေးပြေးလမ်းမကြီးမှာ မြင်ကွင်းထဲမှ လုံးဝ ပျောက်ကွယ်နေသည်။ သူတို့သည် ကွက်လပ်ကလေးတစ်ခုဆီသို့ ရောက်ရှိလာကြသောအခါ ဘက်ကာမင်က ကြေညာလိုက်၏။

"ဟောဒီနေရာမှာပဲဗျို့"

သူတို့ရှေ့ဘက် မြေပြင်ပေါ်၌ရှိသော ပစ္စည်းများမှာ မိုးလေဝသဘောလုံး တစ်လုံးမှ ပျက်စီးနေသော အစိတ်အပိုင်းများသာ ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅

'ငါဟာ ခုလို စုံစမ်းထောက်လှမ်းရေးလုပ်ငန်းမျိုးအတွက် သိပ်ကို အသက်ကြီးနေပြီပဲ' ဟု ရောဘတ်က စိတ်ပျက်လက်ပျက် တွေးလိုက်မိသည်။

'ငါကိုယ်တိုင် ဒီပန်းကန်ပြားပျံဆိုတဲ့ ဒဏ္ဍာရီပုံပြင်ကို စိတ်ရောကိုယ်ပါ လက်ခံမိတော့မလိုလိုပါလား"

ဟန်စ်ဘက်ကာမင်သည် မြေကြီးပေါ်မှ သတ္တုပစ္စည်းကို ငေးစိုက်ကြည့်ရှုနေသည်၊ သူ့မျက်နှာပေါ်၌ စိတ်ရှုပ်ထွေးနေသည့် အရိပ်အယောင်များ ပေါ်နေသည်။

"ဒါ ဟုတ်ကို မဟုတ်ဘူး"

ရောဘတ်က သက်ပြင်းချလိုက်၏။

"ဟုတ်ပါတယ်၊ ဒီပစ္စည်းက ဟုတ်မှ မဟုတ်တာ"

ဘက်ကာမင်က ခေါင်းခါသည်။

"မနေ့တုန်းက အဲဒီပစ္စည်း ဒီနေရာမှာ ရှိခဲ့ပါတယ်"

"ခင်ဗျားရဲ့ အစိမ်းရောင် ပုဂ္ဂိုလ်ကလေးတွေက ပျံပြေးကြသလားမှ မသိတာ"

ဘက်ကာမင်ကလည်း ခေါင်းခါသည်။

"မဟုတ်ဘူးဗျ၊ သူတို့နှစ်ယောက်စလုံး သေနေကြတာ"

'သေတယ်' ဆိုတဲ့ စကားလုံးဟာ တစ်နည်းအားဖြင့် သူ လိုက်လံစုံစမ်းနေသော ထောက်လှမ်းရေးကိစ္စအတွက်လည်း နိဂုံးတံပြီဟု ဆိုနိုင်ပါမည်။

'ငါ့အတွက် တစ်ခုတည်းသော သဲလွန်စမှာ အာကာသယာဉ်တွေကို မြင်ယောင်နေတတ်သည့် စိတ်မနှံ့သော ယာဉ်မောင်းအဘိုးအိုကြီး တစ်ယောက်သာ ဖြစ်ပါတော့မည်' ဟု တွေးလိုက်မိသည်။

ရောဘတ်က အနားသို့ ချဉ်းကပ်သွားပြီး အဆိုပါ မိုးလေဝသဘောလုံးကို စေ့စေ့စပ်စပ် လေ့လာလိုက်သည်။

ထို မိုးလေဝသဘောလုံးကြီးကို ဒန်သတ္တုနှင့် ပြုလုပ်ထားပြီး အချင်း (၁၄) ပေရှိသည်။ မြေပြင်ပေါ်သို့ ကျရောက် ပေါက်ကွဲသော နေရာများတွင် ပွင့်အန်ကွဲထွက်နေသည်။ ဂျင်နရယ် ဟီးလီးယဒ်က သူ့ကို ပြောခဲ့သည့်အတိုင်း အတွင်းဘက်မှ ပစ္စည်းကိရိယာ အားလုံးကို ထုတ်ယူထားပြီး ဖြစ်သည်။

'အဲဒီ ဘောလုံးထဲမှာပါတဲ့ပစ္စည်းတွေဟာ ဘယ်လောက်အထိ အရေးကြီး





ယ်ဆိုတာ မင်းကို ရှည်ရှည်ဝေးဝေး ပြောပြဖို့ လိုမယ် မထင်ဘူး' တဲ့။

ရောဘတ်သည် ပိန်ရှုံ့နေသော ဘောလုံးကြီးကို ပတ်ချာလှည့်၍ ကြည့်ရှုသည်။ စိုစွတ်နေသော မြက်ခင်းပေါ်တွင် နင်းနေရသော သူ့ဖိနပ်များက ည်း တကျွိကျွိ မြည်နေကြသည်။ သူက သူ့အတွက် သဲလွန်စကလေး တစ်ခုခုကို ာ်ရှာနေသည်။ ဘာကိုမှ မတွေ့ရပါ။ ထို မိုးလေဝသဘောလုံးကြီးသည် စ်ပေါင်းများစွာ အတောအတွင်း မြင်တွေ့ခဲ့ရဖူးသော အခြားဘောလုံးများ အတူတူပင်တည်း။

ဂျာမန်လူမျိုးတို့၏ ခေါင်းမာတတ်ပုံရှိနေသော ထိုယာဉ်မောင်းအဘိုးကြီးက ထက်ထိ အလျှော့ မပေးသေးပါ။

"အဲဒီ တခြား ကမ္ဘာက ပုဂ္ဂိုလ်တွေဟာ ဒီလို ပုံစံမျိုး ဖြစ်အောင်လည်း တတ်ကြတယ်။ သူတို့က ဘာမဆို ဖြစ်အောင် လုပ်နိုင်ကြတယ်"

'ဒီနေရာမှာ ဘာမှ ဆက်လုပ်စရာ မရှိတော့ပြီ' ဟု ရောဘတ်က တွေး ာ်သည်။

သူသည် မြက်ပင်ရှည်ကြီးများ အကြားတွင် လမ်းလျှောက်ခဲ့ရသောကြောင့် ဘိတ်များသည်လည်း စိုရွှဲနေသည်။ သူသည် နောက်ဘက်သို့ ပြန်လှည့်စ ်ပြီးမှ အတွေး တစ်ခုခုကြောင့် တွန့်ဆုတ်ဆုတ် ဖြစ်သွားလေသည်။ ဘောလုံးကြီးဆီသို့ ပြန်ရောက်လာသည်။

"ဒီပစ္စည်းရဲ့ အစွန်းတစ်ဖက်ကို မ,ပေးစမ်းပါဗျာ"

ဘက်ကာမင်က သူ့ကို တအံ့တဩ ကြည့်လိုက်သည်။

"ခင်ဗျားက ကျုပ်ကို ဒီပစ္စည်းကြီးကို မ,ခိုင်းနေတာလား"

"ဟုတ်ပါတယ်"

ဘက်ကာမင်က ပခုံးတွန့်လိုက်၏။ သူသည် ပေါ့ပေါ့ပါးပါးရှိသော ထို ည်း၏ အစွန်းတစ်ဖက်ကိုကိုင်၍ အထက်သို့ မ,လိုက်သည်။ ရောဘတ်က ည်း အခြား အစွန်းတစ်ဖက်ကနေ၍ မ,လိုက်၏။ ရောဘတ်သည် ဒန်သတ္တု ည်းကြီးကို သူ့ခေါင်းပေါ်၌ မြှောက်တင်ထားရင်း ထိုဘောလုံးကြီးကို အောက် ်မှ အလယ်ဗဟိုဆီသို့ လျှောက်သွားလိုက်သည်။ သူ့ခြေထောက်သည် ်ထဲသို့ နစ်ဝင်သွားသည်။

"ဟောဒီ နေရာမှာလည်း ရွှံ့ရွှံ့စိုနေတယ်ဗျို့"

ရောဘတ်က လှမ်းပြောလိုက်၏။

"ဟုတ်တယ်လေ၊ မနေ့က တစ်နေ့လုံး မိုးရွာနေခဲ့တာပဲ၊ မြေပြင်တစ်ခုလုံး နေတာပေါ့"

ရောဘတ်သည် ဘောလုံးကြီးအောက်ဘက်မှ ပြန်ထွက်လာခဲ့သည်။

"ခြောက်နေရမှာပေါ့ဗျ"

'တော်တော် အူကြောင်ကြောင်နိုင်တဲ့ ရာသီဥတုပါပဲဗျာ'ဟု လေယာဉ် ာင်းသူက သူ့ကို ပြောပြခဲ့သည်။

'တနင်္ဂနွေနေ့က ဒီမှာ နေပူတယ်။ ဒီကနေ့ကျတော့ တစ်နေ့လုံး မိုးရွာနေ ်လေ၊ ဟော - ညကျတော့ မိုးသားမိုးတိမ်တွေ ကင်းစင်သွားပြန်ပြီ၊ ခင်ဗျား ်က် ဒီမှာ လက်ပတ်နာရီ မလိုဘူး၊ ပြဒါးတိုင်တစ်ခုပဲ ရှိဖို့ လိုအပ်တယ်တဲ့၊ ပိုင်းလော့၏ စကားသံကို ပြန်ကြားယောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောလိုက်တယ်"

"ခင်ဗျားတို့ ပန်းကန်ပြားပျံကို မြင်ရတဲ့ အချိန်တုန်းက ရာသီဥတု[illegible] ဘယ်လိုနေသလဲ"

ဘက်ကာမင်က ခေတ္တမျှ စဉ်းစားလိုက်သည်။

"တော်တော် သာယာတဲ့ မွန်းလွဲပိုင်းပဲ"

"နေပူသလား"

"ဟုတ်တယ်၊ နေပူနေတယ်"

"ဒါပေမယ့် မနေ့တုန်းကတော့ တစ်နေ့လုံး မိုးရွာနေခဲ့တယ်"

ဦးနှောက်ခြောက်သွားသော ဘက်ကာမင်က သူ့ကို ပြန်ကြည့်နေသည်။

"ဒီတော့ ဘာဖြစ်သလဲ"

"ဒီတော့ တကယ်လို့ ဒီဘောလုံးကြီးက ဒီမှာ တစ်ညလုံး ရှိနေခဲ့မယ်ဆိုရ[illegible] သူ့အောက်မှာရှိတဲ့မြေပြင်က ခြောက်သွေ့နေသင့်တယ်။ ဒါမှမဟုတ် တစ်ဖက်[illegible] စိမ့်ဝင်တတ်တဲ့ သဘာဝကြောင့် နည်းနည်းကလေးပဲ စိုထိုင်းနေရမယ်၊ ဒါပေမယ့် အဲဒီ နေရာဟာ အခုတော့ ကျန်တဲ့ တခြား နေရာတွေလို ရေတွေ ရွှဲရွှဲစိုနေ[illegible] တယ်"

ဘက်ကာမင်က ငေးစိုက်ကြည့်နေသည်။

"ကျုပ်တော့ နားမလည်တော့ဘူး၊ အဲဒါက ဘာကို ဆိုလိုတာလဲ"

ရောဘတ်ကလည်း သတိထားပြီး ပြောလိုက်သည်။

"ဖြစ်နိုင်တာကတော့ တစ်ယောက်ယောက်က မိုးတွေ ရွာချပြီးတဲ့ နောက်[illegible] ကျမှ ခင်ဗျား မြင်ခဲ့ရတဲ့ပစ္စည်းကို ယူသွားပြီး ဒီဘောလုံးကြီးကို မရေနှက ဒီနေရာ[illegible] ထားခဲ့တာ ဖြစ်နိုင်တယ်"

'ဒါမှမဟုတ် ဒါ့ထက်ပိုပြီး နီးစပ်ကောင်းမွန်တဲ့ ရှင်းလင်းချက်မျိုး ရှိနိုင်[illegible] ပါ့မလား' ဟု သူ တွေးလိုက်ပြန်၏။

'ဒီလို ရှုံးကြောင်းကြောင်းတော့ မဟုတ်ဘူး' ဟု ရောဘတ်က တွေးလိုက်[illegible] သည်။

စပ်စုလိုသော ဧည့်သည်များအတွက် ဆွစ်ဇာလန်နိုင်ငံအစိုးရက ဒီပစ္စည်း ကို ဒီနေရာမှာ လာထားခဲ့တာ ဖြစ်နိုင်တယ်။ ဖုံးဖုံးဖိဖိလုပ်မှု၏ ပထမဦးဆုံး လုပ်ဆောင်ချက်မှာ သတင်းအမှားကို ဖြန့်ချိပေးရန်ပင် ဖြစ်တော့သည်။

ရောဘတ်သည် စွတ်စိုနေသော မြက်ခင်းပေါ်တွင် လျှောက်နင်းသွားရင်း သူသည် အလွန် အလိမ်ရ လွယ်ကူသော လူအ လူညံ့ ဖြစ်ခဲ့သည့် အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိတော့သည်။

ဟန်စ်ဘက်ကာမင်က ရောဘတ်ကို သံသယဝင်ဟန်နှင့် အကဲခတ်နေ သည်။

"ခင်ဗျားက ဘယ်မဂ္ဂဇင်းအတွက် ရေးနေတယ်လို့ ပြောခဲ့သလဲ ဆရာ သမား"

"ခရီးသွားလာခြင်းနဲ့ အားလပ်ချိန် မဂ္ဂဇင်းပါ"

ဟန်စ်ဘက်ကာမင်သည် ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားတော့သည်။

"ဟာ - ဒါဆိုရင် ဟိုတစ်ယောက်လို ခင်ဗျားကလည်း ကျုပ်ဓာတ်ပုံတွေကို ရိုက်ယူချင်လိမ့်မယ်နဲ့ တူတယ်"





"ဘာပြောတယ်"

"ကျုပ်တို့ကို ဓာတ်ပုံရိုက်ယူသွားတဲ့ ဓာတ်ပုံဆရာကို ပြောတာပါ"

ရောဘတ် ကြက်သေ သေသွားသည်။

"ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ"

"ဟို ဓာတ်ပုံဆရာ အကြောင်းပါ။ အဲဒီ အပျက်အစီးတွေ နံဘေးမှာ ကျုပ်တို့ကို ဓာတ်ပုံရိုက်ယူတဲ့လူလေ၊ သူက ကျုပ်တို့ဆီကို ဓာတ်ပုံတစ်ပုံစီ ပို့ပေးလိုက်မယ်လို့ ပြောတယ်၊ တခြား ခရီးသည်တွေဆီမှာလည်း ကင်မရာတွေ ပါလာကြသေးတယ်"

"ခဏ နေပါဦးဗျာ၊ ပန်းကန်ပြားပျံရှေ့မှာ ခရီးသည်တွေရဲ့ပုံကို တစ်ယောက်ယောက်က ဓာတ်ပုံရိုက်ယူသွားတယ်လို့ ခင်ဗျားက ပြောနေတာလား"

"ကျုပ်က ခင်ဗျားကို အဲဒီအကြောင်း ကြိုးစားပြီး ပြောပြနေတာပဲဗျ"

"ပြီးတော့လည်း သူက ဓာတ်ပုံတစ်ပုံစီ ပို့ပေးမယ်လို့ ကတိပြုသွားသေး တယ်နော်"

"ဟုတ်ပါတယ်"

"ဒါဆို သူက ခင်ဗျားတို့ရဲ့ နာမည်တွေနဲ့ လိပ်စာတွေကို ယူသွားရမှာပေါ့"

"သိပ်ဟုတ်တာပေါ့ဗျာ၊ ဒါမှ မဟုတ်ရင် အဲဒီ ဓာတ်ပုံတွေ ဘယ်ပို့ရမလဲ ဆိုတာ သူ ဘယ်သိပါ့မလဲ"

ရောဘတ်သည် ကြည်နူးသွားသော ပီတိ အရှိန်ကြောင့် ထိုနေရာတွင် ငြိမ်ငြိမ်ကလေး မတ်တတ်ရပ်နေမိသည်။

'ရောဘတ်ရေ စိုင်ကော်လို့ ခြုံပေါ် ရောက်တာပဲ၊ မင်း တော်တော် ကံကောင်းတဲ့ ငနဲမသားပဲ' ဟု တွေးမိပြန်၏။

လုံးဝ ဖြစ်နိုင်ဖွယ် မရှိသော ထောက်လှမ်းရေးကိစ္စသည် အလွန် လွယ်ကူ သည့်ကိစ္စတစ်ရပ် ဖြစ်သွားရလေပြီ။ သူသည် အမည် မသိသောပုဂ္ဂိုလ် ခုနစ် ယောက်ကို လိုက်ရှာရန် မလိုအပ်တော့ပါပြီ။ သူ့အနေနှင့် ထိုဓာတ်ပုံဆရာကို လိုက်ရှာဖို့သာ ရှိပါတော့သည်။

"ခင်ဗျားက သူ့အကြောင်းကို အရင်က ဘာဖြစ်လို့ မပြောခဲ့တာလဲ မစ္စ တာ ဘက်ကာမင်"

"ခင်ဗျားက ကျုပ်ကို ခရီးသည်တွေအကြောင်းပဲ မေးခဲ့တာကိုး"

"သူက ခရီးသည်တစ်ဦး မဟုတ်ဘူးလို့ ခင်ဗျားက ပြောချင်တာလား"

ဟန်စ်ဘက်ကာမင်က ခေါင်းခါပြသည်။

"မဟုတ်ဘူး"

သူက လက်ညှိုးထိုးပြလိုက်၏။

"သူ့မော်တော်ကားက ဟိုင်းဝေးလမ်းမကြီးပေါ်မှာ ထိုးရပ်သွားတယ်၊ ဆယ်တင်ယာဉ် တစ်စီးက သူ့မော်တော်ကားကို မ,တင်ပြီး ဆွဲယူသွားတဲ့အချိန် မှာပဲ အင်မတန် ကျယ်လောင်တဲ့ ပေါက်ကွဲသံကြီး ပေါ်ထွက်လာတယ်။ အဲဒီမှာ တင် သူက ဘာဖြစ်သလဲ ဆိုတာကိုကြည့်ဖို့ လမ်းကို ဖြတ်ပြေးလာတယ်၊ ဘာဖြစ်တာလဲဆိုတာ သူတွေ့တဲ့အခါကျတော့ သူ့မော်တော်ကားဆီ ပြန်ပြေးပြီး ကင်မရာကလေးနဲ့အတူ ပြန်ပြေးလာတယ်။ အဲဒီနောက်တော့ သူက ကျုပ်တို့ကို ပန်းကန်ပြားပျံရှေ့မှာ မတ်တတ်ရပ်ခိုင်းတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီဓာတ်ပုံဆရာက သူ့နာမည်ကို ပြောပြသွားသေးသလား"

"မပြောဘူး"

"သူနဲ့ပတ်သက်ပြီး ခင်ဗျား ဘာကိုများ မှတ်မိသေးသလဲ"

ဟန်စ်ဘက်ကာမင်က စူးစူးစိုက်စိုက် တွေးတောလိုက်သည်။

"အဲလေ၊ သူက နိုင်ငံခြားသား တစ်ယောက်ပဲ၊ အင်္ဂလိပ် ဒါမှမဟုတ် အမေရိကန်လူမျိုး ဖြစ်ရမယ်"

"ဆယ်တင်ယာဉ်တစ်စီးက သူ့မော်တော်ကားကို ဆွဲယူသွားဖို့ အဆင်သင့် ဖြစ်နေပြီလို့ ခင်ဗျားပြောခဲ့တယ်နော်"

"ဟုတ်ပါတယ်"

"အဲဒီ ထရပ်ကားဟာ ဘယ်ဘက်ကို ဦးတည်နေတယ် ဆိုတာ ခင်ဗျား မှတ်မိသေးသလား"

"မြောက်ဘက်ကို၊ ကျုပ် စိတ်အထင်ကတော့ ဘန်းမြို့ကို ဆွဲသွားတယ်နဲ့ တူတယ်။ သွန်းမြို့က ပိုတော့နီးတယ်၊ ဒါပေမယ့် တနင်္ဂနွေနေ့ဆိုရင် သွန်းမြို့က ကားပြင်စက်ရုံတွေ အကုန် အလုပ်ပိတ်ကြတယ်"

ရောဘတ်က ပြုံးလိုက်၏။

"ကျေးဇူးပါပဲဗျာ၊ ခင်ဗျားက တကယ် အကူအညီရတာပဲ"

"အဲဒီ ဆောင်းပါးကို ရေးပြီးတဲ့အခါကျရင် ခင်ဗျားက ကျုပ်ဆီကို မဂ္ဂဇင်း တစ်စောင် ပို့ပေးဖို့ မေ့မယ် မထင်ပါဘူးနော်"

"မမေ့ပါဘူးဗျာ၊ ဟောဒီမှာ ခင်ဗျားအတွက် ငွေနဲ့ ခင်ဗျားက သိပ်အကူ အညီပေးတဲ့အတွက် နောက်ထပ် ငွေတစ်ရာ။ ခင်ဗျားကို ကျုပ် အိမ်ပြန်ပို့ပေး ပါ့မယ်"

သူတို့သည် မော်တော်ကားဆီသို့ ရောက်လာခဲ့ကြသည်။ ဘက်ကာမင်က တံခါးကို ဆွဲဖွင့်လိုက်ပြီးမှ ရောဘတ်ဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျားက တော်တော်ရက်ရောတာပဲဗျာ"

သူသည် သူ့အိတ်ထဲမှ စီးကရက် မီးခြစ်ကလေးအရွယ် ရှည်မျောမျော သတ္တုပြားကလေးတစ်ခုကို ထုတ်ယူလိုက်သည်။ ထိုသတ္တုပြားထဲတွင် အဖြူ ရောင် ကျောက်ခဲသေးသေးကလေး တစ်လုံး ပါရှိသည်။

"အဲဒါက ဘာလဲ"

"ကျုပ်တို့ တနင်္ဂနွေနေ့တုန်းက ဘတ်စ်ကားဆီကို ပြန်မလာခင် မြေကြီး ပေါ်က ကျုပ် ရှာတွေ့ခဲ့တာ"

ရောဘတ်က ထူးဆန်းသော ထိုပစ္စည်းကလေးကို စစ်ဆေး ကြည့်ရှုလိုက် သည်။ ထိုပစ္စည်းကလေးသည် စက္ကူကဲ့သို့ ပေါ့ပါးပြီး အရောင်မှာ သဲညိုရောင် ဖြစ်သည်။ ထိုပစ္စည်း၏ တစ်ဖက်စွန်းမှာ ခပ်ကြမ်းကြမ်း ဖြစ်နေသောကြောင့် ပစ္စည်းတစ်ခုခုမှ ပဲ့ထွက်လာပုံရသည်။

'မိုးလေဝသဘောလုံးထဲ၌ရှိသော ကိရိယာတစ်ခုခု၏ အစိတ်အပိုင်း တစ်ခုပေလော သို့တည်းမဟုတ် ပန်းကန်ပြားပျံတစ်ခု၏ အစိတ်အပိုင်းတစ်ခုပေ လော' ဟု သူ တွေးတောလိုက်သည်။

ဘက်ကာမင်က ရောဘတ် ပေးလိုက်သည့် ငွေစက္ကူများကို သူ့ပိုက်ဆံ အိတ်ထဲသို့ ထည့်ရင်း -





"ခင်ဗျားအတွက် အဲဒီပစ္စည်းကလေးက ကံကောင်းစေမှာပါဗျာ" ဟု ပြော လိုက်သည်။

"ကျုပ်အတွက်တော့ တော်တော့်ကို ကံကောင်းစေမှာပဲဗျို့"

သူက အားရပါးရ ပြုံးလိုက်ပြီးနောက် ကားထဲသို့ ဝင်ထိုင်လေ၏။

သူ့အနေနှင့် -

'ငါဟာ ပန်းကန်ပြားပျံဆိုတဲ့ ကိစ္စကို တကယ်ပဲ ယုံကြည်မှု ရှိရဲ့လား'

ဆိုသော မေးခွန်းမျိုးကို ကိုယ့်ဘာသာကိုယ် ပြန်မေးရမည့် အချိန်သို့ ရောက်ရှိလာပေပြီ။

'သူတို့သည် ယူအက်ဖ်အို ဟု လူသိများသော အမျိုးအမည်မသိ ပျံသန်း နေသည့် ပစ္စည်းများကို တွေ့မြင်လိုက်ရပြီး ဆန်းဆန်းပြားပြား တွေ့ ကြုံခဲ့ရသည်'

ဆိုသော သတင်းပေါင်း တစ်ဒါဇင်ခန့်ကို သူ ဖတ်ရှုခဲ့ရဖူးသည်။

ထိုသတင်းများကို ဖြန့်ဖြူးသူများသည် ပုဂ္ဂိုလ်ရေးအရ ထင်ပေါ်ကျော်ကြား သူများ သို့တည်းမဟုတ် စိတ်ရောဂါကု ဆရာဝန်တစ်ဦးဦးနှင့် အကုသခံနေရ သူများသာ ဖြစ်ရမည်ဟု ရောဘတ်က ကောက်ချက်ချခဲ့သည်သာ ဖြစ်သည်။

သို့ရာတွင် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းကမူ ထိုကဲ့သို့ မဟုတ်တန် ရာတု လွယ်လွယ်ကူကူ ပယ်ချ မပစ်နိုင်သည့် သတင်းများကို ဖတ်ရှုခဲ့ရသည်။

အာကာသသူရဲကောင်းများ၊ လေတပ်မှ ပိုင်းလော့များနှင့် ရဲအရာရှိများက ယူအက်ဖ်အိုများကို တွေ့မြင်ခဲ့ရသည် ဆိုသော သတင်းများ ထွက်ပေါ်လာခဲ့ သည်။ ထိုပုဂ္ဂိုလ်များသည် ယုံကြည်ထိုက်သူများလည်း ဖြစ်ကြသည်။

နောက်ထပ် အနေနှင့် နယူးမက်ဆီကိုရှိ ရော့ဝဲလ်အရပ်တွင် ယူအက်ဖ်အို တစ်ခု ပျက်ကျသည်။ ထို ယူအက်ဖ်အိုနှင့် ပါလာသော တခြားကမ္ဘာမှ သတ္တဝါများ ၏အလောင်းများကို ရှာတွေ့ခဲ့ရသည်ဆိုသော စိတ်ချောက်ချားဖွယ်ရာ သတင်း တစ်ပုဒ် ပေါ်ထွက်လာပြန်သည်။ အစိုးရက ထိုကိစ္စကို ဖုံးဖုံးဖိဖိ ပြုလုပ်ခဲ့ပြီး နောက် သက်သေခံပစ္စည်းများကို ဖယ်ရှားပစ်ခဲ့သည်ဟု ယူဆရသည်။

ဒုတိယကမ္ဘာစစ် အတွင်းကလည်း လေယာဉ်မှူးများက ၎င်းတို့ကို အမျိုး အမည်မသိ ပစ္စည်းများက လာရောက်၍ အနှောင့်အယှက် ပေးခဲ့ကြပြီးနောက် ပျောက်ကွယ်သွားခဲ့ကြသည်ဟု သတင်းပေးခဲ့ကြသည်။

၎င်းအပြင် ရှင်းလင်းပြရန် မလွယ်ကူသောပစ္စည်းများက ကောင်းကင်ယံမှ လျင်မြန်စွာ ပျံသန်းသွားကြသည်ကို မြင်လိုက်ရသော မြို့များ၏ သတင်းများကို လည်း ကြားသိလာရပြန်သည်။

'အခြား စကြဝဠာမှလာသော ယူအက်ဖ်အိုများထဲတွင် ဂြိုဟ်သားများ တကယ် ရှိနေခဲ့ရင်ကော။ အဲဒီ ကိစ္စတွေက ကမ္ဘာကြီး အပေါ်တွင် မည်ကဲ့သို့ သော အကျိုးသက်ရောက်မှုမျိုး ရှိစေမည်နည်း။ ငြိမ်းချမ်းရေးပဲ ဖြစ်မည်လား။ စစ်ပွဲကြီးပဲ ဖြစ်မည်လား။ လူ့ယဉ်ကျေးမှု ဆုံးခန်းတိုင်သည့် ဘဝသို့ ရောက်ရှိ သွားလေမည်လော'ဟု ရောဘတ်က တွေးလိုက်မိသည်။

သူ့အနေနှင့် ဟန်စ်ဘက်ကာမင်သည် အလွန် ရှုးသွပ်နေသူ တစ်ယောက် ဖြစ်ပြီး တကယ် ပျက်ကျသည့်ပစ္စည်းမှာ မိုးလေဝသဘောလုံးကြီးသာ ဖြစ်နေ စေဟု မျှော်လင့်နေမိပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com

ဟန်စ်ဘက်ကာမင်၏ ပြောစကားကို အတည်ပြုနိုင်ရန် သို့မဟုတ် ငြင်းပယ်နိုင်ရန် သူ့အနေနှင့် နောက်ထပ် သက်သေတစ်ယောက်ကို ရှာရပါလိမ့်မည်။ ထိုကိစ္စမှာ အပေါ်ယံမှ ကြည့်လျှင် မဖြစ်နိုင်ဟု ထင်ရသည်။ သို့တိုင်အောင် ရောဘတ်ကို တစ်ခုခုက စိတ်အနှောင့်အယှက် ပေးနေသည်။

ထိုနေ့က ပျက်ကျသောပစ္စည်းမှာ မိုးလေဝသဘောလုံးကြီး တစ်လုံးသာ ဖြစ်ပြီး ထိုဘောလုံးကြီးထဲ၌ အထူး သီးသန့် ပစ္စည်းများ ပါသွားသည်ဟု ဆိုရမည် တိုင်အောင် -

အဘယ်ကြောင့် သူ့ကို နံနက် ခြောက်နာရီတွင် အမျိုးသား လုံခြုံရေး အေဂျင်စီ၌ လာရောက် တွေ့ဆုံရန် ချိန်းဆိုရလေသနည်း။

ထို မျက်မြင်သက်သေများကို အမြန်ဆုံး ရှာတွေ့ဖို့ အရေးကြီးသည်ဟု ပြောရလေသနည်း။

ဖုံးဖုံးဖိဖိများ လုပ်ကိုင်နေကြလေသလား၊ အကယ်၍ ဖုံးဖုံးဖိဖိ လုပ်နေခဲ့တယ်ဆိုရင် ဘာကြောင့်နည်း။

သူက တသီတတန်းကြီး တွေးနေမိသည်။

✦ ❖ ✦

## အခန်း ကိုး

ထိုနေ့ မွန်းလွဲပိုင်းတွင် ဂျီနီဗာမြို့ရှိ ဆွစ်ဇာလန်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အခန်းထဲတွင် သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကို ကျင်းပခဲ့သည်။

အခန်းထဲတွင် သတင်းစာဆရာ ငါးဆယ်ကျော် ရှိနေပြီး အပြင်ဘက်ရှိ စင်္ကြံလမ်းထဲသို့ပင် လျှံထွက်နေသည်။ ရုပ်မြင်သံကြားဌာန၊ အသံလွှင့်ဌာနနှင့် နိုင်ငံပေါင်း (၁၂) နိုင်ငံကျော်ကျော်မှ ကိုယ်စားလှယ်များ၊ သတင်းစာဆရာများသည် ရုပ်မြင်သံကြားရိုက်ကူးစက်များ၊ အသံဖမ်းခွက်များနှင့်အတူ ရောက်ရှိနေကြသည်။ သူတို့ အားလုံးက တစ်ပြိုင်နက်တည်း ပြောဆိုနေကြပုံရသည်။

"အဲဒီ ပစ္စည်းဟာ မိုးလေဝသဘောလုံး မဟုတ်ကြောင်း ကျုပ်တို့ သတင်းရရှိထားတယ်"

"ပန်းကန်ပြားပျံတစ်ခု ဆိုတာ ဟုတ်ပါသလား"

"အဲဒီ အာကာသယာဉ်ပေါ်မှာ ဂြိုဟ်သားတွေရဲ့ ခန္ဓာကိုယ်တွေ ပါလာတယ်ဆိုတဲ့ ကောလာဟလတွေ ဖြစ်ပေါ်နေပါတယ်"

"ဂြိုဟ်သား တစ်ယောက်ယောက်ဟာ အသက်ရှင်နေပါသလား"

"လုပ်သားပြည်သူတွေ အမှန်တရားကို မသိနိုင်အောင် အစိုးရက ဖုံးကွယ်နေပါသလား"

ပြောရေးဆိုခွင့်ရှိသော အရာရှိက လူထု ပရိသတ်ကို ထိန်းနိုင်အောင် အသံကို မြှင့်လိုက်သည်။

"ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ အမျိုးသားများ ခင်ဗျာ၊ အခု ကိစ္စမှာ နားလည်မှုကလေး လွဲမှားနေကြပါတယ်။ လူတွေက ကျွန်တော်တို့ဆီကို တစ်ချိန်လုံး ဆက်သွယ်ပြီး သတင်းပို့လေ့ ရှိကြပါတယ်။ လူတွေ အနေနဲ့ ဂြိုဟ်တုတွေ၊ ကြွေကျတဲ့ကြယ်တွေကို မြင်လေ့ တွေ့လေ့ ရှိကြပါတယ်။ ယူအက်ဖ်အိုတွေကို မြင်တဲ့ တွေ့တဲ့ လူတွေက ဘယ်သူဘယ်ဝါ မပြောဘဲ သတင်းပို့လေ့ ရှိကြတာတော့ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ အခုလို ဆက်သွယ်ပြီး သတင်းပို့တဲ့ ပုဂ္ဂိုလ်က အဲဒီ ပစ္စည်းဟာ ယူအက်ဖ်အိုလို့ အမှန်တကယ် ယုံကြည်ကောင်း ယုံကြည်ပါလိမ့်မယ်။ ဒါပေမယ့် တကယ့်တကယ်ကျတော့ အဲဒီပစ္စည်းတွေဟာ မိုးလေဝသဘောလုံးကြီးတစ်လုံး မြေပြင်ပေါ်ကို ပျက်ကျသွားတာပဲ ဖြစ်ပါတယ်။ အဲဒီ နေရာအထိ ခင်ဗျားတို့ကို ပို့ပေးဖို့ သွားလာရေးအစီအစဉ်တွေကို ပြုလုပ်ထားပြီး ဖြစ်ပါတယ်။ ကျေးဇူးပြုပြီး ကျွန်တော့်နောက်က လိုက်လာကြပါခင်ဗျာ"

နောက်ထပ် (၁၅) မိနစ် ကြာသောအခါ ဘတ်စ်ကားနှစ်စီး [illegible]



www.burmeseclassic.com

www.burmeseclassic.com

ရှိသော သတင်းထောက်များနှင့် ရုပ်မြင်သံကြား ရိုက်ကူးသူများသည် ပျက်ကျသွားသော မိုးလေဝသဘောလုံးရှိရာ ယူတင်ဒေါဖ့်သို့သွားရန် ထွက်ခွာသွားကြလေသည်။

သူတို့ ရောက်ရှိကြသောအခါ သူတို့သည် စိုရွှဲနေသောမြက်တောထဲတွင် မတ်တတ်ရပ်ရင်း ပျက်စီးနေသော မိုးလေဝသဘောလုံးကြီးကို ဝိုင်းဝန်း ကြည့်ရှုနေကြသည်။

မြန်ကြားရေးအရာရှိက -

"ဒီပစ္စည်းကြီးဟာ ခင်ဗျားတို့ရဲ့ ပန်းကန်ပြားပျံကြီးပါပဲ၊ ကျွန်တော်တို့က ဒီဘောလုံးကြီးကို ဗီဗေးမှာရှိတဲ့ လေတပ်စခန်းက လွှတ်တင်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ သိထားရသမျှဆိုရင် ကျွန်တော်တို့အစိုးရဟာ ယူအက်ဖ်အိုတိုင်းကို ကျေနပ်မှုရှိအောင် ဖြေရှင်းပြနိုင်ခဲ့သလို ကျွန်တော်တို့ဆီကို ဘယ်ဂြိုဟ်သားမှ ရောက်ရှိလာခြင်း မရှိသေးပါဘူး။ တကယ်လို့ အဲဒီလို ကိစ္စမျိုးအတွက် သက်သေအထောက်အထားတွေ ရရှိလာမယ်ဆိုရင် အဲဒီ အချက်အလက်တွေကို နိုင်ငံသူနိုင်ငံသားတွေသိအောင် ချက်ချင်းလက်ငင်း အသိပေးဖို့ဆိုတာ ကျွန်တော်တို့အစိုးရရဲ့ မူဝါဒပဲ ဖြစ်ပါတယ်။ တကယ်လို့ နောက်ထပ် မေးချင်မြန်းချင်တာများ ရှိခဲ့မယ် ဆိုရင် . . ."

❖ ❖ ❖

## အခန်း တစ်ဆယ်

ဟာဂျိုနီးယားပြည်နယ် လန်ဂလီ လေတပ်စခန်းရှိ လေယာဉ်ပျံထားရှိသည့် အဆောက်အအုံ အမှတ် (၁၇) ကို အစောင့်အကြပ် ထူထပ်စွာနှင့် ထိန်းသိမ်းထားရှိသည်။ အပြင်ဘက်တွင် လက်နက်ကိုင် မရိန်းတပ်သား လေးဦးတို့က အဆောက်အအုံ၏ ဥပစာကို စောင့်ကြပ်နေကြပြီး အတွင်းဘက်တွင်မူ ကြည်းတပ်မှ အရာရှိကြီးသုံးဦးတို့က တစ်ဦးလျှင် ရှစ်နာရီစီ အလှည့်ကျ တာဝန်ယူ၍ ထို အဆောက်အအုံ အတွင်းရှိ သော့ခတ်ထားသော အခန်းတစ်ခန်းကို စောင့်ကြပ်နေကြသည်။

ထိုအရာရှိများက သူတို့သည် မည်သည့်ပစ္စည်းကို စောင့်ကြပ်နေကြရကြောင်း မသိရှာကြပါ။ အတွင်းဘက်၌ အလုပ်လုပ်နေကြသော သိပ္ပံပညာရှင်များနှင့် ဆရာဝန်များအပြင် ထိုအခန်းထဲသို့ ဧည့်သည်သုံးဦးသာ ဝင်ခွင့်ပြုထားသည်။

စတုတ္ထမြောက် ဧည့်သည်မှာ ယခု ရောက်ရှိလာလေပြီ။

သူ့ကို လုံခြုံရေး အတွက် တာဝန်ယူထားသော ဗိုလ်မှူးချုပ်ပက်တန်က နှုတ်ဆက်လိုက်သည်။

"ကျုပ်တို့ရဲ့ တိရစ္ဆာန်ရုံက ကြိုဆိုပါတယ်"

"ကျုပ်ကလည်း ဒီကို လာချင်နေတာပါ"

"ခင်ဗျား စိတ်မပျက်စေရပါဘူးဗျာ၊ ကျေးဇူးပြုပြီး ဒီဘက်က ကြွပါ"

သော့ခတ်၍ ပိတ်ထားသော အခန်းတံခါးရှေ့တွင် လူတစ်ကိုယ်လုံး လုံခြုံအောင် ဝတ်ဆင်နိုင်သော ပိုးသတ်ထားသည့် အဖြူရောင်ဝတ်စုံလေးစုံ တင်ထားသော စင်တစ်ခုရှိသည်။

ဗိုလ်မှူးချုပ်က မေတ္တာရပ်ခံလိုက်၏။

"ကျေးဇူးပြုပြီး အဲဒါကို ယူဝတ်ပေးပါဗျာ"

"ရပါတယ်ဗျာ"

ကျေနပ်စ်က ထိုဝတ်စုံကို ဝတ်ဆင်လိုက်၏။ မှန်မျက်နှာဖုံး နောက်ဘက်၌ ရှိသော သူ့မျက်နှာကိုသာ မြင်ရတော့သည်။ သူက သူ့ရှူးဖိနပ်ပေါ်သို့ အဖြူရောင် ကွင်းထိုးဖိနပ်ကြီးများကို ဝတ်ဆင်လိုက်ရာ ဗိုလ်မှူးချုပ်က သူ့ကို ပိတ်ထားသည့် တံခါးပေါက်ဆီသို့ ခေါ်သွားတော့သည်။ မရိန်းတပ်သားက ဘောမယ် ပေးလိုက်သဖြင့် ဗိုလ်မှူးချုပ်က တံခါးကို ဖွင့်ပေးလိုက်သည်။

"အထဲမှာ ခင်ဗျ"





www.burmeseclassic.com

www.burmeseclassic.com

ဂျေးနပ်စ်သည် အတွင်းဘက်သို့ ဝင်သွားပြီး လှည့်ပတ်ကြည့်လိုက်သည်။ ထိုအခန်း၏အလယ်ကောင်တွင် အာကာသယာဉ်ရှိနေသည်။ တစ်ဖက်၌ရှိသော ခွဲစိတ်ကုသသည့် အဖြူရောင်ခွဲစိတ်စင်နှစ်ခုပေါ်တွင် ဂြိုဟ်သားနှစ်ယောက်တို့၏ ခန္ဓာကိုယ်များ ရှိနေကြသည်။ ရောဂါဗေဒ ဆရာဝန်တစ်ဦးက ဂြိုဟ်သားတစ်ဦး၏ ခန္ဓာကိုယ်ကို ခွဲစိတ်၍ စစ်ဆေးကြည့်ရှုနေသည်။

ဗိုလ်မှူးချုပ် ပက်တန်က ဧည့်သည်ဖြစ်သူအား အာကာသယာဉ်အကြောင်း ပြောပြလိုက်သည်။

"ကျုပ်တို့ဆီမှာ ခုရှိနေတာကတော့ ကင်းထောက်ယာဉ်လို့ ယူဆရတဲ့ ပစ္စည်းပါပဲ။ ဒီ ကင်းထောက်ယာဉ်ဟာ မိခင်ယာဉ်ကြီးနဲ့ ဆက်သွယ်နိုင်တဲ့ နည်းလမ်း တစ်နည်းနည်း ရှိလိမ့်မယ်လို့ ကျုပ်တို့ ယူဆပါတယ်"

သူတို့နှစ်ယောက်သည် စေ့စေ့စပ်စပ် လေ့လာရန် အာကာသယာဉ်အနီးသို့ ချဉ်းကပ်လိုက်ကြသည်။ ထိုအာကာသယာဉ်၏ အချင်းမှာ ခန့်မှန်းခြေ (၃၀) ပေခန့်ရှိသည်။ အတွင်းဘက်ကို ပုလဲလုံးပုံသဏ္ဍာန် ပုံဖော်ထားပြီး နောက်သို့ လှန်ချနိုင်သော ထိုင်ခုံများနှင့်တူသည့် ခုံရှည်သုံးခု ရှိနေသည်။ နံရံများပေါ်တွင် တုန်ခါနေသော သတ္တုပြားအပိုင်းများ အပြည့်အနှက် ရှိနေကြသည်။

"ကျုပ်တို့ အနေနဲ့ ဘယ်လိုမှ စဉ်းစားကြည့်လို့ မရတာတွေ အများကြီး ရှိနေပါသေးတယ်"

ဗိုလ်မှူးချုပ် ပက်တန်က ဝန်ခံလိုက်သည်။

"ဒါပေမယ့် ကျုပ်တို့ သိထားရသမျှကလည်း အံ့ဩစရာတွေချည်းပါပဲ"

သူက တသီတတန်းကြီး ရှိနေသောပစ္စည်းများကို လက်ညှိုးထိုးပြလိုက်သည်။

"အဲဒါကတော့ မြင်ကွင်းကျယ် ကြည့်ရှုရေးစနစ်၊ ပြီးတော့လည်း အသံကို ထုတ်ပြီး ပြောနိုင်စွမ်းရှိတဲ့ ဆက်သွယ်ရေးစနစ်၊ လေကြောင်းလမ်းပြစနစ်ကိုတော့ လုံးဝ ဉာဏ်မမီသေးပါဘူး။ လျှပ်စစ်သံလိုက် လှုပ်ရှားမှုနှန်းပေါ်မှာ အခြေခံထားတာလို့ ယူဆပါတယ်"

ဂျေးနပ်စ်က မေးလိုက်၏။

"အာကာသယာဉ်ပေါ်မှာ လက်နက်တွေ ဘာတွေ ပါလာသေးသလား"

ဗိုလ်မှူးချုပ် ပက်တန်က စိတ်ရှုပ်ဟန်ဖြင့် လက်နှစ်ဖက်ကို ဖြန့်ပြလိုက်သည်။

"ကျုပ်တို့ အနေနဲ့ အတိအကျ မပြောတတ်ဘူး၊ ကျုပ်တို့ နားမလည်တဲ့ အမာထည်ပစ္စည်းတွေ အများကြီးရှိနေတယ်"

"စွမ်းအင်ရရှိရေး အခြေခံက ဘာလဲ"

"ကျုပ်တို့ အကောင်းဆုံး စဉ်းစားလို့ရတာကတော့ သူတို့က မိုနိုအက်တွန်မစ်ဟိုက်ဒရိုဂျင်ကို သုံးစွဲပြီး စွန့်ပစ်ပစ္စည်းအနေနဲ့ ရေပြန်ဖြစ်လာမယ်။ စွမ်းအင်အမြဲတမ်း ရနေအောင်ကတော့ အဲဒီရေတို ဟိုက်ဒရိုဂျင် ဖြစ်လာအောင် စဉ်ဆက်မပြတ် ပြန်လုပ်တယ်လို့ ထင်တာပဲ။ အဲဒီလို စွမ်းအင်ကို စဉ်ဆက်မပြတ် ရနေမယ်ဆိုရင် ဂြိုဟ်တွေ တစ်ခုနဲ့ တစ်ခု အကြားကို လွယ်လွယ်ကူကူ သွားလာကူးသန်းနိုင်ပါလိမ့်မယ်။ ဟောဒီမှာရှိတဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ဖို့ ဆိုတာကတော့ ကျုပ်တို့ အနေနဲ့ နှစ်ပေါင်းများစွာ အချိန်ယူရလိမ့်မယ်။ ပြီးတော့





ဆည်း ဦးနှောက်ခြောက်စရာ ကိစ္စတစ်ခု ရှိနေသေးတယ်၊ ဂြိုဟ်သား နှစ်ယောက်ရဲ့ ခန္ဓာကိုယ်တွေဟာ ခုံရှည်ကြီးတွေအပေါ်မှာ ခါးပတ်နဲ့ ပတ်ထားပြီးသားဖြစ်နေတယ်။ ဒါပေမယ့် တတိယမြောက် ခုံရှည်ပေါ်မှာ ချိုင့်ကြီးထင်နေတဲ့ အရာတွေအရ အဲဒီ ခုံပေါ်မှာလည်း လူပါလာလိမ့်မယ်လို့ ယူဆရတယ်"

ဂျေးနပ်စ်က ခပ်ဖြည်းဖြည်း ပြောလိုက်၏။

"ခင်ဗျားက တစ်ယောက်ယောက် ပျောက်နေတယ်လို့ ဆိုလိုတာလား"

"အဲဒီလို ပုံစံမျိုး ဖြစ်နေတယ် ခင်ဗျ"

ဂျေးနပ်စ်သည် မျက်မှောင်ကုတ်ရင်း အတန်ကြာအောင် ဆက်မတ်တတ်ရပ်နေသည်။

"ကဲ ကျုပ်တို့ဆီ ကျူးကျော်ဝင်ရောက်လာသူတွေကို ကြည့်ကြရအောင်"

သူတို့သည် ဂြိုဟ်သားနှစ်ယောက် ရှိနေသော ခွဲစိတ်စင် နှစ်လုံးဆီကို လျှောက်သွားကြသည်။

ဂျေးနပ်စ်က မတ်တတ်ရပ်ရင်း ထူးဆန်းသော ထိုနှစ်ခုကို ငေးစိုက်နေသည်။ လူသားများနှင့်မတူ အလွန် ကွဲပြားခြားနားသော ဤသတ္တဝါများသည် အနံ့ဖြင့် ခံစား၍ သိနိုင်စွမ်း ရှိနေကြခြင်းမှာ တွေးထင်ထားသည်ထက် ပိုမိုထူးခြားနေသည်။ ထိုသတ္တဝါများ၏ ဦးခေါင်းတွင် လုံးဝ ဆံပင် မရှိသလို မျက်ခုံးမွေး မျက်ခွံမွေးများလည်း မရှိကြပါ။ မျက်လုံးများကမူ ပင်ပေါင်ဘောလုံးများနှင့် တူနေသည်။

သူတို့ ရောက်ရှိသွားချိန်တွင် ခွဲစိတ်စစ်ဆေးမှု ပြုနေသော ဆရာဝန်က မော့ကြည့်လိုက်၏။

ဆရာဝန်က -

"သိပ္ပံစိတ်ဝင်စားဖို့ ကောင်းတာပဲ၊ ဂြိုဟ်သားတစ်ယောက်ရဲ့ လက်တစ်ဖက်ဟာ ပြတ်ထွက်သွားတယ်။ သွေးစသွေးနကို ရှာမတွေ့ရဘူး။ ဒါပေမယ့် အစိမ်းရောင် အရည်တွေ ရှိနေတဲ့အကြောတွေကိုတော့ တွေ့ရတယ်။ အဲဒီ အစိမ်းရောင်အရည် တော်တော်ခပ်များများဟာ စီးထွက်သွားကြပြီ"

"အစိမ်းရောင်အရည်တွေ၊ ဟုတ်လား"

ဂျေးနပ်စ်က မေးလိုက်၏။

"ဟုတ်ပါတယ်"

ဆရာဝန် တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။

"ကျွန်တော်တို့ အထင်ကတော့ ဒီသတ္တဝါတွေဟာ ဟင်းသီးဟင်းရွက်တွေရဲ့ ပုံစံတစ်မျိုးပဲလို့ ယူဆပါတယ်"

"စဉ်းစားတွေးခေါ်နိုင်တဲ့ ဟင်းသီးဟင်းရွက်လား၊ ခင်ဗျားက လေးလေးနက်နက် ပြောနေတာလား"

"ဟောဒါကို စောင့်ကြည့်ပေါ့ဗျာ"

ဆရာဝန်က ရေဖျန်းသည့် ရေပုံးတစ်ခုကို မ,ယူလိုက်ပြီးနောက် လက်တစ်ဖက် မရှိတော့သော ဂြိုဟ်သားပေါ်သို့ ရေနှင့် ဖျန်းပေးလိုက်သည်။ ခေတ္တမျှ ဘာမှ ဖြစ်မလာပါ။ ထို့နောက် ချက်ချင်း ဆိုသလိုပင် လက်တစ်ဖက်ထိပ်မှ အစိမ်းရောင်အရည်များ ပန်းထွက်လာပြီးနောက် လက်တစ်ဖက် ပြန်ပေါက်ပြုလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


သူတို့နှစ်ယောက်သည် ငေးကြည့်ရင်း သွေးပျက်သွားကြသည်။

"ဘုရား ဘုရား၊ ဒီသတ္တဝါတွေဟာ အသေတွေလား၊ အရှင်တွေလား"

"အဲဒါကတော့ စိတ်ဝင်စားစရာ မေးခွန်းပါပဲ၊ ဒီပုံသဏ္ဌာန်နှစ်ခုဟာ လူသားတို့ရဲ့စံနဲ့ ပြောရမယ်ဆိုရင် အသက် မရှိတော့ပါဘူး၊ ဒါပေမယ့် သူတို့ဟာ သေခြင်းဆိုတဲ့ အဓိပ္ပာယ်ဖော်ပြချက်နဲ့တော့ မကိုက်ညီပြန်ဘူး၊ သူတို့ဟာ မြုံနေတယ်လို့ ပြောရပါလိမ့်မယ်"

ဂျေးနပ်စ်သည် အသစ် ဖြစ်ပေါ်လာနေသောလက်ကို ငေးစိုက်ကြည့်နေဆဲပင် ဖြစ်သည်။

"အပင် တော်တော်များများဟာ အသိဉာဏ် အမျိုးမျိုးရှိကြောင်း ပြသကြပါတယ်"

"အသိဉာဏ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ တချို့ အပင်တွေဟာ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့အတွက် အသွင်သဏ္ဌာန်ကို ပြောင်းလဲပစ်တတ်ကြပါတယ်။ ခု လောလောဆယ်မှာတော့ ကျွန်တော်တို့က အပင်တွေရဲ့ အသက်ဇီဝနဲ့ ပတ်သက်တဲ့ အံ့သြစရာ စမ်းသပ်မှု အချို့ကို ပြုလုပ်နေကြပါတယ်"

ဂျေးနပ်စ်က ပြောလိုက်သည်။

"ကျုပ် အဲဒီ စမ်းသပ်မှုတွေကို ကြည့်ချင်တယ်"

"ရပါတယ် ခင်ဗျာ၊ ကျွန်တော် ဝမ်းမြောက်ဝမ်းသာစွာ စီစဉ်ပေးပါ့မယ်"

အပင်များကို သုတေသနပြုလုပ်နေသော အဆောက်အအုံ ဓာတ်ခွဲခန်းကြီးသည် ဝါရှင်တန်ဒီစီ၏ အပြင်ဘက် မိုင် (၃၀) ဝေးသော အစိုးရအဆောက်အအုံများရှိရာ ခြံဝင်းကြီး အတွင်း၌ တည်ရှိသည်။

အဆိုပါ အဆောက်အအုံ၏နံရံပေါ်တွင်-

သကြားပင်နှင့် ခရစ်ကောက်ပင်များ ယခု အချိန်အထိ ပျက်စီးခြင်း မရှိသေးပါ။ သို့တိုင်အောင် ၎င်းတို့သည် အာရုံကို ခံစားတတ်လာကြသည့်အခါ ၎င်းတို့ကလည်း ဆဲရေးမည်၊ ကျိန်ဆဲကြလိမ့်မည်မှာ သေချာလှပေသည်။

ရုပ်ဖ်ဝေါလ်ဒိုအီမာဆန်

သဘာဝ- ၁၈၃၆

ဆိုသော စာသားများကို ရေးသားချိတ်ဆွဲထားပေသည်။

အဆိုပါ လုပ်ငန်းကြီး တစ်ခုလုံး၏ အကြီးအကဲဖြစ်သော ပရိုဖက်ဆာ ရက်ချ်မန်သည် သူ့လုပ်ငန်း အတွက် အလွန့်အလွန် စိတ်အားထက်သန်သူ ဖြစ်သည်။

"အပင်တွေမှာ တွေးတောနိုင်တဲ့ အရည်အချင်းရှိတယ် ဆိုတာကို ပထမဦးဆုံး တွေးတောမိတာကတော့ ချားလ်စ်ဒါဝင် ဖြစ်ပါတယ်။ လူသာဘားဘင့်ခ်ကတော့ အဲဒါကို လက်ခံပြီး အပင်တွေနဲ့ အဆက်အသွယ် ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်"

"အဲဒါ ဖြစ်နိုင်တယ်လို့ ခင်ဗျား တကယ် ယုံကြည်သလား"

"ဖြစ်နိုင်တယ်ဆိုတာ ကျုပ်တို့သိကြပါတယ်၊ ဂျော့ချ်ဝါရှင်တန်ကာဗာဆိုတဲ့ လူမည်းအမျိုးသား စိုက်ပျိုးရေးဓာတုဗေဒပညာရှင်ဟာ အပင်တွေနဲ့ ရင်းနှီးစွာဆက်ဆံခဲ့တဲ့အတွက် အပင်တွေဟာ သူ့ကို မျိုးဆက်ပေါင်းမြောက်မြားစွာ ထုတ်လုပ်ပေးခဲ့ကြပါတယ်။ ကျုပ်က ပန်းပွင့်တစ်ပွင့်ကို လက်နဲ့ ထိလိုက်ရင် ကျုပ်ဟာ အဆုံးအစ မရှိမှုကို လက်နဲ့ထိတွေ့လိုက်တာပဲ ဖြစ်တယ်။ ဒီကမ္ဘာပေါ်မှာ လူသားတွေ ဖြစ်ပေါ်မလာခင်ကတည်းက ပန်းပွင့်တွေ ရှိနေခဲ့ကြတယ်။ လူသားတွေ ကွယ်ပျောက်သွားပြီးတဲ့ နောက်ပိုင်းမှာလည်း ပန်းပွင့်တွေဟာ နှစ်ပေါင်း သန်းပေါင်းများစွာ ကြာအောင် ဆက်ရှိနေဦးမှာပဲလို့ ကာဗာက ပြောခဲ့တယ်"

ဂျေးနပ်စ်သည် သူ ရောက်ရှိနေသော အလွန် ကြီးမားသည့် အပင်သုတေသနပြုရာ အဆောက်အအုံ အတွင်းဘက်ကို လျှောက်ကြည့်နေသည်။

ထို အဆောက်အအုံထဲတွင် အခြား နိုင်ငံခြားမှ ပန်းပွင့်ပေါင်း များစွာသည် အတိတန်ကြီး ပေါ်နေသကဲ့သို့ပင်တည်း။ မွှေးရနံ့ပေါင်းစုံ၏ အမွှေးနံ့များကလည်း မွှေးပြင်းထန်လွန်းလှသည်။

"ဟောဒီ အခန်းထဲမှာ ရှိရှိသမျှ အပင်တွေဟာ အသက်ရှိကြတယ် ခင်ဗျ"

ပရိုဖက်ဆာ ရက်ချ်မန်က ပြောလိုက်သည်။

"ဟောဒီ အပင်တွေဟာ တိရစ္ဆာန်တွေလိုပဲ ချစ်တတ်တယ်၊ မုန်းတတ်တယ်၊ နာကျင်တဲ့ဝေဒနာ စိတ်လှုပ်ရှားမှုတွေကို ခံစားတတ်ကြပါတယ်။ အပင်တွေဟာ အသံနေအသံထားပေါ်မှာ မူတည်ပြီး တုံ့ပြန်တတ်တယ် ဆိုတာကို ဆာဂျဝါးဒစ် ချန်ဒရာဘို့စ်က သက်သေပြခဲ့ပါတယ်"

ဂျေးနပ်စ်က မေးလိုက်၏။

"အဲဒါကို ဘယ်လိုလုပ်ပြီး သက်သေပြနိုင်သလဲ"

"ကျုပ်က ဝမ်းမြောက်ဝမ်းသာစွာနဲ့ လက်တွေ့ပြသပါ့မယ်"

ပရိုဖက်ဆာ ရက်ချ်မန်သည် သစ်ပင်များနှင့် ပြည့်နှက်နေသော စားပွဲတစ်လုံးဆီသို့ လျှောက်သွားတော့သည်။ ထိုစားပွဲနံဘေးတွင် ပိုလီဂရပ်ဖ် စက်တစ်လုံး ရှိနေသည်။ ရက်ချ်မန်သည် အီလက်ထရုတ်တစ်ခုကို ကောက်ယူလိုက်ပြီးနောက် အပင်တစ်ပင်တွင် ညှပ်ထားလိုက်သည်။ ပိုလီဂရပ်ဖ်စက်ပေါ်မှ မြားတံကလေးသည် ငြိမ်သက်နေသည်။

"စောင့်ကြည့်နေဗျ" ဟု သူက ပြောလိုက်၏။

ပရိုဖက်ဆာ ရက်ချ်မန်သည် အပင်နားသို့ ချဉ်းကပ်သွားပြီး တိုးတိုးကလေး ပြောလိုက်သည်။

"မင်းဟာ သိပ်လှတာပဲလို့ ငါထင်တယ်၊ မင်းဟာ ဒီမှာ ရှိနေတဲ့ သစ်ပင်တွေ အားလုံးထက် ပိုပြီး လှနေတယ်ကွ"

ဒိုင်ခွက်ပေါ်မှ မြားတံကလေး အနည်းငယ် ရွေ့သွားသည်ကို ဂျေးနပ်စ်က စောင့်ကြည့်နေသည်။

ပြန်းခနဲ ဆိုသလို ပရိုဖက်ဆာ ရက်ချ်မန်က အပင်ကို တအားကုန် အော်ဟစ်ပြောဆိုလိုက်ပြန်၏။

"မင်းဟာ သိပ်အရုပ်ဆိုးတယ်၊ မင်း သေရတော့မယ်၊ ငါပြောတာကို ကြားရရဲ့လား၊ မင်း သေရတော့မယ်"

မြားတံကလေးသည် လှုပ်ရှားစ ပြုလာပြီးနောက် အပေါ်ဘက်သို့ ဒိုင်းခနဲ ခုန်ဆောင့်တက်သွားလေ၏။

"မြတ်စွာဘုရား၊ ကျုပ်တော့ မယုံနိုင်လောက်အောင်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com

ဂျေးနပ်စ်က ပြောလိုက်မိခြင်း ဖြစ်သည်။

ရက်ချ်မန်က ပြောလိုက်၏။

"ခင်ဗျား အခု မြင်တွေ့ရတာဟာ လူတွေအဖို့ ရှုရူးဝါးဝါး အော်ဟစ်လိုက်တာနဲ့ အလားသဏ္ဌာန် တူတယ်၊ မဂ္ဂဇင်းတွေထဲမှာ ဒီစမ်းသပ်ချက်တွေနဲ့ ပတ်သက်တဲ့ ဆောင်းပါးတွေကို ထည့်သွင်းဖော်ပြပြီးပါပြီ။ စိတ်ဝင်စားဖို့ အကောင်းဆုံးကတော့ ကျောင်းသားခြောက်ယောက် ပြုလုပ်ခဲ့တဲ့ မျက်မမြင် စမ်းသပ်နည်းပဲ။ အဲဒီ ကျောင်းသားခြောက်ယောက်ထဲက ကျန်တဲ့ကျောင်းသားတွေကို အသိမပေးဘဲ ကျောင်းသားတစ်ယောက်ကို ရွေးချယ်လိုက်တယ်၊ အဲဒီကျောင်းသားကို အပင်နှစ်ပင်နဲ့အတူ အခန်းထဲကို ဝင်သွားခိုင်းလိုက်တယ်။ အပင်တစ်ပင်ကို ပိုလီဂရပ်ဖ်စက်နဲ့ ဆက်သွယ်ထားတယ်။ အခန်းထဲရောက်တဲ့အခါကျတော့ ကျန်အပင်တစ်ပင်ကို ကြေမွသွားအောင် ဖျက်ဆီးခိုင်းတယ်။ နောက်ပိုင်းကျတော့ အခန်းထဲကို ကျောင်းသားတစ်ယောက်စီ ဝင်ခိုင်းလိုက်ပြီး အပင်တွေအနားက ဖြတ်လျှောက်သွားစေခဲ့တယ်။ အပြစ်မရှိတဲ့ ကျောင်းသားတွေ ဝင်သွားတဲ့အချိန်မှာ ပိုလီဂရပ်ဖ်မှာ ဘာမှ မပြဘူး၊ အပြစ်ရှိတဲ့ကျောင်းသား အခန်းထဲကို ဝင်လာတာနဲ့တစ်ပြိုင်နက် ပိုလီဂရပ်ဖ်ပေါ်က မြားတံကလေးဟာ ဒိုင်းခနဲ ဆောင့်တက်သွားတော့တာပဲ"

"မယုံကြည်နိုင်စရာဘဲဗျာ"

"ဒါပေမယ့် ဟုတ်ကို ဟုတ်ပါတယ်ဗျ၊ ပြီးတော့လည်း အပင်တွေဟာ ကွဲပြားခြားနားတဲ့ တေးဂီတသံတွေကို တုံ့ပြန်တတ်ကြောင်းကိုလည်း သိထားရပါတယ်"

"ကွဲပြားခြားနားတဲ့ တေးဂီတသံ၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ သူတို့ဟာ ဒင်ဗာမှာရှိတဲ့ တင်ပယ်ဘူးရယ်ကောလိပ်မှာ အင်မတန် ကျန်းမာသန်စွမ်းတဲ့ ပန်းပွင့်တွေကို မှန်သေတ္တာသုံးလုံးထဲမှာ သီးခြားစီထားရှိပြီး စမ်းသပ်ခဲ့ကြတယ်။ အင်မတန် ပြင်းထန်စူးရှတဲ့ အက်စစ်ရော့ခ်တေးဂီတကို မှန်သေတ္တာတစ်လုံးနဲ့ ဆက်ပေးထားတယ်။ အရှေ့တိုင်းက သာယာညင်းပျောင်းတဲ့ အိန္ဒိယတေးဂီတသံကိုတော့ ဒုတိယမှန်သေတ္တာနဲ့ ဆက်သွယ်ထားတယ်၊ ကျန် မှန်သေတ္တာကိုတော့ ဘာတေးဂီတနဲ့မှ ဆက်သွယ် မထားဘူး စီဘီအက်စ် ရုပ်မြင်သံကြားဌာနရဲ့ ကင်မရာအဖွဲ့က အဲဒီသေတ္တာ စမ်းသပ်မှုကို ရိုက်ကူး မှတ်တမ်းတင်ထားတယ်။ ရက်သတ္တ နှစ်ပတ် ကြာတဲ့အခါကျတော့ ရော့ခ်တေးဂီတနဲ့ ဆက်သွယ်ထားတဲ့ ပန်းပွင့်လေးတွေဟာ သေကုန်ကြတယ်။ တေးဂီတနဲ့ ဆက်သွယ်မထားတဲ့ ပန်းပွင့်တွေကျတော့ သာမန် ထုံးစံအတိုင်း ဖူးပွင့်လာကြတယ်။ အင်မတန် ငြိမ့်ညောင်းသာယာတဲ့ အိန္ဒိယတေးဂီတသံကို နားထောင်ရတဲ့ ပန်းပွင့်တွေကတော့ အလွန် ထူးခြားလှစွာ ဖူးပွင့်လာကြတဲ့အပြင် နှုတ်တွေက တေးဂီတသံ လာရာဘက်ကို ဦးတည်ပြီး ရှည်ထွက်လာတာကို တွေ့ကြရတယ်။ ဝေါလ်တာကရွန်ကိုက်က ဒီစမ်းသပ်ချက်ကို သူ့သတင်း အစီအစဉ်ကဏ္ဍမှာ ထုတ်လွှင့်ပြသခဲ့တယ်။ အဲဒါကို ပြန်စစ်ဆေးချင်တယ်ဆိုရင်တော့ ၁၉၇၀ ပြည့်နှစ် အောက်တိုဘာ ၂၆ ရက်နေ့က လွှင့်ထုတ်ခဲ့တာပါ"

"အပင်တွေမှာ အသိဉာဏ်ရှိတယ်လို့ ခင်ဗျားက ပြောနေတာလား"

"သူတို့ဟာ အသက်ရှူကြတယ်၊ အစာ စားသောက်ကြတယ်၊ မျိုးပွားကြ





တယ်၊ သူတို့ဟာ ဝေဒနာကို ခံစားနိုင်စွမ်း ရှိကြတယ်၊ သူတို့ဟာ ရန်သူကို ခုခံကာကွယ်ဖို့ အကာအကွယ်တွေကို အသုံးပြုနိုင်စွမ်းရှိကြတယ်။ ဥပမာ ပြရမယ်ဆိုရင် အချို့သစ်ပင်တွေဟာ သူတို့ရဲ့ ပြိုင်ဘက် အပင်တွေကို အားမပေးတဲ့ အနေနဲ့ အပင် ပတ်ပတ်လည်မှာရှိတဲ့ မြေကြီးတွေကို အဆိပ်ခတ်တဲ့အနေနဲ့ တာပင်းနဲ့ ကြဖျန်းထားလေ့ရှိတယ်။ အချို့ အပင်တွေကတော့ ပိုးမွှားတွေအဖို့ စားသုံးလို့ မဖြစ်နိုင်အောင် အယ်လ်ကာလွိုက်တွေကို ထုတ်လုပ်ထားလေ့ရှိတယ်၊ အပင်တွေဟာ ဖာရိုမုန်း (Pheromones) ဆိုတဲ့ ဓာတုဗေဒ ပစ္စည်းတစ်မျိုးနဲ့ တစ်ပင်နဲ့ တစ်ပင် ဆက်သွယ်လေ့ရှိကြောင်း ကျုပ်တို့ သက်သေပြနိုင်ခဲ့ကြတယ်"

"ဟုတ်တယ်၊ အဲဒါကိုတော့ ကျုပ် ကြားဖူးတယ်"

ဂျေးနပ်စ်က ပြောလိုက်သည်။

"တချို့ သစ်ပင်တွေကတော့ အသားစားသစ်ပင်တွေ ဖြစ်ကြတယ်။ ဥပမာပြောရရင် ဗီးနပ်စ် ယင်ကောင်ထောင်ချောက် အပင်ပဲ။ သစ်ခွပန်း အချို့ဟာ ပျားကောင်အဖိုတွေကို သွေးဆောင်တဲ့ အနေနဲ့ အမြင်မှာသာမက အနံ့မှာပါ ပျားမရဲ့ အနံ့နဲ့ တူနေကြတယ်။ တချို့ သစ်ခွပန်းပွင့်တွေကတော့ သူတို့ဆီကို ကျွဲကောင် အဖိုတွေကလာပြီး ဝတ်မှုန်တွေကို သယ်ဆောင်သွားအောင် ကျွဲကောင်အမတွေနဲ့ တူနေတတ်ကြတယ်။ တချို့ သစ်ခွပန်းတွေကတော့ အနီးအနားမှာရှိတဲ့ ကယ်ရီယွန်ယင်ကောင်တွေ သူတို့ဆီ ရောက်လာအောင် အမဲသားပုပ်အနံ့မျိုး ပေါ်ထွက်နေတတ်ကြတယ်"

ဂျေးနပ်စ်က စကားလုံးတိုင်းကို အာရုံစိုက်၍ နားထောင်နေသည်။

"အမျိုးသမီးရဲ့ ပန်းရောင်ခြေညှပ်ဖိနပ် ဆိုတဲ့ သစ်ခွပန်းကတော့ ပျားတစ်ကောင် လာနားခဲ့ရင် အပေါ်ဘက်က ပွင့်ဖတ်က အုပ်ဆိုင်းပြီး ဖမ်းထားလိုက်တယ်။ သူ ပြန်ထွက်နိုင်တဲ့ တစ်ခုတည်းသော လမ်းပေါက်ကတော့ နောက်ဘက်က ပြန်ထွက်ဖို့ပဲ။ ပျားကောင်က လွတ်ရာလွတ်ကြောင်း အတွက် ရုန်းကန်ရင်းနဲ့အတူ ဝတ်မှုန်တွေ ပါသွားတော့တယ်။ အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ဒေသမှာ တစ်ခုနဲ့တစ်ခု စရိုက်လက္ခဏာချင်း မတူတဲ့ ပန်းပင်ပေါင်း အမျိုးငါးထောင်လောက် ရှိတယ်။ အဲဒီ သက်ရှိအပင်တွေမှာ အသိဉာဏ်ရှိတယ်ဆိုတာကို ကျုပ်တို့က ထပ်တလဲလဲ သက်သေပြနိုင်ခဲ့ကြပါတယ်"

ဂျေးနပ်စ်ကမူ 'ပျောက်နေသော ဂြိုဟ်သားတစ်ယောက်ကတော့ တစ်နေရာရာမှာ ရှိနေပြီ' ဟု တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်တစ်

*တတိယနေ့*

*ဘန်းမြို့၊ အောက်တိုဘာလ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့။*

ဘန်းမြို့သည် ရောဘတ်၏ ဖေဘရိတ်မြို့ တစ်မြို့ ဖြစ်သည်။ အလွန်ချစ်စရာကောင်းသော အထိမ်းအမှတ် ရုပ်တုများ၊ ကျောက်တုံးများနှင့် ဆောက်ထားသည့် (၁၈) ရာစုမှ အလွန် လှပသော အဆောက်အအုံများ ပြည့်နှက်နေသော အလွန် ကျက်သရေရှိသည့်မြို့ ဖြစ်သည်။

ဘန်းမြို့သည် ဆွစ်ဇာလန်နိုင်ငံ၏ မြို့တော်ဖြစ်ပြီး အလွန် စီးပွားဖြစ်ထွန်းသည့် မြို့တစ်မြို့လည်း ဖြစ်သည်၊ ပြီးတော့လည်း ဘတ်စ်ကားများကို အစိမ်းရောင် သုတ်ထားခြင်းမှာ ငွေစက္ကူ၏အရောင်နှင့် ဆက်စပ်မှုများ ရှိနေလေရော့သလားဟု ရောဘတ်က တွေးနေမိသည်။

ဘန်းမြို့တော်သူ မြို့တော်သားများမှာ ဆွစ်ဇာလန်နိုင်ငံရှိ အခြား ဒေသများမှ ပုဂ္ဂိုလ်များထက် ပို၍ အေးအေးလူလူ ရှိကြသည်။ သူတို့က စကားကို စဉ်းစဉ်းစားစား ပြောလေ့ရှိကြသည်၊ စကားပြောရာတွင် ပို၍ အေးဆေးပြီး ယေဘုယျအားဖြင့် ပို၍ တည်ငြိမ်မှု ရှိကြသည်။

သူသည် ယခင်က ဘန်းမြို့တွင် နေထိုင်၍ ဆွစ်ဇာလန်နိုင်ငံ၏ လျှို့ဝှက်စုံထောက်အဖွဲ့နှင့် လက်တွဲပြီး အကြိမ်ပေါင်းများစွာ ထောက်လှမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ဖူးသည်။ သူ့ကို ကူညီမည့် မိတ်ဆွေများလည်း ရှိနေသည်၊ သို့ရာတွင် သူ့ကို ညွှန်ကြားထားချက်ကလည်း ရှင်းလင်းပြတ်သားပါ၏။ ဦးနှောက်ခြောက်ဖို့ ကောင်းသော်လည်း ရှင်းလင်းပြတ်သားလှပါသည်။

ရောဘတ်အနေနှင့် ဓာတ်ပုံဆရာ၏ မော်တော်ကားကို လာဆွဲပေးခဲ့သော မော်တော်ကားစက်ပြင်သည့် အလုပ်ရုံကို သိရှိနိုင်အောင် တယ်လီဖုန်း ဆယ့်ငါးကြိမ် ဆက်သွယ်ခဲ့ရသည်။ ထို စက်ပြင်အလုပ်ရုံမှာ ဖရိုင်ဘို့စ် စထရက်ဆီးပေါ်တွင် တည်ရှိသော လုပ်ငန်းငယ်ကလေးတစ်ခုဖြစ်ပြီး စက်ပြင်ဆရာ ဖရစ်မန်ဒယ်ကိုယ်တိုင် ပိုင်ရှင် ဖြစ်နေသည်။

မန်ဒယ်သည် အသက် လေးဆယ်နီးပါး ရှိသူဖြစ်ပြီး နှုတ်ခမ်းမွှေးကြီးဂေါင်ဂင်နှင့် ဘီယာဗိုက် အကြီးကြီး ရှိနေသူ ဖြစ်သည်။ ရောဘတ် ရောက်ရှိသွားချိန်တွင် သူသည် အမဲဆီထိုးသောကျင်းထဲ၌ အလုပ်လုပ်နေမိုက် ဖြစ်သည်။

ရောဘတ်က အော်ပြောလိုက်၏။

"မင်္ဂလာရှိသော မွန်းလွဲပိုင်းပါ"





မန်ဒယ်က မော့ကြည့်လိုက်သည်။

"ကျုပ် ဘာလုပ်ပေးရမလဲဗျို့"

"ခင်ဗျား တနင်္ဂနွေနေ့တုန်းက ဆွဲယူလာတဲ့ မော်တော်ကားကို ကျုပ် စိတ်ဝင်စားလို့"

"ကျုပ် ဒီဟာကလေးပြီးအောင် တစ်မိနစ်လောက်တော့ စောင့်ပါဗျာ"

နောက်ထပ် ဆယ်မိနစ် ကြာသောအခါ မန်ဒယ်သည် ကျင်းထဲမှ တက်လာပြီးနောက် ဆီများပေကျံနေသော သူ့လက်ကို ညစ်ပတ်နေသော အဝတ်စုတ်နှင့် သုတ်လိုက်သည်။

"ဒီကနေ့မနက် တယ်လီဖုန်းဆက်တဲ့လူဟာ ခင်ဗျားပဲ၊အဲဒီလို ဆွဲယူလာတဲ့ ကိစ္စနဲ့ပတ်သက်ပြီး တစ်ယောက်ယောက်က ကန့်ကွက်နေလို့လား။ ကျုပ်မှာ ဘာတာဝန်မှ မရှိ . . ."

မန်ဒယ်၏စကားကို ရောဘတ်က ဖြတ်ပြောလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ဘယ်သူကမှ မကန့်ကွက်ပါဘူး၊ ကျုပ်က လေ့လာရေး တစ်ခု ပြုလုပ်နေတာပါ၊ ကျုပ်က အဲဒီမော်တော်ကား မောင်းတဲ့လူကို စိတ်ဝင်စားလို့ပါ"

"ရုံးခန်းထဲကို လာဗျာ"

သူတို့နှစ်ယောက်သည် ခပ်ကျဉ်းကျဉ်း ရုံးခန်းကလေးထဲသို့ ဝင်သွားကြပြီး မန်ဒယ်က ဖိုင်တွဲများ ထည့်ထားသောဗီရိုကို ဖွင့်လိုက်သည်။

"အရင် တနင်္ဂနွေနေ့လို့ ခင်ဗျား ပြောတယ်နော်"

"ဟုတ်ပါတယ်"

မန်ဒယ်က ကတ်ပြားတစ်ချပ်ကို ထုတ်ယူလိုက်၏။

"ဟုတ်တာပေါ့၊ ဟို ယူအက်ဖ်အိုရှေ့မှာ ကျုပ်တို့ကို ဓာတ်ပုံရိုက်ယူခဲ့တဲ့ လူပဲ"

ရောဘတ်၏ လက်ဖဝါးများသည် ချွေးပြန်လာကြသည်။

"ခင်ဗျားက ယူအက်ဖ်အိုကို မြင်ခဲ့ရသလား"

"မြင်ခဲ့ရတယ်ဗျ၊ ကျုပ်ဖြင့် အသက်ရှူကို မှားသွားတာပဲ"

"ခင်ဗျားက အဲဒီ ယူအက်ဖ်အိုရဲ့ ပုံပန်းသဏ္ဍာန်ကို ပြောပြနိုင်ပါသလား"

မန်ဒယ်က တုန်လှုပ်သွားသည်။

"အဲဒီဟာက အသက်ဝင်နေသလိုပဲ"

"ဘယ်လို . . . ဘယ်လို"

"ဒီလိုပါဗျာ၊ အဲဒီပစ္စည်း ပတ်ပတ်လည်မှာ အလင်းရောင်တစ်မျိုး ရှိနေတယ်။ အဲဒါက တစ်ချိန်လုံး အရောင်ပြောင်းနေတယ်၊ အပြာရောင်လို့ ထင်ရတယ်၊ နောက်တော့ စိမ်းသွားတယ်၊ ကျုပ် မပြောတတ်တော့ဘူးဗျာ၊ ပုံဖော်ပြဖို့ အတော်ခက်တယ်။ ပြီးတော့လည်း အထဲမှာ သတ္တဝါကလေးတွေ ရှိနေကြသေးတယ်။ လူတွေတော့ မဟုတ်ဘူး၊ ဒါပေမယ့် . . ."

သူ့စကား ပြတ်တောက်သွားသည်။

"ဘယ်နှယောက်လဲ"

"နှစ်ယောက်"

"သူတို့က အသက်ရှင်နေကြသလား"



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ် အမြင်မှာတော့ သူတို့ သေနေကြပြီ"

သူက နဖူးကို ချွေးသုတ်လိုက်သည်။

"ခင်ဗျားက ကျုပ်ကို ယုံကြည်တဲ့အတွက် ဝမ်းသာပါတယ်ဗျာ။ ကျုပ်က သူငယ်ချင်းမိတ်ဆွေတွေကို ပြောပြတော့ သူတို့က ဟားပစ်ကြတယ်။ ကျုပ် မိန်းမကတောင် ကျုပ် အရက်မူးနေလို့လို့ ထင်တယ်၊ ဒါပေမယ့် ကျုပ်ဘာမြင် ခဲ့သလဲ ဆိုတာ ကျုပ် သိပါတယ်ဗျာ"

ရောဘတ်က ပြောလိုက်၏။

"ခင်ဗျား ဆွဲပေးခဲ့တဲ့ ဟို မော်တော်ကားက . . ."

"အင်း . . . ရေနေဘော်ကားဗျ၊ အင်ဂျင်ဝိုင်တွေ ယိုစီးထွက်ကျပြီး ဘယ် လာရင်တွေ ပျော်သွားတယ်။ အဲဒီလို ဆွဲပေးရတဲ့အတွက် (၁၂၅) ဖရန့်ကျတယ်၊ ကျုပ်က တနင်္ဂနွေနေ့မှာဆိုရင် နှစ်ဆယူတယ်"

"ယာဉ်မောင်းတဲ့လူက ချက်နဲ့ ပေးသလား၊ အကြွေးဝယ်ခွင့်ကတ်ပြားနဲ့ ပေးသလား"

"ကျုပ်က ချက်လက်မှတ်လည်း မယူဘူး၊ အကြွေးဝယ်ခွင့်ကတ်ပြားလည်း မယူဘူး၊ သူက ငွေသားနဲ့ ပေးချေသွားတယ်"

"ဆွစ်ဖရန့်နဲ့လား"

"ပေါင်စတာလင်နဲ့"

"ခင်ဗျားဟာက သေချာရဲ့လား"

"ဟုတ်ကဲ့၊ ကျုပ် မှတ်မိပါတယ်။ ကျုပ်က ငွေလဲလှယ်တဲ့နှုန်းကိုတောင် ပြန်စစ်ခဲ့ရသေးတယ်"

"မစ္စတာ မန်ဒယ်၊ ခင်ဗျားဆီမှာ အဲဒီမော်တော်ကားရဲ့ လိုင်စင်နံပါတ်ပြား ကို မှတ်သားထားပါသလား"

"ရှိတာပေါ့"

မန်ဒယ်က ပြောလိုက်ပြီး ကတ်ပြားကို ငုံ့ကြည့်လိုက်သည်။

"အဲဒီကားက အေဗစ်ကုမ္ပဏီက ငှားလာတဲ့ကား၊ သူက ဂျီနီဗာမှာ ငှားခဲ့ တယ်"

"ခင်ဗျားက ကျုပ်ကို လိုင်စင်နံပါတ် ပေးလို့ရမလား"

"ရပါတယ်ဗျ"

သူက စာရွက်ကလေး တစ်ရွက်ပေါ်တွင် လိုင်စင်နံပါတ်ကို ရေးချလိုက် သည်။ သူက ရောဘတ်ကို လှမ်းပေးလိုက်၏။

"ဒါနဲ့ ခုကိစ္စက ဘာပါလိမ့်၊ ယူအက်ဖ်အိုနဲ့ ပတ်သက်နေသလား"

"မဟုတ်ပါဘူး"

ရောဘတ်က အင်မတန် ရိုးသားဖြူစင်သောလေသံနှင့် ပြောလိုက်သည်။ သူက ပိုက်ဆံအိတ်ကို ထုတ်ယူပြီး ကတ်ပြားတစ်ခုကို ထုတ်ယူလိုက်သည်။

"ကျုပ်က အိုင်အေစီ၊ အင်တာနေရှင်နယ် အော်တိုကလပ်ကပါ၊ ကျုပ်တို့ ကုမ္ပဏီက ဆယ်တင်ယာဉ်တွေအကြောင်း လေ့လာနေပါတယ်"

"ဩ . . ."

ရောဘတ်သည် စက်ပြင်အလုပ်ရုံထဲမှ ထွက်လာပြီးနောက် မူးတူးရိဝေစွာ တွေးတောလိုက်သည်။





'ဒါဆိုရင် ငါတို့ လက်ထဲမှာ ယူအက်ဖ်အို တစ်ခုနဲ့ သေနေတဲ့ ဂြိုဟ်သား နှစ်ယောက် ရောက်နေပြီ။

ဒါဖြင့်ရင် ဂျင်နရယ် ဟီးလီးယဒ် သူနဲ့ တွေ့စဉ်တုန်းက သူ ရှာဖွေမည့် ပစ္စည်းမှာ ပျက်ကျသော ပန်းကန်ပြားပျံဖြစ်ကြောင်း မပြောဘဲ ရောဘတ်ကို အဘယ်ကြောင့် ညာပြောခဲ့ရလေသနည်း။

ထိုကိစ္စကို ရှင်းပြနိုင်မည့် အချက်မှာ တစ်ချက်သာ ရှိသည်'ကို တွေးမိသော ကြောင့် ရောဘတ်သည် ရုတ်တရက် အေးစက်ပြီး တုန်လှုပ်သွားမိတော့သည်။

◆ ❖ ◆


www.burmeseclassic.com

www.burmeseclassic.com



# အခန်း တစ်ဆယ့်နှစ်

အလွန် ကြီးမားသော မိခင်အာကာသယာဉ်ကြီးသည် မည်းနက်နေသော အာကာသထဲတွင် အသံ မထွက်ဘဲ မျော့ပါ ပျံသန်းနေသည်။ ကမ္ဘာမြေကြီး၏ လည်ပတ်နှုန်းနှင့် ကိုက်ညီအောင် တစ်နာရီလျှင် မိုင်ပေါင်း (၂၂,၀၀၀) နှုန်းနှင့် အတိအကျ ပျံသန်းနေသည်ဖြစ်ရာ နေရာမှ မရွေ့သလို ဖြစ်နေသည်။

အာကာသယာဉ်ပေါ်၌ရှိနေသော ဂြိုဟ်သားခေါင်းဦးတို့သည် အာကာသယာဉ်၏ နံရံတစ်ဖက်ကို ဖုံးအုပ်ထားသော သုံးဖက်မြင် ကားချပ်ကြီးကို လေ့လာ ကြည့်ရှုနေကြသည်။

ကမ္ဘာကြီး၏ ဝင်ရိုးပေါ်၌ လည်ပတ်နေစဉ် သူတို့သည် မော်နီတာပေါ်၌ ပေါ်လာသော အောက်ဘက်မှ ဟိုလိုဂရမ်ရုပ်ကြွများကို စောင့်ကြည့်နေကြစဉ် အီလက်ထရွန်းနစ် စပက်တိုဂရပ်ဖ်စက်ကလည်း ပေါ်ထင်လာသော ပုံရိပ်များ၌ ပါဝင်သော ဓာတုဗေဒပစ္စည်းများကို ခွဲခြမ်းစိတ်ဖြာ၍ ပေးနေသည်။

သူတို့သည် မြေသားထု ပတ်ပတ်လည်၌ရှိသော လေထုထဲ၌ ဖြတ်သန်း၍ ပျံသန်းနေခြင်း ဖြစ်ပြီး ထိုလေထုသည် အလွန့်အလွန် ညစ်ညမ်းနေသည်။ အလွန် ကြီးမားသောစက်ရုံကြီးများက မည်းနက်သောမီးခိုးများ၊ အဆိပ်ဓာတ်ငွေ့များနှင့် လေထုကို ညစ်ညမ်းအောင် လုပ်နေကြသည်။ တစ်ချိန်တည်းမှာပင် အညစ်အကြေးများကို မြေထဲတွင် လည်းကောင်း၊ ပင်လယ်ထဲသို့ လည်းကောင်း စွန့်ပစ်နေကြသည်။ တစ်ချိန်သောအခါက ပြာလဲ့နေခဲ့သော်လည်း ယခု အချိန်တွင် ရေနံများနှင့် အညစ်အကြေးများကြောင့် ညို၍ နက်မှောင်နေသော ပင်လယ် သမုဒ္ဒရာကြီးများကို ဂြိုဟ်သားများက ငုံ့ကြည့်နေကြသည်။

ဩစတြေးလျတိုက်၌ရှိသော ဂရိတ်ဘယ်ရီယာ သန္တာကျောက်တန်းကြီး၏ အရောင်သည် ဖြူဖပ်ဖြူရော် ဖြစ်နေပြီး ငါးများသည် သန်းနှင့်ချီ၍ သေဆုံးနေကြသည်။ အမေဇုံ မိုးများသစ်တောတွင် ခေါက်သယောင်းနေသော မီးတောင်ဝကြီးပမာ သစ်ပင်များကို ခုတ်လှဲထားသည့်နေရာ၌ ကွက်လပ်ကြီးများ ဖြစ်နေကြသည်။

အာကာသယာဉ်ပေါ်၌ ရှိနေသော ပစ္စည်းကိရိယာ၏ အလိုအရ ကမ္ဘာဂြိုဟ်ပေါ်၌ စစ်ပွဲများ ဆင်နွှဲနေကြပြီး အဆိပ်ဓာတ်ငွေ့သစ်များကို လေထုထဲသို့ ထုတ်လွှင့်နေကြကြောင်း သူတို့ တွေ့မြင်နေကြရသည်။



ဂြိုဟ်သားများသည် စိတ်ချင်း ဆက်သွယ်သည့်နည်းဖြင့် ဆက်သွယ်ကြသည်။
ကမ္ဘာသူ ကမ္ဘာသားများနှင့် ပတ်သက်၍ ဘာမှ မပြောင်းလဲသေးပါ။
သနားစရာပဲ၊ သူတို့ဟာ ဘာကိုမှ သင်ခန်းစာ မရကြသေးဘူး။
ငါတို့က သူတို့ကို သင်ကြားပေးရမယ်။
မင်းက အခြား ပုဂ္ဂိုလ်တွေနဲ့ ဆက်သွယ်ဖို့ ကြိုးစားသေးသလား။
ဟုတ်ကဲ့၊ တစ်ခုခု မှားယွင်းနေပါတယ်၊ ပြန်ကြားချက် မရပါ။
မင်းတို့ ဆက်ပြီး ကြိုးစားနေရမယ်။ ငါတို့က ယာဉ်ကို ပြန်တွေ့အောင် ...မှ ဖြစ်မယ်။

အာကာသယာဉ်၏ ကမ္ဘာပတ်လမ်းကြောင်းအောက်ဘက် ပေထောင် ...င်းများစွာ ဝေးကွာသောနေရာရှိ ကမ္ဘာမြေပေါ်တွင်မူ ရောဘတ်သည် လုံခြုံ ...ခံရသော တယ်လီဖုန်းတစ်လုံးနှင့် ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်ထံ ဆက်သွယ် ...သည်။ သူသည် ချက်ချင်းလိုလိုပင် အဆက်အသွယ် ရရှိသွားသည်။

"မင်္ဂလာ မွန်းလွဲပိုင်းပါ ကွန်မန်ဒါ၊ မင်းအနေနဲ့ ဘာများ သတင်းပို့စရာ ...သလဲ"

'ဟုတ်ကဲ့ ခင်ဗျ၊ ခင်ဗျားဟာ အလွန် လိမ်ညာပြောဆိုတတ်တဲ့ မသူတော် ... ဖြစ်ကြောင်း သတင်းပို့စရာရှိနေပါတယ်' ဟု သူစိတ်ထဲက တွေးလိုက်မိ၏။

"မိုးလေဝသ ဘောလုံးကြီးနဲ့ ပတ်သက်နေပါတယ် ဂျင်နရယ်၊ အဲဒါက ...အက်ဖ်အိုတစ်ခု ဖြစ်လာပုံရပါတယ်"

သူက စောင့်နေလိုက်သည်။

"အေး - ငါသိပါတယ်၊ ခပ်စောစောပိုင်းတုန်းက အရေးကြီးတဲ့ လုံခြုံရေး ...ကြောင်းပြချက်တွေကြောင့် မင်းကို အစအဆုံး ပြောမပြနိုင်ခဲ့ဘူး"

'ဗျူရိုကရက်တွေရဲ့ စကားနှစ်ခွပြောနည်းပဲ' ဟု သူ တွေးလိုက်သည်။

ခေတ္တ ငြိမ်ကျသွားသည်။

ဂျင်နရယ် ဟီးလီးယဒ်က ပြောလိုက်၏။

"ငါက မင်းကို အင်မတန် ယုံကြည်လို့ တစ်ခု ပြောပြမယ် ကွန်မန်ဒါ၊ ငါတို့ ...ိုးရဟာ လွန်ခဲ့တဲ့ သုံးနှစ်က ဂြိုဟ်သားတွေနဲ့ တစ်ခါ ဆုံတွေ့ခဲ့ဖူးတယ်။ ...တို့က ငါတို့ရဲ့ နေတိုးလေတပ်စခန်းတစ်ခုမှာ ဆင်းသက်ခဲ့ကြတယ်။ သူတို့နဲ့ငါတို့ ...တ်သွယ်ပြောဆိုနိုင်စွမ်း ရှိခဲ့ကြတယ်"

ရောဘတ်၏နှလုံးသည် ပို၍ လျင်မြန်စွာ ခုန်စပြုလာသည်။

"သူ . . . သူတို့က ဘာပြောသလဲ ခင်ဗျ"

"သူတို့က ငါတို့ကို ဖျက်ဆီးပစ်ဖို့ ရည်ရွယ်တဲ့အကြောင်းပဲ"

သူတစ်ကိုယ်လုံး တုန်လှုပ်သွားသည်။

"ကျွန်တော်တို့ကို ဖျက်ဆီးပစ်မယ် ဟုတ်လား"

"ဟုတ်တယ်၊ သူတို့က ဒီကမ္ဘာဂြိုဟ်ကြီးကို အပိုင်စီးပြီး ငါတို့ကို ကျွန်အဖြစ် ...ခိုင်းစေဖို့ ပြန်လာကြမယ်။ ငါတို့အနေနဲ့ သူတို့ကို ခုခံကာကွယ်နိုင်စွမ်း မရှိဘူး ...။ အခုထက်ထိတော့ မဖြစ်မြောက်သေးဘူးပေါ့ကွာ၊ ဒါပေမယ့် ငါတို့က သူတို့ ...ကို တားဆီးဟန့်တားနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေနေကြတယ်။ အဲဒါကြောင့် ငါတို့အနေနဲ့ အချိန်ကလေး ပိုရအောင် လုပ်သားပြည်သူတွေ ခြောက်...



www.burmeseclassic.com

www.burmeseclassic.com

ချားချား ဖြစ်မသွားကြစေဖို့ယိပ်ကို အရေးကြီးတယ်။ ဒါကြောင့် မျက်မြင်ပုဂ္ဂိုလ်တွေ အနေနဲ့ သူတို့ မြင်တာ တွေ့တာတွေကို ဆွေးနွေးပြောဆိုခြင်း မပြုကြဖို့ သတိပေးရမယ့်ကိစ္စ ဘယ်လောက် အရေးကြီးတယ်ဆိုတာ မင်းလည်း အာ... လောက်ဆိုရင် သဘောပေါက်လောက်ပါပြီ။ သူတို့နဲ့ ပတ်သက်တဲ့ သတင်းစကားတွေ ပေါက်ကြားကုန်မယ်ဆိုရင် တစ်ကမ္ဘာလုံးမှာ ဆုံးရှုံးပျက်စီးမှုတွေ ဖြစ်ကုန်ကြတော့မှာပဲ"

"လူတွေကို အဆင်သင့်ဖြစ်အောင် ကြိုတင်ပြီး ပြင်ဆင်အသိပေးထားတာက ပိုမကောင်းဘူးလား"

"ကွန်မန်ဒါ၊ ၁၉၃၈ ခုနှစ်တုန်းက အော်ဆန်ဝဲလ် ဆိုတဲ့ မင်းသား ခပ်ငယ်ငယ် တစ်ယောက်ဟာ ဂြိုဟ်သားတွေ ကမ္ဘာကြီးကို ဝင်ရောက်စီးနင်းတိုက်ခိုက်ကြောင်း ဇာတ်လမ်းဆင်ထားတဲ့ ကမ္ဘာကြီးများ၏စစ်ပွဲ ဆိုတဲ့ ရေဒီယိုဇာတ်လမ်း တစ်ခုကို လွှင့်ထုတ်ခဲ့တယ်။ မိနစ်ပိုင်းအတွင်းမှာပဲ အမေရိကန်မှာရှိတဲ့ မြို့ကြီးပြကြီးတွေမှာ သွေးရှူးသွေးတန်းတွေ ဖြစ်ကုန်ကြတယ်။ သွေးပျက်နေတဲ့ လူထုဟာ စိတ်ကူးယဉ်ဇာတ်လမ်းထဲက လာရောက် တိုက်ခိုက်သူတွေရဲ့ရန်က လွတ်မြောက်အောင် ထွက်ပြေးဖို့ ကြိုးစားခဲ့ကြတယ်။ တယ်လီဖုန်းလိုင်းတွေ အလုပ်များလွန်းပြီး ခေါ်မရတော့ဘူး။ လမ်းမကြီးတွေပေါ်မှာလည်း ပိတ်ဆို့မှုတွေ ဖြစ်ကုန်ကြတယ်။ လူတွေ သေကုန်ကြတယ်။ တကယ့်ကို ဗရုတ်သုတ်ခတွေ ဖြစ်ပွားခဲ့တယ်။

မဖြစ်သေးဘူး၊ ငါတို့ အနေနဲ့ ဒီကိစ္စကို လူသိရှင်ကြား မကြေညာခင် ဂြိုဟ်သားတွေနဲ့ ရင်ဆိုင်ဖို့ အဆင်သင့် ဖြစ်ထားဖို့ လိုအပ်တယ်။ ငါတို့က အဲဒီ မျက်မြင်သက်သေတွေကို သူတို့ရဲ့ လုံခြုံမှုအတွက် မင်းက ရှာဖွေပေးစေ လိုတယ်။ ဒါမှပဲ ငါတို့က ဒီကိစ္စကို နိုင်နိုင်နင်းနင်း ထိန်းချုပ်ထားနိုင်မယ်"

ရောဘတ်က သူ ချွေးပြန်နေကြောင်း တွေ့လိုက်ရသည်။

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်"

"ကောင်းတယ်၊ မင်းအနေနဲ့ မျက်မြင်သက်သေ တစ်ယောက်ယောက်နဲ့ စကားပြောဆိုပြီးပြီလို့ ငါယူဆတယ်"

"ကျွန်တော် နှစ်ယောက်ကို တွေ့ပြီးပါပြီ"

"သူတို့နာမည်တွေက"

"ဟန်စ်ဘာကာမင်၊ သူကတော့ ခရီးသွားယာဉ်ကို မောင်းနှင်တဲ့ ယာဉ်မောင်းပါ၊ သူက ကက်ဝဲလ်မှာ နေထိုင်ပါတယ်"

"နောက် ဒုတိယပုဂ္ဂိုလ်ကရော"

"ဖရစ်မန်ဒယ်၊ သူက ဘန်းမြို့မှာ ကိုယ်ပိုင်စက်ပြင်အလုပ်ရုံ ရှိပါတယ်။ သူက တတိယမြောက်ပုဂ္ဂိုလ်ရဲ့ မော်တော်ကားကို ဆယ်တင်ယာဉ်နဲ့ ဆွဲပေးခဲ့တဲ့ စက်ပြင်ဆရာပါ"

"အဲဒီ သက်သေရဲ့နာမည်ကရော"

"အဲဒါကိုတော့ ခုထိ မသိရသေးပါဘူး။ ကျွန်တော် လိုက်လံစုံစမ်းနေဆဲပါ။ ကျွန်တော်က သူတို့ကို ယူအက်ဖ်အိုနဲ့ ပတ်သက်ပြီး ဘယ်သူနဲ့မှ မဆွေးနွေးကြဖို့ သွားပြီး ဆွေးနွေးပေးချင်ပါသလား"

"မလုပ်နဲ့ မင်းကိုပေးတဲ့တာဝန်က အဲဒီပုဂ္ဂိုလ်တွေကို တွေ့အောင် ရှာဖွေ





ဖို့ပဲ၊ အဲဒီ နောက်ပိုင်းကျရင် သက်ဆိုင်ရာအစိုးရတွေက သူတို့နဲ့ ဆက်ဆံကြလိမ့်မယ်။ သက်သေ ဘယ်နှယောက် ရှိတယ်ဆိုတာ မင်း သိပြီလား"

"ဟုတ်ကဲ့၊ ခရီးသည် ခုနစ်ယောက်နဲ့ ယာဉ်မောင်းတစ်ယောက်၊ ပြီးတော့ မော်တော်စက်ပြင်တစ်ယောက်နဲ့ ဖြတ်မောင်းသွားတဲ့ မော်တော်ကားသမား တစ်ယောက်"

"မင်းက သူတို့ အားလုံးကို တွေ့အောင်ရှာဖို့လိုတယ်၊ အဲဒါ ပျက်ကျတာကို မြင်လိုက်ရတဲ့ သက်သေဆယ်ယောက်စလုံးကို တွေ့အောင်ရှာဖို့ လိုတယ်၊ မင်း နားလည်တယ်နော်"

"ဟုတ်ကဲ့ပါ ဗိုလ်ချုပ်ကြီး"

ရောဘတ်က စကားပြောခွက်ကို ပြန်တင်လိုက်၏။

သူ့စိတ်မှာ ချာချာလည်နေသည်။ ယူအက်ဖ်အိုတွေသည် တကယ် အစစ်အမှန်တွေ ဖြစ်နေကြသည်။ ဂြိုဟ်သားတွေက ရန်သူတွေ ဖြစ်နေသည်။ ...တော်တော် ကြောက်စရာကောင်းသည့် အတွေးပင်တည်း။

ဖြုန်းခနဲ ဆိုသလို ခပ်စောစောပိုင်းက ရောဘတ်၏စိတ်ထဲ၌ ဖြစ်ပေါ်ခဲ့သော အတွေးတစ်ခုသည် သူ့ခေါင်းထဲ၌ အလုံးအရင်းနှင့် ပြန်ပေါ်လာပြန်တော့သည်။ ဂျင်နရယ် ဟီးလီးယန်က ဤတာဝန်ကို သူ့အား ပေးအပ်ခဲ့ပါ၏။ သို့ရာတွင် သူ့ကို အကုန်အစင် ပြောမပြလိုက်ပါ။ သူတို့က အသိမပေးဘဲ ချန်ထားသော အခြား မည်သည့် ကိစ္စတွေ ရှိနေပါသေးသနည်း။

အေးဗစ် မော်တော်ကား ငှားရမ်းသော ကုမ္ပဏီသည် ဂျီနီဗာမြို့လယ်...ာင်ရှိ အမှတ် (၄၄)၊ ရူးဒီလေဆန်းနီးတွင် တည်ရှိသည်။

ရောဘတ်သည် ရုံးခန်းထဲသို့ ဝုန်းဝုန်းဗိုင်းဗိုင်းနှင့် ဝင်ရောက်သွားပြီး စားပွဲ...ောက်မှ အမျိုးသမီးထံ ချဉ်းကပ်သွားလိုက်သည်။

"ကျွန်မ ရှင့်ကို ကူညီနိုင်ပါ့မလား ရှင်"

ရောဘတ်သည် ရေနေ့တ်မော်တော်ကား၏ လိုင်စင်နံပါတ်ကို ရေးသား...ားသော စာရွက်အား ဆောင့်ချပေးလိုက်သည်။

"ခင်ဗျားတို့က ဒီမော်တော်ကားကို လွန်ခဲ့တဲ့အပတ်က ငှားရမ်းလိုက်တယ်။ ...ဒီကားကို ငှားသွားတဲ့ လူရဲ့နာမည်ကို ကျုပ် သိချင်တယ်"

သူ့လေသံက ဒေါသသံ ပါနေသည်။ စာရေးမလေးက တွန့်ဆုတ်သွား...သည်။

"ကျွန်မ ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မတို့ ကုမ္ပဏီအနေနဲ့ အဲဒီလို အချက်...လက်တွေကို ပြောခွင့် မရှိပါဘူး"

"အေးလေ၊ ဒါဆိုရင် သိပ်ဆိုးတာပေါ့ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို ...ေခဲ့ရင် ကျုပ်က ခင်ဗျားတို့ကုမ္ပဏီကို ငွေကြေးအများဆုံး ရလိုမှုနဲ့ တရားစွဲ...ဆိုပဲ"

"ကျွန်မတော့ နားမလည်တော့ဘူးရှင်၊ ပြဿနာက ဘာများပါလိမ့်"

"ဒီမှာ အမျိုးသမီး၊ ပြဿနာက ဘာလဲဆိုတာ ကျုပ် ပြောပြမယ်။ လွန်ခဲ့...ေန့တွေနေ့က ဟိုင်းဝေးလမ်းမကြီးပေါ်မှာ ဒီမော်တော်ကားက ကျုပ်မော်...ကားကို ဝင်တိုက်ပြီး အများကြီး ပျက်စီးသွားစေခဲ့တယ်။ ကျုပ်က ...ားနိုင်ခင်



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလူက မောင်းပြေးသွားတဲ့အတွက် ဒီကားနံပါတ်ကိုပဲ မှတ်ထားလိုက်ရတယ်"

"ဒီလိုကိုး"

ထိုစာရေးမက ရောဘတ်အား ခေတ္တမျှ အကဲခတ် ကြည့်ရှုလိုက်သည်။

"ကျေးဇူးပြုပြီး ကျွန်မကို ခွင့်ပြုပါရှင်"

ထို စာရေးမကလေးသည် နောက်ဘက်မှ အခန်းတစ်ခန်းထဲသို့ ဝင်သွားသည်။ မိနစ် အနည်းငယ်ကြာ၍ သူ ပြန်လာသောအခါ သူ့လက်ထဲတွင် ဖိုင်တွဲတစ်ခုပါလာသည်။

"ကျွန်မတို့ရဲ့ မှတ်တမ်းတွေအရ အဲဒီ မော်တော်ကားရဲ့ အင်ဂျင်စက်ဟာ ချွတ်ယွင်းသွားတယ် ဆိုတာပဲ ပါရှိပါတယ်။ ယာဉ်တိုက်မှု ဖြစ်တယ်လို့ မပါပါဘူးရှင်"

"ကောင်းပြီ၊ ဒါဆိုရင် ကျုပ်က အခု သတင်းပို့တယ်ဗျာ၊ ပြီးတော့လည်း ကျုပ်က ခင်ဗျားတို့ကုမ္ပဏီမှာ တာဝန်ရှိတယ်လို့ သတ်မှတ်ထားတယ်၊ ကျုပ် မော်တော်ကားကို ပြင်ဆင်ရတဲ့ စရိတ်စက အားလုံးကို ခင်ဗျားတို့ကုမ္ပဏီက ပေးရမယ်။ အဲဒီ မော်တော်ကားက ပေါရှေးမော်တော်ကား အသစ်ကျပ်ချွတ်ဗျ ခင်ဗျားတို့အတွက် အတော်ကလေး ကုန်ကျသွားလိမ့်မယ်"

"ကျွန်မ သိပ်ကို ဝမ်းနည်းပါတယ်ရှင်၊ ဒါပေမယ့် ယာဉ်တိုက်မှုဖြစ်ခဲ့တယ်ဆိုတာကို သတင်းပို့မှု မရှိခဲ့တဲ့အတွက် ကျွန်မတို့ အနေနဲ့ ဘယ်လိုနည်းနဲ့မှ တာဝန် မယူနိုင်ပါဘူး"

"နေဦးလေဗျာ"

ရောဘတ်က ပို၍ ပြေပြေလည်လည် ဖြစ်လိုသောလေသံနှင့် ပြောလိုက်ပြန်၏။

"ကျုပ်က မှုမှုတတ ဖြစ်စေချင်လို့ပါဗျာ၊ ကျုပ်က ခင်ဗျားတို့ကုမ္ပဏီမှာ တာဝန်ရှိတယ်လို့ မသတ်မှတ်ချင်ပါဘူး။ ကျုပ် ဖြစ်စေချင်တာကတော့ ကျုပ်ကား ကို သူ ဝင်တိုက်ခဲ့တဲ့ အတွက် ပျက်စီးတဲ့တန်ဖိုးကို သူကပဲ ပေးစေချင်လို့ပါ၊ သူက ဝင်တိုက်ပြီး ထွက်ပြေးသွားတာဗျ။ ကျုပ်က ဒီကိစ္စ ရဲကိုတောင် တိုင်သင့်တယ် တကယ်လို့ ခင်ဗျားက အဲဒီလူရဲ့ နာမည်နဲ့လိပ်စာကို ပြောမယ်ဆိုရင် ကျုပ်က သူနဲ့ တိုက်ရိုက် ဆက်သွယ်နိုင်မယ်။ ခင်ဗျားတို့ကုမ္ပဏီနဲ့ မပတ်သက်စေဘဲ ကျုပ်တို့ အချင်းချင်း ပြေလည်အောင် ဖြေရှင်းနိုင်လိမ့်မယ်။ အဲဒီလိုဆိုရင် မှုတတယ် မဟုတ်လား"

ထို စာရေးမသည် မတ်တတ်ရပ်ရင်း ဆုံးဖြတ်ချက် ချလိုက်သည်။

"ဟုတ်ကဲ့ရှင်၊ ကျွန်မတို့က အဲဒါကို ပိုပြီး လိုလားပါတယ်"

သူက သူ့လက်ထဲရှိ စာတွဲကို ငုံ့ကြည့်လိုက်၏။

"အဲဒီ မော်တော်ကားကို ငှားရမ်းတဲ့သူရဲ့ နာမည်ကတော့ လက်စလီ မားသားရှက်ပဲ"

"သူ့လိပ်စာကရော"

"(၂၁၃) အေ၊ ဂရိုဗ်လမ်း၊ ဗိုက်ချက်ပယ်၊ လန်ဒန်၊ အရှေ့ (၃)"

သူက မော့ကြည့်လိုက်ပြန်၏။

"ကျွန်မတို့အနေနဲ့ ရှင် တရားစွဲဆိုတဲ့အမှုမှာ ဘယ်နည်းနဲ့မှ မပါဘူးဆိုတာ သေချာပါတယ်နော်"





ရောဘတ်ကလည်း ပြန်ဖြေလိုက်သည်။

"ခင်ဗျားကို ကျုပ် လေးလေးနက်နက် ကတိပေးပါတယ်ဗျာ၊ ခုကိစ္စက ကျုပ်နဲ့ လက်စလီမားသားရှက်တို့အကြားမှာ ဖြစ်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စ ...သက်ပါ"

ကွန်မန်ဒါ ရောဘတ်ဘယ်လာမီသည် နောက်ထွက်ခွာသော ဆွစ်အဲယား ...ယာဉ်ခရီးစဉ်နှင့်အတူ လန်ဒန်သို့ လိုက်ပါသွားတော့သည်။

သူသည် ခေါင်းထဲတွင် တစ်ယောက်တည်း ထိုင်နေရင်း သမာဓိရအောင် ...ထားပြီး စီမံချက်၏ အဆင့်တိုင်းတွင် လစ်ကွက်ဟာကွက်များ မဖြစ်ရလေ ...အောင်၊ မှားယွင်းချွတ်ချော်မှုများ မဖြစ်ရလေအောင် အသေးစိတ် စဉ်းစားတွေး ...နေသည်။ ခပ်တိုးတိုး ပေါ်ထွက်လာသော တယ်လီဖုန်းခေါင်းလောင်းသံက ...တွေးများကို ပြတ်တောက်သွားစေခဲ့သည်။

"ကျေးနပ်စ်ပါ"

"ကျေးနပ်စ်၊ ဂျင်နရယ် ဟီးလီးယဒ်ပါ"

"ဆက်ပြောလေ"

"ကွန်မန်ဒါ ဘယ်လာမီက ပထမ သက်သေနှစ်ယောက်ကို ရှာတွေ့ခဲ့ပါပြီ"

"သိပ်ကောင်းတယ်၊ ချက်ချင်း ဆောင်ရွက်ပေတော့"

"ဟုတ်ကဲ့ ခင်ဗျ"

"အခု ကွန်မန်ဒါက ဘယ်မှာလဲ"

"သူ လန်ဒန်ကို သွားနေပါပြီ။ သူက နံပါတ်သုံးကို မကြာခင် အသေအချာ ...နိုင်ပါလိမ့်မယ်"

"ကျုပ်က သူ့တိုးတက်မှုကို ကော်မတီမှာ တပ်လှန့်ထားလိုက်မယ်။ ကျုပ်ကို ...ပြီး အစီအရင်ခံပါ။ ဒီ အော်ပရေးရှင်းရဲ့ အနေအထားဟာ နိုဗာရက်ဒ် ...ဆင့်မှာပဲ ရှိနေစေရမယ်"

"သဘောပေါက်ပါတယ် ခင်ဗျာ၊ ကျွန်တော် အကြံပြုချင်တာကတော့ . . ."

တစ်ဖက်က စကားပြောခွက်ကို ပြန်ချသွားလေပြီ။

ချက်ချင်းအကြောင်းကြားချက်
အထူးထိပ်တန်းလျှို့ဝှက်
အင်အက်စ်အေမှ ဘန်ဒက်စ်ဆန် ဝေါ့တ်ရှပ်
ညွှန်ကြားရေးမှူးထံ၊ ရင်းကိုယ်တိုင် ဖတ်ရှုရန် အတွက်သာ၊
မိတ္တူ တစ်ရွက်တည်းသာ

...ကြောင်းအရာ ။ ။ ကမ္ဘာ့ဖျက်စီမံချက်

တစ် - ဟာန်စ်ဘက်ကာမင် - ကက်ပဲလ်
နှစ် - ဖရစ်မန်ဒယ် - ဘန်း
အကြောင်းကြားချက် ပြီးဆုံးပြီ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်သုံး

ယူတင်ဒေါ့ဖ်ကျေးရွာမှ (၁၅) မိုင် ကွာဝေးသော လယ်တဲကလေးတ
လာဂင်ဖဲလ် မိသားစုသည် ညသန်းခေါင်ယံတွင် ဆက်တိုက် ဖြစ်ပေါ်လာ
အလွန် ထူးဆန်းသည့် အဖြစ်အပျက်များကြောင့် အနှောင့်အယှက် ဖြ
သည်။ ကလေးအကြီးကောင်သည် အိပ်ခန်းပြတင်းပေါက်မှ အခန်းထဲသို့ ခ
အုပ် ကျရောက်လာသော ဝါထိန်နေသည့် အလင်းရောင်ကြောင့် အိပ်
နိုးလာခဲ့သည်။ သူသည် ထိုမီးရောင်ကို စစ်ဆေးကြည့်ရှုရန် အိပ်ရာမှ ထ
သည့်အခါ အလင်းရောင်သည် ပျောက်ကွယ်သွားတော့သည်။

ခြံဝင်းထဲတွင်မူ ဂျာမန်အမဲလိုက်ခွေး တော့ဇီက ဒေါသတကြီး ဟော
သောကြောင့် အဘိုးကြီး လာဂင်ဖဲလ် အိပ်ရာမှ နိုးလာခဲ့ရသည်။ သူက ဟော
နေသောခွေးကို ငြိမ်သွားအောင် လုပ်ရန်အတွက် အင်တင်တင်နှင့် အိပ်ရာ
ထလိုက်သည်။ သူ အိမ်အပြင်ဘက်သို့ ထွက်လိုက်သောအခါ အလွန် ခြော
လန့်နေကြသောသိုးများက ခြံထဲမှ တိုးထွက်ရန် ကြိုးစားနေသည့် အသံမျာ
သူ ကြားရတော့သည်။

မကြာသေးခင်က မိုးရွာခဲ့သောကြောင့် မိုးရေ အပြည့် ဖြည့်ထားသေ
တိရစ္ဆာန်များကို ရေတိုက်သည့် ရေခွက်ကြီးများ ရေတက်တက်စင်အောင်
နေသည်ကို ထိုသောက်ရေခွက်ကြီး အနီးသို့ ရောက်ရှိလာသော ဂင်ဖဲလ်
တွေ့လိုက်ရသည်။

ဂျာမန် အမဲလိုက်ခွေးကြီး တော့ဇီသည် သူ့နံဘေးသို့ ပြေးကပ်လာ
တအီအီနှင့် အော်မြည်နေသည်။ လာဂင်ဖဲလ်က စိတ်မှတ်ကင်းမဲ့စွာနှင့်
၏ ဦးခေါင်းကို လက်နှင့် ပုတ်ပေးနေသည်။

"မကြောက်ပါနဲ့ ကိုယ့်လူရေ မကြောက်ပါနဲ့"

ထိုအခိုက်အတန့်မှာပင် အိမ်ထဲ၌ ရှိနေသော မီးအားလုံး မှိတ်သွားကြ
သည်။ ထိုလယ်သမားကြီးက အိမ်ထဲသို့ ပြန်ဝင်လာပြီး လျှပ်စစ်ကုမ္ပဏီ
အကြောင်းကြားရန် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည့်အခါ တယ်လီ
ကလည်း အသံတိတ်နေပြန်သည်။

အကယ်၍သာ မီးရောင်များသည် ခပ်စောစော မှိတ်မသွားပါက ထို
သမားကြီးသည် ၎င်း၏ခြံဝင်းထဲမှ ထူးထူးခြားခြား အလွန်လှပသော အမျိုး
တစ်ဦး ခြံအပြင်ဘက်ရှိ လယ်ကွင်းများထဲသို့ ထွက်သွားသည်ကို မြင်တွေ့
လိမ့်မည်။

❖ ❖ ❖



## အခန်း တစ်ဆယ့်လေး

*ဘန်ဒက်စ်ဆန် ဝေါ့တ်ရှပ်ဖ်၊ ကိုနီတာ၊ ၁၃:၀၀ နာရီ။*

ဆွစ်ဇာလန်နိုင်ငံ၏ ထောက်လှမ်းရေး အေဂျင်စီရုံးချုပ်မှ အခန်းတစ်ခန်းထဲ၌ ထိုင်နေသော အစိုးရဝန်ကြီးက အဆိုပါ ညွှန်ကြားချက်အား ဒုတိယညွှန်ကြားရေးမှူးက ဖတ်ရှုနေသည်ကို စောင့်ကြည့်နေသည်။

သူက ထိုညွှန်ကြားချက်ကို ထိပ်တန်းလျှို့ဝှက်ဟု ရေးသားထားသော ဖိုင်တွဲထဲသို့ ထည့်လိုက်ပြီးနောက် ဖိုင်တွဲကို အံဆွဲထဲသို့ထည့်၍ အံဆွဲကို သော့ခတ်လိုက်သည်။

"ဟန်စ်ဘက်ကာမင်နဲ့ ဖရစ်မန်ဒယ်"

"ဟုတ်တယ်"

"ပြဿနာမရှိပါဘူး ဝန်ကြီး ခင်ဗျာ၊ ကျွန်တော်တို့ ကြည့်ရှင်းလိုက်ပါ့မယ်"

"ကောင်းတယ်"

နောက်တစ်နေ့ နံနက်တွင် ဟန်စ်ဘက်ကာမင်သည် အလုပ်ခွင်သို့ သွားနေစဉ် သူ၏ဝမ်းဗိုက်ထဲမှ အာလ်ဆာရောဂါက ဒုက္ခပေးတော့သည်။

'ငါ မြေကြီးပေါ်က ကောက်ရတဲ့ပစ္စည်းအတွက် ပိုက်ဆံပေးအောင် ငါက ဟိုသတင်းထောက်ကို အကျောက်အကန် ပြောခဲ့ဖို့ ကောင်းတယ်။

ဒီမဂ္ဂဇင်းတိုက်တွေဟာ သိပ်ချမ်းသာကြတယ်။ ငါ့အနေနဲ့ မတ်နှစ်ရာ သုံးရာလောက် ရနိုင်တယ်။ ဒါဆိုရင် ငါက ဆရာဝန် ကောင်းကောင်း တစ်ယောက်ဆီသွားပြီး ငါ့အာလ်ဆာရောဂါကို ကုနိုင်မှာပဲ' ဟု တွေးနေသည်။

သူက တာလာရေကန်ကို ကျော်ဖြတ်၍ မောင်းနှင်နေစဉ် သူ့ရှေ့ဘက် ဟိုင်းဝေးလမ်းမကြီး၏နံဘေးတွင် ကားကြုံလိုက်ချင်ပုံရသော အမျိုးသမီးတစ်ဦးက လက်ပြ၍ တားနေသည်ကို မြင်လိုက်ရသည်။ ထိုအမျိုးသမီးကို ကွဲကွဲပြားပြား မြင်နိုင်အောင် သူက မော်တော်ကားအရှိန်ကို လျှော့ချလိုက်သည်။

ထိုအမျိုးသမီးကလေးသည် အသက်ငယ်ပြီး ချစ်ဖို့ ကောင်းသည်။ ဟန်စ်က မော်တော်ကားကို လမ်းပခုံးပေါ်သို့ ဆွဲချပြီး ရပ်တန့်လိုက်သည်။

ထို အမျိုးသမီးကလေးက မော်တော်ကားအနားသို့ ချဉ်းကပ်သွားနေသည်။ ဘက်ကာမင်က မေးလိုက်၏။

"ကျုပ် မင်းကို ကူညီနိုင်ပါသလား"

ထိုအမျိုးသမီးကလေးသည် အနီးကပ်ကြည့်လျှင် ပို၍ပင် လှသည်။

"ဟုတ်ကဲ့ရှင်၊ ကျွန်မက ကျွန်မရည်းစားနဲ့ ရန်ဖြစ်ပြီး သူက လမ်းလ



www.burmeseclassic.com

www.burmeseclassic.com

ကောင်မှာ ချထားခဲ့တာရှင့်"

"ကျွတ် ကျွတ် တယ်ဆိုးပါလား"

"ရှင်က ကျွန်မကို ဇူးရစ်ချ်အထိ လိုက်ခွင့်ပြုပါလားဟင်"

"ရပါတယ်၊ ရပါတယ် အထဲကိုဝင်ခဲ့လေ"

ကားကြုံလိုက်စီးသူ အမျိုးသမီးသည် တံခါးကိုဖွင့်ပြီး သူ့နံဘေးသို့ ဝင်ထိုင်လိုက်သည်။

"ရှင်က သိပ်ကြင်နာတတ်တာပဲ၊ ကျွန်မနာမည် ကာရင်ပါ"

"ကျုပ်နာမည် ဟန်စ်"

သူက မော်တော်ကားကို စတင် မောင်းနှင်စ ပြုသည်။

"ရှင်သာ ပေါ်မလာရင် ကျွန်မ ဘာလုပ်ရမလဲဆိုတာ မသိတော့ပါဘူး ဟန်စ်ရယ်"

"ဟာ မင်းလိုချော့တဲ့ မိန်းကလေးကို တစ်ယောက်ယောက်က တင်ခေါ်မှာ သေချာပါတယ်ကွာ"

အမျိုးသမီးက သူ့အနားသို့ ပူးပူးကပ်ကပ်နှင့် တိုးလာသည်။

"ဒါပေမယ့် အဲဒီလူဟာ ရှင့်လောက်ချောမှာ မဟုတ်ဘူးလို့ ကျွန်မ လောင်းရဲတယ်"

ဟန်စ်က သူ့ကို တစ်ချက် လှမ်းကြည့်လိုက်၏။

"ဟုတ်ရဲ့လား"

"ကျွန်မကတော့ ရှင်ဟာ သိပ်ချောတယ်လို့ ထင်တယ်"

သူက ပြုံးလိုက်သည်။

"မင်းက အဲဒီစကားကို ငါ့မိန်းမကို ပြောပြစေချင်တယ်ကွယ်"

"အယ် - ရှင်က အိမ်ထောင်နဲ့ကိုး"

သူက စိတ်ပျက်သွားပုံရသည်။

"ဘာဖြစ်လို့ သဘောကျစရာကောင်းတဲ့ ယောကျ်ားတွေ အားလုံးဟာ အိမ်ထောင်သည်တွေ ဖြစ်နေရတာလဲ၊ ရှင့်ကြည့်ရတာ အကင်းပါးပုံလည်း ရပါတယ်"

ဟန်စ်သည် ကိုယ်ကို မတ်မတ် ပြန်ထိုင်လိုက်မိသည်။

"ရှင့်ကို အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျွန်မ အခု ရည်းစားနဲ့ ပတ်သက်မိတာကို ဝမ်းနည်းနေမိတယ်။ ကျွန်မက ပိုပြီး အသက်ကြီးတဲ့လူ၊ ပိုပြီး ရင့်ကျက်တဲ့လူကိုမှ သဘောကျတာရှင့်၊ ရှင်ကရော ကျွန်မကို သဘောမကျဘူးလား"

သူက လည်ချောင်းကို ရှင်းလိုက်သည်။

"ကျုပ်က မင်းကို သဘောကျသလား၊ ဟုတ်လား၊ ကျုပ်လည်း ယောကျ်ားတစ်ယောက်ပါကွာ"

"အဲဒါကိုတော့ ကျွန်မ သိတာပေါ့ရှင်၊ ကဲပါလေ . . . ကျွန်မ ရှင့်ကို ဘယ်သောက်အထိ ချစ်ကြောင်း လက်တွေ့ သက်သေပြရမလား"

ဟန်စ်က တံတွေးကို မျိုချလိုက်သည်။

"ငါက အလုပ်ခွင်ကို သွားနေတာကွ"

"မကြာပါဘူး ရှင်ရယ်၊ ဟိုရှေ့နားမှာ တောအုပ်ထဲကို ဝင်သွားတဲ့ လမ်းခွဲကလေးတစ်ခုရှိတယ်။ ကျွန်မတို့ အဲဒီမှာ ခဏ နားကြရအောင်ပါ"





"ဖြစ်ပါတယ်ကွာ၊ နားကြတာပေါ့"

ဟန်စ်က မော်တော်ကားကို ဟိုင်းဝေးလမ်းမကြီးပေါ်မှ ခွဲဆင်းလာပြီး လမ်းခွဲကလေးအတိုင်း မောင်းနှင်လာခဲ့သည်။ ဟိုင်းဝေးလမ်းမကြီးပေါ်မှ လှမ်းမမြင်နိုင်သော တောအုပ်တွင် ရပ်တန့်လိုက်လေ၏။

ဟန်စ်သည် ထိုအမျိုးသမီးကလေး၏ အတွေ့အထိတွင် သာယာနေမိပြီး မျက်စိကို မှိတ်ထားလိုက်သည်။ သူ့ပေါင်ကို အပ်နှင့်ထိုးလိုက်သောကြောင့် စူးခနဲ ဖြစ်သွားသည့်အခါတွင်မှ သူ့မျက်လုံး ဖွင့်ကြည့်မိလိုက်သည်။

"ဘာလုပ် . . ."

ဟန်စ်၏ခန္ဓာကိုယ်သည် တောင့်တောင့်ကြီး ဖြစ်လာပြီးနောက် သူ့မျက်လုံးများသည် အပြင်သို့ ပြူးထွက်လာကြသည်။ သူသည် အသက်ရှူမရဘဲ အသက်ရှူကျပ်နေသည်။ ဟန်စ်ဘက်ကာမင်သည် လက်ကိုင်ဘီးပေါ်သို့ ခေါင်းငိုက်စိုက်ကျသွားသည်ကို ထို အမျိုးသမီးက စောင့်ကြည့်နေသည်။

သူသည် ကားထဲမှ ထွက်လိုက်ပြီးနောက် ဟန်စ်၏ခန္ဓာကိုယ်ကြီးကို ပါဆင်ဂျာထိုင်ခုံပေါ်သို့ တွန်းရွှေ့လိုက်သည်။ အမျိုးသမီးကလေးသည် လက်ကိုင်ဘီးနောက်သို့ ဝင်ထိုင်လိုက်ပြီး မြေကြီးလမ်းအတိုင်း ဟိုင်းဝေးလမ်းမကြီးဆီသို့ ကားကို ပြန်မောင်းယူလာသည်။ မော်တော်ကားသည် မတ်စောက်သော တောင်ထိပ်လမ်းသို့ အရောက်တွင် သူက လမ်းရှင်းသည်အထိ စောင့်နေလိုက်ပြီးနောက် မော်တော်ကားကို တောင်အောက်သို့ လှိမ့်ချလိုက်သည်။ သူကမူ ကားပေါ်မှ ခုန်ချပြီး နေရစ်ခဲ့သည်။

မော်တော်ကားသည် မတ်စောက်သော တောင်ကမ်းပါးမှ အောက်သို့ လိမ့်ခေါက်ကွေး ကျသွားလေ၏။

နောက်ထပ် ငါးမိနစ်ကြာသောအခါ အနက်ရောင် မော်တော်ကားကြီးတစ်စီးသည် သူ့အနားတွင် ထိုးရပ်လိုက်သည်။

ဖရစ်မန်ဒယ်သည် စက်ပြင်အလုပ်ရုံတံခါးကို ပိတ်တော့မည်ဆဲဆဲတွင် လူနှစ်ယောက် ရောက်ရှိလာကြသည်။

"ကျုပ် ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် အလုပ်ကို ရပ်နားလိုက်ပါပြီ၊ ကျုပ် မတတ်နိုင်တော့ဘူး"

ဝင်လာသူတစ်ယောက်က အတင်းဖြတ်၍ -

"ဒီကနေ့ ကျုပ်တို့အိမ်ကို ဧည့်သည်လာဖို့ရှိတယ်။ ဟိုင်းဝေးလမ်းမကြီးပေါ်မှာ ထိုးရပ်သွားတယ်။ ကျုပ်တို့ကားကို ဆွဲယူပေးဖို့ လိုတယ်ဗျ"

"ကျုပ်မိန်းမက ကျုပ်ကို စောင့်နေပြီ။ ဒီကနေ့ ကျုပ်တို့အိမ်ကို ဧည့်သည်လာဖို့ရှိတယ်။ ကျုပ်က တခြား စက်ပြင်အလုပ်ရုံတစ်ရုံရဲ့ လိပ်စာကို ပေးလိုက်နိုင်ပါတယ်ဗျာ"

"ကျုပ်တို့ ဒေါ်လာနှစ်ရာ ပေးမှာပါဗျ၊ ကျုပ်တို့က အလျင်စလိုကိစ္စရှိနေလို့"

"ဒေါ်လာ နှစ်ရာ၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ပြီးတော့ ကျုပ်တို့မော်တော်ကားကလည်း တော်တော်ကလေး အခြေအနေဆိုးနေတယ်၊ ခင်ဗျားက အဲဒါကိုပါ ပြင်ဆင်ပေးစေချင်ပါတယ်။ အဲဒီ ပြင်ဆင်ခကလည်း နောက်ထပ် ဒေါ်လာ နှစ်ရာသုံးရာ ရှိနိုင်ဘာ


www.burmeseclassic.com

www.burmeseclassic.com

ပေါ့ဗျာ”

မန်ဒယ် စိတ်ဝင်စားစ ပြုလာသည်။

“ဆိုစမ်းပါဦး”

“မော်တော်ကားက ရိုးစ်ရွိုက်စ် တစ်စီးဗျ၊ ခင်ဗျားဆီမှာရှိတဲ့ ပစ္စည်းကိရိယာတွေကို ကြည့်ပါရစေဦး”

သူတို့သည် စက်ပြင်သည့်နေရာဆီသို့ လျှောက်လာကြပြီး မော်တော်ကားပြင်သည့် ကျင်းထိပ်၌ မတ်တတ်ရပ်လိုက်ကြသည်။

“တော်တော်ကောင်းတဲ့ ပစ္စည်းတွေပဲ”

“ဟုတ်တယ်ခင်ဗျ၊ အကောင်းဆုံး ပစ္စည်းတွေပါ”

မန်ဒယ်က ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်သည်။

ကိုလူစီမ်းက ပိုက်ဆံအိတ် တစ်အိတ်ကို ထုတ်ယူလိုက်သည်။

“ဟောဒီမှာ ခင်ဗျားကို ကျုပ်က ကြိုတင်ငွေတချို့ ပေးထားနိုင်ပါတယ်”

သူက ပိုက်ဆံအချို့ကို ထုတ်ယူပြီး မန်ဒယ်ကို လှမ်းပေးလိုက်သည်။ သူက ထိုသို့ လှမ်းပေးလိုက်စဉ် ပိုက်ဆံအိတ်သည် သူ့လက်ထဲမှ လွတ်ထွက်သွားပြီး ကျင်းထဲသို့ ကျသွားလေ၏။

“အိုးမှုပဲ”

“စိတ်မပူပါနဲ့ဗျာ၊ ကျုပ် ဆင်းယူပေးပါ့မယ်”

မန်ဒယ်က ကျင်းထဲသို့ ဆင်းလိုက်သည်။ သူက ကျင်းထဲသို့ ဆင်းနေစဉ် လူနှစ်ယောက်အနက် တစ်ယောက်သော ပုဂ္ဂိုလ်က ဟိုက်ဒရောလစ် ပင့်စက်ကို အောက်သို့နှိမ့်ချသော ခလုတ်အား နှိပ်လိုက်သည်။ ထိုပင့်စက်သည် အောက်ဘက်သို့ ကျဆင်းစပြုလာသည်။

မန်ဒယ်က မော့ကြည့်လိုက်၏။

“သတိထားဗျာ၊ ခင်ဗျားက ဘာတွေ လျှောက်လုပ်နေတာလဲ”

မန်ဒယ်သည် ကျင်းထဲမှ အပေါ်ကို တက်ရန် ကြိုးစားလိုက်သည်။ သူ၏ လက်ချောင်းများက ကျင်းနှုတ်ခမ်းကို ကုပ်လိုက်မိချိန်တွင် ဒုတိယလူက မန်ဒယ်၏ လက်ချောင်းကလေးများကို ကျိုးသွားအောင် ခြေထောက်နှင့် ဆောင့်နင်းချလိုက်သည်။ မန်ဒယ်သည် ဟူးဟူးဝါးဝါး အော်ဟစ်ရင်း ကျင်းထဲသို့ ပြန်ကျသွားသည်။ လေးလံသော ဟိုက်ဒရောလစ်ပင့်စက်ကြီးသည် တားမနိုင်ဆီးမရ သူ့အပေါ်သို့ ကျဆင်း၍ လာနေလေပြီ။

မန်ဒယ်က ငိုယို ပြောဆိုလိုက်သည်။

“ကျုပ်ကို ဒီအထဲက ထွက်ခွင့်ပေးပါ။ ကယ်တော်မူပါဗျို့”

ပင့်စက်ကြီးသည် သူ့ပခုံးကို စတင် ထိတွေ့လိုက်ပြီးနောက် သူ့ကို အောက်ဘက်ရှိ သမံတလင်းဆီသို့ စတင်၍ ဖိနှိပ်စပြုတော့သည်။ မိနစ် အနည်းငယ်ကြာပြီးနောက် ဟူးဟူးဝါးဝါး အော်ဟစ်သံများ ငြိမ်ကျသွားသည့်အခါ တစ်ယောက်သောပုဂ္ဂိုလ်က ပင့်စက်အား အပေါ်သို့ ပြန်ကြွစေသည့် ခလုတ်ကို နှိပ်လိုက်၏။ သူ့အဖော်က ကျင်းထဲသို့ ဆင်းသွားပြီး သူ့အဝတ်အစားပေါ်တွင် သွေးများ ပေကျံခြင်းမရှိအောင် သတိထားရင်း ပိုက်ဆံအိတ်ကို ပြန်ကောက်ယူလိုက်သည်။

ထိုပုဂ္ဂိုလ်နှစ်ယောက်သည် မော်တော်ကားဆီသို့ ပြန်လာပြီး တိတ်ဆိတ်နေသော ညအချိန်တွင် မောင်းနှင် ထွက်ခွာသွားကြလေ၏။





ချက်ချင်းအကြောင်းကြားချက်
အထူးထိပ်တန်းလျှို့ဝှက်
အက်စ်ပီယဥ်နှင့်နေ့၌ အက်ဘ်တိုင်လန်းထံမှ
အင်အက်စ်အေ ဒုတိယညွှန်မှူးထံ
ရင်းကိုယ်တိုင် ဖတ်ရှုရန်အတွက်သာ၊
**မိတ္တူ တစ်ရွက်တည်းသာ။**

**အကြောင်းအရာ ။ ။ ကမ္ဘာဖျက်စီမံချက်**

တစ် - ဟန်စ်ဘက်ကာမင်၊ ရှင်းလင်းပြီးပါပြီ။
နှစ် - ဖရစ်မန်ဒယ်၊ ရှင်းလင်းပြီးပါပြီ။

အကြောင်းကြားချက် ပြီးဆုံးပြီ။

***အော့တဝါးမြို့၊ ကနေဒါနိုင်ငံ၊ ၂၄း၀၀ နာရီ။***

ဂျေးနပ်စ်သည် (၁၂) ဦး ပါဝင်သောအဖွဲ့ကို ပြောကြားနေသည်။

“ကျေနပ်လောက်သော တိုးတက်မှုတွေ ရရှိနေပါတယ်။ သက်သေနှစ်ယောက်ကို နှုတ်ပိတ်ပြီးပါပြီ။ ကွန်မန်ဒါ ဘယ်လာမီက တတိယပုဂ္ဂိုလ်နောက်ကို ခြေရာခံပြီး လိုက်နေပါတယ်”

“အက်စ်အိုင်နဲ့ ပတ်သက်ပြီး ထူးထူးခြားခြား အောင်မြင်မှု ရရှိထားပါသလား”

*အီတာအီ အမျိုးသားက မေးလိုက်ခြင်း ဖြစ်သည်။ သူသည် ကမ္ဘာ့ရှုံးတိုးလုပ်တတ်သူ၊ ပေါက်ကွဲလွယ်သူ ဖြစ်သည်။*

“ခုထက်ထိတော့ မရသေးပါဘူး၊ ဒါပေမယ့် ကြယ်တာရာစစ်ပွဲ နည်းပညာရပ်တွေဟာ တိုးတက်မှုရလာပြီး မကြာခင် အသုံးချနိုင်လိမ့်မယ်လို့ ကျုပ်တို့ တထစ်ချ ယုံကြည်ထားပါတယ်”

“အဲဒါကို ကျုပ်တို့က ဖြစ်နိုင်သလောက် မြန်မြန်ထက်ထက် လုပ်ကြရလိမ့်မယ်၊ တကယ်လို့ ငွေရေးကြေးရေးကြောင့် ဆိုရင် . . .”

*ဆော်ဒီလူမျိုးက ပြောလိုက်ခြင်း ဖြစ်သည်။ သူသည် ပဟေဠိဆန်သူ၊ နှုတ်နည်းလှသူ ဖြစ်သည်။*

“မဟုတ်ပါဘူး၊ နောက်ထပ် နည်းနည်းလောက် စမ်းသပ်ဖို့ လိုအပ်နေလို့ပါ”

“အဲဒီ စမ်းသပ်မှုကို ဘယ်တော့ လုပ်မှာလဲ”

*ဩစတြေးလီးယန်း အမျိုးသားက မေးလိုက်၏။ သူသည် အားရဖွယ်ရ ဆက်ဆံတတ်သူ၊ လိမ္မာပါးနပ်သူ ဖြစ်သည်။*

“တစ်ပတ်အတွင်း စမ်းသပ်မှု ပြုလုပ်ပါ့မယ်။ ကျုပ်တို့ ဒီနေရာမှာ နောက် (၄၈) နာရီကြာရင် ပြန်ဆုံကြမယ်”

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း တစ်ဆယ့်ငါး

*စတုတ္ထနေ့*
*လန်ဒန်၊ ကြာသပတေး၊ အောက်တိုဘာလ ၁၈ ရက်*

လက်စလီ မားသားရှက် အတုယူသောပုဂ္ဂိုလ်မှာ ရော်ဘင်လိချ်ပင် ဖြ
သည်။ သူသည် ချမ်းသာသူများ၏ နေထိုင်ပုံ နေထိုင်နည်း အစီအစဉ်ကို ဖွ
လမ်းလမ်း ကြည့်ရှုသူ ဖြစ်သည်နှင့်အညီ ထိုရုပ်မြင်သံကြားအစီအစဉ်၌ ပါရှိလ
သော ရော်ဘင်လိချ်၏ ဧည့်သည်များ ပြောဆိုပုံ၊ လမ်းလျှောက်ပုံတို့ကို စေ့စေ့
စပ်စပ် လေ့လာသည်။ တစ်နေ့သောအခါတွင် လက်စလီမားသားရှက် ကိုယ်တို
ထိုရုပ်မြင်သံကြားအစီအစဉ်၌ ပါရှိလာမည်ဟု သူသိထားသည်။ သူသည် ချမ်းသ
ကြွယ်ဝပြီး နာမည်ကျော်ကြားသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ရန် ဇာတာပါလာ
ဟု ကလေးဘဝကပင် ခံစား သိရှိထားသူ ဖြစ်သည်။

သူ့မိခင်ကလည်း ပြောလေ့ရှိသည်။

*"မင်းဟာ တကယ့် စပါယ်ရှယ် ပုဂ္ဂိုလ်လေးပဲ၊ ငါ့သားကလေးဟာ ကမ္ဘာ
ကျော်တစ်ယောက် ဖြစ်လာလိမ့်မယ်"*

သူသည် ထိုဝါကျကလေးကို အထပ်ထပ်အခါခါ ကြားယောင်မိရ
အိပ်ရာဝင်လေ့ရှိရာ ထိုဝါကျကို တကယ်တမ်း ယုံကြည်လာလေတော့သည်

မားသားရှက် အသက်အရွယ် ရလာသောအခါ သူ့တွင် ပြဿနာတစ်ရ
ရှိနေကြောင်း သူ သိလာသည်။ သူသည် မည်သည့်နည်းနှင့် ချမ်းသာလာမည
အောင်မြင်ကျော်ကြားမှု ရရှိလာလိမ့်မည်ကို သူ မသိပါ။

တစ်ကြိမ်တွင် သူသည် 'ရုပ်ရှင်မင်းသားဖြစ်လျှင် ကောင်းလေမလား'
တွေးတောမိသည်။ သို့ရာတွင် သူသည် အလွန်အမင်း ရှက်တတ်သူ ဖြစ်သည်
သူက 'ထူးချွန်သော ဘောလုံးသမားဖြစ်လျှင် ကောင်းလေမလား'ဟု တွေးကြ
မိပြန်၏။ သို့ရာတွင် သူသည် အားကစားသမား မဟုတ်ပြန်ချေ။

သူသည် 'အလွန် ကျော်ကြားသော သိပ္ပံပညာရှင် သို့မဟုတ် ဉာဏ်ပူဇော်
အမြောက်အမြား တောင်းယူရရှိနိုင်သည့် ရှေ့နေကြီးတစ်ယောက် ဖြစ်လ
ကောင်းလေမည်လား' ဟု တွေးမိပြန်၏။ ကံဆိုးချင်တော့ သူသည် ကျောင်းတွ
အမှတ်ကောင်းကောင်းရသူ မဟုတ်။ သူလို ငါလိုမျှသာ ဖြစ်သည်။ သူသ
ကျော်ကြားမှုနှင့် နီးစပ်ခြင်း မရှိဘဲ ကျောင်းကသာ ထွက်ခဲ့ရလေ၏။

ဘဝသည် မတရားချေ။





သူသည် ရုပ်ရည်ရူပကာအားဖြင့် နှစ်လိုဖွယ်ရာ ရှိသူ မဟုတ်။ ကိုယ်လုံးကိုယ်ပေါက် ပိန်သည်။ ဖြူဖပ်ဖြူရော်နှင့် မကျန်းမာသော အသားအရေ ပုံစံမျိုး ဖြစ်နေသည်။ ပြီးတော့ အရပ်ကလည်း ပုသည်။ ငါးပေ ငါးလက်မခွဲသာ ရှိသည်။ မားသားရှက်က သူသည် ငါးပေခြောက်လက်မ ရှိသည်ဟု လက်မဝက်ကို အမြဲ မြှင့်၍ ပြောလေ့ရှိသည်။

ကျော်ကြားသော ပုဂ္ဂိုလ်များသည် အရပ်ပုကြသည်။ ဥပမာ ဒပ်ဒလီမိုး၊ ဒပ်စတင်ဟော့ဖ်မင်၊ ပီတာဖော့ခ်။ သည်လိုနှင့် သူ့ကိုယ်သူ ဖြေသိမ့်လေ့ရှိသည်။

အသက်မွေးဝမ်းကျောင်း လုပ်ငန်းအနေနှင့် သူ တကယ်စိတ်ဝင်စားသည့် လုပ်ငန်းမှာ ဓာတ်ပုံရိုက်ခြင်းပင် ဖြစ်သည်။ ဓာတ်ပုံရိုက်ရသည်မှာ သိပ်ကို လွယ်ကူလွန်းလှသည်။ လူတိုင်း လုပ်နိုင်ကြသည်၊ ခလုတ်တစ်ခုကို နှိပ်ရုံမျှပင် လိုအပ်သည်။ သူ အသက်ခြောက်နှစ်ပြည့်သော မွေးနေ့တွင် သူ့မိခင်က သူ့အတွက် ကင်မရာတစ်လုံး ဝယ်ပေးပြီး သူ ရိုက်သောဓာတ်ပုံများကို အလွန်အကျူး ချီးမွမ်းခန်း ဖွင့်ခဲ့သည်။ လက်စလီ မြီးကောင်ပေါက်အရွယ်သို့ ရောက်ရှိလာသောအခါတွင် သူသည် အလွန် ထူးချွန်သော ဓာတ်ပုံဆရာ ဖြစ်သည်ဟု သူ့ကိုယ်သူ ယုံကြည်သွားသည်။ သူသည် နာမည်ကျော် ဓာတ်ပုံဆရာကြီးများ ဖြစ်ကြသော အန်ဆယ်အဒမ်၊ ရစ်ချတ်အေဗီဒွန် သို့မဟုတ် မာဂရက်ဘုတ်ဗိုက် တို့လောက်နီးပါး ရင်းတို့၏ ခြေရာကို နင်းနိုင်သူ ဖြစ်သည်ဟု ယုံကြည်လာသည်။

လက်စလီသည် သူ့မိခင်ထံမှ ချေးယူသောငွေနှင့် ပိုက်ချက်ပယ်ရှိ သူနေထိုင်သော အိမ်ခန်းတွင် ကိုယ်ပိုင်ဓာတ်ပုံလုပ်ငန်းကလေးတစ်ခုကို စတင် တည်ထောင်လိုက်သည်။

သူ့မိခင်က လက်စလီအား -

*"ကျဉ်းကျဉ်းနဲ့စပြီး အလုပ်လုပ်၊ ဒါပေမယ့် ကြီးကြီးကျယ်ကျယ်တော့တွေး"*
ဟု ပြောလေ့ရှိသည်။

သူသည် မိခင်၏စကားကို လိုက်နာခဲ့သည်။

သူသည် အလုပ်ကို ကျဉ်းကျဉ်းနှင့် စတင်ခဲ့သော်လည်း ကြီးကြီးကျယ်ကျယ် မျှော်မှန်းခဲ့သည်။ သို့ရာတွင် ကံဆိုးချင်တော့ သူသည် ဓာတ်ပုံပညာဘက်တွင် ပါရမီပါသူ မဟုတ်ချေ။ သူသည် စစ်ရေးပြ အခမ်းအနားများ၊ တိရစ္ဆာန်များ၊ ပန်းများ စသည်တို့ကို ရိုက်ကူးပြီး သတင်းစာတိုက်များနှင့် မဂ္ဂဇင်းတိုက်များကို ယုံကြည်စိတ်ချစွာ ပေးပို့ခဲ့သည်။ ထိုဓာတ်ပုံများကို အမြဲတမ်း ပြန်အပို့ခံရလေ့ရှိသည်။ ပါရမီရှင်များသည် သူတို့၏စွမ်းအင်ကို အများက သတိမထားမိခင် ယခုလို ငြင်းပယ်ခံကြရသည်သာ ဖြစ်သည်ဟု သူ့ကိုယ်သူ ဖြေသိမ့်လေ့ရှိသည်။

ထို့နောက် ဆိုင်းမဆင့်ဗုံမဆင့် သူ့အတွက် အခွင့်အရေးကြီးတစ်ရပ်သည် ဖြုန်းခနဲ ပေါ်ပေါက်လာတော့သည်။

သူ့မိခင်၏ ဝမ်းကွဲညီမ တစ်ယောက်သည် ဗြိတိသျှ စာအုပ်ထုတ်ဝေရေး လုပ်ငန်းဖြစ်သော ဟားပါကောလင်းစ်တွင် အလုပ်လုပ်နေသည်။ ထို အဒေါ်က ဟားပါကောလင်းစ်သည် ဆွစ်ဇာလန်နိုင်ငံနှင့် ပတ်သက်သော ဓာတ်ပုံစာအုပ် တစ်အုပ်ကို ထုတ်ဝေရန် စီစဉ်နေကြောင်း သူ့ကို ကျိတ်၍ သတင်းပေးခဲ့သည်၊

"လက်စလီ၊ သူတို့က ခုထက်ထိ ဓာတ်ပုံဆရာကို မရွေးချယ်ရသေး
ဒီတော့ မင်းက ဆွစ်ဇာလန်ကို ခုချက်ချင်းသွားပြီး ပုံကောင်း



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် အဲဒီစာအုပ်ဟာ မင်းရဲ့စာအုပ် ဖြစ်မှာပဲ"

လက်စလီမားသားရှက်သည် သူ့ကင်မရာများကို စုဆောင်း သိမ်းဆည်းလိုက်ပြီးနောက် ဆွစ်ဇာလန်သို့ အပြေးအလွှား လာခဲ့လေ၏။ ဤကိစ္စမှာ သူ့အတွက် အလွန်ကောင်းမွန်သော အခွင့်အရေးတစ်ခုဖြစ်ကြောင်း သူ သိလိုက်သည်။ နောက်ဆုံးတွင် လူ့အနွယ်များသည် သူ့အရည်အချင်းကို အသိအမှတ်ပြုကြရတော့မည်။

သူသည် ဂျီနီဗာတွင် မော်တော်ကားတစ်စီးကို ငှားရမ်းလိုက်ပြီးနောက် ဆွစ်ဇာလန်နိုင်ငံအနှံ့ ခရီးထွက်ခဲ့သည်။ သူသည် ဆွစ်ဇာလန်မှ သစ်သားအိမ်ကလေးများ၊ ရေတံခွန်များနှင့် ဆီးနှင်းခဲများ ဖုံးလွှမ်းနေသော တောင်ထိပ်များပုံတို့ကို ဓာတ်ပုံရိုက်ယူခဲ့သည်။ သူသည် နေဝင်ပုံ၊ နေထွက်ပုံနှင့် လယ်ကွင်းထဲ၌ လယ်သမားများ အလုပ်လုပ်နေကြပုံတို့ကို ဓာတ်ပုံရိုက်ခဲ့သည်။

ထိုကိစ္စများကို လုပ်ကိုင် ဆောင်ရွက်နေစဉ် ကံကြမ္မာက တစ်မျိုးတစ်ဖုံ ဖန်လာပြီး သူ့ဘဝလမ်းကြောင်းကို ပြောင်းလဲစေလိုက်တော့သည်။

ဘန်းမြို့သို့ အသွားတွင် သူ့မော်တော်ကားမှာ စက်ချွတ်ယွင်းသွားသည်။ သူသည် မော်တော်ကားကို လမ်းဘေးသို့ဆွဲချပြီး အကြီးအကျယ် ဒေါပွနေသည်။

သူ့ကျမှ အခုလို ဘာကြောင့် ဖြစ်ရတာလဲ။

သူသည် ထိုနေရာ၌ ထိုင်နေရင်း အဖိုးတန်သောအချိန်များ ကုန်ဆုံးရမှု၊ သူ့မော်တော်ကားကို ဆယ်တင်ယာဉ်နှင့် ဆွဲယူပါက ကုန်ကျမည့် စရိတ်တို့ကို တွေးပြီး အကြီးအကျယ် ဒေါသဖြစ်နေသည်။

သူသည် သွန်းမြို့မှ (၁၅) ကီလိုမီတာသာ ဝေးကွာသေးသည်။

'အဲဒီနေရာကို ဆွဲယူသွားမယ်' ဟု မားသားရှက်က တွေးလိုက်၏။

'ဒါဆိုရင် သိပ်ကုန်မှာ မဟုတ်ဘူး'

သူက ဓာတ်ဆီဆုံး ထရပ်ကားကြီးတစ်စီးကို တားလိုက်သည်။

မားသားရှက်က ရှင်းပြလိုက်သည်။

"ကျုပ်အတွက် ဆယ်တင်ယာဉ်တစ်စီး လိုတယ်၊ ခင်ဗျားက သွန်းမြို့က စက်ပြင်အလုပ်ရုံတစ်ခုခုမှာ ကျုပ်ကားကို လာဆွဲပေးဖို့ မှာပေးခဲ့ပါလားဗျာ"

ထရပ်ကားမောင်းသူက ခေါင်းခါပြသည်။

"ဒီကနေ့က တနင်္ဂနွေနေ့ ကိုယ့်လူရ၊ အနီးဆုံး စက်ပြင်အလုပ်ရုံဟာ ဘန်းမြို့မှာပဲ ဖွင့်လိမ့်မယ်"

"ဘန်းမြို့- ဟုတ်လား၊ ဒီကဆိုရင် ကီလိုမီတာ (၅၀) လောက် ဝေးတယ်၊ ကျုပ်အတွက် ငွေတွေ အများကြီး ကုန်တော့မှာပဲ"

ထရပ်ကားမောင်းသူက ပြုံးပြလိုက်သည်။

"ဟုတ်တယ်၊ သူတို့က တနင်္ဂနွေနေ့မှာလည်း ဖွင့်ကြတယ်"

ထိုပုဂ္ဂိုလ်က ဆက်မောင်းလိုက်သည်။

"နေပါဦး"

သူက နှုတ်က ဖွင့်ပြောရမှာ ခက်နေသည်။

"ကျုပ်က ဘန်းမြို့က ဆယ်တင်ယာဉ်အတွက် ကျသမျှ ပေးပါ့မယ်ဗျာ"

"ရပါတယ်၊ ကျုပ်က တစ်ယောက်ယောက်ကို လွှတ်ခိုင်းလိုက်မယ်"

လက်စလီမားသားရှက်သည် စက်ပျက်နေသော မော်တော်ကားထဲ၌ ထိုင်ရင်း





စောင့်ဆိုင်းနေသည်။

'ဖြစ်မှ ဖြစ်ရလေတယ်'ဟု သူက တွေးတောနေမိသည်။

သူသည် ဖလင်များအတွက် ငွေအတော်များများ သုံးစွဲခဲ့ပြီး ဖြစ်သည်။ အခု အလွန် ငွေဆာနေသော ခွေးသူခိုးတစ်ယောက်ကို သူ့မော်တော်ကားအား ဆွဲယူပေးဖို့အတွက် ငွေပေးရပေဦးမည်။

ဆယ်တင်ယာဉ် ရောက်လာသည်အထိ နှစ်နာရီကြာအောင် ထိုင်စောင့်ခဲ့သည်။ စက်ပြင်ဆရာက သူ့မော်တော်ကားအား ဆယ်တင်ယာဉ်နှင့် ချိတ်စပ်နေစဉ်မှာပင် ဟိုင်းဝေးလမ်းမကြီး၏ ဟိုဘက်မှ အလင်းရောင်များ ဝင်းခနဲထွက်လာပြီး အလွန် ကျယ်လောင်သည့် ပေါက်ကွဲသံကြီး ပေါ်ထွက်လာတော့သည်။ လက်စလီမားသားရှက်က မော့ကြည့်လိုက်သည်တွင် အလွန် လင်းထိန်နေသော အရာဝတ္ထုတစ်ခုသည် ကောင်းကင်ဆီမှ ထိုးကျလာသည်ကို တွေ့လိုက်ရလေ၏။

ဟိုင်းဝေးလမ်းမကြီးပေါ်၌ သူ့မော်တော်ကားအပြင် သူ့ကားနောက်ဘက်၌ ထိုးရပ်လိုက်သော နယ်လှည့်ခရီးသည်တင် ဘတ်စ်ကား တစ်စီးသာ ရှိနေကြသည်။ ဘတ်စ်ကားပေါ်မှ ခရီးသည်များသည် အဆိုပါ ပျက်ကျသည့်နေရာဆီသို့ ယားဖားယားနှင့် ပြေးနေကြသည်။ စပ်စုလိုသောစိတ်နှင့် ဆက်လက်၍ ခရီးထွက်လိုသောစိတ်တို့ အကြားတွင် လွန်ဆွဲရင်း သူ တွန့်ဆုတ်နေမိသည်။

သူသည် ချာခနဲ လှည့်လိုက်ပြီး ဟိုင်းဝေးကိုဖြတ်ကျော်၍ ဘတ်စ်ကားခရီးသည်များ နောက်ဘက်မှ လိုက်ပါသွားသည်။

သူသည် အခင်းဖြစ်ပွားသည့်နေရာသို့ ရောက်ရှိသွားသောအခါ ထိုနေရာတွင် ကျောက်ချသလို ရပ်နေမိတော့သည်။ 'ဘုရား ဘုရား' ဟု သူ့စိတ်ထဲက ရေရွတ်လိုက်မိသည်။

'ဒါ တကယ့်အစစ် မဟုတ်ဘူး'

သူသည် ပန်းကန်ပြားပျံတစ်ခုကို ငေးကြည့်နေသည်။

လက်စလီသည် ပန်းကန်ပြားပျံများအကြောင်း ကြားဖူးပါသည်။ ဖတ်ဖူးပါသည်။ သို့ရာတွင် ပန်းကန်ပြားပျံများ ရှိနေသည်ဟု သူ မယုံကြည်ခဲ့ပါ။ သူသည် အံ့တကြဖြစ်မိပြီး ပါးစပ်အဟောင်းသား ဖြစ်နေသည်။

ပန်းကန်ပြားပျံ၏ ကိုယ်ထည်မှာ ပေါက်ကွဲ ပျက်စီးနေသောကြောင့် အတွင်းဘက်မှ အလောင်းငယ်နှစ်ခုကို မြင်နေရသည်။ ထိုအလောင်းများသည် ကိုယ်လုံးငယ်သည်။ ဦးခေါင်းခွံကြီးမားသည်။ မျက်လုံးများက ချိုင့်ဝင်နေကြသည်။ နားရွက်မပါ။ မေးစေ့ကလည်း မရှိသလောက် ဖြစ်နေသည်။ သူတို့သည် ငွေရောင် သတ္တုဝတ်စုံတစ်မျိုးကို ဝတ်ဆင်ထားကြသည်။

ခရီးသွားယာဉ်ပေါ်မှ အုပ်စုသည် သူ့ပတ်ပတ်လည်၌ မတ်တတ်ရပ်ရင်း အံ့ဩတုန်လှုပ်မှုကြောင့် အသံမထွက်ဘဲ ငေးစိုက်ကြည့်နေကြသည်။

သူ့အနားမှ အမျိုးသားတစ်ယောက် သတိလစ်သွားသည်။ နောက် အမျိုးသားတစ်ယောက်သည် ပြန်လှည့်လိုက်ပြီး အန်ချလိုက်လေ၏။ အသက်ခပ်ကြီးကြီး ဘုန်းကြီးတစ်ပါးလည်း ပါလာသည်။ အဆိုပါ ဘုန်းတော်ကြီးသည် စိပ်ပုတီးကို ဆုပ်ကိုင်ထားရင်း အဓိပ္ပာယ်ကင်းမဲ့စွာ ရေရွတ် ပြောဆိုနေသည်။

တစ်ယောက်ယောက်က ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ဘုရား၊ ဒါ ပန်းကန်ပြားပျံတစ်ခုပဲ"

ထိုအခိုက်အတန့်မှာပင် လက်စလီသည် အသိဉာဏ် ပွင့်လာခြင်း ဖြစ် သည်။ အံ့ဩဖွယ်ရာ ကိစ္စတစ်ရပ်သည် သူ့ရင်ခွင်ထဲသို့ ကျရောက်လာလေပြီ။

*သူ . . . ၊ လက်စလီမားသားရှက်သည် ကင်မရာများနှင့်အတူ ရာစုနှင့် အတွက် ထူးခြားသောသတင်းရှိရာ ဒေသတွင် ရောက်ရှိနေသည်။ သူ ယူ ရိုက်ကူးမည့်ဓာတ်ပုံများကို ဖြင်းပယ်မည့် မဂ္ဂဇင်း သို့မဟုတ် သတင်းစာသည် ဤကမ္ဘာပေါ်တွင် ရှိလိမ့်မည် မဟုတ်ပါ။*

ဆွစ်ဇာလန်နိုင်ငံအကြောင်း ဓာတ်ပုံစာအုပ်ကိစ္စကို ပြန်တွေးမိသည်။ ထိုစာအုပ်အတွက် သူ အသံထွက်၍ ရယ်မိတော့မလိုပင် ဖြစ်ခဲ့ရသည်။

သူသည် တစ်ကမ္ဘာလုံးကို အံ့အားသင့်အောင် လုပ်တော့မည်ဆဲဆဲပင်တည်း။ ရုပ်မြင်သံကြားဌာနများက သူ့ကို တောင်းတောင်းပန်ပန်နှင့် လာရောက်ဖိတ်ခေါ် ကြလိမ့်မည်။

သို့ရာတွင် သူသည် ရော်ဘင်လီချ်၏ ရုပ်မြင်သံကြားကဏ္ဍတွင် ဦးစွာ ပါဝင်မည်။ သူက ဓာတ်ပုံများကို လန်ဒန်၊ တိုင်းမ်စ်၊ သည်ဆန်း၊ သည်မေးလ် သည်မီးရာ၊ ဒေးလေ၊ အင်္ဂလန်မှ သတင်းစာ အားလုံးကို ရောင်းချမည်။ နိုင်ငံ ခြားသတင်းစာများနှင့် မဂ္ဂဇင်းများကိုလည်း ရောင်းချမည်။

မားသားရှက်၏နှလုံးသည် စိတ်လှုပ်ရှားမှုကြောင့် တဆတ်ဆတ် တုန်နေ သည်။

'ငါက ဘယ်သူ့ကိုမှ အထူးအခွင့်အရေး မပေးဘူး။ လူတိုင်းက ငါ့ကို တစ်ဦးချင်းစီ ငွေပေးကြရမယ်။ ငါက ဓာတ်ပုံတစ်ပုံကို ပေါင်တစ်သိန်းနှင့် ရောင်း မယ်။ ပေါင်နှစ်သိန်းလည်း ဖြစ်ချင်ဖြစ်မယ်။ ပြီးတော့ ငါက အဲဒီဓာတ်ပုံကို ထပ်ခါတလဲလဲ ရောင်းမယ်'

သူက သူ ရရှိနိုင်မည့် ငွေပမာဏကို အဖျားတက်နေသလို ပေါင်းကြည့် နေသည်။

သူက သူရရှိမည့် စည်းစိမ်ချမ်းသာ ပမာဏကို ပေါင်းကြည့်နေသော ကြောင့် ဓာတ်ပုံရိုက်ယူရန်ကိစ္စကိုပင် မေ့လုနီးပါး ဖြစ်သွားရသည်။

"မြတ်စွာဘုရား၊ ကျုပ်ကို ခွင့်ပြုကြပါဗျာ"

သူက မည်သူ့ကို ပြောမှန်း မသိဘဲ ပြောလိုက်ပြီးနောက် သူ့ကင်မရာ ပစ္စည်းများကိုယူရန် ဟိုင်းဝေးလမ်းမကြီးဆီသို့ ပြန်ပြေးလေတော့သည်။

စက်ပြင်ဆရာသည် ချို့ယွင်းသွားသော မော်တော်ကားကို လေထဲသို့ မြှောက်တင်ထားပြီး ဆွဲယူသွားရန်ပင် အဆင်သင့် ဖြစ်နေလေပြီ။

စက်ပြင်ဆရာက မေးလိုက်၏။

"ဟိုမှာ ဘာတွေ ဖြစ်နေတာလဲ"

မားသားရှက်သည် ကင်မရာပစ္စည်းများကို ဆွဲယူရင်း အလုပ်ရှုပ်နေသည်။

"ခင်ဗျားကိုယ်တိုင် လာပြီး ကြည့်ပေါ့ဗျာ"

အမျိုးသားနှစ်ယောက်သည် ဟိုင်းဝေးလမ်းမကြီးကို ကျော်ဖြတ်ပြီး သစ် ပင်များရှိသောနေရာသို့ လျှောက်လာကြသည်။ မားသားရှက်က ဝိုင်းဆားသော ကမ္ဘာလှည့်ခရီးသည်များကြားထဲသို့ တိုးဝင်လိုက်သည်။

"ကျုပ်ကို ခွင့်ပြုပါ၊ ကျုပ်ကို ခွင့်ပြုပါ"





သူက ကင်မရာကို ချိန်လိုက်ပြီးနောက် ယူအက်ဖ်အိုနှင့် ကြောက်စရာ ကောင်းသော သတ္တဝါများကို တဖျပ်ဖျပ်နှင့် ဓာတ်ပုံရိုက်စပြုသည်။ သူက အဖြူ အမည်းဖလင်နှင့်လည်း ရိုက်သည်။ ဆေးရောင်စုံဖလင်နှင့်လည်း ရိုက်သည်။

ကင်မရာခလုတ်ကို တစ်ခါ နှိပ်လိုက်တိုင်း သူ့စိတ်ထဲ 'ပေါင်တစ်သန်း'၊ 'နောက်ထပ် ပေါင်တစ်သန်း . . . '၊ 'နောက်ထပ် ပေါင်တစ်သန်း' ဟု တွေးနေမိ သည်။

ဘုန်းတော်ကြီးက သူ့ကိုယ်သူ လက်ဝါးကပ်တိုင်သင်္ကေတ လက်နှင့်ထိ၍ ဘုရားရှိခိုးရင်း -

"ဒါဟာ မာရ်နတ်ရဲ့ မျက်နှာပဲ" ဟု ရေရွတ်ပြောဆိုနေသည်။

'မာရ်နတ်တဲ့လား၊ ခေါက်ထားလိုက်စမ်းပါ' ဟု မားသားရှက်က ကြည်နူးစွာ တွေးလိုက်သည်။

'ဒါက ပိုက်ဆံရဲ့မျက်နှာပါဗျ၊ ဒီဓာတ်ပုံတွေဟာ ပန်းကန်ပြားပျံတွေ ရှိနေ ကြောင်း သက်သေပြမယ့် ပထမဦးဆုံး ဓာတ်ပုံတွေပဲ'

ဤတွင် သူသည် လန့်စရာကောင်းသည့် အတွေးတစ်ခုကို တွေးမိလေ တော့သည်။

'တကယ်လို့ မဂ္ဂဇင်းတွေက ဒီဓာတ်ပုံတွေကို အတုလို့ထင်ရင် ဘယ်လို လုပ်မလဲ'

ယူအက်ဖ်အိုတွေနဲ့ ပတ်သက်ပြီး ဓာတ်ပုံအတုတွေ အတော်ခပ်များများ ရှိခဲ့ဖူးသည်။ သူ၏ ကြည်နူးမှုကလေး ပျောက်သွားသည်။

'တကယ်လို့ သူတို့က ငါ့ကို မယုံကြည်ကြရင်ကော'

ဤတွင် လက်စလီမားသားရှက်သည် အလွန် ကောင်းမွန်သည့်အတွေးကို ဒုတိယအကြိမ် တွေးလိုက်မိခြင်း ဖြစ်သည်။

သူ့ပတ်ပတ်လည်တွင် သက်သေကိုးယောက် စုစုဝေးဝေး ရောက်ရှိနေ သည်။ ထိုပုဂ္ဂိုလ်များသည် သူ၏ရှာဖွေတွေ့ရှိမှုကြီးကို အစစ်အမှန်ဖြစ်ကြောင်း သက်သေထူပေးကြမည့် ပုဂ္ဂိုလ်များပင် ဖြစ်ကြတော့သည်။

မားသားရှက်က ထိုပုဂ္ဂိုလ်များဘက်သို့ ပြန်လှည့်လိုက်၏။

"ဂုဏ်သရေရှိ အမျိုးသမီးနဲ့ လူကြီးမင်းများ ခင်ဗျား၊ ဒီနေရာမှာ ခင်ဗျားတို့ ရဲ့ပုံတွေကို ဓာတ်ပုံ အရိုက်ခံချင်ကြတယ်ဆိုရင် တန်းစီပေးကြပါ။ ကျုပ်က ခင်ဗျားတို့ဆီကို ဓာတ်ပုံတစ်ပုံစီ အခမဲ့ ပို့ပေးပါ့မယ်"

စိတ်လှုပ်ရှားမှုကြောင့် 'အို' 'ဟင်' စသော အော်သံများ ပေါ်ထွက်လာ သည်။ ဘုန်းတော်ကြီးကလွဲလျှင် ခဏအတွင်းမှာပင် ခရီးသွားဘတ်စ်ကားပေါ်မှ ခရီးသည်များသည် ပျက်စီးနေသော ယူအက်ဖ်အို အနီးတွင် မတ်တတ်ရပ်၍ ရောက်ရှိနေကြတော့သည်။

ဘုန်းတော်ကြီးကတော့ တွန့်ဆုတ်ဆုတ် ဖြစ်နေသည်။

"ကျုပ် ဝင်ပါလို့ မဖြစ်ဘူး၊ အဲဒါက မကောင်းဆိုးဝါးပဲ"

မားသားရှက်အဖို့ ဘုန်းတော်ကြီးပါ ပါရန် လိုအပ်နေသည်။ သူသည် အနိုင်အလုံ သက်သေအပြနိုင်ဆုံးပုဂ္ဂိုလ် ဖြစ်လာပါလိမ့်မည်။

မားသားရှက်က ဖျောင်းဖျောင်းဖျဖျ ပြောဆိုလိုက်သည်။

"အဲဒါကို ပြောတာပေါ့ ဘုရား၊ အရှင်ဘုရား သဘောပေါက်တယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com


လား၊ ဒီကိစ္စဟာ မကောင်းဆိုးဝါးတွေ ရှိနေတယ်ဆိုတဲ့အကြောင်း အရှင်ဘုရားရဲ့ သက်သေထွက်ဆိုချက်ပဲ ဖြစ်လိမ့်မယ်"

နောက်ဆုံးတွင် ဘုန်းတော်ကြီးကို စည်းရုံး၍ ရရှိခဲ့သည်။ မားသားရှက်က အမိန့်ပေးလိုက်သည်။

"နောက်ဘက်က ပန်းကန်ပြားပျံကြီးကို မြင်နိုင်အောင် လူတွေ နည်းနည်းလောက် ခွဲပေးကြပါ"

သက်သေများက အနေအထားများကို ပြင်လိုက်ကြသည်။

"ဒါပဲပေါ့။ သိပ်ကောင်းတယ်၊ သိပ်ကောင်း၊ ငြိမ်ငြိမ်ကလေးနေကြပါ၊ ကဲ"

သူက နောက် ထပ်၍ ခြောက်ပုံခန့် ရိုက်ယူလိုက်ပြီး စာရွက်ဗာစ်ရွက်နှင့် ခဲတံတစ်ချောင်းကို ထုတ်ယူလိုက်သည်။

"ခင်ဗျားတို့က နာမည်နဲ့ လိပ်စာကလေးတွေ ရေးပေးကြမယ်ဆိုရင် ခင်ဗျားတို့ဆီကို ဓာတ်ပုံတစ်ပုံစီ ပို့ပေးမယ်"

သူ့အနေနှင့် ဓာတ်ပုံများကို ပို့ပေးရန် ရည်ရွယ်ချက် မရှိပါ။ သူ လိုချင်သည်မှာ သူ့ကို ထောက်ခံထွက်ဆိုမည့် သက်သေများသာ ဖြစ်သည်။

'သတင်းစာနဲ့ မဂ္ဂဇင်းတိုက်တွေကသာ သူတို့နဲ့ထပ်ပြီး မေးမြန်းနိုင်အောင် ကြိုးပမ်းကြပေတော့' ဟု တွေးလိုက်ပြန်သည်။

ထို့နောက် သူသည် မြန်းခန် ဆိုသလို ထိုအုပ်စုထဲ၌ ပါရှိသော ခရီးသည်အတော်များများထဲတွင် ကင်မရာများ ရှိနေကြကြောင်း သတိပြုလိုက်မိပြန်သည်။ သူက သူ့ဓာတ်ပုံကလွဲ၍ အခြား မည်သူ တစ်ဦးတစ်ယောက်၏ ဓာတ်ပုံများကိုမျှ ခွင့်မပြုနိုင်ပါ။

လက်စလီမားသားရှက် ရိုက်ကူးသည် ဟု တံဆိပ်နှိပ်ထားသော ဓာတ်ပုံများသာ တည်ရှိရပေလိမ့်မည်။

"တစ်ဆိတ်ဗျာ"

သူက ခရီးသည်အုပ်စုကို ပြောလိုက်သည်။

"ခင်ဗျားတို့မှာ ကင်မရာ ပါလာတဲ့ ပုဂ္ဂိုလ်တွေရှိရင် အဲဒီကင်မရာတွေ ကျုပ်ကို ပေးကြပါ။ ကျုပ်က ခင်ဗျားတို့ကိုယ်တိုင်ကို ဓာတ်ပုံပြန်ရိုက်ပေးပါ့မယ်။ ဒါမှ ခင်ဗျားတို့က ကိုယ့်ကင်မရာနဲ့ ကိုယ့်ကိုယ်ကိုယ် ဓာတ်ပုံရိုက်ပြီးသား ဖြစ်ပါလိမ့်မယ်"

ကင်မရာများကို လက်စလီမားသားရှက်ထံ ခပ်မြန်မြန် ပေးလိုက်ကြသည်။ သူက ပထမဦးဆုံး ဓာတ်ပုံရိုက်ယူရန် ဒူးထောက်လိုက်စဉ် မည်သူမျှ မမြင်အောင် ဖလင်ထည့်ထားသောအခန်းကို လက်မနှင့် လှည့်ဖွင့်လိုက်ပြီးနောက် အနည်းငယ် ပွင့်သွားအောင် ပြုလုပ်လိုက်သည်။

'ကဲ - နေရောင်ခြည်တွေက အထဲဝင်သွားပြီး အဲဒီဓာတ်ပုံတွေကို ပျက်သွားအောင် ကူညီကြလိမ့်မယ်။ သိပ်ဆိုးတာပေါ့ မိတ်ဆွေတို့ရာ။ ဒါပေမယ့် သမိုင်းဝင် အချိန်ပိုင်းတွေမှာ တကယ် အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ဓာတ်ပုံဆရာတွေကိုသာ ရိုက်ယူဖို့ ခွင့်ပြုထားတယ်ဗျ' ဟု စိတ်ထဲက တွေးနေသည်။

နောက်ထပ် ဆယ်မိနစ် ကြာသောအခါ မားသားရှက်သည် သူတို့၏ နာမည်များနှင့် လိပ်စာများကို ရရှိလိုက်သည်။

သူက ပန်းကန်ပြားပျံကို နောက်ဆုံး အနေနှင့် ကြည့်လိုက်ပြီးနောက်-

'မေမေ မှန်တယ်၊ ငါက ချမ်းလည်း ချမ်းသာရမယ်၊ နာမည်လည်း ကျော်လိမ့်မယ်' ဟု ကြည်ကြည်နူးနူး တွေးလိုက်မိသည်။

သူသည် အင်္ဂလန်သို့ပြန်ပြီး ဖလင်များကို ဆေးကူးချင်လှပါပြီ။

"ဘာတွေ ဖြစ်နေကြတာလဲ"

ထိုနေ့ တစ်ညနေခင်းလုံး ယူတင့်ဒေါ့ဖ်နယ်မြေအတွင်းရှိ ရဲစခန်းများသို့ တယ်လီဖုန်းများနှင့် အဆက်မပြတ် ဆက်သွယ် မေးမြန်းနေကြသည်။

*"ကျုပ်အိမ်ပတ်ပတ်လည်မှာ တစ်ယောက်ယောက်က လာချောင်းမြောင်းနေတယ်"*

*"အပြင်ဘက်မှာ ထူးထူးဆန်းဆန်း အလင်းရောင်တွေကို တွေ့နေရတယ်"*

*"ကျုပ်ရဲ့ကြက်တွေ၊ ဝက်တွေ အရမ်းဆူညံနေကြတယ်။ ဒီနားတစ်ဝိုက်မှာ ဝံပုလွေ ရှိကို ရှိနေရမယ်"*

*"တစ်ယောက်ယောက်က တီရှ်ဗာန်တွေ ရေတိုက်တဲ့ ရေခွက်ကြီးထဲက ရေတွေကို ပြောင်စင်သွားအောင် လုပ်ပစ်လိုက်တယ်"*

*"ဆရာသမား၊ ဟိုင်းဝေးလမ်းမကြီးပေါ်ကို ခင်ဗျားက ဆယ်တင်ယာဉ်တွေ အများကြီး ခုချက်ချင်း လွှတ်ပေးဖို့ လိုတယ်၊ တကယ့် အိပ်မက်ဆိုးကြီးဗျာ၊ မော်တော်ကားတွေ အားလုံး ရပ်ကုန်ကြပြီ"*

*"ဘာပြောတယ်၊ ဘာဖြစ်လို့လဲ"*

*"အယ်သူမှ မပြောတတ်ကြဘူး ဆရာ၊ မော်တော်ကားအင်ဂျင်တွေ သူ့အလိုလို ရပ်သွားကြတယ်"*

ထိုနေ့ညသည် သူတို့အတွက် မေ့မရနိုင်သည့် ညတစ်ညပင်တည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်ခြောက်

'ဒီလုပ်ငန်းတာဝန်ဟာ ဘယ်လောက်အထိ ကြာနေဦးမှာလဲ'

ဆွစ်ဇာလန်နိုင်ငံ အယ်ပ်ပ်တောင်တန်းများပေါ်တွင် ပထမတန်းထိုင်ခုံပေါ်၌ သူကိုယ်သူ ခါးပတ်ပတ်ရင်း ရောဘတ်က တွေးလိုက်မိသည်။

လေယာဉ်ပျံကြီးက ပြေးလမ်းအတိုင်း အရှိန်အဟုန်နှင့် ပြေးထွက်လာစဉ် အလွန် ကြီးမားသော ရိုးစ်ရွှက်စ် အင်ဂျင်ကြီးများကလည်း ညချမ်းကာလမှ လေများကို အငမ်းမရ စုပ်မျိုနေသည်။

ထိုအချိန်တွင် ရောဘတ်သည် အကြောအခြင်များကို ဖြေလျှော့ချလိုက်ပြီး သူ့မျက်လုံးများကို မှိတ်ထားလိုက်သည်။

'လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်တုန်းက ဆူဆန်ကို လန်ဒန်လိုက်ပို့ခဲ့တာ ဒီခရီးစဉ်နဲ့ပဲ မဟုတ်လား။ မဟုတ်သေးပါဘူးလေ၊ အဲဒါက တစ်သက်တာလောက် ကြာမြင့်ခဲ့ပြီပဲ' ဟု တွေးနေမိသည်။

ထိုလေယာဉ်ပျံသည် လန်ဒန် ဟီသရိုးလေဆိပ်သို့ ပုံမှန်အတိုင်း ညနေ ခြောက်နာရီ နှစ်ဆယ့်ကိုးမိနစ်တွင် ဆင်းသက်ခဲ့သည်။

ရောဘတ်သည် ဝက်ပါထဲမှ ထွက်ခဲ့ပြီးနောက် အလွန်ကြီးမားကျယ်ပြန့်သော လန်ဒန်မြို့ကြီးဆီသို့ အငှားကား တစ်စီးနှင့် လာခဲ့သည်။ သူနှင့် ရင်းနှီးသော နေရာပေါင်း တစ်ရာကျော်ကို ဖြတ်သန်းလာခဲ့သည်။ ထိုနေရာများနှင့် ပတ်သက်၍ စိတ်လှုပ်ရှားစွာ ပြောဆိုနေသော ဆူဆန်၏အသံကိုလည်း သူကြားယောင်နေမိသည်။ ပျော်စရာကောင်းလှသော ထိုအချိန် ထိုကာလကမူ သူတို့ အဖို့ ရောက်ရှိနေသည့် နေရာဌာနသည် အရေးမပါလှပါ။ သူတို့နှစ်ယောက် အတူတူ ရှိနေရုံမျှနှင့်ပင် လုံလောက်နေပါပြီ။ သူတို့နှစ်ယောက်သည် ပျော်ရွှင်မှုများကို သူတို့နှင့်အတူ သယ်ဆောင်လာခဲ့ကြသည်။ တစ်ယောက်က တစ်ယောက်အပေါ် စိတ်လှုပ်ရှားမှုသည်လည်း သူတို့နှင့်အတူ ပါလာခဲ့သည်။ သူတို့၏အိမ်ထောင်ရေးသည် ပျော်ရွှင်မှုနှင့် အဆုံးသတ်ရမည့် အိမ်ထောင်သာ ဖြစ်သည်။

တော်တော်ကလေး နီးစပ်မှုရှိခဲ့ပါသည်။

ရောဘတ်နှင့် ဆူဆန်တို့ ထိုင်းနိုင်ငံ၌ ရှိနေကြစဉ် အက်ဒ်မိုင်ရယ် ဝှစ်တိတ် ကာက ပင်လယ်ရပ်ခြားမှနေ၍ တယ်လီဖုန်း ခေါ်လိုက်မှုကလေးက သူတို့၏ ပြဿနာများကို ရိုးရိုးကလေး စတင် မီးမွှေးပေးခဲ့ခြင်း ဖြစ်သည်။

ရောဘတ်သည် ရေတပ်မတော်မှ အလုပ်ထွက်လာခဲ့သည်မှာ ခြောက်လပင် ရှိခဲ့လေပြီ။ ထိုကာလအတွင်း သူသည် အက်ဒ်မိုင်ရယ်ကြီးနှင့် တစ်ကြိမ်တစ်ခါမျှ





စကားမပြောခဲ့ပါ။ ဘန်ကောက်ရှိ အိုရီရင်းတယ်ဟိုတယ်၌ ရှိနေသော သူတို့ထံ တယ်လီဖုန်း ဆက်သွယ်လာမှုကပင် အံ့ဩစရာ ဖြစ်နေသည်။

"ရောဘတ်လား၊ အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာပါ"

"အက်ဒ်မိုင်ရယ်၊ ဆရာ့အသံကို ကြားရတာ နားဝင်ချိုလိုက်တာဗျာ"

"မင်းကို လိုက်ပြီးရှာရတာ မလွယ်ဘူးကွ၊ မင်းက ဘာတွေကို ကြံစည်နေတာလဲ"

"ဘာမှ မဟုတ်ပါဘူးဗျာ၊ အေးအေးလူလူ နေတာပါပဲ၊ ပျားရည်ဆမ်းခရီးကို အကြာကြီး ထွက်နေတာပါ"

"ဆူဆန်ကော နေကောင်းရဲ့လား၊ မင်းရဲ့ အမျိုးသမီးနာမည်က ဆူဆန် မဟုတ်လား"

"ဟုတ်ကဲ့၊ သူ နေကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ်"

"မင်း ဝါရှင်တန်ကို ခပ်စောစော ဘယ်တော့လောက် ပြန်လာနိုင်မလဲ"

"ဘာဖြစ်လို့လဲ ခင်ဗျာ"

"ခုထက်ထိတော့ မကြေညာသေးဘူး၊ ဒါပေမယ့် ငါ့ကို တာဝန် အသစ် တစ်ရပ် ပေးလိုက်ပြီ ရောဘတ်ရ။ သူတို့က ငါ့ကို (၁၇) စီရင်စု ရေတပ်မတော် ထောက်လှမ်းရေးဌာနမှာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ပေးလိုက်ပြီ၊ မင်း ငါနဲ့ အတူတူ လာပြီး အလုပ် လုပ်စေချင်တယ်"

ရောဘတ် တအံ့တဩ ဖြစ်သွားသည်။

"ရေတပ်မတော်ထောက်လှမ်းရေး ဟုတ်လား အက်ဒ်မိုင်ရယ်၊ ကျွန်တော်က ထောက်လှမ်းရေးအကြောင်း ဘာမှ နားမလည်ဘူး"

"မင်း လေ့လာ သင်ကြားနိုင်ပါတယ်ကွာ။ မင်းက နိုင်ငံတော်အတွက် အရေးကြီးတဲ့ တာဝန်နဲ့ အလုပ်အကျွေး ပြုရမှာကွ ရောဘတ်ရ။ မင်း ငါ့ဆီ လာပြီး ငါနဲ့ ဆွေးနွေးပါလားကွာ"

"ဟုတ်ကဲ့"

"ကောင်းတယ်၊ တနင်္လာနေ့ မနက် ကိုးနာရီကျရင် မင်းကို ငါ့ရုံးခန်းက စောင့်နေမယ်။ ဆူဆန်ကို ငါ့ကိုယ်စား နှုတ်ဆက်လိုက်ပါကွာ"

ရောဘတ်က ရေတပ်ဗိုလ်ချုပ်ကြီးနှင့် ဆွေးနွေးချက်များကို ဆူဆန်အား ပြန်ပြောပြသည်။

"ရေတပ်မတော်ထောက်လှမ်းရေး ဟုတ်လား၊ ကြားရတာ စိတ်လှုပ်ရှားဖို့ ကောင်းလိုက်တာ"

"ကောင်းချင်လည်း ကောင်းမှာပေါ့ကွာ"

ရောဘတ်က သံသယရှိစွာနှင့် ပြောလိုက်သည်။

"ဘာတွေ လုပ်ရမလဲဆိုတာ ကိုယ်လည်း မသိသေးဘူး"

"ရှင် စုံစမ်းကြည့်ရမှာပေါ့"

ရောဘတ်က ဆူဆန့်ကို ခနဲ့တွတ္တမျှ အကဲခတ်လိုက်သည်။

"မင်းက ကိုယ့်ကို လုပ်စေချင်တယ်ပေါ့၊ ဟုတ်တယ် မဟုတ်လား"

ဆူဆန်က ရောဘတ်ကို သိမ်းကျုံးဖက်ထားလိုက်သည်။

"ရှင် လုပ်ချင်တဲ့အလုပ်ကို ကျွန်မက လုပ်စေချင်ပါတယ်၊ ရှင် အလုပ်

ပြန်ဝင်ဖို့ အဆင်သင့် ဖြစ်နေပြီလို့ ကျွန်မ ထင်တယ်။ လွန်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com


ကစပြီး ရှင် ဘယ်လောက်အထိ ဂနာမငြိမ် ဖြစ်လာတယ်ဆိုတာ ကျွန်မ သတိထားမိတယ်"

ရောဘတ်က ဆူဆန့်ကို စလိုက်၏။

"ကိုယ့်အထင်ကတော့ မင်းက ကိုယ့်ကို ပထုတ်ဖို့ ကြိုးစားနေတယ်လို့ထင်တယ်၊ ပျားရည်ဆမ်းခရီး ပြီးဆုံးသွားပြီလေ"

ဆူဆန်က သူ့နှုတ်ခမ်းများကို ရောဘတ်၏နှုတ်ခမ်းများနှင့် ဖိကပ်ထားလိုက်သည်။

"ဘယ်တော့မှ ရှင့်ကို ပ,မထုတ်ဘူး၊ ရှင့်အပေါ်မှာ ကျွန်မက ဘယ်လောက်အထိ ချစ်တယ်ဆိုတာ ရှင် သိတယ် မဟုတ်လား"

ထိုကိစ္စကို နောက်ပိုင်းတွင် ပြန်စဉ်းစားကြည့်သောအခါ ထိုကိစ္စသည် သူတို့၏ အိမ်ထောင်ရေး ပြိုကွဲပျက်စီးစေမှု၏ အစပထမပင် ဖြစ်ကြောင်းကို ရောဘတ်က ဆုံးဖြတ်လိုက်သည်။ အက်ဒ်မိုင်ရယ်ကြီး၏ ကမ်းလှမ်းချက်သည် ထိုအချိန်က အလွန် ဝမ်းမြောက်ဖွယ် ကောင်းသောကိစ္စဟု ယူဆခဲ့ကြသည်။ သူသည် အက်ဒ်မိုင်ရယ်ကြီးနှင့် တွေ့ဆုံရန် ဝါရှင်တန်သို့ ပြန်သွားခဲ့သည်။

"ရောဘတ်ရေ ဒီအလုပ်က ဦးနှောက်ကောင်းဖို့ သတ္တိရှိဖို့နဲ့ ထိုထွင်းဉာဏ်ရှိဖို့လိုတယ်၊ မင်းက အဲဒီ အချက်သုံးချက်စလုံးနဲ့ ပြည့်စုံတယ်။ ငါတို့နိုင်ငံဟာ အကြမ်းဖက်အုပ်စုကလေးတွေကို မွေးထုတ်ပေးနိုင်တဲ့၊ ဒါမှမဟုတ် ဓာတုဗေဒလက်နက်ပစ္စည်းစက်ရုံကို တည်ဆောက်နိုင်တဲ့၊ အာဏာရှင်တွေအုပ်စိုးတဲ့ နိုင်ငံငယ်တိုင်းရဲ့ပစ်မှတ် ဖြစ်နေပြီ။ ခု လောလောဆယ်မှာတော့ အဲဒီလို နိုင်ငံခြောက်ခုလောက်ဟာ ငါတို့ကို အကျပ်ကိုင် ပြန်ပေးဆွဲနိုင်ဖို့အတွက် အဏုမြူပုံးတွေထုတ်လုပ်ဖို့ ကြိုးစားနေကြတယ်။ ငါ့အလုပ် တာဝန်ကတော့ သူတို့ ဘာတွေလုပ်နေကြတယ်ဆိုတာ စုံစမ်းပြီး သူတို့ရဲ့လုပ်ငန်းတွေကို တားဆီးပစ်နိုင်မယ့် ထောက်လှမ်းရေးကွန်ရက်တစ်ခုကို ဖွဲ့စည်းတည်ထောင်ဖို့ပဲ၊ မင်း ငါ့ကို ကူညီစေချင်တယ်ကွာ"

နောက်ဆုံးတွင် ရောဘတ်သည် ရေတပ်မတော်ထောက်လှမ်းရေးမှ အလုပ်ကို လက်ခံလိုက်ရတော့သည်။ ပြီးတော့လည်း သူ့အနေနှင့် တအံ့တဩ ဖြစ်ယူရလောက်အောင် သူသည် ထောက်လှမ်းရေးလုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင်ရသည်ကို အရသာတွေ့နေသည်။ သူသည် ထိုလုပ်ငန်းနှင့် အံဝင်မှုရှိကြောင်းကိုလည်း တွေ့လာရသည်။

ရောဘတ် အလုပ်လုပ်သည့်နေရာနှင့် မဝေးလှသော ဗာဂျီးနီးယားပြည်နယ် ရော့စ်လင်းတွင် ဆူဆန်က နေချင်စဖွယ်ကောင်းသော အိမ်ခန်း တစ်ခန်းကို ငှားရမ်းလိုက်ပြီး ထိုအိမ်ကို မွမ်းမံရင်း ကိုယ့်ကိုယ်ကိုယ် အလုပ်ပေးထားလိုက်သည်။ ရောဘတ်ကိုမူ လျှို့ဝှက်ထောက်လှမ်းရေးပုဂ္ဂိုလ်များအား သင်ကြားပို့ချနေသည့် 'ယာတော' ဟု နာမည်ပေးထားသော စီအိုင်အေ သင်တန်းကျောင်းသို့ ပို့လွှတ်လိုက်သည်။

ဗာဂျီးနီးယားပြည်နယ် ကျေးလက်ဒေသပိုင်း၌ ရှိနေသော အစောင့်အကြပ်များ ထူထပ်စွာ ချထားသည့် 'ယာတော' သည် စတုရန်းမိုင် နှစ်ဆယ်ကျယ်ဝန်းသည်။ နေရာ အများစုတွင် မြင့်မားသော ထင်းရှူးပင်ကြီးများ ပေါက်နေကြပြီး ဗဟိုအဆောက်အအုံများမှာ ရှေ့ဘက်ဂိတ်နှင့် နှစ်မိုင်ဝေးသောနေရာရှိ

မှိုင်းလင်းထားသော ဆယ်ဧကကျယ်ဝန်းသည့်နေရာ၌ ဆောက်လုပ်ထားသည်။ သော့ခတ်ထားသော ဂိတ်တံခါးများနှင့် 'ဝင်ခွင့်မပြု' ဆိုသော ဆိုင်းဘုတ်များ ချိတ်ဆွဲထားသော မြေကြီးလမ်းများသည် သစ်တောထဲသို့ ဖြာထွက် ဖြတ်သန်းသွားကြသည်။ သေးငယ်သော လေယာဉ်ကွင်းကလေးတစ်ခုသို့ အမှတ်အသားမပါသော လေယာဉ်များသည် တစ်ရက်လျှင် အကြိမ်ပေါင်း များစွာ ဆင်းသက်လိုက်၊ ပြန်ထွက်လိုက် ပြုလုပ်နေကြသည်။

စီအိုင်အေသင်တန်းကျောင်း 'ယာတော'တွင် တောသဘာဝဆန်ဆန် သစ်ရွက်တွေ ဝေဆာနေသည့် သစ်ပင်များ၊ လယ်ကွင်းထဲတွင် ပြေးလွှားနေကြသည့် သမင်များ၊ ကျယ်ဝန်းသောကွင်းကြီးထဲတွင် ဟိုတစ်အိမ် သည်တစ်အိမ် ရှိနေကြသည့် အဆောက်အအုံကလေးများ ရှိနေကြသည်။ သို့တိုင်အောင် ခြံဝင်းအတွင်း၌မူ သုံးဝ ကွဲပြားခြားနားသည့် ကမ္ဘာတစ်ခု ဖြစ်နေသည်။

ရောဘတ်က သူသည် ရေတပ်မတော်မှ အခြား ဝန်ထမ်းများနှင့်အတူ လေ့ကျင့်သင်ကြားရလိမ့်မည်ဟု ထင်မြင်ခဲ့သော်လည်း သူ အံ့ဩယူရလောက်အောင် သူသည် စီအိုင်အေက စည်းရုံးသိမ်းသွင်းသူများ၊ မရင်းတပ်မတော်သားများ၊ ကြည်း ရေ လေ တပ်မတော်သားများတို့နှင့်အတူ လေ့ကျင့်သင်ကြားရလေသည်။ ကျောင်းသားတစ်ဦးအတွက် ကျောင်းသားနံပါတ်တစ်ခု သတ်မှတ်ထားပြီး နှစ်ထပ်တိုက် အဆောက်အအုံများအနက် နှစ်ထပ်တိုက်တစ်တိုက်၏ အခန်းကျယ်ကြီးတစ်ခန်းထဲတွင် နေရာပေးလေ့ရှိသည်။

ရောဘတ်အတွက် နေရာပေးထားသော လူပျိုအရာရှိဆောင်တွင်မူ တစ်ယောက်တစ်ခန်းစီ နေကြရသည်၊ အိမ်သာနှင့် ရေချိုးခန်းကိုမူ သင်တန်းသားတစ်ဦးနှင့်အတူ မျှတွဲ၍ သုံးရသည်။ ထမင်းစားဆောင်မှာ လူပျိုအရာရှိဆောင်နှင့် လမ်းခြားနေသော နေရာတွင် ရှိသည်။

ရောဘတ် ရောက်ရှိသွားသောနေ့တွင် သူ့ကို အခြား လူသစ် သုံးဆယ်နှင့်အတူ ခန်းမကြီး တစ်ခုထဲသို့ ခေါ်သွားသည်။ လေတပ်ဝတ်စုံကို ဝတ်ဆင်ထားသော အရပ်ရှည်ရှည်နှင့် ကိုယ်လုံးကိုယ်ပေါက် ခပ်တောင့်တောင့် လူမည်းအမျိုးသား ဗိုလ်မှူးကြီး တစ်ယောက်က ထိုအုပ်စုကို မိန့်ခွန်းပြောသည်။ သူသည် အသက် (၅၅) နှစ်ခန့် ရှိပုံရပြီး အေးဆေး၍ လျင်မြန်သောအသိဉာဏ်ရှိသူ ဖြစ်ပုံရသည်။ သူသည် ကြည်ကြည်လင်လင် ပြတ်ပြတ်သားသားနှင့် တိတိကျကျ ပြောဆိုနေသည်။

"ကျုပ်ကတော့ ဗိုလ်မှူးကြီး ဖရန့်ဂျွန်ဆန်ပါ။ ကျုပ်က ခင်ဗျားတို့ကို ဒီကကြိုဆိုပါတယ်။ ဒီမှာ ရှိနေကြစဉ် အတောအတွင်း ခင်ဗျားတို့က ပထမ နာမည်စာလုံးကိုပဲ ခေါ်ဝေါ်သုံးစွဲကြရမယ်။ အခု အချိန်ကစပြီး ခင်ဗျားတို့ရဲ့ဘဝဟာ လျှို့ဝှက်ထားတဲ့ဘဝ ဖြစ်သွားပြီ။ ခင်ဗျားတို့ဟာ လျှို့ဝှက်ပါမယ်လို့ သစ္စာဆိုကြရမယ်။ အဲဒီလို ဆိုထားတဲ့သစ္စာကို လေးလေးနက်နက် ဆောင်ရွက်ကြဖို့ ကျုပ်က အကြံပေးချင်တယ်။ ခင်ဗျားတို့ရဲ့ လုပ်ငန်းကို ခင်ဗျားတို့ရဲ့ ဇနီးမယားတွေ၊ ခင်ဗျားတို့ရဲ့ မိသားစုတွေ၊ ခင်ဗျားတို့ရဲ့ မိတ်ဆွေတွေ၊ အိုဗျာ - ဘယ်သူနဲ့မှ မဆွေးနွေးရဘူး။

ခင်ဗျားတို့မှာ အထူးစပါယ်ရှယ် အရည်အချင်းတွေ ရှိနေတဲ့အတွက် ခင်ဗျားတို့ကို ရွေးချယ်ပြီး ဒီကို လာကြရခြင်း ဖြစ်တယ်။ အဲဒီ အရည်အချင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com

ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ အနာဂတ်ကာလမှာ တော်တော် ပင်ပင်ပန်းပန်း လုပ်ကြရလိမ့်မယ်။ ခင်ဗျားတို့အားလုံး အောင်မြင်ဖြစ်ထွန်းကြမှာတော့ မဟုတ်ဘူး။ ခင်ဗျားတို့ဟာ အရင်တုန်းက ကြားတောင် မကြားဘူးသေးတဲ့ လုပ်ငန်းတွေမှာ ပါဝင် ပတ်သက်လာရလိမ့်မယ်။ ဒီမှာ ပြီးဆုံးအောင် သင်ကြားပြီးတဲ့အခါကျရင် ခင်ဗျားတို့ ထမ်းဆောင်ရမယ့် တာဝန်ရဲ့ အရေးပါ အရာရောက်ပုံကို ကျုပ်က ပြောလို့တောင် ကုန်မှာ မဟုတ်ဘူး။

ကျုပ်တို့ရဲ့ ထောက်လှမ်းရေး အဖွဲ့အစည်းတွေကို၊ အဲဒီ အဖွဲ့အစည်းဟာ စီအိုင်အေပဲ ဖြစ်ဖြစ်၊ ကြည်းတပ်၊ ရေတပ်၊ လေတပ်ကပဲ ဖြစ်ဖြစ် အပုပ်ချတဲ့လုပ်ငန်းကို လစ်ဘရယ်သမားတွေအကြားမှာ ခေတ်စားလာတယ်။

ဒါပေမယ့် ခင်ဗျားတို့လို တိုင်းပြည်အတွက် ကိုယ်ကျိုးမဖက်ဘဲ ဆောင်ရွက်ပါမယ်ဆိုတဲ့ လူစားမျိုးတွေ မရှိခဲ့ရင် ဒီနိုင်ငံဟာ အကြီးအကျယ် ဒုက္ခရောက်တော့မှာ သေချာတယ်။ ဒီတိုင်းပြည် ဒုက္ခမရောက်အောင် ကာကွယ်ပေးဖို့ဟာ ခင်ဗျားတို့ရဲ့ တာဝန်ပဲ။ ခင်ဗျားတို့အထဲက အောင်မြင်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ အမှုကိုင်အရာရှိတွေ ဖြစ်လာကြလိမ့်မယ်။ အဲဒါကို ခပ်ပြောင်ကျကျ ပြောရမယ်ဆိုရင် အမှုကိုင်အရာရှိ ဆိုတာဟာ သူလျှိုတစ်ယောက်ပဲ။ သူက အသွင်ပြောင်းဘဝနဲ့ တာဝန်ထမ်းဆောင်ရတယ်။

ဒီမှာရှိနေခိုက် ခင်ဗျားတို့ဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံး သင်ကြားပြသမှုကို ခံယူရမယ့်သူတွေပဲ။ ခင်ဗျားတို့ကို ထောက်လှမ်းရေးလုပ်ငန်းတွေနဲ့ တန်ပြန်ထောက်လှမ်းရေးလုပ်ငန်းတွေမှာ လေ့ကျင့်သင်ကြားပေးမယ်။ ရေဒီယိုဆက်သွယ်ရေး၊ ဝှက်စာဖတ်နည်း၊ လက်နက်ကိုင်တွယ် ပစ်ခတ်နည်းနဲ့ မြေပုံဖတ်ပညာတွေကို သင်ကြားကြရမယ်။

သင်တန်းသားအချင်းချင်း ရင်းရင်းနှီးနှီး ဆက်ဆံပြီး သင်တန်းတက်ကြရမယ်။ တစ်ယောက်နဲ့ တစ်ယောက် ခင်မင်ရင်းနှီးလာအောင် ဘယ်လိုလုပ်ရမယ်၊ လူတစ်ယောက်ရဲ့ ရည်ရွယ်ချက်တွေကို ဘယ်လို ဖော်ထုတ်ရမယ်၊ ကိုယ့်ရဲ့ပစ်မှတ် ပုဂ္ဂိုလ်ကို စိတ်အေးလက်အေးရှိအောင် ဘယ်လို လုပ်ရမယ် ဆိုတာတွေကို သင်ကြားပေးမယ်”

သင်တန်းအားလုံးက စကားလုံးတိုင်းကို နားစိုက်ပြီး နားထောင်နေကြသည်။

“လူတစ်ယောက်နဲ့ ဘယ်လို တွေ့ဆုံပြီး သူ့ကို အေးဂျင့် ဖြစ်လာအောင် ဘယ်လို စည်းရုံးရမယ်၊ တွေ့ဆုံမယ့်နေရာတွေဟာ လုံခြုံမှုရှိအောင် ဘယ်လို ဆောင်ရွက်ရမယ် ဆိုတာတွေကို ခင်ဗျားတို့ လေ့လာသင်ကြားကြရမယ်။

တစ်ယောက်နဲ့ တစ်ယောက် အမြဲတမ်း အဆက်အသွယ်လုပ်ကြမယ့်နေရာတွေ၊ ကိုယ်ဆက်သွယ်ရမယ့် ပုဂ္ဂိုလ်ကို လျှို့ဝှက်တဲ့နည်းလမ်းတွေနဲ့ ဆက်သွယ်ပုံ၊ ဆက်သွယ်နည်းတွေကိုလည်း လေ့လာကြရမယ်။ ခင်ဗျားတို့ရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေဟာ အောင်မြင်နေမယ်ဆိုရင် ခင်ဗျားတို့လုပ်သမျှကို သတိမထားမိကြဘဲ ဆောင်ရွက်နိုင်ကြပါလိမ့်မယ်”

သူတို့အားလုံး၏ စိတ်လှုပ်ရှားမှုသည် လေထဲ၌ပင် ပျံ့လွင့်နေကြောင်း ရောဘတ် ခံစားသိရှိလိုက်ရသည်။

“ဒီအထဲက အချို့ကတော့ တရားဝင် အကာအကွယ်နဲ့ အလုပ်လုပ်ကြရမယ်။ ဒါကလည်း သံတမန်ဘက်က ဖြစ်စေ၊ တပ်မတော်ဘက်က ဖြစ်စေ တစ်ခုခု ဖြစ်လိမ့်မယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့ ဝန်ထမ်းမဟုတ်တဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ဆက်သွယ်ရေးလုပ်ငန်းရှင်တစ်ယောက်၊ ဒါမှမဟုတ် ရှေးဟောင်းသုတေသနပညာရှင်တစ်ယောက်၊ ဒါမှမဟုတ် စာရေးဆရာတစ်ယောက်၊ ဒါမှမဟုတ် ကိုယ်ဖြစ်ချင်တဲ့နယ်ပယ်၊ ဒါမှမဟုတ် ကိုယ်လိုချင်တဲ့ အချက်အလက်တွေကို လေ့လာစုံစမ်းလို့ရနိုင်မယ့် ပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံပေါင်းသင်းလို့ ရစေမယ့် ဘယ်အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းနဲ့မဆို အသွင်ပြောင်းပြီး တာဝန်ထမ်းဆောင်ကြရလိမ့်မယ်။ ကဲ - အခုဆိုရင် ခင်ဗျားတို့ကို သင်ကြားပေးမယ့် ဆရာတွေ လက်ထဲကို လွှဲအပ်ပေးလိုက်တော့မယ်၊ ကံကောင်းကြပါစေ”

ထိုသင်တန်းသည် ရောဘတ်အဖို့ အလွန် စိတ်ဝင်စားဖွယ်ရာ ဖြစ်ခဲ့ရသည်။ သင်တန်းဆရာများသည် ထောက်လှမ်းရေးလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ခဲ့ကြသူများ ဖြစ်ကြသလို အတွေ့အကြုံ ရင့်ကျက်သူများလည်း ဖြစ်ကြသည်။ ရောဘတ်သည် နည်းပညာရပ်ဆိုင်ရာ အချက်အလက်များကို လွယ်ကူစွာ မှတ်သားနိုင်ခဲ့သည်။ ဗိုလ်မှူးကြီး ဖွန်ဆန် ပြောခဲ့သော သင်တန်းများအပြင် ဘာသာစကားများကို ဉာဏ်သစ်လောင်း သင်ကြားပေးသည့် သင်တန်း၊ ဝှက်စာရေးနည်းသင်တန်းများလည်း ရှိနေပါသေးသည်။

ဗိုလ်မှူးကြီး ဖွန်ဆန်သည် ရောဘတ်အတွက် ပဟေဠိကြီး တစ်ခုပင် ဖြစ်နေသည်။ သူနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသော ကောလာဟလများတွင် သူသည် အိမ်ဖြူတော်နှင့် အလွန် နီးစပ်သူ၊ အဆက်အသွယ် ကောင်းကောင်းရှိသူ ဖြစ်ကြောင်း၊ သူသည် အဆင့်မြင့် ထောက်လှမ်းရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်နေသူ ဖြစ်ကြောင်း စသည်တို့ ပါဝင်နေသည်။ သူသည် တစ်ခါတစ်ရံတွင် ယာတောမှ ရက်ပေါင်း များစွာကြာအောင် ပျောက်ကွယ်နေပြီးနောက် မျက်နှာညိုး ခနဲ ပြန်ပေါ်လာတတ်သည်။

ရွှန် ဆိုသော အေးဂျင့်တစ်ယောက်က သင်တန်းကို ပို့ချနေသည်။

“လျှို့ဝှက်ထောက်လှမ်းရေးလုပ်ငန်းမှာ အဆင့်ပေါင်း ခြောက်ဆင့် ပါရှိတယ်။ ပထမဦးဆုံးကတော့ လေ့လာထောက်လှမ်းဖို့ပဲ။ ခင်ဗျားတို့ အတွက် ဘယ်လို သတင်းအချက်အလက်တွေရဖို့ လိုတယ် ဆိုတာကို သိပြီဆိုရင် ခင်ဗျား ဆောင်ရွက်ရမယ့် တာဝန်ကတော့ အဲဒီ သတင်းအချက်အလက်တွေကို သိရှိနိုင်တဲ့ပုဂ္ဂိုလ်ဟာ မည်သူမည်ဝါဖြစ်ကြောင်း လေ့လာထောက်လှမ်းဖို့ပဲ ဖြစ်တယ်။

ဒုတိယ အဆင့်ကတော့ ချိန်ဆသုံးသပ်ဖို့ပဲ ဖြစ်တယ်။ ခင်ဗျားတို့က ပစ်မှတ်ပုဂ္ဂိုလ်ကို ရှာတွေ့ပြီဆိုရင် -

ခင်ဗျားလိုချင်တဲ့ အချက်အလက်တွေ သူ့ဆီမှာ တကယ်ပဲ ရှိနေပြီလား။ ပြီးတော့ သူဟာ စည်းရုံးမှုကို ခံယူမယ့်လူလား။ သူ့ကို ဘယ်ကိစ္စတွေက တိုက်တွန်းနှိုးဆော်နေသလဲ။ သူ့အလုပ်ခွင်မှာ သူ ပျော်ပိုက်ရဲ့လား။ သူ့ကို သူ့ဆရာသမားအပေါ်မှာ အငြိုးထားနေသလား။ သူက စီးပွားရေးအရ အခက်အခဲ အကျပ်အတည်း တွေ့နေသလား။

အဲဒီပုဂ္ဂိုလ်မှာ အချက်အလက်တွေကို ရယူပေးနိုင်တဲ့ အနေအထား







www.burmeseclassic.com

www.burmeseclassic.com


ရှိနေပြီး သူ့ကို စည်းရုံးသိမ်းသွင်းလို့ ရနိုင်မယ့် တိုက်တွန်းနှိုးဆော်ချက်တွေ ရှိနေပြီ ဆိုရင် တတိယအဆင့်ကို ဆက်ပြီး ဆောင်ရွက်ရပါလိမ့်မယ်။

အဆင့်သုံးကတော့ မြေတောင်မြှောက်တဲ့ အဆင့်ပဲ။ ခင်ဗျားက အလား အလာရှိတဲ့ ပုဂ္ဂိုလ်နဲ့ ရင်းနှီးမှုကို အရယူရမယ်။ ဖြစ်နိုင်သလောက် သူနဲ့ မကြာ ခဏ ဆုံနိုင်အောင် ကြိုးစားရမယ်။ ရင်းနှီးလာအောင် ကြိုးစားရမယ်။ နောက် တစ်ဆင့်ကတော့ စည်းရုံးသိမ်းသွင်းမှုပဲ။ သူ့ကို စည်းရုံးသိမ်းသွင်းလို့ရပြီ၊ အဆင် သင့်ဖြစ်ပြီလို့ ခင်ဗျားက ယူဆရင် သူ့ကို စိတ်ပိုင်းဆိုင်ရာ စည်းရုံးနည်းမှန်သမျှနဲ့ စည်းရုံးပေတော့။ သူ့ဆရာသမားကို လက်စားချေချင်လာအောင်၊ ငွေတွေအများ ကြီးရမယ့်ကိစ္စကို သွားရည်ကျလာအောင် စည်းရုံးရမယ်၊ တကယ်လို့ အမှုကိုင် အရာရှိဟာ သူ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်တယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ခေါင်းညိတ်လေ့ ရှိကြပါတယ်။

ခုအထိတော့ ဟုတ်နေသေးတာပဲ။ ခင်ဗျားကို ထောက်လှမ်းပေးမယ့် သူလျှိုတစ်ယောက် ရထားပြီ။

နောက်တစ်ဆင့်ကတော့ သူ့ကို ကိုင်တွယ်ဖို့ပဲ။ ခင်ဗျားက ကိုယ့်ကိုယ် ကိုယ် ကာကွယ်ဖို့သာမက သူ့ကိုလည်း အကာအကွယ်ပေးရမယ်။ ခင်ဗျားက သူနဲ့ ခိုးကြောင်ခိုးဝှက် တွေ့ဆုံရမယ်။ သူ့ကို မိုက်ခရိုဖလင် အသုံးပြုနည်း သင်ပေးရမယ်။ ဆီလျော်အပ်စပ်လာတယ်ဆိုရင် ရေဒီယိုနဲ့ လျှို့ဝှက်ဆက်သွယ် နည်းကိုပါ သင်ပေးရမယ်။ ထောက်လှမ်းနေတဲ့ကိစ္စကို သူ သိအောင် ဘယ်လို လုပ်ရမယ်၊ တကယ်လို့ မေးမြန်းစုံစမ်းလာခဲ့ရင် ဘယ်လို ဖြေကြားရမယ် ဆိုတာ တွေကို သင်ကြားပေးရမယ်။

နောက်ဆုံး အဆင့်ကတော့ အဆက်ဖြတ်ခြင်းပဲ။ ကာလ အတော်အတန် ကြာသွားတဲ့အခါမှာ ခင်ဗျား စည်းရုံးသိမ်းသွင်းထားတဲ့ပုဂ္ဂိုလ်ဟာ အခြား အလုပ် တစ်ခုခုကို ပြောင်းရွှေ့တာဝန်ပေးခံရပြီး အချက်အလက်တွေကို သိနိုင်စွမ်း မရှိ တာ ဖြစ်ကောင်းဖြစ်မယ်၊ ဒါမှမဟုတ် သူပေးနိုင်တဲ့ အချက်အလက်တွေကို ကျုပ်တို့က မလိုအပ်တော့တာလည်း ဖြစ်ကောင်း ဖြစ်မယ်။ ဘယ်ကိစ္စကြောင့်ပဲ ဖြစ်ဖြစ် သူနဲ့ဆက်ဆံရေးဟာ အဆုံးသတ်သွားပြီ။ ဒါပေမယ့် ခင်ဗျား စည်းရုံး သိမ်းသွင်းခဲ့တဲ့ပုဂ္ဂိုလ်က သူက အသုံးချ ခံခဲ့ရတယ်၊ သူက ကလဲ့စားချေရေးကို ဦးတည်ဆောင်ရွက်ခဲ့မိတယ် ဆိုတဲ့ ခံစားမှုမျိုး မရှိစေဘဲနဲ့ အဆုံးသတ်သွားဖို့ဟာ သိပ်အရေးကြီးတယ်"

ဗိုလ်မှူးကြီး ဂျွန်ဆန်ပြောတာ မှန်ကန်ပါသည်။

ထိုသင်တန်းကို သင်တန်းသားတိုင်း ဆုံးအောင် တက်နိုင်ခြင်း မရှိပါ။ မြင်ဖူးနေသောမျက်နှာများ ပျောက်ပျောက်သွားကြသည်။ အဆုံးသတ်သွားပြီ။ ဘာကြောင့်လဲဟု မည်သူမျှ မသိပါ။ မည်သူကမျှ မမေးမြန်းကြပါ။

တစ်နေ့တွင် ကျောင်းသားအုပ်စုတစ်စုသည် ထောက်လှမ်းရေးလေ့ကျင့် ခန်းအတွက် ရစ်ချ်မွန်သို့သွားရန် ပြင်ဆင်နေကြစဉ် ရောဘတ်၏ သင်တန်းဆရာ က ပြောလိုက်သည်။

"မင်း ဘယ်လောက် တော်သလဲဆိုတာ ငါတို့ စမ်းကြည့်မယ် ရောဘတ်၊ မင်းနောက်က နောက်ယောင်ခံလိုက်ဖို့ ငါ တစ်ယောက်ယောက်ကို ထည့်ပေး



လိုက်မယ်၊ မင်းက သူ့ကို မျက်ခြည်ပြတ်စေချင်တယ်၊ မင်း ဖြစ်အောင်လုပ်နိုင်ပါ့ မလား"

"လုပ်နိုင်ပါတယ် ဆရာ"

"ကံကောင်းပါစေ"

ရောဘတ်သည် ဘတ်စ်ကားစီး၍ ရစ်ချ်မွန်မြို့ထဲသို့သွားပြီး လမ်းပေါ် တွင် ဟိုလျှောက်ဒီလျှောက် လုပ်နေသည်။ ငါးမိနစ် အတွင်းမှာပင် သူ့ကို နောက်ယောင်ခံ၍ လိုက်နေသူများအား သူ ရှာတွေ့သွားသည်။

နောက်ယောင်ခံ၍ လိုက်သူက နှစ်ယောက်။ တစ်ယောက်က ခြေကျင်။ တစ်ယောက်က မော်တော်ကားနှင့်။

ရောဘတ်သည် စားသောက်ဆိုင်များ၊ စတိုးဆိုင်ကြီးများထဲသို့ ဖျတ်ခနဲ ဝင်သွားပြီး နောက်ဖေးပေါက်မှ ကပျာကယာ ပြန်ထွက်လာခဲ့သည်။

သို့ရာတွင် သူသည် ထိုပုဂ္ဂိုလ်များကို မျက်ခြည်ပြတ်၍ မရပါ။ သူတို့သည် အလွန် အတွေ့အကြုံ ပြည့်ဝသူများ ဖြစ်ကြသည်။ နောက်ဆုံးတွင် ရောဘတ် သည် ယာတောသို့ပြန်ရန် အချိန် ရောက်လုနီးပါး ဖြစ်နေသည့်တိုင်အောင် ထိုပုဂ္ဂိုလ်များ၏လက်မှ လွတ်အောင် မပြေးနိုင်ဘဲ ဖြစ်နေသည်။

ထိုပုဂ္ဂိုလ်နှစ်ဦးက အနီးကပ် ကြည့်ရှုနေကြလေသည်။ ရောဘတ်သည် ကုန်ပဒေသာဆိုင်ကြီး တစ်ဆိုင်ထဲသို့ ဝင်သွားခဲ့ရာ ထိုလူနှစ်ယောက်သည် ဝင်ပေါက်နှင့် ထွက်ပေါက်နေရာတို့ကို စောင့်ကြည့်နိုင်မည့် နေရာအသီးသီး၌ နေရာယူလိုက်ကြလေ၏။

ရောဘတ်သည် အမျိုးသားအသုံးအဆောင်ပစ္စည်းများကို ရောင်းချနေ သောအထပ်သို့ စက်လှေကားနှင့် တက်သွားခဲ့သည်။ နောက်ထပ် နာရီဝက် အကြာတွင် သူသည် ကွဲပြားခြားနားသောဝတ်စုံ၊ အပေါ်ဝတ် ကုတ်အင်္ကျီနှင့် ဦးထုပ်တစ်လုံးကို ဝတ်ဆင်ထားပြီး ဖြစ်သည့်အပြင် ကလေးငယ်တစ်ယောက်ကို လက်တွင်ချီ၍ အမျိုးသမီးတစ်ယောက်နှင့် စကားပြောရင်း ပြန်ဆင်းလာခဲ့တော့ သည်။ နောက်ယောင်ခံ၍ လိုက်နေသူများက သူ့ကို မမှတ်မိဘဲ သူက ဖြတ် လျှောက်လာနိုင်ခဲ့သည်။

ထိုနေ့က နောက်ယောင်ခံ၍ လိုက်သူများကို အောင်မြင်စွာ မျက်ခြည် ပြတ်ထားနိုင်ခဲ့သူမှာ သူ တစ်ယောက်တည်းသာ ရှိသည်။

'ယာတော' တွင် သင်ကြားသည့် စကားလုံး အသုံးအနှုန်းမှာ တစ်မျိုး တစ်ဘာသာ ဖြစ်နေသည်။

"ခင်ဗျားတို့အနေနဲ့ အဲဒီ အသုံးအနှုန်းတွေ အားလုံးကို အသုံးပြုရမှာတော့ မဟုတ်ဘူး၊ ဒါပေမယ့် အားလုံးကို ခင်ဗျားတို့ သိထားမှ ကောင်းမယ်။ ထောက် လှမ်းရေးလုပ်ငန်းမှာ အေးဂျင့်နှစ်မျိုးနှစ်စား ရှိတယ်။

တစ်မျိုးကတော့ ဩဇာလွှမ်းမိုးသောအေးဂျင့် ဖြစ်ပြီး နောက်တစ်မျိုးက သွေးထိုးလှုံ့ဆော်ပေးတဲ့အေးဂျင့်ပဲ ဖြစ်တယ်။ ဩဇာလွှမ်းမိုးတဲ့ အေးဂျင့်ကတော့ သူ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံရဲ့ အတွေးအခေါ် အယူအဆတွေကို ပြောင်းလဲပစ်ဖို့ ကြိုးစားလေ့ရှိတယ်။ သွေးထိုးလှုံ့ဆော်တဲ့ အေးဂျင့်ကိုတော့


www.burmeseclassic.com

www.burmeseclassic.com

ဆူပူမှုတွေဖြစ်ပွားပြီး ဗရုတ်ဗရက် ဖြစ်ကုန်အောင် စေလွှတ်ပေးလေ့ရှိတယ်။

ကိုယ်ရေးအတ္ထုပ္ပတ္တိနဲ့ တွန်းအားပေးမယ် ဆိုတာကတော့ ဂုဏ်သရေ ပျက်မယ့်ကိစ္စကို ဖော်ထုတ်မယ်ဆိုပြီး ခြိမ်းခြောက်မယ်လို့ပြောတဲ့ စီအိုင်အေရဲ့ လက်သုံးစကားပဲ။

အနက်ရောင်အိတ်ထဲထည့်တဲ့လုပ်ငန်း ဆိုတာတွေကတော့ လာဘ်ထိုးတဲ့ လုပ်ငန်းကစပြီး ဖောက်ထွင်းဝင်ရောက်မှုအထိ အမျိုးမျိုးအစားစားရှိတယ်။ ဝါးတားဂိတ်ကိစ္စဟာ အနက်ရောင်အိတ်ထဲထည့်တဲ့လုပ်ငန်းပဲ"

သင်တန်းသားများက စိတ်ဝင်စားမှု ရှိ မရှိ သိရအောင် သူက လှည့်ပတ် ကြည့်လိုက်သည်။ အားလုံး မှင်တက်မိနေကြသည်။

"တစ်ခါတလေကျရင် ခင်ဗျားတို့အတွက် ဖိနပ်ချုပ်တဲ့လူကို အသုံးချဖို့ လိုအပ်ကောင်း လိုအပ်လာလိမ့်မယ်၊ အဲဒီ လူကတော့ နိုင်ငံကူးလက်မှတ်ကို အတုလုပ်ပေးတဲ့ပုဂ္ဂိုလ်ပဲ"

ရောဘတ်က သူ့အနေနှင့် ဖိနပ်ချုပ်သူတစ်ယောက်ကို တစ်ချိန်ချိန်တွင် သုံးဖို့ လိုအပ်လာလေမလားဟု တွေးလိုက်မိသည်။

"*အဆုံးစွန်အထိ ရာထူးချပစ်ဖို့* ဆိုတဲ့ စကားဟာ တော်တော် အဓိပ္ပာယ် ဆိုးရွားတဲ့ အသုံးအနှုန်းပဲ၊ အဓိပ္ပာယ်ကတော့ သတ်ဖြတ်ပြီး ရှင်းလင်းပစ်မယ်လို့ ဆိုလိုတယ်၊ သုတ်သင်တယ် ဆိုတဲ့ စကားလုံးကလည်း ထိုနည်းလည်းကောင်းပဲ ခင်ဗျားတို့ အနေနဲ့ *ကုမ္ပဏီ* ဆိုတဲ့ အသုံးအနှုန်းကို ကြားလာတယ် ဆိုရင် အဲဒါဟာ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ကို ရည်ညွှန်း ပြောဆိုတာပဲ ဖြစ်တယ်။ နံ့ခန်းတစ်ခုကို *ပိုးမွှားသုတ်သင်ရေးပြုလုပ်ပေးပါ* ဆိုရင် ခြတွေကို လိုက်ရှာခိုင်းတာ မဟုတ်ဘူး၊ ခိုးပြီး နားထောင်တဲ့ကိရိယာလေးတွေကို လိုက်ရှာခိုင်းတာပါ"

အဓိပ္ပာယ်ကို ကွယ်ဝှက် ပြောဆိုသည့် အသုံးအနှုန်းများအား ရောဘတ် စိတ်ဝင်စားနေသည်။

"*ဂုဏ်သရေရှိ အမျိုးသမီးများ* ဆိုတဲ့ အသုံးအနှုန်းကတော့ တစ်ဖက်ရန်သူကို စည်းရုံးဖို့ လွှတ်လိုက်တဲ့ အမျိုးသမီးတွေကို ဆိုလိုတယ်။ သမိုင်း ဆိုတာကတော့ အေးဂျင့်တစ်ယောက်ကို အကာအကွယ်ပေးဖို့ အတုလုပ်ပေးလိုက်တဲ့ ကိုယ်ရေး အတ္ထုပ္ပတ္တိပဲ။ ကိုယ်ပိုင်လုပ်ငန်းပဲ လုပ်တော့မယ် ဆိုတာက အလုပ်က ထွက်သွားတာကို ပြောတာ"

သင်တန်းဆရာက သင်တန်းကို လျှောက်ကြည့်လိုက်သည်။

"*ခြသေ့်ကို လိမ္မာအောင် သင်ကြားပေးသူ* ဆိုတဲ့ အဓိပ္ပာယ်ကို ခင်ဗျားတို့ သိကြရဲ့လား"

သူက အဖြေကို စောင့်နေသည်။ အားလုံး တိတ်နေကြသည်။

"အေးဂျင့်တစ်ယောက်ကို အလုပ်က ထုတ်ပစ်လိုက်ပြီဆိုရင် တစ်ခါတလေ တော့ အဲဒီလူက စိတ်ဓာတ်ကျပြီး သူသိထားတာတွေကို ထုတ်ပြောမယ်လို့ ခြိမ်းခြောက်တတ်ကြတယ်။ ဒီတော့ သူ့ကို ပုံမှန် ဖြစ်လာအောင် ပြန်လုပ်ပေးဖို့ ဗလကောင်းတဲ့လူ ဒါမှမဟုတ် ခြသေ့်ကို လိမ္မာအောင် သင်ပေးတဲ့လူ တစ် ယောက်ယောက်ကို ခေါ်ရတော့မယ်၊ ခင်ဗျားတို့အနေနဲ့ အဲဒီ လူမျိုးနဲ့ ကြုံကြိုက် မှာ မဟုတ်ဘူးလို့ ကျုပ် ထင်ပါတယ်"

သူတို့ အားလုံးက စိတ်လှုပ်ရှားစွာနှင့် ရယ်လိုက်ကြ၏။





"ပြီးတော့လည်း ဝက်သက် ဆိုတဲ့ စကားလုံးတစ်လုံး ရှိသေးတယ်၊ ပစ်မှတ် တစ်ခုဟာ ဝက်သက်ပေါက်ပြီး သေသွားတယ်ဆိုရင် သူ့ကိုသတ်ဖြတ်တဲ့ကိစ္စဟာ အင်မတန်တော်တဲ့အတွက် အဲဒီ ပုဂ္ဂိုလ်ဟာ သဘာဝအလျောက် သူ့အလိုလို သေသွားတာ ဒါမှမဟုတ် မတော်တဆ ထိခိုက်မှုဖြစ်ပြီး သေသွားရတယ်လို့ ထင်ရတာမျိုးကို ဆိုလိုတယ်။ ဝက်သက်ပေါက်အောင် လုပ်တဲ့နည်းတစ်နည်းက တော့ တဘွန်းကို သုံးဖို့ပဲ။ အဲဒီ တဘွန်း ဆိုတာကတော့ အရောင်အဆင်း မရှိဘဲ ကြည်နေတဲ့ ဒါမှမဟုတ် အရောင်ခပ်ညိုညိုအရည်တစ်မျိုးပဲ။ အဲဒါကို အရေပြားမှတစ်ဆင့် ကိုယ်ထဲကိုစိမ့်ဝင်သွားအောင် လုပ်မယ်ဆိုရင် အကြောတွေ ဆိုင်းသွားပါလိမ့်မယ်။ တကယ်လို့ တစ်ယောက်ယောက်က ခင်ဗျားကို သံစုံ သေတ္တာကလေးတစ်လုံး ပေးမယ် ဆိုရင် အသံလွှင့်စက်တစ်ခု ပေးမယ်လို့ ပြောနေတာသာ ဖြစ်တယ်။ အသံလွှင့်တဲ့ပုဂ္ဂိုလ်ကိုတော့ ဂီတပညာရှင်လို့ ခေါ်ဝေါ် သုံးနှုန်းကြတယ်။ အနာဂတ်ကာလကျရင် ခင်ဗျားတို့ထဲက အချို့ဟာ ကိုယ်လုံးတီး အလုပ်လုပ်ချင် လုပ်ကြရလိမ့်မယ်။ အဲဒီလို ပြောလို့ အဝတ်အစားတွေကို တမန်းကတန်း ချွတ်မပစ်လိုက်ကြပါနဲ့။ အဲဒါရဲ့ အဓိပ္ပာယ်က ခင်ဗျားဟာ တစ်ယောက်တည်း ပြင်ပက အကူအညီမယူဘဲ အလုပ်လုပ်ရမှာကို ပြောတာပါ။

ဒီကနေ့ ခင်ဗျားတို့နဲ့ ဆွေးနွေးလိုတဲ့ ကိစ္စတစ်ခုရှိတယ်။ ကြုံကြိုက်မှုဆိုတဲ့ ကိစ္စပဲ။ ကျုပ်တို့ရဲ့လုပ်ငန်းမှာ အဲဒီလို ကိစ္စမျိုး လုံးဝ မရှိပါဘူး။ အဲဒါမျိုးက အန္တရာယ်လို့ ဖော်ပြလေ့ရှိတယ်၊ ခင်ဗျားက လူတစ်ယောက်နဲ့ ထပ်ခါတလဲလဲ တွေ့နေရမယ်ဆိုရင် ဒါမှမဟုတ် ခင်ဗျားသွားလာနေတုန်း မော်တော်ကားတစ်စီး ကို ထပ်ခါတလဲလဲ တွေ့မြင်နေရမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် လုံခြုံမှုရှိအောင် ကာကွယ်ပေတော့၊ ခင်ဗျား ဒုက္ခရောက်နေတာ ဖြစ်နိုင်တယ်။

ကဲ - ဒီကနေ့ကတော့ ဒါလောက်နဲ့ပဲ တော်လောက်ပါပြီ။ မနက်ဖြန်ခါကျမှ ဆက်ပြောကြမယ်"

မကြာခဏ ဆိုသလိုပင် ဗိုလ်မှူးကြီးဂျွန်ဆန်က ရောဘတ်အား စကားစ မြည်ပြောရန် သူ့ရုံးခန်းသို့ ခေါ်ယူလေ့ရှိသည်။ ထိုကဲ့သို့ စကားစမြည်ပြောမှုမှာ အမှတ်မထင် စကားပြောမှုမျိုးဟု ထင်မှတ်ရသည်။ သို့ရာတွင် ရောဘတ် အနေ နှင့် သူ့အား နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းနေကြောင်း သတိထားမိနေသည်။

"မင်းဟာ ပျော်ပျော်ရွှင်ရွှင်ကြီး အိမ်ထောင်ကျနေတာ မဟုတ်လား ရောဘတ်"

"မှန်ပါတယ်"

သူတို့သည် နောက်ထပ် နာရီဝက်ကြာအောင် အိမ်ထောင်ရေးအကြောင်း၊ အိမ်ထောင်ရေးတွင် လော်လီဖောက်ပြားမှု၊ ယုံကြည်ရမှုတို့အကြောင်း ဆက်၍ ဆွေးနွေးကြသည်။

နောက်တစ်ကြိမ်တွင် -

"အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာက မင်းကို သားအရင်း တစ်ယောက်လို သဘောထားတယ်ဆိုတာ မင်း သိတယ် မဟုတ်လား ရောဘတ်"

"ဟုတ်ကဲ့"

အက်ဒဝပ် သေဆုံးရမှုကြောင့် ဖြစ်ပေါ်ခဲ့ရသော ခံစားမှုသည် မည်သည့်



www.burmeseclassic.com

www.burmeseclassic.com

အခါတွင်မျှ ပျောက်ကွယ်သွားလိမ့်မည် မဟုတ်ပါ။

သူတို့သည် သစ္စာရှိမှု၊ တာဝန်ဝတ္တရားနှင့် သေခြင်းတရားတို့အကြောင်း ဆက်၍ ဆွေးနွေးကြပြန်သည်။

"ရောဘတ်၊ မင်းဟာ သေမင်းနဲ့ တစ်ကြိမ်မက ရင်ဆိုင်တွေ့ခဲ့ရဖူးတယ်။ မင်း သေရမှာ ကြောက်သလား"

"မကြောက်ပါဘူး"

'ဒါပေမယ့် အသေခံထိုက်တဲ့အကြောင်း ရှိမှ ဖြစ်မယ်။ အဓိပ္ပာယ်မဲ့ အသေခံရတာမျိုးတော့ မဖြစ်ထိုက်ဘူး' ဟု ရောဘတ်က တွေးလိုက်သည်။

ထိုသို့သော တွေ့ဆုံပြောဆိုရမှုမျိုးသည် ရောဘတ်အတွက် မချင့်မရဲ ဖြစ်စရာများ ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ တွေ့ဆုံမှုများသည် တစ်ဖက်မြင်မှန်ထဲသို့ ကြည့်နေရသလို ဖြစ်နေသည်။ ဗိုလ်မှူးကြီး ဂျွန်ဆန်က သူ့ကို ထင်ထင်ရှားရှား မြင်တွေ့နေရသည်။ သို့ရာတွင် ဗိုလ်မှူးကြီးဂျွန်ဆန်ကိုမူ သူက မမြင်ရဘဲ ရှိနေသည်။ ဗိုလ်မှူးကြီးဂျွန်ဆန်သည် ပဟေဠိကြီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည်။

အဆိုပါ သင်တန်းသည် ရက်သတ္တ တစ်ဆယ့်ခြောက်ပတ် ကြာမြင့်သည်။ ထိုသင်တန်းကာလအတွင်း သင်တန်းသား အားလုံးသည် ပြင်ပနှင့် လုံးဝ ဆက်သွယ်ခွင့် မရရှိခဲ့ကြပါ။

ရောဘတ်က ဆူဆန်ကို အရမ်းလွမ်းနေသည်။ သူတို့နှစ်ယောက် ခွဲခွာ နေရသော ကာလများတွင် အကြာမြင့်ဆုံး ကာလ ဖြစ်သည်။ လေးလ ပြီးဆုံး သွားသောအခါ ဗိုလ်မှူးကြီး ဂျွန်ဆန်က ရောဘတ်အား သူ၏ရုံးခန်းသို့ ခေါ် လိုက်သည်။

"ဒါ နှုတ်ဆက်တာပဲ ကွန်မန်ဒါ၊ ခင်ဗျား အရမ်းထူးချွန်ပါတယ်၊ ခင်ဗျား အနေနဲ့ ခင်ဗျားရဲ့အနာဂတ်ကာလကို အလွန်စိတ်ဝင်စားမှု ရှိပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော်ကလည်း အဲဒီလို မျှော်လင့်ပါ တယ်"

"ကံကောင်းပါစေ"

ရောဘတ် ပြန်ထွက်သွားသည်ကို ဗိုလ်မှူးကြီး ဂျွန်ဆန်က စောင့်ကြည့်နေ သည်။သူသည် ထိုနေရာတွင် ငါးမိနစ်ခန့်ကြာအောင် မလှုပ်မယှက် ထိုင်နေပြီး နောက် ဆုံးဖြတ်ချက်ချလိုက်သည်။

သူသည် တံခါးဆီသို့ ထလျှောက်သွားပြီး တံခါးကို သော့ခတ်လိုက်သည်။ ထို့နောက် တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်ပြီး တစ်နေရာသို့ ဖုန်းဆက်လိုက်လေ၏။

❖ ❖ ❖



## အခန်း တစ်ဆယ့်ခုနစ်

နောက် တနင်္လာနေ့ နံနက်တွင် ရောဘတ်သည် ပင်တဂွန်ရှိ (၁၇) စီရင်စု ရေတပ်မတော်ထောက်လှမ်းရေးရုံးတွင် ၎င်း၏ ပထမဦးဆုံးနေ့ အဖြစ် တာဝန် ထမ်းဆောင်ရန် သွားရောက် သတင်းပို့ခဲ့သည်။

အက်ဒ်မိုင်ရယ် ဝှစ်တီတ်ကာက အားရပါးရ ပြောလိုက်သည်။

"တို့အိမ်ကြီးက ကြိုဆိုပါတယ် ရောဘတ်၊ မင်းကို ဗိုလ်မှူးကြီး ဂျွန်ဆန်က သိပ်အထင်ကြီးသွားပုံရတယ်"

ရောဘတ်က ပြုံးလိုက်၏။

'သူကိုယ်တိုင်ကလည်း အထင်ကြီးစရာ သိပ်ကောင်းပါတယ်'

ကော်ဖီသောက်နေကြစဉ် အက်ဒ်မိုင်ရယ်ကြီးက မေးလိုက်သည်။

"မင်း အလုပ်စလုပ်ဖို့ အဆင်သင့် ဖြစ်ပြီလား"

"စိတ်အား ထက်သန်စွာနဲ့ လုပ်ချင်လှပါပြီ"

"ကောင်းတယ်၊ ရိုဗီရှားမှာ ငါတို့အတွက် အခြေအနေကလေးတစ်ခု ဖြစ် ပေါ်နေတယ်"

ရေတပ်ထောက်လှမ်းရေးရုံးတွင် အလုပ်လုပ်ရသည်မှာ ရောဘတ် မျှော် လင့်ထားသည်ထက်ပင် ပို၍ စိတ်လှုပ်ရှားဖို့ ကောင်းနေသည်။ သူ့ကို တာဝန်ပေး အပ်သော လုပ်ငန်းတိုင်းမှာ တစ်ခုနှင့်တစ်ခု မတူ ကွဲပြားခြားနားကြသလို အလွန့် အလွန် သိမ်မွေ့သည်ဟု သတ်မှတ်ထားသော လုပ်ငန်းများကိုသာ သူ့အား တာဝန်ပေးလေ့ရှိသည်။

ပနားမားမှ နိုရီယေဂါ၏ မူးယစ်ဆေးဝါး မှောင်ခိုသည့် လုပ်ငန်းများကို ဖွင့်ချသော ဘက်ပြောင်းလာသူ တစ်ဦးကို သူက အမေရိကန်သို့ ခေါ်ဆောင် လာနိုင်ခဲ့သည်။

မနီလာရှိ အမေရိကန်သံရုံးတွင် ဖာဒီနန်မားကို့စ် အတွက် အလုပ်လုပ်ပေး နေသော သူလျှိုတစ်ဦးကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။

မော်ရိုကိုတွင် လျှို့ဝှက်ထောက်လှမ်းရေးလုပ်ငန်းတစ်ခုကို သူပါဝင်ကူညီ၍ တည်ထောင်ပေးနိုင်ခဲ့သည်။

သူ့ကို လုပ်ငန်းတာဝန်များနှင့် တောင်အမေရိကတိုက်နှင့် အရှေ့အင်ဒီးစ် (အရှေ့တောင်အာရှတိုက်) သို့ စေလွှတ်ခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

သူ့ကို စိတ်အနှောင့်အယှက်ပေးသည့်ကိစ္စမှာ ဆူဆန်နှင့် ကြာမြင့်စွာ ခွဲခွာ၍ နေရမှုများပင် ဖြစ်သည်။ သူသည် ဆူဆန်နှင့် ခွဲနေရသည်ကို မုန်းတီးသည်။ ဆူဆန့်ကိုလည်း အလွန် လွမ်းဆွတ်သည်။ သို့တွင် ငြီးငွေ့မှုကို ဖြေဖျောက်ရန် စိတ်လှုပ်ရှားဖွယ်ကောင်းသည့် သူ့အလုပ်တာဝန်ရှိနေသည်။

သို့ရာတွင် ဆူဆန့် အနေနှင့် အပန်းဖြေစရာ ဘာမှ မရှိပါ။ ရောဘတ်၏ အမှုတွဲသည် ပို၍ ပို၍ များပြားလာသည်။ သူသည် နေအိမ်၌ နေထိုင်သည့် အချိန်မှာ ပို၍ ပို၍ နည်းလာသည်။ ဤတွင် ဆူဆန်နှင့် ပတ်သက်သော ပြဿနာသည် ပို၍ လေးနက်လာခဲ့ခြင်း ဖြစ်သည်။

ရောဘတ် နေအိမ်သို့ ပြန်လာသည့်အခါတွင် သူနှင့်ဆူဆန်တို့သည် အချစ် နာလန်ထခဲ့ကြသည်။ သို့ရာတွင် ထိုကဲ့သို့သော အချိန်ကာလများသည် တဖြည်းဖြည်းနှင့် ပို၍ ပို၍ ဝေးကွာလာသည်။

ဆူဆန် အနေနှင့် ရောဘတ်သည် လုပ်ငန်းတာဝန်တစ်ခုမှ ပြန်ရောက်လာသည်နှင့် တစ်ပြိုင်နက် ချက်ချင်း ဆိုသလို သူ့ကို အခြား တာဝန်တစ်ခုနှင့် အဝေးသို့ ပြန်လွှတ်သည်ဟု ထင်လာသည်။

ထိုကိစ္စကို ပို၍ ဆိုးရွားစေသည့်ကိစ္စမှာ ရောဘတ်သည် သူ့လုပ်ငန်းတို့ ဆူဆန်နှင့် ဆွေးနွေး၍ မဖြစ်နိုင်ခြင်းပင် ဖြစ်သည်။ သူ ဘယ်ကို သွားသည် ဘာလုပ်နေသည် ဆိုတာကို ဆူဆန် မသိရပါ။ သူ လုပ်ကိုင်နေသော လုပ်ငန်း မှန်သမျှသည် ဘေးအန္တရာယ် ကြီးမားကြောင်းကိုသာ ဆူဆန်သိသည်။ တစ်နေ့ သောအခါတွင် ရောဘတ်တစ်ယောက် ပြန်မလာတော့မှာကို အထိတ်တလန့် ဖြစ်နေမိသည်။ ဆူဆန်က မေးခွန်းတွေ မထုတ်ရဲပါ။ ဆူဆန်သည် ရောဘတ်၏ ဘဝဖြစ်စဉ် သို့တည်းမဟုတ် ၎င်းတို့နှစ်ဦးစလုံး၏ ဘဝဖြစ်စဉ်တွင် အရေးကြီး သောကဏ္ဍမှ ပ,ထုတ်ခံထားရသော လူစိမ်းတစ်ယောက်ကဲ့သို့ ခံစားနေရသည်။

‘ငါ ဒီလို ဆက်နေလို့ မဖြစ်တော့ဘူး’ ဟု ဆူဆန်က ဆုံးဖြတ်ချက် ချလိုက် သည်။

ရောဘတ်သည် ရက်သတ္တလေးပတ် ကြာမြင့်သော အမေရိကန် အလယ် ပိုင်းဒေသရှိ အလုပ်တာဝန်တစ်ခုမှ ပြန်ရောက်လာသောအခါ ဆူဆန်က -

“ကျွန်မတို့ ဆွေးနွေးကြမှ ဖြစ်လိမ့်မယ်” ဟု ပြောလိုက်တော့သည်။

“ဘာပြဿနာလဲကွ” ဟု ရောဘတ်က မေးလိုက်သော်လည်း မည်သည့် ပြဿနာ ဖြစ်ကြောင်းကို သူ သိနေသည်။

“ကျွန်မ သိပ်ကြောက်နေတယ်၊ ကျွန်မတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် တဖြည်းဖြည်း ဝေးကွာနေကြတယ်၊ ကျွန်မကတော့ အဲဒါမျိုး အဖြစ်မခံနိုင်ဘူး၊ ကျွန်မအနေနဲ့ သည်းမခံနိုင်တော့ဘူး”

“ဆူဆန် . . .”

“နေစမ်းပါဦး၊ ကျွန်မ ဆုံးအောင် ပြောပါရစေ၊ လွန်ခဲ့တဲ့ လေးလအတွင်း ကျွန်မတို့နှစ်ယောက် ဘယ်လောက်ကြာကြာ အတူတူ နေခဲ့ရသလဲ၊ နှစ်ပတ် တောင် မပြည့်ဘူး။ ရှင် အိမ်ကိုပြန်လာတဲ့အခါတိုင်း ရှင်ဟာ ကျွန်မခင်ပွန်း ဖြစ်ရမယ့်အစား ဧည့်သည်တစ်ယောက်လို စိတ်ထဲက ထင်နေမိတယ်”

ရောဘတ်က ဆူဆန့်ကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။

“မင်းကို ကိုယ် ဘယ်လောက် ချစ်တယ်ဆိုတာ မင်း သိပါတယ်ကွာ”





ဆူဆန်က သူ့ဦးခေါင်းကို ရောဘတ်၏ပခုံးပေါ်၌ မှီတင်ထားလိုက်သည်။

“ကျွန်မတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးကိုတော့ မထိခိုက်ပါစေနဲ့ရှင်ရယ်”

“ကိုယ် မဖျက်ဆီးပါဘူးကွာ၊ ကိုယ် အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာနဲ့ ဆွေး နွေးပါ့မယ်”

“ဘယ်တော့လဲ”

“ခု ချက်ချင်းပေါ့”

*

“အက်ဒ်မိုင်ရယ်က ရှင်နဲ့ အတွေ့ခံပါလိမ့်မယ်”

“ကျေးဇူးပါပဲ”

အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာသည် သူ့စားပွဲနောက်၌ထိုင်ရင်း စာရွက်စာ တမ်းများကို လက်မှတ်ထိုးနေသည်။ ရောဘတ်ဝင်လာချိန်တွင် သူက မော့ကြည့် ပြီး ပြုံးလိုက်သည်။

“တို့ကမ္ဘာကြီးက ကြိုဆိုပါတယ် ရောဘတ်ရာ၊ မင်းကို ချီးကျူးပါတယ်၊ အယ်ဆာဗေးဒိုးက ကိစ္စဟာ သိပ်ကောင်းတာပဲ”

“ကျေးဇူးတင်ပါတယ် ဆရာ”

“ထိုင်စမ်းပါဦး။ မင်း ကော်ဖီသောက်ဦးမလား”

“မသောက်တော့ပါဘူး။ ကျေးဇူးတင်ပါတယ် အက်ဒ်မိုင်ရယ်”

“မင်းက ငါနဲ့ စကားပြောချင်တယ်ဆို၊ ငါ့အတွင်းရေးမှူး လာပြောတော့ သိပ်အရေးလိုတယ်တဲ့၊ ငါက ဘာများ လုပ်ပေးရမလဲ”

စတင်၍ ပြောဆိုရန် ခက်နေလေပြီ။

“ဒီလိုပါ ခင်ဗျာ၊ ခုကိစ္စက ကိုယ်ရေးကိုယ်တာပါ။ ကျွန်တော် အိမ်ထောင် ကျတာ နှစ်နှစ်တောင် မကြာသေးပါဘူး၊ ပြီးတော့လည်း . . .”

“မင်း ရွေးချယ်တာ တကယ်မှန်တာပဲကွာ၊ ဆူဆန်ဟာ တကယ်တော်တဲ့ မိန်းကလေးပဲ”

“ဟုတ်ကဲ့၊ ကျွန်တော်လည်း အဲဒါကို သဘောတူပါတယ်၊ ပြဿနာက တော့ ကျွန်တော်ဟာ အမြဲလိုလို ရပ်ဝေးကို ရောက်နေတယ်၊ အဲဒီ ကိစ္စအတွက် သူက မပျော်ရွှင်ရှာဘူး”

ရောဘတ်က လျင်မြန်စွာ ဖြည့်စွက်လိုက်၏။

“သူ့မှာလည်း ပိုင်ခွင့် ရာနှုန်းပြည့် ရှိပါတယ်၊ ခုကိစ္စက သာမန် အနေ အထားမျိုး မဟုတ်ဘူး ခင်ဗျ”

အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာသည် သူ့ကုလားထိုင်ပေါ်တွင် နောက်မှီ၍ ထိုင်ချလိုက်ပြီး စဉ်းစဉ်းစားစားနှင့် ပြောလိုက်သည်။

“ဟုတ်ပါတယ်လေ၊ အခု မင်းလုပ်နေတဲ့ လုပ်ငန်းဟာ သာမန် အနေအ ထားမျိုးတော့ မဟုတ်ဘူး၊ တစ်ခါတလေကျတော့လည်း ကိုယ်ကျိုးစွန့်ရတာ လေးတွေ ရှိတာပေါ့လေ”

ရောဘတ်ကလည်း ခေါင်းခါသည်။

“ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ ကျွန်တော့်အိမ် ထောင်ရေးကို မစတေးနိုင်ဘူး၊ ကျွန်တော့်အတွက် သိပ်တန်ဖိုးရှိနေပါတယ်”



www.burmeseclassic.com

www.burmeseclassic.com

အက်ဒ်မိုင်ရယ်ကြီးက သူ့ကို စဉ်းစဉ်းစားစား အကဲခတ်လိုက်သည်။

"ဒီလိုကိုး၊ မင်းက ဘာကို တောင်းဆိုနေတာလဲ"

"ဆရာက ကျွန်တော့်ကို ရပ်ဝေးကို ခရီးသိပ်မထွက်ရတဲ့ လုပ်ငန်းတာ တွေကို ရှာပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ လုပ်ငန်းကြီးဟာ အလွန် ကြီးကျယ်ပါတယ်၊ ကျွန်တော့် အနေနဲ့ အိုးမကွ အိမ်မကွာ လုပ်နိုင်တဲ့အလုပ်တွေ အများကြီး ရှိနေမှာပါ"

"အိုးမကွာအိမ်မကွာ၊ ဟုတ်လား"

"ဟုတ်ပါတယ်"

အက်ဒ်မိုင်ရယ်ကြီးက ဖြည်းညင်းစွာ ပြောလိုက်သည်။

"မင်းက အဲဒါမျိုး ဖြစ်ထိုက်သူပါကွာ။ အဲဒီလို ဖြစ်အောင် စီစဉ်ပေ မရနိုင်စရာ မရှိပါဘူး"

ရောဘတ်က စိတ်သက်သာရာ ရမှုကြောင့် ပြုံးလိုက်သည်။

"ဆရာက သိပ်ကို လိုက်လျောလိုက်တာပဲ၊ ကျွန်တော်က သိပ်ကို ကျေ မိပါတယ်ဗျာ"

"အေး အဲဒါမျိုးဖြစ်အောင် ငါတို့ စီစဉ်ပေးနိုင်ပါတယ်ကွာ၊ အဲဒီပြဿနာ ဖြေရှင်းပြီးပြီလို့ ဆူဆန်ကို ပြောလိုက်ပါ"

ရောဘတ်က ပြုံးရယ်ရင်း မတ်တတ်ရပ်လိုက်သည်။

"ဆရာ့ကို ဘယ်လို ကျေးဇူးတင်ရမလဲ မသိတော့ပါဘူးဗျာ"

အက်ဒ်မိုင်ရယ်ကြီးက လက်ဝှေ့ယမ်းပြီး ပြန်နှင်လိုက်သည်။

"မင်းဟာ ငါ့အတွက် အဆုံးအရှုံးမခံနိုင်အောင် သိပ်ကို အဖိုးတန် လူ့အင်အား တစ်ခုပါပဲကွာ။ ကဲ - မင်း သတို့သမီးဆီကို ပြန်ပေတော့"

ရောဘတ်က ဆူဆန်အား ထိုသတင်းကို ပြောပြလိုက်သည့်အခါ ဆူ တစ်ယောက် အထူး ရွှင်မြူးသွားသည်။ ဆူဆန်က ရောဘတ်ကို သိုင်းဖက်လို လေ၏။

"အချစ်ကလေးရယ်၊ သိပ်ကို အံ့ဩဖို့ ကောင်းတာပဲကွယ်"

"ကိုယ်တို့နှစ်ယောက် တစ်နေရာရာကို သွားလို့ရအောင် သူ့ဆီက ရ သတ္တ နှစ်ပတ်လောက် ခွင့်တောင်းလိုက်မယ်။ ကိုယ်တို့အတွက် ဒုတိယ ပျားရည် ဆမ်းခရီး ဖြစ်မှာပေါ့ကွာ"

ဆူဆန်က တိုးတိုးကလေး ပြန်ပြောလိုက်၏။

"ပျားရည်ဆမ်းခရီးဆိုတာ ဘယ်လိုဟာမျိုးလဲ ဆိုတာကိုတောင် ကျွ တော့ မေ့နေပါပြီ ရှင်ရယ်"

နောက်တစ်နေ့ နံနက်တွင် အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာက ရောဘတ် အခေါ် ခိုင်းလိုက်သည်။

"ငါတို့ မနေ့က ဆွေးနွေးထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အစီအစဉ် လုပ်နေတယ်ဆိုတာ မင်းကို သိစေချင်လို့ကွ"

"ကျေးဇူးတင်ပါတယ် အက်ဒ်မိုင်ရယ်"

ယခု အချိန်မှာ ခွင့်ကိစ္စအတွက် ပြောရမည့်အချိန်ပင် ဖြစ်တော့သည်

"ဆရာ"





အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာက ပြောလိုက်၏။

"ရောဘတ်ရေ ကိစ္စတစ်ခုတော့ ပေါ်လာပြန်ပြီကွာ"

ဗိုလ်ချုပ်ကြီးက လမ်းလျှောက်စပြုတော့သည်။ သူ စကားပြောလိုက်သည့် ခါ သူ့လေသံတွင် စိုးရိမ်မကင်းသည့် လေသံကလေး ပါဝင်လာသည်။

"စီအိုင်အေထဲမှာ ထိုးဖောက် ဝင်ရောက်မှု ရှိနေပြီလို့ ငါ့ကို ခုလေးတင် ကြောင်းကြားလိုက်တယ်၊ ထိပ်တန်းလျှို့ဝှက် သတင်းတွေကလည်း မှန်မှန်ကြီး ပေါက်ကြားနေပုံရတယ်၊ သူတို့ သိရသမျှကတော့ အဲဒီသူလျှို့ရဲ့ လျှို့ဝှက်နာမည် က မြေခွေး ဆိုတာပဲ။ အခု သူဟာ အာကျင်တီးနားမှာ [illegible]နေတယ်။ တို့ အနေနဲ့ အဲဒီကိစ္စကို ကိုင်တွယ်ဖို့ အပြင်ဌာနကလူတစ်ယောက်ကို လိုချင် တယ်။ စီအိုင်အေ ဒုတိယညွှန်ကြားရေးမှူးက မင်းကို တောင်းနေတယ်။ တို့က မင်းအနေနဲ့ အဲဒီလူကို လိုက်ခြေရာခံပြီး ငါတို့ဆီကို ပြန်ခေါ်လာ ချင်တယ်။ ဒီကိစ္စကို ဆုံးဖြတ်ရမှာကတော့ မင်းပဲလို့ ငါပြောပြထားတယ်။ င်းက အဲဒါကို လက်ခံဆောင်ရွက်ပေးချင်သလား"

ရောဘတ် တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

"ကျွန်တော်ကတော့ အဲဒါကို လက်ပြောင်းပေးရတော့မှာပဲ ဆရာ"

"မင်းရဲ့ဆုံးဖြတ်ချက်ကို ငါ လေးစားပါတယ် ရောဘတ်၊ မင်းဟာ အမြ ခရီးထွက်နေခဲ့တဲ့အပြင် ဘယ်လုပ်ငန်းတာဝန်ကိုမှ မငြင်းခဲ့ဖူးဘူး၊ အဲဒီကိစ္စ မင်းရဲ့အိမ်ထောင်ရေးအတွက် သိပ်ဆိုးရွားနေတယ်ဆိုတာ ငါသိပါတယ်"

"ကျွန်တော်က အဲဒီအလုပ်ကို လက်ခံဆောင်ရွက်ပေးချင်ပါတယ် ဆရာ။ ကိစ္စကတော့ . . ."

"မင်းအနေနဲ့ ရှင်းပြစရာ မလိုပါဘူး ရောဘတ်ရာ။ မင်း လုပ်ကိုင်နေတဲ့ ပ်ငန်းနဲ့ မင်းရဲ့ လုပ်ငန်းအပေါ် ထားရှိတဲ့ စေတနာတွေနဲ့ ပတ်သက်ပြီး ငါ့အယူ ကတော့ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ပါဘူးကွာ၊ မင်းကို ငါက တ္တာရပ်ခံချင်တာ တစ်ခုတော့ရှိတယ်"

"ဘာများပါလိမ့် အက်ဒ်မိုင်ရယ်"

"မင်းက ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် လူယဉ်ကျေးမှုအနေနဲ့ သူနဲ့လာတွေ့ လို့ စီအိုင်အေ ဒုတိယညွှန်မှူးက မေတ္တာရပ်ခံထားတယ်။ မင်းက သွားတွေ့ဖို့ ပန်းမကြီးဘူး မဟုတ်လား"

"အပန်းမကြီးပါဘူး ဆရာ"

နောက်တစ်နေ့ နံနက်စောစောတွင် ရောဘတ်သည် စီအိုင်အေ ဒုတိယ ညွှန်မှူးနှင့် တွေ့ဆုံရန် လန်ဂလီသို့ ကားမောင်း၍ ထွက်လာခဲ့သည်။

"ထိုင်ပါ ကွန်မန်ဒါ"

ရောဘတ်က အဆောက်အအုံထောင့်၌ရှိသော အလွန် ကြီးမားသည့် ခန်းကြီးထဲသို့ ဝင်သွားချိန်တွင် ဒုတိယညွှန်ကြားရေးမှူးက ပြောလိုက်ခြင်း သည်။

"မင်းအကြောင်း ငါ တော်တော်များများ ကြားထားပါတယ်။ ကောင်း ကောင်းတွေချည်းပါပဲ"

"ကျေးဇူးတင်ပါတယ် ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com


ဒုတိယညွှန်ကြားရေးမှူးသည် အသက်ခြောက်ဆယ်ကျော်ခါစပင် ရှိ ပြီး ပါးလျသော ဆံပင်ဖြူများနှင့် သေးငယ်သော သွားပွတ်တံ နှုတ်ခမ်းမွေး ရှိသူ ဖြစ်သည်။ သူက ဆေးတံကို ရှူဖွာနေစဉ် အဆိုပါ သွားပွတ်တံမွေးက သည် အပေါ်သို့ တက်သွားလိုက် အောက်သို့ ပြန်ကျလိုက် ဖြစ်နေသည်။

သူသည် ယေးလ်တက္ကသိုလ်မှ ဘွဲ့ရသူတစ်ဦးဖြစ်ပြီး ဒုတိယကမ္ဘာစစ် အတွင်းက အိုအက်စ်အက်စ်တွင် အမှုထမ်းခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီး သွားသောအခါ သူသည် စီအိုင်အေတွင် ဆက်လက်၍ အမှုထမ်းခဲ့သည်။ သည် ကမ္ဘာပေါ်ရှိ ပြိဇာအာဏာအရှိဆုံး ထောက်လှမ်းရေးအဖွဲ့အစည်း မှန်မှန်ကြီး ရာထူးတက်လာခဲ့သူ ဖြစ်သည်။

"မင်းရဲ့ဆုံးဖြတ်ချက်ကို ငါလေးစားတယ်ဆိုတာ မင်း သိစေချင်ပါ ကွန်မန်ဒါ"

"အဲဒါကို ကျွန်တော် နှစ်သက်လေးစားပါတယ် ခင်ဗျာ"

"ဒါပေမယ့် မင်းသတိပြုမိအောင် ပြောပြသင့်တဲ့အချက်တစ်ချက်ရှိတယ် ငါခံစားမိတယ်"

"အဲဒါက ဘာလဲ ခင်ဗျ"

"မြေခွေးကို လိုက်လံထောက်လှမ်းပြီး ဖော်ထုတ်တဲ့ကိစ္စမှာ သမ္မတ ကိုယ်တိုင် ပါဝင်ပတ်သက်နေတယ်လေ"

"အဲဒါကို ကျွန်တော် မသိဘူး ခင်ဗျ"

"သူက ဒီ ထောက်လှမ်းရေးအေဂျင်စီကို တည်ထောင်ပြီး နောက်ပိုင်း အဲဒီကိစ္စကို အရေးအကြီးဆုံး တာဝန်ပေးချက်လို့ သဘောထားနေတယ်။ မင်းအိမ်က အခြေအနေကို သိပါတယ်။ သမ္မတကြီးကလည်း ဒါကို စာနာ မယ်လို့ ငါထင်ပါတယ်။ သူက တကယ့်ကို မိသားစုနဲ့ နေတတ်တဲ့လူပဲ။

ဒါပေမယ့် မင်းက တာဝန်ပေးချက်ကို လက်မခံတဲ့ကိစ္စဟာ ရောဘတ်မ ထောက်လှမ်းရေးဌာနနဲ့ အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာတို့အပေါ်မှာ အမည်း ကလေး စွန်းထင်းသွားနိုင်တယ်"

ရောဘတ်က -

"ကျွန်တော့်ဆုံးဖြတ်ချက်ဟာ အက်ဒ်မိုင်ရယ်ကြီးနဲ့ ဘယ်လိုမှ မပတ်သ ပါဘူး ခင်ဗျာ" ဟု ပြောလိုက်သည်။

"အဲဒါကို ငါနားလည်ပါတယ် ကွန်မန်ဒါ။ ဒါပေမယ့် သမ္မတကြီးက အဲ နားလည်ပါ့မလား"

'ပျားရည်ဆမ်းခရီးကို ရွှေ့ဆိုင်းပစ်ရတော့မည်' ဟု ရောဘတ်က လိုက်သည်။

ရောဘတ်က ထိုကိစ္စအား ဆူဆန်ကို ပြောပြသည့်အချိန်တွင် သူ သာယာညင်ပျောင်းစွာ နားထောင်လိုက်သည်။

"ခုကိစ္စဟာ ပင်လယ်ရပ်ခြားကို ခရီးသွားရမယ့် ကိုယ့်နောက်ဆုံး လုပ် ပါကွာ၊ အဲဒီ နောက်ပိုင်းကျရင် ကိုယ်က အိမ်မှာ ရှိနေလွန်းလို့ မင်းက ကိုယ့် စိတ်တောင်ပျက်လာလိမ့်မယ်"

ဆူဆန်က ပြုံးပြလိုက်သည်။

"လောကကြီးမှာ အဲဒီလောက် အချိန်များများ မရှိပါဘူးရှင်၊ ကျွန်မတို့က အတူတူ ထာဝရ နေသွားကြမှာပါ"

မြေခွေးနောက်သို့ လိုက်ရသည့်ကိစ္စမှာ ရောဘတ် အနေနှင့် စိတ်ဓာတ် အကျဆုံး အတွေ့အကြုံပင် ဖြစ်တော့သည်။

သူက မြေခွေး၏သဲလွန်စကို အာဂျင်တီးနား၌ ရရှိခဲ့သည်။ သို့ရာတွင် သူက သားကောင်နောက်သို့ တစ်ရက် နောက်ကျပြီးမှ ရောက်ရှိသွားသည်။ သဲလွန်စက တိုကျို၊ တရုတ်ပြည်နှင့် မလေးရှားသို့ ရောက်ရှိသွားသည်။ မြေခွေး ဆိုသော ပုဂ္ဂိုလ်သည် မည်သူပဲ ဖြစ်ဖြစ် သူ ရောက်ရှိခဲ့သည့်နေရာများသို့ ခြေရာခံ၍ လိုက်နိုင်အောင် အစအနကိုတော့ ပေးခဲ့ပါသည်၊ သို့ရာတွင် သူ ရှိနေသည့် နေရာကိုမူ မည်သည့်အခါကမျှ အစအန မပေးခဲ့ပါ။

ရက်မှသည် ရက်သတ္တပတ်သို့ ကြာမြင့်လာပြီး ရက်သတ္တပတ်မှသည် လ ပိုင်းသို့ ချဉ်းနင်းရောက်ရှိလာသည်။ သို့ရာတွင် ရောဘတ်သည် မြေခွေးနောက် ဘက်၌သာ ရှိနေဆဲပင်။

သူက ဆူဆန့်ထံ နေ့တိုင်း ဆက်သွယ်ခဲ့သည်။ အစပထမတွင် -

'ကိုယ် ရက်ပိုင်းအတွင်း အိမ်ပြန်လာခဲ့မယ် ချစ်ချစ်ရယ်' ဟု ပြောခဲ့သည်။

ထို့နောက် -

'ကိုယ် နောက်အပတ်ကျမှ ပြန်လာနိုင်လိမ့်မယ်ထင်တယ်' ဟု ပြောခဲ့ ပြီး နောက်ဆုံးတွင်မူ -

'ကိုယ် ဘယ်တော့မှ ပြန်လာနိုင်မလဲဆိုတာ မသိသေးဘူး'

ဆိုသည့် အဆင့်သို့ ရောက်ရှိလာသည်။

နောက်ဆုံးတွင် ရောဘတ်အနေနှင့် လက်မြှောက်ရတော့သည်။ သူသည် မြေခွေးနောက်သို့ နောက်ယောင်ခံ၍ လိုက်ခဲ့သည်မှာ နှစ်လခွဲ ကြာမြင့်ခဲ့ သည့်တိုင်အောင် အောင်မြင်မှု မရရှိခဲ့ချေ။

သူ ဆူဆန့်ထံသို့ ပြန်ရောက်လာသောအခါ ဆူဆန်သည် ပြောင်းလဲနေပုံ ရ၏။ အနည်းငယ် အေးစက်စက်ဖြစ်နေသည်။ ရောဘတ်က တောင်းပန်လိုက်၏။

"ကိုယ် တောင်းပန်ပါတယ် အချစ်ရယ်၊ အဲဒီကိစ္စက အဲဒီလောက် ကြာ သွားလိမ့်မယ်လို့ ကိုယ် မထင်မိခဲ့ဘူး၊ အဲဒါက . . . "

"သူတို့က ရှင့်ကို ဘယ်တော့မှ လက်လွှတ်မှာ မဟုတ်ပါဘူး၊ သူတို့က လွှတ်ဦးမှာလား ရောဘတ်ရယ်"

"ဘာပြောတယ်၊ သူတို့က ကိုယ့်ကို ခွင့်ပြုမှာပါ"

ဆူဆန်က ခေါင်းခါလိုက်၏။

"ကျွန်မကတော့ လွှတ်လိမ့်မယ်လို့ကို မထင်ဘူး၊ ကျွန်မ ဝါရှင်တန်အထိမ်း အမှတ်ဆေးရုံမှာ အလုပ်ဝင်လုပ်နေပြီ"

သူ အံ့အားသင့်သွားသည်။

"မင်းက ဘာပြောတယ်"

"ကျွန်မ သူနာပြု ပြန်လုပ်တော့မယ်။ ကျွန်မက ရှင့်ကို ရှင် ဘယ်မှာ ရောက်နေသလဲ၊ ရှင် ဘာတွေ လုပ်နေသလဲ၊ ရှင် သေပြီလား အသက်ရှင်နေ



www.burmeseclassic.com

www.burmeseclassic.com

သလား ဆိုတာကို စဉ်းစားတွေးတောရင်း ထိုင်စောင့်မနေနိုင်ဘူး"

"ဆူဆန် . . . ကိုယ် . . ."

"စိတ်မပူပါနဲ့ ချစ်ချစ်ရယ်၊ ရှင် သွားနေတုန်း ကျွန်မက အနည်းဆုံး အသုံးကျတဲ့အလုပ်တစ်ခုခုကို လုပ်နေနိုင်တာပေါ့ရှင်၊ အဲဒါက စောင့်နေရတာကို ပိုပြီး လွယ်ကူစေလိမ့်မယ်"

ရောဘတ် အနေနှင့် ထိုစကားကို ပြန်ဖြေစရာ စကား မရှိတော့ပါ။

ရောဘတ်က သူ၏ မအောင်မြင်မှုကို အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာထံ အစီရင်ခံလိုက်သည်။ ရေတပ်ဗိုလ်ချုပ်ကြီးက စာနာမှု ရှိရှာပါသည်။

"မင်း အဲဒီ အလုပ်ကိုလုပ်ဖို့ ငါသဘောတူလိုက်မိတာကိုက ငါ့အပြစ်ပါပဲကွာ၊ အခုအချိန်ကစပြီး စီအိုင်အေ အနေနဲ့ သူ့ပြဿနာတွေကို သူ့ဘာသာသူပဲ ဖြေရှင်းခိုင်းလိုက်တော့မယ်။ ငါ ဝမ်းနည်းပါတယ် ရောဘတ်ရယ်"

ရောဘတ်က အက်ဒ်မိုင်ရယ်ကြီးအား ဆူဆန်သည် သူနာပြုအလုပ်ကို ပြန်လည် လုပ်ကိုင်နေကြောင်း ပြောပြလိုက်သည်။

အက်ဒ်မိုင်ရယ်ကြီးက စဉ်းစဉ်းစားစား ပြောလိုက်၏။

"အဲဒါက သိပ်ကောင်းတဲ့ စိတ်ကူးစိတ်သန်း ဖြစ်နိုင်တယ်ကွာ၊ အဲဒီကိစ္စက မင်းအိမ်ထောင်ရေးအပေါ်မှာ ပိနေတဲ့ပြဿနာကို လျော့နည်းသွားစေလိမ့်မယ်။ မင်းက တစ်ခါတလေ ပင်လယ်ရပ်ခြားမှာ ထောက်လှမ်းရေးတာဝန် ယူရတဲ့အခါကျရင် အရင်ကလောက် ပြဿနာတက်လိမ့်မယ်လို့ ငါ မထင်ဘူး"

တစ်ခါတစ်ရံ ဆိုသော ကိစ္စမှာ အမြဲတမ်းလိုလို ဖြစ်လာကြောင်း တွေ့ရှိရသည်။

ထိုအချိန်မှစ၍ ရောဘတ်နှင့် ဆူဆန်တို့၏အိမ်ထောင်ရေးသည် တကယ့်ကို စတင်၍ ပြိုကွဲရလေတော့သည်။

ဆူဆန်သည် ဝါရှင်တန်အထိမ်းအမှတ်ဆေးရုံတွင် ခွဲစိတ်ခန်းမှ သူနာပြုဆရာမ တစ်ယောက် အနေနှင့် အလုပ်ဝင်လုပ်ခဲ့သည်။

ရောဘတ် အိမ်သို့ ပြန်လာတိုင်း ဆူဆန်သည် အလုပ်ခွင်မှ ခွင့်ယူရန် ကြိုးစားခဲ့သည်။ သို့ရာတွင် ဆူဆန်သည် အလုပ်ထဲတွင် ပို၍ ပို၍ နစ်မြုပ်စပြုလာသည်။

"ကျွန်မက အဲဒီအလုပ်ကို လုပ်ရတာ တကယ် ပျော်ပါတယ်ရှင်၊ ကျွန်မအနေနဲ့ အသုံးဝင်တဲ့ကိစ္စတစ်ခုကို လုပ်ပေးနေရတယ်လို့ ခံစားရတယ်"

ဆူဆန်က ရောဘတ်အား သူ့လူနာများအကြောင်း ပြောပြလေ့ရှိသည်။

ဤတွင် ဆူဆန်က သူ့အပေါ် မည်မျှလောက် ဂရုစိုက်ခဲ့ပုံ၊ သူ့ကို ကျန်းမာလာသည်အထိ ပျိုးထောင်ပေးခဲ့ပုံတို့ကို ရောဘတ် ပြန်သတိရလာသည်။

ဆူဆန်သည် သူ ချစ်မြတ်နိုးသော အရေးပါသည့် လုပ်ငန်းကို လုပ်ကိုင်နေသဖြင့် ရောဘတ် ကျေနပ်မိသည်။ သို့ရာတွင် အဓိက အချက်မှာ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ပို၍ တွေ့ချိန် နည်းလာခြင်းပင်ဖြစ်တော့သည်။ စိတ်ပိုင်းဆိုင်ရာ ရင်းနှီးမှုသည်လည်း ပို၍ ပို၍ ဝေးကွာနေသည်။

ယခင်တုန်းက မဖြစ်ခဲ့ဘူးသော အကြောင်းကြောင်းအဖြစ်မျိုးနှင့် ကြုံတွေ့လာရသည်။ သူတို့ နှစ်ယောက်သည် မတွေ့ဆုံဖူးဘူးသော လူစိမ်းနှစ်ဦး စကား





စမြည် ပြောနိုင်အောင် သွေးရှူသွေးတန်း ကြိုးစားနေရသည့် ပုံစံမျိုး ဖြစ်နေသည်။

ရောဘတ်သည် ပေါ်တူဂီနိုင်ငံမှ ရက်သတ္တပတ် ခြောက်ပတ်အကြာ ထောက်လှမ်းရေးလုပ်ငန်းအပြီး ဝါရှင်တန်သို့ ပြန်ရောက်အလာတွင် ဆူဆန်အား ဆန်ဆိုစီဟိုတယ်တွင် ညစာကျွေးခဲ့သည်။

ဆူဆန်က -

"ကျွန်မတို့ဆေးရုံမှာ လူနာအသစ်တစ်ယောက် ရောက်လာတယ်၊ သူက ဆိုးဆိုးရွားရွား လေယာဉ်ပျံပျက်ကျတုန်းက ပါသွားခဲ့တဲ့လူ၊ ဆရာဝန်တွေကတော့ သူ ပြန်ရှင်မှာ မဟုတ်ဘူးလို့ ယူဆကြတယ်။ ဒါပေမယ့် ကျွန်မကတော့ သူ အသက် ပြန်ရှင်လာအောင် ကြိုးစားမယ်" ဟု ပြောလိုက်၏။

ဆူဆန်၏မျက်လုံးများမှာ အရောင်တောက်နေကြသည်။

'ငါနဲ့တုန်းကလည်း သူ ဒီလိုပဲ' ဟု ရောဘတ်က တွေးလိုက်မိသည်။

ဆူဆန်က လူနာအပေါ်တွင် ငုံ့၍ -

'နေကောင်းအောင် ကြိုးစားစမ်းပါ၊ ရှင့်ကို ကျွန်မ စောင့်နေတယ်' ဟု ပြောလေမလား တွေးလိုက်မိသည်။ ရောဘတ်က ထိုအတွေးကို သူ့ခေါင်းထဲက နှင်ထုတ်ပစ်လိုက်သည်။

"သူက သိပ်ကို သိမ်မွေ့တယ်၊ သူနာပြုတွေ အားလုံးကလည်း သူနဲ့ ပတ်သက်ရင် အရူးအမူး ဖြစ်နေကြတယ်"

'သူနာပြုတွေ အားလုံးဆိုတာ ဟုတ်ရဲ့လား' ဟု ရောဘတ်က တွေးလိုက်မိပြန်၏။

သူ့ဦးနှောက်ထဲတွင် အမြဲတမ်း ကလိနေသည့် သံသယစိတ်ကလေး ဖြစ်ပေါ်နေသည်။ သူက ထိုအတွေးကို မောင်းထုတ်ပစ်လိုက်သည်။

သူတို့က ညစာအတွက် မှာလိုက်ကြသည်။

နောက် စနေနေ့တွင် ရောဘတ်သည် ပေါ်တူဂီနိုင်ငံသို့ ခရီးထွက်ခဲ့သည်။ ရက်သတ္တ သုံးပတ် ကြာမြင့်ပြီးနောက် သူ ပြန်ရောက်လာသောအခါ ဆူဆန်က သူ့ကို စိတ်လှုပ်ရှားစွာနှင့် နှုတ်ဆက်လိုက်သည်။

"မွန်တီက ဒီကနေ့ ပထမဦးဆုံးအကြိမ် စ,လမ်းလျှောက်တယ်"

ဆူဆန်က ရောဘတ်ကို နမ်းလိုက်သည့်အနမ်းမှာ ဝတ်ကျေတန်းကျေမျှသာ ဖြစ်သည်။

"မွန်တီ၊ ဟုတ်လား"

"သူ့နာမည်က မွန်တီဘင့်ခ်တဲ့၊ သူက ကျွန်မတို့ကို အမြဲတမ်း လက်ဆောင်တွေပေးတယ်၊ သူက သိပ်ချမ်းသာတယ်၊ သူ့လေယာဉ်ပျံကို သူကိုယ်တိုင်မောင်းတယ်၊ သူက ဆိုးဆိုးရွားရွား လေယာဉ်ပျံ ပျက်ကျပြီးတော့ . . ."

"ဘယ်လို လက်ဆောင်မျိုးတွေလဲ"

"ရှင် သိပါတယ်လေ၊ ချောကလက်တွေ၊ ပန်းတွေ၊ စာအုပ်တွေ၊ ဓာတ်ပြားတွေ၊ အဲဒီလို အသေးစား ပစ္စည်းကလေးတွေပါ။ သူက ကျွန်မတို့ အားလုံးကို အဖိုးတန်နာရီတွေပေးဖို့ လုပ်သေးတယ်။ ဒါပေမယ့် ကျွန်မတို့က ငြင်းကြရတာပေါ့ရှင်"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တာပေါ့"

"သူ့မှာ အပျော်စီးသင်္ဘောတစ်စီး ရှိတယ်၊ ပိုလိုကစားတဲ့ မြင်းတွေလည်း ရှိတယ်"

ထိုနေ့က စ၍ ရောဘတ်က သူ့အား 'မန်းနီးဘက်ဂ်' (ငွေအိတ်ကြီး) ဟု စတင်၍ ခေါ်ဝေါ်ခဲ့ခြင်း ဖြစ်သည်။

ဆူဆန်သည် ဆေးရုံမှ ပြန်လာတိုင်း ထိုလူနာအကြောင်းပြောလေ့ရှိသည်။

"သူဟာ တကယ့်ကို ချစ်ဖို့ကောင်းတယ် ရောဘတ်ရယ်"

'ချစ်ဖို့ကောင်းတယ် ဆိုတာက အန္တရာယ်ပဲ' ဟု တွေးမိပြန်၏။

"ပြီးတော့လည်း သူက သိပ်ကို စာနာထောက်ထားတတ်တယ်၊ သူ ဒီကနေ့ ဘာလုပ်သလဲဆိုတာကို ရှင် သိသလား။ သူက ကျွန်မတို့အထပ်မှာ ရှိရှိသမျှ သူနာပြုဆရာမတွေအတွက် ဂျော်ဂီကလပ်က နေ့လယ်စာကို ပို့ခိုင်းလိုက်တယ်"

'ဒီလူဟာ ရှဲဖို့တော့ ကောင်းနေပြီ' ဟု တွေးမိသည်။

ရောဘတ်သည် ရယ်စရာကောင်းအောင် ဒေါသထွက်လာမိသည်။

"မင်းရဲ့ အံ့ဩစရာကောင်းတဲ့လူနာက အိမ်ထောင်နဲ့လား"

"အိမ်ထောင် မရှိပါဘူး ဒါလင်၊ ဘာဖြစ်လို့လဲ"

"ကိုယ်က သိချင်လို့ပါ"

ဆူဆန်က ရယ်လိုက်၏။

"ဘုရားရေ၊ ရှင်က မနာလိုတာတော့ မဟုတ်ပါဘူးနော်၊ မနာလိုတိုရှည် များ ဖြစ်နေသလား"

"အခုမှ လမ်းလျှောက်တတ်အောင် ကျင့်နေရတဲ့ အဘိုးကြီးတစ်ယောက်အတွက် ကိုယ်က မနာလို ဖြစ်ရမှာလား၊ မဖြစ်ပါဘူးကွာ"

'သိပ်ကို မနာလို ဖြစ်မိတာပေါ့ကွာ' ဟု စိတ်ထဲက တွေးနေသည်။

သို့ရာတွင် ထိုကဲ့သို့ ပြောလိုက်သည့် အတွက် ဆူဆန် စိတ်ကျေနပ်မှု ရရှိသွားမှာကို သူ မလိုလားပါ။

ရောဘတ် နေအိမ်၌ ရှိနေချိန်တွင် ဆူဆန်က သူ့လူနာအကြောင်းကို မပြောမိအောင် ကြိုးစားသည်။ သို့ရာတွင် ထိုကိစ္စကို ဆူဆန်က စ,မပြောသည့်တိုင်အောင် ရောဘတ်က စ,ပြောပြန်၏။

"ဟို အဘိုးအို ကိုငွေအိုးကြီးတစ်ယောက် ဘယ့်နှယ် နေသေးသလဲ"

"သူ့နာမည်က ကိုငွေအိုး မဟုတ်ဘူး၊ မွန်တီဘင့်ခ်တဲ့"

ဆူဆန်က ပြစ်တင် ပြောဆိုလိုက်သည်။

'ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ အဲဒီ ခွေးမသားကြီး လေယာဉ်ပျံပျက်ကျတုန်းက သေမသွားတာ သိပ်ကို ဆိုးရွားတာပဲကွာ' ဟု ရောဘတ်က တွေးလိုက်သည်။

နောက်နေ့မှာ ဆူဆန်၏မွေးနေ့ ဖြစ်သည်။

"မင်းကို ကိုယ် တစ်ခုပြောမယ်"

ရောဘတ်က စိတ်ပါလက်ပါ ပြောပြလိုက်၏။

"ကိုယ်တို့ အခမ်းအနားကလေး ကျင်းပကြမယ်၊ ကိုယ်တို့ အပြင်သွားကြပြီး တစ်နေရာရာမှာ ညစာစားကြမယ် ပြီးတော့ . . . "

"ကျွန်မက ဆေးရုံမှာ ညရှစ်နာရီအထိ အလုပ်လုပ်ရမယ်"

"ကောင်းပြီလေ၊ ကိုယ်က မင်းကို အဲဒီမှာ လာခေါ်မယ်"





"ကောင်းတယ်၊ မွန်တီကလည်း ရှင်နဲ့ သိပ်တွေ့ချင်နေတယ်၊ ကျွန်မက ရှင့်အကြောင်း သူ့ကို အားလုံး ပြောပြထားတယ်"

"ကိုယ်ကလည်း အဲဒီ အဘိုးကြီးနဲ့ သိပ်တွေ့ချင်ပါတယ်ကွာ"

ရောဘတ်ကလည်း ဆူဆန့်ကို ကျေနပ်အောင် ပြောလိုက်သည်။

ဆေးရုံသို့ ရောဘတ် ရောက်ရှိသွားသောအခါ ဧည့်ကြိုစာရေးမက ပြောလိုက်၏။

"မင်္ဂလာ ညနေခင်းပါ ကွန်မန်ဒါ၊ ဆူဆန်က တတိယအထပ်က အရိုးကုဌာနမှာ အလုပ်လုပ်နေပါတယ်၊ သူက ရှင့်ကို မျှော်နေပါတယ်"

ထိုစာရေးမက တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

ရောဘတ် ဓာတ်လှေကားထဲက ထွက်လိုက်သည်နှင့် ယူနီဖောင်းဝတ်ထားသော ဆူဆန်က အဆင်သင့် စောင့်နေသည်။

ရောဘတ်ရင်ထဲမှ နှလုံးသားက ဆတ်ခနဲ ခုန်သွားသည်။

'ဆူဆန်ဟာ သိပ်ကို ချောတာပါကလား' ဟု တွေးလိုက်မိသည်။

"ဟယ်လို အလှကလေးရယ်"

ဆူဆန်က ပြုံးလိုက်သည်။

ဆူဆန်သည် ထူးထူးဆန်းဆန်း ဆိုသလို အူကြောင်ကြောင်ကလေး ဖြစ်နေသည်။

"ဟယ်လို ရောဘတ်၊ ကျွန်မက မိနစ်ပိုင်းအတွင်း တာဝန်ပြီးတော့မှာပါ၊ လာလေ၊ ကျွန်မက ရှင့်ကို မွန်တီနဲ့ မိတ်ဆက်ပေးမယ်"

ဆူဆန်က သူ့အား စာအုပ်များ၊ ပန်းများ၊ သစ်သီးခြင်းတောင်းများနှင့် ပြည့်နေသော သီးသန့်အခန်းကြီးတစ်ခန်းထဲသို့ ခေါ်သွားပြီး ပြောလိုက်သည်။

"မွန်တီ၊ ဒါ ကျွန်မယောက်ျား ရောဘတ်"

ရောဘတ်သည် ထိုနေရာ၌ မတ်တတ်ရပ်ရင်း အိပ်ရာပေါ်မှ ပုဂ္ဂိုလ်ကို ကြည့်နေမိသည်။

သူသည် ရောဘတ်ထက် သုံးနှစ်၊ လေးနှစ်ခန့်သာ အသက်ကြီးပြီး ရုပ်ရှင်မင်းသား ပေါလ်နယူးမင်းနှင့်လည်း ခပ်ဆင်ဆင်တူနေသည်။

ရောဘတ်က သူ့ကို မြင်မြင်ချင်း ရွံရှာမုန်းတီးသွားသည်။

"ကျုပ်က ခင်ဗျားနဲ့ တွေ့ရတာ သိပ်ကို ကျေနပ်မိပါတယ် ကွန်မန်ဒါ၊ ဆူဆန်က ခင်ဗျားအကြောင်း အကုန်အစင် ကျုပ်ကို ပြောပြထားပါတယ်"

မွန်တီက ဆက်ပြောပြန်၏။

"သူက ခင်ဗျားအတွက် သိပ်ဂုဏ်ယူနေတယ်"

ဆူဆန်က ရောဘတ်ကို ကြည့်လိုက်ရင်း 'ယဉ်ကျေးသိမ်မွေ့ပါ' ဟု သူ့ကို စိတ်နှင့် ပြောဆိုနေသည်။

ရောဘတ်က ကြိုးစားလိုက်၏။

"ခင်ဗျား ဒီဆေးရုံက မကြာခင် ဆင်းရတော့မယ်လို့ ကျုပ် နားလည်ထားတယ်"

"ဟုတ်ပါတယ်၊ ခင်ဗျားဇနီးရဲ့ ကျေးဇူးတွေ အများကြီးပါတယ်၊ သူကတော့ ... ဘယ့်ကို အံ့ဩစရာကောင်းတဲ့သူပဲ"

"ဟုတ်ပါတယ်၊ အဲဒါက သူ့ရဲ့ အထူးစပါယ်ရှယ် အရည်အချင်းပဲ ..."



www.burmeseclassic.com

www.burmeseclassic.com

ရောဘတ်သည် ငေါ်တော့တော့လေသံ မပါသွားအောင် ထိန်းမရတော့

မွေးနေ့ထမင်းစားပွဲမှာ ပတ်တုတ်၍ မရအောင် ပွဲပျက်ခဲ့ရသည်။
ဆူဆန်က သူ့လူနာအကြောင်းကိုပဲ ပြောချင်နေသည်။
"သူက ဘယ်သူနဲ့ တူတယ်လို့ ထင်သလဲ ဒါလင်"
"ခိုးဘူး"
"ရှင်က သူ့အပေါ်မှာ ဘာဖြစ်လို့ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံချင်ရတာလဲ
ရောဘတ်က အေးစက်စက် ပြောလိုက်သည်။
"ကိုယ်ကတော့ သိပ်ကို ယဉ်ကျေးဖွယ်ရာတယ်လို့ ထင်တာပဲ၊ ကိုယ် သူ့ကို ကြည့်မရဘူးလေ"
ဆူဆန်က သူ့ကို ငေးကြည့်နေသည်။
"ရှင်က သူ့အကြောင်းကိုတောင် မသိသေးပါဘူး၊ ရှင်က သူ့ကို ဘာ အတွက် မကြိုက်ရတာလဲ"
ရောဘတ်၏ စိတ်ထဲတွင် -
'သူက မင်းကို ကြည့်တဲ့ပုံစံကို ကိုယ် မကြိုက်ဘူး။ မင်းက သူ့ကို ကြည့် အမူအရာကို မကြိုက်ဘူး။ ကိုယ်တို့ရဲ့ အိမ်ထောင်ရေးကြီး ပျက်စီးစ ပြုနေ ကိုလည်း ကိုယ် မကြိုက်ဘူး။ ဘုရား . . . ဘုရား၊ ကိုယ် မင်းကို လက်လွှတ်ရ စိုးရိမ်နေမိတယ်' ဟု တွေးနေမိသည်။
"ဝမ်းနည်းပါတယ်ကွာ၊ ကိုယ် ပင်ပန်းနေတယ်လို့ ထင်တာပဲ"
သူတို့က ညစာကို တိတ်ဆိတ်စွာ လက်စသတ်ခဲ့ကြသည်။
နောက်တစ်နေ့ နံနက် ရောဘတ်က အလုပ်ခွင်သို့သွားရန် အဆင်သ ပြင်နေခိုက်တွင် ဆူဆန်က ပြောလိုက်သည်။
"ရောဘတ်၊ ရှင့်ကို ကျွန်မ ပြောစရာတစ်ခုရှိတယ်"
ထိုစကားက သူ့အရှိက်ကို လက်သီးနှင့်ထိုးလိုက်သလို ဖြစ်သွားခဲ့ရသည် ဆူဆန်က ဖြစ်ပျက်နေသည့် ကိစ္စများကို စကားလုံးများနှင့် ပြောပြမည့်ကိစ္စအ သူ နားထောင်နိုင်စွမ်း မရှိတော့ပါ။
"ဆူဆန်"
"ရှင့်ကို ကျွန်မ ချစ်တယ်ဆိုတာ ရှင် သိပါတယ်။ ကျွန်မက ရှင့်ကို အ ချစ်နေပါ့မယ်။ ရှင်ဟာ ကျွန်မအချစ်ဆုံး၊ ကျွန်မ တွေ့ခဲ့တဲ့လူတွေထဲမှာ အံ့ စရာ အကောင်းဆုံး ယောကျ်ားတစ်ယောက်ပါ"
"တော်ပါတော့ကွာ"
"ဟင့်အင်း - ကျွန်မ ဆုံးအောင် ပြောပါရစေ။ အခုကိစ္စက ကျွန်မအတွ အလွန်ခက်ခဲတဲ့ကိစ္စပါ၊ လွန်ခဲ့တဲ့နှစ်ကဆိုရင် ကျွန်မတို့နှစ်ယောက်ဟာ မိနစ်ပိုင် လောက်ပဲ အတူတကွ နေခဲ့ကြရတယ်။ ကျွန်မတို့မှာ အိမ်ထောင်သုခဆိုတ မရှိတော့ပါဘူး။ ကျွန်မတို့ဟာ ဝေးရာကို မျောပါသွားခဲ့ကြပြီ"
စကားလုံးတိုင်းက သူ့ကို ဓားနှင့်ထိုးနေသလို ဖြစ်နေသည်။
ရောဘတ်က သွေးရူးသွေးတန်း ပြောလိုက်၏။
"မင်းပြောတာ မှန်ပါတယ်၊ ကိုယ်ပြောင်းလဲပါ့မယ်၊ ကိုယ် အလုပ်က ထွ ပါ့မယ်၊ ဒီကနေ့ အခု ထွက်ပါ့မယ်၊ ကိုယ်တို့ ရပ်ဝေး တစ်နေရာကို သွားကြ





တော့ . . ."
ဆူဆန်က ခေါင်းခါလိုက်သည်။
"ဟင့်အင်း - ရောဘတ်၊ အဲဒီလိုလုပ်လို့ မဖြစ်နိုင်ဘူးဆိုတာ ကျွန်မတို့ နှစ်ယောက်စလုံး သိကြပါတယ်။ ရှင်ကလည်း ရှင်လုပ်ချင်တာကို လုပ်ကိုင် နေတယ်၊ ကျွန်မကြောင့် အဲဒါကို မလုပ်ရတော့ဘူးဆိုရင် ရှင်က ကျွန်မကို အမြဲတမ်း ပြစ်တင်နေလိမ့်မယ်။ ခုကိစ္စဟာ ဘယ်သူ့အပြစ်မှ မဟုတ်ပါဘူး၊ သူ့ အလိုလို ဖြစ်လာတာပါ။ ကျွန်မက ရှင်နဲ့ ကွာရှင်းပြတ်စဲချင်တယ်"
သူ့အပေါ်သို့ ကမ္ဘာကြီးတစ်ခုလုံး ပြိုကျလာသလိုပင်တည်း။ သူ့ဝမ်းဗိုက် ထဲမှ အန်ချင်သလိုလို ဖြစ်လာတော့သည်။
"မင်း တကယ်ပြောနေတာ မဟုတ်ပါဘူး ဆူဆန်ရယ်၊ ကိုယ်တို့ နည်းလမ်း ရှာကြရအောင်"
"သိပ်ကို နောက်ကျသွားပါပြီ၊ ကျွန်မက ဒီကိစ္စကို အကြာကြီး စဉ်းစားခဲ့ တာပါ။ ရှင် ရပ်ဝေးကို ရောက်နေတဲ့အချိန်တိုင်း အိမ်မှာ ကျွန်မ တစ်ယောက် တည်းနေပြီး ရှင်ပြန်လာမှာကို စောင့်နေရင်း ကျွန်မက အဲဒါကို စဉ်းစားနေခဲ့တာ ပါ။ ကျွန်မတို့ဟာ ကိုယ့်ဘဝနဲ့ကိုယ် တသီးတခြားစီ နေခဲ့ကြတယ်။ ကျွန်မ အဖို့ အဲဒါထက် ပိုပြီး လိုအပ်ပါတယ်။ ကျွန်မအဖို့ ရှင် ကျွန်မကို မပေးနိုင်တော့တဲ့ ပစ္စည်းကိုရဖို့ လိုအပ်နေတယ်"
သူသည် ထိုနေရာတွင် မတ်တတ်ရပ်နေရင်း သူ့စိတ်လှုပ်ရှားမှုကို ထိန်းချုပ် နိုင်အောင် ကြိုးပမ်းနေသည်။
"အခုကိစ္စဟာ ကိုငွေအိုးနဲ့ တစ်နည်းတစ်ဖုံ ဆက်စပ်မှုရှိနေသလား"
ဆူဆန် တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။
"မွန်တီက ကျွန်မကို သူနဲ့ လက်ထပ်ပါလို့ ပြောနေတယ်"
"ဒီတော့ မင်းက လက်ခံမယ်ပေါ့"
"ဟုတ်တယ်"
ခုကိစ္စမှာ အလွန် ဆိုးရွားသည့် အိပ်မက်ဆိုးကြီးတစ်ခုပင်တည်း။ သူ့မျက် လုံးထဲ၌ မျက်ရည်များ ဝိုင်းလာသည်။
ဆူဆန်က သူ့ကို တင်းတင်းကျပ်ကျပ် သိုင်းဖက်ထားလိုက်သည်။
"ရှင့်အပေါ်မှာ ထားမိတဲ့စိတ်မျိုးနဲ့ တခြား ဘယ်ယောကျ်ားကိုမှ ထားလို့ မရတော့ပါဘူး။ ရှင့်ကို ကျွန်မ စိတ်ရောကိုယ်ပါ ချစ်တာပါ။ ကျွန်မ ရှင့်ကို အမြဲတမ်း ချစ်နေမှာပါ။ ရှင်ဟာ ကျွန်မရဲ့အချစ်ဆုံး မိတ်ဆွေပါပဲ"
ဆူဆန်က ကိုယ်ချင်း ခွာလိုက်ပြီး သူ့မျက်လုံးများကို စေ့စေ့ကြည့်လိုက်ပြန် သည်။
"ဒါပေမယ့်၊ အဲဒါလောက်နဲ့တင် မလုံလောက်ပါဘူး၊ ရှင် နားလည်ရဲ့လား"
ဆူဆန်က သူ့ကို အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်အောင် ခုတ်ပိုင်းနေသည်ကို သာ ရောဘတ် နားလည်နေပါသည်။
"ကိုယ်တို့ နောက်တစ်ကြိမ် ကြိုးစားနိုင်ပါတယ်ကွာ၊ ကိုယ်တို့ အစက ပြန်စကြမယ်၊ ပြီးတော့ . . ."
"ကျွန်မ ဝမ်းနည်းပါတယ် ရောဘတ်ရယ်"
ဆူဆန်၏အသံမှာ ဆို့နင့်နေသည်။


www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ဝမ်းနည်းပါတယ်၊ ဒါပေမယ့် ဇာတ်လမ်းက နိဒ္ဒါန်းတံနေပါပြီ"

ဆူဆန်က ကွာရှင်းပြတ်စဲရေးအတွက် ရီနိုမြို့သို့ လေယာဉ်ပျံနှင့် သွားရောက်ခဲ့သည်။

ကွန်မန်ဒါ ရောဘတ်ဘယ်လာမီကတော့ ရက်သတ္တ နှစ်ပတ်ကြာအောင် မနားတမ်း အရက်မူးနေခဲ့တော့သည်။

အကျင့်ဆိုတာ ဖျောက်၍ ရနိုင်ခဲလှသည်။

ရောဘတ်သည် အက်ဖ်ဘီအိုင်မှ မိတ်ဆွေတစ်ဦးထံ ဖုန်းဆက်လိုက်သည်။ အယ်လ်ထရေနာနှင့် ရောဘတ်တို့သည် အတိတ်ကာလတွင် ခြောက်ကြိမ်ခန့် လက်တွဲခဲ့ကြရသည်။ ရောဘတ်က သူ့ကို ယုံကြည်သည်။

"ထရေနာ၊ ကိုယ့်အတွက် တစ်ခု လုပ်ပေးစေချင်တယ်"

"မင်းအတွက် လုပ်ပေးရမယ်၊ ဟုတ်လား။ မင်းအနေနဲ့ စိတ်ရောဂါကု ဆရာဝန်နဲ့ ပြဖို့ပဲလိုတယ်။ ဆူဆန်လို အမျိုးသမီးကို လွှတ်သွားအောင် မင်းမို့လို့ လုပ်ရက်တယ်ကွာ"

ထိုသတင်းသည် တစ်မြို့လုံးသို့ ပျံ့နှံ့နေပေလိမ့်မည်။

"အဲဒါက စိတ်မကောင်းစရာ ဇာတ်လမ်းရှည်ကြီးပါကွာ"

"ငါ တကယ် ဝမ်းနည်းတယ် ရောဘတ်ရာ၊ ဆူဆန်ဟာ သိပ်တော်တဲ့ အမျိုးသမီးကွ၊ ကဲ - ထားပါတော့ကွာ၊ ငါ မင်းအတွက် ဘာကူညီရမလဲ"

"မင်းက လူတစ်ယောက်ကို ကွန်ပျူတာနဲ့ စုံစမ်းမေးမြန်းပေးစမ်းပါ"

"ရပါတယ်ကွာ၊ နာမည်ကိုသာ ပြောပါ"

"မွန်တီဘင့်ခ်၊ ခုကိစ္စကတော့ သာမန် လုပ်ရိုးလုပ်စဉ် စုံစမ်းတဲ့ ကိစ္စကလေးပါ"

"ဟုတ်ပါပြီ၊ မင်းက ဘာကို သိချင်တာလဲ"

"သူက မင်းတို့ရဲ့ ဖိုင်တွဲတွေထဲမှာ ရှိချင်မှတောင် ရှိမယ်၊ ဒါပေမယ့် ရှိခဲ့တယ်ဆိုရင် သူဟာ လမ်းစည်းကမ်းနဲ့ ပတ်သက်ပြီး အဖမ်းခံရဖူးသလား၊ ခွေးတွေကြောင်တွေကို နှိပ်စက်ဖူးသလား၊ မီးနီကို ဖြတ်မောင်းပြေးဖူးသလား၊ ထုံးစံအတိုင်းပေါ့ကွာ"

"ရပါတယ်"

"ပြီးတော့လည်း သူ ဘယ်လိုနည်းနဲ့ ချမ်းသာလာသလဲဆိုတာ သိချင်တယ်၊ သူ့နောက်ကြောင်းရာဇဝင်ကို သိချင်တယ်"

"ဒီတော့ ထုံးစံအတိုင်းပဲပေါ့၊ ဟုတ်လား"

"ပြီးတော့လည်း ထရေနာရေ ဒီကိစ္စဟာ မင်းနဲ့ ကိုယ်တို့ကြားမှာပဲ ထားပါနော်၊ ကိုယ်ရေးကိုယ်တာကိစ္စပါ၊ ဟုတ်ပြီနော်"

"ပြဿနာ မရှိပါဘူးကွာ၊ မနက်ကျရင် မင်းကို ပြန်ဆက်လိုက်မယ်"

"ကျေးဇူးတင်ပါတယ်၊ ငါ မင်းကို နေ့လယ်စာ ကျွေးပါ့မယ်"

"ညစာကွ"

"ရပါတယ်ကွာ"

ရောဘတ်က တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်၏။

'ငါက ဘာကို မျှော်လင့်နေလို့လဲ၊ သူက လူသတ်သမားကြီး ဖြစ်နေပြီး ဆူဆန်က ငါ့ရင်ခွင်ထဲကို ပြေးဝင်လာမယ်လို့ ထင်လို့လား'

ဟု တွေးလိုက်မိပြန်၏။

နောက်တစ်နေ့ နံနက်စောစောတွင် ဒုတိယဗိုလ်မှူး/ဒပ်စတင်သွန်တန်က ရောဘတ်ကို ခေါ်ခိုင်းလိုက်သည်။

"ခင်ဗျားက အခု ဘာကိစ္စကို ကိုင်တွယ်နေသလဲ ကွန်မန်ဒါ"

'ငါ ဘာကိစ္စကို ကိုင်တွယ်နေသလဲ ဆိုတာ သူ ကောင်းကောင်းကြီး သိတာပဲ' ဟု ရောဘတ်က တွေးလိုက်၏။

"ကျွန်တော်က စင်ကာပူက သံတမန်တစ်ယောက်နဲ့ ပတ်သက်ပြီး အပြီးသတ်အစီရင်ခံစာကို ပြုစုနေပါတယ်၊ ပြီးတော့လည်း . . ."

"အဲဒီကိစ္စက ခင်ဗျားအတွက် အချိန်ပြည့် နေရာမပေးနိုင်ဘူးနဲ့ တူတယ်"

"ကျွန်တော် နားမရှင်းဘူး ခင်ဗျ"

"ဒီမှာ ခင်ဗျား မေ့လျော့နေမယ်ဆိုရင်၊ ရေတပ်မတော်ထောက်လှမ်းရေးဟာ အမေရိကန်နိုင်ငံသားတွေအပေါ်မှာ စုံစမ်းထောက်လှမ်းနိုင်ခွင့် မရှိဘူး ကွန်မန်ဒါ"

ရောဘတ်က သူ့ကို ပြန်ကြည့်ရင်း ဦးနှောက်ခြောက်နေသည်။

"ခင်ဗျားက ဘာတွေ ပြော . . ."

"ခင်ဗျားဟာ ဒီ ထောက်လှမ်းရေးအဖွဲ့အစည်း အနေနဲ့ ဘယ်လိုမှ ဆောင်ရွက်နိုင်ခွင့် မရှိတဲ့ ကိစ္စအတွက် အချက်အလက်တွေကို ရရှိအောင် ကြိုးပမ်းနေတယ်လို့ အက်ဖ်ဘီအိုင်က ကျုပ်ကို အကြောင်းကြားထားတယ်"

ရောဘတ်က စိတ်ထဲ၌ ထောင်းခနဲ ဒေါသထွက်သွားသည်။

ဟို ခွေးမသား ထရေနာက သူ့ကို သစ္စာဖောက်ခဲ့လေပြီ။ မိတ်ဆွေအဖြစ်မှ ဆုံးခဲ့ပြီပေါ့။ အဲဒါက ကိုယ်ရေးကိုယ်တာကိစ္စပါဟု ပြောခဲ့သားပဲ။

ရောဘတ်က ပြန်ပြောလိုက်သည်။

"ကျွန်တော် . . ."

ဆက်ပြောခွင့် မရပါ။

"အက်ဖ်ဘီအိုင်မှာရှိတဲ့ ကွန်ပျူတာတွေဟာ ခင်ဗျားရဲ့ အဆင်ပြေစေမှုအတွက် အဲဒီမှာ ထားတာ မဟုတ်ဘူး။ ပြီးတော့လည်း အရပ်သားတွေကို နှောင့်အယှက်ပေးဖို့အတွက် ထားတာလည်း မဟုတ်ဘူး။ ကျုပ် ပြောတာ ရှင်းရဲ့လား"

"သိပ်ကို ရှင်းပါတယ်"

"ဒါပါပဲ"

ရောဘတ်သည် သူ့ရုံးခန်းကို အပြေးအလွှား ပြန်လာခဲ့သည်။

သူက တယ်လီဖုန်းနံပါတ် ၂၀၂ ၃၂၄၊ ၃၀၀၀ ကို လှည့်နေစဉ် သူ့လက်ချောင်းများသည် တုန်တုန်ယင်ယင် ဖြစ်နေကြသည်။

အသံတစ်သံက အဖြေပေးလိုက်၏။

"အက်ဖ်ဘီအိုင်ပါ"

"အယ်လ်ထရေနာနဲ့ ပြောပါရစေ"

"ကျေးဇူးပြုပြီး ခဏစောင့်ပါ"




www.burmeseclassic.com

www.burmeseclassic.com

တစ်မိနစ် ကြာသောအခါ အမျိုးသားတစ်ယောက်၏အသံ ပေါ်ထွက်လ သည်။

"ဟယ်လို၊ ကျုပ် ခင်ဗျားကို ကူညီနိုင်ပါသလား"

"ဟုတ်ကဲ့၊ ကျွန်တော် အယ်လ်ထရေနာနဲ့ စကားပြောချင်ပါတယ်"

"ကျုပ် ဝမ်းနည်းပါတယ်၊ အေးဂျင့် ထရေနာဟာ ဒီရုံးမှာ မရှိတော့ပါဘူ

ရောဘတ် တစ်ကိုယ်လုံး တုန်လှုပ် ချောက်ချားသွားသည်။

"ဘာပြောတယ်"

"အေးဂျင့် ထရေနာကို နယ်ပြောင်းပစ်လိုက်ပါပြီ"

"နယ်ပြောင်းပစ်လိုက်တယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်ကိုလဲ"

"ဘွိုက်ဇေးမြို့ကိုပါ၊ ဒါပေမယ့် သူ အဲဒီကို တော်တော်နဲ့ ရောက် မဟုတ်သေးဘူး၊ အဲဒီကိုရောက်ဖို့ တော်တော်ကြီးကို ကြာလိမ့်မယ်နဲ့ တူတ

"ခင်ဗျားက ဘယ်လို ဆိုလိုတာလဲ"

"သူ မနေ့ညတုန်းက ရော့ခ်ကရိခ်ပန်းခြံထဲမှာ ခပ်ဖြည်းဖြည်း အပြေး ကျင့်နေရင်း အရှိန်မောင်းလာတဲ့ ကားတစ်စီးက ဝင်တိုက်ပြီး ထွက်ပြေးသွ တယ်ဗျာ၊ ခင်ဗျား အနေနဲ့ ယုံနိုင်စရာ ရှိရဲ့လားဗျာ၊ တစ်ယောက်ယောက် အရက်သောက်ပြီး ပေါက်သွားတယ်နဲ့ တူတာပဲ။ အဲဒီလူက သူ့ကို အပြေးလေ့ နေတဲ့ လမ်းပေါ်အထိ တက်တိုက်သွားတာဗျ၊ ထရေနာရဲ့ ခန္ဓာကိုယ်ဟာ လေးဆယ်ကျော်တဲ့နေရာအထိ လွင့်စဉ်သွားတယ်။ သူ့အသက်ရှင်ချင်မှ မှာပါဗျာ"

ရောဘတ်က စကားပြောခွက်ကို ပြန်ချလိုက်၏။

သူ့ခေါင်းထဲတွင် ချာချာလည်နေသည်။ ဘာတွေ ဖြစ်နေတာလဲ၊ မျက် ပြာပြာနှင့် အမေရိကန်သား မွန်တီဘင့်ခ်ကို အကာအကွယ်ပေးထားသ ဘာကိစ္စအတွက်လဲ။ ဘယ်သူက ပေးခိုင်းထားတာလဲ။

'ဘုရား . . . ဘုရား၊ ဆူဆန် ဘယ်လိုလူမျိုးနဲ့ ဆက်ဆံနေတာလဲ' သူ တွေးလိုက်မိသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် ရောဘတ်သည် ဆူဆန်နှင့် သွားရောက် တွေ့ လေသည်။

ဆူဆန်သည် 'အမ်'လမ်းပေါ်၌ရှိသော အလွန်လှပသည့် နှစ်ဦးတွဲ တိုက် လေးမှ သူ့အိမ်ခန်း အသစ်ကလေးတွင် နေထိုင်လျက် ရှိလေသည်။ ကိုငွေ ထို အိမ်ခန်းအတွက် ငွေချေပေးထားလေရော့သလားဟု သူ တွေးလိုက်မိ သည်။ သူ ဆူဆန်နှင့် မတွေ့ရသည်မှာ ရက်သတ္တပေါင်းများစွာ ကြာခဲ့လေ

ယခု ဆူဆန်ကို တွေ့လိုက်ရသည်တွင် သူ အသက်ရှူ မှားသွားသ

"မင်းဆီကို ခုလို ပြုန်းခနဲ ဒိုင်းခနဲ ရောက်လာတဲ့အတွက် ခွင့်လွှ ဆူဆန်။ ကိုယ် အဲဒီလို မလုပ်ပါဘူးလို့ ကတိပေးထားတယ်ဆိုတာ ကိုယ်သိပါတ

"ရှင်ပြောတော့ အရေးကြီးတဲ့ ကိစ္စတစ်ခုဆို"

"ဟုတ်ပါတယ်"





ယခု သူ ထိုနေရာသို့ ရောက်နေပြီဖြစ်သောကြောင့် ဘယ်ကစ၍ ပြောဆို ရမည်ကို မသိအောင် ဖြစ်နေမိသည်။

'ဆူဆန်၊ မင်းကို ကိုယ် ကယ်ဆယ်ရအောင် လာခဲ့တာပဲ' လို့ ပြောခဲ့လျှင် ဆူဆန်က သူ့ကို ဟားတိုက်ပြီး လွှတ်လိုက်ပါလိမ့်မည်။

"ဘာဖြစ်လို့လဲ"

"အဲဒါက မွန်တီနဲ့ ပတ်သက်နေတယ်"

ဆူဆန် မျက်မှောင်ကုတ်လိုက်၏။

"သူက ဘာဖြစ်လို့လဲ"

ခုကိစ္စမှာ ခက်ခဲသောအပိုင်းကဏ္ဍသို့ ရောက်ရှိလာလေပြီ။ သူကိုယ်တိုင် တပင် မသိသည့်ကိစ္စကို သူ မည်သို့ မည်ပုံ ပြောပြပါမည်နည်း။

မွန်တီဘင့်ခ်သည် သက်ဆိုင်ရာမှ ခွင့်ပြုချက် မရှိဘဲ သက်ဆိုင်သည့် အချက်အလက်များကို ထုတ်ပေးခွင့် မရှိ

ဆိုသော ခေါင်းစီးစာတန်းကလေးနှင့် အက်ဖ်ဘီအိုင် ကွန်ပျူတာထဲ၌ ရှိနေသည်မှာ သေချာနေလေပြီ။ ပြီးတော့လည်း သူ၏ စုံစမ်းမေးမြန်းမှုသည် ရေတပ်မတော်ထောက်လှမ်းရေးဌာနသို့ ဒိုင်းခနဲ ပြန်ဆောင့်လာခဲ့သည်။ ဘာဖြစ် လို့လဲ။

"သူဟာ သူ့ကို ထင်ရတာနဲ့ တလွဲစီ ဖြစ်နေတယ်"

"ကျွန်မတော့ နားမလည်တော့ဘူး"

"ဆူဆန်၊ သူ ဘယ်နည်းနဲ့ ချမ်းသာနေတာလဲ"

ထိုမေးခွန်းကြောင့် ဆူဆန် အံ့အားသင့်သွားပုံရသည်။

"မွန်တီ့ဆီမှာ အင်မတန် အောင်မြင်နေတဲ့ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှိ တယ်"

ထိုမျက်နှာဖုံးမှာ ကမ္ဘာပေါ်တွင် လူသုံး အများဆုံး အသွင်ပြောင်းပုံစံပင် ဖြစ်သည်။

ရောဘတ်သည် ယခုလို မပြည့်မစုံ သိရှိထားသော အချက်အလက်ကလေး များနှင့် လာရောက်ဖို့ မသင့်ကြောင်း သိသင့်ပါသည်။ သူသည် အရူးတစ်ယောက် လို ခံစားနေရသည်။ ဆူဆန်က သူ့ထံမှ အဖြေကို စောင့်နေသည်။ သူ အဖြေ ပေးရန် မရှိပါ။

"ရှင်က ဘာဖြစ်လို့ မေးတာလဲ"

"ကိုယ်က သူဟာ မင်းနဲ့ သင့်တော်တဲ့လူဖြစ်အောင် သေချာစေချင်လို့ပါ"

ရောဘတ်က လျှောချလိုက်၏။

"ဩော် . . . ရောဘတ်ရယ်"

ဆူဆန့်လေသံတွင် စိတ်ပျက်သံများ ပါဝင်နေသည်။

"အေးလေ၊ ကိုယ် မလာသင့်ဘူးလို့ ထင်ပါတယ်၊ ကိုယ် ဝမ်းနည်းပါတယ်"

ဆူဆန်က သူ့ဆီသို့ လျှောက်လာပြီး သူ့ကို ဖက်လိုက်သည်။

"ကျွန်မ နားလည်ပါတယ်"

ဆူဆန်က ညင်သာစွာ ပြောလိုက်သည်။

သို့ရာတွင် ဆူဆန် နားမလည်ခဲ့ပါ။

မွန်တီဘင့်ခ်နှင့် ပတ်သက်၍ ရိုးသားဖြူစင်သော မေးမြန်းချက်ကို ကွန်-



www.burmeseclassic.com

www.burmeseclassic.com

တာက အာဘယ်ကြောင့် ငြင်းပယ်ခဲ့ကြောင်း၊ ထိုကိစ္စကို ရေတပ်မတော် ထောက်လှမ်းရေးသို့ အာဘယ်ကြောင့် ပြန်လာခဲ့ကြောင်း၊ ထိုသတင်းအချက်အလက်များကို ရရှိအောင် ကြိုးပမ်းခဲ့သူအား အာဘယ်ကြောင့် မဲဇာသို့ ပြောင်းရွှေ့ပစ်ရလေသနည်း ဆိုသော ကိစ္စများကို ဆူဆန် နားမလည်ခဲ့ပါ။

သတင်းအချက်အလက်များကို ရနိုင်သည့် အခြား နည်းလမ်းများလည်း ရှိနေပါသည်။ ရောဘတ်က သတင်းအချက်အလက်များကို ကွေ့ဝိုက်လှည့်ပတ်၍ စုဆောင်းတော့သည်။ သူက ဖောဘက်စ်မဂ္ဂဇင်းအတွက် အလုပ်လုပ်နေသူတစ်ယောက်ထံ တယ်လီဖုန်းဆက်လိုက်သည်။

“ရောဘတ်၊ မင်းနဲ့ မတွေ့ရတာ ကြာသွားပြီ၊ မင်းအတွက် ငါ ဘာလုပ်ပေးရမလဲ”

ရောဘတ်က ပြောပြလိုက်လေ၏။

“မွန်တီဘင့်ခ်၊ ဟုတ်လား။ မင်းက သူ့အကြောင်းပြောတယ်ဆိုတာ စိတ်ဝင်စားစရာပဲ၊ ကိုယ်တို့က သူဟာ ဖောဘက်စ်မဂ္ဂဇင်းက ဖော်ပြမယ့် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်တစ်ရာ စာရင်းထဲမှာ ပါသင့်တယ်လို့ ယူဆတယ်။ ဒါပေမယ့် သူနဲ့ပတ်သက်တဲ့ ခိုင်မာတဲ့ အချက်အလက်တွေကို ရှာလို့ မရဘူး။ မင်းဆီမှာကော ကိုယ်တို့အတွက် ပေးနိုင်တဲ့ အချက်အလက်တွေ ရှိသလား”

သူညပါပဲလား။

ရောဘတ်သည် ပြည်သူ့စာကြည့်တိုက်သို့ သွားရောက်ပြီး ထင်ရှားသော ပုဂ္ဂိုလ်များစာအုပ်တွင် မွန်တီဘင့်ခ်အကြောင်း ရှာကြည့်ပြန်သည်။ သူ့ကို ထည့်သွင်းဖော်ပြမထားပါ။

သူက မွန်တီဘင့်ခ် လေယာဉ်ပျံပျက်ကျသည်ဆိုသော အချိန်လောက်က ဝါရှင်တန်ပို့စ်သတင်းစာ၏ မိုက်ကရိုဖလင်များကို စစ်ဆေးကြည့်ရှုခဲ့သည်။ လေယာဉ်ပျံပျက်မှုနှင့် ပတ်သက်သော သတင်းပုဒ်တိုလေးတစ်ပုဒ်သာ ပါရှိလာသည်။ ထိုသတင်းထဲတွင် ဘင့်ခ်ကို စီးပွားရေးလုပ်ငန်းရှင် ဟုသာ ဖော်ပြထားသည်။ ထိုအချက်အလက် အားလုံးက မွန်တီဘင့်ခ်တွင် အပြစ် ဟူ၍ မြူတစ်မှုန်ပင် မရှိပုံရသည်။

'အေးလေ၊ ကိုယ်မှားချင်လည်း မှားမယ်' ဟု ရောဘတ်က တွေးလိုက်မိသည်။

'မွန်တီဘင့်ခ်ဟာ အခွင့်အရေးရသူတစ်ယောက် ဖြစ်နေတယ်။ တကယ်လို့ သူဟာ သူလျှိုတစ်ယောက်၊ ရာဇဝတ်ကောင်တစ်ယောက်၊ မူးယစ်ဆေးဝါးရောင်းဝယ်နေသူတစ်ယောက် ဟုတ်ခဲ့ရင် ငါတို့အစိုးရက သူ့ကို အကာအကွယ်ပေးထားမှာ မဟုတ်ဘူး။ အမှန်တရားကတော့ ငါက ဆူဆန့်ကို လက်ဝယ်ပိုင်ပိုင် ပြန်ရနိုင်အောင် ကြိုးစားနေတုန်းပါပဲလား' ဟု တွေးလိုက်မိပြန်၏။

လူပျိုဘဝသို့ နောက်တစ်ကြိမ် ပြန်ရောက်ရခြင်းသည် အထီးကျန်နိုင်မှု၊ အနှစ်သာရ ကင်းမဲ့မှု၊ ပြီးတော့ အလုပ်များပြီး အိပ်မပျော်သော နေ့ရက်များသာ ဖြစ်ခဲ့ရလေသည်။ ဖြုန်းခနဲ ဆိုသလို စိတ်ဓာတ်ပျက်ပြားမှု ဖြစ်ပေါ်လာပြီး





သူ ငိုချင်မိတော့သည်။ သူသည် သူ့အတွက်၊ ဆူဆန့်အတွက်နှင့် သူလက်လွှတ်ဆုံးရှုံးခဲ့ရမှု မှန်သမျှအတွက် ငိုခဲ့ခြင်း ဖြစ်သည်။

ဆူဆန် ရှိနေခဲ့မှုက နေရာတကာတွင် ကျန်ရှိနေသည်။ အိမ်ခန်း တစ်ခုလုံးတွင် ဆူဆန့်ကို သတိရစရာပစ္စည်းများ တင်းကျမ်းပြည့် ရှိနေကြသည်။ အားလုံးကို အကုန်အစင် မှတ်မိနေမှုက သူ့ကို ကျိန်စာတိုက်နေခဲ့သည်။

အခန်းတိုင်းက ဆူဆန်၏အသံ၊ ဆူဆန်၏ရယ်မောမှု၊ ဆူဆန်၏နွေးထွေးမှုတို့ကို သတိရစေပြီး ထို သတိရမှုများက သူ့ကို ညှဉ်းဆဲနေကြသည်။

သူ့မိတ်ဆွေများက သူ့ကို စိတ်ပူလာကြသည်။

“မင်း တစ်ယောက်တည်း မနေသင့်ဘူး ရောဘတ်”

နောက်ဆုံးတွင် သူတို့က -

“မင်းအတွက် အမျိုးသမီးတစ်ယောက် ရှာထားတယ်” ဟု ပြောဆိုလာကြသည်။

ထိုအမျိုးသမီးများသည် အရုပ်ရှည်သူ၊ ချောမောလှပသူ၊ သေးကွေးသူ၊ ဆပ်မက်စရာ ကောင်းသူများ ဖြစ်ကြသည်။ သူတို့သည် စံပြအလှမယ်များ၊ အတွင်းရေးမှူးများ၊ ကြော်ငြာဌာနမှ အရာရှိအမျိုးသမီးများ၊ တစ်လင်ကွာများနှင့် ရှေ့နေမများ ဖြစ်ကြသည်။

သို့ရာတွင် သူတို့သည် မည်သူမျှ ဆူဆန်နှင့် မတူကြပါ။ ရောဘတ်သည်လည်း သူတို့နှင့် မည်သည့် ကိစ္စတွင်မျှ အကြိုက်တူမှု မရှိကြပါ။ သူ့အနေနှင့် စိတ်ဝင်စားမှု မရှိသော လူစိမ်းများနှင့် စကားစမြည်ပြောဖို့ ကြိုးစားနေခြင်းက သူ့အတွက် ပို၍ အထီးကျန်နိုင်မှုကို ပေါ်လွင်လာစေခဲ့သည်။

ရောဘတ်သည် မည်သည့်အမျိုးသမီးနှင့်မျှ ချစ်တင်းနှီးနှောလိုစိတ် မရှိပါ။ သူက တစ်ယောက်တည်း နေချင်မိသည်။ သူက ဖလင်ကို နောက်ပြန်ရစ်ပြီး အစမှ ပြန်စချင်သည်။ ဇာတ်ညွှန်းကို အစက ပြန်ရေးချင်သည်။

နောင်တ ရသည့်အနေနှင့် သူ့အမှားများကို လွယ်လွယ်ကူကူ ပြန်မြင်နေရသည်။ အက်ဒ်မိုင်ရယ်ဝှစ်တိတ်ကာနှင့် မည်သို့မည်ပုံ ဆက်ဆံသင့်ခဲ့သည် ဆိုသော အကွက်ကို ပြန်မြင်လာရသည်။

'စီအိုင်အေထဲမှာ မြေခွေးဆိုတဲ့ လူတစ်ယောက် ဝင်ရောက်ထိုးဖောက်နေတယ်၊ ဒုတိယ ညွှန်ကြားရေးမှူးက အဲဒီလူကို လိုက်လံစုံစမ်းဖို့အတွက် မင်းကို ဘောင်းနေတယ်'

'မဖြစ်ပါဘူး အက်ဒ်မိုင်ရယ်၊ ဝမ်းနည်းပါတယ်၊ ကျွန်တော်က ကျွန်တော့်ဇနီးနဲ့ ဒုတိယ ဟွားရည်ဆမ်းခရီး ထွက်ကြမလို့ပါ'

သူက သူ့ဘဝဇာတ်လမ်းကို ပျော်ရွှင်မှုနှင့် အဆုံးသတ်နိုင်အောင် ပြင်ဆင်စည်းဖြတ်ပစ်လိုက်သည်။ သိပ်နောက်ကျသွားခဲ့ပါပြီ။ ဘဝမှာ ဒုတိယအကြိမ် အခွင့်အရေး ဆိုတာမျိုး မရှိပါ။ သူ တစ်ယောက်တည်း တစ်ကိုယ်တည်း ဖြစ်နေသည်။

သူ့ကိုယ်တိုင် ဈေးဝယ်ထွက်သည်။ သူစားဖို့ သူ့ကိုယ်တိုင် ချက်ပြုတ်သည်။ သူ နေအိမ်၌ ရှိသည့်အခါတွင် ရပ်ကွက်အတွင်း၌ရှိသော ပင်မင်းဒိုင်သို့ သူ့ကိုယ်တိုင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကာလသည် ရောဘတ်၏ဘဝတွင် အထီးကျန်ဆန်လွန်းလှပြီး အလွန် စိတ်မချမ်းသာဖွယ်ကောင်းသည့်ဘဝ ဖြစ်သည်။

သို့ရာတွင် အဆိုးရွားဆုံးနှင့် ကြုံတွေ့ရဖို့ ကျန်နေပါသေးသည်။

ဝါရှင်တန်တွင် သူနှင့် တွေ့ဆုံခဲ့ဖူးသော အမျိုးသမီးတစ်ဦး ဒိုင်းထုတ်လှပသည့် အမျိုးသမီးတစ်ယောက်က သူထံ မကြာခဏ တယ်လီဖုန်းဆက်ပြီး ညစာစားရန် ဖိတ်ခေါ် လေ့ရှိသည်။ ရောဘတ်က တွန့်ဆုတ်ဆုတ် ဖြစ်နေခဲ့သော်လည်း နောက်ဆုံးတွင် လက်ခံလိုက်သည်။ ထိုအမျိုးသမီးက သူတို့နှစ်ယောက်အတွက် ဖယောင်းတိုင်မီးနှင့် စားရသည့် အလွန် ဇာရသာရှိသော ညစာချက်ပြုတ်တည်ခင်း ကျွေးမွေးသည်။

သို့ရာတွင် နောက်ပိုင်း ကိစ္စရပ်များမှာ လုံးဝ ပျက်ပြားသွားခဲ့သည်။ ရောဘတ်သည် ထိုအမျိုးသမီးကို ဆူဆန်နေရာတွင် အစားထိုး၍ မရဘဲ ရှိနေသည်။ ရောဘတ်၏ကိုယ်ခန္ဓာကပင် ငြင်းဆန်နေသောကြောင့် ရောဘတ်သည် နောက်ဆုံးတွင် လက်လျှော့လိုက်ရတော့သည်။

နောက်ထပ် ရက်သတ္တပတ် အနည်းငယ် ကြာမြင့်သောအခါ ရောဘတ်သည် ရေတပ်မတော်ယောက်လုမ်းရေးရုံးမှ အတွင်းရေးမှူးမကလေး တစ်ဦးနှင့် ချစ်တင်းနှီးနှောရန် ကြိုးပမ်းခဲ့သော်လည်း ကာယကံမြောက် အထမမြောက်ခဲ့ပါ။

သူ့အနေနှင့် ဆူဆန့်ကိုသာ တောင့်တနေသည်။ ထို့နောက်ပိုင်းတွင် သူသည် အခြား အမျိုးသမီးများနှင့် အချစ်စခန်းဖွင့်ရေးကို လက်လျှော့လိုက်သည်။ သူက ဆရာဝန်တစ်ယောက်နှင့် တိုင်ပင်ဦးမည်ဟု စိတ်ကူးမိသော်လည်း သူ့အနေနှင့် အလွန်အမင်း ရှက်နေမိသည်။ သူသည် ထိုပြဿနာ၏အဖြေကို သိပါ၏။ သို့ရာတွင် ဖြေရှင်းနိုင်မည့် နည်းလမ်းကား မရှိပါ။ သူက သူ၏ခွန်အားမှန်သမျှကို လုပ်ငန်းထဲမှာပင် အာရုံစိုက်၍ မြှုပ်နှံထားလိုက်တော့သည်။

ဆူဆန်က သူ့ထံသို့ တစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ် တယ်လီဖုန်းဆက်သည်။

"ပင်မင်းဆိုင်က ရှင့်ရှပ်အင်္ကျီတွေကို သွားယူဖို့ မမေ့နဲ့နော်"

ဒါမှ မဟုတ် -

"ရှင့်အိမ်ခန်းကိုရှင်းလင်းပေးဖို့ ကျွန်မဆီက အိမ်ဖော်တစ်ယောက် လွှတ်ပေးလိုက်မယ်၊ ကြွက်သိုက်ဖြစ်နေမှာ သေချာတယ်လို့ ကျွန်မ လောင်းရဲတယ်"

စသည်ဖြင့် ပြောတတ်ဆိုတတ်သည်။

ထိုသို့ တယ်လီဖုန်းဆက်တိုင်း သူ၏အထီးကျန်မှုကို ပို၍ သည်းမခံနိုင်ဖွယ် ဖြစ်ခဲ့ရသည်။

ဆူဆန်သည် လက်မထပ်မီ တစ်ည အလိုတွင် သူ့ထံသို့ တယ်လီဖုန်းဆက်ခဲ့သည်။

"ရောဘတ်၊ ကျွန်မ မနက်ဖြန်ခါ လက်ထပ်တော့မယ်ဆိုတာ ရှင့်ကို အသိပေးချင်လို့"

သူ့အနေနှင့် အသက်ရှူဖို့ ခက်လှသည်။ ပါးစပ်မှ အသက်ရှူနေရတော့သည်။

"ဆူဆန်"

"ကျွန်မ မွန်တီကို ချစ်တယ်၊ ဒါပေမယ့် ကျွန်မက ရှင့်ကိုလည်း ချစ်ပါတယ်။





ရှင့်ကို ကျွန်မ သေတဲ့နေ့အထိ ချစ်နေမှာပါ။ အဲဒါကိုတော့ ရှင် ဘယ်တော့မှ မေ့မသွားစေချင်ဘူး"

အဲဒါနဲ့ ပတ်သက်ပြီး ဘာများ ပြောဖို့ ရှိပါသေးသလဲ။

"ရောဘတ်၊ ရှင် နေကောင်းရဲ့လား"

'ကောင်းပါတယ်၊ သိပ်ကို နေကောင်းပါတယ်၊ ကိုယ်က လူစဉ်မမီ ဖြစ်နေတာက လွဲရင်ပေါ့လေ' ဟု သူ့စိတ်ထဲက တွေးလိုက်သည်။

"ရောဘတ်"

သူက ဆူဆန့်ကို ပြဿနာကပေါ်းနှင့် ဒုက္ခ မပေးရက်တော့ပါ။

"ကိုယ် နေကောင်းပါတယ်၊ ကိုယ့်အတွက် တစ်ခုပဲ ကျေးဇူးပြုပေးပါလားကွာ"

"ကျွန်မ တတ်နိုင်တာ အားလုံး လုပ်ပေးပါ့မယ်"

"ကိုယ်တို့နှစ်ယောက် သွားခဲ့တဲ့နေရာတွေဆီကို သူက မင်းကို ပျားရည်ဆမ်းခရီးထွက်ဖို့ ခေါ်မသွားပါစေနဲ့ကွာ"

သူက တယ်လီဖုန်းကို ပြန်ချလိုက်ပြီး အပြင်သို့ထွက်၍ နောက်တစ်ကြိမ် အမူးကြီး မူးပြန်လေတော့သည်။

ကိစ္စမှာ လွန်ခဲ့သော တစ်နှစ်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အတိတ်ကာလ ဖြစ်နေလေပြီ။ ယခု ဆူဆန်သည် အခြားသူ တစ်ယောက်၏ ပိုင်ဆိုင်မှုကို ခံယူနေရသည် ဆိုသော အမှန်တရားကို သူ အတင်းအဓမ္မ လေ့လာ သိရှိခဲ့ရလေပြီ။ သူသည် ယခု ပစ္စုပ္ပန်ကာလ၌သာ အသက်ရှင်ရတော့မည်။ သူ့တွင် လုပ်စရာ အလုပ်တွေ ရှိသည်။

သူသည် ယခု လက်စလီမားသားရှက်နှင့် ပြောဖို့ဆိုဖို့ အချိန်သို့ ရောက်ရှိလာလေပြီတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၀

လက်စလီမားသားရှက်သည် အကြီးအကျယ် စိတ်ကြည်နူးနေသည်။ သူ
သည် အလွန် အဖိုးတန်လှသော ဖလင်လိပ်ကို လက်ကကိုင်ရင်း လန်ဒန်သို့
ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ဓာတ်ပုံမှောင်ခန်းအဖြစ် ပြုပြင်ပြောင်းလဲ
ထားသော မီးဖိုချောင်သုံး စတိုခန်းကလေး သို့ ဝင်လာခဲ့သည်။

သူက ဓာတ်ပုံခန်းတွင် လိုအပ်သော ပစ္စည်းများ ဖြစ်ကြသည့် ဖလင်ဆေး
သော ပလတ်စတစ်ခွက်၊ ပြဒါးတိုင်၊ အဝတ်လျှော်ရာတွင် သုံးစွဲသော ကလစ်များ
ဓာတ်ခွဲခန်းသုံး ကြီးမားသော ဖန်ခွက်ကြီးလေးလုံး၊ အချိန်မှတ်ကိရိယာ၊ ပုံဖော်
ဆေး၊ ချုပ်ဆေး စသည်တို့ အဆင်သင့် ရှိနေမှု ရှိ၊ မရှိ စစ်ဆေးလိုက်သည်။

သူက မီးမှိတ်လိုက်ပြီး ခေါင်းပေါ်မှ မီးလုံးနီနီကလေးကို ဖွင့်လိုက်သည်။
သူသည် ဖလင်ဘူးထဲမှ ဖလင်လိပ်ကို ထုတ်ယူလိုက်စဉ် သူ့လက်များသည်
တဆတ်ဆတ်တုန်နေကြသည်။ သူက အသက်ဝဝ ရှူသွင်းပြီး သူ့ကိုယ်သူ ချ
တည်းလိုက်သည်။

'အခုတစ်ကြိမ်မှာ ဘာမှ ချွတ်ယွင်းမှု မရှိစေရ။ ဘာဆိုဘာမှ ချွတ်ယွင်းမှု
မရှိစေရ။ မေမေရေ - ဒါ မေမေ့အတွက် လုပ်နေတာပါ' ဟု သူတွေးလိုက်သည်။

သူက ဖလင်ကို ဂရုတစိုက်နှင့် လိပ်ပြီးနောက် ပုံဖော်ဆေး အသစ်များ
ထည့်ထားသည့် ပလတ်စတစ်ခွက်ထဲသို့ ထည့်လိုက်သည်။ အပူချိန် အနေနှင့်
(၆၈) ဒီဂရီဖာရင်ဟိုက်တွင် အမြဲ ရှိနေရမည် ဖြစ်သလို အချိန်မှန်မှန် လှုပ်ပေးနေ
ဖို့လည်း လိုအပ်ပါသည်။

ဆယ့်တစ်မိနစ် ကြာသောအခါ သူက ပုံဖော်ဆေးများကို သွန်ပစ်လိုက်ပြီး
နောက် ဓာတ်ပုံချုပ်ဆေးကို ဖလင်လိပ်ပေါ်သို့ လောင်းချလိုက်သည်။

သူသည် အမှားတစ်ခုခုကို လုပ်မိမည် စိုးရိမ်သောကြောင့် ကတုန်ကယင်
ဖြစ်လာပြန်သည်။ သူက ဖလင်ကို ပထမတစ်ကြိမ် ဆေးကြောရန် ဖလင်ချုပ်
ဆေးကို ပြန်သွန်ပစ်လိုက်ပြီးနောက် ဖလင်ကို ရေအပြည့် ထည့်ထားသော
ခွက်ထဲတွင် ဆယ်မိနစ်ကြာအောင် စိမ်ထားလိုက်သည်။ ထို့နောက် ဟိုက်ပို
သန့်စင်သည့်ဆေးထဲတွင် ထည့်၍ နှစ်မိနစ်ကြာအောင် အဆက်မပြတ် လှုပ်ပေး
နေရသည်။ ထို့နောက် ရေထဲတွင် ဆယ့်နှစ်မိနစ်ကြာအောင် ထားရပြန်၏။
ထို့နောက် ဖလင်ပေါ်တွင် အစင်းကြောင်းများ၊ ချွတ်ယွင်းချက်များ ဖြစ်ပေါ်
မနေစေရန် ဖိုတိုဖလိုဆေးရည်ထဲတွင် စက္ကန့်သုံးဆယ် နှစ်ထားရပြန်သည်။





နောက်ဆုံးတွင် သူက အထူး သတိထား၍ ထုတ်ယူလိုက်ပြီးနောက်
ရေခြောက်သွားအောင် အဝတ်လှန်းရာတွင် သုံးစွဲသောချိတ်နှင့် တွဲလောင်း
ဆွဲထားလိုက်သည်။ သူက နဂ္ဂတစ်များပေါ်တွင် ရေခြောက်သွားအောင် စိတ်
မရှည်စွာ စောင့်ဆိုင်းနေသည်။

ယခုအချိန်မှာ နဂ္ဂတစ်များကို စစ်ဆေးရမည့် အချိန်ပေတည်း။ သူက
အသက်အောင့်ထားရင်း၊ နှလုံးကလည်း တဒုန်းဒုန်း ခုန်နေရင်း ပထမဦးဆုံး
နဂ္ဂတစ်ဖလင် တစ်လိပ်ကို အလင်းရောင်တွင် ထောင်ကြည့်လိုက်သည်။

သိပ်ကောင်းတယ်၊ ရာခိုင်နှုန်းပြည့် ကောင်းမွန်နေတယ်။

ဖလင် တစ်ကွက်တိုင်းသည် ရတနာကလေးများပင် ဖြစ်နေကြသည်။
ဓာတ်ပုံဆရာတိုင်းက ဂုဏ်ယူဝင့်ကြွားစွာ ရိုက်ယူလိုကြသည့် ဓာတ်ပုံများသာ
ဖြစ်ကြသည်။ အာကာသယာဉ်ထဲ၌ ရှိနေကြသော ဂြိုဟ်သားနှစ်ယောက်တို့၏
အလောင်းများအပြင် အလွန် ထူးဆန်းသော အာကာသယာဉ်၏ အသေးစိတ်
များကိုပါ ရရှိထားသည်။

ယခင်က သူ သတိမထားမိခဲ့သည့် အချက်နှစ်ချက်ကို သူ သတိပြုမိလိုက်
သည်။ ဤတွင် သူက အနီးကပ်၍ ကြည့်ရှုလိုက်၏။ အာကာသယာဉ် ပေါက်ကွဲ
သည့်နေရာမှနေ၍ အတွင်းဘက်ရှိ ခပ်သေးသေး ခုံတန်းရှည်ကလေး သုံးခုကို
မြင်နေရသည်။ သို့တိုင်အောင် ဂြိုဟ်သားများမှာ နှစ်ယောက်တည်းသာ ရှိနေကြ
သည်။ ထူးဆန်းသော အခြား အချက်တစ်ချက်မှာ ဂြိုဟ်သားတစ်ယောက်၏
လက်တစ်ဖက် ပြတ်တောက်နေခြင်းပင် ဖြစ်သည်။ ထိုလက်ပြတ်ကို ဓာတ်ပုံထဲ၌
မည်သည့် နေရာတွင်မျှ ရှာမတွေ့ရပါ။

'အေးလေ၊ အဲဒီဂြိုဟ်သားမှာ လက်တစ်ဖက်တည်း ရှိတယ်နဲ့ တူတယ်'
ဟု လက်စလီက တွေးလိုက်သည်။

'ဘုရား . . . ဘုရား၊ ဒီဓာတ်ပုံတွေကတော့ တကယ် လက်ရာမြောက်ကြ
တာပဲ၊ မေမေပြောတာ မှန်တယ်၊ ငါဟာ တကယ့်ပါရမီရှင်ပဲ' ဟု တွေးလိုက်၏။

သူက အခန်းကျဉ်းကျဉ်းကလေးကို လှည့်ပတ်ကြည့်လိုက်သည်။

'နောက်တစ်ခါ ငါ့ဖလင်တွေကို ဆေးကူးတဲ့အခါကျရင် အီတွန်စကွဲယား
မှာရှိတဲ့ ငါ့အိမ်ကြီးထဲက ကြီးမားပြီး လှပတဲ့ မှောင်ခန်းကြီးထဲမှာ ဆေးကူးတာ
ဖြစ်ရမယ်' ဟု တွေးလိုက်ပြန်သည်။

အလွန်ကပ်စေးနှဲသူတစ်ဦးက သူ့ရွှေတုံးရွှေခဲများကို လက်နှင့်ပွတ်သပ်နေ
သည့်အလား သူက သူ၏ အဖိုးထိုက်ရတနာများဖြစ်သော ဖလင်များကို လက်
နှင့် ပွတ်သပ်နေသည်။

ကမ္ဘာပေါ်တွင် သူ့ဓာတ်ပုံများကို လိုချင်သည့်အတွက် တစ်ဦးကိုတစ်ဦးက
မသတ်ဖြတ်မည့် မဂ္ဂဇင်း သို့မဟုတ် သတင်းစာတိုက် ဟူ၍ မရှိနိုင်တော့ပါ။

နှစ်ပေါင်းများစွာ အတောအတွင်း ဒီလူလွန်မသားတွေက -

*ဓာတ်ပုံများကို ပေးပို့ တင်ပြသည့်အတွက် ကျေးဇူးတင်ပါသည်။ ယခု
အဆိုပါ ဓာတ်ပုံများကို ပြန်ပေးပို့လိုက်ပါသည်။ ထိုဓာတ်ပုံများသည် ကျွန်ုပ်တို့၏
လက်ရှိ လိုအပ်ချက်များနှင့် မကိုက်ညီပါ*

ဟူ၍ လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားက ဓာတ်ပုံများကို ပေးပို့တင်ပြသည့်အတွက် ကျေးဇူးတင်ပါသည်။ အဆိုပါ ဓာတ်ပုံများသည် ကျွန်ုပ်တို့ ပုံနှိပ်ဖော်ပြပြီးခဲ့သော ဓာတ်ပုံများနှင့် ခပ်ဆင်ဆင် တူနေပါသည်

ဟူ၍ လည်းကောင်း၊ သို့တည်းမဟုတ် -

ခင်ဗျားပေးပို့လိုက်သော ဓာတ်ပုံများကို ပြန်ပို့လိုက်ပါသည်

ဟူ၍ လည်းကောင်း စော်ကားထားသည့် စာရွက်ကလေးများနှင့် သူ့ဓာတ်ပုံများကို ပယ်ချခဲ့ကြသည်။

နှစ်ပေါင်းများစွာကြာအောင် သူက ထိုသတ္တဝါများထံမှ အလုပ်ရအောင် တောင်းပန် တိုးလျှိုးခဲ့ရသည်။

ယခု သူတို့က သူ့ထံတွင် လာရောက်ပြီး တောင်းပန် တိုးလျှိုးကြရပါလိမ့်မည်။ ပြီးတော့ သူကလည်း ရက်ရက်စက်စက် ငွေရအောင် တောင်းပြလိုက်မည်ဟု တွေးမိပြန်သည်။

သူ မအောင့်နိုင်တော့ပါ။ သူ့အနေနှင့် ချက်ချင်း လုပ်ငန်းစတင်ဖို့လိုသည်။

သူသည် နောက်ဆုံး သုံးလ တစ်ကြိမ် အရစ်ကျ ပေးသွင်းရမည့်ငွေကို ရက်သတ္တပတ် အနည်းငယ် နောက်ကျ၍ ပေးသွင်းမိခဲ့သောကြောင့် ဗြိတိသျှ တယ်လီဖုန်းဌာနက သူ့တယ်လီဖုန်းကို ဖြုတ်ထားလိုက်လေသည်။ ထို့ကြောင့် သူသည် အပြင်သို့သွား၍ တယ်လီဖုန်းတစ်လုံးကို ရှာရပေတော့မည်။

သူသည် နာမည်ကျော်ပုဂ္ဂိုလ်များ လာရောက် စုဝေးလေ့ရှိသော လန်ဂန် စားသောက်ဆိုင်သို့သွားပြီး သူ စားထိုက်နေပြီဖြစ်သော နေ့လယ်စာကို စားသုံးရန် စိတ်လိုက်မာန်ပါ ဆုံးဖြတ်လိုက်သည်။

လန်ဂန်တွင် စားသောက်ရန်မှာ သူ့အနေအထားအရ မတတ်နိုင်သော ကိစ္စ ဖြစ်သည်။ သို့ရာတွင် သူ့အနေနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပရန် လိုအပ်သည် ဆိုပါက ထိုအချိန်သည် ယခုအချိန်ပင် ဖြစ်တော့သည်။ သူသည် ချမ်းသာ ကြွယ်ဝပြီး နာမည်ကြီးတော့မည့်ဆဲဆဲ ဖြစ်နေသည် မဟုတ်ပါလား။

စားပွဲထိုးတစ်ယောက်က မားသားရှက်အား ထောင့်တစ်နေရာရှိ စားပွဲတစ်လုံးတွင် နေရာချထားပေးလိုက်သည်။ သူနှင့်ဆယ်ပေပင် မဝေးသော အခန်းကလေးထဲ၌ သူ မြင်ဖူးနေသောမျက်နှာ နှစ်ခုကို တွေ့လိုက်ရသည်။

ထိုပုဂ္ဂိုလ်များသည် မည်သူမည်ဝါများ ဖြစ်ကြောင်း သူ ချက်ချင်း မှတ်မိလိုက်ရာ သူ့တစ်ကိုယ်လုံး နှလုံးတုန် ရင်ခုန်မိတော့သည်။

မိုက်ကယ်ကိန်းနှင့် ရော်ဂျာမိုးတို့ ကိုယ်တိုင်ပါကလား။

ထိုကိစ္စကို ပြောပြနိုင်ရန်အတွက် သူ့မိခင်သည် သက်ရှိထင်ရှား ရှိနေသေးလျှင် ကောင်းမှာပဲဟု သူ တွေးလိုက်မိသည်။ သူ့မိခင်သည် ရုပ်ရှင်မင်းသား၊ မင်းသမီးတွေအကြောင်း ဖတ်ရှုရသည်ကို နှစ်ခြိုက်သူ ဖြစ်သည်။

ထိုမင်းသား နှစ်ယောက်သည် လုံးဝ အပူအပင် မရှိကြသည့်အလား ရယ်ရယ်မောမောနှင့် ပျော်ပျော်ရွှင်ရွှင် ရှိနေကြသည်။ မားသားရှက် အနေနဲ့ သူတို့ကို ငေးမကြည့်ဘဲ မနေနိုင်တော့ပါ။ မင်းသားနှစ်ယောက်၏ အကြည့်များက သူ့ကို ကျော်လွှားသွားကြသည်။

'တော်တော် မာနကြီးတဲ့ လူလွန်မသားတွေ' ဟု လက်စလီမားသားရှက် ဒေါသတကြီး တွေးလိုက်သည်။

'ငါက သူတို့ဆီကိုသွားပြီး အော်တိုဂရပ်ဖ် စာအုပ်ထဲမှာ လက်မှတ်ထိုးပေးပါလို့ တောင်းခံတာကို လိုလားကြတယ်နဲ့တူပါရဲ့၊ အေးလေ - နှစ်ရက်သုံးရက် လောက်ကြာရင် သူတို့က ငါ့ကိုပြန်ပြီး လက်မှတ်ထိုးခိုင်းကြရလိမ့်မယ်၊ သူတို့က ငါ့ကို သူတို့မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးချင်လွန်းလို့ အရမ်းဖားကြလိမ့်မယ်။ လက်စလီ မင်းကို ချားလ်နဲ့ ဒိုင်ယာနာတို့နဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူတို့က မင်းနဲ့အင်ဒရူးစ်တို့လေ၊ သူကတော့ လက်စလီလေ၊ ခင်ဗျားတို့လည်း သိကြပါတယ်၊ သူက ဟို နာမည်ကြီး ယူအက်ဖ်အိုဓာတ်ပုံတွေကို ရိုက်ခဲ့တဲ့ပုဂ္ဂိုလ်ပေါ့လို့ ပြောကြပေလိမ့်မယ်'

မားသားရှက်သည် နေ့လယ်စာစားပြီးသောအခါ အဆိုပါ ရုပ်ရှင်မင်းသား နှစ်ယောက်ကို ကျော်ဖြတ်ပြီး အပေါ်ထပ်ရှိ တယ်လီဖုန်းစကားပြောရုံရှိရာဆီသို့ ထွက်သွားတော့သည်။ သို့လိုသော တယ်လီဖုန်းနံပါတ်များကို ဖြေကြားပေးသော စုံစမ်းရေးဌာနက 'ဆန်း' သတင်းစာ၏ တယ်လီဖုန်းနံပါတ်ကို ပေးလိုက်သည်။

"ကျုပ်က ခင်ဗျားတို့ရဲ့ ဓာတ်ပုံကဏ္ဍ အယ်ဒီတာနဲ့ စကားပြောချင်ပါတယ်"

အမျိုးသားတစ်ယောက်၏အသံက စကားပြောခွက်ထဲမှ ပေါ်လာသည်။

"ချက်ပ်မင်ပါ"

"အာကာသယာဉ်နဲ့ ယာဉ်အတွင်းဘက်မှာ ဂြိုဟ်သားနှစ်ယောက်ပါတဲ့ ယူအက်ဖ်အိုတစ်ခုရဲ့ ဓာတ်ပုံဆိုရင် ခင်ဗျားတို့ သတင်းစာတိုက်အတွက် ဘယ်လောက်တန်ဖိုးရှိမလဲ"

တယ်လီဖုန်းထဲမှ ပုဂ္ဂိုလ်က ပြောလိုက်၏။

"အဲဒီဓာတ်ပုံတွေဟာ တော်တော်ကလေး ကောင်းတယ်ဆိုရင် ကျုပ်တို့က ခင်မတန်တော်တဲ့ လိမ်ညာလှည့်ဖြားမှုတစ်ရပ် အနေနဲ့ ဖော်ပြပေးမယ်လေ၊ ပြီးတော့ . . ."

မားသားရှက်က ဒေါသဖြစ်ဖြစ်နှင့် ပြောလိုက်သည်။

"ခုကိစ္စကတော့ လိမ်ညာလှည့်ဖြားတာ မဟုတ်ဘူးဗျ၊ အဲဒီ ကိစ္စဟာ တကယ့် အစစ်အမှန် ဖြစ်ကြောင်း သက်သေခံကြမယ့် ဘုန်းတော်ကြီးတစ်ပါး ပါဝင်တဲ့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကိုးဦးရဲ့နာမည် ကျုပ်ဆီမှာ ရှိနေတယ်"

ထိုပုဂ္ဂိုလ်၏လေသံက ပြောင်းလဲသွားသည်။

"အိုး . . . အဲဒီဓာတ်ပုံတွေကို ဘယ်နေရာက ရိုက်ယူလာတာလဲ"

"ဒုက္ခမရှာပါနဲ့တော့ဗျာ"

မားသားရှက်က ဖုံးဖုံးကွယ်ကွယ် ပြောလိုက်သည်။ သူ့ထံမှ သတင်းအစ အနတွေရအောင် အကွက်ဆင်သည့် ထောင်ချောက်ထဲသို့ သူ မဆင်းတော့ပါ။

"ခင်ဗျားတို့က စိတ်ဝင်စားပါသလား"

တစ်ဖက်မှ လေသံက သတိထားပြီး ပြောလိုက်သည်။

"တကယ်လို့ ခင်ဗျားက အဲဒီဓာတ်ပုံတွေဟာ အစစ်အမှန်တွေဖြစ်ကြောင်း သက်သေပြနိုင်တယ်ဆိုရင်၊ ဟုတ်ကဲ့ ကျုပ်တို့က စိတ်ဝင်စားပါတယ်"

'ခင်ဗျားတို့ စိတ်ဝင်စားမယ်ဆိုတာကို သိပ်သိတာပေါ့' ဟု မားသားရှက်က ရယ်မောသာ တွေးလိုက်၏။

"ခင်ဗျားတို့ဆီကို ကျုပ် ပြန်ဆက်သွယ်မယ်"





www.burmeseclassic.com

www.burmeseclassic.com

သူက စကားပြောခွက်ကို ပြန်ချိတ်လိုက်သည်။

အခြား နှစ်နေရာသို့ တယ်လီဖုန်းဆက်သည့်အခါတွင်လည်း ထိုကဲ့သို့ ကျေနပ်စရာ ကောင်းလှပါသည်။ မျက်မြင်သက်သေများ၏ နာမည်များ လိပ်စာများကို ရအောင် ယူထားလိုက်နိုင်သောကိစ္စမှာ အလွန် တော်သ စိတ်ကူးပင် ဖြစ်ကြောင်း သူဘာသာသူ ချီးကျူးလိုက်တော့သည်။

သူက လိမ်လည်လှည့်ဖြားမှု တစ်ခုကို ကျူးလွန်ရန် ကြိုးစားနေပါသည် သူ့ကို မည်သူကမျှ စွပ်စွဲနိုင်တော့မည် မဟုတ်ပါ။ ဤ ဓာတ်ပုံများသည် ပေါ်ရှိ အရှေ့ပါ အရာရောက်ဆုံး သတင်းစာနှင့် မဂ္ဂဇင်းတိုင်း၏ မျက်နှာ ‘လက်စလီ မားသားရှက် ရိုက်ကူးထားသော ဓာတ်ပုံ’ ဆိုသည့် စာသား ဖော်ပြ ပါရှိကြတော့မည်။

လက်စလီ မားသားရှက်သည် စားသောက်ဆိုင်မှ ပြန်ထွက်လာစဉ် ရုပ် မင်းသားနှစ်ယောက် ထိုင်နေသည့် အခန်းကလေးဆီသို့ ပြန်လှောက်မလာ မနေနိုင်ခဲ့ပါ။

“တစ်ဆိတ်ဗျာ၊ ခင်ဗျားတို့ကို ဒုက္ခပေးရတဲ့အတွက် ဝမ်းနည်းပါတယ် ဒါပေမယ့် ခင်ဗျားတို့က လက်မှတ်ကလေးတွေ ထိုးပေးကြပါလားဗျာ”

ရော်ဂျာမိုးနှင့် မိုက်ကယ်ကိန်းတို့က သူ့ကို နှစ်လိုဖွယ်ရာ ပြုံးပြလိုက် သည်။ ၎င်းတို့က သူတို့၏နာမည်များကို စာရွက်ကလေးများပေါ်တွင် ရေးခြစ် လက်စလီထံ ကမ်းပေးလိုက်ကြသည်။

“ကျေးဇူးတင်ပါတယ်”

လက်စလီ မားသားရှက် အပြင်ဘက်သို့ ရောက်ရှိသောအခါ သူက အဆို စာရွက်များကို ဖေါသတကြီး ဆုတ်ဖြဲ၍ လွှင့်ပစ်လိုက်တော့သည်။

‘ခေါက်ထားလိုက်စမ်းပါကွာ၊ ငါက သူတို့ထက် ပိုပြီး အရှေ့ပါ အရာ ရောက်ပါတယ်ကွ’ ဟု သူ့စိတ်ထဲက တွေးလိုက်လေ၏။

✦ ✦ ✦



## အခန်း တစ်ဆယ့်ကိုး

ရောဘတ်သည် ပိုက်ချက်ပယ်လမ်းသို့ အငှားကားတစ်စီးနှင့် လာခဲ့သည်။ သူတို့သည် မြို့ထဲသို့ ဖြတ်သန်း မောင်းနှင်ခဲ့ကြသည်။ လန်ဒန်မြို့၏ စီးပွားရေး ရုပ်ကွက်ကိုဖြတ်၍ ပိုက်ချက်ပယ်လမ်းကို ရောက်သည်အထိ အရှေ့ဘက်သို့ ဦးတည်၍ မောင်းလာခဲ့ကြသည်။

ထိုနေရာသည် လွန်ခဲ့သော ရာစုနှစ်က ‘ဂျက်သည်ရစ်ပါး’ ဆိုသော စိတ္တဇ လူသတ်သမားကြောင့် မကောင်းသတင်းနှင့် နာမည်ကျော်ခဲ့သောအရပ် ဖြစ် သည်။ ပိုက်ချက်ပယ်လမ်းနံဘေး တစ်လျှောက်တွင် အကျီအဝတ်အစားများမှ စ၍ ဟင်းသီးဟင်းရွက်များ အပါအဝင် ကော်ဇောများအထိ အမျိုးစုံ ရောင်းချ သော အပြင်ဘက်သို့ အဖီချထားသည့် ဆိုင်ခန်းပေါင်း တစ်ဒါဇင်ခန့် ရှိသည်။

အငှားကားသည် မားသားရှက်၏ လိပ်စာနှင့် နီးလာလေလေ ထိုရပ်ကွက် သည် အိမ်စုတ်အိမ်ညံ့များ ပို၍ ပို၍ များပြားလာလေလေပင် ဖြစ်သည်။ ဆေးများ ကွာကျနေသော တိုက်အိမ်နံရံများပေါ်တွင် မဟုတ်တရုတ် ရေးခြစ်ထားသော စာသားများနှင့် ပြည့်နှက်နေသည်။

နောက်ဆုံးတွင် သူတို့သည် (၂၁၃) အောဂရိုဗ်လမ်းသို့ ရောက်ရှိလာသည်။ ရောဘတ်က အငှားကားကို ပြန်လွှတ်လိုက်ပြီး သူ့ရှေ့မှ အဆောက်အအုံကို လှေ့လာလိုက်သည်။

ထိုအဆောက်အအုံမှာ အိပ်ခန်းငယ်ကလေးများ အဖြစ် ပြင်ဆင် ဖွဲ့စည်း ထားသော အရုပ်ဆိုးဆိုး နှစ်ထပ်တိုက် အဆောက်အအုံပင် ဖြစ်သည်။

ထို အဆောက်အအုံထဲတွင် ရောဘတ်ကို ရှာခိုင်းလိုက်သော မျက်မြင် သက်သေ အားလုံး၏ လိပ်စာကို အပြည့်အစုံ ရရှိထားသည့် ပုဂ္ဂိုလ်တစ်ယောက် နေထိုင်လျက်ရှိသည်။

တံခါးမှ ခေါင်းလောင်းမြည်လာသည့်အချိန်တွင် လက်စလီမားသားရှက် သည် သူ့ကို ရုတ်တရက် ကြွယ်ဝချမ်းသာလာစေမည့် ဓာတ်ပုံများကို ဖြန့်ကြည့် နေရင်း ဧည့်ခန်းထဲ၌ ရှိနေသည်။

သူသည် အထိတ်တလန့် ဖြစ်သွားပြီးနောက် မော့ကြည့်လိုက်သည်။ သူ့ တစ်ကိုယ်လုံးသို့ ရှင်းမပြနိုင်သော ကြောက်စိတ်များက ပျံ့နှံ့သွားသည်။

ခေါင်းလောင်းတီးသံက ထပ်မြည်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

မားသားရှက်သည် သူ၏ အဖိုးတန်ဓာတ်ပုံများကို သိမ်းကျုံး၍ ကောက်ယူလိုက်ပြီးနောက် ဓာတ်ပုံမှောင်ခန်းအဖြစ် အသွင်ပြောင်းထားသော အခန်းထဲသို့ ခပ်သွက်သွက် ဝင်လိုက်သည်။ သူက ဓာတ်ပုံများကို ဓာတ်ပုံအဟောင်းပုံထဲသို့ ထိုးထည့်လိုက်ပြီး ဧည့်ခန်းသို့ ပြန်လျှောက်လာသည်။

ထို့နောက် အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်သည်။ အပြင်ဘက်၌ ရပ်နေသော ကိုလူစိမ်းကို သူက ငေးစိုက်ပြီး ကြည့်နေသည်။

"ဟုတ်ကဲ့"

"လက်စလီ မားသားရှက်လား"

"မှန်ပါတယ်၊ ကျုပ်က ဘာများ လုပ်ပေးနိုင်ပါသလဲ"

"ကျုပ် အထဲကို ဝင်ခဲ့ရမလား"

"ကျုပ် မပြောတတ်ဘူး၊ ဘာကိစ္စ ရှိလို့ပါလိမ့်"

ရောဘတ်က ကာကွယ်ရေးဝန်ကြီးဌာနမှ စိစစ်ရေးကတ်ပြားကို ထုတ်ပြလိုက်သည်။

"ကျုပ်က ဒီကို ရုံးကိစ္စနဲ့ လာခဲ့တာပဲ မစ္စတာမားသားရှက်၊ ကျုပ်တို့ ဒီမှာ စကားပြောရင်လည်း ဖြစ်တယ်၊ ဒါမှမဟုတ် ဝန်ကြီးဌာနမှာ ပြောရင်လည်း ဖြစ်တယ်"

ထိုကိစ္စသည် ဖြီးလုံးသက်သက်ပင် ဖြစ်သည်။ သို့ရာတွင် ဓာတ်ပုံဆရာ၏ မျက်နှာပေါ်တွင် ကြောက်စိတ်ဖြစ်ပေါ်လာသည်ကို တွေ့မြင်ရတော့သည်။

လက်စလီ မားသားရှက်က တံတွေးကို မျိုချလိုက်၏။

"ခင်ဗျား ဘာတွေ ပြောနေသလဲဆိုတာ ကျုပ် မသိဘူး၊ ဒါပေမယ့် ဝင်ခဲ့ပါဗျာ"

ရောဘတ် ခြောက်ကပ်ကပ်ဖြစ်နေသော အခန်းထဲသို့ ဝင်လိုက်သည်။

"ခင်ဗျားက ဘာကိစ္စနဲ့ ဒီကို ရောက်လာတာလဲ ဆိုတာ တစ်ဆိတ် ရှင်းပြပါလားဗျာ"

မားသားရှက်က အပြစ်ကင်းစင်သူ တစ်ယောက်၏ စိတ်မရှည်သော လေသံမျိုးဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

"ခင်ဗျား ရိုက်ခဲ့တဲ့ ဓာတ်ပုံတချို့နဲ့ ပတ်သက်ပြီး ခင်ဗျားကို မေးမြန်းဖို့ လာခဲ့တာပဲ"

သူ သိခဲ့ပါတယ်လေ၊ ခေါင်းလောင်းသံကို သူ ကြားရကတည်းကပင် သူ သိလိုက်ပါသည်။

'ဒီ မျိုးမစစ်မသားတွေဟာ ငါ့ဆီက ရတနာသိုက်ကြီးကို လုယူကြတော့မယ်၊ အေးလေ ငါက သူတို့ကို အဲဒီလို လုပ်ခွင့် မပေးနိုင်ဘူး' ဟု တွေးလိုက်သည်။

ရောဘတ်က စိတ်ရှည်စွာ ပြောလိုက်သည်။

"ယူအက်ဖ်အို ပျက်ကျတုန်းက အဲဒီနေရာမှာ ခင်ဗျားရိုက်ယူခဲ့တဲ့ ဓာတ်ပုံတွေ အကြောင်းပဲပေါ့"

မားသားရှက်က အငိုက်မိသွားသည့် ပုံစံမျိုးနှင့် ရောဘတ်ကို ငေးကြည့်နေလိုက်ပြီးမှ မရယ်ချင်ရယ်ချင်နှင့် ရယ်လိုက်သည်။

"အိုး . . . အဲဒါတွေကို ပြောတာလား၊ ကျုပ်က အဲဒါတွေ ခင်ဗျားကို





ပေးနိုင်အောင် ကျုပ်ဆီမှာ ရှိပါစေလို့ ဆုတောင်းပါတယ်ဗျာ"

"ခင်ဗျားက အဲဒါတွေကို ဓာတ်ပုံရိုက်ယူခဲ့တယ် မဟုတ်လား"

"ကျုပ် ကြိုးစားခဲ့ပါတယ်"

"ကျုပ် ကြိုးစားခဲ့တယ်ဆိုတာက ဘာသဘောလဲ"

"အဲဒီဓာတ်ပုံတွေက ပျက်စီးသွားတယ်ဗျ"

မားသားရှက်က ရှက်ကိုးရှက်ကန်းနှင့် ရယ်လိုက်သည်။

"ကျုပ် ကင်မရာမှာ မှိုတွေ တက်သွားတယ်ဗျာ၊ ဒါ ကျုပ်အတွက် ဒုတိယအကြိမ်မြောက် ဖြစ်တာပဲ"

ယခု သူက ဗလုံးဗထွေး ပြောတော့သည်။

"ကျုပ်က နဂတစ်တွေကိုတောင် လွှင့်ပစ်လိုက်သေးတယ်၊ အဲဒါတွေက ကောင်းပါဘူးဗျာ၊ အဲဒါက ဖလင် သက်သက်ဖြုန်းတီးတဲ့ ကိစ္စပဲ၊ ဖလင်တွေ ဒီတနေ့ ဘယ်လောက် ဈေးကြီးတယ်ဆိုတာ ခင်ဗျားလည်း သိပါတယ်ဗျာ"

'ဒီလူဟာ လိမ်ညာပြီး ပြောတဲ့နေရာမှာ တော်တော်ရှော်တဲ့လူပဲ၊ သူ သွေးပျက်လုနီးပါး ဖြစ်နေပြီ' ဟု ရောဘတ်က တွေးလိုက်သည်။

"သိပ်ဆိုးပေါ့ဗျာ၊ အဲဒီဓာတ်ပုံတွေက သိပ်ကို အထောက်အကူဖြစ်စေမှာဗျ"

ရောဘတ်က ခရီးသည်များ၏ စာရင်းအကြောင်းကို မပြောတော့ပါ။ အကယ်၍ မားသားရှက်က ဓာတ်ပုံတွေနှင့် ပတ်သက်ပြီး လိမ်ညာပြောတယ်ဆိုရင် သူက လူစာရင်းနဲ့ပတ်သက်ရင်လည်း လိမ်ညာပြောပေလိမ့်မည်။

ရောဘတ်က ပတ်ပတ်လည်ကို လှည့်ပတ်ကြည့်ရှုလိုက်၏။ ဓာတ်ပုံတွေနှင့် လူစာရင်းကို ဒီအိမ်ခန်းရဲ့ တစ်နေရာရာမှာ ဝှက်ထားတာ ဖြစ်ရမည်။ အဲဒါတွေကို ရှာဖွေဖို့ သိပ်ခက်ခဲလိမ့်မည် မဟုတ်ပါ။

ဤအိမ်ခန်းတွင် ဧည့်ခန်း သေးသေးကလေး တစ်ခန်း၊ အိပ်ခန်း တစ်ခန်း၊ ရေချိုးခန်း တစ်ခန်းနှင့် အသုံးဝင်သည့် ပစ္စည်းပစ္စယများကို ထားသို သိမ်းဆည်းထားသည့် စတိုခန်းဟု ထင်ရသော အခန်းတစ်ခန်း၏ တံခါးရွက်တို့ ရှိနေကြသည်။ ထိုပစ္စည်းများအား သူ့ကို ပေးအပ်ဖို့ အတင်းအကျပ် ကိုင်နိုင်မည့်နည်းလမ်း သူ့တွင် မရှိပါ။ တကယ် လုပ်ပိုင်ခွင့်အာဏာ သူ့တွင် မရှိပါ။ သို့ရာတွင် ဗြိတိသျှ ထောက်လှမ်းရေးဌာနက လာ၍ သိမ်းဆည်း မသွားခင် သူက ထိုဓာတ်ပုံနှင့် လူစာရင်းကို လိုချင်နေပါသည်။ ထိုစာရင်းကို သူ့အတွက် လိုချင်နေပါသည်။

"ဟုတ်ပါတယ်"

မားသားရှက်က သက်ပြင်းချလိုက်၏။

"အဲဒီ ဓာတ်ပုံတွေဟာ သိပ်ကို အဖိုးတန်မှာဗျ"

ရောဘတ်က ပြောလိုက်၏။

"အဲဒီ အာကာသယာဉ်အကြောင်း ပြောပြစမ်းပါဗျာ"

မားသားရှက်က နေရင်းထိုင်ရင်း တုန်လှုပ်သွားမိသည်။ ကြောက်စရာကောင်းသောမြင်ကွင်းသည် သူ့ဦးနှောက်ထဲတွင် အစဉ်ထာဝရ တည်ရှိနေသည်။

"ကျုပ် အဲဒီကိစ္စကို ဘယ်တော့မှ မမေ့ပါဘူးဗျာ၊အဲဒီ အာကာသယာဉ်ကြီးဟာ အသက်ရှိနေသလို တုန်လှုပ်နေတယ်ဗျ၊ သူနဲ့ပတ်သက်ပြီး မကောင်းဆိုးဝါးတွေ ဖြစ်နေပုံလည်း ရတယ်။ ပြီးတော့လည်း အဲဒီအထဲမှာ သေနေတဲ့ဂြိုဟ်သားနှစ်ယောက် ပါလာသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားက ဘတ်စ်ကားပေါ်က ခရီးသည်တွေအကြောင်း တစ်ခုခု ပြော နိုင်ပါသလား"

'သိပ် ပြောနိုင်တာပေါ့ဗျ၊ သူတို့နာမည်တွေနဲ့ လိပ်စာတွေ အားလုံး ကျွ ဆီမှာ ရှိတာပဲ' ဟု သူက သူ့ဘာသာတွေးပြီး ပီတိဖြစ်နေသည်။

"ဟင့်အင်း၊ ကျုပ် ပြောမပြတတ်ဘူး"

မားသားရှက်က သူ၏စိတ်လှုပ်ရှားမှုကို ဖုံးကွယ်ထားရန် ဆက်ပြောလိုက်သည်

"အဲဒီ ခရီးသည်တွေနဲ့ ပတ်သက်လို့ ကျုပ် ခင်ဗျားကို မကူညီနိုင်တာ တော့ ကျုပ်က ဘတ်စ်ကားပေါ်က ခရီးသည်တစ်ယောက် မဟုတ်လို့ဘဲ၊ သူ အားလုံးဟာ လူစိမ်းတွေချည်းပဲဗျ"

"ဒီလိုကိုး၊ ကောင်းပြီလေ၊ ခင်ဗျားရဲ့ ပူးပေါင်းကူညီမှုအတွက် ကျေးဇူး ပါတယ် မစ္စတာ မားသားရှက်၊ ကျုပ် လေးစားပါတယ်ဗျာ၊ ခင်ဗျားရဲ့ ဓာတ် တွေအတွက်လည်း ဝမ်းနည်းပါတယ်"

"ကျုပ်လည်း စိတ်မကောင်းပါဘူးဗျာ"

မားသားရှက်က ပြောလိုက်၏။

ကိုလူစိမ်း၏ နောက်ဘက်မှ တံခါး ပြန်ပိတ်သွားသည်ကို စောင့်ကြည့် ဝမ်းမြောက်ဝမ်းသာနှင့် သူ တွေးတောလိုက်သည်။

'ငါ လုပ်နိုင်ခဲ့ပြီ၊ ငါက ဒီခွေးမသားတွေကို အနိုင်ယူနိုင်ခဲ့ပြီ'

အပြင်ဘက်ရှိ စင်္ကြံလမ်းထဲတွင် ရောဘတ်က တံခါးရွက်ပေါ်မှ သော့အိမ် လေ့လာနေသည်။ ချပ်ပ် အမျိုးအစား သော့အိမ်တစ်ခုပင် ဖြစ်သည်။ ရှေးဟောင်း သော့တစ်လုံး ဖြစ်သည်။ သူ့အနေနှင့် ထိုသော့ကိုဖွင့်ရန် စက္ကန့်ပိုင်းလောက်သာ ကြာမြင့်ပါလိမ့်မည်။ သူက ထိုအခန်းကို ညသန်းခေါင်ယံတွင် စတင်၍ စောင့် ကြည့်မည်ဖြစ်ပြီး နံနက်ပိုင်းတွင် ဓာတ်ပုံဆရာ သူ့အိမ်ခန်းမှ အပြင်သို့ ထွက်သွား ချိန်အထိ သူ စောင့်နေလိုက်မည်။

'ခရီးသည်တွေရဲ့ စာရင်းကို ငါ ရလိုက်တာနဲ့ တစ်ပြိုင်နက် အခု လုပ်ငန်း အတွက် ကျန်တဲ့ကိစ္စတွေဟာ သိပ်ကို လွယ်ကူသွားတော့မှာပဲ' ဟု ရောဘတ်က တွေးလိုက်သည်။

ရောဘတ်သည် မားသားရှက်၏ အိမ်ခန်းနှင့်နီးသော ဟိုတယ်အသေးက လေး တစ်ခုတွင် ဝင်ရောက် တည်းခိုလိုက်ပြီးနောက် ဂျင်နရယ် ဟီးလီးယဒ်ထံ တယ်လီဖုန်း ဆက်လိုက်သည်။

"ကျွန်တော်က အင်္ဂလိပ်လူမျိုး သက်သေရဲ့ နာမည်ကို သိရပြီ ဂျင်နရယ်"

"ခဏလေးနော်၊ ကောင်းပြီ ဆက်ပြောတော့ ကွန်မန်ဒါ"

"လက်စလီ မားသားရှက်၊ သူက ဝိုက်ချက်ပယ်မှာ နေတယ်၊ (၂၁၃)အေး ဂရိုဗ်လမ်း"

"သိပ်ကောင်းတယ်၊ ဗြိတိသျှ အာဏာပိုင်တွေနဲ့ စကားစမြည် သွားပြော အောင် ငါ ကြည့်စီစဉ်လိုက်မယ်"

ရောဘတ်က ခရီးသည်တွေ၏ လိပ်စာများနှင့် ဓာတ်ပုံများ အကြောင်း ထည့်မပြောလိုက်ပါ။ ထိုအချက်များသည် သူ၏ ဝှက်ဖဲများပင်တည်း။

ရက်ဂီ၏ ငါးနှင့်အာလူးကြော်ဆိုင်သည် ဘရွန်တွန်လမ်းထိပ်ရှိ လမ်းဆုံး





တွင် တည်ရှိသည်။ ထိုဆိုင်မှာ အငယ်စားကလေးသာ ဖြစ်သည်။ ဖောက် များမှာလည်း ထိုအနီးအနားတစ်ဝိုက်၌ နေထိုင်ကြသော စာရေးစာချီများ အတွင်းရေးမှူးများသာ ဖြစ်ကြသည်။ ထိုဆိုင်၏နံရံများပေါ်တွင် ဘောလုံးပွဲ များ ကပ်ထားသည်။ ပိုစတာများနှင့် လွတ်နေသော နေရာများကိုမူ ခုနှစ်က ဖြစ်ပွားခဲ့သော ဗုံးအက်တူးမြောင်းကိစ္စ အရေးအခင်း နောက်ပိုင်းတွင် ပြင်မှု ဆေးထပ်သုတ်ခြင်း မရှိခဲ့ပါ။

ကောင်တာနောက်ဘက်ရှိ တယ်လီဖုန်းမှ ခေါင်းလောင်းသံ နှစ်ကြိမ် ထွက် ပြီးနောက်ပိုင်းတွင် ဆီများ ပေကျံနေသော သိုးမွေးဆွယ်တာကို ဝတ် ထားသည့် လူထွားထွားကြီး တစ်ယောက်က စကားပြောခွက်ကို လာကိုင် သည်။

ထိုပုဂ္ဂိုလ်သည် ဘယ်ဘက်မျက်စိပေါ်တွင် ရွှေကိုင်းနှင့် မျက်လုံးတစ်ဖက် ကာမှန်ကလေး တစ်ချပ်ကို တင်းကျပ်နေအောင် တပ်ဆင်ထားသည်က ယန်ဒန်အရှေ့ပိုင်းသားတစ်ယောက် ပီသသူ ဖြစ်သည်။ မျက်လုံးတစ်ဖက် ကာမှန်ကလေးကို တပ်ထားရသည့် အကြောင်းရင်းကို သူ့အား စေ့စေ့စပ် ကြည့်ရှုသူများက သဘောပေါက်ကြပါသည်။ သူ၏ ကျန်မျက်လုံးတစ်ဖက်မှာ လုံးဖြစ်ပြီး ခရီးသွားကြော်ငြာများပေါ်၌ တွေ့ရလေ့ရှိသော အပြာရောင် သောကြောင့်ပင်တည်း။

"ရက်ဂီပါ ခင်ဗျာ"

"ခု ပြောတာ တီရှော့ပါ"

"ဟုတ်ကဲ့ ခင်ဗျ"

ရက်ဂီက ပြောလိုက်၏။ သူ့အသံသည် လေသံကလေးဘဝသို့ ရောက်ရှိ တော့သည်။

"ငါတို့ရဲ့ ဖောက်သည်နာမည်က မားသားရှက်၊ ခရစ်ယာန်အမည်က လက် သူက (၂၁၃)အေး၊ ဂရိုဗ်လမ်း၊ အရှေ့ (၃)မှာနေတယ်၊ ငါတို့အနေနဲ့ ကို မြန်မြန်ဆောင်ရွက်ပေးဖို့ လိုတယ်၊ နားလည်ရဲ့လား"

"ဆောင်ရွက်ပြီးပြီလို့သာ သဘောထားလိုက်ပါ ဆရာ"

◆ ❖ ◆

www.burmeseclassic.com



## အခန်း နှစ်ဆယ်

လက်စလီ မားသားရှက်သည် သူ၏ ရွှေရောင် စိတ်ကူးအိပ်မက်ထဲတွင် မျောပါနေသည်။ သူ့ကို ကမ္ဘာပေါ်ရှိ စာနယ်ဇင်းများက တွေ့ဆုံမေးမြန်းနေ သည်။ သူ လောလောလတ်လတ် ဝယ်ယူခဲ့သော စကော့တလန်မှ ရဲတိုက်ကြီး မြင်သစ်တောင်ပိုင်းမှ သူ့ရဲတိုက်နှင့် ကြီးမားသော ဇိမ်ခံသင်္ဘောကြီးတို့အကြော မေးမြန်းနေကြသည်။

'ပြီးတော့လည်း ပြိတိသျှဘုရင်မကြီးက ခင်ဗျားကို တော်ဝင်နန်းသုံး ဓာတ် ဆရာအဖြစ် ခန့်အပ်ဖို့ စကားကမ်းလှမ်းလိုက်တယ်ဆိုတာ ဟုတ်ပါသလား'

'ဟုတ်ပါတယ်၊ ကျွန်တော်က ပြန်အဖြေပေးပါ့မယ်လို့ ပြောလိုက်ပါတယ် ကဲ - ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော့် အားလုံးက ခွင့်လွှတ်ကြပါ၊ ဘီဘီစီက ကျွန်တော့်ရဲ့ ရုပ်မြင်သံကြားက အတွက် နောက်ကျနေလို့ပါ"

သူ၏စိတ်ကူးယဉ်မှုကို တံခါးခေါက်သံလောင်းသံက ပြတ်တောက်သွား သည်။ သူက လတ်ပတ်နာရီကို ကြည့်လိုက်၏။ ည ဆယ့်တစ်နာရီထိုးလေ ဟိုလူများ ပြန်လာလေသလား။ သူက တံခါးဆီသို့သွားပြီး သတိရှိရှိနှင့် ဖွင့်လို သည်။ တံခါးပေါက်တွင် မားသားရှက်ထက် အရပ်ပိုပုသော ပုဂ္ဂိုလ်တစ်ယော မတ်တတ်ရပ်နေသည်။ ထိုကိစ္စကို သူ ပထမဦးဆုံး သတိထားမိခြင်း ဖြစ်သည် ထိုပုဂ္ဂိုလ်သည် မျက်မှန်ထူထူကြီးကို တပ်ထားသည်။ မျက်နှာ ဖြူဖပ်ဖြူရော် ပုဂ္ဂိုလ် ဖြစ်သည်။

ထိုပုဂ္ဂိုလ်က လေးလေးစားစား ပြောလိုက်၏။

"ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ ခင်ဗျားကို ခုချိန်မှာ အနှောင့်အယှက်ပေးရ အတွက် တောင်းပန်ပါတယ်။ ကျုပ်က ဟိုဘက် ဘလောက်မှာ နေပါတ အပြင်ဘက်က ဆိုင်းဘုတ်အပေါ်မှာ ခင်ဗျားဟာ ဓာတ်ပုံဆရာတစ်ယောက် ဖော်ပြထားပါတယ်"

"ဒီတော့"

"ခင်ဗျားက ပတ်စ်ပို့အရွယ် ဓာတ်ပုံတွေကို ရိုက်ကူးပါသလား ခင်ဗျာ"

"မရိုက်ပါဘူး"

သူက ခပ်ရိုင်းရိုင်း ပြောချလိုက်၏။ သူက တံခါးကို ပြန်ပိတ်စပြုသ

"ကျုပ်က ခင်ဗျားကို အနှောင့်အယှက် မပေးချင်ပါဘူးဗျာ၊ ဒါပေမ ကျုပ်က သိပ်ဆိုးရွားတဲ့ ပြဿနာတစ်ခုနဲ့ လာကြုံတွေ့နေရတယ်။ ကျုပ်စီးမ လေယာဉ်ပျံဟာ မနက်ရှစ်နာရီမှာ ထွက်ခွာပါ့မယ်။ ပြီးတော့လည်း အခုနကမှ ကျုပ်က နိုင်ငံကူးလက်မှတ်ကို ထုတ်ကြည့်လိုက်တော့ ကျုပ်ဓာတ်ပုံဟာ စုတ်ပြဲပြီး ပျောက်နေတာကို တွေ့ရတော့တယ်။ ကျုပ်က ဓာတ်ပုံကို နေရာအနှံ့ ရှာခဲ့ပါ တယ်ဗျာ။ သူတို့က ကျုပ်ကို နိုင်ငံကူးလက်မှတ်ပေါ်မှာ ဓာတ်ပုံ မပါဘဲနဲ့ လိုက်ခွင့် ပြုမှာ မဟုတ်ဘူး"

ထိုခေါ်ပုပုပုဂ္ဂိုလ်သည် ငိုတော့မလိုလို ဖြစ်နေသည်။

မားသားရှက်က ပြောလိုက်၏။

"ကျုပ် ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် မကူညီနိုင်ပါဘူး"

"ကျုပ်က ခင်ဗျားကို ပေါင်တစ်ရာ ပေးပါ့မယ်"

ပေါင်တစ်ရာတဲ့လား။ အင်္ဂလန်မှာ ရဲတိုက်၊ ပြင်သစ်နိုင်ငံမှာ ရဲတိုက်၊ ပြီးတော့ ဇိမ်ခံသင်္ဘောကြီးရှိနေတဲ့ ပုဂ္ဂိုလ်အတွက် စော်ကားမှုကြီးတစ်ခု ဖြစ်နေ သည်။ သနားစရာကောင်းလှသော ထိုသေးသေးကွေးကွေး ပုဂ္ဂိုလ်ကလေးက ဆက်ပြောနေသည်။

"ကျုပ်က အဲဒါထက် ပိုပေးနိုင်ပါတယ်ဗျာ၊ ပေါင်နှစ်ရာ ဒါမှမဟုတ် ပေါင် သုံးရာအထိပေါ့ဗျာ၊ ဒီလိုဗျာ - ကျုပ်က အဲဒီ လေယာဉ်ပျံပေါ်မှာ ပါသွားမှဖြစ် မယ်၊ ဒါမှ မဟုတ်ရင်တော့ ကျုပ် အလုပ်ပြုတ်လိမ့်မယ်"

ပတ်စ်ပို့ဓာတ်ပုံ ရိုက်ပေးဖို့အတွက် ပေါင် (၃၀၀) ပေးမယ်တဲ့လား။ ဖလင် ဆေးသည့်ကိစ္စကို မေ့ထားလိုက်မယ်ဆိုရင် အဲဒါက ဆယ်စက္ကန့်လောက်ပဲ ကြာ ပါလိမ့်မည်။ မားသားရှက်က တွက်ချက်ကြည့်လိုက်ပြန်၏။ ဒါဆိုရင် တစ်မိနစ်ကို စတာလင် ပေါင် (၁၈၀၀၀) နဲ့ ညီမျှနေပါသည်။ အကယ်၍ သူက တစ်ရက်လျှင် ရှစ်နာရီ အလုပ်လုပ်မယ်ဆိုရင် စတာလင်ပေါင် (၈၄၀၀၀) ရရှိပေမည်။ ရက် သတ္တ တစ်ပတ် ဆိုပါက . . . ။

"ခင်ဗျားက ရိုက်ပေးမှာလား"

မားသားရှက်၏မာနက လောဘနှင့် အပြိုင် လွန်ဆွဲနေခဲ့ရာ လောဘက အနိုင်ရရှိသွားလေတော့သည်။

'ငါ့အနေနဲ့ လက်ဖက်ရည်ဖိုးလေး၊ ဘာလေး ရတာပေါ့လေ'

မားသားရှက်က ပြောလိုက်သည်။

"ဝင်ခဲ့လေ၊ ဟိုနံရံမှာ နံရံကိုကျောခိုင်းပြီး ရပ်ပေးပါ"

"ကျေးဇူးတင်ပါတယ်၊ ကျုပ်က ဒီကိစ္စကို တကယ်တန်ဖိုးထားပါတယ်ဗျာ"

မားသားရှက်က -

'သူ့ထံတွင် ပိုလာရွိုက် ကင်မရာတစ်လုံးရှိခဲ့ရင် သိပ်ကောင်းမှာပဲ၊ အဲဒါက သိပ်ကိုလွယ်ကူသွားစေမှာပဲ' ဟု တွေးလိုက်သည်။

သူက သူ့ဗီဗီတာ ကင်မရာကို ကောက်ကိုင်လိုက်ပြီးနောက် -

"ငြိမ်ငြိမ်ကလေးနေ" ဟု ပြောလိုက်သည်။

နောက်ထပ် ဆယ်စက္ကန့် ကြာသောအခါ ပြီးစီးသွားလေပြီ။

"အဲဒါကို ဆေးပြီး ကူးဖို့ နည်းနည်းတော့ အချိန်ကြာမယ်၊ ခင်ဗျား နောက် တစ်ခါ ပြန်လှည့်လာမယ်ဆိုရင်"

"ခင်ဗျားအနေနဲ့ ဝန်မလေးဘူးဆိုရင် ကျုပ် စောင့်နေပါ့မယ်"

"ခင်ဗျား သဘောပဲလေ"





www.burmeseclassic.com

www.burmeseclassic.com

မားသားရှက်သည် ကင်မရာကို အမှောင်ခန်းထဲသို့ ယူသွားပြီးနောက် အလင်းရောင်လုံသည့် အိတ်ထဲသို့ ထည့်လိုက်ပြီး ခေါင်းပေါ်မှ မီးလုံးကို မှိတ်လိုက်သည်။ သူက အနီရောင်မီးလုံးကို ဖွင့်လိုက်ပြီး ဖလင်ကို ထုတ်လိုက်လေ၏။ သူက ဒီလုပ်ငန်းကို ကမန်းကတန်းလုပ်မည်။ ပတ်စ်ပို့အရွယ် ဓာတ်ပုံများသည် ဘာပဲပြောပြော အမြဲတမ်း အကြည့်ရဆိုးလေ့ရှိသည်။

မားသားရှက်က ဖလင်အား ပုံဖော်သည့်ခွက်များထဲတွင် ထည့်လိုက်သည်။ အချိန်မှတ်ထားသည့်အတိုင်း ဆယ့်ငါးမိနစ် ကြာသောအခါ သူသည် မီးခိုးနံ့ကို စ၍ ရှူရိုက်မိတော့သည်။ သူ ရပ်တန့်လိုက်၏။ သူ့စိတ်ထဲက ထင်နေတာများလား။ မဟုတ်ဘူး။ မီးခိုးနံ့က ပို၍ စူးစူးဝါးဝါး ဖြစ်လာသည်။ သူက တံခါးကို လှည့်ဖွင့်လိုက်၏။ တံခါးက ကျပ်နေပုံရသည်။ မားသားရှက်က တံခါးကို တွန်းလိုက်သည်။ တံခါးက တောင့်ခံနေသည်။

"ဟယ်လို၊ အပြင်မှာ ဘာတွေ ဖြစ်နေတာလဲ"

သူက အော်ခေါ်သော်လည်း ပြန်ထူးသံ မကြားရပါ။

"ဟယ်လို"

သူက တံခါးကို ပခုံးနှင့်တိုက်လိုက်ပြန်၏။ သို့ရာတွင် တံခါးရွက်၏ဟိုဘက်၌ လေးလံသောပစ္စည်းတစ်ခု ရှိနေပြီး ပစ္စည်းက တံခါးကို ဖွင့်မရအောင် လုပ်ထားပုံရသည်။

"ကိုယ့်လူ"

အဖြေမရပါ။ သူ ကြားနေရသော အသံမှာ ကျယ်လောင်စွာ တကျွတ်ကျွတ် မြည်နေသောအသံများသာ ဖြစ်ကြသည်။ မီးခိုးနံ့ကလည်း အသက်ရှူ ကျပ်မတတ် ဖြစ်လာသည်။

'အိမ်ခန်းထဲမှာ မီးလောင်နေပြီ။ ဒါကြောင့် ဒီလူ ပြန်ထွက်ပြေးသွားတာပဲ ဖြစ်ရမယ်၊ သူက အကူအညီသွားခေါ်တာ ဖြစ်ရမယ်'

လက်စလီ မားသားရှက်သည် တံခါးကို သူ့ပခုံးနှင့် ဆောင့်ဖွင့်သော်လည်း တံခါးက တုတ်တုတ်မျှ မလှုပ်ပါ။

'ကယ်တော်မူပါ၊ ကျုပ်ကို ဒီအခန်းထဲက ထုတ်ပေးကြပါ'

မီးခိုးများသည် တံခါးရွက်အောက်မှ ဝင်လာစပြုသည်။ လက်စလီသည် တံခါးကို လာဟပ်နေသော မီးညွန့်များ၏အပူရှိန်ကိုပင် ခံစားစပြုလာရသည်။ သူ့အနေနှင့် အသက်ရှူကျပ်လာသည်။ သူက လည်ပင်းကော်လာကို ဆွဲဖြုတ်လိုက်ပြီး လေကို ရှူလိုက်သည်။ သူ့အဆုတ်များ ပူလောင်နေကြပြီ။ သူသည် သတိလစ်စပြုလာပြီ။ သူက ဒူးထောက်၍ ထိုင်ချလိုက်၏။

"မြတ်စွာဘုရား၊ ကျွန်တော် အခု မသေပါရစေနဲ့ ကျွန်တော် နာမည်ကြီးပြီး ချမ်းသာတော့မယ့်အချိန်မှာ . . ."

*

"ရက်ဂီပါ ခင်ဗျ"

"အမှာစာကို ဆောင်ရွက်ပြီးပြီလား"

"ဟုတ်ကဲ့ ခင်ဗျ၊ နည်းနည်းတော့ မီးကျွမ်းသွားပါတယ်၊ ဒါပေမယ့် အချိန်မီ ပို့ပေးနိုင်ခဲ့ပါတယ်"

"သိပ်ကောင်းတယ်"

*





ဂရိုပ်လမ်းသို့ နံနက် ရှစ်နာရီထိုးတွင် စောင့်ကြည့်သောလုပ်ငန်းကို စတင် ...ိုင်ရန် ရောဘတ် ရောက်ရှိလာသောအခါ သူသည် အလွန် ကြီးမားသော ...ဆိုမှုကြီးနှင့် ကြုံတွေ့ရတော့သည်။

လမ်းပေါ်တွင် ဌာနဆိုင်ရာမှ မော်တော်ကားများ၊ မီးသတ်ကားတစ်စီး၊ ...တင်ကားများနှင့် ပုလိပ်ကားသုံးစီး ရှိနေကြသည်။

ရောဘတ်သည် ရပ်ကြည့်နေကြသူများ အကြားမှ တွန်းတွန်းထိုးထိုးနှင့် ...ယ်ရှပ်နေသော အတွင်းပိုင်းဆီသို့ရောက်အောင် ကမန်းကတန်း လာခဲ့သည်။ အဆောက်အအုံတစ်ခုလုံး မီးလောင်ခံခဲ့ရသည်။ ဓာတ်ပုံဆရာ နေထိုင်ခဲ့ ...ပထမထပ်နှင့် အိမ်ခန်းသည် လုံးဝ လောင်ကျွမ်းခံခဲ့ရသည်ကို သူသည် ...တပင် လှမ်းမြင်နေရသည်။

"ဘယ်လို ဖြစ်တာလဲဗျ"

သူက မီးသတ် တစ်ယောက်ကို မေးလိုက်သည်။

"ကျုပ်တို့ ခုထက်ထိ မသိသေးဘူး၊ ကျေးဇူးပြုပြီး နောက်ဘက်ကို ပြန်ဆုတ် ...ပါဗျာ"

"အဲဒီ အခန်းထဲမှာ ကျုပ်ဝမ်းကွဲညီအစ်ကို နေတယ်ဗျ၊ သူ လွတ်ရဲ့လား"

"သူ မလွတ်ဘူးလို့ ထင်တယ်"

သူ့အသံက သနားစိတ် ဝင်လာပုံရသည်။

"သူတို့က အခု သူ့ကို အဆောက်အအုံထဲက ထုတ်ယူသွားကြပြီ"

သူနာတင်ယာဉ်မှ ဝန်ထမ်းနှစ်ယောက်က အလောင်းတစ်ခု တင်ထား ...ထမ်းစင်တစ်ခုအား တွန်းတင်လိုက်ကြသည်ကို ရောဘတ်က စောင့်ကြည့် ...သည်။

ရောဘတ်က ပြောလိုက်၏။

"ကျုပ်က သူနဲ့အတူတူ နေတာဗျ၊ ကျုပ် အဝတ်အစားတွေ အားလုံး ...အခန်းထဲမှာ ရှိနေတယ်၊ ကျုပ်က ဝင်ယူ . . ."

မီးသတ်ရဲဘော်က ခေါင်းခါပြသည်။

"အဲဒီလို သွားလို့ ဘာမှ အကျိုးထူးမှာ မဟုတ်ပါဘူးဗျာ၊ အဲဒီ အိမ်ခန်းမှာ ...ကလွဲလို့ ဘာမှ မကျန်တော့ဘူးဗျ"

'ပြာကလွဲလို့ ဘာမှ မကျန်တော့ဘူးတဲ့။ ဓာတ်ပုံတွေ၊ ခရီးသည်တွေရဲ့ ...နဲ့ လိပ်စာတွေလည်း ပါသွားပြီပေါ့'

ရောဘတ် နာနာကြည်းကြည်း တွေးလိုက်မိသည်။

ဝါရှင်တန်တွင်မူ ဒပ်စတင် သွန်တန်သည် ယောက္ခမဖြစ်သူ ဝီးလီးယဒ် ...၏ ရုံးခန်းထဲ၌ရှိသော အလွန် ခမ်းနားသည့် သီးသန့် ထမင်းစားခန်းထဲတွင် ...မကြီးနှင့်အတူ နေ့လယ်စာ စားလျက် ရှိသည်။

သူသည် သြဇာတိက္ကမ ရှိလှသော ယောက္ခမကြီး၏ ရှေ့မှောက်သို့ရောက် ...အမြဲတမ်း စိတ်လှုပ်ရှားနေလေ့ရှိသည်။

...သီးယဒ်စတုန်းသည် ပျော်ပျော်ရွှင်ရွှင် ရှိနေသည်။

"...နေ့ညနေတုန်းက ငါ သမ္မတကြီးနဲ့ ညစာစားခဲ့တယ်၊ မင်းရဲ့ လုပ်ငန်း ...ဘ်သက်ပြီး သူ သိပ်ကျေနပ်တယ်လို့ ငါ့ကိုပြောလိုက်တယ် ဒပ်စတင်



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် သိပ်ကို ကျေနပ်မိပါတယ် ခင်ဗျာ"

"မင်းက အလုပ်ကို ကျေကျေပွန်ပွန် လုပ်နေတာပဲ၊ မင်းက ငါ့ ကျေးကျော်စော်ကားမယ့် လူအုပ်ရဲ့ရန်က ကာကွယ်ပေးနေတာပဲကွာ"

"လူအုပ် ဟုတ်လား"

"ဒီနိုင်ငံကို သူတို့ ခြေရင်းမှာ ဒူးထောက်လာအောင် လုပ်မယ့်လူအုပ် ကွာ၊ ဒါပေမယ့် ငါတို့က နံရံတွေရဲ့အပြင်ဘက်က ရန်သူတွေကိုသာ သတိ ကြရမှာ မဟုတ်ဘူး၊ ငါတို့နိုင်ငံကို အလုပ်အကျွေးပြုနေတယ်လို့ ဟန်ဆော တဲ့လူတွေ၊ တာဝန်တွေကို ကျေပွန်အောင် မထမ်းဆောင်တဲ့လူတွေ၊ ညွှန် ချက်တွေကို မလိုက်နာတဲ့လူတွေကိုလည်း သတိထားကြရမယ်"

"တစ်ကိုယ်တော်သမားတွေကိုပေါ့"

"အဲဒါ မှန်တယ် ဒပ်စတင်၊ တစ်ကိုယ်တော်သမားတွေကို အပြစ်ဒဏ် ရမယ်၊ တကယ်လို့ . . ."

အခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်။

"ကျွန်တော့်ကို ခွင့်ပြုပါ မစ္စတာ စတုန်း၊ လူကြီးမင်းတွေ ရောက်ရှိ ပါပြီ၊ သူတို့က ခင်ဗျားကို စောင့်နေကြပါပြီ"

"အေး"

စတုန်းက သူ့သမက်ဘက်သို့ လှည့်လိုက်သည်။

"မင်း နေ့လယ်စာကို ပြီးအောင်စားပါ ဒပ်စတင်၊ ငါ့အာနေနဲ့ အရေး လုပ်ငန်းတစ်ခု လုပ်စရာရှိတယ်၊ တစ်နေ့ကျရင် မင်းကို အဲဒီ ကိစ္စအကြော ငါက ပြောပြနိုင်ပါလိမ့်မယ်"

◆ ❖ ◆



## အခန်း နှစ်ဆယ့်တစ်

ဇုရစ်ချ်မြို့၏ လမ်းများပေါ်တွင် ခွကျသည့်ပုံစံအမျိုးမျိုးရှိနေသော နာနာ ဘာဝနှင့် တူသည့် သတ္တဝါများ ပြည့်နှက်နေသည်။ ၎င်းတို့၏ မျက်လုံးများက သေးငယ်ကြပြီး အသားအရေမှာ ငါးကို ရေနွေးနှင့်ပြုတ်ထားသည့် အရောင်မျိုး ရှိနေကြသည်။ ကိုယ်ခန္ဓာများမှာ အလွန်ကြီးမားပြီး ပုံပျက်ပန်းပျက် ဖြစ်နေသော ဘီလူးများပင်တည်း။ သူတို့သည် အသားစားသော သတ္တဝါများ ဖြစ်ကြပြီး ၎င်းတို့၏ ကိုယ်ခန္ဓာမှ ပေါ်ထွက်နေသည့် ပုပ်အဲ့အဲ့အနံ့ကို သူရွံမုန်းသည်။ တချို့သော ကုတ္တိုလိပ်များသည် သူတို့ သတ်ဖြတ်လိုက်သော သတ္တဝါများ၏ အကြွင်းအကျန်များ ဖြစ်ကြသော တိရစ္ဆာန်သားရေများကို ဝတ်ဆင်ထားကြသည်။

သူသည် သူ၏လုပ်ဖော်ကိုင်ဖက်များအား အသက်ဇီဝိန် လွင့်ထွက်သွား အောင် ဖြစ်ပေါ်စေခဲ့သည့် အလွန် ဆိုးရွားသော မတော်တဆ ဖြစ်မှုကြောင့် သူ သွေးလန့်နေဆဲ ဖြစ်သည်။

သူသည် ကမ္ဘာမြေပေါ်၌ ရောက်ရှိနေခဲ့သည်မှာ 'လ'ဟု ကမ္ဘာသူ ကမ္ဘာ သားတို့က ခေါ်ဝေါ်နေသောအရာက ကမ္ဘာကို လေးကြိမ်ပင် ပတ်ခဲ့ပြီးလေပြီ။ ထိုအတောအတွင်း သူသည် ဘာကိုမှ မစားမသောက်ခဲ့ရသေးချေ။

ထိုအမျိုးသမီးသည် ရေဆာလွန်းသောကြောင့် သတိလစ်မလိုလို ဖြစ်နေ သည်။ သူ သောက်နိုင်သည့်ရေမှာ လယ်သမား၏ နွားစားခွက်ထဲမှ သန့်ရှင်း လတ်ဆတ်သော မိုးရေများသာ ဖြစ်သည်။ ပြီးတော့လည်း သူ ရောက်ရှိလာ သည့်ညမှစ၍ ယခုအချိန်အထိ မိုးမရွာသေးပါ။ ကမ္ဘာပေါ်ရှိ အခြား ရေများကို သူ သောက်၍ မရပါ။

ထိုအမျိုးသမီးသည် အခြား ကမ္ဘာသားများ၏ ကျွေးမွေးစားသောက်ရာ နေရာသို့ သွားရောက်ခဲ့သေးသော်လည်း အနံ့အသက်များကို ခံနိုင်စွမ်း မရှိပါ။ ထိုအမျိုးသမီးသည် လူသားတို့၏ ဟင်းသီးဟင်းရွက် အစိမ်းများကို စားရန် ကြိုးစားခဲ့သော်လည်း ထိုဟင်းသီးဟင်းရွက်နှင့် သစ်သီးများသည် အရသာ မရှိ ပါ။ သူတို့၏ ဇာတိဌာနၶ၌ရှိသော အရည်ရွှမ်းသည့် အစားအသောက်များနှင့် လုံးဝ မတူပါ။

သူ့ကို 'ကျက်သရေရှိသူ' ဟု အများက ခေါ်ဝေါ်ကြသည်။

သူသည် အရောင်တောက်နေသော မျက်လုံးစိမ်းကြီးများနှင့် အနုပ်ရှည် သူဖြစ်ပြီး နန်းဆန်သူ၊ ချောမောလှပသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူသည် ပျက်ကျသောနေရာမှ ထွက်ခွာလာချိန်ကစ၍ ကမ္ဘာသူတစ်ယောက်၏ ပုံစံကို ဖန်တီးထားခဲ့သည်။ သူသည် သူ့ကို သတိပြု မခံရဘဲ လူကြားထဲမှ လျှောက်ထွက်လာနိုင်ခဲ့သည်။

သူသည် စားပွဲတစ်လုံးတွင် နေရာယူထားသည်။ လူသားတို့၏ ခန္ဓာကိုယ်အတွက် တည်ဆောက်ထားသော မသက်မသာရှိလှသည့် မာကျောသော ကုလားထိုင်ပေါ်တွင်ထိုင်ရင်း သူ့ပတ်ပတ်လည်မှ သတ္တဝါများ၏ အတွင်းစိတ်ထိုသူ့စိတ်နှင့် အကဲခတ်နေသည်။

သူ့အနီးရှိ စားပွဲတစ်လုံးတွင် သတ္တဝါနှစ်ခု ထိုင်နေကြသည်။ တစ်ယောက်က ကျယ်လောင်စွာ ပြောဆိုနေသည်။

“ဖရန့်ဇ်ရေ ဒါက တစ်သက်မှာ တစ်ခါသာ ရမယ့်အခွင့်အရေးပဲ၊ ခင်ဗျားထဖရန့်ငွေ ငါးသောင်းနဲ့ ပါဝင်ဆောင်ရွက်နိုင်မှာဗျ၊ ခင်ဗျားမှာ ဖရန့်ငွေ ငါးသောင်းရှိနေတယ် မဟုတ်လား”

ထိုအမျိုးသမီးက စကားပြောနေသူ၏ဦးနှောက်ထဲမှ အတွေးကို စိတ်နှင့်သင်သိရှိနေလေသည်။

‘လက်ခံလိုက်စမ်းပါ ဝက်ပုပ်ရယ်၊ အဲဒါမှ ကျုပ်အတွက် ကော်မရှင်ရမှာဗျ’

“ရှိပါတယ်၊ ဒါပေမယ့် ကျုပ် မပြောတတ်ဘူး”

‘ငါ့အနေနဲ့ ငါ့မိန်းမဆီက ချေးရမှာကွ’

“ကျုပ်က ခင်ဗျားကို အကျိုးမရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေအတွက် အကြံပေးဖူးလို့လား”

‘ဆုံးဖြတ်လေဗျာ’

“ငွေ သိပ်များတယ်ကွ”

‘ငါ့မိန်းမက ငါ့ကို ဘယ်တော့မှ ပေးမှာ မဟုတ်ဘူး’

“အလားအလာက ဘယ်လိုလဲ၊ သန်းနဲ့ချီပြီးရမယ့်ကိစ္စဗျ”

‘သဘောတူပါတယ်လို့ ပြောတော့လေဗျာ’

“ကောင်းပြီလေ၊ ကျုပ် ပါ,ပါတော့မယ်”

‘အေးလေ၊ ငါက အမျိုးသမီးရဲ့ လက်ဝတ်လက်စားအချို့ကို ရောင်းပစ်နိုင်တာပဲ’

‘ငါ သူ့ကိုပိုင်ပြီ’

“ခင်ဗျား ဘယ်တော့မှ ဝမ်းနည်းရမှာ မဟုတ်ဘူး ဖရန့်ဇ်ရေ”

‘အခွန်ပေးရလို့ ရှုံးတာကိုတော့ သူ လက်ခံရမှာပါ’

ကျက်သေရှိသူသည် သည်လို ဆွေးနွေးပြောဆိုချက်များ၏ အနက်အဓိပ္ပာယ်ကို မသိရှာပါ။

စားသောက်ဆိုင်၏ ဟိုဘက် အစွန်တွင် အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ စားပွဲတစ်လုံးတွင် ထိုင်နေကြသည်။ သူတို့က အသံတိုးတိုးနှင့် စကားပြောနေကြ၏။ ကျက်သရေရှိသူက စိတ်နှင့်ပင် နားစွင့်၍ နားထောင်လိုက်သည်။

“ဘုရား ဘုရား၊ မင်းက ဘယ်လိုလုပ်ပြီး ကိုယ်ဝန်ရှိတာလဲကွာ”

သူ့စိတ်ထဲကမူ -

‘မင်း တော်တော်ညံ့တဲ့ ခွေးမပဲ’





“ကျွန်မက ဘယ်လိုနည်းနဲ့ ကိုယ်ဝန်ရှိလာရမှာလဲ”

‘ရှင့်ကြောင့်ပဲပေါ့’

“မင်းက အဲဒါနဲ့ပတ်သက်ပြီး ဘာလုပ်မှာလဲ တီနာ”

‘မင်း အဲဒီ ကိုယ်ဝန်ကို ဖျက်ချမှ ဖြစ်မယ်’

“ကျွန်မ ဘာလုပ်လိမ့်မယ်လို့ ရှင်မျှော်လင့်ထားသလဲ၊ ရှင်က ပြောတော့ ရှင့်မိန်းမကို ကျွန်မအကြောင်း ပြောပြလိုက်တော့မယ်ဆို”

‘ရှင်ဟာ တော်တော်ညာတဲ့ လူယုတ်မာပဲ’

“ပြောမလို့ပါပဲ အချစ်ရယ်၊ ဒါပေမယ့် အချိန်မကျသေးဘူး”

‘မင်းနဲ့ပတ်သက်ရတာ ငါ တော်တော်မိုက်လို့ပဲ၊ မင်းဟာ ပြဿနာ ဆိုတာကို ငါ စောစောကတည်းက သိဖို့ကောင်းတယ်’

“ကျွန်မအတွက်လည်း တော်တော်ကံဆိုးတာပဲ၊ ရှင်က ကျွန်မကို ချစ်တယ်လို့တောင် မထင်ဘူး”

‘ကျွန်မကို ချစ်တယ်လို့ ပြောစမ်းပါရှင်’

“အေးပါ၊ ကိုယ် မင်းကိုချစ်ပါတယ်၊ ကိုယ့်မိန်းမက ခုအချိန်မှာ တော်တော်တလေး ဒုက္ခသုက္ခ ရောက်နေလို့ပါ”

‘ငါက သူ့ကို လက်မလွှတ်နိုင်ဘူး’

“ကျွန်မလည်း ခုလောလောဆယ်မှာ ဒုက္ခသုက္ခရောက်နေတာပါပဲ၊ ရှင် နားမလည်ဘူးလား၊ ကျွန်မက ရှင့်ကလေးကို လွယ်ထားရတယ်လေ”

‘ရှင်က ကျွန်မကို လက်ထပ်ရလိမ့်မယ်’

ထိုအမျိုးသမီး၏ မျက်လုံးထဲမှ ရေများ ထွက်ကျလာသည်။

“ကိုယ့်ကိုယ်ကိုယ် ထိန်းစမ်းပါ အချစ်ရယ်၊ အစစအရာရာ အဆင်ပြေရစေမယ်လို့ ကိုယ်ပြောပါရစေ။ ဒီကလေးကို မင်း လိုချင်သလို ကိုယ်ကလည်း လိုချင်ပါတယ်”

‘သူ့ကို ပဋိသန္ဓေ ဖျက်ချအောင် စည်းရုံးရလိမ့်မယ်’

သူတို့နှင့်ယှဉ်နေသော စားပွဲတွင် အမျိုးသားတစ်ယောက်တည်း ထိုင်နေသည်။

‘သူတို့က ငါ့ကို ကတိပေးထားတယ်။ မြင်းပွဲကို ကြိုပြီးတော့ စည်းဝါးရိုက်ပြီးသားတဲ့၊ ငါ့အနေနဲ့ မရှုံးနိုင်ဘူးလို့ ပြောကြတယ်။ ငါကလည်း အရူး တစ်ယောက်လို ရှိရှိသမျှ ပိုက်ဆံ အားလုံးကို သူတို့ကို ပေးလိုက်မိတယ်။ စာရင်းစစ်တွေ မလာခင် ငါက ငွေတွေ ပြန်ထည့်နိုင်မယ့် နည်းလမ်းကို ရှာရမယ်။ သူတို့က ငါ့ကို ထောင်ချမယ်ဆိုရင် ငါ လုံးဝ ခံနိုင်မှာ မဟုတ်ဘူး။ ငါကိုယ့်ငါ အရင်သတ်မိလိမ့်မယ်။ ငါကိုယ့်ငါ သတ်သေမယ်လို့ ငါ ဘုရားမှာ သစ္စာဆိုပါတယ်’

နောက် စားပွဲတစ်လုံးတွင်မူ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့သည် ငြင်းခုံနေကြသည်။

“အဲဒါမျိုး လုံးဝ မဟုတ်ရပါဘူးကွာ။ တောင်ပေါ်မှာ ကိုယ့်ရဲ့သစ်သားအိမ်ကလေးတစ်လုံး ရှိနေတယ်။ မင်းအနေနဲ့ ရက်သတ္တပတ် နားရက်မှာ အဲဒီမှာ အပန်းဖြေရင် ကောင်းမလားလို့ပါကွာ”

သူ့စိတ်ထဲကမူ - ‘မင်းအနေနဲ့ ကိုယ့်အိပ်ရာထဲမှာ တစ်ချိန်လုံး [illegible] နေရမှာ’ ဟု တွေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မကတော့ ဘာမှ မပြောတတ်တော့ဘူး ကလေးဒီ၊ ကျွန်မက ဘယ်ယောက်ျားနဲ့မှ တခြားကို သွားဖူးတာ မဟုတ်ဘူး"

သူ့စိတ်ထဲကမူ -

'အဲဒါကို သူ ယုံပုံမလား မသိဘူး' ဟု တွေးနေသည်။

"အေးပါ၊ ဒီကိစ္စက လိင်ကိစ္စ မဟုတ်ပါဘူးကွာ။ မင်းက အနားယူချင်တယ်ဆိုလို့ ကိုယ်က အိမ်ကလေးအကြောင်း တွေးမိတာပါ။ မင်းက ကိုယ့်ကို အစ်ကိုကြီးတစ်ယောက်လို သဘောထားနိုင်ပါတယ်"

သူ့စိတ်ထဲကမူ -

'ဘဂ်လားမောင်နှမလို ချစ်ကြတာပေါ့' ဟု တွေးလိုက်မိသည်။

ထိုပုဂ္ဂိုလ် အမျိုးမျိုးသည် ဘာသာစကားအမျိုးမျိုးနှင့် စကားပြောဆိုနေကြခြင်း ဖြစ်ကြောင်း ကျက်သရေရှိသူက သတိမထားမိပါ။ အဘယ်ကြောင့်ဆိုသော် သူသည် အဆိုပါ ဘာသာစကား အားလုံးကို သူ၏သိစိတ်မှတစ်ဆင့် မည်သည့်အကြောင်းအရာများအား ပြောဆိုနေကြောင်း သိရှိနိုင်စွမ်း ရှိနေသောကြောင့်ပင် ဖြစ်သည်။

'ငါ့အနေနဲ့ မိခင်အာကာသယာဉ်ကြီးနဲ့ အဆက်အသွယ် လုပ်လို့ရတဲ့နည်းကိုရှာမှ ဖြစ်မယ်' ဟု ကျက်သရေရှိသူက တွေးလိုက်သည်။

သူသည် လက်နှင့် ကိုင်ထားနိုင်သော ငွေရောင် အသံလွှင့်စက် အသေးကလေးကို ထုတ်ယူလိုက်၏။ ထိုပစ္စည်းမှာ ခွဲခြမ်းထားသော အာရုံကြောကွန်ရက်စနစ် ဖြစ်သည်။ တစ်ခြမ်းတွင် အသက်ရှိသော အော်ဂင်းနစ်ပစ္စည်းများ ပါဝင်ပြီး အခြားတစ်ဖက်တွင် အခြား နဂါးငွေ့တန်းမှ သတ္တုဓာတ်ပေါင်း တစ်ခု ပါဝင်သည်။ အသက်ရှိသော အော်ဂင်းနစ်ပစ္စည်းများတွင် ကလာပ်စည်းတစ်ခုသာပါသည့် ကလာပ်စည်းကလေးပေါင်း ထောင်ပေါင်းများစွာ ပါဝင်နေသည်။ ထိုကလာပ်စည်းများ သေဆုံးသွားချိန်တွင် အခြား ကလာပ်စည်းများက ဆက်လက်၍ ပွားများနေမည် ဖြစ်သောကြောင့် ဆက်သွယ်မှုကို အမြဲမပြတ် ဖြစ်ပေါ်နေစေမည် ဖြစ်ပါ၏။

ကံဆိုးချင်တော့ အဆိုပါ အသံလွှင့် ကိရိယာကို အသက်သွင်းသော ဒီလီသီယမ် ပုံဆောင်ခဲ ကျိုးပဲ့သွားပြီး ပျောက်ဆုံးခဲ့ရသည်။

ကျက်သရေရှိသူက သူ၏အာကာသယာဉ်နှင့် အဆက်အသွယ်ရရန် ကြိုးမမ်းခဲ့သည်။ သို့ရာတွင် အသံလွှင့် ကိရိယာကလေးမှာ အဆိုပါ ဒီလီသီယမ် ပုံဆောင်ခဲ မရှိပါက အသုံးမဝင်ဘဲ ဖြစ်နေသည်။

ကျက်သရေရှိသူသည် ဆလပ်ရွက်တစ်ရွက်ကို နောက်ထပ် စားသောက်ရန် ကြိုးစားလိုက်သည်။ သို့ရာတွင် အနံ့ကို သူ သည်းမခံနိုင်တော့ပါ။ သူသည် မတ်တတ်ရပ်ပြီး တံခါးဝဆီသို့ စတင်၍ လမ်းလျှောက်တော့သည်။ ငွေကိုင်စာရေးမက သူ့နောက်မှ လှမ်းအော်ပြောလိုက်၏။

"ခဏနေပါဦး ကလေးမ၊ ရှင်က ရှင်စားတဲ့အစားအစာအတွက် ငွေမပေးခဲ့ရသေးဘူး"

"ကျွန်မ ဝမ်းနည်းပါတယ်၊ ဒါပေမယ့် ကျွန်မဆီမှာ ရှင်တို့ သုံးစွဲနေတဲ့ လဲလှယ်မှုဆိုင်ရာ ကြားခံပစ္စည်း မရှိလို့ပါ"

"မင်းက အဲဒီစကားတွေကို ပုလိပ်အာဏာပိုင်တွေဆီမှာ ပြောတာပေါ့ကွာ"





ကျက်သရေရှိသူက ငွေကိုင်စာရေးမ၏ မျက်လုံးထဲသို့ စိုက်ကြည့်လိုက်ပြီး စာရေးမ ပျော့ခွေသွားသည်ကို သူက စောင့်ကြည့်နေလိုက်သည်။

သူသည် ချာခနဲ လှည့်လိုက်ပြီး အစားအစာ ကျွေးမွေးသည့် နေရာမှ ထွက်သွားလေ၏။

'ငါက ပုံဆောင်ခဲကလေးကို တွေ့အောင်ရှာမှ ဖြစ်မယ်၊ သူတို့က ငါ့ဆီက ဆောင်းကို နားစွင့်နေကြတယ်'

ကျက်သရေရှိသူသည် သူ၏အာရုံများကို သမာဓိရအောင် ထူထောင်ထားလိုက်သည်။ သို့ရာတွင် အစစအရာရာသည် မှုန်ဝါးပြီး ပုံပျက်ပန်းပျက် ဖြစ်နေရသည်။ ရေ မရှိပါက သူသည် မကြာမီ သေရတော့မည် ဖြစ်ကြောင်း သူသိပါ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်ဆယ့်နှစ်

*ပဉ္စမနေ့*
*ဘန်းမြို့၊ ဆွစ်ဇာလန်နိုင်ငံ*

ရောဘတ်သည် လမ်းဆုံးနှင့် ရင်ဆိုင်နေရသည်။ သူသည် မားသားရှက်ထံ နာမည်စာရင်း ရရှိရေး အပေါ်တွင် မည်မျှလောက်အထိ အာရုံပြုခဲ့မိသည် သူ သတိမပြုမိခဲ့ပါ။ ပြာဖြစ်သွားပြီဟု ဆိုရပါမည်။ ခြေရာလည်း ပျောက်သွား ခဲ့လေပြီ။

'ငါ မားသားရှက်ရဲ့ အိမ်ခန်းထဲမှာ ရှိနေတုန်းက အဲဒီ စာရင်းကို ရအောင် ယူခဲ့ဖို့ ကောင်းတယ်။ အဲဒီကိစ္စက ငါ့ကို သင်ခန်းစာပေး . . .၊ ဟုတ်တာ

သူဦးနှောက်ထဲ၌ ရှိနေခဲ့သော အတွေးကလေးသည် ဖြုန်းခနဲ ပေါ် တော့သည်။

ဟန်စ်ဘက်ကာမင်က -

'သိပ်ဆိုးတယ်ဗျာ၊ အခြား ခရီးသည်တွေက ပန်းကန်းပြားပုံကို မြင် တဲ့အပြင် အထဲမှာ သေနေတဲ့ သတ္တဝါတွေကို မြင်နေရတဲ့အတွက် စိတ်လှုပ် နေကြတယ်။ ဒါပေမယ့် ဒီအဘိုးကြီးကတော့ ကျုပ်တို့ ဘန်းမြို့ကို မြန်မြန် ရောက်အောင် သွားဖို့လိုတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက မနက်ပိုင်း တက္ကသိုလ်မှာ ပို့ချရမှာ ဖြစ်တဲ့အတွက် ကြိုတင် ပြင်ဆင်ဖို့လိုတယ်' ဟု ပြော သည်။ ထိုအချက်မှာ အလွန် လက်လှမ်းကွာဝေးသည့်ကိစ္စပင် ဖြစ်သည်။

သို့ရာတွင် ရောဘတ်ထံ၌ ထိုအချက်တစ်ချက်သာ ရှိနေသည်။

သူသည် ဘန်းမြို့လေဆိပ်တွင် မော်တော်ကားတစ်စီး ငှားလိုက်ပြီးနော တက္ကသိုလ်ဆီသို့ ဦးတည်၍ ထွက်လာခဲ့၏။

ဘန်းတက္ကသိုလ်တွင် အဆောက်အအုံ တော်တော်များများပါဝင်ပြီး ထ အဆောက်အအုံမှာ ဘေးဘက်၌ အဆောင်နှစ်ဆောင်ပါသော အလွန် ကြီး သည့် လေးထပ်တိုက် အဆောက်အအုံကြီး ဖြစ်သည်။ ခေါင်မိုးပေါ်တွင် အ ကြီးမားသော ကျောက်တုံးလုံးခေါင်းရုပ်ကြီးများနှင့် တန်ဆာဆင်ထားသည်

ရောဘတ်သည် အုပ်ချုပ်ရေးအဆောက်အအုံ၏ ရှေ့ဘက်မှ လှေကား ထစ်များအတိုင်း လျှောက်တက်သွားပြီး ဧည့်ကြိုခန်းထဲသို့ ဝင်လိုက်သည်။ သူ ဘက်ကာမင်က အသိပေးလိုက်သည့် အချက်အလက်များထဲတွင် ထိုပုဂ္ဂိုလ် သည် ဂျာမန်လူမျိုး ဖြစ်သည်။ ပြီးတော့ သူသည် တနင်္လာနေ့တွင် ဟောပြော





ရမည့် ကိစ္စအတွက် ကြိုတင် ပြင်ဆင်နေသည်ဟု သိရသည်။

ကျောင်းသားတစ်ယောက်က သူ့အား အုပ်ချုပ်ရေးအဖွဲ့ရုံးခန်းကို လမ်း ညွှန်လိုက်သည်။

စားပွဲနောက်၌ ထိုင်နေသော အမျိုးသမီးမှာ ခက်ထန်မာကျောလှသည်။ ရိုးရိုးကြီးချုပ်ထားသောဝတ်စုံ၊ အနက်ရောင် ကိုင်းမျက်မှန်နှင့် ဆံပင်ကို ခေါင်း ပေါ်တွင် ထုံးထားသည်။ ရုံးခန်းထဲသို့ ရောဘတ် ဝင်လာချိန်တွင် ထို အမျိုးသမီးက မော့ကြည့်လိုက်၏။

"ကြိုဆိုပါတယ်"

ရောဘတ်က စိစစ်ရေးကတ်ပြားတစ်ခုကို ထုတ်ပြလိုက်သည်။

"အင်တာပိုကပါ၊ ကျုပ်က စုံစမ်းစစ်ဆေးမှုတစ်ခုကို ပြုလုပ်နေပါတယ်၊ ခင်ဗျားရဲ့ ပူးပေါင်းကူညီမှုကို အများကြီး လိုလားပါတယ် မစ္စ"

"ဖရောရှရိုက်တပါ။ ဘယ်လို စုံစမ်းစစ်ဆေးရေးပါလိမ့်"

"ကျုပ်က ပရိုဖက်ဆာ တစ်ယောက်ကို လိုက်ရှာနေပါတယ်"

အမျိုးသမီးက မျက်မှောင်ကုတ်လိုက်၏။

"သူ့နာမည်က"

"ကျုပ် မသိဘူး"

"ရှင်က သူ့နာမည်ကို မသိဘူးလား"

"မသိပါဘူး၊ သူက ဧည့်သည်ပရိုဖက်ဆာပါ၊ လွန်ခဲ့တဲ့ နှစ်ရက်သုံးရက်က သူ ဒီမှာလာပြီး ပို့ချသွားပါတယ်၊ တနင်္လာနေ့ကပေါ့"

"ဧည့်သည် ပရိုဖက်ဆာတွေဟာ ဒီကို နေ့တိုင်းလာပြီး ပို့ချလေ့ရှိပါတယ်။ သူက ဘာကို အထူးပြုသလဲ"

"ခင်ဗျာ"

"သူက ဘယ် ဘာသာရပ်ကို သင်ကြားပို့ချသလဲ"

သူ့လေသံက စိတ်မရှည်တော့သည့်လေသံမျိုး ဖြစ်လာသည်။

"ကျုပ် မသိဘူး"

အမျိုးသမီးက စိတ်ပျက်သည့်အမူအရာကို ထင်ထင်ရှားရှားကြီး ပြသ လိုက်သည်။

"ရှင့်ကို ကျွန်မ မကူညီနိုင်ဘူး၊ ကျွန်မက ခုလို တောမရောက် တောင်မ ရောက် မေးခွန်းမျိုးတွေ အတွက်တော့ အချိန် မပေးနိုင်ဘူး"

သူက ပြန်လှည့်စပြုသည်။

"အိုး . . . အခုကိစ္စက တောမရောက် တောင်မရောက် ကိစ္စ မဟုတ်ရ ပါဘူးဗျာ"

သူက ရှေ့သို့ ငုံ့၍ တိုးတိုးကလေး ပြောလိုက်သည်။

"ခင်ဗျားကိုတော့ ယုံယုံကြည်ကြည်နဲ့ ဖွင့်ပြောပါ့မယ်၊ ကျုပ်တို့ လိုက်ရှာ နေတဲ့ ပရိုဖက်ဆာက ပြည့်တန်ဆာဂိုဏ်း တစ်ဂိုဏ်းနဲ့ ပါဝင်ပတ်သက်နေတယ်"

ဖရောရှရိုက်တာ၏ နှုတ်ခမ်းကလေး ဗိုင်းစက်သွားသည်။

"အင်တာပိုက သူ့နောက်ကို လိုက်နေတာ လနဲ့ချီနေပြီ၊ အခု ကျုပ်တို့ ရထားတဲ့ သတင်းအချက်အလက်တွေကတော့ သူဟာ ဂျာမန်လူမျိုးဖြစ်တယ်၊ သူဟာ ဒီလ ဆယ့်ငါးရက်နေ့တုန်းက ဒီမှာ သင်ကြားပို့ချသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com


သူက ကိုယ်ကို ပြန်မတ်လိုက်၏။

"ခင်ဗျားက မကူညီချင်ဘူးဆိုရင် ကျုပ်တို့က တက္ကသိုလ်ကို တရားဝင် စုံစမ်းစစ်ဆေးမှု လုပ်နိုင်တယ်၊ အေးလေ - ဟိုလေးတကျော်ဖြစ် . . ."

"မလုပ်ပါနဲ့ရှင်၊ မလုပ်လိုက်ပါနဲ့"

သူက ပြောလိုက်၏။

"ဒီလို ကိစ္စမျိုးမှာ တက္ကသိုလ်ကြီးနဲ့ မပတ်သက်ပါရစေနဲ့ရှင်"

သူက သောကဖြစ်သွားပုံရသည်။

"သူ ဒီမှာလာပြီး ပွဲချသွားတယ်လို့ ရှင် ပြောတယ်နော်၊ ဘယ်နေ့ကလဲ"

"၁၅ ရက်၊ တနင်္လာနေ့"

ဖရောရှရိုက်ဗာသည် မတ်တတ်ရပ်ပြီး ဖိုင်တွဲများထည့်သော ဗီရိုဆီသို့ လျှောက်သွားလေ၏။ သူက ဆွဲဖွင့်လိုက်ပြီး စာရွက်များကို လှန်လှောကြည့်ရှုနေသည်။ သူသည် စာတွဲတစ်ခုမှ စာရွက်အတော်များများကို ဆွဲထုတ်လိုက်သည်။

"ဟောဒီမှာရှင့်၊ ဆယ့်ငါးရက်နေ့တုန်းက လာရောက်ပွဲချသွားတဲ့ ဧည့်ပရိုဖက်ဆာ သုံးယောက်ရှိတယ်"

"ကျုပ်သိချင်တဲ့လူက ဂျာမန်လူမျိုးပဲ"

"သူတို့ အားလုံးဟာ ဂျာမန်လူမျိုးတွေချည်းပဲ ရှင့်"

ဖရောရှရိုက်ဗာက ခပ်မာမာ ပြောလိုက်သည်။ သူသည် လက်ထဲမှ စာရွက်တွေကို ဟိုရွှေ့ဒီရွှေ့ လုပ်လိုက်၏။

"တစ်ယောက်က ဘောဂဗေဒ၊ တစ်ယောက်က ဓာတုဗေဒ၊ တစ်ယောက်က စိတ်ပညာ"

"ကျုပ် အဲဒါ တွေကို ကြည့်ပါရစေ"

သူက အင်တင်တင်နှင့် ရောဘတ်ထံ စာရွက်များကို ကမ်းပေးလိုက်၏။

ရောဘတ်က စာရွက်များကို လေ့လာလိုက်သည်။ စာရွက်တိုင်းတွင် နာမည်၊ အိမ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်တို့ ပါရှိသည်ကို တွေ့လိုက်ရသည်။

"ရှင် လိုချင်တယ်ဆိုရင် ဒါတွေကို ကျွန်မက မိတ္တူကူးစက်နဲ့ ကူးပေးနိုင်ပါတယ်"

"တော်ပါပြီ၊ ကျေးဇူးတင်ပါတယ်"

သူသည် နာမည်များနှင့် နံပါတ်တို့ကို စိတ်ထဲက အလွတ်ကျက်မှတ်ပြီး ဖြစ်သွားလေပြီ။

"ဒီလူတွေက ကျုပ် လိုက်ရှာနေတဲ့လူတွေ မဟုတ်ပါဘူး"

ဖရောရှရိုက်ဗာက စိတ်သက်သာရာ ရသွားပြီး သက်ပြင်းကလေး ချလိုက်သည်။

"အေးလေ၊ အဲဒါအတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ် ရှင်၊ ပြည့်တန်ဆာလုပ်ငန်းတဲ့၊ ကျွန်မတို့က အဲဒါမျိုးနဲ့ ဘယ်တော့မှ မပတ်သက်ပါဘူးရှင်"

"ဘာမဟုတ်တဲ့ကိစ္စနဲ့ ခင်ဗျားကို ဒုက္ခပေးမိတဲ့အတွက် ဝမ်းနည်းပါတယ်"

ရောဘတ်သည် ပြန်ထွက်လာပြီး မြို့ထဲတွင်ရှိသော တယ်လီဖုန်းရုံတစ်ခုသို့ အပြေးအလွှား သွားရောက်တော့သည်။

ပထမဦးဆုံး ဘာလင်သို့ တယ်လီဖုန်းဆက်လိုက်သည်။

"ပရိုဖက်ဆာ စထရူဗီလ်ပါလား"

"ဟုတ်ပါတယ်"

"အခုပြောတာ ဆန်းရှိုင်းတိုး ဘတ်စ်ကားကုမ္ပဏီကပါ၊ ခင်ဗျား လွန်ခဲ့တဲ့ ...ရက်နေ့နေ့က ဆွစ်ဇာလန်နိုင်ငံမှာ ကျုပ်တို့ဘတ်စ်ကားနဲ့ ခရီးသွားရင်း မျက်မှန် ...လက် ကျန်ရစ်ခဲ့ပါတယ်"

"ခင်ဗျား ဘာတွေ ပြောနေသလဲဆိုတာ ကျုပ် မသိဘူး"

သူက စိတ်အနှောင့်အယှက် ဖြစ်နေပုံရသည်။

"၁၄ ရက်နေ့တုန်းက ခင်ဗျား ဆွစ်ဇာလန်မှာရှိနေခဲ့တယ် မဟုတ်လား ...ဖက်ဆာ"

"မဟုတ်ဘူး၊ ၁၅ ရက်နေ့က ဘန်းတက္ကသိုလ်မှာ သင်ကြားပွဲချဖို့ . . ."

"ခင်ဗျားက ဘတ်စ်ကားနဲ့ ခရီးမထွက်ခဲ့ဘူးလား"

"ကျုပ်က အဲဒီလို ပေါကြောင်ကြောင်ကိစ္စအတွက် အချိန်မရှိဘူး၊ ကျုပ်က ...အလုပ်များတယ်"

ထို့နောက် ပရိုဖက်ဆာက ပြန်ချသွားတော့သည်။

ဒုတိယ ဆက်သွယ်သောနေရာမှာ ဟမ်းဘတ်မြို့ပင် ဖြစ်သည်။

"ပရိုဖက်ဆာ ဟိန်းရစ်ချ်ပါလား"

"ခုပြောနေတာ ပရိုဖက်ဆာ ဟိန်းရစ်ချ်ပါ"

"ခုပြောတာ ဆန်းရှိုင်းတိုး ဘတ်စ်ကားကုမ္ပဏီကပါ၊ ဒီလ ၁၄ ရက်နေ့တုန်း... ခင်ဗျား ဆွစ်ဇာလန်နိုင်ငံမှာ ရှိနေခဲ့ပါသလား"

"ခင်ဗျားက ဘာသိချင်သလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဘတ်စ်ကားပေါ်မှာ ခင်ဗျားရဲ့ လက်ဆွဲအိတ် ...တ္တာတစ်လုံး တွေ့ခဲ့ရပါတယ်၊ ပြီးတော့လည်း . . ."

"ခင်ဗျား လူမှားနေပြီ၊ ကျုပ် ဘယ်ဘတ်စ်ကားကိုမှ မစီးခဲ့ပါဘူး"

"ကျုပ်တို့ကုမ္ပဏီက ဂျုန်းဖရောကိုပို့ပေးတဲ့ ခရီးစဉ်မှာ ခင်ဗျား မလိုက်ခဲ့ဘူး ...ဟုတ်လား"

"မလိုက်ပါဘူးလို့ ခင်ဗျားကို ကျုပ် ပြောခဲ့ပြီးပြီပဲ"

"ခင်ဗျားကို နှောင့်ယှက်ရတဲ့အတွက် ဝမ်းနည်းပါတယ်"

တတိယအနေနှင့် မြူးနစ်မြို့သို့ ဖုန်းဆက်လိုက်သည်။

"ပရိုဖက်ဆာ အော်တိုရှမစ်လား"

"ဟုတ်ပါတယ်"

"ပရိုဖက်ဆာ ရှမစ်၊ ခုပြောတာ ဆန်းရှိုင်းတိုး ဘတ်စ်ကားကုမ္ပဏီပါ၊ ...ခဲ့တဲ့ သုံးလေးရက်က ဘတ်စ်ကားပေါ်မှာ ခင်ဗျား မေ့ကျန်ခဲ့တဲ့ မျက်မှန်တစ်...က်ကို ရှာတွေ့ထားပါတယ်၊ ပြီးတော့လည်း . . ."

"မှားနေပြီထင်တယ်"

ရောဘတ် စိတ်ဓာတ်ကျသွားသည်။ သူ့အနေနှင့် လမ်းပျောက်သွားလေ... သူ့အနေနှင့် ဆက်စုံစမ်းစရာ မရှိတော့ပါ။ ထိုအသံက ဆက်ပြောပြန်သည်။

"ကျုပ်မျက်မှန်က ဒီမှာ ရှိနေပါတယ်၊ ကျုပ် မျက်မှန် မပျောက်ပါဘူး"

ရောဘတ် စိတ်ဓာတ် ပြန်တက်လာသည်။

"သေချာပါရဲ့လား ပရိုဖက်ဆာ၊ ၁၄ ရက်နေ့တုန်းက ဂျုန်းဖရောင်း လိုက်...တဲ့ ခရီးစဉ်မှာ ခင်ဗျားလည်း ပါခဲ့တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ် ဘာမှ မပျောက်ပါဘူး ခင်ဗျားကို ပြောခဲ့ပြီးပြီပဲ"

"ကျေးဇူး အထူးတင်ပါတယ် ပရိုဖက်ဆာ"

ရောဘတ်က စကားပြောခွက်ကို ပြန်ချလိုက်၏။

တည့်တည့်ကြီးကို တိုးတာပဲ။ ရောဘတ်က နံပါတ်တစ်ခုကို ထပ်လှည့်လိုက်ရာ သူသည် နှစ်မိနစ်အတွင်း ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်နှင့် စကားပြော ရလေတော့သည်။ ရောဘတ်က ပြောလိုက်၏။

"ကျွန်တော့်အနေနဲ့ အချက်နှစ်ချက် သတင်းပို့ဖို့ ရှိပါတယ်၊ လန်ဒန်မှာ ရှိတယ်လို့ ကျွန်တော် အစီရင်ခံခဲ့တဲ့ သက်သေတွေရဲ့ကိစ္စပါ"

"ဆိုပါဦး"

"သူ လွန်ခဲ့တဲ့ ညတုန်းက မီးလောင်မှုဖြစ်ပွားပြီး သေဆုံးသွားပါတယ်"

"တကယ်ပဲလား၊ သိပ် ဆိုးရွားတာပေါ့ကွာ"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော်က နောက် သက်သေတစ်ယောက်ကို ရှာတွေ့ပြီလို့ ယူဆပါတယ်၊ ကျွန်တော်က သူ့ကို စိစစ်ပြီးတာနဲ့ တစ်ပြိုင်နက် ဆရာ့ဆီ သတင်းပို့ပါ့မယ်"

"မင်းဆီက သတင်းကို မျှော်နေမယ် ကွန်မန်ဒါ"

ဂျင်နရယ် ဟီးလီးယဒ်က ဂျေးနပ်စ်ထံ သတင်းပို့လိုက်သည်။

"ကွန်မန်ဒါ ဘယ်လာမီက နောက် သက်သေတစ်ယောက်ကို ရှာတွေ့ထားပါပြီ"

"ကောင်းတယ်၊ ကျုပ်တို့ ဗုပ်စုက နေမထိ ထိုင်မသာ ဖြစ်နေကြတာ အက်စ်ဗီအိုင်ကို အသုံးပြုနိုင်တဲ့ အနေအထား မရောက်သေးခင် ဗီသတင်း ပေါ်ထွက်လာမှာကို အားလုံးက စိတ်ပူနေကြတာ"

"ခင်ဗျားအတွက် သတင်းအချက်အလက်တွေ ကျွန်တော် ထပ်ပေးပါ့မယ်"

"ကျုပ်က သတင်းအချက်အလက်တွေကို မလိုချင်ဘူး၊ ရလဒ်ကိုပဲ လိုချင်တယ်"

"ကောင်းပါပြီ ဂျေးနပ်စ်"

မြူးနစ်ချ်မြို့ရှိ ပလတ်တင်စထရက်ဆီးလမ်းသည် အညိုရောင်ကျောက်တုံးများနှင့် ဆောက်ထားသည့် တိုက်အိမ်များ စုစုဝေးဝေး ရှိနေသော တိတ်ဆိတ်ငြိမ်သက်သည့် လူနေရပ်ကွက်မှ လမ်းတစ်လမ်း ဖြစ်သည်။

အမှတ် (၅) သည် ပတ်ဝန်းကျင်ရှိ အိမ်များနှင့် ဆင်တူသည်။ ဆင်ဝင် အတွင်းဘက်တွင် စာတိုက်သေတ္တာကလေးများ တသီတတန်းကြီး ရှိနေသည်။ စာတိုက်သေတ္တာကလေးတစ်ခု အောက်ဘက်မှ ကတ်ပြားကလေးပေါ်တွင် ပရိုဖက်ဆာ အော်တိုရှုမစ် ဟု ရေးထားသည်။

ရောဘတ်က လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်၏။

အိမ်ခန်းတံခါးကို အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး အမျိုးသားတစ်ယောက်က လာဖွင့်ပေးသည်၊ သူသည် အစုတ်စုတ် အပြတ်ပြတ် ဖြစ်နေသော ဆွယ်တာကို ဝတ်ဆင်ထားပြီး ဆေးတံသောက်နေသည်။

ရောဘတ်က သူသည် ပရိုဖက်ဆာ တစ်ယောက်၏ ပုံပန်းသဏ္ဌာန်မျိုး ဖြစ်အောင် တမင် ဂိုက်ဖမ်းနေလေသလား သို့တည်းမဟုတ် ထိုပုံပန်းသဏ္ဌာန် တပင် သူ့ကို ဖမ်းစားထားလေသလားဟု တွေးလိုက်မိသည်။

"ပရိုဖက်ဆာ ရှုမစ်လား"

"ဟုတ်ပါတယ်"

"ကျွန်တော် ခင်ဗျားနဲ့ ခဏလောက် စကားပြောချင်ပါတယ်၊ ကျွန်တော် တ . . ."

ပရိုဖက်ဆာ ရှုမစ်က ပြောလိုက်၏။

"ကျုပ်တို့ စကားပြောပြီးကြပြီ၊ ဒီကနေ့မနက် ဖုန်းဆက်တာ ခင်ဗျားပဲ၊ ကျုပ်ဟာ အသံကို မှတ်မိတဲ့နေရာမှာ သိပ်ကျွမ်းကျင်တဲ့လူပါ။ ဝင်ခဲ့လေ"

"ကျေးဇူးတင်ပါတယ်"

ရောဘတ်က ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။ နံရံများပေါ်တွင် ကြမ်းပြင်မှ မျက်နှာကြက်အထိ စာအုပ်များ အပြည့်အနှက်ရှိနေသော စာအုပ်စင်များ ရှိနေကြသည်။ စာအုပ်တွေကို စားပွဲပေါ်၌၊ ကြမ်းပြင်ပေါ်၌၊ ကုလားထိုင်ပေါ်၌ အနှံ့အပြား တင်ထားသည်။ ဧည့်ခန်းထဲ၌ ရှိနေသည့် ပရိဘောဂ အနည်းငယ်မှာ နောက်မှ သတိရပြီး ထပ်ထည့်ထားသလို ဖြစ်နေသည်။

"ခင်ဗျားဟာ ဆွစ်ဇာလန်နိုင်ငံမှာရှိတဲ့ ဘယ်ဘတ်စ်ကားကုမ္ပဏီကမှ မဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား"

"အဲ . . . ကျုပ်က . . ."

"ခင်ဗျားက အမေရိကန်ပဲ"

"ဟုတ်ပါတယ်"

"ဖြီးတော့လည်း အခုလိုလာတဲ့ကိစ္စဟာ မပျောက်ဆုံးခဲ့တဲ့ ကျုပ်ရဲ့မျက်မှန်နဲ့လည်း ဘယ်လိုမှ မပတ်သက်ဘူး မဟုတ်လား"

"အဲ - မဟုတ်ဘူး ခင်ဗျ"

"ခင်ဗျားက ကျုပ် မြင်ခဲ့တဲ့ ယူအက်ဖ်အိုကို စိတ်ဝင်စားနေတာပါ၊ အဲဒါက သိပ်ကို စိတ်ချောက်ချားဖို့ကောင်းတဲ့ အတွေ့အကြုံပါဗျာ၊ အဲဒါတွေ ရှိနိုင်တယ်လို့ ကျုပ် ယုံကြည်ပါတယ်၊ ဒါပေမယ့် အခုလို မြင်တွေ့ရလိမ့်မယ်လို့တော့ ကျုပ် တစ်ခါမှ မတွေးမိဘူး"

"တော်တော် သွေးပျက်စရာကောင်းတဲ့ကိစ္စ ဖြစ်ရမယ်"

"ဟုတ်ပါတယ်"

"ခင်ဗျားက အဲဒီ ယူအက်ဖ်အိုနဲ့ ပတ်သက်ပြီး ပြောပြနိုင်ပါသလားဗျာ"

"အဲဒါ . . . အဲဒါက အသက်ရှိနေသလိုပဲ၊ သူ့ ပတ်ပတ်လည်မှာ အရောင် တလက်လက် တောက်နေတဲ့ အလင်းရောင်ရှိနေတယ်။ အပြာရောင်၊ ဟင့်အင်း- မီးခိုးရောင်ဘက်ကို ပိုနွယ်တယ်၊ ကျုပ် သိပ်မသေချာဘူး"

သူက မနေ့ယ်၏ပြောစကားကို ပြန်သတိရလာသည်။

'အဲဒါက တစ်ချိန်လုံး အရောင်ပြောင်းနေတယ်၊ အပြာရောင်လို့ ထင်ရတယ်၊ နောက်တော့ စိမ်းသွားတယ်။

အဲဒါကြီးက ပေါက်ကွဲပြီး ပွင့်ထွက်နေတယ်၊ အထဲက အလောင်းနှစ်ခုကို







www.burmeseclassic.com

www.burmeseclassic.com

ကျုပ် မြင်နေရတယ်၊ ကိုယ်လုံးကိုယ်ပေါက်ငယ်တယ်၊ မျက်လုံးတွေကတော့ သိပ်ကြီးတယ်၊ သူတို့က ငွေရောင်ဝတ်စုံတစ်မျိုးကို ဝတ်ထားကြတယ်'

"ခရီးသည်တွေနဲ့ ပတ်သက်ပြီး ခင်ဗျားက ဘာများ ပြောနိုင်ပါသလဲ"

"ဘတ်စ်ကားပေါ်မှာ အတူတူစီးခဲ့တဲ့ခရီးသည်တွေကို ပြောတာလား"

"ဟုတ်ပါတယ်"

ပရိုဖက်ဆာကြီးက ပခုံးတွန့်လိုက်၏။

"သူတို့နဲ့ ပတ်သက်ပြီး ကျုပ် ဘာမှ မသိဘူး၊ သူတို့အားလုံး သူစိမ်းတွေပဲ၊ ကျုပ်က နောက်တစ်နေ့ မနက်မှာ ကျုပ် ပို့ချရမယ့်လက်ချာအပေါ်မှာပဲ အာရုံစိုက်နေမိတယ်၊ ကျုပ်က တခြားခရီးသည်တွေကို သတိမထားမိဘူး"

ရောဘတ်က သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း အကဲခတ်နေသည်။

ပရိုဖက်ဆာက ပြောလိုက်၏။

"ခင်ဗျားအတွက် တစ်နည်းတစ်ဖုံ အထောက်အကူဖြစ်မယ်ဆိုရင် ခရီးသည်တချို့ ဘယ်နိုင်ငံက လာကြတယ် ဆိုတာကိုတော့ ကျုပ် ပြောပြနိုင်တယ်၊ ကျုပ်က ဓာတုဗေဒ ဘာသာရပ်ကို သင်ကြားနေရပေမယ့် ဝါသနာအရ သဒ္ဒဗေဒကို လေ့လာခဲ့တယ်"

"ခင်ဗျား မှတ်မိသမျှကို တန်ဖိုးထားပါတယ်"

"အီတာလျံ ဘုန်းတော်ကြီးတစ်ပါး ပါတယ်၊ ဟန်ဂေရီလူမျိုးတစ်ယောက်၊ တက်ဆက်ပြည်နယ်က လေသံနဲ့ အမေရိကန်တစ်ယောက်၊ အင်္ဂလိပ်လူမျိုးတစ်ယောက်၊ ရုရှားအမျိုးသမီးတစ်ယောက်"

"ရုရှား ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူက မော်စကိုက ဟာ မဟုတ်ဘူး၊ သူ့လေသံအရ ကိဗ်မြို့က ဒါမှမဟုတ် အဲဒီမြို့နားက ဖြစ်မယ်လို့ ကျုပ်ထင်တယ်"

ရောဘတ်က ထပ်စောင့်နေသော်လည်း ထပ်မကြားရတော့ပါ။

"သူတို့က သူတို့နာမည်ကို ပြောတာ၊ ဒါမှမဟုတ် အလုပ်အကိုင်နဲ့ ပတ်သက်ပြီး ပြောတာတွေကို ခင်ဗျား ဘာတစ်ခုမှ မကြားခဲ့ရဘူးလား"

"ကျုပ် ဝမ်းနည်းပါတယ်၊ ကျုပ်က ပို့ချမယ့်လက်ချာအတွက် စဉ်းစားနေခဲ့ပါတယ်လို့ ခင်ဗျားကို ပြောခဲ့ပြီးပြီပဲ၊ သမာဓိရဖို့ သိပ်ခက်တယ်၊ တက်ဆက်ပြည်နယ်သားနဲ့ ဘုန်းတော်ကြီးတို့က အတူတူထိုင်ကြတယ်၊ တက်ဆက်ပြည်နယ်သားက တစ်ချိန်လုံး စကားပြောနေတယ်၊ တော်တော့်ကို အာရုံ ထွေပြားဖို့ ကောင်းတယ်၊ ဘုန်းတော်ကြီးက ဘယ်လောက် နားလည်မလဲ ဆိုတာကိုတော့ ကျုပ်လည်း မသိဘူး"

"ဘုန်းတော်ကြီးကရော"

"သူကတော့ ရောမမြို့ကလေသံပဲ"

"ခင်ဗျားက တခြားပုဂ္ဂိုလ်တွေအကြောင်း ဘာများပြောပြနိုင်ပါသေးသလဲ"

ပရိုဖက်ဆာက ပခုံးကိုတွန့်လိုက်၏။

"ကျုပ် မပြောပြနိုင်တော့ဘူး"

သူက ဆေးတံကို တစ်ကြိမ် ထပ်ဖွာလိုက်၏။

"ခင်ဗျားကို မကူညီနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်"

ရောဘတ်က ဗြုန်းခနဲ တစ်ခုခုကို တွေးလိုက်မိသည်။





"ခင်ဗျားက ခင်ဗျားကိုယ် ခင်ဗျား ဓာတုဗေဒပညာရှင်လို့ ပြောခဲ့တယ်နော်"

"ဟုတ်ပါတယ်"

"ပရိုဖက်ဆာ၊ ခင်ဗျား တစ်ခုခုကို ကြည့်ရှုပေးဖို့ ဝန်မလေးဘူးဆိုရင် . . ."

ရောဘတ်သည် သူ့အိတ်ထဲသို့ လက်နှိုက်လိုက်ပြီး ဘက်ကာမင်က သူ့အား ပေးခဲ့သော သတ္တုအပိုင်းအစကို ဆွဲထုတ်လိုက်သည်။

"ဒါ ဘာလဲဆိုတာ ခင်ဗျား ပြောနိုင်ပါသလား"

ပရိုဖက်ဆာ ရှုမစ်သည် ထိုပစ္စည်းကို သူ့လက်ထဲသို့ ထည့်လိုက်ပြီးနောက် သူက စစ်ဆေးကြည့်ရှုနေရင်း သူ့အမူအရာက ပြောင်းလဲလာသည်။

"ခင်ဗျားက ဒါကို ဘယ်က ရလာတာလဲ"

"အဲဒါကိုတော့ မပြောနိုင်ပါဘူးဗျာ၊ အဲဒါ ဘာလဲဆိုတာ ခင်ဗျား သိပါသလား"

"အဲဒါက အသံလွှင့်စက်တစ်ခုရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပုံရတယ်"

"ခင်ဗျားဟာက သေချာရဲ့လား"

သူက ထိုပစ္စည်းကလေးကို သူ့လက်ထဲတွင် လှန်လိုက်သည်။

"ဒီပုံဆောင်ခဲဟာ ဒီလီသီယမ်ပဲ၊ အဲဒီသတ္တုက သိပ်ရှားတယ်၊ ဟောဒီက အထစ်ကလေးတွေကို တွေ့သလား။ အဲဒီ အထစ်ကလေးရဲ့ သဘောကတော့ ဒီပစ္စည်းဟာ ပိုကြီးတဲ့ပစ္စည်းတစ်ခုရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပုံရတယ်၊ ဒီသတ္တုကိုယ်တိုင်က . . .၊ မြတ်စွာဘုရား၊ ကျုပ်တော့ ဒီဟာမျိုးကို တစ်ခါမှ မတွေ့ဖူးသေးဘူး"

သူ့လေသံတွင် စိတ်လှုပ်ရှားသည့် အသံများနှင့် ပြည့်နှက်နေသည်။

"ဒီပစ္စည်းကလေး ကျုပ်ကို နှစ်ရက်သုံးရက်လောက် ပေးထားပါလားဗျာ၊ ကျုပ်က အဲဒါကို ရောင်စဉ်ပုံရိုက်ကိရိယာနဲ့ လေ့လာချင်လို့"

ရောဘတ်က -

"အဲဒါကတော့ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်"

"ဒါပေမယ့် . . ."

"ဝမ်းနည်းပါတယ်ဗျာ"

ရောဘတ်က သတ္တုပြားကလေးကို ပြန်ယူလိုက်၏။

ပရိုဖက်ဆာက စိတ်ပျက်သွားမှုကို ဟန်လုပ်ပြီး ထိန်းချုပ်ထားလိုက်သည်။

"အေးလေ၊ ခင်ဗျားက ပြန်ယူလာနိုင်တာပဲ၊ ခင်ဗျားရဲ့လိပ်စာကတ်ပြားကလေးကို ပေးထားခဲ့ပါလား၊ တကယ်လို့ ကျုပ်က တစ်ခုခုကို ထပ်စဉ်းစားမိရင် ခင်ဗျားနဲ့ ဆက်သွယ်မယ်လေ"

ရောဘတ်က သူ့အိတ်ထဲတွင် ခေတ္တမျှ ဟိုရှာဒီရှာ လုပ်လိုက်သည်။

"ကျုပ်ဆီမှာ ကတ်တွေ တစ်ခုမှ ပါလာပုံ မရဘူး"

ပရိုဖက်ဆာ ရှုမစ်က ဖြည်းညင်းစွာ ပြောလိုက်၏။

"ဟုတ်ပါတယ်၊ ပါလာလိမ့်မယ်လို့လည်း ကျုပ်က မထင်ပါဘူး"

"ကွန်မန်ဒါ ဘယ်လာမီ တယ်လီဖုန်းဆက်နေပါတယ်"

ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်က စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

"ပြောပါ ကွန်မန်ဒါ"


www.burmeseclassic.com

www.burmeseclassic.com

"နောက်ဆုံးသက်သေရဲ့ နာမည်က ပရိုဖက်ဆာ ရှမ်စ်ပါ။ သူက ပလတ်တင် စထရက်ဆီးလမ်း၊ အိမ်အမှတ် (၅)၊ မြူးနစ်ချ်မှာ နေပါတယ်"

"ကျေးဇူးတင်ပါတယ် ကွန်မန်ဒါ၊ ဂျာမန်အာဏာပိုင်တွေဆီကို ငါ ချက်ချင်း အကြောင်းကြားလိုက်မယ်"

'အဲဒီလူဟာ ကျွန်တော် ရှာတွေ့နိုင်တဲ့ သက်သေတွေထဲမှာ နောက်ဆုံးသက်သေပဲ' ဟု ပြောမိတော့မလိုလို ဖြစ်နေသည်။ သို့ရာတွင် တစ်စုံတစ်ခုက သူ့ကို တားထားသည်။ သူ၏ မအောင်မြင်မှုကို ဝန်ခံရန် သူ မုန်းတီးပါသည်။

သို့တိုင်အောင် သဲလွန်စတွေမှာ ခန်းခြောက်သွားခဲ့လေပြီ။ တက်ဆတ်ပြည်နယ်သား တစ်ယောက်နှင့် ဘုန်းတော်ကြီးတစ်ပါး။ ဘုန်းတော်ကြီးသည် တစ်သန်းလောက်ရှိသော အခြား ဘုန်းတော်ကြီးများနှင့်အတူ ရောမမြို့၌ ရှိနေသည်။ ပြီးပါပြီ။ ဘုန်းတော်ကြီးကို ရှာဖွေနိုင်မည့် နည်းလမ်းလည်း မရှိပါ။

ရှောဘတ်က တွေးလိုက်၏။

'ငါ့မှာ ရွေးချယ်စရာ နည်းလမ်းတွေ ရှိသားပဲ၊ ငါက လက်လျှော့ပြီး ဝါရှင်တန်ကို ပြန်သွားနိုင်တယ်၊ ဒါမှမဟုတ် ငါက နောက်ဆုံးကြိုးစားတဲ့အနေနဲ့ ရောမကိုသွားပြီး . . . "

ဘုပ်ချုပ်ပုံအခြေခံဥပဒေကို ကာကွယ်မှုပေးသောရုံးချုပ်သည် ဘာလင်မြို့ လယ်ကောင်၌ ရှိနေသည်။ ထိုအဆောက်အအုံသည် ပတ်ဝန်းကျင်ရှိသော အဆောက်အအုံများနှင့် ခွဲခြား၍ မရသော မီးခိုးရောင် သာမန်အဆောက်အအုံကြီးတစ်ခုသာ ဖြစ်သည်။ အတွင်းဘက်တွင်မူ ဒုတိယထပ်ရှိ အစည်းအဝေးခန်းထဲ၌ ထိုဌာန၏ အကြီးအကဲဖြစ်သူ ရဲမှူးအော်တိုကျှိုအာချင်သည် အစီရင်ခံစာတစ်စောင်ကို လေ့လာဖတ်ရှုနေသည်။ သူက နှစ်ကြိမ်ဖတ်ရှုလိုက်၏။

ထို့နောက် စားပွဲပေါ်၌ရှိသော အနီရောင်တယ်လီဖုန်းဆီသို့ လက်လှမ်းလိုက်လေတော့သည်။

**ဆဌမနေ့**

***မြူးနစ်ချ်မြို့၊ ဂျာမနီနိုင်ငံ***

နောက်တစ်နေ့ နံနက်တွင် အော်တိုရှမ်စ်သည် သူ၏ ဓာတုဗေဒ ဓာတ်ခွဲခန်းဆီသို့ လာနေစဉ် ယမန်နေ့ ညနေက အမေရိကန်နှင့် ပြောခဲ့ဆိုခဲ့သော စကားများကို ပြန်စဉ်းစားတွေးတောနေမိသည်။

ထိုသတ္တုသည် မည်သည့်နေရာက ရောက်ရှိလာနိုင်ပါသနည်း။ အလွန်အလွန် အံ့အားသင့်ဖို့ ကောင်းသည်။ သူ တွေ့ဖူးသမျှ အတွေ့အကြုံတွေထက် သာလွန်နေသည်။ ပြီးတော့လည်း အမေရိကန်က သူ့ကို ဦးနှောက်ခြောက်စေခဲ့သည်။ သူက ဘတ်စ်ကားပေါ်မှ ခရီးသည်တွေကို စိတ်ဝင်စားသည်လို့ ပြောခဲ့သည်။ ဘာဖြစ်လို့လဲ။ သူတို့ အားလုံးက ပန်းကန်ပြားပျံကို မြင်ခဲ့သူတွေ ဖြစ်နေခဲ့လို့လား။ သူတို့ အားလုံးကို ဘာမှ မပြောကြဖို့ နှုတ်ပိတ်မှာလား။ ဒါဖြင့်ရင် ဟိုအမေရိကန်လူမျိုးက သူ့ကို ဘာဖြစ်လို့ ကြိုသတိပေးမသွားတာလဲ။ ထူးဆန်းတာ တစ်ခုခုတော့ ဖြစ်ပျက်နေပြီဟု သူ ဆုံးဖြတ်ချက် ချလိုက်သည်။





သူသည် ဓာတ်ခွဲခန်းထဲသို့ ဝင်လိုက်ပြီးနောက် သူ့ကုတ်အင်္ကျီကို ချွတ်ပြီး ချိတ်ထားလိုက်သည်။ သူ့အင်္ကျီအဝတ်အစားများကို ညစ်ပတ်ပေရေမသွားစေရန်အတွက် အပေါ်ဖုံးအဝတ်တစ်ခုကို ထပ်၍ ဝတ်ဆင်လိုက်သည်။

ထို့နောက် သူ ရက်သတ္တုပတ်ပေါင်း များစွာ စမ်းသပ်နေခဲ့သော ဓာတုစမ်းသပ်ချက်ရှိရာ စားပွဲဆီသို့ လျှောက်လာခဲ့လေသည်။

'တကယ်လို့ ဒီကိစ္စသာ အောင်မြင်ခဲ့ရင် ငါ့အတွက် နိုဗယ်ဆုကြီးကိုတောင် ရနိုင်တယ်' ဟု သူ တွေးလိုက်မိသည်။

သူက ပိုးသတ်ထားသောရေ ထည့်ထားသည့်ဖန်ခွက်ကို ကိုင်လိုက်ပြီးနောက် အဝါရောင်အရည်များ ရှိနေသောခွက်ကြီးထဲသို့ လောင်းထည့်လိုက်သည်။

'တော်တော်ထူးဆန်းတာပဲ၊ အဝါရောင်က အဲဒီလောက်အထိ အရောင်ထွက်လိမ့်မယ်လို့ ငါ မထင်မှတ်မိခဲ့ဘူး'

ပေါက်ကွဲသည့် အသံကြီးမှာ ပြင်းထန်လွန်းလေသည်။ ဓာတ်ခွဲခန်းသည် ကြီးမားသော ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည်။ ဖန်ကွဲဖန်စများနှင့် လူ့အသားစိုင်များသည် နံရံများပေါ်တွင် အစိတ်စိတ်အမွှာမွှာ လာ၍ ကပ်နေကြလေတော့သည်။

ချက်ချင်းအကြောင်းကြားချက်

အထူးထိပ်တန်းလျှို့ဝှက်

ဘီအက်ပ်ဗ်ဒီမှ အင်အက်စ်အေ ဒုတိယညွှန်မှူး

ကိုယ်တိုင် ဖတ်ရှုရန် အတွက်သာ၊

**မိတ္တူ တစ်စောင်တည်းသာ**

အကြောင်းအရာ ။ ။ ကမ္ဘာဖျက်စီးမံချက်

လေး - အော်တိုရှမ်စ်။ ရှင်းလင်းပြီးပါပြီ။

အကြောင်းကြားချက် ပြီးပါပြီ။

ရှောဘတ်သည် ပရိုဖက်ဆာ သေဆုံးသည့်သတင်းကို မသိရှိလိုက်ပါ။ သူသည် ရောမသို့အသွား အလီတာလီယာ လေယာဉ်ပျံပေါ်၌ ရှိနေလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်ဆယ့်သုံး

ဒပ်စတင်သွန်တန်သည် ဂနာမငြိမ် ဖြစ်နေသည်။ သူ့တွင် ယခု ဩဇာအာ[illegible]
ရှိနေပြီ။ ထိုကိစ္စက မူးယစ်ဆေးနှင့် တူသည်။ သူက ပို၍ လိုချင်နေသ[illegible]
သူ့ယောက္ခမ ဝီးလီးယဒ်စတုန်းက သူ့ကို လျှို့ဝှက်သော အသိုင်းအဝိုင်းတစ်[illegible]
အတွင်းလူ ဖြစ်စေရမည်ဟု တစ်ချိန်လုံး ကတိပေးနေသော်လည်း ဝီးလီး[illegible]
စတုန်းက ထိုကတိကို ယခုထက်တိ ဖြည့်ဆည်းမပေးဘဲ ရှိနေသည်။

သူ့ယောက္ခမဖြစ်သူ ဝီးလီးယဒ်စတုန်းသည် သောကြာနေ့တိုင်း ပျော[illegible]
ပျောက်သွားတတ်ကြောင်း သူက မတော်တဆ သိခဲ့ရသည်။ သွန်တန်က ဝီး[illegible]
ယဒ်စတုန်းအား သူနှင့်အတူ နေ့လယ်စာ လာစားပါရန် တယ်လီဖုန်း ဆက်လို[illegible]
သည်။

ဝီးလီးယဒ်စတုန်း၏ ကိုယ်ရေးအတွင်းရေးမှူးက ဖြေလိုက်၏။

"ကျွန်မ ဝမ်းနည်းပါတယ်၊ မစ္စတာ စတုန်းဟာ တစ်နေ့တာ ခရီးထွက်သွ[illegible]
ပါတယ်"

"ဟာ သိပ်ဆိုးတာပေါ့၊ နောက် သောကြာနေ့မှာ နေ့လယ်စာစားဖို့ ဆို[illegible]
ကော"

"ကျွန်မ ဝမ်းနည်းပါတယ် မစ္စတာ သွန်တန်၊ မစ္စတာ စတုန်းဟာ နော[illegible]
သောကြာနေ့မှာလည်း အဝေးကို ခရီးထွက်ဖို့ ရှိနေတယ်"

ထူးဆန်းနေသည်။ နောက်ထပ် ရက်သတ္တ နှစ်ပတ်ကြာသောအခါ သွန်[illegible]
က ထပ်ဆက်သွယ်ပြန်၏။ သူသည် တစ်မျိုးတည်းသောအဖြေကို ရရှိပြန်သ[illegible]
ပို၍ပင် ထူးဆန်းနေသည်။

ဒီအဘိုးကြီးဟာ သောကြာနေ့တိုင်း ဘယ်ကို ပျောက်ပျောက်သွားတာလ[illegible]
သူသည် ဂေါက်သီးဝါသနာအိုး မဟုတ်။ သို့တည်းမဟုတ် သူသည် ဝါသ[illegible]
တစ်မျိုးမျိုးကို စွဲစွဲလမ်းလမ်း ကစားမည့်သူလည်း မဟုတ်ပါ။

ရှင်းနေသော အဖြေကတော့ အမျိုးသမီးတစ်ယောက်ပင် ဖြစ်ရမည်[illegible]
ဝီးလီးယဒ်စတုန်း၏ ဇနီးသည် အလွန် အပေါင်းအသင်းဆံ့သူ ဖြစ်သလို အလ[illegible]
လည်း ချမ်းသာသည်။ သူသည် သူ့ခင်ပွန်းကဲ့သို့ ဩဇာအာဏာပြလိုသူ ဖြစ်[illegible]
သူ့ခင်ပွန်းလို ခေါင်းမာသူ ဖြစ်သည်။ သူသည် သူ့ယောကျ်ားက အငယ်အနှော[illegible]
ထားသည်ကို သည်းညည်းခံမည့် အမျိုးသမီး မဟုတ်ပါ။ အကယ်၍ အဘိုးကြီ[illegible]
သည် တစ်ယောက်ယောက်နှင့် တိတ်တိတ်ပုန်း ဖောက်ပြားနေပါက သူ[illegible]
လက်ဆုပ်လက်ကိုင်မိအောင် ဖမ်းထားမည်ဟု သွန်တန်က တွေးလိုက်၏။





သူက ထိုကိစ္စကို သူသိအောင် လုပ်ထားဖို့လိုသည်ဟု တွေးလိုက်သည်။

သူ့ထံတွင် ထောက်လှမ်းရန် နည်းလမ်းများ၊ အထောက်အကူပစ္စည်းများ
[illegible]စုံ ရှိနေသောကြောင့် သူ့ယောက္ခမကြီး ဘာလုပ်နေသည်ကို ဒပ်စတင်သွန်
[illegible] အနေနှင့် လျင်မြန်စွာ သိနိုင်စွမ်း ရှိပါသည်။ သို့ရာတွင် ဒပ်စတင်သွန်တန်
[illegible]ည် လူမိုက် မဟုတ်ပါ။ ခြေလှမ်းတစ်လှမ်းမှားသွားရုံမျှနှင့် သူ့အနေနှင့် အကြီး
[illegible]ယ် ပြဿနာတွေ့နိုင်ကြောင်း သူကောင်းကောင်းကြီး သိပါသည်။ ဝီးလီး
[illegible]စတုန်းသည် သူ့ဘဝလမ်းကြောင်း၌ နှောင့်ယှက်မှုမှန်သမျှကို သည်းခံမည့်
[illegible] မဟုတ်ပါ။ သွန်တန်က ထိုကိစ္စကို သူကိုယ်တိုင် ထောက်လှမ်းစုံစမ်းရန်
[illegible]တ်လိုက်သည်။

နောက် သောကြာနေ့ နံနက် ငါးနာရီတွင် ဒပ်စတင်သွန်တန်သည် ဝီးလီး
[illegible]စတုန်း၏ အလွန် ခမ်းနားသောနေအိမ်ကြီးနှင့် ဘလောက် တစ်ဝက်ခန့်
[illegible]သောနေရာတွင် သာမည ဖို့ဒ်တောရပ်စ် မော်တော်ကားတစ်စီး၏ လက်ကိုင်
[illegible]ခွေနောက်ဘက်၌ ပျော့ခွေပြီး ရှိနေသည်။

ထိုနေ့သည် အလွန် အေးပြီး စိတ်ပျက်စရာကောင်းသည့် မိုးသောက်ချိန်
[illegible]လေရာ သွန်တန်က 'ငါ ဒီမှာ ဘာလာလုပ်နေတာလဲ' ဟု သူ့ကိုယ်သူ
[illegible] မေးခွန်းထုတ်နေမိသည်။ ဝီးလီးယဒ်၏ ထူးဆန်းသော အပြုအမူနှင့်
[illegible]တ်သက်၍ သင့်တင့်လျောက်ပတ်သော အကြောင်းပြချက် ရှိနိုင်ပါသည်။
[illegible] သက်သက်မဲ့ အချိန်ဖြုန်းနေတာပဲ'ဟု သွန်တန်က တွေးလိုက်၏။ သို့ရာတွင်
[illegible]စ်ခုခုက သူ့ကို ထိုနေရာမှ ဆွဲထားသည်။

နံနက်ခုနစ်နာရီတွင် ဂိတ်တံခါးများပွင့်လာပြီး မော်တော်ကားတစ်စီး ထွက်
[illegible]သည်။ ထိုကားကို ဝီးလီးယဒ်စတုန်းကိုယ်တိုင် မောင်းနှင်လာသည်။ သူသည်
[illegible]နေကျဇိမ်ခံမော်တော်ကားကြီးအစား အိမ်ရှိ အလုပ်သမားများ သုံးစွဲသော
[illegible]က်ရောင် ဗင်ကား အသေးကလေးကို မောင်းနှင်လာသည်။

ဒပ်စတင်သွန်တန်၏ တစ်ကိုယ်လုံး ပီတိတွေ ဖုံးသွားသည်။ သူသည်
[illegible]စ်ခုခုကို လက်ဆုပ်လက်ကိုင် မိနေပြီ ဖြစ်ကြောင်း သူ သိသည်။ လူတိုင်းသည်
[illegible]တို့၏ပုံစံအတိုင်းသာ နေကြထိုင်ကြရသည်။ ဝီးလီးယဒ်စတုန်းကမူ ထိုပုံစံကို
[illegible]က်နေသည်။ နောက်အမျိုးသမီး တစ်ယောက်သာ ဖြစ်ရမည်။

ဒပ်စတင်သွန်တန်သည် နောက်မှ ခွပ်ခွာခွာ မောင်းနှင်ရင်း ဝါရှင်တန်ရှိ
[illegible]မ်းများပေါ်မှ အာလင်တန်သို့ သွားသောလမ်းအတိုင်း သူ့ယောက္ခမ နောက်
[illegible]တ်မှ လိုက်လာခဲ့သည်။

သွန်တန်က -

'ငါ ဒီကိစ္စကို သိမ်သိမ်မွေ့မွေ့ကိုင်တွယ်မှ ဖြစ်မယ်။ ငါက သူ့ကို ခွတ်
[illegible]တင်းကြီး ဖိအားပေးလို့ မဖြစ်ဘူး။ ငါက သူ့အမြှောင်ဇနီးနဲ့ ပတ်သက်ပြီး
[illegible]နိုင်သမျှ သတင်းတွေကို စုဆောင်းမယ်၊ ပြီးမှ အဲဒီ အချက်အလက်တွေနဲ့
[illegible]ကို ရင်ဆိုင်မယ်၊ ငါ့ရဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်ကတော့ သူ့ကို
[illegible]ကာအကွယ်ပေးဖို့ပဲလို့ ပြောမယ်၊ ဒါဆိုရင် သူ သဘောပေါက်ပါလိမ့်မယ်၊
[illegible]ကလည်း လူသိရှင်ကြား ဟိုးလေးအကျော် ဖြစ်မယ့်ကိစ္စကို လိုလား[illegible]
[illegible]ဟုတ်ဘူး' ဟု တွေးနေသည်။

ဒပ်စတင်သွန်တန်က သူ့အတွေးထဲတွင် အလွန်အမင်း နှစ်မြို[illegible]ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဝီလီးယံစတုန်း ချီးကျွေးလိုက်သောလမ်းကိုပင် လွတ်သွားတော့မလို
ဖြစ်ခဲ့ရသည်။ သူတို့သည် အထူးသီးသန့် လူနေရပ်ကွက်ထဲသို့ ရောက်နေ
သည်။ အနက်ရောင်ဗင်ကားကလေးသည် သစ်ပင်များ တန်းစီ အရိပ်ထိုးနေသော
ရှည်လျားသည့် အိမ်အဝင်လမ်းတစ်ခုထဲသို့ ချိုးဝင်ပျောက်ကွယ်သွားလေ
သူ ဆောင်ရွက်ရမည့် အကောင်းဆုံးနည်းလမ်းကို စဉ်းစားရင်း ဒပ်စ
သွန်တန်က မော်တော်ကားကို ရပ်တန့်လိုက်သည်။ သူက ဝီလီးယံစတုန်း
ရင်း၏ အိမ်ထောင်ရေး ဖောက်ပြားမှုအတွက် ယခု ချက်ချင်းလက်ငင်း ရင်ဆိုင်
တော့မည်လေ။ သို့တည်းမဟုတ် ဝီလီးယံစတုန်း ပြန်သွားသည်အထိ စောင့်
အမျိုးသမီးနှင့် ပထမဦးဆုံး စကားပြောရလေမလား၊ သို့တည်းမဟုတ် သူ
လိုအပ်သော အချက်အလက်များကို တိုးတိုးတိတ်တိတ် စုဆောင်းပြီး
ယောက္ခမနှင့် ဆွေးနွေးရရင် ကောင်းလေမည်လား။ သူက ကင်းထောက်ကြည့်
ဆုံးဖြတ်လိုက်သည်။

သွန်တန်က သူ့မော်တော်ကားကို ဘေးလမ်းကလေးတစ်ခုထဲတွင် ရပ်
ထားခဲ့ပြီးနောက် နှစ်ထပ်အိမ်ကြီး၏ နောက်ဘက်လမ်းကြားဆီသို့ ကွေ့ပတ်
လျှောက်လာခဲ့သည်။

နောက်ဘက်တွင်ငီ သစ်သားခြံစည်းရိုးတစ်ခု ရှိနေသည်။ ဒါက ... တွင်
မြဿနာ မဟုတ်ပါ။ သွန်တန်က ဂိတ်တံခါးကိုဖွင့်ပြီး အတွင်းသို့ ဝင်လိုက်
ထိုအိမ်ကြီး၏ နောက်ဘက်ရှိ လှပသပ်ရပ်စွာ ပြုပြင်ထားသော ကျယ်ပြန့်သော
ခြံဝင်းကြီးကို တွေ့လိုက်ရသည်။

သူက မြက်ခင်းပတ်ပတ်လည်တွင် တန်းစီ၍ပေါက်နေသော သစ်ပင်များ
အရိပ်အတိုင်း တိုးတိုးတိတ်တိတ်နှင့် လျှောက်သွားခဲ့သည်။ သူသည် နောက်ဖေး
တံခါး၌ မတ်တတ်ရပ်ရင်း နောက်ထပ် ဘာလုပ်သင့်သလဲဟု ဆုံးဖြတ်နေသည်
သူ လိုက်လံ စုံစမ်းနေသောကိစ္စအတွက် သက်သေအထောက်အထား
လိုပါသည်။ သက်သေအထောက်အထား မရှိပါက အဘိုးကြီးက ဟားတိုက်
လိမ့်မည်။ ယခုအချိန် ဤအိမ်အတွင်း၌ ဖြစ်ပျက်နေသောကိစ္စ မှန်သမျှ သူ့
အနာဂတ်အတွက် သော့ချက်ပင် ဖြစ်နိုင်သည်။ သူ သိရမှ ဖြစ်မည်။

သူက ညင်သာစွာနှင့် နောက်ဘက်တံခါးကို ဖွင့်ကြည့်လိုက်၏။ သော့ခတ်
မထားပါ။ သူက အထဲသို့ ခိုးကြောင်ခိုးဝှက် ဝင်လိုက်ရာ အလွန် ကြီးမားသော
ရှေးဟောင်းပုံစံ မီးဖိုချောင်ကြီးထဲသို့ သူ ရောက်ရှိသွားသည်။ မီးဖိုချောင်ထဲတွင်
မည်သူမျှ ရှိမနေပါ။ သူက ထမင်းပွဲများကို သယ်ထုတ်သည့် တံခါးပေါက်ဆီသို့
လျှောက်သွားပြီး တံခါးကို နည်းနည်း ဖွင့်လိုက်သည်။ သူသည် အလွန် ကျယ်ဝန်း
သော အခမ်းအနားကျင်းပသည့် အခန်းကြီးတစ်ခန်းနှင့် ရင်ဆိုင်တွေ့နေရသည်
အခန်းကြီး၏ ဟိုဘက်တွင် စာဖတ်ခန်းသို့ဝင်သည့်တံခါး ဖြစ်နိုင်သော ပိတ်ထား
သည့် တံခါးပေါက်ကို တွေ့လိုက်ရသည်။

သွန်တန်က ထိုတံခါးပေါက်ဆီသို့ တိတ်ဆိတ်စွာ လျှောက်သွားလိုက်ပြီး
မတ်တတ်ရပ်ရင်း နားစွင့်ထောင်နေသည်။ အိမ်ထဲတွင် လူသူလေးပါး ရှိနေ
မပေါ်ပါ။ အဘိုးကြီးသည် အပေါ်ထပ်ရှိ အိပ်ခန်းထဲတွင် ရှိကောင်းရှိပါလိမ့်မည်
သွန်တန်က ပိတ်ထားသည့်တံခါးပေါက်ဆီသို့သွားပြီး တံခါးကိုဖွင့်လိုက်၏
သူသည် တံခါးပေါက်တွင် မတ်တတ်ရပ်ရင်း ငေးကြည့်နေမိသည်။ ကြီးမား





...ပွဲကြီးတစ်လုံး၏ ပတ်ပတ်လည်တွင် ဝိုင်းထိုင်နေသူ လူ (၁၂) ယောက်
...သည်။

ဝီလီးယံစတုန်းက ပြောလိုက်၏။

"ဝင်ခဲ့လေ ဒပ်စတင်၊ ငါတို့က မင်းကို မျှော်နေကြတာကွ"

◆ ❖ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်ဆယ့်လေး

ရောမမြို့သည် ရောဘတ်ကို အားအင်ကုန်ခမ်းသွားသည်အထိ စိတ် ရှားစေခဲ့သည်။

ရောမမြို့သို့ ဆူဆန်နှင့်အတူ ပျားရည်ဆမ်းခရီးထွက်ခဲ့သည်။ သတိ တွေကလည်း များလွန်းသည်။ ရောမမြို့သည် သူတို့ ဇနီးမောင်နှံအဖို့ ရိုတာ ဖြစ်သည်။

ရိုဘာတိုသည် မိခင်ကိုယ်စား ဟက်စလာဟိုတယ်ကို ကြီးကြပ်အုပ် ဖြစ်သည်။ သူသည် အနည်းငယ် နားလေးသော်လည်း နှုတ်ခမ်းလှုပ် ကြည့်၍ ဘာသာစကားငါးမျိုးကို နားလည်သူ ဖြစ်သည်။ လူကရိုးရှား ယား၏သား ဖြစ်သူ ဖန်တီးခဲ့သော ရေပန်းတစ်ရာကို ဆူ က အလ သဘောကျသည်။

'ကျွန်မတို့ အခုလို အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် နေကြရမယ်လို့ ကတိပေးစမ်းပါ ရောဘတ်ရယ်' ဆိုသော စကားသံနှင့် ဆူဆန်၏ရယ်မောသံ သူ ကြားယောင်နေမိသည်။

'ငါက ဘာကိစ္စနဲ့ ဘာလုပ်နေတာလဲ' ဟု ရောဘတ်က တွေးလိုက်

'အဲဒီ ဘုန်းတော်ကြီးဟာ ဘယ်သူလဲ ဆိုတာ ငါ မသိဘူး၊ ဒါမှ သူ ရောမမြို့မှာ ရှိသလား ဆိုတာကိုတောင် ငါ မသိဘူး။ ငါ့အနေနဲ့ အိမ် ဒီကိစ္စတွေ အားလုံးကို မေ့ပစ်လိုက်ဖို့၊ အနားယူဖို့ အချိန်ကျပြီ' ဟု တွေး သည်။

သို့ရာတွင် သေဆုံးခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်သော ဘိုးဘေး တစ်ယောက်ထံမှ အမွေရခဲ့သည့် သူ့ခေါင်းမာမှုက သူ့ကို လက်လျှော့ခွင့် မ

'ငါ တစ်ရက်တော့ အချိန် ပေးလိုက်ဦးမယ်'

ရောဘတ်က ဆုံးဖြတ်လိုက်၏။

'တစ်ရက်တည်းပဲ နေပါ့မယ်လေ'

လီယိုနာဒိုဒါဗင်စီ လေဆိပ်တွင် လူရှုပ်နေသည်။ ရောဘတ်အဖို့ ယောက်ရှိတိုင်း တစ်ယောက်သည် ဘုန်းတော်ကြီးတစ်ပါး ဖြစ်နေသည်။ ဘုန်းတော်ကြီးပေါင်း ငါးသောင်း သို့မဟုတ် ဘုန်းတော်ကြီး တစ်သိန်း ရှိ မြို့တွင် ဘုန်းတော်ကြီး တစ်ပါးကို လိုက်ရှာနေသည်။





ဟက်စလာဟိုတယ်သို့ အငှားကားနှင့်အသွား လမ်းပေါ်တွင်လည်း ဘုန်းတော်ကြီးများကို အုပ်စုလိုက် တွေ့နေရသည်။

'ဒီကိစ္စဟာ မဖြစ်နိုင်ဘူး၊ ငါ ရူးနေလို့ပဲ ဖြစ်ရမယ်' ဟု ရောဘတ်က တွေးလိုက်သည်။

ဟက်စလာဟိုတယ်၏ ဧည့်ခန်းထဲတွင် လက်ထောက်မန်နေဂျာက သူ့ကို ကြိုဆိုနှုတ်ဆက်လိုက်သည်။

"ကွန်မန်ဒါ ဘယ်လာမီ၊ ခင်ဗျားကို ပြန်တွေ့ရတာ အားရကျေနပ်လိုက်တာဗျာ"

"ကျေးဇူးတင်ပါတယ် ပိုင်ထရို၊ ကျုပ်အတွက် တစ်ညလောက် တည်းဖို့ ခင်ဗျားဆီမှာ အခန်းရှိပါသလား"

"ခင်ဗျားအတွက်ဆိုရင် အမြဲတမ်း ရှိပါ့ဗျာ"

သူ ယခင်က လာရောက်တည်းခိုဖူးသော အခန်းတစ်ခန်းဆီသို့ သူ့ကို ခေါ်ဆောင်သွားသည်။

"ခင်ဗျားအနေနဲ့ လိုအပ်တာတစ်ခုခုရှိရင် ပြောသာပြောပါ ကွန်မန်ဒါ"

'ကျုပ်အနေနဲ့ သိပ်ကိုအံ့သြဖွယ်ကောင်းတဲ့ ဖြစ်ရပ်မျိုးဖြစ်ဖို့ လိုနေတယ်ဗျ' ဟု ရောဘတ်က တွေးလိုက်၏။

သူသည် ခုတင်ပေါ်သို့ ပက်လက်လှန်ချလိုက်ပြီးနောက် သူ့ဦးနှောက် ရှင်းသွားစေရန် ကြိုးစားလိုက်သည်။

ရောမမြို့မှ ဘုန်းတော်ကြီးတစ်ပါးသည် အဘယ်ကြောင့် ဆွစ်ဇာလန်နိုင်ငံသို့ ခရီးထွက်ခဲ့ရလေသနည်း။

ဖြစ်နိုင်သော အနေအထားများက အမျိုးမျိုး ရှိနေပါသည်။ သူသည် အနားယူ အားလပ်ရက်တွင် သွားရောက်ခြင်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် သူသည် ဘုန်းတော်ကြီးများ၏ သံယာ့အစည်းအဝေးသို့ တက်ရောက်ခြင်းလည်း ဖြစ်နိုင်သည်။ သူသည် ခရီးသည်များ လိုက်ပါလာသော ဘတ်စ်ကားပေါ်တွင် တစ်ပါးတည်းသာ လိုက်ပါလာသော ဘုန်းတော်ကြီး ဖြစ်သည်။ သူသည် အခြား ဘုန်းတော်ကြီးများနှင့်အတူ ခရီးသွားလာသူ မဟုတ် ဆိုသောအချက်က လွဲ၍ ထူးခြားမှု မရှိပါ။ ထို့ကြောင့် သူသည် မိတ်ဆွေများထံ သို့မဟုတ် မိသားစုထံ သွားရောက်လည်ပတ်ခြင်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် သူသည် ဘုန်းတော်ကြီး အဖွဲ့တစ်ဖွဲ့နှင့် လိုက်လာသော်လည်း ထိုနေ့က သီးခြား အစီအစဉ် ရှိနေခြင်းလည်း ဖြစ်နိုင်သည်။

ရောဘတ်၏အတွေးများသည် ကရွတ်ပေါ်၌ ကင်းလျှောက်နေသလို တဝဲလည်လည် ဖြစ်နေသည်။

တစ်ကနေ ပြန်စနေရပြန်ပြီ။ ထို ဘုန်းတော်ကြီးသည် ဆွစ်ဇာလန်သို့ မည်သည့်နည်းနှင့် သွားရောက်ခဲ့သနည်း။ သူ့ထံတွင် ကိုယ်ပိုင်မော်တော်ကား မရှိမည်မှာ သေချာသည်။ တစ်ယောက်ယောက်က သူ့ကို ကားနှင့် တင်ခေါ်သွားနိုင်သည်။ သို့ရာတွင် သူသည် လေယာဉ်ပျံ သို့မဟုတ် မီးရထား သို့မဟုတ် ဘတ်စ်ကားနှင့် ခရီးသွားဖို့က ပိုများသည်။ အကယ်၍ သူသည် အလယ်ရက်ဘုံ ခရီးသွားသည် ဆိုပါက အချိန် သိပ်ရမည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် လေယာဉ်ပျံနှင့် ခရီးသွားသည်ဟုပင် ယူဆကြပါစို့။ ထိုကဲ့သို့ တွေးပုံခေါ်ပုံသည် အရာမရောက်ပါ။ လေယာဉ်ပျံများသည် ခရီးသည်များ၏ အလုပ်အကိုင်ကို မှတ်သားထားလေ့ မရှိပါ။ ဘုန်းတော်ကြီးတစ်ပါးသည် သူတို့၏ ခရီးသည်စာရင်းတွင် နာမည်တစ်ခုသာ ဖြစ်နေပါမည်။

သို့ရာတွင် အကယ်၍ သူသည် အုပ်စုတစ်ခုတွင် ပါဝင်သူ ဖြစ်နေသည်ဆိုပါက . . .။

ပုပ်ရဟန်းမင်း၏ တရားဝင် နေထိုင်ရာ ကျောင်းတော်ဖြစ်သော ဗက်တီကန်သည် ရောမမြို့၏ အနောက်မြောက်ဘက် တိုင်ဗာမြစ်၏ အနောက်ဘက်ရှိ ဗက်တီကန်တောင်ကုန်းပေါ်တွင် ခမ်းခမ်းနားနား မြင့်မြင့်မားမား ရှိနေသည်။

မိုက်ကယ်အိန်ဂျလိုက ပုံစံထုတ်ပေးခဲ့သော စိန့်ပီတာ၏ ဘာဆီလီကာဟု ခေါ်တွင်သည့် ဘုရားရှိခိုးကျောင်းမှ အမိုးခုံးခုံးကြီးသည် အလွန် ကြီးမားသော ရင်ပြင်ကြီးပေါ်၌ စီးမိုး၍ ရှိနေသည်။ ထိုရင်ပြင်ကြီးပေါ်တွင် ဘာသာမျိုးစုံမှ လာရောက် ကြည့်ရှုသူများနှင့် နေ့ညမပြတ် စည်ကားနေသည်။

ထိုရင်ပြင်ကြီး၏ ပတ်ပတ်လည်တွင် စက်ဝိုင်းခြမ်းနှစ်ခုသဖွယ် တည်ရှိနေသော မုခ်တိုင်စင်ကြီးနှစ်ခုရှိနေသည်။ ထိုမုခ်တိုင်စင်ကြီးများကို ၁၆၆၇ ခုနှစ်တွင် ဘာနီနီက လက်စသတ် တည်ဆောက်ပေးခဲ့သည်။ ထရာဗာတင်း ကျောက်ဖြူဖြင့် ပြုလုပ်ထားသော မုခ်တိုင်စင်ပေါင်း (၂၈၄) တိုင်ကို အတန်းလေးတန်း ပြုလုပ်ထားပြီး ထိုမုခ်တိုင်စင်များပေါ်တွင် ပွတ်လုံးလက်ရန်းကို ထပ်မံပြုလုပ်ထားသည်။ ပွတ်လုံးလက်ရန်းပေါ်၌ ရုပ်တုပေါင်း (၁၄၀) ရှိနေကြသည်။

ရောဘတ်သည် ထိုနေရာသို့ အကြိမ်ပေါင်း တစ်ဒါဇင်ခန့် သွားရောက်ခဲ့ဖူးသည်။ သို့ရာတွင် သွားရောက်သည့်အခါတိုင်း ထိုမြင်ကွင်းကို ရုပ်သေပ်ရှုမောဖွယ် ဖြစ်ခဲ့ရသည်သာ ဖြစ်တော့သည်။

ဗက်တီကန်ကျောင်းတော်၏ အတွင်းပိုင်းသည် ပို၍ပင် ခမ်းနားကြီးကျယ်သည်။ စစ်စတိုင်းဝတ်ကျောင်းကလေး၊ မြတိုက်နှင့် ဆာလာရိုတန်ဒါ အဆောက်အအုံတို့သည် ဖော်ပြ၍ မရနိုင်လောက်အောင် လှပကြသည်။

သို့ရာတွင် ယနေ့ အချိန်တွင် ရောဘတ်သည် ရှုခင်းများကို လှည့်လည်ကြည့်ရှုရန် လာရောက်ခဲ့ခြင်း မဟုတ်ပါ။

သူသည် ဗက်တီကန်ကျောင်းတော်ရှိ လောကီရေးဆိုင်ရာ အဆောင်တွင် ဗက်တီကန်ကျောင်းတော်အတွက် ပြည်သူ့ဆက်ဆံရေးရုံးခန်းကို ရှာဖွေတွေ့ရှိခဲ့သည်။ စားပွဲနောက်မှ လူငယ်လေးသည် ယဉ်ကျေးပါပေသည်။

"ခင်ဗျားကို ကူညီနိုင်ပါသလား"

ရောဘတ်က စိစစ်ရေးကတ်ပြားကို ထုတ်ပြလိုက်၏။

"ကျုပ်က တိုင်းမ်မဂ္ဂဇင်းကပါ၊ လွန်ခဲ့တဲ့ တစ်ပတ် နှစ်ပတ်လောက်တုန်းက ဆွစ်ဇာလန်နိုင်ငံမှာ သံယာ့အစည်းအဝေး သွားတက်ခဲ့တဲ့ ဘုန်းတော်ကြီးတွေအကြောင်း ဆောင်းပါးတစ်စောင် ရေးသားနေပါတယ်၊ ကျုပ်က နောက်ခံအချက်အလက်တွေကို လိုက်လံ စုဆောင်းနေပါတယ်"

ထိုလူငယ်က သူ့ကို ခေတ္တမျှ အကဲခတ်လိုက်ပြီးနောက် မျက်မှောင်ကုတ်လိုက်၏။





"လွန်ခဲ့တဲ့လတုန်းက ဗင်းနစ်မှာ သံယာ့အစည်းအဝေး တက်ခဲ့တဲ့ ဘုန်းတော်ကြီးတွေတော့ ရှိတယ်၊ ကျွန်တော်တို့ရဲ့ ဘုန်းကြီးတွေဟာ မကြာသေးခင်က ဆွစ်ဇာလန်နိုင်ငံကို မသွားခဲ့ကြဘူး၊ ကျွန်တော် ဝမ်းနည်းပါတယ်၊ ကျွန်တော် ခင်ဗျားကို မကူညီနိုင်ပါဘူး"

ရောဘတ်က စိတ်ရောကိုယ်ပါ ပြောလိုက်၏။

"ခုကိစ္စဟာ သိပ်ကို အရေးကြီးတယ်၊ ကျုပ်က အဲဒီလို သတင်းအချက်အလက်မျိုးကို ဘယ်လိုလုပ်ပြီး ရနိုင်မလဲ"

"ခင်ဗျား လိုက်ပြီး စုံစမ်းနေတဲ့ အုပ်စုဟာ ဘယ်ဂိုဏ်းကလဲ ဆိုတာကို သိသလား"

"ဘယ်လို - ဘယ်လို"

"ရိုမင်ကက်သလစ် ဘာသာမှာ ဂိုဏ်းမျိုးစုံ ရှိပါတယ်၊ ဖရန်စစ်ကန်တွေ ရှိတယ်၊ မားရှစ်တွေ ရှိတယ်၊ ဘင်နီဒစ်တိုင်းတွေ ရှိတယ်၊ ထရပ်ပစ်တွေ၊ ဒိုမီနီတန်တွေနဲ့ အခြားဂိုဏ်းတွေ ရှိသေးတယ်၊ ခင်ဗျားက သူတို့ရဲ့ဂိုဏ်းဆီကိုသွားပြီး အဲဒီမှာ စုံစမ်းပေတော့"

'အဲဒီမှာဆိုတာက ဘယ်နေရာလဲ' ဟု ရောဘတ်က တွေးတောမိသည်။

"ခင်ဗျားအနေနဲ့ တခြား အကြံပေးစရာများ ရှိပါသေးသလား"

"မရှိတော့ပါဘူး"

'ကျုပ်မှာလည်း မရှိတော့ဘူး' ဟု ရောဘတ်က တွေးလိုက်၏။

'ငါက ကောက်ရိုးပုံကိုတော့ ရှာတွေ့ပြီ၊ ဒါပေမယ့် အပ်ကိုရှာမတွေ့ဘူး'ဟု တွေးလိုက်မိပြန်၏။

သူသည် ဗက်တီကန်ကျောင်းတော်မှ ပြန်လာခဲ့ပြီးနောက် သူ့ပတ်ဝန်းကျင်မှ လူများကို သတိမထားမိဘဲ ရောမမြို့တွင်း၌ ဦးတည်ရာမဲ့ လျှောက်သွားနေမိသည်။ သူ့စိတ်ကလည်း ပြဿနာကိုသာ အာရုံစိုက်နေမိသည်။

သူသည် ပီယာဇာ ဒဲလ် ပိုပိုလို ရင်ပြင်တွင် အပြင်ဘက်၌ ဖွင့်ထားသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ဝင်ထိုင်ရင်း စင်ဇာနို တစ်ဖန်ခွက် မှာလိုက်သည်။ ထိုဖန်ခွက်သည် သူ၏ ထိကိုင်မှုကို မခံရဘဲ စားပွဲပေါ်တွင် ရှိနေသည်။

သူသိထားသမျှ ထိုဘုန်းတော်ကြီးသည် ယခု ဆွစ်ဇာလန်၌ပင် ရှိနေနိုင်သေးသည်။ သူက ဘယ်ဂိုဏ်းကလဲ၊ မသိပါ။ပြီးတော့လည်း သူဟာ ရောမလူမျိုး (အီတလီလူမျိုး) ဖြစ်သည်ဆိုသော ပရိုဖက်ဆာကြီး၏ ပြောစကားသာ ရှိသည်။

သူက စင်ဇာနိုကို တစ်ကျိုက် မျှဉ်းသောက်လိုက်သည်။ မွန်းလွဲပိုင်း၏ နှောင်းကာလတွင် ဝါရှင်တန်သို့ ပျံသန်းမည့် လေယာဉ်ပျံတစ်စီးရှိသည်။

'ငါ လက်မြှောက်လိုက်ပြီ၊ ငါ အဲဒီ လေယာဉ်ပျံနဲ့ လိုက်တော့မယ်' ဟု ရောဘတ်က တွေးလိုက်သည်။ ထိုအတွေးက သူ့ကို စိတ်ပျက်လက်ပျက် ဖြစ်စေခဲ့သည်။ သူ ပြန်ဖို့ အချိန်ပင်တည်း။

ရောဘတ်၏ မျက်လုံးများက ရင်ပြင်တစ်ဝိုက်ကို လျှောက်ကြည့်လိုက်သည်။ ထိုလက်ဖက်ရည်ဆိုင်နှင့် တည့်တည့်တွင် ဘတ်စ်ကားတစ်စီးပေါ်သို့ ခရီးသည်များ တက်နေကြသည်။ တန်းစီနေသူများထဲတွင် ဘုန်းတော်ကြီးနှစ်ပါး ပါဝင်နေသည်။ ခရီးသည်များက ကျသင့်သည့်ဘတ်စ်ကားခကိုပေးရင်း ဘတ်စ်ကားနောက်ဘက်သို့ သွားနေကြသည်ကို ရောဘတ်က စောင့်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတော်ကြီးများက စပယ်ယာထံသို့ ရောက်သည်တွင် သူတို့က ပိုက်ဆံ မပေးဘဲ ပြုံးပြလိုက်ကြပြီး ထိုင်ခုံများတွင် ဝင်ထိုင်လိုက်ကြလေ၏။

"ဆရာ့အတွက် ငွေရပြေစာ ခင်ဗျ"

စားပွဲထိုးက ပြောလိုက်၏။

ရောဘတ်က စားပွဲထိုးပြောသည်ကိုပင် မကြားပါ။ သူ့ဦးနှောက်က အလွန်အလွှား အလုပ်လုပ်နေသည်။ အခု ဗရင်ဂျီဘာသာ၏ မြို့တော်တွင် ဘုန်းတော်ကြီးများသည် အချို့သော အခွင့်အရေးများကို ရကြသည်။ အဲဒါ ဖြစ်နိုင်သည် ဖြစ်နိုင်စရာ ရှိပေသည်။

ဆွစ်အဲယား လေကြောင်းကုမ္ပဏီရုံးခန်းသည် အမှတ် (၁၀)၊ ဗီယာပိုတွင် ရှိသည်။ ရောဘတ်ကို ကောင်တာနောက်ဘက်မှ ပုဂ္ဂိုလ်က ကြိုဆိုနှုတ်ခွန်းဆက်လိုက်၏။

"ကျေးဇူးပြုပြီး ကျုပ် မန်နေဂျာနဲ့ တွေ့ချင်ပါတယ်"

"ကျုပ်က မန်နေဂျာပါပဲ၊ ခင်ဗျားကို ဘာများ ကူညီနိုင်ပါသလဲ"

ရောဘတ်က စီစစ်ရေးကတ်ပြားတစ်ခုကို ဖျတ်ခနဲ ပြလိုက်၏။

"မိုက်ကယ်ဟတ်ဆန်၊ ဒင်တာပိုကပါ"

"ခင်ဗျားအတွက် ဘာများ လုပ်ပေးနိုင်ပါသလဲ၊ မိုက်ကယ်ဟတ်ဆန်"

"လေကြောင်း ကုမ္ပဏီအချို့က ဥရောပတိုက်၊ အထူးသဖြင့် ရောမမြို့မှာ တရားမဝင် ဈေးလျှော့ပေးမှုတွေ ရှိနေတယ်လို့ တိုင်တောထားတာတွေ ရှိနေတယ်၊ နိုင်ငံတကာ သဘောတူညီထားချက်အရဆိုရင် . . ."

"တစ်ဆိတ်ဗျာ မစ္စတာ ဟတ်ဆန်၊ ကျုပ်တို့ ဆွစ်အဲယားလေကြောင်းကုမ္ပဏီက ဈေးလျှော့ပြီး မပေးပါဘူး၊ လူတိုင်း လူတိုင်း သတ်မှတ်နှုန်းထားကို ပေးကြရပါတယ်"

"လူတိုင်းပဲလား"

"လေကြောင်းကုမ္ပဏီရဲ့ ဝန်ထမ်းတွေကတော့ ခြွင်းချက်ပေါ့ဗျာ"

"ခင်ဗျားတို့ဟာ ဘုန်းတော်ကြီးတွေအတွက် ဈေးလျှော့ပေးသေးသလား"

"မလျှော့ပါဘူး၊ ဒီလေကြောင်းကုမ္ပဏီမှာတော့ သူတို့လည်း အပြည့်အဝ ပေးကြရပါတယ်"

ဒီလေကြောင်းကုမ္ပဏီမှာတဲ့လား။

"ခင်ဗျားရဲ့ အချိန်တွေအတွက် ကျေးဇူးတင်ပါတယ်"

ရောဘတ်က ပြန်ထွက်လာတော့သည်။

သူသွားသည့် နောက်တစ်နေရာ၊ ပြီးတော့ သူ၏နောက်ဆုံး မျှော်လင့်ချက်မှာ အလီတာလီးယား လေကြောင်းကုမ္ပဏီပင် ဖြစ်သည်။

"တရားမဝင် ဈေးလျှော့ပေးနေတယ် ဟုတ်လား"

မန်နေဂျာက ရောဘတ်အား နားမလည်ဟန်နှင့် ငေးကြည့်နေသည်။

"ကျုပ်တို့က ကုမ္ပဏီဝန်ထမ်းတွေကိုပဲ ဈေးလျှော့ပေးပါတယ်"

"ခင်ဗျားတို့က ဘုန်းကြီးတွေကို ဈေးလျှော့မပေးဘူးလား"

မန်နေဂျာ၏ မျက်နှာမှာ ဝင်းထိန်လာသည်။

"အဲ ဟုတ်တယ်ဗျို့၊ ဒါပေမယ့် အဲဒါက တရားဝင်တော့ မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့က ဗရင်ဂျီဂိုဏ်းနဲ့ ညှိနှိုင်းထားပါတယ်"





ရောဘတ် အားရှိသွားလေပြီ။

"ဒီတော့ တကယ်လို့ ဘုန်းတော်ကြီးတစ်ပါးဟာ ရောမကနေပြီး လေ ...နဲ့ ဥပမာ ဆွစ်ဇာလန်ကို သွားချင်တယ်ဆိုရင် သူက ဒီလေကြောင်း ...ကို သုံးစွဲမှာလား"

"အေးလေ၊ သူ့အတွက်တော့ ဈေးသက်သာသွားမှာပေါ့၊ ဟုတ်ပါတယ်"

ရောဘတ်က ပြောလိုက်၏။

"ကျုပ်တို့ရဲ့ ကွန်ပျူတာတွေထဲမှာ နောက်ဆုံးရရှိတဲ့အချက်လက်တွေကို ...လို့ရအောင် ခင်ဗျားက လွန်ခဲ့တဲ့ နှစ်ပတ်အတွင်းက ဆွစ်ဇာလန်နိုင်ငံကို ...တော်ကြီး ဘယ်နှပါး ကြွသွားခဲ့တယ် ဆိုတာကို ကူညီတဲ့အနေနဲ့ ပြောပြ...လား၊ ခင်ဗျားတို့ဆီမှာ အဲဒီ မှတ်တမ်းတော့ ရှိမှာပေါ့နော်၊ ရှိတယ် ...လား"

"ဟာ . . . ရှိတာပေါ့၊ အမြတ်ခွန်ကိစ္စအတွက်လေ"

"ကျုပ်က အဲဒီ သတင်းအချက်အလက်ကို တကယ် လိုချင်တယ်ဗျာ"

"လွန်ခဲ့တဲ့ နှစ်ပတ်အတွင်း ဆွစ်ဇာလန်နိုင်ငံကို ဘုန်းတော်ကြီး ဘယ်နှပါး ...တယ်ဆိုတာ ခင်ဗျားက သိချင်တာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဇူးရစ်ချ် သို့မဟုတ် ဂျီနီဗာကိုပါ"

"ခဏဗျာ၊ ကျုပ်က ကွန်ပျူတာတွေနဲ့ ရှာလိုက်ဦးမယ်"

ငါးမိနစ် ကြာသောအခါ မန်နေဂျာသည် ကွန်ပျူတာထဲမှ ပုံနှိပ်ပြီးထွက် ...သော စာရွက်နှင့်တကွ ပြန်ရောက်လာတော့သည်။

"လွန်ခဲ့တဲ့နှစ်ပတ်အတွင်းက အလီတာလီးယား လေယာဉ်ပျံကိုစီးပြီး ဆွစ် ...န်နိုင်ငံကို သွားခဲ့တဲ့ ဘုန်းတော်ကြီးက တစ်ပါးပဲရှိတယ်"

သူက ကွန်ပျူတာထဲမှ ထွက်လာသောစာရွက်ကို လေ့လာလိုက်ပြန်၏။

"သူဟာ ရောမမြို့က ၇ ရက်နေ့မှာ ဇူးရစ်ချ်ကို ထွက်ခွာသွားတယ်၊ သူက ...ခဲ့တဲ့နှစ်ရက်တုန်းက ဒီကို ပြန်လာဖို့ လေကြောင်းကုမ္ပဏီမှာ ကြိုတင်ပြီး ...သွင်းသွားတယ်"

ရောဘတ်က အသက်ဝဝ ရှူလိုက်၏။

"သူ့နာမည်က"

"ဖာသာ ရိုမီရို ပါတရီနီ"

"သူ့ လိပ်စာက"

မန်နေဂျာက စာရွက်ကို ငုံ့ကြည့်လိုက်ပြန်၏။

"သူက အော်ဗိုက်တိုမှာ နေတယ်၊ ခင်ဗျားက နောက်ထပ် သိချင်သေး ...ယ်ဆိုရင် . . ."

မန်နေဂျာက မော့ကြည့်လိုက်၏။

ရောဘတ် တစ်ယောက် ပြန်ထွက်သွားခဲ့လေပြီ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်ဆယ့်ငါး

***သတ္တမနေ့***
***အော်ဗိုက်တို၊ အီတလီနိုင်ငံ***

သူသည် လမ်းမကြီး အမှတ် အက်စ် (၇၁) ၏ တံတောင်ဆစ် လမ်းကွေ့တွင် ကားကို ရပ်တန့်လိုက်သည်။

တောင်ကြား၏ ဟိုမှာဘက်တွင် မီးတောင်ဆီမှ ပေါ်ထွက်လာ ကျောက်တောင်ပေါ်၌ တည်ဆောက်ထားသည့် မြင့်မြင့်မားမား တည်ရှိနေ မြို့၏ အသက်ရှူ မှားလောက်စရာ မြင်ကွင်း ရှိနေသည်။

ထိုမြို့သည် ရှေးရှေးတုန်းက အီးထရုစ်ကန်း၏ ဗဟိုအချက်အချာ ကမ္ဘာတစ်ဝန်းလုံး၌ ထင်ပေါ်ကျော်ကြားသော ဂိုဏ်းအုပ်ဝတ်ကျောင်းကြီ အခြား ဘုရားရှိခိုးကျောင်း ခြောက်ကျောင်း ရှိနေသည့်အပြင် ယူအက် ပျက်ကျသည်ကို မျက်မြင် မြင်တွေ့ခဲ့ရသော ဘုန်းတော်ကြီးတစ်ပါးလည်း ရှိ သည်။

ထိုမြို့သည် ပစ္စုပ္ပန်ကာလနှင့် ထိတွေ့မှု မရှိသေးသောမြို့ ဖြစ်သ ထိုမြို့တွင် အုတ်ခဲများကိုစီ၍ ခင်းထားသောလမ်းများ၊ လှပသော ရှေးဟော အဆောက်အအုံများနှင့် လယ်သမားများက ၎င်းတို့၏ လယ်တောမှ ထွက်ရှိ စိမ်းလန်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များနှင့် ကြက်များကို လာရော ရောင်းချရာ လေဟာပြင်ဈေး တစ်ဈေးလည်း ရှိနေသည်။

ရောဘတ်သည် ဂိုဏ်းအုပ်ဝတ်ကျောင်းနှင့် မျက်နှာချင်းဆိုင်၌ ရှိ ပီယာဇာ ဒဲလ် ဒူယိုမို ရင်ပြင်တွင် မော်တော်ကားရပ်ရန်နေရာကို ရှာဖွေတွေ့ ဘုရားရှိခိုးကျောင်းသို့ ဝင်သွားသည်။ အလွန် ကြီးမားသော အတွင်းဘက် တရားဟောစင်မြင့်ပေါ်မှ ဆင်းလာသော ဘုန်းတော်ကြီးတစ်ပါးက လွဲ၍ ရှင်းနေသည်။

ရောဘတ်က ပြောလိုက်၏။

"ကျွန်တော့်ကို ခွင့်ပြုပါ ဖာသာ၊ အရင်အပတ်တုန်းက ဆွစ်ဇာလန်နိုင် ရောက်ခဲ့တဲ့ ဘုန်းတော်ကြီးတစ်ပါးကို တပည့်တော် လိုက်လံ ရှာဖွေနေပါတ အရှင်ဘုရားကမ္ဘား . . ."

ဘုန်းတော်ကြီးက သူ့ကိုယ်သူ ပြန်ထိန်းလိုက်သည်။ မျက်နှာကလ တင်းမာလာသည်။





"ကျုပ် ဒီကိစ္စကို ဆွေးနွေးလို့ မဖြစ်ဘူး"

ရောဘတ်က ဘုန်းတော်ကြီးအား တအံ့တဩ ကြည့်လိုက်မိ၏။

"တပည့်တော် နားမလည်ဘူး ဘုရား၊ တပည့်တော်က သူ့ကို ရှာတွေ့ချင်တာပါ"

"သူက ဒီဘုရားရှိခိုးကျောင်းက မဟုတ်ဘူး၊ ဆန်ဂျီယိုဗင်နာလီဂိုဏ်းက"

ဘုန်းတော်ကြီးသည် ရောဘတ်ကို ခပ်သုတ်သုတ်ကလေး ဖြတ်လျှောက်သွားသည်။

'ဒီဘုန်းတော်ကြီးက ဘာကြောင့် ရန်လိုနေတာပါလိမ့်' ဟု ရောဘတ်က တွေးလိုက်မိ၏။

ဆန်ဂျီယိုဗင်နာလီ ဘုရားရှိခိုးကျောင်းသည် အလယ်ခေတ်မှ ရဲတိုက်များ၊ ဘုရားရှိခိုးကျောင်းများ ရှိနေသော လှပသည့် ကွာတိုင်ရီ ဗက်ချီယိုရပ်ကွက်တွင် တည်ရှိသည်။

အသက်ခပ်ငယ်ငယ် ဘုန်းတော်ကြီးတစ်ပါးက ဘုရားရှိခိုးကျောင်း နံဘေးမှ ပန်းဥယျာဉ်ကလေးကို ပြုပြင်နေသည်။ ရောဘတ် ချဉ်းကပ်လာသောအချိန်တွင် မော့ကြည့်လိုက်၏။

"မင်္ဂလာ နံနက်ခင်းပါ ဘုရား၊ တပည့်တော်က လွန်ခဲ့တဲ့ အပတ်တုန်းက ဆွစ်ဇာလန်နိုင်ငံကို ရောက်ခဲ့တဲ့ ဘုန်းတော်ကြီးတစ်ပါးကို လိုက်ရှာနေပါတယ်၊ အဲဒီ ဘုန်းတော်ကြီး . . . ."

"ဟုတ်တယ် ဟုတ်တယ်၊ သနားဖို့ကောင်းတဲ့ ဖာသာ ပါတရိုနီပဲ၊ သူခံစားနေရတာကတော့ သိပ်ကို ကြောက်ဖို့ ကောင်းတာပဲ"

"တပည့်တော် နားမလည်ဘူး ဘုရား၊ ဘာက သိပ်ကြောက်ဖို့ကောင်းတာလဲ ဘုရား"

"မိစ္ဆာနတ်ဆိုးရဲ့ ယာဉ်ရထားကို မြင်ခဲ့ရလို့လေ၊ အဲဒါက သူ့အာနေနဲ့ တောင့်ခံထားနိုင်တာထက် လွန်ထွက်သွားတယ်၊ သူ အခု စိတ်ကယောက်ကယက် ဖြစ်နေရရှာတယ်"

"အဲဒါကို ကြားရတာ စိတ်မကောင်းပါဘူး ဘုရား၊ သူ အခု ဘယ်မှာလဲ တပည့်တော် သူနဲ့ စကားပြောချင်ပါတယ်"

"သူက ပီယာဇာ ဒီဆန် ပါထရီဇင် ရင်ပြင်နားက ဆေးရုံမှာ ရှိနေတယ်၊ ဒါပေမယ့် ဆရာဝန်တွေက ဘယ်သူ့ကိုမှ သူနဲ့ ပေးတွေ့လိမ့်မယ်လို့ မထင်ဘူး"

ရောဘတ်သည် စိတ်ရှုပ်ရှုပ်နှင့် မတ်တတ်ရပ်နေမိသည်။ စိတ်ကယောက်ကယက် ဖြစ်နေသူ တစ်ဦးထံမှ အကူအညီများများ ရနိုင်ဖွယ် မရှိပါ။

"ဒီလိုကိုး ဘုရား၊ ကျေးဇူး အထူးတင်ပါတယ် ဘုရား"

ဆေးရုံမှာ မြို့၏အစွန်အဖျား၌ရှိသော သာမန် တစ်ထပ်တိုက် အဆောက်အအုံပင် ဖြစ်သည်။ သူက မော်တော်ကားကို ရပ်ထားခဲ့ပြီးနောက် ဧည့်ခန်းငယ်ကလေးထဲသို့ ဝင်သွားသည်။ ဧည့်ကြိုစားပွဲ နောက်ဘက်၌ သူနာပြုဆရာမတစ်ဦး ထိုင်နေသည်။

ရောဘတ်က -

"မင်္ဂလာနံနက်ခင်းပါဗျာ၊ ကျုပ် ဖာသာ ပါတရိုနီနဲ့ တွေ့ချင်ပါတယ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


"အဲဒါ မဖြစ်နိုင်ဘူးရှင့်၊ သူ ဘယ်သူနဲ့မှ စကားမပြောနိုင်ပါဘူး"

ရောဘတ်က ယခု အချိန်တွင် သူ့ကို ပိတ်ပင်တားဆီးခံတော့မည် မဟုတ်ပါ။ ပရိုဖက်ဆာရှမစ် ပေးခဲ့သော သဲလွန်စနောက်သို့ သူ လိုက်ရပါလိမ့်မည်။

ရောဘတ်က ပြေပြစ်သောလေသံဖြင့် -

"ခင်ဗျားကတော့ သဘောပေါက်မယ် မထင်ဘူး။ ဖာသာ ပါတရိနီက ကျုပ်နဲ့ တွေ့ချင်တယ် ဆိုလို့ပါ၊ ကျုပ်က သူ့အကြောင်းကြားချက်အရ အော်ဗိုက်တိုမြို့ကို လာခဲ့ရတာပါ" ဟု ပြောလိုက်သည်။

"သူက ရှင်နဲ့ တွေ့ချင်တယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ သူက အမေရိကကို လှမ်းစာရေးလိုက်တာပါ၊ ကျုပ်က သူနဲ့တွေ့ဖို့ အဝေးကြီးက လာခဲ့ရတာပါဗျာ"

သူနာပြုဆရာမကလေး တွေဝေသွားသည်။

"ကျွန်မ ဘာပြောရမလဲတောင် မသိတော့ပါဘူးရှင်၊ သူက သိပ်ကို နေထိုင်မကောင်း ဖြစ်နေတာရှင့်"

"သူ ကျုပ်ကိုတွေ့ရင် ပျော်ပျော်ရွှင်ရွှင် ဖြစ်လာမှာပါ"

"ဆရာဝန်ကတော့ ဒီမှာ မရှိဘူး"

သူနာပြု ဆရာမကလေးက ဆုံးဖြတ်ချက် ချလိုက်သည်။

"ကောင်းပြီလေ၊ ရှင် သူ့အခန်းထဲကို သွားနိုင်ပါတယ်၊ ဒါပေမယ့် နှစ်မိနစ် သုံးမိနစ်ပဲ နေရမယ်"

"ကျုပ်အတွက် အဲဒါလောက်ပဲ လိုပါတယ်"

"ဒီဘက်ကို လာပါရှင်"

သူတို့သည် တစ်ဖက်တစ်ချက်တွင် သေးငယ်သော်လည်း သပ်ရပ်သော အခန်းကလေးများ ရှိနေသည့် တိုတောင်းသော စင်္ကြံလမ်းအတိုင်း လျှောက်လာကြသည်။ သူနာပြုဆရာမကလေးက ရောဘတ်ကို တံခါးတစ်ခုအား ပြလိုက်သည်။

"နှစ်မိနစ် သုံးမိနစ်ပဲနော်"

"ကျေးဇူးပါပဲဗျာ"

ရောဘတ်က အခန်းထဲသို့ ဝင်လိုက်၏။ ခုတင်ပေါ်မှပုဂ္ဂိုလ်မှာ ခပ်ဖျော့ တော့တော့အရိပ်တစ်ခု အဖြူရောင်အိပ်ရာပေါ်၌ အရိပ်ထိုးနေသလိုလို ထင်နေရသည်။ ရောဘတ်က သူ့အနားသို့ ကပ်သွားပြီး လေသံကလေးနှင့် -

"ဖာသာ" ဟု ခေါ်လိုက်သည်။

ဘုန်းတော်ကြီးက သူ့အား လှမ်းကြည့်လိုက်၏။

ထို ဘုန်းတော်ကြီး၏ မျက်လုံးထဲမှ ခံစားနေရသည့် ဝေဒနာကို ရောဘတ်သည် ယခင်က တစ်ခါမှ မမြင်ဘူးခဲ့ချေ။

"ဖာသာ၊ တပည့်တော်ရဲ့ နာမည်က . . ."

ဘုန်းတော်ကြီးက ရောဘတ်၏လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။ သူက ဗလုံးဗထွေး ပြောလိုက်၏။

"ကျုပ်ကို ကူညီပါဗျာ၊ ခင်ဗျားကူညီမှ ဖြစ်မယ်၊ ကျုပ်ဘဝတစ်လျှောက်လုံး ကျုပ် ဘုရားသခင်အကြောင်းကိုပဲ ဟောပြောပို့ချခဲ့တယ်၊ အခုတော့ ဘုရားသခင် မရှိဘူး ဆိုတာကို ကျုပ် သိပြီ၊ မိစ္ဆာနတ်ဆိုးဆိုတာပဲ ရှိတယ်၊ အခု ...ည်း ကျုပ်တို့ကို . . ."

"ဖာသာ၊ တကယ်လို့ အရှင်ဘုရားက . . ."

"ကျုပ်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ် မြင်ခဲ့ရတာဗျ၊ မိစ္ဆာနတ်ဆိုးရဲ့ ယာဉ် ...ထဲမှာ မိစ္ဆာနတ်ဆိုးနှစ်ကောင်ကို တွေ့ခဲ့ရတယ်၊ ဒါပေမယ့် နောက်ထပ် ...ဦးမယ်၊ တခြား မိစ္ဆာနတ်ဆိုးတွေလည်း လာကြလိမ့်မယ်၊ စောင့်သာကြည့် ... ငါတို့ အားလုံး ငရဲပြည်ကို ရောက်ကြရမှာ မလွဲဘဲ"

"ဖာသာ၊ တပည့်တော် ပြောတာကို နားထောင်စမ်းပါ၊ အရှင်ဘုရား ...တာဟာ မိစ္ဆာနတ်ဆိုး မဟုတ်ပါဘူး၊ အဲဒါက အာကာသယာဉ်တစ်စီးပါ"

ဘုန်းတော်ကြီးသည် ရောဘတ်လက်ကို လွှတ်လိုက်ပြီးနောက် ရုတ်တရက် ...ကြည်လင်သွားဟန်နှင့် ကြည့်လိုက်သည်။

"မင်းက ဘယ်သူလဲ၊ မင်းက ဘာလိုချင်လို့လဲ"

ရောဘတ်က -

"တပည့်တော်က မိတ်ဆွေတစ်ယောက်ပါ ဘုရား၊ တပည့်တော်က အရှင် ... ဆွစ်ဇာလန်မှာ ဘတ်စ်ကားနဲ့ ခရီးသွားခဲ့တဲ့ကိစ္စကို မေးမလို့ပါ ဘုရား"

"ဘတ်စ်ကားလား၊ ငါ အဲဒီဘတ်စ်ကား အနားကို မသွားမိခဲ့ရင် သိပ် ...င်းမှာပဲလို့ တွေးမိတယ်ကွာ"

ဘုန်းတော်ကြီးသည် စိတ်ကယောက်ကယက် ဖြစ်လာပြန်လေပြီ။

ရောဘတ်က သူ့ကို ဖိမေးရတော့မည်။ သူ့တွင် အခြားနည်း မရှိတော့ပါ။

"အဲဒီ ဘတ်စ်ကားပေါ်မှာ အရှင်ဘုရားက လူတစ်ယောက်နဲ့ တွဲထိုင်ခဲ့ ... တက်ဆက်ပြည်နယ်သား တစ်ယောက်ပဲ၊ အရှင်ဘုရားက သူနဲ့အကြာကြီး ...စကားစမြည် ပြောခဲ့တယ်လေ၊ မှတ်မိသလား ဘုရား"

"စကားစမြည် ပြောခဲ့တယ်၊ တက်ဆက်ပြည်နယ်သား၊ အေး - ကျုပ် ...မိပြီ"

"သူက တက်ဆက်ပြည်နယ်က ဘယ်နေရာမှာ နေတယ်လို့ ပြောသလဲ ..."

"ဟုတ်တယ်၊ ကျုပ် မှတ်မိတယ်၊ သူက အမေရိကန်က လာတာပဲ"

"ဟုတ်ပါတယ်၊ တက်ဆက်ပြည်နယ်ကပါ၊ သူ့အိမ် ဘယ်မှာရှိတယ် ဆိုတာကို ... ပြောပါသလား ဘုရား"

"အေး အေး၊ သူ ကျုပ်ကို ပြောပြတယ်"

"ဘယ်မှာလဲ ဘုရား၊ သူ့အိမ်က ဘယ်မှာလဲ ဘုရား"

"တက်ဆက်လေ၊ သူက တက်ဆက်ပြည်နယ်အကြောင်းပဲ ပြောတယ်"

ရောဘတ်က အားပေးဟန်နှင့် ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်"

"ကျုပ်က အဲဒါတွေကို ကျုပ်မျက်စိနဲ့ မြင်တွေ့ခဲ့ရတာဗျ၊ ဘုရားသခင်က ...ကို မျက်စိကန်းပစ်လိုက်ပါစေလို့ ဆုတောင်းမိပါတယ်ဗျာ၊ ကျုပ် . . ."

"ဖာသာ၊ တက်ဆက်ပြည်နယ်ကလူ သူ ဘယ်နေရာကလို့ ပြောသလဲ၊ ... နာမည်တစ်ခုခုကို ပြောသလား"

"တက်ဆက်၊ အေးလေ ပွန်ဒီရိုဆာလို့ ပြောတယ်"

ရောဘတ်က ကြိုးစားလိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ရုပ်မြင်သံကြားထဲကပါ၊ အခု သူက တကယ့်လူ အစစ်၊ ဘတ်စ်ကားပေါ်မှာ အရှင်ဘုရား နံဘေးကထိုင် . . ."

ဘုန်းတော်ကြီးသည် ကယောင်ချောက်ချား ဖြစ်သွားပြန်သည်။

"သူတို့ လာနေပြီ၊ နောက်ဆုံးတရားစီရင်မယ့်နေ့ကို ရောက်လာပြီ၊ ကျမ်းစာ ညာတယ်၊ ကမ္ဘာကြီးကို ဝင်ရောက်တိုက်ခိုက်မယ့်သူတွေက မိစ္ဆာ ဆိုးတွေပဲ"

သူက ယခု အချိန်တွင် ကျယ်လောင်စွာ အော်ဟစ်နေလေပြီ။

"ကြည့်ကြစမ်း၊ ကြည့်ကြစမ်း၊ သူတို့ကို ကျုပ် မြင်နေရတယ်"

သူနာပြုဆရာမက ကပျာကယာ ပြေးဝင်လာသည်။ သူက ရောဘတ် အပြစ်တင်ဟန်နှင့် ကြည့်လိုက်၏။

"ရှင်ပြန်မှ ဖြစ်မယ် ဆီညော်"

"ကျုပ် အနေနဲ့ နောက်ထပ် တစ်မိနစ်လောက် လိုအပ် . . ."

"ဟင့်အင်း ဆီညော်၊ ပြန်ပါတော့"

ရောဘတ်က ဘုန်းတော်ကြီးအား နောက်ဆုံးတစ်ကြိမ် ကြည့်လိုက် သူသည် မပီမသ အော်ဟစ်နေသည်။ ရောဘတ်က ပြန်ရန် ပြင်လှည့်လိုက် သူ့အနေနှင့် လုပ်နိုင်မည့်ကိစ္စ မရှိတော့ပါ။ ဘုန်းတော်ကြီးက တက်ဆက် နယ်မှ ပုဂ္ဂိုလ်ထံ သွားရောက်နိုင်ရန် လမ်းစဖော်ပေးလိမ့်မည်ဟု သူ အထ အစား လုပ်ခဲ့မိသည်။ ယခု သူ ရှုံးသွားပါပြီ။

ရောဘတ်သည် မော်တော်ကားဆီသို့ ပြန်လာပြီး ရောမမြို့သို့ ဦး မောင်းနှင်လိုက်၏။ နောက်ဆုံးတွင် ထိုကိစ္စကြီးသည် ဆုံးခန်းတိုင်ခဲ့ပါပြီ။

အကယ်၍ ဤအချက်များကို သဲလွန်စများဟု ယူဆပြောနိုင်မည်ဆို သူ့ထံ၌ သဲလွန်စအဖြစ် ကျန်ရှိနေသည့် အချက်များမှာ ရွာအမျိုးသမီးတ တက်ဆက်ပြည်နယ်သားတစ်ယောက်၊ ပြီးတော့ ဟန်ဂေရီအမျိုးသား တစ်ယေ တို့ပင် ဖြစ်သည်။

သို့ရာတွင် ထိုပုဂ္ဂိုလ်များနောက်သို့ လိုက်နိုင်သည့်နည်းလမ်း မရှိတော့ သူက 'ခွေ'လိုက်သည်ကို တစ်ဖက်ကလည်း 'ပြန်ခွေ'လိုက်သည်။

ဤနေရာအထိ ဝေးလံစွာ လာရောက်ပြီးမှ ရပ်ဆိုင်းပစ်ရခြင်းမှာ စိတ် စရာကောင်းလှသည်။ တကယ်လို့ ဘုန်းတော်ကြီးက သူလိုချင်သည့် သ အချက်အလက်များကို သူ့အား ပြောပြအောင် စကားကို မှန်မှန်ကန် ပြောနိုင်ခဲ့မည်ဆိုလျှင် သူ့အနေနှင့် တော်တော် နီးနီးစပ်စပ် ဖြစ်ခဲ့သား

ဘုန်းတော်ကြီး ပြောလိုက်တာ ဘာပါလိမ့်၊ ပွန်ဒီရိုဆာတဲ့၊

ဘုန်းတော်ကြီးသည် ရုပ်မြင်သံကြားကို အကြည့်လွန်သွားတာ ဖြစ် ပြီးတော့လည်း သူ ကယောင်ချောက်ချား ဖြစ်သွားချိန်တွင် အလွန် လူကြိုက် သော ရုပ်မြင်သံကြားဇာတ်လမ်း တစ်ခုကို တက်ဆက်ပြည်နယ်နှင့် ဆ ပြောဆိုနေသည်မှာ သိသာလွန်းလှသည်။

ပွန်ဒီရိုဆာ ဆိုသည်မှာ ရုပ်မြင်သံကြားဇာတ်လမ်းထဲက ဇာတ်ရိုက် နေထိုင်သည့်နေရာသာ ဖြစ်သည်။

ပွန်ဒီရိုဆာ။ ရောဘတ်သည် မော်တော်ကားကို နှေးပစ်လိုက်ပြီး လမ်းဘေးတွင် ရပ်တန့်လိုက်၏။ သူဦးနှောက်ထဲတွင် ချာချာလည်နေသည်။

သူသည် မော်တော်ကားကို 'ဂ'ငယ်ကွေ့ ကွေ့လိုက်ပြီးနောက် အော်ဗိုက်တိုမြို့ဆီသို့ ပြန်မောင်းသွားလေ၏။

နောက်ထပ် နာရီဝက် ကြာသောအခါ ရောဘတ်သည် ပီဇာဒဲလ် ရီပတ်ဗလီကာ ရင်ပြင်ရှိ ယမကာဆိုင်ကလေးတစ်ဆိုင်ထဲတွင် အရက်ရောင်းသူနှင့် စကားစမြည် ပြောဆိုနေလေပြီ။

ရောဘတ်က ပြောလိုက်၏။

"ခင်ဗျားတို့မြို့က တော်တော်လှတာပဲ၊ တော်တော့်ကို ငြိမ်းချမ်းတယ်နော်"

"ဟုတ်တယ် ဆီညော်၊ ကျုပ်တို့က ဒီမှာ နေရတာကို ကျေနပ်နေကြပါတယ်၊ ခင်ဗျားက အီတလီကို အရင်က လာရောက်လည်ပတ်ဖူးသလား"

"ကျုပ်က ကျုပ်ရဲ့ ပျားရည်ဆမ်းခရီးတစ်ပိုင်းတစ်စကို ရောမမြို့မှာ အချိန်ဖြုန်းခဲ့တာဗျ"

"ရောမမြို့လား၊ သိပ်ကြီးလွန်းတယ်၊ သိပ်ကို ဆူညံလွန်းလှတယ်"

"ကျုပ် သဘောတူပါတယ်"

"ကျုပ်တို့က ဒီမှာ ရိုးရိုးသားသားပဲ နေကြထိုင်ကြတယ်၊ ဒါပေမယ့် ကျုပ်တို့က ပျော်ပါတယ်ဗျာ"

ရောဘတ်က အမှတ်မထင် ပြောလိုက်၏။

"ခင်ဗျားတို့ရဲ့ အိမ်ခေါင်မိုးတွေ အတော်များများပေါ်မှာ ရုပ်မြင်သံကြား ကောင်းကင်ကြိုးတွေ ရှိနေတာကို ကျုပ် သတိထားမိတယ်"

"အင်း - ဟုတ်တယ်၊ ကျုပ်တို့က အဲဒီဘက်မှာတော့ အတော်ကလေးကို ခေတ်မီပါတယ်"

"အဲဒါကတော့ မြင်သာတဲ့ကိစ္စတွေပေါ့ဗျာ၊ ခင်ဗျားတို့မြို့မှာ ရုပ်မြင်သံကြားချန်နယ် ဘယ်လောက်လောက် ဖမ်းနိုင်သလဲ"

"တစ်ခုပဲ ရှိပါတယ်"

"ခင်ဗျားတို့အနေနဲ့ အမေရိကန်ရုပ်မြင်သံကြား ဇာတ်လမ်းကောင်းတွေကို အတော်များများ ကြည့်ကြရမှာပေါ့နော်"

"မကြည့်ရပါဘူး၊ ဒါက အစိုးရထုတ်လွှင့်တဲ့ ချန်နယ်ပါ၊ ကျုပ်တို့ဆီမှာတော့ အီတလီက ထုတ်လုပ်တာတွေကိုပဲ ကြည့်ကြရပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ရောဘတ်က အက်ဒ်မိုင်ရယ် ဝုဒ်တိတ်ကာထံ တယ်လီဖုန်း ဆက်လိုက်သည်။ အတွင်းရေးမှူး တစ်ယောက်က တယ်လီဖုန်းကို အဖြေပေးသည်။

"အက်ဒ်မိုင်ရယ် ဝုဒ်တိတ်ကာရဲ့ ရုံးခန်းကပါ"

"ကွန်မန်ဒါ ရောဘတ်ဘယ်လာမီ ဆက်သွယ်နေပါတယ်၊ ကျုပ် အက်ဒ်မိုင်ရယ်ကြီးနဲ့ စကားပြောနိုင်ပါသလား"

"ခဏစောင့်ပါ ကွန်မန်ဒါ"

တစ်ချိန်တုန်းက အလွန် ဩဇာတိက္ကမ ကြီးမားခဲ့သော အက်ဒ်မိုင်ရယ် ကြီးသည် ယခုအချိန်တွင် ဩဇာအာဏာ မရှိတော့ပြီ ဖြစ်သဖြင့် ... များက အက်ဒ်မိုင်ရယ်ကြီးအား ဆက်သွယ်လိုခြင်း ရှိ မရှိ ...







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဆက်သွယ်လိုမှု ရှိချင်မှ ရှိပါလိမ့်မည်။

"ရောဘတ်၊ မင်းအသံကြားရတာ ကောင်းလိုက်တာကွာ"

အဘိုးကြီး၏အသံက ပင်ပမ်းနွမ်းနယ်နေပုံရသည်။

"မင်း ဘယ်မှာလဲ"

"ကျွန်တော် မပြောနိုင်ဘူး ခင်ဗျ"

ခေတ္တမျှ ရပ်ဆိုင်းသွားသည်။

"ငါ နားလည်ပါတယ်၊ မင်းအတွက် ငါ ဘာများ လုပ်ပေးနိုင်သလဲ"

"ရှိပါတယ် ခင်ဗျာ၊ ကျွန်တော့်ကို ဘယ်သူနဲ့မှ မဆက်သွယ်ရဘူးလို့ ညွှန်ကြားထားတဲ့အတွက် ခုကိစ္စက နည်းနည်းတော့ ခက်နေပါတယ်၊ ဒါပေမယ့် ကျွန်တော့်အဖို့ ပြင်ပက အကူအညီတစ်ခုတော့ လိုအပ်နေပါတယ်။ ဆရာက ကျွန်တော့်အတွက် တစ်ခုခုကို စုံစမ်းမေးမြန်းပေးနိုင်ပါသလား"

"ငါ ကြိုးစားကြည့်နိုင်တာပေါ့ကွာ၊ မင်းက ဘာသိချင်လို့လဲ"

"တက်ဆက်ပြည်နယ်မှာ ပွန်ဒီရိုဆာဆိုတဲ့ ခြံတစ်ခြံ ရှိ မရှိ သိချင်ပါတယ် ဆရာ"

"ဘိုနန်ဇာ ရုပ်မြင်သံကြား ဇာတ်လမ်းထဲကလိုလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ငါ စုံစမ်းပေးနိုင်ပါတယ်၊ ငါ မင်းနဲ့ ဘယ်လိုဆက်သွယ်ရမလဲ"

"ကျွန်တော်က ဆက်သွယ်ရင် ပိုကောင်းမယ် ထင်ပါတယ် အက်ဒ်မိုင်ရယ်"

"ကောင်းပြီလေ၊ ငါ့ကို အချိန် တစ်နာရီ နှစ်နာရီလောက် ပေးပါ။ ငါက ခုကိစ္စကို မင်းနဲ့ငါ နှစ်ယောက်တည်းပဲ သိစေပါ့မယ်"

"ကျေးဇူးတင်ပါတယ်"

အဘိုးကြီး၏အသံမှာ ပင်ပန်းနွမ်းနယ်နေသည့်လေသံ ပပျောက်သွားသည်ဟု ရောဘတ် ထင်လိုက်မိသည်။

ယခုကိစ္စမှာ ခြံတစ်ခြံ၏နေရာဒေသကို ရှာဖွေပေးရန် မေးမြန်းခြင်းသာ ဖြစ်စေတာမူ သူ့ကို အလုပ်တစ်ခုခု ပေးနိုင်ခဲ့သည်သာ ဖြစ်ပါ၏။

နောက် နှစ်နာရီကြာသောအခါ ရောဘတ်က အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာထံ တယ်လီဖုန်းဆက်လိုက်ပြန်၏။ အက်ဒ်မိုင်ရယ်ကြီးက ပြောလိုက်သည်။

"မင်းဆီက ဆက်သွယ်တာကို ထိုင်စောင့်နေတာကွ၊ မင်း သိချင်တဲ့အချက်အလက်ကို ငါ သိထားပြီ"

"အဲဒါက"

ရောဘတ်က အသက်အောင့်ထားလိုက်၏။

"တက်ဆက်ပြည်နယ်မှာ ပွန်ဒီရိုဆာဆိုတဲ့ ခြံတစ်ခြံ ရှိတယ်။ အဲဒီခြံက ဝါကိုမြို့ အပြင်ဘက်နားမှာ ရှိတယ်၊ ဒန်ဝိန်း ဆိုတဲ့လူက ပိုင်တယ်"

ရောဘတ်က စိတ်သက်သာရာရမှုကြောင့် သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်၏။

"သိပ်ကျေးဇူးတင်ပါတယ် အက်ဒ်မိုင်ရယ်၊ အက်ဒ်မိုင်ရယ်ကြီးကို ညစာတစ်ပွဲကျွေးဖို့ အကြွေးတင်သွားပြီ"

"ငါ အဲဒါကို စောင့်မျှော်နေမယ် ရောဘတ်ရေ"

ရောဘတ်က နောက်တစ်ကြိမ် ဆက်လိုက်သူမှာ ဂျင်နရယ် ဟီးလီးယဒ်





...သို့ပင် ဖြစ်သည်။

"ကျွန်တော်က နောက်သက်သေတစ်ယောက်ကို အီတလီနိုင်ငံမှာ ရှာတွေ့...ပါတယ်၊ ဖာသာ ပါတာရီနီတဲ့"

"ဘုန်းတော်ကြီး တစ်ပါးလား"

"ဟုတ်ပါတယ်၊ အော်ဗိုက်တိုမြို့ကပါ။ သူက ဆေးရုံတက်နေပါတယ်၊ ...ကို မကျန်းမမာ ဖြစ်နေပါတယ်။ အီတလီအာဏာပိုင်တွေ သူနဲ့ အဆက်အသွယ်လုပ်လို့ရမယ် မထင်ဘူး"

"ငါက အဲဒါကို ဆက်အသိပေးလိုက်ပါ့မယ်၊ ကျေးဇူးတင်ပါတယ် ကွန်မန်ဒါ"

နောက် နှစ်မိနစ်ကြာသောအခါ ဂျင်နရယ် ဟီးလီးယဒ်က ဇျေးနပ်စ်ထံ ...ဆက်လိုက်သည်။

"ကွန်မန်ဒါ ဘယ်လာမီထံက ကျုပ် သတင်းကြားရပြန်ပြီ၊ နောက်ဆုံး ...တ်သေကတော့ ဘုန်းတော်ကြီး တစ်ပါးပဲ၊ အော်ဗိုက်တိုမြို့က ဘုန်းတော်ကြီး ...တာရီနီပဲ"

"ကြည့်ပြီး စီစဉ်လိုက်ပါ"

ချက်ချင်းအကြောင်းကြားချက်

အထူး ထိပ်တန်းလျှို့ဝှက်

အင်အက်စ်ဇအေမှ ဒုတိယညွှန်မှူး စီဖာ

ၡင်းကိုယ်တိုင် ဖတ်ရှုရန်အတွက်သာ။

**မိတ္တူ တစ်ရွက်တည်းသာ။**

အကြောင်းအရာ ။ ။ ကမ္ဘာဖျက်စီမံချက်

ငါး - ဘုန်းတော်ကြီး ပါတာရီနီ၊ အော်ဗိုက်တို။

အကြောင်းကြားချက် ပြီးဆုံးပြီ။

စီဖာ (Sifar) ဌာနချုပ်သည် ရောမမြို့၏ တောင်ဘက်အကျဆုံး မြို့စွန်မြို့များရှိ လယ်တောများ ဝိုင်းရံလျက်ရှိသောနေရာတွင် တည်ရှိသည်။ ထိုနေရာသို့ ဖြတ်သန်းသွားသူများက လေးထောင့်ကျကျ ဘလောက် နှစ်ခုကွက်အပေါ်တွင် စက်မှုလုပ်ငန်းဆိုင်ရာ အဆောက်အအုံများဆန်ဆန် တည်ဆောက်ထားသော ထိုနေရာအား ဒုတိယအကြိမ် ပြန်ကြည့်မိစေမည့်ကိစ္စမှာ ထိုနေရာ ပတ်ပတ်လည်၌ ကာရံထားသော မြင့်မားသည့် အုတ်နံရံကြီးများနှင့် အပေါ်မှ ထပ်ဆင့်တင်ထားသော သံဆူးကြိုးများ၊ ထောင့်တစ်ထောင့်စီ၌ ရှိနေသော လုံခြုံရေးကင်းတဲများကြောင့်သာ ဖြစ်တန်ရာသည်။

စီဖာသည် စစ်တပ်ခြံဝင်းတစ်ခုထဲ၌ ကွယ်ဝှက်ထားရှိပြီး ကမ္ဘာပေါ်ရှိ အလျှို့ဝှက်ဆုံးနှင့် လူသိ အနည်းဆုံး ထောက်လှမ်းရေးအေဂျင်စီပင် ဖြစ်သည်။ အဆိုပါ ခြံဝင်းအပြင်ဘက်တွင် 'မသက်ဆိုင်သူများ မဝင်ရသည့် တား...နေရာ' ဆိုသော ဆိုင်းဘုတ်ကြီးများ ရှိနေသည်။

ပင်မ အဆောက်အအုံကြီး၏ ပထမထပ်ရှိ ပရိဘောဂ ...



www.burmeseclassic.com

www.burmeseclassic.com

သော ရုံးခန်းထဲတွင် ဗိုလ်မှူးကြီး ဖရန်စက်စကိုစီဇာသည် သူ ယခု လ
ရရှိလိုက်သော ချက်ချင်းအကြောင်းကြားစာကို ဖတ်ရှုလေ့လာနေသည်။
သူသည် အသက် ငါးဆယ်ကျော်ခါစသော ရှိုးသေးပြီး ကြွက်သားအပြ
ထနေသော ခန္ဓာကိုယ်ပေါ်တွင် ကျောက်ပေါက်မာသက်သက်နှင့် ခွေးသီ
မျက်နှာမျိုးရှိသူ ဖြစ်သည်။

သူက ထိုအကြောင်းကြားချက်ကို တတိယအကြိမ် ဖတ်ရှုလိုက်၏။

'ဒီလိုဆိုတော့ ကမ္ဘာဖျက်စီမံချက်ကို နောက်ဆုံးမှာ အကောင်အထ
ဖော်နေကြပြီပဲ။ ငါတို့က အဲဒါအတွက် ကြိုတင်ပြီး ပြင်ဆင်ထားမိတာ
ကောင်းသွားတယ်' ဟု စီဇာက တွေးလိုက်သည်။

သူက အကြောင်းကြားချက်ကို နောက်တစ်ကြိမ် ငုံ့ဖတ်လိုက်ပြန်၏။

'ဘုန်းတော်ကြီးတစ်ပါး ဆိုပါကလား'

အော်ပိုက်တိုမြို့ရှိ ဆေးရုံငယ်ကလေးတွင် ညပိုင်း တာဝန်ကျနေသော
သူနာပြုဆရာမ နှစ်ယောက်၏ ရှေ့မှောက်မှ သီလရှင်တစ်ပါး ဖြတ်သန်းသွာ
ချိန်မှာ ညသန်းခေါင်ယံပင် ကျော်ခဲ့လေပြီ။

"သူက ဆီညော် ရာဖိလီပီဆီကို သွားတယ်လို့ ကျွန်မ ထင်တယ်"
သူနာပြုဆရာမ တိုမာစီနိုက ပြောလိုက်သည်။

"သူလည်း ဖြစ်နိုင်တယ်၊ ဟို အဘိုးကြီး ရီဂါနိုလည်း ဖြစ်နိုင်တယ်၊ သူ
နှစ်ယောက်ဟာ နောက်ဆုံး အချိန်ပိုင်းကို ရောက်နေကြပြီ မဟုတ်လား"

မယ်သီလရှင်သည် ထောင့်ချိုးအကွေ့ကို တိတ်ဆိတ်စွာ ကွေ့လျှော
လိုက်ပြီးနောက် ဘုန်းတော်ကြီး၏ အခန်းထဲသို့ တန်းဝင်သွားသည်။

ဘုန်းတော်ကြီးသည် ဘုရားဝတ်ပြုနေသည့်အလား လက်နှစ်ဖက်ကို ရင်ဘတ်
ပေါ်တွင်တင်၍ ငြိမ်းချမ်းစွာ အိပ်စက်နေသည်။ တရုတ်ကတ်များ အကြား
လရောင်သည် ဖွေးဖွေးစောင်းကလေး ကျရောက်နေရာ ဘုန်းတော်ကြီး၏
မျက်နှာပေါ်တွင် ရွှေရောင်ဖဲပြားကလေး ကျနေသလို ဖြစ်ပေါ်နေလေသည်။

မယ်သီလရှင်သည် သီလရှင်ဝတ်စုံအောက်မှ ဘူးသေးသေးကလေးတစ်
ဘူးကို ထုတ်ယူလိုက်သည်။ သူသည် မှန်ကူကွက်ကလေးများဖြစ်အောင် သွေး
ထားသော ဖန်သားပုတီးစေ့များနှင့် ပြုလုပ်ထားသည့် လှပသော စိပ်ပုတီးတစ်ကုံးကို
သတိထားပြီး ထုတ်ယူလိုက်သည်။

သူက စိပ်ပုတီးကို ဘုန်းတော်ကြီး၏လက်ထဲသို့ ထည့်လိုက်၏။ သူက
စိပ်ပုတီးကို အနေအထား ပြုပြင်ပေးနေစဉ် စိပ်ပုတီးစေ့တစ်လုံးကို ဘုန်းတော်
ကြီး၏ လက်မပေါ်တွင် ခပ်မြန်မြန်ကလေး ပွတ်၍ ဆွဲယူလိုက်သည်။ ဖန်သား
အစွန်းနှင့် ရှသွားသောကြောင့် လက်မပေါ်တွင် သေးငယ်သော သွေးအစင်း
ကြောင်းကလေး ပေါ်ထွက်လာသည်။

မယ်သီလရှင်သည် ဘူးကလေးထဲမှ ပုလင်းသေးသေးကလေး တစ်လုံးကို
ထုတ်ယူလိုက်သည်။ သူက မျက်စဉ်းခတ်သော ပြွန်ကလေးနှင့် လတ်လတ်
ဆတ်ဆတ် သွေးထွက်နေသောဒဏ်ရာပေါ်သို့ အစက် သုံးစက်ကို ညင်ညင်
သာသာ ချပေးလိုက်သည်။

အလွန် အဆိပ်ပြင်းပြီး လျင်မြန်စွာ အစွမ်းပြသော ထိုအဆိပ်က အလုပ်





ဘက်ရန် မိနစ်အနည်းငယ်သာ အချိန်ယူပါသည်။

ယ်သီလရှင်သည် သေနေသော ဘုန်းတော်ကြီး၏ အလောင်းပေါ်သို့
းဘပ်တိုင်ပုံသဏ္ဍာန် ပြုလုပ်လိုက်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။
သူသည် လာစဉ်ကလိုပင် အသံမပြုဘဲ ပြန်ထွက်သွားလေ၏။

ချက်ချင်းအကြောင်းကြားချက်
အထူးထိပ်တန်းလျှို့ဝှက်
စီဟာထံမှ အင်အက်စ်အေ ဒုတိယညွှန်မှူးထံ
ရင်းကိုယ်တိုင် ဖတ်ရှုရန် အတွက်သား
မိတ္တူ တစ်စောင်တည်းသာ

ကြောင်းအရာ ။ ။ ကမ္ဘာဖျက်စီမံချက်

ငါး - ဘုန်းတော်ကြီး ပါတရီနီ အော်ပိုက်တို၊
ရှင်းလင်းပြီးပါပြီ။

အကြောင်းကြားချက် ပြီးဆုံးပါပြီ။

❖ ❖ ❖



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်ဆယ့်ခြောက်

ဖရန့်ဂျွန်ဆန်သည် ဗီယက်နမ်စစ်ပွဲ အတွင်းက ဦးထုပ်စိမ်း *(Green Beret)* ဟု လူသိများသော ကွန်မန်ဒိုတပ်ဖွဲ့ဝင် တစ်ယောက် ဖြစ်ခဲ့သည့်အပြင် သူသည် 'လူသတ်သောစက်' ဟု သူ့ကိုသိသော အသိုင်းအဝိုင်းတွင် လူသိများ ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် သူ့ကို စည်းရုံးသိမ်းသွင်းခဲ့ခြင်း ဖြစ်သည်။ သူ လူသတ်ရသည်ကို နှစ်ခြိုက်သည်။ သူ့တွင် ရည်မှန်းချက် အပြည့်အဝ ရှိသ အလွန် ဉာဏ်ထက်မြက်သူလည်း ဖြစ်သည်။

"သူဟာ ငါတို့အတွက် ကွက်တိဝင်တဲ့ပုဂ္ဂိုလ်ပဲ၊ သူ့ကို သတိထားပြီး ချ ကပ်ပါ၊ ငါတို့က သူ့ကို လက်လွှတ်မသွားစေချင်ဘူး" ဟု ဂျေးနပ်စ်က ပြော သည်။

ပထမဦးဆုံး တွေ့ဆုံပွဲမှာ စစ်တပ်အိပ်ဆောင်တန်းလျား တစ်ခုတွင် ဖြ သည်။ ဗိုလ်ကြီးတစ်ယောက်က ဖရန့်ဂျွန်ဆန်နှင့် စကားပြောနေသည်။

ထိုဗိုလ်ကြီးက မေးလိုက်၏။

"ခင်ဗျားက ကျုပ်တို့အစိုးရအပေါ် စိတ်မပျက်မိဘူးလား၊ အစိုးရအဖွဲ့ ပါတဲ့ လူတွေဟာ ရှိရှိသမျှ ပစ္စည်းတွေကို ပေးကမ်းစွန့်ကြဲနေကြတဲ့ လူသူ ကောင်းကြီးတွေပဲ။ ကျုပ်တို့နိုင်ငံမှာ အဏုမြူစွမ်းအင်ကို လိုအပ်နေတယ် ဒါပေမယ့် ဟို သောက်နိုင်ငံရေးသမားတွေက အဏုမြူဓာတ်အားပေးစ အသစ်တွေ မဆောက်ဖို့ ကန့်ကွက်နေကြတယ်။ ကျုပ်တို့က ရေနံအတွ အာရပ်တွေကို အားကိုးနေကြရတယ်။ ဒါပေမယ့် အစိုးရက ကျုပ်တို့ကို ကမ်း ရေနံတွင်းတွေ တူးနေခွင့်ပြုသလား၊ ဝေးပါသေးတယ်၊ သူတို့က ကျုပ်တို့ ငါးတွေအတွက် ပိုပြီး ပူပင်သောကရောက်နေကြတယ်၊ အဲဒါတွေဟာ ခင်ဗျ အတွက် အဓိပ္ပာယ်ရှိရဲ့လား"

"ခင်ဗျား ဆိုလိုတာကို ကျုပ် သဘောပေါက်ပါတယ်"

"ခင်ဗျားက အလွန် ဉာဏ်ထက်မြက်တဲ့လူဆိုတော့ သဘောပေါက် မယ်ဆိုတာ ကျုပ် သိပါတယ်"

သူက စကားပြောရင်း ဖရန့်ဂျွန်ဆန်၏မျက်နှာကို အကဲခတ်နေသည်။

"တကယ်လို့ ကွန်ဂရက်က ကျုပ်တို့နိုင်ငံကို မကယ်တင်ဘူးဆိုရင် ကျုပ် အထဲက တချို့က တစ်ခုခု လုပ်ကြရလိမ့်မယ်"

ဖရန့်ဂျွန်ဆန် ဦးနှောက်ခြောက်သွားပုံရသည်။

"ကျုပ်တို့အထဲက တချို့ ဟုတ်လား"





"ဟုတ်ပါတယ်၊ အဲဒီကိစ္စကို ကျုပ်တို့ နောက်ကျမှ ပြောကြစို့"

ဗိုလ်ကြီးက ခုလောလောဆယ်တွင် ဤမျှလောက်နှင့်ပင် လုံလောက်ပြီဟု ယူဆပြီး 'ချို'ထားလိုက်သည်။

နောက်တစ်ကြိမ် ဆွေးနွေးသည့်အခါ ပို၍ တိကျမှု ရှိလာသည်။

"မျိုးချစ်ပုဂ္ဂိုလ်တွေကို စုစည်းထားတဲ့ အုပ်စုတစ်စုရှိတယ် ဖရန့်၊ အဲဒီ ပုဂ္ဂိုလ်တွေက ကျုပ်တို့နိုင်ငံကို အကာအကွယ်ပေးဖို့ စိတ်ဝင်စားကြတယ်။ အဲဒီ ပုဂ္ဂိုလ်တွေဟာ တော်တော်ကြီး ဩဇာတိက္ကမ ရှိတဲ့ပုဂ္ဂိုလ်တွေပဲ။ သူတို့တွေက ကော်မတီလေးတစ်ရပ် ဖွဲ့စည်းထားတယ်၊ အဲဒီ ကော်မတီက အလုပ်ဖြစ်အောင် ဥပဒေကို နည်းနည်းလောက် ချိုးဖောက်ရတာကလေးတွေ ရှိတယ်၊ ဒါပေမယ့် နောက်ဆုံးကျရင် အဲဒီလို လုပ်တဲ့ကိစ္စက လုပ်ထိုက်တဲ့ကိစ္စ ဖြစ်လာပါလိမ့်မယ်။ ခင်ဗျား စိတ်ဝင်စားရဲ့လား"

ဖရန့်ဂျွန်ဆန်က ပြုံးလိုက်၏။

"ကျုပ် သိပ်ကို စိတ်ဝင်စားပါတယ်ဗျာ"

BURMESE CLASSIC .com

ထိုကိစ္စမှာ အစမျှသာ ဖြစ်သည်။ နောက်တစ်ကြိမ် တွေ့ဆုံပွဲမှာ ကနေဒါ နိုင်ငံ အော့တဝါးမြို့တွင် ဖြစ်သည်။

ထိုပုဂ္ဂိုလ်များသည် နိုင်ငံပေါင်း တစ်ဒါဇင်မှ အလွန် ဩဇာတိက္ကမ ရှိသည့် အဖွဲ့အစည်းများကို ကိုယ်စားပြုသူများ ဖြစ်ကြသည်။

"ကျုပ်တို့က စနစ်တကျ ဖွဲ့စည်းထားပါတယ်"

အဖွဲ့ဝင်တစ်ယောက်က ဖရန့်ဂျွန်ဆန်အား ရှင်းပြလိုက်သည်။

"ကျုပ်တို့ဆီမှာ တစ်ဆင့်ပြီး တစ်ဆင့် ညွှန်ကြားတာကို တိတိကျကျ လိုက်နာကြတယ်။ ကျုပ်တို့ဆီမှာ ဝါဒဖြန့်ချိရေးဌာနခွဲ၊ စည်းရုံးရေးဌာနခွဲ၊ ဆက်သွယ်ရေးဌာနခွဲ၊ နည်းဗျူဟာဌာနခွဲ ပြီးတော့ မရဏာတပ်ခွဲလည်းရှိတယ်၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှ ထောက်လှမ်းရေးဌာန အားလုံးလိုလိုဟာ ဒီအဖွဲ့ထဲမှာ ပါနေကြတယ်"

"အဲဒီအဖွဲ့အစည်းတွေရဲ့ အကြီးအကဲတွေက . . ."

"မဟုတ်ဘူး၊ အကြီးအကဲတွေတော့ မဟုတ်ဘူး၊ နေ့စဉ် ဖြစ်ပျက်နေတဲ့ ကိစ္စတွေ အားလုံးကိုသိတဲ့၊ ပြီးတော့ ကျုပ်တို့နိုင်ငံတွေဟာ ဘယ်လို အန္တရာယ် မျိုးနဲ့ ရင်ဆိုင်နေရတယ် ဆိုတာကိုသိတဲ့ ဒုတိယပုဂ္ဂိုလ်တွေပဲ"

အစည်းအဝေးများသည် ဆွစ်ဇာလန်၊ မော်ရိုကို၊ တရုတ်ပြည် စသည်ဖြင့် ကမ္ဘာပေါ်ရှိ နေရာအရပ်ရပ်တွင် ကျင်းပခဲ့ကြသည်။ ဂျွန်ဆန်သည် ထိုအစည်း အဝေးအားလုံးသို့ တက်ရောက်ခဲ့သည်။

ဗိုလ်မှူးကြီးဂျွန်ဆန်သည် လွန်ခဲ့သောခြောက်လက ဂျေးနပ်စ်နှင့် တွေ့ဆုံခွင့် ရရှိခဲ့သည်။ ဂျေးနပ်စ်က သူ့ကို ခေါ်ခိုင်းလိုက်ခြင်း ဖြစ်သည်။

"မင်းနဲ့ပတ်သက်ပြီး အင်မတန်ကောင်းတဲ့ အစီရင်ခံစာတွေကို ကြားရ တယ် ဗိုလ်မှူးကြီး"

ဖရန့်ဂျွန်ဆန်က ပြုံးလိုက်၏။

"ကျွန်တော်က ကျွန်တော့်အလုပ်မှာ အရသာတွေ့တဲ့..."

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလို ကျုပ် ကြားသိထားပါတယ်၊ မင်းက ငါတို့အတွက် အကျိုးကျေးဇူး ဖြစ်ထွန်းအောင် ကူညီနိုင်မယ့် အနေအထားမှာ ရှိတယ်"

ဖရန့်ဂွန်ဆန်သည် ကိုယ်ကို မတ်မတ် ပြင်ထိုင်လိုက်၏။

"ကျွန်တော် တတ်စွမ်းသမျှ အကုန် ဆောင်ရွက်ပါ့မယ်"

"ကောင်းတယ်၊ ယာတောမှာဆိုရင် မင်းဟာ ဌာနအသီးသီးက ထောက် လှမ်းရေးအေးဂျင့်တွေကို လေ့ကျင့်သင်ကြားပေးတဲ့ဌာနမှာ ကြီးကြပ်ကွပ်ကဲရတယ် မဟုတ်လား"

"အဲဒါ မှန်ပါတယ်"

"ပြီးတော့လည်း မင်းက သူတို့ရဲ့ အရည်အချင်းတွေကို သိခွင့်ရတယ် မဟုတ်လား"

"ရင်းရင်းနှီးနှီးကြီးကို သိခွင့်ရပါတယ်"

"ငါ မင်းကို လုပ်စေချင်တာကတော့ ငါတို့အဖွဲ့အစည်းအတွက် အကူအညီ အများဆုံး ရလိမ့်မယ်လို့ မင်း ယူဆတဲ့လူတွေကို စည်းရုံးသိမ်းသွင်းဖို့ပဲ၊ ငါတို့က အကောင်းဆုံးကိုပဲ စိတ်ဝင်စားတယ်"

ဗိုလ်မှူးကြီး ဂွန်ဆန်က ပြောလိုက်၏။

"အဲဒါ လွယ်ပါတယ်၊ ပြဿနာ မရှိပါဘူး"

သူက ခေတ္တမျှ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

"ကျွန်တော် တွေးနေတာ တစ်ခုရှိ . . ."

"ဘာများပါလိမ့်"

"အဲဒီ အလုပ်ကို ကျွန်တော်က ဘယ်ဘက်လက်နဲ့တောင် လုပ်နိုင်ပါတယ် ကျွန်တော်က အဲဒါထက် ပိုပြီး ကြီးမားတဲ့ကိစ္စ၊ တကယ့်လုပ်ငန်းကြီး တစ်ခုခုကို လုပ်ကိုင်ချင်တယ်"

သူက ရှေ့သို့ ငုံ့လိုက်၏။

"ကျွန်တော်က ကမ္ဘာဖျက်စီမံချက်အကြောင်း ကြားသိထားပါတယ်၊ အဲဒီ စီမံချက်ဟာ ကျွန်တော်နဲ့ အကိုက်ညီဆုံးပါပဲ၊ ကျွန်တော် အဲဒီလုပ်ငန်းမှာ တစ်တပ် တစ်အား ဝင်ပြီး ပါချင်ပါတယ် ဆရာ"

ဂျေးနပ်စ်က သူ့ကို အကဲခတ်ရင်း ခေတ္တမျှ ထိုင်နေသည်။ ထို့နောက် သူက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ၊ မင်းကို လက်ခံလိုက်ပြီ"

ဂွန်ဆန်က ပြုံးလိုက်၏။

"ကျေးဇူးတင်ပါတယ်၊ ဆရာ့အနေနဲ့ ဝမ်းမနည်းစေရပါဘူး"

ဗိုလ်မှူးကြီး ဂွန်ဆန်သည် ထိုအစည်းအဝေးမှ ပျော်ပျော်ရွှင်ရွှင် ပြန်လာ ခဲ့သည်။ ယခု သူသည် လုပ်ကိုင်နိုင်စွမ်း ရှိသမျှကို ပြသခွင့် ရပေတော့မည်။

❖ ❖ ❖



BURMESE CLASSIC .com

## အခန်း နှစ်ဆယ့်ခုနစ်

...တ်ဆက်ပြည်နယ်၊ အမေရိကန်ပြည်ထောင်စု

...နိဝိန်း အတွက် အဆင်မပြေသောနေ့ တစ်နေ့ပင်တည်း။ အမှန်အတိုင်း ...ည် ဆိုပါက သူသည် အဆိုးရွားဆုံးနေ့ တစ်နေ့နှင့် ကြုံနေရသည်။ ...သူသည် ဝါကိုဒေသတရားရုံးတွင် လူမွဲအဖြစ် ခံယူရမည့် အမှုကိစ္စကို ...ပြီး ပြန်လာခါစပင် ရှိသေးသည်။

...ယ်ရွယ်သော ဆရာဝန်ကလေး တစ်ယောက်နှင့် ဖောက်ပြားနေသော ...ာ သူနှင့် ကွာရှင်းပြတ်စဲရန် ကြိုးစားနေသည်သာမက သူ ပိုင်ဆိုင်သော ...န်သမျှကို ထက်ဝက်စီ ခွဲဝေရယူရန် ကြိုးပမ်းနေသည်။ သူကမူ ထိုကိစ္စမှာ ...ထက်ဝက်သာ ဖြစ်နိုင်ကြောင်း ဇနီးဖြစ်သူ၏ ရှေ့နေကို ပြောပြခဲ့သည်။ ...ပြီးတော့လည်း သူသည် သူ၏ ဆုရနွားထီးများအနက် တစ်ကောင်ကို ...တ်ခဲ့ရသည်။ ဒန်ဝိန်းစိတ်ထဲတွင် ကံကြမ္မာက သူ့ကို မတရား နှိပ်စက်နေ ...ု ခံစားနေရသည်။ သူသည် ဤကဲ့သို့ ကြုံတွေ့လာရန် ထိုက်တန်သော ...ည့် ကိစ္စမျိုးကိုမျှ ဆောင်ရွက်ခဲ့ခြင်း မရှိပါ။ သူသည် ခင်ပွန်းကောင်း ...ောက်၊ ခြံသမားကောင်းတစ်ယောက် ဖြစ်ခဲ့ပါသည်။

သူသည် စာဖတ်ခန်းထဲတွင် ထိုင်ရင်း မှုန်ပြာရီမှိုင်းနေသော သူ့အနာဂတ် ...ကြောင်း စဉ်းစား တွေးတောနေမိသည်။

ဒန်ဝိန်းသည် အလွန် မာနထားသောပုဂ္ဂိုလ် ဖြစ်သည်။ တက်ဆက်ပြည် ...သား၏ ကျယ်ကျယ်လောင်လောင် စကားပြောတတ်မှု၊ တကယ့် အရှိထက် ...ပုံကြီးချဲ့၍ ကြွားဝါတတ်မှုတို့နှင့် စပ်လျဉ်းသော ဟာသာများအကြောင်း ...ောင်းကောင်းကြီး သိပါသည်။ သို့ရာတွင် သူ့ထံ၌ ကြွားစရာတွေ အမှန် ...ယ် ရှိနေသည်ဟု သူ ခံယူထားသည်။

သူသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အလွန် ကြီးထွားဖွံ့ဖြိုးသော ဘရာဇို ...တောင်ကြားဒေသရှိ ဝါကိုဒေသဇာတိ ဖြစ်သည်။

ဝါကိုဒေသသည် ခေတ်မီသော်လည်း ကျွဲ၊ နွား၊ ဝံပုလွေ၊ မြွေ၊ ပြောင်း၊ တက္ကသိုလ် ...င်းသားများနှင့် ယဉ်ကျေးမှုတည်းဟူသော အခြေခံအချက်ကြီး ငါးချက် ...တွင် အခြေတည်သော ရှေးဟောင်းအမွေအနှစ်များသည် ဝါကိုဒေသတွင် ...ထက်တိုင် ကျန်ရှိနေပါသေးသည်။

ဒန်ဝိန်းသည် ဝါကိုဒေသကို စိတ်ရောကိုယ်ပါ ချစ်မြတ်နိုးသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆွစ်ဇာလန်နိုင်ငံမှ ခရီးသွားဘတ်စ်ကားပေါ်တွင် အီတလီနိုင်ငံမှ ဘုန်းတော် တစ်ပါးနှင့် ကြုံတွေ့ခဲ့ရသည့်အခါတွင် သူသည် ဇာတိချက်ကြွေ မွေးရ အကြောင်းကို ငါးနာရီကြာမျှ ပြောပြခဲ့သည်။

ဘုန်းတော်ကြီးက သူသည် အင်္ဂလိပ်ဘာသာစကားကို အလေ့အ ဖြစ်အောင် လေ့ကျင့်လိုကြောင်း ပြောကြားသော်လည်း သူ ပြန်စဉ်းစာ လိုက်သည့်အခါ သူကသာ တစ်ချိန်လုံးလိုလို စကားပြောနေခဲ့ခြင်း ဖြစ်ကြေ ပြန်တွေးမိတော့သည်။

သူက ဘုန်းတော်ကြီးကို ပြောပြလိုက်၏။

"ဝါကိုမှာ အမျိုးစုံရှိတယ်ဗျ၊ ရာသီဥတုကလည်း သိပ်ကောင်း ကျုပ်တို့က ရာသီဥတုကို သိပ်ပူအောင်၊ သိပ်အေးအောင် လုပ်ခွင့်မပြု ကျုပ်တို့ဆီမှာ စာသင်ကျောင်း (၂၃) ကျောင်း ရှိပြီး ဘေလာတက္ကသိုလ် ရှိတယ်။ သတင်းစာလေးစောင်၊ ရေဒီယိုအသံလွှင့်စက်ရုံ ဆယ်ခုနဲ့ ရုပ်မြင်သံ ထုတ်လွှင့်တဲ့စက်ရုံငါးရုံ ရှိတယ်၊ ကျုပ်တို့ဆီမှာ နာမည်ကျော်ပုဂ္ဂိုလ်တွေရဲ့ တွေ ထားရှိတဲ့ ပြခန်းကြီးတစ်ခုလည်း ရှိတယ်။ တကယ်လို့ ငါးမျှား ဝါသနာပါတယ်ဆိုရင် ဘရာဇိုမြစ်ဟာ တကယ် မေ့မရတဲ့ အတွေ့အကြုံ လိမ့်မယ်။ ပြီးတော့ ကျုပ်တို့ဆီမှာ တောရိုင်းတိရစ္ဆာန်တွေ မွေးထား တစ်ခု ရှိပြီးတော့ အနုပညာပြခန်းကြီးတစ်ခု ရှိတယ်။ ဝါကိုဟာ ကမ္ဘာ တကယ့်ကို ထူးခြားတဲ့မြို့တော် တစ်မြို့ပဲ။ ကျုပ်တို့ဆီကို တစ်ခါလောက် အလည်လာဖို့ ကောင်းတယ်"

ဤတွင် ပုပုသေးသေး ဘုန်းတော်ကြီးက ပြုံးပြီး ခေါင်းတညိတ် လုပ်နေသည်။ ဘုန်းတော်ကြီးက အင်္ဂလိပ်စကားကို မည်မျှ နားလည် သ ပေါက်သနည်းဟု သူ တွေးနေမိသည်။

ဝန်ဝိန်း၏ဖခင်က သူ့အတွက် ခြံမြေကွက်တစ်ထောင် အမွေပေးခဲ့ သားဖြစ်သူက ကျွဲနွားကောင်ရေကို နှစ်ထောင်မှ တစ်သောင်းအထိ ဖြ အောင် တိုးချဲ့တည်ထောင်ခဲ့သည်။ ပြီးတော့လည်း ဆုပေါင်းများစွာကို ဆွ ပေးခဲ့သည့် မြိုင်မြင်းကြီးတစ်ကောင်ကိုလည်း သူ ပိုင်ဆိုင်ထားသည်။ ထိုမြ ကြီးက အတော်တန်ဖိုးရှိလာပေလိမ့်မည်။

ယခုမူ လူလွန်မသားတွေက သူပိုင်သည့်ပစ္စည်းမှန်သမျှကို သူ့ထံမှ အ လုယူရန် ကြိုးစားနေကြသည်၊ ကျွဲနွားဈေးတွေ တစ်ဟုန်ထိုး ကျဆင်း သည်မှာ သူ့အပြစ် မဟုတ်သလို ဘဏ်တိုးတွေကို အချိန်မီ မဆပ်နိုင်သ လည်း သူ့အပြစ် မဟုတ်ပါ။ ဘဏ်တွေက သူ့ကို အပြတ်ရှင်းဖို့ တဖြည်း ချဉ်းကပ်လာနေကြပြီ။ သူကိုယ်သူ မဆုံးရှုံးအောင် ကာယဆယ်နိုင်မည့် နည်းလ သူ့ခြံကြီးကို ဝယ်မည့်သူ ပေါ်ပေါက်လာပြီး အကြွေးရှင်များကို ကြွေးဆ နောက် သူ့အတွက် အမြတ်အစွန်း အနည်းငယ် ကျန်ရှိစေဖို့ပင် ဖြစ်တော့သ

ချမ်းသာသော ဆွစ်ဇာလန်နိုင်ငံသား သူဌေးတစ်ယောက်က တက် ပြည်နယ်တွင် ခြံတစ်ခြံ ဝယ်လိုကြောင်း သူ သတင်းကြားသောကြောင့် သူ ထိုပုဂ္ဂိုလ်နှင့် တွေ့ဆုံရန် ဇူးရစ်ချ်သို့ လေယာဉ်ခရီးနှင့် သွားရောက်ခဲ့သ နောက်ဆုံးတွင် ထိုကိစ္စမှာ အချိန်ကုန် လူပန်းဖြစ်ခဲ့ရသည်။ ထိုပုဂ္ဂိုလ်ကြ ဝယ်ချင်သောခြံမှာ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးထားသော မြေတစ်





နှစ်ဧကသာရှိသည့်ခြံမျိုး ဖြစ်နေသည်။

ဒန်ဝိန်းသည် ထို့ကြောင့် အလွန်ထူးဆန်းသောကိစ္စ ဖြစ်ပေါ်ခဲ့စဉ်က ဆွစ် ဇာလန်နိုင်ငံရှိ ခရီးသွားဘတ်စ်ကားပေါ်တွင် ပါရှိသွားခဲ့ခြင်း ဖြစ်ပေသည်။

သူသည် ပန်းကန်ပြားပျံများအကြောင်းကို ဖတ်ရှုဖူးပါသည်။ သို့ရာတွင် ထိုပန်းကန်ပြားပျံများကို မည်သည့်အခါကမျှ မယုံကြည်ခဲ့ပါ။ ယခု သူ တကယ် ယုံကြည်သွားလေပြီ။ သူသည် သူ့နေရပ်သို့ ပြန်ရောက်သည်နှင့် တစ်မြို့နက် ထိုဒေသမှ သတင်းစာ အယ်ဒီတာတစ်ဦးထံ ဖုန်းဆက်လိုက်သည်။

"ဂျွန်နီ၊ ကျုပ် အခုလေးတင် အထဲမှာ ခပ်ဆန်းဆန်းပုဂ္ဂိုလ်တွေရဲ့ အလောင်း တွေ ပါလာတဲ့ ဘုရားစူး မိုးကြိုးပစ် တကယ့်အစစ် ပန်းကန်ပြားပျံ တစ်ခုကို မြင်ခဲ့ရတယ်"

"ဟုတ်လား၊ ခင်ဗျားက ဓာတ်ပုံတွေ ဘာတွေ ရိုက်ယူခဲ့သေးသလား ဒန်"

"မရလိုက်ဘူး၊ ကျုပ်က ဓာတ်ပုံ ရိုက်တော့ ရိုက်တယ်၊ ဒါပေမယ့် ပုံတွေက ပျက်သွားတယ်"

"ကိစ္စမရှိပါဘူးလေ၊ ကျုပ်တို့ဆီက ဓာတ်ပုံဆရာတစ်ယောက် အဲဒီကို လွှတ်ပေးလိုက်မယ်၊ အဲဒါက ခင်ဗျားခြံထဲမှာလား"

"ဟင့်အင်း မဟုတ်ဘူး၊ အဲဒါက ဆွစ်ဇာလန်နိုင်ငံမှာ"

ငြိမ်ကျသွားသည်။

"အေးလေ၊ တကယ်လို့ ခင်ဗျားခြံထဲမှာ အဲဒါမျိုးတစ်ခုတွေ့ရင် ကျုပ်ကို နောက်တစ်ကြိမ် ပြန်ဆက်ပေါ့ ဒန်ရယ်"

"နေစမ်းပါဦး၊ အဲဒါကို မြင်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်က ကျုပ်ဆီကို ဓာတ်ပုံ တစ်ပုံ ပို့ပေးလိမ့်မယ်"

သို့ရာတွင် ဂျွန်နီက စကားပြောခွက်ကို ပြန်ချသွားခဲ့လေပြီ။

ဒါပဲပေါ့လေ၊ ဝိန်းက 'တခြား ကမ္ဘာမှ ဂြိုဟ်သားတွေ လာရောက်ပြီး ကမ္ဘာကြီးကို တိုက်ခိုက်ပါစေ' ဟူ၍ပင် ဆုတောင်းမိတော့မလိုလို ဖြစ်ခဲ့ရသည်။

အဲဒီ ဂြိုဟ်သားတွေက သူ့သောက်ကြွေးရှင်တွေကို သတ်ပစ်ကောင်း သတ်ပစ်ကြပေလိမ့်မည်။

ခြံထဲသို့ ဝင်လာသောလမ်းအတိုင်း ကားတစ်စီး မောင်းနှင်လာသံကို ကြားရသဖြင့် သူ ထပြီး ပြတင်းပေါက်ဆီသို့ သွားလိုက်သည်။ အမေရိကန် အရှေ့ဘက်ခြမ်းမှ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပုံရသည်။ နောက်ထပ် ကြွေးရှင် တစ်ယောက် ဖြစ်နိုင်သည်၊ အခုတော့ ကြွေးရှင်တွေ မှိုလိုပေါက်နေသည်။

ဒန်ဝိန်းက အိမ်ရှေ့တံခါးကို ဖွင့်လိုက်၏။

"ဒင်နီယယ်ဝိန်းလား"

"ကျုပ်မိတ်ဆွေတွေက ကျုပ်ကို ဒန်လို့ ခေါ်ကြပါတယ်၊ ခင်ဗျားအတွက် ကျုပ် ဘာများ ဆောင်ရွက်ပေးနိုင်ပါသလဲ"

ဒန်ဝိန်းသည် ရောဘတ် မျှော်လင့်ထားခဲ့သည့်ပုံစံနှင့် လုံးဝ မတူပါ။ သူက ခပ်ထွားထွားကျိုင်းကျိုင်း တက်ဆက်လူမျိုးတစ်ယောက်ကို မျှော်လင့်ထားသည်။ ဒန်ဝိန်းကမူ သေးသေးသွယ်သွယ်နှင့် မင်းစိုးရာဇာဂိုက် ဖမ်းနေပြီး ရုပ်ရှင်ဓာတ်ပုံရ သည်။ သူ့မျိုးနွယ်နှင့် ပတ်သက်၍ သိသာစေသည့် တစ်ခုတည်းသော အရာမှာ သူ့လေသံပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ကျုပ်ကို အချိန်နည်းနည်းလောက် ပေးနိုင်မလားလို့ပါ"

ဝိန်းက -

"ကျုပ်မှာ ကျန်သမျှတော့ အဲဒါပဲ ရှိတော့တယ်၊ ဒါနဲ့ စကားမစပ် ခင်ဗျားက ကြွေးရှင်တစ်ယောက်တော့ မဟုတ်ပါဘူးနော်"

"ကြွေးရှင်တစ်ယောက် မဟုတ်ပါဘူးဗျာ"

"ကောင်းတယ်၊ ဝင်ခဲ့ပါဗျာ"

သူတို့နှစ်ယောက် ဧည့်ခန်းထဲသို့ ဝင်လာကြသည်။ ထိုအခန်းမှာ ကျယ်ဝန်းပြီး အနောက်နိုင်ငံစတိုင် ပရိဘောဂများနှင့် သက်သောင့်သက်သာ နေနိုင်အောင် ဖန်တီးထားသည်။

ရောဘတ်က ပြောလိုက်၏။

"ခင်ဗျားနေရာကလေးက တော်တော်နိပ်တာပဲ"

"ဟုတ်တယ်၊ ကျုပ်ကို ဒီအိမ်မှာပဲ မွေးခဲ့တာ၊ ခင်ဗျားကို ကျုပ် တစ်ခုခုနဲ့ ဧည့်ခံနိုင်ပါသလား၊ အအေး တစ်ခုခုဆိုပါတော့"

"နေပါစေ၊ ကျေးဇူးတင်ပါတယ်"

"ထိုင်ပါဗျာ"

ရောဘတ်က နူးညံ့သော သားရေဆိုဖာတစ်လုံးပေါ်တွင် ထိုင်လိုက်သည်။

"ခင်ဗျားက ကျုပ်ကို ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲ"

"လွန်ခဲ့တဲ့ အပတ်တုန်းက ခင်ဗျား ဆွစ်ဇာလန်မှာ ဘတ်စ်ကားနဲ့ ခရီးထွက်ခဲ့တယ်လို့ ကျုပ်ထင်တယ်"

"မှန်ပါတယ်၊ ကျုပ်ရဲ့ ဇနီးဟောင်းက ကျုပ်ကို နောက်ယောင်ခံပြီး လိုက်နိုင်းထားတာလား၊ ခင်ဗျားက သူ့အတွက် လုပ်ကိုင်ပေးနေတာတော့ မဟုတ်ပါဘူး ထင်ပါရဲ့"

"မဟုတ်ပါဘူး ခင်ဗျာ"

"ဟာ. . ."

သူ ပြုံးခနဲ နားလည်သွားသည်။

"ခင်ဗျားက ဟို ယူအက်ဖ်အိုကို စိတ်ဝင်စားတာကိုး၊ ကျုပ် မြင်ဖူးသမျှတွေထဲမှာ အံ့ဩစရာ အကောင်းဆုံးပါပဲဗျာ၊ တစ်ချိန်လုံး အရောင်ပြောင်းနေတယ်ပြီးတော့လည်း သေနေတဲ့ဂြိုဟ်သားတွေ"

သူက တဆတ်ဆတ်တုန်သွားသည်။

"ကျုပ်က အဲဒါကိုချည်း အိပ်မက်မက်နေမိတယ်"

"မစ္စတာ ဝိန်း၊ အဲဒီ ဘတ်စ်ကားပေါ်မှာ ပါလာတဲ့ အခြားခရီးသည်တွေအကြောင်း ဘာများ ပြောနိုင်ပါသလဲ"

"ဝမ်းနည်းပါတယ်၊ အဲဒါနဲ့ ပတ်သက်ပြီး ကျုပ် ခင်ဗျားကို မကူညီနိုင်ပါဘူး၊ ကျုပ်က တစ်ယောက်တည်း ခရီးသွားခဲ့တာ"

"ကျုပ် သိပါတယ်၊ ဒါပေမယ့် ခရီးသည်တချို့နဲ့ ခင်ဗျား စကားပြောခဲ့သေးတယ် မဟုတ်လား"

"ခင်ဗျားကို အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျုပ်စိတ်ထဲမှာ တွေးစရာတွေ သိပ်များနေတယ်၊ ကျုပ်က ဘယ်သူ့ကိုမှ သိပ်ပြီး စေ့စေ့စပ်စပ် ကြည့်မိတာ မဟုတ်ဘူး"

"ခင်ဗျားက သူတို့အထဲက တစ်ယောက်ယောက်နဲ့ ပတ်သက်ပြီး မှတ်မိခဲ့တာများ ရှိသလား"

ဒန်ဝိန်းသည် ခေတ္တမျှ ငြိမ်ကျသွားသည်။

"အဲလေ - အီတလီဘုန်းတော်ကြီးတစ်ပါးတော့ ရှိတယ်၊ သူ့ကို ကျုပ် တော်တော် စကားပြောခဲ့တယ်၊ သူ့ကိုကြည့်ရတာ စိတ်ကောင်းရှိပုံပဲ၊ ကျုပ် ခင်ဗျားတို့ တစ်ခုတော့ ပြောပြချင်တယ်ဗျာ၊ အဲဒီ ပန်းကန်ပြားပျံကိစ္စက သူ့ကို အကယ် ချောက်ချားသွားစေခဲ့တယ်။ သူက မိစ္ဆာနတ်ဆိုးအကြောင်း တစ်ချိန်လုံး ပြောနေခဲ့တယ်"

"ခင်ဗျား အခြားပုဂ္ဂိုလ်တစ်ယောက်ယောက်နဲ့ စကားပြောခဲ့သေးသလား"

ဒန်ဝိန်းက ပခုံးကို တွန့်လိုက်သည်။

"သိပ်မပြောဖြစ်ပါဘူး၊ ခဏဗျာ၊ ကနေဒါမှာ ဘဏ်တစ်ဘဏ်ကို ပိုင်တယ်ဆိုတဲ့ လူနဲ့တော့ စကားနည်းနည်း ပြောဖြစ်တယ်"

သူက နှုတ်ခမ်းကို လျှာနှင့် လျက်လိုက်သည်။

"ခင်ဗျားကို အမှန်အတိုင်း ပြောရရင် ကျုပ်က ဒီခြံနဲ့ ပတ်သက်ပြီး ငွေရေးကြေးရေး ပြဿနာကလေးတွေ ပေါ်နေတယ်၊ ကျုပ်က ဒီခြံကြီးကို လက်လွှတ်ရတော့မယ်ပုံပဲ၊ ကျုပ်က ဘဏ်ကပုဂ္ဂိုလ်တွေကို မုန်းတယ်ဗျာ၊ သူတို့ အားလုံးက သွေးစုပ်ဖုတ်ကောင်တွေချည်းပဲ၊ အေးလေ - ဒီပုဂ္ဂိုလ်ကတော့ ခြားနားလိမ့်မယ်လို့ ကျုပ်ထင်ခဲ့တယ်၊ သူဟာ ဘဏ်ပိုင်ရှင်တစ်ယောက် ဖြစ်ကြောင်း ကျုပ် သိတဲ့အခါကျတော့ ဒီခြံအတွက် ငွေချေးရေးကိစ္စကို အစီအစဉ်တွေ လုပ်ကြည့်ဖို့ သူနဲ့ဆွေးနွေးခဲ့တယ်။ ဒါပေမယ့် သူလည်း ကျန်တဲ့လူတွေလိုပါပဲဗျာ၊ သူလည်းပဲ သိပ်စိတ်မဝင်စားဘူး"

"အဲဒီလူဟာ ကနေဒါကလို့ ခင်ဗျား ပြောခဲ့တယ်နော်"

"ဟုတ်တယ်၊ အနောက်မြောက်ဒေသမှာရှိတဲ့ ဖို့တ်စမစ်ကလေ၊ ကျုပ် ခင်ဗျားကို ပြောနိုင်သမျှတော့ ဒါလောက်ပါပဲ"

ရောဘတ်က သူ့ စိတ်လှုပ်ရှားမှုကို ဖုံးကွယ်ထားရန် ကြိုးစားလိုက်သည်။

"ကျေးဇူးတင်ပါတယ် မစ္စတာဝိန်း၊ ခင်ဗျားက တော်တော့်ကို ကူညီခဲ့တာပဲ"

ရောဘတ် ထိုင်ရာမှထသည်။

"ဒါပဲလား"

"ဒါပါပဲ"

"ခင်ဗျားက ညစ္စာနက်စာအတွက် နေသွားချင်သေးသလား"

"ဟင့်အင်း၊ တော်ပါပြီ၊ ကျေးဇူးတင်ပါတယ်၊ ကျုပ် ခရီးထွက်ဖို့ ရှိသေးတယ်၊ ခြံနဲ့ပတ်သက်ပြီး ကံကောင်းပါစေ"

"ကျေးဇူးပါပဲ"

ကနေဒါနိုင်ငံ အနောက်မြောက်ဒေသမှ ဖို့တ်စမစ်သို့ ခရီးဆက်ရပေဦးမည်။

ဂျင်နရယ် ဟီးလီးယဒ်က လာစကားပြောသည့် အချိန်အထိ ရောဘတ်က စောင့်နေလိုက်သည်။

"ဆိုပါဦး ကွန်မန်ဒါ"





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် နောက် သက်သေတစ်ယောက်ကို ရှာတွေ့ထားပြီ၊ ဒန်ဝိန်း သူက ပွန်ဒီရှိဆော ခြံကြီးကို ပိုင်တယ်၊ တက်ဆက်ပြည်နယ် ဝါကိုမြို့ အပြင်ဘက် နားကပါ"

"သိပ်ကောင်းတယ်၊ ဒါးလတ်စ်မှာရှိတဲ့ ငါတို့ရုံးခွဲကို သူနဲ့ စကားပြောခိုင်း လိုက်မယ်"

ချက်ချင်းအကြောင်းကြားချက်
အထူး ထိပ်တန်းလျှို့ဝှက်
အင်အက်စ်အေမှ ဒီစီအိုင် ဒုတိယညွှန်ကြားရေးမှူး
ကိုယ်တိုင် ဖတ်ရှုရန် အတွက်သာ၊
မိတ္တူတစ်စောင်တည်းသာ

အကြောင်းအရာ။ ။ ကမ္ဘာ့ဖျက်စီမံချက်

ခြောက် - ဒင်နီယယ်ဝိန်း၊ ဝါကို။

အကြောင်းကြားချက် ပြီးဆုံးပြီ။

ဘာဂျီးနီးယားပြည်နယ်ရှိ လန်ဂလီတွင် ဒီစီအိုင် ဒုတိယ ညွှန်ကြားရေးမှူး သည် အဆိုပါ အကြောင်းကြားချက်ကို စဉ်းစဉ်းစားစား လေ့လာနေသည်။

နံပါတ်ခြောက်၊ အစစအရာရာ အဆင်ပြေနေသည်။ ကွန်မန်ဒါ ဘယ်လာ မီသည် ထူးထူးချွန်ချွန် ဆောင်ရွက်နေသည်၊ သူ့ကို ရွေးချယ်ဖို့ ဆုံးဖြတ်မှုသည် မှန်ကန်သောဆုံးဖြတ်ချက် ဖြစ်သည်။ ဂျေးနပ်စ် မှန်ကန်ခဲ့ပါသည်၊ ထိုပုဂ္ဂိုလ် သည် အမြဲတမ်း မှန်ကန်ခဲ့သည်။ ပြီးတော့လည်း သူ့ထံတွင် သူ့ဆန္ဒ မှန်သမျှကို ဆောင်ရွက်နိုင်ရန် ဩဇာအာဏာ အပြည့်အဝ ရှိသည်၊ ဩဇာအာဏာ ရှိလွန်း လှသည်။

ဒုတိယ ညွှန်ကြားရေးမှူးက အကြောင်းကြားချက်ကို ဖတ်လိုက်ပြန်၏။

'အဲဒါကို မတော်တဆ ဖြစ်တာမျိုး ဖြစ်အောင် ဖန်တီးရမယ်'ဟု တွေးလိုက် သည်၊ အဲဒါက ခက်ခဲစရာ အကြောင်း မရှိပါ။ သူက လူခေါ်သည့်ခလုတ်ကို နှိပ်လိုက်လေ၏။

လူနှစ်ယောက်သည် အပြာရင့်ရောင်ဗင်ကားနှင့်အတူ ခြံသို့ ရောက်ရှိလာ သည်။ သူတို့သည် ခြံဝင်းထဲတွင် ကားကိုရပ်တန့်လိုက်ပြီးနောက် နံဘေးဝန်းကျင် ကို စေ့စေ့စပ်စပ် အကဲခတ်ရင်း ကားထဲက ထွက်လိုက်သည်။

ဒန်ဝိန်း၏ ပထမဦးဆုံး အတွေးမှာ ထိုပုဂ္ဂိုလ်များက ခြံ၏ပိုင်ဆိုင်မှုကို ရယူရန် လာရောက်ခြင်း ဖြစ်သည်ဟု ယူဆလိုက်သည်၊ သူက ထိုပုဂ္ဂိုလ်များ အတွက် တံခါးဖွင့်ပေးလိုက်သည်။

"ဒန်ဝိန်းလား"

"ဟုတ်ပါတယ်၊ ကျုပ် ဘာများလုပ်. . ."

သူက သူ့စကားကို ထိုမျှလောက်အထိသာ ပြောလိုက်ရသည်၊





ဒုတိယ ပုဂ္ဂိုလ်သည် သူ့နောက်ဘက်သို့ ကျော်ဝင်လိုက်ပြီး ဒန်ဝိန်း၏ [illegible]ကို သဲထည့်ထားသော သားရေအိတ်ငယ်နှင့် ရိုက်လိုက်သည်၊ သူတို့ [illegible]တတ်အနက် ပိုး၍ ထွားကျိုင်းသူက သတိမေ့နေသောဒန်ဝိန်းကို ပခုံးပေါ် [illegible] ထမ်းလိုက်ပြီးနောက် အပြင်ဘက်ရှိ မြင်းဇောင်းဆီသို့ သယ်ဆောင်သွား [illegible]။ ထိုမြင်းဇောင်းထဲတွင် မြင်းရှစ်ကောင်ရှိနေသည်။ သူတို့နှစ်ယောက်က [illegible]များကို အသာထားရစ်ခဲ့ပြီး နောက်ဘက်၌ရှိသော အကန့်ဆီသို့ သွားကြ [illegible] အထဲတွင်ကား အလွန်လှသော အနက်ရောင် မြင်းထီးကြီး တစ်ကောင် [illegible]သည်၊

[illegible]ပို၍ထွားသောပုဂ္ဂိုလ်က ပြောလိုက်၏။

"ဒီဥစ္စာပဲ"

သူက ဒန်ဝိန်း၏ခန္ဓာကိုယ်ကို ချလိုက်သည်၊ ဒုတိယပုဂ္ဂိုလ်သည် ကျွဲနွား [illegible] လျှပ်စစ်ဓာတ်နှင့် တို့၍ ခိုင်းစေရာတွင်သုံးသော လျှပ်စစ်ကြိမ်လုံး [illegible]) ကို မြေပြင်ပေါ်မှ ကောက်ယူလိုက်ပြီးနောက် မြင်းဇောင်းတံခါးဆီသို့ [illegible] မြင်းထီးကြီးကို လျှပ်စစ်နှင်တံနှင့် ထိုးလိုက်လေ၏။

မြင်းထီးကြီးသည် ကျယ်လောင်စွာ အော်ဟစ်ပြီး ပတတ်ရပ်လိုက်သည်။ [illegible] မြင်း၏နာနုကို လျှပ်စစ်နှင်တံဖြင့် ခပ်နာနာ ထပ်ထိုးလိုက်ပြန်၏။ [illegible]ကြီးသည် ယခုအချိန်တွင် ပြင်းထန်စွာ ကန်ကျောက်နေလေပြီ။ သူသည် [illegible]ကျဉ်းသော အခန်းကျဉ်းကလေးထဲတွင် ရှိနေသဖြင့် နံရံများကို ကန် [illegible]တ်ဖျက်ဆီးလျက် ရှိသည်၊ သူက သွားများပေါ် အောင် ပါးစပ်ဖြဲထားသလို [illegible]ုံးများကလည်း မီးဝင်းဝင်းတောက်နေကြသည်။

'ကဲ'

ခပ်သေးသေး ပုဂ္ဂိုလ်က ပြောလိုက်၏၊

သူ့အဖော်က ဒန်ဝိန်း၏ခန္ဓာကိုယ်ကို ကောက်ယူ မြှောက်ချီလိုက်ပြီးနောက် [illegible]းရွက်တံခါးပေါ်မှကျော်၍ အထဲသို့ ပစ်ချပေးလိုက်သည်။

သူတို့သည် သွေးရဲရဲသံရဲရဲ မြင်ကွင်းကို အတန်ကြာအောင် ရပ်ကြည့်နေ [illegible]နောက် ကျေနပ်သည့်အခါတွင်မှ ပြန်လှည့်ပြီး ပြန်သွားကြလေတော့သည်။

ချက်ချင်းအကြောင်းကြားချက်
အထူး ထိပ်တန်းလျှို့ဝှက်
ဒီစီအိုင် ဒုညွှန်မှူးထံမှ အင်အက်စ်အေ ဒုညွှန်မှူးထံ
ရင်းကိုယ်တိုင် ဖတ်ရှုရန် အတွက်သာ၊
မိတ္တူတစ်စောင်တည်းသာ

[illegible]ကြောင်းအရာ ။ ။ ကမ္ဘာ့ဖျက်စီမံချက်

ခြောက် - ဒင်နီယယ်ဝိန်း၊ ဝါကို၊ ရှင်းလင်းပြီးပါပြီ။

အကြောင်းကြားချက် ပြီးဆုံးပါပြီ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

အခန်း နှစ်ဆယ့်ရှစ်

*နဝမနေ့*
*ဖွိတ်စမစ်၊ ကနေဒါ*

ကနေဒါနိုင်ငံ အနောက်မြောက်ဒေသတွင်ရှိသော ဖွိတ်စမစ် မြို့က
သည် လူဦးရေ နှစ်ထောင်သာရှိသော စီးပွားဖြစ်ထွန်းနေသည့် မြို့က
တစ်မြို့ဖြစ်သည်။ အများစုမှာ လယ်သမားများနှင့် ပျားမွေးသော မြို့သမား
သာ ဖြစ်ပြီး ကုန်သည် အနည်းငယ်သာ ရှိသည်။ ရာသီဥတုကမူ အလွန်ဆိုး
သည်။ ဆောင်းတွင်းက အလွန် ကြမ်းတမ်းသလို ရှည်လည်း ရှည်လျားလှ
သည်။ အသန်စွမ်း အကျန်းမာဆုံး ပုဂ္ဂိုလ်သည်သာ ရှင်ကျန်ရစ်ခဲ့သည်ဆို
'ဒါဝင်' ၏ သီဝရီကို လက်တွေ့ သက်သေပြနေသောမြို့လည်း ဖြစ်သည်။
ဝီလီယံမ်းသည် ကျန်းမာသန်စွမ်းသူများတွင် တစ်ယောက် အပါအ
ရှင်ကျန်ရစ်ခဲ့သူ ဖြစ်သည်။ သူသည် မီချီဂန်ပြည်နယ်၌ မွေးဖွားသူ ဖြစ်သ
သူ အသက် သုံးဆယ်ကျော်ခါစတွင် ငါးများရန် ခရီးထွက်ရင်း ဖွိတ်စမ
ဖြတ်သန်းသွားခဲ့ပြီးနောက် ထိုလူ့အသိုင်းအဝိုင်းတွင် ဘဏ်ကောင်းကော
တစ်ဘဏ် နောက်ထပ် လိုအပ်သည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။
ထိုအခွင့်အရေးကို အရယူလိုက်သည်။ ထိုမြို့တွင် အခြား ဘဏ်တစ်ဘဏ်
နေသည်ဖြစ်ရာ ဝီလီယံမ်း အနေနှင့် သူနှင့် ပြိုင်ဘက်ဘဏ်ကို ပြုတ်ထွက်
အောင် နှစ်နှစ်ကြာမျှ အချိန်ယူ ကြိုးစားခဲ့ရသည်။ ဝီလီယံမ်းက သူ့ဘဏ်
ဘဏ်တစ်ဘဏ်အား အုပ်ချုပ်သည့်ပုံစံအတိုင်း အုပ်ချုပ်ခဲ့သည်။ သူ ကိုး
ဆည်းကပ်သူ ဘုရားသခင်မှာ ဂဏန်းသင်္ချာပင် ဖြစ်သည်။ သူက ဂဏန်း
သူ့အတွက် အကျိုးဖြစ်ထွန်းအောင် ပြုလုပ်ခဲ့သည်။
ဝီလီယံမ်း အလွန် နှစ်ခြိုက်သော ဟာသဇာတ်လမ်း တစ်ပုဒ်မှာ ဤ
ဖြစ်သည်။
ဖခင်တစ်ယောက်သည် သားဖြစ်သူ၏ အသက်ကို ကယ်ဆယ်ရန် သာ
ချက်ချင်း ခွဲစိတ်ကုသပေးဖို့ လိုအပ်နေသည်။ ထိုသို့ ခွဲစိတ်ကုသနိုင်ရန် အ
ငွေထုတ်ချေးပါရန် ဘဏ်ပိုင်ရှင်ထံသို့ သွားရောက်ကာ တောင်းပန်သော
တစ်ယောက်၏ဇာတ်လမ်း ဖြစ်သည်။ ငွေချေးရန် လျှောက်လွှာတင်သူက
ထံတွင် အပေါင်ပေးဖို့ ပစ္စည်း မရှိကြောင်း ပြောကြားသည့်အခါ ဘဏ်ပိုင်ရှ





ထိုပုဂ္ဂိုလ်ကို သူ့ရုံးခန်းထဲမှ နှင်ထုတ်လိုက်လေ၏။

ထိုလူက ပြောလိုက်သည်။

"ကျုပ် သွားပါ့မယ်ဗျာ၊ ဒါပေမယ့် ကျုပ်ရဲ့သက်တမ်းတစ်လျှောက်မှာတော့ ခင်ဗျားလောက် အကြင်နာမဲ့တဲ့ ပုဂ္ဂိုလ်ကို တစ်ခါမှ မတွေ့ဖူးသေးဘူးဆိုတာ ပြောခဲ့ချင်ပါတယ်"

ဘဏ်ပိုင်ရှင်က ပြန်ပြောလိုက်၏။

"ခဏနေဦးဗျာ၊ ခင်ဗျားနဲ့ ကျုပ် အားကစားစိတ်ဓာတ် အပြည့်အဝနဲ့ လောင်းတမ်းစားတမ်း လုပ်ကြရအောင်၊ ကျုပ်ရဲ့မျက်လုံး တစ်လုံးဟာ ဖန်မျက်လုံးပဲ၊ ကျုပ်ရဲ့မျက်လုံး နှစ်လုံးထဲက ဘယ်မျက်လုံးဟာ ဖန်မျက်စိဆိုတာကို ခင်ဗျား ပြောနိုင်ရင် ခင်ဗျားကို ကျုပ် ငွေချေးမယ်"

ထိုသူက ချင်ချင်း ဖြေလိုက်၏။

"ခင်ဗျားရဲ့ ဘယ်ဘက်မျက်လုံး"

ဘဏ်ပိုင်ရှင် တအံ့တဩ ဖြစ်သွားသည်။

"အဲဒါကို ဘယ်သူမှ မသိဘူး၊ ခင်ဗျား ဘယ်လိုနည်းနဲ့ ပြောနိုင်တာလဲ"

ထိုပုဂ္ဂိုလ်က ဖြေသည်။

"အဲဒါက လွယ်ပါတယ်ဗျာ၊ ခဏလောက်တော့ ကျုပ်က ခင်ဗျားရဲ့ဘယ်ဘက်မျက်စိထဲမှာ ကြင်နာတဲ့အရိပ်အယောင်ကလေးတွေ တွေ့မြင်လိုက်ရတယ်လို့ ထင်မိတယ်၊ ဒီတော့ အဲဒီမျက်လုံးဟာ ခင်ဗျားရဲ့ ဖန်မျက်လုံးပဲ ဖြစ်ရမယ်"

ဝီလီယံမ်းအဖို့ ထိုဇာတ်လမ်းမှာ လုပ်ငန်းရှင်များအတွက် အလွန်ကောင်းမွန်သည့် ဇာတ်လမ်းကလေးပင် ဖြစ်သည်။ လူတစ်ဦးတစ်ယောက်သည် ကြင်နာမှုအပေါ်တွင် အခြေခံ၍ စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်လေ့ မရှိပါ။ လူတစ်ယောက် အနေနှင့် အောက်ခြေခိုင်ဖို့ကိုသာ ကြည့်ရပေမည်။ ကနေဒါနှင့် အမေရိကန်ရှိ ဘဏ်များမှာ သရက်ကင်းများကို နှင်းခဲမိုက်သဖြင့် တဖြိုက်ဖြိုက် ကြွေကုန်ကြသလို ပြိုလဲ ပျက်စီးကုန်ကြသော်လည်း ဝီလီယံမ်း၏ဘဏ်မှာ ပို၍ ခိုင်မာလာသည်။ သူ့အတွေးအခေါ်ကတော့ ရှင်းပါသည်။

လုပ်ကိုင်ခါစ လုပ်ငန်းရှင်များကို ငွေမချေးနှင့်။

မရေရာသော စာချုပ်စာတမ်းများတွင် ငွေအရင်းအနှီး မမြှုပ်နှံနှင့်။

မိမိ၏ သားသမီးများကို သွေးရှူသွေးတန်း ခွဲစိတ်ကုသရန် လိုအပ်နေသော အိမ်နီးချင်းများအား ငွေမချေးနှင့် တို့ပင်တည်း။

ဝီလီယံမ်းသည် ဆွစ်ဇာလန်နိုင်ငံမှ ဘဏ်လုပ်ငန်းစနစ်ကို လေးစားရုံမျှမက အံ့ဩ ကြည်ညိုသူလည်း ဖြစ်သည်။ ထို့ကြောင့် ကနေဒါဒေါ်လာပေါ်မှ အမြတ်အစွန်း ပိုရရှိလာအောင် တတ်နိုင်သမျှ ညှစ်ထုတ်ရန်နှင့် သူ မသိသော ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ရှိနေပါက ထိုလုပ်ငန်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိနိုင်ရန် ဆွစ်ဇာလန်သို့သွားရောက်၍ ဘဏ်လုပ်ငန်းရှင်များနှင့် ဆွေးနွေးမည်ဟု တစ်နေ့တွင် ဆုံးဖြတ်ချက် ချလိုက်သည်။

သူ့ကို ဆွစ်ဇာလန်မှ ဘဏ်အရာရှိများက လေးလေးစားစား ဆက်ဆံကြသည်။ သို့ရာတွင် နောက်ဆုံး၌ သူသည် မည်သည့် အချက်အလက် အသစ်အဆန်းကိုမျှ မသိခဲ့ရပါ။ သူကိုယ်တိုင် လိုက်နာကျင့်သုံးနေသော နည်းလမ်းများ



www.burmeseclassic.com

www.burmeseclassic.com

သည် အထူးတလည် ကောင်းမွန်ကြောင်း ဆွစ်ဇာလန်နိုင်ငံမှ ဘဏ်အရာရှိများက မဆုတ်မဆိုင်း ပြောဆိုခဲ့ကြသည်။

သူ ကနေဒါသို့ ပြန်ရတော့မည့်နေ့တွင် ဝီလီယံမန်းက အဲလ်ပ်တောင်တန်းပေါ်သို့ သွားရောက် လည်ပတ်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ပြုစုတော့မည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် သူသည် ထိုခရီးကို ငြီးငွေ့ခဲ့သည်။ ရှုမျှော်ခင်းများက လှပကြပါ၏။ သို့ရာတွင် ဖိုတ်စမစ် ပတ်ဝန်းကျင်မှ ရှုခင်းများထက် ပို၍ မလှပပါ။

ခရီးသည်တစ်ဦးဖြစ်သူ တက်ဆက်ပြည်နယ်သား တစ်ယောက်ကလည်း ဒေဝါလီခံတော့မည့် သူ့ခြံအတွက် သူ့ကို ငွေချေးပါရန် သွေးဆောင် စည်းရုံးခဲ့သေးသည်။ သူက ထိုပုဂ္ဂိုလ်ကို ဟားတိုက်၍ လွှတ်လိုက်သည်။

ထိုခရီးတွင် စိတ်ဝင်စားစရာ တစ်ကွက်မှာ ပန်းကန်ပြားပျံ ဆိုသော ပစ္စည်းကြီးတစ်ခု ပျက်ကျခဲ့ခြင်းပင် ဖြစ်သည်။ ဝီလီယံမန်းက ထိုပစ္စည်းကြီးကို စစ်မှန်သည်ဟု တစ်ချက်ကလေးမှ မယုံကြည်ခဲ့ပါ။ ထိုကိစ္စမှာ ဆွစ်ဇာလန် အစိုးရက ကမ္ဘာလှည့်ခရီးသည်များကို အထင်ကြီးအောင် လုပ်ပြမှု တစ်ရပ်သာ ဖြစ်သည်။

သူသည် ဒစ်စနီကမ္ဘာသို့ ရောက်ဖူးပါသည်။ အစစ်ဟု ထင်ရသော်လည်း အတုများသာ ဖြစ်နေသော အလားတူ ပစ္စည်းများကို သူ မြင်ဖူးခဲ့သည်။

ထိုကိစ္စမှာ ဆွစ်ဇာလန်နိုင်ငံ၏ ဖန်မျက်လုံးပင် ဖြစ်သည်ဟု သူက အလွဲ တိုက်၍ တွေးတောလိုက်သည်။

ဝီလီယံမန်းသည် နေအိမ်သို့ ပြန်လာရသည့်အတွက် ဝမ်းသာမိပါ၏။

ဘဏ်ပိုင်ရှင်ကြီး၏ မိနစ်တိုင်းကို အသေးစိတ် အစီအစဉ်များ ပြုလုပ်ထားသည်။ လူစိမ်းတစ်ယောက်က သူ့ကိုတွေ့လိုကြောင်း သူ့အတွင်းရေးမှူးက လာရောက် သတင်းပို့ချိန်တွင် ဝီလီယံမန်းက ပထမအတွေးမှာ သူ့ကို နှင်လွှတ်ဖို့ပင် ဖြစ်သည်။

"သူက ဘာလိုချင်လို့လဲ"

"သူက ဆရာ့ကို အင်တာဗျူးလုပ်ချင်ပါတယ်တဲ့၊ သူက ဘဏ်ပိုင်ရှင်တွေ အကြောင်း ဆောင်းပါးတစ်ပုဒ် ရေးနေပါတယ်တဲ့"

ဒါဆိုရင် လုံးဝ ခြားနားကွဲပြားသွားလေပြီ။ လူသိများအောင် မှန်မှန်ကန်ကန် ပြုလုပ်မှုသည် လုပ်ငန်းအတွက် ကောင်းမွန်ပါသည်။ ဝီလီယံမန်းက သူ့အင်္ကျီကို ဆန့်သွားအောင် ဆန့်လိုက်ပြီး ဆံပင်ကိုလည်း သပ်ချလိုက်သည်။

သူက -

"သူ့ကို အထဲလွှတ်လိုက်ပါ" ဟု ပြောလိုက်သည်။

သူ့ဧည့်သည်မှာ အမေရိကန်လူမျိုးတစ်ယောက် ဖြစ်သည်။ အဝတ်အစား ကောင်းများကို ဝတ်ဆင်ထားသဖြင့် သူသည် မဂ္ဂဇင်းများထဲတွင် ပိုကောင်းသောမဂ္ဂဇင်းတိုက် သို့မဟုတ် သတင်းစာတိုက် တစ်တိုက်အတွက် အလုပ်လုပ်နေသူ ဖြစ်ရမည်ဟု တွေးလိုက်သည်။

"မစ္စတာမန်းလား"

"ဟုတ်ပါတယ်"

"ရောဘတ်ဘယ်လာမီပါ"





"ခင်ဗျားက ကျုပ်အကြောင်း ဆောင်းပါးတစ်ပုဒ် ရေးချင်တယ်လို့ ကျုပ်အတွင်းရေးမှူးက ပြောတယ်"

ရောဘတ်က ပြောလိုက်၏။

"အဲ - ခင်ဗျားအကြောင်း သက်သက်ချည်းတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ခင်ဗျားက ဆောင်းပါးထဲမှာ ထင်ထင်ပေါ်ပေါ်ကြီး ပါရှိမှာပါ၊ ကျုပ်ရဲ့ သတင်းစာ . . ."

"ဘယ် သတင်းစာပါလိမ့်"

"ဝေါလ်စထရိဂျာနယ်ပါ"

'အဲ - ဟုတ်တာပေ့ါ။ ဒါဆိုရင် သိပ်ကောင်းမှာပဲ'

ဝီလီယံမန်းက စိတ်ထဲက တွေးလိုက်ပြန်သည်။

"ဘဏ်လုပ်ငန်းရှင် အများစုဟာ ကမ္ဘာပေါ်မှာ နိစ္စဓူဝ ဖြစ်ပျက်နေတာတွေနဲ့ ကင်းကွာနေကြတယ်လို့ ဝေါလ်စထရိဂျာနယ်က ယူဆနေပါတယ်။ သူတို့ဟာ ခရီးသွားလာလေ့ သိပ်မရှိကြဘူး။ အခြား နိုင်ငံတွေကိုလည်း ခရီးမသွားကြဘူး။ ဒါပေမယ့် မစ္စတာမန်း၊ ခင်ဗျားကတော့ တော်တော့်ကို ခရီးသွားလာလေ့ရှိတယ်လို့ ကျော်ကြားနေပါတယ်"

ဝီလီယံမန်းသည် မဝင့်မဝါဘဲ ပြန်ပြောလိုက်သည်။

"ကျုပ်ကလည်း အဲဒီလိုပဲ ယူဆပါတယ်၊ အမှန်အတိုင်းပြောရင် ကျုပ် အခုမှ ခုန်ခဲ့တဲ့အပတ်ကပဲ ဆွစ်ဇာလန်နိုင်ငံက ပြန်လာခဲ့ပါတယ်"

"တကယ်၊ ဟုတ်လား၊ ခင်ဗျားက အဲဒီမှာ အရသာတွေ့ခဲ့ရဲ့လား"

"ပျော်ခဲ့ပါတယ်၊ ကျုပ် ဟိုမှာ အခြား ဘဏ်လုပ်ငန်းရှင် အတော်ခပ်များများနဲ့ တွေ့ခဲ့ရတယ်၊ ကျုပ်တို့က ကမ္ဘာ့စီးပွားရေးအကြောင်း ဆွေးနွေးခဲ့ကြတယ်"

ရောဘတ်သည် မှတ်စုစာအုပ်ကလေး တစ်အုပ်ကို ထုတ်ယူလိုက်ပြီး နောက် ရေးမှတ်စပြုတော့သည်။

"ခင်ဗျားအနေနဲ့ ပျော်ဖို့ပါးဖို့ အချိန်ကော ရခဲ့ရဲ့လား"

"သိပ်မရပါဘူးဗျာ၊ အဲ - ကျုပ်က ဟို ဘတ်စ်ကားကလေးတွေနဲ့ နည်းနည်းတော့ ခရီးထွက်ခဲ့ပါတယ်၊ ကျုပ်က အဲလ်ပ်တောင်တန်းကြီးကို အရင်တုန်းက မမြင်ဖူးခဲ့ဘူး"

ရောဘတ်က နောက်တစ်ကြိမ် ထပ်မှတ်လိုက်ပြန်၏။

"ခရီးထွက်ခဲ့တယ် ဟုတ်လား၊ ကျုပ်တို့ စိတ်ဝင်စားတာက အဲဒါမျိုးပဲ"

ရောဘတ်က အားပေးသည့်အနေဖြင့် ပြောလိုက်သည်။

"ခင်ဗျား အနေနဲ့ ဘတ်စ်ကားပေါ်မှာ စိတ်ဝင်စားစရာကောင်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ခဲ့မှာပဲနော်"

"စိတ်ဝင်စားစရာ၊ ဟုတ်လား"

သူက ပိုက်ဆံချေးဖို့ ကြံစည်သည့် တက်ဆက်ပြည်နယ်သား အကြောင်း စဉ်းစားလိုက်မိသည်။

"သိပ် မဟုတ်ပါဘူးဗျာ"

"ဪ . . ."

ဝီလီယံမန်းက သူ့ကိုကြည့်လိုက်၏။ သတင်းထောက်က သူ့အား အကုန်အစင် ပြောစေလိုဟန် ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားက ဆောင်းပါးထဲမှာ ထင်ထင်ပေါ်ပေါ်ကြီး ပါရှိမှာပါလို့ …
တယ် မဟုတ်လား၊ ဟို ရုရှားအမျိုးသမီးတစ်ယောက်တော့ ရှိတယ်"

ရောဘတ်က ရေမှတ်လိုက်ပြန်၏။

"တကယ်လား၊ သူ့အကြောင်း ပြောပြပါလားဗျာ"

"အေးလေ၊ ကျုပ်တို့ စကားတော့ ပြောဖြစ်ကြပါတယ်၊ ရုရှားနိုင်ငံ … ဘယ်လောက်အထိ ခေတ်နောက်ကျနေခဲ့တဲ့အကြောင်းနဲ့ သူတို့က အ… ထား မပြောင်းလဲဘူးဆိုရင် အလွန်ဆိုးဝါးတဲ့ဖြစ်ရပ်တွေဆီကို ဦးတည်နေတယ် … ကျုပ်က ရှင်းပြခဲ့ပါတယ်"

ရောဘတ်က ပြောလိုက်သည်။

"သူ့စိတ်ထဲမှာ တော်တော်ကို စွဲသွားမှာပဲနော်"

"အင်း - ဟုတ်တယ်၊ သူကြည့်ရတာ တော်တော် ဉာဏ်ထက်မြက်ပုံရ…

"သူက သူ့နာမည်ကို ပြောပြသေးသလား"

"ဟင့်အင်း၊ နေပါဦးလေ၊ အဲ - သူ့နာမည် အော်လ်ဂါ၊ ပြီးတော့ တစ်…

"သူ ဘယ်အရပ်ကလို့ ပြောသေးသလဲ"

"ပြောတယ်၊ သူက ကီယက်မြို့က ပင်မစာကြည့်တိုက်မှာ စာကြည့်တိုက်… အနေနဲ့ ဆောင်ရွက်နေတယ်"

ဝီလီယံမန်းက နောက်ထပ် နာရီဝက်ခန့်ကြာအောင် စကားဆက်ပြော… သည်။ ရောဘတ်သည် အခြား ခရီးသည်များအကြောင်းကို သူ့ထံမှ သ… ထပ်မရတော့ပါ။

ရောဘတ်က သူ့ဟိုတယ်သို့ ပြန်ရောက်သောအခါ သူက ဗိုလ်ချုပ်… ဟီးလီးယဒ်၏ရုံးခန်းသို့ တယ်လီဖုန်း ဆက်လိုက်သည်။

"ခဏလေးစောင့်ပါ၊ ကွန်မန်ဒါ ဘယ်လာမီ"

ဂျင်နရယ် ဟီးလီးယဒ်က ပြောလိုက်၏။

"ပြောပါ ကွန်မန်ဒါ"

"ကျွန်တော်က နောက် သက်သေတစ်ယောက်ကို ရှာတွေ့ထားပါ… ဂျင်နရယ်"

"နာမည်က"

"ဝီလီယံမန်း၊ သူက ကနေဒါနိုင်ငံ ဖို့တ်စမစ်မှာ ဘဏ်တစ်ဘဏ်ကို … ပါတယ်"

"ကျေးဇူးပဲ၊ ငါက ကနေဒါအာဏာပိုင်တွေကို သူနဲ့ ချက်ချင်း စကား… ဆိုခိုင်းလိုက်မယ်"

"ဒါနဲ့ စကားမစပ် သူက ကျွန်တော့်ကို နောက် တစ်ယောက် အ… သဲလွန်စပေးလိုက်တယ်။ ကျွန်တော် ဒီကနေ့ညနေ ရုရှားကို လေယာဉ်… သွားပါ့မယ်၊ ကျွန်တော့်အနေနဲ့ ဆိုဗီယက်ခရီးသွားလာရေးလုပ်ငန်းက ပြည်… ဗီဇာတစ်ခုရဖို့ လိုအပ်နေပါတယ်"

"မင်း အခု ဘယ်က ဆက်သွယ်နေတာလဲ"

"ဖို့တ်စမစ်"

"စတော့ဟုမ်းကျရင် ဗိုက်ဆီဂုတ်ဟိုတယ်မှာ ဝင်နားလိုက်။ မင်းအတွ… စာအိတ်တစ်အိတ် ဧည့်ကြိုဌာနမှာ ရှိနေမယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"





ချက်ချင်းအကြောင်းကြားချက်၊
အထူး ထိပ်တန်းလျှို့ဝှက်
အင်အက်စ်အေမှ စီကျီအိပ်ချ်ကြ ဒုညွှန်မှူးထံ
၎င်းကိုယ်တိုင် ဖတ်ရှုရန်အတွက်သာ
မိတ္တူတစ်စောင်တည်းသာ

…ကြောင်းအရာ။ ။ ဘမ္ဗာဖျက်စီးမှုဆိုင်ရာ

ခုနစ် - ဝီလီယံမန်း၊ ဖို့တ်စမစ်

အကြောင်းကြားချက် ပြီးဆုံးပါပြီ။

ထိုနေ့ည ဆယ့်တစ်နာရီတွင် ဝီလီယံမန်း၏ တံခါးခေါင်းလောင်းသံ မြည် …သည်။ သူသည် မည်သူ့ကိုမျှ မျှော်လင့်မထားပါ။ ပြီးတော့လည်း သူသည် …တွင် ချိန်းဆိုမှု မရှိဘဲ လာရောက်သူများကို မနှစ်သက်ပါ။ သူ့အိမ်စေသည် …ားယူသွားပြီ ဖြစ်သလို သူ့ဇနီးသည် အပေါ်ထပ်ရှိ သူ့အခန်းထဲ၌ အိပ်ပျော် …သပြီ။

မစ္စတာမန်းက စိတ်တိုတိုနှင့် အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်သည်။ အနက် …ောင်ဝတ်စုံများကို ဝတ်ဆင်ထားသူနှစ်ဦး တံခါးပေါက်ဝတွင် မတ်တတ်ရပ်နေ …သည်။

"ဝီလီယံမန်းလား"

"ဟုတ်ပါတယ်"

၎င်းတို့အနက် တစ်ယောက်က စိစစ်ရေးကတ်ပြားတစ်ခုကို ထုတ်ပြလိုက် …သည်။

"ကျုပ်တို့က ကနေဒါဘဏ်ကပဲ၊ ကျုပ်တို့ အထဲကို ဝင်ရမလား"

မန်းက မျက်မှောင်ကုတ်လိုက်၏။

"ခုကိစ္စက ဘာပါလိမ့်"

"ခင်ဗျား အနေနဲ့ ဝန်မလေးဘူးဆိုရင် အဲဒီကိစ္စကို ကျုပ်တို့က အိမ်ထဲမှာပဲ …ွေးနွေးချင်ပါတယ်"

"ကောင်းပြီလေ"

သူက ထိုပုဂ္ဂိုလ်နှစ်ယောက်ကို ဧည့်ခန်းထဲသို့ ခေါ်သွားသည်။

"မကြာသေးခင်က ခင်ဗျား ဆွစ်ဇာလန်ကို သွားခဲ့သေးတယ် မဟုတ်လား"

ထိုမေးခွန်းက သူ့ကို အငိုက်မိသွားစေခဲ့သည်။

"ဘာပြောတယ်၊ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒါက ဘာဆိုင်လို့ . . . "

"ခင်ဗျား ခရီးသွားနေတုန်း ခင်ဗျားရဲ့ စာအုပ်တွေကို စာရင်းစစ်တွေနဲ့ …စ်ဆေးခဲ့ပါတယ်၊ မစ္စတာမန်း။ ခင်ဗျားရဲ့ဘဏ်မှာ ဒေါ်လာတစ်သန်း ပျောက်ဆုံး …နေတာကို ခင်ဗျား သတိပြုမိရဲ့လား"

ဝီလီယံမန်းက ထိုလူနှစ်ဦးကို အထိတ်တလန့်နှင့် ကြည့်လိုက်သည်။

"ခင်ဗျားတို့က ဘာတွေပြောနေတာလဲ၊ ကျုပ်က အဲဒီစာအုပ်တွေကို ကျုပ် …ကိုယ်တိုင် အပတ်စဉ် စစ်ဆေးနေတာဗျ၊ ဘယ်တုန်းကမှ တစ်ပဲနီတောင် …ညီမှု မရှိခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်လာ တစ်သန်းဗျ မစ္စတာမန်းရဲ့၊ အဲဒီငွေတွေကို အလွဲသုံးစား အတွက် ခင်ဗျားမှာ တာဝန်ရှိတယ်လို့ ကျုပ် ထင်တယ်"

ဝီလီယံမန်း၏ မျက်နှာသည် နီရဲလာသည်။ သူ စကားအထစ်ထစ် ဖြ လာသည်။

"ခင်ဗျားတို့က ဘာတွေ လာစွပ်စွဲနေတာလဲ၊ ကျုပ်က ပုလိပ်ကို မခေါ်ခင် ခင်ဗျားတို့ ဒီက ထွက်သွားကြရင် ကောင်းလိမ့်မယ်"

"အဲဒီလို ခေါ်တာက ခင်ဗျားအတွက် ဘာမှ ကောင်းကျိုးတွေ ဖြစ်စေ မဟုတ်ဘူး၊ ကျုပ်တို့က ခင်ဗျားကို နောင်တရစေချင်တာပါ"

သူက စိတ်ရှုပ်ထွေးစွာနှင့် သူတို့ကို ငေးကြည့်နေသည်။

"နောင်တရမယ်၊ ဘာကို နောင်တရ ရမှာလဲ၊ ခင်ဗျားတို့ ရူးနေပြီ"

"မဟုတ်ပါဘူး ခင်ဗျာ"

တစ်ယောက်က သေနတ်တစ်လက်ကို ဆွဲထုတ်လိုက်သည်။

"ထိုင်ပါ မစ္စတာမန်း"

'မြတ်စွာဘုရား ငါ ဓားပြတိုက်ခံနေရတာပါလား' ဟု တွေးလိုက်မိသည်။

သူကပြောလိုက်၏။

"ခင်ဗျားတို့ကြိုက်တာကို ယူသွားကြပါဗျာ၊ အကြမ်းဖက်ဖို့တော့ မလိုပါဘူး"

"ကျေးဇူးပြုပြီး ထိုင်ပါဗျာ"

ဒုတိယပုဂ္ဂိုလ်က အရက်ဗီရိုဆီသို့ လျှောက်သွားသည်။ ထိုဗီရိုမှာ သော့ခ ထားသည်။ သူက မှန်ကို ရိုက်ခွဲပြီး ဗီရိုကို ဆွဲဖွင့်လိုက်သည်။ သူက ပို၍ ကြီး သော ရေထည့်သည့် ဖန်ခွက်ကို ယူလိုက်ပြီးနောက် စကော့ချ်ဝီစကီကို ဖြ ထည့်လိုက်သည်။ သူက ထိုဖန်ခွက်ကို ဝီလီယံမန်း ထိုင်နေသည့် နေရာဆီ ယူလာသည်။

"ဒါကို သောက်လိုက်၊ ခင်ဗျားကို အပန်းပြေသွားစေလိမ့်မယ်"

"ကျုပ်က ညစာ ထမင်းစားပြီးရင် ဘယ်တော့မှ အရက်မသောက်ဘူး ကျုပ် ဆရာဝန်က . . ."

နောက်တစ်ယောက်က ဝီလီယံမန်း၏နားထင်ကို သေနတ်ပြောင်းနှင့် ထောက်ထားလိုက်သည်။

"အဲဒါကို သောက်ရင် သောက်၊ မသောက်ရင် အဲဒီဖန်ခွက်ထဲမှာ ခင်ဗျား ဦးနှောက်တွေ ပြည့်သွားလိမ့်မယ်"

သူသည် ယခု အရူးနှစ်ယောက်၏လက်ထဲသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း သိလိုက်သည်။ သူက ဖန်ခွက်ကို လှမ်းယူပြီး အနည်းငယ် သောက်လိုက်၏။

"အကုန် သောက်ချလိုက်"

သူက များများကလေး ပိုမျိုချလိုက်သည်။

"ခင်ဗျားတို့က ဘာလိုချင်တာလဲ"

သူက သူ့အသံကို သူ့ဇနီးကကြားပြီး အောက်ထပ်သို့ ဆင်းလာလို့ ဆင်း လာပြား ခပ်ကျယ်ကျယ် ပြောလိုက်သည်။ သို့ရာတွင် အချည်းနှီးသာ ဖြစ်ခဲ့ရ သည်။ သူ့ဇနီးသည် မည်မျှ အအိပ်ကြီးသူ ဖြစ်ကြောင်း သူသာ သိပါ၏။ ဤပုဂ္ဂိုလ်တွေက သူ့အိမ်ကို ဓားပြတိုက်ဖို့ လာသည်မှာ ထင်ရှားနေသည်။

'သူတို့က ဘာဖြစ်လို့ လုမယူကြသေးတာလဲ' ဟု သူ တွေးမိပြန်၏။





"ကြိုက်တာကိုသာ ယူကြပါဗျာ၊ ကျုပ် မတားပါဘူး"

"ဖန်ခွက်ထဲက ပစ္စည်းတွေကို အကုန်သောက်လိုက်"

"အဲဒါ မလိုပါဘူးကွာ၊ ကျုပ် . . ."

ထိုလူက ဝီလီယံမန်း၏ နားထင်ကို လက်သီးနှင့်ထိုးလိုက်၏။ ဝီလီမန်းသည် နာကြောင့် ပါးစပ်ဟသွားရသည်။

"ကုန်အောင် သောက်လိုက်"

သူက ကျန်နေသေးသော ဝီစကီကို တစ်ကျိုက်တည်းနှင့် မော့ချလိုက်ရာ ည်ချောင်းထဲ၌ ပူဆင်းသွားသည်။ သူ မူးတူးတူး ရီဝေဝေဖြစ်စပြုလေပြီ။

"ကျုပ်မိန်းခံသေတ္တာက အပေါ်ထပ်အိပ်ခန်းထဲမှာ ရှိပါတယ်"

သူ့စကားသံမှာ မပီမသ ဖြစ်စပြုလာသည်။

"ခင်ဗျားတို့အတွက် ကျုပ် ဖွင့်ပေးပါ့မယ်"

ဒါဆိုရင် သူ့မိန်းမကို အိပ်ရာက နိုးသွားစေပြီး သူ့ဇနီးက ပုလိပ်ကို လှမ်း ခေါ်လိမ့်မည်။

"အလျင်မလိုပါဘူးဗျာ"

သေနတ်ကိုင်ထားသူက ပြောလိုက်သည်။

"ခင်ဗျားအနေနဲ့ နောက်တစ်ခွက်သောက်ဖို့ အချိန်အများကြီး ရှိပါတယ်"

ဒုတိယပုဂ္ဂိုလ်က အရက်ဗီရိုသို့သွားပြီး ဖန်ခွက်ကို နှုတ်ခမ်းနားရောက် ည်အထိ ဖြည့်လိုက်ပြန်၏။

"ဟောဒီမှာ"

"မလုပ်ပါနဲ့တော့ဗျာ၊ ကျုပ် မသောက်ချင်တော့ဘူး"

သူ့လက်ထဲသို့ ဖန်ခွက်ကို အတင်းထည့်ပေးသည်။

"သောက်ချလိုက်စမ်းဗျာ"

"ကျုပ် မသောက်ချင် . . ."

သူ့နားထင်ကို လက်သီးနှင့် တစ်ချက် ထပ်ထိုးပြန်၏။ ဝီလီယံမန်းသည် နာကြောင့် သတိလစ်တော့မလိုလို ဖြစ်သွားရသည်။

"သောက်လိုက်"

'အေးလေ၊ သူတို့က သောက်စေချင်ရင် ဘာဖြစ်လို့ မသောက်ရမှာလဲ၊ မက်ဆိုးကြီး မြန်မြန် ပြီးစီးသွားလေ ပိုကောင်းလေပဲ' ဟု တွေးလိုက်သည်။

သူက ခပ်များများ သောက်ချပြီး သီးသွားလေ၏။

"ကျုပ် နောက်ထပ်သောက်ရင် အန်ချလိမ့်မယ်ဗျ"

ထိုပုဂ္ဂိုလ်က ခပ်အေးအေးကလေး ပြောလိုက်သည်။

"ခင်ဗျား အန်ချလိုက်ရင် ခင်ဗျားကို သတ်မယ်"

ဝီလီယံမန်းက ထိုသူနှင့် သူ့အဖော်တို့ကို မော့ကြည့်လိုက်၏။ သူက ဗလုံး ထွေး ပြောလိုက်သည်။

"ခင်ဗျားတို့က ဘာလိုချင်တာလဲ"

"ကျုပ်တို့က ခင်ဗျားကို ပြောပြီးပြီ မစ္စတာမန်း။ ခင်ဗျား နောင်တရတာကိုပဲ ချင်တယ်"

ဝီလီယံမန်းက အရက်မူးမူးနှင့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ် နောင်တရပါတယ်"


www.burmeseclassic.com

www.burmeseclassic.com

ထိုပုဂ္ဂိုလ်က ပြုံးလိုက်၏။

"တွေ့လား၊ ကျုပ်တို့က အဲဒါကိုပဲ တောင်းခံနေတာပါ၊ ကဲ"

သူက ဝီလီယံမန်း၏ လက်ထဲသို့ စာရွက်တစ်ရွက် ထည့်ပေးလိုက်

"ခင်ဗျားလုပ်ရမှာက ကျုပ် ဝမ်းနည်းပါတယ်၊ ကျုပ်ကို ခွင့်လွှတ်ပါ ဆို

ရေးရုံပဲ"

ဝီလီယံမန်းက ရိုဝေစွာနှင့် မော့ကြည့်သည်။

"အဲဒါပဲလား"

"အဲဒါပါပဲ၊ အဲဒါပြီးရင် ကျုပ်တို့ ပြန်ကြတော့မယ်"

သူ့စိတ်ထဲတွင် ရုတ်တရက် ပျော်ရွှင်သွားသည်။

'ဒီကိစ္စကို အရင်းစစ်လိုက်တော့ အဓိကက ဒါပဲကိုး၊ ဒီလူတွေဟာ ဘာ

တရား တစ်ယူသန်တွေပဲ၊ သူတို့ ထွက်သွားကြတာနဲ့ ပုလိပ်ကိုခေါ်ပြီး သူ

ဖမ်းခိုင်းလိုက်မယ်၊ အဲဒီငတိတွေကို ကြိုးမိန့်ကျအောင် ငါလုပ်မယ်' ဟု တွေး

သည်။

"ရေးပါ မစ္စတာမန်း"

သူ့အနေနှင့် အာရုံစိုက်၍ မရဘဲ ရှိနေသည်။

"ခင်ဗျားက ကျုပ်ကို ဘာရေးစေချင်တာလဲ"

"ကျုပ် ဝမ်းနည်းပါတယ်၊ ကျုပ်ကို ခွင့်လွှတ်ပါလို့ပဲရေးပါ"

"ကောင်းပါပြီ"

သူက ဖောင်တိန်ကို ကိုင်ဖွင့်ပင် ခက်နေသည်။ သူက သမာဓိရ

ကြိုးစားပြီး စတင် ရေးသားလိုက်သည်။

*ကျုပ် ဝမ်းနည်းပါတယ်၊ ကျုပ်ကို ခွင့်လွှတ်ပါ*

ထိုသူက စာရွက်ကို အစွန်းနားကကိုင်ရင်း မစ္စတာမန်း၏လက်ထဲ

လိုက်သည်။

"ဒီလိုဆိုတော့ သိပ်ကောင်းတာပဲ မစ္စတာမန်း၊ ဘယ်လောက် လွ

သလဲ ဆိုတာ တွေ့တယ် မဟုတ်လား"

အခန်းကြီးသည် ချာချာလည်စ ပြုလာလေပြီ။

"ဟုတ်ပါတယ်၊ ကျေးဇူးတင်ပါတယ်၊ ကျုပ် နောင်တရပါပြီ ကဲ - ခင်ဗျ

ပြန်ကြတော့လေ"

"ခင်ဗျားက ဘယ်သန်ပဲကိုး"

"ဘာပြောတယ်"

"ခင်ဗျားက ဘယ်သန်တဲ့လူပဲ"

"ဟုတ်ပါတယ်"

"ခုတစ်လော ဒီတစ်ဝိုက်မှာ ရာဇဝတ်မှုတွေ သိပ်များနေတယ် မစ္စတာ

ကျုပ်တို့က ခင်ဗျား အနေနဲ့ ဆောင်ထားဖို့ ဒီသေနတ်ကို ခင်ဗျားကိုပေးခဲ့

သူ့ဘယ်ဘက်လက်ထဲသို့ သေနတ်တစ်လက် ထည့်ပေးသည်ကို သိလို

သည်။

"ခင်ဗျားက သေနတ်ကို ကိုင်တွယ်ပစ်ခတ်တတ်ရဲ့လား"

"ဟင့်အင်း"

"အဲဒါက သိပ်လွယ်ကူပါတယ်၊ ခင်ဗျားက အဲဒီသေနတ်ကို ဟော





ုံးရတယ်"

ထိုလူက သေနတ်ကိုမြှောက်၍ ဝီလီယံမန်း၏ နားထင်နှင့် တေ့လိုက်ပြီး

ယုတ်ပေါ်တွင် မစ္စတာမန်း၏ လက်ညှိုးကိုတင်၍ ညှစ်ချလိုက်သည်။

ခပ်အုပ်အုပ်မြည်သံ ပေါ်ထွက်လာသည်။

သွေးစွန်းနေသော စာရွက်ကလေးသည် ကြမ်းပြင်ပေါ်သို့ ကျသွားတော့

သည်။

"ကိစ္စက ဒါလောက်ပါပဲ၊ မင်္ဂလာရှိသောညပါ မစ္စတာမန်း"

တစ်ယောက်က ပြောလိုက်ခြင်း ဖြစ်သည်။

ချက်ချင်းအကြောင်းကြားချက်

အထူး ထိပ်တန်းလျှို့ဝှက်

စီကိုအိပ်ချ်ကြူမှ အင်အက်စ်အေ ဒုညွှန်မှူးထံ

ကိုယ်တိုင် ဖတ်ရှုရန် အတွက်သာ

မိတ္တူတစ်စောင်တည်းသာ

အကြောင်းအရာ ။ ။ ကမ္ဘာဖျက်စီမံချက်

ခုနစ် - ဝီလီယံမန်း၊ ဖိုတ်စမစ်။ ရှင်းလင်းပြီးပါပြီ။

အကြောင်းကြားချက် ပြီးဆုံးပါပြီ။

သမနေ့

ဖိုတ်စမစ်မြို့၊ ကနေဒါ

နောက်တစ်နေ့ နံနက်တွင် ဘဏ်ကို စစ်ဆေးသူများက မစ္စတာမန်း

ဘဏ်မှ ဒေါ်လာတစ်သန်း ပျောက်ဆုံးနေကြောင်း သတင်းပို့ကြသည်။ မစ္စတာမန်း

သေဆုံးရမှုကို ပုလိပ်တို့က ကိုယ့်ကိုယ်ကိုယ် သတ်သေသည်ဟု စာရင်းသွင်း

လိုက်ကြသည်။

ပျောက်သွားသောငွေကို မည်သည့်အခါတွင်မျှ ပြန်မတွေ့ရတော့ပါ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်ဆယ့်ကိုး

ဆယ့်တစ်ရက်မြောက်နေ့
ဘာရုပ်ဆဲလ်၊ ၀၃း ၀၀ နာရီ

နေတိုးရုံးချုပ်မှ တပ်မှူး ဗိုလ်ချုပ်ကြီး ရှစ်ပလီကို တပ်ရေးဗိုလ်ကြီး အိပ်ရာမှ နှိုးလိုက်သည်။

"ဆရာ့ကို အိပ်ရာက နှိုးရတဲ့အတွက် ဝမ်းနည်းပါတယ် ဗိုလ်ချုပ်ကြီး ဒါပေမယ့် ကျွန်တော်တို့ ပြဿနာတွေနဲ့ ရင်ဆိုင်နေရပါတယ်"

ဂျင်နရယ် ရှစ်ပလီသည် ထထိုင်လိုက်ပြီးနောက် အိပ်ချင်စိတ်ပျောက်သွားအောင် မျက်လုံးများကို လက်နှင့် ပွတ်လိုက်သည်။ သူသည် အမေရိကမှ ရောက်လည်ပတ်နေသောအဖွဲ့ကို ညက ညဉ့်နက်အောင် ဧည့်ခံနေခဲ့ရသဖြင့် အိပ်ရာဝင် နောက်ကျခဲ့ရသည်။

"ပြဿနာက ဘာများလဲ ဟီလီရဲ့"

"ရေဒါမျှော်စင်က ဆက်သွယ်သတင်းပို့ချက်ကို ကျွန်တော် ခုလေးတင် ရပါတယ် ဆရာ၊ ကျွန်တော်တို့ရဲ့ ပစ္စည်းပစ္စယ်တွေ အားလုံး ပျက်စီးကုန်ကြတော့ ဖြစ်နိုင်တယ်၊ ဒါမှမဟုတ်ရင် ကျွန်တော်တို့ဆီမှာ ထူးဆန်းတဲ့ ဧည့်သည်တွေ ရောက်လာပုံရတယ်"

ဂျင်နရယ် ရှစ်ပလီသည် သူ့ကိုယ်သူ အိပ်ရာထဲမှ အတင်း ထလိုက်ပြီးနောက် ပြောလိုက်လေ၏။

"ငါ အဲဒီကို ငါးမိနစ်အတွင်း အရောက်လာခဲ့မယ်"

မှောင်နေသော ရေဒါအခန်းထဲတွင် တပ်မတော်သားများ၊ အရာရှိများ စုပြုံလျက် ရောက်ရှိနေကြသည်။ ၎င်းတို့သည် အခန်းအလယ်ကောင်ရှိ လင်းနေသော ရေဒါမျက်နှာပြင်များတစ်ဝိုက်တွင် ဝန်းရံ၍ ရောက်ရှိနေကြခြင်း ဖြစ်သည်။

ဗိုလ်ချုပ်ကြီး ဝင်လာသည်နှင့် တစ်ပြိုင်နက် သူတို့သည် ခုန်ထကြပြီး သတိအနေအထားနှင့် နေလိုက်ကြလေ၏။

"သက်သာ"

သူက တာဝန်ကျအရာရှိ ဗိုလ်ကြီးမူလာထံ လျှောက်သွားလိုက်သည်။

"ဒီမှာ ဘာဖြစ်နေတာလဲ လူးဝစ်စ်"





ဗိုလ်ကြီး မူလာက သူ့ခေါင်းကို လက်နှင့်ကုတ်လိုက်သည်။

"ကျွန်တော်တော့ မပြောတတ်တော့ဘူး၊ တစ်နာရီမှာ မိုင် (၂၂၀၀၀)နှုန်းနဲ့ ပျံသန်းတဲ့လေယာဉ်၊ ပြီးတော့ တန့်ခနဲ ရပ်လိုက်ပြီး နောက်ဘက်ကို နောက်ပြန် ပျံသွားနိုင်တဲ့ လေယာဉ်ပျံမျိုးကို ဆရာ တွေ့ဖူးပါသလား"

ဗိုလ်ချုပ်ကြီး ရှစ်ပလီက သူ့ကို ငေးကြည့်နေသည်။

"မင်းက ဘာတွေ လျှောက်ပြောနေတာလဲ"

"ကျွန်တော်တို့ရဲ့ ရေဒါ ဖန်သားမျက်နှာပြင်တွေအရ လွန်ခဲ့တဲ့ နာရီဝက် အတွင်းမှာ အဲဒီအတိုင်း ဖြစ်ပျက်နေခဲ့တာပဲ ဆရာ။ ပထမမှာတော့ အီလက် ထရွန်းနစ် ကိရိယာတစ်ခုခုကို တစ်ယောက်ယောက်က စမ်းသပ်နေတာပဲလို့ ထင်ခဲ့မိတယ်၊ ဒါပေမယ့် ကျွန်တော်တို့က ရုရှား၊ ဗြိတိသျှ၊ ပြင်သစ်တို့နဲ့လည်း စုံစမ်းမေးမြန်းကြည့်ခဲ့တယ်၊ သူတို့လည်းပဲ အဲဒီအတိုင်း ရေဒါမျက်နှာပြင်ပေါ်မှာ မြင်တွေ့နေကြတယ်တဲ့"

"ဒါဆိုရင် ဒီဟာတွေဟာ လက်နက်ပစ္စည်း အကြီးစားတွေထဲကတော့ ဖြစ်နိုင်တော့ဘူးပေါ့"

ဂျင်နရယ်ရှစ်ပလီက လေးလေးပင်ပင်ကြီး ပြောချလိုက်သည်။

"တစ်ကမ္ဘာလုံးမှာရှိတဲ့ ရေဒါစက်တွေအားလုံးကို ဖြန်းခနဲ ကိုးရိုးကားရား ဖြစ်နေကြပြီလို့ ဆရာက မယူဆသေးဘူးဆိုရင် အဲဒီလို မဖြစ်နိုင်ပါဘူး ဆရာ"

"ရေဒါမျက်နှာပြင်ပေါ်မှာ အဲဒါတွေ ဘယ်နှခုလောက် ပေါ်လာကြသလဲ"

"တစ်ဒါဇင်ကျော်တယ် ဆရာ၊ သူတို့ လှုပ်ရှားတာ မြန်လွန်းတဲ့အတွက် သူတို့နောက်ကို လိုက်ကြည့်နေဖို့တောင် မလွယ်ဘူး ဆရာ၊ သူတို့ကို တွေ့လိုက်ရ တယ်၊ နောက်တော့ ပျောက်သွားတယ်။ ကျွန်တော်တို့က လေထုရဲ့အခြေအနေ တွေ၊ ဥက္ကာပျံတွေ၊ ကြယ်ကြွေတာတွေ၊ မိုးလေဝသဘောလုံးတွေ၊ ပြီးတော့ ကျွန်တော်တို့ သိထားသမျှ ပန်းကန်ပြားပျံအမျိုးအစားတွေ အားလုံးကို မဖြစ်နိုင် ဘူးလို့ စာရင်းထဲက ပယ်ထားပါတယ်။ ကျွန်တော်က လေယာဉ်တချို့နဲ့ တက် လိုက်ခိုင်းဖို့ပါပဲ၊ ဒါပေမယ့် အဲဒီအရာဝတ္ထုတွေဟာ ဘာတွေပဲဖြစ်ဖြစ် သိပ်အမြင့် ကြီးက ပျံသန်းနေကြတဲ့အတွက် ကျွန်တော်တို့ အနေနဲ့ သူတို့အနားကို ဘယ် တော့မှ ရောက်နိုင်မယ် မထင်ဘူး ဆရာ"

ဂျင်နရယ် ရှစ်ပလီသည် ရေဒါဖန်သားမျက်နှာပြင်တစ်ခုဆီသို့ လျှောက် သွားခဲ့သည်။

"အခု ငါတို့ရဲ့ ဖန်သားမျက်နှာပြင်ပေါ်မှာ တစ်ခုခု ပေါ်နေသေးသလား"

"မရှိကြတော့ဘူး ဆရာ၊ ပျောက်ကုန်ကြပြီ"

သူက တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

"ဒါပေမယ့် သူတို့ ပြန်လာကြလိမ့်မယ်လို့ ကျွန်တော့်စိတ်ထဲက ခံစားနေရ တယ် ဂျင်နရယ်"



www.burmeseclassic.com

www.burmeseclassic.com



အခန်း သုံးဆယ်

*အောတဝါးမြို့၊ ကနေဒါနိုင်ငံ*

ဗိုလ်ချုပ်ကြီး ရှစ်ပလီ၏ အစီရင်ခံစာကို ဂျေးနပ်စ်က ခပ်ကျယ်ကျယ် ဖတ်ပြ၍ ပြီးစီးသွားသောအခါ အီတာလျံအမျိုးသားက မတ်တတ်ရပ်လိုက်ပြီး စိတ်လှုပ်ရှားစွာဖြင့် -

"သူတို့က ကျုပ်တို့ကို ဝင်တိုက်ဖို့ အဆင်သင့်ဖြစ်နေပြီ" ဟု ပြောလိုက် သည်။

ပြင်သစ်အမျိုးသားက ပြောလိုက်ပြန်၏။

"သူတို့က ကျုပ်တို့ကို ဝင်ပြီးတိုက်ခိုက်နေပြီပဲဗျာ"

ရုရှားအမျိုးသားက ပြောလိုက်သည်။

"ကျုပ်တို့ သိပ်နောက်ကျနေပြီဗျ၊ ဒါဟာ ကပ်ဆိုက်တာပဲ၊ ကျုပ်တို့အနေနဲ့ ကာကွယ်ဖို့ နည်းလမ်းမရှိ . . ."

ဂျေးနပ်စ်က ကြားဖြတ်၍ ပြောလိုက်၏။

"လူကြီးမင်းများ ခင်ဗျာ၊ ခုကိစ္စဟာ ကျုပ်တို့က ကာကွယ်လို့ ရနိုင်တဲ့ ကပ်ဆိုက်ခြင်းပါ"

"ဘယ်လို ကာကွယ်မှာလဲ၊ သူတို့ရဲ့ တောင်းဆိုချက်တွေကို ခင်ဗျားတို့လည်း သိနေကြသားပဲ"

အင်္ဂလိပ်လူမျိုးက ပြောလိုက်ခြင်း ဖြစ်သည်။

"သူတို့ရဲ့ တောင်းဆိုချက်တွေကို ထည့်စဉ်းစားမနေပါနဲ့ဗျာ"

ဘရာဇီးနိုင်ငံမှ ပုဂ္ဂိုလ်က ပြောလိုက်ခြင်း ဖြစ်သည်။

"ကျုပ်တို့ရဲ့ သစ်ပင်တွေကို ကျုပ်တို့ လုပ်ကိုင်နေတဲ့ကိစ္စဟာ သူတို့နဲ့ ဘာမှ မဆိုင်ဘူး၊ မှန်လုံအိမ်အာနိသင် ဆိုတဲ့ကိစ္စဟာ လုံးဝ သက်သေပြနိုင်စွမ်း မရှိသေးတဲ့ သိပ္ပံပညာရဲ့ အမှိုက်သရိုက် အယူအဆတွေပါ"

ဂျာမန်အမျိုးသားကလည်း ဝင်ပြောလိုက်သည်။

"ကျုပ်တို့အဖို့ကရော ဘယ်လို လုပ်မလဲ၊ တကယ်လို့ သူတို့က ကျုပ်တို့ရဲ့ မြို့ကြီးတွေအပေါ်က လေထုကို သန့်ရှင်းအောင် အတင်းအဓမ္မ လုပ်ခိုင်းမယ်ဆိုရင် ကျုပ်တို့ရဲ့ စက်ရုံကြီးတွေကို ပိတ်ပစ်ရလိမ့်မယ်။ ကျုပ်တို့ဆီမှာ ဘာစက်မှုလက်မှု လုပ်ငန်းမှ ကျန်ရစ်ခဲ့မှာ မဟုတ်ဘူး"

ဂျပန်အမျိုးသားကလည်း ဝင်ပြောသည်။



"ကျုပ်တို့ကလည်း မော်တော်ကားထုတ်လုပ်မှုကို ရပ်ဆိုင်းပစ်ရလိမ့်မယ်၊ ...ရင် ယဉ်ကျေးတဲ့ကမ္ဘာဆိုတာ ဘယ်ရောက်သွားမှာလဲ"

ရုရှားအမျိုးသားက ပြောလိုက်ပြန်၏။

"ကျုပ်တို့အားလုံးရဲ့ အခြေအနေဟာ အတူတူပါပဲ၊ တကယ်လို့ ကျုပ်တို့က ...ရဲ့ တောင်းဆိုချက်အတိုင်း ညစ်ညမ်းမှုအားလုံးကို ရပ်ဆိုင်းပစ်ရမယ်ဆိုရင် ...းပွားရေးတွေကို ပျက်စီးသွားစေလိမ့်မယ်၊ ကြယ်တာရာစစ်ပွဲက သူတို့ကို ...ယ်နိုင်ဖို့ အဆင်သင့်ဖြစ်တဲ့အချိန်အထိ ကျုပ်တို့က အချိန်ဆွဲထားရလိမ့်မယ်"

ဂျေးနပ်စ်က တက်တက်ကြွကြွကလေး ပြောလိုက်၏။

"အဲဒါနဲ့ ပတ်သက်ပြီး ကျုပ်တို့အားလုံး သဘောတူထားပြီးပါပြီ၊ ကျုပ်တို့ ...င်ရွက်ကြရမယ့် လက်ငင်းတာဝန်ကတော့ ကျုပ်တို့ရဲ့ နိုင်ငံသူ နိုင်ငံသား ...ို ငြိမ်ဆိမ်အေးချမ်းအောင် လုပ်ထားဖို့နဲ့ သွေးပျက်မှုတွေ ပြန့်မသွားအောင် ...ထားကြဖို့ပဲ"

တနေဒါလူမျိုးက မေးလိုက်သည်။

"ကွန်မန်ဒါ ဘယ်လာမီရဲ့ တိုးတက်မှုအခြေအနေက ဘယ်လိုပါလဲ"

"သူ့တိုးတက်မှု အခြေအနေက သိပ်ကောင်းပါတယ်၊ သူက နောက်တစ် ...နှစ်ရက်အတွင်း လက်စသတ်နိုင်ပါလိမ့်မယ်"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံးဆယ့်တစ်

*ကိဗ်၊ ဆိုဗီယက်ပြည်ထောင်စု*

အော်လ်ဂါ ရိုမန်ချန်ကိုသည် ဆိုဗီယက်ယူနီယံရှိ အခြားအခြာ
အမျိုးသမီးများကဲ့သို့ပင် စီးပွားရေး ပြန်လည် တည်ဆောက်မှုအပေါ် စိတ်
ပြုလာသည်။ အစပိုင်း၌ ဆိုဗီယက်ယူနီယံတွင် ဖြစ်ပေါ်လာမည်ဟု က
ထားသော ပြောင်းလဲမှုများနှင့် စပ်လျဉ်း၍ အလွန်တရာ စိတ်လှုပ်ရှာ
ဖြစ်ခဲ့ရသည်။

လွှတ်လပ်ရေး၏ လေနုအေးသည် လမ်းများပေါ်၌ ဖြတ်သန်း တို
နေသလို လေထုထဲတွင်လည်း မျှော်လင့်ချက်များနှင့် ပြည့်နှက်နေသည်

ဆိုင်များတွင် လတ်ဆတ်သော အသားစိမ်းများ၊ ဟင်းသီးဟင်းရွ
အလွန်လှသည့် အဝတ်အထည်များ၊ သားရေအစစ်နှင့် ချုပ်ထားသော
ပြီးတော့ ဖုံးသြစရာကောင်းသည့် အခြား ပစ္စည်း ရာပေါင်းများစွာတို့ကို
ရောင်းချပေးမည်ဟု ကတိပေးခဲ့ကြသည်၊ သို့ရာတွင် ထိုကိစ္စ စတင်ပြီး
နှစ်ကြာသည့်အချိန်တွင် နာကြည်းစွာ စိတ်ပျက်မှုများ ဖြစ်ပေါ်လာခဲ့ရတော့

မှောင်ခိုဈေးကို အားမကိုးပါဘဲနှင့် အသက်ရှင် နေထိုင်ရန် မ
တော့ပါ။ ပစ္စည်း အားလုံးလိုလို ပြတ်လပ်နေကြသကဲ့သို့ ဈေးနှုန်းများတ
ခုန်တက်သွားခဲ့ကြသည်။ လမ်းမကြီးများပေါ်တွင် ကျင်းများ ချိုင့်များနှ
နှက်နေသည်။ လမ်းများပေါ်တွင် စိတန်းလှည့်လည်၍ ဆန္ဒပြမှုများ ဖြစ်
သည်။ ရာဇဝတ်မှုများကလည်း ပိုမို၍ ဖြစ်ပွားနေသည်။ ချုပ်ချယ်မှုများက
ယခင်ကထက် ပိုများလာသည်။ စီးပွားရေး ပြန်လည်တည်ဆောက်မှုနှင့် နိုင
ပွင့်လင်းမှုတို့သည် အဆိုပါကိစ္စရပ်များကို မြေတောင်မြှောက်ခဲ့ကြသော နိ
သမားများ၏ ကတိစကားများကဲ့သို့ အနှစ်မပါ အကာမရှိသလို ဟောင်းေ
ကြီးဖြစ်စ ပြုလာသည်။

အော်လ်ဂါသည် ကိဗ်မြို့လယ်ကောင်ရှိ လင်ကွမ်ဆိုမိုရင်ပြင်မှ တ
တိုက်တွင် တာဝန်ထမ်းဆောင်နေခဲ့သည်မှာ ခုနစ်နှစ်ရှိခဲ့လေပြီ။ သူသည် အ
( ၃၂) နှစ် ရှိပြီ ဖြစ်သော်လည်း ဆိုဗီယက်နိုင်ငံ၏ ပြင်ပသို့ တစ်ကြိမ်တ
မရောက်ခဲ့ဖူးဘူးပါ။ အော်လ်ဂါသည် အတော်အသင့် ချစ်ဖို့ကောင်းသ
သည်။ သူသည် နည်းနည်းတော့ ကိုယ်လုံးကိုယ်ပေါက်မှာ ဝသည်။ သို့
ရုရှားနိုင်ငံတွင် ထိုကဲ့သို့အနည်းငယ် ဝမှုသည် ဆိုးဆိုးရွားရွားတော့ သိပ်မဖြ

သူသည် အမျိုးသားနှစ်ယောက်နှင့် စေ့စပ်ဖူးသည်။ နှစ်ယောက်စ
ရပ်ဝေးသို့ ပြောင်းရွှေ့သွားကြပြီး သူ့ကို စွန့်ပစ်သွားခဲ့ကြသည်။ ဒီမီ





လီနင်ဂရက်သို့ ပြောင်းရွှေ့သွားသည်။ အိုင်ဗန်က မော်စကိုသို့ ပြောင်းသွားသည်။ အော်လ်ဂါသည် အိုင်ဗန်နှင့်အတူတူ နေနိုင်ရေးအတွက် မော်စကိုသို့ လိုက်ရန် ကြိုးစားသေးသည်။ သို့ရာတွင် မော်စကို၌ နေထိုင်ခွင့်ပါမစ် မရှိပါက ထိုကဲ့သို့ လိုက်ရန် မဖြစ်နိုင်ပါ။

အော်လ်ဂါသည် (၃၃) နှစ်မြောက် မွေးနေ့နှင့်နီးကပ်လာချိန်တွင် သံမဏိကန့်လန့်ကာကြီးက သူ့ပတ်ပတ်လည်၌ နောက်တစ်ကြိမ် ဝိုင်းပတ်မထားမီ ကမ္ဘာကြီးကို နည်းနည်းလောက် လှည့်ပတ်ကြည့်ရှုထားရန် သူ ဆုံးဖြတ်ချက်ချလိုက်သည်။ သူက အဒေါ်ဖြစ်သူ စာကြည့်တိုက်မှူးထံ သွားရောက်ခဲ့သည်။

အော်လ်ဂါက -

"ကျွန်မအနေနဲ့ အားလပ်ရက်ကို အခု လိုချင်ပါတယ်" ဟု ပြောလိုက်သည်။

"မင်း ဘယ်တော့လောက် သွားချင်သလဲ"

"နောက်အပတ်"

"မင်းအနေနဲ့ အရသာခံနိုင်ပါစေ"

ထိုကိစ္စမှာ အဲဒီလောက်အထိ လွယ်ကူခဲ့ပါ၏။ စီးပွားရေး ပြန်လည် တည်ဆောက်မှုလက်ထက် မတိုင်ခင်ကမူ အပန်းဖြေ အနားယူ ခရီးထွက်သည်ဟု ဆိုရာ၌ ပင်လယ်နက် သို့မဟုတ် ဆမာကန်မြို့ သို့မဟုတ် ဆိုလီစီမြို့ စသော ဆိုဗီယက်ပြည်ထောင်စု အတွင်းရှိ (၁၂) နေရာခန့်ရှိသော နေရာများသို့ သွားမည်ဟု အဓိပ္ပာယ်ရသည်။

သို့ရာတွင် ယခု အချိန်၌မူ အော်လ်ဂါ အနေနှင့် မြန်မြန်ထက်ထက် လုပ်နိုင်ကိုင်နိုင်သည်ဆိုပါက သူသည် ကမ္ဘာအနှံ့သို့ ခြေဆန့်နိုင်ပါလိမ့်မည်။

အော်လ်ဂါသည် ကမ္ဘာ့မြေပုံစာအုပ်တစ်အုပ်ကို စာကြည့်တိုက်စင်ပေါ်မှ ဆွဲယူပြီးနောက် လျှောက်ကြည့်လိုက်၏။ ကမ္ဘာကြီးသည် ကြီးမားလွန်းလှပေသည်။ အာဖရိကတိုက်၊ ပြီးတော့ အာရှတိုက်၊ ပြီးတော့ မြောက်အမေရိကတိုက်နှင့် တောင်အမေရိကတိုက်တို့ ရှိနေကြသည်။ အော်လ်ဂါသည် ထိုမျှလောက် ဝေးလံသည့် နေရာများသို့ မသွားရဲပါ။ အော်လ်ဂါက ဥရောပတိုက်မြေပုံကို ကြည့်လိုက်ပြီး 'ငါ ဆွစ်ဇာလန်နိုင်ငံကို သွားမယ်' ဟု ဆုံးဖြတ်လိုက်သည်။

သူသည် တစ်ခါရောအခါက ဆွစ်ဇာလန်နိုင်ငံ၌ ပြုလုပ်သော ချောကလက်ကို စားခဲ့ရဖူးသည်။ ထိုအရသာကို သူ မည်သည့်အခါတွင်မျှ မေ့တော့မည် မဟုတ်ပါ။ သူသည် အဘယ်ကြောင့် ဆွစ်ဇာလန်နိုင်ငံသို့ သွားရသနည်းဆိုသော မေးခွန်း၏ အဓိကကျသော အချက်ကို ဝန်ခံချင်မှ ဝန်ခံပါလိမ့်မည်။

သူသည် အချိုကို နှစ်ခြိုက်သည်။ ရုရှားနိုင်ငံမှ ချိုချဉ်၊ ချောကလက် စသည်တို့သည် ဝယ်၍ ရနိုင်သည့်တိုင်အောင် သကြားလည်း မပါ။ အရသာကလည်း မရှိ ဖြစ်တတ်ကြသည်။

အော်လ်ဂါသည် ချောကလက် အရသာကို နှစ်ခြိုက်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရလေတော့သည်။

ဇူးရစ်ချ်သို့ အယ်ရိုဖလုတ် လေယာဉ်ပျံနှင့် သွားရသောခရီးသည် စိတ်သုပ်ရှားဖွယ်ခရီး၏ အစပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ယခင်က လေယာဉ်ပျံ မစီးဘူးခဲ့ပါ။ သူသည် မျှော်လင့်ချက်ကြီး တစ်ခွဲသားနှင့် ဇူးရစ်ချ်ရှိ နိုင်ငံတကာလေဆိပ်တွင် ဆင်းသက်ခဲ့သည်။ သူ့ထံတွင် ပါလာသောငွေမှာ အကန့်အသတ်နှင့်သာ ရှိနေသည်။ ထို့ကြောင့် သူသည် ဈေးသက်သာသော လီယွန်မာရီ ဟိုတယ်ကလေးတွင် တည်းခိုခဲ့သည်။

အောလ်ဂါက ဧည့်ကြိုစားပွဲတွင် စတင်၍ အခန်းငှားလိုက်သည်။ သူက အင်္ဂလိပ်စကားကို ခပ်ဆိုင်းဆိုင်းပြောရင်း ဟိုတယ်စာရေးအား သူ့အတွင်းရေးကို ဖွင့်ပြောပြလိုက်သည်။

"ကျွန်မက ဆွစ်ဇာလန်နိုင်ငံကို ဒါ ပထမဦးဆုံးအကြိမ် ရောက်ဖူးတာပါ။ ကျွန်မ ဘာလုပ်ရမလဲဆိုတာ ရှင်က အကြံများ ပေးနိုင်ပါသလား"

"ရပါတယ်ဗျာ၊ လုပ်စရာတွေကတော့ အများကြီးပဲ၊ ခင်ဗျားက မြို့ပေါ်ကို တစ်ပတ် လျှောက်ကြည့်တာနဲ့ လုပ်ငန်းစလိုက်ရင် ကောင်းမယ်ထင်တယ်၊ အဲဒါကို ကျုပ် စီစဉ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

ဇူးရစ်ချ်သည် အလွန်ထူးခြားသည်ဟု အောလ်ဂါက ယူဆသည်။ သူသည် ဇူးရစ်ချ်မှ မြင်ကွင်းများနှင့် မြို့ပေါ်မှ အသံဗလံများကို အံ့သြနေမိသည်။

လမ်းပေါ်မှ ပုဂ္ဂိုလ်များသည် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားကြပြီး အလွန် တန်ဖိုးကြီးမားသော မော်တော်ကားများကို မောင်းနှင်နေကြသည်။ အောလ်ဂါ အဖို့ ဇူးရစ်ချ်၌ ရှိနေသူ အားလုံး သန်းကြွယ်သူဌေးများ ဖြစ်သည်ဟု ထင်နေသည်။ ပြီးတော့လည်း စတိုးဆိုင်ကြီးတွေ။ အောလ်ဂါသည် ထိုဆိုင်ကြီး များကိုကြည့်၍ ပစ္စည်းများကို အားလုံး ဝယ်ချင်လှသော်လည်း ဈေးနှုန်းများကို သိရသည့်အခါ နောက်ဆုံးတွင် ချော့ကလက်ဘူးကလေး တစ်ဘူး၊ ကြီးမားသော သကြားလုံး ထစ်ထုပ်တို့နှင့်သာ ကျေနပ်လိုက်ရတော့သည်။

နောက်တစ်ပတ်တွင် အောလ်ဂါသည် ဇူးရစ်ချ်ဟွန်းပန်းခြံ၊ ရိုက်ယက် ဘတ်ခ်ပြတိုက်၊ ဆယ့်ရာစုနှစ်က တည်ဆောက်ခဲ့သော ဂရော့စ်မန်စတာ ဘုရား ရှိခိုးကျောင်း၊ ပြီးတော့ ကမ္ဘာလှည့်ခရီးသည်များ လှည့်လည် ကြည့်ရှုလေ့ရှိသော အခြားနေရာ တစ်ဒါဇင်ခန့်သို့ သွားရောက် ကြည့်ရှုခဲ့သည်။ နောက်ဆုံးတွင် သူ ပြန်ရမည့်အချိန်နှင့် နီးကပ်လာလေပြီ။

ဟိုတယ်စာရေးက အောလ်ဂါအား -

"ဆန်းရှိုင်းတိုး ဘတ်စ်ကားကုမ္ပဏီက အဲလ်ပ်တောင်တန်းတွေပေါ်မှာ လိုက်ပြတဲ့ခရီးစဉ် သိပ်ကောင်းတယ်၊ ခင်ဗျား မပြန်ခင် အဲဒီခရီးစဉ်ကို အရသာ တွေ့လိမ့်မယ်နဲ့ တူတယ်"

"ကျေးဇူးတင်ပါတယ်၊ ကျွန်မ ကြိုးစားပါ့မယ်"

အောလ်ဂါအဖို့ ထိုခရီးစဉ်သည် စိတ်အလှုပ်ရှားဆုံး ဖြစ်ခဲ့ရသည်။ ရှုမျှော်ခင်းမှာ ရင်သပ်ရှုမောဖွယ်ကောင်းလှသည်။ ထိုခရီးစဉ်၏ အလယ်လောက်တွင် သူတို့သည် ပန်းကန်ပြားပျံဟု ထင်ရသော ပစ္စည်းတစ်ခု ပေါက်ကွဲ ပျက်စီးသွား သည်ကို မြင်ခဲ့ကြရသည်။ သို့ရာတွင် သူနှံဘေး၌ထိုင်သော ကနေဒါနိုင်ငံမှ ဘဏ်လုပ်ငန်းရှင်က ထိုကိစ္စမှာ ဆွစ်ဇာလန်အစိုးရက ကမ္ဘာလှည့်ခရီးသည်များ အတွက် အထူးစီစဉ်ပေးထားသော ပြကွက်တစ်ခုသာ ဖြစ်ကြောင်း၊ ပန်းကန်ပြားပျံ များသည် တကယ် မရှိကြကြောင်း ရှင်းပြခဲ့သည်။ အောလ်ဂါက ထိုရှင်းပြချက်ကို ....က်လိုက်လှဲလှဲ လက်မခံခဲ့ပါ။ သူက ဌာနေဖြစ်သော ကိဗ်မြို့သို့ ပြန်ရောက် သည့်အခါ ထိုကိစ္စကို အဒေါ်ဖြစ်သူနှင့် ဆွေးနွေးခဲ့သည်။

သူ့အဒေါ်က ပြောလိုက်၏။

"ဟဲ့ - ပန်းကန်ပြားပျံဆိုတာ ရှိတာပေါ့ဟဲ့။ အဲဒါတွေက ရုရှားပြည်ပေါ်က ဖြတ်ပြီး တစ်ချိန်လုံး ပျံနေကြတာ၊ နင်က အဲဒီ သတင်းကို သတင်းစာတစ် စောင်စောင်ကို ရောင်းဖို့ကောင်းတယ်"

အောလ်ဂါက ထိုကိစ္စကို သတင်းစာတိုက်သို့ အကြောင်းကြားရန် စဉ်း စားခဲ့သော်လည်း သူ အရယ်ခံရမည်ကို စိုးရိမ်နေသည်။ ပါတီအနေနှင့် ပါတီဝင် များ ဟိုလေးတကျော် ဖြစ်သည့်ကိစ္စမျိုးကို မလိုလားပါ။ အထူးသဖြင့် ပါတီဝင် များအား ရယ်စရာအဖြစ် ခံရစေမည့် ကိစ္စမျိုးကို ပို၍ပင် မလိုလားပါ။

နောက်ဆုံးတွင် အောလ်ဂါက သူ့ဘဝတွင် ဒီမီထရီနှင့် အိုင်ဗန်တို့ကို အားဖယ်ထားလိုက်မည် ဆိုပါက သူ အနားယူရန် ခရီးထွက်ခဲ့သောကိစ္စသည် သူ့ဘဝသက်တမ်းတွင် အရေးကြီးသောကိစ္စတစ်ရပ် ဖြစ်သည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ သူ့အနေနှင့် အလုပ်ခွင်၌ ပြန်အသားကျအောင် အတော်လုပ်ယူရ ပါလိမ့်မည်။

လေဆိပ်မှနေ၍ ကိဗ်မြို့လယ်သို့ရောက်အောင် အသစ်ဖောက်ထားသော တိုင်းဝေးလမ်းမကြီးအတိုင်း အင်တိုးရစ် (ဆိုဗီယက်နိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွား လာရေးလုပ်ငန်း) ၏ ဘတ်စ်ကားကို စီး၍လာခဲ့ရသည်မှာ တစ်နာရီ ကြာမြင့်ပါ သည်။ ရောဘတ်အဖို့ ကိဗ်မြို့သို့ ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်း ဖြစ်သည်။

သူသည် လမ်းဘေးတစ်လျှောက်လုံး၌ တွေ့နေရသော ဆောက်လုပ်ရေး လုပ်ငန်းများနှင့် နေရာတိုင်း၌ မှိုပေါက်သလို တွေ့မြင်နေရသော ကြီးမားသည့် လူနေတိုက်ခန်း အဆောက်အအုံကြီးများကို အထင်ကြီးနေမိသည်။

ဘတ်စ်ကားကြီးသည် ဒနိုက်ပါဟိုတယ်ရှေ့၌ ထိုးရပ်လိုက်ပြီး ခရီးသည် နှစ်ဒါဇင်ကို ချပေးလိုက်သည်။ ရောဘတ်က သူ့လက်ပတ်နာရီကိုကြည့်လိုက်၏။ ညရှစ်နာရီထိုးလေပြီ။ စာကြည့်တိုက် ပိတ်သွားပေရော့မည်။ သူ့အလုပ်ကို နံနက် အထိ စောင့်ဆိုင်းထားရပါတော့မည်။

သူက သူ့အတွက် အခန်းတစ်လုံး ကြိုတင် မှာထားပြီးဖြစ်သော ဟိုတယ် အကြီးကြီး တစ်လုံးတွင် ဝင်ရောက်တည်းခိုလိုက်သည်။ သူသည် ဘားခန်းတွင် အရက်တစ်ခွက် သောက်လိုက်ပြီးနောက် သန့်ရှင်းစင်ကြယ်နေအောင် အဖြူ ရောင်သုတ်ထားသည့် ထမင်းစားခန်းထဲတွင် ငါးဥ၊ သခွားသီး၊ ခရမ်းချဉ်သီး၊ အသားများကို စဉ်းကော၍ အပေါ်က ဖြူးထားသော အာလူးပြုတ်ကြော်တို့ကို ဗော့ဒ်ကာ၊ ဘီလပ်ရည်တို့နှင့် မျှောချပြီး ညစာ စားသောက်ခဲ့သည်။

ဂျင်နရယ် ဟီးလီးယဒ်က သူ့အား ကတိပေးခဲ့သည့်အတိုင်း သူ့ဗီဇာသည် စတော့ဟုမ်းရှိ သူ့ဟိုတယ်၌ အဆင်သင့် ရောက်ရှိနေနှင့်ခဲ့သည်။

'ခုကိစ္စဟာ တော်တော်ကလေး လျှင်မြန်တဲ့ နိုင်ငံတကာ ပူးပေါင်းဆောင် ရွက်မှုတစ်ရပ်ပဲ၊ ဒါပေမယ့် ငါ့အတွက်တော့ ပူးပေါင်းဆောင်ရွက်မှုဆိုတာ ....့ ကိုယ်လုံးတီး သို့မဟုတ် တစ်ကိုယ်တော် တစ်ယောက်တည်း [illegible]





www.burmeseclassic.com

www.burmeseclassic.com

ရောဘတ်က တွေးလိုက်သည်။

ညစာစားပြီးသောအခါ ဧည့်ကြိုစားပွဲတွင် ဖာနည်းငယ် မေးမြန်းလိုက်ပြီး နောက်တွင် ရောဘတ်သည် ယင်ကွမ်ဆိုမို ရင်ပြင်ဆီသို့ ရည်ရွယ်ချက် မရှိဘဲ လျှောက်သွားခဲ့သည်။

ကိဗ်မြို့သည် ရောဘတ်အတွက် အံ့ဩစရာ ဖြစ်နေသည်။ ရုရှားနိုင်ငံတွင် ကိဗ်သည် အလွန် သက်တမ်းရှည်ကြာသောမြို့ တစ်မြို့ ဖြစ်သည်။ သို့တိုင်အောင် ဥရောပတိုက်မှ မြို့တစ်မြို့နှင့် ဆင်တူနေပြီး ချစ်ဖို့ကောင်းသည်။ ကိဗ်မြို့သည် ဒနိုင်ပါမြစ်ကမ်းနဖူး၌ တည်ရှိပြီး စိမ်းလန်းစိုပြည်နေသော ပန်းခြံများ၊ တစ်ဖက် တစ်ချက်တွင် သစ်ပင်များ တန်းစီနေကြသည့်လမ်းများ ရှိနေကြသည်။

ဘုရားရှိခိုးကျောင်းများမှာ နေရာတကာ၌ ရှိနေကြပြီး ထိုဘုရားရှိခိုး ကျောင်းများသည် ဗိသုကာပညာကို ကြီးကျယ်ခမ်းနားစွာ ဖော်ပြ နေသည့် နမူနာများ ဖြစ်ကြပေသည်။

စိန့်ဗလာဒီမာ၏ ဘုရားရှိခိုးကျောင်း၊ စိန့်အင်ဒရူး၏ ဘုရားရှိခိုးကျောင်း၊ သက္ကရာဇ် ၁၀၃၇ ခုနှစ်တွင် လက်စသတ်ခဲ့သော စိန့်ဆိုဖီယာ ဘုရားရှိခိုးကျောင်း၊ ထိုအဆောက်အအုံထိပ်ဖျားတွင် မိုးတိမ်ယံထဲ တိုးဝင်နေသော ခေါင်းလောင်းပုံ အပြာရောင်မျှော်စင်ကို တင်ထားသည်။ ထို အဆောက်အအုံသည် ဆွတ်ဆွတ်ဖြူ နေသော ဘုရားရှိခိုးကျောင်း ဖြစ်သည်။ ပြီးတော့ ကိဗ်မြို့တွင် အမြင့်ဆုံး အဆောက် အအုံဖြစ်သော ပီချာဘုန်းကြီးကျောင်းလည်း ရှိသည်။

'ဆူဆန်သာဆိုရင် ဒါတွေကို သိပ်သဘောကျမှာပဲ' ဟု ရောဘတ်ကတွေး လိုက်မိသည်။

ဆူဆန်သည် ရုရှားသို့ တစ်ခါမျှ မရောက်ဖူးဘူးသေးပါ။

'ဆူဆန်သည် ဘရာဇီးမှ ပြန်ရောက်လာသေးရဲ့လား' ဟု တွေးမိပြန်၏။

သူသည် သူ့ဟိုတယ်မှအခန်းသို့ ပြန်ရောက်သောအခါ ရုတ်တရက် တိုက် တွန်းသောစိတ်ကြောင့် ဆူဆန့်ထံ တယ်လီဖုန်း ဆက်ဆက်မိသည်။ အံ့ဩစရာ ကောင်းလောက်အောင် ချက်ချင်းလိုလို အဆက်အသွယ် ရရှိတော့သည်။

"ဟယ်လို"

ဆူဆန်၏ စွဲမက်ဖွယ်ကောင်းသော လည်ချောင်းသံကလေးပင်တည်း။

"ဟိုင်း . . . ဘရာဇီးနိုင်ငံက နေလို့ကောင်းရဲ့လား"

"ရောဘတ်၊ ကျွန်မ ရှင့်ဆီကို တယ်လီဖုန်း အကြိမ်ပေါင်းများစွာ ဆက်သွယ် ခဲ့တယ်၊ ထူးမယ့်လူ မရှိဘူး"

"ကိုယ် အိမ်မှာ မရှိဘူး"

"ဟယ် . . ."

'ရောဘတ် ရှင် ဘယ်နေရာမှာ ရှိနေသလဲ' ဟု မမေးအောင် ဆူဆန့်ကို သူက အထူးတလည် လေ့ကျင့်သင်ကြားပေးထားပြီး ဖြစ်သည်။

"ရှင် နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ သိပ်ကောင်း၊ ဟို ကိုငွေ . . .၊ အဲလေ - မွန်တီ တစ်ယောက်ကော"

"သူလည်း နေကောင်းပါတယ် ရောဘတ်၊ ကျွန်မတို့ နက်ဖြန်ခါကျရင် ဂျီဘရော်လ်တာကို ခရီးဆက်ကြမယ်"





'ကိုငွေအိုးရဲ့ ဟို သောက်ဖိမ်ခံသင်္ဘောကြီးနဲ့ပဲပေါ့။ အဲဒီ သင်္ဘောကြီး ...ကြက ဘာပါလိမ့်၊ ဟောလ်စီယွန်တဲ့' ဟု သူ့စိတ်ထဲက တွေးလိုက်၏။

သူ့နှုတ်ကမူ . . .

"ဟိုသင်္ဘောနဲ့ပဲလား"

"ဟုတ်ပါတယ်၊ ရှင် ကျွန်မကို အဲဒီသင်္ဘောပေါ်မှာ ဆက်သွယ်နိုင်ပါတယ်၊ ...ာ သင်္ကေတ စာလုံးတွေကို မှတ်မိသေးရဲ့လား"

သူ မှတ်မိပါသည်။ ဒဗလျူ အက်စ် ၃၃၇ ပါ။

"ရောဘတ်"

"အင်း၊ ကိုယ်မှတ်မိပါတယ်၊ ဝီစကီ၊ သကြား ၃၃၇"

"ရှင် ဆက်သွယ်မှာလား ဟင်၊ ရှင် နေကောင်းတယ်ဆိုတာ ကျွန်မ သိချင် ..."

"ဆက်ပါ့မယ်၊ ကိုယ် မင်းကို လွမ်းတယ် ကလေးရယ်"

အလွန်ခံစားရသော ရှည်ကြာလှသည့် တိတ်ဆိတ်သွားမှုပင်တည်း။

သူ စောင့်နေလိုက်သည်။ ဆူဆန်က မည်ကဲ့သို့ ပြောဆိုလိမ့်မည်ဟု သူ ...လင့်ထားပါသနည်း။

"ကျွန်မလည်း ရှင့်ကို လွမ်းပါတယ် ရောဘတ်ရယ်၊ ရှင် ကိုယ့်ကိုယ်ကိုယ် ...က်ပါ"

ထို့နောက် အဆက်အသွယ် ပြတ်သွားတော့သည်။ သူသည် ရုရှားနိုင်ငံတွင် ...တိုယ်တည်း တစ်ယောက်တည်းရယ်ပါ။

...ဆယ့်နှစ်ရက်မြောက်နေ့

နောက်တစ်နေ့ နံနက်စောစော စာကြည့်တိုက်ကို စတင်ဖွင့်လှစ်ပြီး ဆယ် ... အကြာတွင် ရောဘတ်သည် အလွန် ကြီးမားပြီး မှောင်မှောင်မည်းမည်း ...သည့် အဆောက်အအုံကြီးထဲသို့ ဝင်သွားခဲ့သည်။ သူက ဧည့်ကြိုစားပွဲသို့ ...ာပ်သွားသည်။ ရောဘတ်က နှုတ်ဆက်လိုက်၏။

"မင်္ဂလာ နံနက်ခင်းပါ"

စားပွဲနောက်မှ အမျိုးသမီးက မော့ကြည့်လိုက်သည်။

"မင်္ဂလာနံနက်ခင်းပါ၊ ရှင့်ကို ကျွန်မ ဘာများ ကူညီနိုင်ပါသလဲ"

"ဟုတ်ကဲ့၊ ကျုပ်ဟာ ဒီမှာ အလုပ်လုပ်တယ်လို့ ထင်တဲ့ အမျိုးသမီးတစ် ...က်ကို လိုက်ရှာနေပါတယ်၊ အော်လ်ဂါ . . ."

"အော်လ်ဂါ၊ ဟုတ်ကဲ့ရှင့်"

သူက အခန်းတစ်ခန်းကို လက်ညှိုးထိုးပြလိုက်သည်။

"သူ ဒီအခန်းထဲမှာ ရှိပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်"

အဲဒီလောက်အထိကို လွယ်ကူခဲ့ပါ၏။

ရောဘတ်သည် အခြား အခန်းထဲသို့ လျှောက်ဝင်သွားသည်။ စားပွဲရှည် ...ားတွင် လေးလေးနက်နက် လေ့လာနေကြသည့် ကျောင်းသားအုပ်စု တစ်... ...ော့ဖြတ်သွားရသည်။


www.burmeseclassic.com

www.burmeseclassic.com

သူသည် ခပ်ငယ်ငယ် စာဖတ်ခန်းကလေးဆီသို့ ရောက်ရှိသွား အထဲသို့ ဝင်သွားလိုက်သည်။ အမျိုးသမီး တစ်ယောက်သည် စာအုပ် တန်းစီ၍ ထပ်ရင်း အလုပ်ရှုပ်နေသည်။

ရောဘတ်က -

"ကျုပ်ကို ခွင့်ပြုပါဗျာ" ဟု ပြောလိုက်၏။

သူ ပြန်လှည့်လိုက်သည်။

"ဟုတ်ကဲ့ရှင့်"

"အောလ်ဂါလား"

"ကျွန်မ အော်လ်ဂါပါ၊ ဘာကိစ္စ ရှိပါသလဲ"

ရောဘတ်က နှစ်လိုဖွယ်ရာ ပြုံးပြလိုက်သည်။

"ကျုပ်က သာမန် ရုရှားလူမျိုးတစ်ယောက်အပေါ် စီးပွားရေး ပြ တည်ဆောက်မှုက ဘယ်လို အကျိုးသက်ရောက်မှုတွေ ရှိစေခဲ့တယ် ဆို ပတ်သက်ပြီး သတင်းစာဆောင်းပါးတစ်စောင် ပြုစုနေပါတယ်။ အဲဒါ ခင်ဗျားဘဝမှာ တော်တော်ကလေး အပြောင်းအလဲ ဖြစ်ခဲ့ပါသလား"

ထိုအမျိုးသမီးက ပခုံးတွန့်ပြလိုက်သည်။

"ဂေါ်ဘာချော့ဗ် မတိုင်မီကတော့ ကျွန်မတို့က ပါးစပ်ကို မဟ အခုဆိုရင်တော့ ကျွန်မတို့ပါးစပ်ကို ဟရဲကြပါပြီ၊ ဒါပေမယ့် ပါးစပ်ထဲကို ဘာစားစရာမှ မရှိဘူး"

ရောဘတ်က အခြား နည်းဗျူဟာတစ်ခုသို့ ပြောင်းလဲလိုက်သည်။

"ဒါပေမယ့်ဗျာ၊ ပိုကောင်းမွန်တဲ့ အပြောင်းအလဲကလေးတွေတော့ မဟုတ်လား၊ ဥပမာဗျာ အခုဆိုရင် ခင်ဗျားတို့က ရပ်ဝေးကို ခရီးထွက်နိုင်

"ရှင်က ရယ်စရာ မောစရာတွေ လာပြောနေတာ ဖြစ်ရမယ်၊ ခင်ပွန် ကလေးခြောက်ယောက် ရှိတဲ့မိခင်က ဘယ်လိုလုပ်ပြီး ခရီးထွက်နိုင်မှာ

ရောဘတ်က ဆက်ကြိုးစားလိုက်ပြန်၏။

"ဒါနဲ့တောင် ခင်ဗျားက ဆွစ်ဇာလန်နိုင်ငံကို သွားပြီးတော့ . . ."

"ရှင့်ကို ကျွန်မ အခုလေးတင် ပြောခဲ့ပြီးပြီပဲ"

စားပွဲပေါ်မှ စာအုပ်များကို စုဆောင်းကောက်ယူနေသော အနက် ဆံပင်နှင့် အမျိုးသမီးတစ်ယောက်ကို သူက မေးငေါ့ပြလိုက်သည်။

"သူက ဆွစ်ဇာလန်ကို ခရီးသွားခဲ့တဲ့ ကံကောင်းသူ တစ်ယောက်ပဲ"

ရောဘတ်က ကမန်းကတန်း လှမ်းကြည့်လိုက်၏။

"သူ့နာမည်က ဘယ်သူပါလိမ့်"

"အော်လ်ဂါ၊ ကျွန်မနာမည်နဲ့ အတူတူပဲ"

ရောဘတ် သက်ပြင်းချလိုက်သည်။

"ကျေးဇူးပါပဲဗျာ"

နောက်တစ်မိနစ်ကြာသောအခါ ရောဘတ်သည် ဒုတိယအော်လ်ဂါ စကားပြောဆိုနေလေပြီ။ ရောဘတ်က -

"ကျုပ်ကို ခွင့်ပြုပါဗျာ၊ ကျုပ်က စီးပွားရေးပြန်လည်တည်ဆောက်မှု ရုရှားလူမျိုးတွေရဲ့ ဘဝအပေါ် ဘယ်နည်းဘယ်ပုံ အကျိုးသက်ရောက်မှု တယ် ဆိုတဲ့အကြောင်း သတင်းစာ ဆောင်းပါးတစ်စောင် ပြုစုနေပါတယ်





အော်လ်ဂါက သူ့ကို စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်သည်။

"ဆိုစမ်းပါဦး"

"ခင်ဗျားနာမည်က ဘယ်သူပါလိမ့်"

"အော်လ်ဂါ ရိုမန်ချန်ကို"

"စီးပွားရေး ပြန်လည်တည်ဆောက်မှုက ခင်ဗျားအတွက် ထူးခြားမှု ရှိမရှိ ဆိုတာ ကျွန်တော့်ကို ပြောပြပါ အော်လ်ဂါ"

လွန်ခဲ့သော ခြောက်နှစ်ကမူ အော်လ်ဂါ ရိုမန်ချန်ကိုသည် နိုင်ငံခြားသား တစ်ယောက်နှင့် စကားပြောရမည် မဟုတ်ပါ။ ယခုမူ ပြောခွင့်ပြုထားသည်။

အော်လ်ဂါက သတိထား၍ ဖြေလိုက်၏။

"သိပ်မထူးခြားပါဘူးရှင်၊ အစစအရာရာ အတူတူလိုပါပဲ"

ရောဘတ်က ဖွတ်ထပ်မေးသည်။

"ခင်ဗျားဘဝမှာ ဘာတစ်ခုမှ မပြောင်းလဲခဲ့ဘူးလား"

သူက ခေါင်းခါလိုက်သည်။

"ဟင့်အင်း"

ထို့နောက် သူက မှိုးချစ်စိတ်မာတ်အပြည့်အဝနှင့် ဖြည့်စွက်လိုက်သည်။

"အခုဆို ကျွန်မတို့ နိုင်ငံအပြင်ဘက်ကို ခရီးထွက်လို့တော့ ရကြပြီပေါ့ရှင်"

ရောဘတ်က စိတ်ဝင်စားသွားပုံရသည်။

"ဒီတော့ ခင်ဗျားရော နိုင်ငံပြင်ပကို ခရီးသွားခဲ့သေးသလား"

"အို - သွားခဲ့တာပေါ့ရှင်"

သူက ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်သည်။

"ကျွန်မ ဆွစ်ဇာလန်က ခုလေးတင် ပြန်လာခဲ့တာ၊ သိပ်လှတဲ့နိုင်ငံပဲရှင်"

"ကျုပ်လည်း သဘောတူပါတယ်၊ အဲဒီခရီးစဉ်မှာ ခင်ဗျားက တစ်ယောက် ယောက်နဲ့ ကြုံခဲ့ဆုံခဲ့ရသေးသလား"

"ကျွန်မ လူတွေ အများကြီးနဲ့ တွေ့ခဲ့ရတယ်၊ ကျွန်မက ဘတ်စ်ကားတစ်စီး စီးပြီး အလွန်မြင့်တဲ့ အဲလ်ပ်တောင်တန်းကြီးပေါ် တက်ခဲ့တယ်"

ဖြူန်းခနဲ ဆိုသလို ထို ကိုလူစီမ်းက အာကာသယာဉ်အကြောင်း မေးမြန်း လာနိုင်သဖြင့် အော်လ်ဂါက ထိုကိစ္စကို သူ မပြောသင့်ကြောင်း သဘောပေါက် သွားသည်။ အော်လ်ဂါသည် အာကာသယာဉ်အကြောင်း ပြောလိုစိတ် မရှိပါ။ ထိုကိစ္စက သူ့ကို ဒုက္ခပေးနိုင်စရာ ရှိသည်။

"တကယ်လား၊ အဲဒီ ဘတ်စ်ကားပေါ်က လူတွေအကြောင်း ကျုပ်ကို ပြောပြစမ်းပါဗျာ"

စိတ်သက်သာရာ ရမှုကြောင့် အော်လ်ဂါက ဖြေလိုက်သည်။

"သိပ်ကို ခင်ခင်မင်မင် ရှိကြပါတယ်ရှင့်၊ သူတို့က တကယ်ချမ်းသာတဲ့ လူတွေလို ဝတ်စားထားကြတယ်၊ သိပ်ကိုချမ်းသာကြတယ်၊ ကျွန်မလေ ရှင်တို့ရဲ့ မြို့တော် ဝါရှင်တန်ဒီစီက လူတစ်ယောက်နဲ့တောင် တွေ့ခဲ့သေးတယ်"

"ခင်ဗျား တွေ့ခဲ့တယ်၊ ဟုတ်လား"

"ဟုတ်တယ်ရှင့်၊ သိပ်ရည်မွန်တာပဲ၊ သူက ကျွန်မကို လိပ်စာကတ်ပြား ကလေးတောင် ပေးခဲ့တယ်"

ရောဘတ်၏နှလုံး ဆတ်ခနဲ ခုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားဆီမှာ အဲဒီ ကတ်ပြားကလေး ရှိသေးသလား"

"ဟင့်အင်း။ ကျွန်မ လွှင့်ပစ်လိုက်ပြီ"

ဇော်လ်ဂါက နံဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။

"အဲဒီလို ပစ္စည်းတွေကို သိမ်းမထားတာဘဲ ကောင်းတယ်ရှင့်"

ဆိုးမှုပဲ။

ထို့နောက် ဇော်လ်ဂါက ဖြည့်စွက်လိုက်သည်။

"ကျွန်မ သူ့နာမည်ကိုတော့ မှတ်မိပါတယ်၊ ရှင်တို့ရဲ့ အမေရိကန် ဇော်တိန်လိုပဲ၊ ပတ်ကားတဲ့၊ ကီဗင်ပတ်ကားတဲ့။ သူက နိုင်ငံရေးမှာ သိပ်အရေးပါတယ်၊ သူက ဘယ်လို မဲပေးရမလဲဆိုတာ ဆိုနိုင်တာတွေကို ညွှန်ကြားတယ်လေ"

ရောဘတ် တွန့်ခနဲ ဖြစ်သွားသည်။

"သူက ခင်ဗျားကို အဲဒီလိုပဲ ပြောသလား"

"ဟုတ်တယ်ရှင့်၊ သူက ဆိုနိုင်တာတွေကို အပျော်ခရီးထွက်ဖို့ ခေါ်သွားတယ်၊ လက်ဆောင်တွေ ပေးတယ်၊ ပြီးတော့ သူ့ရဲ့အမှုသည်တွေရဲ့ အလိုဆန္ဒနဲ့ ကိုက်ညီအောင် ဘယ်လို မဲထည့်ရမယ် ဆိုတာကို ပြောပြတယ်လေ။ အဲဒါက အမေရိကန်မှာ ဒီမိုကရေစီရဲ့ လုပ်ပုံလုပ်နည်းပဲ"

လွှတ်တော်ထဲတွင် မဲဆွယ်သူတစ်ဦးပင်တည်း။

ရောဘတ်က ဇော်လ်ဂါ၏ ပြောစကားများကို နောက်ထပ်၍ ဆယ့်ငါးမိနစ်ကြာအောင် နားထောင်ခဲ့ရသည်။ သို့ရာတွင် အခြား ခရီးသည်များနှင့် ပတ်သက်သည့် အသုံးဝင်သော အချက်အလက်များကို ထပ်မသိရတော့ပါ။

ရောဘတ်သည် သူ့ဟိုတယ်အခန်းမှနေ၍ ဗိုလ်ချုပ်ကြီး ဟီးလီးယန်ထံ တယ်လီဖုန်း ဆက်လိုက်သည်။

"ကျွန်တော် ရုရှားက သက်သေတစ်ယောက်ကို ရှာတွေ့ပါပြီ။ သူ့နာမည် ဇော်လ်ဂါရိုမန်ချန်ကို၊ သူက ကိဗ့်မြို့က ပင်မစာကြည့်တိုက်မှာ အလုပ်လုပ်ပါတယ်"

"ငါက ရုရှား အရာရှိတစ်ယောက်ကို သူနဲ့ ပြောခိုင်းလိုက်မယ်"

ချက်ရှင်အကြောင်းကြားချက်

အထူး ထိပ်တန်းလျှို့ဝှက်

အင်အက်စ်အေထံမှ ကိုအာယူ ဒုတိယညွှန်ကြားရေးမှူးထံ

ရင်းကိုယ်တိုင် ဖတ်ရှုရန်အတွက်သာ

**မိတ္တူ ထစ်စောင်တည်းသာ**

အကြောင်းအရာ ။ ။ **ကမ္ဘာ့ဖျက်စီမံချက်**

ရှစ် - ဇော်လ်ဂါရို မန်ချန်ကို၊ ကိဗ်။

အကြောင်းကြားချက် ပြီးဆုံးပြီ။

ထိုနေ့ မွန်းလွဲပိုင်းတွင် ရောဘတ်သည် ဒေရိုဖလုတ် တူပိုလက် တီယူ ၁၅၄ ဂျက်လေယာဉ်ပျံကြီးနှင့် ပဲရစ်သို့ ခရီးဆက်လက် ထွက်ခွာသွားလေပြီ။





နောက်ထပ် သုံးနာရီနှင့် (၂၅) မိနစ်အကြာ ပဲရစ်သို့ အရောက်တွင် အဲယားဖရန့် လေယာဉ်ပျံနှင့် ကူးပြောင်းစီးနင်း၍ ဝါရှင်တန်ဒီစီသို့ သွားလေတော့သည်။

နောက် နှစ်နာရီတွင် ဇော်လ်ဂါရိုမန်ချန်ကိုသည် သူနေထိုင်ရာ တားထရစ် တိုက်ခန်း အဆောက်အအုံရှေ့သို့ ကျွဲခနဲ ထိုးရပ်လိုက်သော မော်တော်ကားသံများကို ကြားလိုက်ရလေ၏။ အိမ်ခန်းမှ နံရံများသည် ပါးလွှာသောကြောင့် အပြင်ဘက် လမ်းပေါ်မှ အသံများကိုပင် သူ ကြားနေရ ဇော်လ်ဂါသည် အိပ်ရာထဲမှ ထပြီး ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့ လိုက်သည်။

အရပ်ဝတ်အရပ်စားနှင့် ပုဂ္ဂိုလ်နှစ်ယောက်သည် အစိုးရအရာရှိများသာ စီးသော အနက်ရောင် ချိုက်ကာ မော်တော်ကားတစ်စီးပေါ်မှ ဆင်းနေကြ သူတို့သည် ဇော်လ်ဂါနေထိုင်သည့် တိုက်ခန်းအဝင်အဝဆီသို့ ချဉ်းကပ်၍ နေကြသည်။ သူတို့ကို မြင်ရုံမျှနှင့် ဇော်လ်ဂါ ကျောချမ်းသွားလေသည်။ နှစ်ပေါင်းများစွာ အတောအတွင်း ဇော်လ်ဂါ၏ အိမ်နီးချင်း အချို့သည် ပျောက်ကွယ်သွားကြပြီး ပြန်မတွေ့ကြရတော့ပါ။ အချို့သော ပုဂ္ဂိုလ်များသည် ဆိုက်ဘေးရီးယားရှိ အကျဉ်းစခန်းသို့ အပို့ခံခဲ့ကြရသည်။

ဤတစ်ကြိမ်တွင် လျှို့ဝှက်ပုလိပ်အဖွဲ့ဝင်များသည် မည်သူ့ထံသို့ လာရောက် ဖြစ်လေသနည်းဟု သူ တွေးနေချိန်မှာပင် သူ့အခန်းတံခါးကို လာခေါက်သံ ရသောကြောင့် သူ အထိတ်တလန့် ဖြစ်သွားသည်။

'သူတို့က ငါ့ကို ဘာကိစ္စနဲ့ အလိုရှိကြပါလိမ့်' ဟု သူ တွေးလိုက်မိသည်။ ခု မှားယွင်းတာပဲ ဖြစ်ရပေမည်။

ဇော်လ်ဂါက တံခါးကို ဖွင့်လိုက်သည့်အခါ လူနှစ်ယောက် တံခါးပေါက်ဝ တတ်တတ်ရပ်နေသည်။

"ရဲဘော် ဇော်လ်ဂါ ရိုမန်ချန်ကိုလား"

"ဟုတ်ပါတယ်ရှင်"

"ကေဂျီဘီကပါ"

ဇော်လ်ဂါ ကြောက်လန့်နေသော ကေဂျီဘီယူပင် ဖြစ်နေသည်။ သူတို့က ဇော်လ်ဂါကို တွန်းထိုးပြီး အခန်းထဲသို့ ဝင်လာကြသည်။

"ရှင် ရှင်တို့က ဘာလိုချင်ကြလို့လဲ"

"ကျုပ်တို့ကပဲ မေးခွန်းထုတ်မယ်၊ ကျုပ်က ဆာဂျင် ယူရီကချွန်ကော့ဗ်၊ သူက ဆာဂျင် ဗလာဒီမာဇင်စကီ"

ဇော်လ်ဂါ၏ စိတ်ထဲတွင် အထိတ်တလန့် ဖြစ်သွားသည်။

"ဘာမှား မှားယွင်းနေလို့ပါလဲရှင်၊ ကျွန်မက ဘာလုပ်မိလို့လဲ"

ဆာဂျင်ဇင်စကီက သူ့စကားကို အတင်းနင်းလိုက်တော့သည်။

"ဩော် - ခင်းက မင်း လုပ်တာကိုင်တာ မှားယွင်းကြောင်း သိနေပြီကိုး"

"ဟင့်အင်း၊ မဟုတ် - မဟုတ်ရပါဘူးရှင်"

ဇော်လ်ဂါ အထစ်ထစ်အငေါ့ငေါ့ ဖြစ်သွားရလေတော့သည်။

"ရှင်တို့ ဒီကို ဘာကိစ္စနဲ့ လာတာလဲဆိုတာ ကျွန်မ မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ထိုင်စမ်းပါ"

ဂရွန်ကော့ဇ်က ငေါက်လိုက်၏။ အော်လ်ဂါထိုင်လိုက်သည်။

"မင်း မကြာခင်က ဆွစ်ဇာလန်က ပြန်လာတယ် မဟုတ်ဘူးလား"

"ဟုတ် ဟုတ်ပါတယ်"

သူ အထစ်ထစ်အငေါ့ငေါ့ ဖြစ်ရပြန်သည်။

"ဒါပေမယ့် အဲဒီကိုသွားဖို့ ကျွန်မ ခွင့်ပြုချက်ရခဲ့ . . ."

"သူလျှိုလုပ်တယ်ဆိုတာ တရားဝင် မဟုတ်ဘူး အော်လ်ဂါရှိမန်ချ

"သူလျှိုလုပ်တယ်၊ ဟုတ်လား"

အော်လ်ဂါ အထိတ်တလန့် ဖြစ်လာသည်။

"ရှင် ဘာတွေ ပြောနေသလဲဆိုတာ ကျွန်မ မသိပါဘူးရှင်"

ပို၍ ထွားကျိုင်းသောပုဂ္ဂိုလ်က အော်လ်ဂါ၏ခန္ဓာကိုယ်ကို စိုက်ကြ
သည်။ ဤတွင် အော်လ်ဂါက သူသည် ပါးလွှာသော ညဝတ်အင်္ကျီ တစ်
တည်းကိုသာ ဝတ်ဆင်ထားမိကြောင်း ဖြုန်းခနဲ သတိရမိတော့သည်။

"လာ သွားကြမယ်၊ မင်း ငါတို့နဲ့ လိုက်ခဲ့ရမယ်"

"ဒါပေမယ့် တစ်ခုခု အကြီးအကျယ် မှားယွင်းနေပါတယ်ရှင်၊ ကျွ
စာကြည့်တိုက်ဝန်ထမ်း တစ်ယောက်ပါ၊ ဒီတိုက်မှာ နေကြတဲ့ ဘယ်သူ့ကို
မေးကြည့်နိုင်ပါတယ်ရှင်"

ထိုသူက အော်လ်ဂါကို အတင်းဆွဲထူသည်။

"လာခဲ့"

"ရှင်တို့က ကျွန်မကို ဘယ်ခေါ်သွားမှာလဲ"

"ရုံးချုပ်ကို၊ သူတို့က မင်းကို စစ်ဆေးမေးမြန်းချင်ကြတယ်"

သူတို့က အော်လ်ဂါအား ညဝတ် ဝတ်စုံအပေါ်မှ ကုတ်အင်္ကျီတစ်ထ
ထပ်၍ ဝတ်ဆင်ခွင့်ပြုသည်။ သူ့ကို လှေကားပေါ်မှ အတင်း တွန်းချလာ
ချိက်ကာမော်တော်ကားထဲသို့ အတင်း ဝင်ခိုင်းလိုက်သည်။ ယခင်က ယ
ကားမျိုးထဲတွင် စီးနင်းလိုက်ပါသွားကြပြီး ပြန်မပေါ်လာကြသူများအကြော
အော်လ်ဂါ တွေးမိပြီး ကြောက်စိတ်ကြောင့် ထုံကျဉ်နေလေတော့သည်။

ပို၍ ထွားကျိုင်းသော ဂရွန်ကော့ဇ်က မော်တော်ကားကို မောင်း
အော်လ်ဂါသည် နောက်ဘက်ထိုင်ခုံတွင် ဇင်စကီနှင့် အတူတူ ထိုင်ရ
အော်လ်ဂါအဖို့ ထိုပုဂ္ဂိုလ်သည် သိပ်ကြောက်စရာ မကောင်းပါ။ သို့ရာ
သူတို့သည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် အော်လ်ဂါ အနေနှင့် မည်သို့
ဖြစ်ပျက်မည်ကို သိနေကြောင်း ကြောက်စိတ်ဖြင့် ကျောက်ရုပ်လို ဖြစ်နေ

အော်လ်ဂါက စိတ်ပါလက်ပါ ပြောလိုက်သည်။

"ကျွန်မကို ယုံကြည်ကြပါရှင်၊ ကျွန်မဟာ ဘယ်တော့မှ သစ္စာဖောက်
မဟုတ် . . ."

"ပါးစပ်ပိတ်ထားစမ်း"

ဂရွန်ကော့ဇ်က ဟောက်လိုက်ပြန်၏။

ဗလာဒီမာ ဇင်စကီက ပြောလိုက်သည်။

"နေပါဦးလေ၊ သူ့ကို အကြမ်းဖက်ဖို့ မလိုပါဘူးဗျာ၊ တကယ်တမ်း ပြော
ကျုပ်ကတော့ သူ့ကို ယုံကြည်တယ်"





www.burmeseclassic.com

အော်လ်ဂါသည် မျှော်လင့်ချက် ရောင်ခြည်သန်းလာမှုကြောင့် ဆတ်ခနဲ
ရင်ခုန်သွားသည်။

ရဲဘော် ဗလာဒီမာ ဇင်စကီက ဆက်ပြောလိုက်ပြန်၏။

"အရင်ကနဲ့ မတူတော့ဘူးဗျ၊ ကျုပ်တို့က အပြစ်ကင်းစင်တဲ့ လူတွေကို
လိုက်ဒုက္ခပေးနေတာ ရဲဘော် ဂေါ်ဘာချော့ဗ်က မလိုလားဘူးဗျ၊ ဟိုတုန်းကလို
မဟုတ်တော့ဘူးဗျာ"

ဂရွန်ကော့ဇ်က ပြောလိုက်၏။

"သူမှာ အပြစ်ကင်းတယ်လို့ ဘယ်သူက ပြောသလဲ၊ သူမှာ အပြစ်ကင်းချင်
လည်း ကင်းမယ်၊ အပြစ်ရှိချင်လည်း ရှိမယ်၊ အဲဒီကိစ္စကို မကြာခင် ရုံးချုပ်ကျရင်
သိရတော့မှာပါ"

အော်လ်ဂါ တစ်ယောက် ရှိမနေသည့်အလား သူ့အကြောင်းကို ဆွေးနွေး
နေချက်များအား အော်လ်ဂါက ထိုင်ရင်း နားထောင်နေမိသည်။

ဇင်စကီက ပြောလိုက်၏။

"တော်စမ်းပါ ယူရီရာ၊ ရုံးချုပ်ကျရင် သူ့အပြစ်ရှိသည် ဖြစ်စေ၊ မရှိသည်
ဖြစ်စေ ဖြောင့်ချက်ပေးရမှာပဲဆိုတာ ခင်ဗျား သိပါတယ်၊ ကျုပ်ကတော့ ဒီကိစ္စကို
မကြိုက်ဘူးဗျာ"

"အဲဒါက သိပ်ဆိုးတာပေါ့ကွာ၊ တို့အနေနဲ့ ဘာမှ မလုပ်နိုင်ဘူးကွ"

"လုပ်နိုင်တာ ရှိပါတယ်လေ"

"ဘာများပါလိမ့်"

အော်လ်ဂါအနီးတွင် ထိုင်နေသူသည် ခေတ္တမျှ ငြိမ်သွားသည်။

"ဒီလိုလေ၊ ကျုပ်တို့က သူ့ကို လွှတ်ပစ်လိုက်ပါလားဗျာ၊ သူ အိမ်မှာ မရှိ
ဘူးလို့ ကျုပ်တို့က ပြောနိုင်တာပေါ့ဗျာ၊ သူတို့ အနေနဲ့ မေးရမြန်းရမယ့်လူတွေ
သိပ်များနေတယ်ဆိုတော့ ကျုပ်တို့က တစ်ရက်နှစ်ရက်လောက် ရက်ရွှေ့လိုက်ရင်
သူတို့က အော်လ်ဂါနဲ့ ပတ်သက်ပြီး မေ့သွားကြမှာပါ"

အော်လ်ဂါက တစ်ခုခု ဝင်ပြောရန် ကြိုးစားသည်။ သို့ရာတွင် အော်လ်ဂါ
၏လည်ချောင်းမှာ အရမ်းခြောက်နေသည်။ အော်လ်ဂါက သူ့နံဘေးမှ ပုဂ္ဂိုလ်ကို
ထိုစကားအခြေအတင်ပွဲ၌ အလွန်အမင်း အနိုင်ရစေလိုသည်။

ဂရွန်ကော့ဇ်က ညည်းညူလိုက်၏။

"သူ့အတွက် ငါတို့က ဘာဖြစ်လို့ ငါတို့ အလုပ်တွေကို စွန့်စွန့်စားစားနဲ့
လောင်းကြေးထပ်ရမှာလဲကွ၊ ဒီကိစ္စအတွက် ငါတို့က ဘာတွေ ရလို့လဲ၊ သူက
ငါတို့အတွက် ဘာလုပ်ပေးမှာမို့လို့လဲ"

ဇင်စကီက မေးခွန်းထုတ်လိုဟန်နှင့် သူ့ဘက်သို့ လှည့်ကြည့်သည်။

အော်လ်ဂါ အသံထွက်လာသည်။

"ကျွန်မမှာ ပိုက်ဆံ မရှိပါဘူးရှင်"

"ဘယ်သူက မင်းပိုက်ဆံကို လိုချင်လို့လဲ၊ ငါတို့မှာ ပိုက်ဆံတွေ အများကြီး
ရှိတယ်"

ဂရွန်ကော့ဇ်က ပြောလိုက်၏။

"သူမှာ တခြားပစ္စည်းတော့ ရှိပါတယ်ကွာ"

အော်လ်ဂါက ပြန်မဖြေနိုင်မီ ဇင်စကီက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ခဏနေပါဦး ယူရီအိုင်ဗန်နိုဗစ်ချ၊ သူက အဲဒီလို လုပ်လိမ့်မယ်လို့ ခင်ဗျား မျှော်လင့်မထားသင့်ဘူး"

"ဒါကတော့ သူ့သဘောပဲ၊ သူက ငါတို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံချင် ဆက်ဆံ ဒါမှမဟုတ် ဌာနချုပ်ကိုသွားပြီး တစ်ပတ်နှစ်ပတ်လောက် အချုပ် ချင် ခံပေါ့"

သူတို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံတဲ့၊ အဲဒါက ဘယ်လို ဆိုလိုတာလဲ

"အဲဒါကတော့ သူ့သဘောပဲ"

ဇင်စကီက သူ့ဘက်သို့ လှည့်လိုက်သည်။

"မင်းက ဘယ်လို လုပ်ချင်သလဲ"

"ကျွန် . . . ကျွန်မတော့ နားမလည်ဘူး"

"ကျုပ်ရဲ့ ပါတနာ ပြောနေတာကတော့ တကယ်လို့ မင်းက ကျုပ်တို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံမယ်ဆိုရင် ကျုပ်တို့က ဒီကိစ္စကို အသာက မေ့ထားပေးနိုင်တယ်၊ ခဏကြာသွားရင် သူတို့က မင်းကိစ္စကို မေ့သွားနိုင်တယ်"

"ကျွန် . . . ကျွန်မက ဘာလုပ်ရမှာလဲ"

ဂရွန်ကော့ဗ်က အော်လ်ဂါကို နောက်ကြည့်မှန်ထဲမှနေ၍ ပြုံးပြလိုက်သည်။

"မင်းက ငါတို့ကို မင်းရဲ့အချိန် နည်းနည်းလောက် ပေးဖို့ပါပဲကွာ"

အော်လ်ဂါသည် သူတို့၏ဆိုလိုရင်းကို ဖြန်းခနဲ နားလည်သဘောပေါ သွားတော့သည်။ အော်လ်ဂါက ခေါင်းခါလိုက်သည်။

"ဟင့်အင်း၊ ကျွန်မ အဲဒါကိုတော့ မလုပ်နိုင်ဘူး"

"ကောင်းပြီလေ"

ဂရွန်ကော့ဗ်က မော်တော်ကားကို ပို၍ မြန်မြန် မောင်းလိုက်သည်။

"ရုံးချုပ်ကျရင် သူတို့က မင်းကို ပွဲတော်ကြီးတည်သလို သဘောတွေ့သွား ကြမှာပေါ့ကွာ"

"နေပါဦးရှင်"

အော်လ်ဂါသည် ဘာလုပ်ရမည်မှန်း မသိဘဲ သွေးပျက်နေသည်။

ရှေ့ ယခင်ကမူ အော်လ်ဂါ၏ သူငယ်ချင်းများသည် ကျီအာယူ (လျှို့ဝှက် ပုလိပ်) အဖွဲ့ဝင်များ၏ မုဒိမ်းကျင့်ခြင်းကို ခံကြရပြီး အသတ်ခံခဲ့ကြရသည်။

အော်လ်ဂါသည် အကျဉ်းအကျပ်ထဲ၌ ပိတ်မိနေသည်။ အကယ်၍ အော်လ်ဂါ သည် ထောင်ထဲသို့ ရောက်ရှိသွားပါက သူတို့က အော်လ်ဂါကို ရက်သတ္တပေါင်း များစွာ ထားရှိပြီး ရိုက်နှက်နေနိုင်သည်။ မုဒိမ်းကျင့်နိုင်ကြသည်။ ပို၍ပင် အခြေ အနေဆိုးဖွယ်ရာရှိသည်။ ဤလူနှစ်ယောက်နှင့် ဆိုပါက တစ်ခဏအတွင်းမှာပင် ပြီးစီးသွားနိုင်သည်။ ထို့နောက် သူတို့က အော်လ်ဂါကို ပြန်လွှတ်ပေးပါလိမ့်မည်။ အော်လ်ဂါက ဆုံးဖြတ်ချက် ချလိုက်သည်။

သူက စိတ်မချမ်းသာစွာနှင့် ပြောလိုက်သည်။

"ကောင်းပြီလေ၊ ရှင်တို့က ကျွန်မအိမ်ခန်းကို ပြန်သွားချင်ကြသလား"

ဂရွန်ကော့ဗ်က ပြောလိုက်သည်။

"ကျုပ်က ပိုကောင်းတဲ့နေရာကို သိပါတယ်"

သူက ကားကို ပြန်လှည့်လိုက်လေသည်။

ဇင်စကီက တိုးတိုးကလေး ပြောလိုက်သည်။





"ဒီကိစ္စအတွက် ကျုပ် ဝမ်းနည်းပါတယ်၊ ဒါပေမယ့် သူက ခေါင်းဆောင် ပြုနေတယ်၊ ကျုပ်က သူ့ကို မတားမြစ်နိုင်ဘူး"

အော်လ်ဂါက ဘာမှ မပြောပါ။

သူတို့က ရှက်ဗ်ချင်ကို အော်ပရာဇာတ်ရုံကို ကျော်ဖြတ်မောင်းနှင်သွားပြီးနောက် ပတ်ပတ်လည်တွင် သစ်ပင်များ ဝိုင်းရံနေသော ပန်းခြံကြီးတစ်ခုဆီသို့ ဦးတည်ပြီး မောင်းနှင်သွားသည်။ ဤအချိန်တွင် ထိုနေရာ တစ်ဝိုက်၌ မည်သူမျှ မရှိနေကြပါ။

ဂရွန်ကော့ဗ်သည် သစ်ပင်များ အောက်ဘက်ဆီသို့ မောင်းနှင်သွားပြီး အားမီးများကိုသာမက ကားအင်ဂျင်စက်ကိုပါ ပိတ်ပစ်လိုက်သည်။

သူက ပြောလိုက်၏။

"ကဲ အပြင်ထွက်ကြရအောင်"

သူတို့သုံးယောက် ကားထဲက ထွက်ခဲ့ကြသည်၊ ဂရွန်ကော့ဗ်က အော်လ်ဂါကို ပြောလိုက်၏။

"မင်း ကံကောင်းတယ်၊ ကျုပ်တို့က မင်းကို လွယ်လွယ်ကူကူနဲ့ လွှတ်ပေးလိုက်မှာပါ၊ မင်းက အဲဒါကို တန်ဖိုးထားလိမ့်မယ်လို့ ကျုပ် ယူဆပါတယ်"

အော်လ်ဂါက စကား မပြောရဲအောင် ကြောက်လန့်နေသောကြောင့် ခေါင်းညိတ်လိုက်သည်။

ဂရွန်ကော့ဗ်က အနည်းငယ် ရှင်းလင်းနေသောနေရာဆီသို့ ဦးဆောင်၍ ခေါ်သွားသည်။

"အင်္ကျီချွတ်စမ်း"

အော်လ်ဂါက အဝတ်အစားများကို မြေပေါ်သို့ ပစ်ချလိုက်သည်။ ဂရွန်ကော့ဗ်က အော်လ်ဂါကို မြေကြီးပေါ်သို့ တွန်းချလိုက်လေ၏။

ထို့နောက် ဂရွန်ကော့ဗ်က အော်လ်ဂါ၏လည်ပင်းကို ချိုးပစ်လိုက်လေတော့သည်။

နောက်တစ်နေ့တွင် ထိုဒေသ၌ ထုတ်ဝေသော သတင်းစာတစ်စောင်၌ ပန်းခြံထဲတွင် မုဒိမ်းကျင့်ခံရပြီး လည်ပင်းကိုညှစ်၍ အသတ်ခံရသော စာကြည့်တိုက် ဝန်ထမ်းတစ်ယောက်အကြောင်း သတင်းပါရှိလာသည်။

အမျိုးသမီးငယ် အနေဖြင့် ညအခါတွင် တစ်ယောက်တည်း ပန်းခြံထဲသို့ သွားမှုသည် အလွန်အန္တရာယ်ကြီးမားကြောင်း အာဏာပိုင်များက လေးလေးနက်နက် သတိပေးသည့် ကြေညာချက်ကို ထုတ်ပြန်လိုက်သည်။

ချက်ချင်းအကြောင်းကြားချက်
အထူးထိပ်တန်းလျှို့ဝှက်
ကျီအာယူ ဒုတိယညွှန်မှူးထံမှ အင်အက်စ်အေ ညွှန်မှူးထံ
ရင်းကိုယ်တိုင် ဖတ်ရှုရန် အတွက်သာ
မိတ္တူတစ်ရွက်တည်းသာ

အကြောင်းအရာ ။ ။ ကမ္ဘာဖျက်စီးမဲ့ချက်
ရှစ် - အော်လ်ဂါ ရိုမန်ချက်ကို၊ ကိစ္စ။
ရှင်းလင်းပြီးပါပြီ။
အကြောင်းကြားချက်ပြီးဆုံးပါပြီ။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံးဆယ့်နှစ်

ဝီးလီးယဒ် စတုန်းနှင့် မွန်တီဘင့်ခ်တို့သည် သဘာဝ ရန်သူများပင် ဖြစ်ကြသည်။ သူတို့ နှစ်ယောက်စလုံးသည် ရက်ရက်စက်စက် အသားစား သတ္တဝါများ ဖြစ်ကြသည်။ သူတို့နှစ်ဦး ကျက်စားမင်းမူသည့် တောကြီးမှာ ကျောက်တုံးကျောက်ခဲ ချောက်ကမ်းပါးကြီးများ ရှိနေသော ဝေါလ်စထရိ (စီးပွားရေးလောက) ပင် ဖြစ်သည်။ သူတို့က စီးပွားရေးအဖွဲ့အစည်းများကို ဝါးမျိုခြင်း၊ အကွက်ဆင်၍ ဝယ်ယူခြင်း၊ ရှယ်ယာများကို ဝယ်ယူခြင်း လုပ်ငန်းများနှင့် လွှမ်းမိုးမင်းမူနေကြသည်။

သူတို့နှစ်ဦး ပထမဦးဆုံးအကြိမ် ထိပ်တိုက်တိုးကြသောကိစ္စမှာ လူသုံးအိမ်သုံး ပစ္စည်းများကို ထုတ်လုပ်နေသော အလွန်ကြီးမားသည့် ကုမ္ပဏီကြီးတစ်ခုအား ဝါးမျိုကြရန် ကြိုးပမ်းမှုပင် ဖြစ်သည်။ ဝီးလီးယဒ်စတုန်းက ပထမဦးဆုံး ဈေးခေါ်လိုက်လေသည်။ သူ့အနေနှင့် မည်သည့်ပြဿနာကိုမျှ မျှော်လင့်မထားပါ။ သူသည် အလွန်အင်အားကြီးသူ ဖြစ်သည်။ သူ၏ဂုဏ်သတင်းကလည်း အလွန် ကြောက်မက်ဖွယ် ကောင်းသည်ဖြစ်ရာ သူ့ကို လူအနည်းငယ်ကသာ စိန်ခေါ်ခဲ့ကြသည်။ စီးပွားရေးလောကတွင် ယခုမှ အရှိန်ယူခါစ ပုဂ္ဂိုလ် မွန်တီဘင့်ခ် ဆိုသူက သူ ခေါ်သည့်ဈေးအား ဈေးပြိုင်ပေးလာကြောင်း သိလိုက်ရသည့်အခါ သူ အလွန် အံ့အားသင့်ခဲ့ရသည်။ စတုန်းက သူပေးသည့်ဈေးကို မြှင့်ပေးရလေ၏။ ထို့အတူပင် ဈေးပြိုင်ပေးသူကလည်း လိုက်တိုးပေးနေသည်။ နောက်ဆုံးတွင် ဝီးလီးယဒ်စတုန်းသည် ကုမ္ပဏီကြီးကို ပိုင်ဆိုင်ခွင့် ရရှိခဲ့ပါ၏။ သို့ရာတွင် သူပေးမည်ဟု မှန်းထားသောဈေးထက် အများကြီး ပိုပေးခဲ့ရသည်။

နောက်ထပ် ခြောက်လ ကြာသောအခါ အီလက်ထရွန်းနစ်ပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီကြီး တစ်ခုအား ဝါးမျိုရန်ကိစ္စတွင် စတုန်းကို မွန်တီဘင့်ခ်က လာရောက် ပြိုင်ဆိုင်ခဲ့ပြန်၏။ ဈေးပြိုင်ပေးမှုမှာ တဖြည်းဖြည်း မြင့်တက်လာသည်။ ယခုတစ်ကြိမ်တွင်မူ မွန်တီဘင့်ခ်က နိုင်သွားလေတော့သည်။

ကွန်ပျူတာကုမ္ပဏီတစ်ခုအား ဝါးမျိုရန်ကိစ္စတွင်လည်း မွန်တီဘင့်ခ်သည် ဝီးလီးယဒ်စတုန်းနှင့် ယှဉ်ပြိုင်ရန် ရည်ရွယ်နေကြောင်း သိလိုက်ရသည့်အခါ ဝီးလီးယဒ်စတုန်းက ဤတစ်ကြိမ်တွင် သူ၏ပြိုင်ဘက်နှင့် တွေ့ဆုံရန် အချိန်ကျရောက်ပြီဟု ဆုံးဖြတ်လိုက်လေ၏။

သူတို့နှစ်ယောက်သည် ကြားခံနယ်မြေ ဖြစ်သော ဘဟားမားကျွန်းစုမှ





ပါရဒိုက်ကျွန်းတွင် တွေ့ဆုံခဲ့ကြသည်။

ဝီးလီးယဒ်စတုန်းက ၎င်း၏ ပြိုင်ဘက်ပုဂ္ဂိုလ်အကြောင်း အသေးစိတ် စုံစမ်းထောက်လှမ်းစေခဲ့ရာ မွန်တီဘင့်ခ်သည် အလွန် ချမ်းသာကြွယ်ဝသော ရေနံမိသားစုမှ ဆင်းသက်လာသူဖြစ်ပြီး သူရရှိသည့် အမွေများကို နိုင်ငံတကာရှိ စီးပွားရေး အင်ပါယာကြီးတစ်ခု ဖြစ်အောင် စနစ်တကျ ရင်းနှီးမြှုပ်နှံနိုင်သူ ဖြစ်ကြောင်း သိလာရသည်။

သူတို့နှစ်ယောက် နေ့လယ်စာစားရန် ထိုင်လိုက်ကြသည်။ ဝီးလီးယဒ်စတုန်းက အသက်ကြီးပြီး ပညာရှိသည်။ မွန်တီဘင့်ခ်က အသက်ငယ်ပြီး စိတ်အားထက်သန်မှု အပြည့်ရှိသည်။

ဝီးလီးယဒ်စတုန်းက စကားစပြောလိုက်၏။

"မင်းဟာ မြင်ပြင်းကတ်စရာကောင်းတဲ့ပုဂ္ဂိုလ် ဖြစ်လာပြီ"

မွန်တီဘင့်ခ်က ပြုံးလိုက်၏။

"အဲဒါကို ခင်ဗျားဆီက ကြားရတယ်ဆိုတော့ အလွန်ကြီးမားတဲ့ ချီးကျူးတာပါပဲဗျာ"

စတုန်းက မေးလိုက်၏။

"မင်းက ဘာလိုချင်သလဲ"

"ခင်ဗျားလိုပဲပေါ့၊ ကျုပ်က တစ်ကမ္ဘာလုံးကို ပိုင်ဆိုင်ချင်တယ်"

ဝီးလီးယဒ်စတုန်းက စဉ်းစဉ်းစားစား ပြောလိုက်သည်။

"အေးလေ၊ ကမ္ဘာကြီးဟာ လုံလုံလောက်လောက် ဖြစ်အောင် ကြီးမားပါတယ်ကွာ"

"အစီပွာယ်က ဘယ်လိုပါလိမ့်"

"ငါတို့နှစ်ယောက်စလုံးအတွက် နေရာလုံလုံလောက်လောက် ရှိနေပါတယ်ကွာ"

"အဓိပ္ပာယ်က ဘယ်လိုပါလိမ့်"

"ငါတို့နှစ်ယောက်စလုံးအတွက် နေရာ လုံလုံလောက်လောက် ရှိနေပါတယ်ကွာ"

ထိုနေ့သည် သူတို့နှစ်ဦး စတင်၍ ပါတနာ ဖြစ်ကြသောနေ့ပင်တည်း။ သူတို့ နှစ်ဦးက ကိုယ့်လုပ်ငန်းနှင့်ကိုယ် သီးခြား လုပ်ကိုင်ကြသည်။ သို့ရာတွင် ပစ်မှတ်အသစ်များ ဖြစ်ကြသော သစ်၊ ရေနံနှင့် အိမ်၊ မြေယာလုပ်ငန်းတို့တွင်မူ တစ်ယောက်နှင့်တစ်ယောက် ပြိုင်ဆိုင်ခြင်း မရှိဘဲ စပ်တူအလုပ် လုပ်ကြတော့သည်။ မကြာခဏ ဆိုသလို လက်ဝါးကြီးအုပ်သည့် ကိစ္စများကို ဆန့်ကျင်သော တရားရေးဌာနမှ ဌာနခွဲက ၎င်းတို့နှစ်ဦး၏ အပေးအယူလုပ်မှုများကို တားဆီး ပိတ်ပင်ရန် ကြိုးစားခဲ့သည်။ သို့ရာတွင် ဝီးလီးယဒ်စတုန်း၏ အဆက်အသွယ်များက အမြဲတမ်း အနိုင်ယူခဲ့သည်။ မွန်တီဘင့်ခ်သည် ရေကန်များနှင့်မြစ်ချောင်းများကို အကြီးအကျယ် ညစ်ညမ်းစေသည့် ဓာတုဗေဒစက်ရုံများကို ပိုင်ဆိုင်ထားသည်။ သို့ရာတွင် ၎င်းအား တရားစွဲဆိုသည့်အခါ ထိုစွဲဆိုမှုများသည် အံ့ဩဖွယ်ကောင်းလောက်အောင် ပျောက်ပျယ်သွားကြလေတော့သည်။

ထိုပုဂ္ဂိုလ်နှစ်ယောက်တွင် နှစ်ကိုယ့်တစ်စိတ် ရင်းနှီးမှုမျိုး ရှိနေသည်။ ကမ္ဘာဖျက်စီးမံချက်သည် သူတို့အတွက် သဘာဝကျသည့် လုပ်ငန်းတစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီး သူတို့နှစ်ဦးစလုံး အဆိုပါ လုပ်ငန်းကြီးထဲတွင် နက်နက်ရှိုင်းရှိုင်း ပတ်သက်နေကြသည်။ သူတို့ နှစ်ယောက်သည် အမေရိ တောနက်ကြီး သစ်ပင်များ အလွန် ပေါကြွယ်ဝသည့် မြေဇာကေပေါင်း ဆယ်သန်းကို ဝယ် တော့မည့်ဆဲဆဲတွင် ဖြစ်သည်။ ထိုကိစ္စသည် သူတို့ ဆောင်ရွက်ခဲ့ကြ အပေးအယူ လုပ်ငန်းများအနက် အကျိုးအမြတ် အရှိဆုံး လုပ်ငန်းတစ် ဖြစ်ပါလိမ့်မည်။

သူတို့နှစ်ဦး၏ရှေ့၌ မည်သည့် အတားအဆီးကိုမျှ ဟန့်တားပိတ် ပေးနိုင်မည် မဟုတ်ပါ။

❖ ❖ ❖

အခန်း သုံးဆယ့်သုံး

**ဆယ့်သုံးရက်မြောက်နေ့**

**ဝါရှင်တန်ဒီစီ**

အမေရိကန် ပြည်ထောင်စုမှ အထက်လွှတ်တော်သည် ဆီနိတ်တာများ စုံညီစွာ တက်ရောက်သော အစည်းအဝေးကြီးကို ကျင်းပနေဆဲ ဖြစ်သည်။ ယူတာပ်ချ်ပြည်နယ်မှ ဝါနုသေးသော ဆီနိတ်တာက မိန့်ခွန်းပြောနေသည်။

"ကျုပ်တို့ရဲ့ ဂေဟာဗေဒဖြစ်ပျက်နေပုံကတော့ တစ်နိုင်ငံလုံး အရှက်ကွဲစရာကြီး ဖြစ်နေပါတယ်။ ကျုပ်တို့ရဲ့ ဘိုးဘေးဘီဘင်တွေက ကျုပ်တို့ကို ယုံမှတ်ပြီး ပုံအပ်ခဲ့တဲ့ အဖိုးတန် အမွေအနှစ်တွေကို ကျုပ်တို့ အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ယူကြောင်း သစ္စာဆိုထားကြတယ် ဆိုတာကို ဒီမဟာမိတ် အဖွဲ့အစည်းက သဘောပေါက် နားလည်ကြဖို့ အချိန်တန်ပါပြီ။ ကျုပ်တို့ အနေနဲ့ ဝိသမလောဘသားတွေက မဟာပထဝီမြေကြီးနဲ့ ရေတွေ၊ လေတွေကို ကိုယ်ကျိုးအတွက် ဖျက်ဆီးနေတဲ့ အန္တရာယ်က ကာကွယ်ဖို့ဆိုတာ ကျုပ်တို့ သစ္စာဆိုထားတဲ့တာဝန် ဖြစ်ရုံသာမက ကျုပ်တို့ရဲ့ အထူးအခွင့်အရေးလည်း ဖြစ်ပါတယ်။ အဲဒီ အလုပ်ကို ကျုပ်တို့ လုပ်ကိုင်နေကြပါသလား၊ ကျုပ်တို့ ဩတ္တပ္ပစိတ် အပြည့်အဝနဲ့ အစွမ်းကုန် လုပ်ကိုင်နေကြတာကော ဟုတ်ရဲ့လား၊ ကျုပ်တို့က ဥစ္စာမနေ့ေနာက်ကို ကောက်ကောက်ပါအောင် လိုက်နေကြတာလား"

ဧည့်သည်တော်များအတွက် သတ်မှတ်ပေးထားသောနေရာတွင် ထိုင်နေသော ကီဗင်ပတ်ကားသည် လွန်ခဲ့သော ငါးမိနစ်အတွင်းက သူလက်ပတ်နာရီကို သုံးကြိမ်တိတိ ကြည့်ခဲ့သည်။ ထိုမိန့်ခွန်းသည် နောက်ထပ် မည်မျှ ရှည်ကြာလေမည်နည်းဟု သူ တွေးတောနေမိသည်။ ဤမျှ ဒုက္ခခံ၍ နားထောင်နေခြင်းမှာ သူသည် အဆိုပါ ဆီနိတ်တာနှင့် နေ့လယ်စာစားရန် ရှိနေပြီး ထိုဆီနိတ်တာထံမှ အခွင့်အရေးတစ်ခုကို တောင်းခံရန် ရှိနေသောကြောင့်ပင် ဖြစ်သည်။

ကီဗင်ပတ်ကားသည် လွှတ်တော်ထဲရှိ လူသွားစင်္ကြံလမ်းများပေါ်တွင် လျှောက်သွားရင်း ဆီနိတ်တာများ၊ အောက်လွှတ်တော်အမတ်များနှင့် အပေါင်းအသင်းလုပ်ရမှု၊ နိုင်ငံရေးအရ အကျိုးကျေးဇူးပြုမှုများအတွက် ၎င်းတို့အား ရက်ရက်ရောရော ပေးကမ်းစွန့်ကြနေရမှုတို့ကို အရသာတွေ့နေသူ ဖြစ်သည်။

သူသည် အော်ရီဂွန်ပြည်နယ် ယူဂျင်းမြို့မှ ဆင်းဆင်းရဲရဲ ကြီးပြင်းလာရသူ ဖြစ်သည်။ သူ့ဖခင်သည် သစ်ဆိုင်ကလေးတစ်ဆိုင်ကို ပိုင်ဆိုင်သော





www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ဖြစ်သည်။ သူသည် စီးပွားရေးတွင် လျှာဘ်မြင်သူ မဟုတ်ပါ။ ဝင်ငွေ သောက်သောက်လဲရမည့်လုပ်ငန်းကို ဖျက်စီးချင်းမက ဖျက်စီးသွားအောင် လုပ်ခဲ့သူသာ ဖြစ်သည်။ သူ့မိခင်သည် ခပ်စောစောပိုင်းက အခြား ယောကျ်ား တစ်ယောက်နှင့် လိုက်ပြေးသွားသောကြောင့် သူသည် အသက် (၁၄) နှစ်မှစ၍ အလုပ်လုပ်ခဲ့ရသည်။ သူ့အနေနှင့် သီရိဂေဟာနှင့် မကြုံခဲ့ရချေ။ သူသည် သူ့ဖခင်ကဲ့သို့ အရက်သမားဖြစ်လာပြီး ခြေသလုံးအိမ်တိုင်သမား တစ်ယောက် လွယ်ကူစွာ ဖြစ်လာနိုင်သော်လည်း သူ့ကို ကယ်ဆယ်လိုက်သည့်ကိစ္စမှာ သူ သည် အလွန်ရုပ်ရည်ချောမောသူဖြစ်ပြီး အလွန် နှစ်လိုဖွယ်ကောင်းသူတစ်ဦး ဖြစ်နေမှုပင်တည်း။

သူ့ဆံပင်မှာ လှိုင်းထနေသော ရွှေရောင်ဆံပင်များ ဖြစ်သလို သူ့ရုပ်ရည် ကလည်း မင်းစိုးရာဇာဂိုက် ဖမ်းနေသည်။ သူသည် ထိုဥပမိရုပ်ကို ဘိုးဘေးဘီဘင် တစ်ဦးဦးထံမှ အမွေရခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ထို့ပြင်မှ ဩဇာတိက္ကမရှိသူ အချို့ ထိုချာတိတ်ကလေးအပေါ်တွင် ကရုဏာသက်ကြသည်။ အလုပ်အကိုင်များ ပေး ကြသည်။ အားပေးကြသည်။ သူ့ကိုကူညီရန်အတွက် လုပ်ရိုးလုပ်စဉ်ထက် ပိုမို၍ ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့ပြင်မှ အချမ်းသာဆုံးပုဂ္ဂိုလ်မှာ ဂျက်ဇ်ဂွတ်ဒ်စပဲလ် ဖြစ်သည်။ အထူး သဖြင့် သူက ကီဗင့်ကို ကူညီရန် အထူး စိတ်အားထက်သန်သည်။ သူ့ကုမ္ပဏီ တစ်ခုတွင် အချိန်ပိုင်းအလုပ်တစ်ခုကို ပေးထားသည်။ တစ်ကိုယ်တည်းနေသော လူပျိုကြီး ဂွတ်ဒ်စပဲလ်က ကီဗင့်အား မကြာခဏဆိုသလို သူ့အိမ်သို့ ညစာစား ရန်အတွက် ဖိတ်ခေါ်လေ့ရှိသည်။

ဂွတ်ဒ်စပဲလ်က ပြောလိုက်၏။

"လူ့ဘဝမှာ မင်းလည်း အရေးပါအရာရောက်တဲ့ လူတစ်ယောက် ဖြစ် လာနိုင်တယ်၊ ဒါပေမယ့် မင်းမှာ မိတ်ဆွေသင်္ဂဟ မရှိဘဲနဲ့တော့ မဖြစ်နိုင်ဘူးကွ"

"အဲဒါကို ကျွန်တော် သိပါတယ် ခင်ဗျာ၊ ဆရာနဲ့ မိတ်ဆွေဖြစ်ရတာကိုလည်း အလွန် တန်ဖိုးထားပါတယ် ခင်ဗျာ၊ ဆရာ့အတွက် အလုပ် လုပ်ခွင့်ရတာဟာ ကျွန်တော့်အသက်ကို ကယ်ဆယ်လိုက်ခြင်းပါပဲ"

"ငါက မင်းအတွက် အများကြီး လုပ်ပေးနိုင်ပါတယ်ကွာ၊ မင်း သိတယ် မဟုတ်လား"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"မင်း အသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ခြောက်နှစ်ပါ ခင်ဗျ"

"သိပ်ကောင်းတဲ့ အသက်အရွယ်ပေါ့၊ အဲဒီ အသက်အရွယ်ဟာ အသက် မွေးဝမ်းကျောင်း အလုပ်တစ်ခုခုကို စတင် လုပ်ကိုင်ဖို့ သိပ်ကောင်းတဲ့အရွယ်ပဲ"

ဂွတ်ဒ်စပဲလ်က ကီဗင့်ကို ခေတ္တမျှ လေ့လာလိုက်သည်။

"မင်းအနေနဲ့ နိုင်ငံရေးလောကမှာ သိပ်စွံလိမ့်မယ်လို့ ငါ အတပ် ပြောရဲ တယ်"

"နိုင်ငံရေး ဟုတ်လား။ ကျွန်တော်က နိုင်ငံအရေးအကြောင်း နကန်းတစ် လုံးမှ မသိပါဘူး ခင်ဗျာ"

"အဲဒါကြောင့် လေ့လာတတ်ကျွမ်းလာအောင် ပညာသင်ဖို့ မင်း ကျောင်း





ဆက်ရလိမ့်မယ်၊ ငါက မင်းကို ကူညီမယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"လူတွေကို ကျေးဇူးပြန်ဆပ်တဲ့နည်းပေါင်း မြောက်မြားစွာ ရှိတယ်၊ နည်း လမ်းတွေမှ အများကြီး ရှိတယ်၊ မင်း ငါပြောတာကို နားလည်တယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ ဂျက်ဇ်"

ထိုမှ စတင်ခဲ့ခြင်း ဖြစ်သည်။

ကီဗင်ပတ်ကားသည် ချာချီအထက်တန်းကျောင်းမှ စာမေးပွဲအောင်မြင် သောအခါ ဂွတ်ဒ်စပဲလ်က သူ့အား ဖော်ရီဂွန်တက္ကသိုလ်သို့ ပို့ပေးသည်။ ထိုချာတိတ်က နိုင်ငံရေးသိပ္ပံဘာသာရပ်ကို လေ့လာသည်။ ဂွတ်ဒ်စပဲလ်ကလည်း သူပြုစုပျိုးထောင်ထားသူအား လူတိုင်းနှင့် သိကျွမ်းအောင် စီစဉ်ပေးခဲ့သည်။ သူတို့အားလုံးက နှစ်လိုဖွယ်ကောင်းသည့် လုလင်ငယ်သွေး ချာတိတ်ကလေးကို နှစ်သက်သဘောကျကြသည်။

အဆက်အသွယ်ကောင်းသော ကီဗင်သည် အရေးပါသည့် ပုဂ္ဂိုလ်များ အား ၎င်း၏ အဆက်အသွယ်များမှတစ်ဆင့် ကျေးဇူးပြုနိုင်စွမ်း ရှိလာသည်။ အဆက်သွယ်ပေါင်းစပ်ပေးနိုင်စွမ်း ရှိလာသည်။ ဝါရှင်တန်တွင် လွှတ်တော်နှင့် ဆီနိတ်ထဲ၌ မဲဆွယ်သူ ဖြစ်လာရေးမှာ သူ့အတွက် အလွန် သဘာဝကျသော ကိစ္စပင် ဖြစ်သည်။ သူသည် ထိုလုပ်ငန်း၌ အလွန်တော်သူလည်း ဖြစ်သည်။

ဂွတ်ဒ်စပဲလ်သည် လွန်ခဲ့သော နှစ်နှစ်က ကွယ်လွန်သွားခဲ့သည်။

ယူတာပ်ချ်ပြည်နယ်မှ ဆီနိတ်တာက သူ့မိန့်ခွန်းကို အဆုံးသတ်နေလေပြီ၊

"တကယ်လို့ ကျုပ်တို့က ကျန်နေသေးတဲ့ ဂေဟဗေဒကို ကယ်ဆယ်ချင် သေးတယ် ဆိုရင် ပေါဒီ ဥပဒေကျမ်းကို အတည်ပြုနိုင်အောင် ထောက်ခံကြပါ လို့ ပြောလိုပါတယ်၊ ယခုအချိန်ကစပြီး မဲခွဲပါတော့လို့ ကျုပ်က ပြောချင်ပါတယ်"

ဘုရား ဘုရား၊ မဆုံးနိုင်သော အစည်းအဝေးကြီးသည် ပြီးဆုံးတော့မှာပါ တကား။

ကီဗင်ပတ်ကားသည် လွန်ခဲ့သောညကကိစ္စကို တွေးလိုက်မိပြန်၏။ လွန်ခဲ့ သောညက သူသည် မိန်းမလျာများ ဆုံစည်းရာ နာမည်ကြီး အရက်ဆိုင်ဖြစ် သော ဒင်နီ၏ဆိုင်သို့ ရောက်ခဲ့သည်။

ထိုညက သူသည် မိန်းမလျာတစ်ယောက်ကို မျက်စိကျခဲ့သဖြင့် ယနေ့ည တွင် သူနှင့် ဆုံရန် ချိန်းထားခဲ့သည်။ ထိုကိစ္စကို သူတွေးမိသောကြောင့် သူ့ရင် ထဲ၌ နွေးလာလေ၏။

ကီဗင်ပတ်ကားသည် အပြင်သို့သွားရန် ကပျာကယာ အဝတ်လဲနေသည်။ ညက ချိန်းထားသော မိန်းမလျာကလေးနှင့်တွေ့ရန် စိတ်စောနေသည်။ အခြား တစ်ယောက်ယောက်က သူ့ထက်ဦးအောင် ခေါ်ဆောင်သွားမှာကို စိတ်ပူနေမိ သည်။ အိမ်ရှေ့တံခါးမှ လူခေါ်ခေါင်းလောင်းသံ မြည်လာသည်။ ချီးမွမ်း ပတ် ကားက တံခါးကိုဖွင့်လိုက်၏။

သူမမြင်ဘူးသူတစ်ယောက် မတ်တတ်ရပ်နေသည်။

"ကီဗင်ပတ်ကားလား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်နာမည်က ဘယ်လာမီပါ။ ခင်ဗျားနဲ့ကျုပ် တစ်မိနစ်လောက် စကား ပြောချင်ပါတယ်"

ပတ်ကားက စိတ်ခပ်တိုတိုနှင့် ပြောလိုက်၏။

"ခင်ဗျားက ကျုပ်ရဲ့အတွင်းရေးမှူးနဲ့ ရက်ချိန်းယူရလိမ့်မယ်၊ ကျုပ်က ရုံးချိန် ပြင်ပမှာ အလုပ်ကိစ္စကို မဆွေးနွေးပါဘူး"

"ခုဟာက အလုပ်ကိစ္စလို့ တိတိကျကျ မဆိုနိုင်ပါဘူး၊ ခုကိစ္စက လွန်ခဲ့တဲ့ နှစ်ပတ်က ခင်ဗျား ဆွစ်ဇာလန်နိုင်ငံကို သွားခဲ့တဲ့ကိစ္စနဲ့ ပတ်သက်နေပါတယ်"

"ကျုပ် ဆွစ်ဇာလန်ကို သွားတဲ့ခရီး၊ ဟုတ်လား၊ အဲဒါက ဘာဖြစ်လို့လဲ"

"ကျုပ်တို့ရဲ့ အေဂျင်စီက ခင်ဗျား ဟိုမှာတွေ့ဆုံခဲ့တဲ့ လူတချို့နဲ့ပတ်သက် ပြီး စိတ်ဝင်စားနေပါတယ်"

ရောဘတ်က စီအိုင်အေမှ စိစစ်ရေးကတ်ပြားအတုကို ဖျတ်ခနဲ ထုတ်ပြ လိုက်သည်။

ကီဗင်ပတ်ကားသည် ထိုပုဂ္ဂိုလ်ကို ပို၍ စေ့စေ့စပ်စပ် လေ့လာလိုက်၏။ စီအိုင်အေက သူ့ဆီက ဘာများ သိချင်လို့လဲ။ ဒီလူတွေက သိပ်ကို စပ်စုတဲ့ လူတွေပဲ၊ ငါက လပေါ်သရေတွေ လျှောက်လုပ်မိခဲ့လို့လား။

ထိုပုဂ္ဂိုလ်နှင့် ငြိုးသူရန်ဘက် ဖြစ်အောင်တော့ မလုပ်သင့်ပါ။ သူက ပြော လိုက်၏။

"ဝင်ခဲ့ပါဗျာ၊ ကျုပ်က ချိန်းထားတဲ့ကိစ္စတစ်ခုအတွက် နောက်တောင်ကျ နေပြီ၊ ဒါပေမယ့် ခင်ဗျားက တစ်မိနစ်ထက် ပိုမကြာပါဘူးလို့ ပြောခဲ့သားပဲ"

"မကြာပါဘူး ခင်ဗျာ၊ ခင်ဗျားက ဇူးရစ်ချ်မှာ ဘတ်စ်ကားနဲ့ ခရီးထွက်ခဲ့ တယ် မဟုတ်လား"

ဒါဆိုရင် အဲဒီကိစ္စပေါ့။ ဟို ပန်းကန်ပြားပျံ ကိစ္စပဲ၊ ပန်းကန်ပြားပျံသည် သူမြင်ဖူးသမျှတွင် အထူးခြားဆုံး ဖြစ်သည်။

"ခင်ဗျားက ယူအက်ဖ်အိုအကြောင်း သိချင်တာကိုး၊ ဟုတ်တယ် မဟုတ် လား၊ အဲလေ . . . ကျုပ်ကလည်း ပြောချင်ပါတယ်၊ အဲဒါက သိပ်ထူးဆန်းတဲ့ ပစ္စည်းပဲ"

"သိပ်ထူးဆန်းတဲ့ပစ္စည်းဆိုတာ ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် ပွင့်ပွင့်လင်းလင်း ပြောရရင် ကျုပ်တို့အေဂျင်စီက ပန်းကန်ပြားပျံတွေကို အယုံအကြည် မရှိပါဘူး ကျုပ် အခုလာတဲ့ကိစ္စကတော့ ဘတ်စ်ကားပေါ်မှာ ခင်ဗျား တွေ့ခဲ့သူတွေနဲ့ ပတ်သက်ပြီး ခင်ဗျား ပြောတာကို နားထောင်ဖို့ပဲ"

ပတ်ကားက အံ့အားသင့်သွားသည်။

"ဩ - ဒါဆိုရင် ခင်ဗျားကို ကျုပ် ကူညီနိုင်မှာ မဟုတ်ဘူး၊ သူတို့အားလုံးက လူစိမ်းတွေချည်းပဲဗျ"

ရောဘတ်ကလည်း စိတ်ရှည်ရှည်နှင့် ပြောလိုက်သည်။

"အဲဒါကို ကျုပ် နားလည်ပါတယ် မစ္စတာ ပတ်ကား၊ ဒါပေမယ့် သူတို့နဲ့ ပတ်သက်ပြီး ခင်ဗျား တစ်ခုခုကိုတော့ မှတ်မိမှာပါ"

ပတ်ကားက ပခုံးတွန့်ပြသည်။

"အဲလေ နည်းနည်းလောက်ပါပဲ၊ ကျုပ်တို့ကို ဓာတ်ပုံရိုက်ယူသွားတဲ့ အင်္ဂလိပ် လူမျိုးနဲ့တော့ နည်းနည်းပါးပါး စကားပြောမိတာကို ကျုပ် သတိရပါတယ်"





လက်စလီ မားသားရှက်၊

"တခြား ဘယ်သူရှိသေးလဲ"

"အင်း - ရှိတယ်၊ ကျုပ်က ဟို ရုရှားအမျိုးသမီးကလေးနဲ့ စကားတစ်ခွန်း နှစ်ခွန်း ပြောတယ်၊ သူ့ကြည့်ရတာ တော်တော်မှန်မှန်ရည်ရည် ရှိတဲ့ပုံပဲ၊ သူက ကီယက်မြို့ကနေလာတာ၊ စာကြည့်တိုက်ဝန်ထမ်းလို့ ပြောသွားတယ် ထင်တာပဲ"

အော်လ်ဂါ ရှိုမန်ချန်ကို။

"သိပ်ကောင်းတယ်ဗျို့၊ ခင်ဗျားက တခြား ပုဂ္ဂိုလ်တွေကို မှတ်မိသေးသ လား မစ္စတာ ပတ်ကား"

"ဟင့်အင်း၊ ကျုပ်မှတ်မိတာ အဲဒီလောက် . . . ဟော နောက်ထပ် နှစ် ယောက်ရှိသေးတယ်ဗျ၊ တစ်ယောက်က အမေရိကန်လူမျိုး တက်ဆက်ပြည်နယ် က"

ဒန်ဝိန်း။

"နောက်တစ်ယောက်ကရော"

"သူကတော့ ဟန်ဂေရီလူမျိုး၊ ဟန်ဂေရီမှာ သူက ဆပ်ကပ် ဒါမှမဟုတ် နယ်လှည့်ပြပွဲတစ်ခုကို ပိုင်တဲ့လူပဲ"

သူ ပြန်မှတ်မိလာသည်။

"အဲဒါက နယ်လှည့်ပြပွဲတစ်ခုပဲ"

"အဲဒါနဲ့ပတ်သက်ပြီး ခင်ဗျားက သေသေချာချာ မှတ်မိပါသလား မစ္စတာ ပတ်ကား"

"အိုး မှတ်မိပါတယ်၊ သူက နယ်လှည့်ပြပွဲနဲ့ ပတ်သက်တဲ့ အဖြစ်အပျက် လေးတွေကိုတောင် ပြောပြနေသေးတယ်။ သူက ယူအက်ဖ်အိုကို မြင်ရတဲ့အ ချက် သိပ်ကိုစိတ်လှုပ်ရှားသွားတယ်၊ တကယ်လို့ သူက ရနိုင်မယ်ဆိုရင် အဲဒါမျိုး တစ်ခုကို သူ့နယ်လှည့်ပြပွဲမှာ ပြကွက်တစ်ကွက်အနေနဲ့ ပြသလိမ့်မယ်၊ ကျုပ် အနေနဲ့ ဝန်ခံရမယ်ဆိုရင် တော်တော့်ကို ကြောက်ဖို့ကောင်းတဲ့ မြင်ကွင်းပဲ၊ ကျုပ်က အဲဒီအကြောင်း သတင်းပေးချင်ပါတယ်၊ ဒါပေမယ့် ပန်းကန်ပြားပျံတွေ မြင်ဖူးပါတယ် ဆိုတဲ့ လူထူးလူဆန်းတွေနဲ့ ကျုပ်ကို တစ်တန်းတစ်စားတည်း သတ်မှတ်တာတော့ မခံနိုင်ဘူး"

"သူက သူ့နာမည်ကို ပြောသေးသလား"

"ပြောပါတယ်၊ ဒါပေမယ့် အဲဒါက အသံထွက်လို့ မရတဲ့ နိုင်ငံခြားနာမည် တစ်လုံးဗျ၊ ကျုပ် မမှတ်မိတော့ဘူး"

"ခင်ဗျားက သူနဲ့ပတ်သက်ပြီး ဘာကိုများ မှတ်မိပါသေးသလဲ"

"သူက သူ့နယ်လှည့်ပြပွဲဆီ မြန်မြန်ပြန်ရောက်ချင်တယ် ဆိုတာလောက်ပဲ"

သူက သူ့လက်ပတ်နာရီကို တစ်ချက် လှမ်းကြည့်လိုက်၏။

"ခင်ဗျားအတွက် ကျုပ်က တခြား ဘာလုပ်ပေးနိုင်တာ ရှိပါသေးသလဲ၊ ကျုပ် တော်တော့်ကို နောက်ကျနေပြီဗျ"

"မရှိတော့ပါဘူး၊ ကျေးဇူးတင်ပါတယ် မစ္စတာပတ်ကား၊ ခင်ဗျားက တော် တော့်ကို အကူအညီပေးခဲ့တာပဲ"

"ကျုပ်ကလည်း ဝမ်းသာပါတယ်ဗျာ"

သူက ရောဘတ်ကို တာဝန်ကျေပွန်စွာ ပြုံးပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား ကျုပ်ရုံးခန်းကို တစ်ခေါက်လောက် ဝင်လာခဲ့ဦးဗျာ၊ အေးအေး ဆေးဆေး စကားလေး ဘာလေး ပြောရတာပေါ့"

"လာ့ပါ့မယ် ခင်ဗျာ"

'ဒါဆိုရင် ပြီးခါနီးဟ' ရောဘတ်က တွေးလိုက်သည်။

'ငါ့ အလုပ်က ထွက်တော့မယ်။ ငါ့အနေနဲ့ တစ်စိတ်တစ်ပိုင်းစီ ဖြစ်နေ ကြတဲ့ ငါ့ဘဝ အစိတ်အပိုင်းကလေးတွေကို တစ်စစီ ပြန်ကောက်ပြီး ဘဝအသစ် ကို တစ်ကနေ ပြန်စရတော့မှာပေါ့' ဟု တွေးလိုက်လေ၏။

ရောဘတ်က ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်ထံ တယ်လီဖုန်းဆက်လိုက်သည်။

"ကျွန်တော့်တာဝန်က ပြီးဆုံးခါနီးပါပြီ ဂျင်နရယ်၊ ကျွန်တော် ကီဗင်ပတ် ကားကို ရှာတွေ့ပါပြီ၊ သူက ဝါရှင်တန်ဒီစီမှာ အမတ်တွေကို မဲဆွယ်စည်းရုံးနေတဲ့ ပုဂ္ဂိုလ်ပါ။ ကျွန်တော်က နောက်ဆုံးခရီးသည်ကို စုံစမ်းဖို့ ခရီးဆက်ပါတော့မယ်"

"ငါ သိပ်ကျေနပ်တာပဲကွာ"

ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်က ပြောလိုက်၏။

"မင်းက အင်မတန် ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ပါတယ် ကွန်မန်ဒါ မင်း ငါ့ဆီကို အမြန်ဆုံးသာ ပြန်လာခဲ့ပါ"

"ကောင်းပါပြီ ခင်ဗျာ"

ချက်ချင်းအကြောင်းကြားချက်၊
အထူးထိပ်တန်းလျှို့ဝှက်
အင်အက်စ်အေမှ စီအိုင်အေ ဒုတိယညွှန်မှူးထံ
ရင်းကိုယ်တိုင် ဖတ်ရှုရန်အတွက်သာ
**မိတ္တူတစ်ရွက်တည်းသာ**

**အကြောင်းအရာ ။ ။ တမ္ဘာဖျက်စီမံချက်**
ကိုး - ကီဗင်ပတ်ကား၊ ဝါရှင်တန်ဒီစီ။
အကြောင်းကြားချက် ပြီးပြီ။

ဒင်နီ၏အရက်ဆိုင်သို့ ကီဗင်ပတ်ကား ရောက်ရှိသွားသောအခါ ခါတိုင်း ထက် ပို၍ လူစည်ကားနေသည်ကို တွေ့လိုက်ရသည်။

နံနက်တစ်နာရီထိုးသည့် အချိန်တွင်မှ ကီဗင်ပတ်ကား စောင့်နေသော လူငယ်ကလေး ရောက်လာတော့သည်။ သူက ဟိုဟိုဒီဒီ လှည့်ကြည့်လိုက်ပြီး ကီဗင်ပတ်ကားကို မြင်သောအခါ သူ့ထံသို့ လျှောက်လာသည်။ ထိုလူငယ်ကလေး သည် ကီဗင်ပတ်ကား၏မျက်စိထဲ၌ ပို၍ပင် လှနေပါသေးသည်။

သူတို့နှစ်ယောက် စကားစမြည် ပြောကြပြီးနောက် တံခါးပေါက်ဝဆီသို့ လျှောက်အလာတွင် တံခါးသည် ဖြုန်းခနဲ ပွင့်လာပြီး ခပ်ထွားထွား လူငယ်နှစ် ယောက် အရက်ဆိုင်ထဲသို့ ဝင်လာကြတော့သည်။ သူတို့က ထိုလူငယ်ကလေး ၏ရှေ့တွင် လမ်းပိတ်၍ ရပ်လိုက်ကြပြီးနောက် -

"ကဲ တွေ့ပြီ၊ ခွေးမသား မင်း ငါ့ကို ဆပ်ရမယ့်အကြွေးက ဘယ်မှာလဲ"

ထိုချာတိတ်ကလေးက အထိတ်တလန့်နှင့် ကီဗင်ပတ်ကားကို မော့ကြည့်





"ခင်ဗျားတို့ ပြောဆိုနေတာတွေကို ကျုပ် နားမလည်ဘူး၊ ခင်ဗျားတို့ကိုလည်း တစ်ခါမှ မမြင်ဖူးဘူး"

"မင်းက ငါ့ကို အဲဒီလို အကြောင်းမရိုက်နဲ့"

ခပ်ထွားထွားပုဂ္ဂိုလ်က ထိုချာတိတ်ကလေး၏ပခုံးကို ဆုပ်ကိုင်ပြီး အပြင် လမ်းမပေါ်သို့ ရောက်အောင် တွန်းထိုးပြီး ခေါ်သွားတော့သည်။

ကီဗင်ပတ်ကားသည် ဒေါသထွက်ရင်း မတ်တတ်ရပ်နေမိသည်။ သူက ကူညီချင်စိတ် ဖြစ်နေမိသည်။ သို့ရာတွင် ဟိုလေးတကျော် ဖြစ်လာနိုင် သည့်ကိစ္စများတွင် သူ့အနေနှင့် ပါဝင်ပတ်သက်ရန် မဖြစ်နိုင်ပါ။ သူသည် ဆက်၍ မတ်တတ်ရပ်ရင်း ချာတိတ်ကလေး အမှောင်ထဲ၌ ပျောက် သွားသည်ကို ငေးကြည့်နေမိသည်။

ဒုတိယပုဂ္ဂိုလ်က ကီဗင်ပတ်ကားအား သနားကြင်နာစွာနှင့် ကြည့်လိုက်၏။

"ခင်ဗျားက အပေါင်းအသင်းကိုကြည့်ပြီး ပေါင်းသင်းသင့်တယ်၊ အဲဒီ ချာတိတ် ကလေးက နာမည်ပျက်ရှိတယ်ဗျ"

ကီဗင်ပတ်ကားက သူ့အား စကားပြောလာသူကို စေ့စေ့စပ်စပ် ကြည့် လိုက်၏။

ထိုသူသည် ရွှေရောင်ဆံပင်နှင့်ဖြစ်ပြီး ကြည့်ကောင်းသူတစ်ဦး ဖြစ်နေ သည်။ ကီဗင်ပတ်ကားက ထိုညနေခင်းသည် သူ့အဖို့ လုံးဝ ဆုံးရှုံးသွားမှာတော့ မဟုတ်ဘူး ဟု သူ့စိတ်ထဲ၌ ခံစားလိုက်ရသည်။

"မင်းပြောတာ မှန်နိုင်တယ်"

"ကျုပ်အတွက် ကံကြမ္မာက ဘယ်လိုဖန်တီးလာမယ်ဆိုတာ ဘယ်ပြောနိုင် မလဲ"

ထိုပုဂ္ဂိုလ်က ပတ်ကား၏ မျက်လုံးများကို စိုက်ကြည့်နေသည်။

"ဟုတ်တယ်၊ မပြောနိုင်ဘူး၊ ကျုပ်နာမည်က တွမ်၊ မင်း နာမည်က ဘယ် သူလဲ"

"ပေါလ်"

"မင်းကို ငါက ယမကာတစ်ခွက်လောက် ဝယ်တိုက်ပါရစေ"

"ကျေးဇူးတင်ပါတယ်"

"ဒီညအတွက် မင်းမှာ အထူးအစီအစဉ်တွေ ရှိနေသေးသလား"

"အဲဒါကတော့ ခင်ဗျားအပေါ်မှာ မူတည်တာပေါ့"

"မင်းက ဒီတစ်ည ကျုပ်နဲ့ အချိန်ဖြုန်းပါလား"

"အဲဒါကတော့ ပျော်စရာကြီးပဲ"

"ကျုပ်တို့က ငွေ ဘယ်လောက်လောက်အကြောင်း ပြောနေတာလဲ"

"ကျုပ် ခင်ဗျားကို သဘောကျပါတယ်၊ ခင်ဗျားအတွက်ဆိုရင် ဒေါ်လာ ငါးဆယ်ပါပဲ"

"ဒါဆိုရင် မျှမျှတတ ရှိပါပေတယ်"

နောက်ထပ် မိနစ်သုံးဆယ်ကြာသောအခါ ပေါလ်က ကီဗင်ပတ်ကားအား ခရုဆန်လမ်းပေါ်ရှိ အိုမင်းဟောင်းနွမ်းနေသော အိမ်ခန်းတစ်ခန်းဆီသို့ ခေါ်သွား သည်။



www.burmeseclassic.com

www.burmeseclassic.com

ကီဗင်က မျက်စိကိုမှိတ်ထားပြီး လဲလျောင်းနေခိုက်တွင် ပေါလ်သည် ရေချိုးခန်းထဲသို့ ဝင်သွားသည်။

ကီဗင်က လှမ်းခေါ်လိုက်၏။

"ပေါလ်ရေ လာပါတော့"

"လာပါပြီ"

သူရင်ဘတ်ထဲသို့ ဓားမြှောင်စိုက်ဝင်သွားချိန်တွင် ကီဗင်ပတ်ကားသည် အလွန်ပြင်းထန်သည့် ဝေဒနာကို ခံစားလိုက်ရလေ၏။ သူ့မျက်လုံးများ ပြူးကျယ် ပွင့်လာကြသည်။

"မြတ်စွာဘုရား၊ ဘာလုပ်တာလဲ"

ပေါလ်က အဝတ်အစားများကို ပြန်၍ ဝတ်ဆင်နေလေပြီ။

ပေါလ်က ပြောလိုက်၏။

"ငွေကြေးကိစ္စနဲ့ပတ်သက်ပြီး စိတ်သောကမဖြစ်ပါနဲ့၊ အဲဒါကို အခမဲ့လို့ သဘောထားလိုက်ပါတော့ဗျာ"

ချက်ချင်းအကြောင်းကြားချက်
အထူးထိပ်တန်းလျှို့ဝှက်
စီအိုင်အေမှ အင်အက်စ်အေ ဒုတိယညွှန်မှူးထံ
ရင်းကိုယ်တိုင် ဖတ်ရှုရန်အတွက်သာ

**မိတ္တူတစ်စောင်တည်းသာ**

အကြောင်းအရာ ။ ။ **ကမ္ဘာဖျက်စီမံချက်**

ကိုး - ကီဗင်ပတ်ကား၊ ဝါရှင်တန်ဒီစီ။
ရှင်းလင်းပြီးပါပြီ။
အကြောင်းကြားချက် ပြီးဆုံး။

ရောဘတ် ဘယ်လာမီသည် နယ်လှည့်ပြပွဲတစ်ခုကို ပိုင်ဆိုင်သော ပုဂ္ဂိုလ် တစ်ဦးအား ရှာဖွေရန် ဟန်ဂေရီနိုင်ငံသို့အသွား လေယာဉ်ပျံတစ်စီးပေါ်၌ ရှိနေ သောကြောင့် သူသည် ထိုသတင်းကြေညာချက်ကို မကြားလိုက်ရတော့ပေ။

❖ ❖ ❖

## အခန်း သုံးဆယ့်လေး

ဆယ့်လေးရက်မြောက်နေ့
ဘူဒါပက်စ်မြို့

ပဲရစ်မြို့မှ ဘူဒါပက်စ်မြို့သို့ ပလက်ဝ်လေကြောင်းခရီးစဉ်နှင့် စီးနင်းလိုက် ပါလာရသည်မှာ နှစ်နာရီနှင့် ငါးမိနစ် ကြာမြင့်ပါသည်။

ဟန်ဂေရီနိုင်ငံသည် ဒုတိယကမ္ဘာစစ်အတွင်းက ဝင်ရိုးတန်းနိုင်ငံများတွင် ပါဝင်ခဲ့ပြီးနောက် နောက်ပိုင်းတွင် ရုရှားနိုင်ငံနှင့် လက်တွဲခဲ့သော ကွန်မြူနစ်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည် ဆိုသောအချက်ကလွဲ၍ ရောဘတ်သည် ဟန်ဂေရီနိုင်ငံ အကြောင်းကို သိပ်မသိပါ။

ရောဘတ်သည် လေဆိပ်ဘတ်စ်ကားကို စီးနင်း၍ ဘူဒါပက်စ်မြို့လယ် ခေါင်သို့ လာခဲ့သည်။ သူ မြင်တွေ့ရသမျှအပေါ် အထင်ကြီးမိသည်။ အဆောက် အအုံများသည် သက်တမ်းကြာမြင့်ကြပြီး ဖြစ်သလို ဗိသုကာလက်ရာများက လည်း ဂန္ထဝင်မြောက်လှသည်။

ရှူးဒေါ်ဗ်ကွေးတွင် တည်ရှိသော ပါလီမန် အဆောက်အအုံသည် အလွန် ကြီးမားသော ဂိုးသစ်နောက်ပိုင်းလက်ရာ အဆောက်အအုံကြီး ဖြစ်ပြီး တစ်မြို့လုံး ကို လွှမ်းမိုးထားသည်။ ဘုရင့်နန်းတော်ကမူ မြို့တော်ကို အပေါ်က စီး၍ မြင်ရ သော ကက်စတယ်ဟီးလ် တောင်ကုန်းပေါ်တွင် ရှိသည်။ လမ်းများပေါ်တွင် မော်တော်ကားများ၊ ဈေးဝယ်ထွက်သူများ ပြည့်နှက်နေသည်။

ဘတ်စ်ကားကြီးသည် ဒူနားအင်တာ ကွန်တီနင်တယ် ဟိုတယ်ကြီးရှေ့၌ ရပ်တန့်လိုက်သည်။ ရောဘတ်သည် ဧည့်ခန်းထဲသို့ လျှောက်ဝင်သွားပြီး တံခါး စောင့်သူထံ ချဉ်းကပ်သွားသည်။

ရောဘတ်က ပြောလိုက်၏။

"တစ်ဆိတ်ဗျာ၊ ခင်ဗျားက အင်္ဂလိပ်လို ပြောတတ်ပါသလား"

"ဟုတ်ကဲ့၊ ကျုပ်က ခင်ဗျားအတွက် ဘာလုပ်ပေးရမလဲ"

"ကျုပ်သူငယ်ချင်းတစ်ယောက်ဟာ လွန်ခဲ့တဲ့ လေးငါးရက်က ဘူဒါပက်စ် မြို့ကို ရောက်ခဲ့တယ်၊ သူက အင်မတန် အံ့သြစရာကောင်းတဲ့ နယ်လှည့်ပြပွဲ တစ်ခုကို ကြည့်ခဲ့ရတယ်လို့ ကျုပ်ကို ပြောပြတယ်၊ ကျုပ်လည်း ဒီမြို့မှာရှိတုန်း နယ်လှည့်ပြပွဲကို ကြည့်သွားချင်တယ်၊ အဲဒီပြပွဲကို ဘယ်မှာ ရှာတွေ့မလဲဆိုတာ ခင်ဗျားက ပြောပြနိုင်ပါသလား"


ပညာရွှေတောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com

တံခါးစောင့်က မျက်မှောင်ကုတ်လိုက်သည်။

"နယ်လှည့်ပြပွဲ၊ ဟုတ်လား"

သူက စာရွက်တစ်ရွက်ကို ဆွဲထုတ်ယူလိုက်ပြီး လှောက်ဖတ်ကြည့်လိုက်သည်။

"ကဲ - ကြည့်ကြရအောင်၊ ဘူဒါပက်စ်မြို့ပေါ်မှာ ခု လောလောဆယ်မှာတော့ အော်ပရာကပွဲတစ်ပွဲ ရှိတယ်၊ ပြဇာတ်တွေ လေးငါးခြောက်ခုရှိတယ်၊ ဘဲလေးကပွဲရှိတယ်၊ နေ့ ဒါမှမဟုတ် ညပိုင်းမှာ မြို့တော်ကို လှည့်လည်ပြတဲ့ အစီအစဉ်တွေ၊ ကျေးလက်တောရွာကို လိုက်ပြတဲ့ အစီအစဉ်တွေ"

သူက မော့ကြည့်လိုက်၏။

"ဝမ်းနည်းပါတယ်ဗျာ၊ နယ်လှည့်ပြပွဲဆိုတာ မရှိပါဘူး"

"သေချာရဲ့လားဗျ"

တံခါးစောင့်က ရောဘတ်ကို စာရွက်လှမ်းပေးသည်။

"ခင်ဗျားကိုယ်တိုင် ဖတ်ကြည့်လေဗျာ"

ထိုစာရွက်မှာ ဟန်ဂေရီဘာသာဖြင့် ရေးသားထားသည်။

ရောဘတ်က စာရွက်ကို ပြန်ပေးလိုက်သည်။

"ဟုတ်ပါပြီ၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး တခြား ကျုပ်မေးလို့မြန်းလို့ ရနိုင်မယ့် သူများ ရှိသေးသလား"

တံခါးစောင့်က ဖြေသည်။

"ယဉ်ကျေးမှုဝန်ကြီးဌာနကတော့ ခင်ဗျားကို ကူညီနိုင်မယ် ထင်တာပဲ"

နောက်ထပ် နာရီဝက်ကြာသောအခါ ရောဘတ်သည် ယဉ်ကျေးမှုဝန်ကြီးဌာနရုံးခန်းမှ စာရေးတစ်ယောက်နှင့် စကားပြောဆိုနေခဲ့လေပြီ။

"ဘူဒါပက်စ်မြို့ထဲမှာ နယ်လှည့်ပြပွဲ မရှိပါဘူးဗျာ၊ ခင်ဗျား မိတ်ဆွေက ဟန်ဂေရီမှာ တွေ့ခဲ့ရတယ် ဆိုတာ သေချာရဲ့လား"

"သေချာပါတယ်"

"ဒါပေမယ့် သူက ဘယ်နေရာမှာလို့တော့ မပြောခဲ့ဘူးပေါ့"

"မပြောခဲ့ဘူး"

"ကျုပ် ဝမ်းနည်းပါတယ်၊ ကျုပ် ခင်ဗျားကို မကူညီနိုင်ပါဘူး"

စာရေးက စိတ်မရှည်တော့ပါ။

"တကယ်လို့ တခြားကိစ္စ မရှိဘူးဆိုရင် . . ."

ရောဘတ် ထိုင်ရာမှ ထသည်။

"ကျေးဇူးတင်ပါတယ်"

သူ တွန့်ဆုတ်နေပြန်သည်။

"ကျုပ်မှာ မေးစရာမေးခွန်းတစ်ခွန်းတော့ ရှိပါသေးတယ်၊ တကယ်လို့ ကျုပ်က ဆပ်ကပ် ဒါမှမဟုတ် နယ်လှည့်ပြပွဲတစ်ပွဲကို ဟန်ဂေရီနိုင်ငံထဲကို သွင်းလာချင်တယ်ဆိုရင်၊ ကျုပ် အနေနဲ့ ခွင့်ပြုချက်ရှိဖို့လိုမယ် မဟုတ်လား"

"လိုပါတယ်"

"ကျုပ်က အဲဒီခွင့်ပြုချက်ကို ဘယ်မှာ လျှောက်ရမလဲ"

"ဘူဒါပက်စ် လိုင်စင်ကြီးကြပ်ရေးရုံးကို သွားလျှောက်ရပါလိမ့်မယ်"

*





လိုင်စင်ရုံး အဆောက်အအုံမှာ ဘူဒါပက်စ်မြို့ဘက် အခြမ်းတွင် ရှိပြီး ... ယ်ခေတ်မြို့ရိုး အနီးတွင် တည်ရှိသည်။

ရောဘတ်သည် နာရီဝက်ခန့် စောင့်ဆိုင်းနေရပြီးမှ အင်မတန် ကြီးကျယ်ပုံ ... သော အရာရှိတစ်ဦးနှင့် တွေ့ခွင့်ရတော့သည်။

"ကျုပ် ခင်ဗျားကို ကူညီနိုင်ပါသလား"

ရောဘတ်က ပြုံးလိုက်၏။

"ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ်ဗျာ၊ ကျုပ်က အခုလို အသေးအဖွဲကိစ္စ ... လေးတစ်ခုနဲ့ ခင်ဗျားရဲ့ အချိန်တွေကို ဖြုန်းတီးရတာ အားနာပါတယ်၊ သား... သည်း နယ်လှည့်ပြပွဲတစ်ခု ဟန်ဂေရီနိုင်ငံထဲမှာ ပြနေတာကို သိသွားတယ်၊ ... ၁ကလည်း သူ့ကို အဲဒီနေရာရောက်အောင် လိုက်ပို့ပေးပါ့မယ်လို့ အာမခံ ... းတယ်၊ ချာတိတ်တွေရဲ့ ဦးနှောက်ထဲမှာ အတွေးတစ်ခုဝင်သွားရင် ဘယ်လို ... ဆိုတာ ခင်ဗျားလည်း သိပါတယ်လေ"

ထိုအရာရှိက ဦးနှောက်ခြောက်သွားဟန်နှင့် ရောဘတ်ကို ငေးကြည့်နေ ... ည်။

"ခင်ဗျား ကျုပ်နဲ့ တွေ့ချင်တာက ဘာကိစ္စလဲ"

"အဲ ခင်ဗျားကို အမှန်အတိုင်း ပြောရမယ်ဆိုရင် ဒီနယ်လှည့်ပြပွဲ ဘယ်မှာလဲ ... တာ ဘယ်သူမှ မသိကြဘူး၊ ဟန်ဂေရီနိုင်ငံကလည်း အင်မတန် ကြီးမားပြီး ... င်မတန်လှတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်နေလေတော့၊ အေးလေ ဟန်ဂေရီနိုင်ငံထဲမှာ ... တွေဖြစ်ပျက်နေသလဲဆိုတာကို သိနိုင်တဲ့လူဟာ ခင်ဗျားပဲရှိတယ်လို့ ကျုပ်ကို ... ာလိုက်ကြတယ်"

ထိုအရာရှိက ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်၊ အဲဒီလိုကိစ္စမျိုးကို လိုင်စင်မရှိဘဲ ဆောင်ရွက်ခွင့် မပေးပါ ... း"

သူက လူခေါ်သည့် ခလုတ်ကလေးကို နှိပ်လိုက်သောကြောင့် အမျိုးသမီး ... တွင်းရေးမှူးတစ်ယောက် ဝင်လာတော့သည်။ သူတို့အချင်းချင်း ဟန်ဂေရီဘာ ... စကားနှင့် ခပ်မြန်မြန် ပြောကြဆိုကြသည်။ အတွင်းရေးမှူး ပြန်ထွက်သွားပြီး ... နစ်အကြာတွင် စာရွက်အချို့နှင့် ပြန်ဝင်လာသည်။ သူက အရာရှိထံ စာရွက် ... ကို ကမ်းပေးလိုက်၏။ အရာရှိက စာရွက်များကိုကြည့်ပြီး ရောဘတ်အား ... ာလိုက်သည်။

"လွန်ခဲ့တဲ့သုံးလအတွင်းက နယ်လှည့်ပြပွဲတွေအတွက် ပါမစ်နှစ်စောင် ... တ်ပေးခဲ့တယ်၊ နယ်လှည့်ပြပွဲတစ်ပွဲကတော့ လွန်ခဲ့တဲ့ တစ်လကစပြီး ဇာတ် ... ိမ်းကွဲသွားပြီ"

"နောက် တစ်ခုကရော"

"နောက် နယ်လှည့်ပြပွဲတစ်ခုကတော့ ဆိုပရွန်မှာ လက်ရှိပြသနေတယ်၊ ... ါကတော့ ဂျာမန်နယ်စပ်နားက မြို့ကလေးတစ်မြို့ပဲ"

"ခင်ဗျားတို့ဆီမှာ ပိုင်ရှင်ရဲ့နာမည် ရှိပါသလား"

အရာရှိက စာတမ်းများကို လှန်လှောကြည့်လိုက်ပြန်၏။

"ဘွတ်ရှ်ဖက်ကက်ကီ၊ အဲလေ လက်စလိုဘွတ်ရှ် ဖက်ကက်တီတဲ့"

*



www.burmeseclassic.com

www.burmeseclassic.com

လက်စလိုဘွတ်ရှ် ဖက်ကက်တီသည် သူ့ဘဝ၏ အကောင်းဆုံးနေ့ရက် သို့ ရောက်ရှိနေသည်။ ကံကောင်းသော လူပုဂ္ဂိုလ် အချို့သည်သာ မိမိတို့၏ တွင် မိမိလုပ်ကိုင်လာသည့်အလုပ်များကို လုပ်ကိုင်နေကြရသည်။ သူသည် ထိုကံကောင်းသော ပုဂ္ဂိုလ် အနည်းငယ်တွင် ပါဝင်သည်။

ဘွတ်ရှ်ဖက်ကက်တီသည် လူထွားကြီးတစ်ယောက် ဖြစ်သည်။ အ ခြောက်ပေလေးလက်မ ရှိပြီး အလေးချိန် ပေါင်သုံးရာရှိသူ ဖြစ်သည်။ သူသ စိန်စီထားသော လက်ပတ်နာရီ၊ စိန်လက်စွပ်နှင့် အလွန်ကြီးမားသော ရွှေလ ကောက်ကြီးတို့ကို ဝတ်ဆင်ထားသည်။ သူ့ဖခင်သည် နယ်လှည့်ပြပွဲက တစ်ခုကို ပိုင်ဆိုင်ခဲ့သည်။ သူ့ဖခင် ကွယ်လွန်သောအခါ သားဖြစ်သူက ဆ ခဲ့သည်။ သူသည် ထိုလုပ်ငန်းတစ်မျိုးတည်းကိုသာ သိရှိလုပ်ကိုင်တတ်သူ ဖြစ်သ

လက်စလိုဘွတ်ရှ် ဖက်ကက်ကီထံတွင် အလွန် ကြီးကျယ်သည့် စိတ် စိတ်သန်းများရှိသည်။ သူက သူ၏နယ်လှည့်ပြပွဲကို ဥရောပတိုက်တွင် အကြီး နှင့် အကောင်းဆုံး ဖြစ်သည်အထိ တိုးချဲ့ချင်သည်။ သူသည် နယ်လှည့် တကာတို့၏ ပီတီဘာနမ်အဖြစ် လူသိများစေချင်သည်။

*[ပီတီဘာနမ် (၁၈၁၀ - ၉၁) သည် အကြီးကျယ်ဆုံး ဆပ်ကပ်ကို ထ ထောင်ခဲ့သူ အမေရိကန်လူမျိုး ဖြစ်သည်။]*

သို့တိုင်အောင် ခု လောလောဆယ်တွင် သူသည် ထုံးစံအတိုင်း ထ ဘေးပြပွဲကလေးများကိုသာ စုစည်းထားနိုင်သေးသည်။

အလွန်ဝသော အမျိုးသမီးကြီး၊ တစ်ကိုယ်လုံး ထိုးကွင်းမင်ကြောင်ထိုး သော အမျိုးသား၊ ယိုးဒယားအမွှာ၊ ရှေးဟောင်း အီဂျစ်နိုင်ငံ၏ ဂူများအတွင် တူးဖော်ရရှိလာသော အနှစ်တစ်ထောင် သက်တမ်းရှိနေသည့် မမီရုပ် စသ တို့ပင်တည်း။ ၎င်းတို့အပြင် ဓားမျိုပြသူ၊ မီးလျှံကို စားပြသူ၊ ပြီးတော့ ရွှေ ကစားပြသူ မာရီကာတို့လည်း ရှိနေပါသေးသည်။

သို့ရာတွင် အချုပ်ကိုဆိုရသော် ထိုပြကွက်အားလုံးကို ပေါင်းစပ်လိုက်ပါ အခြား သာမန် နယ်လှည့်ပြပွဲတစ်ခုမျှသာ ဖြစ်နေလေတော့သည်။

ယခုဆိုလျှင် ထိုကိစ္စ အားလုံးသည် နေ့ချင်းညချင်း ပြောင်းလဲသွား တော့မည်။ လက်စလိုဘွတ်ရှ် ဖက်ကက်တီ၏အိပ်မက်များသည် အကော အထည်ပေါ်၍ လာတော့မည် ဖြစ်ပါ၏။

သူသည် သူကြားဖူးနေသော အချုပ်အနှောင်မှ လွတ်မြောက်အော လုပ်တတ်သူ ပညာရှင်တစ်ယောက်အား လက်တွေ့ စမ်းသပ်စစ်ဆေးကြည့် ဆွစ်ဇာလန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ထိုပုဂ္ဂိုလ်၏ ပြကွက်မှာမူ ထုံးစံအတိ မျှသာ ဖြစ်သည်။ အဆိုပါ ပညာရှင်ကို လက်ထိတ်ခတ်၊ မျက်စိပေါ်တွင် အဝ နှင့်စည်း၊ သူ့ကို သေတ္တာကလေးတစ်လုံးထဲတွင် သော့ခတ်၍ ထည့်ထား သေတ္တာကလေးကို သေတ္တာကြီးတစ်လုံးထဲတွင် သော့ခတ်၍ ထပ်ထည့်ထ နောက်ဆုံးတွင် ထိုသေတ္တာကြီးကို ရေကန်ထဲသို့ ထည့်ထားမည် ဖြစ်သ သူ့ကို တယ်လီဖုန်းနှင့် ဆက်သွယ်ပြောကြားခဲ့စဉ်က ထိုကိစ္စမှာ အလွန်ထူးဆ အံ့သြဖွယ် ဖြစ်နေသည်။ သို့ရာတွင် ဆွစ်ဇာလန်နိုင်ငံသို့ ဘွတ်ရှ်ဖက်က ကိုယ်တိုင် လေကြောင်းခရီးမှ သွားရောက် ကြည့်ရှုသောအခါ ကျော်လွှ မရနိုင်သော ပြဿနာတစ်ခု ရှိနေကြောင်း တွေ့ရတော့သည်။





အချုပ်အနှောင်မှ လွတ်မြောက်အောင် ထိုပညာရှင်သည် နာရီဝက်တိတိ အချိန်ယူရလေသည်။ ရေကန်ထဲ၌ ရှိနေသော သေတ္တာကြီးတစ်လုံးကို နာရီ ဝက်ကြာအောင် ငေးစိုက်ကြည့်နေမည့်ပရိသတ် ဤကမ္ဘာပေါ်တွင် မရှိသေးပါ။

ထိုခရီးစဉ်သည် သူ့အတွက် အလဟဿ ဖြစ်ခဲ့ရပြီဟု သူ ထင်မိခဲ့သည်။ လက်စလိုဘွတ်ရှ်ဖက်ကက်တီသည် သူ့ လေယာဉ်ပျံစီးမည့်အချိန်သို့ မရောက် သေးမီ ရှုမျှော်ခင်းများကို ဘတ်စ်ကားတစ်စီးနှင့် လျှောက်ကြည့်ပြီး အချိန်ဖြုန်း တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ နောက်ပိုင်းတွင် ထိုဘတ်စ်ကားစီးမှုက သူ့ ဘဝကို ပြောင်းလဲသွားစေခဲ့လေတော့သည်။

ဘွတ်ရှ်ဖက်ကက်တီသည် ဘတ်စ်ကားပေါ်၌ ပါလာသော အခြားခရီး သည်များလိုပင် ပေါက်ကွဲမှုကြီးကို တွေ့မြင်လိုက်ရသည်။ သူတို့က လေယာဉ်ပျံ ပျက်ကျသည်ဟု ထင်သောကြောင့် အသက်မသေ ရှင်ကျန်နေသူများကို ကယ် ဆယ်ရန် လယ်ကွင်းများကို ဖြတ်သန်း၍ အပြေးအလွှား သွားရောက်ခဲ့သည်။

သို့ရာတွင် သူ တွေ့လိုက်ရသောမြင်ကွင်းမှာ အလွန့်အလွန် ထူးဆန်းနေ သည်။ ထိုပစ္စည်းမှာ ပန်းကန်ပြားပျံတစ်ခုဖြစ်ကြောင်း ယုံမှားသံသယ ဖြစ်ဖွယ် ရာ မရှိပါ။ အထဲတွင် ထူးခြားသော အလောင်းကလေးနှစ်လောင်း ရှိနေသည်။ အခြားသော ခရီးသည်များက ပါးစပ်ဟောင်းလောင်းနှင့် မတ်တတ်ရပ်ပြီး ငေး ကြည့်နေကြသည်။ ဘွတ်ရှ်ဖက်ကက်တီကမူ ယူအက်ဖ်အို၏ နောက်ပိုင်းသည် မည်သို့မည်ပုံ ရှိလိမ့်မည်ကို သိလိုသောကြောင့် ဈေးပတ်၍ လျှောက်သွားပြီး နောက် သူသည် ရပ်တန့်၍ ငေးကြည့်နေမိတော့သည်။

ပျက်စီးနေသော ပန်းကန်ပြားပျံ၏ နောက်ဘက် ဆယ်ပေခန့်အကွာတွင် အခြား ခရီးသည်များ မမြင်ရသည့် မြေကြီးပေါ်တွင် လက်ချောင်းကလေး ခြောက်ချောင်းပါပြီး မျက်နှာချင်းဆိုင်နေရာ၌ လက်မနှစ်ချောင်းပါသော ပြတ် ထွက်နေသည့် သေးငယ်သောလက်ကလေး တစ်ဖက်ကို တွေ့လိုက်ရလေတော့ သည်။ ဘွတ်ရှ်ဖက်ကက်တီသည် စဉ်းစားမိခြင်း မရှိဘဲနှင့်ပင် သူ့လက်ကိုင်ပဝါကို ထုတ်၍ ထိုလက်ပြတ်ကလေးအား ကောက်ယူပြီး သူ့အိတ်ထဲသို့ ထည့်လိုက် လေ၏။ သူ အရမ်းရင်ခုန်နေသည်။ သူ့ထံတွင် ဂြိုဟ်သားအစစ်တစ်ယောက်၏ လက်ကလေးတစ်ဖက် ရှိနေသည်။

ယခုအချိန်ကစပြီး အလွန်ဝသောအမျိုးသမီးကြီး၊ တစ်ကိုယ်လုံး ထိုးကွင်း ထိုးထားသောအမျိုးသား၊ ဓားမျိုပြသူနှင့် မီးလျှံကိုစားပြသူတို့အား ချန်ထားခဲ့၍ ရပြီဟု သူတွေးလိုက်မိသည်။

"ဂုဏ်သရေရှိ အမျိုးသမီးများနှင့် အမျိုးသားများ ခင်ဗျာ၊ ခင်ဗျားတို့ရဲ့ ဘဝတစ်သက်တာမှာ တစ်ကြိမ်သာ မြင်တွေ့ကြရမယ့် စိတ်လှုပ်ရှားမှုအတွက် ရှေ့ဘက်ကို လှမ်းကြွခဲ့ကြပါ။ ခင်ဗျားတို့ အခု မြင်တွေ့ကြရမယ့် မြင်ကွင်းဟာ မည်သည့်လူသားကမျှ မမြင်မတွေ့ဘူးသေးတဲ့မြင်ကွင်း ဖြစ်ပါတယ်။ ခင်ဗျားတို့ ဟာ ဒီစကြာဝဠာအတွင်းက အလွန် မယုံကြည်နိုင်စရာ ပစ္စည်းတစ်ခုကို မြင်တွေ့ ကြရပါလိမ့်မယ်။ အဲဒီပစ္စည်းဟာ တိရစ္ဆာန်တစ်ကောင်လည်း မဟုတ်ပါဘူး၊ ဟင်းသီးဟင်းရွက်တစ်ခုလည်း မဟုတ်ပါဘူး။ ဓာတ်သတ္တုပစ္စည်း တစ်ခုလည်း မဟုတ်ပါဘူး၊ အဲဒါက ဘာပါလိမ့်။ အဲဒီပစ္စည်းဟာ ဂြိုဟ်သားတစ်ယော ကြွင်းကျန်တဲ့ပစ္စည်း၊ အပြင်လောကဓာတ်ထဲက သတ္တဝါတစ်ခုရဲ့



www.burmeseclassic.com

www.burmeseclassic.com

တစ်ခု ဖြစ်ပါတယ်။ ဒါဟာ စိတ်ကူးယဉ်သိပ္ပံ မဟုတ်ပါ။

ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ အမျိုးသားများ ခင်ဗျား၊ ခင်ဗျားတို့ဟာ (ဟန်ဂေရီနိုင်ငံသုံး) ဖိုရင့် (၅၀၀) ပေးရုံမျှနဲ့ အဲဒီပစ္စည်းနဲ့ ယှဉ်တွဲပြီး ဓာတ်ပုံအရိုက် ခံနိုင်ကြပါပြီ"

ထိုကိစ္စက သူ့ကို သတိပြန်ရလာစေခဲ့ပါ၏။ ပန်းကန်ပြားပျံ ပျက်ကျသော နေရာတွင် ဓာတ်ပုံရိုက်ယူသွားခဲ့သော ဓာတ်ပုံဆရာက သူကတိပေးခဲ့သည့်အ တိုင်း ဓာတ်ပုံတစ်ပုံကို ပို့ဖို့ မမေ့ပါစေနှင့်ဟု သူ တွေးလိုက်မိသည်။ သူက ထိုဓာတ်ပုံကို ပုံကြီးချဲ့ပြီး သူပြထားမည့် ပစ္စည်းနံဘေးတွင် ထားရှိမည်။ ဒါဆိုရင် အလွန်ကောင်းမွန်တဲ့ အစီအစဉ်တစ်ရပ် ဖြစ်သွားပါလိမ့်မည်။ အပြကောင်းဖို့ တော့ လိုသည်။ 'ဘ၀' ဆိုတာ ဒါပဲ ဖြစ်သည်။ အပြကောင်းဖို့တော့ လိုပါသည်။

သူသည် ဟန်ဂေရီနိုင်ငံသို့ ချက်ချင်း ပြန်သွားပြီး သူ၏ကြီးကျယ်သော အကြံအစည်ကြီးကို ချက်ချင်း အကောင်အထည်ဖော်လိုစိတ် ဖြစ်ပေါ်နေတော့ တော့သည်။

သူသည် နေအိမ်သို့ ပြန်ရောက်သွားပြီး လက်ကိုင်ပ၀ါကို ဖြေချလိုက် သည့်အခါ ထိုလက်ပြတ်ကလေးသည် ခြောက်ကပ်ရှုံ့တွသွားသည်ကို တွေ့ လိုက်ရလေ၏။ သို့ရာတွင် ဘွတ်ရှ်ဖက်ကက်တီက ပေကျံနေသော အမှိုက် သရိုက်များကို ရေနှင့်ဆေးချလိုက်သည့်အခါတွင်မူ ထိုလက်ပြတ်ကလေးသည် အံ့သြစရာကောင်းလောက်အောင် မူလပုံစံအတိုင်း ပြည့်ပြည့်ဖြိုးဖြိုး ပြန်ဖြစ်လာ သည်ကို တွေ့ရတော့သည်။

ဘွတ်ရှ်ဖက်ကက်တီသည် ထိုလက်ပြတ်ကလေးကို လုံခြုံစွာ ဝှက်သိမ်း လိုက်ပြီး စိုထိုင်းကိရိယာ တပ်ဆင်ထားသည့် လူ့အထင်ကြီးလောက်သော မှန် သေတ္တာကလေးတစ်လုံးကို ထိုလက်ပြတ်ကလေးအတွက် အထူးတလည် မှာ ကြားထားသည်။ သူက ထိုလက်ပြတ်ကလေးကို သူ၏နယ်လှည့်ပြပွဲတွင် ပြသ၍ ပြီးစီးသွားသောအခါ ဥရောပတိုက်တစ်ခွင်သို့ ထိုလက်ပြတ်ကလေးနှင့်အတူ ခရီးလှည့်လည် သွားလာရန် စီစဉ်ထားသည်။ ကမ္ဘာအနှံ့ ခြေဆန့်မည် ဖြစ်သည်။ သူက ပြတိုက်များတွင် ထိုပစ္စည်းကလေးကို ထားရှိပြသမည်။ သူက သိပ္ပံပညာ ရှင်များနှင့် နိုင်ငံအကြီးအကဲများကိုပင် သီးသန့် ပြသပေးမည်။ ပြီးတော့ သူက ထိုကဲ့သို့ ပြသရမှုအတွက် အားလုံးထံမှ တန်ရာတန်ကြေး တောင်းမည်။ သူ့အနေ နှင့် ရရှိလာမည့် စည်းစိမ်ချမ်းသာတို့မှာ ဆုံးနိုင်ဖွယ် မရှိတော့ပါချေ။

သူသည် ထိုကိစ္စနှင့် ပတ်သက်၍ မည်သူ့ကိုမျှ ဖွင့်မပြောခဲ့ပါ။ သူ့ချစ်သူ မာရီကာကိုပင် ပြောမပြခဲ့ပါ။ မာရီကာသည် မြွေမျိုးနွယ်တွင် အဆိပ်အပြင်းဆုံး မြွေများဖြစ်ကြသည့် မြွေဟောက်များ၊ လေမှုတ်အက်ဒါ မြွေပွေးများနှင့် ဆော့ ကစားပြသူ ဖြစ်သည်။ ထိုမြွေဟောက်များ၊ လေမှုတ်အက်ဒါ မြွေပွေးများ၏ အဆိပ်အိတ်များကိုမူ ထုတ်ယူထားပါသည်။ သို့ရာတွင် ဘွတ်ရှ်ဖက်ကက်တီသည် မြွေဆိပ်ထုတ်မထားသော မြွေဟောက်တစ်ကောင်ကိုပါ ထားရှိပြီး ကြွက်များထို့ အသေပေါက်သတ်ပြစေလေ့ရှိသောကြောင့် အခြားမြွေများထံမှ အဆိပ်ထုတ်ယူ ထားကြောင်း ပရိသတ်က မသိကြပါ။ အ၀တ်အစားကို မလုံ့တလုံ ၀တ်ဆင်ထား သော မာရီကာ၏ စွဲမက်စရာကောင်းသော ခန္ဓာကိုယ်ပေါ်မှ မြွေများ တွန့်လိမ် ရစ်ပတ်၍ ကျော်ဖြတ်သွားနေကြသည်ကို ကြည့်ရှုပြီး ပရိသတ်က ရင်တမမဖြ





ဖြစ်ကြသည်မှာလည်း မဆန်းပါ။ မာရီကာသည် တစ်ပတ်လျှင် နှစ်ညသုံးညခန့် ဘွတ်ရှ်ဖက်ကက်တီ၏ ရွှက်ဖျဉ်တဲထဲသို့ လာရောက်ပြီး ချစ်တင်းနှီးနှောလေ့ရှိ သည်။ ဘွတ်ရှ်ဖက်ကက်တီ၏ အတွေးစဉ်သည် ဧည့်သည်တစ်ယောက်ကြောင့် ပြတ်တောက်သွားရတော့သည်။

"မစ္စတာ ဘွတ်ရှ်ဖက်ကက်တီပါလား"

"ခင်ဗျားစကားပြောနေတာ သူပါပဲ၊ ခင်ဗျားအတွက် ဘာများ ဆောင်ရွက် ပေးနိုင်ပါသလဲ"

"လွန်ခဲ့တဲ့ အပတ်က ခင်ဗျား ဆွစ်ဇာလန်နိုင်ငံမှာ ရှိခဲ့တယ်လို့ ကျုပ် သိရပါတယ်"

ဘွတ်ရှ်ဖက်ကက်တီသည် ချက်ချင်း စိတ်ဓာတ် ကျဆင်းသွားလေတော့ သည်။ လက်ပြတ်ကလေးကို ကောက်ယူသွားကြောင်း တစ်ယောက်ယောက်က မြင်တွေ့သွားလို့လား ဟု သူ တွေးမိပြန်၏။

"ဘာ . . . ဘာဖြစ်လို့လဲ"

"လွန်ခဲ့တဲ့ တနင်္ဂနွေနေ့က ခင်ဗျား ဘတ်စ်ကားနဲ့ ခရီးထွက်ခဲ့တယ် မဟုတ် လား"

ဘွတ်ရှ်ဖက်ကက်တီက သတိထားပြီး ဖြေလိုက်၏။

"ဟုတ်ပါတယ်"

ရောဘတ် ဘယ်လာမီ သက်သောင့်သက်သာ ဖြစ်သွားသည်။ နောက်ဆုံး တွင် ဤကိစ္စကြီး ပြီးဆုံးခဲ့ပါပြီ။ ဒီပုဂ္ဂိုလ်သည် နောက်ဆုံးသက်သေ ဖြစ်သည်။ သူသည် အလွန်ခက်ခဲသည့် လုပ်ငန်းတာ၀န်တစ်ရပ်ကို ထမ်းဆောင်ခဲ့ရပြီး အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် ချီးမွမ်းရမယ် ဆိုရင် သိပ်ကို မတရား ကောင်းမွန်တဲ့ဆောင်ရွက်ချက်ပဲ။ သူတို့ ဘယ်မှာ ရှိနေကြသလဲ ဆိုတာကို သိခဲ့ကြတာ မဟုတ်ဘူး။ သို့ရာတွင် သူက အားလုံးကို ရှာတွေ့ခဲ့ပါ သည်။ သူ့ပခုံးပေါ်မှ အလွန် ကြီးမားသည့် ၀န်ထုပ်၀န်ပိုးကြီး ကျဆင်းသွားသည် ဟု သူ ခံစားလိုက်ရသည်။ သူ အခု လွတ်လပ်ပါပြီ။ သူ့နေအိမ်သို့ လွတ်လွတ် လပ်လပ် ပြန်ပြီး ဘ၀အသစ်ကို စနိုင်ပါတော့မည်။

"အဲဒီခရီးနဲ့ ပတ်သက်ပြီး ဘာဖြစ်လို့လဲ ကိုယ့်လူ . . . "

"အဲဒါက အရေးမကြီးပါဘူးဗျာ"

ရောဘတ်က သူ့ကို ချွေးသိပ်သည်။ ယခုအချိန်တွင် ထိုကိစ္စသည် အရေး လည်း မကြီးတော့ပါ။

"ကျုပ်က ခင်ဗျားနဲ့အတူတူ ခရီးသွားခဲ့ကြသူတွေကို စိတ်၀င်စားတာပါ မစ္စတာ ဘွတ်ရှ်ဖက်ကက်တီ၊ ဒါပေမယ့် အခု ကျုပ်ဆီမှာ သိချင်တဲ့ အချက်အ လက်တွေ အားလုံးကို ရထားပြီဆိုတော့"

"အဲဒါလောက်ကတော့ ကျုပ်က သူတို့ အားလုံးရဲ့ အကြောင်းကို ပြောပြနိုင်တယ်ဗျာ"

လက်စလိုဘွတ်ရှ်ဖက်ကက်တီက ပြောလိုက်၏။

"အီတလီနိုင်ငံ အော်ဗိုက်တိုမြို့က အီတလီဘုန်းတော်ကြီးတစ်ပါး ပါတယ်။ ဂျာမန်လူမျိုးတစ်ယောက်၊ သူကတော့ မြူနစ်ချ်က ဓာတုဗေဒ [illegible] ဆာလို့ ကျုပ်ထင်တယ်။ ကိဗ်မြို့က စာကြည့်တိုက်မှာ အလုပ်လုပ်တဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

သမီးကလေးတစ်ဦး၊ တက်ဆက်ပြည်နယ် ဝါကိုက ခြံပိုင်ရှင်တစ်ဦး၊ ကနေဒါနိုင်ငံက ဘဏ်လုပ်ငန်းရှင်တစ်ဦးနဲ့ ဝါရှင်တန်ဒီစီက လွှတ်တော်ထဲမှာ မဲဆွယ်တဲ့ ပတ်ကားဆိုတဲ့ပုဂ္ဂိုလ်"

'မြတ်စွာဘုရား၊ တကယ်လို့သာ ငါက သူနဲ့အရင်ဆုံး တွေ့ခဲ့ရမယ်ဆိုရင် ငါ့အတွက် တော်တော် အချိန်ကုန် သက်သာသွားမှာပဲ၊ ဒီလူဟာ အံ့ဩဖို့ သိပ်ကောင်းတယ်၊ သူက အားလုံးကို မှတ်မိတယ်'ဟု ရောဘတ်က တွေးလိုက်၏။

ရောဘတ်၏နှုတ်ကမူ -

"ခင်ဗျားက မှတ်ဉာဏ်တော်တော်ကောင်းတာပဲ"

"ဟုတ်တယ်ဗျ"

ဘွတ်ရှ်ဖက်ကက်တီက ပြုံးလိုက်သည်။

"ပြီးတော့လည်း ဟိုအမျိုးသမီးတစ်ယောက် ရှိသေးတယ်"

"ရုရှားအမျိုးသမီးလေ"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ နောက် အမျိုးသမီးတစ်ယောက် ရှိသေးတယ်၊ သူက အဖြူရောင်ကို ဝတ်ထားပြီး အရပ်ခပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးပဲ"

ရောဘတ်က ခေတ္တမျှ စဉ်းစားလိုက်၏။ အခြားမည်သူကမျှ ဒုတိယအမျိုးသမီးအကြောင်း မပြောခဲ့ကြပါ။

"ခင်ဗျား မှားနေပြီနဲ့တူတယ်"

"ဟင့်အင်း၊ ကျုပ် မမှားပါဘူး"

ဘွတ်ရှ်ဖက်ကက်တီကလည်း ခေါင်းခါသည်။

"အမျိုးသမီးနှစ်ယောက်ကို ပါတယ်"

ရောဘတ်သည် စိတ်ထဲက ရေတွက်ကြည့်လိုက်၏။ ပေါင်းကြည့်၍မရပါ။

"ဖြစ်ကို မဖြစ်နိုင်ဘူးဗျ"

ဘွတ်ရှ်ဖက်ကက်တီကို ရန်စသလို ဖြစ်သွားသည်။

"ဟို ဓာတ်ပုံဆရာက ကျုပ်တို့အားလုံးကို ယူအက်ဖ်အိုရှေ့မှာ ဓာတ်ပုံရိုက်ခိုင်းတဲ့ အခါကျတော့ သူက ကျုပ်နံဘေးမှာ ရပ်နေခဲ့တာဗျ၊ သူက တကယ်ချောတယ်ဗျာ"

သူ ရပ်တန့်လိုက်သည်။

"ရယ်စရာကောင်းတာ တစ်ခုကတော့ သူ့ကို ကျုပ် ဘတ်စ်ကားပေါ်မှာ မမြင်မိခဲ့ဘူး၊ သူက နောက်ဘက်တစ်နေရာရာမှာ ထိုင်နေတာ ဖြစ်ရမယ်၊ သူ့ကို ကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့၊ ကျုပ်က သူ့အတွက် နည်းနည်းတောင် စိတ်ပူသွားမိခဲ့သေးတယ်"

ရောဘတ် မျက်မှောင်ကုတ်လိုက်သည်။

"ခင်ဗျားတို့အားလုံး ဘတ်စ်ကားကို ပြန်လာကြတော့ သူ ခင်ဗျားနဲ့ ပါလာသေးသလား"

"အဲဒါကို ပြန်စဉ်းစားကြည့်လိုက်တဲ့အခါကျတော့ အဲဒီနောက်ပိုင်းမှာ သူ့ကို မတွေ့ရတော့ဘူး၊ ဒါပေမယ့် ကျုပ်က အဲဒီ ယူအက်ဖ်အိုကြောင့် အရမ်းစိတ်လှုပ်ရှားနေတယ်၊ ကျုပ်က သိပ်ပြီး သတိလည်း မထားမိတော့ဘူး"

ဒီကိစ္စတွင် အံဝင်ခွင်ကျ မဖြစ်သည့် အချက်တစ်ချက် ရှိနေသည်။

'သက်သေက ဆယ်ယောက်အစား ဆယ့်တစ်ယောက်များ ဖြစ်နေရော့





သလား၊ ငါ အဲဒါကို ထပ်စုံစမ်းကြည့်ရလိမ့်မယ်' ဟု ရောဘတ်က တွေးလိုက်၏။

"ကျေးဇူးတင်ပါတယ် မစ္စတာ ဘွတ်ရှ်ဖက်ကက်တီ"

"ကျုပ်ကလည်း ပြောပြချင်ပါတယ်ဗျာ"

"ကံကောင်းပါစေ"

ဘွတ်ရှ်ဖက်ကက်တီက ပြုံးလိုက်၏။

"ကျေးဇူးပါပဲ"

သူ့အတွက် ကံကောင်းစရာ မလိုပါ။ နောက်ထပ် ကံကောင်းဖို့ မလိုတော့ပါ။ သူ့လက်ထဲတွင် ဂြိုဟ်သားအစစ်တစ်ယောက်၏ လက်ပြတ်ကလေးတစ်ဖက် ရှိနေသမျှ ကံကောင်းဖို့ မလိုတော့ပါ။

ထိုညတွင် ရောဘတ်ဘယ်လာမီသည် ဂျင်နရယ်ဟီးလီးယဒ်ထံ နောက်ဆုံး အစီရင်ခံလိုက်သည်။

"ကျွန်တော် သူ့နာမည်ကို သိရပါပြီ၊ သူ့နာမည်က လက်စလို ဘွတ်ရှ်ဖက်ကက်တီ၊ သူက ဟန်ဂေရီနိုင်ငံ ဆိုပရွန်မြို့ အပြင်ဘက်မှာ နယ်လှည့်ပြပွဲတစ်ခုကို ပြသနေပါတယ်"

"အဲဒါက နောက်ဆုံး သက်သေပဲလား"

ရောဘတ်သည် ခေတ္တမျှ တွန့်ဆုတ်သွားပြီးနောက် -

"ဟုတ်ပါတယ် ခင်ဗျာ" ဟု ပြောလိုက်သည်။

သူက ရှစ်ယောက်မြောက် ခရီးသည်တစ်ဦး ရှိနေကြောင်း စတင်၍ ပြောရန် ဟန်ပြင်ပြီးမှ သူ ထိုကိစ္စကို စုံစမ်းမေးမြန်းပြီးသည်အထိ စောင့်ဆိုင်းထားရန် ဆုံးဖြတ်လိုက်သည်။ ထိုကိစ္စမှာ မဖြစ်နိုင်သည့် ကိစ္စလည်း ဖြစ်နေသည်။

"ကျေးဇူးတင်ပါတယ် ကွန်မန်ဒါ၊ မင်း ဆောင်ရွက်ချက် သိပ်ကောင်းပါတယ်"

ချက်ချင်းအကြောင်းကြားချက်၊
အထူး ထိပ်တန်းလျှို့ဝှက်
အင်အက်စ်အေမှ အိပ်ချ်အာကြူ ဒုတိယညွှန်မှူးထံ
ကိုယ်တိုင် ဖတ်ရှုရန် အတွက်သာ
မိတ္တူတစ်ရွက်တည်းသာ

အကြောင်းအရာ ။ ။ ကမ္ဘာဖျက်စီးမှုချက်

တစ်ဆယ် - လက်စလိုဘွတ်ရှ် ဖက်ကက်တီ၊
ဆိုပရွန်။
အကြောင်းကြားချက် ပြီးဆုံး။

နယ်လှည့်ပြပွဲ ပြီးစီးချိန် ညကြီးမင်းကြီးတွင် သူတို့ ရောက်ရှိလာကြသည်။ သူတို့သည် နောက်ထပ် ဆယ့်ငါးမိနစ်ကြာသောအခါ လာစဉ်ကလိုပင် တိတ်တိတ်ကလေး ပြန်လည် ထွက်ခွာသွားကြသည်။

လက်စလိုဘွတ်ရှ် ဖက်ကက်တီက သူသည် အလွန် ကြီးမားသော ရှင်


www.burmeseclassic.com

www.burmeseclassic.com

ထည်တဲဖြူကြီး၏ အဝင်အဝ၌ မတ်တတ်ရပ်ရင်း ဖိုရင့် ၅၀၀ တန် ဝင်ခွင့်လက်မှတ်များကို ဝယ်ရန် လက်မှတ်ရုံတွင် တန်းစီနေသူ အမြောက်အမြားအား စောင့်ကြည့်နေသည်ဟု အိပ်မက် မက်နေသည်။

'ဒီဘက်ကို လာကြပါ ကိုယ့်လူတို့၊ ပြင်ပကမ္ဘာက ဂြိုဟ်သားအစစ် တစ်ယောက်ရဲ့ ခန္ဓာကိုယ် အပိုင်းအစတစ်ခုကို လာကြည့်ကြပါ။ ပုံဆွဲထားတာလည်း မဟုတ်ဘူး၊ ဓာတ်ပုံရိုက်ထားတာလည်း မဟုတ်ဘူး၊ တကယ့် အီးတီ (ဂြိုဟ်သား) တစ်ယောက်ရဲ့ တကယ့်အစိတ်အပိုင်းပါ။ ဖိုရင့်ငါးရာ ပေးရုံမျှနဲ့ တစ်သက်မှာ တစ်ကြိမ်သာ တွေ့ရမယ့်၊ ဘယ်တော့မှ မေ့မရနိုင်မယ့် မြင်ကွင်းကို တွေ့ကြရပါလိမ့်မယ်'

ထို့နောက် သူသည် မာရီကာနှင့် ချစ်တင်းနှီးနှောနေရသည်ဟု အိပ်မက်မက်ပြန်သည်။ သူက မာရီကာ၏လက်ကို ဆွဲကိုင်ရာ သူသည် ပျော့စိအေးစက်နေသော ချွဲကျိကျိ အရာတစ်ခုကို ကိုင်မိလိုက်သောကြောင့် အိပ်ရာမှ နိုးလာပြီး မျက်လုံးကို ဖွင့်လိုက်မိသည်။

သူက စူးစူးဝါးဝါး အော်ဟစ်လိုက်လေ၏။ ထိုအချိန့်တွင် မြွေဟောက်က သူ့ကို ပေါက်လိုက်လေတော့သည်။

နံနက်ခင်းသို့ရောက်မှ သူ့အလောင်းကို တွေ့ကြရသည်။ မြွေဆိပ် မထုတ်ရသေးသောမြွေဟောက်ကို ထားရှိသည့်လှောင်အိမ်မှာ ဟောင်းလောင်း ဖြစ်နေလေသည်။

ချက်ချင်းအကြောင်းကြားချက်
အထူးထိပ်တန်းလျှို့ဝှက်
အိပ်ချ်အာကြူထံမှ အင်အက်စ်အေ ဒုတိယညွှန်မှူးထံ
ကိုယ်တိုင်ဖတ်ရှုရန်အတွက်သာ
**မိတ္တူတစ်ရွက်တည်းသာ**

အကြောင်းအရာ ။ ။ **တမ္ဗာဖျက်စီမံချက်**

တစ်ဆယ် - လက်စလိုဘွတ်ရှ်ဖက်ကက်တီ၊
ဆိုပရွန်။

ရှင်းလင်းပြီးပါပြီ။

အကြောင်းကြားချက် ပြီးဆုံး။

ဂျင်နရယ် ဟီးလီးယဒ်က အနီရောင်တယ်လီဖုန်းနှင့် ဆက်သွယ်လိုက်သည်။

"ဂျေးနပ်စ်၊ ကွန်မန်ဒါ ဘယ်လာမီထံက နောက်ဆုံး အစီရင်ခံချက်ကို ကျုပ်ရရှိပါပြီ။ သူက နောက်ဆုံးသက်သေကို ရှာတွေ့ပြီးပါပြီ။ သူတို့ အားလုံးလည်း ရှင်းလင်းပြီးပါပြီ"

"သိပ်ကောင်းတယ်။ ကျုပ်က ကျန်ပုဂ္ဂိုလ်တွေကို အကြောင်းကြားလိုက်မယ်။ ခင်ဗျားက ကျုပ်တို့ရဲ့ ကျန်တဲ့ အစီအစဉ်အတိုင်း ဆက်ပြီး ဆောင်ရွက်စေချင်တယ်"

"ချက်ချင်း ဆောင်ရွက်ပါ့မယ်"





ချက်ချင်းအကြောင်းကြားချက်
အထူးထိပ်တန်းလျှို့ဝှက်
အင်အက်စ်အေမှ စီဟာ၊ အမ်အိုင်ခြောက်၊ ကေဂျီဘီ၊
စီအိုင်အေ၊ ကွန်ဆက်၊ ဒီစီအိုင်၊ စီကျီအိပ်ချ်ကြူ၊ ဘီအက်ဖ်ပီဗွီ
ဒုတိယညွှန်မှူးများထံ
ကိုယ်တိုင်ဖတ်ရှုရန် အတွက်သာ
**မိတ္တူတစ်ရွက်တည်းသာ**

အကြောင်းအရာ ။ ။ **ကမ္ဘာဖျက်စီမံချက်**

တစ်ဆယ့်တစ် - ကွန်မန်ဒါရောဘတ်ဘယ်လာမီ၊
ရှင်းပစ်လိုက်ပါ။

အကြောင်းကြားချက် ပြီးဆုံး။

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

## စာအုပ်အမှတ် နှစ်

### သားကောင်

### အခန်း သုံးဆယ့်ငါး

ဆယ့်ငါးရက်မြောက်နေ့

ရောဘတ် ဘယ်လာမီသည် စိတ်နှစ်ခွ ဖြစ်နေသည်။ ဆယ့်တစ်ယော… မြောက် သက်သေ ရှိနိုင်ပါ့မလား။ တကယ်လို့ ရှိခဲ့ရိုးမှန်လျှင် အခြား သက်သေ… များက အဘယ်ကြောင့် ထုတ်မပြောခဲ့ကြလေသနည်း။ လက်မှတ်ရောင်းသော… စာရေးက ဘတ်စ်ကားခရီးသည်မှာ ခုနစ်ယောက်သာ ဖြစ်သည်ဟု ဆိုသည်… ရောဘတ် အနေနှင့် ဟန်ဂေရီနိုင်ငံသား နယ်လှည့်ပြပွဲ ပိုင်ရှင်က မှားယွင်း… ပြောပြခဲ့သည်ဟု တထစ်ချ ယုံကြည်လိုက်သည်။ ထိုကိစ္စကို မသိကျိုးကျွန်… လုပ်လိုက်ရန် လွယ်ကူပါသည်။ သို့ရာတွင် ရောဘတ်အနေနှင့် လေ့လာ သင်… ကြားခဲ့မှုများက ထိုကဲ့သို့ လုပ်ခွင့်မပြုပါ။ ရောဘတ်သည် စည်းစနစ် မှန်၊ မမှန်… စုံစမ်းစစ်ဆေးရပါလိမ့်မည်။

'ဘယ်လို စုံစမ်းစစ်ဆေးမှာလဲ' ဟု ရောဘတ်က တွေးလိုက်၏။

ဟန်စ်ဘက်ကာမင်ကို မေးရမည်။ ဘတ်စ်ကား မောင်းသူကတော့ သိ… ပေလိမ့်မည်။

သူက ဆန်းရိုင်းတိုး ဘတ်စ်ကားကုမ္ပဏီသို့ တယ်လီဖုန်း ဆက်လိုက်… သည်။ ရုံးပိတ်ထားသည်။ ကတ်ပဲလ်ကျေးရွာတွင်လည်း ဟန်စ်ဘက်ကာမင်… အမည်နှင့် တယ်လီဖုန်း မရှိချေ။

'ငါ ဆွစ်ဇာလန်ကို ပြန်သွားပြီး ဒီကိစ္စကို ရှင်းမှ ဖြစ်တော့မည်။ ငါ… လက်စမသတ်ဘဲ ချန်မထားခဲ့သင့်' ဟု ရောဘတ်က တွေးလိုက်သည်။

ဇူးရစ်ချ်သို့ ရောဘတ်ဘယ်လာမီ ရောက်ရှိလာချိန်မှာ အတော်ကလေး… ညဉ့်နက်နေလေပြီ။ လေက သန့်ရှင်းလတ်ဆတ်ပြီး အေးမြနေသည်။ လမင်း… ကြီးကလည်း ပြည့်ပြည့်ဝဝ သာနေသည်။

ရောဘတ်သည် မော်တော်ကားတစ်စီးကို ငှားလိုက်ပြီး ယခုအချိန်တွင်… လမ်းသိနေပြီ ဖြစ်သောကြောင့် ကတ်ပဲလ်ကျေးရွာဆီသို့ သူ မောင်းနှင်သွားတော…






သည်။ သူက ဘုရားရှိခိုးကျောင်းကို ကျော်လွန်ပြီးနောက် ဟန်စ်ဘက်ကာမင်၏ အိမ်ရှေ့၌ ထိုးရပ်လိုက်၏။ သူ့စိတ်ထဲတွင်မူ အဓိပ္ပာယ်မရှိသော ကိစ္စနောက်သို့ လိုက်လံ စုံစမ်းနေမိသည်ဟု ထင်နေဆဲပင်။

ထိုအိမ်ကြီးသည် မှောင်မည်းနေသည်။ ရောဘတ်က တံခါးကို ခေါက်ပြီး စောင့်နေလိုက်သည်။ သူက နောက်တစ်ကြိမ် ထပ်ခေါက်လိုက်၏။ အေးမြနေသောလေကြောင့် သူ ခိုက်ခိုက်တုန်သွားသည်။

နောက်ဆုံးတွင် မစ္စစ်ဘက်ကာမင်က တံခါးကို ဖွင့်ပေးသည်။ သူသည် အရောင်လွင့်နေသော ဖလန်နယ် ညဝတ်အင်္ကျီကို ဝတ်ဆင်ထားသည်။

"ဘာများပါလိမ့်"

"မစ္စစ်ဘက်ကာမင်၊ ခင်ဗျား ကျုပ်ကို မှတ်မိသလား မသိဘူး။ ကျုပ်က ဟန်စ်အကြောင်း ဆောင်းပါးရေးနေတဲ့ သတင်းထောက်ပါ။ ခင်ဗျားကို အခုလို သိပ်နောက်ကျမှ ဒုက္ခနှောင့်အယှက်ပေးရတဲ့အတွက် ဝမ်းနည်းပါတယ်။ ဒါပေမယ့် ကျုပ်က ခင်ဗျားယောက်ျားနဲ့ အရေးတကြီး စကားပြောချင်ပါတယ်"

သူပြောသည့် စကားအတွက် အဖြေ ပြန်မရပါ။

"ဘယ်လိုလဲ မစ္စစ်ဘက်ကာမင်"

"ဟန်စ် သေရှာပြီ"

ရောဘတ်အနေနှင့် အနည်းငယ် တုန်လှုပ်သွားသည်။

"ဘာပြောတယ်"

"ကျွန်မယောက်ျား ဆုံးပြီ"

"ကျုပ် ကျုပ် ဝမ်းနည်းပါတယ်ဗျာ၊ ဘယ်လို ကွယ်လွန်သွားတာလဲ"

"သူ့မော်တော်ကားဟာ တောင်ပေါ်ကနေပြီး အောက်ဘက်ကို ထိုးကျသွားတယ်"

သူ့လေသံတွင် နာကြည်းခံပြင်းမှုများ ပါဝင်နေသည်။

"ပုလိပ်အဖွဲ့က သူ မူးယစ်ဆေးဝါး အလွန်အကျွံ သုံးစွဲပြီး သေခဲ့ရတာတဲ့"

မူးယစ်ဆေးဝါးတဲ့လား။

'ကျုပ် ခင်ဗျားကို ဘာယမကာနဲ့မှ ခွဲမခံနိုင်တာ ဝမ်းနည်းပါတယ်ဗျာ။ ကျုပ်က အာလ်ဆာ (အစာအိမ်ရောဂါ) ရှိတယ်။ ဆရာဝန်တွေက နာကျင်တဲ့ ဝေဒနာ သက်သာသွားအောင်တောင် ဘာဆေးမှ ပေးလို့ မရဘူး။ ကျုပ်က အဲဒီဆေးတွေ အားလုံးနဲ့ မတည့်ဘူး' ဟု ပြောခဲ့သော ဟန်စ်ဘက်ကာမင်၏ စကားသံကို ပြန်သတိရလာသည်။

"ပုလိပ်တွေက အဲဒီကိစ္စဟာ မတော်တဆ ဖြစ်တာလို့ ပြောပါသလား"

"ပြောပါတယ်"

"သူတို့က ခွဲစိတ်ပြီး စစ်ဆေးကြသေးသလား"

"လုပ်ကြပါတယ်၊ သူတို့က မူးယစ်ဆေးဝါးတွေကို တွေ့ကြတယ်တဲ့။ အဓိပ္ပာယ်မရှိလိုက်တာရှင်"

ရောဘတ်အနေနှင့် မဖြေတတ်ပါ။

"ကျုပ် သိပ်ကို ဝမ်းနည်းပါတယ် မစ္စစ်ဘက်ကာမင်၊ ကျုပ် . . . "

တံခါးပြန်ပိတ်သွားပါပြီ။ ရောဘတ်သည် အေးမြသောညအချိန်တွင် ဘာစ်ယောက်တည်း မတ်တတ်ရပ်ရင်း ကျန်ရစ်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သက်သေတစ်ယောက်တော့ ရှင်းသွားလေပြီ။ မဟုတ်သေးဘူး။ သက်သေနှစ်ယောက်။ လက်စလီမားသားရှက်သည်လည်း မီးလောင်မှုဖြစ်ပြီး သေခဲ့ရသည်။ ရောဘတ်သည် ထိုနေရာတွင် အကြာကြီး ရပ်နေမိသည်။

သက်သေနှစ်ယောက် သေဆုံးခဲ့လေပြီ။ ယာတော (သင်တန်းကျောင်း)တွင် သင်ကြားပို့ချသောဆရာ၏အသံကို သူ ပြန်လည် ကြားယောင်လာမိသည်။

'ကျုပ် ခင်ဗျားတို့ကို ဒီကနေ့ ဆွေးနွေးပို့ချချင်တဲ့ အချက်တစ်ချက် ရှိသေးတယ်။ တိုက်ဆိုင်မှုပဲ။ ကျုပ်တို့လုပ်ငန်းမှာ အဲဒါမျိုး လုံးဝ မရှိဘူး။ အဲဒါဟာ အန္တရာယ်ဖြစ်ကြောင်း အမြဲတစေ ဖော်ပြလေ့ရှိတယ်။ ခင်ဗျားဟာ လူတစ်ယောက်ကို ထပ်ခါတလဲလဲ တွေ့နေရရင် ဒါမှမဟုတ် ခင်ဗျား လှုပ်ရှားသွားလာတုန်း မော်တော်ကားတစ်စီးကို ထပ်ခါတလဲလဲ တွေ့နေရရင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပေတော့။ ခင်ဗျားဟာ အန္တရာယ်စက်ကွင်းထဲ ရောက်နေနိုင်တယ်'

'အန္တရာယ်စက်ကွင်းထဲ ရောက်နေနိုင်တယ် . . .'

ရောဘတ်သည် ဆန့်ကျင်ဘက် စိတ်ခံစားမှုများကို တသီတတန်းကြီး ခံစားနေရသည်။

'အခု ဖြစ်ပျက်ခဲ့တာတွေဟာ မတော်တဆ တိုက်ဆိုင်မှုတွေသာ ဖြစ်ရမယ်။ သို့တိုင်အောင် သူ့အနေနဲ့ ဟို ဆန်းကြယ်တဲ့ခရီးသည်ကိုတော့ ထပ်ပြီး စစ်ဆေးကြည့်ရဦးမှာပဲ' ဟု တွေးလိုက်မိသည်။

သူ ပထမဦးဆုံး တယ်လီဖုန်းဆက်သည့်နေရာမှာ ကနေဒါနိုင်ငံမှ မြို့ စမစ်ပင် ဖြစ်သည်။ စိတ်ချောက်ချားနေသော အမျိုးသမီးတစ်ယောက်က တယ်လီဖုန်းကို လာရောက် အဖြေပေးသည်။

"ဟုတ်ကဲ့ရှင့်"

"ဝီလီယံမန်းနဲ့ စကားပြောပါရစေ"

အသံရှင်က မျက်ရည်လည်ရွဲနှင့် ဖြေလိုက်၏။

"ကျွန်မ ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မ ယောကျ်ားဟာ ကျွန်မတို့နဲ့ အတူ ရှိမနေတော့ပါဘူး"

"ကျုပ်တော့ နားမလည်တော့ဘူးဗျာ"

"သူ သူ့ကိုယ်သူ သတ်သေသွားတယ်"

'သတ်သေသွားတယ်တဲ့လား။ အင်မတန် နှလုံးသား မာကျောတဲ့ ဘဏ် လုပ်ငန်းရှင်ကလား၊ ဘာတွေ ဖြစ်နေကြတာလဲ' ဟု ရောဘတ်က တွေးမိတော့သည်။ သူ တွေးမိသည့်ကိစ္စမှာ တွေးတောရန်ပင် မသင့်လျော်ပါချေ။

သို့တိုင်အောင် သူသည် တစ်နေရာပြီး တစ်နေရာဆီသို့ တယ်လီဖုန်းနှင့် ဆက်သွယ်၍ နေမိလေတော့သည်။

"ပရော်ဖက်ဆာရှမစ်နဲ့ ပြောပါရစေ"

"ပရော်ဖက်ဆာကြီးဟာ ဓာတ်ခွဲခန်းထဲမှာ ပေါက်ကွဲမှုဖြစ်ပြီး သေဆုံးသွားပါတယ်"

❑

"ကျုပ် ဒန်ဝိန်းနဲ့ စကားပြောချင်ပါတယ်"





"သနားစရာကောင်းတဲ့လူပဲဗျာ၊ ဆုတွေ အများကြီး ရထားတဲ့ မြင်းထိန်းကြီးက သူ့ကို ကန်ကျောက်လိုက်တဲ့အတွက် သူ သေရှာပြီ"

❑

"လက်စလိုဘွတ်ရှ် ဖက်ကက်တီနဲ့ ပြောပါရစေ"

"နယ်လှည့်ပြပွဲကို ပိတ်ထားပါတယ်။ လက်စလိုလည်း သေဆုံးသွားပါပြီ"

❑

"ဖရစ်ဇ်မန်ဒယ်နဲ့ ပြောပါရစေ"

"ဖရစ်ဇ်ဟာ မတော်တဆ ဖြစ်ပြီး သေဆုံးသွားပါတယ်"

အန္တရာယ် အချက်ပေးခေါင်းလောင်းသံများကို ဆူညံစွာ သူ ကြားနေရလေပြီ။

❑

"အောလ်ဂါရှို မန်ချန်ကိုနဲ့ ပြောပါရစေ"

"သနားစရာကောင်းတဲ့ ကလေးမပဲကွယ်၊ သူ့ခမျာ အသက်ငယ်ငယ်ကလေးနဲ့ . . ."

❑

"ကျုပ် ဖာသာ ပါတရီနီနဲ့ ပြောပါရစေ"

"သူ မထသောအိပ်ခြင်းနဲ့ ပျံလွန်တော်မူသွားပါပြီ"

❑

"ကျုပ် ကီဗင်ပတ်ကားနဲ့ ပြောချင်ပါတယ်"

"ကီဗင် အသတ်ခံခဲ့ရပါတယ်"

သေခဲ့ကြရပြီ။

မျက်မြင်သက်သေ အားလုံး သေခဲ့ကြရလေပြီ။ သူက ထိုမျက်မြင်သက်သေ အားလုံးကို လိုက်လံရှာဖွေပြီး အတည်ပြုပေးခဲ့သူ ဖြစ်သည်။

အဲဒီလို ဖြစ်ပျက်နေတာကို သူ အဘယ်ကြောင့် မသိခဲ့ရလေသနည်း။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီငတိတွေက သူတို့ရဲ့ ယင်ကောင်တွေကို မသုတ်သင်ခင် ရောဘတ်တစ်ယောက် အဲဒီနိုင်ငံထဲက ထွက်ခွာသွားသည်အထိ စောင့်နေခဲ့ကြသို့ပဲ။ သူ သတင်းပို့ခဲ့သူမှာ ဂျင်နရယ် ဟီးလီးယဒ် တစ်ယောက်တည်းသာ ဖြစ်သည်။

'ခုကိစ္စမှာ ငါတို့က ဘယ်သူတွေနဲ့မှ မပတ်သက်ဘူး။ မင်းရဲ့ တိုးတက်မှုကို ငါ့ဆီ နေ့တိုင်း အစီရင်ခံစေချင်တယ်'

မျက်မြင်သက်သေတွေကို ရှာဖွေပေးဖို့ သူတို့က သူ့ကို အသုံးချခဲ့ကြသည်။ ဒီကိစ္စ၏နောက်ကွယ်မှာ ဘာတွေများ ရှိနေလေသနည်း။ အော်တိုရှုမစ်သည် ဂျာမနီတွင် အသတ်ခံခဲ့ရသည်။ ဟန်စ်ဘက်ကာမင်နှင့် ဖရစ်မန်ဒယ်တို့သည် ဆွစ်ဇာလန်၌ အသတ်ခံခဲ့ကြရသည်။

အောလ်ဂါရိုမန်ချန်ကိုက ရုရှားမှာ၊ ဒန်ဝိန်းနှင့် ကီဗင်ပတ်ကားတို့က အမေရိကန် ပြည်ထောင်စုမှာ၊ ဝီလီယံမန်းက ကနေဒါမှာ၊ လက်စလီမားသားရှက်က ဘင်္ဂလန်မှာ၊ ဖာသာပါတရီနီက အီတလီမှာ၊ လက်စလိုဘွတ်ရှ် ဖက်ကက်တီက



www.burmeseclassic.com

www.burmeseclassic.com

ဟန်ဂေရီမှာ အသတ်ခံခဲ့ရသည်။

ဒါဆိုရင် ခြောက်နိုင်ငံထက် မနည်းသောနိုင်ငံများမှ ထောက်လှမ်းရေးအေဂျင်စီများသည် အကြီးမားဆုံး ဖုံးဖုံးဖိဖိလုပ်မှုကြီးတစ်ခုတွင် ပါဝင် ပတ်သက်နေကြသည်။

ယူအက်ဖ်အို ပျက်ကျသည်ကို မျက်မြင်ကိုယ်တွေ့မြင်ခဲ့ရသူ အားလုံးထဲမှ အလွန် အဆင့်မြင့်သောနေရာ၌ ရှိနေသူတစ်ဦးက သေဒဏ်ချမှတ်နေသည်။ အဲဒီ ပုဂ္ဂိုလ်ဟာ ဘယ်သူလဲ။ ဘာကြောင့်လဲ။

ထိုကိစ္စမှာ နိုင်ငံတကာနှင့် သက်ဆိုင်နေသော ပူးပေါင်းလုပ်ကြံမှုကြီး ဖြစ်သလို သူသည် ထိုကိစ္စကြီးထဲ၌ ပါဝင်ပတ်သက်နေသည်။

***အရေးကြီးဆုံးအချက်***
***အသွင်ပြောင်းဘဝကိုခံယူပါ***

ရောဘတ်ကိုလည်း သူတို့က သတ်ပစ်ရန် ရည်ရွယ်သည်ဟု ရောဘတ် အနေနှင့် မယုံကြည်မိပါ။ ရောဘတ်သည်လည်း သူတို့ အဖွဲ့ဝင်တစ်ဦးပင် ဖြစ်သည်။ သို့ရာတွင် သူ့အနေနှင့် သေသေချာချာ တိတိကျကျ မသိရသေးဘဲနှင့် သူသည် လက်လွှတ်စပယ် မဖွင့်စားရဲပါ။ သူ့အနေနှင့် ပထမဦးဆုံး ဆောင်ရွက် ရမည့်ကိစ္စမှာ နိုင်ငံကူးလက်မှတ်အတုတစ်ခု ရရှိရေးပင် ဖြစ်တော့သည်။

သို့ဆိုပါက သူသည် ရောမမြို့မှ ရီကိုထံ သွားရပေမည်။

ရောဘတ်သည် နောက်ထွက်သည့် လေယာဉ်ပျံနှင့် လိုက်ပါသွားပြီး အိပ် မပျော်အောင် ကိုယ့်ကိုယ်ကိုယ် အတင်း ထိန်းနေရသည်။ သူသည် မည်မျှ လောက်အထိ ပင်ပန်းနွမ်းနယ်နေကြောင်း သူ့ကိုယ်သူ သတိမထားမိခဲ့ပါ။ လွန် ခဲ့သော ဆယ့်ငါးရက်အတွင်းက စိတ်ပင်ပန်း လူပင်ပန်း ဖြစ်ခဲ့ရမှု၊ ဂျက်လေ ယာဉ်ပျံများကို ဆက်တိုက် စီးနင်းခဲ့ရမှုတို့ကြောင့် ဖြစ်ပေါ်လာသော ပင်ပန်းနွမ်း နယ်မှုများက သူ့ခွန်အားများကို ယုတ်လျော့သွားစေခဲ့သည်။

သူသည် လီယိုနာဒို ဒါဗင်ချီ လေဆိပ်တွင် ဆင်းသက်လိုက်ပြီးနောက် လေဆိပ်အဆောက်အအုံထဲသို့ ဝင်လိုက်သည်တွင် သူ ပထမဦးဆုံး တွေ့မြင် လိုက်ရသူမှာ ဆူဆန်ပင်တည်း။

သူသည် သွေးလန့်ပြီး ရပ်တန့်လိုက်မိသည်။ ဆူဆန်က သူ့ကို ကျောပေး နေသည်။ သူသည် သူ အထင်မှားတာ ဖြစ်ရမည်ဟု တွေးလိုက်မိသေးသည်။ ထို့နောက် သူသည် ဆူဆန်၏အသံကို ကြားလိုက်ရလေ၏။

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကို လာကြိုမယ့်ကား ရှိပါတယ်ရှင်"

ရောဘတ်က သူ့နံဘေးသို့ လျှောက်သွားသည်။

"ဆူဆန်"

ဆူဆန်သည် အထိတ်တလန့် ဖြစ်သွားပြီး လှည့်ကြည့်လိုက်လေ၏။

"ရောဘတ်၊ တိုက်ဆိုင်လိုက်တာရှင်၊ သိပ်ကို အံ့ဩဖို့ကောင်းတဲ့ကိစ္စပဲ"

"မင်း ဂျီဘရော်လ်တာမှာ ရှိနေလိမ့်မယ်လို့ ကိုယ်ထင်ထားတာ"

ဆူဆန်က ကြိုးစားပမ်းစား ပြုံးပြလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်မတို့က အဲဒီကို အသွား၊ မွန်တီက ဒီမှာ အရင်လုပ်စရာ





ရှိတယ့် အလုပ်ကလေးတချို့ ရှိနေလို့၊ ကျွန်မတို့ ဒီကနေ့ည ထွက်ကြတော့မှာပါ။ ရှင်က ရောမမြို့မှာ ဘာလာလုပ်နေတာလဲ"

'အသက်ဘေးက လွတ်အောင် ပြေးနေရတာ။ ကိုယ်က အလုပ်ကလေး တစ်ခုကို လက်စသတ်နေတာပါ။ ဒီအလုပ်ဟာ ကိုယ့်ရဲ့ နောက်ဆုံးအလုပ်ပဲ။ ကိုယ် အလုပ်က ထွက်လိုက်ပြီ ချစ်ချစ်ရယ်။ ခုအချိန်ကစပြီး ကိုယ်တို့နှစ်ယောက် အတူတူ နေနိုင်ကြပါပြီ။ ဘယ်ကိစ္စကမှ ကိုယ်တို့ကို ခွဲမပစ်နိုင်တော့ပါဘူး။ မွန်တီ့ကို စွန့်ပစ်ခဲ့ပြီး ကိုယ့်ဆီကို ပြန်လာခဲ့ပါကွာ'

သို့ရာတွင် ရောဘတ်သည် ထိုစကားလုံးများကို သူ့နှုတ်မှ ပြောမထွက်ပါ။ ရောဘတ်က ဆူဆန်ကို တော်တော်ကြီး နှိပ်စက်ခဲ့ပြီးပါပြီ။ ဆူဆန်သည် သူ့ဘဝသစ်တွင် ပျော်ရွှင်နေသည်။

'အဲဒါကို အသာထားလိုက်စမ်းပါကွာ' ဟု ရောဘတ်က စိတ်ထဲက တွေးလိုက်၏။

ဆူဆန်က သူ့ကို အကဲခတ်နေသည်။

"ရှင့်ကြည့်ရတာ ပင်ပန်းနွမ်းနယ်နေပုံရတယ်"

သူက ပြုံးလိုက်၏။

"ကိုယ် ဆက်တိုက် သွားလာနေရလို့ပါ"

ဆူဆန်က သူ့လက်နှစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ပြီး ညင်ညင်သာသာကလေး ပြောလိုက်၏။

"ရောဘတ်၊ အို . . . ရောဘတ်ရယ်၊ ကျွန်မတို့ . . ."

"ဆူဆန်"

ထိုအခိုက်တွင် ယာဉ်မောင်းဝတ်စုံဝတ်ထားသော ထွားထွားကျိုင်းကျိုင်း ပုဂ္ဂိုလ်တစ်ယောက် ဆူဆန်ထံ လျှောက်လာသည်။

"ကားအဆင်သင့်ဖြစ်ပါပြီ မစ္စစ်ဘင့်ခ်"

ဤတွင် ကြည်နူးနေမှုကလေးသည် ပျက်ပြယ်သွားရလေတော့သည်။

"ကျေးဇူးတင်ပါတယ်"

ဆူဆန်က ရောဘတ်ဘက်သို့ လှည့်လိုက်၏။

"ကျွန်မ ဝမ်းနည်းပါတယ်။ ကျွန်မ အခုသွားမှ ဖြစ်မယ်။ ရှင် ကိုယ့်ကိုယ် ကိုယ် ဂရုစိုက်ပါရှင်"

"စိတ်ချပါ"

ဆူဆန် ထွက်ခွာသွားသည်ကို ရောဘတ်က စောင့်ကြည့်နေသည်။ သူ့အ နေနှင့် ဆူဆန်ကို ပြောချင်သည့် စကားတွေ အများကြီး ရှိနေပါသည်။ ဆူဆန်ကို ပြန်တွေ့ရသည်မှာ ဝမ်းသာစရာပင် ဖြစ်သည်။

သို့ရာတွင် ဘယ်ကိစ္စက သူ့ကို စိတ်အနှောင့်အယှက် ပေးနေတာလဲ။ ဟုတ်တာပေါ့။ တိုက်ဆိုင်မှု၊ နောက်ထပ် တိုက်ဆိုင်မှုနှင့် လာတွေ့နေရသည်။

သူက ဟက်စလာဟိုတယ်သို့ အငှားကားတစ်စီးနှင့် လာခဲ့လေ၏။

"ပြန်လည် ကြိုဆိုပါတယ် ကွန်မန်ဒါ"

"ကျေးဇူးတင်ပါတယ်"

"ဆရာ့ပစ္စည်းတွေကို အလုပ်သမားတစ်ယောက်နဲ့ ဆရာ့အခန်းကို ပို့ခိုင်း


www.burmeseclassic.com

www.burmeseclassic.com

လိုက်မယ်"

"ခဏနေဦး"

ရောဘတ်က လက်ပတ်နာရီကို ကြည့်လိုက်၏။ ည ဆယ်နာရီ။ သူက အပေါ်ထပ်သို့ တက်သွားပြီး အိပ်ချင်စိတ် ဖြစ်ပေါ်နေသည်။ သို့ရာတွင် သူက နိုင်ငံကူးလက်မှတ်ကိစ္စကို အရင်ဆုံး စီစဉ်မှ ဖြစ်မည်။

ရောဘတ်က ပြောလိုက်၏။

"ကျုပ်က ကျုပ်အခန်းကို ခုချက်ချင်း မသွားသေးဘူး။ ခင်ဗျား အဲဒီ ပစ္စည်းတွေကို ပို့နိုင်းပေးစေချင်ပါတယ်"

"ရပါတယ် ကွန်မန်ဒါ"

ရောဘတ်က ပြန်လှည့်ပြီး ထွက်ခွာရန် ဟန်ပြင်လိုက်စဉ် ဓာတ်လှေကား တံခါးပွင့်လာပြီး ပရဟိတလုပ်ငန်းကို အသားပေးသော ဘာသာရေးအဖွဲ့ အစည်းတစ်ခုမှ အမျိုးသား ခြောက်ယောက်ခန့်သည် ရယ်ရယ်မောမောနှင့် စကား ဖောင်အောင် ပြောရင်း ဓာတ်လှေကားထဲမှ ထွက်လာကြသည်။ သူတို့သည် အတော်ကလေး အရက်သောက်ထားကြပုံရသည်။ သူတို့အထဲမှ ကိုယ်လုံးကိုယ် ပေါက် ခပ်ထွားထွား၊ မျက်နှာနီရဲရဲနှင့် ပုဂ္ဂိုလ်က ရောဘတ်ထံ လက်ဝှေ့ယမ်း ပြလိုက်သည်။

"ဟေ့ ကိုယ့်လူ ပျော်ရဲ့လားဗျို့"

"သိပ်ပျော်တယ်ဗျာ၊ သိပ်ကိုပျော်တာပဲ"

ရောဘတ်က ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

ရောဘတ်သည် ဧည့်ခန်းကို ဖြတ်ကျော်သွားပြီး အပြင်ဘက်ရှိ အငှားကား ငှားသည့်နေရာသို့ သွားလိုက်သည်။ သူက အငှားကားတစ်စီးထဲသို့ ဝင်လိုက်စဉ် လမ်း၏ ဟိုဘက်ခြမ်းတွင် မသိမသာ မထင်မရှား ရပ်ထားသော မီးခိုးရောင် အိုပယ်ကားတစ်စီးကို သတိပြုလိုက်မိသည်။ ထိုမော်တော်ကားသည် အလွန် အမင်း မထင်မရှား ဖြစ်လွန်းနေသည်။ အလွန်ကြီးမားသော ဇိမ်ခံကားကြီးများ အကြားတွင် သိသိသာသာကြီး ပေါ်လွင်ထင်ရှားနေသည်။

"ဗီရာမွန်တီဂရက်ပါ"

ရောဘတ်က အငှားကားမောင်းသူကို ပြောလိုက်၏။

မော်တော်ကား မောင်းနှင်နေစဉ် ရောဘတ်သည် နောက်ဘက်သို့ လှမ်း ကြည့်လိုက်သည်။ မီးခိုးရောင် အိုပယ်ကားကို မတွေ့ပါ။

'ငါက သက်သက်မဲ့ အတွေးခေါင်နေတာပဲ' ဟု သူ တွေးလိုက်မိသည်။

သူတို့ ဗီရာမွန်တီဂရက်ပါသို့ ရောက်ရှိသောအခါ ရောဘတ်က လမ်းထောင့် တွင် ဆင်းလိုက်၏။ သူက ယာဉ်မောင်းသူအား ကျသင့်သည့်ယာဉ်ငှားခကို ပေးနေစဉ် သူ့မျက်လုံးထောင့်မှနေ၍ ဘလောက်တစ်ဝက်ခန့် ဝေးသောနေရာရှိ လမ်းဘေး၌ ရပ်ထားသော မီးခိုးရောင်အိုပယ် မော်တော်ကားကို မြင်လိုက်ရ တော့သည်။ သို့တိုင်အောင် ထိုမော်တော်ကားသည် သူတို့ မော်တော်ကား နောက်ဘက်မှ လိုက်ပါလာခြင်း မဟုတ်ကြောင်း သူ ကျိန်း၍ ပြောရဲသည်။

သူသည် ထိုအိုပယ်မော်တော်ကားနှင့်ဝေးရာ အရပ်ဆီသို့ စတင်၍ လမ်း လျှောက်စပြုသည်။ သူသည် ရပ်တန့်၍ လမ်းနံဘေးရှိ ဆိုင်များထဲသို့ ကြည့်လေ့ ရှိသည်။ ဆိုင်များ၏ မှန်များမှတစ်ဆင့် အိုပယ်မော်တော်ကားသည် သူ့နောက်





မှ တဖြည်းဖြည်း လိုက်ပါလာကြောင်း မြင်နေရသည်။

သူသည် လမ်းတစ်လမ်း၏ထောင့်သို့ ရောက်သောအခါ အဆိုပါ လမ်း သည် တစ်လမ်းမောင်းလမ်း ဖြစ်ကြောင်း တွေ့လိုက်ရသည်။ သူသည် အလွန် ရှုပ်ထွေးနေသော ကားများအကြားမှ ဖြတ်သန်း၍ ထိုလမ်းထဲသို့ ဝင်လိုက်သည်။

အိုပယ်မော်တော်ကားသည် လမ်းထိပ်တွင် တုံ့ဆိုင်းသွားပြီးနောက် ရောဘတ်အား ဟိုဘက်လမ်းထိပ်မှစောင့်ရန် ခပ်မြန်မြန် မောင်းထွက်သွားလေ တော့သည်။

ရောဘတ်သည် နောက်ဘက်သို့ပြန်လှည့်လာပြီး ဗီရာမွန်တီဂရက်ပါဆီသို့ လမ်းပြန်လျှောက်လာလေသည်။ အိုပယ်မော်တော်ကားကို မည်သည့်နေရာတွင်မှ မမြင်မတွေ့ရတော့ပါ။ ရောဘတ်က အငှားကားတစ်စီးကို လက်ပြ၍ ခေါ် လိုက်၏။

"ဗီရာမွန်တီစီလီ"

အဆောက်အအုံကြီးမှာ အိုမင်းဟောင်းနွမ်းပြီး နှစ်သက်ဖွယ်ရာ မရှိချေ။ ထိုအဆောက်အအုံကြီးသည် ကောင်းစားသော ရှေးခေတ်ဟောင်းမှ အောက်မေ့ ဖွယ်လက်ကျန်တစ်ခု ဖြစ်သည်။ သူသည် ယခင်တုန်းက တာဝန်မျိုးစုံနှင့် ဤ အဆောက်အအုံကြီးသို့ အကြိမ်ပေါင်းများစွာ လာရောက်ခဲ့ဖူးသည်။ သူသည် မြေတိုက်ခန်းသို့ဆင်းသော လှေကားထစ်သုံးထစ်ကို ဆင်းလိုက်ပြီးနောက် တံခါး ကို ခေါက်လိုက်လေ၏။ ချောင်းကြည့်ပေါက်တွင် မျက်လုံးကလေးတစ်လုံး ပေါ် လာပြီး ခဏအကြာတွင် တံခါးရွက်သည် ပြုန်းခနဲ ပွင့်သွားတော့သည်။

လူတစ်ယောက်က ဝမ်းသာအားရ အော်ပြောလိုက်၏။

"ရောဘတ်တို မင်း နေကောင်းရဲ့လား"

သူက ရောဘတ်ကို လက်နှစ်ဖက်နှင့် သိမ်းကျုံး၍ဖက်လိုက်သည်။

ထိုသို့ ပြောလိုက်သူမှာ အသက်ခြောက်ဆယ်ခန့်ရှိပြီဖြစ်သော ရိတ်သင် ထားသည့် မုတ်ဆိတ်မွေးဖြူဖြူ ဝုတ်တိုများနှင့် ခပ်ဝဝပုဂ္ဂိုလ်တစ်ယောက် ဖြစ် သည်။ ထူထဲသော မျက်ခုံးမွေး၊ ဝါနေသောသွားများနှင့် မေးစေ့ အထပ်ထပ် ရှိသူ ဖြစ်သည်။ သူက နောက်ဘက်မှ တံခါးကို ပြန်ပိတ်ပြီး သော့ခတ်လိုက် သည်။

"ကျုပ် နေကောင်းပါတယ် ရီကို"

ရီကို့တွင် ဒုတိယနာမည် မရှိပါ။ သူက 'ကျုပ်လိုလူစားမျိုးအတွက် ဂါဘို ဆိုတဲ့ နာမည်လို နာမည်တစ်လုံးတည်း ရှိရင် လုံလောက်ပါပြီ' ဟု ကြွားဝါပြော လေ့ရှိသည်။

"ကဲ မိတ်ဆွေကြီး ခင်ဗျားအတွက် ကျုပ် ဒီကနေ့ ဘာလုပ်ပေးရမလဲ"

ရောဘတ်က ပြောလိုက်သည်။

"ကျုပ်က အမှုတစ်ခုကို ကိုင်နေတယ်။ ပြီးတော့လည်း အလောသုံးဆယ် ဖြစ်နေတယ်။ ခင်ဗျားက ကျုပ်အတွက် နိုင်ငံကူးလက်မှတ်တစ်စောင် ဖန်တီး ပေးနိုင်မလား"

ရီကိုက ပြုံးလိုက်သည်။ သူသည် ထောင့်တစ်ထောင့်၌ရှိသော ဗီရိုတစ် လုံးဆီသို့ လျှောက်သွားပြီး သော့ကို ဖွင့်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားက ဘယ်နိုင်ငံက နိုင်ငံကူးလက်မှတ် ဖြစ်စေချင်တာလဲ"

သူသည် အဖုံးအရောင် မျိုးစုံရှိသော နိုင်ငံကူးလက်မှတ် တစ်ထပ်ကြီးကို ဆွဲထုတ်လိုက်ပြီးနောက် လျှောက်ရှာကြည့်နေသည်။

"ကျုပ်တို့ဆီမှာ ဂရိနိုင်ငံကူးလက်မှတ်၊ တူရကီ၊ ယူဂိုဆလပ်ဗ်၊ အင်္ဂလိပ် . . ."

"အမေရိကန်" ဟု ရောဘတ်က ပြောလိုက်သည်။

ရီကိုက အပြာရောင်အဖုံးနှင့် နိုင်ငံကူးလက်မှတ်တစ်စောင်ကို ဆွဲထုတ်လိုက်သည်။

"ဟောဒီမှာဗျို့၊ အာသာဘက်တာဖီးလ် ဆိုတဲ့နာမည်ကို ကြိုက်ရဲ့လား"

"အံကိုက်ပဲ" ဟု ရောဘတ်က ပြောလိုက်၏။

"ခင်ဗျားက နံရံမှာကျောပေးပြီး မတ်တတ်ရပ်ပေးမယ် ဆိုရင် ခင်ဗျား ဓာတ်ပုံကို ကျုပ် ရိုက်ပေးမယ်"

ရောဘတ်က နံရံဆီသို့ လျှောက်သွားသည်။ ရီကိုသည် အံဆွဲတစ်ခုကို ဆွဲဖွင့်လိုက်ပြီးနောက် ပိုလာရွိုက်ကင်မရာတစ်လုံးကို ထုတ်ယူလိုက်သည်။ နောက်တစ်မိနစ်ကြာသောအခါ ရောဘတ်သည် သူ့ပုံကို ပြန်မြင်နေရလေပြီ။

"ကျုပ် ပြုံးမနေဘူးဗျ"

ရောဘတ်က ပြောလိုက်၏။

ရီကိုက သူ့ကို အူကြောင်ကြောင်နှင့် ကြည့်နေသည်။

"ဘာပြောတယ်"

"ကျုပ်က ပြုံးမနေဘူး၊ နောက်တစ်ပုံ ထပ်ရိုက်စမ်းပါ"

ရီကိုက ပခုံးတွန့်လိုက်သည်။

"ရပါတယ်၊ ခင်ဗျား စိတ်ကြိုက် ဖြစ်ရစေ့မယ်"

နောက်တစ်ပုံ ထပ်ရိုက်စဉ် ရောဘတ်က ပြုံးနေသည်။ သူက ထိုဓာတ်ပုံကိုကြည့်ပြီး-

"အဲဒါက ပိုကောင်းတယ်" ဟု ပြောလိုက်သည်။

ရောဘတ်က ပထမပုံကို သူ့အိတ်ထဲသို့ အမှတ်တမဲ့ ထည့်လိုက်သည်။

"အခု အဆင့်မြင့်နည်းပညာပိုင်းဆီကို ရောက်လာပြီ" ဟု ရီကိုက ကြေညာလိုက်၏။

ရီကိုသည် အမြှာထပ်စက်တစ်လုံး ရှိနေသော သူ အလုပ်လုပ်သည့် ခုံရှည်ဆီသို့ သွားလိုက်သည်။ ရီကိုက ရောဘတ်၏ဓာတ်ပုံကို နိုင်ငံကူးလက်မှတ်အတွင်းဘက်သို့ ထည့်လိုက်သည်။

ရောဘတ်သည် ကလောင်တံများ၊ မင်အိုးများနှင့် အခြားကိရိယာများရှိနေသော စားပွဲဆီသို့ လျှောက်သွားပြီး မှတ်ဆိတ်ရိတ်ဓားကလေးတစ်ချောင်းနှင့် ကော်ဘူးသေးသေးကလေးတစ်ဘူးတို့ကို သူ့ကုတ်အင်္ကျီထဲသို့ ကောက်ယူထည့်လိုက်လေ၏။

ရီကိုက သူ့လက်ရာကို ပြန်၍ လေ့လာကြည့်နေသည်။

"သိပ်မဆိုးပါဘူး"

သူ့ဘာသာသူ မှတ်ချက်ချသည်။ သူက ပတ်စ်ပို့ကို ရောဘတ်ထံ လှမ်းပေးလိုက်ပြီး-





"အဲဒါက ဒေါ်လာငါးထောင်ကျတယ်" ဟု ပြောလိုက်သည်။

"တန်လည်း တန်ပါတယ်ဗျာ"

ရောဘတ်က သူ့ကို ပြောလိုက်ပြီး ဒေါ်လာငါးရာတန် ဆယ်ရွက်ကို ဖြုတ်ယူလိုက်သည်။

"ခင်ဗျားလို လူမျိုးနဲ့ အလုပ်လုပ်ရတာ ကျုပ်အတွက် ပျော်စရာကြီးပါပဲ။ ခင်ဗျားအပေါ် ကျုပ် ဘယ်လိုသဘောထားတယ်ဆိုတာ ခင်ဗျား သိပါတယ်"

သူ့အပေါ် ရီကိုက မည်ကဲ့သို့ သဘောထားကြောင်း သူ သိပါသည်။

ရီကိုသည် နိုင်ငံပေါင်း မြောက်မြားစွာမှ အစိုးရများအတွက် နိုင်ငံကူးလက်မှတ်အတု ပြုလုပ်ပေးနေသည့် အိတ်စပတ်တစ်ယောက် ဖြစ်သည်။ သူသည် ယုံသည့်အစိုးရကိုမျှ သစ္စာမခံသူ ဖြစ်သည်။ ရောဘတ်က နိုင်ငံကူးလက်မှတ်ကို အိတ်ထဲသို့ ထည့်လိုက်သည်။

ရီကိုက ပြုံးလိုက်သည်။

"ကံကောင်းပါစေ မစ္စတာ ဘတ်တာဖီးလ်"

"ကျေးဇူးပါပဲ"

ရောဘတ်၏ နောက်ဘက်၌ တံခါးပြန်ပိတ်သွားသည်နှင့် တစ်ပြိုင်နက် ရီကိုသည် တယ်လီဖုန်းဆီသို့ လက်လှမ်းလိုက်လေ၏။ သတင်း ဆိုသည်မှာ တစ်ယောက်ယောက်အဖို့ အမြဲတမ်း တန်ဖိုးရှိနေတတ်ပေသည်။

အပြင်ဘက်သို့ ရောက်လာသောအခါ ထိုလမ်းထဲ၌ ကိုက်နှစ်ဆယ်ခန့် လမ်းလျှောက်ပြီးသည်နှင့် တစ်ပြိုင်နက် ရောဘတ်က ပတ်စ်ပို့အသစ်ကို သူ့အိတ်ထဲက ထုတ်ယူပြီးနောက် အမှိုက်ပုံးတစ်ခုထဲသို့ ထိုးထည့်ပစ်ခဲ့သည်။ သူ လေယာဉ်မှူးဘဝ၌ ရှိစဉ်က ရန်သူဘက်မှ ပစ်လွှတ်လိုက်သော ဒုံးကျည်များကို လမ်းမှားသို့ရောက်အောင် ပူလောင်နေသော သတ္တုအစအနကလေးများကို လမ်းလွှဲပေးခဲ့သည့် နည်းအတိုင်းပင် ဖြစ်သည်။ သူတို့အနေနှင့် အာသာဘတ်တာဖီးလ် ဆိုသောပုဂ္ဂိုလ်တစ်ယောက် နောက်သို့ လိုက်လံစုံစမ်းကြပါစေလေ။

မီးခိုးရောင် အိုပယ်ကားသည် ဘလောက်တစ်ဝက်ခန့် ဝေးသောနေရာ၌ ရပ်တန့်ထားသည်။ သူ့ကို စောင့်နေသည်။ မဖြစ်နိုင်ပါဘူး။ သူ့နောက်သို့ လိုက်နေသည့် မော်တော်ကားမှာ ဤကားတစ်စီးတည်းသာ ဖြစ်သည်ဟု သူ့စိတ်ထဲက ယုံကြည်ယူမှတ်ထားသည်။ အိုပယ်မော်တော်ကားသည် သူ့နောက်မှ လိုက်ပါမလာကြောင်း ရောဘတ်အနေနှင့် သေချာနေဆဲပင်။ သူတို့ထံတွင် ရောဘတ်ကို ရှာတွေ့နိုင်သည့်နည်းတစ်နည်းတော့ ရှိနေရပေလိမ့်မည်။ အဖြေကတော့ တစ်ခုတည်းသာ ရှိသည်။ သူတို့သည် သူ့ကို ရှာဖွေနိုင်သည့် လိုရာရောက်ကိရိယာတစ်မျိုးကို အသုံးပြုခြင်းသာ ဖြစ်ရမည်။ သူက ထိုကိရိယာကို သယ်ဆောင်၍ သွားလာနေခြင်း ဖြစ်ရမည်။

သူ့အင်္ကျီတွင် တပ်ဆင်ပေးလိုက်လေသလား။ မဖြစ်နိုင်ပါ။ သူတို့အနေနှင့် ထိုကဲ့သို့ လုပ်ကိုင်ရန် အခွင့်အရေး မရခဲ့ကြပါ။ သူ့အဝတ်အစားများကို ထည့်နေစဉ် ဗိုလ်ကြီးဒေါက်တာဂါတီသည် သူနှင့်အတူ ရှိနေခဲ့သည်။ သို့ရာတွင် ယူသည့် အဝတ်အစားများအား ရောဘတ်က ယူဆောင်သွားလိမ့်မည်ကို သူ မသိနိုင်ပါ။ ရောဘတ်က ယူဆောင်သွားလာသည့် ပစ္စည်းပစ္စယများကို စိတ်ထဲက စာရင်းလုပ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ငွေသားများ၊ သော့များ၊ ပိုက်ဆံအိတ်တစ်ခု၊ လက်ကိုင်ပဝါ၊ အကြွေးဝယ်ယူခွင့်ကတ်ပြား။ အကြွေးဝယ်ယူခွင့်ကတ်ပြားလား . . . ။

'ကျွန်တော့်အတွက် အဲဒီကတ်ပြား လိုမယ်မထင်ပါဘူး ဂျင်နရယ်'

'ယူသာသွားစမ်းပါ။ အဲဒါကို မင်းနဲ့အတူတူ အမြဲဆောင်ထား' တဲ့။

အတော် မလိမ့်တပတ်လုပ်တဲ့ . . သားကြီး။ သူတို့က ရောဘတ်ကို လွတ်လွယ်ကူကူနှင့် ရှာတွေ့နေကြသည်မှာ မဆန်းလှပါ။

အိုပယ်မော်တော်ကားသည် သူမြင်ကွင်းထဲ၌ ရှိမနေတော့ပါ။ ရောဘတ်က ထိုကတ်ပြားကလေးကို ထုတ်ယူပြီး စစ်ဆေးကြည့်ရှုလိုက်သည်။ ထိုကတ်ပြားကလေးသည် သာမန် အကြွေးဝယ်ယူခွင့်ကတ်ပြားထက် နည်းနည်းကလေး ပိုထူသည်။ ထိုကတ်ပြားကို ညှစ်ကြည့်သောအခါ အထဲဘက်မှ အလွှာတစ်လွှာကို စမ်းကြည့်၍ရသည်။ သူတို့အနေနှင့် ထိုကတ်ပြားကလေးကို အသက်သွင်း၍ ရအောင် အဝေးမှ ထိန်းချုပ်ကိရိယာကို အသုံးပြုရပါလိမ့်မည်။

'ကောင်းတယ်၊ ဒီငတိတွေကို အလုပ်ရှုပ်သွားအောင် လုပ်လိုက်ဦးမယ်'

ရောဘတ်က တွေးလိုက်သည်။

ထိုလမ်းပေါ်တွင် ကုန်ပစ္စည်းများကို အတင်အချ ပြုလုပ်နေသည့် လော်လီကား အများအပြား ရပ်ထားကြသည်။

ရောဘတ်က လိုင်စင်ပလိတ်ပြားများကို လျှောက်ကြည့်လိုက်၏။ သူက ပြင်သစ်နိုင်ငံမှ လိုင်စင်ပလိတ်ပြား တပ်ထားသည့် လော်လီကားဆီသို့ ရောက်ရှိသွားသောအခါ သူ့ကို ကြည့်ရှုမနေကြောင်း သေချာအောင် နံဘေး ပတ်ဝန်းကျင်ကို လှမ်း၍ အကဲခတ်လိုက်ပြီးနောက် ထိုကတ်ပြားကလေးကို ထရပ်ကား နောက်ဘက်သို့ ပစ်သွင်းလိုက်တော့သည်။

သူက အငှားကားတစ်စီးကို လက်ပြ၍ တားလိုက်လေ၏။

"ဟက်စလာဟိုတယ်"

ဧည့်ခန်းထဲသို့ ရောက်သောအခါ ရောဘတ်က တံခါးစောင့်ထံ ချဉ်းကပ်သွားလိုက်သည်။

"ဒီကနေ့ည ပြင်သစ်ကို ထွက်မယ့်လေယာဉ်ပျံ ရှိ မရှိ မေးကြည့်ပေးပါ"

"ဖြစ်ပါတယ် ကွန်မန်ဒါ၊ ခင်ဗျားက ဘယ်လေကြောင်းကုမ္ပဏီကို ပိုပြီး လိုလားပါသလဲ"

"အဲဒါက အရေးမကြီးပါဘူး။ ပထမဦးဆုံးလေယာဉ်ပျံ ဖြစ်ဖို့ပဲ လိုပါတယ်"

"ကျွန်တော်က ဝမ်းမြောက်ဝမ်းသာစွာနဲ့ စီစဉ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်"

ရောဘတ်က ဟိုတယ်စာရေးထံ လျှောက်သွားလိုက်သည်။

"ကျုပ် အခန်းနံပါတ် (၃၁၄) ရဲ့သော့ကိုပေးပါ။ ကျုပ်က မိနစ်ပိုင်းအတွင်း အခန်းပြန်အပ်တော့မယ်"

"ကောင်းပါပြီ ကွန်မန်ဒါဘယ်လာမီ"

ဟိုတယ်စာရေးသည် ခိုအိမ်အပေါက်ကလေးတစ်ခုထဲမှ သော့တစ်ချောင်းနှင့် စာအိတ်တစ်အိတ်ကို ဆွဲထုတ်လိုက်သည်။

"ဟောဒီမှာ ခင်ဗျားအတွက် စာတစ်စောင် ရောက်နေတယ်"





ရောဘတ် တောင့်တင်းသွားသည်။ စာအိတ်ကို ကော်နှင့်ကပ်၍ ပိတ်ထားပြီး 'ကွန်မန်ဒါ ရောဘတ်ဘယ်လာမီ' ဟု ရိုးရိုးကလေး လိပ်စာတပ်ထားသည်။

သူက စာအိတ်ထဲတွင် ပလတ်စတစ် သို့မဟုတ် သတ္တုအပိုင်းအစတစ်ခုခု ရှိလေမလား စမ်းသပ်ကြည့်လိုက်သည်။ ရောဘတ်က ထိုစာအိတ်ကို သတိထား၍ ဖောက်လိုက်၏။ အထဲတွင် အီတာလျံစားသောက်ဆိုင် တစ်ဆိုင်၏ ကြော်ငြာကတ်ပြားတစ်ပြားသာ ပါရှိသည်။ ထိုစာအိတ်မှာ အပေါ်၌ ရောဘတ်ဘယ်လာမီ၏နာမည်ကို ရေးထားသည်ကလွဲ၍ ရိုးရိုးကလေးပင် ဖြစ်ပုံရသည်။

"ဒီစာအိတ်ကို ဘယ်သူ လာပေးသလဲဆိုတာ ခင်ဗျား မှတ်မိလိုက်သေးသလား"

စာရေးကလည်း တောင်းတောင်းပန်ပန် ပြောလိုက်သည်။

"ကျွန်တော် ဝမ်းနည်းပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်တို့ ဒီကနေ့ ညနေမှာ သိပ်အလုပ်များနေကြတဲ့အတွက် . . ."

ထိုအချက်မှာ အရေးမကြီးလှပါ။ ထိုပုဂ္ဂိုလ်သည် သူလိုင်ါလို မထူးခြားသည့် ပုဂ္ဂိုလ်တစ်ဦးသာ ဖြစ်ပါလိမ့်မည်။

သူသည် ထိုကတ်ပြားကလေးကို တစ်နေရာရာက ကောက်ယူရရှိလာမည် ဖြစ်ပြီး စာအိတ် တစ်အိတ်ထဲသို့ထည့်၍ လာပေးခြင်း ဖြစ်ပါလိမ့်မည်။ ထိုပုဂ္ဂိုလ်က ထိုစာအိတ်အား မည်သည့် ခိုအိမ်အပေါက်ကလေးထဲသို့ ထည့်မည်ကို သိရှိနိုင်အောင် စားပွဲအနားတွင် ရပ်စောင့်နေပါလိမ့်မည်။ သူသည် ယခုအချိန်တွင် အပေါ်ထပ်သို့ ရောက်ရှိနေမည်ဖြစ်ပြီး ရောဘတ်၏ အခန်းထဲမှနေ၍ စောင့်နေပေလိမ့်မည်။ ယခုအချိန်တွင် ရန်သူသည် မည်သူမည်ဝါဖြစ်ကြောင်း မျက်နှာဖုံးကို လှစ်ကြည့်ရမည့် အချိန်ပင်တည်း။

ရောဘတ်သည် ကျယ်ကျယ်လောင်လောင်အသံများကို ကြားလိုက်ရသောကြောင့် သူ ခပ်စောစောပိုင်းက တွေ့ခဲ့ရသော ဘာသာရေးအဖွဲ့အစည်းမှ အုပ်စုသည် ရယ်ရယ်မောမောနှင့် သီချင်းများကို သီဆိုကြရင်း ဧည့်ခန်းထဲသို့ ဝင်လာကြသည်ကို စောင့်ကြည့်နေလိုက်သည်။ သူတို့သည် နောက်ထပ်၍ အရက်သောက်လာကြပုံရသည်။ ဝိုက်ရွှဲရွှဲနှင့်ပုဂ္ဂိုလ်က လှမ်းပြောလိုက်၏။

"ဟော့ ကိုယ့်လူ၊ ခင်ဗျားတော့ ပါတီပွဲကြီးနဲ့ လွဲချော်သွားပြီဗျို့"

ရောဘတ် အပြေးအလွှား စဉ်းစားတွေးတောနေသည်။

"ခင်ဗျားက ပါတီပွဲတွေကို ကြိုက်သလား"

"အိုး ယိုး. . ."

ရောဘတ်က ပြောလိုက်သည်။

"အပေါ်ထပ်မှာ တကယ့်ပါတီပွဲကြီးတစ်ပွဲရှိတယ်။ အရက်၊ အမျိုးသမီး၊ ကိုယ့်လူတို့ လိုချင်တာရမယ်။ ကျုပ်နောက်လိုက်ခဲ့ပါ ကိုယ့်လူတို့ရာ"

"အဲဒါက အမေရိကန်စိတ်ဓာတ်ကိုယ့်လူရ"

ထိုပုဂ္ဂိုလ်က ရောဘတ်၏ကျောပြင်ကို ပုတ်လိုက်သည်။

"မင်းတို့ အဲဒါကို ကြားကြတယ် မဟုတ်လား၊ ချာတိတ်တွေ၊ ငါတို့မိတ်ဆွေကြီးက ပါတီပွဲတစ်ပွဲ ပေးနေတယ်ကွ"

သူတို့သည် ဓာတ်လှေကားထဲသို့ ကျပ်ကျပ်သပ်သပ် ဝင်လိုက်ကြပြီးနောက် တတိယထပ်သို့ တက်သွားကြသည်။


www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် စင်္ကြံလမ်းအတိုင်း ရောဘတ်၏အခန်းဆီသို့ လိုက်သွားကြသည်။ ရောဘတ်က သော့ကို သော့အိမ်ထဲသို့ ထည့်လိုက်ပြီးနောက် ထိုအုပ်စုဘက်သို့ ပြန်လှည့်လိုက်သည်။

"ခင်ဗျားတို့ အနေနဲ့ ပျော်ကြရွှင်ကြဖို့ အဆင်သင့် ဖြစ်ကြပြီလား"

"ဖြစ်ပြီဗျို့" ဆိုသော အသံများက တစ်ပြိုင်နက်တည်း ပေါ်ထွက်လာကြသည်။

ရောဘတ်သည် သော့ကို လှည့်၍ တံခါးကို တွန်းဖွင့်လိုက်ပြီး တစ်ဖက်သို့ ရှောင်ထွက်ပေးလိုက်သည်။ အခန်းထဲ၌ မှောင်နေသည်။ ရောဘတ်သည် မီးခလုတ်ကို ဖျတ်ခနဲ ဖွင့်လိုက်၏။ အရပ်ရှည်ရှည် ပိန်ပါးပါး လူစိမ်းတစ်ယောက်သည် အသံတိတ်ကိရိယာတပ်ထားသော မော်ဇာ ပစ္စတိုသေနတ်တစ်လက်ကို တည့်တည့် မချိန်ရသေးခင် အနေအထားနှင့် ကိုင်ထားရင်း အခန်းအလယ်ကောင်၌ မတ်တတ်ရပ်နေသည်။

ထိုလူစိမ်းသည် ဝင်လာသောလူအုပ်ကို အထိတ်တလန့် အမူအရာနှင့် ကြည့်ရင်း သေနတ်ကို သူ့ကုတ်အင်္ကျီထဲသို့ ကမန်းကတန်း ပြန်ထည့်လိုက်သည်။

"အေး - အရက်က ဘယ်မှာလဲကွ"

လူအုပ်ထဲက တစ်ယောက်က အော်လိုက်၏။

ရောဘတ်က လူစိမ်းကို လက်ညှိုးထိုးပြလိုက်သည်။

"သူ့ဆီမှာ ရှိတယ်၊ သွားယူကြလေဗျာ"

ထိုအုပ်စုသည် ထိုလူ့ထံသို့ ဝိုင်းအုံ၍ သွားကြတော့သည်။

"အရက်က ဘယ်မှာလဲ ကိုယ့်လူ၊ မိန်းကလေးတွေက ဘယ်မှာလဲ။ ကျုပ်တို့က ပါတီပွဲကို လမ်းပေါ်မှာ ဆင်းပြီး ကျင်းပကြရအောင်"

ထိုပိန်ပိန်ပါးပါးပုဂ္ဂိုလ်သည် ရောဘတ်ဆီသို့ ရောက်အောင် ကြိုးပမ်းနေသော်လည်း ထိုလူအုပ်က သူ့ကို တားဆီး ပိတ်ဆို့ထားကြသည်။ ရောဘတ် အခန်းထဲမှ ပြန်ထွက်ပြေးသွားသည်ကို သူသည် မည်သို့မျှ မတတ်နိုင်ဘဲ ငေးကြည့်နေရတော့သည်။ ရောဘတ်သည် တစ်ကြိမ်လျှင် လှေကားနှစ်ထစ်စီနင်း၍ ပြေးဆင်းလာခဲ့လေ၏။

အောက်ထပ် ဧည့်ခန်းထဲသို့ရောက်သောအခါ ရောဘတ်က ထွက်ပေါက်ဆီသို့ သွားနေစဉ် တံခါးစောင့်က လှမ်းအော်လိုက်သည်။

"ဗျို့ ကွန်မန်ဒါ ဘယ်လာမီ၊ ကျုပ်က ခင်ဗျားအတွက် စာရင်းပေးထားပြီးပါပြီ။ ခင်ဗျားက အဲယားဖရန့်လေကြောင်း ခရီးစဉ် အမှတ် (၃၁၂) နဲ့ ပဲရစ်ကို လိုက်ရလိမ့်မယ်။ အဲဒါ လေယာဉ်ပျံက မနက်တစ်နာရီမှာ ထွက်မယ်"

"ကျေးဇူးပဲဗျာ"

ရောဘတ်က ကမန်းကတန်း ပြောလိုက်၏။

သူသည် တံခါးအပြင်ဘက်သို့ ထွက်လိုက်ရာ စပိန်ဗိသုကာပုံစံ လှေကားထစ်များ ရှိနေသည့် ရင်ပြင်ကလေးတစ်ခုအတွင်းသို့ ရောက်ရှိသွားတော့သည်။

အငှားကား တစ်စီးထဲမှ ခရီးသည်တစ်ယောက် ဆင်းနေသည်။ ရောဘတ်က ထိုအငှားကားထဲသို့ ဝင်လိုက်၏။

"ဗီယာမွန်တီဂရက်ပါ"







သူ့အနေနှင့် အဖြေကို သူ သိရပါပြီ။ သူတို့က ရောဘတ်ကိုပါ သတ်ပစ်ဖို့ ရည်ရွယ်ထားကြသည်။ သူတို့ အနေနှင့် လွယ်ကူလိမ့်မည် မဟုတ်ကြောင်းကို တွေ့ကြရပါလိမ့်မည်။

သူသည် ယခု အချိန်တွင် မုဆိုး မဟုတ်တော့ဘဲ သားကောင် ဖြစ်နေလေပြီ။ သို့ရာတွင် သူ့ထံ၌ အလွန်ကြီးမားသော အကျိုးကျေးဇူးတစ်ရပ် ရှိနေသည်။ သူတို့က ရောဘတ်ကို ကောင်းမွန်စွာ လေ့ကျင့် သင်ကြားပေးခဲ့ကြသည်။ သူတို့က ရောဘတ်သည် သူတို့၏လုပ်နည်းကိုင်နည်း၊ သူတို့၏ အားသာချက်၊ အားနည်းချက်များကို သိနေသည်။ ရောဘတ်က ထိုအသိပညာများကို အသုံးပြု၍ သူတို့ကို ခုခံတားဆီးရန် ရည်ရွယ်ထားသည်။

တစ်အချက်အနေနှင့် သူတို့ကို သူ့နောက်သို့ နောက်ယောင်ခံ လိုက်နေရာမှ လမ်းလွဲသွားအောင် လုပ်ဖို့လိုသည်။ သူ့နောက်သို့ လိုက်နေကြသူများအား လီဆယ် လုပ်ကြံထားသော ဇာတ်လမ်းများကို ပြောပြထားပေလိမ့်မည်။

ရောဘတ်ကို မူးယစ်ဆေးဝါးမှောင်ခိုမှု သို့တည်းမဟုတ် လူသတ်မှု၊ သို့တည်းမဟုတ် သူလျှိုမှုဖြင့် အလိုရှိနေကြောင်း သူတို့ကို ပြောပြထားပေလိမ့်မည်။ 'ရောဘတ်သည် အန္တရာယ်ရှိသူ ဖြစ်သည်။ သူနှင့် ပတ်သက်ပြီး အရဲမစွန့်ကြနှင့်။ သူ့ကို တွေ့ရာ နေရာမှာ ပစ်သတ်ကြ'ဟု မှာကြားထားပေလိမ့်မည်။

ရောဘတ်က အငှားယာဉ်မောင်းသူအား -

"ရိုမာတာမိနီ" ဟု ပြောလိုက်၏။

သူတို့သည် ရောဘတ်ကို လိုက်လံ ရှာဖွေနေကြပါလိမ့်မည်။ သို့ရာတွင် သူ့ဓာတ်ပုံကို ဖြန့်ဝေပေးနိုင်လောက်အောင်အထိ အချိန်မရနိုင်သေးပါ။ ယခုအချိန်အထိ သူသည် သူလိုငါလို သာမညပုဂ္ဂိုလ်တစ်ဦးသာ ဖြစ်နေပါသေးသည်။

အငှားကားသည် ဗီယာဂျီယိုဗန်နီဂီယိုလစ်တီ (၃၆) တွင် ထိုးရပ်လိုက်ပြီးနောက် -

"မီးရထား ဘူတာရုံသို့ ရောက်ပါပြီ" ဟု ယာဉ်မောင်းသူက ပြောလိုက်သည်။

"ဒီမှာ တစ်မိနစ်လောက် စောင့်ကြရအောင်"

ရောဘတ်က အငှားကားထဲ၌ ထိုင်ရင်း ဘူတာရုံရှေ့ပိုင်းကို အကဲခတ်နေသည်။ ထုံးစံအတိုင်း ပုံမှန် လှုပ်ရှားသွားလာနေကြမှုများသာ ရှိနေပုံရသည်။ အစစအရာရာသည် ပုံမှန်အတိုင်း ဖြစ်နေပုံရသည်။ အငှားကားများနှင့် ဘိမ်ခံကားကြီးများသည် ဘူတာရုံသို့ ရောက်ရှိလာပြီး ပြန်ထွက်သွားကြသည်။ ခရီးသည်များကို ချပေးကြသည်။ ခရီးသည်များကို ပြန်တင်သွားကြသည်။ မီးရထားဘူတာရုံမှ အလုပ်သမားများသည် အထုပ်အပိုးများကို သယ်၍ ချပေးနေကြသည်။ တင်ပို့ပေးနေကြသည်။ ပုလိပ်တစ်ယောက်သည် မော်တော်ကားမရပ်ရန် သတ်မှတ်ထားသည့် နယ်မြေထဲမှ မော်တော်ကားများကို အပြင်ဘက်သို့ မောင်းထွက်ကြရန် နှင်ထုတ်ရင်း အလုပ်ရှုပ်နေသည်။

သို့ရာတွင် တစ်စုံတစ်ခုက ရောဘတ်ကို စိတ်အနှောင့်အယှက် ပေးနေသည်။ သူ့မြင်ကွင်းထဲတွင် မည်သည့်ကိစ္စက မှားယွင်းနေကြောင်း သူ ရုတ်ခနဲ သဘောပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘူတာရုံကြီး၏ ရှေ့တည့်တည့် မော်တော်ကား မရပ်ရန် သတ်မှတ်ထား သော နေရာထဲတွင် တံဆိပ်ရေးမထားသော ဆီဒင်ကားသုံးစီးကို ရပ်ထားသည်။ ကားသုံးစီးထဲတွင် လူတစ်ယောက်မှ ရှိမနေပါ။ ထိုပုလိပ်က ထိုမော်တော် ကားများကို လျစ်လျူရှုနေသည်။

ရောဘတ်သည် ယာဉ်မောင်းကို ပြောလိုက်၏။

"ကျုပ် စိတ်ပြောင်းသွားပြီး ဗီယာဗီနီတို ၁၀၀/A"

ထိုနေရာသည် မည်သူကမျှ သူ့ကို လိုက်မရှာမည့်နေရာပင် ဖြစ်ပေ သည်။

အမေရိကန်သံရုံးနှင့် ကောင်စစ်ဝန်ရုံးတို့သည် ဗီယာဗီနီတိုနှင့် မျက်နှာချင်း ဆိုင်တွင် ရှိနေသော ပန်းရောင်အုတ်တိုက်ကြီးတွင် တည်ရှိသည်။ ရှေ့ဘက်တွင် အနက်ရောင် သံကြွပ်ခြံစည်းရိုးနှင့် ကာရံထားသည်။

သံရုံးသည် ယခုအချိန်တွင် ပိတ်နေပါပြီ။

သို့ရာတွင် အရေးပေါ်ကိစ္စရပ်များကို ဆောင်ရွက်ပေးရန် ကောင်စစ်ဝန် ရုံးမှ နိုင်ငံကူးလက်မှတ်ဌာနခွဲကို နှစ်ဆယ့်လေးနာရီစနစ်ဖြင့် ဖွင့်လှစ်ပေးထား သည်။ ပထမထပ်ရှိ ဧည့်ခန်းထဲတွင် မရိန်းတပ်သား တစ်ယောက်သည် စားပွဲ နောက်ဘက်၌ ထိုင်နေသည်။

ရောဘတ်က ချဉ်းကပ်သွားချိန်တွင် မရိန်းတပ်သားက မော့ကြည့်လိုက်၏။

"ကျုပ် ဘာများ ကူညီရမလဲ ခင်ဗျ"

ရောဘတ်က ပြောလိုက်၏။

"ဟုတ်ကဲ့၊ ကျုပ်ရဲ့နိုင်ငံကူးလက်မှတ် ကျပျောက်သွားလို့ အသစ်လုပ်ဖို့ လုပ်နည်းကို သိချင်လို့ပါ"

မရိန်းတပ်သားက အစွန်ဆုံး၌ရှိနေသော ရုံးခန်းတစ်ခန်းကို လက်ညှိုးထိုး ပြလိုက်သည်။

"သူတို့ ဆရာ့ကို ကူညီဆောင်ရွက်ပေးကြပါလိမ့်မယ်၊ နောက်ဆုံးတံခါးပါ"

"ကျေးဇူးတင်ပါတယ်"

ထိုအခန်းထဲတွင် နိုင်ငံကူးလက်မှတ်အသစ် လျှောက်ထားနေသူများ၊ နိုင်ငံ ကူးလက်မှတ် ပျောက်ဆုံးကြောင်း လာသတင်းပို့သူများ၊ သက်တမ်းတိုးမှုများ ဗီဇာလျှောက်သူများ စုစုပေါင်း ခြောက်ယောက်ခန့် ရှိနေကြသည်။

"ကျုပ် အဲလ်ဗေးနီးယားကိုသွားဖို့ ဗီဇာလိုပါသလား၊ ကျုပ် ဆွေမျိုးတွေ အဲဒီမှာ ရှိနေတယ်"

"ကျုပ်က ဒီနိုင်ငံကူးလက်မှတ်ကို ဒီကနေ့ည သက်တမ်းတိုးရမှ ဖြစ်မယ်၊ ကျုပ်က လေယာဉ်ပျံနဲ့ ခရီးထွက်ဖို့ရှိနေ . . ."

"ကျုပ်ကတော့ ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး၊ ကျုပ်က အဲဒါကို မီလန်မှာ မေ့ကျန်ရစ်ခဲ့တာ ဖြစ်ရမယ်"

"သူတို့က ကျုပ်ရဲ့နိုင်ငံကူးလက်မှတ်ကို ကျုပ်ရဲ့ပိုက်ဆံအိတ်ထဲက နှိုက်ယူ





သွားတာ ဖြစ်ရမယ်"

ရောဘတ်သည် နားထောင်ရင်း မတ်တတ်ရပ်နေသည်။

အီတလီနိုင်ငံတွင် နိုင်ငံကူးလက်မှတ်များကို ခိုးယူမှုများသည် အလွန် ဖြစ်ထွန်းသည့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းတစ်ရပ် ဖြစ်နေသည်။ ရောဘတ်ရှေ့နားရှိ ရှိနေသော လူတစ်ယောက်သည် နိုင်ငံကူးလက်မှတ်သစ်ကို ရရှိပေ ပြီဖြစ်သည်။ လူတန်းကြီး၏ရှေ့ဆုံးတွင် ကောင်းကောင်းမွန်မွန် ဝတ်ဆင်ထားသူ ဆံပင်ဖြူ အိတ်ပိုင်းအရွယ် အမျိုးသားတစ်ယောက်အား အမေရိကန် နိုင်ငံကူးလက်မှတ် အသစ်ကို လှမ်းပေးနေသည်။

"မစ္စတာ ကိုဝန်၊ ဒါ ခင်ဗျားရဲ့ နိုင်ငံကူးလက်မှတ်အသစ်ပဲ၊ ခင်ဗျားအနေနဲ့ ဒီလိုတို ဆိုးရွားတဲ့ အတွေ့အကြုံနဲ့ တွေ့ခဲ့ရတဲ့အတွက် ကျုပ် ဝမ်းနည်းပါတယ်၊ ဒီမြို့မှာ ခါးပိုက်နှိုက်တွေ အများကြီး ရှိနေကြတယ်ဗျ"

"ဒီတစ်ကြိမ်မှာတော့ ဒီလက်မှတ်ကို သူတို့နောက် ပါမသွားအောင် ကျုပ် ကြိုးစားပါ့မယ်"

ကိုဝန်က ပြောလိုက်၏။

"အဲဒီလို လုပ်စမ်းပါဗျာ"

ကိုဝန်က သူ၏နိုင်ငံကူးလက်မှတ်အား ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်ပြီး နောက်ဘက်သို့ လှည့်လိုက်သည်ကို ရောဘတ်က စောင့်ကြည့်နေသည်။

ရောဘတ်သည် သူ့ရှေ့သို့ရောက်အောင် လှမ်းလိုက်၏။ အမျိုးသမီးတစ် ယောက် ၎င်းတို့အနားက ဖြတ်အသွားတွင် ရောဘတ်က သူ့ကို အတွန်းခံလိုက် သည့်အလား ကိုဝန့်ကို လဲကျလုနီးပါး ဖြစ်သွားအောင် ဝင်တိုက်ပစ်လိုက်သည်။

"ကျုပ် သိပ်ကိုဝမ်းနည်းပါတယ်ဗျာ"

ရောဘတ်က တောင်းပန်လိုက်၏။ သူက ရှေ့သို့တိုးပြီး ကိုဝန်၏ကုတ်အင်္ကျီကို ၎င်းကိုယ်စား ဆွဲဆန့်ပေးလိုက်သည်။ ကိုဝန်က -

"ကိစ္စမရှိပါဘူးဗျာ" ဟု ပြောလိုက်၏။

ရောဘတ်သည် ချာခနဲ လှည့်လိုက်ပြီး စင်္ကြံလမ်းအဆုံး၌ရှိသော အမျိုး သားများ၏ အများသုံးအိမ်သာထဲသို့ လျှောက်ဝင်သွားသည်။

ကိုဝန်၏ နိုင်ငံကူးလက်မှတ်သည် သူ့အိတ်ထဲသို့ ရောက်ရှိနေလေပြီ။

သူက သူ တစ်ယောက်တည်းရှိနေကြောင်း သေချာအောင် နံဘေး ပတ် ဝန်းကျင်ကို လှည့်ကြည့်လိုက်ပြီးနောက် အခန်းကလေးတစ်ခန်းထဲသို့ ဝင်လိုက် သည်။ ရိုက်ကိုထံမှ အလစ်သုတ်လာသော မှတ်ဆိတ်ရိတ်ဓားကလေးနှင့် ကော် ပုလင်းတို့ကို ထုတ်ယူလိုက်၏။ သူက သတိကြီးစွာထားပြီး ပလတ်စတစ်ထိပ် ပိုင်းကို လှီးဖြတ်လိုက်ပြီးနောက် ကိုဝန်၏ဓာတ်ပုံကို ဖယ်ပစ်လိုက်သည်။

ထို့နောက် ရိုက်ကိုက ရိုက်ပေးခဲ့သော သူ့ဓာတ်ပုံကို အထဲသို့ သွင်းလိုက်၏၊ သူက ပလတ်စတစ်ထိပ်ပိုင်းကို စစ်ဆေးကြည့်လိုက်သည်။ သိပ်ကောင်းမွန်ပါ၏။

သူသည် ယခု ဟာင်နရီကိုဝန် ဖြစ်သွားလေပြီ။

နောက်ငါးမိနစ် ကြာသောအခါ သူသည် ဗီယာဗင်နီတိုလမ်းထဲသို့ ပြန် ရောက်နေပြီး အငှားကားတစ်စီးကို ငှားရမ်းရရှိသွားသည်။

"လီယိုနာဒို ဒါဗင်စီလေဆိပ်ကို မောင်းဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ရောဘတ်သည် လေဆိပ်သို့ (၁၂) နာရီခွဲတွင် ရောက်ရှိသွားသည်။

သူသည် အပြင်ဘက်၌ မတ်တတ်ရပ်ရင်း ထူးခြားမှုတစ်ခုခုကို လိုက် ရှာဖွေနေသည်။ အပြင်ပန်းအားဖြင့် အစစအရာရာသည် ပုံမှန်အတိုင်း ရှိ ရသည်။ ပုလိပ်ကားများ မရှိ၊ သံသယဖြစ်ဖွယ်ရာပုံစံနှင့် အမျိုးသားများကိုလည်း မတွေ့ရ။ ရောဘတ်သည် လေဆိပ်အဆောက်အအုံထဲသို့ ဝင်လိုက်ပြီး တံ အတွင်းဘက်နားတွင် ရပ်တန့်လိုက်သည်။

ကျယ်ဝန်းသော လေဆိပ်အဆောက်အအုံကြီးထဲတွင် လေကြောင်းလိုင်း အသီးသီးမှ ကောင်တာများသည် ပြန့်ပြန့်ကျဲကျဲ ရှိနေကြသည်။ အစီပွာယ်မျှ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသူများ၊ တိုင်နှင့်ကွယ်၍နေသူများ ရှိ ပါ။ သူသည် သတိကြီးစွာထားပြီး ထိုနေရာ၌ပင် ရပ်စောင့်နေသည်။ သူ့အ သူ့ကိုယ်သူကိုပင် ပြန်၍ ရှင်းလင်း ပြောပြနိုင်စွမ်း မရှိပါ။ သို့ရာတွင် တစ် ပြောရမည်ဆိုပါက အစစအရာရာသည် သိပ်ကိုပုံမှန်အတိုင်း ဖြစ်လွန်းနေသည်။

အခန်းကျယ်ကြီး၏ ဟိုဘက်တွင် အဲယားဖရန့်စ်ကောင်တာ ရှိနေသည်။

'ခင်ဗျားဟာ အဲယားဖရန့်စ် လေကြောင်းခရီးစဉ်အမှတ် (၁၁၂) နဲ့ ပဲရ လိုက်ရမယ်၊ အဲဒီလေယာဉ်ပျံက တစ်နာရီမှာ ထွက်မယ်'

ရောဘတ်သည် ထိုကောင်တာကိုကျော်၍ လျှောက်သွားပြီးနော အလီတားလီးယား လေကြောင်းကုမ္ပဏီကောင်တာ နောက်ဘက်မှ တူညီဝတ် ဝတ်ထားသော အမျိုးသမီးတစ်ဦးထံ ချဉ်းကပ်လိုက်သည်။

"မင်္ဂလာ ညနေခင်းပါ"

"မင်္ဂလာညနေခင်းပါ၊ ရှင့်ကို ဘာများ ကူညီနိုင်ပါသလဲ"

ရောဘတ်က -

"ဟုတ်ကဲ့၊ ခင်ဗျားက ကျေးဇူးပြုပြီး ကွန်မန်ဒါ ရောဘတ်ဘယ်လာမီ အခမဲ့ တယ်လီဖုန်းဆီကို လာပေးပါလို့ ကြေညာပေးပါလားဗျာ"

"ရပါတယ်ရှင်"

ထိုအမျိုးသမီးက စကားပြောခွက်တစ်ခုကို ကောက်ကိုင်လိုက်၏။

ပေအနည်းငယ်ခန့်သာ ကွာဝေးသော နေရာတွင် ခပ်ဝဝလုံးလတ်ပိုင်း ရွယ် အမျိုးသမီးကြီးတစ်ယောက်သည် အဝတ်အစားသေတ္တာ အတော်ခပ်မျ များကို ပေါင်ချိန်နေစဉ် ပေါင်ပိုကြေးတောင်းခံမှုနှင့် ပတ်သက်၍ လေကြောင် ဌာနမှ ဝန်ထမ်းနှင့် ပြင်းပြင်းထန်ထန် ငြင်းခုံနေကြသည်။

"အမေရိကန်မှာဆိုရင် ကျုပ်ကို ပေါင်ပိုတယ်ဆိုပြီး တစ်ခါမှ မတောင်းဖူ ဘူး"

"ကျွန်တော် ဝမ်းနည်းပါတယ် မဒမ်၊ ဒါပေမယ့် ခင်ဗျားက ဒီသေတ္တာတွေ အားလုံး ပါသွားစေချင်တယ်ဆိုရင်တော့ ခင်ဗျားက ပေါင်ပိုကြေးကို ပေးရပါလိ မယ်"

ရောဘတ်က အနားသို့ တိုးကပ်သွားလိုက်၏။

အလီတားလီးယား လေကြောင်းကုမ္ပဏီမှ ဝန်ထမ်းအမျိုးသမီး၏အသံ သည် အသံချဲ့စက်မှ ပေါ်ထွက်လာသည်။

"ကွန်မန်ဒါ ရောဘတ်ဘယ်လာမီ၊ ကျေးဇူးပြုပြီး အခမဲ့တယ်လီဖုန်းဆီကို လာခဲ့ပါ၊ ကွန်မန်ဒါ ရောဘတ်ဘယ်လာမီ အခမဲ့တယ်လီဖုန်း အဖြူရောင်ဆီကို ...ဇူးပြုပြီး လာခဲ့ပါရှင်"

ထိုကြေညာချက်သည် လေဆိပ်အဆောက်အအုံထဲတွင် ပဲ့တင်သံထပ်ပြီး ...ထွက်လာလေတော့သည်။

အကျီအဝတ်အစားများကို ထည့်ယူလာသော အိတ်ကြီးတစ်အိတ်ကို ကိုင် ...သော အမျိုးသားတစ်ယောက် သူ့နံဘေးမှ ဖြတ်လျှောက်သွားသည်။

ရောဘတ်က ပြောလိုက်၏။

"တစ်ဆိတ်ဗျာ"

ထိုပုဂ္ဂိုလ်က ပြန်လှည့်ကြည့်သည်။

"ဘာများပါလိမ့်"

"ကျုပ်ဇနီးက ကျုပ်ကို အသံချဲ့စက်နဲ့ ခေါ်နေတာ ကြားနေရတယ်၊ ...ယ့် . . ."

သူက အမျိုးသမီးကြီး၏ သေတ္တာများကို လက်ညှိုးထိုးပြလိုက်သည်။

"ကျုပ်က ဒီပစ္စည်းတွေကို ဒီမှာ ထားခဲ့လို့ မဖြစ်ဘူး"

သူက ဆယ်ဒေါ်လာတစ်ရွက်ကို ဆွဲထုတ်လိုက်ပြီး ထိုပုဂ္ဂိုလ်ကို လှမ်းပေး ...သည်။

"ခင်ဗျားက အဖြူရောင် တယ်လီဖုန်းကိုသွားပြီး ကျုပ်ဇနီးကို နောက်တစ် ...ကြာရင် ကျုပ်တို့တည်းခိုတဲ့ ဟိုတယ်မှာ သူ့ကို လာခေါ်မယ်လို့ ပြောပေးပါ

ထိုပုဂ္ဂိုလ်က သူ့လက်ထဲ၌ရှိနေသော ဆယ်ဒေါ်လာတန်ငွေစက္ကူကို ငုံ့ ...လိုက်သည်။

"ရပါတယ်ဗျာ"

ထိုပုဂ္ဂိုလ် အခမဲ့တယ်လီဖုန်းဆီသို့ လျှောက်သွားပြီး စကားပြောခွက်အား ...က်ကိုင်လိုက်သည်ကို ရောဘတ် စောင့်ကြည့်နေသည်။

သူက စကားပြောခွက်ကို နားရွက်တွင်ကပ်၍ -

"ဟယ်လို . . . ဟယ်လို . . ." ဟု ပြောလိုက်သည်။

ထို့နောက် တစ်ခဏမှာပင် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော ...အားကြီးလေးယောက်တို့သည် ဗြုန်းခနဲ ပေါ်လာကြပြီး ကူညီမည့်သူ ကင်းမဲ့ ...သော ထိုပုဂ္ဂိုလ်ကို နံရံနှင့် ဖိကပ်ထားလိုက်ကြသည်။

"ဟေ့ . . . ဒါက ဘာလုပ်တာလဲ"

တစ်ယောက်က ပြောလိုက်သည်။

"ဒီကိစ္စကို တိတ်တိတ်ဆိတ်ဆိတ် လုပ်ကြရအောင်"

"မင်းတို့က ဘာလုပ်နေတယ်လို့ ထင်နေကြသလဲ၊ မင်းတို့ ငါ့ကို မထိကြနဲ့"

"ရုတ်ရုတ်သဲသဲ မလုပ်ပါနဲ့ ကွန်မန်ဒါ၊ အဲဒီလို လုပ်လို့ အကျိုးမရှိ . . ."

"ကွန်မန်ဒါ . . . ဟုတ်လား၊ မင်းတို့ လူမှားနေပြီကွ၊ ငါ့နာမည်က မဲလ်ဗင် ...တစ်၊ ငါက အိုမာဟာကကွ"

"အပိုတွေ လုပ်မနေပါနဲ့လေ"

"ခဏနေစမ်းပါဦး၊ ငါတို့ လှည့်စားခံလိုက်ရတာကွ၊ မင်းတို့လိုချင်တဲ့လူက ...ဗျာ"

သူက ရောဘတ် မတ်တတ်ရပ်နေခဲ့သော နေရာဆီသို့ လက်ညှိုးထိုးပြ



www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။

ထိုနေရာတွင် မည်သူမျှ မရှိတော့ပါ။

လေဆိပ်အဆောက်အအုံ အပြင်ဘက်တွင်မူ လေဆိပ်မှ ဘတ်စ်ကား တစ်စီးသည် ထွက်ခွာရန် အဆင်သင့် ဖြစ်နေလေပြီ။

ရောဘတ်သည် ဘတ်စ်ကားပေါ်သို့ တက်လိုက်ပြီး အခြား ခရီးသည် များနှင့် ရောနှောလိုက်သည်။ သူသည် ဘတ်စ်ကား၏ နောက်ဘက်၌ထိုင် သူ နောက်ထပ် လှုပ်ရှားရမည့်ကိစ္စကို အာရုံစိုက်ပြီး စဉ်းစားနေသည်။

သူက ယခု ဖြစ်ပျက်နေသော ကိစ္စများအတွက် အဖြေကို သိလိုစိတ် ဖြစ်ပေါ်နေသည်။

သူတို့ မမြင်ထိုက်သည့် ကိစ္စတစ်ရပ်ကို မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရသော ပုဂ္ဂိုလ်များ၊ ထိုအပြစ်ကင်းစင်သည့်ပုဂ္ဂိုလ်များကို သတ်ဖြတ်ရာတွင် တာဝန် သည့် ပုဂ္ဂိုလ်အား သိလိုသောကြောင့် သူသည် အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာ သွေးရှူးသွေးတန်း စကားပြောချင်စိတ် ဖြစ်ပေါ်နေမိသည်။

ထို တာဝန်ရှိသောပုဂ္ဂိုလ်သည် ဂျင်နရယ် ဟီးလီးယဒ်လား၊ ဒပ်စတင်သွ တန်လား သို့တည်းမဟုတ် ဒပ်စတင်သွန်တန်၏ ယောက္ခမဖြစ်သူ လှို့လှို့ဝှ ဝှက်ရှိလှသော ဝီးလီးယဒ်စတုန်းပေပဲလား။ ဝီးလီးယဒ်စတုန်းသည် ဤကိစ္စ တစ်နည်းနည်းနှင့် ပါဝင်ပတ်သက်နိုင်ပါသလား သို့တည်းမဟုတ် အင်အက်စ်ေ ညွှန်ကြားရေးမှူး အက်ဒဝပ်ဆန်းဒါးစ်ပင် ဖြစ်လေသလော သို့တည်းမဟု အမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်သော သမ္မတကြီးပင် ဖြစ်လေသလား။ ရောဘတ်အတွ အဖြေတွေ လိုအပ်နေပါသည်။

ရောမသို့ ဘတ်စ်ကားစီးချိန်မှာ တစ်နာရီ ကြာမြင့်ပါသည်။ ထိုဘတ်စ်ကာ ကြီး အီဒင်ဟိုတယ်ရှေ့၌ ရပ်တန့်လိုက်သောအခါ ရောဘတ်သည် ကားပေါ် ဆင်းခဲ့သည်။

'ငါ ဒီနိုင်ငံထဲက ထွက်မှ ဖြစ်မယ်'

ရောဘတ်က တွေးလိုက်၏။

ရောမမြို့တွင် သူ့အနေနှင့် ယုံကြည်စိတ်ချရသည့်ပုဂ္ဂိုလ်မှာ တစ်ယော တည်းသာ ရှိသည်။ အီတလီနိုင်ငံ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ စီဖာ (Sifar) အကြီးအကဲ ဗိုလ်မှူးကြီး ဖရန့်စစ်စကိုစီဇာပင် ဖြစ်သည်။ စီဇာသည် အီတလီ ရောဘတ် ထွက်ပြေးမည့်ကိစ္စအတွက် အသုံးတည့်မည့်ပုဂ္ဂိုလ်ပင် ဖြစ်သည်။

ဗိုလ်မှူးကြီးစီဇာသည် အလုပ်ခွင်တွင် နောက်ကျစွာ အလုပ်လုပ်နေသည် နိုင်ငံခြားထောက်လှမ်းရေး အေဂျင်စီများ အချင်းချင်း အပြန်အလှန် ပေးပို့ ကြသော အကြောင်းကြားချက်များသည် ဝင်လာမစဲ တသဲသဲ ဖြစ်နေသည်။

အဆိုပါ အကြောင်းကြားချက် အားလုံးသည် ကွန်မန်ဒါ ဘယ်လာမီနှင့် ပတ်သက်နေကြသည်။

အတိတ်ကာလက ဗိုလ်မှူးကြီး စီဇာသည် ကွန်မန်ဒါဘယ်လာမီနှင့် တွဲ၍ အလုပ်လုပ်ခဲ့ရဖူးပြီး ကွန်မန်ဒါကို အလွန် ခင်မင်ခဲ့သည်။

သူသည် သူ့ရှေ့၌ ရှိနေသော နောက်ဆုံး ရောက်ရှိလာသည့် အကြောင်း





ကြားချက်ကိုကြည့်ရင်း သက်ပြင်းချလိုက်သည်။

ရှင်းပစ်လိုက်ပါတဲ့။

သူက ထိုအကြောင်းကြားချက်ကို ဖတ်ရှုနေစဉ် သူ့အတွင်းရေးမှူးသည် ရုံးခန်းထဲသို့ ဝင်လာတော့သည်။

"လိုင်းတစ်ကနေပြီး ကွန်မန်ဒါ ဘယ်လာမီက ဆက်သွယ်နေပါတယ်"

ဗိုလ်မှူးကြီး စီဇာက အတွင်းရေးမှူးအမျိုးသမီးကို ငေးကြည့်နေသည်။

"ဘယ်လာမီ၊ ဟုတ်လား၊ သူကိုယ်တိုင်လား၊ ကိစ္စမရှိပါဘူးကွာ"

အတွင်းရေးမှူး အခန်းထဲက ပြန်ထွက်သွားသည်အထိ သူက စောင့်နေ လိုက်ပြီးမှ တယ်လီဖုန်းစကားပြောခွက်ကို ဆတ်ခနဲ ကောက်ကိုင်လိုက်သည်။

"ရောဘတ်လား"

"ဟိုင်း . . . ဖရန့်စစ်စကို၊ ဘာတွေ ဖြစ်နေကြတာလဲဗျ"

"မင်းက ငါ့ကို ပြောပြရမှာ ကိုယ့်လူရ၊ ငါ့ဆီမှာ မင်းနဲ့ပတ်သက်ပြီး အရေး တကြီး အကြောင်းကြားထားတာတွေ အမျိုးစုံရှိနေတယ်၊ မင်းက ဘာတွေလုပ် ခဲ့လို့လဲ"

ရောဘတ်က ပြောလိုက်၏။

"ပြောရမှာတော့ အရှည်ကြီးပဲဗျာ၊ ပြီးတော့ ကျုပ်မှာ အချိန်လည်း မရှိဘူး၊ ခင်ဗျားက ဘာတွေ ကြားထားလို့လဲ"

"မင်း အလုပ်က ထွက်သွားပြီတဲ့၊ မင်းက သစ္စာဖောက်ပြီး တို့အတွင်းရေး တွေကို ဖော်ကောင်လုပ်နေပြီတဲ့"

"ဘာပြောတယ်"

"ငါကြားရတာကတော့ မင်းက ------ နိုင်ငံနဲ့ဆက်သွယ်ပြီး . . . "

"မြတ်စွာဘုရား၊ မဟုတ်တရုတ်တွေပါဗျာ"

"မဟုတ်တရုတ်တွေ၊ ဟုတ်လား ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ နောက်ထပ် တစ်နာရီကြာရင် သူတို့က သတင်း အချက်အလက်တွေကို ထပ်ပြီး ယိုချင်ကြဦးမှာပဲ"

"ဟော့ ရောဘတ်၊ ဒါ ရွှတ်နောက်နေရမယ့်ကိစ္စ မဟုတ်ဘူး"

"ကျုပ်ကို အဲဒီအကြောင်း ပြောပြစမ်းပါ ဖရန့်စစ်စကို၊ ကျုပ်က ခုလေးတင် အပြစ်မရှိတဲ့ လူဆယ်ယောက်ကို သေတွင်းထဲပို့ခဲ့ပြီ၊ ကျုပ်ကိုတော့ နံပါတ် ဆယ့်တစ်လို့ သတ်မှတ်ထားတယ်"

"မင်းက ဘယ်မှာလဲ"

"ကျုပ် ရောမမြို့ထဲမှာ၊ ကျုပ် ခင်ဗျားရဲ့ သောက်မြို့ထဲက အပြင်ကို ထွက်လို့ မရနိုင်ဘူး"

"ဟုတ်လား"

အတန်ကြာအောင် ငြိမ်ကျသွားသည်။

"မင်းကို ငါ ဘယ်လိုကူညီရမလဲ"

"ကျုပ်တို့ စကားပြောနိုင်မယ့် လုံခြုံစိတ်ချရတဲ့ နေရာတစ်နေရာဆီ ရောက်အောင် ခင်ဗျားက ကျုပ်ကို ပို့ပေး၊ အဲဒီနောက်တော့ ဘယ်လို ထွက်ပြေး ရမယ်ဆိုတာ ကျုပ် စဉ်းစားမယ်၊ ခင်ဗျားက အဲဒါကို စီစဉ်ပေးနိုင်သလား"

"ပေးနိုင်ပါတယ်၊ ဒါပေမယ့် မင်း သတိတော့ထားရမယ်၊



www.burmeseclassic.com

www.burmeseclassic.com

သာလိမ့်မယ်၊ မင်းကို ငါကိုယ်တိုင် လာခေါ်မယ်"

ရောဘတ်က စိတ်သက်သာရာ ရသွားမှုကြောင့် သက်ပြင်းချလိုက်မိသည်။

"ကျေးဇူးပါပဲ ဖရန့်စစ်စကိုရယ်၊ ကျုပ် တကယ့်ကို တန်ဖိုးထားပါတယ်ဗျာ"

"မင်းတို့ အမေရိကန်တွေ ပြောသလိုပေါ့၊ မင်းက ငါ့အပေါ်မှာ အကြွေးဆပ်စရာ ရှိသွားပြီ၊ မင်း အခု ဘယ်မှာလဲ"

"ထရာစတီဗီရီက လီဒိုအရက်ဆိုင်မှာ"

"အဲဒီကပဲ စောင့်နေကွာ၊ မင်းဆီကို တစ်နာရီတိတိကြာရင် ငါ လာခဲ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ရောဘတ်က စကားပြောခွက်ကို ပြန်တင်လိုက်၏။

အင်မတန် ရှည်ကြာလှမည့် တစ်နာရီပင်တည်း။

နောက်ထပ် နာရီဝက်ကြာသည့်အခါ မည်သည့် အမှတ်အသားမျှ မပါရှိသော ကားနှစ်စီးသည် လီဒိုအရက်ဆိုင်နှင့် ဆယ်ကိုက်အကွာတွင် ထိုးရပ်လိုက်ကြသည်။ ကားတစ်စီးစီတွင် လူလေးယောက်စီ ပါလာကြပြီး အားလုံး မောင်းပြန်သေနတ် ကိုယ်စီ ကိုင်ဆောင်ထားကြသည်။

ပထမကားထဲမှ ဗိုလ်မှူးကြီးစီဇာ ထွက်လာသည်။

"ခုကိစ္စကို မြန်မြန်ထက်ထက် လုပ်ကြရအောင်၊ ငါကတော့ ဘယ်သူ့ကိုမှ အနာတရ မဖြစ်စေချင်ဘူး"

၎င်းတို့အထဲမှ တစ်ဝက်က အဆောက်အအုံ၏ အနောက်ဘက်ကို ထိန်းချုပ်ထားရန် တိတ်ဆိတ်စွာ ကွေ့ပတ်၍ လျှောက်သွားကြသည်။

ဗိုလ်မှူးကြီးစီဇာနှင့်အဖွဲ့က သူတို့၏သေနတ်များကိုမြှောက်၍ အရက်ဆိုင်ထဲသို့ ပြေးဝင်သွားကြသည်ကို လမ်း၏ဟိုဘက် တိုက်ခေါင်မိုးပေါ်၌ ရှိနေသော ရောဘတ်ဘယ်လာမီက စောင့်ကြည့်နေသည်။

'ကောင်းပြီ၊ မင်းတို့က ဒီအချိုးမျိုးနဲ့ဆိုရင် ငါလည်း မင်းတို့လို လုပ်ရတော့မှာပေါ့ကွာ'

ရောဘတ်က တွေးလိုက်လေ၏။

❖ ❖ ❖



## အခန်း သုံးဆယ့်ခြောက်

ဆယ့်ခြောက်ရက်မြောက်နေ့
ရောမမြို့၊ အီတလီနိုင်ငံ

ရောဘတ်သည် ဗိုလ်မှူးကြီး စီဇာထံ ပီယာဇာ ဒဲလ် ဒူယိုမိုရှိ တယ်လီဖုန်းရုံလေးတစ်ရုံမှ တယ်လီဖုန်း ဆက်လိုက်သည်။

ရောဘတ်က မေးလိုက်၏။

"ကျုပ်တို့ရဲ့ မိတ်ဆွေဖြစ်မှု ဘာဖြစ်သွားပြီလဲ"

"မထူမအစမ်းပါနဲ့ မိတ်ဆွေကြီးရာ၊ ငါလည်း မင်းလိုပဲ အမိန့်ပေးတာကို နာခံရတဲ့လူပဲ၊ မင်းအနေနဲ့ ထွက်ပြေးနေလို့ အကျိုးမရှိဘူးဆိုတာကိုတော့ မင်းကို ငါပြောချင်တယ်။ မင်းက ထောက်လှမ်းရေးအေဂျင်စီတွေအားလုံးရဲ့ အလိုချင်ဆုံးလူစာရင်းမှာ ထိပ်ဆုံးက ပါနေတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ အစိုးရ တစ်ဝက်လောက်က မင်းကို လိုက်ရှာနေကြတယ်"

"ကျုပ်ဟာ သစ္စာဖောက်တစ်ယောက် ဖြစ်တယ်လို့ ခင်ဗျားက ယုံကြည်သလား"

စီဇာက သက်ပြင်းချသည်။

"ငါ ယုံကြည်တာက အရေးမပါပါဘူး ရောဘတ်ရာ၊ ခုကိစ္စက ကိုယ်ရေးကိုယ်တာ မဟုတ်ပါဘူး၊ ငါ့ကို အထက်က ညွှန်ကြားထားတယ်ကွ"

"ကျုပ်ကို ရှင်းပစ်ဖို့ပေါ့"

"မင်းကိုယ်တိုင် လာအဖမ်းခံတာက ပိုပြီး သက်သာလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်"

ရောဘတ်က တယ်လီဖုန်းစကားပြောခွက်ကို ဆောင့်ချလိုက်၏။

ရောဘတ်က သူသည် ကြာရှည်စွာ ထွက်ပြေးနေရလေလေ၊ သူ့အတွက် အန္တရာယ်သည် ပိုများလာလေလေ ဖြစ်ကြောင်း သဘောပေါက်လိုက်သည်။ နိုင်ငံပေါင်းခြောက်နိုင်ငံမှ ထောက်လှမ်းရေးအေဂျင့်များက သူ့ဆီကို ဝိုင်းလာကြပြီ ဖြစ်ကြောင်း သူ သိပါသည်။

သစ်ပင်တစ်ပင်တော့ ရှိကိုရှိရမည်ဟု ရောဘတ်က တွေးလိုက်၏။ ထိုကိစ္စမှာ တောလိုက်ထွက်သော မုဆိုးတစ်ယောက်က သူ့အတွေ့အကြုံကို ပြန်ပြောပြမှုနှင့် ဆက်စပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟောဒီခြသေ့်က ကျုပ်ဆီကို ပြေးလာနေတယ်၊ ကျုပ်ရဲ့သေနတ် ထဲမှာပြီး နောက်က လိုက်လာတဲ့သူတွေကလည်း ထွက်ပြေးကုန်ကြပြီ၊ ကျုပ် သေနတ်လည်း မရှိတော့ဘူး၊ ပြီးတော့ ပုန်းစရာဆိုလို့လည်း ဘယ်မှာမှ မရှိဘူး ချောက်စိတစ်ဆုံး မြင်ကွင်းထဲမှာ ချုံပုတ် ဒါမှမဟုတ် သစ်ပင်တစ်ပင်မှ မရှိဘူး အဲဒီ ခြသေ့်ကလည်း ကျုပ်ဆီကို တည့်တည့်ကြီး ပြေးလာနေတယ်၊ ပိုပြီး နီး လာတယ်"

ဤတွင် နားထောင်နေသူ တစ်ယောက်က ဝင်မေးလိုက်၏။

"ခင်ဗျားက ဘယ်လို လွတ်မြောက်လာတာလဲ"

"ကျုပ်က အနီးဆုံး သစ်ပင်တစ်ပင်ဆီ ပြေးသွားပြီး သစ်ပင်ပေါ် တက် လိုက်တာပေါ့"

"ဒါပေမယ့် သစ်ပင်တစ်ပင်မှ မရှိဘူးလို့ ခင်ဗျား ပြောခဲ့တယ်လေ"

"ခင်ဗျား နားမလည်ပါဘူးဗျာ၊ သစ်ပင်တစ်ပင်တော့ ရှိကိုရှိရမယ်ဗျ" ဟုတ်ပါသည်။

'အဲဒီသစ်ပင်ကို ငါတွေ့အောင် ရှာမည်'ဟု ရောဘတ်က တွေးလိုက်သည်။

သူက ပီယာဇာ တံစ်ဝိုက်ကို လှျောက်ကြည့်လိုက်၏။ ဤအချိန်နာရီတွင် ဤနေရာသည် လူသူလေးပါး မရှိသလောက် ဖြစ်နေလေပြီ။ သူ့အတွက် ဤအ မက်ဆိုးကြီးကို စတင် ဖြစ်ပေါ်စေခဲ့သောပုဂ္ဂိုလ် ဂျင်နရယ်ဟီးလီးယဒ်နှင့် စကား စမြည် ပြောဆိုဖို့ အချိန်ကျရောက်ပြီဟု သူ တွေးလိုက်မိသည်။

သို့ရာတွင် သူ့ဘက်က သိပ်ကို သတိထားမှ ဖြစ်လိမ့်မည်။ ခေတ်သစ် အီလက်ထရွန်းနစ် နည်းစနစ်နှင့် တယ်လီဖုန်းနံပါတ်များကို လိုက်လ စုံစမ်း ထောက်လှမ်းမှုသည် ချက်ချင်းလိုလို လျင်မြန်လွန်းလှသည်။

ရောဘတ်က သူ စကားပြောနေသော တယ်လီဖုန်းရုံကလေးနှင့် ယှဉ်နေ သော အခြား တယ်လီဖုန်းရုံကလေးနှစ်ရုံတွင်လည်း လူရှင်းနေကြောင်း သတိ ထားလိုက်မိ၏။

'အနေအထား သိပ်ကောင်းနေတယ်'

ဂျင်နရယ် ဟီးလီးယဒ်က သူ့ကိုပေးလိုက်သော သီးသန့် တယ်လီဖုန်း နံပါတ်ကို အသုံးမပြုဘဲ သူက အင်အက်စ်အေ၏တယ်လီဖုန်း စက်ခလုတ်ရုံး တယ်လီဖုန်းဆက်လိုက်သည်။ တယ်လီဖုန်း အော်ပရေတာ တစ်ယောက်က ထူးလိုက်သောအခါ ရောဘတ်က -

"ဂျင်နရယ် ဟီးလီးယဒ်ရုံးခန်းကို ကျေးဇူးပြုပြီး ပေးပါ" ဟု ပြောလိုက် သည်။

အနည်းငယ် ကြာသောအခါ အတွင်းရေးမှူးတစ်ယောက်၏အသံကို ကြားရတော့သည်။

"ဂျင်နရယ် ဟီးလီးယဒ် ရုံးခန်းကပါ"

"ပြည်ပက တယ်လီဖုန်း ဆက်သွယ်နေပါတယ်၊ ခဏကိုင်ထားပါ"

ရောဘတ်က ပြောလိုက်၏။

သူက စကားပြောခွက်ကို တွဲလောင်းကြီး ချထားခဲ့ပြီးနောက် နောက် တယ်လီဖုန်းရုံကလေးထဲသို့ ဝင်လိုက်သည်။ သူက ထိုနံပါတ်ကိုပင် ခပ်မြန်မြန် ပြန်လှည့်လိုက်၏။ အခြား အတွင်းရေးမှူးတစ်ယောက်က အဖြေပေးလိုက်





သောအခါ ရောဘတ်က -

"ပြည်ပက တယ်လီဖုန်းခေါ်နေပါတယ်၊ ခဏစောင့်ပါ" ဟု ပြောလိုက်ပြန် သည်။ သူက ထိုတယ်လီဖုန်းစကားပြောခွက်ကို တွဲလောင်းချထားခဲ့ပြီးနောက် တတိယ တယ်လီဖုန်းရုံထဲသို့ဝင်လိုက်ပြီး ဒိုင်ခွက်ကို လှည့်လိုက်ပြန်၏။ အခြား အတွင်းရေးမှူးတစ်ယောက်က ပြန်အဖြေပေးလိုက်သောအခါ ရောဘတ်က-

"ကျုပ် ကွန်မန်ဒါ ဘယ်လာမီပါ။ ဂျင်နရယ် ဟီးလီးယဒ်နဲ့ စကားပြောချင် တယ်" ဟု ပြောလိုက်သည်။ ဤတွင် တစ်ဖက်မှ တအံ့တသြ ဖြစ်သွားပုံရသည်။

"ခဏလေးစောင့်ပါ ကွန်မန်ဒါ"

အတွင်းရေးမှူးက အင်တာကွန်ခလုတ်ကို နှိပ်လိုက်၏။

"ဗိုလ်ချုပ်ကြီးရှင့်၊ ကွန်မန်ဒါ ဘယ်လာမီက လိုင်းသုံးမှာ ရှိနေပါတယ်"

ဂျင်နရယ် ဟီးလီးယဒ်က ဟယ်ရီဆန်ကဲလားဘက်သို့ လှည့်လိုက်၏။

"ဘယ်လာမီက လိုင်းသုံးပေါ်မှာ ရှိနေတယ်၊ အဲဒီတယ်လီဖုန်းကို ခပ်မြန်မြန် လိုက်စုံစမ်း"

ဟယ်ရီဆန်ကဲလားသည် ဘေးစားပွဲငယ် တစ်လုံးပေါ်၌ရှိသော တယ်လီ ဖုန်းဆီသို့ ကမန်းကတန်း သွားရောက်ပြီး (၂၄) နာရီလုံးလုံး အဆက်မပြတ် ဖွင့်ထားနေသော ကွန်ရက်အော်ပရေးရှင်းဗဟိုဌာနသို့ တယ်လီဖုန်းဆက်လိုက်သည်။

တာဝန်ကျနေသော ဝါရင့်အရာရှိက ဖြေလိုက်၏။

"အင်ဒိုစီက အဒမ်ပါ"

ကဲလားက လေသံကလေးနှင့် မေးလိုက်၏။

"အပြင်က ဆက်သွယ်နေတဲ့ တယ်လီဖုန်းတစ်လုံးကို အရေးပေါ် လိုက် စုံစမ်းမယ်ဆိုရင် ဘယ်လောက်ကြာမလဲ"

"တစ်မိနစ်ကနေ နှစ်မိနစ်အထိပါပဲ"

"စပြီး စုံစမ်းပေတော့၊ ဗိုလ်ချုပ်ကြီးရဲ့ ရုံးခန်းက လိုင်းသုံး၊ ကျုပ် စကား ပြောခွက်ကို ကိုင်ထားမယ်"

သူက ဗိုလ်ချုပ်ကြီးအား လှမ်းကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။ ဗိုလ်ချုပ် ဟီးလီးယဒ်က တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ကွန်မန်ဒါ၊ မင်းလားဟေ့"

အော်ပရေးရှင်းဗဟိုဌာနတွင်လည်း အဒမ်က ကွန်ပျူတာထဲသို့ နံပါတ် တစ်ခုကို ရိုက်ထည့်လိုက်ပြီး -

"ကဲ - စပြီဟေ့" ဟု နှုတ်က ပြောလိုက်သည်။

"ဆရာနဲ့ ကျွန်တော် စကားပြောဖို့ အချိန်ရောက်ပြီလို့ ကျွန်တော် ထင်ပါ တယ် ဗိုလ်ချုပ်ကြီး"

"မင်းက တယ်လီဖုန်းဆက်တဲ့အတွက် ငါ ဝမ်းသာတယ် ကွန်မန်ဒါ၊ မင်းက အဖြစ်လို့ ငါဆီလာပြီး အခြေအနေကို မဆွေးနွေးတာလဲ၊ မင်းအတွက် ငါ လေယာဉ်တစ်စီး စီစဉ်ပေးနိုင်ပါတယ်၊ မင်းက ဒီကို . . ."

"ဟင့်အင်း၊ ကျေးဇူးတင်ပါတယ်၊ လေယာဉ်ပျံတွေက မတော်တဆမှုတွေ ဖြစ်တတ်ပွားတာ သိပ်များတယ် ဂျင်နရယ်"

ဆက်သွယ်ရေးအခန်းထဲတွင်လည်း အီလက်ထရွန်းနစ် ခလုတ်ပြောင်းစနစ် (အက်စ်အက်စ်)ကို အသက်သွင်းထားသည်။ ကွန်ပျူတာ မှန်သားပြင်



www.burmeseclassic.com

www.burmeseclassic.com



မြင့်သည် စတင်၍ လင်းလာသည်။

*AX 121 B...AX 122 C...AX 123 C.......*

"ဘာတွေဖြစ်နေတာလဲ"

ကဲလားက တယ်လီဖုန်းထဲသို့ လေသံကလေးနှင့် မေးလိုက်သည်။

"နယူးယော့ခ်ဆီမှာရှိတဲ့ ကွန်ရက်အော်ပရေးရှင်းဗဟိုဌာနက ပါရှင်း ဒီစီရဲ့ အဝေးပြောလိုင်းတွေကို စစ်ဆေးနေပါတယ် ဆရာ၊ ခဏစောင့်ပါ"

ဖန်သားမျက်နှာပြင်ပေါ်၌ ဗလာဖြစ်သွားသည်။ ထို့နောက် ပင်လယ်ရပ် တယ်လီဖုန်းလိုင်း အမှတ်တစ် ဆိုသော စကားလုံး ဖန်သားမျက်နှာပြင်ပေါ် ပေါ်လာသည်။

"အဲဒီ တယ်လီဖုန်းဟာ ဥရောပတိုက်မှာရှိတဲ့ နိုင်ငံတစ်နိုင်ငံက ဆက်နေတာပါ၊ ကျုပ်တို့ အဲဒီနိုင်ငံကို လိုက်စုံစမ်းနေပါတယ်"

ဂျင်နရယ် ဟီးလီးယဒ်ကလည်း ပြောနေသည်။

"ကွန်မန်ဒါ ဘယ်လာမီ၊ နားလည်မှုလွဲမှားတာ တစ်ခုခု ဖြစ်နေတယ်လို့ ငါထင်တယ်၊ ငါ အကြံပေးချင်တာကတော့ . . ."

ရောဘတ်က တယ်လီဖုန်းစကားပြောခွက်ကို ပြန်တင်လိုက်၏။

ဂျင်နရယ် ဟီးလီးယဒ်က ကဲလားထံ လှမ်းကြည့်လိုက်သည်။

"မင်း ရလိုက်သလားဟေ့"

"ကျွန်တော်တို့ သူ့ကို လွတ်သွားတယ်"

ရောဘတ်သည် ဒုတိယ တယ်လီဖုန်းရုံထဲဝင်ပြီး တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်၏ အတွင်းရေးမှူးက ပြောလိုက်သည်။

"ကွန်မန်ဒါ ဘယ်လာမီ၊ နစ်ကာ ခေါ်နေပါတယ်"

ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်နှင့် ဟယ်ရီဆန်ကဲလားတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်က ကြည့်လိုက်ကြသည်။

ဂျင်နရယ် ဟီးလီးယဒ်က လိုင်း (၂) အတွက် ခလုတ်ကို နှိပ်ချလိုက်၏

"ကွန်မန်ဒါလား"

"ကျွန်တော်က အကြံပြုချက်တစ်ခုကို ပြောချင်ပါတယ်"

ရောဘတ်က ပြောလိုက်သည်။

ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်က စကားပြောခွက်ပေါ်တွင် လက်နှင့်အုပ်ထား ပြီး . . .

"အဲဒီနံပါတ်ကို ထပ်ပြီး စုံစမ်းခိုင်းကွာ" ဟု ပြောလိုက်သည်။

ဟယ်ရီဆန်ကဲလားက တယ်လီဖုန်းကို ကောက်ကိုင်ပြီး . . .

"သူက ဆက်နေပြန်ပြီ လိုင်းနှစ်၊ မြန်မြန်လုပ်ဗျာ" ဟု ပြောလိုက်သည်

"ကောင်းပါပြီ"

"ဗိုလ်ချုပ်ကြီး၊ ကျွန်တော့်ရဲ့ အကြံပြုချက်ကတော့ ဆရာတို့ပြည့်တွေ ပြန်ရုပ်သိမ်းပါ၊ ကျွန်တော်က ခုချက်ချင်း ရုပ်သိမ်းစေချင်ပါတယ်"

"မင်းက အခြေအနေကို နားလည်မှုလွဲနေတယ် ကွန်မန်ဒါ၊ ငါတို့က ပြဿနာကို ဖြေရှင်းနိုင်ပါတယ်၊ တကယ်လို့ . . ."

"ကျွန်တော်တို့ ဘယ်လို လုပ်နိုင်သလဲဆိုတာ ကျွန်တော် ပြောပြပါမယ်





ကျွန်တော့်ကို သုတ်သင်ရှင်းလင်းဖို့ အမိန့်တစ်ခု ထုတ်ထားပါတယ်၊ ဆရာတို့ အဲဒါကို ပြန်ပယ်ဖျက်ပေးစေချင်ပါတယ်"

ကွန်ရက်အော်ပရေးရှင်းဗဟိုဌာနတွင်လည်း ကွန်ပျူတာ ဖန်သားမျက်နှာပြင်က အချက်အလက်အသစ်တစ်ခုကို ဖော်ပြနေသည်။

*AX 155* စီ၊ အဝေးပြောလိုင်းခွဲ *A 21* ကို စစ်ဆေးပြီးပြီ၊ နယ်မြေ ၃၀၁၊ ရောမမြို့၊ အက်တလန်တစ် အဝေးပြောလိုင်း ၁။

အဒမ်က တယ်လီဖုန်းစကားပြောခွက်ထဲသို့ ပြောချလိုက်သည်။

"ကျုပ်တို့ ရပါပြီ၊ ကျုပ်တို့က အဝေးပြောလိုင်းကို ရောမမြို့အထိ စုံစမ်းလို့ ရပါပြီ"

ကဲလားက ပြောလိုက်သည်။

"ကျုပ်ကို နေရာနဲ့ နံပါတ်ကို ပြောဗျာ"

ရောမမြို့တွင်လည်း ရောဘတ်က သူ့လက်ပတ်နာရီကို ကြည့်နေသည်။

"ဆရာက ကျွန်တော့်ကို တာဝန်တစ်ရပ် ပေးတယ်၊ ကျွန်တော်က ပြီးဆုံးအောင် ထမ်းဆောင်ခဲ့တယ်"

"မင်းဆောင်ရွက်ခဲ့တာ သိပ်တော်တယ် ကွန်မန်ဒါ၊ ငါအကြံပြုချင်တာကတော့ . . ."

တယ်လီဖုန်းလိုင်း သေသွားတော့သည်။

ဗိုလ်ချုပ်ကြီးက ကဲလားဘက်သို့ လှည့်လိုက်ပြန်၏။

"သူက ပြန်ချသွားပြန်ပြီ"

ကဲလားက တယ်လီဖုန်းထဲသို့ မေးလိုက်သည်။

"ခင်ဗျားတို့ ရလိုက်ကြသလား"

"သိပ်မြန်လွန်းတယ် ခင်ဗျ"

ရောဘတ်သည် နောက် တယ်လီဖုန်းရုံကလေးထဲသို့ ဝင်ပြီး စကားပြောခွက်ကို ကောက်ကိုင်လိုက်ပြန်၏။

ဂျင်နရယ် ဟီးလီးယဒ်၏ အတွင်းရေးမှူးအသံသည် အင်တာကွန်ထဲမှ ထွက်ပေါ်လာပြန်သည်။

"ကွန်မန်ဒါ ဘယ်လာမီဟာ လိုင်းတစ်ပေါ်မှာ ရှိနေပါတယ် ဂျင်နရယ်"

ဂျင်နရယ်ကြီးက ခပ်ငေါက်ငေါက် ပြောလိုက်သည်။

"အဲ . . . ဒီ ခွေးမသားကို ရှင်းစမ်း"

သူက တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

"ကွန်မန်ဒါလား"

"ကျွန်တော် ပြောတာကို သေသေချာချာ နားထောင်စေချင်ပါတယ် ဂျင်နရယ်၊ ခင်ဗျားဟာ အပြစ်မဲ့တဲ့လူ အတော်များများကို သတ်ဖြတ်ခဲ့တယ်၊ တကယ်လို့ ခင်ဗျားက ခင်ဗျားတပည့်တွေကို မရုပ်သိမ်းဘူးဆိုရင် ကျုပ်က ဘာတွေဖြစ်နေသလဲ ဆိုတာကို စာနယ်ဇင်းနဲ့ ရုပ်မြင်သံကြားတွေမှာ ဖွင့်ချမယ်"

"မင်းက တစ်ကမ္ဘာလုံးမှာ ရှိတဲ့လူတွေ သွေးပျက်မကုန်စေချင်ရင် အဲဒီလို မလုပ်သင့်ဘူးလို့ မင်းကို ငါ အကြံပေးတယ်၊ ဂြိုဟ်သားတွေဟာ တကယ့်အစစ်တွေဖြစ်သလို ငါတို့အနေနဲ့ သူတို့ကို ခုခံကာကွယ်နိုင်စွမ်း မရှိဘူး၊ သူတို့က စတင် လှုပ်ရှားဖို့ အဆင်သင့် ဖြစ်နေကြပြီ၊ တကယ်လို့ ဒီကိစ္စ ပေါက်ကြားသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘာဖြစ်လာမလဲဆိုတာ မင်း မသိပါဘူး"

"ခင်ဗျားလည်း မသိပါဘူး"

ဘယ်လာမီက ခံတွယ်လိုက်၏။

"ကျုပ်က ခင်ဗျားကို ရွေးချယ်စရာ နည်းလမ်းမပေးဘူး။ ကျုပ်ကို သတ်ခိုင်းထားတဲ့ကိစ္စ ပယ်ဖျက်လိုက်ပါ။ တကယ်လို့ ကျုပ်ကိုသတ်ဖို့ နောက်တစ်ကြိမ် ကြိုးစားမယ်ဆိုရင် ကျုပ်က အားလုံးကို ဖွင့်ချပစ်လိုက်မယ်"

ဂျင်နရယ် ဟီးလီးယဒ်က ပြောလိုက်၏။

"ကောင်းပြီလေ၊ မင်း နိုင်သွားပါပြီ၊ ငါက အဲဒါကို ပြန်ရုပ်သိမ်းလိုက်ပါ့မယ်၊ ငါတို့က ဘာဖြစ်လို့ ဒီလို မလုပ်ရမှာလဲ၊ ငါတို့ . . ."

"ခင်ဗျားက ကျုပ်နံပါတ်ကို လိုက်စုံစမ်းနေတဲ့ကိစ္စ အခုဆိုရင် တော်တော်ကလေး ခရီးပေါက်နေရောပေါ့၊ ကောင်းသောနေ့ ဖြစ်ပါစေ"

ရောဘတ်က ပြောလိုက်၏။

အဆက်အသွယ် ပြတ်တောက်သွားတော့သည်။

"ခင်ဗျား အဲဒါကို ရလိုက်ရဲ့လား"

ကဲလားက တယ်လီဖုန်းထဲသို့ ဝေါက်ပြီး မေးလိုက်သည်။

အဒမ်က ပြောလိုက်၏။

"တော်တော်ကလေး နီးစပ်နေပါပြီ ဆရာ၊ သူက ရောမမြို့လယ် တစ်နေရာက ဆက်သွယ်နေတာပါ၊ သူက နံပါတ်တွေ ပြောင်းပြောင်းပစ်နေတာကိုး"

ဗိုလ်ချုပ်ကြီးက ကဲလားဘက်ကို လှည့်လိုက်၏။

"ဘယ်လိုလဲ"

"ကျွန်တော် ဝမ်းနည်းပါတယ် ဂျင်နရယ်၊ ကျွန်တော်တို့ သိရသလောက်တော့ ရောမမြို့က ထစ်နေရာရာမှာ ရှိနေပါတယ်၊ သူ ခြိမ်းခြောက်တာကို ဆရာ ယုံကြည်သလား၊ ကျွန်တော်တို့က သူ့ကို သုတ်သင်ခိုင်းထားတဲ့ကိစ္စကို ပယ်ဖျက်လိုက်ရတော့မလား"

"မဖျက်ရဘူး၊ ငါတို့က သူ့ကို အပြတ်ရှင်းပစ်မယ်"

ရောဘတ်သည် သူလုပ်နိုင်သည့်ကိစ္စများကို ပြန်လည် စဉ်းစားကြည့်လိုက်သည်။ ထိုအချက်များမှာ သနားစရာကောင်းလောက်အောင် သိပ်နည်းလွန်းနေသည်။ သူတို့က လေဆိပ်တွေ၊ မီးရထားဘူတာရုံတွေ၊ ဘတ်စ်ကားဂိတ်တွေနှင့် မော်တော်ကားငှားသည့် အေဂျင်စီများကို စောင့်ကြည့်နေပေလိမ့်မည်။

သူသည် ဟိုတယ်များတွင်လည်း သွားရောက် တည်းခို၍ မရနိုင်ပါ။ ရောဘတ်ကို အလျှင်အမြန် အလိုရှိနေသော ကြော်ငြာစာများကို စီဖာ (Sifar)က ဖြန့်ဝေထားကြပါလိမ့်မည်။

သို့တိုင်အောင် သူသည် ရောမမြို့ထဲမှ ထွက်ရပါလိမ့်မည်။ သူ့အတွက် အကာအကွယ်တစ်ခု လိုသည်။ အဖော်တစ်ယောက်။ သူတို့က အမျိုးသားနှင့် အမျိုးသမီးစုံတွဲတစ်ခုကို ရှာဖွေနေကြလိမ့်မည် မဟုတ်ပါ။ ထိုကိစ္စမှာ အစပင် ဖြစ်တော့သည်။

အငှားကားတစ်စီးသည် လမ်းထောင့်၌ ရပ်နေသည်။ သူက ဆံပင်ကိုဖွပစ်လိုက်၏။ သူ့လည်စည်းကို အောက်ဆွဲချပြီး အငှားကားတစ်စီးကို အမူးသမား





တစ်ယောက်ပမာ ယိုင်တိယိုင်ထိုးနှင့် လျှောက်သွားသည်။

"ဟေး . . . ဟိုက ကိုယ့်လူ"

သူက အော်ခေါ်လိုက်၏။ ယာဉ်မောင်းက သူ့ကို မနှစ်မြို့စွာနှင့် ကြည့်လိုက်သည်။ ရောဘတ်က ဒေါ်လာနှစ်ဆယ်တန် တစ်ရွက်ကို ဆွဲထုတ်လိုက်ပြီး ထိုလူ၏လက်ထဲသို့ အတင်း ထည့်ပေးလိုက်သည်။

"ဟေ့ . . . ကိုယ့်လူ၊ ငါက ကြေးစားတစ်ယောက်နဲ့ အိပ်ချင်တယ်ကွ၊ ငါ ဘာကိုဆိုလိုတယ်ဆိုတာ မင်းသိတယ် မဟုတ်လား၊ မင်းက သောက်အင်္ဂလိပ်စကားကိုရော ပြောတတ်သလား"

ယာဉ်မောင်းက ငွေစက္ကူကို ကြည့်လိုက်သည်။

"ခင်ဗျားက အမျိုးသမီးတစ်ယောက် လိုချင်တာလား"

"အေး . . . ဟုတ်တယ်၊ ငါလိုချင်တာ အဲဒါပဲ"

"ရပါတယ်ဗျာ"

ယာဉ်မောင်းက ပြောလိုက်၏။

ရောဘတ်က အငှားကားထဲသို့ ဝုန်းခနဲ ဝင်လိုက်၏။ အငှားကားကလည်း မောင်းထွက်သွားတော့သည်။ သူက နောက်ဘက်သို့ကြည့်လိုက်၏။ သူ့နောက်ကို နောက်ယောင်ခံ၍ လိုက်နေသူ မရှိပါ။ သူ့စိတ်ကို လှုံ့ဆော်ပေးသည့် အက်ဒရီနာလင် ဟိုမုန်းများ အများကြီး တိုးပွားနေသည်။ ကမ္ဘာပေါ်မှာရှိတဲ့ အစိုးရတစ်ဝက်လောက်က သူ့ကို လိုက်ရှာနေကြသည်တဲ့။ အယူခံဝင်၍လည်း မရပါ။ သူတို့ကို ပေးထားသည့်အမိန့်မှာ ရောဘတ်ကို သတ်ဖို့ပင်တည်း။

နောက်ထပ် မိနစ်နှစ်ဆယ် ကြာသောအခါ ရောမမြို့၏ မီးနီရပ်ကွက်ဖြစ်သော ပြည့်တန်ဆာများနှင့် ပြည့်တန်ဆာခေါင်းများသာ နေထိုင်သည့် တော်ဒီ အွမ်တိုရပ်ကွက်သို့ ရောက်ရှိလာသည်။ ယာဉ်မောင်းက လမ်းထောင့်တစ်ခုတွင် ရပ်လိုက်၏။

ယာဉ်မောင်းက ပြောလိုက်သည်။

"အမျိုးသမီးတစ်ယောက်ကို ခင်ဗျား အဲဒီမှာ တွေ့ရလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ကိုယ့်လူ"

ရောဘတ်သည် မီတာအရ ကျသင့်ငွေများကို ပေးလိုက်ပြီး မော်တော်ကားထဲမှ အယိုင်ယိုင်အလဲလဲနှင့် ထွက်လိုက်သည်။ အငှားကားသည် မော်တော်ကားတာယာများကို ကျွီခနဲမြည်အောင် မောင်းထွက်သွားတော့သည်။

ရောဘတ်က သူ့ပတ်ဝန်းကျင်ကို လေ့လာရင်း လှည့်ပတ်ကြည့်လိုက်သည်။ ပုလိပ်မရှိပါ။ မော်တော်ကား အနည်းငယ်နှင့် လမ်းသွားလမ်းလာ အနည်းငယ်သာ ရှိနေသည်။ လမ်းပေါ်တွင် ဟန်ရေးပြနေသော ကြေးစားမယ် တစ်ဒါဇင်ကျော်ကျော် ရှိနေသည်။ ထုံးစံအတိုင်း သံသယရှိသူတွေကိုရှာပြီး ဖမ်းကြစို့ဆိုသော မူအတိုင်း ပုလိပ်များက အကျင့်သီလကောင်းသူများ၏ ဝေဖန်ပြောဆိုမှုများကို ကျေနပ်စေလိုသောဆန္ဒနှင့် တစ်လ နှစ်ကြိမ် မှန်မှန်လိုက်ဖမ်းသည့် အလုပ်ကို လုပ်ခဲ့ကြသည်။ ပုလိပ်များက မြို့တော်၏ပြည့်တန်ဆာများကို ဗီရာဒို တိုအရပ်မှ ရပ်ကွက်နေ လုပ်သားပြည်သူများအား မျက်စိစပါးမွေး မစူးစေရန် ဤအရပ်သို့ ရွှေ့ပြောင်းပေးခဲ့ကြသည်။ ထိုအကြောင်းကြောင့် လမ်းပေါ်မှ ကြေးစားအမျိုးသမီး အများစုသည် ဝတ်ကောင်းစားလှနှင့် ဖြစ်နေကြသည် ရုံမက


www.burmeseclassic.com

www.burmeseclassic.com

စရာလည်း ကောင်းနေကြသည်။ ရောဘတ်အနေနှင့် မျက်စိကျသွားသောအမျိုးသမီးတစ်ယောက်တော့ ရှိနေသည်။

ထိုအမျိုးသမီးသည် အသက်နှစ်ဆယ်ကျော်ခါစပင် ရှိပါလိမ့်မည်။ နက်မှောင်ပြီး ရှည်လျားသောဆံပင်များ ရှိနေသလို လိုက်ဖက်ညီသော အနက်ရောင်စကတ်နှင့် အဖြူရောင် ဘလောက်စ်အင်္ကျီတို့ကို ဝတ်ထားပြီး ကုလားအုတ်မွေးကုတ်အင်္ကျီကို အပေါ်က ခြုံထားသည်။ ထိုအမျိုးသမီးသည် အချိန်ပိုင်း သရုပ်ဆောင် မင်းသမီး သို့မဟုတ် အချိန်ပိုင်းစံပြမယ် ဖြစ်ရမည်ဟု ရောဘတ်က တွေးလိုက်၏။ သူက ရောဘတ်ကို စောင့်ကြည့်နေသည်။

ရောဘတ်က ယိုင်တီယိုင်ထိုးနှင့် သူ့ထံသို့ လျှောက်သွားသည်။

"ဟိုင်း . . . ဘေဘီ၊ မင်း အင်္ဂလိပ်လို ပြောတတ်သလား"

"ဟုတ်ကဲ့ရှင့်"

"ကောင်းတယ်၊ မင်းနဲ့ငါ ပါတီပွဲလုပ်ကြစို့"

အမျိုးသမီးက မရဲတရဲလေး ပြုံးလိုက်သည်။ အရက်မူးသမားများက ပြဿနာလုပ်တတ်သည်။

"ပထမဦးဆုံး ရှင်က အမူးပြေနေဖို့တော့ လိုတယ်ရှင့်"

သူ့အသံတွင် အီတာလျံလေသံကလေး အနည်းငယ်ပါနေသည်။

"ဟော့ . . . ကိုယ်က တော်တော်ကလေး အမူးပြေနေပါပြီကွ"

"ရှင့်အတွက် ဒေါ်လာတစ်ရာ ကုန်သွားမှာနော"

"ရပါတယ် အချစ်ကလေးရယ်"

အမျိုးသမီးက ဆုံးဖြတ်ချက် ချလိုက်၏။

"ကဲ - လာ၊ ဟိုလမ်းထောင့်မှာ ဟိုတယ်တစ်ခု ရှိတယ်"

"ကောင်းတယ်၊ မင်းနာမည် ဘယ်သူလဲ ဘေဘီ"

"ပိုင်ယာ"

"ငါ့နာမည်က ဟင်နရီ"

ခပ်ဝေးဝေးတွင် ပုလိပ်ကားတစ်စီး ပေါ်လာပြီး သူတို့ဘက်သို့ ဦးတည်၍ မောင်းနှင်လာသည်။

"ငါတို့ ဒီက သွားကြရအောင်"

အခြား အမျိုးသမီးများက အဝေးသို့ ထွက်ခွာသွားကြသော ပိုင်ယာနှင့် အမေရိကန်အမျိုးသားတို့ကို မနာလိုစွာနှင့် လှမ်းကြည့်လိုက်ကြသည်။

ထိုဟိုတယ်မှာ ဟက်စလာဟိုတယ်လို အကောင်းစားကြီး မဟုတ်ပါ။ သို့ရာတွင် အောက်ထပ် ဧည့်ကြိုစားပွဲ၌ရှိနေသော ဝက်ခြံထူလဗျစ်နှင့် ချာတိတ်က နိုင်ငံကူးလက်မှတ်ကိုပင် မတောင်းခဲ့ပါ။ တကယ့်တကယ်တွင်လည်း သူက ပိုင်ယာ့အား သော့တစ်ချောင်းကို လှမ်းပေးလိုက်စဉ် ရောဘတ်ကို မော့၍ပင် မကြည့်ပါချေ။

"လိုင်ယာ ငါးသောင်း"

ပိုင်ယာက ရောဘတ်ကို လှမ်းကြည့်လိုက်၏။ သူက ငွေကို အိတ်ထဲက ထုတ်ယူပြီး ထိုချာတိတ်ကို ပေးလိုက်သည်။

သူတို့ ဝင်လာခဲ့ကြသော အခန်းထဲတွင် အခန်း၏ထောင့်တစ်ထောင့်၌ ခုတင်ကြီးတစ်လုံး၊ စားပွဲငယ်ကလေးတစ်လုံး၊ သစ်သားကုလားထိုင်နှစ်လုံးနှင့်





က်နှာသစ်ရန်ဇလုံ၊ အပေါ်ဘက်တွင် ကြည့်မှန်တစ်ချပ် ရှိနေသည်။ တံခါး၏ အနောက်ဘက်တွင် အဝတ်လှန်းသောစင်တစ်ခု ရှိသည်။

"ရှင်က ကျွန်မကို ပိုက်ဆံ ကြိုပေးရလိမ့်မယ်"

"ရပါတယ်"

ရောဘတ်က ဒေါ်လာတစ်ရာတန် တစ်ရွက်ကို ဖြုတ်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ရောဘတ်က ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ သူက ခန်းဆီးအစတစ်ဖက်ကို တွန်းဖယ်ပြီး အပြင်သို့ ချောင်းကြည့်လိုက်၏။ အစစအရာရာသည် မှန်အတိုင်း ရှိနေသည်။ ယခုအချိန်တွင် ပုလိပ်များက ပြင်သစ်နိုင်ငံသို့ မောင်းသွားနေသော အနီရောင် ထရပ်ကားနောက်သို့ လိုက်နေကြပါစေဟု ဆုတောင်းသည်။ ရောဘတ်က ခန်းဆီးအစကို ပြန်ချလိုက်ပြီး နောက်ဘက်သို့ လှည့်လိုက်၏။

ဤအပိုင်းမှာ အလွန် သတိထားရမည့်ကိစ္စ ဖြစ်သည်။ ရောဘတ်က-

"မင်းကို အမှန်အတိုင်း ပြောရမယ်ဆိုရင် ကိုယ်အရက်သောက်တာ နည်းသွားတယ်၊ ကိုယ် လုပ်တောင် မလုပ်ချင်တော့ဘူး"

ပိုင်ယာက သူ့ကို သတိထားပြီး ကြည့်နေသည်။

"ဒါဖြင့်ရင် ရှင်က ဘာဖြစ်လို့"

"တကယ်လို့ ကိုယ်က ဒီမှာ အိပ်ရေးဝဝ အိပ်လိုက်ရမယ် ဆိုရင် မနက်ကျတော့ ပုံမှန်အတိုင်း ပြန်ဖြစ်သွားမှာပါ"

ပိုင်ယာက ပခုံးကို တွန့်လိုက်၏။

"ကျွန်မက အလုပ်သွားရဦးမှာရှင့်၊ ကျွန်မ အလုပ်မသွားရင် ငွေတွေ ...နာ . . ."

"စိတ်မပူပါနဲ့ကွာ၊ အဲဒါအတွက် ငါ တာဝန်ယူပါ့မယ်"

သူက ဒေါ်လာတစ်ရာတန် သုံးလေးငါးရွက်ကို အိတ်ထဲက ဆွဲထုတ်လိုက် ပိုင်ယာ့ကို လှမ်းပေးလိုက်သည်။

"အဲဒါဆိုရင် ထေမိပါ့မလား"

ပိုင်ယာက ဇဝေဇဝါ တွေးတောရင်း ငွေစက္ကူများကို ငုံ့ကြည့်နေသည်။ ...တ်လောက်စရာလည်း ရှိသည်။ အပြင်ဘက်တွင် ရာသီဥတုက အေးစက်နေ ...သလို လုပ်ငန်းကလည်း နှေးကွေးနေသည်။ နောက်တစ်ချက်ကမူ ဒီလူနှင့် ...တ်သက်ပြီး ထူးဆန်းတာတွေ ရှိနေသည်။ ပထမအနေနှင့် သူသည် တကယ် အရက်မူးနေပုံ မရပါ။ သူသည် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ပြီး ဤမျှ ...လောက် ငွေနှင့်ဆိုလျှင် ဈေးကြီးသော ဟိုတယ်ကောင်းကောင်းတွင် တည်းခို ...နိုင်သူ ဖြစ်သည်။ 'အေးလေ ဘာဖြစ်သေးသလဲ' ဟု ပိုင်ယာက တွေးလိုက်၏။

"ကောင်းပြီလေ၊ ဒီမှာတော့ နှစ်ယောက်အတွက် ဒီအိပ်ရာတစ်ခုပဲရှိတယ်"

"ဖြစ်ပါတယ်"

ရောဘတ်က ပြတင်းပေါက်ဆီသို့ နောက်ထပ်တစ်ကြိမ် လျှောက်သွားပြီး ...န်းဆီးအစကို နံဘေးသို့ ဆွဲဖယ်လိုက်သည်ကို ပိုင်ယာက အကဲခတ်နေသည်။

"ရှင်က တစ်ခုခုကို ရှာနေတာလား"

"ဒီဟိုတယ်မှာ နောက်ဘက်က ထွက်လို့ရတဲ့ထွက်ပေါက် ရှိသလား"

'ငါ ဘယ်လိုကိစ္စနဲ့လာပြီး ပတ်သက်နေပါလိမ့်' ဟု ပိုင်ယာက



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပိုင်ယာ၏ သူငယ်ချင်းသည် လူဆိုးများနှင့် ဆက်ဆံမိခဲ့သောကြောင့် အသတ်ခံခဲ့ရရှာသည်။ ပိုင်ယာက သူသည် ယောကျ်ားတွေအကြောင်း အထ ခတ်တတ်သည်ဟု သူ့ကိုယ်သူ ထင်မိသည်။ သို့ရာတွင် သည်တစ်ယောက်က ပိုင်ယာ့ကို ဦးနှောက်ခြောက်စေခဲ့သည်။ သူသည် လူဆိုးလူမိုက်တစ်ယောက်နှင့် မတူပါ။ သို့တိုင်အောင် . . .

"ဟုတ်ကဲ့၊ ရှိပါတယ်" ဟု ပိုင်ယာက ဖြေလိုက်၏။

မတ်တတ်ရပ်ရင်း သူ့ကို အကဲခတ်နေသော ပိုင်ယာက မေးလိုက်ပြန် သည်။

"ရှင် အိပ်တော့မယ် မဟုတ်လား"

"အိပ်မှာပါ"

ရောဘတ်က အိပ်ရာပေါ်တွင် ထိုင်ချလိုက်သည်။

"ရှင်က အဝတ်အစားတွေကို မချွတ်တော့ဘူးလား"

"မချွတ်တော့ဘူး"

"ရှင့်သဘောပဲလေ"

ပိုင်ယာက အိပ်ရာပေါ်သို့ တက်လိုက်ပြီး ရောဘတ်နံဘေးတွင် လှဲချလိုက် သည်။ ပိုင်ယာက ပြောလိုက်၏။

"ရှင်က အိပ်ရင် မဟောက်ပါစေနဲ့လို့ ကျွန်မ ဆုတောင်းပါတယ်"

"မင်းက ကိုယ်ဟောက်တယ် မဟောက်ဘူးဆိုတာ ကိုယ့်ကို မနက်ကျရင် ပြောပြနိုင်သားပဲ"

ရောဘတ်သည် အိပ်စက်ဖို့ မရည်ရွယ်ပါ။ သူတို့က ဤဟိုတယ်သို့ လိုက် လာခြင်း ရှိ၊ မရှိ သေချာအောင် ရောဘတ်က ထိုည တစ်ညလုံး လမ်းပေါ် အကဲခတ်ချင်နေသည်။ သူတို့သည် စစ်ဆေးမေးမြန်းရင်း နောက်ဆုံးတွင် ဤ သို့သော ခပ်ငယ်ငယ် တတိယတန်းစား ဟိုတယ်များသို့ ရောက်ရှိလာနိုင်သည်။ သို့ရာတွင် သူတို့အတွက် အချိန်တော့ ယူရပါလိမ့်မည်။ သူတို့အနေနှင့် ပထမ ဦးစွာ လိုက်လံ ရှာဖွေကြရမည့်နေရာက အလွန် များပြားပါသည်။

သူသည် အလွန်အမင်း ပင်ပန်းနွမ်းနယ်လှသောကြောင့် ထိုအိပ်ရာပေါ် တွင် လှဲလျောင်းရင်း အနားရအောင် မျက်စိကို ခေတ္တ မှိတ်ထားလိုက်သည်။

သူ အိပ်ပျော်သွားသည်။ သူသည် အိပ်မက်ထဲတွင် သူ့အိပ်ရာပေါ်သို့ ရောက်နေပြီး နွေးထွေးသော ဆူဆန်၏ခန္ဓာကိုယ်က သူ့နံဘေး၌ ရှိနေသည်ကို သူ ထိတွေ့ခံစားလိုက်ရသည်။

'သူ ပြန်လာပြီ၊ သူ ကိုယ့်ဆီကို ပြန်လာပြီပဲ ကလေးရယ်၊ ကိုယ် မင်းကို လွမ်းလိုက်တာကွယ်' ဟု သူက ပျော်ပျော်ရွှင်ရွှင်ကြီး တွေးနေမိသည်။

**ဆယ့်ခုနစ်ရက်မြောက်နေ့**
**ရောမမြို့၊ အီတလီနိုင်ငံ**

နေရောင်ခြည်က သူ့မျက်နှာပေါ်သို့ လာထိုးသောကြောင့် ရောဘတ် အိပ်ပျော်နေရာမှ နိုးလာသည်။ သူက မြန်းခနဲ ထထိုင်လိုက်ပြီးနောက် မည်သည့် နေရာသို့ ရောက်နေမှန်း ရုတ်တရက် မသိသဖြင့် နံဘေးပတ်ဝန်းကျင်ကို





အထိတ်တလန့်နှင့် လှျောက်ကြည့်မိတော့သည်။

သူက ပိုင်ယာကို မြင်လိုက်ရသောအခါ အားလုံးကို ပြန်သတိရလာသည်။ သူ့စိတ်သက်သာရာရသွားသည်။ ပိုင်ယာက မှန်ရှေ့တွင် ဆံပင်ဖြီးနေသည်။

"ရှင်က အိပ်ရာထဲမှာ မဟောက်ပါဘူး"

ရောဘတ်က သူ့လက်ပတ်နာရီကို ကြည့်လိုက်၏။ နံနက် ကိုးနာရီ ထိုး လေပြီ။ သူသည် အဖိုးတန်သောအချိန်များကို ဖြုန်းတီးပစ်ခဲ့လေပြီ။

ပိုင်ယာက မေးလိုက်၏။

"ရှင်က ကျွန်မကို ချစ်တင်းနှီးနှောချင်သေးသလား၊ ရှင်က တန်ရာတန် ကြေးတော့ ပေးပြီးပြီပဲ"

ရောဘတ်က -

"တော်ပါပြီကွာ" ဟု ပြောလိုက်သည်။

ပိုင်ယာက မြူဆွယ်သောပုံစံနှင့် ခုတင်ဆီသို့ လျှောက်လာသည်။

"သေချာရဲ့လား ရှင်ရဲ့"

'ကိုယ်က တကယ်လို့ စိတ်ရှိရင်တောင် ကိုယ့်ခန္ဓာကိုယ်ကြီးက မစွမ်း ဆောင်နိုင်တော့ပါဘူးကွယ်' ဟု ရောဘတ်က တွေးလိုက်မိ၏။

သူ့နှုတ်ကမူ -

"သေချာပါတယ်ကွာ" ဟု ဖြေလိုက်သည်။

"ကောင်းပြီလေ"

ပိုင်ယာက အဝတ်အစားများကို ဝတ်ဆင်စပြုသည်။ သူက အမှတ်တမဲ့ မေးလိုက်၏။

"ဆူဆန်ဆိုတာ ဘယ်သူလဲ"

ထိုမေးခွန်းက ရောဘတ်ကို အငိုက်မိသွားစေခဲ့သည်။

"ဆူဆန်၊ ဟုတ်လား၊ မင်းက ဘာဖြစ်လို့ မေးရတာလဲ"

"ရှင်က အိပ်ရာထဲမှာ ယောင်တာကိုး"

သူက သူ့အိပ်မက်ကို ပြန်သတိရလိုက်သည်။ ဆူဆန် သူ့ဆီသို့ ပြန်လာခဲ့ သည်၊ အဲဒါက နိမိတ်ပြတာလည်း ဖြစ်နိုင်သည်။

သူ့နှုတ်ကမူ -

"မိတ်ဆွေတစ်ယောက်ပါ" ဟု ပြောလိုက်၏။

သူ့စိတ်ထဲကမူ -

'သူက ငါ့မိန်းမ၊ သူက ကိုငွေအိုးကြီးကို ငြီးငွေ့လာပြီး တစ်နေ့ကျရင် ငါ့ဆီကို ပြန်လာလိမ့်မယ်၊ အဲဒီအချိန်အထိ ငါအသက်ရှင်နေသေးရင်ပေါ့ကွာ' ဟု တွေးနေမိသည်။

ရောဘတ်က ပြတင်းပေါက်ဆီသို့ လျှောက်သွားလိုက်ပြန်၏။ သူက ခန်းဆီးကို မပြီး အပြင်သို့ ကြည့်လိုက်သည်။ ယခုအချိန်တွင် လမ်းပေါ်၌ လူသွားလူလာ များနှင့် ပြည့်နေပြီ ဖြစ်သလို ကုန်သည်များကလည်း ဆိုင်ဖွင့်နေကြလေပြီ။ အန္တရာယ်၏ အရိပ်အယောင်များကို မတွေ့ရပါ။

ယခုအချိန်တွင် သူ့အစီအစဉ်ကို အကောင်အထည် ဖော်ရပါတော့မည်။ သူက ပိုင်ယာဘက်သို့ လှည့်လိုက်၏။

"ပိုင်ယာ မင်း ငါနဲ့ ခရီးမထွက်ချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ယာက ရောဘတ်ကို သံသယနှင့် ကြည့်လိုက်၏။

"ခရီးထွက်မယ်၊ ဟုတ်လား၊ ဘယ်ကိုလဲ"

"ငါက ဗင်းနစ်ကို ကိစ္စတစ်ခုနဲ့ သွားဖို့ရှိတယ်၊ ငါတစ်ယောက်တည်းလည်း ခရီးမသွားချင်ဘူး၊ မင်းက ဗင်းနစ်ကို သဘောကျသလား"

"ကျပါတယ်"

"ကောင်းတယ်၊ မင်းရဲ့အချိန်တွေအတွက် ငါ တန်ရာတန်ကြေး ပေးပါ့မယ်ကွာ၊ ငါတို့အတွက် အားလပ်ရက်ကလေး ဖြစ်ရမှာပေါ့"

ရောဘတ်သည် ပြတင်းပေါက်က အပြင်ဘက်သို့ ကြည့်နေပြန်သည်။

"ငါက ဟိုမှာ အလွန် ချစ်စရာကောင်းတဲ့ ဟိုတယ်တစ်ခုကို သိထားတယ် စီပရီယာနီတဲ့"

လွန်ခဲ့သောနှစ်များစွာက ရောဘတ်နှင့် ဆူဆန်တို့သည် ရှိုင်ရယ်ဒနိုင်လီ ဟိုတယ်တွင် တည်းခိုကြသည်။ သို့ရာတွင် နောက်ထပ် ပြန်ရောက်သွားသော အခါ ထိုဟိုတယ်သည် ဝမ်းနည်းစရာကောင်းအောင် ပျက်စီးယိုယွင်းနေသည်။ အိပ်ရာများကလည်း အိပ်မရအောင် ဖြစ်နေသည်။ ထိုဟိုတယ်အတွက် ကျက်သရေရှိသော ပစ္စည်းတစ်ခုအဖြစ် ဧည့်ကြိုစားပွဲ၌ ထိုင်နေသော လူစီယာနို တစ်ယောက်သာ ကျန်ရှိပါတော့သည်။

"ဒါဆိုရင် ရှင့်အဖို့ တစ်ရက်ကို ဒေါ်လာတစ်ထောင် ကုန်ကျလိမ့်မယ်"

ပိုင်ယာက ဒေါ်လာငါးရာနှင့်ပင် လက်ခံရန် အဆင်သင့် ရှိနေသည်။

"ဒါဆိုရင် သဘောတူကြပြီပေါ့ကွာ"

ရောဘတ်က ပြောပြောဆိုဆိုနှင့် ဒေါ်လာနှစ်ထောင်ကို ရေတွက် ဖြုတ်ယူလိုက်သည်။

"ငါတို့ ဒါနဲ့ အလုပ်စကြတာပေါ့ကွာ"

ပိုင်ယာ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ တစ်ခုခုတော့ မှားယွင်းနေပြီဟု ပိုင်ယာစိတ်ထဲက ထင်မိနေသည်။ သို့ရာတွင် သူ့ကို အခန်း အနည်းငယ်တွင် ပါဝင်ခွင့်ပြုမည်ဟု ဆိုသော ရုပ်ရှင်ကားကလည်း စ၍မရိုက်နိုင်သေးဘဲ နှေးကွေးနေသည်။ သူ့အတွက် ငွေကလည်း လိုနေသည်။

"ကောင်းပြီလေ" ဟု ပိုင်ယာက ပြောလိုက်၏။

"ကဲ - သွားကြရအောင်"

အောက်ထပ်သို့ ရောက်သောအခါ ရောဘတ်က အငှားကားတစ်စီး ခေါ်ရန် အပြင်ဘက်သို့ မထွက်မီ လမ်းမသို့ စေ့စေ့စပ်စပ် လျှောက်ကြည့်နေကြောင်း ပိုင်ယာ သတိပြုမိသည်။

ပိုင်ယာက - 'သူဟာ တစ်ယောက်ယောက်ရဲ့ ပစ်မှတ်ပဲ၊ ငါ ခွဲထွက်မှဖြစ်တော့မယ်' ဟု တွေးလိုက်သည်။

ပိုင်ယာက -

"ဒီမှာရှင့်၊ ကျွန်မ ဗင်းနစ်ကို ရှင်နဲ့အတူတူ မလိုက်တော့ဘူး၊ ကျွန်မ. . ."

"ငါတို့ အတူတူ သိပ်ပျော်ကြရမှာပါကွာ" ဟု ရောဘတ်က ပြောလိုက်သည်။

လမ်း၏ဟိုဘက် တည့်တည့်တွင် ရွှေငွေရတနာဆိုင်တစ်ဆိုင် ရှိနေသည်။





သူက ပိုင်ယာ့လက်ကို ဆုပ်ကိုင်လိုက်၏။

"ဘဲကွာ၊ မင်းကို ပစ္စည်းလှလှကလေးတစ်ခု ဝယ်ပေးမယ်"

"ဒါပေမယ့်. . ."

ရောဘတ်က ပိုင်ယာကို ရွှေငွေရတနာဆိုင်သို့ ဆွဲခေါ်သွားသည်။

ကောင်တာနောက်ဘက်မှ စာရေးက -

"ခင်ဗျားကို ဘာကူညီနိုင်ပါသလဲ" ဟု မေးလိုက်သည်။

"ဟုတ်ကဲ့၊ ကျုပ်က ယောဒီ အမျိုးသမီးအတွက် ပစ္စည်းလှလှကလေးတစ်ခု ရှာနေတာပါ"

သူက ပိုင်ယာဘက်သို့ လှည့်လိုက်၏။

"မင်းက မြကို သဘောကျသလား"

"ကျွန်မ ကြိုက်ပါတယ်"

ရောဘတ်က စာရေးကို မေးလိုက်၏။

"ခင်ဗျားတို့ဆီမှာ မြလက်ကောက် ရှိသလား"

"ရှိပါတယ် ဆီညော်၊ ကျွန်တော်တို့ဆီမှာ အင်မတန်လှတဲ့ မြလက်ကောက် ရှိပါတယ်"

သူက ဗီရိုကလေးတစ်ခုဆီသို့သွားပြီး လက်ကောက်တစ်ခုကို ထုတ်ယူသည်။

"ဒါ ကျွန်တော်တို့ရဲ့ အကောင်းဆုံး လက်ကောက်ပါပဲ၊ ဒါက ဒေါ်လာ သောင်းငါးထောင်ပါ"

ရောဘတ်က ပိုင်ယာ့ကို ကြည့်လိုက်၏။

"မင်း အဲဒါကို ကြိုက်သလား"

ပိုင်ယာ စကား မပြောနိုင်အောင် ဖြစ်သွားရသည်။ သူက ခေါင်းညိတ်ပြ လိုက်၏။

"အဲဒါကို ကျုပ်တို့ယူမယ်"

ရောဘတ်ကပြောလိုက်၏။ သူက ရေတပ်မတော်ထောက်လှမ်းရေးဌာနမှ ထုတ်ပေးထားသော အကြွေးဝယ်ယူခွင့်ကတ်ပြားကို စာရေးအား လှမ်းပေး လိုက်သည်။

"ခဏလောက်ဗျာ"

စာရေးသည် နောက်ဘက် အခန်းကလေးထဲသို့ ဝင်ရောက်ပျောက်ကွယ် သွားသည်။ သူ ပြန်ထွက်လာသောအခါ သူက မေးလိုက်၏။

"အဲဒါကို ခင်ဗျားတို့အတွက် ထုပ်ပိုးပေးရမလား၊ ဒါမှမဟုတ် . . ."

"မလုပ်ပါနဲ့၊ ကျုပ်မိတ်ဆွေက အဲဒါကို ဝတ်သွားပါလိမ့်မယ်"

ရောဘတ်က မြလက်ကောက်ကို ပိုင်ယာ၏လက်ကောက်ဝတ်တွင် ဝတ် လိုက်သည်။ ပိုင်ယာသည် မြလက်ကောက်ကို ငေးကြည့်ရင်း ကြက်သေသေ သွားသည်။

ရောဘတ်က ပြောလိုက်၏။

"ဒါဆိုရင် ဗင်းနစ်မှာ မင်း သိပ်လှနေမှာပဲပေါ့ကွာ၊ ဟုတ်တယ် မဟုတ်လား"

ပိုင်ယာက သူ့ကို ပြုံးပြီး မော့ကြည့်လိုက်သည်။

"သိပ်လှနေမှာပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com

လမ်းပေါ်သို့ သူတို့ ပြန်ရောက်ကြသောအခါ ပိုင်ယာက ပြောလိုက်

"ရှင့်ကို ကျွန်မ ဘယ်လို ကျေးဇူးတင်ရမလဲတောင် မသိတော့ဘူး"

ရောဘတ်က ပြောလိုက်သည်။

"ငါက မင်းကို ပျော်ပျော်ရွှင်ရွှင် ရှိနေစေချင်လို့ပါကွာ၊ မင်းမှာ မော်

ကားရှိသလား"

"ဟင့်အင်း၊ ကျွန်မမှာ အရင်က ကားအဟောင်းတစ်စီးတော့ ရှိ

ဒါပေမယ့် အဲဒီကားကို အခိုးခံလိုက်ရတယ်"

"မင်းဆီမှာ ယာဉ်မောင်းလိုင်စင် ရှိသေးသလား"

ပိုင်ယာက သူ့ကို အကဲခတ်ရင်း ဦးနှောက်ခြောက်နေသည်။

"ရှိပါတယ်၊ ဒါပေမယ့် မော်တော်ကား မရှိဘဲ ယာဉ်မောင်းလိုင်

ဘာ အသုံးကျမှာလဲရှင့်"

"မင်းသိရမှာပေါ့ကွာ၊ ကဲ ငါတို့ ဒီက သွားကြရအောင်"

ရောဘတ်က အငှားကားတစ်စီးကို ခေါ်လိုက်သည်။

"ဗီယာပိုကို မောင်းဗျာ"

ပိုင်ယာက အငှားကားထဲ၌ ထိုင်ရင်း ရောဘတ်ကို အကဲခတ်နေ
သူက အဘယ်ကြောင့် ပိုင်ယာ့ကို သူနှင့်အတူတူ လိုက်ပါစေချင်သနည်း။
ပိုင်ယာ့ကို လက်နှင့်ပင် မတို့ခဲ့ချေ။ သူသည် . . .

"တော်ပြီ"

ရောဘတ်က အငှားကားမောင်းသူကို လှမ်းပြောလိုက်၏။ သူတို့
မက်ဂီယိုရီ၏ မော်တော်ကားငှားသော အေဂျင်စီနှင့် ကိုက်တစ်ရာခန့်
အဝေးသို့ ရောက်ရှိနေသည်။

"ငါတို့ ဒီနေရာမှာ ဆင်းကြမယ်"

ရောဘတ်က ပိုင်ယာအား ပြောလိုက်၏။ သူက ယာဉ်မောင်းသူ
ပေးချေလိုက်ပြီးနောက် မျက်စိအောက်မှ မော်တော်ကား ပျောက်ကွယ်
သည်အထိ စောင့်နေလိုက်သည်။ သူက ပိုင်ယာအား ငွေစက္ကူတစ်ထပ်
လိုက်သည်။

"မင်းက ငါတို့နှစ်ယောက်အတွက် မော်တော်ကားတစ်စီးကို ငှား
ချင်တယ်၊ ဖီယက် ဒါမှမဟုတ် အာလ်ဖာရိုမီရိုတစ်စီးစီးကို တောင်းကွာ၊
သူတို့ကို လေးရက် ဒါမှမဟုတ် ငါးရက်လောက် သွားမယ်လို့ပြော၊ ဒီငွေက
ပေးဖို့အတွက် လုံလောက်ပါလိမ့်မယ်၊ မင်းနာမည်နဲ့ပဲငှား၊ မင်းကို ငါက
ဟိုဘက်မှာရှိတဲ့ အရက်ဆိုင်က စောင့်နေမယ်"

ရှစ်ဘလောက်ပင် မဝေးသောနေရာ၌ စုံထောက်နှစ်ယောက်က ပြင်
နိုင်ငံမှ လိုင်စင်ပလိတ်ပြား တပ်ထားသော အနီရောင် ထရပ်ကားကို မောင်း
လာသူ ယာဉ်မောင်းအား မေးခွန်းထုတ်နေကြသည်။ ထိုယာဉ်မောင်းက
ဟစ်ပြောဆိုလိုက်၏။

"အဲဒီ သောက်ကတ်ပြား‌ကော ကျုပ် ထရပ်ကားနောက်ဘက်ကို ဘယ်
ရောက်နေသလဲဆိုတာ ကျုပ်လည်း မသိဘူး၊ အီတလီလူမျိုး အရူးတစ်ယော
ယောက်က ပစ်ထည့်သွားတာ နေမှာပေါ့"





စုံထောက်နှစ်ယောက်က တစ်ယောက်မျက်နှာကို တစ်ယောက်က ကြည့်
လိုက်ကြသည်။ တစ်ယောက်က ပြောလိုက်၏။

"ငါ အဲဒါကို တယ်လီဖုန်း လှမ်းဆက်လိုက်မယ်"

ဖရန်စစ်စကိုစီဇာသည် သူ့စားပွဲ၌ထိုင်ရင်း နောက်ဆုံး ဖြစ်ပျက်နေသည့်
အနေအထားကို စဉ်စားသုံးသပ်နေသည်။ စောစောပိုင်းကမူ ထိုတာဝန်မှာ
အလွန် လွယ်ကူလှပါ၏။

'မင်းအနေနဲ့ သူ့ကိုရှာဖို့ ဘာအခက်အခဲမှ ရှိမှာ မဟုတ်ဘူး၊ အချိန်ကျလာ
တဲ့အခါကျရင် ငါတို့က လိုရာရောက်ကိရိယာကို အသက်သွင်းလိုက်မယ်၊ အဲဒါက
မင်းတို့ကို သူ့ဆီရောက်အောင် လမ်းပြပေးလိမ့်မယ်' ဟု ပြောခဲ့သည်။

တစ်ယောက်ယောက်က ကွန်မန်ဒါ ဘယ်လာမီကို လှော့တွက်ထားခဲ့
သည်မှာ သိပ်ကို ထင်ရှားနေလေပြီ။

ဗိုလ်မှူးကြီး ဖရန့်ဂျွန်ဆင်သည် ဂျင်နရယ် ဟီးလီးယဒ်၏ ရုံးခန်းထဲ၌
ထိုင်နေသည်။ သူ့ကိုယ်လုံးကြီးသည် ကုလားထိုင်နှင့် အပြည့် ဖြစ်နေသည်။

ဂျင်နရယ် ဟီးလီးယဒ်က ပြောလိုက်၏။

"ငါတို့ ဥရောပမှာရှိတဲ့ အေးဂျင့်တစ်ဝက်ကို သူ့နောက် လိုက်ခိုင်းထား
တယ်၊ ခုအထိတော့ သူတို့ ကံမကောင်းကြသေးဘူး"

ဗိုလ်မှူးကြီး ဂျွန်ဆန်က ပြောလိုက်၏။

"ကံကောင်းဖို့ထက် ပိုတော်မှ ဖြစ်မယ်၊ ဘယ်လာမီက သိပ်တော်တယ်"

"သူ ရောမမြို့မှာ ရှိနေတယ်ဆိုတာ ငါတို့ သိတယ်၊ အဲဒီ ခွေးမသားက
လက်ကောက်တစ်ဖက်ကို ဒေါ်လာ ၁၅၀၀၀နဲ့ အကြွေးဝယ်သွားသေးတယ်၊
ငါတို့က သူ့ကို လေးဖက်လေးတန် ဝိုင်းထားတယ်၊ သူ အီတလီနိုင်ငံထဲက
ထွက်နိုင်မယ့်နည်းလမ်းတော့ မရှိဘူး၊ ငါတို့က သူအသုံးပြုနေတဲ့ နိုင်ငံကူးလက်
မှတ်ပေါ်က နာမည်ကို သိနေတယ်၊ အာသာဘတ်တာဖီးလ်တဲ့"

ဗိုလ်မှူးကြီး ဂျွန်ဆန်က ခေါင်းခါသည်။

"ကျွန်တော်က ဘယ်လာမီအကြောင်း သိပါတယ်၊ သူ ဘယ်နာမည်နဲ့
သွားလာနေတယ် ဆိုတာကို ဆရာတို့ ဘယ်နည်းနဲ့မှ မသိနိုင်ပါဘူး၊ ဆရာတို့
အနေနဲ့ သေသေချာချာ တွက်ဆထားနိုင်တဲ့ အချက်ကတော့ ဆရာတို့က သူ
လုပ်လိမ့်မယ်လို့ ယူဆထားတဲ့ကိစ္စကို ဘယ်လာမီက လုပ်မှာ မဟုတ်ဘူးဆိုတဲ့
အချက်ပဲ။ ဒီလောကထဲမှာ အတော်ဆုံးလောက်နီးနီး တော်တဲ့လူနောက်ကို
ကျွန်တော်တို့က လိုက်နေကြရတယ်၊ သူက ပိုပြီးတော့တောင် တော်ချင်တော်
လိမ့်မယ်။ သူက ပြေးစရာနေရာ ရှိတယ်ဆိုရင် အဲဒီနေရာကို သူပြေးမှာပဲ၊
ပုန်းလို့ရမယ့်နေရာ ရှိမယ်ဆိုရင် သူက အဲဒီနေရာမှာ ပုန်းမှာပဲ။ ကျွန်တော်တို့
ဘက်ကတော့ သူ့ကို မီးခိုးမှိုင်းတိုက်ပြီး အပြင်ဘက် ထွက်လာအောင် လုပ်ဖို့ပဲ၊
ခုလောလောဆယ်မှာတော့ သူက လှုပ်ရှားမှု မှန်သမျှကို ချုပ်ကိုင်ထားတယ်၊
ကျွန်တော်တို့အနေနဲ့ သူက ဦးဆောင်နေတဲ့ကိစ္စကို သူ့လက်ထဲက ပြန်လုရမ
ဖို့ပဲ"

"မင်း ဆိုလိုတာက လူတွေသိအောင်လုပ်ဖို့ စာနယ်ဇင်းတွေကို သတင်းပေး

www.burmeseclassic.com

လိုက်ဖို့၊ အဲဒါကို ဆိုလိုတာလား"

"အဲဒီ အတိုင်းပါပဲ"

ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်က သူ့နှုတ်ခမ်းများကို စုပစ်လိုက်သည်။

"အဲဒီကိစ္စကတော့ အထိမခံနိုင်တဲ့ကိစ္စပဲ၊ ငါတို့က ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်လုပ်လို့ မဖြစ်ဘူး"

"ကျွန်တော်တို့က ကိုယ့်ကိုယ်ကိုယ်ဖော်ဖို့ မဟုတ်ပါဘူး၊ ကျွန်တော်တို့က သူ့ကို မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုနဲ့ လိုချင်နေတယ်လို့ သတင်းထုတ်ပြန်လိုက်ရုံပဲ၊ အဲဒီနည်းနဲ့ ကျွန်တော်တို့နဲ့ မပတ်သက်စေဘဲ အင်တာပိုလ်နဲ့ ဥရောပတိုက်မှာရှိတဲ့ ပုလိပ်ဌာနတွေ အားလုံးကို ပါဝင်ပတ်သက်လာစေနိုင်တယ်"

ဂျင်နရယ် ဟီးလီးယဒ်က ခေတ္တမျှ စဉ်းစားလိုက်သည်။

"ငါကြိုက်တယ်"

"ကောင်းပါတယ်၊ ကျွန်တော် ရောမကို သွားတော့မယ်"

ဗိုလ်မှူးကြီး ဂွန်ဆန်က ပြောလိုက်ခြင်း ဖြစ်သည်။

"သူ့ကို လိုက်ရှာတဲ့ကိစ္စကို ကျွန်တော်ကိုယ်တိုင် ဦးစီးမယ်"

ဗိုလ်မှူးကြီး ဂွန်ဆန်သည် သူ့ရုံးခန်းသို့ ပြန်ရောက်သောအခါ နက်နက်နဲနဲ စဉ်းစားတွေးတောနေတော့သည်။

သူသည် အလွန် အန္တရာယ်ရှိသောကိစ္စတွင် ပါဝင် ပက်သက်နေလေပြီ။ အန္တရာယ်ရှိမှုနှင့် စပ်လျဉ်း၍ မေးခွန်းထုတ်စရာ လိုမည် မဟုတ်ပါ။

သူသည် ကွန်မန်ဒါ ဘယ်လာမီကို တွေ့အောင် ရှာရပါတော့မည်။

❖ ❖ ❖



## အခန်း သုံးဆယ့်ခုနှစ်

တစ်ဖက်မှ တယ်လီဖုန်းခေါ်ငင်းလောင်းသံ ထပ်ခါတလဲလဲ မြည်နေသည်ကို ရောဘတ်က နားထောင်နေသည်။ ထိုအချိန်မှာ ဝါရှင်တန်၌ နံနက်ခြောက်နာရီအချိန် ဖြစ်သည်။

'ငါက အဘိုးကြီးကို အိပ်ရာက အမြဲတမ်း နှိုးနေရတာပဲ' ဟု ရောဘတ်က တွေးလိုက်၏။

အက်ဒ်မိုင်ရယ်ကြီးက တယ်လီဖုန်း ခေါင်းလောင်းသံ ခြောက်ကြိမ်မြောက်တွင် ကောက်ကိုင်လိုက်သည်။

"ဟဲလို. . ."

"အက်ဒ်မိုင်ရယ်၊ ကျွန်တော်. . ."

"ရောဘတ်၊ ဘာလဲ"

"ဘာမှ မပြောပါနဲ့ ခင်ဗျာ၊ ဆရာ တယ်လီဖုန်းကို ကြားကဖြတ်ပြီး နားထောင်နေချင် နေလိမ့်မယ်၊ ကျွန်တော်က ဒီတာကို ခပ်မြန်မြန် ပြောပါ့မယ်၊ ကျွန်တော်နဲ့ ပတ်သက်ပြီး သူတို့ပြောသမျှတွေကို ဆရာ မယုံကြည်ဖို့ ပြောချင်ပါတယ်၊ ဘာတွေ ဖြစ်နေသလဲ ဆိုတာကို ဆရာက စုံစမ်းပေးစေချင်ပါတယ်၊ နောက်ပိုင်းကျရင် ကျွန်တော် ဆရာ့အကူအညီကို လိုချင်လိုအပ်လာပါလိမ့်မယ်"

"အေးလေ၊ ငါတတ်နိုင်သမျှ လုပ်ပေးပါ့မယ် ရောဘတ်ရာ"

"ကျွန်တော် သိပါတယ်၊ ကျွန်တော် ဆရာ့ကို နောက်မှ ပြန်ခေါ်မယ်"

ရောဘတ်က စကားပြောခွက်ကို ပြန်ချလိုက်၏။

မည်သည့်နေရာက ဆက်သွယ်နေကြောင်း လိုက်လံစုံစမ်းဖို့ အချိန်မရပါ။ သူက အပြာရောင်ဖီးယက် ကားကလေးတစ်စီး အရက်ဆိုင်ရှေ့၌ ထိုးရပ်လိုက်သည်ကို မြင်လိုက်ရသည်။ ပိုင်ယာက လက်ကိုင်ခွေနောက်တွင် ထိုင်နေသည်။

ရောဘတ်က ပြောလိုက်၏။

"ဟိုဘက်ကိုရွှေ့၊ ငါ မောင်းမယ်"

ပိုင်ယာက နေရာရွှေ့ပေးလိုက်သဖြင့် သူက လက်ကိုင်ခွေနောက်ဘက်သို့ ဝင်ထိုင်လိုက်သည်။

"ကျွန်မတို့က ဇင်းနစ်ကို တန်းသွားတော့မှာလား"

"အေးလေ၊ ငါတို့ အရင်ဆုံး နှစ်နေရာ သုံးနေရာမှာတော့ ခ[illegible]မယ်"



www.burmeseclassic.com

www.burmeseclassic.com

သတင်းအများတွေကို ထပ်မံကြဖြန့်ခဲ့ဖို့ အချိန်ပင်တည်း။

သူက ပိုင်ယာလီရော့စီနီဘက်သို့ ကွေ့ချလိုက်၏။ ရှေ့ဘက်တွင် ရော့စီနီ ခရီးသွားအေဂျင်စီ ရှိနေသည်။ ရောဘာတ်က မော်တော်ကား ရပ်ရမည့်နေရာတွင် ထိုးရပ်လိုက်၏။

"ငါ တစ်မိနစ်အတွင်း ပြန်လာခဲ့မယ်"

ခရီးသွား အေဂျင်စီထဲသို့ သူ လျှောက်ဝင်သွားသည်ကို ပိုင်ယာက စောင့်ကြည့်နေသည်။

'ငါက ကားကိုမောင်းထွက်သွားပြီး ပိုက်ဆံကို ယူထားလိုက်လို့ရတယ်၊ သူက ငါ့ကို ဘယ်တော့မှ ပြန်ရှာတွေ့မှာ မဟုတ်ဘူး၊ ဒါပေမယ့် ဒီ သောက်ကားကို ငါ့နာမည်နဲ့ ငှားခဲ့ရတာ၊ မှတ်ကရောပဲ' ဟု ပိုင်ယာက တွေးနေသည်။

ခရီးသွား အေဂျင်စီထဲတွင်လည်း ရောဘာတ်သည် ကောင်တာနောက်ဘက်မှ အမျိုးသမီးဆီသို့ လျှောက်သွားလိုက်သည်။

"မင်္ဂလာနေ့ပါ၊ ကျွန်မ ဘာကူညီရမလဲရှင်"

"ဟုတ်ကဲ့၊ ကျုပ်က ကွန်မန်ဒါ ဘယ်လာမီပါ၊ ကျုပ်က ခရီးနည်းနည်းထွက်မလို့ ကြိုပြီး စာရင်းသွင်းချင်ပါတယ်"

အမျိုးသမီးက ပြုံးလိုက်သည်။

"ကျွန်မတို့က အဲဒီကိစ္စအတွက် ဒီမှာ ရှိနေကြတာပါ ဆီညော်၊ ရှင်က ဘယ်ကို ခရီးသွားဖို့ အစီအစဉ် ရှိပါသလဲ"

"ကျုပ်က ဗီကင်းကို အသွားအတွက် ပထမတန်းက လေယာဉ်ပျံလက်မှတ် လိုချင်ပါတယ်"

အမျိုးသမီးက ရေးမှတ်လိုက်၏။

"ရှင်က ဘယ်တော့ သွားချင်တာပါလဲ"

"ဒီ သောကြာနေ့"

"သိပ်ကောင်းပါတယ်ရှင်"

သူက ကွန်ပျူတာမှ ခလုတ်များကို နှိပ်လိုက်၏။

"သောကြာနေ့ ည (၇) နာရီ (၄၀) မိနစ်မှာ တရုတ်လေကြောင်းကုမ္ပဏီနဲ့ ခရီးစဉ်တစ်ခု ရှိပါတယ်"

"အဲဒါဆိုရင် သိပ်ကောင်းတာပေါ့ဗျာ"

အမျိုးသမီးက ခလုတ်များကို နောက်ထပ် နှိပ်လိုက်ပြန်၏။

"ကဲ - ဟောဒီမှာ ရှင် ကြိုတင်စာရင်းသွင်းထားတဲ့ကိစ္စကို အတည်ပြုထားလိုက်ပြီ၊ အဲဒါကို ငွေသား၊ ဒါမှမဟုတ် . . ."

"အိုး၊ ကျုပ်က မပြီးသေးပါဘူး၊ ကျုပ်က ဘူဒါပက်ခ်မြို့ကို မီးရထားလက်မှတ်တစ်စောင် ကြိုတင်ပြီး စာရင်းသွင်းထားချင်ပါတယ်"

"အဲဒါက ဘယ်နေ့မှာပါလဲ ကွန်မန်ဒါ"

"နောက် တနင်္လာနေ့"

"ဘယ်သူ့ နာမည်နဲ့လဲ"

"ခုနက နာမည်ပါပဲ"

အမျိုးသမီးက သူ့ကို ထူးထူးဆန်းဆန်း ပြန်ကြည့်နေသည်။

"ရှင်က ဗီကင်းကို သောကြာနေ့မှာ လေယာဉ်ပျံနဲ့ ခရီးသွားပြီးတော့ . . ."



"ကျုပ်က မပြီးဆုံးသေးပါဘူး"

ရောဘာတ်က ချိုသာစွာ ပြောလိုက်သည်။

"ကျုပ်က ဖလော်ရီဒါပြည်နယ်က မိုင်ယာမီကို တနင်္ဂနွေနေ့မှာ ပထမတန်း လေယာဉ်ပျံလက်မှတ် ကြိုတင် စာရင်းသွင်းထားချင်တယ်"

ယခု အချိန်တွင် ထိုအမျိုးသမီးကလေးက သူ့ကို ကြောင်ငေးစိုက်ကြည့်နေ

"ဆီညော်၊ ခုကိစ္စဟာ လိမ်တာညာတာ တစ်မျိုးမျိုး ဆိုရင်တော့ . . ."

ရောဘာတ်က ရေတပ်မတော် ထောက်လှမ်းရေးမှ ထုတ်ပေးထားသော အကြွေးဝယ်ခွင့်ကတ်ပြားကို အမျိုးသမီးထံ လှမ်းပေးလိုက်သည်။

"အဲဒီ လက်မှတ်တွေအတွက် ဒီကတ်ပြားထဲက နုတ်ယူပါဗျာ"

အမျိုးသမီးက ကတ်ပြားကလေးကို ခေတ္တမျှ စစ်ဆေးကြည့်ရှုလိုက်သည်။

"ကျွန်မကို ခွင့်ပြုပါ"

အမျိုးသမီးကလေးသည် အတွင်းခန်းသို့ ဝင်သွားပြီး မိနစ် အနည်းငယ်အတွင်း ပြန်ထွက်လာသည်။

"ခုဟာက သိပ်ကို အဆင်ပြေပါတယ်ရှင်၊ ကျွန်မတို့က အစီအစဉ်တွေကို မြောက်ဝမ်းသာစွာနဲ့ ဆောင်ရွက်ပေးပါ့မယ်၊ ရှင်က အဲဒီ ကြိုတင်စာရင်းသွင်းထားတာတွေကို နာမည်တစ်ခုတည်းနဲ့ မှတ်သားထားစေချင်ပါသလား"

"ဟုတ်ပါတယ်၊ ကွန်မန်ဒါ ရောဘာတ် ဘယ်လာမီပါ"

"ကောင်းပါတယ်ရှင်"

အမျိုးသမီးလေးက ကွန်ပျူတာမှ ခလုတ်များအား ထပ်နှိပ်နေသည်ကို ရောဘာတ်က စောင့်ကြည့်နေသည်။ နောက်ထပ် တစ်မိနစ်ကြာသောအခါ လက်မှတ်ပုံးစောင်ထွက်ပေါ်လာသည်။ အမျိုးသမီးကလေးက ကွန်ပျူတာပရင်တာမှ ယူလိုက်၏။

ရောဘာတ်က -

"ကျေးဇူးပြုပြီး လက်မှတ်တွေကို စာအိတ်တစ်အိတ်စီနဲ့ တည့်ပေးပါ" ဟု ပြောလိုက်၏။

"ရပါတယ်၊ ရှင်က အဲဒီလက်မှတ်တွေကို ပို့ပေးစေချင် . . ."

"အဲဒီလက်မှတ်တွေကို ကျုပ်ကိုယ်တိုင် ယူသွားမယ်"

"ရပါတယ် ဆီညော်"

ရောဘာတ်က အကြွေးဝယ်ခွင့်ကတ်ပြားအတွက် ပုံစံပေါ်တွင် လက်မှတ်ထိုးပေးလိုက်ရာ အမျိုးသမီးက ရရှိကြောင်း ပြေစာကို ပြန်ထုတ်ပေးသည်။

"ဟောဒီမှာရှင့်၊ ရှင့်ခရီး ဒါမှမဟုတ် ခရီးစဉ်တွေမှာ ပျော်ရွှင်ချမ်းမြေ့ပါစေ"

ရောဘာတ်က ပြုံးလိုက်၏။

"ကျေးဇူးပါပဲ"

နောက် တစ်မိနစ်ကြာသောအခါ သူသည် ကားလက်ကိုင်ခွေနောက်ဘက်သို့ ရောက်ရှိနေသည်။

ပိုင်ယာက မေးလိုက်၏။

"ကျွန်မတို့ အခု သွားကြတော့မှာလား"

"ငါတို့ လမ်းမှာ နှစ်နေရာ သုံးနေရာ ဝင်စရာ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

သူက ကားကို မောင်းမထွက်ခင် လမ်းတစ်လျှောက်အား သတိ[illegible]
အကဲခတ်နေသည်ကို ပိုင်ယာက အကဲခတ်နေသည်။

ရောဘတ်က ပိုင်ယာကို ပြောလိုက်သည်။

"မင်း ငါ့အတွက် တစ်ခုခု လုပ်ပေးစေချင်တယ်"

ပိုင်ယာက တွေးလိုက်၏။

'ကဲ - အခုတော့ ဇာတ်လမ်းစလာပြီ၊ သူက ငါ့ကို ဆိုးရွားတဲ့ [illegible]
တစ်ခုခုကို လုပ်ခိုင်းတော့မယ်' ဟု ဇွတ်တွေးလိုက်သည်။

နှုတ်ကမူ -

"ဘာပါလိမ့်" ဟု မေးလိုက်သည်။

သူတို့သည် ဟိုတယ်ပစ်တိုရီးယားရှေ့၌ ရပ်တန့်လိုက်သည်။ ရောဘတ်[illegible]
ပိုင်ယာအား စာအိတ်တစ်အိတ်ကို လှမ်းပေးလိုက်၏။

"မင်းက ဧည့်ကြိုဌာနကိုသွားပြီး ကွန်မန်ဒါ ရောဘတ် ဘယ်လာမီနာ[illegible]
အခန်းကျယ်ကြီး တစ်ခန်းကို ကြိုပြီး စာရင်းပေးထားစေချင်တယ်၊ သူ[illegible]
မင်းဟာ ရောဘတ် ဘယ်လာမီရဲ့ အတွင်းရေးမှူးဖြစ်ကြောင်း၊ သူဟာ တစ်[illegible]
အတွင်း ရောက်လာမှာ ဖြစ်ကြောင်း၊ ဒါပေမယ့် မင်းက အပေါ်ကိုထပ်[illegible]
အခန်းကျယ်ကြီးကို စစ်ဆေးအတည်ပြုပေးချင်တဲ့အကြောင်း ပြောရမယ်၊ [illegible]
အခန်းကျယ်ကြီးထဲကို ရောက်တဲ့အခါကျရင် အဲဒီစာအိတ်ကို အခန်းထဲက [illegible]
တစ်လုံးပေါ်မှာ တင်ထားခဲ့ရမယ်"

အမျိုးသမီးက သူ့ကို အူကြောင်ကြောင်နှင့် ကြည့်သည်။

"ဒါပဲလား"

"ဒါပါပဲ"

'ဒီလူက ဘာအဓိပ္ပာယ်မှ မရှိပါလား'

"ကောင်းပြီလေ"

ဒီရူးကြောင်ကြောင် အမေရိကန်က ဘာတွေ လျှောက်လုပ်နေသည်[illegible]
သူ သိချင်စိတ် ပေါ်လာမိသည်။ ပြီးတော့လည်း ကွန်မန်ဒါ ရောဘတ်ဘယ်[illegible]
ဆိုတာ ဘယ်သူလဲ။

ပိုင်ယာသည် ကားထဲမှ ထွက်လိုက်ပြီးနောက် ဟိုတယ် ဧည့်ခန်း[illegible]
လျှောက်ဝင်သွားသည်။ ပိုင်ယာသည် နည်းနည်းတော့ စိတ်လှုပ်ရှားနေ[illegible]
သူ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို လုပ်ရင်းကိုင်ရင်း သူသည် ပထမတ[illegible]
ဟိုတယ်ကြီး အနည်းငယ်မှ မောင်းထုတ်သည်ကို ခံခဲ့ရသည်။

သို့ရာတွင် ကောင်တာနောက်မှ စာရေးက သူ့ကို ယဉ်ကျေးပျ[illegible]
နှုတ်ဆက်သည်။

"ခင်ဗျားကို ဘာကူညီရမလဲ ဆီညော်ရာ"

"ကျွန်မ ကွန်မန်ဒါ ရောဘတ် ဘယ်လာမီရဲ့ အတွင်းရေးမှူးပါ၊ ကျွန်[illegible]
သူ့အတွက် အခန်းကျယ်ကြီး တစ်ခန်းကို ကြိုတင်ပြီး မှာထားချင်ပါတယ်၊ [illegible]
ဒီကို တစ်နာရီအတွင်း ရောက်လာပါလိမ့်မယ်"

ဟိုတယ်စာရေးက အခန်းဇယားကို ကြည့်ရှုလိုက်သည်။

"ကျုပ်တို့ဆီမှာ အင်မတန်ကောင်းတဲ့ အခန်းကျယ်ကြီးတစ်ခန်း အဆင်[illegible]
ရှိနေတယ် ခင်ဗျ"





"ကျွန်မ အဲဒီ အခန်းကျယ်ကြီးကို ကြည့်လို့ရမလား"

ပိုင်ယာက မေးလိုက်သည်။

"ရပါတယ်၊ အဲဒီ အခန်းကို တစ်ယောက်ယောက်က လိုက်ပြပေးပါလိမ့်
မယ်"

လက်ထောက်မန်နေဂျာ တစ်ယောက်က ပိုင်ယာအား အပေါ်ထပ်သို့
လိုက်ပို့သည်။ သူတို့သည် အခန်းကျယ်ကြီး၏ ဧည့်ခန်းထဲသို့ ဝင်သွားပြီး ပိုင်ယာ
က လျှောက်ကြည့်နေသည်။

"ဒီအခန်းဆိုရင် ကျေနပ်ပါရဲ့လား ဆီညော်ရာ"

ပိုင်ယာ့အနေနှင့် မပြောတတ်ပါ။

"ဟုတ်ကဲ့၊ ဒါဆိုရင် ဖြစ်ပါတယ်"

ပိုင်ယာက သူ့ပိုက်ဆံအိတ်ထဲမှ စာအိတ်ကလေးတစ်အိတ်ကို ထုတ်ယူ
လိုက်ပြီးနောက် ကော်ဖီပန်းကန်တင်သော စားပွဲကလေးတစ်လုံးပေါ်တွင် တင်
ထားလိုက်သည်။

"ကွန်မန်ဒါအတွက် ကျွန်မ ဒီစာအိတ်ကလေးကို ထားခဲ့မယ်"

"ရပါတယ်"

ပိုင်ယာက စပ်စုလိုစိတ်ကို ချုပ်တည်းမထားနိုင်တော့ပါ။ သူက စာအိတ်ကို
ဖွင့်ကြည့်လိုက်၏။ အထဲတွင် ရောဘတ်ဘယ်လာမီ အမည်နှင့် ပီကင်းသို့သွားရန်
လေယာဉ်ပျံလက်မှတ်တစ်စောင် ရှိနေသည်။ ပိုင်ယာက ထိုလက်မှတ်ကို စာ
အိတ်ထဲ ပြန်ထည့်ပြီးနောက် စားပွဲကလေးပေါ်၌ တင်ထားခဲ့ပြီး အောက်ထပ်သို့
ဆင်းလာခဲ့တော့သည်။

အပြာရောင် ဖီးယက်ကားကလေးသည် ဟိုတယ်ရှေ့တည့်တည့်၌ ရပ်တန့်
ထားသည်။

ရောဘတ်က မေးလိုက်သည်။

"ဘာပြဿနာ ရှိသေးသလဲ"

"မရှိပါဘူး"

"ငါတို့က နောက်ထပ် နှစ်နေရာမှာ ဝင်စရာရှိသေးတယ်၊ အဲဒီနောက်ကျ
ရင်တော့ ငါတို့ ခရီးဆက်ကြတော့မယ်" ဟု ရောဘတ်က ပျော်ပျော်ရွှင်ရွှင်ကြီး
ပြောလိုက်သည်။

နောက်ထပ်ဝင်သည့်နေရာမှာ ဟိုတယ်ဗလာဒီယာပင် ဖြစ်သည်။ ရော
ဘတ်က ပိုင်ယာအား နောက်ထပ် စာအိတ်တစ်အိတ်ကို ပေးလိုက်သည်။

"မင်းက ဒီမှာ ကွန်မန်ဒါ ရောဘတ်ဘယ်လာမီ နာမည်နဲ့ အခန်းကျယ်ကြီး
တစ်ခန်းကို ကြိုတင်ပြီး ငှားရမ်းထားစေချင်တယ်၊ သူ တစ်နာရီအတွင်း ရောက်
လာလိမ့်မယ်လို့ သူတို့ကို ပြောထားပါ၊ အဲဒီနောက်တော့ . . ."

"ကျွန်မက ဒီစာအိတ်ကို အပေါ်ထပ်မှာ ထားခဲ့ရမယ်"

"ဟုတ်တယ်"

ယခု တစ်ကြိမ်တွင် ပိုင်ယာသည် ဟိုတယ်ထဲသို့ ပို၍ ယုံကြည်မှုအပြည့်
အဝနှင့် ဝင်သွားသည်။

'ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်ရဲ့ ဂိုက်မျိုး ဖမ်းစမ်းပါ၊ [illegible]
သိက္ခာရှိဖို့လိုတယ်၊ အဲဒါက သိပ်အရေးကြီးတဲ့ လျှို့ဝှက်ချက်ပဲ' ဟု [illegible]



www.burmeseclassic.com

www.burmeseclassic.com

ထိုဟိုတယ်တွင်လည်း အခန်းကျယ်ကြီးတစ်ခု အဆင်သင့်ရှိနေသည်။

ပိုင်ယာက ပြောလိုက်၏။

"ကျွန်မက အဲဒီအခန်းကို ကြည့်ချင်ပါတယ်ရှင်"

"ဖြစ်ပါတယ် ဆီညော်ရာ"

လက်ထောက်မန်နေဂျာ တစ်ယောက်က ပိုင်ယာ့အား အပေါ်ထပ်သို့ လိုက်ပို့သည်။

"ဒီအခန်းဟာ ကျွန်တော်တို့ရဲ့ အကောင်းဆုံး အခန်းကျယ်ကြီး တစ်ခုပါပဲ" တော်တော့်ကို လှပသည်။

ပိုင်ယာက အထက်စီးလေသံနှင့် ပြောလိုက်၏။

"ဒါလောက်ဆိုရင် ဖြစ်နိုင်လောက်တယ်လို့ ကျွန်မထင်ပါတယ်၊ ကွန်မန်ဒါက သိပ်ကို ကျီးမှားတာရှင့်"

ပိုင်ယာက ဒုတိယစာအိတ်ကို လက်ကိုင်အိတ်ထဲက ထုတ်ယူပြီး စာအိတ်ကိုဖွင့်၍ အထဲကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ကွန်မန်ဒါ ရောဘတ် ဘယ်လာမီ၏အမည်နှင့် ဘူဒါပက်မြို့သို့သွားရန် မီးရထားလက်မှတ်တစ်စောင် ဖြစ်နေသည်။

ပိုင်ယာသည် ဦးနှောက်ခြောက်ခြောက်နှင့် ထိုလက်မှတ်ကို ငေးကြည့်နေမိသည်။ ခုဟာက ဘာတွေလုပ်နေတာလဲ။ ပိုင်ယာက လက်မှတ်ကို အိပ်ရာနံဘေးရှိ စင်ပေါ်တွင် တင်ထားလိုက်သည်။

ပိုင်ယာက မော်တော်ကားဆီသို့ ပြန်လာသောအခါ ရောဘတ်က မေးလိုက်၏။

"အဆင်ပြေခဲ့ရဲ့လား"

"ပြေပါတယ်"

"နောက်ဆုံး တစ်နေရာပဲ"

ယခုတစ်ကြိမ်တွင်မူ ဟိုတယ် လီယိုနာဒိုဒါဗင်စီပင် ဖြစ်သည်။

ရောဘတ်က ပိုင်ယာအား တတိယစာအိတ်ကို လှမ်းပေးလိုက်၏။

"မင်းကို ငါ လုပ်စေချင်တာက. . ."

"ကျွန်မ သိပါတယ်"

ဟိုတယ်ထဲတွင်မူ စာရေးတစ်ယောက်က -

"ဟုတ်ကဲ့၊ ရပါတယ် ဆီညော်ရာ၊ ကျွန်တော်တို့ဆီမှာ အင်မတန်လှပတဲ့ အခန်းကျယ်ကြီးတစ်ခန်း ရှိပါတယ်၊ ကွန်မန်ဒါက ဘယ်တော့ရောက်မှာလဲဟင်"

"တစ်နာရီအတွင်းပါ၊ ကျွန်မက အဲဒီအခန်းကို ကျေနပ်ဖွယ် ရှိ မရှိ ကြည့်ထားချင်ပါတယ်"

"ရပါတယ် ဆီညော်ရာ"

ထိုအခန်းကျယ်ကြီးမှာ ပိုင်ယာ ကြည့်ခဲ့ရသော အခန်းကျယ်နှစ်ခန်းထက် ပို၍ပင် ကြီးကျယ် ခမ်းနားနေသည်။ လက်ထောက်မန်နေဂျာ တစ်ယောက်က အခန်းအလယ်ကောင်၌ရှိနေသော မှန်နှာကြက်ကလေးဝါသည့် ခုတင်ကြီး တစ်လုံးကို ပြလိုက်သည်။ ပိုင်ယာက တွေးလိုက်၏။

'နှမြောဖို့ ကောင်းလိုက်တာ၊ ငါသာဆိုရင် ဒီနေရာမှာ တစ်ညတည်းနဲ့ ငွေတွေကို သုံ့ယူသလို ရမှာပဲ'





သူက တတိယ စာအိတ်ကို ပိုက်ဆံအိတ်ထဲက ထုတ်ယူပြီး အထဲသို့ကြည့် ...သည်။

...အိတ်ထဲတွင် ဖလော်ရီဒါပြည်နယ် မိုင်ယာမီသို့သွားရန် လေယာဉ်ပျံ ...တ် တစ်စောင် ရှိနေသည်။ ပိုင်ယာက ထိုစာအိတ်ကို အိပ်ရာပေါ်တွင် ...ခဲ့၏။

...တ်ထောက်မန်နေဂျာက ပိုင်ယာ့အား ဧည့်ခန်းဆီသို့ ပြန်ခေါ်လာသည်။

"...ျပ်တို့ဆီမှာ ရောင်စုံရုပ်မြင်သံကြားစက်လည်း ရှိပါတယ်"

သူက ပြောပြောဆိုဆိုနှင့် ရုပ်မြင်သံကြားစက်ဆီသို့ လျှောက်သွားပြီး ...တ်သည်။ ရောဘတ်၏ ရုပ်ပုံကြီးသည် တယ်လီဗွီးရှင်းပေါ်တွင် ဘွားခနဲ ...တော့သည်။

သတင်းဖတ်ကြားသူကလည်း -

"သူဟာ ရောမမြို့မှာ ရှိနေတယ်လို့ အင်တာပိုက ယူဆပါတယ်၊ နိုင်ငံတ...ယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး သူ့ကိုမေး...မ်းဖို့ ရှိနေပါတယ်၊ အခု တင်ပြနေသူဟာ စီအင်အင် သတင်းဌာနမှ ...တ်ရှော ဖြစ်ပါတယ်" ဟု ပြောနေသည်။

ပိုင်ယာသည် ရုပ်မြင်သံကြားစက်ကိုကြည့်ရင်း ကြက်သေသေနေသည်။

လက်ထောက်မန်နေဂျာက ရုပ်မြင်သံကြားစက်ကို ပြန်ပိတ်လိုက်၏။

"အားလုံးကို ကျေနပ်ပါရဲ့လား ခင်ဗျာ"

"ဟုတ်ကဲ့"

ပိုင်ယာက ဖြည်းညင်းစွာ ပြောလိုက်၏။

'မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူ တစ်ယောက် ဆိုပါကလား'

"ကျုပ်တို့က ကွန်မန်ဒါနဲ့ တွေ့ဆုံဖို့ မျှော်လင့်တောင့်တနေကြပါတယ် ...ျာ"

ပိုင်ယာက အောက်ထပ်ရှိ မော်တော်ကားထဲတွင် ရောဘတ်နှင့် ပြန်ဆုံ...ရသောအခါ သူက ရောဘတ်အား အကြည့်တစ်မျိုးနှင့် ကြည့်လိုက်လေ...သည်။

"ကဲ. . . ငါတို့ အဆင်သင့် ဖြစ်ကြပြီ" ဟု ရောဘတ်က ပြုံးပြုံးကလေး ...လိုက်တော့သည်။

ဟိုတယ် ဗစ်တိုရီးယားတွင် အရောင်ရင့်ဝတ်စုံကို ဝတ်ဆင်ထားသူတစ်...က်သည် အခန်းငှားသူများ၏ မှတ်တမ်းစာအုပ်ကို လေ့လာကြည့်ရှုနေ...ည်။ သူက စာရေးကို မော့ကြည့်လိုက်၏။

"ကွန်မန်ဒါ ရောဘတ် ဘယ်လာမီ၊ ဘယ်အချိန်က ရောက်လာသလဲ"

"သူ ခုထက်ထိ ဒီကို ရောက်မလာသေးပါဘူး၊ သူ့အတွင်းရေးမှူးက ဒီ...န်းကို လာငှားတာပါ၊ သူပြောတော့ ကွန်မန်ဒါက ဒီကို တစ်နာရီအတွင်း ...တ်မယ်တဲ့"

ထိုပုဂ္ဂိုလ်က သူ့အဖော်ကို လှမ်းပြောလိုက်သည်။

"ဒီဟိုတယ်ကို စောင့်ကြည့်ကြရလိမ့်မယ်၊ လူအင်အား ထပ်ဖြည့်ထားပါ...ပ် အပေါ်ထပ်က စောင့်မယ်"

သူက စာရေးဘက်သို့ လှည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"အဲဒီအခန်းကို ကျုပ်အတွက် သော့ဖွင့်ပေးစမ်းပါ"

သုံးမိနစ်ကြာသောအခါ စာရေးက ထိုအခန်းတံခါးကို ဖွင့်လိုက် အရောင်ရင့်ရင့် ဝတ်စုံကို ဝတ်ဆင်ထားသူက သေနတ်ကို လက်တ အခန်းထဲသို့ သတိထားပြီး ဝင်လိုက်သည်။ အခန်းထဲတွင် မည်သူမျှ ရှိ သူက စားပွဲပေါ်မှ စာအိတ်ကိုတွေ့သောကြောင့် ကောက်ယူလိုက်၏။ ပေါ်တွင် 'ကွန်မန်ဒါ ရောဘတ် ဘယ်လာမီ' ဟု ရေးထားသည်။ သူက ကိုဖွင့်၍ အထဲသို့ တစ်ချက်ကြည့်လိုက်၏။ နောက်တစ်ခဏ အကြာ သည် စီဖာရုံးချုပ်သို့ ဖုန်းဆက်နေလေပြီ။

ဖရန်စစ်စကိုစီဇာသည် ဗိုလ်မှူးကြီး ဖရန့်ဂွန်ဆန်နှင့် အစည်းအဝေး နေဆဲ ဖြစ်သည်။ ဗိုလ်မှူးကြီး ဂွန်ဆန်သည် လွန်ခဲ့သော နှစ်နာရီက ဒါဗင်စီ လေဆိပ်သို့ ရောက်ရှိလာခဲ့သည်။ သို့ရာတွင် သူသည် ပင်ပန်းနွမ်း မရပါ။

စီဇာက ပြောနေသည်။

"ကျုပ်တို့ သိရသလောက်ကတော့ ဘယ်လာမီက ရောမမြို့ထဲမှာ သေးတယ်၊ သူ ဘယ်နေရာမှာ ရှိတယ်ဆိုတဲ့ သတင်းပို့ချက်တွေ အစော ဆယ်လောက် ရထားတယ်"

"အဲဒီသတင်းပို့ချက်တွေကို စစ်ဆေးပြီးပလား"

"မလုပ်ရသေးဘူး"

တယ်လီဖုန်းက မြည်လာသည်။

"အခုပြောတာ လူဂီပါ ဗိုလ်မှူးကြီး၊ ကျွန်တော် သူ့ကို တွေ့ထား ကျွန်တော်က ဟိုတယ် ဗစ်တိုရီးယား အခန်းကျယ်ကြီး တစ်ခုထဲမှာ ရှိ တယ်၊ သူ ပီကင်းကိုသွားမယ့် လေယာဉ်ပျံလက်မှတ်ကို ကျွန်တော် ရထား တယ်၊ သူက သော်ကြာနေ့မှာ သွားဖို့ စီစဉ်ထားတယ်"

စီဇာ၏အသံတွင် စိတ်လှုပ်ရှားမှုများ အပြည့်အဝ ပါဝင်လာသည်။

"ကောင်းတယ်၊ အဲဒီမှာပဲ နေ၊ ငါတို့ ချက်ချင်း လိုက်လာခဲ့မယ်"

သူက စကားပြောခွက်ကို ပြန်ချလိုက်ပြီးနောက် ဗိုလ်မှူးကြီးဂွန်ဆန်ဘက် လှည့်လိုက်၏။

"ခင်ဗျားက ခရီးရှည်ကြီးကို လာခဲ့ရတာ အလကားဖြစ်သွားပြီနဲ့ တူ ဗိုလ်မှူးကြီး၊ ကျုပ်တို့က သူ့ကိုမိပါပြီ၊ သူက ဟိုတယ်ဗစ်တိုရီးယားမှာ စာရင်း ထားပါတယ်၊ ကျုပ်တပည့်တွေက သူ့နာမည်နဲ့ ပီကင်းကို သော်ကြာနေ့မှာ မယ့် လေယာဉ်ပျံလက်မှတ်ကို ရထားပါတယ်"

ဗိုလ်မှူးကြီး ဂွန်ဆန်က သာသာကလေး ပြောလိုက်သည်။

"ဘယ်လာမီက ဟိုတယ်မှာ သူ့နာမည်နဲ့ စာရင်းပေးထားတာလား"

"ဟုတ်ပါတယ်"

"လေယာဉ်ပျံ လက်မှတ်ကလည်း သူ့နာမည်နဲ့ပဲလား"

"ဟုတ်ပါတယ်"

ဗိုလ်မှူးကြီး စီဇာ ထိုင်ရာမှထသည်။

"ကဲ . . . ကျုပ်တို့ အဲဒီနေရာကို သွားကြရအောင်"



ဗိုလ်မှူးကြီး ဂွန်ဆန်က ခေါင်းခါလိုက်သည်။

"ခင်ဗျား အချိန်တွေကို မဖြုန်းတီးပါနဲ့ဗျာ"

"ဘာပြောတယ်"

"ဘယ်လာမီက ဘယ်တော့မှ . . ."

တယ်လီဖုန်းက မြည်လာပြန်၏။ စီဇာက ဆတ်ခနဲ ကောက်ကိုင်လိုက် သည်။ အသံတစ်သံက ပြောလိုက်သည်။

"ဗိုလ်မှူးကြီးလား၊ ခုပြောတာ တာရီယိုပါ၊ ကျွန်တော်တို့ ဘယ်လာမီကို ရှာတွေ့ပါပြီ၊ သူက ဟိုတယ် ဗလာဒီယားမှာပါ၊ သူက တနင်္လာနေ့ကျရင် ဘူ တာပက်စ်ကို မီးရထားနဲ့ သွားလိမ့်မယ်၊ ဆရာက ကျွန်တော်တို့ကို ဘာလုပ်စေ ချင်သလဲ"

"ငါ မင်းဆီကို ပြန်ဆက်မယ်"

ဗိုလ်မှူးကြီး စီဇာက ပြောလိုက်၏။ သူက ဗိုလ်မှူးကြီး ဂွန်ဆန်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"သူတို့က ဘယ်လာမီ နာမည်နဲ့ ဘူတာပက်စ်ကို သွားမယ့် မီးရထားလက် မှတ်တစ်စောင် ရှာတွေ့ထားတယ်၊ သူ ဘာလုပ်နေတယ်ဆိုတာ ကျုပ်တော့ သဘောမပေါက် . . ."

တယ်လီဖုန်းက ပြန်မြည်လာပြန်၏။

"ဆိုစမ်း"

သူ့အသံက နည်းနည်း ပိုကျယ်သွားသည်။

"ခုပြောတာ ဘရူနိုပါ၊ ကျွန်တော်တို့ ဘယ်လာမီကို ရှာတွေ့ပါပြီ၊ သူက ဟိုတယ် လီယိုနာဒို ဒါဗင်စီမှာ စာရင်းပေးထားပါတယ်၊ သူက တနင်္ဂနွေနေ့ကျရင် မိုင်ယာမီကိုသွားဖို့ စီစဉ်ထားတယ်၊ ကျွန်တော် ဘာဆက်လုပ် . . ."

"ဒီကို ပြန်လာခဲ့ကွာ"

စီဇာက ဒေါက်ပစ်လိုက်သည်။

သူက တယ်လီဖုန်းကို ဆောင့်ချလိုက်သည်။

"သူ ဘာတွေလုပ်နေတာလဲ"

ဗိုလ်မှူးကြီး ဂွန်ဆန်က ပြုံးပြုံးကြီး ပြောလိုက်သည်။

"သူက ခင်ဗျားကို လူအင်အားတွေ အများကြီး ဖြုန်းတီးသွားအောင် လုပ်နေတာလေ၊ ဟုတ်တယ် မဟုတ်လား"

"အခု ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ"

"ဒီ လူလွန်မသားကို ထောင်ချောက်ဆင်ပြီး ဖိတ်ဖမ်းပစ်ရမယ်"

သူတို့သည် အော်ပီယာတာ အနီးရှိ ဗီယာတက်ဆီယာ လမ်းကြီးအတိုင်း ဗင်းနစ်မြို့ရှိရာ မြောက်ဘက်သို့ ဦးတည်မောင်းနှင်နေကြသည်။ ပုလိပ်များသည် အီတလီနိုင်ငံမှ အရေးပါသော ထွက်ပေါက်အားလုံးကို စောင့်ကြည့်နေကြပေ လိမ့်မည်။ သို့ရာတွင် သူတို့က သူ့ကို ပြင်သစ်နိုင်ငံ သို့မဟုတ် ဆွစ်ဇာလန်သွား ရန်အတွက် အနောက်ဘက်သို့ သွားလိမ့်မည်ဟူ၍သာ မျှော်လင့်ထားကြပေလိမ့် မည်။

ရောဘတ်က-


www.burmeseclassic.com

www.burmeseclassic.com

ဝင်းနစ်ကျရင် ဟိုက်ဒရိုဖွိုင် (ရေပေါ်တွင် လျှပ်တိုက်၍ မောင်းနှင်ရသော သင်္ဘော)ကိုစီးပြီး ထရစ်စတီကို သွားလို့ရမယ်၊ အဲဒီကမှ ဩစတြီးယားကို သွားလို့ရမယ်၊ အဲဒီ နောက်ပိုင်းကျရင်တော့' ဟု တွေးတောနေသည်။

ပိုင်ယာ၏အသံက သူ့အတွေးစဥ်ကို ပြတ်တောက်သွားစေခဲ့ပါ၏။

"ကျွန်မ ဆာတယ်"

"ဘာပြောတယ်"

"ကျွန်မတို့က ခုထက်ထိ မနက်စာရော နေ့လယ်စာပါ၊ မစားကြရသေးဘူး"

"ငါ ဝမ်းနည်းပါတယ်ကွာ"

ရောဘတ်သည် သူ့စိတ်ထဲတွင် တွေးတောစရာတွေ သိပ်များပြားနေသဖြင့် စားဖို့ကို သတိမရခဲ့ချေ။

"နောက် စားသောက်ဆိုင် တစ်ဆိုင်ကျရင် ငါတို့ နားကြတာပေါ့"

ပိုင်ယာက သူကားမောင်းနေသည်ကို စောင့်ကြည့်နေသည်။ ပိုင်ယာသည် ပို၍ပို၍ပင် ဦးနှောက်ခြောက်နေသည်။ သူသည် ပြည်တန်ဆာခေါင်းများ၊ သူခိုးများ၊ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူများနှင့် အတူတကွ နေထိုင်ကျင်လည်ခဲ့ရသူ ဖြစ်သည်။ ဒီပုဂ္ဂိုလ်သည် လူဆိုးတစ်ယောက် မဟုတ်ပါ။

သူတို့သည် နောက်တစ်မြို့သို့ အရောက်တွင် ဈေးချိုသော စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ ရပ်တန့်လိုက်သည်။ ရောဘတ်က မော်တော်ကားရပ်ရမည့်နေရာတွင် ကားကို ရပ်ထားလိုက်ပြီးနောက် သူနှင့် ပိုင်ယာတို့သည် မော်တော်ကားထဲက ဆင်းလိုက်ကြသည်။

စားသောက်ဆိုင်ထဲတွင် စားသောက်သူများနှင့် ပြည့်နှက်နေသည်။ စကားပြောဆိုနေကြသည့် အသံဗလံများ၊ ပန်းကန်ပြားချင်း ထိသံများနှင့် ဆူညံနေသည်။ ရောဘတ်က နံရံနှင့်ကပ်နေသော စားပွဲတစ်လုံးကို ရှာတွေ့သည်တွင် ဝင်ပေါက်နှင့် မျက်နှာချင်းဆိုင်နေသော ကုလားထိုင်၌ ဝင်ထိုင်လိုက်၏။ စားပွဲထိုးတစ်ယောက်က ချဥ်းကပ်လာပြီး စားသောက်ဖွယ်စာရင်းကို သူတို့ထံ လှမ်းပေးလိုက်သည်။

ရောဘတ်က တွေးနေသည်။

'ခုချိန်ဆိုရင် ဆူဆန်တစ်ယောက် သင်္ဘောပေါ်ကို ရောက်နေလောက်ပြီ၊ ခုအချိန်ဟာ ငါ့အနေနဲ့ သူနဲ့ စကားပြောနိုင်မယ့် နောက်ဆုံး အခွင့်အရေး ဖြစ်နိုင်တယ်'

"မင်းပဲ ကြည့်မှာလိုက်ကွာ၊ ငါ ချက်ချင်း ပြန်လာခဲ့မယ်"

ရောဘတ် ထိုင်ရာမှ ထလိုက်၏။

ရောဘတ်က အနီးဆုံး အများသုံး တယ်လီဖုန်းဆီသို့ လျှောက်သွားသည်ကို ပိုင်ယာက စောင့်ကြည့်နေသည်။ ရောဘတ်က အကြွေတစ်စေ့ကို စက်ထဲသို့ ထည့်လိုက်၏။

"ကျုပ်က ဂျီဘရော်တာက မရိန်းအော်ပရေတာနဲ့ စကားပြောချင်ပါတယ်၊ ကျေးဇူးတင်ပါတယ်"

'သူက ဂျီဘရော်တာက ဘယ်သူ့ကို ခေါ်နေတာလဲ၊ အဲဒါက သူထွက်ပြေးမယ့် လမ်းကြောင်းလား' ဟု ပိုင်ယာက တွေးနေသည်။

"အော်ပရေတာ၊ ကျုပ်က အခေါ်ခံရသူက ငွေပေးတဲ့စနစ်နဲ့ ဂျီဘရော်တာ





ကမ်းခြေအလွန်က အမေရိကန်ရွက်သင်္ဘော ဟော်စီယွန်နဲ့ ဆက်သွယ်ချင်ပါတယ်၊ ဝီစကီရှူးဂါး ၃၃၇ ပါ။ ကျေးဇူးတင်ပါတယ်"

အော်ပရေတာ အချင်းချင်း စကားပြောကြသည်မှာ ခေတ္တမျှ ကြာသွားသည်။ မိနစ်အနည်းငယ်ကြာမှ သူ့ဆက်သွယ်မှုကို လက်ခံတော့သည်။

ရောဘတ်သည် ဆူဆန်၏အသံကို တယ်လီဖုန်းထဲမှ ကြားလိုက်ရသည်။

"ဆူဆန်. . ."

"ရောဘတ်၊ ရှင် နေကောင်းရဲ့လား"

"ကိုယ် နေကောင်းပါတယ်၊ ကိုယ် မင်းကို ပြောချင်တာက . . ."

"ရှင် ကျွန်မကို ဘာပြောချင်သလဲဆိုတာ ကျွန်မ သိပါတယ်၊ အဲဒါက ရေဒီယိုနဲ့ ရုပ်မြင်သံကြားတွေမှာ ပါနေပြီ၊ အင်တာပိုလ်က ရှင့်နောက်ကို ဘာဖြစ်လို့ လိုက်နေရတာလဲ"

"ဇာတ်လမ်းကတော့ အရှည်ကြီးပဲ"

"ကြာချင်ကြာပါစေ၊ ကျွန်မ သိချင်တယ်"

သူ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

"ခုကိစ္စက နိုင်ငံရေးကိစ္စပါ၊ အစိုးရအချို့က ဖုံးကွယ်ဖို့ ကြိုးစားနေတဲ့ ကိစ္စအတွက် ကိုယ့်ဆီမှာ သက်သေအထောက်အထားတွေ ရှိနေတယ်၊ အဲဒါကြောင့် အင်တာပိုလ်က ကိုယ့်နောက်ကို လိုက်နေတာ"

ပိုင်ယာသည် ရောဘတ်က ပြောနေသည့် စကားလုံးများကို စူးစူးစိုက်စိုက် လိုက်လံ နားထောင်နေသည်။

ဆူဆန်က မေးလိုက်၏။

"ကျွန်မက ကူညီတဲ့အနေနဲ့ ဘာလုပ်ပေးနိုင်သလဲ"

"ဘာမှမရှိပါဘူး အချစ်ရယ်၊ တကယ်လို့ ကိုယ်က ဒီကိစ္စထဲက လွတ်မထွက်နိုင်တော့ဘူးဆိုရင် မင်း အသံကလေးကို နောက်တစ်ကြိမ် ကြားချင်လို့ ဆက်သွယ်လိုက်တာပါ"

"အဲဒီလို မပြောပါနဲ့ရှင်"

ဆူဆန်၏လေသံတွင် သွေးရူးသွေးတန်း ဖြစ်သည့်လေသံ ပါလာသည်။

"ရှင် အခု ဘယ်နိုင်ငံထဲမှာ ဆိုတာကို ပြောပြနိုင်သလား"

"အီတလီ"

ခေတ္တမျှ ငြိမ်ကျသွားသည်။

"ကောင်းပြီ၊ ကျွန်မတို့က ရှင်နဲ့ သိပ်မဝေးဘူး၊ ကျွန်မတို့က ဂျီဘရော်တာ ကမ်းခြေအလွန်ကလေးမှာပဲ ရှိနေတယ်၊ ရှင်ပြောတဲ့ ဘယ်နေရာကိုမဆို ကျွန်မတို့ လာခေါ်နိုင်ပါတယ်"

"ဟင့်အင်း . . . ကိုယ် . . ."

"ကျွန်မစကားကို နားထောင်ပါရှင်၊ ခုကိစ္စက ရှင့်အတွက် လွတ်မြောက်နိုင်တဲ့ တစ်ခုတည်းသောနည်းလမ်း ဖြစ်ချင်ဖြစ်လိမ့်မယ်"

"ဆူဆန်၊ ကိုယ်က မင်းကို အဲဒီလိုလုပ်တာ ခွင့်မပြုနိုင်ဘူး၊ မင်းအတွက် အန္တရာယ်ရှိနိုင်တယ်"

မွန်တီသည် အခန်းထဲသို့ ဝင်လာသဖြင့် သူတို့ ပြောနေသည့် စကားတစ်စွန်းတစ်စကို ကြားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ် သူနဲ့ စကားပြောပါရစေ"

"ရောဘတ်ရေ ခဏလေး၊ မွန်တီက ရှင်နဲ့ စကားပြောချင်တယ်တဲ့"

"ဆူဆန်၊ ကိုယ့်မှာ အချိန်မရှိ . . ."

မွန်တီ၏အသံကို တယ်လီဖုန်းထဲမှ ကြားလိုက်ရတော့သည်။

"ရောဘတ်၊ ခင်ဗျား အကြီးအကျယ် ဒုက္ခရောက်နေတယ်လို့ ကျုပ်သိရတယ်"

တော်တော့်ကို လျှော့လျှော့ပေါ့ပေါ့ ပြောလိုက်ခြင်းပေပဲ။

"အဲဒီလို ပြောမယ်ဆိုရင် ရနိုင်ပါတယ်"

"ကျုပ်တို့က ခင်ဗျားကို အဲဒီကိစ္စက လွတ်အောင် ကူညီချင်တယ်၊ သူတို့က ခင်ဗျားကို အပျော်စီးသင်္ဘောတစ်စီးပေါ်မှာ ရှိလိမ့်မယ်လို့ ထင်ကြမှာ မဟုတ်ဘူး။ ကျုပ်တို့က ခင်ဗျားကို လာခေါ်ပေးမယ်လေ"

"ကျေးဇူးတင်ပါတယ် မွန်တီ၊ အဲဒါတို့ ကျုပ် တန်ဖိုးထားပါတယ်၊ အဖြေကတော့ ဟင့်အင်းပဲ"

"ခင်ဗျား မှားနေပြီ ထင်တယ်၊ ခင်ဗျား ဒီမှာဆိုရင် လုံခြုံပါလိမ့်မယ်"

သူက ဘာဖြစ်လို့ ဒီလောက်တောင် ကူညီဖို့စိတ်အားထက်သန်နေရတာလဲ။

"ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်လေ၊ ကျုပ်ဘာသာ ကျုပ် စွန့်စားပါ့မယ်၊ ကျုပ် ဆူဆန်နဲ့ ထပ်စကားပြောချင်တယ်"

"ရပါတယ်"

မွန်တီဘင့်ခ်က စကားပြောခွက်ကို ဆူဆန့်ထံ ကမ်းပေးလိုက်၏။

"သူ လက်ခံလာအောင် ပြောစမ်းပါ" ဟူ၍လည်း တိုက်တွန်းလိုက်သည်။

ဆူဆန်က တယ်လီဖုန်းထဲသို့ စကားပြောလိုက်၏။

"ရှင့်ကို ကျွန်မတို့က ကူညီပါရစေရှင်"

"မင်းက ကိုယ့်ကို ကူညီခဲ့ပြီးပြီ ဆူဆန်"

သူက ခေတ္တမျှ ရပ်တန့်လိုက်သည်။

"မင်းဟာ ကိုယ့်ဘဝမှာ အကောင်းဆုံး အစိတ်အပိုင်းပဲ၊ မင်းကို ကိုယ်အမြဲတမ်း ချစ်နေမယ်ဆိုတာကိုတော့ မင်းသိစေချင်တယ်"

သူက အနည်းငယ် ရယ်လိုက်၏။

"အမြဲတမ်းဆိုတဲ့ စကားက သိပ်ကြာလိမ့်မယ်လို့တော့ မထင်တော့ဘူး"

"ရှင်က ကျွန်မဆီ ထပ်ဆက်သွယ်ဦးမှာလား"

"ကိုယ် ဆက်နိုင်ရင် ဆက်ပါ့မယ်"

"ကျွန်မကို ကတိပေးပါ"

"ကောင်းပြီလေ၊ ကတိပေးပါတယ်"

သူက စကားပြောခွက်ကို ဖြည်းညင်းစွာ ပြန်ချလိုက်၏။

'ငါက သူ့ကို ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ၊ ငါ့ကိုယ်ကိုရော ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ၊ မင်းဟာ တော်တော် စိတ်ဓာတ်ပျော့ညံ့တဲ့ လူအလူညံ့ပဲ ဘယ်လာမိ'

သူက စားပွဲဆီသို့ ပြန်လျှောက်လာသည်။ ရောဘတ်က ပြောလိုက်၏။

"ကဲ . . . စားကြရအောင်"

သူတို့ စားစရာများကို မှာလိုက်ကြသည်။





"ရှင်ပြောတဲ့စကားတွေကို ကျွန်မ ကြားလိုက်ရတယ်၊ ရှင့်ကို ပုလိပ်တွေက ရှာနေကြတယ်၊ ဟုတ်တယ် မဟုတ်လား"

ရောဘတ် တောင့်တင်းသွားသည်။

'ငါ တော်တော် ပေါ့ဆတာပဲ။ ဒီအမျိုးသမီးကလေးက ဒုက္ခပေးလိမ့်မယ်' ဟု သူ တွေးလိုက်မိသည်။

"နားလည်မှု လွဲမှားနေတာကလေးပါကွာ . . . ငါ. . ."

"ကျွန်မကို ပေါတောတော အတတတစ်ယောက်လို မဆက်ဆံပါနဲ့၊ ကျွန်မ ရှင့်ကို ကူညီချင်ပါတယ်"

ရောဘတ်က ပိုင်ယာကို သတိထားပြီး အကဲခတ်နေသည်။

"မင်းက ငါ့ကို ဘာဖြစ်လို့ ကူညီမှာလဲ"

ပိုင်ယာက ရှေ့သို့ ကုန်းလိုက်၏။

"ဘာဖြစ်လို့လဲဆိုတော့ ရှင်က ကျွန်မအပေါ်မှာ သိပ်ရက်ရောခဲ့တာကိုး၊ ပြီးတော့လည်း ကျွန်မက ပုလိပ်တွေကို မုန်းတယ်၊ ကျွန်မတို့ကို နှစ်ပြားမတန်သလို ဆက်ဆံပြီး လမ်းပေါ်မှာ သူတို့ လိုက်တာ ခံနေကြရတဲ့ ကျွန်မတို့ဘဝကို ရှင်မသိပါဘူး၊ သူတို့က ကျွန်မကို ပြည့်တန်ဆာလုပ်မှုနဲ့ ဖမ်းဆီးတယ်၊ ဒါပေမယ့် သူတို့က သူတို့ရဲ့ ရုံးခန်းနောက်ဘက်က အခန်းတွေဆီ ကျွန်မကို ခေါ်သွားပြီး တစ်ယောက် တစ်လှည့်စီ လက်ဆင့်ကမ်းပေးကြတယ်လေ၊ အဲဒီကောင်တွေဟာ တိရစ္ဆာန်တွေပဲ၊ ကျွန်မက သူတို့ကို ဖြစ်တဲ့နည်းနဲ့ လက်စားချေချင်တယ်၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် ကျွန်မ ရှင့်ကို ကူညီနိုင်ပါတယ်"

"ပိုင်ယာ၊ မင်းလုပ်ပေးနိုင်တာ ဘာမှ . . ."

"ဗင်းနစ်မြို့မှာဆိုရင် ပုလိပ်တွေက ရှင့်ကို အလွယ်တကူ ဖမ်းဆီးနိုင်လိမ့်မယ်၊ ရှင်က ဟိုတယ်တစ်ခုခုမှာ တည်းခိုနေရင် သူတို့က ရှင့်ကို ရှာတွေ့မှာပဲ၊ ဘာတယ်လို့ ရှင်က သင်္ဘောတစ်စင်းပေါ်ကို တက်မယ်ဆိုရင် သူတို့က ရှင့်ကို ဝင်းဖမ်းကြမှာပဲ၊ ဒါပေမယ့် သူတို့လက်ထဲက ရှင် လွတ်ကင်းမယ့်နေရာတစ်နေရာကို ကျွန်မ သိတယ်၊ ကျွန်မ အမေနဲ့ မောင်က နေပဲလ်စ်မြို့မှာ နေကြတယ်၊ ကျွန်မတို့က သူတို့အိမ်မှာ နေနိုင်တယ်၊ ပုလိပ်တွေက ရှင့်ကို အဲဒီနေရာမှာ ဘယ်တော့မှ လာရှာမှာ မဟုတ်ဘူး"

ရောဘတ်က ထိုကိစ္စကို စဉ်းစားတွေးတောရင်း ခေတ္တမျှ ငြိမ်နေလိုက်သည်။ ပိုင်ယာ ပြောသောစကားသည် အတော့်ကို အဓိပ္ပာယ်ရှိသည်။ အခြားနေရာများထက်စာလျှင် အိမ်တစ်အိမ်၌ နေရခြင်းသည် ပို၍ပင် အန္တရာယ်ကင်းပေလိမ့်မည်။ ပြီးတော့လည်း နေပဲလ်စ်မြို့သည် အလွန် ကြီးမားသော ဆိပ်ကမ်းမြို့ကြီးတစ်မြို့ ဖြစ်သည်။ သူက အဖြေမပေးခင် တွန့်ဆုတ်နေမိသည်။ သူက ပိုင်ယာအား ဘေးအန္တရာယ် မဖြစ်စေလိုပါ။

"ပိုင်ယာ၊ တကယ်လို့ ပုလိပ်တွေက ငါ့ကိုရှာတွေ့ရင် ငါ့ကို သတ်ပစ်ဖို့ အမိန့်ပေးထားတယ်၊ သူတို့က မင်းကိုလည်း ကြံရာပါ တစ်ယောက်လို့ သတ်မှတ်ကြလိမ့်မယ်၊ မင်းက ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ဖြစ်အောင် လုပ်နေသလို ဖြစ်နေလိမ့်မယ်"

ပိုင်ယာက ပြုံးလိုက်၏။

"အဲဒါက လွယ်ပါတယ်ရှင်၊ ကျွန်မတို့က ရှင့်ကို ပုလိပ်တွေက



www.burmeseclassic.com

www.burmeseclassic.com

အောင် လုပ်ထားမှာပေါ့ရှင်"

ရောဘတ်ကလည်း ပြန်ပြုံးပြလိုက်သည်။ သူဆုံးဖြတ်ချက် ချလိုက်

"ကောင်းပြီလေ၊ နေ့လယ်စာ စားတော့၊ ငါတို့ နေပဲလ်စ်ကိုပဲ သွားကြ

ဗိုလ်မှူးကြီး ဂျွန်ဆန်က ပြောလိုက်၏။

"ခင်ဗျားလူတွေက သူ ဘယ်ဘက်ကို ဦးတည်ပြီး ထွက်သွားတယ်ဆို ကို မသိကြဘူးလား"

ဖရန်စစ်စကိုစီဇာက သက်ပြင်းချသည်။

"ခုလောလောဆယ်မှာတော့ မသိဘူး၊ ဒါပေမယ့် အဲဒါက အချိန် နည်းကြာပြီးရင် . . ."

"ကျုပ်တို့မှာ အချိန်မရှိဘူး၊ ခင်ဗျားတို့က သူ့အရင်ဇနီး ဘယ်မှာရှိနေ ဆိုတာကို စုံစမ်းမထားဘူးလား"

"သူ့အရင်ဇနီး၊ ဟုတ်လား၊ စုံစမ်းမထားဘူး၊ အဲဒါက ဘာဆိုင်လို့ . . ."

"ဒါဆိုရင် ခင်ဗျားက အိမ်စာတွေကို ကျေညက်အောင် လုပ်မထားဘဲ

ဗိုလ်မှူးကြီး ဂျွန်ဆန်က ခပ်ငေါက်ငေါက် ပြောလိုက်သည်။

"သူ့ဇနီးဟောင်းက မွန်တီဘင့်ခ်ဆိုတဲ့လူနဲ့ လက်ထပ်ထားတယ်၊ ခင် တို့က အဲဒီ ဇနီးမောင်နှံ ဘယ်မှာ ရှိသလဲဆိုတာကို ခပ်မြန်မြန် ရှာသင့်တယ် ကျုပ် အကြံပေးချင်တယ်"

❖ ❖ ❖



## အခန်း သုံးဆယ့်ရှစ်

အမျိုးသမီးကလေးသည် သူ မည်သည့်နေရာဆီသို့ သွားနေသည်ကို စိတ် အာရုံတွင် သိရှိခြင်း မရှိဘဲ ကျယ်ဝန်းသော လမ်းကြီးအတိုင်း လျှောက်လာနေ သည်။ အလွန်ဆိုးရွားသော ဖျက်ကျမှုကြီး ဖြစ်ပွားပြီးနောက် ရက်ပေါင်း မည်မျှ ကြာမြင့်ခဲ့ပြီနည်း။ သူ မမှတ်မိတော့ပါ။

သူသည် အလွန် ပင်ပန်းနွမ်းနယ်နေသောကြောင့် အာရုံစိုက်၍ စဉ်းစားရန် ခက်ခဲနေပါသည်။ သူ့အတွက် ရေကို သွေးရူးသွေးတန်း လိုအပ်နေပါသည်။ ကမ္ဘာသူ၊ ကမ္ဘာသားများ သောက်သုံးနေကြသည့် ညစ်ထေးသောရေ မဟုတ်ပါ။ သန့်စင်သန့်ရှင်းသော လတ်ဆတ်သည့် မိုးရေကို လိုချင်နေပါသည်။ သူ့အနေနှင့် သူ၏အသက်ဝိညာဉ်ကို ပြန်လည်အားရှိလာစေရေးအတွက် သန့်စင်သည့်ရေကို လိုအပ်နေပါသည်။ ပုံဆောင်ခဲကလေးကို လိုက်လံ ရှာဖွေရန်အတွက် ခွန်အား ပြန်ရှိဖို့ လိုအပ်ပါသည်။ သူသည် သေလုမျောပါး ဖြစ်နေသည်။

သူသည် ခြေလှမ်း မမှန်တော့ဘဲ အမျိုးသားတစ်ယောက်နှင့် ဝင်တိုးမိ တော့သည်။

"ဟေ့၊ လမ်းသွားရင် ကြည့်သွား"

အမေရိကန် အမျိုးသား အရောင်းကိုယ်စားလှယ်က သူ့ကို နီးနီးကပ်ကပ် ကြည့်လိုက်ပြီး ပြုံးပြလိုက်သည်။

"ဟေ့ မင်းလို လူမျိုးနဲ့ ခုလို လာတွေ့ရတာကို စဉ်းစားကြည့်စမ်းပါကွာ"

'တယ်ချောတဲ့ ဟာမကလေးပဲ'

"ဟုတ်ကဲ့၊ ကျွန်မ စဉ်းစားကြည့်နိုင်ပါတယ်"

"မင်း ဘယ်ကလဲ ချစ်ချစ်"

"ကြယ်တို့ကာကြယ်ရဲ့ သတ္တမမြောက် နေမင်းကြီးဆီက"

သူက ရယ်လိုက်သည်။

"ကိုယ်က အဲဒီလို ဟာသဉာဏ်ရှိတဲ့ အမျိုးသမီးကိုမှ သဘောကျတာကွ မင်းက ဘယ်ကိုသွားမလို့လဲ"

သူက ခေါင်းခါပြသည်။

"ကျွန်မ မသိဘူး၊ ကျွန်မက ဒီမှာ လူစိမ်းပဲ"

'ဘုရား ဘုရား၊ ငါတော့ အမဲအိုးနဲ့ တိုးမိပြီထင်တာပဲ'

"မင်း ညစာ စားပြီးပြီလား"


www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း၊ ကျွန်မက ရှင်တို့စားနေတဲ့ အစားအစာကို စားလို့မရဘူး"

'ငါက တကယ့် ထူးထူးဆန်းဆန်းပုဂ္ဂိုလ်နဲ့ လာတွေ့နေတာကိုး၊ ဒါပေမယ့် တကယ်ချောတဲ့ အမျိုးသမီးလေးပဲ'

"မင်းက ဘယ်မှာ တည်းခိုနေသလဲ"

"ကျွန်မ ဘယ်နေရာမှာမှ မတည်းဘူး"

"မင်းမှာ ဟိုတယ် မရှိဘူးလား"

"ဟိုတယ်၊ ဟုတ်လား"

သူ သတိရလာသည်။ ခရီးသွားလာနေကြသော လူစိမ်း သူစိမ်းများအတွက် သေတ္တာတွေကို ပြောတာပဲ။

"ဟင့်အင်း၊ ကျွန်မက အိပ်ဖို့နေရာ ရှာရလိမ့်မယ်၊ ကျွန်မ သိပ်ပင်ပန်းနေပြီ"

သူက ပို၍ အားရပါးရ ပြုံးလိုက်၏။

"အေးလေ၊ အဲဒါကိုတော့ ဖေဖေကြီးက တာဝန်ယူနိုင်ပါတယ်၊ ငါတို့ ငါ့ဟိုတယ်အခန်းကို သွားကြရအောင်၊ ငါ့ဆီမှာ အင်မတန်ကြီး အင်မတန် ကောင်းပြီး သိပ်ဇိမ်ရှိတဲ့ အိပ်ရာကြီးတစ်ခု ရှိတယ်၊ မင်း အဲဒါကို ကြိုက်တယ် မဟုတ်လား"

"အပ်း - ဟုတ်ကဲ့၊ ကျွန်မ သိပ်သဘောကျပါတယ်"

သူက သူ့ကံကောင်းပုံကို ယုံပင် မယုံချင်တော့ပါ။

'သိပ်ကောင်းတာပေါ့'

သူက 'ကောက်ရိုးပုံထဲမှာဆိုရင် သိပ်ကောင်းမှာပဲ' ဟု စဉ်းစားလိုက်၏။

အမျိုးသမီးက ဦးနှောက်ခြောက်သွားဟန်နှင့် သူ့ကိုကြည့်လိုက်၏။

"ရှင့်အိပ်ရာကို ကောက်ရိုးနဲ့ လုပ်ထားလို့လား"

ထိုအမျိုးသားက သူ့ကို ငေးကြည့်နေသည်။

"ဘာပြောတယ်၊ မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ မင်းကလည်း တော်တော် ဟာသ ပြောတတ်တာကိုး"

အမျိုးသမီးသည် မျက်စိကိုပင် အနိုင်နိုင် ဖွင့်နေရရှာသည်။

"ကျွန်မတို့ အခု အိပ်ရာဝင်လို့ရပြီလား"

အမျိုးသားက သူ့လက်နှစ်ဖက်ကို ပွတ်လိုက်သည်။

"မင်း အလောင်းအစား လုပ်မလား၊ ငါ့ဟိုတယ်က ဒီထောင့်နားတင် ရှိတယ်"

သူက သော့ကို အောက်ထပ်မှ ကောင်တာတွင် တောင်းလိုက်ပြီးနောက် သူတို့သည် ဓာတ်လှေကားနှင့် ထိုအမျိုးသားနေထိုင်သည့် အထပ်သို့ တက်ခဲ့ကြသည်။ သူတို့သည် အမျိုးသား၏အခန်းသို့ ရောက်ကြသောအခါ အမျိုးသားက မေးလိုက်၏။

"မင်း နည်းနည်းလောက် သောက်ချင်သေးသလား"

အမျိုးသမီးက အရမ်းသောက်ချင်နေသည်။ သို့ရာတွင် ကမ္ဘာသူ၊ ကမ္ဘာသားတို့က တိုက်ကျွေးသည့်အရည်ကို သူသောက်၍ မရပါ။

"ဟင့်အင်း၊ ရှင့်အိပ်ရာက ဘယ်မှာလဲ"

'ဘုရား ဘုရား။ သူက တကယ်သွေးဆူတဲ့ အမျိုးသမီးကလေးပဲ'

"အဲဒီအထဲမှာ ချစ်ချစ်ရယ်"





သူက အမျိုးသမီးကလေးကို အိပ်ခန်းထဲကို ခေါ်သွားသည်။

"မင်းက တကယ် မသောက်တော့ဘူးလား"

"မသောက်တော့ပါဘူး"

အမျိုးသားက နှုတ်ခမ်းကို လျှာနှင့် လျက်လိုက်သည်။

"ဒါဆိုရင် အဝတ်အစားတွေကို ချွတ်လိုက်ပါလား"

အမျိုးသမီးက ခေါင်းညိတ်သည်။ ကမ္ဘာသူ၊ကမ္ဘာသားတွေရဲ့ ထုံးစံပဲ။ ...သမီးက သူဝတ်ထားသော အဝတ်အစားများကို ချွတ်ပစ်လိုက်၏။ အမျိုး... ကိုယ်လုံးကိုယ်ပေါက်မှာ ပြေပြစ်လှပေသည်။

အမျိုးသားက အမျိုးသမီးကို ငေးကြည့်ပြီး ပျော်ရွှင်စွာ ပြောလိုက်သည်။

"ဒါ ငါ့ရဲ့ ကံကောင်းတဲ့ညပဲ၊ မင်းရဲ့ ကံကောင်းတဲ့ညလည်း ဖြစ်ရမှာပေါ့"

အမျိုးသားက သူ့အဝတ်အစားများကို မြန်နိုင်သလောက် မြန်အောင် ...င်းဆွဲချွတ်လိုက်ပြီး အိပ်ရာထဲသို့ ခုန်ဝင်လိုက်၏။ အိပ်ရာထဲသို့ရောက်မှ ... မော့ကြည့်လိုက်မိသည်။

"ခိုးမှုပဲ၊ ငါက မီးမှ မပိတ်ခဲ့ဘဲကိုး"

သူက ပြန်ထစပြုသည်။

"နေပါစေ၊ ကျွန်မ ပိတ်လိုက်ပါ့မယ်"

အမျိုးသမီးက အိပ်ချင်မူးတူးနှင့် ပြောလိုက်၏။

သူ စောင့်ကြည့်နေစဉ်မှာပင် အမျိုးသမီး၏လက်သည် မီးခလုတ်ဆီသို့ ...တ်အောင် အခန်းကို ကျော်ဖြတ်၍ ရှည်ထွက်သွားသည်။ ထို့နောက် မီး...တ်ကို ပိတ်လိုက်သောအမျိုးသမီး၏ လက်ချောင်းကလေးများသည် သစ်ရွက် ...နှင့် ဝေဆာနေသော အစိမ်းရောင် နွယ်ပင်ကလေးများ ဖြစ်သွားကြလေ ...သည်။

အမျိုးသားသည် ထိုအမျိုးသမီးနှင့် နှစ်ယောက်တည်း မှောင်ထဲတွင် ရှိနေ ...သည်။

အမျိုးသားက စူးစူးဝါးဝါး အော်ဟစ်လိုက်လေ၏။

◆ ❖ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံးဆယ့်ကိုး

သူတို့သည် နေပဲလ်စ်မြို့ဆီသို့သွားသော ဖော်တိုစထရာ ဒါဗဲ
ဟိုင်းဝေးလမ်းမကြီးပေါ်တွင် လျှင်မြန်စွာ အရှိန်အဟုန်နှင့် မောင်းနှင်
သည်။ သူတို့သည် လွန်ခဲ့သော နာရီဝက်အတွင်းက မိမိတို့၏ အတွေးကိုယ်
တိတ်တိတ်ဆိတ်ဆိတ် မောင်းနှင်လာခဲ့ကြသည်။

ပိုင်ယာက တိတ်ဆိတ်မှုကို ဖျက်ဆီးပစ်လိုက်သည်။

သူက မေးလိုက်၏။

"ရှင်က ကျွန်မအမေအိမ်မှာ ဘယ်လောက်ကြာကြာ နေချင်သလဲ"

"မင်းတို့ဘက်က လက်ခံမယ်ဆိုရင် သုံးရက် လေးရက်လောက်ပါပဲ"

"ဒါဆိုရင် ဖြစ်ပါတယ်"

ရောဘတ်သည် ထိုနေရာတွင် တစ်ည သို့မဟုတ် အများဆုံး နှစ်ည
ပို၍ နေရန် စိတ်မကူးပါ။ သူက သူ့အစီအစဉ်တွေကို စိတ်ထဲမှာသာ ထား
သည်။ သူသည် သူ့အတွက် စိတ်ချရသော သင်္ဘောတစ်စီးစီးကို တွေ့သည်
အီတလီမှ ထွက်ခွာသွားတော့မည်။

ပိုင်ယာက ပြောလိုက်၏။

"ကျွန်မကတော့ ကျွန်မမိသားစုနဲ့ တွေ့ချင်လှပြီ"

"မင်းမှာ မောင်တစ်ယောက်ပဲ ရှိသလား"

"ဟုတ်ကဲ့၊ ကာလိုတဲ့၊ သူက ကျွန်မထက် အငယ်"

"မင်းမိသားစုအကြောင်း ငါ့ကို ပြောပြစမ်းပါ ပိုင်ယာ"

ပိုင်ယာက ပခုံးတွန့်သည်။

"ပြောစရာ သိပ်မရှိလှပါဘူး၊ ကျွန်မအဖေက ဆိပ်ကမ်းမှာ သူတစ်သ
အလုပ်လုပ်ခဲ့တယ်၊ ကျွန်မ ဆယ့်ငါးနှစ်သမီးအရွယ်ကျတော့ ကရိန်း(ဝန်
တစ်ခုက သူ့အပေါ် ပြုတ်ကျပြီး သူသေခဲ့ရတယ်။ ကျွန်မ အမေက နေမ
တော့ ကျွန်မက အမေနဲ့ ကာလိုကို လုပ်ကိုင်ကျွေးရတယ်၊ စီနီစစ်တာ
စတူဒီယိုမှာ ကျွန်မမိတ်ဆွေတစ်ယောက် ရှိတယ်၊ သူက ကျွန်မကို ဆိုက်
အနေနဲ့ အလုပ်ကလေးတွေပေးတယ်။ သူတို့က ပိုက်ဆံပေးတာ နည်း
ကျွန်မက လက်ထောက်ဒါရိုက်တာနဲ့ အိပ်လိုက်ရတော့တယ်၊ အဲဒီမှာတင် ကျွန်
လမ်းပေါ်မှာဆိုရင် ငွေပိုရမှာပဲလို့ ဆုံးဖြတ်လိုက်တယ်၊ အခုတော့ ကျွန်မ နှ
စလုံးကို နည်းနည်းစီ လုပ်နေတယ်"





ပိုင်ယာက သူ့ကိုယ်သူ နောင်တမရသည့်လေသံနှင့် ပြောဆိုနေသည်။

"ပိုင်ယာ၊ မင်းက သူစိမ်းယောက်ျားတစ်ယောက်ကို အိမ်ခေါ်လာတဲ့တိုင်တို မင်းအမေက ကန့်ကွက်နေမလားကွာ"

"မကန့်ကွက်ပါဘူး၊ ကျွန်မတို့က တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြတယ်၊ ကျွန်မကို တွေ့ရရင် မေမေက ဝမ်းသာမှာပါ။ ရှင်ကရော သူ့ကို သိပ်ချစ်တာပဲလား"

ရောဘတ်က ပိုင်ယာ့ကို တအံ့တသြ လှမ်းကြည့်လိုက်၏။

"မင်းအမေကိုလား"

"စားသောက်ဆိုင်ထဲတုန်းက ရှင် တယ်လီဖုန်းဆက်နေတဲ့ အမျိုးသမီး ဆူဆန်ကို ပြောတာပါ"

"ငါက အဲဒီအမျိုးသမီးကို ချစ်နေတယ်လို့ မင်းက ဘာကြောင့်ထင်ရတာလဲ"

"ရှင့်လေသံကြောင့်ပေါ့၊ သူက ဘယ်သူလဲ"

"မိတ်ဆွေတစ်ယောက်ပါ"

"သူ သိပ်ကို ကံကောင်းတာပဲ၊ ကျွန်မလည်း ကျွန်မကို အဲဒီလောက် ဂရုစိုက်တဲ့လူ ရှိပါစေလို့ ဆုတောင်းပါတယ်၊ ရောဘတ် ဘယ်လာမီ ဆိုတာ ရှင့်နာမည်ပဲလား"

"ဟုတ်တယ်"

"ရှင်က ကွန်မန်ဒို တစ်ယောက်လား"

ထိုမေးခွန်းကို ဖြေရန် ပို၍ ခက်သည်၊ သူက ပြောလိုက်၏။

"ငါ သိပ်မသေချာဘူး ပိုင်ယာ၊ အရင်တုန်းကတော့ ငါဟာ ကွန်မန်ဒို တစ်ယောက်ပဲ"

"ရှင့်နောက်ကို အင်တာပိုလ်က ဘာကြောင့် လိုက်နေတယ်ဆိုတဲ့အကြောင်း ရှင် ကျွန်မကို ပြောပြနိုင်သလား"

ရောဘတ်က ဂရုစိုက်ပြီး ပြောလိုက်၏။

"ငါက မင်းကို ဘာမှ ပြောပြမထားတာက ပိုကောင်းလိမ့်မယ်၊မင်း ငါနဲ့ အတူတူရှိနေတဲ့အတွက်တောင် ပြဿနာ အတော်ကလေး များနိုင်တယ်၊ မင်းက နည်းနည်းသိလေလေ ပိုကောင်းလေလေပဲ"

"ကောင်းပါပြီ ရောဘတ်ရယ်"

သူက သူတို့ နှစ်ယောက်ကို တွေ့ဆုံအောင် ဖန်တီးပေးခဲ့သည့် ထူးဆန်းသော အခြေအနေများအကြောင်း တွေးကြည့်လိုက်သည်။

"မင်းကို ငါ တစ်ခုမေးပါရစေ၊ အပြင်ကမ္ဘာက ဂြိုဟ်သားတွေဟာ ပန်းကန်ပြားပျံတွေနဲ့ ကမ္ဘာပေါ်ကို ဆင်းလာကြပြီ ဆိုတဲ့အကြောင်း မင်း သိမယ်ဆိုရင် မင်း သွေးပျက်အောင် ထိတ်လန့်သွားမှာလား"

ပိုင်ယာက သူ့ကို ခေတ္တမျှ အကဲခတ်လိုက်သည်။

"ရှင်က လေးလေးနက်နက် ပြောနေတာလား"

"သိပ်ကို လေးလေးနက်နက် ပြောနေတာပါ"

ပိုင်ယာက ခေါင်းခါပြလိုက်၏။

"ဟင့်အင်း၊ ကျွန်မကတော့ အဲဒါဟာ စိတ်လှုပ်ရှားစရာပဲလို့ ... အဲဒီလိုဟာမျိုးတွေရှိတယ် ဆိုတာကို ရှင် ယုံကြည်သလား"



www.burmeseclassic.com

www.burmeseclassic.com

ရောဘတ်က သတိထားပြီး ပြောလိုက်၏။

"ရှိနိုင်တဲ့ အနေအထားမျိုးတော့ ရှိတယ်ကွ"

ပိုင်ယာ၏မျက်နှာ ဝင်းထိန်သွားသည်။

"တကယ်လား၊ သူတို့က တကယ် . . . အေးလေ၊ ကျွန်မ ဆိုလိုတာက သူတို့က လူတွေလို ကိုယ်လုံးကိုယ်ပေါက်မျိုးနဲ့လား"

ရောဘတ်က ရယ်လိုက်၏။

"ငါမသိဘူး"

"အဲဒါက ရှင့်နောက်ကို ပုလိပ်တွေ လိုက်နေတဲ့ ကိစ္စနဲ့ ပတ်သက်နေသလား"

ရောဘတ်က ခပ်မြန်မြန် ဖြေလိုက်သည်။

"မပတ်သက်ပါဘူးကွာ၊ မပတ်သက်ပါဘူး"

"တကယ်လို့ ကျွန်မက ရှင့်ကို တစ်ခု ပြောမယ်ဆိုရင် ရှင်က ကျွန်မကို စိတ်မဆိုးဘူးလို့ ကတိပေးမလား"

"ငါ ကတိပေးပါတယ်"

ပိုင်ယာက ပြောလိုက်သောအခါ ပိုင်ယာ၏အသံမှာ တိုးလွန်းလှသောကြောင့် သူက ကြားသည်ဆိုရုံမျှသာ ကြားလိုက်ရသည်။

"ကျွန်မက ရှင့်ကို ချစ်နေမိပြီ"

"ပိုင်ယာ . . ."

"ကျွန်မ သိပါတယ်၊ ကျွန်မက သိပ်ကို မိုက်မဲတာပါ။ ဒါပေမယ့် ကျွန်မက အဲဒါကို အရင်က ဘယ်သူ့ကိုမှ မပြောဖူးသေးပါဘူး၊ ကျွန်မက ရှင့်ကို သိစေချင်လို့ပါ"

"ငါကတော့ သိပ်ကို သွေးနားထင်ရောက်သွားပြီ ပိုင်ယာ"

"ရှင်က ကျွန်မကို အရူးလုပ်နေတာလား"

"ဟင့်အင်း၊ မဟုတ်ပါဘူးကွာ"

သူက ဓာတ်ဆီဆိုင်ခွက်ကို ကြည့်လိုက်၏။

"ငါတို့က ဓာတ်ဆီဆိုင်တစ်ဆိုင်ကို ခပ်မြန်မြန် ရှာကြရလိမ့်မယ်"

နောက် (၁၅) မိနစ် ကြာသောအခါ သူတို့သည် ဓာတ်ဆီဆိုင်တစ်ဆိုင်သို့ ရောက်လာကြတော့သည်။

"ငါတို့ ဒီမှာ ဆီဖြည့်ကြမယ်"

"ကောင်းပါတယ်"

ပိုင်ယာက ပြုံးပြလိုက်သည်။

"ကျွန်မက ကျွန်မအမေဆီကို တယ်လီဖုန်းဆက်ပြီး အင်မတန်ချောတဲ့ လူစိမ်းယောကျ်ားတစ်ယောက် အိမ်ကိုခေါ်လာခဲ့မယ်လို့ ကြိုပြောနိုင်တာပေါ့ရှင်"

ရောဘတ်က ဓာတ်ဆီတိုင်အထိ ကားကို မောင်းနှင်သွားပြီး မော်တော်ကားကို ဓာတ်ဆီ ဖြည့်ခိုင်းလိုက်သည်။

ပိုင်ယာက ကိုယ်ကို ကိုင်းပေးလိုက်သောကြောင့် ရောဘတ်က ပိုင်ယာ့ပါးကို မွှေးမွှေးပေးလိုက်သည်။

"ကျွန်မ ခုချက်ချင်း ပြန်လာခဲ့မယ်"

ပိုင်ယာက တယ်လီဖုန်းအတွက် အကြွေလဲရန် ဓာတ်ဆီဆိုင်ထဲသို့ လျှောက်ဝင်သွားသည်ကို ရောဘတ်က စောင့်ကြည့်နေသည်။





ရောဘတ်က-

'ဒီအမျိုးသမီးကလေးဟာ တော်တော်ချောတယ်၊ ဉာဏ်လည်း ထက်တယ်၊ ငါ သူ့ကို စိတ်မထိခိုက်အောင် သတိထားရလိမ့်မယ်' ဟု တွေးတော့နေသည်။

ရုံးခန်းထဲတွင်မှ ပိုင်ယာက ဒိုင်ခွက်ကို လှည့်နေသည်။ သူက ရောဘတ်ဘက်သို့ ပြန်လှည့်ပြီး ပြုံးပြရင်း လက်ကို ဝှေ့ယမ်းပြလိုက်သည်။ အော်ပရေတာ၏အသံကို ကြားရသောအခါ ပိုင်ယာက ပြောလိုက်သည်။

"ကျွန်မကို အင်တာပိုလ်နဲ့ ခပ်မြန်မြန် ဆက်ပေးစမ်းပါ"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း လေးဆယ်

ရောဘတ်ဘယ်လာမီနှင့်ပတ်သက်သော သတင်းထုတ်လွှင့်ချက်အစီအစဉ်တို့ ပိုင်ယာက မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် သူသည် ချမ်းသာတော့မည်မှာ ကေန် အမှန်ဖြစ်ကြောင်း သိလိုက်သည်။

အာကယ်၍ ကမ္ဘာ့ပုလိပ်အဖွဲ့ကြီးဖြစ်သော အင်တာပိုလ်က ရောဘတ်ကို လိုက်ရှာနေသည် ဆိုပါက ရောဘတ်နှင့်ပတ်သက်၍ ဆုငွေအများကြီး သတ်မှတ် ထားရပေလိမ့်မည်။ ရောဘတ် ဘယ်လာမီ မည်သည့်နေရာ၌ ရှိနေသည်ကို သူ တစ်ယောက်တည်းသာ သိသည်။ ထိုဆုငွေကို သူ တစ်ယောက်တည်းသာ အပိုင်ရမည်။ ပိုင်ယာက သူ့ကို စောင့်ကြည့်နေနိုင်သော နေပဲလ်စ်မြို့သို့ ခေါ်သွားနိုင်အောင် စည်းရုံးနိုင်ခဲ့ခြင်းမှာ အလွန်ညာက်ကောင်းသည့် အချက်ပင် ဖြစ်တော့သည်။

တယ်လီဖုန်းထဲမှ အသံတစ်သံက ပြောလိုက်၏။

"အင်တာပိုလ်ကပါ။ ခင်ဗျားကို ကျွန်ုပ် ဘယ်လို ကူညီနိုင်ပါသလဲ"

ပိုင်ယာ၏နှလုံးသည် တဒိန်းဒိန်း ခုန်နေသည်။ ရောဘတ်သည် ဓာတ်ဆီဆိုင်၌သာ ရှိနေသေးကြောင်း သေချာစေရန် ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်၏။

"ဟုတ်ကဲ့ရှင်၊ ရှင်တို့က ကွန်မန်ဒါ ဘယ်လာမီဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို လိုက်ရှာနေတယ် မဟုတ်ပါလားရှင်"

အတန်ငယ် ငြိမ်ကျသွားသည်။

"အခု ဆက်သွယ်နေတာ ဘယ်သူလဲ ခင်ဗျ၊ ကျေးဇူးပြုပြီး ပြောပါ"

"အဲဒါကို အသာထားလိုက်စမ်းပါ၊ ရှင်တို့က သူ့နောက်ကို လိုက်နေသလား၊ မလိုက်ဘူးလား"

"ကျွန်ုပ်က ခင်ဗျားကို နောက်တစ်ယောက်နဲ့ လွှဲပေးရလိမ့်မယ်၊ မင်းက ခဏစောင့်ပါဦး"

သူက သူ့လက်ထောက်ဘက်သို့လှည့်၍ -

"အခုခေါ်နေတဲ့ တယ်လီဖုန်းကို ခပ်မြန်မြန် စုံစမ်းစမ်းကွာ" ဟု ပြောလိုက်သည်။

နောက်ထပ် စက္ကန့်သုံးဆယ် ကြာသောအခါ ပိုင်ယာသည် ပို၍ ရာထူးကြီးသော အရာရှိတစ်ယောက်နှင့် စကားပြောရတော့သည်။

"ဟုတ်ကဲ့ပါ ဆီညော်ရာ၊ ကျွန်ုပ် ခင်ဗျားကို ကူညီနိုင်ပါသလား"





"မဟုတ်သေးဘူး ကိုရွှေအရှူးရဲ့၊ ကျွန်မက ရှင်တို့ကို ကူညီဖို့ ကြိုးစားနေ...

...တ်ကမူ -

"ကျွန်မဆီမှာ ကွန်မန်ဒါ ဘယ်လာမီ ရှိနေပါတယ်၊ ရှင်တို့က သူ့ကို ...သလား၊ မလိုချင်ဘူးလား"

"ဟုတ်ကဲ့ ဆီညော်ရာ၊ ကျုပ်တို့က သူ့ကို သိပ်လိုချင်ပါတယ်၊ ခင်ဗျားပြော... သူ ခင်ဗျားဆီမှာ ရှိနေတယ်ဆို"

"ဟုတ်ပါတယ်၊ သူ ကျွန်မနဲ့အတူတူ ရှိနေပါတယ်၊ သူက ရှင်တို့အတွက် ... ဘယ်လောက်တန်ပါသလဲ"

"ခင်ဗျားက ဆုငွေကို ပြောနေတာလား"

"ဒါပေါ့ရှင်၊ ကျွန်မက ဆုငွေကို ပြောနေတာပေါ့"

သူက ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်ပြန်၏။

'တော်တော့်ကို တုံးတဲ့ငတိတွေပဲ'

အရာရှိက သူ့တပည့်တွေကို ခပ်မြန်မြန်လုပ်ဖို့ အချက်ပြလိုက်သည်။

"ကျုပ်တို့က ခုထက်ထိ သူ့အတွက် ဆုငွေ မသတ်မှတ်ရသေးပါဘူး၊ ...တော့. . ."

"ကောင်းပြီ၊ ဒါဆိုရင် အခု သတ်မှတ်တော့လေ၊ ကျွန်မက ခပ်သုတ်သုတ် ...ဆိုးမှာ"

"ခင်ဗျားက ဆုငွေ ဘယ်လောက်လောက် ရမယ်လို့ မှန်းထားပါသလဲ"

"ကျွန်မ မပြောတတ်ဘူး"

ပိုင်ယာက ခပ်မြန်မြန် စဉ်းစားလိုက်သည်။

"ဒေါ်လာငါးသောင်းဆိုရင် ဖြစ်နိုင်မလား"

"ဒေါ်လာ ငါးသောင်း ဆိုတဲ့ငွေဟာ သိပ်များပါတယ်ဗျာ၊ တကယ်လို့ ...ခင်ဗျားက ဘယ်နေရာမှာ ရှိတယ်ဆိုတာကို ပြောပြမယ်ဆိုရင် ကျုပ်တို့က ...ခင်ဗျားဆီလာပြီး ဈေးနှုန်းညှိနိုင်းတာပေါ့"

'သူက ငါ့ကို အနုံ အ,အလို့ ထင်နေပုံရတယ်'

"ဟင့်အင်း၊ ရှင်က ကျွန်မ လိုချင်တဲ့ပမာဏကို အခု ပေးချင်ရင်ပေး၊ ...မှ မဟုတ်ရင်တော့ . . ."

ပိုင်ယာက မော့ကြည့်လိုက်ရာ ရုံးခန်းဆီသို့ ရောဘတ် လျှောက်လာနေ...သည်ကို တွေ့ရတော့သည်။

"ခပ်မြန်မြန်ပြောရှင်၊ ပေးမလား မပေးဘူးလား ဆိုတာကို"

"ကောင်းပါပြီ ဆီညော်ရာ"

ရောဘတ်သည် တံခါးပေါက်မှ ဝင်လာပြီး ပိုင်ယာ့ထံသို့ ဦးတည်၍ ...လာနေလေပြီ။

ပိုင်ယာက တယ်လီဖုန်းထဲသို့ ပြောလိုက်သည်။

"ကျွန်မတို့ အဲဒီကို ညစာစားဖို့ အချိန်မီ ရောက်လာမယ် မာမီ၊ မာမီက ...သူ့ကို သဘောကျမှာပါ၊ သူက သိပ်သဘောကောင်းတယ်၊ ဟုတ်ကဲ့၊ တာ့တာ"

ပိုင်ယာက စကားပြောခွက်ကို ပြန်တင်လိုက်ပြီး ရောဘတ်ဘက်သို့ လှည့်...လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မေမေက ရှင့်ကို သိပ်တွေ့ချင်နေတယ်"

အင်တာပိုလ် ရုံးချုပ်တွင်မူ ရာထူးကြီးသောအရာရှိက ပြောလိုက်၏။
"မင်း အဲဒီ ခေါ်တဲ့နေရာကို စုံစမ်းထောက်လှမ်းလို့ ရလိုက်ရဲ့လား"
"ဟုတ်ကဲ့၊ အဲဒီ တယ်လီဖုန်းက အော်တိုစထရာ ဒါခဲလ်ဆိုး လမ်းမကြီး မှာရှိတဲ့ မာတ်ဆီဆိုင်တစ်ဆိုင်ကဆက်နေတာပါ။ ပုံစံကတော့ သူတို့က နေပဲလ် မြို့ဆီကို သွားနေပုံပဲ"

ဗိုလ်မှူးကြီး ဖရန်စစ်စကိုစီဇာနှင့် ဗိုလ်မှူးကြီး ဖရန့်ဂျွန်ဆန်တို့သည် စီ၏ ရုံးခန်းနံရံပေါ်၌ ရှိနေသော မြေပုံကြီးတစ်ချပ်ကို လေ့လာနေကြသည်။
ဖရန်စစ်စကိုစီဇာက ပြောနေသည်။
"နေပဲလ်စ်မြို့ဟာ သိပ်ကြီးတဲ့ မြို့ကြီးတစ်မြို့ပဲ၊ သူ့အတွက် ပုန်းစရာနေရာ တွေ ထောင်နဲ့ချီပြီး ရှိလိမ့်မယ်"
"အမျိုးသမီးနဲ့ ပတ်သက်ရင်ကော"
"သူ ဘယ်သူလဲ ဆိုတာကို ကျုပ်တို့ မသိဘူး"
ဂျွန်ဆန်က မေးလိုက်၏။
"ကျုပ်တို့က ဘာဖြစ်လို့ လိုက်မစုံစမ်းကြတာလဲ"
စီဇာက ဦးနှောက်ခြောက်ဟန်နှင့် ပြန်မေးလိုက်သည်။
"ဘယ်လိုရှာရမှာလဲ"
"တကယ်လို့ ဘယ်လာမိက သူ့အတွက် အဖော်အဖြစ် အမျိုးသမီးတစ် ယောက်ကို အလျင်စလို လိုချင်တယ်ဆိုရင် သူ ဘာလုပ်မလဲ"
"သူက ကြေးစားအမျိုးသမီးတစ်ယောက်ကို ခေါ်ရမှာပေါ့"
"မှန်တယ်၊ ကျုပ်တို့ ဘယ်နေရာကစပြီး စုံစမ်းကြမလဲ"
"တော်ဒီအွမ်တို"
သူတို့သည် ထိုရပ်ကွက်သို့ မော်တော်ကားကို မောင်းနှင်သွားကြသည်။ ကားထဲတွင် ဗိုလ်မှူးကြီး စီဇာ၊ ဗိုလ်မှူးကြီး ဂျွန်ဆန်တို့အပြင် ထိုခရိုင်၏ ပုလိပ် ကြီးကြပ်ရေးမှူးဖြစ်သော ကပ္ပတိန် (ဗိုလ်ကြီး) ဘယ်လီနီလည်း ပါရှိလာသည်။
ဘယ်လီနီက ပြောလိုက်၏။
"ခုကိစ္စက သိပ်လွယ်ကူမှာ မဟုတ်ဘူး၊ သူတို့က ဖွင့်မပြောကြဘူး"
"ကြည့်ကြသေးတာပေါ့"ဟု ဗိုလ်မှူးကြီး ဂျွန်ဆန်က ပြောလိုက်သည်။
ဘယ်လီနီက ယာဉ်မောင်းသူအား ကားရပ်ရမည့်နေရာတွင် ရပ်ရန် ပြော လိုက်ပြီးနောက် သူတို့သုံးယောက် ကားပေါ်မှ ဆင်းလိုက်ကြသည်။ ပြည့်တန်ဆာ များက သူတို့ကို သတိထားပြီး ကြည့်နေကြသည်။
ဘယ်လီနီက အမျိုးသမီး တစ်ယောက်ထံ လျှောက်သွားလိုက်သည်။
"မင်္ဂလာ မွန်းလွဲပိုင်းပါ မာရီယာ၊ လုပ်ငန်းကိုင်ငန်း ဘယ်လိုပါလိမ့်"
"ရှင်တို့ပြန်သွားရင် ပိုကောင်းလာပါလိမ့်မယ်"
"ကျုပ်တို့ကလည်း ဒီမှာ ဆက်နေဖို့ စိတ်ကူး မရှိပါဘူး—ကျုပ်က မင်းကို မေးခွန်းတစ်ခွန်းတည်း မေးချင်တာပါ။ မနေ့ညတုန်းက အမျိုးသမီးတစ်ယောက်ကို ခေါ်သွားတဲ့ အမေရိကန်လူမျိုးကို ကျုပ်တို့ လိုက်ရှာနေကြတယ်၊ သူတို့ အတူ





ခရီးသွားနေကြတယ်လို့ ကျုပ်တို့ ထင်တယ်၊ အဲဒီအမျိုးသမီး ဘယ်သူလဲဆိုတာ ကျုပ်တို့ သိချင်တယ်၊ မင်းက ကျုပ်တို့ကို ကူညီနိုင်မလား"
သူက အမျိုးသမီးအား ရောဘတ်၏ဓာတ်ပုံတစ်ပုံကို ပြလိုက်သည်။
မာရီယာက ပြောလိုက်သည်။
"ကျွန်မကတော့ ရှင့်ကို မကူညီနိုင်ဘူး၊ ဒါပေမယ့် ကူညီနိုင်မယ့်သူကိုတော့ ကျွန်မ သိထားတယ်"
ဘယ်လီနီက ကျေနပ်ဟန်ဖြင့် ခေါင်းညိတ်ပြသည်။
"ကောင်းတယ်၊ ဘယ်သူပါလိမ့်"
မာရီယာက လမ်း၏ဟိုဘက်မှ စတိုးဆိုင်တစ်ဆိုင်၏ ရှေ့ဘက်ကို လက် ညှိုးထိုးပြလိုက်သည်။ ပြတင်းပေါက်မှန်ပေါ်တွင် 'ဗေဒင်ဟောသူ-လက္ခဏာ ဖတ်သူ' ဟု ရေးသားထားသည်။
"မဒမ် လူစီယာကတော့ ရှင့်ကို ကူညီနိုင်ပါလိမ့်မယ်"
အမျိုးသမီးများက နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်ကြသည်။
ကပ္ပတိန် ဘယ်လီနီက သူတို့ကိုကြည့်ပြီး ပြောလိုက်သည်။
"မင်းတို့က ရယ်စရာ မောစရာတွေကို တယ်ကြိုက်ကြတာကိုး၊ ကောင်းပြီ ကျုပ်တို့ကလည်း မင်းတို့ကြိုက်နှစ်သက်မယ်လို့ထင်တဲ့ ရယ်စရာကလေးတစ်ခုကို လုပ်ကြမယ်၊ ယောဒီ လူကြီးနှစ်ယောက်ဟာ အမေရိကန်လူမျိုးနဲ့ လိုက်သွားတဲ့ အမျိုးသမီးကလေးရဲ့နာမည်ကို သိပ်သိချင်နေကြတယ်၊ တကယ်လို့ သူ ဘယ်သူလဲ ဆိုတာကို မင်းတို့ မသိကြရင် မင်းတို့ရဲ့ မိတ်ဆွေ သူငယ်ချင်းတွေဆီမှာ မေးကြ ပါ။ သိတဲ့လူတစ်ယောက်ယောက်ကို ရှာကြပါလို့ ကျုပ်က အကြံဉာဏ်ပေးချင် တယ်၊ အဲဒီအဖြေကို သိရတဲ့အခါကျရင် ကျုပ်ဆီကို တယ်လီဖုန်းဆက်ပါ"
"ကျွန်မတို့က ဘာဖြစ်လို့ တယ်လီဖုန်းဆက်ရမှာလဲ"
သူတို့အထဲမှ တစ်ယောက်က အာခံသည့်ပုံစံနှင့် ပြောလိုက်သည်။
"မင်းတို့ သိကြရမှာပေါ့ကွာ"
နောက် တစ်နာရီကြာသောအခါ ရောမမြို့၌ရှိသော ပြည့်တန်ဆာမများ သည် သူတို့ အားလုံးအား အရေးယူခံနေရသည်ကို တွေ့ကြရလေတော့သည်။
ကင်းလှည့်နေသော ပုလိပ်ကားများသည် တစ်မြို့လုံးသို့ဖြန့်၍ လမ်းပေါ်၌ အလုပ်လုပ်နေကြသော ပြည့်တန်ဆာမ အားလုံးနှင့် ပြည့်တန်ဆာခေါင်းများတို့ သိမ်းကျုံး၍ ဖမ်းဆီးနေလေပြီ။ သူတို့ကလည်း ဆူဆူညံညံနှင့် အော်ဟစ်ကန့်ကွက် နေကြသည်။
"ကျွန်မတို့ကို ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ကျွန်မ ဒီအရပ်မှာ လုပ်ကိုင်စား သောက်လာတာ ငါးနှစ်တောင် ရှိနေပြီ"
"ကျွန်မတို့ကို အကာအကွယ်ပေးဖို့ ရှင့်ကို ငွေကြေးထောက်ပံ့ထားတာ ဘယ်ရောက်ကုန်ပြီလဲ"
နောက်တစ်နေ့သို့ ရောက်သောအခါ လမ်းများပေါ်တွင် ပြည့်တန်ဆာမ များ မရှိသလောက် ရှင်းလင်းသွားသလို အချုပ်ခန်းများတွင်လည်း ပြည့်လျှံနေ လေပြီ။
စီဇာနှင့် ဗိုလ်မှူးကြီး ဂျွန်ဆန်တို့သည် ဗိုလ်ကြီးဘယ်လီနီ၏ ရုံးခန်း၌ ထိုင်နေကြသည်။ ကပ္ပတိန် ဘယ်လီနီက သတိပေးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

"သူတို့ကို အချုပ်ခန်းတွေမှာ ဆက်ပြီး ထိန်းသိမ်းထားဖို့ ခက်လိမ့်မယ်၊ ပြီးတော့လည်း ခုကိစ္စဟာ နယ်လှည့်ခရီးသွားလုပ်ငန်းအတွက် မကောင်းဘူး ဆိုတာကိုလည်း ဖြည့်စွက်ပြီး ပြောချင်ပါတယ်"

ဗိုလ်မှူးကြီး ဂျွန်ဆန်က ပြောလိုက်သည်။

"စိတ်မပူပါနဲ့လေ၊ တစ်ယောက်ယောက်ကတော့ ဖွင့်ပြောမှာပါ။ ဆက်ပြီး တော့သာ ဖိအားပေးထားစမ်းပါ"

သူတို့အတွက် ကံကောင်းမှုသည် မွန်းလွဲပိုင်း နောက်ပိုင်း၌ ဖြစ်ပေါ်လာ တော့သည်။ ကပ္ပတိန် ဘယ်လီနီ၏ အတွင်းရေးမှူးက ပြောလိုက်သည်။

"မစ္စတာလိုရင်ဇိုက ဆရာနဲ့ တွေ့ချင်ပါတယ်တဲ့"

"သူ့ကို အထဲလွှတ်လိုက်ပါ"

မစ္စတာ လိုရင်ဇိုသည် အလွန် အဖိုးတန်သောဝတ်စုံကို ဝတ်ဆင်ထားပြီး လက်သုံးချောင်းပေါ်တွင် စိန်လက်စွပ်များကို ဝတ်ဆင်ထားသည်။ မစ္စတာလိုရင်ဇို သည် ပြည့်တန်ဆာခေါင်းတစ်ယောက် ဖြစ်သည်။

ဘယ်လီနီက မေးလိုက်၏။

"ခင်ဗျားကို ကျုပ်က ဘာလုပ်ပေးနိုင်ပါသလဲ"

လိုရင်ဇိုက ပြုံးလိုက်သည်။

"ခုကိစ္စက ကျုပ်က ခင်ဗျားတို့အတွက် ဘာဆောင်ရွက်ပေးနိုင်သလဲ ဆို တာပါ။ ကျုပ်ရဲ့ အပေါင်းအသင်း တချို့ရဲ့ ပြောပြချက်အရ ခင်ဗျားတို့က အမေရိကန်တစ်ယောက်နဲ့ ဒီမြို့က ထွက်သွားတဲ့ အလုပ်သမကလေး တစ် ယောက်ကို လိုက်ရှာနေတယ်လို့ သိရပါတယ်၊ ကျုပ်တို့ကလည်း အာဏာပိုင်တွေ နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အမြဲတမ်း စိတ်အားထက်သန်သူတွေ ဖြစ်ကြတဲ့အ လျောက် ကျုပ်က ခင်ဗျားတို့ကို သူ့နာမည်ကို ပြောပြဖို့ပါပဲ"

ဗိုလ်မှူးကြီး ဂျွန်ဆန်က ပြောလိုက်၏။

"သူ ဘယ်သူလဲ"

လိုရင်ဇိုက ထိုမေးခွန်းကို မသိချင်ဟန်ဆောင်လိုက်သည်။

"ပြီးတော့လည်း၊ ခင်ဗျားတို့က ကျေးဇူးတင်ကြောင်း ပြသတဲ့အနေနဲ့ ကျုပ်နဲ့ လုပ်ဖော်ကိုင်ဖက်များနဲ့ ကျုပ် မိတ်ဆွေတွေကို ပြန်လွှတ်ပေးမယ်လို့ တထစ်ချ ယုံကြည်ထားပါတယ်"

ဗိုလ်မှူးကြီး စီဇာက ပြောလိုက်သည်။

"ကျုပ်တို့က ခင်ဗျားတို့ရဲ့ ပြည့်တန်ဆာမတွေကို စိတ်ဝင်စားတာ မဟုတ် ဘူး၊ ကျုပ်တို့က အဲဒီ အမျိုးသမီးကလေးရဲ့ နာမည်ကိုသာ သိချင်တာ"

"ဒါဆိုရင် အင်မတန် ကျေးဇူးတင်စရာကောင်းတဲ့ သတင်းပါပဲ၊ အင်မတန် မှုမှုတတရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့တွဲပြီး လုပ်ရကိုင်ရတာ အရသာရှိလှပါတယ် ခင်ဗျား၊ ကျုပ်က အဲဒါကို သိထား . . ."

"သူ့နာမည်ကိုပြောစမ်း . . . လိုရင်ဇို"

"ဟုတ်ကဲ့၊ ဟုတ်တာပေါ့။ သူ့နာမည်က ပိုင်ယာ၊ ပိုင်ယာဖော်လီ၊ သူက အမေရိကန်လူမျိုးနဲ့ အယ်လ်အင်ကရိုစီယို ဟိုတယ်မှာ တစ်ညအိပ်ခဲ့ကြတယ်၊ နောက်တစ်နေ့ကျတော့ သူတို့ ထွက်သွားကြတယ်၊ သူက ကျုပ်ရဲ့ အမျိုးသမီး တစ်ယောက်တော့ မဟုတ်ဘူး၊ တကယ်လို့ ကျုပ်က ပြောရမယ်ဆိုရင် . . ."





ဘယ်လီနီက တယ်လီဖုန်းနှင့် စကားပြောနေလေပြီ။

"ပိုင်ယာဖော်လီနဲ့ ပတ်သက်တဲ့ မှတ်တမ်းတွေ မှန်သမျှ ခပ်မြန်မြန်ယူခဲ့"

"ခင်ဗျားတို့က ခင်ဗျားတို့ဘက်က ကျေးဇူးတင်ကြောင်း ပြသတဲ့အနေ . . ."

ဘယ်လီနီက မော့ကြည့်လိုက်သည်။ ထို့နောက် တယ်လီဖုန်းထဲသို့ ပြော လေ၏။

"အော်ပရေးရှင်း ပွတ်တားနားကိုလည်း ပယ်ဖျက်လိုက်တယ်"

လိုရင်ဇို့မျက်နှာ ဝင်းထိန်သွားသည်။

"ကျေးဇူးပါပဲ"

နောက် ငါးမိနစ်ကြာသောအခါ ပိုင်ယာဖော်လီ၏ မှတ်တမ်းများသည် တိန့် ဘယ်လီနီ၏ စားပွဲပေါ်သို့ ရောက်ရှိလာတော့သည်။

"သူက လမ်းပေါ်က ဖေါ်လီ၊ လုပ်ငန်းကို ဆယ့်ငါးနှစ်သမီးကစပြီး လုပ်ကိုင် ယ်၊ အကြိမ်ပေါင်း တစ်ဒါဇင်လောက် အဖမ်းခံခဲ့ရတယ်၊ သူ . . ."

"သူ ဘယ်အရပ်က လာတာလဲ"

ဗိုလ်မှူးကြီး ဂျွန်ဆန်က ဖြတ်မေးလိုက်၏။

"နေပဲလ်စ်မြို့က"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ ည်။

"သူ့မှာ အမေနဲ့ မောင်တစ်ယောက်၊ အဲဒီမှာ ရှိနေကြတယ်"

"ဘယ်မှာနေသလဲဆိုတာ သိနိုင်သလား"

"အဲဒါကို ရှာကြည့်နိုင်ပါတယ်"

"အဲဒါကို အခု လုပ်တော့ဗျာ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း လေးဆယ့်တစ်

သူတို့သည် နေပဲလ်စ်မြို့၏ ဆင်ခြေဖုံးရပ်ကွက်ဆီသို့ ချဉ်းကပ်လာ
လေပြီ။ အိုမင်းနေသော တိုက်တန်းလျားများသည် ကျဉ်းမြောင်းသော လမ်း
တစ်လျှောက်တွင် တန်းစီပြီး ရှိနေကြသည်။ လျှော်ဖွပ်ထားသော အဝတ်
များကလည်း ပြတင်းပေါက်တိုင်းလိုလိုမှ အပြင်ဘက်သို့ တန်းစီပြီး ထိုးထွ
ကြလေရာ တိုက်တန်းလျားတိုင်းကို ရောင်စုံအလံများထိုးထားသည့် တွ
ကျောက်တောင်ကြီးများနှင့် တူနေစေတော့သည်။

ပိုင်ယာက မေးလိုက်၏။

"ရှင် နေပဲလ်စ်ကို ရောက်ဖူးသလား"

"တစ်ကြိမ်"

ရောဘတ်၏အသံမှာ တိုတောင်းနေသည်။

သူသည် ဆူဆန်နှင့်အတူ နေပဲလ်စ်မြို့သို့ လာရောက်ခဲ့သည့်ကိစ္စကို
သတိရနေသည်။

ပိုင်ယာက သူ့ကို စောင့်ကြည့်နေသည်။

"ရှင် နေကောင်းရဲ့လား"

ရောဘတ်က သူ့စိတ်အစဉ်ကို ပစ္စုပ္ပန်ကာလသို့ ပြန်ဆွဲခေါ်ယူလိုက်
သည်။

"ငါ နေကောင်းပါတယ်"

သူတို့သည် ရေစပ်နားရှိ စွန့်ပစ်ထားသော ရဲတိုက်ဟောင်း ကာဗာစတဲ
ဒဲလ်အိုဗို ရှိနေသည့် ပင်လယ်အော်တစ်လျှောက်၌ မောင်းနှင်နေကြသည်။

သူတို့ ဗီယာတိုလီဒိုသို့ ရောက်လာသောအခါ ပိုင်ယာက စိတ်လှုပ်ရှားစွ
ပြောလိုက်သည်။

"ဒီနေရာမှာ ချိုးကွေ့လိုက်ပါ"

သူတို့သည် နေပဲလ်စ်မြို့၏ မြို့ဟောင်းအခြမ်းဆီသို့ ချဉ်းကပ်လာနေကြ
လေပြီ။

ပိုင်ယာက ပြောလိုက်၏။

"အဲဒါက ရှေ့နားလောက်မှာပါ။ ဘယ်ဘက်ကို ချိုးကွေ့ပြီး ဗီယာဝင်
ဒက်ကို ကရိုစီ လမ်းအတိုင်း မောင်းပါ"

ရောဘတ်က ချိုးကွေ့လိုက်၏။ မော်တော်ကားများမှာ ပို၍ များပြားလာ





သလို ဟွန်းသံများကလည်း နားကွဲမတတ် ဆူညံနေသည်။ နေပဲလ်စ်မြို့သည်
သည်မျှလောက်အထိ ဆူညံနိုင်စွမ်း ရှိသည်ကို သူ မေ့လျော့နေလေပြီ။ မသေ
ဆေးတစ်မျိုးကို စားသုံးထားကြသူများပမာ ကားရှေ့မှ ဖြတ်သန်းပြေးလွှားနေကြ
သော လမ်းသွားလမ်းလာများနှင့် ခွေးများတို့ သူက မော်တော်ကားနှင့် ဝင်မ
တိုက်မိအောင် အရှိန်လျှော့ချ မောင်းနှင်နေရသည်။

"ဒီမှာ ညာဘက်ကိုချိုးပါ"

ပိုင်ယာက လမ်းညွှန်သည်။ ဤနေရာတွင် မော်တော်ကား ပို၍ရှုပ်သည်။
ပတ်ဝန်းကျင်ရှိ နေအိမ်များကလည်း ပို၍ အိုမင်းရင့်ရော်နေသည်။

"ရပ်တော့"

ပိုင်ယာက အော်ပြောလိုက်၏။

ရောဘတ်က မော်တော်ကားကို ကားရပ်ရမည့် နေရာတွင် ရပ်တန့်လိုက်
သည်။ သူတို့သည် အလွန် စုတ်ချာလှသည့် ဆိုင်တန်းရှည်ကြီးရှေ့တွင် ရပ်တန့်
လိုက်ကြသည်။

ရောဘတ်က နံဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်၏။

"ဒါ မင်းအမေ နေတဲ့နေရာလား"

"မဟုတ်ပါဘူး၊ ဘယ်ကလာ"

ပိုင်ယာက ဖြေလိုက်ပြီးနောက် ကိုယ်ကိုကိုင်း၍ ဟွန်းကို နှိပ်လိုက်သည်။
ခဏကြာသောအခါ ဆိုင်တစ်ဆိုင်ထဲမှ အမျိုးသမီးငယ်တစ်ယောက် ထွက်လာ
သည်။ ပိုင်ယာသည် ကားထဲမှ ထွက်လိုက်ပြီး အဆိုပါ အမျိုးသမီးကို နှုတ်ဆက်
ရန် အပြေးအလွှား သွားခဲ့သည်။ သူတို့နှစ်ယောက် ဖက်လိုက်ကြ၏။

"မင်းကြည့်ရတာ သိပ်နိပ်တာပဲ၊ မင်း တော်တော် အခြေအနေကောင်းနေ
ပုံရတယ်"

ထိုအမျိုးသမီးက တအံ့တသြ ပြောလိုက်သည်။

"ကောင်းပါတယ်"

ပိုင်ယာက သူ့လက်ကောက်ဝတ်ကို ဆန့်ပြလိုက်၏။

"ငါ့လက်ကောက်အသစ်ကို ကြည့်စမ်းပါဦး"

"အဲဒါတွေက မြအစစ်တွေလား"

"အစစ်တွေပါဟ"

ထိုအမျိုးသမီးက ဆိုင်ထဲ၌ရှိသော တစ်ယောက်ကို လှမ်းအော်လိုက်သည်။

"အင်နာရေ ထွက်ခဲ့စမ်းပါဦး၊ ဒီမှာ ဘယ်သူလဲဆိုတာကို လာကြည့်ပါဦး"

ရောဘတ်က ထိုမြင်ကွင်းကို မယုံကြည်နိုင်စွာနှင့် ငေးကြည့်နေသည်။

"ပိုင်ယာ"

"တစ်မိနစ်ပါပဲ ဒါလင်"

ပိုင်ယာက ပြောလိုက်သည်။

"ကျွန်မက မိတ်ဆွေအပေါင်းအသင်းတွေကို နှုတ်ဆက်ခဲ့မှ ဖြစ်မယ်"

မိနစ်ပိုင်းအတွင်းမှာပင် အမျိုးသမီးခြောက်ယောက်ခန့်သည် ပိုင်ယာ၏
ပတ်လည်သို့ ရောက်ရှိလာကြပြီး လက်ကောက်ကို ချီးမွမ်းနေကြသည်။ ထိုအခါ
တွင် ရောဘတ်သည် သွားကိုသာစေ့ပြီး ဘာမှ မလုပ်နိုင်ဘဲ ရှိနေသည်။

"သူက ငါ့ကို အရူးအမူး ချစ်နေတာဟ"



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ယာက ကြေညာလိုက်၏။ သူက ရောဘတ်ကိုလှည့်လိုက်ပြီး -

"ရှင်က ဟုတ်တယ် မဟုတ်လား" ဟု မေးလိုက်ပြန်၏။

ရောဘတ်က ပိုင်ယာ့ကို လည်ပင်းညှစ်ချင်စိတ် ဖြစ်ပေါ်နေသည်။ သို့ရာတွင် သူ့အနေနှင့် ဘာမှ မလုပ်နိုင်ပါ။

"ဟုတ်ပါတယ်"

သူက ပြောလိုက်၏။

"ကဲ . . . ငါတို့ အခုသွားကြစို့ ပိုင်ယာ"

"တစ်မိနစ်လောက်ပါပဲ"

"အခု သွားကြမယ်" ဟု ရောဘတ်က ပြောလိုက်၏။

"အင်း . . . ကောင်းပြီလေ"

ပိုင်ယာက အမျိုးသမီးများဘက်သို့ လှည့်လိုက်သည်။

"ငါတို့ အခု သွားကြမှ ဖြစ်မယ်၊ ငါတို့မှာ အရေးကြီးတဲ့ အချိန်းအချက်တစ်ခု ရှိတယ်၊ တာ့တာ"

"တာ့တာ"

ပိုင်ယာသည် ကားထဲသို့ဝင်ပြီး ရောဘတ်နံဘေး၌ ထိုင်လိုက်သည်။ ရပ်နေကြသော အမျိုးသမီးများက သူတို့မောင်းထွက်သွားကြသည်ကို စောင့်ကြည့်နေကြသည်။

ပိုင်ယာက ပျော်ပျော်ရွှင်ရွှင် ပြောလိုက်၏။

"သူတို့အားလုံး ငယ်သူငယ်ချင်းတွေချည်းပဲ"

"သိပ်ကောင်းတာပေါ့၊ မင်း အမေအိမ်က ဘယ်မှာလဲ"

"အို၊ သူက မြို့ထဲမှာ မနေပါဘူး"

"ဘာပြောတယ်"

"မြို့ပြင်က ယာတဲကလေးတစ်ခုမှာ နေတယ်၊ ဒီကနေ နာရီဝက်လောက်သွားရမယ်"

ထိုယာတဲကလေးသည် နေပဲလ်စ်မြို့၏ တောင်ဘက် မြို့စွန်မှာတည်ရှိပြီး လမ်းနှင့်ခပ်လှမ်းလှမ်းမှာ ရှိသည့် ကျောက်တုံးများနှင့် ဆောက်လုပ်ထားသော တိုက်အိမ်ဟောင်းကလေး ဖြစ်သည်။

"အဲဟိုမှာ"

ပိုင်ယာ ဝမ်းသာအားရ ပြောလိုက်၏။

"မလှဘူးလားဟင်"

"လှတယ်"

ထိုအိမ်ကလေးသည် မြို့လယ်ကောင်နှင့် ဝေးကွာသောအရ[illegible] ရှိနေသည် ဆိုသော အချက်ကပင် ရောဘတ်အတွက် ကြိုက်နှစ်သက်စရာ ဖြစ်နေသည်။ တစ်ယောက်ယောက်က ရောဘတ်ကို ဤနေရာ၌ လာရောက်ရှာဖွေဖို့ အကြောင်း မရှိပါချေ။ ပိုင်ယာပြောတာ မှန်သည်။ ဤနေရာသည် အလွန်လုံခြုံစိတ်ချရသောနေရာ ဖြစ်သည်။

သူတို့က အိမ်ရှေ့တံခါးဆီသို့ လျှောက်သွားကြသည်။ သူတို့ တံခါးဆီသို့ မရောက်ခင် တံခါးသည် ပြန့်းခနဲ ပွင့်သွားပြီး ပိုင်ယာ၏မိခင်သည် ပြုံးပြုံးကြီး





ရပ်နေလေ၏။ သူသည် သမီးဖြစ်သူ ပိုင်ယာ၏ အသက်ခပ်ကြီးကြီးအရွယ်အစားပင် ဖြစ်သည်။ ပိန်ပိန်ပါးပါး ဆံပင်ဖြူဖြူ ပါးရေတွန့်နေသောမျက်နှာနှင့် ဖြစ်သည်။

"ပိုင်ယာ နင့်ကို လွမ်းလိုက်တာဟယ်"

"ကျွန်မကလည်း မာမာ့ကို လွမ်းတာပါပဲ မာမာ၊ ဒါကတော့ အိမ်ကို ခေါ်လာမယ်လို့ ကျွန်မ တယ်လီဖုန်းဆက်ထားတဲ့ ကျွန်မမိတ်ဆွေပဲ"

မာမာက နည်းနည်းမှ ကြွေမပျက်ပါ။

"အဲ - ဟုတ်တာပေါ့၊ ရှင့်ကို ကြိုဆိုပါတယ် မစ္စတာ"

"ဂျူးစ်ပါ" ဟု ရောဘတ်က ပြောလိုက်သည်။

"ဝင်ခဲ့ကြပါ၊ ဝင်ခဲ့ကြပါ"

သူတို့သည် ဧည့်ခန်းထဲသို့ ဝင်လာကြသည်။ ထိုအခန်းသည် ကျယ်ဝန်းပြီး သက်သောင့်သက်သာနှင့် နေထိုင်နိုင်ရန် ပရိဘောဂ အများအပြားရှိသည့် အခန်းကျယ်ကြီးတစ်ခန်း ဖြစ်သည်။

အသက်နှစ်ဆယ်ကျော်ခါစ လူငယ်တစ်ဦး အခန်းထဲသို့ ဝင်လာသည်။ ထိုလူငယ်သည် အရပ်ပုပြီး အသားညိုသည်။ သေးသွယ်ပြီး မှုန်တေတေ မျက်နှာထားရှိသူ ဖြစ်သည်။ မျက်စိများမှာ အညိုရောင်ဖြစ်ပြီး ငေးမှိုင်နေသောမျက်လုံးများ ဖြစ်ကြသည်။ သူသည် ဂျင်းဘောင်းဘီနှင့် အင်္ကျီပေါ်တွင် ဒိုင်ယာဘိုလီနိုစီ ဟု နာမည်ရေးထိုးထားသော ဂျာကင်အင်္ကျီကို ဝတ်ဆင်ထားသည်။ သူက သူ့အစ်မကို မြင်လိုက်သောအခါ သူ့မျက်နှာ ဝင်းထိန်သွားသည်။

"ပိုင်ယာ"

"ဟယ်လို ကာလို"

သူတို့နှစ်ယောက် ပွေ့ဖက်လိုက်ကြသည်။

ကာလိုက မေးလိုက်၏။

"နင်က ဒီမှာ ဘာလာလုပ်တာလဲ"

"ငါတို့က ဒီကို သုံးလေးရက် အလည်လာကြတာ"

သူက ရောဘတ်ဘက်သို့ လှည့်လိုက်၏။

"ဒါက ကျွန်မမောင် ကာလို. . .၊ ကာလို ဒါက မစ္စတာ ဂျူးစ်"

"ဟယ်လို ကာလို"

ကာလိုက ရောဘတ်ကို အကဲခတ်နေသည်။

"ဟယ်လို"

မာမာက ပြောလိုက်သည်။

"မင်းတို့ချစ်သူနှစ်ယောက်အတွက် အိမ်နောက်ဘက်မှာ အိပ်ခန်းကောင်းကောင်းတစ်ခု စီစဉ်ပေးလိုက်မယ်"

ရောဘတ်က ပြောလိုက်သည်။

"အပန်းမကြီးဘူးဆိုရင် တကယ်လို့ ခင်ဗျားတို့ဆီမှာ နောက်ထပ် အိပ်ခန်းတစ်ခန်း အပိုရှိနေဦးမယ်ဆိုရင် ကျုပ်က ကျုပ်အတွက် အိပ်ခန်းတစ်ခန်း [illegible]ပါတယ်"

ဤတွင် အူကြောင်ကြောင်နှင့် ငြိမ်သက်သွားလေတော့[illegible]၊ [illegible] သုံးယောက်စလုံးက ရောဘတ်ကို ငေးကြည့်နေကြသည်၊



www.burmeseclassic.com

www.burmeseclassic.com

မာမာက ပိုင်ယာ့ဘက်သို့ လှည့်လိုက်၏။

"ဘယ်လိုလဲ"

ပိုင်ယာ ပခုံးတွန့်ပြသည်။

'ကျွန်မ မသိဘူး'

သို့ရာတွင် သူသည် လိင်တူချင်းအပေါ် အာရုံညွတ်သူ မဟုတ်သည်ကို တော့ ပိုင်ယာ သိပါသည်။

မာမာက ရောဘတ်ကို ကြည့်လိုက်၏။

"မင်းသဘောပါပဲ"

မာမာက ပိုင်ယာ့ကို ပွေ့ဖက်လိုက်ပြန်၏။

"သမီးနဲ့ ပြန်တွေ့ရတာ ငါသိပ်ဝမ်းသာတယ်ကွယ်၊ မီးဖိုထဲကို လာကြ ငါက တို့အားလုံးအတွက် ကော်ဖီဖျော်ပေးမယ်"

မီးဖိုချောင်ထဲတွင် မာမာက အားရပါးရ ပြောလိုက်သည်။

"သမီးက သူ့နဲ့ ဘယ်လို တွေ့လာတာလဲ၊ သူ့ကြည့်ရတာ တော်တော် ချမ်းသာပုံရတယ်၊ ပြီးတော့လည်း သမီးဝတ်ထားတဲ့လက်ကောက်၊ အဲဒါအတွက် တော်တော့်ကို ငွေကုန်ကြေးကျများလိမ့်မယ်၊ ဒီကနေ့ညအတွက် ညစာတွေ အများကြီးချက်မယ်၊ မင်းလူနဲ့ တွေ့နိုင်အောင် မာမာက အိမ်နီးနားချင်းတွေကို ဖိတ်လိုက်. . ."

"မလုပ်ပါနဲ့ မာမာ၊ အဲဒါကိုတော့ မလုပ်ပါနဲ့"

"ဒါပေမယ့် မင်း သိပ်ကံကောင်းတဲ့ သတင်းကို ငါတို့က ဘာဖြစ်လို့ မဖြန့်ရမှာလဲ၊ ငါတို့ရဲ့ မိတ်ဆွေတွေ အားလုံးက သဘောကျကြမှာပါ"

"မာမာ၊ မစ္စတာကျူးစ်က သုံးလေးရက်လောက် အနားယူချင်တယ်၊ ပါတီတွေ ဘာတွေ မလုပ်ပါနဲ့၊ အိမ်နီးနားချင်းတွေကိုလည်း မခေါ်ပါနဲ့"

မာမာ သက်ပြင်းချသည်။

"ကောင်းပါပြီလေ၊ သမီးရဲ့ဆန္ဒအတိုင်းပါပဲ"

'ငါက သူ့ကို အိမ်နဲ့ခပ်ဝေးဝေး တစ်နေရာရာမှာ ဖမ်းလို့ရအောင် စီစဉ်ပေးရမယ်၊ ဒါမှ မာမာတစ်ယောက် စိတ်အနှောင့်အယှက် မဖြစ်မှာ' ဟု ပိုင်ယာက တွေးလိုက်သည်။

ကာလိုကလည်း လက်ကောက်ကို သတိထားမိခဲ့သည်။

"အဲဒီ လက်ကောက်က မြတွေဟာ အစစ်တွေနော်၊ ခင်ဗျားက အဲဒါကို ကျွန်တော့်အမအတွက် ဝယ်ပေးတာလား"

ထိုချာတိတ်၏ သဘောထားကို ရောဘတ်က သဘောမကျ ဖြစ်နေသည်။

"သူ့ကို မေးကြည့်ပေါ့"

ပိုင်ယာနှင့် မာမာတို့ မီးဖိုချောင်ထဲက ထွက်လာကြသည်။ မာမာက ရောဘတ်ကို ကြည့်လိုက်၏။

"မင်းက ပိုင်ယာနဲ့အတူတူ မအိပ်ချင်တာ သေချာပါတယ်နော်"

ရောဘတ် ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

"ကျေးဇူးတင်ပါတယ်၊ မအိပ်ပါဘူး"

ပိုင်ယာက ပြောလိုက်၏။

"ကျွန်မက ရှင့်ကို ရှင့်အိပ်ခန်း လိုက်ပြမယ်"





ပိုင်ယာက သူ့ကို အိမ်အနောက်ဘက်သို့ ခေါ်သွားသည်။ ထိုအိပ်ခန်းမှာ ...ပြီး အခန်းအလယ်ကောင်တွင် နှစ်ယောက်အိပ် ခုတင်ကြီးတစ်လုံး ...သည်။

"ရောဘတ်၊ ကျွန်မတို့ အတူတူအိပ်ကြရင် မာမာက ဘယ်လို တွေးမလဲ ...ကို ရှင်တွေးပြီး ပူပန်နေတာလား၊ ကျွန်မ ဘာအလုပ်လုပ်တယ်ဆိုတာ ... သိပါတယ်"

"အဲဒါကြောင့် မဟုတ်ပါဘူး"

ရောဘတ်က ပြောလိုက်၏။

"အဲဒါက . . ."

သူ့အနေနှင့် ဘယ်လိုနည်းနှင့်မျှ ရှင်းပြနိုင်စွမ်း မရှိပါ။

"ငါ ဝမ်းနည်းပါတယ်၊ ငါ . . ."

ပိုင်ယာ၏အသံက အေးစက်နေသည်။

"ကိစ္စမရှိပါဘူး"

ပိုင်ယာက အကြောင်းမဲ့ စော်ကားခံရသည်ဟု ခံစားလိုက်ရသည်။

'ငါ သူ့ကို ပုလိပ်လက်ထဲ အပ်လိုက်မှ သူ ကျောင်းမှန်းကန်းမှန်း သိသွား...' ဟု ပိုင်ယာက တွေးလိုက်သည်။

သို့တိုင်အောင် သူ့စိတ်ထဲ၌ အပြစ်ရှိသည်ဟု ခံစားနေရဆဲ ဖြစ်သည်။ ...သည် အလွန် သဘောကောင်းသူ ဖြစ်သည်။ သို့ရာတွင် ဒေါ်လာ ...ောင်းကလည်း ဒေါ်လာငါးသောင်းသာ ဖြစ်နေသည်။

ညစာစားချိန်တွင် မာမာက တစ်ချိန်လုံး စကားတတွတ်တွတ် ပြောနေ...။ သို့ရာတွင် ရောဘတ်၊ ပိုင်ယာနှင့် ကာလိုတို့သည် အတွေးကိုယ်စီနှင့် ...နေကြသည်။

ရောဘတ်က သူ ထွက်ပြေးရန် အစီအစဉ်ကို တွက်ချက်ကြည့်ရင်း အလုပ် ...နေသည်။

'နက်ဖြန်ခါကျရင် ငါက ဆိပ်ကမ်းကိုသွားပြီး ဒီက ထွက်လို့ရမယ့် သင်္ဘော ...ကောင်းကို ရှာရမယ်' ဟု ရောဘတ်က တွေးနေသည်။

ပိုင်ယာက သူ့ ဘယ်လိုဖုန်းဆက်မည်ကိုစွအတွက် အစီအစဉ်လုပ်နေသည်။

'ပုလိပ်တွေက ဒီနေရာကို စုံစမ်းထောက်လှမ်းလို့ မရအောင် ငါ မြို့ထဲက ...ယ်လီဖုန်း ဆက်မယ်' ဟု တွေးနေသည်။

ကာလိုကလည်း သူ့အစ်မက အိမ်သို့ခေါ်လာသော ကိုလူစိမ်းကို လေ့လာ ...တဲ့ခတ်နေသည်။ ဒီလူသည် လွယ်လွယ်နှင့် ချိုင်ရှဲ့ရမည့် အမဲတစ်ကောင် ...ဖြစ်မယ်ရှိသည်။

ညစာ စားပြီးကြသောအခါ အမျိုးသမီးနှစ်ယောက်သည် မီးဖိုချောင်ထဲသို့ ...သွားကြသည်။ ရောဘတ်သည် ကာလိုနှင့် ကျန်ရစ်ခဲ့တော့သည်။

ကာလိုက ပြောလိုက်၏။

"ကျွန်ုပ်အစ်မက ဒီကို ပထမဦးဆုံး ခေါ်လာတဲ့လူဟာ ခင်ဗျားပဲ၊ သူက ...ဗျားကို တော်တော်ကြိုက်ပုံရတယ်"

"ငါကလည်း သူ့ကို တော်တော်ကလေး သဘောကျပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား၊ ခင်ဗျားက သူ့ကို တာဝန်ယူမှာလား"

"မင်းအစ်မက သူ့ကိုယ်သူ တာဝန်ယူနိုင်တယ်လို့ ငါထင်တယ်"

ကာလိုက ဟန်လုပ်၍ ပြုံးပြလိုက်၏။

"ဟုတ်တယ်၊ ကျုပ် သိပါတယ်"

သူနှင့် မျက်နှာချင်းဆိုင်၌ ထိုင်နေသော လူစိမ်းသည် ချမ်းသာပုံရ... သူသည် အလွန်ဈေးကြီးသော ဟိုတယ်တစ်ခုခုတွင် သွားရောက်တည်း... လျက် အဘယ်ကြောင့် ဒီမှာ လာ၍ တည်းခိုနေရလေသနည်း။

သူ စဉ်းစား၍ရသည့် တစ်ခုတည်းသော အကြောင်းပြချက်မှာ ဒီလူ... ပုန်းအောင်းနေတာပဲ ဖြစ်ရမည်။ ထိုကိစ္စက စိတ်ဝင်စားစရာ အချက်တစ်ချက်... ဖော်ထုတ်လာခဲ့သည်။ အကယ်၍ လူချမ်းသာတစ်ယောက်သည် ပုန်းအော... နေသည်ဆိုပါက ထိုအခြေအနေမှ ငွေဖြစ်အောင် လုပ်နိုင်စရာ ရှိပေသည်...

ကာလိုက မေးလိုက်၏။

"ခင်ဗျားက ဘယ်ကလဲ"

ရောဘတ်ကလည်း ချိုချိုသာသာပင် ပြန်ဖြေလိုက်သည်။

"ဘယ် အရပ်ရယ်လို့ တိတိကျကျ မပြောနိုင်ပါဘူးကွာ၊ ငါက တော်... ကလေး ခရီးသွားတာကွ"

ကာလိုက ခေါင်းညိတ်သည်။

"ဒီလိုကိုး"

သူ့စိတ်ထဲကမူ 'သူဘယ်သူလဲဆိုတာ ပိုင်ယာ့ဆီက ငါ စုံစမ်းမယ်၊ ... ယောက်ယောက်က သူ့အတွက် ငွေအမြောက်အမြားကို လိုလိုလားလား ... လိမ့်မယ်နဲ့တူတယ်၊ အဲဒါကို ပိုင်ယာနဲ့ ငါ ခွဲယူနိုင်တာပေါ့' ဟု တွေးနေသည်...

"ခင်ဗျား အလုပ် လုပ်နေသလား"

"အငြိမ်းစားယူလိုက်ပြီ"

'ဒီလူ့ကို စကားပြောအောင် လုပ်ဖို့ သိပ်မခက်ပါဘူး' ဟု ကာလိုက ... ဖြတ်လိုက်၏။ ဒိုင်ယာတိုလီနိုစီ၏ ဂိုဏ်းခေါင်းဆောင် လူတာက ဆိုလျှင် သူ့... တစ်ခဏချင်း စကားပြောလာအောင် လုပ်နိုင်ပါလိမ့်မည်။

"ခင်ဗျားက ဒီမှာ ဘယ်လောက်ကြာကြာ နေမှာလဲ"

"ပြောဖို့တော့ မလွယ်ဘူးကွ"

ဒီချာတိတ်၏ စပ်စုလိုစိတ်က ရောဘတ်ကို တဖြည်းဖြည်းနှင့် နေမ... ထိုင်မသာ ဖြစ်လာစေခဲ့သည်။

ပိုင်ယာနှင့် သူ့အမေတို့သည် မီးဖိုချောင်ထဲမှ ထွက်လာကြသည်။

"မင်းတို့ ကော်ဖီထပ်သောက်ကြဦးမလား"

မာမာက မေးလိုက်၏။

"ဟင့်အင်း၊ ကျေးဇူးတင်ပါတယ်၊ ဒီကနေ့ ညစာက တော်တော့်ကို အရ... သာရှိပါတယ်"

မာမာက ပြုံးလိုက်သည်။

"ဒါက ဘာမှ မဟုတ်သေးပါဘူးကွယ်၊ နက်ဖြန်ခါကျရင် မင်းအတွက် ကောင်းကောင်းကြီး ချက်ကျွေးဦးမယ်"

"ကောင်းပါတယ်"





ထိုအချိန်လောက်ကျရင် သူလည်း အခြားနေရာသို့ ရောက်နေလောက်ပြီ။ သူ ထိုင်ရာမှ ထလိုက်၏။

"ခင်ဗျားတို့အဖို့ အနှောင့်အယှက် မဖြစ်ဘူးဆိုရင် ကျုပ် တော်တော်က လေး ပင်ပန်းနေတယ်၊ ကျုပ် အိပ်ရာဝင်ချင်ပြီ"

မာမာက ပြောလိုက်၏။

"ဟုတ်တာပေါ့၊ ဂွတ်ဒ်နိုက်"

ရောဘတ်က အိပ်ခန်းဆီသို့ လျှောက်သွားနေစဉ် သူတို့က စောင့်ကြည့်နေကြသည်။

ကာလိုက ပြုံးလိုက်၏။

"သူက နင်နဲ့အိပ်ဖို့ မတူမတန်ဘူးလို့ ထင်နေတယ်နဲ့ တူတယ်၊ ဟုတ်လား"

ထို ငေါ့လုံးထေ့လုံးက ပိုင်ယာ့ကို ကာလို၏ မူလရည်ရွယ်ချက်အတိုင်း မခံချိမခံသာ ဖြစ်စေခဲ့သည်။

အကယ်၍ ရောဘတ်သည် လိင်ချင်းတူအပေါ် စိတ်ညွတ်နေသူ ဖြစ်သည်ဆိုပါက ထိုငေါ့လုံးထေ့လုံးအပေါ် စိတ်ထိခိုက်စရာ မရှိပါ။

သို့ရာတွင် သူက ဆူဆန်အား ပြောနေသည့် စကားများကို ကြားခဲ့ရသောကြောင့် ပိုင်ယာက သူ့အကြောင်းကို ပိုသိထားသည်။

'ငါကလည်း အကြောင်း ပြရသေးတာပေါ့'

စိတ်ထဲက တေးထားလိုက်လေ၏။

ရောဘတ်သည် အိပ်ရာထဲ၌ လဲလျောင်းရင်း သူ နောက်ထပ် ဆောင်ရွက်ရမည့် လှုပ်ရှားမှုကို စဉ်းစားတွေးတောနေသည်။ အကြွေးဝယ်ယူခွင့် ကတ်ပြားထဲ၌ လိုရာရောက်ကိရိယာကို ထရပ်ထားထဲသို့ ထည့်ပေးပြီး လမ်းလွှဲပေးလိုက်မှုက သူ့အတွက် အချိန်အနည်းငယ်သာ ရနိုင်ပါသည်။ သို့ရာတွင် သူသည် ထိုအချက်အပေါ် လုံးဝ အားကိုးအားထား ပြုနေခြင်း မရှိပါ။ သူတို့သည် ယခု အချိန်တွင် အနီရောင်ထရပ်ကားကို ရှာဖွေတွေ့ရှိပြီး ဖြစ်လောက်ပေပြီ။ သူ့နောက်သို့ လိုက်နေကြသူများမှာ ရက်စက်ပြီး အလွန်တော်သူများ ဖြစ်ကြသည်။ ဤ ဖုံးဖုံးဖိဖိလုပ်မှုကြီးတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအကြီးအကဲများ ကိုယ်တိုင် ပါဝင် ပတ်သက်နေကြလေသလောဟု ရောဘတ်က တွေးကြည့်မိသည်။

သို့တည်းမဟုတ် ဤကိစ္စမှာ အိမ်ကြီးပေါ်၌ အိမ်ငယ်တင်ထားသောကိစ္စ တစ်နည်းပြောရမည်ဆိုပါက ထောက်လှမ်းရေး အဖွဲ့အစည်းများထဲတွင် အဖွဲ့အစည်းငယ်တစ်ခု ထပ်မံ၍ ဖွဲ့စည်းထားမှုဖြစ်ပြီး တရားဥပဒေနှင့် ဆန့်ကျင်၍ လှုပ်ရှားနေကြခြင်း ဖြစ်လေသလော။

ထိုကိစ္စကို ရောဘတ်က ပို၍ တွေးတောကြည့်လိုက်လေလေ ယခုလို ဖြစ်ပျက်မှုများအား နိုင်ငံခေါင်းဆောင်များက သိရှိကြပုံမရ ဆိုသည့်အချက်မှာ ပို၍ ဖြစ်နိုင်လာပုံရလာသည်။

ဤတွင် အချက်တစ်ချက်ကို သူ ဖြုန်းခနဲ တွေးလိုက်မိသည်။

အက်ဒ်မိုင်ရဲယ် ဝှစ်တိတ်ကာအား ရေတပ်မတော်ထောက်လှမ်းရေးဌာနမှ ဖြုန်းခနဲ အငြိမ်းစားပေးလိုက်ပြီးနောက် သူ့ကို ချောင်ထိုးထားလိုက်သည့်အချက်မှာ ရောဘတ်စိတ်ထဲတွင် အမြဲတမ်း ထူးဆန်းနေခဲ့သောအချက် ဖြစ်သည်။

အက်ဒ်မိုင်ရဲယ်ကြီးသည် ထိုကဲ့သို့သော ပူးပေါင်းလုပ်ကြံမှု...



www.burmeseclassic.com

www.burmeseclassic.com

ငြင်းဆန်ခဲ့သောကြောင့် တစ်ယောက်ယောက်က သူ့ကို အတင်းအဓမ္မ အငြိမ်းစား ယူစေခဲ့သည် ဆိုပါက ထိုကိစ္စမှာ အနည်းငယ် အဓိပ္ပာယ် ရှိလာပေသည်။

'ငါ အက်ဒ်မိုင်ရယ်ကြီးနဲ့ ဆက်သွယ်မှ ဖြစ်တော့မယ်' ဟု ရောဘတ်က တွေးလိုက်၏။

ယခုလို ဖြစ်ပျက်နေမှု၏ အမှန်တရားကို ရောဘတ်က ယုံယုံကြည်ကြည် မေးမြန်းနိုင်သူမှာ သူတစ်ယောက်သာရှိသည်။

'နက်ဖြန်ခါကျရင် ဆက်သွယ်မယ်' ဟု ရာဘတ်က တွေးလိုက်၏။

သူသည် မျက်စိကိုမှိတ်ပြီး အိပ်ပျော်သွားလေတော့သည်။

**ဆယ့်ရှစ်ရက်မြောက်နေ့**
**နေပဲလ်စ်၊ အီတလီ**

ပိုင်ယာက လေးလေးနက်နက် ပြောလိုက်သည်။

"ရှင်ဟာ မူးယစ်ဆေးဝါး မှောင်ခိုတဲ့လူတော့ မဟုတ်ပါဘူးနော်"

အင်မတန် ရိုးသားသည့်မေးခွန်း ဖြစ်သည်။

"မဟုတ်ပါဘူး"

"ဒါပေမယ့် အင်တာပိုလ်ကတော့ ရှင့်နောက်ကို လိုက်နေတယ်နော်"

ထိုမေးခွန်းက ပစ်မှတ်နှင့် ပို၍ နီးစပ်သည်။

"ဟုတ်တယ်"

ပိုင်ယာ၏မျက်နှာ ဝင်းထိန်သွားသည်။

"ကျွန်မသိပြီ၊ ရှင်ဟာ သူလျှိုတစ်ယောက်ပဲ"

ပိုင်ယာသည် ကလေးငယ်လေး တစ်ယောက်လို စိတ်လှုပ်ရှားနေသည်။ ရောဘတ်အနေနှင့် ရယ်မိတော့သည်။

"ငါက သူလျှို . . . ဟုတ်လား"

သူ့စိတ်ထဲကမူ -

'သဘင်သည်စကား၊ ကလေးတွေပြောတဲ့စကား မှန်တယ် ဆိုတာ ဒါမျိုးပဲ' ဟု တွေးနေမိသည်။

ပိုင်ယာကလည်း ခွတ်ပြောလိုက်ပြန်၏။

"ရှင် ဝန်ခံစမ်းပါ၊ ရှင်ဟာ သူလျှိုတစ်ယောက် မဟုတ်ဘူးလား"

ရောဘတ်ကလည်း လေးနက်စွာ ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ငါဟာ သူလျှိုတစ်ယောက်ပဲ"

"ကျွန်မ သိပါတယ်"

ပိုင်ယာ၏ မျက်လုံးများသည် ပြောင်လက်လာကြသည်။

"ရှင်က ကျွန်မကို လျှို့ဝှက်ချက် နည်းနည်းလောက် ပြောပြစမ်းပါ"

"ဘယ်လို လျှို့ဝှက်ချက်မျိုးလဲ"

"ရှင် သိပါတယ်လေ၊ သူလျှိုတွေရဲ့ လျှို့ဝှက်ချက်တွေပေါ့၊ စကားဝှက်လို ဟာမျိုးတွေပေါ့ရှင်၊ ကျွန်မက သူလျှိုဝတ္ထုကို နှစ်နှစ်ခြိုက်ခြိုက် ဖတ်တယ်၊ ကျွန်မက အဲဒီဝတ္ထုတွေကို တစ်ချိန်လုံး ဖတ်နေတာရှင့်"

"ဟုတ်လား"

"ဟုတ်ပါတယ်ရှင့်၊ ဒါပေမယ့် အဲဒါတွေက လုပ်ကြံဇာတ်လမ်းတွေပေါ့၊





ကတော့ တကယ့်အစစ်အမှန်တွေကို သိတယ်မဟုတ်လား၊ သူလျှိုတွေအသုံး တဲ့ လျှို့ဝှက်အချက်ပြနည်းတွေ၊ ဘာတွေပေါ့၊ ရှင်က ကျွန်မကို တစ်ခုလောက် ပြခွင့် ရှိသလား"

ရောဘတ်ကလည်း လေးလေးနက်နက် ပြောလိုက်၏။

"အေးလေ၊ ငါက တကယ်တော့ ပြောမပြသင့်ဘူး၊ ဒါပေမယ့် တစ်လုံး ကတော့ ပြောပြလို့ရတယ် ထင်ပါတယ်"

'သူ ယုံကြည်မယ့် ဘယ်လိုဟာမျိုးကို ပြောပြရမလဲ' ဟု ရောဘတ်က တွေးနေမိသည်။

"ရှေးဟောင်း ပြတင်းပေါက်ခန်းဆီး လှည့်စားချက်တစ်ခုတော့ ရှိတယ်"

ပိုင်ယာ၏မျက်လုံးများ ပြူးကျယ်လာကြသည်။

"ရှေးဟောင်း ပြတင်းပေါက်ခန်းဆီး လှည့်စားချက်၊ ဟုတ်လား"

"ဟုတ်တယ်"

ရောဘတ်က အိပ်ခန်းထဲမှ ပြတင်းပေါက်တစ်ခုကို လက်ညှိုးထိုးပြလိုက်သည်။

"တကယ်လို့ အစစအရာရာ အခြေအနေကောင်းနေတယ်ဆိုရင် မင်းက ခန်းဆီးတွေ အားလုံးကို ပင့်တင်ထားရမယ်၊ ဒါပေမယ့် ပြဿနာ တစ်ခု ပေါ်နေပြီဆိုရင်တော့ မင်းက ခန်းဆီးစတစ်စကို ဆွဲချထားရမယ်၊ အဲဒီနည်းနဲ့ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက်ကို မလာဖို့ သတိပေးလို့ရတယ်"

ပိုင်ယာက စိတ်လှုပ်ရှားစွာ ပြောလိုက်၏။

"အဲဒါ သိပ်ကောင်းတာပဲ၊ ကျွန်မ အဲဒါကို ဘယ်စာအုပ်ထဲမှာမှ မဖတ်ရသေးဘူး"

"မင်း ဘယ်ဖတ်ရမလဲ၊ အဲဒါက ထိပ်တန်းလျှို့ဝှက်ကွ"

ပိုင်ယာက ကတိပေးလိုက်သည်။

"ကျွန်မက ဘယ်သူ့ကိုမှ ပြောမပြပါဘူး၊ တခြား ဘာရှိသေးသလဲ"

'ဘာများ ရှိသေးသလဲ' ဟု ရောဘတ်က တွေးလိုက်ပြန်၏။

"အေးလေ၊ တယ်လီဖုန်းလှည့်စားချက်လည်း ရှိသေးတယ်"

ပိုင်ယာက သူ့ထံသို့ ပို၍ ပူးကပ်လိုက်ပြန်၏။

"အဲဒီကိစ္စကိုလည်း ပြောပြစမ်းပါဦးရှင်"

"အယ် . . .၊ ဒီလို ပြောကြရအောင်၊ မင်းနဲ့ လုပ်ဖော်ကိုင်ဖက် သူလျှို တစ်ယောက်က မင်းဆီကို အခြေအနေ ကောင်း၊ မကောင်း သိချင်လို့ တယ်လီဖုန်းဆက်လိုက်မယ်ဆိုပါတော့၊ သူက 'ပိုင်ယာနဲ့ စကားပြောပါရစေ' လို့ ပြောလိမ့်မယ်၊ တကယ်လို့ အခြေအနေ အားလုံးကောင်းနေတယ်ဆိုရင် မင်းက 'အခု ပြောတာ ပိုင်ယာပါ'လို့ ပြောရမယ်၊ တကယ်လို့ ပြဿနာတစ်ခုခု ပေါ်နေတယ် ဆိုရင်တော့ မင်းက 'ရှင် တယ်လီဖုန်းနံပါတ် မှားနေပြီ' လို့ ပြောရမယ်"

"ဟယ် . . . အဲဒါ သိပ်ကောင်းတာပဲ"

ပိုင်ယာက ဝမ်းသာအားရ ပြောလိုက်၏။

'ငါက ဟောဒီ ပေါက်ကရတွေ ပြောပြနေတာကို ယာတောက ငါ့ သင်တန်းဆရာတွေသာ ပြန်ကြားခဲ့ရင် နှလုံးရောဂါတွေ ရကုန်တော့မှာပဲ' ဟု ရောဘတ်က တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင်က တခြားလျှို့ဝှက်ချက်တွေ ပြောပြနိုင်သေးသလား"

ပိုင်ယာက မေးလိုက်ပြန်၏။

ရောဘတ်က ရယ်လိုက်သည်။

"တစ်မနက်ခင်း အတွက် လျှို့ဝှက်ချက်တွေကို ဒါလောက် ပြော[...] တော်ရောပေါ့ကွာ"

"ကောင်းပြီလေ"

ရေမိုးချိုးပြီးနောက် ရောဘတ်က အဝတ်အစားများကို ဝတ်ဆင်နေ[...] ပိုင်ယာက ညဝတ်အင်္ကျီတစ်ထည်ကို ဝတ်လိုက်ပြီးနောက် -

"နံနက်စာကို ကျွန်မ သွားပြင်လိုက်မယ်" ဟု ပြောလိုက်တော့သည်။

ကာလိုက သူ့အစ်မကို ထမင်းစားခန်းထဲက ထိုင်စောင့်နေသည်။

ကာလိုက -

"နင့်သူငယ်ချင်းအကြောင်း ပြောပြစမ်းပါ"

"ဘာပြောရမှာလဲ"

"နင်နဲ့ သူ ဘယ်မှာတွေ့ကြတာလဲ"

"ရောမမြို့မှာ"

"နင့်ကို ဟို မြလက်ကောက် ဝယ်ပေးတယ်ဆိုတော့ သူဟာ တော်တော် ချမ်းသာရမယ်"

ပိုင်ယာက ပခုံးတွန့်လိုက်၏။

"သူက ငါ့ကို သဘောကျတယ်ဟ"

ကာလိုက ပြောလိုက်သည်။

"ငါ ဘာတွေ တွေးနေတယ်ဆိုတာ နင်သိသလား။ မင်းသူငယ်ချင်းဟာ တစ်ခုခုကြောင့် ထွက်ပြေးနေတယ်လို့ ငါထင်တယ်၊ ငါတို့က အဲဒါကို သက်ဆိုင်ရာ ကို ပြောပြလိုက်မယ်ဆိုရင် ဆုငွေ အများကြီး ရနိုင်တယ်ဟ"

ပိုင်ယာသည် မီးဝင်းဝင်းတောက်သော မျက်လုံးများနှင့် သူ့မောင်ဘက်သို့ ကပ်သွားသည်။

"နင် ဒီကိစ္စထဲ ဝင်မရှုပ်နဲ့ ကာလို"

"ဒါဆိုရင် သူ ထွက်ပြေးနေတာပဲပေါ့"

"ဒီမှာ ငါပြောမယ်၊ နင့်ကိစ္စ နင်လုပ်လို့၊ နင့်ကို ငါ သတိပေးလိုက်မယ်"

ပိုင်ယာသည် ထိုဆုငွေကို မည်သူနှင့်မျှ ခွဲဝေယူလိုစိတ် မရှိပါ။

ကာလိုက စိတ်မကောင်းဖြစ်ဟန်နှင့် ပြောလိုက်၏။

"အစ်မလေးက နင် တစ်ယောက်တည်း အကုန်လိုချင်တာကိုး"

"ဟင့်အင်း၊ နင် နားမလည်ပါဘူး ကာလို"

"မယူချင်ဘူး၊ ဟုတ်လား"

ပိုင်ယာက စိတ်ပါလက်ပါ ပြောလိုက်သည်။

"နင့်ကို ငါ အမှန်အတိုင်း ပြောပြမယ်၊ မစ္စတာကျုံးစ်ဟာ သူ့မိန်းမဆီက ထွက်ပြေးနေတာ၊ သူ့မိန်းက သူ့ကိုရှာဖို့ စုံထောက်တစ်ယောက် ငှားထားတယ်၊ အဲဒါပါပဲ"

ကာလိုက ပြုံးလိုက်သည်။





"နင်က ငါ့ကို ဒီကိစ္စအကြောင်း အရင်က ဘာဖြစ်လို့ မပြောမပြတာလဲ၊ ဒါဆိုရင် သိပ်အရေးမပါတော့ပါဘူး။ ငါ မေ့ထားလိုက်တော့မယ်"

"ကောင်းတယ်" ဟု ပိုင်ယာက ပြောလိုက်၏။

ကာလိုကလည်း -

'သူ တကယ် ဘယ်သူလဲဆိုတာ သိအောင် ငါကြိုးစားရမယ်' ဟု တွေး လိုက်သည်။

ဂျေးနပ်စ်က တယ်လီဖုန်းဆက်နေသည်။

"မင်း သတင်းတွေ ဘာတွေ ခုထက်ထိ မရသေးဘူးလား"

"ကွန်မန်ဒါ ဘယ်လာမီဟာ နေပဲလ်စ်မြို့မှာ ရှိနေတယ် ဆိုတာကိုတော့ ကျွန်တော်တို့ သိပါတယ်"

"အဲဒီနေရာမှာ မင်းတို့လူတွေ ရှိသလား"

"ရှိပါတယ်၊ သူတို့က ဘယ်လာမီကို အခု လိုက်ရှာနေကြပါပြီ။ ကျွန်တော်တို့ သဲလွန်စတစ်ခုတော့ ရထားတယ်၊ သူက နေပဲလ်စ်မြို့မှာ မိသားစု ရှိနေတဲ့ ပြည့်တန်ဆာမ တစ်ယောက်နဲ့ ခရီးသွားနေတယ်၊ သူတို့ အဲဒီနေရာကို သွားလိမ့် မယ်လို့ ကျွန်တော်တို့ ထင်ထားတယ်၊ ကျွန်တော်တို့က အဲဒီနောက်ကို လိုက် နေတယ်"

"ငါ့ကို ဆက်ပြီး အစီရင်ခံစမ်းပါ"

နေပဲလ်စ်မြို့တွင်မူ မြူနီစီပါယ် အိုးအိမ်ဌာနသည် ဂို ဘတော်လီ၏ မိခင် နေထိုင်သည့် လိပ်စာကို လိုက်ရှာရင်း အလုပ်ရှုပ်နေကြသည်။

စုံထောက် တစ်ဒါဇင်ခန့်နှင့် နေပဲလ်စ်မြို့မှ ပုလိပ်တစ်ဖွဲ့ဝင်များသည် မြို့ထဲတွင် ရောဘတ်ကို ပိုက်စိပ်တိုက်၍ ရှာနေကြသည်။

ကာလိုကလည်း ရောဘတ်နှင့် ပတ်သက်သော သူ့အစီအစဉ်များကို ရေးဆွဲရင်း အလုပ်ရှုပ်နေသည်။

ပိုင်ယာကမူ အင်တာပိုလ်သို့ နောက်တစ်ကြိမ် တယ်လီဖုန်းဆက်ရန် အဆင်သင့် ဖြစ်နေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း လေးဆယ့်နှစ်

ပတ်ဝန်းကျင် လေထုထဲ၌ ရှိနေသော ဘေးအန္တရာယ်မှာ ထိတွေ့ကိုင်တွယ်၍ ရလုနီးပါးဖြစ်နေသလို ရောဘတ်က လက်ဆန့်တန်း၍ ထိကိုင်လိုက်ပါက ထိတွေ့နိုင်လိမ့်မည်ဟု သူ့စိတ်ထဲက ထင်နေမိသည်။

ရေဆိပ်တစ်လျှောက်တွင် ကုန်စည်များကို သင်္ဘောပေါ်သို့ တင်ပေးနေမှုများ၊ သင်္ဘောပေါ်မှ ချပေးနေမှုများကြောင့် လှုပ်ရှားမှုများသည် ပျားပန်းခပ်မျှ ရှိနေကြသည်။

သို့ရာတွင် အခြား အချက် တစ်ချက်ကလည်း ထပ်မံ ဖြည့်စွက်ထားပြန်သည်။ ဆိပ်ကမ်းတစ်လျှောက်တွင် ပုလိပ်ကားများသည် ခေါက်တုံ့ခေါက်ပြန် မောင်းနှင်နေကြသည်။ ယူနီဖောင်း ဝတ်ဆင်ထားသောပုလိပ်များနှင့် စုံထောက်ဖြစ်မှန်း သိသာထင်ရှားလှသူများက ဆိပ်ကမ်းအလုပ်သမားများနှင့် သင်္ဘောသားများကို မေးမြန်းစုံစမ်းနေကြသည်။

အာရုံစိုက်၍ လိုက်လံစုံစမ်းနေကြမှုက ရောဘတ်ကို တအံ့တဩ ဖြစ်သွားစေခဲ့သည်။ ဤကဲ့သို့ စုံစမ်းထောက်လှမ်းနေမှုမှာ နေပဲလ်စ်မြို့သို့ ရောက်ဘတ်ရောက်ရှိနေသည်ကို အပ်ကျမပ်ကျ သိရှိထားကြသလို ဖြစ်နေသည်။

အဘယ်ကြောင့်ဆိုသော် အီတလီနိုင်ငံအတွင်းရှိ မြို့ကြီးပြကြီးတိုင်းတွင် ဤကဲ့သို့ အပြင်းအထန် စုံစမ်းထောက်လှမ်းမှုများကို ပြုလုပ်နိုင်ရန် မလွယ်ကူသောကြောင့်ပင် ဖြစ်သည်။

သူသည် ကိုယ့်ဒုက္ခ ကိုယ်ရှာရန် မော်တော်ကားထဲကပင် မထွက်တော့ပါ။ သူသည် ပြန်လှည့်လိုက်ပြီး သင်္ဘောဆိပ်နှင့် ဝေးရာဆီသို့ မောင်းထွက်လာခဲ့သည်။ သူသည် သင်္ဘောတစ်စီးစီးပေါ်သို့တက်ပြီး ပြင်သစ်သို့သွားရောက်ရန်ဆိုသောကိစ္စမှာ လွယ်ကူသောအစီအစဉ် ဖြစ်လိမ့်မည်ဟု ထင်ခဲ့မိသော်လည်း ယခု ထိုကိစ္စမှာ အန္တရာယ် အများဆုံး ဖြစ်နေလေပြီ။

သူတို့သည် တစ်နည်းနည်းနှင့် ရောဘတ်ကို ဤနေရာတွင် ခြေရာခံမိခဲ့ကြသည်။ သူက သူလုပ်ကိုင်နိုင်မည့် အကြောင်းအချက်များကို ပြန်စဉ်းစားကြည့်လိုက်ပြန်၏။မည်သည့် အကွာအဝေးကိုမဆို မော်တော်ကားနှင့်သွားရန်ဆိုသောကိစ္စမှာ အလွန် စွန့်စားရမည့်ကိစ္စ ဖြစ်နေသည်။

မြို့ပတ်ပတ်လည်တွင် ယခု အချိန်လောက်၌ လမ်းပေါ်တွင် ပိတ်ဆို့စစ်ဆေးမှုများကို ဆောင်ရွက်နေကြဆဲ ဖြစ်နေလောက်ပါပြီ။ ဆိပ်ကမ်းများကိုလည်း ကာကွယ်ထားပြီး ဖြစ်နေသည်။





သို့ဆိုပါက မီးရထားဘူတာရုံများနှင့် လေဆိပ်ကိုလည်း စောင့်ကြပ်ကြည့်ရှုနေကြမည်မှာ သေချာနေသည်။ သူသည် ပြုတ်တူကြီးတစ်ခု အကြား၌ ရှိနေပြီး ၎င်းဆီသို့ တဖြည်းဖြည်းနှင့် နီးကပ်လာနေလေပြီ။

ရောဘတ်က ဆူဆန်၏ ကမ်းလှမ်းချက်ကို စဉ်းစားကြည့်မိသည်။

'ကျွန်မတို့က ဂျီဘရော်ဘာကမ်းခြေ အလွန်ကလေးမှာပဲ ရှိနေတယ်၊ ရှင်ပြောတဲ့ ဘယ်နေရာကိုမဆို ကျွန်မတို့က လာပြီး ခေါ်နိုင်တယ်၊ ခုကိစ္စဟာ ရှင့်အတွက် လွတ်မြောက်နိုင်မယ့် တစ်ခုတည်းသောနည်းလမ်း ဖြစ်ချင် ဖြစ်လိမ့်မယ်' ဟု ဆူဆန်က ပြောခဲ့သည်။

သူ၏အန္တရာယ်စက်ကွင်းထဲသို့ ဆူဆန့်ကို ဆွဲသွင်းလိုစိတ် မရှိပါ။ သို့တိုင်အောင် သူ့အနေနှင့် အခြား နည်းလမ်းကိုလည်း စဉ်းစား၍ မရတော့ပါ။

ထိုနည်းမှာ သူ ရောက်ရှိနေသော ထောင်ချောက်ထဲမှ ထွက်နိုင်မည့် တစ်ခုတည်းသောနည်းလမ်းသာ ဖြစ်ပါလိမ့်မည်။ သူတို့က ရောဘတ်ကို ကိုယ်ပိုင်သင်္ဘောတစ်စီးပေါ်၌ လိုက်လံရှာတွေ့ကြလိမ့်မည် မဟုတ်ပါ။

'တကယ်လို့ ငါက ဟောလ်စီယွန်ဆီကို ရောက်အောင် သွားနိုင်တဲ့နည်းလမ်းကို ရှာတွေ့ရင် သူတို့က ငါ့ကို မာဆေးလ်အနီးက ကမ်းခြေမှာ [...]ထားနိုင်လိမ့်မယ်၊ ငါက ကမ်းပေါ်ကို ငါ့ဘာသာငါ ရောက်အောင် တက်နိုင်မယ်၊ အဲဒီနည်းနဲ့ဆိုရင် သူတို့အတွက်လည်း အန္တရာယ်မရှိနိုင်တော့ဘူး' ဟု ရောဘတ်က တွေးနေသည်။

သူသည် မော်တော်ကားကို လမ်းယ်ကလေး တစ်လမ်းပေါ်ရှိ စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်ပြီး တယ်လီဖုန်းဆက်ရန် ဆိုင်ထဲသို့ ဝင်သွားတော့သည်။ ငါးမိနစ်အတွင်းမှာပင် သူသည် ဟောလ်စီယွန်နှင့် အဆက်အသွယ် ရရှိသွားသည်။

"ကျေးဇူးပြုပြီး မစ္စစ်ဘင့်ခ်နဲ့ စကားပြောပါရစေ"

"ဘယ်သူက ဆက်နေတယ်လို့ ပြောရမလဲ"

'မှန်တာက သူ့ သောက်စားပွဲထိုး တစ်ယောက်ကို တယ်လီဖုန်း ကိုင်ခိုင်းထားတာကိုး' ဟု တွေးလိုက်မိ၏။

"မိတ်ဆွေဟောင်း တစ်ယောက်လို့ပဲ သူ့ကို ပြောပြလိုက်ပါ"

နောက်တစ်မိနစ်ကြာသောအခါ သူသည် ဆူဆန်၏အသံကို ကြားရလေတော့သည်။

"ရောဘတ်၊ ရှင်လားဟင်"

"ခမ္မးစေ့ပါ"

"သူတို့က ရှင့်ကို ဖမ်းမမိသေးဘူး ဟုတ်လား"

"မမိသေးပါဘူး ဆူဆန်"

သူ့အနေနှင့် မေးခွန်းကို နှုတ်က မထွက်ရဲ ဖြစ်နေသည်။

"မင်းရဲ့ ကမ်းလှမ်းချက်ဟာ ခုထက်ထိ ရှိနေတုန်းပဲလား"

"ခုထက်ထိပဲပေါ့၊ ဘယ်တော့လဲ"

"မင်းတို့ နေပဲလ်စ်ကို ဒီကနေ့ည ရောက်နိုင်မလား"

ဆူဆန်က တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

"ကျွန်မ မသိဘူး၊ ခဏကိုင်ထားပါဦး"



www.burmeseclassic.com

www.burmeseclassic.com

နောက်ဘက်၌ စကားပြောနေသံများကို ရောဘတ် ကြားနေရသည်။

ဆူဆန်၏အသံကို ပြန်ကြားရပြန်၏။

"မွန်တီက ကျွန်မတို့မှာ အင်ဂျင်ချွတ်ယွင်းနေတယ်လို့ ပြောတယ်၊ ဒါပေမဲ့ ကျွန်မတို့ နေပဲလ်စ်ကို နှစ်ရက်အတွင်းလောက် ရောက်နိုင်ပါတယ်"

ဒီ့နှမ့ပဲ၊ တစ်ရက်ပိုပြီး ကြာလေလေ၊ အဖမ်းခံရမယ့် အနေအထားက ပို၍ များလေလေပင် ဖြစ်တော့သည်။

"ကောင်းပြီလေ၊ အဲဒါဆိုရင်လည်း ဖြစ်ပါတယ

"ကျွန်မတို့က ရှင့်ကို ဘယ်လို ရှာရမလဲ"

"ကိုယ်က မင်းကို ဆက်သွယ်ပါ့မယ်"

"ရောဘတ်၊ ရှင့်ကိုယ်ကို ဂရုစိုက်ပါရှင်"

"ကိုယ် ကြိုးစားနေပါတယ်၊ တကယ့်ကို ကြိုးစားနေတာပါ . . ."

"ရှင့်ကို ဘယ်လို အန္တရာယ်မျိုးမှ အရောက်မခံနဲ့နော်"

"အဖြစ်မခံပါဘူး၊ ဒါမှမဟုတ် မင်းကိုလည်း အဲ့ဖြစ်မခံပါဘူး"

ဆူဆန်က စကားပြောခွက်ကို ပြန်ချလိုက်ပြီးသောအခါ ဆူဆန်က သူ့ ယောကျ်ားဘက်သို့လှည့်ပြီး ပြုံးပြလိုက်သည်။

"သူ သင်္ဘောပေါ်ကို လာလိမ့်မယ်"

နောက်ထပ် တစ်နာရီကြာသောအခါ ဖရန့်စစ်စကိုစီဇာက သံကြိုးတစ်စောင်ကို မိုလ်မှူးကြီး ဖရန့်ဂျွန်ဆန်ထံ ကမ်းပေးလိုက်သည်။ ထိုသံကြိုးမှာ ဟောလ်စီယွန် သင်္ဘောပေါ်မှ ပေးပို့သောသံကြိုး ဖြစ်သည်။

သံကြိုးထဲတွင်. .

'ဘယ်လာမီ၊ ဟောလ်စီယွန်ပေါ်သို့ လာလိမ့်မည်။ သင့်ကို ဆက်ပြီး *အကြောင်းကြားပါမည်'*

အောက်ဘက်တွင် လက်မှတ် ထိုးမထားပါ။

စီဇာက ပြောလိုက်သည်။

"ဟောလ်စီယွန်ကို ဆက်သွယ်မှုတွေနဲ့ ဟောလ်စီယွန်ပေါ်က ဆက်သွယ်မှုတွေကို ဖမ်းယူထားဖို့ ကျုပ် စီစဉ်ထားလိုက်ပြီ။ ဘယ်လာမီက သင်္ဘောပေါ်ကို တက်တာနဲ့ တစ်ပြိုင်နက် ကျုပ်တို့က သူ့ကို မိပြီ"

❖ ❖ ❖



## အခန်း လေးဆယ့်သုံး

ထိုကိစ္စကို ကာလိုဇော်လီက တွေးမိလေလေ သူသည် ချက်ကောင်းနှင့် ...တော့မည်ဟု ပို၍ ယုံကြည်စိတ်ချလာလေလေပင် ဖြစ်တော့သည်။

ဟို အမေရိကန်သည် သူ့မိန်းမရန်မှ ထွက်ပြေးနေသည်ဆိုသော ပိုင်ယာ၏ ...င်သည် ရယ်စရာတစ်ခုသာ ဖြစ်သည်။ မစ္စတာကျူးစ် ထွက်ပြေးနေရသည်မှာ ...သည်။ သို့ရာတွင် သူသည် ပုလိပ်တို့ရန်မှ ထွက်ပြေးနေရခြင်းသာ ဖြစ်သည်။ ...ဂ္ဂိုလ်အတွက် ဆုငွေ ထုတ်ထားကောင်း ထုတ်ထားပါလိမ့်မည်။ ကာလိုက ...ကိစ္စကို ဒိုင်ယာဗိုလီရှိစီ ဂိုဏ်းခေါင်းဆောင် မာရီယိုလူကာနှင့် ဆွေးနွေးရန် ...ုံးဖြတ်လိုက်သည်။

နံနက်စောစောတွင် ကာလိုသည် ဗက်စပါ မော်တော်ဆိုင်ကယ်လေးနှင့် ...ာဇာဂယ်ရီ ဘောလ်ဗီ နောက်ဘက်ရှိ ဗီယာဆော်ဆဲလားဆီသို့ သွားရောက် ...သည်။ သူသည် ပြိုကျပျက်စီးနေသော တိုက်တန်းလျားကြီး တစ်လုံးရှေ့တွင် ...တန့်လိုက်ပြီးနောက် လူကာ ဟုရေးထားသည့် ပျက်စီးနေသော စာတိုက် ...သတ္တာပေါ်မှ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်၏။

နောက်တစ်မိနစ် ကြာသောအခါ -

"ဘယ်သောက်ကောင်လဲကွ" ဟု အော်ဟစ်လိုက်သော အသံတစ်သံ ...ွက်ပေါ်လာသည်။

"ကာလိုပါ၊ ကျုပ် ခင်ဗျားနဲ့ စကားပြောဖို့ရှိတယ် မာရီယို"

"ဒီလို နံနက်ခင်း အချိန်မျိုးမှာဆိုရင်တော့ မင်းဥစ္စာက ခြေခြေမြစ်မြစ်ရှိ... ဖြစ်လိမ့်မယ်၊ အပေါ်တက်ခဲ့ကွာ"

တံခါးပေါ်မှ ခေါင်းလောင်းသံ ထွက်ပေါ်လာပြီး ကာလိုသည် အပေါ်သို့ ...က်သွားသည်။

အဝတ်အစားမပါသော မာရီယိုလူကာသည် ဖွင့်ထားသော တံခါးပေါက် ...၌ မတ်တတ်ရပ်နေသည်။ အခန်း၏ ဟိုဘက်တွင် သူ့အိပ်ရာထဲ၌ အမျိုးသမီး ...လေးတစ်ဦး ရှိနေသည်ကို ကာလို လှမ်းမြင်နေရသည်။

"မင်းက ဘာသောက်ကိစ္စနဲ့ စောစောစီးစီး လာရတာလဲ"

"ကျွန်တော် အိပ်မပျော်ဘူး မာရီယို၊ ကျွန်တော် သိပ်ကို စိတ်လှုပ်ရှားနေ ...တယ်၊ ကျွန်တော်က ကြီးကြီးမားမား ကိစ္စကြီးတစ်ခုကို ခြေရာခံမိနေပြီလို့ ...င ...ားတယ်"

"ဟုတ်လား၊ ဝင်ခဲ့လေကွာ"



www.burmeseclassic.com

www.burmeseclassic.com

ကာလိုသည် ရှုပ်ပွနေသော အိမ့်ခန်းငယ်ဂူလေးထဲသို့ ဝင်လိုက်...

"လွန်ခဲ့တဲ့ညတုန်းက ကျွန်တော့်အစ်မက ထူးခြားတဲ့လူတစ်ယော...
ခေါ်လာတယ်"

"အဲဒါ ဘာဖြစ်သလဲ၊ ပိုင်ယာက ကြေးစားမတစ်ယောက်ပဲ၊ သူ . . ."

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီလူကတော့ ချမ်းသာတယ်၊ ပြီးတော့လည်း...
သူက ရှောင်ပုန်းနေတဲ့လူ"

"သူက ဘယ်သူ့ရန်က ရှောင်ပုန်းနေတာလဲ"

"ကျွန်တော် မသိဘူး၊ ဒါပေမယ့် ကျွန်တော သိအောင် စုံစမ်းပါ့မယ်...
သူ့အတွက် ဆုငွေတောင် ထုတ်ထားလိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

"မင်းက မင်းအစ်မကို ဘာဖြစ်လို့ မမေးတာလဲ"

ကာလိုက မျက်မှောင်ကုတ်လိုက်သည်။

"ပိုင်ယာကလည်း အဲဒါကို သူတစ်ယောက်တည်း အပိုင်စီးချင်နေ...
သူက ကျွန်တော့်အစ်မအတွက် ဝယ်ပေးတဲ့လက်ကောက်ကို ခင်ဗျား မြင်...
တယ်၊ မြ အစစ်တွေဗျ"

"လက်ကောက်၊ ဟုတ်လား၊ အဲဒါက ဘယ်လောက်လောက်တန်သ...

"ကျွန်တော် ခင်ဗျားကို အသိပေးပါ့မယ်၊ ကျွန်တော်က အဲဒါကို ဒီ...
မနက် သွားရောင်းမယ်"

လူကာက ထိုနေရာတွင် မတ်တတ်ရပ်ရင်း စဉ်းစားနေသည်။

"ဘာလုပ်ရမလဲဆိုတာ မင်းကို ငါပြောပြမယ် ကာလို၊ ငါတို့က မင်း...
ရဲ့ မိတ်ဆွေနဲ့ စကားစမြည် ပြောကြရအောင်၊ ဒီကနေ့မနက် ငါတို့က သူ့...
ကလပ်ကို ခေါ်သွားရအောင်"

ကလပ် ဆိုသည်မှာ လွှတ်နေသောကိုဒေါင်ကြီး တစ်လုံးပင်ဖြစ်ပြီး ထို...
ထဲ၌ အသံလုံသော အခန်းတစ်ခန်း ရှိနေသည်။

ကာလိုက ပြုံးလိုက်၏။

"ဟုတ်ပြီ၊ ကျွန်တော်က သူ့ကို အဲဒီနေရာရောက်အောင် လွယ်လွယ်ကူ...
နဲ့ ခေါ်လာနိုင်ပါလိမ့်မယ်"

လူကာက ပြောလိုက်၏။

"ငါတို့က သူ့ကို စောင့်နေကြမယ်၊ သူနဲ့ စကားလေးဘာလေး ပြောကြ...
တာပေါ့ကွာ၊ သူက ငါတို့အတွက် သီချင်းဆိုပေးရမယ်ဆိုတော့ သူ့အသံ...
ကောင်းပါစေလို့ ဆုတောင်းလိုက်ပါရဲ့ကွာ"

ကာလို နေအိမ်သို့ ပြန်လာသောအခါ မစ္စတာဂျူးစ် တစ်ယောက် ထွက်...
သွားနှင့်လေပြီ။ ကာလို သွေးရူးသွေးတန်း ဖြစ်သွားသည်။

သူက သူ့အစ်မကို မေးလိုက်၏။

"နင့်မိတ်ဆွေ ဘယ်ကိုသွားသလဲ"

"သူက မြို့ထဲကို ခဏသွားဦးမယ်လို့ ပြောတာပဲ၊ သူပြန်လာပါလိမ့်မယ်
ဘာဖြစ်လို့လဲ"

သူက ကြိုးစားပြီး ပြုံးလိုက်၏။

"သိချင်လို့"





ကာလိုက သူ့မိခင်နှင့် သူ့အစ်မ နေ့လယ်စာပြင်ဆင်ရန် မီးဖိုချောင်ထဲသို့ ဝင်သွားသည်အထိ စောင့်နေလိုက်ပြီးနောက် ပိုင်ယာ့အခန်းထဲသို့ ကပျာကယာ ဝင်ခဲ့သည်။ အဝတ်အစား ထည့်ထားသော အံဆွဲထဲမှ အဝတ်အစားအချို့ အောက်ဘက်တွင် ဝှက်ထားသော လက်ကောက်ကို သူ ရှာတွေ့တော့သည်။ သူက လက်ကောက်ကို ခပ်မြန်မြန် အိတ်ထဲသို့ ထည့်လိုက်ပြီးနောက် အပြင်သို့ ထွက်ရန် ဟန်ပြင်နေစဉ် မီးဖိုချောင်ထဲမှ ထွက်လာသောမိခင်နှင့် တွေ့လိုက်ရတော့သည်။

"ကာလို၊ နင်က နေ့လယ်စာတောင် မစားတော့ဘူးလား"

"ဟင့်အင်း၊ ကျွန်တော့်မှာ ချိန်းထားတာတစ်ခုရှိတယ် မာမား၊ ကျွန်တော် ပြီးတော့မှ ပြန်လာမယ်"

သူက ဗက်စပါမော်တော်ဆိုင်ကယ်လေးကိုစီးပြီး ကွာတီရီပက်နိုလိုဆီသို့ ထွက်ခွာလာခဲ့သည်။

'ဒီလက်ကောက်က အတုကြီး ဖြစ်ချင် ဖြစ်နေမှာပါ။ ငါက လူကာနဲ့ ပတ်သက်ရင် ငါ့ကိုယ်ကို အရူးအပေါဖြစ်အောင် မလုပ်သင့်ဘူး' ဟု တွေးနေမိသည်။

ကာလိုသည် ရွှေငွေရတနာဆိုင်ကလေးတစ်ဆိုင်ရှေ့တွင် မော်တော်ဆိုင်ကယ်ကို ရပ်ထားလိုက်သည်။ ဆိုင်ပိုင်ရှင် ဂမ်ဘီနီမှာ ပါးရေတွန့်နေသော အသက်ခပ်ကြီးကြီး အဘိုးကြီးတစ်ယောက် ဖြစ်သည်။ သူနှင့် အံမကိုက်သော အနက်ရောင် ဆံပင်တုကို ဆောင်းထားသည်၊ ပါးစပ်ထဲတွင်လည်း သွားအတုများကို အပြည့်စိုက်ထားသည်။

ကာလို ဝင်လာချိန်တွင် သူက မော့ကြည့်လိုက်သည်။

"မင်္ဂလာနံနက်ခင်းပါ ကာလို၊ မင်းက အစောကြီး ထွက်လာတာကိုး"

"ဟုတ်ပါတယ်"

"မင်းက ငါ့အတွက် ဒီကနေ့ ဘာများပါသလဲ"

ကာလိုက လက်ကောက်ကို ထုတ်ယူပြီး ကောင်တာပေါ်တွင် တင်လိုက်၏။

"ဟောဒါပဲ"

ဂမ်ဘီနီက ကောက်ယူလိုက်၏။ သူက စေ့စေ့စပ်စပ် ကြည့်ရှုနေစဉ် သူ့မျက်လုံးများ ပြူးကျယ်လာကြသည်။

"မင်း ဒီဟာကို ဘယ်က ရလာတာလဲ"

"ချမ်းသာတဲ့ အဒေါ်တစ်ယောက် ဆုံးသွားလို့ ကျုပ်အတွက် ထားရစ်ခဲ့တယ်၊ ဒါက တန်ဖိုးရှိရဲ့လား"

"ရှိနိုင်တယ်"

ဂမ်ဘီနီက သတိထားပြီး ဖြေလိုက်သည်။

"ကျုပ်ကို ကွေ့လည်ကြောင်ပတ် ပြောမနေနဲ့ဗျာ"

ဂမ်ဘီနီ စိတ်ထိခိုက်သွားပုံရသည်။

"ငါက မင်းကို ဘယ်တုံးက တစ်ပတ်ရိုက်ခဲ့ဖူးလို့လဲ"

"တစ်ချိန်လုံးပဲ"

"မင်းတို့ ချာတိတ်တွေဟာ တစ်ချိန်လုံး နောက်ရွတ်နေကြတာပဲ ...
ဘာလုပ်မလဲဆိုတာ မင်းကို ပြောပြမယ် ကာလို၊ ငါက ဒီပစ္စည်း...


www.burmeseclassic.com

www.burmeseclassic.com

ကိုင်နိုင်မယ် မထင်ဘူး၊ အဲဒါက သိပ်အဖိုးတန်တယ်ကွ"

ကာလို နှလုံးခုန်မြန်သွားသည်။

"တကယ်ပြောတာလား"

"ငါက ဒီပစ္စည်းကို တစ်နေရာရာမှာ ထုတ်လို့ ရ မရ အဆက်အသွယ် ရှာရဦးမယ်၊ ငါ မင်းကို ဒီကနေ့ည ပြန်ဆက်သွယ်လိုက်မယ်"

"ကောင်းပြီ"

ကာလိုက ပြောလိုက်ပြီးနောက် လက်ကောက်ကို ဆတ်ခနဲ ကောက်ယူလိုက်သည်။

"ခင်ဗျားဆီက သတင်းရတဲ့အချိန်အထိ ကျုပ် ဒီလက်ကောက်ကို သိမ်းထားမယ်"

ကာလိုသည် မြေကြီးပေါ်၌ နင်းနေရသည်ကိုပင် မသိတော့ဘဲ ဆိုင်ထဲက ပြန်ထွက်လာသည်။

သည်လိုဆိုတော့ သူ ထင်တာမှန်ပြီပေါ့။

'ဒီဝတီဟာ ချမ်းသာသည့်အပြင် တော်တော်လည်း ရူးသည့်ပုဂ္ဂိုလ် ဖြစ်သည်။ ဒါမှ မဟုတ်လျှင် အင်မတန် အဖိုးတန်လက်ကောက်ကို ဘယ်သူက ကြေးစားအမျိုးသမီး တစ်ယောက်ကို ပေးမှာလဲ' ဟု သူ တွေးလိုက်ပြန်၏။

ဆိုင်ထဲတွင်မူ ကာလို ထွက်ခွာသွားသည်ကို ဂမ်ဘီနိုက စောင့်ကြည့်နေသည်။

'ဒီ အင်မတန် မိုက်မဲတဲ့ငတိတွေဟာ ဘယ်လိုကိစ္စမျိုးနဲ့ လာပြီးပတ်သက်နေကြတာလဲ' ဟု သူက တွေးလိုက်သည်။

သူသည် အပေါင်ဆိုင် အားလုံးသို့ ဝေငှထားသော ကြေညာချက်ကို ကောင်တာအောက်ဘက်မှ ထုတ်ယူလိုက်သည်။ ထိုကြေညာချက်တွင် သူ ယခု မြင်တွေ့လိုက်ရသော လက်ကောက်၏ ပုံသဏ္ဌာန်ကို ဖော်ပြထားပြီး ထုံးစံအတိုင်း အကြောင်းကြားပေးရန်၊ တယ်လီဖုန်းမှာ ပုလိပ်အဖွဲ့၏ တယ်လီဖုန်း [illegible] သို့ဖြစ်ပါ၍ ချက်ချင်း သတင်းပို့ပါ' ဆိုသော အထူး ညွှန်ကြားချက် တစ်ရပ် ပါရှိလာသည်။

ဂမ်ဘီနိုသည် ယခင်ယခင်ကလည်း ပုလိပ်အဖွဲ့၏ ကြေညာချက်ကို မသိယောင်ဆောင်ခဲ့သူဖြစ်ရာ ယခု ကြေညာချက်သည် ပုလိပ်အဖွဲ့၏ ကြေညာချက်ဖြစ်သည်ဆိုပါက သိချင်ယောင် ဆောင်လိုက်မည်သာ ဖြစ်သည်။ သို့ရာတွင် စီဖာ ခေါ် အီတလီထောက်လှမ်းရေး အေဂျင်စီကိုမူ ထော်လော်ကန့်လန့် မလုပ်သင့်ကြောင်း သူ သိသည်။

သူသည် လက်ကောက်အပေါ်မှ ရရှိမည့် အမြတ်ငွေဆုံးရှုံးရမည့် ကိစ္စကို နှမြောလှသော်လည်း သူ့လည်ပင်းကိုမူ ကြိုးကွင်းစွပ်ရန် သူ မရည်ရွယ်ပါ။

သူသည် အင်တင်တင်နှင့် တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်ပြီးနောက် ကြေညာချက်၌ ဖော်ပြထားသော တယ်လီဖုန်းနံပါတ်ကို လှည့်လိုက်လေတော့သည်။

❖ ❖ ❖



## အခန်း လေးဆယ့်လေး

ထိုရာသီသည် ဝဲဂယက်လို ချာချာလည်နေသော သေမင်း၏ အရိပ်များ ထိုးနေသည့် အကြောက်လွန်ရာသီ ဖြစ်သည်။

ရောဘတ်သည် တာဝန်တစ်ရပ်နှင့် ဘော်နီယိုကျွန်းသို့ သွားရောက်ခဲ့ရပြီး တောနက်ကြီးထဲသို့ရောက်အောင် သစ္စာဖောက် တစ်ယောက်၏နောက်သို့ လိုက်ခဲ့ရသည်။

ထိုအချိန်မှာ အောက်တိုဘာလ အတွင်း ဖြစ်ပြီး မိုးရာစလေ့အရ လူဦးခေါင်းများကို လိုက်လံဖြတ်ယူသည့်အချိန် ဖြစ်သည်။ ထိုအချိန်တွင် တောနက်ကြီးထဲ၌ နေထိုင်ကြသော တိုင်းရင်းသားများသည် ဘာလီဆလန်း ဆိုသော လူသားတို့၏ သွေးသားကို ပွဲတော်တည်ရန် လိုက်လံရှာဖွေနေသည့် မိစ္ဆာနတ်ဆိုးရန်မှ အထိတ်တလန့် နေကြရသည့် အချိန်ကာလလည်း ဖြစ်သည်။ ထိုရာသီသည် လူသတ်သောရာသီ ဖြစ်သည်။

ယခုအချိန်တွင်လည်း နေပဲလ်စ်မြို့သည် ရောဘတ်အဖို့ ဘော်နီယိုကျွန်းမှ တောနက်ကြီးပင် ဖြစ်နေလေသည်။ သေမင်း၏အနံ့ကို လေထဲမှာပင် ရှူရှိုက်နေရသည်။

'အကာလ ညအခါတွင် ညင်ညင်သာသာ မလုပ်လေနှင့်။ သူတို့က ငါ့ကို မိအောင် ဖမ်းပါစေဦး' ဟု ရောဘတ်က တွေးလိုက်သည်။

သူတို့က ရောဘတ်ကို ဒီနေရာမှာ မည်သည့်နည်းနှင့် စုံစမ်း၍ ရရှိလေသနည်း။ ပိုင်ယာပဲ ဖြစ်ရပေမည်။ သူတို့က ပိုင်ယာမှတစ်ဆင့် သူ့ကို ဒီနေရာအထိ ခြေရာခံနိုင်ခြင်းသာ ဖြစ်ရပါမည်။

'ငါက အိမ်ပြန်ပြီး ပိုင်ယာ့ကို သတိပေးရမယ်။ သို့ရာတွင် ပထမဦးဆုံး အနေနဲ့ ဒီနေရာက ထွက်နိုင်မယ့်နည်းကို ရှာရဦးမယ်' ဟု ရောဘတ်က တွေးလိုက်သည်။

သူသည် ထုံးဆန်းအံ့ဩဖွယ်ရာ ကိစ္စတစ်ရပ်ကြောင့် လမ်းရှင်းနေပါစေဟု ဆုတောင်းရင်း အော်တိုစထရာဒါ (ဟိုင်းဝေးလမ်းမကြီး)စတင်ရာ မြို့အပြင်ဘက်ဆီသို့ မောင်းနှင်လာခဲ့သည်။ သူက အဝင်ဝသို့ မရောက်မီ ကိုင်ငါးရာအလိုသို့ အရောက်တွင် ပုလိပ်များ၏ လမ်းပိတ်ဆို့ထားမှုကို မြင်လိုက်ရလေ၏။ သူက ကားကို ပြန်ကွေ့လိုက်ပြီး မြို့လယ်ကောင်ဆီသို့ ပြန်မောင်းလာခဲ့သည်။

ရောဘတ်သည် မော်တော်ကားကို ဖြည်းညင်းစွာမောင်းရင်း သူ့ကိုနေ့ည သူ့နောက်ကို လိုက်လံဖမ်းဆီးရန် ကြံစည်နေသူများ၏ နေရာ၌ထားပြီး အား


www.burmeseclassic.com

www.burmeseclassic.com

စူးစိုက်၍ ထိုပုဂ္ဂိုလ်များကဲ့သို့ တွေးကြည့်နေသည်။

သူတို့က အီတလီနိုင်ငံတွင်းမှ ထွက်ပြေးသွားနိုင်သောလမ်း မှန်သမျှ ဆို့ပိတ်၍ ထားပေလိမ့်မည်။ နိုင်ငံတွင်းမှ ထွက်ခွာသွားသောသင်္ဘော မှန်သမျှ ရှာဖွေနေကြပေလိမ့်မည်။

ဤတွင် အစီအစဉ်တစ်ခုကို တွေးလိုက်မိတော့သည်။

သူတို့သည် အီတလီနိုင်ငံထဲမှ နိုင်ငံပြင်ပသို့ မထွက်ခွာသောသင်္ဘောများကို ရှာဖွေရန် အကြောင်း မရှိပါ။

'ဒါ ငါ့အတွက် အခွင့်အရေးတစ်ခုပဲ' ဟု ရောဘတ်က တွေးလိုက်သည်။

သူသည် သင်္ဘောဆိပ်သို့ နောက်တစ်ကြိမ် ပြန်သွားလေ၏။

ရွှေငွေရတနာဆိုင်၏ တံခါးပေါ်မှ ခေါင်းလောင်းသေးသေးကလေး အသံ မြည်လာသဖြင့် ဂမ်ဘီနိုက မော့ကြည့်လိုက်သည်။ အရောင်ရင့်ရင့် ဝတ်စုံများကို ဝတ်ဆင်ထားသူနှစ်ဦး ဝင်လာကြသည်။ သူတို့သည် ဝယ်နေကျ ဖောက်သည်များ မဟုတ်ကြပါ။

"ကျုပ် ခင်ဗျားတို့ကို ကူညီနိုင်ပါသလား"

"မစ္စတာ ဂမ်ဘီနိုလား"

သူက သွားတုများပေါ်အောင် ပါးစပ်ကို ဟပြလိုက်သည်။

"ဟုတ်ပါတယ်"

"ခင်ဗျားက မြလက်ကောက်တစ်ကွင်းနဲ့ ပတ်သက်ပြီး တယ်လီဖုန်းဆက်ခဲ့တယ်"

စီဖာပဲ။ ဂမ်ဘီနိုက သူတို့ကို စောင့်မျှော်နေပါသည်။ သို့ရာတွင် ဤတစ်ကြိမ်၌ သူသည် ဥပဒေဘက်တော်သား ဖြစ်နေသည်။

"မှန်ပါတယ်၊ မျိုးချစ်စိတ်ရှိတဲ့ နိုင်ငံသားတစ်ယောက် အနေနဲ့ ကျုပ်ရဲ့ တာဝန်ဝတ္တရားအတိုင်း . . ."

"အပိုတွေ ပြောမနေနဲ့ဗျာ၊ အဲဒါကို ဘယ်သူ ယူလာတာလဲ"

"ကာလိုလို့ခေါ်တဲ့ ချာတိတ် တစ်ယောက်ပါ"

"သူက လက်ကောက်ကို ထားခဲ့သလား"

"ဟင့်အင်း၊ သူက အဲဒါကို ပြန်ယူသွားပါတယ်"

"ကာလိုရဲ့ နောက်နာမည်တစ်လုံးက ဘာလဲ"

ဂမ်ဘီနိုက ပခုံးတစ်ဖက်ကို ပင့်တင်လိုက်၏။

"ကျုပ်က သူ့နာမည်ရဲ့ နောက်စာလုံးတစ်လုံးကို မသိပါဘူး၊ သူက ဒိုင်ယာဘိုလီရိုစီဂိုဏ်းက ချာတိတ်တစ်ယောက်ပါ၊ အဲဒါက ဒီအရပ်ဒေသရဲ့ လူဆိုးဂိုဏ်း တစ်ဂိုဏ်းပါ၊ အဲဒီဂိုဏ်းခေါင်းဆောင်က လူကာပါ"

"ဒီလူကာဆိုတဲ့ ကောင်ကို ကျုပ်တို့က ဘယ်မှာ ရှာတွေ့နိုင်သလဲ"

ဂမ်ဘီနို တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ သူက နှုတ်လမ်းညွှန်လိုက်ကြောင်း လူကာ သိသွားခဲ့သော် သူ့လျှာကို အဖြတ်ခံရပေလိမ့်မည်။ အကယ်၍ ဒီလူတွေ သိချင်သည့်ကိစ္စကို သူက ထုတ်မပြောခဲ့သော် သူ့ဦးနှောက် ပွင့်ထွက်သွားအောင် အရိုက်ခံရပေလိမ့်မည်။

"သူက ပီယာဇာ ဂယ်ရီဘောလ်ဒီ နောက်ဘက်က ပီယာဆော်ဆဲလားမှာ နေပါတယ်"

"ကျေးဇူးတင်ပါတယ် မစ္စတာ ဂမ်ဘီနို၊ ခင်ဗျားက တော်တော်ကြီးကို အကူအညီပေးခဲ့ပါတယ်"

"ကျုပ်ကလည်း ပျော်ရွှင်စွာနဲ့ အမြဲတမ်း ကူညီဖို့ အဆင်သင့် . . ."

ထိုပုဂ္ဂိုလ်များ မရှိကြတော့လေပြီ။

ထိုလူနှစ်ယောက်က လူကာ၏ အိမ်ခန်းတံခါးကို အတင်းတွန်းဝင်သွားချိန်တွင် လူကာသည် သူ၏အမျိုးသမီးမိတ်ဆွေနှင့် အိပ်ရာထဲ၌ ရှိနေခိုက် ဖြစ်သည်။

လူကာသည် အိပ်ရာထဲမှ ခုန်ထလိုက်၏။

"ဒါက ဘာလုပ်တာလဲ၊ မင်းတို့က ဘယ်သူတွေလဲ"

လူနှစ်ယောက်အနက် တစ်ယောက်က စိစစ်ရေးကတ်ပြားကို ထုတ်ပြလိုက်သည်။

'စီဖာကပါကလား'

သူ တံတွေးကို မျိုချလိုက်သည်။

"ကျုပ် မဟုတ်တာဆိုလို့ ဘာမှ မလုပ်ရပါလားဗျာ၊ ကျုပ်က ဥပဒေကို လေးစားလိုက်နာတဲ့ . . ."

"အဲဒါကို ငါတို့သိတယ် လူကာ၊ ငါတို့က မင်းကို စိတ်ဝင်စားတာ မဟုတ်ဘူး၊ ငါတို့က ကာလိုဆိုတဲ့ ကောင်လေးတစ်ယောက်ကို စိတ်ဝင်စားနေတာ"

'ကာလိုတဲ့လား၊ ဒါဆိုရင် ခုကိစ္စက ဒါပဲကိုး၊ တော်တော် ကောင်းကျိုးမပေးတဲ့လက်ကောက်' ဟု တွေးလိုက်မိသည်။'

ကာလိုက ဘာတွေများ လျှောက်လုပ်ခဲ့ပါလိမ့်၊ စီဖာသည် အခိုးခံရသော လက်ဝတ်ရတနာများနောက်သို့ လိုက်လံစုံစမ်းလေ့ မရှိပါ။

"ကဲ - မင်းက သူ့ကိုသိတယ် မဟုတ်လား"

"ကျုပ် သိနိုင်ပါတယ်"

"မင်းအနေနဲ့ မသေချာဘူးဆိုရင် မင်းရဲ့မှတ်ဉာဏ်ကို ပြန်သတိရလာအောင် ငါတို့ရဲ့ရုံးချုပ်မှာ လုပ်ပေးမယ်လေ"

"နေပါဦး၊ ကျုပ် အခု သတိရလာပါပြီဗျာ၊ ခင်ဗျားတို့က ကာလိုတော်လီကို ပြောတာ ဖြစ်ရမယ်၊ သူက ဘာဖြစ်လို့လဲ"

"ငါတို့က သူနဲ့ စကားပြောချင်တယ်၊ သူက ဘယ်မှာ နေသလဲ"

ဒိုင်ယာဗိုလီရိုစီဂိုဏ်းမှ အဖွဲ့ဝင်တိုင်းသည် သွေးသောက်၍ သစ္စာဆိုထားကြရသည်။ အခြား အဖွဲ့ဝင်တစ်ယောက်ယောက်အပေါ်တွင် သစ္စာ မဖောက်ဘဲ အသေခံသွားရမည်ဟု သစ္စာဆိုထားခြင်း ဖြစ်သည်။ ထိုအချက်ကြောင့် ဒိုင်ယာဗိုလီရိုစီဂိုဏ်းသည် နာမည် အလွန်ကြီးနေခြင်း ဖြစ်သည်၊ သူတို့က တစ်စိတ်တည်း တစ်ဝမ်းတည်း ပုဂ္ဂိုလ်များပင်တည်း။

အများအတွက် တစ်ယောက်၊ တစ်ယောက်အတွက် အများပင်တည်း၊

"မင်းက မြို့ထဲကို ခရီးသွားချင်လို့လား"

"ဘာကိစ္စအတွက်လဲ"

လူကာက ပခုံးကိုတွန့်ပြလိုက်သည်၊ သူက ကာလို၏လိပ်စာကို [illegible] လိုက်လေ၏။

နောက်ထပ် မိနစ်သုံးဆယ်ကြာသောအခါ ပိုင်ယာက [illegible]







www.burmeseclassic.com

www.burmeseclassic.com



သည်တွင် မတ်တတ်ရပ်နေသော လူစိမ်းနှစ်ယောက်ကို တွေ့လိုက်ရလေတော့သည်။

"ဆီညော်ရီနာ တော်လီလား"

ပြုံးသနာပဲ။

"ဟုတ်ကဲ့ရှင့်"

"ကျုပ်တို့ အထဲကို ဝင်လို့ရမလား"

သူက 'မဝင်နဲ့' ဟု ပြောလိုက်ချင်ပါ၏။ သို့ရာတွင် မပြောရဲပါ။

"ရှင်တို့က ဘယ်သူတွေလဲ"

အမျိုးသားတစ်ယောက်က ပိုက်ဆံအိတ်တစ်အိတ်ကို ဆွဲထုတ်လိုက်ပြီး စိစစ်ရေးကတ်ပြားတစ်ခုကို ဖွင့်ခနဲ ပြလိုက်သည်။ စီဖာကပါကလား။ ဤပုဂ္ဂိုလ်များသည် သူနှင့် အပေးအယူ လုပ်ထားသူများ မဟုတ်ပါ။ သူတို့က ပိုင်ယာ့အား ဆုကြေးငွေကို မရအောင် ဟန့်တားမည့်သူများ ဖြစ်သည်ဟု တွေးမိပြီး အထိတ်တလန့် ဖြစ်လာသည်။

"ရှင်တို့က ကျွန်မနဲ့ ဘာကိစ္စရှိလို့ပါလဲ"

"ကျုပ်တို့က မင်းကို တစ်ခွန်းနှစ်ခွန်းလောက် မေးချင်လို့ပါ"

"မေးပါ။ ကျွန်မမှာ ဖုံးကွယ်ထားစရာ ဘာမှ မရှိပါဘူး"

'ရောဘတ် အပြင်ထွက်နေလို့ တော်သေးတာပေါ့။ ငါက ခုထက်ထိ အပေးအယူလုပ်နိုင်သေးတယ်' ဟု ပိုင်ယာက တွေးလိုက်သည်။

"မင်း မနေ့က ဒီကို ရောမက မော်တော်ကားနဲ့ လာခဲ့တာ မဟုတ်လား"

မေးခွန်း မဟုတ်ပါ။ အကြောင်းအရာ တစ်ရပ်ကို ပြောပြလိုက်ခြင်းသာ ဖြစ်သည်။

"ဟုတ်ပါတယ်၊ အဲဒါက ဥပဒေနဲ့ ဆန့်ကျင်နေလို့လား၊ ကျွန်မက သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းမိလို့လား"

ထိုပုဂ္ဂိုလ်က ပြုံးလိုက်သည်။ သို့ရာတွင် သူ့မျက်နှာပေါ်က အမူအရာသည် ပြောင်းလဲမသွားပါ။

"မင်းနဲ့အတူတူ အဖော်တစ်ယောက် ပါလာတယ် မဟုတ်လား"

ပိုင်ယာက သတိထားပြီး ဖြေလိုက်သည်။

"ဟုတ်ပါတယ်"

"သူက ဘယ်သူလဲ ဆီညော်ရီနာ"

ပိုင်ယာက ပခုံးတွန့်လိုက်၏။

"လမ်းပေါ်မှာ ကျွန်မ တွေ့လာတဲ့လူတစ်ယောက်၊ သူက နေပဲလ်စ်ကို ကားကြုံလိုက်ချင်တယ် . . ."

ဒုတိယပုဂ္ဂိုလ်က မေးလိုက်သည်။

"သူက အခု မင်းနဲ့ နေသလား"

"သူ ဘယ်မှာလဲဆိုတာ ကျွန်မ မသိဘူး၊ ကျွန်မက သူ့ကို မြို့အဝင်မှာ ချထားပေးခဲ့တယ်၊ သူလည်း ပျောက်သွားတော့တာပဲ"

"မင်းနဲ့ ကားစီးလာတဲ့လူ နာမည်က ရောဘတ်ဘယ်လာမီ မဟုတ်လား"

ပိုင်ယာက မျက်ခုံးတွန့်၍ စဉ်းစားလိုက်သည်။

"ဘယ်လာမီ၊ ဟုတ်လား၊ ကျွန်မ မသိဘူး၊ သူက သူ့နာမည် ကျွန်မကို





ပြောခဲ့တယ်လို့ မထင်ဘူး"

"အံမယ်၊ မင်းသိတယ်လို့ ငါတို့ထင်တယ်၊ သူက မင်းကို တော်ဒီအွမ်တိုမှာ ခေါ်ခဲ့တယ်၊ မင်းက သူနဲ့အတူ အယ်လ်အင်ကရိုစီယို ဟိုတယ်မှာ တစ်ည အိပ်ခဲ့တယ်၊ နောက်တစ်နေ့ မနက်ကျတော့ သူက မင်းကို မြလက်ကောက်တစ်ကွင်း ဝယ်ပေးတယ်၊ သူက မင်းကို လေယာဉ်ပျံလက်မှတ်တွေ၊ ရထားလက်မှတ်တွေနဲ့ ဟိုတယ်တချို့ကို လှတ်လိုက်တယ်၊ မင်းက မော်တော်ကားတစ်စီးငှားပြီး နေပဲလ်စ်ကို လာခဲ့ကြတယ်၊ ကဲ - ဟုတ်ရဲ့လား"

သူတို့ အားလုံး သိနေတာပဲ။

ပိုင်ယာက ခေါင်းညိတ်သည်။ သူ့မျက်လုံးထဲတွင် ကြောက်စိတ်များ ဖြစ်ပေါ်လာသည်။

"မင်းသူငယ်ချင်း ဒီကို ပြန်လာမှာလား၊ ဒါမှမဟုတ် သူ နေပဲလ်စ်က ထွက်သွားပြီလား"

မည်ကဲ့သို့ အကောင်းဆုံးဖြစ်အောင် ဖြေရမည်ကို သူက စဉ်းစားရင်း လာ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ အကယ်၍ သူက ရောဘတ်ကို ဒီမြို့က ထွက်ခွာသွားပြီဟု ပြောခဲ့သည် ဆိုကြပါစို့။ ဘာပဲပြောပြော သူတို့က ယုံကြည်မည် မဟုတ်ပါ။ သူတို့သည် အိမ်ကနေ၍ စောင့်နေကြမည်ဖြစ်ပြီး ရောဘတ် ပြန်လာချိန်တွင် သူတို့က ပိုင်ယာ့ကို ရောဘတ်အတွက် လိမ်ညာပေးနေသည်ဟု ယူဆပြီး သူ့ကို ကြံရာပါအဖြစ် အရေးယူကြလိမ့်မည်။ အမှန်အတိုင်း ပြောတာက သူ့အတွက် ပိုကောင်းလိမ့်မည်ဟု ပိုင်ယာက ဆုံးဖြတ်လိုက်သည်။

ပိုင်ယာက ဖြေလိုက်၏။

"သူ ပြန်လာမှာပါ"

"မကြာခင်လား"

"ကျွန်မ သိပ်မပြောတတ်ဘူး"

"အင်းလေ၊ ငါတို့က ဒီမှာ အေးအေးဆေးဆေး နေကြမယ်လေ၊ ငါတို့က ဒီဟိုဒီဒီ လျှောက်ကြည့်တာကို မင်း စိတ်မဆိုးပါဘူးနော်"

သူတို့က သေနတ်များကိုမြင်အောင် အင်္ကျီကို လှန်ပြလိုက်ကြသည်။

"မ . . . မဆိုးပါဘူး"

သူတို့က လူစုခွဲပြီး အိမ်ထဲတွင် လှုပ်ရှားနေကြသည်။

မာမာသည် မီးဖိုချောင်ထဲမှ ဧည့်ခန်းထဲသို့ ဝင်လာသည်။

"ဒီလူတွေက ဘယ်သူတွေလဲ"

ပိုင်ယာက ပြောလိုက်သည်။

"သူတို့က မစ္စတာဂျူးစ်ရဲ့ မိတ်ဆွေတွေပါ၊ သူတို့က မစ္စတာဂျူးစ်နဲ့ လာတွေ့ကြတာပါ"

မာမာ့မျက်နှာ ဝင်းထိန်သွားသည်။

"သိပ်ကိုတော်တဲ့ လူကလေးပဲ၊ မောင်ရှင်တို့က နေ့လယ်စာ စားကြမယ် မဟုတ်လား"

"သိပ်စားတာပေါ့ မာမာရယ်၊ ကျုပ်တို့ ဘာတွေ စားကြရမှာလဲ" ဟု တစ်ယောက်က မေးလိုက်လေ၏။

*



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ယာ၏စိတ်ထဲတွင် ဝလောင်ဆူနေသည်။

'ငါ အင်တာပိုလ်နဲ့ ထပ်ဆက်သွယ်ရလိမ့်မယ်' ဟု ပိုင်ယာက တွေးလိုက်မိသည်။

'သူတို့က ငါ့ကို ဒေါ်လာငါးသောင်း ပေးမယ်လို့ ပြောတာပဲ'

ခုလောလောဆယ်တွင် ပိုင်ယာ့အနေနှင့် ရောဘတ်ကို ဖမ်းဆီးရေး အစီအစဉ်များ မလုပ်ရသေးခင် ရောဘတ်ကို ဤအိမ်နှင့် ခပ်ဝေးဝေး ရောက်နေအောင် လုပ်ထားဖို့လိုသည်။ သို့ရာတွင် ဘယ်လို လုပ်မည်လဲ။

သူသည် မနက်ပိုင်းက သူတို့ ပြောခဲ့ဆိုခဲ့သောစကားများကို ပြန်ပြီး ပြန်သတိရလာသည်။

'တကယ်လို့ ပြဿနာရှိနေပြီဆိုရင် မင်းက ခန်းဆီးတစ်စကို အောက်ချ ချထားရမယ်'

ထိုလူနှစ်ယောက်သည် ထမင်းစားခန်းထဲ၌ ထိုင်ရင်း စားသောက်နေကြ သည်။

"ဒီအခန်းထဲမှာ သိပ်ပြီး လင်းနေတယ်" ဟု ပိုင်ယာက ပြောလိုက်သည်။

ပိုင်ယာသည် ထလိုက်ပြီးနောက် ဧည့်ခန်းထဲသို့ သွားလိုက်ပြီး ပြတင်း ပေါက်မှ ခန်းဆီးအစကို အောက်ဘက်သို့ ဆွဲချလိုက်သည်။

ထို့နောက် ပိုင်ယာသည် စားပွဲဆီသို့ ပြန်လျှောက်သွားတော့သည်။

'အခုလို ကြိုတင်၍ သတိပေးထားတာကို ရောဘတ်က ပြန်သတိရပါစေ' ဟု ပိုင်ယာက တွေးနေသည်။

ရောဘတ်သည် သူထွက်ပြေးရမည့် အစီအစဉ်ကို ပြန်လှန်သုံးသပ်ရင်း အိမ်ဆီသို့ မောင်းနှင်လာနေသည်။

'အဲဒီအစီအစဉ်ဟာ ရာနှုန်းပြည့် ကောင်းတာတော့ မဟုတ်ဘူး။ ဒါပေမယ့် အနည်းဆုံး ငါ့အတွက် အချိန် အနည်းငယ်ရအောင် သူတို့ကို လမ်းလွှဲပေးနိုင် ကောင်းရဲ့' ဟု သူ တွေးနေသည်။

သူသည် အိမ်နှင့်နီးလာချိန်တွင် ကားအရှိန်ကိုလျှော့ချပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ အစစအရာရာသည် သာမန်အတိုင်း ရှိနေပုံရသည်။

သူက ပိုင်ယာ့ကို ထွက်ပြေးဖို့ သတိပေးပြီးလျှင် သူကိုယ်တိုင်လည်း ထွက် ပြေးတော့မည်။

ရောဘတ်က မော်တော်ကားကို အိမ်ရှေ့၌ ရပ်တန့်ရန် ကြံစည်လိုက်ပြီးမှ ထူးခြားသည့်ကိစ္စတစ်ခုကို သူ သတိပြုလိုက်မိတော့သည်။

အိမ်ရှေ့ဘက်မှ ပြတင်းပေါက်ခန်းဆီး တစ်ခုကို အောက်သို့ ဆွဲချထား သည်။ ကျန်ခန်းဆီးများကတော့ လိပ်တက်နေကြသည်။ ထိုကိစ္စမှာ တိုက်ဆိုင်မှု လည်း ဖြစ်ကောင်း ဖြစ်မည်။ သို့တိုင်အောင် အန္တရာယ် အချက်ပြခေါင်းလောင်း မြည်လာသည်။

သူ ပြောပြသည့် စကားကို ပိုင်ယာက လေးလေးနက်နက် လက်ခံခဲ့သေး သလား။ ထိုကိစ္စမှာ အချက်ပြမှု တစ်မျိုးမျိုးပင် ဖြစ်လေရော့သလား။

ရောဘတ်က လီဗာကို ဖိနင်းလိုက်ပြီးနောက် ဆက်မောင်းလာခဲ့သည်။ ထိုကိစ္စသည် မည်မျှပင် အလှမ်းကွာဝေးစေကာမူ သူက မည်သည့်နည်းနှင့်မျှ





မစွန့်စားရဲပါ။ သူသည် တစ်မိုင် အကွာအဝေး၌ရှိသော အရက်ဆိုင်သို့ မောင်း သွားပြီး တယ်လီဖုန်းဆက်ရန် ဆိုင်ထဲသို့ ဝင်သွားသည်။

တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာချိန်တွင် သူတို့သည် ထမင်းစားခန်း ထဲ၌ ထိုင်နေကြခိုက် ဖြစ်သည်။ ထိုလူနှစ်ယောက်သည် တောင့်တင်းသွားကြ သည်။ တစ်ယောက်က ထိုင်ရာမှ ထပြူသည်။

"ဘယ်လာမီက ဒီကို တယ်လီဖုန်းဆက်မှာလား"

ပိုင်ယာက သူ့ကို အထင်သေးသောမျက်နှာဖြင့် ကြည့်လိုက်သည်။

"မဆက်ပါဘူး၊ သူက ဘာဖြစ်လို့ ဆက်ရမှာလဲ"

ပိုင်ယာက ထိုင်ရာမှထပြီး တယ်လီဖုန်းဆီသို့ လျှောက်သွားသည်။

"ပိုင်ယာ၊ ပြတင်းပေါက် ခန်းဆီးအစကို ငါမြင်တယ်၊ ပြီးတော့လည်း. . ."

သူ့အနေနှင့် 'လုပ်ရမည့်ကိစ္စမှာ အစစအရာရာ အဆင်ပြေပါသည်' ဟူ၍ ပြောလိုက်ရုံမျှနှင့် ရောဘတ်သည် အိမ်သို့ ပြန်လာပေလိမ့်မည်။ ထိုလူများက သူ့ကို ဖမ်းဆီးလိုက်ကြမည် ဖြစ်သလို ပိုင်ယာ့အနေနှင့်လည်း ဆုကြေးငွေကို တောင်းခံနိုင်ပါလိမ့်မည်။ သို့ရာတွင် သူတို့က ရောဘတ်ကို ဖမ်းရုံမျှသာ ဖမ်းကြ မည်လော။

'ပုလိပ်တွေက ငါ့ကိုတွေ့ရင် ပစ်သတ်ဖို့ အမိန့်ပေးထားတယ်' ဆိုသော ရောဘတ်၏အသံကို ပြန်ကြားယောင်လာမိသည်။

စားပွဲတွင် ထိုင်နေသူနှစ်ယောက် ပိုင်ယာ့ကို ငေးကြည့်နေကြသည်။

ဒေါ်လာငါးသောင်းဆိုလျှင် သူ့အနေနှင့် လုပ်နိုင်စရာတွေ အများကြီးရှိ သည်။ အဝတ်အစားလှလှကလေးတွေ ဝယ်နိုင်သည်။ သင်္ဘောစီးပြီး အပျော် ခရီး ထွက်နိုင်မည်။ ရောမတွင် အိမ်ခန်းလှလှကလေးတစ်ခုကို ဝယ်နိုင်မည်။ ဒါဆိုရင်တော့ ရောဘတ်သည် သေသွားပေလိမ့်မည်။ ဒါ့အပြင် ပိုင်ယာသည် ထိုကောက်ပုလိပ်တွေကို မုန်းတီးပါသည်။

ပိုင်ယာက တယ်လီဖုန်းထဲသို့ ပြောချလိုက်၏။

"ရှင် နံပါတ်မှားနေပြီ"

ရောဘတ်သည် ဂျောက်ခနဲ မြည်သွားသောအသံကို ကြားလိုက်ရသဖြင့် တိတ်တိတ်ရပ်ရင်း ကြက်သေသေနေသည်။

ရောဘတ် ပြောခဲ့သမျှ ဖြီးလုံးဖြန်းလုံးတွေကို ပိုင်ယာက ယုံကြည်ခဲ့သည်။ ထိုယုံကြည်မှုက သူ့အသက်ကို ကယ်ဆယ်လိုက်ခြင်း ဖြစ်နိုင်ပါသည်။ သူ့ကို ဘုရားသခင်က ကောင်းချီးပေးပါစေ။

ရောဘတ်က ကားကိုပြန်ကွေ့ပြီး အိမ်နှင့်ဝေးရာ ပင်လယ်ဆိပ်ကမ်းဆီသို့ မောင်းနှင်လာခဲ့သည်။ သို့ရာတွင် အီတလီမှ နိုင်ငံရပ်ခြားသို့သွားသော ကုန် သင်္ဘောကြီးများနှင့် အခြား သင်္ဘောကြီးများ ဆိုက်ကပ်ရာ ပင်မဆိပ်ကမ်းများ ဆီသို့ သွားခဲ့ခြင်း မဟုတ်ပါ။ သူက အခြား တစ်ဖက်သို့ မောင်းနှင်ခဲ့ပြီး ဆန်ကာ လိုစီယာကို ကျော်ဖြတ်၍ စကားပြောကြေးနန်းရုံကလေးပေါ်တွင် ကက်ပရီနှင့် ဆက်စ်ကြာ ဟု ရေးထားသော ဆိုင်းဘုတ်ကလေးရှိသည့် ဆိပ်ကမ်းငယ်ကလေး တစ်ခုဆီသို့ မောင်းနှင်လာခဲ့သည်။

ရောဘတ်က မော်တော်ကားကို အလွယ်တကူ ရှာတွေ့နိုင်မည့် နေရာ၌ ထားခဲ့ပြီး လက်မှတ်ရောင်းသူထံသို့ လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အက်စ်ကြာကျွန်းကို နောက်ထွက်မယ့် ဟိုက်ဒရိုဖွိုင်က ဘယ်တော့ထွက်မှာလဲ"

"မိနစ်သုံးဆယ်အတွင်းပါ"

"ကက်ပရီကိုရော"

"ငါးမိနစ်ပါ"

"ကျုပ်ကို ကက်ပရီအတွက် အသွားလက်မှတ်တစ်စောင်ပေးပါ"

"ဟုတ်ကဲ့ပါ ဆီညော်ရီ"

"ဆီညော်ရီလို့ပြောတာ ဘာသဘောလဲဗျ"

ရောဘတ်က အသံကျယ်ကျယ်နှင့် ပြောလိုက်သည်။

"ခင်ဗျားက လူတိုင်းလို ဘာဖြစ်လို့ အင်္ဂလိပ်လို မပြောနိုင်ရတာလဲ"

ထိုပုဂ္ဂိုလ်၏ မျက်စိသည် အထိတ်တလန့် ဖြစ်မှုကြောင့် ပြူးကျယ်သွားသည်။

"မင်းတို့ ဂင်နီလူမျိုးတွေဟာ တစ်ပုံစံတည်းပဲ၊ သိပ်ကို မိုက်မဲကြတယ်။ ဒါမှမဟုတ် မင်းတို့လူမျိုးတွေပြောတဲ့စကားအတိုင်း မိုက်မဲကြတယ်လို့ ပြောရမယ်"

ရောဘတ်က ထိုသူထံ ပိုက်ဆံထိုးထည့်ပေးပြီး လက်မှတ်ကိုဆွဲယူ၍ ဟိုက်ဒရိုဖွိုင်ကူးတို့သင်္ဘောဆီသို့ လျှောက်သွားလေတော့သည်။

နောက်ထပ် သုံးမိနစ် ကြာသောအခါ သူသည် ကက်ပရီကျွန်းဆီသို့ ခရီး စတင်စပြုခဲ့ပါပြီ။

ကူးတို့သင်္ဘောသည် အစပိုင်းတွင် ရေလက်ကြားအတိုင်း သတိထား၍ ခပ်ဖြည်းဖြည်း မောင်းနှင်နေသည်။ အပြင်ဘက် နယ်နိမိတ်သို့ ရောက်ရှိသည့်အခါတွင် ကူးတို့သင်္ဘောသည် ရှေ့ဘက်သို့ တစ်ဟုန်ထိုး မောင်းနှင်ပြီး အလွန်ကျက်သရေရှိလှသော လင်းပိုင်ကြီးပမာ ရေပေါ်မှ ကြွတက်နေလေတော့သည်။

ကူးတို့သင်္ဘောပေါ်တွင် နိုင်ငံပေါင်းစုံမှ ခရီးသည်များ လိုက်ပါလာကြပြီး ဘာသာမျိုးစုံနှင့် ပျော်ရွှင်စွာ စကားစမြည် ပြောဆိုနေကြသည်။ မည်သူကမျှ ရောဘတ်ကို သတိထားနေကြခြင်း မရှိပါ။

သူသည် အရက်ရောင်းချသည့်ဘားဆီသို့ လျှောက်လာခဲ့သည်။ သူက အရက်ရောင်းသူကို -

"တော့ဒ်ကာနှင့် တော်နစ်ပေးပါ" ဟု ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ ခင်ဗျာ"

အရက်ရောင်းသူ ရောစပ်နေသည်ကို သူက စောင့်ကြည့်နေလေသည်။

"ဟောဒီမှာ ရပါပြီ ဆရာ"

ရောဘတ်က ဖန်ခွက်ကိုကောက်ယူပြီး တစ်ငုံသောက်ကြည့်လိုက်၏။

"မင်းက ဒါကို အရက်လို့ခေါ်သလားကွာ" ဟု သူက ပြောလိုက်၏။

"မြင်းသေးရည်အရသာ ကျနေတာပဲ၊ မင်းတို့ သောက်တီတာလျှံလူမျိုးတွေ ဘာဖြစ်ကုန်ကြပြီလဲ"

သူ့နံဘေး ပတ်ပတ်လည်ရှိ ပုဂ္ဂိုလ်များက လှည့်ကြည့်ကြသည်။ အရက်ရောင်းသူက ထိတ်ထိတ်လန့်လန့်နှင့် -

"ကျုပ် ဝမ်းနည်းပါတယ် ဆီညော်ရီ၊ ကျုပ်တို့က အကောင်းဆုံးကိုပဲ သုံးစွဲ





"ငါ့ကို အဲဒီလို လာမဖြီးနဲ့"

အနီးအနားတွင်ရှိသော အင်္ဂလိပ်လူမျိုးတစ်ယောက်က မာမာတောင့်တောင့် လေသံနှင့် -

"အမျိုးသမီးတွေ ရှိနေတယ်ဗျ၊ ခင်ဗျားရဲ့ စကားအသုံးအနှုန်းကို ဖြည့်သုံးပါ" ဟု ပြောလိုက်သည်။

ရောဘတ်က အော်ပြောလိုက်၏။

"ကျုပ်ရဲ့စကား အသုံးအနှုန်းကို ကျုပ်က ဂရုစိုက်စရာ မလိုဘူး၊ ကျုပ် ဘယ်သူလဲဆိုတာ မင်းသိရဲ့လား၊ ကျုပ်က ကွန်မန်ဒါ ရောဘတ်ဘဲ့လာမီကွ၊ ဒါပေမဲ့လည်း သူတို့က ဒါကို သင်္ဘောလို့ခေါ် သတဲ့လား၊ ဒါက တကယ့်အစုတ်အပြတ်ကြီးပဲ"

သူသည် သင်္ဘောရှေ့ဦးပိုင်းကို လျှောက်သွားပြီး ထိုင်ချလိုက်သည်။ အခြား ခရီးသည်များက သူ့ကို ဝိုင်းကြည့်နေကြကြောင်း သူ သိပါ၏။ သူ့နှလုံးသည် တဒုန်းဒုန်း ခုန်နေသည်။ သို့ရာတွင် သူ့ဖုတ်ကြမ်းက မပြီးဆုံးသေးပါ။

ကူးတို့သင်္ဘောသည် ကက်ပရီကျွန်းသို့ ဆိုက်ကပ်လိုက်သည်နှင့် တစ်ပြိုင်နက် သူသည် တောင်ထိပ်သို့ ကြိုးနှင့်ဆွဲတင်သောရထားအတွက် လက်မှတ်ရောင်းသည့် ရုံကလေးဆီသို့ လျှောက်သွားခဲ့သည်။ လက်မှတ်ရုံထဲတွင် အသက်ခပ်ကြီးကြီး အမျိုးသားတစ်ယောက်က လက်မှတ်များကို ရောင်းနေသည်။

ရောဘတ်က အော်ပြောလိုက်၏။

"လက်မှတ်တစ်စောင် မြန်မြန်ရောင်းပါဗျ၊ ကျုပ်မှာ အချိန် မရှိဘူး၊ ဘာပဲပြောပြော ခင်ဗျားဟာ လက်မှတ်ရောင်းဖို့ မကောင်းတော့ဘူး၊ သိပ် အသက်ကြီးလွန်းနေပြီ၊ ခင်ဗျားအိမ်မှာပဲ နေဖို့ကောင်းတယ်၊ ခင်ဗျားမိန်းမက အိမ်နီးနားချင်းတွေနဲ့ ဖောက်ပြားနေချင် ဖောက်ပြားနေမှာဗျ"

ထိုအဘိုးကြီးသည် ဒေါသကြောင့် မတ်တတ်ရပ်စပြုသည်။ ဖြတ်သွားသူများကလည်း ရောဘတ်ကို ဒေါသနှင့် ဝိုင်းကြည့်ကြသည်။ ရောဘတ်က လက်မှတ်ကို ဆွဲယူလိုက်ပြီး လူပြည့်နေသောရထားထဲသို့ ဝင်လိုက်သည်။

'သူတို့က ငါ့ကို မှတ်မိကြမှာပါ' ဟု ရောဘတ်က တွေးလိုက်၏။

သူက မည်သူမျှ မျက်စိမလျှမ်းနိုင်သော လမ်းကြောင်းကို ထွင်ပေးခဲ့ပြီပဲ။

ရထားရပ်တန့်သွားသောအခါ ရောဘတ်သည် လူအုပ်ကြားထဲမှ တိုးထွေ့ပြီး ထွက်လာခဲ့သည်။ သူက လေတဟူးဟူး တိုက်နေသော ဗီယာဝစ်တိုရီယိုအီမန်နူလီအတိုင်း လျှောက်သွားပြီး ကွီစီစာနာဟိုတယ်သို့ သွားရောက်ခဲ့သည်။

ရောဘတ်က စားပွဲနောက်မှ စာရေးကို ပြောလိုက်၏။

"ကျုပ် အခန်းတစ်ခန်း လိုချင်တယ်"

စာရေးက တောင်းပန်လိုက်သည်။

"ကျုပ် ဝမ်းနည်းပါတယ်၊ ကျုပ်တို့ဆီမှာ အခန်းတိုင်းကို ငှားပြီးသား ဖြစ်နေပါပြီ၊ တစ်ခုတော့ . . ."

ရောဘတ်က သူ့ကို လိုင်ယာခြောက်ထောင် လှမ်းပေးလိုက်သည်။

"ဘယ်အခန်းပဲရရ ဖြစ်ပါတယ်"

"အဲလေ - ဒါဆိုရင်တော့ ခင်ဗျားအတွက် နေရာစီစဉ်ပေးနိုင်ပါတယ် ဆီညော်ရီ၊ ခင်ဗျားက မှတ်တမ်းထဲမှာ ကျေးဇူးပြုပြီး ရေးပေးပါ



www.burmeseclassic.com

www.burmeseclassic.com

ရောဘတ်က ကွန့်မြန်ဒါ ရောဘတ်ဘယ်လာမီ ဟု လက်မှတ်ထိုးထိုး သည်။

"ခင်ဗျား ဒီဟိုတယ်မှာ ဘယ်လောက်ကြာကြာ တည်းခိုမှာလဲ ကွန်မန်ဒါ"

"တစ်ပတ်"

"ဒါဆိုရင် သိပ်ကောင်းပါတယ်၊ ခင်ဗျားရဲ့ နိုင်ငံကူးလက်မှတ်ကို ပြန်ပေး ပါရစေ"

"အဲဒါက ကျုပ်ရဲ့အဝတ်အစားသေတ္တာထဲမှာ၊ အဲဒါက ဒီကို မိနစ်ပိုင်း အတွင်း ရောက်လာပါလိမ့်မယ်"

"ကျုပ်က အလုပ်သမားကလေးတစ်ယောက်နဲ့ ခင်ဗျားကို ခင်ဗျားအခန်း လိုက်ပို့ပေးခိုင်းပါ့မယ်"

"အခုတော့ မလိုသေးဘူး၊ ကျုပ်က အပြင်ကို ခဏထွက်စရာ ရှိသေး တယ်၊ ခုချက်ချင်း ပြန်လာခဲ့မယ်"

ရောဘတ်သည် ဧည့်ခန်းထဲမှ ထွက်ပြီး လမ်းပေါ်သို့ တက်လိုက်သည်။ အတိတ်မှ အရိပ်များသည် ဖြုန်းခနဲ တိုက်ခတ်လိုက်သည့် လေအေးကဲ့သို့ သူ့ကို ရိုက်ခတ်သွားတော့သည်။

သူသည် ဆူဆန်နှင့်အတူ ဤကျွန်းကလေးပေါ်တွင် လမ်းလျှောက်ခဲ့ဖြူး သည်။ လမ်းသေးလမ်းမြောင်ကလေးများကို နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းလေ့လာ ခဲ့ကြသည်။ ဗီယာအစ်ဂနာဇီယို စီရီယိုနှင့် ဗီယာဒီကာမ်ပို လမ်းများပေါ်တွင် အေးအေးလူလူ လမ်းလျှောက်ခဲ့ကြသည်။ ထိုအချိန်သည် သူတို့ကို ညှိမြူဖမ်း စားထားသည့်အချိန် ဖြစ်သည်။ သူတို့သည် ဂရော့ကာအရာကို သွားရောက် လည်ပတ်ခဲ့ကြသလို ဗီယာဇာအမ်ဘာတိုတွင် နံနက်ပိုင်း၌ ကော်ဖီသောက်ခဲ့ကြ သည်။ သူတို့သည် တောင်တက်မီးရထားနှင့် အနာကတ်ပရီ တောင်ပေါ်သို့ တက်ရောက်ခဲ့ကြပြီး တိုင်ဗားရီးယား၏စံအိမ်သို့ မြည်းစီး၍ သွားရောက်ခဲ့ကြ သည်။ မရီနာပီကိုလာရေအိုင်၏ မြသားပမာ စိမ်းလဲ့နေသောရေထဲတွင် ရေကူး ခဲ့ကြသည်။ သူတို့သည် ဗီယာဝစ်တိုရီယို အီမန်နူလီ လမ်းတစ်လျှောက်တွင် ဈေးဝယ်ထွက်ခဲ့ကြပြီး မွန်တီဆိုလာရို တောင်ထိပ်သို့ ကုလားထိုင်ကြိုးလှေကား နှင့် တက်ရောက်ခဲ့ကြသည်။ သူတို့၏ ခြေထောက်များသည် အရွက်များ ဝေဆာနေသော သစ်ပင်ထိပ်ဖျားများကို ပွတ်တိုက်သွားခဲ့ကြသည်။ သူတို့၏ ညာဘက်တွင်ရှိသော တောင်ဆင်ခြေလျှော တစ်လျှောက်ပေါ်တွင် အောက် ဘက်ရှိ ပင်လယ်ပြင်ဆီသို့ရောက်အောင် ဟိုတစ်စ သည်တစ်စ ရှိနေကြသည့် နေအိမ်များကို မြင်တွေ့နေကြရသည်။ ထိုနေအိမ်များရှိနေပုံသည် မြေပြင်ပေါ်၌ အဝါရောင် တံမြက်စည်းတစ်ချောင်းကို ထောင်ထားသည်နှင့် တူနေသည်။ စိမ်းစိုနေသောသစ်ပင်များ၊ ဖြူဖွေးနေသောတိုက်အိမ်များနှင့် ဟိုးခပ်ဝေးဝေးမှ ပြာလဲ့နေသောပင်လယ်ရေပြင်များ ရှိနေသည့် အရောင်မျိုးစုံလှသော ဒဏ္ဍာရီ နယ်မြေပေါ်တွင် သူတို့ ခရီးနှင်ခဲ့ရသည်မှာ ဆယ့်တစ်မိနစ် ကြာမြင့်ပါသည်။

တောင်ထိပ်သို့ ရောက်သောအခါတွင် သူတို့သည် ဘာဘာရိုဆာ စား သောက်ဆိုင်တွင် ကော်ဖီသောက်ခဲ့ကြပြီး ဘုရားသခင်၏ ကောင်းချီးပေးမှုကို ကျေးဇူးတင်ရန်အတွက် အင်နာကက်ပရီရှိ ဘုရားရှိခိုးကျောင်းကလေးသို့ သွား ရောက်ခဲ့ကြသည်။





ရောဘတ် အနေနှင့် ထိုစဉ်က သူတို့ကို ညှို့ယူ ဖမ်းစားထားသူသည် ...ဝရိကျွန်းသာ ဖြစ်သည်ဟု ယူဆခဲ့သည်။ သူ မှားယွင်းခဲ့ပါသည်။ သူ့ကို ...ားထားခဲ့သူမှာ ဆူဆန်ဖြစ်ပြီး ဖမ်းစားတတ်သူ မှော်ဆရာကြီးသည် ယခု ...ခဲ့ပေါ်မှ ဆင်းသွားခဲ့လေပြီ။

ရောဘတ်သည် ဗီယာဇာအမ်ဘာတိုရှိ တောင်တက်ရထားဘူတာရုံဆီသို့ ...သွားခဲ့ပြီး ထိုရထားနှင့် အောက်ဘက်သို့ ဆင်းလာခဲ့သည်။ အခြားခရီးသည် ... အကြားတွင် တိတ်ဆိတ်စွာ ရောနှောလိုက်ပါလာခဲ့သည်။

ထိုရထားသည် အောက်ဘက်သို့ ပြန်ရောက်သည့်အခါ သူသည် တွဲထဲမှ ...လိုက်ပြီး လက်မှတ်ရောင်းသူနှင့် မတွေ့အောင် ကွေ့ရှောင်၍ ထွက်လာခဲ့ ...။ သူသည် ကူးတို့သင်္ဘော ဆိုက်ကပ်သည့် လှေဆိပ်သို့ သွားရောက်ပြီး ...လေသံဝဲဝဲနှင့် အက်စ်ကြာကျွန်းသို့ ကူးတို့သင်္ဘော မည်သည့်အချိန်တွင် ...ကမည်နည်းဟု မေးလိုက်သည်။ အချိန်ကို သိရသောအခါ သူက လက်မှတ် ...စောင်ကို ဝယ်လိုက်သည်။

သူသည် ရေဆိပ်ရှိ အရက်ဆိုင်တစ်ဆိုင်သို့ သွားရောက်ပြီးနောက် နောက် ...တ် ခပ်ကျကျတွင်ထိုင်ရင်း စကော့ချ်ဝီစကီကို မျှဉ်းသောက်နေသည်။

ယခု အချိန်လောက်တွင် သူတို့သည် သူ့မော်တော်ကားကို ရှာတွေ့ ...သာက်ပြီ ဖြစ်သလို သူ့ကို လိုက်လံရှာဖွေမှုသည်လည်း ပို၍ နယ်ကျဉ်းလာခဲ့ သပြီ။

သူက ဥရောပတိုက်မြေပုံကို စိတ်ထဲက ဖြန့်ကြည့်လိုက်၏။ သူ့အနေနှင့် ...ပ်သင့်လုပ်ထိုက်သောကိစ္စမှာ သူသည် အင်္ဂလန်နိုင်ငံသို့ ဦးတည်၍ သွားရန် ...ဖြစ်ပြီး ထိုမှတစ်ဆင့် အမေရိကန်သို့ ပြန်နိုင်မည့် နည်းလမ်းတစ်ခုကို ရှာဖွေ ...န်ပင် ဖြစ်တော့သည်။

သူ့အနေနှင့် ပြင်သစ်နိုင်ငံဘက်သို့ ပြန်ရန်ဆိုသည့်ကိစ္စမှာ အဓိပ္ပာယ်မရှိ ...။ သို့ဖြစ်ပါက သူသည် ပြင်သစ်နိုင်ငံသို့ သွားရလိမ့်မည်ဟု ရောဘတ်က ...တွေးလိုက်သည်။ အီတလီနိုင်ငံမှ ထွက်ခွာရာတွင် အလွန်လူရှုပ်သော ဆိပ်ကမ်း မှာ စီဗီတာဗက်ချီယာပင် ဖြစ်သည်။

'ငါသည် စီဗီတာဗက်ချီယာမှ ဟောလစ်ယွန်ဆီသို့ သွားရမည်' ဟု တွေး လိုက်သည်။

သူသည် အရက်ဆိုင်ပိုင်ရှင်ထံမှ အကြွေလဲလိုက်ပြီးနောက် တယ်လီဖုန်း ဆက်လိုက်လေ၏။ မရိန်းအော်ပရေတာက သူ့ကို ဆက်သွယ်ပေးရန် ဆယ်မိနစ် မျှသာ ကြာမြင့်ခဲ့သည်။ ဆူဆန်က ချက်ချင်းလိုလို လာထူးသည်။

"ကျွန်မတို့က ရှင့်ဆီက အသံကို ကြားရအောင် ထိုင်စောင့်နေကြတာရှင့်"

'ကျွန်မတို့' ဆိုသော အသုံးအနှုန်းကို သူ စိတ်ဝင်စားမိသည်။

"အင်ဂျင်ကို ပြင်ပြီးသွားပါပြီ၊ ကျွန်မတို့က နေပဲလ်စ်မြို့ကို မနက်စောစော ရောက်အောင် လာနိုင်တယ်၊ ကျွန်မတို့က ရှင့်ကို ဘယ်မှာ လာခေါ်ရမလဲ"

ဟောလစ်ယွန် သင်္ဘော အနေနှင့် ဤနေရာသို့ လာရောက်ပါက အလွန် အန္တရာယ်ရှိပါလိမ့်မည်။ ရောဘတ်က ပြောလိုက်၏။

"မင်းက ပလ္လင်ဒရုမ်းကို မှတ်မိသေးသလား၊ အဲဒီနေရာကို ကိုယ်တို့ ... ရည်ဆမ်းခရီး ထွက်တုန်းက သွားခဲ့ကြတယ်လေ"


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာ . . ."

"ကိုယ်က သိပ်ကိုပင်ပန်းနေတော့ အဲဒါနဲ့ပတ်သက်ပြီး ဟာသတော[illegible] လုပ်ခဲ့သေးတယ်လေ"

တစ်ဖက်မှ အတန်ငယ်ကြာအောင် ငြိမ်ကျသွားသည်။ ထို့နောက် ဆူဆ[illegible] က ညင်သာစွာ ပြောလိုက်၏။

"ကျွန်မ မှတ်မိပါတယ်"

"ဟောလ်စီယွန်က ကိုယ့်ကို နက်ဖြန်ခါကျရင် အဲဒီနေရာမှာ လာခေါ်[illegible] မလား"

"ခဏလေး ကိုင်ထားနော်"

သူ စောင့်နေသည်။

ဆူဆန်က တယ်လီဖုန်းဆီသို့ ပြန်လာသည်။

"ဟုတ်ကဲ့၊ ကျွန်မတို့ အဲဒီနေရာကို ရောက်နိုင်ပါတယ်"

"ကောင်းတယ်"

ရောဘတ် တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ သူက အပြစ်မရှိဘဲ သေခဲ့ရ[illegible] အားလုံးကို ပြန်တွေးလိုက်မိသည်။

"ကိုယ်က မင်းကို အများကြီး လုပ်ခိုင်းနေတာပဲ၊ တကယ်လို့ မင်း ကိုယ့်[illegible] ကူညီလို့ သူတို့ သိသွားခဲ့ရင် မင်းအနေနဲ့ အန္တရာယ် သိပ်ကြီးနိုင်တယ်ကွာ"

"စိတ်မပူပါနဲ့လေ၊ ကျွန်မတို့က ရှင့်ကို အဲဒီနေရာမှာ လာခေါ်မယ်၊ သတိ တော့ထားပါရှင်"

"ကျေးဇူးပါပဲ"

အဆက်အသွယ် ပြတ်တောက်သွားတော့သည်။

ဆူဆန်က မွန်တီဘင့်ခ်ဘက်သို့ လှည့်လိုက်၏။

"သူ လာလိမ့်မယ်"

ရောမမြို့ရှိ စီဖာရုံးချုပ်တွင် သူတို့သည် ထိုစကားပြောချက်ကို နားထောင် နေကြသည်။ အခန်းထဲတွင် လူလေးယောက် ရှိနေသည်။

ရေဒီယို အော်ပရေတာက ပြောလိုက်၏။

"ကျွန်တော်တို့က အဲဒါကို အသံဖမ်းထားလိုက်ပါတယ်၊ နောက်တစ်ခါ ကြားချင်ရင်လည်း ရပါတယ် ဆရာ"

ဗိုလ်မှူးကြီးစီဇာက ဖရန့်ဂျွန်ကို မေးခွန်းထုတ်ဟန်နှင့် ကြည့်လိုက်၏။

"ဟုတ်တယ်၊ သူတို့ ဘယ်နေရာမှာ တွေ့မယ်ဆိုတဲ့အပိုင်းကို ကျုပ် စိတ်ဝင် စားနေတယ်၊ သူက ပလ္လင်ဒရုမ်းလို့ ပြောလိုက်တယ် ထင်တာပဲ၊ အဲဒါက အီတလီ နိုင်ငံထဲက တစ်နေရာရာများလား"

ဗိုလ်မှူးကြီး စီဇာက ခေါင်းခါပြသည်။

"ကျုပ် တစ်ခါမှ မကြားဖူးဘူး၊ ကျုပ်တို့ ရှာကြည့်ကြမယ်"

သူက သူ့လက်ထောက်ဘက်သို့ လှည့်လိုက်၏။

"မြေပုံထဲမှာ ရှာကြည့်စမ်းကွာ၊ ပြီးတော့လည်း ဟောလ်စီယွန်ကပြော တာ၊ ဟောလ်စီယွန်ဆီကို ဆက်သွယ်တဲ့ကိစ္စတွေ အားလုံးကို ဆက်ပြီး အသံ ဖမ်းထားစမ်း"





"ကောင်းပါပြီ ဆရာ"

နေပဲလ်စ်မြို့ရှိ ယာတောအိမ်တွင် တယ်လီဖုန်းက မြည်လာသည်။ ပိုင်ယာ က နားထောင်ရန် ထိုင်ရာမှ ထသည်။

"နေဦး"

အမျိုးသားတစ်ယောက်က ပြောလိုက်၏။ သူက တယ်လီဖုန်းရှိရာသို့ လျှောက်သွားပြီး စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို"

သူက ခေတ္တမျှ နားထောင်လိုက်ပြီးနောက် စကားပြောခွက်ကို ပြန်ချလိုက် ပြီး သူ့အဖော်ဘက်သို့ လှည့်လိုက်သည်။

"ဘယ်လာမီက ကူးတို့သင်္ဘောနဲ့ ကက်ပရီကို ကူးသွားပြီ၊ သွားကြရ အောင်"

တံခါးပေါက်မှ ထိုအမျိုးသားနှစ်ယောက် ကမန်းကတန်း ထွက်ခွာသွားကြ သည်ကို ပိုင်ယာက စောင့်ကြည့်နေပြီး -

'ဘုရားသခင်က ငါ့ကို ဒီလောက်တောင် များတဲ့ငွေတွေကို ပေးသနား တော်မူဖို့ မရည်ရွယ်ခဲ့ဘူးနဲ့တူတယ်၊ သူ လွတ်မြောက်သွားပါစေလို့ ငါဆုတောင်း လိုက်ပါတယ်လေ' ဟု တွေးလိုက်မိသည်။

အက်စ်ကြာသို့ ထွက်ခွာမည့် ကူးတို့သင်္ဘော ရောက်ရှိလာသောအခါတွင် ရောဘတ်သည် ကူးတို့သင်္ဘောပေါ်သို့ တက်သောလူအုပ်နှင့် ဝင်၍ရောနှောပြီး နေလိုက်သည်။ သူသည် မည်သူနှင့်မျှ မျက်လုံးချင်း မဆုံမိအောင် လျှို့နေလိုက်၏။

မိနစ်သုံးဆယ်ကြာ၍ အက်စ်ကြာကျွန်းပေါ်သို့ ကူးတို့သင်္ဘော ဆိုက်ကပ် သည့်အခါ ရောဘတ်သည် သင်္ဘောပေါ်မှ ဆင်းလိုက်ပြီး ဆိပ်ကမ်းရှိ လက်မှတ် ရောင်းသည့်ရုံကလေးသို့ သွားလိုက်သည်။ ဆိုရင်တိုသို့ ထွက်မည့်သင်္ဘောသည် ဆယ်မိနစ်အတွင်း ရောက်ရှိလာမည်ဟု သင်ပုန်းကြီးတစ်ခုပေါ်တွင် ရေးသား ထားသည်။

ရောဘတ်က ပြောလိုက်၏။

"ဆိုရင်တိုကို အသွားအပြန် လက်မှတ်နှစ်စောင်ရောင်းပါ"

နောက်ထပ် ဆယ်မိနစ်ကြာသောအခါ ရောဘတ်သည် ဆိုရင်တိုသို့ ထွက် ခွာနေသည့် လမ်းခရီးပေါ်တွင် ရှိနေပြီး မကြာမီ ပြည်မကြီးသို့ ပြန်လည် ရောက် ရှိပေတော့မည်။ ကံနည်းနည်းကောင်းလျှင်ဖြင့် သူ့ကို ရှာဖွေနေမှုသည် ကက်ပရီ ကျွန်းဘက်သို့ ပြောင်းရွှေ့သွားပါစေဟု ရောဘတ်က ဆုတောင်းလိုက်မိတော့ သည်။

ဆိုရင်တိုရှိ အစားအသောက်ဆိုင်တန်းတွင် လူစည်ကားနေသည်။ ဒေသ လက်ဒေသမှ လတ်ဆတ်သော သစ်သီးများ၊ ဟင်းရွက်များနှင့် အမဲသားများ လာရောက် ရောင်းချနေကြသည်။ လမ်းပေါ်တွင် ဈေးဆိုင်များ၊ ဈေးဝယ်သူများ နှင့် ပြည့်နှက်နေကြသည်။

ရောဘတ်သည် ညစ်ထေးနေသော ရွှံ့ဖုံးခါးစည်းကို [illegible]



www.burmeseclassic.com

www.burmeseclassic.com

ထရပ်ကားတစ်စီးပေါ်သို့ မစ္စည်းများကို တင်နေသော ခပ်ထွားထွားလူကြီး... ယောက်ထံ ချဉ်းကပ်သွားသည်။ သူက ပြင်သစ်လေသံဝဲဝဲဖြင့် ပြောလိုက်...

"ကျုပ်က စီဗီတာဗက်ချီယာကိုသွားမယ့် မော်တော်ကားတစ်စီးကို လို... ရှာနေပါတယ်၊ ခင်ဗျားက အဲဒီဘက်ကို သွားမှာလား"

"ဟင့်အင်း၊ ကျုပ်က ဆလာနီကိုသွားမှာ"

သူက အနားမှ ပစ္စည်းတင်နေသော ထရပ်ကားတစ်စီးကို လက်ညှိုးထိုး... လိုက်သည်။

"ဂူဆက်ပီကတော့ ခင်ဗျားကို ကူညီနိုင်ပါလိမ့်မယ်"

"ကျေးဇူးပါပဲ"

ရောဘတ်က နောက် ထရပ်ကားဆီသို့ ချဉ်းကပ်သွားပြန်သည်။

"မွန်တီယာ၊ ခင်ဗျားက စီဗီတာဗက်ချီယာကို သွားဖို့ အစီအစဉ်များ ရှိ... သလား"

ထိုပုဂ္ဂိုလ်က မယုတ်မလွန် ပြောလိုက်သည်။

"ဖြစ်နိုင်ပါတယ်"

"ကျုပ်က အဲဒီခရီးအတွက် မော်တော်ကားခ ပေးနိုင်ပါတယ်"

"ဘယ်လောက်လဲ"

ရောဘတ်က ထိုသူအား လိုင်ယာတစ်သိန်း ကမ်းပေးလိုက်၏။

ကားမောင်းသူက ပြန်ပြောလိုက်သည်။

"ခင်ဗျားက အဲဒီငွေနဲ့ဆိုရင် ရောမမြို့အထိတောင် လေယာဉ်ပျံလက်မှတ် ဝယ်စီးလို့ ရနိုင်တယ် မဟုတ်လား"

ချက်ချင်းလိုလိုပင် ရောဘတ်က သူ့အမှားကို သဘောပေါက်လိုက်မိတော့သည်။ သူက နံဘေးပတ်ဝန်းကျင်ကို ထိတ်ထိတ်လန့်လန့်နှင့် ကြည့်လိုက်၏။

"အမှန်ကိုပြောရရင် ကျုပ်ရဲ့အကြွေးရှင်အချို့က လေဆိပ်ကို စောင့်ကြည့် နေကြတယ်၊ ကျုပ်က ထရပ်ကားနဲ့ပဲ ပိုပြီး သွားချင်လာချင်ပါတယ်ဗျာ"

ထိုလူက ခေါင်းညိတ်သည်။

"အယ်၊ ကျုပ် နားလည်ပါပြီဗျာ၊ ကောင်းပြီလေ၊ တကယ်ဗျာ ကျုပ်တို့က ထွက်ဖို့ အဆင်သင့်ပဲဗျ"

ရောဘတ်က သမ်းဝေလိုက်သည်။

"ကျုပ်က သိပ်ကိုမောပမ်းနွမ်းနယ်နေတယ်ဗျာ၊ ကျုပ်က ကားနောက်ဘက်မှာ အိပ်လိုက်ခဲ့မယ်ဆိုရင် ခင်ဗျားအတွက် အပန်းမကြီးဘူး မဟုတ်လား"

"အဲဒီနေရာကတော့ သိပ်ဆောင့်လိမ့်မယ်ဗျ၊ ဒါပေမယ့် ခင်ဗျားသဘောပဲလေ"

"ကျေးဇူးပါပဲ"

ထရပ်ကားနောက်ဘက်တွင် သေတ္တာအခွံများနှင့် ပြည့်နှက်နေသည်။ ရောဘတ် ကားထဲသို့ တက်နေသည်ကို ဂူဆက်ပီက စောင့်ကြည့်နေပြီးမှ နောက်ဘက်မှ လည်ပြတ်တံခါးကို ပိတ်လိုက်သည်။

အတွင်းဘက်တွင် ရောဘတ်သည် သေတ္တာအခွံများ နောက်ဘက်၌ ပုန်းနေလိုက်သည်။ သူသည် မည်မျှ နွမ်းနယ်နေပြီဖြစ်ကြောင်း ထိုအချိန်ကျမှ သတိထားမိတော့သည်။





သူ့နောက်သို့ လိုက်လံ ဖမ်းဆီးနေမှုက သူ့ကို အားကုန်စေခဲ့သည်။ သူ ...ပ်ခဲ့ရသည်မှာ မည်မျှ ကြာပြီလဲ။

သူ့ထံသို့ ပိုင်ယာ ရောက်ရှိလာပြီး သူ့အနေနှင့် ယောက်ျားဘဝအား ...ပြည့်ဝဝ ပြန်ရရှိစေခဲ့မှုကို ပြန်သတိရလာသည်။

'ပိုင်ယာတစ်ယောက် ...ားမသိရန်မခဲ့ပါစေနှင့်' ဟု သူ ဆုတောင်းမိသည်။

သူ အိပ်ပျော်သွားလေ၏။

ထရပ်ကား ရှေ့ပိုင်းတွင်မူ ဂူဆက်ပီသည် သူ့ခရီးသည်အကြောင်းကို စဉ်း...းနေသည်။ အာဏာပိုင်များက အမေရိကန်တစ်ယောက်ကို လိုက်လံရှာဖွေ နေသည်ဆိုသောသတင်း ပျံ့နှံ့နေသည်။ သူ့ခရီးသည်၏လေသံမှာ ပြင်သစ်လို ဝဲနေသော်လည်း သူသည် အမေရိကန် တစ်ယောက်နှင့် တူသလို၊ သူသည် အမေရိကန်တစ်ယောက်ကဲ့သို့ ဝတ်စားဆင်ယင်ထားသည်။ အဲဒါကို စုံစမ်းစစ် ဆေးကြည့်သင့်သည်။ ဆုငွေ အတော်များများ သတ်မှတ်ထားနိုင်ပေသည်။

နောက် တစ်နာရီ ကြာသောအခါ ထရပ်ကားသည် ဟိုင်းဝေးလမ်းမကြီး ပေါ်ရှိ ထရပ်ကားစန်းတစ်ခုမှ ဓာတ်ဆီဆိုင်ရှေ့တွင် ရပ်တန့်လိုက်ပြီးနောက်-

"ဆီထပ်ဖြည့်ကွာ" ဟု ပြောလိုက်သည်။

သူက ထရပ်ကားနောက်ဘက်သို့ လျှောက်သွားပြီး အထဲဘက်သို့ ချောင်း ကြည့်လိုက်၏။ သူ့ခရီးသည်သည် အိပ်ပျော်နေသည်။

ဂူဆက်ပီက စားသောက်ဆိုင်ထဲသို့ ဝင်သွားပြီး ဒေသဆိုင်ရာ ပုလိပ်ဌာနသို့ ဖုန်းဆက်လိုက်လေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း လေးဆယ့်ငါး

ထိုတယ်လီဖုန်းကို ဗိုလ်မှူးကြီး စိဇာနှင့် ပြောနိုင်အောင် ဆက်သွယ်ပေး လိုက်ကြသည်။ သူက ဂူဆက်ပီကို ပြောလိုက်၏။

"ဟုတ်တယ်၊ အဲဒီအတိုင်းသာဆိုရင် ကျုပ်တို့လူနဲ့ သိပ်တူနေတယ်၊ သေ သေချာချာ နားထောင်ဗျာ၊ ဒီလူဟာ အန္တရာယ်ရှိတယ်၊ ဒီတော့ ခင်ဗျားက ကျုပ်ပြောတဲ့အတိုင်း တိတိကျကျ လုပ်စေချင်တယ်၊ ခင်ဗျား နားလည်ပါတယ် နော်"

"နားလည်ပါတယ် ခင်ဗျာ"

"ခင်ဗျားက အခု ဘယ်မှာလဲ"

"စီဗီတာဗက်ချီယာကိုသွားတဲ့ ဟိုင်းဝေးလမ်းမကြီးပေါ်က အေဂျစ်ထရပ် ကားစခန်းမှာပါ"

"သူက ခင်ဗျားရဲ့ ထရပ်ကားနောက်ဘက်မှာ ရှိတယ်ပေါ့"

"ရှိပါတယ်"

ထိုကဲ့သို့ ပြောဆိုနေရမှုက သူ့ကို စိတ်ချောက်ချားလာစေခဲ့သည်။

'အေးလေ၊ ငါက ငါ့ဘာသာငါ နေလိုက်မိရင် အကောင်းသား' ဟု တွေးမိ လာသည်။

"သူ သံသယဝင်အောင် ဘာမှ မလုပ်ပါနဲ့၊ ခင်ဗျားက ထရပ်ကားပေါ် ပြန်တက်ပြီး စီဗီတာဗက်ချီယာဆီကို ဆက်မောင်းပါ၊ ခင်ဗျားရဲ့ပလိတ်ပြား နံပါတ်နဲ့ ကားပုံသဏ္ဌာန်ကို ပြောပြစမ်းဗျာ"

ဂူဆက်ပီက ပြောပြလိုက်သည်။

"ကောင်းတယ်၊ ကျုပ်တို့က အားလုံး ဆက်လုပ်သွားမယ်၊ ကဲ - ဆက်မောင်း သွားပေတော့"

ဗိုလ်မှူးကြီး စိဇာက ဗိုလ်မှူးကြီး ဂျွန်ဆန်ဘက်သို့ လှည့်ပြီး ခေါင်းညိတ် ပြလိုက်သည်။

"ကျုပ်တို့ သူ့ကို မိပြီ၊ ကျုပ်က လမ်းကို ပိတ်ဆို့ထားခိုင်းလိုက်မယ်၊ ကျုပ်တို့ အဲဒီနေရာကို ရဟတ်ယာဉ်နဲ့ မိနစ်သုံးဆယ်အတွင်း အရောက်သွားနိုင်ကြမယ်"

"ကဲ - သွားကြရအောင်"

ဂူဆက်ပီက စကားပြောခွက်ကို ပြန်တင်လိုက်သည့်အခါ သူက ချွေးပြန် နေသော လက်ဖဝါးကို ရှပ်အကျီနှင့်သုတ်ရင်း ထရပ်ကားဆီသို့ ပြန်လာခဲ့သည်။





'ပစ်တာခတ်တာတွေ မဖြစ်ကြပါစေနဲ့လို့ ကျုပ် ဆုတောင်းမိပါရဲ့ဗျာ၊ မာရီ ယာက ကျုပ်ကို သတ်လိမ့်မယ်၊ နောက်တစ်ချက်တတော့ တကယ်လို့ ဆုငွေက အတော်ကလေး များနေတယ်ဆိုရင်' ဟု သူ တွေးတောနေသည်။

သူက ထရပ်ကားခေါင်းထဲသို့ ဝင်လိုက်ပြီး စီဗီတာဗက်ချီယာဆီသို့ မောင်း နှင်လာခဲ့လေ၏။

သုံးဆယ့်ငါးမိနစ် ကြာသောအခါ ဂူဆက်ပီသည် ခေါင်းပေါ်မှ ရဟတ် ယာဉ်အသံကို ကြားရတော့သည်။

သူက မော့ကြည့်လိုက်၏။ ထိုရဟတ်ယာဉ်တွင် နိုင်ငံတော်ပုလိပ်အဖွဲ့၏ တံဆိပ်အမှတ်အသားများကို မြင်လိုက်ရတော့သည်။

သူ့ရှေ့ဘက် ဟိုင်းဝေးလမ်းမကြီးပေါ်တွင်လည်း ပုလိပ်ကား နှစ်စီးက တစ်စီးနှင့်တစ်စီး ရှေ့နောက်တန်းစီ၍ ကားလမ်းပေါ်တွင် ပိတ်ဆို့တားဆီးထား သည်ကို တွေ့လိုက်ရသည်။ ထိုကားနှစ်စီးနောက်ဘက်တွင် မောင်းပြန်သေနတ် များကို ကိုင်ဆောင်ထားသည့် ပုလိပ်များ ရှိနေကြသည်။

ရဟတ်ယာဉ်သည် လမ်းနံဘေးတွင် ဆင်းသက်လိုက်သည်။ စိဇာနှင့် ဗိုလ်မှူးကြီး ဖရန့်ဂျွန်ဆန်သည် ရဟတ်ယာဉ်ပေါ်မှ ဆင်းလိုက်ကြလေ၏။

ဂူဆက်ပီသည် လမ်းပေါ်မှ အတားအဆီးနှင့် နီးကပ်လာချိန်တွင် ကား အရှိန်ကို လျှော့ချလိုက်သည်။ သူက သော့ကို ပိတ်လိုက်ပြီးနောက် ကားပေါ်မှ ခုန်ဆင်းပြီး ပုလိပ်အရာရှိများထံသို့ ပြေးလာတော့သည်။

"သူ နောက်ဘက်မှာ ရှိတယ်" ဟု အော်ပြောလိုက်သည်။

ထရပ်ကားကြီးသည် အရှိန်သေပြီး ရပ်သွားလေ၏။

စိဇာက အော်ပြောလိုက်သည်။

"ကဲ . . . ဝိုင်းကြတော့"

ပုလိပ်များက သေနတ်များကို အသင့်အနေအထားနှင့်ကိုင်ရင်း ထရပ် ကားဆီသို့ ဝိုင်းလာကြသည်။

"မပစ်ကြနဲ့"

ဗိုလ်မှူးကြီး ဂျွန်ဆန်က အော်ဟစ်လိုက်သည်။

"ကျုပ်ကိုယ်တိုင် သူ့ကိုဖမ်းမယ်"

သူက ထရပ်ကားနောက်ဘက်ဆီသို့ သွားသည်။

ဂျွန်ဆန်က အော်ပြောပြန်၏။

"ရောဘတ်ရေ ထွက်ခဲ့တော့ကွာ၊ ဇာတ်လမ်းက ပြီးသွားပြီကွ"

တုံ့ပြန်မှု မရှိပါ။

"ရောဘတ်၊ မင်းကို အချိန် ငါးစက္ကန့်ပဲ ပေးမယ်"

အသံတိတ်နေသည်။ သူတို့ စောင့်နေကြသည်။

စိဇာက သူ့လူများဘက်သို့ လှည့်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။

"မပစ်ကြနဲ့"

ဗိုလ်မှူးကြီး ဂျွန်ဆန်က အော်ဟစ်လိုက်သည်။

သို့ရာတွင် မောင်းပြန်သေနတ်များ၏ ပစ်ခတ်သံမှာ နားကွဲမတတ် ဖြစ်နေသည်။ သေတ္တာအကျိုးအပဲ့များသည် လေထဲသို့ လွင့်စဉ်ပြီး [illegible] ကြသည်။ ဆယ်စက္ကန့်ကြာသောအခါ ပစ်ခတ်မှု ရပ်ဆိုင်းသွား[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးကြီး ဂျွန်ဆန်သည် ထရပ်ကားနောက်ဘက်သို့ ခုန်တက်သွားပြီး သူ့ရှေ့မှ သေတ္တာအလွတ်များကို ဖယ်ရှားပစ်လိုက်လေ၏။

သူက စီဇာ့ဘက်သို့ ပြန်လှည့်လိုက်သည်။

"သူ ဒီမှာ မရှိပါဘူး"

**ဆယ့်ကိုးရက်မြောက်နေ့**

***စီဗီတာဗက်ချီယာ၊ အီတလီနိုင်ငံ***

စီဗီတာဗက်ချီယာသည် အီတလီနိုင်ငံ၏ ရှေးဟောင်းဆိပ်ကမ်းမြို့ ဖြစ်သည်။ မိုက်ကယ်အိန်ဂျယ်လိုက ၁၅၃၈ ခုနှစ်တွင် အပြီး တည်ဆောက်ထားသော ခံတပ်ကြီးနှင့် ကာကွယ်ထားသည်။ ထိုဆိပ်ကမ်းသည် ရောမနှင့် ဆာဒီးနီးယားတို့သို့ အသွားအပြန် သွားရောက်နေကြသော သင်္ဘောအားလုံး ဝင်ထွက်နေရာ ဖြစ်သည်။ ဥရောပတိုက်၏ အလုပ်အများဆုံး ဆိပ်ကမ်းတစ်ခုလည်း ဖြစ်သည်။ ထိုအချိန်မှာ နံနက်စောစော အချိန်ပိုင်း ဖြစ်သည်။ သို့ရာတွင် ဤဆိပ်ကမ်းသည် အသံဗလံများနှင့် အသက်ဝင် လှုပ်ရှားနေလေပြီ။

ရောဘတ်သည် မီးရထားဝင်းကို ကျော်ဖြတ်ပြီးနောက် အကြော်အလှော်နံ့များနှင့် နံစော်နေသော စားသောက်ဆိုင်ကလေး တစ်ဆိုင်ထဲသို့ ဝင်ရောက်ပြီး နံနက်စာကို မှာလိုက်သည်။

ဟောလ်စီယွန်သည် သူနှင့် ချိန်းဆိုထားသောနေရာ အဲလ်ဘာကျွန်းသို့ စောင့်ဆိုင်းနေပေရော့မည်။

ဆူဆန် ပြန်သတိရသည့်အတွက် သူ ကျေးဇူးတင်ခဲ့ရပါ၏။ သူတို့သည် ပျားရည်ဆမ်းခရီးထွက်ကြစဉ်က ဟိုတယ်မှ အခန်းထဲတွင် သုံးရက်သုံးညတိုင် နေခဲ့ကြပြီး အချစ်နာလန်ထခဲ့ကြသည်။

ဆူဆန်က ပြောလိုက်၏။

"ဒါလင်၊ ချစ်ချစ်၊ ရှင် ရေကူးဦးမလား ဟင်"

ရောဘတ်က ခေါင်းခါလိုက်သည်။

"ဟင့်အင်း၊ ကိုယ်က လှုပ်တောင် မလှုပ်နိုင်တော့ဘူး၊ ငါသည် အရာအားလုံး စွမ်းဆောင်နိုင်စွမ်း ရှိခဲ့သည်။ ယခုမူ ငါသည် ဤနေရာမှနေ၍ အဲလ်ဘာကျွန်းကိုသာ ကြည့်နေရတော့သည် ဆိုတဲ့ စကားလိုပဲပေါ့"

ဆူဆန်က အားရပါးရ ရယ်မောခဲ့သည်။

ဆူဆန်က စကားလုံးကို နောက်ပြောင်ပြီးပြောမှုအား ပြန်သတိရမှုအတွက် သူ့ကိုပင် ကျေးဇူးတင်ရပါတော့သည်။

ယခုအချိန်တွင် သူလုပ်ရမည့် တစ်ခုတည်းသောကိစ္စမှာ အဲလ်ဘာကျွန်းသို့ သွားဖို့ လှေတစ်စင်းကိုရှာဖို့သာ ဖြစ်တော့သည်။

သူက ဆိပ်ကမ်းသို့ ဦးတည်နေသောလမ်းများအတိုင်း လျှောက်လာခဲ့သည်။ ထိုဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများ၊ မော်တော်ဘုတ် အငယ်စားကလေးများ၊ ကိုယ်ပိုင်သင်္ဘောများ စသည်တို့နှင့် ပြည့်နှက်နေသည်။ ကူးတို့သင်္ဘော ဆိုက်ကပ်ရန် နေရာလည်း ရှိနေသည်။

ထိုနေရာကို မြင်လိုက်ရသောအခါ ရောဘတ်၏မျက်နှာမှာ ဝင်းထိန်သွားတော့သည်။





အဲလ်ဘာကျွန်းသို့ ကူးတို့သင်္ဘောနှင့် လိုက်ပါသွားခြင်းသည် အန္တရာယ်အကင်းဆုံး ကူးသွားနည်းပင် ဖြစ်လိမ့်မည်ဟု သူ တွေးလိုက်မိသည်။

ရောဘတ်က ကူးတို့သင်္ဘောဆိုက်ကပ်နားသည့် နေရာဆီသို့ လျှောက်သွားနေစဉ် ခပ်လှမ်းလှမ်း၌ မည်သည့်အမှတ်အသားမျှ ရေးမထားသည့် အနက်ရောင်ဆီဒင်ကားတစ်စီး ရပ်ထားသည်ကို တွေ့လိုက်ရသည်။ ဤတွင် သူ ရပ်တန့်လိုက်မိသည်။ ထိုကားပေါ်တွင် ထိုင်နေသူနှစ်ယောက်က ဆိပ်ကမ်းကို လေ့လာနေကြသည်။ ရောဘတ်က ပြန်လှည့်ပြီး ဝေးရာဘက်ဆီသို့ ပြန်လျှောက်သွားခဲ့လေ၏။

ဆိပ်ကမ်း အလုပ်သမားများနှင့် ကမ္ဘာလှည့်ခရီးသည်များ အကြားတွင် သူလိုကိုယ်လိုဖြစ်အောင် ကြိုးစားနေကြသော အရပ်ဝတ်အရပ်စားနှင့် စုံထောက်များကို သူ မြင်တွေ့နေရသည်။

ထိုပုဂ္ဂိုလ်များသည် လယ်ပြင်တွင် ဆစ်သွားသလို ရှင်းရှင်းကြီး ပေါ်နေကြသည်။ ရောဘတ်၏နှလုံးက တဒုန်းဒုန်း ခုန်လာသည်။

သူတို့က ရောဘတ်ကို ဘယ်လိုနည်းနှင့် ဤနေရာအထိ ခြေရာခံနိုင်ခဲ့ကြသနည်း။

ထို့နောက် မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ကို သူ သဘောပေါက်လာတော့သည်။

'မြတ်စွာဘုရား၊ ငါ ဘယ်ကို သွားမယ်ဆိုတာ ငါက ထရပ်ကားယာဉ်မောင်းကို ပြောခဲ့သည်ပဲ။ သိပ်မိုက်လွန်းသည်။ ငါ တော်တော့်ကို ပင်ပန်းနွမ်းနယ်နေလို့ပဲ ဖြစ်ရမည်' ဟု သူတွေးတောမိတော့သည်။

သူသည် ထရပ်ကားထဲ၌ အိပ်ပျော်နေခဲ့သည်။ ထရပ်ကား မလှုပ်မရှားဖြစ်နေမှုကြောင့် သူ နိုးလာခဲ့သည်။ သူက ထကြည့်လိုက်ရာ ဂူဆက်ပီသည် ဓာတ်ဆီဆိုင်ထဲသို့ ဝင်သွားပြီး တယ်လီဖုန်းဆက်နေသည်ကို မြင်လိုက်ရသည်။

ရောဘတ်သည် ထရပ်ကားထဲမှ အသာကလေး လျှို့ထွက်ခဲ့ပြီးနောက် မြောက်ဘက်အရပ်ရှိ စီဗီတာဗက်ချီယာသို့ ဦးတည်နေသော အခြားထရပ်ကားတစ်စီး၏ နောက်ဘက်သို့ တက်လိုက်ခဲ့တော့သည်။

သူက သူ့ကိုယ်သူ ထောင်ချောက်ထဲသို့ ပို့ခဲ့လေပြီ။ သူတို့က ရောဘတ်ကို ဤနေရာတွင် လိုက်လံရှာဖွေနေကြလေပြီ။ သူနှင့် ကိုက်နှစ်ရာခန့်သာဝေးသောနေရာ၌ သူ့ကို ဘေးလွတ်ရာသို့ ပို့ပေးနိုင်မည့် လှေကလေးများ ဒါဇင်နှင့်ချီ၍ ရှိနေကြသည်။ ယခုမူ ထိုသို့ မဟုတ်တော့လေပြီ။

ရောဘတ်သည် ရေဆိပ်ကို ကျောခိုင်းပြီး မြို့ဘက်သို့ ပြန်လျှောက်လာခဲ့သည်။ သူသည် နံရံပေါ်တွင် ရောင်စုံပိုစတာကြီးတစ်ချပ်ကို ကပ်ထားသော အဆောက်အအုံကြီးတစ်ခုနံဘေးမှ ဖြတ်သန်းလာခဲ့သည်။

ထို ပိုစတာကြီးပေါ်တွင် -

*ပျော်စရာ ကစားကွင်းသို့ လာခဲ့ကြပါ၊ အားလုံးအတွက် ပျော်စရာ စားစရာ၊ ကစားစရာ၊ စီးစရာများအပြင် ပြိုင်ပွဲကြီးကိုလည်း လာကြည့်ကြပါ* ဟု ရေးသားထားသည်။ သူက ရပ်တန့်ပြီး ငေးကြည့်နေမိသည်။

သူထွက်ပြေးလွတ်မြောက်မည့် နည်းလမ်းကို ရှာတွေ့ခဲ့ရလေပြီ။

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

## အခန်း လေးဆယ့်ခြောက်

ပျော်စရာ ကစားကွင်းကြီးသည် စီဗီတာဗက်ချီယာမြို့ အပြင်ဘက် ငါးမိုင် အကွာတွင် တည်ရှိသည်။ ကစားကွင်းကြီးထဲတွင် အရောင်မျိုးစုံလှသော မီးပုံးပျံ ကြီး ဆယ့်နှစ်လုံးသည် လုံးဝိုင်းနေသော ရောင်စုံသက်တန့်ကြီးများပမာ ရှိနေကြ သည်။

မီးပုံးပျံကြီးများထဲ လေအေးများကို ထည့်သွင်းနေစဉ် ထိုမီးပုံးပျံကြီးများကို ထရပ်ကားတစ်စီးစီးနှင့်တွဲ၍ ချည်နှောင်ထားလေသည်။ မီးပုံးပျံများနောက်သို့ အောက်ဘက်ကနေ၍ လိုက်လံ ကြည့်ရှုကြမည့် မော်တော်ကား ခြောက်စီးခန့် ကလည်း မီးပုံးပျံများသွားရာ နောက်ဘက်ဆီ လိုက်သွားကြရန် အဆင်သင့် ဖြစ်နေကြသည်။ ကားတစ်စီးတွင် ယာဉ်မောင်းသူ တစ်ယောက်နှင့် မီးပုံးပျံကို ရှာဖွေကြည့်ရှုမည့်သူတစ်ယောက် ပါကြသည်။

ထိုလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲသူဟု ထင်ရသော ပုဂ္ဂိုလ်တစ်ယောက်ထံ ရောဘတ်က လျှောက်သွားလိုက်သည်။

“ခင်ဗျားက ပြိုင်ပွဲကြီးအတွက် အဆင်သင့် ဖြစ်နေပုံရတယ်” ဟု ပြော လိုက်၏။

“အေးဗျ၊ ခင်ဗျားရော မီးပုံးပျံ စီးဖူးသလား”

“မစီးဖူးဘူး”

သူတို့နှစ်ယောက်သည် ကိုမိုရေကန်ကြီးပေါ်၌ မီးပုံးပျံကြီးနှင့် ပျံသန်းနေ ကြသည်။ ရောဘတ်က မီးပုံးပျံကြီးကို ရေပြင်နှင့် ထိတွေ့သည်အထိ နိမ့်ချလိုက်၏။

ဆူဆန်က -

‘ကျွန်မတို့ ရေထဲကို နစ်ကြတော့မယ်’ ဟု အထိတ်တလန့် အော်ဟစ်လိုက် သည်။ ရောဘတ်က ပြုံးလိုက်၏။

‘ဟင့်အင်း၊ မနစ်ပါဘူး’

မီးပုံးပျံကြီး၏ အောက်ဘက်သည် ရေပြင်ပေါ်တွင် ထိလုခမန်း ဖြစ်နေ သည်။ သူက သဲအိတ်တစ်အိတ်ကို အောက်ဘက်သို့ ပစ်ချလိုက်ရာ မီးပုံးပျံကြီး သည် ပြန်၍ မြင့်တက်စ ပြုလာလေ၏။

ဆူဆန်က ရယ်ရယ်မောမောနှင့် ရောဘတ်ကို ဖက်လိုက်ပြီးနောက် . . . ၊





ထိုပုဂ္ဂိုလ်က ဆက်ပြောနေသည်။

“ခင်ဗျားလည်း တစ်ချိန်ချိန်မှာ စီးကြည့်သင့်တယ်၊ ဒါ သိပ်ပျော်ဖို့ကောင်း အားကစားတစ်ခုပဲ”

“ဟုတ်တာပေါ့၊ အခု အဲဒီပြိုင်ပွဲက ဘယ်ဘက်ကို ဦးတည်နေသလဲ”

“ယူဂိုဆလားဗီးယား၊ ကျုပ်တို့အတွက် အရှေ့ဘက်ကို တိုက်ခတ်နေတဲ့ လေကလေး ရှိနေတယ်၊ ကျုပ်တို့က မိနစ်ပိုင်းအတွင်းမှာ တာထွက်တော့မယ်၊ နက်ပိုင်း လေကလေးက အေးနေတဲ့အချိန်မှာ ပျံတာ ကောင်းတယ်ဗျ”

“တကယ်ပြောတာလား”

ရောဘတ်က ယဉ်ယဉ်ကျေးကျေး ပြောလိုက်သည်။

သူသည် ယူဂိုဆလားဗီးယားမှ နွေရာသီ၏ နေ့တစ်နေ့ဆီသို့ ဖျတ်ခနဲ ပြန်ရောက်သွားသည်။

‘ကွန်မန်ဒါ၊ ကျုပ်တို့ ဒီက ခိုးထုတ်ရမယ့်လူက လေးယောက်တောင် နေတယ်၊ ကျုပ်တို့က လေအေးသွားတဲ့အထိ စောင့်ရလိမ့်မယ်၊ ဆောင်းရာသီ ရဲ့ လေထဲမှာ လူလေးယောက်ကို သယ်သွားနိုင်တဲ့ မီးပုံးပျံကြီးဟာ နွေရာသီရဲ့ လေထဲမှာ လူနှစ်ယောက်ကိုပဲ သယ်သွားနိုင်တယ်’ ဆိုသော အသံကို ပြန်ကြား ယောင်လာသည်။

အဖွဲ့သားများက မီးပုံးပျံကြီးများထဲသို့ လေသွင်းမှု ပြီးစီးသွားသည်ကို ရောဘတ် သတိထားမိသည်။

သူတို့က ပရိုပိန်း မီးရှို့ကိရိယာကြီးများကို မီးပုံးပျံကြီးများ၏ အပေါက်ဝ သွင်းထား၍ အထဲမှ လေများကို ပူနွေးလာအောင် မီးညွှန့်နှင့် အပူပေးနေကြ သည်။ ဘေးဘက်သို့ တုံးလုံးကြီး လဲနေကြသော မီးပုံးပျံကြီးများသည် အောက် ဘက်ရှိ ပုခက်မတ်မတ် ထောင်လာသည်အထိ ကြွတက်လာကြလေ၏။

“ကျုပ် လျှောက်ကြည့်လို့ ရသလား”

ရောဘတ်က မေးလိုက်သည်။

“ကြည့်ပါဗျာ၊ ဘယ်သူ့ကိုမှတော့ အနှောင့်အယှက် မဖြစ်စေနဲ့ပေါ့ဗျာ”

“ကောင်းပါပြီ”

ရောဘတ်သည် ပရိုပိန်း ဓာတ်ငွေ့များနှင့် ပြည့်နေသော အဝါရောင်နှင့် အနီရောင် မီးပုံးပျံကြီးဆီသို့ လျှောက်သွားသည်။ ထိုမီးပုံးပျံကြီးကို မြေပြင်ပေါ်မှ ကြွတက်မသွားအောင် ပြုလုပ်ထားသောကိစ္စမှာ ထရပ်ကားတစ်စီးနှင့်တွဲ၍ ချည်နှောင်ထားသော ကြိုးတစ်ချောင်းသာ ဖြစ်သည်။ အနီးအနားတွင် လူတစ် ယောက်မှ မရှိပါ။

ရောဘတ်သည် ထိုမီးပုံးပျံကြီး၏ ကြိမ်ပုခက်ပေါ်သို့ တက်လိုက်၏။ သူ ခေါင်းပေါ်မှ မီးပုံးပျံကြီးသည် ကောင်းကင်နှင့် အပြည့်ရှိနေသလို ထင်နေရ သည်။ သူက ကြိုးများနှင့် ပစ္စည်းကိရိယာများ၊ အမြင့်ပြကိရိယာ၊ မြေပုံများ မီးပုံးပျံကြီး၏ အပူဒီဂရီကိုတိုင်းသောကိရိယာ၊ အပေါ်သို့ မြင့်တက်သွားသည့် နှုန်းကိုပြသော ကိရိယာနှင့် ပစ္စည်းကိရိယာအစုံပါရှိသည့် အိတ်ကလေး အိတ်ကို တွေ့လိုက်ရသည်။ အစစအရာရာသည် နေသားတကျ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ရောဘတ်သည် ပစ္စည်းအစုံပါသည့် အိတ်ကလေးထဲမှ ဓားမြှောင်တစ်ချောင်း ဆွဲနုတ်လိုက်၏။ သူက အောက်နှင့်တွဲ၍ ချည်နှောင်ထားသောကြိုးကို ဖြတ်လိုက်ရာ မှားမကြာမီ မီးပုံးပျံကြီးသည် ကြွတက်စ ပြုလာလေတော့သည်။

ရောဘတ်က အော်ဟစ်လိုက်၏။

"ဟေ့ . . . လုပ်ကြပါဦး၊ ဘာတွေ ဖြစ်နေတာလဲဗျ၊ ကျုပ်ကို အောက်ချ ပေးကြပါဦး"

ရောဘတ်နှင့် စကားပြောခဲ့သောပုဂ္ဂိုလ်က ပါးစပ်အဟောင်းသားနှင့် ကြွတက်သွားသော မီးပုံးပျံကြီးကို မော့ကြည့်နေသည်။

ထိုပုဂ္ဂိုလ်က အော်ပြောလိုက်၏။

"သွေးမပျက်နဲ့၊ ဒိုင်ခွက်တွေရှိတဲ့နေရာမှာ အမြင့်ပေကိုပြတဲ့ဒိုင်ခွက် ရှိ တယ်။ ခင်ဗျားက အလေးချိန်ကို ချိန်ဆသုံးစွဲပြီး ပေတစ်ထောင်အမြင့်မှာ နေပါ၊ ကျုပ်တို့ ယူဂိုဆလားဗီးယားမှာ ဆုံကြမယ်၊ ကျုပ်ပြောတာ ခင်ဗျား ကြားရသလား"

"ခင်ဗျား ပြောတာကို ကျုပ် ကြားရပါတယ်"

မီးပုံးပျံကြီးက ပို၍ ပို၍ မြင့်လာသည်။ သူ့ကို အရှေ့ဘက်ဆီသို့ သယ် ဆောင်လာသည်။ အနောက်ဘက်အရပ်၌ရှိသော အဲလ်ဘာကျွန်းနှင့် ပို၍ဝေး ဝေးလာသည်။ သို့ရာတွင် ရောဘတ်က စိတ်မပူပါ။ လေတိုက်ခတ်မှုသည် အမြင့်ပေအပေါ်တွင် မူတည်၍ တိုက်ခတ်ရာအရပ် ပြောင်းလဲသွားတတ်သည်။ ယခုအချိန်အထိ မည်သည့်မီးပုံးပျံမှ ပျံတက်မလာသေးပါ။ မီးပုံးပျံနောက်သို့ လိုက်၍ကြည့်သော မော်တော်ကားတစ်စီး စတင်၍ မောင်းထွက်လာသည်ကို တွေ့လိုက်ရသည်။

သူက သဲအိတ်များကိုပစ်ချပြီး အမြင့်ပေပြကိရိယာ မြင့်တက်လာသည်ကို စောင့်ကြည့်နေသည်။

ပေခြောက်ရာ၊ ပေခုနစ်ရာ၊ ပေကိုးရာ၊ ပေတစ်ထောင့်တစ်ရာ၊ ပေတစ် ထောင့်ငါးရာသို့ အရောက်တွင် လေစီးကြောင်းသည် အားနည်းစ ပြုလာသည်။ ယခုအချိန်တွင် မလှုပ်မရှား ငြိမ်သက်နေသလို ဖြစ်နေသည်။

သူက လေ့ကားထစ်နည်းကို အသုံးပြုရန် လေစီးကြောင်းကို သိရှိနိုင် အောင် ကွဲပြားခြားနားသောအမြင့်ပေများတွင် ခေတ္တမျှ ရပ်တန့်၍ ကြည့်လေ့ရှိ သည်။

ပေနှစ်ထောင်သို့ အရောက်တွင် လေစီးကြောင်း စတင်၍ ဘက်ပြောင်း ပြုလာသည်ကို သူ ခံစားနေရသည်။ မီးပုံးပျံကြီးသည် မငြိမ်မသက်သော လေ ထဲတွင် ခေတ္တမျှ ယိမ်းထိုးနေပြီး အနောက်ဘက်ဆီသို့ မျောပါစပြုသည်။

အောက်ဘက် ခပ်လှမ်းလှမ်းတွင် အခြား မီးပုံးပျံကြီးများ မြေပြင်မှ ကြွ တက်လာကြပြီး အရှေ့ဘက်တွင်ရှိသော ယူဂိုဆလားဗီးယားဆီသို့ ရွေ့လျားနေ ကြသည်ကို ရောဘတ် မြင်တွေ့နေရသည်။

နူးညံ့သော လေကလေး၏ တိုက်ခတ်မှုကြောင့် တရှဲရှဲ မြည်နေသံကလွဲ၍ အခြား မည်သည့်အသံမျှ မရှိပါ။

'ရောဘတ်ရယ်၊ သိပ်ကို တိတ်ဆိတ်တာပဲနော်၊ တိမ်ညွှန့်ပေါ်မှာ စီးနေရ





သလိုပဲ၊ ကျွန်မတို့ ဒီအပေါ်မှာ တစ်သက်လုံး နေသွားလိုက်တာ'

ဆူဆန်က သူ့ကို တင်းကျပ်စွာ ဖက်ထားသည်။

ရောဘတ်သည် ယခု အချိန်တွင် တာဟီးနီးယန်းပင်လယ်ပေါ်သို့ ရောက်ရှိ နေပြီး တုစ်စကန်နီ ကမ်းခြေရှိရာ အနောက်မြောက်ဘက်ဆီသို့ ဦးတည်နေ သည်။ အောက်ဘက်တွင် ကမ်းခြေအလွန်၌ ကျွန်းကလေးများသည် စက်ပိုင်းပုံ သဏ္ဍာန် တည်ရှိနေသည်။ အဲလ်ဘာကျွန်းကမူ အကြီးဆုံး ဖြစ်သည်။

ဒီကျွန်းကို ရွေးချယ်ရတာကလည်း ရာသီဥတု သာယာထဲ့နေ့များမှာဆိုရင် သူ့ အင်မတန်ချစ်တဲ့ ကော်စီကာကျွန်းကို လှမ်းမြင်နိုင်လို့ ဖြစ်မှာပဲ။ ပြည်နှင်ဒဏ် ခံနေရတဲ့အချိန်မှာ နပိုလီယံရဲ့ အတွေး တစ်ခုကတော့ ဘယ်နည်းဘယ်ပုံ လွတ်အောင် ထွက်ပြေးပြီး ပြင်သစ်ကို အရောက်သွားဖို့ပဲ ဖြစ်လိမ့်မယ်။ ငါ့ အတွေးကလည်း သူ့နဲ့ အတူတူပါပဲ။ ဒါပေမယ့် နပိုလီယံ ခမျာမှာတော့ သူ့ကို ကယ်ဆယ်မယ့် ဆူဆန်နဲ့ ဟောလ်စီယွန်သင်္ဘော ရှိမနေရှာဘူး' ဟု ရောဘတ်က တွေးနေသည်။

ရှေ့ဘက် ခပ်လှမ်းလှမ်းတွင် ကပန်နီတောင်ကြီး မြွန်းခနဲ ပေါ်လာသည်။ ပင်လယ်ရေမျက်နှာပြင်မှ ပေ (၃၀၀၀) အထိ ကောင်းကင်ယံထဲသို့ မြင့်တက်နေ သည်။ ရောဘတ်က မီးပုံးပျံကြီး၏ထိပ်မှ လေပူများ အန်ထွက်သွားအောင် ဖွင့်ပေးသော အဆို့ရှင်နှင့် ဆက်ထားသည့်ကြိုးကို ဆွဲချလိုက်ရာ လေပူများ လျှော့ထွက်သွားပြီး မီးပုံးပျံကြီးသည် အောက်ဘက်သို့ နိမ့်ဆင်းလာလေတော့ သည်။ အောက်ဘက်တွင် အဲလ်ဘာကျွန်း၏ စိမ်းစိုသန်စွမ်းသော အစိမ်းရောင်နှင့် ပန်းရောင်များကို ရောဘတ် မြင်နေရသည်။

အစိမ်းရောင်မှာ အင်မတန် ထူထပ်သောတောအုပ်ကြီးများဖြစ်ပြီး ပန်း ရောင်မှာ ထိုးထိုးထောင်ထောင်ရှိနေကြသော လိပ်သဲကျောက်တုံးကြီးများနှင့် တုစ်စကန်နီဒေသရှိ နေအိမ်များ၏အရောင်ပင် ဖြစ်သည်။ ၎င်းတို့၏ အောက် ဘက်တွင်မူ အဲလ်ဘာကျွန်း၏ အနားပတ်ပတ်လည်၌ရှိနေသော ဖြူဖွေးနေသည့် သဲသောင်ယံများသည် အကွဲကွဲအပြားပြားစီ ရှိနေကြသည်။

ရောဘတ်က သူ့အပေါ် အာရုံစိုက်မှု နည်းနိုင်သမျှနည်းအောင် မီးပုံးပျံ ကြီးကို မြို့နှင့်ဝေးရာ တောင်ခြေရင်းတွင် ဆင်းသက်စေခဲ့သည်။ သူ ဆင်းသက် သည့်နေရာနှင့် မလှမ်းမကမ်းတွင် မော်တော်ကားလမ်းတစ်လမ်း ရှိနေလေရာ သူက ထိုလမ်းဆီသို့ လျှောက်သွားပြီး မော်တော်ကားတစ်စီး မောင်းလာချိန်အထိ စောင့်နေလိုက်သည်။

ရောဘတ်က အော်မေးလိုက်၏။

"မြို့ထဲကို ကားကြုံလိုက်ခဲ့လို့ ရမလားဗျို့"

"ရပါတယ် တက်ခဲ့လေ"

ယာဉ်မောင်းသူသည် ပါးရေတွန့်နေသောမျက်နှာနှင့် အသက်ရှစ်ဆယ်နီး အဘိုးကြီးတစ်ယောက် ဖြစ်သည်။

"ခုနတုန်းက မီးပုံးပျံတစ်ခုကို ကျုပ် မြင်လိုက်ရတယ်လို့ ကိုယ်နိုက်ကင် ပြောရဲတယ်ဗျာ၊ ကိုယ့်လူရော မြင်လိုက်ရသေးလား"

"မမြင်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com

"လာလည်တာလား"

"ကျွန်တော် ရောမမြို့ကိုအသွား ခဏဝင်ကြည့်တာပါ"

ယာဉ်မောင်းသူ အဘိုးကြီးက ခေါင်းညိတ်သည်။

"ကျုပ်လည်း အရင်တုန်းကတော့ အဲဒီကို ရောက်ဖူးတယ်"

ကျန်သော ခရီးကိုမူ သူတို့သည် တိတ်ဆိတ်စွာ မောင်းနှင်လာခဲ့ကြသည်။

သူတို့သည် အဲလ်ဘာကျွန်းပေါ်ရှိ တစ်ခုတည်းသောမြို့ဖြစ်သည့် ပေါ်တိုဖာရိုသို့ အရောက်တွင် ရောဘတ်သည် ကားပေါ်မှ ဆင်းလိုက်လေ၏။

"မင်္ဂလာရှိသောနေ့ ဖြစ်ပါစေ"

ယာဉ်မောင်း အဘိုးကြီးက အင်္ဂလိပ်လို ပြောလိုက်သည်။

"မြတ်စွာဘုရား၊ ကယ်လီဖိုးနီးယားကလူတွေ ဒီကိုတောင် ရောက်ခဲ့ကြပြီပဲ"

ရောဘတ်သည် ဗီယာဂယ်ရီဘောလ်ဒီ လမ်းမကြီးပေါ်၌ လျှောက်သွားနေသည်။ ထိုလမ်းမကြီးပေါ်တွင် ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည့်နှက်နေသည်။ အများစုမှာ မိသားစုတွေ ဖြစ်ကြသည်။

အချိန်ယန္တရားကြီးသည် ရပ်တန့်နေသလို မည်သို့မျှ ပြောင်းလဲမှု မရှိသည်ကို သူ တွေ့နေရသည်။

'ရောဘတ်အဖို့ ဆူဆန့်ကို လက်လွှတ် ဆုံးရှုံးခဲ့ရပြီး ကမ္ဘာပေါ်မှာရှိတဲ့ အစိုးရတစ်ဝက်လောက်က သူ့ကို လုပ်ကြံဖို့ ကြိုးစားနေတာကလွဲလျှင် အစစအရာရာဟာ အရင်ကအတိုင်းပါပဲလား' ဟု ရောဘတ်က တွေးလိုက်သည်။

သူသည် လက်ဆောင်ပစ္စည်း အရောင်းဆိုင်မှ အဝေးကြည့်မှန်ပြောင်းတစ်လက်ကို ဝယ်ယူလိုက်ပြီးနောက် ရေဆိပ်သို့ လျှောက်သွားပြီး ဆိပ်ကမ်းတစ်ခုလုံးကို ရှင်းရှင်းလင်းလင်း မြင်ရသော စတယ်လာမရီနာ စားသောက်ဆိုင်အပြင်ဘက်ရှိ စားပွဲတစ်လုံးတွင် ထိုင်လိုက်သည်။

သံသယဖြစ်ဖွယ်ရာ မော်တော်ကားများ၊ ပုလိပ်မော်တော်ဘုတ်များနှင့် ပုလိပ်များကို မြင်ကွင်းထဲတွင် မတွေ့ရပါ။ သူသည် ပြည်မကြီးပေါ်တွင် ရှိနေသည် ဟူ၍သာ ပုလိပ်တွေက ထင်နေကြဆဲ ဖြစ်သည်။ သူ့အနေနှင့် ဟောလ်စီယွန်ပေါ်သို့တက်လျှင် အန္တရာယ်ရှိမည် မဟုတ်ပါ။ သူ့အနေနှင့် ဟောလ်စီယွန် ရောက်လာသည်အထိ စောင့်နေရန်သာ ရှိပါတော့သည်။

သူသည် ထိုအရပ်မှ ပြုလုပ်သော ပရိုကာနီကို ဝိုင်ဖြူကို ငုံမိခံသောက်ရင်း ဟောလ်စီယွန်ကို စောင့်ကြည့်နေသည်။ သူက သူ့အစီအစဉ်ကို ပြန်စဉ်းစားကြည့်လိုက်ပြန်၏။ ဟောလ်စီယွန်သင်္ဘောက သူ့ကို မာဆေးလ်ဆိပ်ကမ်း အနီးအနားတွင် ချပေးခဲ့မည်ဖြစ်ရာ သူသည် သူ့ကို ကူညီမည့် သူ့မိတ်ဆွေ လီပိုရှိရာ ပဲရစ်သို့ သွားရောက်မည် ဖြစ်သည်။

လီပိုက သူ့ကို ကူညီပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် 'လီ'သည် တစ်ချိန်သောအခါက ရောဘတ်၏အသက်ကို ကယ်ဆယ်ခဲ့သည်။ တရုတ်များ၏ ရှေးဟောင်းအယူအဆများအရ လီပိုသည် ရောဘတ်ကို ဆက်လက်၍ တာဝန်ယူရတော့မည် ဖြစ်ပါ၏။ ထိုကိစ္စမှာ ဂုဏ်သိက္ခာနှင့် သက်ဆိုင်နေပေသည်။

လီပိုသည် တရုတ်နိုင်ငံမှ ထောက်လှမ်းရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဂေါင်ဂျာအင်ကွင်ဘု ဝန်ကြီးဌာနတွင် အလုပ်လုပ်နေသူ ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ရောဘတ်သည် တရုတ်နိုင်ငံမှ အစိုးရနှင့်





သဘောထားဆန့်ကျင်သူ တစ်ဦးကို ခိုးထုတ်ရန် ကြိုးစားရင်း အဖမ်းခံခဲ့ရသည်။ ရောဘတ်ကို ပီကင်းရှိ လုံခြုံရေးပိုင်းဆိုင်ရာတွင် အလွန် စိတ်ချရသော ကွင်ချွင်းအကျဉ်းထောင်သို့ ပို့ထားခဲ့သည်။ လီပိုသည် ယခင်ကလည်း ရောဘတ်နှင့်အတူ လက်တွဲ၍ ဆောင်ရွက်ခဲ့ဖူးသော နှစ်ဖက်ချွန်သူလျှို ဖြစ်သည်။ သူက ရောဘတ် လွတ်မြောက်သွားအောင် အစီအစဉ် ပြုလုပ်ပေးနိုင်ခဲ့သည်။

တရုတ်နိုင်ငံနယ်စပ်သို့ ရောက်ရှိသောအခါ ရောဘတ်က လီပိုအား -

"လီရေ မင်းအသက်နဲ့ ခန္ဓာကိုယ် အိုးစားမကွဲသေးခင် ဒီအလုပ်က ထွက်ဖို့ကောင်းပြီ၊ မင်းက အမြဲတမ်း ကံကောင်းနေမှာ မဟုတ်ဘူး" ဟု ပြောခဲ့သည်။

လီပိုက ပြုံးလိုက်၏။

"ကျုပ်ဆီမှာ ကြံ့ကြံ့ခံနိုင်တဲ့စွမ်းရည်၊ အသက်မသေ ရှင်ကျန်နေနိုင်မယ့် စွမ်းရည်တွေ ရှိပါတယ်ဗျ"

နောက်တစ်နှစ်ကြာသောအခါ လီပိုကို ပဲရစ်ရှိ တရုတ်သံရုံးသို့ ရွှေ့ပြောင်းပစ်လိုက်သည်။

ယခုအချိန်မှာ ရောဘတ်အနေနှင့် သူ့အစီအစဉ်ကို စတင် အကောင်အထည်ဖော်သင့်သည်ဟု ဆုံးဖြတ်လိုက်သည်။

သူသည် စားသောက်ဆိုင်မှ ထွက်ခဲ့ပြီး ရေဆိပ်ဆီသို့ အမှီပွာယ်မဲ့စွာ လျှောက်ထွက်လာသည်။ ရေဆိပ်တွင် ထိုမြို့မှ အပြင်သို့ ထွက်ခွာနေကြသည့် မော်တော်ဘုတ် အမျိုးမျိုးအစားစား ရှိနေကြသည်။

အလွန်ကောင်းမွန်သော မော်တော်ဘုတ်တစ်စီး၏ ဝမ်းဗိုက်အတွင်းပိုင်းကို အရောင်တင်နေသူတစ်ဦးထံ ရောဘတ်က ချဉ်းကပ်သွားသည်။ ထိုမော်တော်ဘုတ်မှာ ဗွီအိုင် ၃၅၁ အင်ဂျင်တပ်ထားသော ဒွန်ဇီအမျိုးအစား ဖြစ်သည်။

"သိပ်ကောင်းတဲ့ မော်တော်ဘုတ်ပဲဗျာ"

ထိုပုဂ္ဂိုလ်က ခေါင်းညိတ်သည်။

"ကျုပ်က ဆိပ်ကမ်းတစ်လျှောက်ကို မောင်းနှင်ကြည့်ရှုဖို့ အဲဒီမော်တော်ဘုတ်ကို ငှားလို့ရမလား"

ထိုပုဂ္ဂိုလ်သည် သူလုပ်နေသည့်အလုပ်ကို ရပ်လိုက်ပြီးနောက် ရောဘတ်ကို အကဲခတ်လိုက်သည်။

"အဲဒါက ဖြစ်နိုင်တာပေါ့ဗျာ၊ ခင်ဗျားက မော်တော်ဘုတ်တွေကို ကိုင်တွယ်မောင်းနှင်ဖူးသလား"

"ဟုတ်ကဲ့၊ ကျုပ်အိမ်မှာတော့ ဒွန်ဇီမော်တော်ဘုတ်တစ်စင်း ရှိပါတယ်"

ထိုပုဂ္ဂိုလ်က သဘောကျဟန်နှင့် ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားက ဘယ်အရပ်ကလဲ"

"အော်ရီဂွန်ပြည်နယ်ကပါ"

"ခင်ဗျားက တစ်နာရီကို ဖရန့်လေးရာ ပေးရလိမ့်မယ်"

ရောဘတ်က ပြုံးလိုက်၏။

"ပေးပါ့မယ်ဗျာ"

"ပြီးတော့ စပေါ်ငွေလည်း တင်ရလိမ့်မယ်ဗျ"

"ဟုတ်တာပေါ့"

"ဒီမော်တော်ဘုတ်က မောင်းဖို့ အဆင်သင့်ပဲ၊ ခင်ဗျား [illegible]



www.burmeseclassic.com

www.burmeseclassic.com

တော့မှာလား"

"ဟင့်အင်း၊ ကျုပ်မှာ လုပ်စရာ အလုပ်ကလေးတွေ ရှိသေးတယ်၊ မနက်ဖြန်ခါ မနက်လောက် ဖြစ်လိမ့်မယ် ထင်တယ်"

"ဘယ်အချိန်လဲ"

"ခင်ဗျားကို ကျုပ် အသိပေးပါ့မယ်ဗျာ"

ရောဘတ်က ထိုပုဂ္ဂိုလ်အား ငွေ အနည်းငယ် ပေးလိုက်သည်။

"ဟောဒါက စပေါ်အတွက် စရန်ပေါ့ဗျာ၊ ကျုပ် ခင်ဗျားနဲ့ နက်ဖြန်ခါကျမှ တွေ့မယ်"

ဟောလ်စီယွန်ကို ဆိပ်ကမ်းထဲသို့ ဝင်လာစေမည်ဆိုပါက အန္တရာယ်ရှိလိမ့်မည် ဖြစ်ကြောင်း သူ ဆုံးဖြတ်လိုက်သည်။ ဆိပ်ကမ်းထဲသို့ ဝင်လာပါက ထုံးစံအတိုင်း ဆောင်ရွက်ရမည့်ကိစ္စတွေ ရှိရမည်။ ဆိပ်ကမ်းအာဏာပိုင်ပုဂ္ဂိုလ်က သင်္ဘောတစ်စင်းစီအတွက် ခေတ္တနေထိုင်ခွင့်လက်မှတ်ကို ထုတ်ပေးပြီး မှတ်တမ်းတင်ထားလေ့ရှိသည်။ ရောဘတ်အနေနှင့် ဟောလ်စီယွန်ကို တတ်နိုင်သလောက် သူနှင့် အနည်းအကျဉ်းမျှသာ ပတ်သက်စေရန် ရည်ရွယ်ထားသည်။ သူက ဟောလ်စီယွန်ကို ပင်လယ်ထဲတွင် သွားရောက် စီးနင်းမည် ဖြစ်ပါ၏။

ပြင်သစ်နိုင်ငံ အဏ္ဏဝါဝန်ကြီးဌာန၏ ရုံးခန်းထဲတွင် ဗိုလ်မှူးကြီးစီဇာနှင့် ဗိုလ်မှူးကြီး ဂျွန်ဆန်တို့သည် မရင်းအော်ပရေတာနှင့် စကားပြောဆိုနေကြသည်။

"ဟောလ်စီယွန်နဲ့ နောက်ထပ် အဆက်အသွယ် မရှိတော့ဘူးဆိုတာ သေချာရဲ့လား"

"ဆရာ့ဆီကို ကျွန်တော်က နောက်ဆုံးသတင်း ပို့ပြီးတဲ့အချိန်ကစပြီး နောက်ထပ် အဆက်အသွယ် မရှိတော့ပါဘူး"

"ဆက်ပြီးတော့ နားထောင်နေစမ်းကွာ"

ဗိုလ်မှူးကြီးစီဇာက ဗိုလ်မှူးကြီး ဂျွန်ဆန်ဘက်သို့ လှည့်ပြီး ပြုံးလိုက်သည်။

"စိတ်မပူပါနဲ့ဗျာ၊ ကွန်မန်ဒါ ဘယ်လာမီက ဟောလ်စီယွန်ပေါ်ကို တက်တက်ချင်း ကျုပ်တို့ သိရမှာပါ"

"ဒါပေမယ့် ကျုပ်က သူ အပေါ်မတက်ခင် ဖမ်းချင်တာဗျ"

မရင်းအော်ပရေတာက ပြောလိုက်သည်။

"ဗိုလ်မှူးကြီး စီဇာ၊ အီတလီမြေပုံပေါ်မှာ ပလ္လင်ဒရမ်းရယ်လို့ ဖော်ပြထားတဲ့နေရာ မရှိပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့က အဲဒါကို သိရပြီလို့ ထင်ပါတယ်"

"ဘယ်နေရာမှာလဲ"

"အဲဒါက နေရာ မဟုတ်ဘူးဗျ၊ စကားလုံးတစ်လုံးပါ"

"ဘာပြောတယ်"

"ဟုတ်တယ် ခင်ဗျ၊ ပလ္လင်ဒရမ်း ဆိုတာ ရှေ့ကိုပဲ ရွတ်ရွတ် ဒါမှမဟုတ် နောက်ပြန်ပဲ ရွတ်ရွတ် စာလုံးပေါင်း တူတာကို ပြောတာပါ၊ ကျွန်တော်တို့ဟာ အဲဒါကို ကွန်ပျူတာနဲ့ ရှာကြည့်ထားတယ်"

သူက စာလုံးအမြောက်အမြားပါသည့် စာရွက်တစ်ရွက်ကို လှမ်းပေးလိုက်သည်။





ဗိုလ်မှူးကြီးစီဇာနှင့် ဂျွန်ဆန်တို့က စာရင်းကိုလျှောက်ကြည့်လိုက်ကြသည်။

တီတီတာတာ . . . . တာတာတီတီ . . .

ပိတ်ဆို့ . . . ဆို့ပိတ် . . .

အူကြောင်ကြောင် . . . အောင်ကြူကြူ . . .

ဖြတ်လမ်း . . . လမ်းဖြတ် . . .

ဇဟိုအလယ် . . . အလယ်ဇဟို . . .

"ဒါတွေက သိပ်အလုပ်မဖြစ်ပါဘူးကွာ"

"အလုပ်ဖြစ်နိုင်တယ် ခင်ဗျ၊ သူတို့က စကားဝှက်တစ်မျိုးကို သုံးစွဲနေတယ် ဆိုတာ သိပ်ကို ထင်ရှားပါတယ်၊ ပြီးတော့လည်း အဲဒီလို နာမည်ကြီး ပလ္လင်ဒရမ်းစကားမျိုးကို နပိုလီယံက ပြောခဲ့ဖူးတယ်လို့ ဆိုတာပဲ၊ အဲဒါကတော့ -

"ယခုမူ ငါသည် ဤနေရာမှနေ၍ အဲလ်ဘာကျွန်းကိုသာ ကြည့်နေရတော့သည်တဲ့"

ဗိုလ်မှူးကြီး စီဇာနှင့် ဗိုလ်မှူးကြီး ဂျွန်ဆန်တို့ တစ်ယောက်မျက်နှာ တစ်ယောက်က ကြည့်လိုက်မိကြသည်။

"အဲလ်ဘာကျွန်း၊ မြတ်စွာဘုရား၊ သူက အဲဒီမှာ ရှိနေတာတိုး"

နှစ်ဆယ်ရက်မြောက်နေ့

အဲလ်ဘာကျွန်း

ထိုအရာသည် အစပထမတွင် မိုးကုပ်စက်ဝိုင်းပေါ်၌ အစက်အပြောက်ကလေးအဖြစ် စတင် ပေါ်ပေါက်လာပြီး နံနက်ခင်း၏ နေရောင်ခြည်ထဲတွင် လျင်မြန်စွာ ပို၍ ကြီးမားလာသည်။

ရောဘတ်သည် မှန်ပြောင်းထဲမှနေ၍ ထိုအရာသည် ဟောလ်စီယွန်အဖြစ် ပြောင်းလဲသွားသည်ကို မြင်နေရသည်။ ထိုသင်္ဘောနှင့် ပတ်သက်၍ ရှုပ်ထွေးစရာ အကြောင်း မရှိပါ။ ထိုသင်္ဘောမျိုးက ရှားလှပါဘိတောင်း။

သူက မော်တော်ဘုတ်ငှားရန် စီစဉ်ထားသောရေဆိပ်သို့ ကပျာကယာ ဆင်းသွားခဲ့သည်။

"မင်္ဂလာ နံနက်ခင်းပါ"

မော်တော်ဘုတ်ပိုင်ရှင်က မော့ကြည့်သည်။

"မင်္ဂလာနံနက်ခင်းပါ မွန်စီယာ၊ ဆရာသမားက မော်တော်ဘုတ်ကို ယူတော့မလို့လား"

ရောဘတ်က ခေါင်းညိတ်သည်။

"ဟုတ်ကဲ့"

"ခင်ဗျားက ဘယ်လောက်ကြာကြာ ယူထားမှာလဲ"

"တစ်နာရီ၊ နှစ်နာရီထက် ပိုမကြာပါဘူးဗျာ"

ရောဘတ် စပေါ်တင်ရန် ကျန်နေသေးသောငွေကို ပေးလိုက်ပြီးနောက် မော်တော်ဘုတ်ထဲသို့ ဆင်းလိုက်သည်။

"ရှိရှိသေသေတော့ မောင်းပါနော်ဗျာ"

ရောဘတ်ကလည်း ဖြေလိုက်သည်။

"စိတ်မပူပါနဲ့ဗျာ၊ ကျုပ်က ရှိရှိသေသေ ကိုင်ပါ့မယ်"

ပညာရွှေတောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com

မော်တော်ဘုတ်ပိုင်ရှင်က ကြိုးကို ဖြေပေးလိုက်သဖြင့် မျှော...
မော်တော်ဘုတ်ကလေးသည် ဟောလ်စီယွန်ဆီသို့ ဦးတည်၍ အပြေး...
သွားနေခဲ့လေပြီ။

ရောဘတ်အနေနှင့် ဟောလ်စီယွန်ထံသို့ ရောက်ရန် ဆယ်မိနစ် ကြာ...
သည်။ သူက ချဉ်းကပ်သွားချိန်တွင် ကုန်းပတ်ပေါ်၌ မတ်တတ်ရပ်နေကြ...
ဆူဆန်နှင့် မွန်တီဘင့်ခ်တို့ကို မြင်ရတော့သည်။

ဆူဆန်က သူ့ကို လက်ဝှေ့ယမ်းပြသည်။ သူ့မျက်နှာပေါ်မှ စိုးရိမ်...
ဖြစ်မှုကို ရောဘတ် မြင်နေရသည်၊ ရောဘတ်က မော်တော်ဘုတ်က...
ဟောလ်စီယွန်နှင့် ယှဉ်နိုင်အောင် ပြုလုပ်လိုက်ပြီးနောက် ကုန်းပတ်...
သင်္ဘောသားတစ်ယောက်ထံ ကြိုးစကို ပစ်ပေးလိုက်သည်။

ထိုသင်္ဘောသားက မေးလိုက်၏။

"ဆရာက အဲဒါကို သင်္ဘောပေါ် တင်ချင်လို့လား ခင်ဗျာ"

"ဟင့်အင်း၊ မျှောသာ ပစ်လိုက်တော့ကွာ"

ထို မော်တော်ဘုတ်ကို ပိုင်ရှင်က မကြာမီ ပြန်ရှာတွေ့ပါလိမ့်မည်။

ရောဘတ်သည် လှေကားမှတစ်ဆင့် အညစ်အကြေး ဟူ၍ မြ...
မတင်ဘဲ သန့်ရှင်းနေသော ကုန်းပတ်ပေါ်သို့ တက်သွားသည်။

တစ်ချိန်တုန်းက ဟောလ်စီယွန် အကြောင်း ဆူဆန်က ပြောဖူး...
ထိုစဉ်က သူသည် ဟောလ်စီယွန်သင်္ဘောကို အတော်ကလေး အထင်...
သည်။ ယခုမူ ပို၍ပင် အထင်ကြီးစရာ ဖြစ်နေလေတော့သည်။ ဟောလ်...
သည် ပေနှစ်ရာရှစ်ဆယ် ရှည်လျားပြီး သင်္ဘောပိုင်ရှင်၏ အင်မတန် ဇိမ်ရှိ...
အခန်း၊ ဧည့်သည်များအတွက် နှစ်ဦးစီနေနိုင်သော အခန်းကျယ်ကြီးရှစ်ခန်း...
သင်္ဘောသား (၁၆) ယောက်အတွက် အိပ်ခန်းများ ပါရှိသည်။ ထိုသင်္ဘော...
တွင် ဧည့်ခန်း၊ ထမင်းစားခန်း၊ ရုံးခန်း၊ ခန်းမကြီးတစ်ခန်းနှင့် ရေကူးကန်တစ်...
ပါရှိသည်။

ထိုသင်္ဘောကို ဆလင်ဒါ ခြောက်လုံးနှင့် တာဗိုအားသုံး ကာတာပီလာ...
ဒီ ၃၉၉ အမျိုးအစား မြင်းကောင်ရေ ၁၂၅၀ အားရှိသော ဒီဇယ်အင်ဂျင်...
နှစ်လုံးနှင့် မောင်းနှင်ပြီး ကမ်းခြေနှင့် ဆက်သွယ်ရန် လှေခြောက်စင်းပါရှိသည်...
သင်္ဘော၏ အတွင်းဘက် ဒီဇိုင်းတို့ အီတလီနိုင်ငံမှ လူဂီစတာချီယိုက ပြုလု...
ပေးသည်။ ထိုသင်္ဘောကြီးသည် ရေပေါ်မှ နန်းတော်တစ်ခုပင် ဖြစ်သည်။

ဆူဆန်က ပြောလိုက်၏။

"ရှင် ရောက်အောင် လာနိုင်တဲ့အတွက် ကျွန်မ ဝမ်းသာပါတယ်"

ဆူဆန်သည် မအီမသာ ရှိနေပုံရသည်။ တစ်ခုခုတော့ မှားယွင်းနေသည်...
ရောဘတ်က ထင်လိုက်သည်။ ဒါမှမဟုတ် သူ့စိတ်ထဲကပင် အထင်အမြင်...
မှားနေတာများလား။

မည်သို့ပင်ဖြစ်စေ ဆူဆန်သည် အလွန့်အလွန် လှပနေသည်။ ထို့ကြောင့်...
ရောဘတ် စိတ်ပျက်သွားရသည်။

'ငါက ဘယ်လိုများ မျှော်လင့်ထားလို့လဲ၊ ဆူဆန့်ကို ဖြူဖပ်ဖြူရော်နှင့်...
စိတ်မသက်မသာ ဖြစ်နေတာကို မြင်ချင်လို့လား' ဟု ရောဘတ်က တွေးလိုက်...
မိသည်။





ရောဘတ်က မွန်တီဘက်သို့ လှည့်လိုက်သည်။

"ခုကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်က သိပ်ကျေးဇူးတင်တဲ့အကြောင်း ခင်ဗျား သိစေချင်ပါတယ်"

မွန်တီက ပခုံးတွန့်သည်။

"ခင်ဗျားကို ကူညီရတဲ့အတွက် ဝမ်းသာပါတယ်ဗျာ"

ဒီပုဂ္ဂိုလ်ကတော့ တကယ့်သူတော်စင်တစ်ယောက်ပဲ။

မွန်တီက မေးလိုက်သည်။

"ခင်ဗျား အစီအစဉ်က ဘယ်လိုလဲ"

"ခင်ဗျား သင်္ဘောကို နောက်ပြန်လှည့်ပြီး မာဆေးလ်မြို့ရှိရာ အနောက်ဘူးစူးဆီကို မောင်းနှင်စေချင်ပါတယ်၊ ခင်ဗျားက ကျုပ်ကို ကမ်းခြေတစ်နေရာရာမှာ ချပေးထားခဲ့လို့ ရပါ . . ."

ကြွပ်ရွနေသော အဖြူရောင်ယူနီဖောင်းကို ဝတ်ဆင်ထားသူတစ်ဦး အနီးသို့ ကပ်လာသည်။ သူသည် ကိုယ်လုံးကိုယ်ပေါက် ဝဝဖိုင့်ဖိုင့်၊ သပ်ရပ်စွာ ရိတ်ထားသော မုတ်ဆိတ်မွေးတို့နှင့် အသက်ငါးဆယ်ခန့်ရှိသူ တစ်ဦး ဖြစ်သည်။

"သူက မာလိန်မှူး ဆင်ပဆင်၊ ဒါက . . ."

မွန်တီဘင့်ခ်က ရောဘတ်ကို အကူအညီတောင်းဟန်နှင့် ကြည့်လိုက်သည်။

"စမစ်၊ တွမ်စမစ်ပါ"

မွန်တီက ပြောလိုက်၏။

"မာလိန်မှူးကြီး၊ ကျုပ်တို့ မာဆေးလ်ကို သွားကြမယ်"

"ကျုပ်တို့က ဖဲလ်ဘာကျွန်းကို မသွားတော့ဘူးလား"

"မသွားတော့ဘူး"

မာလိန်မှူး ဆင်ပဆင်က -

"ကောင်းပါပြီ" ဟု ပြောလိုက်၏။ သူ့လေသံက တအံ့တသြ ဖြစ်သွားပုံမျိုး။

ရောဘတ်က မိုးကုပ်စက်ဝိုင်းကို လျှောက်ကြည့်လိုက်၏။ အားလုံး ရှင်းနေသည်။

မွန်တီဘင့်ခ်က ပြောလိုက်သည်။

"ကျုပ်တို့အားလုံး အောက်ကို သွားကြရအောင်"

သူတို့ သုံးဦးစလုံး အခန်းကျယ်ကြီးထဲ၌ ထိုင်မိကြသောအခါ မွန်တီက ပြောလိုက်လေ၏။

"ခင်ဗျားက ကျုပ်တို့ကို ရှင်းပြဖို့တော့ လိုလိမ့်မယ်နဲ့ တူတယ်"

"ဟုတ်ကဲ့၊ ရှင်းပြဖို့လိုတာ အမှန်ပါပဲ၊ ဒါပေမယ့် ကျုပ်က ခင်ဗျားတို့ကို ရှင်းမပြတော့ပါဘူး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ မသိကြလေလေ ကောင်းလေလေပါပဲ၊ ခင်ဗျားကို ကျုပ်ပြောနိုင်တဲ့ အချက်တစ်ချက်ကတော့ ကျုပ်မှာ အပြစ်ကင်းစင်ပါတယ် ဆိုတာပဲ၊ ကျုပ်က နိုင်ငံရေးကိစ္စတစ်ရပ်နဲ့ ပတ်သက်နေတယ်၊ ကျုပ်သိတာတွေက သိပ်များနေလို့ ကျုပ်ကို လိုက်ချောင်းနေကြတယ်၊ သူတို့က ကျုပ်ကိုတွေ့ရင် သတ်ပစ်ကြမှာပဲ"

ဆူဆန်နှင့် မွန်တီတို့က တစ်ယောက်နှင့် တစ်ယောက် ကြည့်လိုက်ကြ သည်။ ရောဘတ်က ဆက်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"သူတို့က ကျုပ်ကို ဟောလ်စီယွန်နဲ့ ဆက်စပ်ပြီး တွေးမိစရာ အကြောင်း မရှိပါဘူး၊ တကယ်လို့ ကျုပ်အနေနဲ့ လွတ်မြောက်အောင် ထွက်ပြေးနိုင်တဲ့ အခြား နည်းလမ်းတစ်လမ်း ရှိမယ်ဆိုရင် ဒီနည်းကို မသုံးဘူးဆိုတာ ကျုပ်ကို ယုံကြည်စမ်းပါ မွန်တီ"

ရောဘတ်က သူ့လိုက်လံ၍ စုံစမ်းပေးခဲ့သောကြောင့် အသတ်ခံရသူများ အကြောင်း တွေးကြည့်လိုက်မိသည်။ သူ့အနေနှင့် ဆူဆန့်ကို ဘာမှ မဖြစ်စေချင်ပါ။ သူတ သူ့လေသံကို ရွှင်ရွှင်ပျပျကလေးဖြစ်အောင် ကြိုးစားလိုက်သည်။

"ခင်ဗျားတို့ အကျိုးအတွက် ကျုပ် ဒီသင်္ဘောပေါ်ကို ရောက်မလာဘူးလို့ ပြောပေးမယ်ဆိုရင် ပိုပြီး တန်ဖိုးထားမိပါလိမ့်မယ်"

"မပြောပါဘူးဗျာ"

မွန်တီက ပြောလိုက်ခြင်း ဖြစ်သည်။

သင်္ဘောကြီးသည် ဖြည်းညင်းစွာ ပြန်လှည့်ပြီး အနောက်ဘက်ဆီသို့ ဦးတည်နေလေပြီ။

မွန်တီဘင့်ခ်က ပြောလိုက်၏။

"ခင်ဗျားတို့က ကျုပ်ကို ခွင့်ပြုမယ်ဆိုရင် ကျုပ်က မာလိန်မှူးနဲ့ စကားတစ်ခွန်း ပြောစရာရှိတယ်"

ညစာထမင်းစားပွဲသည် အင်မတန် အူကြောင်ကြောင်နိုင်သည့်ကိစ္စ ဖြစ်သည်။ ထိုထမင်းစားပွဲတွင် ရောဘတ် နားမလည်နိုင်သည့် မအီမသာဖြစ်မှုများ ရှိနေသည်။ တင်းမာသော အနေအထားမှာ လက်နှင့်ထိကိုင်၍ပင် ရလုမတတ် ဖြစ်နေသည်။ ဤကဲ့သို့ ဖြစ်နေရခြင်းမှာ ထမင်းစားပွဲတွင် သူရှိနေသောကြောင့် ပင်လော သို့တည်းမဟုတ် အခြား ကိစ္စတစ်ရပ်ရပ်ကြောင့်ပင်လော၊ သူတို့နှစ်ယောက်အကြားမှကိစ္စတစ်ခုခုပင် ဖြစ်နေလေသလော။

ရောဘတ်က 'ငါ ဒီက မြန်မြန် ခွာသွားလေလေ ကောင်းလေလေပဲ' ဟု တွေးနေမိသည်။

သူတို့သည် ခန်းမဆောင်ကြီးထဲ၌ ညစာစားပြီး ယမကာများကို သောက်သုံးနေကြစဉ် မာလိန်မှူး ဆင်ပဆင် အခန်းထဲသို့ ဝင်လာသည်။

ရောဘတ်က မေးလိုက်၏။

"ကျုပ်တို့ မာဆေးလ်ကို ဘယ်တော့ရောက်မလဲ"

"တကယ်လို့ ရာသီဥတု အခြေအနေကောင်းရင် ကျုပ်တို့ အဲဒီနေရာကို နက်ဖြန်ခါ မွန်းလွဲပိုင်းလောက် ရောက်နိုင်ပါလိမ့်မယ် မစ္စတာစမစ်"

မာလိန်မှူး ဆင်ပဆင်၏ အမူအရာမှာ မည်သို့မှန်း မသိ။ ရောဘတ်ကို စိတ်အနှောင့်အယှက် ဖြစ်စေခဲ့သည်။ မာလိန်မှူး စကားပြောပုံမှာ ကြမ်းတမ်းသည်။ ရိုင်းစိုင်းသည်ဟုပင် ဆိုရမလောက် ဖြစ်သည်။

'ဒီလူဟာ တော်တော့်ကို တော်လို့ပဲ ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင် မွန်တီက သူ့ကို ငှားရမ်းထားမှာ မဟုတ်ဘူး၊ ဆူဆန်ဟာ ဒီဖိမ်ခံသင်္ဘောကြီးကို ရထိုက်ပါတယ်၊ သူဟာ အစစအရာရာရဲ့ အကောင်းဆုံးကို ရထိုက်ပါတယ်လေ' ဟု ရောဘတ်က တွေးလိုက်သည်။

ညဆယ့်တစ်နာရီတွင် မွန်တီက သူ့လက်ပတ်နာရီကိုကြည့်၍ ဆူဆန့်





...ောလိုက်သည်။

"ဒို့တို့ အိပ်ရာဝင်သင့်ပြီလို့ ထင်တယ် အချစ်ရယ်"

ဆူဆန်က ရောဘတ်ဘက်...့ တစ်ချက် လှည့်ကြည့်လိုက်သည်။

"ဟုတ်ကဲ့"

သူတို့သုံးယောက် ထိုင်ရာမှထကြသည်။ မွန်တီက ပြောလိုက်၏။

"ခင်ဗျားရဲ့ ကေဗင်ထဲမှာ လဲလှယ်ပြီး ဝတ်ဆင်ဖို့ အဝတ်အစားတွေကို ...လိမ့်မယ်၊ ကျုပ်တို့က ကိုယ်လုံးကိုယ်ပေါက် တစ်ရွယ်တည်းလောက်ပါပဲ"

"ကျေးဇူးတင်ပါတယ်"

"မင်္ဂလာညပါ ရောဘတ်"

"မင်္ဂလာညပါ ဆူဆန်"

ရောဘတ်သည် ထိုနေရာ၌ မတ်တတ်ရပ်ရင်း သူချစ်သော အမျိုးသမီးက ...ိုင်ဘက် ပုဂ္ဂိုလ်နှင့်အတူ အုံးစက်ရာ၌ အတူတူ အိပ်စက်ရန် လိုက်ပါသွား...ကို စောင့်ကြည့်နေသည်။

မြိုင်ဘက် ပုဂ္ဂိုလ်တဲ့လား၊ ငါက ဘ...တွေ လျှောက်ပြီး နောက်ပြောင်နေ...ဲ သူက အောင်နိုင်သူ၊ ငါက ရှုံးနိမ့်သူ' ဟု တွေးနေမိသည်။

အိပ်စက်အနားယူမှုသည် အလွန် အဖမ်းရခက်သည့်အရိပ် ဖြစ်သည်။ ...လုံးမမိသည့် နေရာတွင် ခုန်ပေါက်နေသည်။ သူသည် မွန်တီနှင့်အတူ ...ည်တဲ့ပြီး ချစ်ပွဲဝင်နေမည့် ဆူဆန်ကို တွေးနေမိသည်။ ဆူဆန်သည် မကြာခင် ...ထဲမှ အပြီးအပိုင် ထွက်ခွာသွားပေတော့မည်။ သူသည် ဆူဆန်နှင့် ပြန်၍ ...င်မှ ဆုံရလိမ့်မည်။

သူသည် အရုဏ်တက်ချိန် ရောက်မှသာ မျက်စိကိုမှိတ်ဖြစ်တော့သည်။

စီဖာ၏ ဆက်သွယ်ရေးစခန်းထဲတွင် ဟောလ်စီယွန်၏ လှုပ်ရှားမှုများကို ...ါက လိုက်လံထောက်လှမ်းနေသည်။ ဗိုလ်ကြီးစီဇာက ဗိုလ်မှူးကြီး ဂွန်ဆန် ...ဘ်သို့လှည့်ပြီး ပြောလိုက်သည်။

"ကျုပ်တို့က သူတို့ကို အဲလ်ဘာကျွန်းမှာ ဖြတ်ပြီး မတားနိုင်လိုက်တာ ...ဆိုးသွားတယ်၊ ဒါပေမယ့် ကျုပ်တို့က သူ့ကို အခု မိနေပါပြီ။ ကျုပ်တို့က ...သင်္ဘောတစ်စင်းကို အသင့်စောင့်ခိုင်းထားတယ်၊ ကျုပ်တို့က သင်္ဘောပေါ် ...တက်ခဲ့ပါဆိုတဲ့ ဟောလ်စီယွန်ရဲ့ အကြောင်းကြားချက်ကို စောင့်နေတယ်"

...ဆယ့်တစ်ရက်မြောက်နေ့

နံနက်စောစောတွင် ရောဘတ်သည် ကုန်းဝတ်ပေါ်သို့ ရောက်ရှိနေပြီး ...သက်နေသော ပင်လယ်ပြင်ကို လှေလာကြည့်ရှုနေသည်။ မာလိန်မှူးဆင်ပ...င်က သူ့ထံသို့ ချဉ်းကပ်လာသည်။

"မင်္ဂလာနံနက်ခင်းပါ၊ ရာသီဥတုကတော့ ကောင်းမယ့်ပုံပဲ မစ္စတာစမစ်ရဲ့"

"ဟုတ်ကဲ့"

"ကျုပ်တို့က မာဆေးလ်ကို ညနေသုံးနာရီလောက်ကျရင် ရောက်လိမ့်မယ် ...ျုပ်တို့က အဲဒီမှာ ကြာကြာနေမှာလား"

ရောဘတ်ကလည်း ချိုသာစွာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ် မပြောတတ်သေးဘူး၊ ကြည့်ကြသေးတာပေါ့ဗျာ"

"ဟုတ်ကဲ့ခင်ဗျ"

ဆင်ပဆင် ထွက်ခွာသွားသည်ကို ရောဘတ်က စောင့်ကြည့်နေ

ဒီပုလ္လိုလ်နဲ့ ပတ်သက်ပြီး ဘာများ ရှိနေပါလိမ့်။

ရောဘတ်သည် သင်္ဘော၏ ပဲ့ပိုင်းသို့ သွားရောက်ပြီး မိုးကုပ်စ တစ်လျှောက်ကို လှမ်းကြည့်လိုက်သည်။ သူ ဘာကိုမှ မမြင်ရသေးပါ။ အောင် လွန်ခဲ့သော အတိတ်ကာလက သူ၏ပင်ကိုအသိက သူ့အသ တစ်ကြိမ်ထက်မက ကယ်ဆယ်ခဲ့ပြီးလေပြီ။ သူသည် သူ၏ပင်ကိုအသိ အားကိုအားထားပြုရန် ရှေးယခင်ကပင် နားလည်ခဲ့ပြီး ဖြစ်သည်။

တစ်ခုခုကတော့ မှားယွင်းနေလေပြီ။

မိုးကုပ်စက်ဝိုင်းအလွန် မမြင်ရသောနေရာတွင် အီတလီနိုင်ငံမှ သင်္ဘော စထရွမ်ဘိုလီသည် ပောလ်စီယွန် နောက်မှ ချောင်းမြောင်းလိုက် သည်။

နံနက်စာစားရန် ဆူဆန် ရောက်ရှိလာသည့်အခါ ဆူဆန်သည် မျက် ချောင်ပြီး ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

မွန်တီက မေးလိုက်၏။

"အချစ်ကလေး၊ ညက ကောင်းကောင်းအိပ်ရရဲ့လား"

"အိပ်ရပါတယ်"

ဆူဆန်က ဖြေလိုက်ခြင်း ဖြစ်သည်။

'ဒါဆိုရင် သူတို့က ကေဗင်တစ်ခန်းထဲမှာ အတူတူမှ မအိပ်ကြဘဲ တွေးပြီး ရောဘတ်သည် ထိုအသိကြောင့် ကျိုးကြောင်းဆီလျော်မှုမရှိဘဲ သာသွားမိတော့သည်။

'ဘုရား . . . ဘုရား၊ ငါ ဒီလို အတွေးတွေကို ဆက်မတွေးသင့်ဘူး' သူ့စိတ်ထဲက တွေးမိပြန်၏။

ပောလ်စီယွန်၏ ရှေ့ဦးပိုင်း ညာဘက်ခြမ်းတွင် လတ်ဆတ်သည့်ငါး လာရောက် ပေးပို့နေသော မာဆေးလ်တံငါလှေအုပ်စုမှ တံငါလှေတ ရှိနေသည်။

ဆူဆန်က မေးလိုက်သည်။

"ရှင်က နေ့လယ်စာကျရင် ငါးစားချင်သလား"

အမျိုးသားနှစ်ယောက်စလုံး ခေါင်းညိတ်ကြသည်။

"ကောင်းတယ်"

သူတို့သည် တံငါလှေနှင့် တညီတည်းလိုလို ဖြစ်နေလေပြီ။ မာလိ ဆင်ပဆင်က နံဘေးမှ ဖြတ်လျှောက်သွားသောကြောင့် ရောဘတ်က မေးလို

"ကျုပ်တို့ မာဆေးလ်ကိုရောက်မယ့် ခန့်မှန်းခြေအချိန်က ဘယ်သော

"ကျုပ်တို့ အဲဒီကို နှစ်နာရီ အတောအတွင်း ရောက်သွားမှာပါ မ စမစ်၊ မာဆေးလ်က အင်မတန် စိတ်ဝင်စားဖို့ကောင်းတဲ့ ဆိပ်ကမ်းမြို့ပဲ၊ ခင် အဲဒီကို ရောက်ဖူးသလား"





ရောဘတ်က ဖြေလိုက်သည်။

"အင်မတန် စိတ်ဝင်စားဖို့ကောင်းတဲ့ ဆိပ်ကမ်းပါပဲဗျာ"

စီဖာ၏ ဆက်သွယ်ရေးခန်းထဲတွင် ပောလ်စီယွန်ထံမှ ယခု ချတ်ချင်း ပေးပို့လိုက်သော အကြောင်းကြားချက်ကို ဗိုလ်မှူးကြီး နှစ်ယောက် ဖတ်ရှုနေကြ သည်။ ထိုအကြောင်းကြားချက်၌ 'အခု'ဆိုသော စာလုံးကလေး တစ်လုံးသာ ရှိသည်။

"ပောလ်စီယွန်က ဘယ်နားမှာ ရှိသလဲ"

ဗိုလ်မှူးကြီး စီဇာက ခပ်ငေါက်ငေါက် မေးလိုက်သည်။

"သူတို့ဟာ မာဆေးလ်နဲ့ နှစ်နာရီအကွာမှာ ရှိနေပါတယ်၊ သူတို့က ဆိပ် ကမ်းဆီကို ဦးတည်ပြီး သွားနေကြပါတယ်"

"အဲဒီ သင်္ဘောကို ကျော်တက်မောင်းနှင်ပြီး ချက်ချင်းတက်ရှာဖို့ စထရွမ် ဘိုလီကို အမိန့်ပေးလိုက်"

နောက်ထပ် နာရီဝက်ကြာသောအခါ အီတလီရေတပ်မတော်က ခရူဇာ စစ်သင်္ဘော စထရွမ်ဘိုလီသည် ပောလ်စီယွန်ထံသို့ ချဉ်းကပ်လာနေသည်။

ဆူဆန်နှင့် မွန်တီတို့သည် ပောလ်စီယွန်၏ ရေယက်ရှိရာ ပဲ့ပိုင်းတွင် ရှိနေပြီး ခရူဇာ စစ်သင်္ဘောက အရှိန်ပြင်းစွာ မောင်းနှင်လာနေသည်ကို စောင့် ကြည့်နေကြသည်။

ခရူဇာ စစ်သင်္ဘော၏ အသံချဲ့စက်မှ အသံတစ်သံ ထွက်ပေါ်လာသည်။

"ပောလ်စီယွန် ရပ်လိုက်ပါ၊ ကျုပ်တို့ တက်လာကြတော့မယ်"

ဆူဆန်နှင့် မွန်တီတို့သည် တစ်ယောက်နှင့် တစ်ယောက် ကြည့်လိုက်ကြ သည်။ မာလိန်မှူး ဆင်ပဆင်က သူတို့ထံ အပြေးအလွှား ရောက်ရှိလာသည်။

"မစ္စတာဘင့်ခ်"

"အဲဒါကို ငါကြားတယ်၊ သူတို့ပြောသလို လုပ်၊ အင်ဂျင်စက်တွေကို ရပ် လိုက်တော့"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

နောက် တစ်မိနစ်ကြာသောအခါ အင်ဂျင်စက်ခုတ်သံများ ရပ်ဆိုင်းသွား ပြီး ဇိမ်ခံသင်္ဘောကြီးသည် ရေထဲတွင် ငြိမ်ငြိမ်သက်သက် ရှိနေလေတော့သည်။

လက်နက်ကိုင် ရေတပ်မတော်သားများပါသည့်လှေကို ခရူဇာသင်္ဘော ပေါ်မှ ရေပေါ်သို့ ချနေသည်ကို ဆူဆန်နှင့် သူ့ခင်ပွန်းတို့က စောင့်ကြည့်နေကြ သည်။

နောက်ထပ် ဆယ်မိနစ်ကြာသောအခါ ရေတပ်သား ဆယ့်နှစ်ယောက် ခန့်သည် လှေကားမှတစ်ဆင့် ပောလ်စီယွန် သင်္ဘောပေါ်သို့ တစ်အုပ်တစ်မကြီး တက်လာကြသည်။

ထိုအုပ်စု၏ ခေါင်းဆောင်ဖြစ်သော ရေတပ်မတော်မှ ဗိုလ်မှူးက ပြော လိုက်၏။

"ကျွန်တော်က ခင်ဗျားတို့ကို ဒုက္ခပေးရတဲ့အတွက် ဝမ်းနည်းပါ မစ္စတာဘင့်ခ်၊ ခင်ဗျားဟာ ဥပဒေစက်ကွင်းက ထွက်ပြေးနေတဲ့ ရာဇ တစ်ယောက်ကို လက်ခံထားတယ်လို့ အီတလီအစိုးရက ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့က သင်္ဘောကို ရှာဖွေဖို့ အမိန့်ပေးထားပါတယ်"

ရေတပ်မတော်သားများက လူစုခွဲပြီး ကုန်းပတ်အတိုင်း ဖြတ်သွားသူသွား၍ အချို့က ကေဗင်များကို ရှာဖွေရန် အောက်ဘက်သို့ ဆင်းသွားကြသည်။

"ဘာမှမပြောနဲ့"

"ဒါပေမယ့် . . ."

"စကားတစ်လုံးမှ မပြောနဲ့"

ရေတပ်မတော်သားများက ရှာဖွေနေကြသည်ကို သူတို့ လင်မယားနှစ်ယောက်က တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ကြည့်နေကြသည်။

နောက်ထပ် မိနစ်သုံးဆယ်ကြာသောအခါ စထရွမ်ဘိုလီမှ ရေတပ်မတော်သား အားလုံး ပင်မကုန်းပတ်ပေါ်တွင် ပြန်၍ စုလိုက်ကြသည်။ ရေတပ်မတော်သား တစ်ယောက်က သတင်းပို့လိုက်၏။

"ကွန်မန်ဒါ၊ သူနဲ့ ပတ်သက်တဲ့ အရိပ်အယောင်ကိုတောင် ရှာမတွေ့ပါဘူးဗျာ"

"မင်းက သေချာလို့လားကွ"

"ရာခိုင်နှုန်းပြည့် သေချာပါတယ် ဆရာ၊ ဒီသင်္ဘောပေါ်မှာ ခရီးသည်တစ်ယောက်မှ ပါမလာတဲ့အပြင် ကျွန်တော်တို့က ဒီသင်္ဘောရဲ့ ဝန်ထမ်းအားလုံးကို တစ်ယောက်စီ စစ်ဆေးကြည့်ရှုပြီးပါပြီ"

ကွန်မန်ဒါသည် စိတ်အနှောင့်အယှက် ဖြစ်သွားဟန်နှင့် ထိုနေရာတွင် ခေတ္တမျှ ရပ်နေသည်။ သူ့အထက်အရာရှိများက အမှားအယွင်းတစ်ခုကို ပြုလုပ်ခဲ့ကြလေပြီ။

သူက မွန်တီ၊ ဆူဆန်နှင့် မာလိန်မှူး ဆင်ပဆင်တို့ဘက်သို့ လှည့်လိုက်သည်။

"ကျွန်တော် ခင်ဗျားတို့ကို တောင်းပန်ရတော့မှာပဲ၊ ခင်ဗျားတို့ကို အနှောင့်အယှက် ဖြစ်စေခဲ့ရတဲ့အတွက် ကျွန်တော် သိပ်ကိုဝမ်းနည်းပါတယ်၊ ကျွန်တော်တို့ ခုပဲ ပြန်ကြပါ့မယ်"

သူက ပြန်ရန် ချာခနဲ လှည့်လိုက်သည်။

"ကွန်မန်ဒါ"

"ဟုတ်ကဲ့"

"ခင်ဗျားတို့ လိုက်ရှာနေတဲ့လူဟာ လွန်ခဲ့တဲ့ နာရီဝက်က တံငါလှေတစ်စင်းနဲ့ ထွက်ပြေးသွားပါပြီ။ ခင်ဗျားတို့အနေနဲ့ သူ့ကို ရှာပြီးဖမ်းဖို့ သိပ်ခက်မယ်မထင်ပါဘူး"

နောက်ထပ် ငါးမိနစ်ကြာသောအခါ စထရွမ်ဘိုလီသည် မာဆေးလ်မြို့ဘက်ဆီသို့ လျင်မြန်စွာ ခုတ်မောင်းနေသည်။ ရေတပ်မတော်မှ ဗိုလ်မှူးတလေးသည် သူ့ကိုယ်သူ အလွန် ပီတိဖြစ်နေသည်။ ကမ္ဘာပေါ်၌ရှိသော အစိုးရတာဝန်ခံများက ကွန်မန်ဒါ ရောဘတ်ဘယ်လာမီကို လိုက်လံရှာဖွေနေကြသည်။ သူသည် ရောဘတ်ဘယ်လာမီကို ရှာတွေ့သူ ဖြစ်ပါလိမ့်မည်။ သူ့အတွက် ရာထူးတတ်စရာပင် ရှိနိုင်လိမ့်မည်ဟု သူက တွေးလိုက်လေ၏။

ရေကြောင်းလမ်းပြ အရာရှိတစ်ယောက်က ပဲ့စင်ပေါ်မှနေ၍ လှမ်းအော်လိုက်သည်။





"ကွန်မန်ဒါ၊ ဒီကို ကျေးဇူးပြုပြီး တက်ခဲ့ပါ"

သူတို့က တံငါလှေကို ရှာတွေ့သွားလေရော့သလား။

ရေတပ်ဗိုလ်မှူးက ပဲ့စင်ပေါ် အပြေးအလွှား တက်သွားတော့သည်။

"ကြည့်ပါဦး ခင်ဗျ"

ကွန်မန်ဒါက တစ်ချက် လှမ်းကြည့်လိုက်ပြီးနောက် အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားရတော့သည်။

ရှေ့ဘက် ခပ်လှမ်းလှမ်း မိုးကုပ်စက်ဝိုင်းဆီလောက်တွင် မာဆေးလ်မြို့ တံငါလှေအုပ်စုမှ ပုံစံတူ၊ ရွက်တူ၊ တံငါလှေ အစင်းတစ်ရာသည် ဆိပ်ကမ်းဆီသို့ ဦးတည်၍ ပြန်နေကြသည်။

မည်သည့် လှေပေါ် ကွန်မန်ဒါ ဘယ်လာမီ ပါသွားသည်ကို စုံစမ်းသိရှိရန် မလွယ်တော့ပြီတည်း။

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

## အခန်း လေးဆယ့်ခုနစ်

သူသည် မာဆေးလ်မြို့တွင် မော်တော်ကားတစ်စီးကို ခိုးယူခဲ့သည်။ ထိုကားမှာ အမိုးကိုဖွင့်၍ရသော ဖိယက် ၁၈၀၀ စပိုက်ဒါ ကားတစ်စီးဖြစ်ပြီး အလင်းရောင်နည်းသော လမ်းကြားကလေး တစ်ခုထဲတွင် ရပ်တန့်ထားသည်။ ထိုကားကို သော့ခတ်ထားသည်။ အင်ဂျင်စက်ကိုနှိုးသည့် သော့အိမ်ထဲတွင်လည်း သော့တန်းလန်း ရှိမနေပါ။ သို့ရာတွင် ပြဿနာမရှိပါ။ သူ့ကို စောင့်ကြည့်နေသူ မရှိကြောင်း သေချာအောင် ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုလိုက်ပြီးနောက် ကားခေါင်မိုးမှ တာလပတ်စကို ဓားနှင့်ခွဲလိုက်သည်။ ထို့နောက် ကားထဲလက်နှိုက်၍ ကားတံခါးကို ဖွင့်လိုက်လေ၏။

သူသည် မော်တော်ကားထဲသို့ အသာကလေး လျှောဝင်လိုက်ပြီးနောက် ဒက်ရှ်ဘုတ်အောက်သို့ လက်နှိုက်ပြီး ကားစက်နှိုးသော သော့နှင့်ဆိုင်သည့် ဝိုင်ယာကြိုးအားလုံးကို ဆွဲထုတ်သည်။ သူက ပထမဦးစွာ ဒက်ရှ်ဘုတ်ကို မီးလင်းလာအောင် လုပ်သည်။ ထို့နောက် ကားစက်နိုးလာသည့်အခါ ချုတ်ကြိုးကိုဆွဲလိုက်ရာ ကားအင်ဂျင်သည် ဝေါခနဲမြည်ပြီး စက်နိုးလာတော့သည်။

နောက် တစ်ခဏအတွင်းမှာပင် ရောဘတ်သည် ပဲရစ်မြို့ဆီ ဦးတည်မောင်းနှင်၍ နေလေပြီ။ သူ၏ ပထမဦးစားပေးကိစ္စမှာ လီပိုကို ဖမ်းနိုင်ရေးပင်ဖြစ်သည်။

သူသည် ပဲရစ်မြို့ ဆင်ခြေဖုံးသို့ ရောက်ရှိသည့်အခါ အများသုံး တယ်လီဖုန်းရုံတစ်ခုရှေ့တွင် ရပ်တန့်လိုက်၏။ သူက လီပို၏ အိမ်ခန်းသို့ တယ်လီဖုန်းဆက်လိုက်ရာ သူကြားဖူးနေသော တယ်လီဖုန်းဆက်သူကို အဖြေပေးသည့် စက်မှအသံကို ကြားလိုက်ရတော့သည်။

"မင်္ဂလာနံနက်ခင်းပါ။ ကျုပ် အိမ်မှာ မရှိတဲ့အတွက် ဝမ်းနည်းပါတယ်၊ ဒါပေမယ့် ကျုပ်က ခင်ဗျားကို ပြန်မဆက်သွယ်ပေမယ့် အန္တရာယ်တော့ မရှိပါဘူး၊ အသံအနေအထားကို သတိထားပြီး စောင့်ပါ"

ရောဘတ်က သူတို့ အချင်းချင်းသိသော လျှို့ဝှက်ဆက်သွယ်နည်းဖြင့် စာလုံးများကို ရေတွက်ကြည့်လိုက်သည်။ သော့ချက် စာလုံးများမှာ -

*ဝမ်းနည်းပါတယ်. . . အန္တရာယ်. . . သတိထားပါ* တို့ပင်တည်း။

ထိုတယ်လီဖုန်းကို ကြားကဖြတ်၍ နားထောင်နေသည်။ လီပိုသည် ရောဘတ်က ဆက်သွယ်လာလိမ့်မည်ကို မျှော်လင့်ထားသည်။ သူက ဤနည်းဖြင့် ရောဘတ်ကို ကြိုတင်သတိပေးထားခြင်း ဖြစ်သည်။





ရောဘတ်သည် လီပိုနှင့် အမြန်ဆုံးတွေ့မှ ဖြစ်မည်။ သူသည် အတိတ်ကာလက ဆုံခဲ့ဖူးသော အထူးသီးသန့် အခြား စကားဝှက် တစ်ခုကို သုံးစွဲရတော့မည်။

ရောဘတ်သည် ရူးစိန့်ဟိုနိုရီ လမ်းတစ်လျှောက်တွင် လမ်းလျှောက်နေသည်။ သူသည် ဤလမ်းကို ဆူဆန်နှင့်အတူ လမ်းလျှောက်ခဲ့ဖူးသည်။ ရောဘတ်သည် လီမာတင် သတင်းစာတိုက်ဆီသို့ ဦးတည်သွားသည်။ အဆိုပါသတင်းစာတိုက်နှင့် လမ်းတစ်ဝက်ခန့်အကွာလောက်တွင် သူသည် လမ်းပေါ်မှကောင်ပေါက် ချာတိတ်ကလေးတစ်ယောက်ကို တားလိုက်သည်။

"မင်းက ဖရန့်ငါးဆယ် မလိုချင်ဘူးလားကွ"

ထိုချာတိတ်ကလေးက သူ့ကို သံသယမကင်းဟန်နှင့် ပြန်ကြည့်လိုက်သည်။

"ဘာလုပ်ရမှာလဲဗျ"

ရောဘတ်က စာရွက်ကလေးတစ်ရွက်ပေါ်တွင် တစ်ခုခုကို ရေးခြစ်လိုက်ပြီးနောက် ထိုချာတိတ်ကလေးအား ဖရန့်ငါးဆယ်တန်ငွေစက္ကူတစ်ရွက်နှင့်အတူပေးလိုက်သည်။

"ဒီဟာကလေးကို လီမာတင် သတင်းစာတိုက်က အလိုရှိသည် ဆိုတဲ့ကြော်ငြာဌာနမှာ ပေးလိုက်ပါကွာ"

"ကောင်းပါပြီ"

ရောဘတ်က ထိုချာတိတ်ကလေး သတင်းစာတိုက် အဆောက်အအုံထဲသို့သွားသည်ကို စောင့်ကြည့်နေသည်။ ထိုကြော်ငြာကလေးသည် နက်ဖြန်နံနက်တွင် ထုတ်ဝေမည့် သတင်းစာအတွက် အချိန်မီ ရောက်ရှိသွားပါလိမ့်မည်။

ထိုကြော်ငြာမှာ -

**တီလီ** -

*မေမေ အလွန် နေထိုင်မကောင်း ဖြစ်နေသည်။ မင်းကို တောင့်တနေသည်။ သူနှင့် မကြာခင် သွားတွေ့လိုက်ပါ။*

**မေမေ**

ဟူ၍ပင် ဖြစ်သည်။

ယခုအချိန်တွင် သူ့အနေနှင့် စောင့်ရုံမှတစ်ပါး အခြား ဘာမှ လုပ်စရာမရှိတော့ပါ။ သူသည် ဟိုတယ်တစ်ခုခုတွင် ဝင်၍ မတည်းခိုရဲပါ။ ဟိုတယ်အားလုံးသို့ အကြောင်းကြား တပ်လှန့်ထားမည်မှာ သေချာနေသည်။ ပဲရစ်မြို့သည် ချက်ချက်မြည်နေသော အချိန်ကိုက်ဗုံးကြီးတစ်လုံး ဖြစ်နေသည်။

ရောဘတ်သည် အလွန်လူများသော ကမ္ဘာလှည့်ခရီးသည် ဘတ်စ်ကားတစ်စီးပေါ်သို့ တက်လိုက်ပြီးနောက် ဘတ်စ်ကားနောက်ဘက်နားတွင် ထိုင်ရင်းသူ့ကို သတိမထားမိအောင် တိတ်တိတ်ဆိတ်ဆိတ်နှင့် ခပ်လျှိုလျှို နေလိုက်သည်။ ထိုကမ္ဘာလှည့်ခရီးသည်အုပ်စုသည် လူဗင်းဘတ်ဥယျာဉ်များ၊ အနုပညာပြတိုက်၊ လက်စ်အင်ဗားလိုက်တွင်ရှိသော နပိုလီယံ၏အုတ်ဂူနှင့် အခြား ကြည့်ရှုစရာနေရာ တစ်ဒါဇင်ခန့်ဆီသို့ သွားရောက် ကြည့်ရှုကြသည်။ ရောဘတ်သည် တမ်းလိုလိုပင် လူအုပ်ကြားထဲ၌ ပျောက်နေအောင် သူ့ကိုယ်သူ ကိုယ်ဖျောက်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူသည် အခြား ခရီးသည်အုပ်စုတစ်ခု၏ အဖွဲ့ဝင်တစ်ယောက် အ... ညသန်းကောင်ယံမှ စတင် ကပြမည်ဖြစ်သော မော်လင်ရုဂ် ကဇာတ်အ... လက်မှတ်တစ်စောင် ဝယ်လိုက်သည်။ ထိုကဇာတ်သည် နံနက်နှစ်နာ... စတင် ကပြလေသည်။

ထိုကဇာတ် ပြီးဆုံးသွားသောအခါ သူသည် ထိုညအတွက် ကျန်... သည့် အချိန်များကို မိုမာယမ္မူတောင်ကုန်းပေါ်ရှိ အရက်ဆိုင်ကလေး... တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်၍ အချိန်ဖြုန်းခဲ့ရသည်။

နှစ်ဆယ့်နှစ်ရက်မြောက်နေ့
ပဲရစ်၊ ပြင်သစ်နိုင်ငံ

နံနက်ပိုင်းတွင် ထုတ်ဝေသော သတင်းစာများသည် နံနက်ငါးနာရီ... လမ်းပေါ်၌ ရောင်းချဦးမည် မဟုတ်ပါ။ ငါးနာရီထိုးရန် မိနစ်ပိုင်း အ... ရောဘတ်သည် သတင်းစာရောင်းသော ဆိုင်တစ်ဆိုင်နံဘေး၌ မတ်တ... စောင့်နေသည်။

အနီရောင် ထရပ်ကားတစ်စီး မောင်းလာပြီး သတင်းစာအထုပ် တစ်ထု... ချာတိတ်တစ်ယောက်က လူသွားစင်္ကြံလမ်းပေါ်သို့ ပစ်ချပေးသွားသည်။

ရောဘတ်က ပထမဦးဆုံး သတင်းစာကို ကောက်ယူလိုက်၏။ သူ... အလိုရှိသည် ဆိုသော ကြော်ငြာကဏ္ဍသို့ လှန်လှောကြည့်လိုက်သည်။ သူ... လိုက်သည့်ကြော်ငြာ ပါရှိလာသည်။ ဤတစ်ကြိမ်တွင်လည်း သူသည် စော... ရန်မှတစ်ပါး အခြား လုပ်စရာ အလုပ် မရှိပါ။

နေ့လယ် (၁၂) နာရီတိတိတွင် ရောဘတ်သည် စီးကရက်ရောင်းချသော ဆိုင်သေးသေးတစ်ဆိုင်ထဲသို့ ဝင်လာခဲ့သည်။ ထိုဆိုင်ထဲရှိ ကြော်ငြာသင်ပုန်း... တွင် တစ်ယောက်နှင့် တစ်ယောက် ဆက်သွယ်သည့် အကြောင်းကြားချ... တစ်ဒါဇင်ခန့်ကို ပင်အပ်နှင့် ထိုး၍ ထားရှိသည်။

*အလုပ်သမားလိုသည် ဆိုသော ကြော်ငြာများ၊ အိမ်ခန်းငှားရန်ရှိသည် ဆိုသော ကြော်ငြာများ၊ မိမိအခန်းတွင် အတူနေလိုသည့် ကျောင်းသား အ... ယည် ဆိုသော ကြော်ငြာများ၊ ဘိုင်စကယ်ရောင်းရန်ရှိသည် ဆိုသော ကြော်ငြာ... များ ရှိနေသည်။*

ကြော်ငြာများ အကြားတွင် ရောဘတ်သည် သူရှာဖွေနေသော ကြော်ငြာ... တွေ့လိုက်ရတော့သည်။

*တီလီက မင်းကို စိတ်အားထက်သန်စွာ တွေ့ဆုံလိုပါသည်။*
*သူ (အမျိုးသမီး) ကို ၅၀၄၁၂၆၄၅ သို့ ဆက်သွယ်ပါ။*

လီပိုက တယ်လီဖုန်း စတင်၍ မြည်လာချိန်မှာပင် ကောက်ကိုင်လိုက်သည်။

"ရောဘတ်လား"

"ဟုတ်ပါတယ် လီ"

"ဘုရား . . . ဘုရား၊ ဘာတွေ ဖြစ်နေတာလဲ ကိုယ့်လူရ"





"မင်းက ကိုယ့်ကို ပြောပြနိုင်လိမ့်မလားလို့ ထင်နေခဲ့တာကွ"

"ကိုယ့်လူရ မင်းကတော့ ပြင်သစ်သမ္မတကြီးထက် ပိုပြီး အာရုံစိုက်ခံနေရတဲ့လူပဲ၊ မင်းနဲ့ပတ်သက်တဲ့ သံကြိုးစာတွေက သိပ်များနေတယ်၊ မင်း ဘာတွေများ လုပ်ခဲ့သလဲ။ နေဦး၊ ငါ့ကို မပြောနဲ့ဦး။ အဲဒါက ဘာပဲဖြစ်ဖြစ် မင်း အကြီးအကျယ် ဒုက္ခရောက်နေပြီ။ သူတို့တွေက တရုတ်သံရုံးက တယ်လီဖုန်းကို ခိုးပြီး နားထောင်နေတယ်၊ ငါ့အိမ်က တယ်လီဖုန်းကိုလည်း ကြားက ဖြတ်ပြီး နားထောင်နေတယ်၊ ပြီးတော့ သူတို့က ငါ့အိမ်ခန်းကို စောင့်ကြည့်နေကြတယ်၊ သူတို့က ငါ့ကို မင်းနဲ့ပတ်သက်တဲ့မေးခွန်းတွေ အများကြီး မေးကြတယ်"

"လီ၊ ခုကိစ္စဟာ ဘာလဲဆိုတာ မင်း နည်းနည်းကလေးမှ တွေးကြည့်လို့ မရဘူးလား"

"တယ်လီဖုန်းထဲက မပြောကြေးကွာ၊ မင်း ဆွန်အိမ်ခန်း ဘယ်မှာ ရှိတယ် ဆိုတာ မှတ်မိရဲ့လား"

ဆွန် ဆိုသည်မှာ လီ၏ချစ်သူပင် ဖြစ်သည်။

"အေး"

"အဲဒီနေရာမှာ မင်းနဲ့ငါ နာရီဝက်အတွင်း တွေ့ကြမယ်"

"ကျေးဇူးပဲ"

လီပိုသည် သူ့ကိုယ်သူ မည်သည့်အကျပ်အတည်း အနေအထားမျိုးထဲသို့ ရောက်အောင် လုပ်ကိုင်နေသည်ကို ရောဘတ် သိပါသည်။ အက်ဖ်ဘီအိုင်မှ ရောဘတ်၏မိတ်ဆွေ အယ်လ်ထရေးနာ ဘာဖြစ်သွားသည်ကို ရောဘတ် ပြန်သတိရပါသည်။

'ငါဟာ ကျိန်စာသင့်နေတဲ့လူပဲ၊ ငါ့အနားကို ကပ်သွားတဲ့လူတိုင်း သေကြရှာတယ်' ဟု ရောဘတ်က တွေးလိုက်သည်။

ထိုအိမ်ခန်းမှာ ပဲရစ်မြို့ရှိ အေးချမ်းတိတ်ဆိတ်သော ရပ်ကွက်တွင် တည်ရှိသည်။ ထိုအဆောက်အအုံသို့ ရောဘတ် ရောက်ရှိသွားချိန်တွင် မိုးကောင်းကင်၌ မိုးသားမိုးတိမ်များ အုံ့မှိုင်းနေပြီး သူသည် ခပ်ဝေးဝေးမှ တဝုန်းဝုန်း မြည်နေသော မိုးခြိမ်းသံများကိုပင် ကြားနေရသည်။

သူက ဧည့်ခန်းထဲသို့ ဝင်သွားပြီး ထိုအိမ်ခန်း၏ လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်၏။ လီပိုက တံခါးကို ချက်ချင်း လာဖွင့်ပေးသည်။

လီပိုက ပြောလိုက်၏။

"အထဲကို မြန်မြန်ဝင်ခဲ့ကွာ"

လီပိုက ရောဘတ်နောက်ဘက်မှ တံခါးကို ပြန်ပိတ်ပြီး ချက်ထိုးလိုက်သည်။ သူ နောက်ဆုံး လီပိုနှင့် တွေ့ခဲ့ရချိန်မှစ၍ ယခုအချိန်အထိ လီပိုသည် ပြောင်းလဲခြင်း မရှိပါ။ လီပိုသည် အရပ်ရှည်ပြီး ပိန်သည်၊ အသက် မကြီးသလိုပင်တည်း။

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ခု ဘာတွေ ဖြစ်ပျက်နေတယ် ဆိုတာကို မင်း သိသလား လီ"

"ရောဘတ်ရယ်၊ ထိုင်စမ်းပါဦး"

ရောဘတ် ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

လီက သူ့ကို ခေတ္တမျှ အကဲခတ်လိုက်သည်။

"တမ္ဘာဖျက်စစ်ဆင်ရေး ဆိုတာကို မင်း တစ်ခါမှ မကြားဖူးဘူးလား"

ရောဘတ် မျက်မှောင်ကုတ်လိုက်သည်။

"မကြားဖူးဘူး၊ အဲဒါက ယူအက်စ်ဖ်အိုတွေနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေသလား"

"အဲဒါက ယူအက်စ်ဖ်အိုတွေနဲ့ လုံးဝ ပတ်သက်တယ်၊ ဒီကမ္ဘာကြီးဟာ ပျက်စီးမှုကြီးတစ်ရပ်နဲ့ ရင်ဆိုင်နေရတယ် ရောဘတ်ရေ"

လီပိုက ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်စ ပြုသည်။

"တခြားကမ္ဘာက ဂြိုဟ်သားတွေက ငါတို့ကို ဖျက်ဆီးဖို့ ကမ္ဘာကြီးဆီကို လာနေကြပြီ၊ လွန်ခဲ့တဲ့ သုံးနှစ်က သူတို့ ကမ္ဘာပေါ်ကို ဆင်းသက်လာကြပြီး အစိုးရအရာရှိတွေနဲ့ တွေ့ဆုံခဲ့ကြတယ်၊ သူတို့က စက်မှုလက်မှုနိုင်ငံကြီးတွေ အားလုံးမှာရှိတဲ့ အဏုမြူဓာတ်အားပေးစက်ရုံတွေကို ပိတ်ပစ်ရမယ်၊ ပြီးတော့လည်း သက်မဲ့ရုပ်ကြွင်း လောင်စာတွေကို မီးရှို့ပစ်နေမှု ရပ်ဆိုင်းပစ်ရမယ်လို့ တောင်းဆိုခဲ့ကြတယ်"

ရောဘတ်က ဇဝေဇဝါနှင့် နားထောင်နေသည်။

"သူတို့က ဓာတ်ဆီထုတ်လုပ်မှု၊ ဓာတုဗေဒပစ္စည်းတွေ၊ ရာဘာ၊ ပလတ်စတစ် အဲဒါတွေ ထုတ်လုပ်နေမှုကို ရပ်ပစ်ရမယ်လို့ တောင်းဆိုခဲ့ကြတယ်၊ ဒါဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့ စက်ရုံတွေကို ထောင်နဲ့ချီပြီး ပိတ်ပစ်ရမယ့်ကိန်း ဆိုက်သွားလိမ့်မယ်၊ မော်တော်ကားထုတ်လုပ်တဲ့စက်ရုံတွေနဲ့ သံမဏိစက်ရုံတွေကို အတင်းအဓမ္မ ပိတ်ပစ်ရလိမ့်မယ်၊ ကမ္ဘာ့စီးပွားရေး အခြေအနေတွေလည်း ကမောက်ကမ ဖြစ်သွားကြလိမ့်မယ်"

"သူတို့က ဘာဖြစ်လို့ . . ."

"သူတို့ အဆိုကတော့ ငါတို့က စကြဝဠာကြီးကို ညစ်ထေးအောင် လုပ်နေကြတယ်၊ ကမ္ဘာကြီးနဲ့ ပင်လယ်သမုဒ္ဒရာတွေကို ဖျက်ဆီးနေကြတယ်၊ သူတို့က ငါတို့စစ်ပွဲကို ရပ်ဆိုင်းပစ်ဖို့ လက်နက်ထုတ်လုပ်မှုတွေ ရပ်ဆိုင်းပစ်ဖို့ တောင်းဆိုနေကြတယ်"

"လီ . . ."

"နိုင်ငံတစ်ဒါဇင်လောက်က ဩဇာတိက္ကမ ရှိတဲ့ပုဂ္ဂိုလ်တွေ တစ်စိတ်တည်း တစ်ဝမ်းတည်း စုစည်းခဲ့မိကြတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ တရုတ်နိုင်ငံတွေက စက်မှုလက်မှု လုပ်ငန်းရှင်ကြီးတွေပေါ့၊ လျှို့ဝှက်နာမည် 'ဂျေနပ်စ်' လို့ အမည်ပေးထားတဲ့ပုဂ္ဂိုလ်က ဂြိုဟ်သားတွေကို တားဆီးဖို့ ကမ္ဘာပေါ်မှာရှိတဲ့ ထောက်လှမ်းရေးအေဂျင်စီတွေကို စုစည်းပြီး ကမ္ဘာ့ဖျက်စစ်ဆင်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်"

လီက ရောဘတ်ဘက်သို့ လှည့်လိုက်၏။

"မင်း အက်စ်ဒီအိုင် ဆိုတာကို ကြားဖူးမှာပါ"

"ကြယ်တာရာစစ်ပွဲလေ၊ ဆိုဗီယက်တွေရဲ့ တိုက်ချင်းပစ် ဒုံးပျံတွေကို ဂြိုဟ်တုကနေ ပစ်ချမယ့် အစီအစဉ်ပေါ့"

လီက ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး၊ အဲဒါက တမင် မျက်စိလှည့်ထားတာ၊ အက်စ်ဒီအိုင်ကို ဖန်တီး





တာဟာ ရုရှားတွေကို တိုက်ဖို့ မဟုတ်ဘူး၊ အဲဒါက ယူအက်ဖ်အိုတွေကို ပစ်ချ ...တဲ့ ရည်ရွယ်ချက်နဲ့ လုပ်ထားတာ၊ အဲဒါက ဂြိုဟ်သားတွေကို ခုခံကာကွယ် ...ယ့် တစ်ခုတည်းသောနည်းလမ်းပဲ"

ရောဘတ်သည် လီပို ပြောပြနေသော စကားများကို လက်ခံနိုင်အောင် ...အားရင်း ကြက်သေသေပြီး ငြိမ်သက်စွာ နားထောင်နေသည်။ မိုးခြိမ်းသံက ...ည်း ပို၍ ကျယ်လောင်လာသည်။

"မင်းဆိုလိုတာက အဲဒီအဖွဲ့ကို အစိုးရတွေ နောက်ဘက်က ထောက်ခံနေ . . ."

"အစိုးရတိုင်းမှာ အိမ်ကြီးထဲမှာ အိမ်ငယ်ကလေးတွေ ဆောက်ထားတာ ...ယ်လို့ပဲ ဆိုကြရအောင်၊ ကမ္ဘာဖျက်စစ်ဆင်ရေးလုပ်ငန်းကို တစ်သီးပုဂ္ဂလ ...ငန်းအနေနဲ့ လှုပ်ရှားဆောင်ရွက်နေကြတာကွ၊ မင်း အခု အဲဒါကို သဘော ...တ်ပြီ မဟုတ်လား"

"မြတ်စွာဘုရား၊ အစိုးရတွေက အဲဒီကိစ္စကို မသိကြဘူးပေါ့"

သူက လီပိုကို မော့ကြည့်လိုက်သည်။

"လီ၊ မင်းက အဲဒါတွေ အားလုံးကို ဘယ်လိုလုပ်ပြီး ရတာလဲ"

လီက တည်ငြိမ်အေးဆေးစွာ ပြောလိုက်သည်။

"အဲဒါကတော့ သိပ်ကို ရှင်းပါတယ် ရောဘတ်ရာ၊ ငါက တရုတ်နိုင်ငံရဲ့ ...က်အသွယ်၊ တရုတ်နိုင်ငံရဲ့ ကိုယ်စားလှယ်လေ"

သူ့လက်ထဲတွင် ဘာရက်တာ ပစ္စတိုသေနတ်တစ်လက် ရှိနေသည်။

ရောဘတ်က သေနတ်ကို ငေးကြည့်နေသည်။

"လီ . . ."

လီက သေနတ်မောင်းကို ဖြစ်ချလိုက်ရာ သေနတ်သံသည် ရုတ်တရက် ...င်းပေါက် အပြင်ဘက်မှ လျှပ်စီးလက်ပြီး မိုးကြိုးပစ်လိုက်သောအသံနှင့် ...ထွေးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း လေးဆယ့်ရှစ်

ပထမဦးဆုံး ကျရောက်လာသော သန့်ရှင်းသည့် မိုးရေစက်ကလေးများ အမျိုးသမီးကလေးကို နိုးလာစေခဲ့သည်။ ထို အမျိုးသမီးကလေးသည် ပန်း တစ်ခုအတွင်းရှိ ခုံတန်းလျားရှည် တစ်ခုပေါ်တွင် လဲလျောင်းနေသည်။ သူသည် အားအင် ကုန်ခန်းနေသောကြောင့် လှုပ်ပင် မလှုပ်နိုင်တော့သည့် အနေအထား တွင် ရှိနေသည်။ လွန်ခဲ့သော နှစ်ရက်တာ ကာလအတွင်း သူ့ခန္ဓာကိုယ်ထဲ အသက်စွမ်းအင်သည် အပြင်ဘက်သို့ ယိုစီးထွက်ကျနေကြောင်း သူ ခံစားသိ နေရသည်။

'ငါ ဒီကြိုဟ်ပေါ်မှာ သေရတော့မှာပါကလား' ဟု သူ့စိတ်ထဲက တွေး တော့သည်။ သူသည် သူ၏ နောက်ဆုံး အိပ်စက်ခြင်းဟု ထင်မိသော အိပ်ပျော် မှုနှင့် ကြုံခဲ့ရသည်။

ထို့နောက်တွင်ကား မိုးရွာစပြုတော့သည်။ ကောင်းချီးပေးသည့် မိုး တည်း။ သူ့အနေနှင့် ယုံပင် မယုံနိုင်တော့ပါ။ သူက မျက်နှာကို ကောင်းကင်ဆီ မော့ထားလိုက်ပြီး အေးမြသော မိုးရေစက်များ မျက်နှာပေါ်မှ စီးကျသွား သည်ကို ခံစားနေသည်။

မိုးက ပို၍ ပို၍ သည်းထန်လာသည်။ လတ်ဆတ်သန့်ရှင်းသော အရည်မှ ပေတကား။

ဤတွင် သူသည် မတ်တတ်ရပ်လိုက်ပြီးနောက် လက်နှစ်ဖက်ကို အပေါ် မြှောက်ထားလိုက်သည်။ မိုးရေစက်များကို သူ့တစ်ကိုယ်လုံးပေါ်မှ ဖြတ်သန်း စီးဆင်းသွားစေပြီး သူ့ကို ခွန်အားသစ်များ တိုးလာစေခဲ့သည်။ ပြန်၍ အသက် ရှင်လာစေခဲ့သည်။

သူ ခံစားနေရသော အားအင် ဆုတ်ယုတ်မှုများ ပျောက်ကွယ်သွားသည် အထိ သူက မိုးရေများကို သူ့ခန္ဓာကိုယ်ထဲ အပြည့်အဝ စီးဝင်လာအောင် ယူနေသည်။ သူသည် တဖြည်းဖြည်းနှင့် ပို၍ ပို၍ သန်စွမ်းလာသည်ဟု ခံစား လာရသည်။ နောက်ဆုံးတွင် -

'ငါ အဆင်သင့်ဖြစ်ပြီ၊ ငါ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား တွေး တောနိုင်လာပြီ၊ ငါ့ကို ငါ့နေရပ် ပြန်နိုင်အောင် ကူညီနိုင်မယ့်ပုဂ္ဂိုလ် ဘယ်သူလဲ ဆိုတာလည်း ငါသိပြီ'ဟု တွေးလိုက်တော့သည်။

သူသည် ထရန်စစ္စတာကလေးကို ထုတ်ယူလိုက်ပြီးနောက် မျက်စိ မှိတ်ရင်း သမာဓိရအောင် အာရုံစိုက်လိုက်လေတော့သည်။

❖ ❖ ❖



## အခန်း လေးဆယ့်ကိုး

ဝင်းခနဲ လက်သွားသော လျှပ်စီးလက်မှုက ရောဘတ်၏ အသက်ကို ကယ်လိုက်ခြင်း ဖြစ်သည်။

လီပိုက သေနတ်မောင်းကို စတင်၍ ဖျစ်ညှစ်လိုက်သည့် အခိုက်မှာပင် ပြတင်းပေါက် အပြင်ဘက်မှ လင်းခနဲ လျှပ်စီးလက်လိုက်မှုက ၎င်းအား ခေတ္တမျှ အာရုံပြောင်းသွားစေခဲ့သည်။ ရောဘတ်က လှုပ်ရှားလိုက်သဖြင့် ကျည်ဖူးသည် သူ့ရင်ဘတ်ကို ထိမှန်မည့်အစား ညာဘက်ပခုံးကိုသာ ထိမှန်သွားတော့သည်။

လီပိုက သေနတ်နှင့် နောက်တစ်ချက်ပစ်ရန် ချိန်ရွယ်လိုက်စဉ် ရောဘတ်က ဘေးဘက်သို့ ခြေထောက်နှင့် ဆန့်ကန်လိုက်သဖြင့် လီပို၏လက်ထဲမှ သေနတ်ကို လွင့်စဉ်သွားစေခဲ့တော့သည်။

လီပိုသည် ချာခနဲ ရှေ့ဘက်သို့ လှည့်လိုက်ပြီးနောက် ရောဘတ်၏ဒဏ်ရာ ရသွားသောပခုံးကို လက်သီးနှင့် ခပ်ပြင်းပြင်း ထိုးလိုက်သည်။ ထိုဝေဒနာမှာ အထူးနာကျင်လှသည်။ ရောဘတ်၏ ကုတ်အင်္ကျီသည် သွေးများနှင့် ရွှဲရွှဲစိုနေ သည်။

ရောဘတ်က ရှေ့တည့်တည့်သို့ တံတောင်ဆစ်နှင့် ပြင်းထန်စွာ တွက်ပြီး တုံ့ပြန်လိုက်သည်။

လီပိုသည် နာကျင်သော ဝေဒနာကြောင့် အင့်ခနဲ အသံထွက်သွားသည်။ သူက ရောဘတ်လည်ပင်းကို ရှုတိုလက်ဝါးစောင်းဖြင့် ခုတ်လိုက်ရာ ရောဘတ်က ရှောင်ပေးလိုက်သည်။

သူတို့နှစ်ယောက် တစ်ယောက်နှင့် တစ်ယောက် ကွေ့ပတ်ပြီး အသက် ပြင်းပြင်းရှူရင်း လစ်ကွက်ဟာကွက်ကို ချောင်းနေကြသည်။ သူတို့သည် အလွန် ရှေးကျသောနည်းဖြင့် တိုက်ခိုက်နေကြခြင်းဖြစ်ပြီး တစ်ယောက်ယောက်သာ အသက်ရှင်လျက်သား ကျန်ရစ်မည်ဖြစ်ကြောင်း နှစ်ဦးစလုံးက သိနေကြသည်။

ရောဘတ်က အင်အားယိုယွင်းနေသည်။ ပခုံးမှ ဝေဒနာကလည်း ပို၍ပို၍ ဆိုးရွားလာသည်။ သူ့သွေးများသည် ကြမ်းပြင်ပေါ်သို့ တစ်စက်စက် စီးကျ နေကြောင်း မြင်နေရသည်။

အချိန်က လီပိုဘက်မှ ကူညီနေသည်။

'ငါ့အနေနဲ့ ဒီပွဲကို မြန်မြန် အဆုံးသတ်နိုင်မှ ဖြစ်မယ်' ဟု ရောဘတ်က တွေးလိုက်၏။

သူက ရှေ့တည့်တည့်သို့ ခပ်ဆတ်ဆတ်ကန်နည်းဖြင့် ...

လီပိုက ထိုကန်ချက်ကို ရှောင်မပေးဘဲ တည့်တည့်ဝင်ခံ...



www.burmeseclassic.com

www.burmeseclassic.com

ပခုံးကို တံတောင်ဆစ်နှင့် တွက်နိုင်လောက်အောင် နီးကပ်သွားလေတော့သည်။ ရောဘတ် ခြေလှမ်းပျက်ပြီး ယိုင်လဲတော့မလိုလို ဖြစ်သွားသည်။

လီပိုက ချာခနဲ လှည့်လိုက်ပြီးနောက် နောက်ပြန်လှည့်၍ ကန်လိုက်ရာ ရောဘတ် ယိုင်ကျသွားတော့သည်။ ချက်ချင်း ဆိုသလိုပင် လီပိုသည် ရောဘတ် ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိလာပြီး လက်သီးဖြင့် ထပ်ခါတလဲလဲ ထိုးသတ်တော့သည်။ ရောဘတ်၏ပခုံးကို ထပ်ခါတလဲလဲ ထုနှက်လေတော့သည်။ သူက ရောဘတ်ကို အခန်းထဲတွင် နောက်ဆုတ် နောက်ဆုတ်နှင့် ရွေ့သွားအောင် နံရံဆီသို့ အတင်းတွန်းပို့နေသည်။

ရောဘတ်သည် အားအင်ကုန်ခန်းနေသောကြောင့် အဆက်မပြတ် ကျရောက်လာသည့် လက်သီးချက်များကို တားဆီးနိုင်ခြင်း မရှိပါ။ ရောဘတ်၏ မျက်လုံးများ မှုန်ရီလာကြသည်။ ရောဘတ်သည် လီပို၏ခန္ဓာကိုယ်ပေါ်သို့ ယိုင်လဲကျသွားလေရာ သူက လီပိုကို ဆွဲယူလိုက်ပြီး ကြမ်းပေါ်သို့ နှစ်ယောက်စလုံး လဲကျသွားလေတော့သည်။

ထိုသို့ လဲကျသွားစဉ် မှန်စားပွဲတစ်လုံးကို ရိုက်ခွဲသလိုဖြစ်ပြီး မှန်ချပ်ကြီးကို ကွဲကျသွားစေခဲ့တော့သည်။ ရောဘတ်သည် ကြမ်းပေါ်တွင် မလှုပ်နိုင်ဘဲ လဲကျနေသည်။

'ဇာတ်လမ်းကတော့ ပြီးဆုံးသွားပြီ၊ သူတို့က နိုင်သွားပြီ' ဟု ရောဘတ်က တွေးလိုက်မိသည်။

သူသည် သတိရတစ်ချက် မရတစ်ချက်နှင့် ထိုနေရာ၌ လဲကျနေရင်း လီပိုက သူ့အား အပြီးသတ် သတ်ဖြတ်တော့မည့် အချိန်ကို စောင့်လင့်နေသည်။

ဘာမှ ဖြစ်မလာပါ။ သူသည် နာကျင်သည့်ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း ဖြည်းညင်းစွာ ခေါင်းထောင်ကြည့်လိုက်သည်။ လီပိုသည် သူ့နံဘေးတွင် လဲကျနေသည်။ လီပို၏ မျက်လုံးများသည် ပွင့်နေကြပြီး မျက်နှာကြက်ကို မော့ကြည့်နေကြသည်။ အလွန်ကြီးမားသော မှန်စတစ်စသည် ဒိုးယိုပေါက် ထွင်းဖောက်၍ မြင်နိုင်သော ဓားမြှောင်တစ်ချောင်းပမာ သူ့ရင်ဘတ်ထဲမှ အပေါ်သို့ ထိုးထွက်နေသည်။

ရောဘတ်က ထနိုင်ရန် အပြင်းအထန် ကြိုးစားလိုက်သည်။ သူသည် သွေးလွန်သွားသောကြောင့် အားအင်ဆုတ်ယုတ်နေသည်။ သူ့ပခုံးသည် အလွန် နာကျင်သော ဝေဒနာပင်လယ်ကြီး ဖြစ်နေသည်။

'ငါ ဆရာဝန်တစ်ယောက်ဆီကို အရောက်သွားမှ ဖြစ်မယ်' ဟု သူ တွေးလိုက်၏။

ဆရာဝန်တစ်ယောက်ရဲ့နာမည် ရှိပါတယ်လေ၊ အေဂျင်စီက ပဲရစ်မှာ သုံးလေ့သုံးထရှိတဲ့ ဆရာဝန်၊ အမေရိကန်ဆေးရုံမှ ဒေါက်တာဟီလ်ဆင်ဂါ၊ ဟုတ်ပြီ၊ လီယွန်ဟီလ်ဆင်ဂါ။

ဒေါက်တာ ဟီလ်ဆင်ဂါက ထိုနေ့အတွက် သူ့ရုံးခန်းမှ အိမ်ပြန်ရန် အဆင်သင့် ဖြစ်နေစဉ် တယ်လီဖုန်းက မြည်လာတော့သည်။

သူ့နာပြုဆရာမသည် အိမ်သို့ပြန်သွားပြီ ဖြစ်သဖြင့် သူကိုယ်တိုင် တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။





ဟိုဘက်မှ ပြောနေသူ၏ အသံမှာ ဝဲတဲတဲ ဖြစ်နေသည်။

"ဒေါက်တာ ဟီလ်ဆင်ဂါလား"

"ဟုတ်ပါတယ်"

"ခုပြောတာ ရောဘတ် ဘယ်လာမီပါ၊ ခင်ဗျားရဲ့ အကူအညီ လိုနေတယ်၊ ကျုပ် အကြီးအကျယ် ဒဏ်ရာရနေတယ်၊ ခင်ဗျားက ကျုပ်ကို ကူညီမှာလား"

"ကူညီမှာပေါ့၊ ခင်ဗျားက ဘယ်မှာလဲ"

"အဲဒါကို ထားလိုက်စမ်းပါဗျာ၊ ကျုပ် ခင်ဗျားကို အမေရိကန်ဆေးရုံမှာ နာရီဝက်အတွင်း လာတွေ့မယ်"

"ကျုပ် အဲဒီမှာ ရှိမယ်၊ အရေးပေါ်ဌာနကို တစ်ခါတည်း တန်းသွားပေတော့"

"ဒေါက်တာ၊ အခုလို ဆက်သွယ်တဲ့ကိစ္စ ဘယ်သူ့ကိုမှ မပြောနဲ့နော်"

"ကျုပ် ကတိပြုပါတယ်ဗျာ"

တစ်ဖက်မှ ချသွားသည်။

ဒေါက်တာ ဟီလ်ဆင်ဂါက နံပါတစ်ခုကို လှည့်လိုက်၏။

"ကျုပ် ခုလေးတင် ကွန်မန်ဒါ ရောဘတ်ဘယ်လာမီဆီက သတင်းရတယ်၊ ကျုပ်က နာရီဝက်အတွင်း သူနဲ့ အမေရိကန်ဆေးရုံမှာ ဆုံဖို့ရှိတယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဒေါက်တာ ဟီလ်ဆင်ဂါက စကားပြောခွက်ကို ပြန်တင်လိုက်၏။

အပြင်ဘက်မှ စည့်ကြိုခန်းတံခါး ပွင့်သွားသောကြောင့် သူ မော့ကြည့်လိုက်သည်။ ရောဘတ် ဘယ်လာမီသည် သေနတ်တစ်လက်ကို လက်ထဲက ကိုင်ရင်း မတ်တတ်ရပ်နေသည်။

ရောဘတ်က ပြောလိုက်၏။

"ကျုပ် နောက်တစ်ကြိမ် စဉ်းစားလိုက်တဲ့အခါကျတော့ ခင်ဗျားက ကျုပ်ကို ဒီမှာပဲ ကုသပေးရင် ကောင်းလိမ့်မယ်လို့ ထင်တယ်"

ဆရာဝန်က အံ့ဩသွားမှုကို ကြိုးစားပြီး ဖုံးကွယ်ထားလိုက်သည်။

"ခင်ဗျား . . . ခင်ဗျား . . . ဆေးရုံမှာ ရှိသင့်တယ်"

"ရင်ခွဲရုံနဲ့ သိပ်နီးလွန်းတယ်ဗျာ၊ ကျုပ်ကို ပတ်တီးစည်းပေးပြီး ခပ်မြန်မြန် လုပ်စမ်းဗျာ"

ရောဘတ်အဖို့ စကားပြောရာ၌ပင် ခက်ခဲနေသည်။

ဒေါက်တာ ဟီလ်ဆင်ဂါက ကန့်ကွက်ဖို့ စဉ်းစားလိုက်သော်လည်း မပြောတော့ရန် ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျား ပြောသလို ဖြစ်ရပါစေ့မယ်၊ ကျုပ်က ခင်ဗျားကို မေ့ဆေးပေးမှ ဖြစ်မယ်၊ အဲဒါက. . ."

ရောဘတ်က ပြောလိုက်သည်။

"အဲဒီကိစ္စကို စဉ်းတောင် မစဉ်းစားလိုက်ပါနဲ့၊ တစ်ပတ်လည်း မရိုက်နဲ့နော်"

ရောဘတ်က သေနတ်ကို ဘယ်ဘက်လက်ထဲတွင် ကိုင်ထားသည်။

"ကျုပ် ဒီနေရာက အသက်နဲ့အတူတူ မပြန်ရလို့ရှိရင် ခင်ဗျားလည်း [illegible] မဟုတ်ဘူး၊ ဘာမေးစရာ ရှိသေးသလဲ"

သူ သတိလစ်ချင်သလို ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ ဟီလ်ဆင်ဂါက တံတွေးကို မျိုချလိုက်၏။

"မရှိပါဘူး"

"ဒါဆိုရင် အလုပ် လုပ်တော့လေဗျာ"

ဒေါက်တာ ဟီလ်ဆင်ဂါက ရောဘတ်အား နောက်အခန်းတစ်ခန်းထဲသို့ ဦးဆောင်၍ ခေါ်သွားသည်။ ထိုအခန်းမှာ ဆေးဘက်ဆိုင်ရာ ကိရိယာများ အပြည့်အစုံ ထားရှိသော စမ်းသပ်ခန်း ဖြစ်သည်။

ရောဘတ်သည် သတိကြီးစွာထားပြီး ကုတ်အင်္ကျီကို ဖြည်းညင်းစွာ ချွတ်လိုက်၏။ ရောဘတ်သည် သေနတ်ကို လက်ကကိုင်ရင်း စားပွဲပေါ်တွင် ထိုင်ချလိုက်သည်။ ဒေါက်တာ ဟီလ်ဆင်ဂါက ခွဲစိတ်ဓားတစ်ချောင်းကို လက်ထဲတွင် ကိုင်ထားသည်။ ရောဘတ်၏ လက်ညှိုးက သေနတ်မောင်းကို ဖိညှစ်စပြုသည်။

"သက်သောင့်သက်သာ နေပါဗျာ"

ဒေါက်တာ ဟီလ်ဆင်ဂါက အထိတ်တလန့် ပြောလိုက်သည်။

"ကျုပ်က ခင်ဗျားရဲ့ ရှပ်အင်္ကျီကို ဆုတ်ဖြဲပစ်မလို့ပါ"

ဒဏ်ရာမှာ အသားများ ဖွာပြီး နီရဲနေသည်။ သွေးများယိုပြီး ထွက်နေသည်။

"ကျည်ဆန်က အထဲမှာပဲ ရှိသေးတယ်၊ ကျုပ်က ခင်ဗျားကို မေ့ဆေးမပေးရင် ခင်ဗျားက ဝေဒနာ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး"

"မလိုဘူး"

သူက မူးယစ်ဆေးနှင့် ယစ်မူးသွားအောင် လုပ်သည်ကို မခံနိုင်ပါ။

"ထုတ်သာ ပစ်လိုက်ဗျာ"

"ခင်ဗျားပြောတဲ့ အတိုင်းပါပဲဗျာ"

ဒေါက်တာက ပိုးသတ်သော ကိရိယာဆီသို့ လျှောက်သွားပြီး ဇာဂနာအား ထည့်လိုက်သည်ကို ရောဘတ်က စောင့်ကြည့်နေသည်။

ရောဘတ်သည် စားပွဲစွန်း၌ထိုင်ရင်း သူ့ကို အနိုင်ယူရန် ကြိုးစားနေသည့် မူးတူးတူးဖြစ်မှုကို ကြိုးစား၍ တွန်းလှန်နေရသည်။ သူက မျက်စိကို ခေတ္တမျှ မှိတ်လိုက်ချိန်တွင် ဒေါက်တာ ဟီလ်ဆင်ဂါသည် ဇာဂနာကို လက်တစ်ဖက်က ကိုင်ရင်း သူ့ရှေ့သို့ ရောက်နေသည်။

"ကဲ - စပြီဗျို့"

ဒေါက်တာ ဟီလ်ဆင်ဂါက ဇာဂနာကို အနာစိမ်းထဲသို့ ထိုးထည့်လိုက်ရာ ရောဘတ်သည် နာကျင်လှသောကြောင့် အသံထွက်၍ စူးစူးဝါးဝါး အော်ဟစ်လိုက်မိလေ၏။ သူ့မျက်လုံးရှေ့တွင် ကြယ်တွေလတွေကို လင်းခနဲ လင်းခနဲ မြင်ရတော့သည်။ သူ သတိလစ်စ ပြုလေပြီ။

"ကျည်ဆန်ထွက်သွားပြီ" ဟု ဟီလ်ဆင်ဂါက ပြောလိုက်သည်။

ရောဘတ်သည် တဆတ်ဆတ် တုန်နေရင်း၊ အသက်ကို ခပ်ပြင်းပြင်း ရှူနေရင်း၊ သူ့ကိုယ်သူ ပြန်၍ ထိန်းချုပ်နိုင်အောင် ကြိုးစားရင်း အတန်ကြာအောင် ထိုင်နေသည်။

ဒေါက်တာဟီလ်ဆင်ဂါက သူ့ကို စေ့စေ့စပ်စပ် အကဲခတ်နေသည်။

"ခင်ဗျား နေကောင်းရဲ့လား"

ရောဘတ် အသံထွက်လာအောင် အတန်ငယ် ကြိုးစားလိုက်သည်။





"ကောင်းပါတယ်၊ ပတ်တီးစည်းတော့လေ"

ဆရာဝန်က အနာထဲသို့ ပါအောက်ဆိုဒ်ကို လောင်းထည့်လိုက်ရာ ရောဘတ်သည် သတိလစ်စ ပြုပြန်လေ၏။ သူက အံကြိတ်ထားလိုက်သည်။

'တောင့်ထားကွ၊ ငါတို့ ပြီးလုနီးပါပြီ'

နောက်ဆုံးတွင် ကျေနပ်စရာကောင်းအောင် အဆိုးရွားဆုံး အနေအထားမှ လွတ်မြောက်ခဲ့လေပြီ။

ဆရာဝန်က ရောဘတ်၏ ပခုံးပေါ်တွင် အလွန်ထူထဲသော ပတ်တီးနှင့် စည်းနှောင်ပေးစ ပြုလေပြီ။

ရောဘတ်က ပြောလိုက်၏။

"ကျုပ် ကုတ်အင်္ကျီကိုပေးဗျာ"

ဒေါက်တာ ဟီလ်ဆင်ဂါက သူ့ကို ငေးကြည့်နေသည်။

"ခင်ဗျား အခု အပြင်ကို ထွက်သွားလို့ မဖြစ်သေးဘူး။ ခင်ဗျားက လမ်းလျှောက်နိုင်တာတောင် မဟုတ်ဘူး"

"ကျုပ်ကုတ်အင်္ကျီကို ယူသာယူခဲ့ဗျာ"

သူ့အသံမှာ အားပျော့လွန်းလှသောကြောင့် သူသည် စကားကို အနိုင်နိုင် ပြောဆိုနေရသည်။ သူ့ကုတ်အင်္ကျီကို ယူရန် အခန်းကို ဖြတ်လျှောက်သွားသော ဆရာဝန်ကို စောင့်ကြည့်နေရာ ဆရာဝန်သည် နှစ်ယောက် ဖြစ်နေပုံရသည်။

ဒေါက်တာ ဟီလ်ဆင်ဂါက သတိပေးသည်။

"ခင်ဗျားက တော်တော်ကလေး သွေးလွန်ထားတယ်၊ ခင်ဗျား ဒီက ထွက်သွားမယ်ဆိုရင် ခင်ဗျားအတွက် အန္တရာယ်ရှိတယ်"

'ဒီမှာ ဆက်နေတာက ပိုပြီး အန္တရာယ်ရှိမှာပေါ့' ဟု ရောဘတ်က တွေးလိုက်၏။

သူက သတိထား၍ ကုတ်အင်္ကျီကို ဝတ်လိုက်ပြီးနောက် မတ်တတ်ရပ်ရန် ကြိုးစားလိုက်သည်။ သူ့ဒူးများ တုန်နေသည်။ သူက စားပွဲစွန်းကို ဆုပ်ကိုင်လိုက်ရလေ၏။

ဒေါက်တာက သတိပေးပြန်သည်။

"ခင်ဗျား ဘယ်လိုနည်းနဲ့မှ ထွက်သွားနိုင်မှာ မဟုတ်ဘူး"

ရောဘတ်က သူ့ရှေ့မှ ဝါးတားတားပုံရိပ်ကို မော့ကြည့်လိုက်သည်။

"ကျုပ် သွားနိုင်မှာပါ"

သို့ရာတွင် သူထွက်သွားသည်နှင့် တစ်ပြိုင်နက် ဒေါက်တာ ဟီလ်ဆင်ဂါက နောက်တစ်ကြိမ် တယ်လီဖုန်း ဆက်လိမ့်ဦးမည်ဖြစ်ကြောင်း ရောဘတ် သိလိုက်ပါ၏။ ရောဘတ်သည် ဒေါက်တာဟီလ်ဆင်ဂါ အသုံးပြုခဲ့သော ခွဲစိတ်ခန်းသုံး ချပ်ထူထူ ပလတ်စတာတိပ်ခွေကို မြင်လိုက်တော့သည်။

"ကုလားထိုင်မှာ ထိုင်"

သူ့စကားလုံးများက မသဲမကွဲ ဖြစ်နေသည်။

"ဘာဖြစ်လို့လဲ၊ ခင်ဗျားက ဘာလုပ်မလို့ . . ."

ရောဘတ်က သေနတ်ကို မြှောက်လိုက်၏။

"ထိုင်စမ်းဗျာ"

ဒေါက်တာ ဟီလ်ဆင်ဂါ ထိုင်ချလိုက်သည်။ ရောဘတ်က [illegible]



www.burmeseclassic.com

www.burmeseclassic.com

*တောက်ယူလိုက်သည်။ သူက လက်တစ်ဖက်တည်းကို အသုံးပြုနေရသောကြောင့်* အတော်ကလေး အူကြောင်ကြောင် နိုင်လှသည်။ သူက တိပ်ခွေကို ဆွဲခွာပြီး ဖြေစပြုတော့သည်။ သူက ဒေါက်တာ့ထံသို့ ချဉ်းကပ်လာသည်။

"ခင်ဗျား ငြိမ်ငြိမ်ကလေးထိုင်နေရင် ဘာမှ အန္တရာယ်ဖြစ်မှာ မဟုတ်ဘူး"

သူက တိပ်ခွေ၏အစကို ကုလားထိုင်လက်ရန်းတွင် ကပ်လိုက်ပြီးနောက် တိပ်ခွေနှင့် ဆရာဝန်၏လက်ကို အကြိမ်ကြိမ် အထပ်ထပ် ရစ်ပတ်တော့သည်။

ဒေါက်တာ ဟီလ်ဆင်ဂါက ပြောလိုက်၏။

"အဲဒီလို လုပ်ဖို့ မလိုပါဘူးဗျာ၊ ကျုပ်က . . ."

"ပါးစပ်ပိတ်ထားစမ်းဗျာ"

ရောဘတ်က ဆရာဝန်ကို ကုလားထိုင်နှင့်တွဲ၍ ဆက်လက်ကာ ပလာစတာနှင့် ရစ်ပတ်နေသည်။ ထိုကဲ့သို့ ကြိုးပမ်းမှုက ဝေဒနာများကို ကြီးကြီးကျယ်ကျယ် ဖြစ်ပေါ်စေပြန်ပါ၏။ သူက ဆရာဝန်ကိုကြည့်ပြီး ခပ်အေးအေး ပြောလိုက်သည်။

"ကျုပ်က သတိလစ်သွားမှာ မဟုတ်ဘူး"

သူ သတိလစ်သွားခဲ့ပါသည်။

သူသည် အလေးချိန် မရှိဘဲ ပေါ့ပါးစွာနှင့် တိမ်တိုက်ဖြူဖြူများနှင့် အာကာသထဲတွင် ငြိမ်းချမ်းသာယာစွာ လွင့်မြောနေသည်။

'ထတော့လေ'

သူ အိပ်ရာမှ မနိုးချင်ပါ။ မထချင်ပါ။ သူက ထိုအရသာရှိလှသော ခံစားမှုကို ဆက်ပြီး ထာဝရ ခံစားချင်စိတ် ဖြစ်ပေါ်နေမိသည်။

'ထတော့လေ'

မာကျောကျော အရာဝတ္ထုတစ်ခုက သူ့နံဘေးတွင် ခုတုံးကြီး ဖြစ်နေသည်။ သူ့ကုတ်အင်္ကျီအိတ်ထဲက ပစ္စည်းပင်တည်း။ သူသည် မျက်စိမှိတ်ထားလျက်ကပင် သူက အိတ်ထဲ လက်နှိုက်ပြီး ဆုပ်ကိုင်ထားလိုက်မိသည်။

ထိုပစ္စည်းမှာ ပုံဆောင်ခဲကလေးပင် ဖြစ်သည်။

သူ ပြန်၍ အိပ်ပျော်သွားပြန်လေ၏။

'ရောဘတ်'

ထိုအသံမှာ အမျိုးသမီးတစ်ယောက်၏အသံ ဖြစ်သည်။ နူးညံ့ပြီး စိတ်ကို အေးချမ်းစေသည်။ သူသည် အလွန်လှပသော အစိမ်းရောင်မြက်ခင်းကြီးထဲ၌ ရှိနေသည်။ လေထဲတွင် တေးဂီတသံများနှင့် ပြည့်နှက်နေသလို အပေါ်ဘက်ရှိ ကောင်းကင်ယံတွင်လည်း လင်းထိန်နေသော အလင်းရောင်များ ရှိနေကြသည်။

အမျိုးသမီး တစ်ယောက်က သူ့ထံသို့ လျှောက်လာနေသည်။ သူသည် အရပ်ရှည်ပြီး အလွန် ချောမောသည်။ သိမ်မွေ့သော ဘဲဥပုံ မျက်နှာပိုင်ရှင် ဖြစ်သလို နူးညံ့ပြီး တစ်ဖက်ကို တိုးလျှိုပေါက် မြင်နိုင်သယောက် ကြည်လင်သော အသားအရေ ရှိသည်။ သူသည် နှင်းပွင့်ရောင် ဆွတ်ဆွတ်ဖြူနေသည့် ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူ့အသံသည် သိမ်မွေ့ပြီး လည်ချောင်းသံ ပါနေသည်။

"ရောဘတ်၊ ရှင့်ကို ဘယ်သူကမှ နောက်ထပ် ဒုက္ခ မပေးစေရဘူး၊ ရှင်





ကျွန်မဆီကို လာခဲ့ပါ၊ ကျွန်မ ဒီနေရာက ရှင့်ကို စောင့်ကြိုနေမယ်"

ရောဘတ်က မျက်စိကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။ သူသည် ထိုနေရာတွင် အကြာကြီး လဲနေပြီးနောက်မှ ထထိုင်လိုက်၏။ သူ့စိတ်ထဲတွင် စိတ်လှုပ်ရှားမှုများ ပြန်းခနဲ ဖြစ်ပေါ်လာတော့သည်။

ဆယ့်တစ်ယောက်မြောက် သက်သေသည် မည်သူမည်ဝါ ဖြစ်ကြောင်း ယခု သူ သိပါပြီ။

ထိုအမျိုးသမီးနှင့် သူ မည်သည့်နေရာ၌ တွေ့ဆုံရမည်ကိုလည်း သူသည် သိလိုက်ပါပြီ။

◆ ❖ ◆



www.burmeseclassic.com

## အခန်း ငါးဆယ်

**နှစ်ဆယ့်သုံးရက်မြောက်နေ့**
**ပဲရစ်မြို့၊ ပြင်သစ်နိုင်ငံ**

သူသည် အက်ဒမိုင်ရယ် ဗုစ်တိတ်ကာထံ ဆရာဝန်၏ ရုံးခန်းမှနေ၍ တယ်လီဖုန်းဆက်လိုက်သည်။

"အက်ဒ်မိုင်ရယ်၊ ရောဘတ်ပါ"

"ရောဘတ်၊ ဘာတွေ ဖြစ်နေတာလဲကွ၊ သူတို့က ငါ့ကို ပြောကြတယ်"

"အဲဒါဆို အခု အချိန်မှာ အရေးမထားပါနဲ့တော့ဗျာ၊ ခင်ဗျားရဲ့ အကူအညီကို ကျွန်တော် လိုအပ်နေတယ် အက်ဒ်မိုင်ရယ်၊ ခင်ဗျားက ဇျေးနပ်စ်ဆိုတဲ့ နာမည်ကိုများ ကြားဖူးပါသလား"

အက်ဒ်မိုင်ရယ် ဗုစ်တိတ်ကာက ဖြည်းညင်းစွာ ပြောလိုက်သည်။

"ဇျေးနပ်စ်တဲ့လား၊ ဟင့်အင်း၊ ငါ သူ့ကို တစ်ခါမှ မကြားဖူးဘူး"

ရောဘတ်က ပြောလိုက်သည်။

"အဲဒီပုဂ္ဂိုလ်ဟာ လျှို့ဝှက်ဂိုဏ်းတစ်ဂိုဏ်းကို ခေါင်းဆောင်နေတယ်၊ အဲဒီဂိုဏ်းက အပြစ်မရှိတဲ့လူတွေကို လိုက်လံသတ်ဖြတ်ခဲ့တယ်၊ အခုလည်း ကျွန်တော့်ကို သတ်ဖို့ ကြိုးစားနေတယ်၊ ကျွန်တော်တို့က သူ့ကို တားဆီးမှ ဖြစ်မယ်"

"ငါက မင်းကို ဘယ်လို ကူညီနိုင်မှာလဲ"

"ကျွန်တော်က သမ္မတကြီးဆီအထိ တင်ပြချင်တယ်၊ အက်ဒ်မိုင်ရယ်က ကျွန်တော်နဲ့ တွေ့ဆုံဖို့ စီစဉ်ပေးနိုင်သလား"

အတန်ငယ်ကြာအောင် ငြိမ်ကျသွားသည်။

"ငါ လုပ်ပေးနိုင်ပါတယ်ကွာ"

"ပြီးတော့လည်း နောက်ထပ် ရှိနေသေးတယ် ခင်ဗျ၊ ဂျင်နရယ် ဟီးလီးယဒ်လည်း ပါဝင် ပတ်သက်နေတယ်"

"ဘာပြောတယ် . . . ဘယ်လို . . ."

"ပြီးတော့ တခြား ပုဂ္ဂိုလ်တွေလည်း ရှိသေးတယ်၊ ဥရောပတိုက်မှာရှိတဲ့ ထောက်လှမ်းရေးအေဂျင်စီ အများစုကလည်း အဲဒီ အထဲမှာ ပါနေတယ်၊ ကျွန်တော်က အဲဒါထက် ပိုပြီး ရှင်းမပြနိုင်တော့ဘူး၊ အက်ဒ်မိုင်ရယ်ကြီးက ဂျင်နရယ် ဟီးလီးယဒ်ထံကို ဆက်သွယ်ပေးချင်ပါတယ်၊ ကျွန်တော်က ဆယ့်တစ်ယောက်မြောက် သက်သေကို ရှာတွေ့ထားပြီဆိုတဲ့ အကြောင်း သူ့ကို ပြောပြ





ချင်ပါတယ်"

"ငါ နားမလည်တော့ဘူး၊ ဘာကိစ္စရဲ့ ဆယ့်တစ်ယောက်မြောက် သက်သေလဲကွ"

"ကျွန်တော် ဝမ်းနည်းပါတယ် အက်ဒ်မိုင်ရယ်၊ ဒါပေမယ့် အဲဒါကိုတော့ ကျွန်တော် ပြောမပြနိုင်ပါဘူး၊ ဟီးလီးယဒ် သိပါလိမ့်မယ်၊ ကျွန်တော်က သူနဲ့ ဆွစ်ဇာလန်မှာ တွေ့ဆုံချင်ပါတယ်"

"ဆွစ်ဇာလန် . . . ဟုတ်လား"

"ဆယ့်တစ်ယောက်မြောက် သက်သေ ဘယ်နေရာမှာ ရှိတယ် ဆိုတာကို ကျွန်တော် တစ်ယောက်တည်းပဲ သိတယ် ဆိုတဲ့အကြောင်း သူ့ကို ပြောပြပါ။ သူ့ ခြေလှမ်းတစ်ချက် မှားလိုက်တာနဲ့ သူနဲ့ အပေးအယူလုပ်ထားတဲ့ကိစ္စ ပျက်သွားပြီပဲ၊ ဇူးရစ်ချ်က ဒိုလ်ဂရင်းဟိုတယ်ကို သူသွားဖို့ ပြောပေးပါ၊ သူ့အတွက် စာတစ်စောင် ဧည့်ကြိုစားပွဲမှာ ရှိလိမ့်မယ်၊ ကျွန်တော်က ဇျေးနပ်စ်ကိုပါ ဆွစ်ဇာလန်မှာ လူကိုယ်တိုင် တွေ့ချင်တဲ့အကြောင်း ပြောပေးပါ"

"ရောဘတ်၊ မင်း ဘာတွေ လျှောက်လုပ်နေတယ် ဆိုတာကို မင်းကိုယ်တိုင် သိရဲ့လား"

"မသိပါဘူး ခင်ဗျာ၊ ကျွန်တော် မသိပါဘူး၊ ဒါပေမယ့် ခုကိစ္စက ကျွန်တော့်အတွက် တစ်ခုတည်းသော အခွင့်အရေးပါ၊ အခု ကျွန်တော်ပြောပြမယ့် စည်းမျဉ်းချက်တွေဟာ အလျှော့အတင်းလုပ်လို့ မရဘူးဆိုတဲ့အကြောင်း ပြောပြပါ။

နံပါတ်တစ်၊ ကျွန်တော် ဆွစ်ဇာလန်ကို ဘေးကင်းရန်ကင်းနဲ့ အရောက်သွားချင်တယ်။

နံပါတ်နှစ်၊ ကျွန်တော်က ဂျင်နရယ် ဟီးလီးယဒ်နဲ့ ဇျေးနပ်စ်တို့ကို အဲဒီမှာ တွေ့ဆုံချင်တယ်။

နံပါတ်သုံး၊ အဲဒီနောက်ပိုင်းကျရင် ကျွန်တော်က အမေရိကန်သမ္မတကြီးနဲ့ တွေ့ဆုံချင်တယ်"

"ငါ တတ်နိုင်သလောက် ဆောင်ရွက်ပေးမယ် ရောဘတ်၊ ငါက မင်းနဲ့ ဘယ်လို ဆက်သွယ်ရမလဲ"

"ကျွန်တော် ပြန်ဆက်သွယ်ပါ့မယ်၊ အက်ဒ်မိုင်ရယ်ကြီးအတွက် အချိန် ဘယ်လောက် လိုမလဲ"

"ငါ့ကို အချိန် တစ်နာရီပေးပါ"

"ကောင်းပါပြီ"

"ပြီးတော့လည်း ရောဘတ်ရယ် . . ."

အဘိုးကြီး၏လေသံတွင် ကြောင့်ကြစိုးရိမ်သည့်လေသံကို သူ ကြားနိုင်ပါသည်။

"ဟုတ်ကဲ့ ခင်ဗျ"

"မင်း သတိထားပါကွာ"

"ကျွန်တော့်ကို စိတ်မပူပါနဲ့ ခင်ဗျာ၊ ကျွန်တော်ဟာ အမြဲတမ်း အသက်ရှင်ကျန်ရစ်သူ ဆိုတာကို သတိရစမ်းပါ"

နောက် တစ်နာရီကြာသောအခါ ရောဘတ်သည် အက်ဒ်မိုင်ရယ် ဗုစ်တိတ်ကာနှင့် နောက်တစ်ကြိမ် ပြောဆိုနေရလေပြီ။

www.burmeseclassic.com



"မင်း ပြောတာတွေကို လက်ခံပါတယ်၊ နောက်ထပ် သက်သေထပ်ပေး... ရှိတယ်ဆိုတဲ့ ကိစ္စကြောင့် ဗိုလ်ချုပ်ကြီး ဟီးလီးယဒ် တုန်လှုပ်ချောက်ချား... ရတယ်။ မင်းကို အန္တရာယ်မပြုပါဘူးဆိုတဲ့ ကတိကို သူ ငါ့ကို ပေးထား... မင်းရဲ့စည်းကမ်းချက်တွေအတိုင်း ဆောင်ရွက်ပေးလိမ့်မယ်၊ သူက ငွေရှင်း... လေယာဉ်ပျံနဲ့ လာလိမ့်မယ်၊ နက်ဖြန် မနက်ကျရင် အဲဒီကို ရောက်လိမ့်မယ်"

"ကျေးနပ်စ်ကရော"

"ကျေးနပ်စ်ကလည်း သူနဲ့အတူတူ အဲဒီလေယာဉ်ပျံနဲ့ လိုက်လာလိမ့်မယ်"

ရောဘတ်သည် အကြီးအကျယ် စိတ်သက်သာရာ ရရှိသွားသည်။

"ကျေးဇူးတင်ပါတယ် အက်ဒ်မိုင်ရယ်ကြီးရယ်၊ ပြီးတော့ သမ္မတကြီး... ရော"

"သူ့ကို ငါကိုယ်တိုင် ပြောထားတယ်၊ မင်းဘက်က အဆင်သင့် ဖြစ်ထား... သူ့လက်ထောက်တွေက မင်းအတွက် တွေ့နိုင်အောင် စီစဉ်ပေးကြလိမ့်မယ်"

ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ပဲ။

"ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်က မင်းစီးဖို့ လေယာဉ်ပျံတစ်စင်း . . ."

"မဖြစ်နိုင်ပါဘူး ခင်ဗျာ"

သူ့ကို ဂျင်နရယ်ဟီးလီးယဒ်တို့က လေယာဉ်ပျံပေါ် တက်ခိုင်းမည့်ကိစ္စကို လက်မခံနိုင်ပါ။

"ကျွန်တော်က ပဲရစ်မှာ ရှိနေပါတယ်၊ ကျွန်တော် ကားတစ်စီး လိုချင်တယ် အဲဒီကားကို ကျွန်တော်ကိုယ်တိုင် မောင်းမယ်၊ အဲဒီ မော်တော်ကားကို မွန်ပါးနတ် ဆီးက ဟိုတယ်လစ်ထရီရှေ့မှာ နာရီဝက်အတွင်း လာပို့ထားစေချင်ပါတယ်"

"ငါ ဖြစ်အောင် စီစဉ်လိုက်မယ်"

"အက်ဒ်မိုင်ရယ်"

"ဆိုစမ်း။ ရောဘတ်"

သူ့အနေနှင့် အသံကို တည်ငြိမ်အောင် ထိန်းထားဖို့ ခဲယဉ်းလှသည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

သူသည် နာကျင်သော ဝေဒနာကြောင့် ရှုးလစ်ထရီလမ်းအတိုင်း ဖြည်းညင်းစွာ လျှောက်လာသည်။ သူက သတိထားပြီး ဟိုတယ်ဆီသို့ ချဉ်းကပ်လာသည်။ ဟိုတယ် အဆောက်အအုံရှေ့တွင် အနက်ရောင် မာစီးဒီးစ်ဆီဒင်ကား တစ်စီး ရပ်တန့်ထားသည်။ ကားထဲတွင် မည်သူမျှ ရှိမနေပါ။

လမ်း၏ဟိုဘက်တွင် အပြာနှင့်အဖြူရောင် ပုလိပ်ကားတစ်စီး ရှိနေသည်။ လက်ကိုင်ဘီးခွေနောက်ဘက်တွင် ယူနီဖောင်းဝတ်ထားသော ပုလိပ်တစ်ယောက် ရှိနေသည်။ လူသွားလမ်းပေါ်တွင် အရပ်ဝတ် အရပ်စားနှင့် အမျိုးသား နှစ်ယောက်က ရောဘတ် ချဉ်းကပ်လာနေသည်ကို စောင့်ကြည့်နေသည်။ ပြင်သစ်ထောက်လှမ်းရေးမှ ပုဂ္ဂိုလ်တွေပါကလား။

ရောဘတ်က သူ့အနေနှင့် အသက်ရှူရ ကျပ်နေသည်ကို တွေ့ရှိရသည်။ သူ့နှလုံးကလည်း တဒုန်းဒုန်း ခုန်နေသည်။ သူသည် ထောင်ချောက်တစ်ခုထဲသို့ ဆင်းမိလေပြီလော။

သူ့ထံတွင် ရှိနေသည့် တစ်ခုတည်းသော အာမခံချက်မှာ ဆယ့်တစ်





ယောက်မြောက် သက်သေပင် ဖြစ်သည်။ ဂျင်နရယ်ဟီးလီးယဒ်က သူ့စကားကို ယုံကြည်ပါရဲ့လား၊ အဲဒါနဲ့တင် လုံလောက်ပါရဲ့လား။

သူက ဆီဒင်ကားဆီသို့ လျှောက်သွားရင်း ထောက်လှမ်းရေးမှ ပုဂ္ဂိုလ်နှစ်ယောက်၏ လှုပ်ရှားမှုကို စောင့်ကြည့်နေသည်။ ထိုပုဂ္ဂိုလ် နှစ်ယောက်သည် သူ့ကို တိတ်ဆိတ်စွာ စောင့်ကြည့်နေကြသည်။

ရောဘတ်သည် မာစီးဒီးစ်ကား၏ ယာဉ်မောင်းသူဘက်သို့ ကပ်သွားပြီး အထဲသို့ ကြည့်လိုက်သည်။ သော့အိမ်ထဲတွင် သော့တန်းလန်း ရှိနေသည်။ သူက တံခါးကိုဖွင့်ပြီး ယာဉ်မောင်းသူ၏ ထိုင်ခုံပေါ်သို့ ထိုင်ချလိုက်စဉ် ထိုနှစ်ယောက်က သူ့အား စောင့်ကြည့်နေကြသည်ကို သူက ခံစားသိရှိရသည်။ သူသည် ထိုနေရာတွင် ခဏမျှ ထိုင်နေရင်း သော့အိမ်ကို ငေးကြည့်နေသည်။

တကယ်လို့ ဂျင်နရယ် ဟီးလီးယဒ်က အက်ဒ်မိုင်ရယ် ဝစ်တိတ်ကာကို တစ်ပတ်ရိုက်မည်ဆိုပါက ယခုအချိန်တွင် အလွန်ပြင်းထန်သော ပေါက်ကွဲမှုကြီး နှင့် အစစအရာရာ ချုပ်ငြိမ်းသွားရမည့်အချိန်ပင် ဖြစ်တော့သည်။

ကဲ. . . စပါပြီ။

ရောဘတ်က အသက်ကို ပြင်းပြင်းရှူလိုက်ပြီးနောက် သော့ကို ဘယ်ဘက်လက်နှင့် လှမ်းကိုင်လိုက်ပြီး သော့ကို လှည့်လိုက်သည်။ အင်ဂျင်စက်သည် အသံ ခပ်အုပ်အုပ်နှင့် စက်နိုးလာသည်။

ထောက်လှမ်းရေးမှ ပုဂ္ဂိုလ်များသည် သူ မောင်းနှင်ထွက်ခွာသွားသည်ကို ငေးကြည့်ရင်း ရပ်နေကြသည်။

ရောဘတ်က လမ်းဆုံကို ရောက်ခါနီးတွင် ပုလိပ်ကားတစ်စီးသည် သူ့ရှေ့သို့ ဖြတ်ဝင်လိုက်ရာ ထိုအနိုက်အတန့်ကလေးတွင် သူ့ကားကို ရပ်ခိုင်းတော့မည်ဟု ရောဘတ်က ထင်လိုက်မိသည်။ ထိုကဲ့သို့ ရပ်တန့်ခိုင်းမည့်အစား ပုလိပ်ကားသည် ခေါင်မိုးပေါ်မှ လည်ပတ်နေသော အနီရောင်အချက်ပြမီးကို ဖွင့်လိုက်ရာ အခြား မော်တော်ကားများသည် ရှဲခနဲ ဖြစ်သွားကြလေတော့သည်။

'သူတို့က ငါ့ကို လမ်းပြပုလိပ်ကားနဲ့ လိုက်ပို့နေကြပါကလား' ဟု သူ တွေးမိတော့သည်။

ခေါင်းပေါ်တွင်လည်း ရဟတ်ယာဉ်တစ်စင်း၏အသံကို ရောဘတ် ကြားလိုက်ရသည်။ သူက တစ်ချက် လှမ်းကြည့်လိုက်၏။ ရဟတ်ယာဉ်၏ နံဘေးဘက်တွင် ပြင်သစ်ပုလိပ်အဖွဲ့၏ တံဆိပ်အမှတ်အသားကို မြင်လိုက်ရသည်။

ရောဘတ် တစ်ယောက် ဆွစ်ဇာလန်နိုင်ငံသို့ ချောချောမောမော ရောက်ရှိအောင် ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်က နည်းမျိုးစုံကို သုံးစွဲနေလေပြီ။

'ပြီးတော့ ငါက သူ့ကို နောက်ဆုံးသက်သေ ပြတာနဲ့ တစ်ပြိုင်နက် သူတို့ ငါ့ကို သတ်ပစ်လိမ့်မယ်လို့ ငါထင်တယ်၊ ဒါပေမယ့် ဗိုလ်ချုပ်ကြီး တအံ့တသြ ဖြစ်သွားရမှာပေါ့လေ' ဟု ရောဘတ်က တွေးလိုက်လေ၏။

ရောဘတ်သည် ထိုနေ့ မွန်းလွဲပိုင်း လေးနာရီအချိန်တွင် ဆွစ်ဇာလန်နိုင်ငံ နယ်စပ်သို့ ရောက်ရှိလာသည်။

နယ်စပ်တွင် ပြင်သစ်နိုင်ငံမှ ပုလိပ်ကားက ပြန်လှည့်သွားပြီး ဆွစ်ဇာလန် နိုင်ငံမှ ပုလိပ်ကားက သူ၏ လမ်းပြယာဉ်ဖြစ်လာသည်။ ...



www.burmeseclassic.com

www.burmeseclassic.com

ရောဘတ်က စတင် လက်ခံခဲ့သော အချိန် အတောအတွင်း ယခု အချိန်တွင် ရောဘတ်သည် ပထမဦးဆုံးအဖြစ် စိတ်သက်သာရာရစ ပြုလာသည်။

အက်ဒ်မိုင်ရယ် ဝုစ်တိတ်ကာတွင် မြင့်မားသောနေရာများ၌ မိတ်ဆွေအပေါင်းအသင်းများ ရှိနေသည့်အတွက် သူ့ကို ကျေးဇူးတင်ရပါမည်။ ရောဘတ်သည် သမ္မတကြီးနှင့် တွေ့ဆုံရန် ရှိနေသောကြောင့် ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်က ရောဘတ်အား လက်ဖျားနှင့်ပင် တို့ရဲမည် မဟုတ်ပါ။

သူ့စိတ်က အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော အမျိုးသမီးထံ စိတ်ညွတ်လိုက်မိသည်နှင့် တစ်ပြိုင်နက် ထိုအခိုက်အတန့်၌ပင် ရောဘတ်သည် ထိုအမျိုးသမီး၏အသံကို ကြားလိုက်ရလေတော့သည်။

ထိုအသံသည် မော်တော်ကားထဲတွင် ဟိန်း၍ ပေါ်ထွက်လာသည်။

"မြန်မြန်လာပါ ရောဘတ်ရယ်၊ ရှင့်ကို ကျွန်မတို့ အားလုံးက စောင့်မျှော်နေကြတယ်"

'အားလုံးတဲ့လား။ တစ်ယောက်ထက် ပိုများနေလို့လား။ ငါ မကြာခင် သိရတော့မှာပဲ' ဟု ရောဘတ်က တွေးလိုက်မိတော့သည်။

လှုရစ်ချ်တွင် ရောဘတ်သည် ဒိုလ်ဒါဂရင်း ဟိုတယ်၌ ရပ်တန့်လိုက်ပြီးနောက် စည့်ကြိုစားပွဲတွင် ဗိုလ်ချုပ်ကြီးအတွက် စာတစ်စောင် ရေးလိုက်သည်။

ရောဘတ်က စည့်ကြိုစာရေးကို ပြောလိုက်၏။

"ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်က ကျုပ်ကို မေးလိမ့်မယ်၊ ခင်ဗျားက သူ့ကို ကျေးဇူးပြုပြီး ဒီစာ ပေးလိုက်ပါ"

"ကောင်းပါပြီ ခင်ဗျာ"

အပြင်ဘက်သို့ ရောက်သောအခါ ရောဘတ်သည် သူ့ကို လမ်းပြအဖြစ် ပို့ပေးနေသော ပုလိပ်ကားဆီသို့ လျှောက်သွားပြီးနောက် ယာဉ်မောင်းနှင့် စကားပြောရန် ခေါင်းကိုငုံ့လိုက်သည်။

"အခုချိန်ကစပြီး ကျုပ်က ကိုယ့်ဘာသာကိုယ်ပဲ သွားချင်တယ်"

ယာဉ်မောင်းက တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

"ကောင်းပါပြီ ကွန်မန်ဒါ"

ရောဘတ်သည် သူ့မော်တော်ကားဆီသို့ ပြန်လျှောက်သွားပြီး ယူအက်ဖ်အို ပျက်ကျသည့်နေရာ ယူတင်ဒေါ့ဖ်ကျေးရွာဆီသို့ စတင်၍ မောင်းနှင်လိုက်လေ၏။

သူက ကားမောင်းနေစဉ် ထိုကဲ့သို့ ယူအက်ဖ်အို ပျက်ကျမှုကြောင့် ဖြစ်ပေါ်လာရသော ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်များနှင့် သေဆုံးရသည့် အသက်ပေါင်းများစွာအကြောင်း တွေးမိနေသည်။

ဟန့်စ်ဘက်ကာမင်နှင့် ဘုန်းတော်ကြီး ပါတရီနီ၊ လက်စလီ မားသားရှက်နှင့် ဒီလျံမန်း၊ ဒင်နီရယ်ဝိန်းနှင့် အော်တိုရှမစ်၊ လက်စလို ဘွတ်ရှ်ဖက်ကက်တီနှင့် ဖရစ်ဇ်မန်ဒယ်၊ အောလ်ဂါရို မန်ချန်ကိုနှင့် တီဗင်ပတ်ကားတို့ သေကုန်ကြပြီ။ သူတို့အားလုံး သေခဲ့ကြရပြီ။

'ငါက ဂျေးနပ်စ်နှင့် မျက်နှာချင်းဆိုင်ပြီး သူ့မျက်နှာကို စေ့စေ့ကြည့်ချင်ပါရဲ့' ဟု ရောဘတ်က တွေးလိုက်မိသည်။

လမ်းနံဘေးမှ ရွာကလေးများသည် တရိပ်ရိပ်နှင့် ကျန်ရစ်ခဲ့ကြသည်။





အဲလ်ပ်တောင်တန်းကြီး၏ အလွန် ရှေးကျလှသော အလှအပများတွေ့နေရာမှ သွေးချောင်းစီးမှုများ၊ အထိတ်တလန့် ဖြစ်ရမှုများ အစပျိုးခဲ့သည်ကို လိမ်ညာဖုံးကွယ်နေသယောင် ရှိခဲ့ရသည်။

ရောဘတ်၏ မော်တော်ကားသည် သွန်းမြို့ဆီသို့ ချဉ်းကပ်လာနေစဉ် ရောဘတ်၏ အက်ဒရီနယ်လင်ဟိုမုန်းများ ကြွထစပြုလာသည်။

ရှေ့ဘက်တွင် သူနှင့် ဘက်ကာမင်တို့က မိုးလေဝသဘောလုံးကြီးကို ရှာတွေ့ခဲ့သောကွင်းပြင်၊ အိပ်မက်ဆိုးကြီး စတင် ဖြစ်ပွားခဲ့သောနေရာ ရှိနေသည်။

ရောဘတ်သည် မော်တော်ကားကို လမ်းနံဘေးသို့ ဆွဲချလိုက်ပြီးနောက် စက်သတ်၍ ရပ်လိုက်၏။ သူက မသံမထွက်ဘဲ ဆုတောင်းလိုက်သည်။

ထို့နောက် သူသည် ကားထဲမှ ထွက်၍ ဟိုင်းဝေးလမ်းမကြီးကို ကျော်ဖြတ်ပြီး ကွင်းပြင်ထဲသို့ ဆင်းသွားလေတော့သည်။

အတိတ်ကာလမှ အရိပ်ပေါင်းစုံသည် ရောဘတ်၏ ဦးနှောက်ထဲတွင် အစီအရီ ပြန်ပေါ်လာကြသည်။

နံနက် လေးနာရီထိုးတွင် သူ့ကို ဆက်သွယ်ခဲ့သည့် တယ်လီဖုန်း။

'ဖိုတ်မိဒ်မှာရှိတဲ့ အမျိုးသားလုံခြုံရေး အေဂျင်စီရုံးချုပ်က ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်ထံသို့ သည်ကနေ့မနက် ဝ၆:၀၀ နာရီမှာ သွားသတင်းပို့ဖို့ ခင်ဗျားကို ညွှန်ကြားထားတယ်၊ အခုပြောတဲ့ အကြောင်းကြားချက်ကို နားလည်ပါရဲ့လား ကွန်မန်ဒါ'

ထိုအချိန်က သူ အနည်းငယ်မျှသာ နားလည်ခဲ့ပါသည်။ သူသည် ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်၏ ပြောစကားများကိုလည်း ပြန်သတိရလာသည်။

'မင်း အဲဒီ သက်သေတွေကို တွေ့အောင်ရှာရလိမ့်မယ်၊ အားလုံးကို ရှာရလိမ့်မယ်'

ထိုကဲ့သို့ ရှာဖွေရာတွင် လှုရစ်ချ်မှ ဘန်းမြို့၊ လန်ဒန်၊ မြူးနစ်ချ်၊ ရောမ၊ အော်ဒိုက်တို၊ ဝါကိုမှ ဖို့တ်စမစ်၊ ကိဗ်မှ ဝါရှင်တန်နှင့် ဘူဒါပက်။

အားလေ - သွေးချောင်းစီးခဲ့သော လမ်းကြောင်းကြီးသည် နောက်ဆုံးတွင် ထိုကိစ္စကြီး စတင် ဖြစ်ပေါ်ခဲ့သော ဤနေရာ၌ပင် အဆုံးသတ်ခဲ့ရလေပြီတည်း။

ထိုအမျိုးသမီးက သူ့ကို စောင့်နေလိမ့်မည်ဟု ရောဘတ် တွေးထင်ထားခဲ့သည့်အတိုင်း ထိုအမျိုးသမီးက သူ့ကို စောင့်နေခဲ့သည်။ ထို့ပြင် ထိုအမျိုးသမီးလေးသည် သူ့အိပ်မက်ထဲကအတိုင်း တစ်သဝေမတိမ်း ချွတ်စွပ်တူနေသည်။

သူတို့သည် တစ်ဦးဆီသို့ တစ်ဦးက လျှောက်လာကြသည်။ ထိုအမျိုးသမီးကလေးသည် ကြည်လင်တောက်ပသော အပြုံးကလေးနှင့် လေထဲတွင် မျောပါပြီး သူ့ထံသို့ လာနေသလို ထင်ရသည်။

"ရှင်လာတဲ့အတွက် ကျေးဇူးတင်ပါတယ် ရောဘတ်ရယ်"

ထိုအမျိုးသမီး စကားပြောလိုက်သည်ကို သူ တကယ် ကြားလိုက်[illegible] သလား သို့တည်းမဟုတ် သူသည် ထိုအမျိုးသမီးကလေး၏ [illegible] ခြင်းပင် ဖြစ်လေသလား။ လူသားတစ်ယောက်က ဂြိုဟ်[illegible] မည်သို့ မည်ပုံ စကားပြောရလေသနည်း။



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်က လာမှ ဖြစ်မှာဗျ"

သူက ရိုးရိုးစင်းစင်းကလေး ပြောလိုက်သည်။ ထိုမြင်ကွင်းမှာ အစစ်အမှန် မဟုတ်သလို ဖြစ်နေသည်။

'ငါသည် ဤနေရာတွင် မတ်တတ်ရပ်ရင်း အခြားကမ္ဘာမှ ဂြိုဟ်သား တစ်ယောက်နှင့် စကားပြောဆိုနေသည်။ ငါသည် တဆတ်ဆတ်တုန်အောင် ကြောက်လန့်နေဖို့ ကောင်းသည်။ သို့ရာတွင် ငါ့ဘဝတွင် ယခုတစ်ကြိမ်လောက် စိမ်းချမ်းသာမှု ရရှိသောအခါမျိုး မရှိခဲ့သေးပါ'

ရောဘတ်က ပြောလိုက်၏။

"ကျုပ် ခင်ဗျားကို သတိပေးရလိမ့်မယ်၊ ခင်ဗျားကို ဒုက္ခပေးချင်တဲ့ လူတစ်စု ဒီကို လာနေကြတယ်၊ သူတို့ ရောက်မလာခင် ဒီနေရာက ခင်ဗျား ထွက်သွားရင် ကောင်းလိမ့်မယ် ထင်တယ်"

"ကျွန်မ သွားလို့ မရဘူး"

ဤတွင် ရောဘတ်က နားလည်လိုက်သည်။

သူသည် အိတ်ထဲသို့ ဘယ်လက်နှင့် နှိုက်လိုက်ပြီးနောက် ပုံဆောင်ခဲ ကလေးပါသည့် သတ္တုပြားကလေးကို ထုတ်ယူလိုက်သည်။

ထိုအမျိုးသမီးကလေး၏ မျက်နှာသည် လင်းလက်လာသည်။

"ကျေးဇူးတင်ပါတယ် ရောဘတ်"

ရောဘတ်က လှမ်းပေးလိုက်ပြီးနောက် အမျိုးသမီးကလေးက ထိုသတ္တု ကလေးအား သူ့လက်ထဲတွင် ကိုင်ထားသောပစ္စည်းထဲသို့ အံဝင်ခွင်ကျ ထည့် သွင်းလိုက်သည်ကို ရောဘတ်က စောင့်ကြည့်နေသည်။

ရောဘတ်က မေးလိုက်၏။

"အခု ဘာဖြစ်လာမလဲ"

"အခု ကျွန်မက ကျွန်မမိတ်ဆွေတွေနဲ့ ဆက်သွယ်နိုင်ပြီ၊ သူတို့က ကျွန်မ ဆီကို လာကြလိမ့်မယ်"

ထိုဝါကျထဲတွင် ဆိုးရွားသော နိမိတ်ပုံများ ပါရှိနေလေသလော။

ရောဘတ်က ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်၏ စကားများကို ပြန်သတိရလာ သည်။

'သူတို့က ဒီကမ္ဘာကြီးကို သိမ်းပိုက်ပြီး ငါတို့ကို ကျွန်လုပ်ချင်နေကြတယ်'

တကယ်လို့ ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်က မှန်နေရင် ဘာလုပ်မလဲ။

တကယ်လို့ ဂြိုဟ်သားတွေက ကမ္ဘာကြီးကို သိမ်းပိုက်ချင်တဲ့ ရည်ရွယ်ချက် ရှိနေခဲ့ရင်ကော။ ဘယ်သူက သူတို့ကို တားဆီးဟန့်တားနိုင်မှာလဲ။

ရောဘတ်က သူ့လက်ပတ်နာရီကို ကြည့်လိုက်၏။ ထိုအချိန်မှာ ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်နှင့် ဇျေးနပ်စ်တို့ ရောက်လာကြမည့် အချိန်ပင်ကည်း။ ရောဘတ်က ထိုကိစ္စကို တွေးတောနေသည့် အခိုက်အတန့်မှာပင် အလွန်ကြီးမားသော ရဟတ် ယာဉ်ကြီးတစ်စီး မြောက်ဘက်အရပ်ဆီမှ ချဉ်းကပ်လာနေသည့်အသံကို သူ ကြားလိုက်ရလေသည်။

"ရှင့်မိတ်ဆွေတွေ ဒီကို ရောက်လာကြပြီပဲ"

မိတ်ဆွေတဲ့လား။

သူတို့သည် ရောဘတ်၏ ကမ္ဘာ့ရန်များ ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်များသည်





လူသတ်သမားများ ဖြစ်ကြကြောင်း ဖော်ထုတ်ပြီး သူတို့ကို ဖျက်ဆီးပစ်မည်ဟု ရောဘတ်က သန္နိဋ္ဌာန် ချထားသည်။

ရဟတ်ယာဉ် ဆင်းသက်လိုက်သောကြောင့် ထိုကွင်းပြင်ထဲရှိ မြက်ပင်များ နှင့် ပန်းပွင့်များတို့သည် ကသောင်းကနင်း လှုပ်ရှားကုန်ကြရတော့သည်။

သူသည် ဇျေးနပ်စ်နှင့် မျက်နှာချင်းဆိုင် တွေ့ရပေတော့မည်။ ထိုအတွေးကို ခံစားမိရုံမျှနှင့် သူသည် လူသတ်ချင်လောက်အောင် အကြီးအကျယ် ဒေါသ ဖြစ်လာမိတော့သည်။

ရဟတ်ယာဉ်တံခါး ပွင့်လာလေပြီ။

ဆူဆန် ရဟတ်ယာဉ်ထဲမှ အပြင်သို့ ထွက်လာသည်။

◆ ❖ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ငါးဆယ့်တစ်

ကမ္ဘာမြေကြီး၏ အထက်ဘက် အလွန် မြင့်မားသည့်နေရာ၌ မျောပါနေသော မိခင်အာကာသယာဉ်ကြီးထဲတွင် အလွန်အမင်း ပျော်ရွှင်သွားကြသည်။ ဒိုင်ခွက် အားလုံးပေါ်တွင် အစိမ်းရောင်များ လင်းလိုက် မှိတ်လိုက် ဖြစ်နေကြသည်။

*ငါတို့ သူ့ကို ရှာတွေ့ကြပြီ။*
*ငါတို့ မြန်မြန် လုပ်ကြရလိမ့်မယ်။*

အလွန် ကြီးမားသော အာကာသယာဉ်ကြီးသည် အောက်ဘက်တွင်ရှိသော ကမ္ဘာဂြိုဟ်ဆီသို့ အလွန် လျှင်မြန်သော အရှိန်အဟုန်နှင့် စတင် ရွေ့လျားစပြုတော့သည်။

◆ ❖ ◆



## အခန်း ငါးဆယ့်နှစ်

ထိုအခိုက်အတန့်ကလေးတွင် အချိန်ကာလသည် ရပ်တန့်သွားသလို ဖြစ်သွားခဲ့ပြီးနောက် အစိတ်စိတ်အမွှာမွှာဖြစ်အောင် ကွဲအက် ကြေကွဲသွားရလေတော့သည်။

ဆူဆန် ရဟတ်ယာဉ်ထဲကထွက်၍ ဆင်းသက်လာနေသည်ကို ရောဘတ်က ကြက်သေသေပြီး စောင့်ကြည့်နေမိသည်။

ဆူဆန်သည် ထိုနေရာတွင် ခေတ္တမျှ ရပ်လိုက်ပြီးနောက် ရောဘတ်ဆီသို့ စတင် လှမ်းလျှောက်လိုက်သော်လည်း ဆူဆန်၏ နောက်တည့်တည့်တွင် ရှိနေသူ မွန်တီဘင့်ခ်က ဆူဆန့်ကို လှမ်းဆွဲပြီး ရွေ့တိုးမရအောင် ဟန့်တားလိုက်သည်။

"ရောဘတ်ရေ . . . ပြေးတော့ . . . ပြေးတော့၊ သူတို့က ရှင့်ကို သတ်ကြလိမ့်မယ်"

ရောဘတ်က ဆူဆန့်ထံသို့ တစ်လှမ်းချင်း တိုးလိုက်ချိန်မှာပင် ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်နှင့် ဗိုလ်မှူးကြီး ဖရန့်ဂွန်ဆန်တို့သည် ရဟတ်ယာဉ်ထဲက ထွက်လာကြသည်။

ဗိုလ်ချုပ်ကြီး ဟီးလီးယဒ်က ပြောလိုက်၏။

"ငါ ဒီကို ရောက်လာပြီ ကွန်မန်ဒါ၊ ငါက ငါ့ဘက်က လိုက်နာရမယ့် စည်းကမ်းကို လိုက်နာခဲ့ပါတယ်ကွာ"

သူက ရောဘတ်နှင့် အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသော အမျိုးသမီးကလေးထံ လျှောက်လာတော့သည်။

"သူဟာ ဆယ့်တစ်ယောက်မြောက် သက်သေ ဖြစ်လိမ့်မယ်လို့ ငါ ယူဆတယ်။ သူဟာ ပျောက်ဆုံးနေတဲ့ ဂြိုဟ်သားပဲ၊ ငါတို့က ဒီအမျိုးသမီးကို သိပ်ပြီး စိတ်ဝင်စားကြတယ်ဆိုတာ သေချာတယ်၊ ဒီ ခုကိစ္စဟာ နိဂုံးချုပ်သွားပြီပေါ့လေ"

"မပြီးဆုံးသေးပါဘူး၊ ခင်ဗျားက ဂျေးနပ်စ်ကို ခေါ်လာခဲ့မယ်လို့ ပြောခဲ့တယ်လေ"

"အေး - ဟုတ်ပါတယ်၊ ဂျေးနပ်စ်ကလည်း မင်းနဲ့တွေ့ဖို့ လိုက်လာမယ်လို့ ကတိပြောခဲ့တယ်"

ရောဘတ်က ရဟတ်ယာဉ်ဘက်သို့ လှည့်လိုက်၏။ အက်ဒ်မိုင်း . . . တီတ်ကာသည် အပေါက်ဝတွင် မတ်တတ်ရပ်နေသည်။

"ရောဘတ်၊ မင်းက ငါနဲ့ တွေ့ချင်တယ်လို့ တောင်း . . ."

ရောဘတ်သည် မယုံကြည်နိုင်စွာနှင့် သူ့ကို ငေးငိုက် . . .



www.burmeseclassic.com

www.burmeseclassic.com

သူမျက်ကြည်လွှာ ရှေ့တွင် အနီရောင် ဖလင်ပြားတစ်ချပ်နှင့် ကာလိုက်သလို ဖြစ်သွားသည်။ သူ့အတွက် ကမ္ဘာကြီး ပြိုကွဲပျက်စီးသွားသလို ဖြစ်သွားရတော့သည်။

"မဟုတ်ဘူး၊ ဘယ်လို ဖြစ်ရတာလဲ၊ ဘယ်လို ဖြစ်ရတာလဲဗျာ . . ."

အက်ဒ်မိုင်ရယ်ကြီးက သူ့ဆီသို့ လာနေသည်။

"မင်း နားမလည်ပါဘူးကွာ၊ ဟုတ်တယ် မဟုတ်လား၊ မင်း ဘယ်တုံးကမှ နားမလည်ခဲ့ပါဘူး။ မင်းက အဓိပ္ပာယ်မရှိတဲ့ အသက်ကလေး လေးငါးခြောက်ချောင်းအတွက် စိုးရိမ်ပူပန်နေတယ်။ ငါတို့က ဒီကမ္ဘာကြီးကို အကာအကွယ်ပေးဖို့ စိုးရိမ်ပူပန်နေကြတာကွ၊ ဒီကမ္ဘာကြီးကို ငါတို့ပိုင်တယ်၊ ဒီကမ္ဘာကြီးကို ငါတို့စိတ်ကြိုက် လုပ်နိုင်ခွင့်လည်း ရှိတယ်"

သူက အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသူ အမျိုးသမီးကလေးထံ လှည့်ကြည့်လိုက်သည်။

"မင်းတို့ သတ္တဝါတွေက စစ်ဖြစ်ချင်တယ် ဆိုရင်လည်း စစ်ဖြစ်ကြတာပေါ့ကွာ၊ ပြီးတော့လည်း ငါတို့က မင်းတို့ကို နိုင်အောင် တိုက်မယ်ကွ"

သူက ရောဘတ်ဘက်သို့ လှည့်လိုက်ပြန်၏။

"မင်းက ငါ့ကို သစ္စာဖောက်တယ်၊ မင်းဟာ ငါ့သားပဲ၊ ငါ့သား အက်ဒဝင်ရဲ့နေရာမှာ မင်းကို အစားထိုးထားတယ်၊ ငါက မင်းကို ကိုယ့်နိုင်ငံကို အလုပ်အကျွေးပြုနိုင်မယ့် အခွင့်အရေးတွေ ပေးထားခဲ့တယ်။ ဒါပေမယ့် မင်းက ငါ့ကို ဘယ်လိုများ ပြန်ပေးဆပ်ခဲ့သလဲ၊ မင်းက ဇနီးမယားကလေးနဲ့ အတူတူ နေခွင့်ရအောင် အိမ်မှာပဲ နေခွင့်ပြုပါလို့ ငါ့ဆီကို အမြီးကလေး တနံ့နံ့နဲ့ လာတောင်းပန်ခဲ့တယ်"

သူ့လေသံမှာ စက်ဆုပ်ရွံရှာသည့် လေသံမျိုး ဖြစ်နေသည်။

"ငါ့သားတွေထဲက ဘယ်သူမှ အဲဒီလို မဖြစ်စေရဘူး၊ မှတ်ထား၊ အဲဒီကတည်းက မင်းရဲ့အတွေးအခေါ် အယူအဆတွေ ဘယ်လောက်အထိ မှားယွင်းနေတယ်ဆိုတာ ငါ သိခဲ့ဖို့ကောင်းတယ်"

ရောဘတ်သည် စကားပင် မပြောနိုင်ဘဲ မလှုပ်မယှက်နှင့် ဆက်လက်၍ ရပ်တန့်နေမိသည်။

"မင်းအပေါ်မှာ ငါက အယုံအကြည် ရှိနေသေးတဲ့အတွက် ငါက မင်းကို အိမ်ထောင်ပျက်အောင် လုပ်ခဲ့တယ်၊ ဒါပေမယ့် . . ."

"ခင်ဗျားက ကျွန်တော့်ကို အိမ်ထောင်ပျက်အောင် လုပ်ခဲ့တယ် . . . ဟုတ်"

"မြေခွေးနောက်ကို လိုက်ဖို့ စီအိုင်အေက မင်းကို လွှတ်လိုက်တဲ့ကိစ္စကို မှတ်မိတယ် မဟုတ်လား။ အဲဒါကို ငါက စီစဉ်လိုက်တာ။ မင်းတစ်ယောက် အမြင်မှန်များ ပြန်ရလာမလားလို့၊ မင်း မအောင်မြင်ခဲ့တာကလည်း မြေခွေးဆိုတာ တကယ် မရှိခဲ့လို့ဘဲ။ မင်းဟာ ငါတို့အထဲက လူတစ်ယောက် ဖြစ်တယ်ဆိုတာ ငါက မင်းသိအောင် လုပ်ပေးနိုင်လိမ့်မယ် ထင်လို့ပဲ။ အဲဒီနောက်တော့ မင်းက အလုပ်က ထွက်တော့မယ်လို့ ပြောတော့တာပဲ။ အဲဒီမှာတင် ငါက မင်းဟာ မျိုးချစ်စိတ်ရှိတဲ့လူ မဟုတ်ဘူး၊ မင်းကို ချေမှုန်းပစ်ရမယ်၊ ဖျက်ဆီးပစ်ရမယ်လို့ ငါသိခဲ့တယ်၊ ဒါပေမယ့် မင်းက ငါတို့ရဲ့လုပ်ငန်းမှာ ပထမဦးဆုံး ပါဝင်ပြီး အကူအညီပေးရဦးမယ်လေ"

"ခင်ဗျားတို့ရဲ့လုပ်ငန်း ဟုတ်လား၊ အပြစ်ကင်းမဲ့တဲ့ အဲဒီလူတွေ အားလုံးကို





သတ်ဖို့တဲ့လား၊ ခင်ဗျား ရူးနေပြီ"

"လူတွေ သွေးရှူးသွေးတန်း ဖြစ်စေမယ့် ကောလာဟလတွေကို သူတို့ထာ ပြန့်ပွားနိုင်အောင် သူတို့ကို သတ်ပစ်ဖို့ လိုအပ်တယ်ကွ။ အခုဆိုရင် ငါတို့ဟာ ဂြိုဟ်သားတွေနဲ့ ရင်ဆိုင်ဖို့ အဆင်သင့် ဖြစ်ကြပြီ။ ငါတို့အတွက် အချိန်နည်းနည်းလိုအပ်နေတယ်၊ အဲဒီလိုနေတဲ့ အချိန်ပိုင်းကို မင်းက ဆောင်ကြဉ်းပေးခဲ့တာပဲ"

အဖြူရောင် ဝတ်ဆင်ထားသော အမျိုးသမီးသည် ထိုနေရာ၌ မတ်တတ်ရပ်ရင်း ဘာတစ်ခွန်းမှ မပြောဘဲ ပြောသမျှ ဆိုသမျှ စကားတွေကို နားထောင်နေသည်။ သို့ရာတွင် ယခု အချိန်၌မူ ထိုအမျိုးသမီး၏အတွေးများသည် တွင်းပြင်ထဲတွင် ရပ်နေသူ အားလုံး၏ စိတ်ထဲသို့ လွှင့်မျောပြီး ရောက်ရှိသွားကြတော့သည်။

"ကျွန်မတို့ ဒီကိုလာတဲ့ အကြောင်းရင်းကတော့ ဒီကမ္ဘာဂြိုဟ်ကြီးကို ရှင်တို့ ဖျက်ဆီးနေတဲ့ကိစ္စက ဟန့်တားကာကွယ်ဖို့ပါပဲ၊ ကျွန်မတို့ဟာ စကြဝဠာတစ်ခုတည်းမှာ ပါဝင်နေကြတဲ့လူတွေပါ၊ အပေါ်ကို မော့ကြည့်ကြစမ်းပါဦး"

သူတို့ အားလုံး ကောင်းကင်ဆီသို့ မော့ကြည့်မိကြသည်။ သူတို့ခေါင်းပေါ်တွင် အလွန် ကြီးမားသော တိမ်တိုက်ဖြူကြီး ရှိနေသည်။ သူတို့က ထိုတိမ်တိုက်ကြီးအား မော့ကြည့်နေမိချိန်မှာပင် ထိုတိမ်တိုက်ကြီးသည် သူတို့၏မျက်စိရှေ့မှောက်၌ ပြောင်းလဲသွားသည်ကို မြင်ကြရတော့သည်။

သူတို့သည် ကမ္ဘာ့ဝင်ရိုးစွန်းမှ ရေခဲပြင်ကြီးကို မြင်နေကြရသည်၊ သူတို့ ကြည့်နေစဉ်မှာပင် ထိုရေခဲပြင်ကြီးသည် စတင်၍ အရည်ပျော်စ ပြုလာပြီး ရေများသည် ကမ္ဘာပေါ်ရှိ မြစ်ချောင်းများမှတစ်ဆင့် သမုဒ္ဒရာကြီးများထဲသို့ အကြီးအကျယ် စီးဝင်လာကြတော့သည်။ ထိုရေလုံးကြီးများသည် လန်ဒန်၊ လော့စ်အိန်ဂျယ်လိစ်၊ နယူးရောခ်၊ တိုကျိုနှင့် ကမ္ဘာအရပ်ရပ်ရှိ ပင်လယ်ကမ်းစပ်မြို့ကြီးများကို ရေလွှမ်းမိုးသွားကြတော့သည်။

ထိုမြင်ကွင်းသည် ပျက်စီးခြောက်သယောင်းနေသော လယ်တော ယာတောများ၊ အလွန်ပြင်းထန်ပူလောင်လှသည့် နေရောင်ခြည်အောက်တွင် မီးသွေးခဲဖြစ်အောင် လောင်ကျွမ်းသွားကြသည့် သီးနှံပင်များ၊ အတုံးအရုံး သေနေကြသော တိရစ္ဆာန်များ၏ မြင်ကွင်းသို့ ပြောင်းလဲသွားသည်။

မြင်းကွင်းသည် နောက်တစ်ကြိမ် ပြောင်းလဲသွားပြီး ကမ္ဘာကြီးကို ပျက်စီးစေသည့် အဏုမြူစစ်ပွဲကြီး ဖြစ်ပေါ်လာပြီး နောက်ဆုံးတွင် လူသားများသည် ဂူများထဲ၌ နေထိုင်ကြရသည်ကို မြင်ကြရတော့သည်။ ထိုမြင်ကွင်းသည် တဖြည်းဖြည်း ပျောက်ကွယ်သွားလေ၏။

အထိတ်တလန့် ဖြစ်မှုကြောင့် အတန်ငယ်ကြာအောင် တိတ်ဆိတ်သွားတော့သည်။

"အခုပုံစံအတိုင်း ဆက်ပြီး လုပ်ကိုင်နေမယ်ဆိုရင် ရှင်တို့ရဲ့ အနာဂတ်ဟာ အဲဒီအတိုင်း ဖြစ်လာလိမ့်မယ်"

ပထမဦးဆုံးပြန်လည်၍ သတိရလာသူမှာ အက်ဒ်မိုင်ရယ် ဝှစ်တိတ်ကာဝင် ဖြစ်တော့သည်။ သူက ခပ်ဆတ်ဆတ် ပြောလိုက်၏။

"ဒါ လူအုပ်ကြီးကို စိတ်ညှို့တဲ့ပညာပဲ။ မင်းက ငါတို့ကို စိတ်ဝင်စားစရာကောင်းတဲ့ အခြား မျက်လှည့်ပညာတွေကိုလည်း ပြသနိုင်လိမ့်ဦးမယ် . . .


www.burmeseclassic.com

www.burmeseclassic.com

ငါ ယုံကြည်ပါတယ်ကွာ”

သူက ဂြိုဟ်သားထံသို့ တိုးကပ်သွားသည်။

“ငါက မင်းကို ငါနဲ့ ဝါရှင်တန်ကို ခေါ်သွားရမယ်၊ မင်းဆီက သတင်းအချက်အလက်တွေ အများကြီး ငါတို့ သိရဖို့ ရှိတယ်”

အက်ဒ်မိုင်ရယ်ကြီးက ရောဘတ်ဘက်သို့ လှည့်လိုက်၏။

“မင်းကတော့ လမ်းဆုံးသွားပြီ”

သူက ဖရန့်ဂျွန်ဆန်ဘက်သို့ လှည့်လိုက်သည်။

“သူ့ကို ရှင်းပစ်လိုက်တော့”

ဗိုလ်မှူးကြီး ဂျွန်ဆန်သည် သူ့ပစ္စတိုသေနတ်ကို သေနတ်အိတ်ထဲမှ ထုတ်ယူလိုက်သည်။

ဆူဆန်သည် မွန်တီ၏လက်ထဲမှ လွတ်ထွက်လာပြီး ရောဘတ်နံဘေးသို့ အပြေးအလွှား ရောက်ရှိလာသည်။

“မသတ်ပါနဲ့”

ဆူဆန်က အသံကုန် အော်ဟစ်လိုက်၏။

အက်ဒ်မိုင်ရယ်ကြီးက ပြောလိုက်ပြန်သည်။

“သူ့ကို သတ်ပစ်လိုက်”

ဗိုလ်မှူးကြီး ဂျွန်ဆန်က အက်ဒ်မိုင်ရယ်ကြီးကို သေနတ်နှင့် ချိန်ထားလိုက်သည်။

“အက်ဒ်မိုင်ရယ်၊ ခင်ဗျားကို ဖမ်းဆီးလိုက်ပြီ”

အက်ဒ်မိုင်ရယ်ကြီးက သူ့ကို ငေးကြည့်နေသည်။

“ဘာပြောတယ်၊ မင်းက ဘာတွေ ပြောနေတာလဲ၊ သူ့ကို သတ်ပစ်ဖို့ ငါက မင်းကို ခိုင်းနေတာ၊ မင်းလည်း ငါတို့အဖွဲ့သားတစ်ယောက်ပဲ”

“ခင်ဗျား မှားနေပြီ၊ ကျုပ် ဘယ်တုံးကမှ ခင်ဗျားတို့အဖွဲ့သား မဟုတ်ခဲ့ဘူး ကျုပ်က ခင်ဗျားရဲ့ အဖွဲ့ထဲကို လွန်ခဲ့သော နှစ်ပေါင်းများစွာက စပြီး ထိုးဖောက်ဝင်ရောက်ခဲ့တယ်၊ ကျုပ်က ကွန်မန်ဒါ ဘယ်လာမီကို လိုက်ရှာနေတာဟာ သူ့ကို သတ်ဖို့ မဟုတ်ဘူး၊ သူ့ကို ကယ်ဆယ်ဖို့”

သူက ရောဘတ်ဘက်သို့ လှည့်လိုက်၏။

“မင်းဆီကို ငါ စောစောစီးစီး ရောက်မလာခဲ့တဲ့အတွက် ငါ ဝမ်းနည်းပါတယ်ကွာ”

အက်ဒ်မိုင်ရယ် ဝှစ်တီတ်ကာ၏မျက်နှာသည် သွေးဆုတ်သွားတော့သည်။

“ဒါဆိုရင် မင်းကိုလည်း ဖျက်ဆီးပစ်ရတော့မှာပဲ၊ ဘယ်သူမှ ငါတို့ကို ထော်လော်ကန့်လန့်လုပ်လို့ မရဘူး၊ ငါတို့ရဲ့ အဖွဲ့ အစည်း. . .”

“ခင်ဗျားမှာ ဘာအဖွဲ့အစည်းမှ မရှိတော့ပါဘူး၊ ခုအချိန်မှာဆိုရင် ခင်ဗျားတို့ရဲ့ အဖွဲ့ဝင်တွေကို လိုက်လံဖမ်းဆီးနေပြီ၊ ဇာတ်လမ်းပြီးဆုံးသွားပါပြီ အက်ဒ်မိုင်ရယ်”

သူတို့ခေါင်းပေါ်ရှိ ကောင်းကင်ပြင်ကြီးတွင် အလင်းရောင်များ၊ အသံဗလံများနှင့် တုန်ခါနေလေသည်။ အလွန် ကြီးမားသော မိခင်အာကာသယာဉ်ကြီးသည် သူတို့၏ခေါင်းပေါ် တည့်တည့်တွင် အောက်ဘက်သို့ တဖြည်းဖြည်း ဆင်းကျလာသည်။ အလွန် တောက်ပသော အစိမ်းရောင်များသည် အာကာသယာဉ်ကြီးထဲမှ အပြင်သို့ လင်းလိုက် မှိန်လိုက် ဖြစ်နေကြသည်။ ထို အာကာသယာဉ်ကြီး ဆင်းသက်လာသည်ကို သူတို့ အားလုံးက တအံ့တဩ ငေးကြည့်နေကြသည်။





သေးငယ်သော အာကာသယာဉ်ကလေးတစ်စင်း ပေါ်လာသည်။

ထို့နောက် တစ်စင်းပြီး တစ်စင်း ပေါ်လာကြသည်။

နောက်ဆုံးတွင် ကောင်းကင်နှင့် အပြည့်အနှက် ရှိနေသလိုပင် ထင်ကြရတော့သည်။

လေထုထဲတွင်လည်း အလွန် သာယာနာပျော်ဖွယ်ရှိသော တေးဂီတသံသည် တောင်တန်းများဆီမှ ပဲ့တင်ထပ်နေအောင် ကျယ်လောင်စွာ ထွက်ပေါ်နေလေတော့သည်။ မိခင်အာကာသယာဉ်ကြီးမှ တံခါးပွင့်လာပြီး ဂြိုဟ်သားတစ်ယောက် ပေါ်ထွက်လာသည်။

အဖြူရောင် ဝတ်ဆင်ထားသော အမျိုးသမီးက ရောဘတ်ဘက်သို့ လှည့်လိုက်၏။

“ကျွန်မ အခု သွားတော့မယ်”

သူက အက်ဒ်မိုင်ရယ် ဝှစ်တီတ်ကာ၊ ဂျင်နရယ် ဟီးလီးယဒ်နှင့် မွန်တီဘင့်ခ်တို့ထံ လျှောက်သွားတော့သည်။

“ရှင်တို့ ကျွန်မနဲ့အတူတူ လိုက်ခဲ့ကြရမယ်”

အက်ဒ်မိုင်ရယ် ဝှစ်တီတ်ကာက နောက်ပြန်ဆုတ်လိုက်၏။

“မလိုက်ဘူး၊ ကျုပ် မလိုက်ဘူး”

“လိုက်ရမယ်၊ ကျွန်မတို့က ရှင်တို့ကို မနှိပ်စက်ပါဘူး”

အမျိုးသမီးက သူ့လက်ကို ဆန့်တန်းလိုက်သည်။ အစပိုင်းတွင် ဘာမှ ဖြစ်မလာပါ။ ထို့နောက် အားလုံးက ဝိုင်းကြည့်နေကြစဉ်မှာပင် ထိုပုဂ္ဂိုလ်သုံးယောက်သည် စိတ်ညှို့ခံရသူများပမာ အာကာသယာဉ်ကြီးဆီသို့ ဖြည်းညင်းစွာ တိုးကပ်သွားကြတော့သည်။

အက်ဒ်မိုင်ရယ် ဝှစ်တီတ်ကာက -

“မလိုက်ဘူး” ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

သူတို့သုံးယောက်သည် အာကာသယာဉ်ကြီးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်အထိ အက်ဒ်မိုင်ရယ်ကြီးက အော်ဟစ်နေဆဲပင် ဖြစ်သည်။

အဖြူရောင်ဝတ်စုံနှင့် အမျိုးသမီးက အခြားပုဂ္ဂိုလ်များဘက်သို့ လှည့်လိုက်၏။

“သူတို့ကို မနှိပ်စက်ပါဘူး၊ သူတို့ အနေနဲ့ သင်ယူစရာတွေ အများကြီး ရှိနေပါတယ်၊ သူတို့ လေ့လာသင်ကြားပြီးတဲ့အခါကျရင် သူတို့ကို ဒီကို ပြန်ပို့ပေးပါ့မယ်”

ဆူဆန်က ရောဘတ်ကို တင်းကျပ်စွာ ဖက်တွယ်ထားသည်။

အဖြူရောင်ဝတ်စုံနှင့် အမျိုးသမီးက -

“ဒီကမ္ဘာကြီးကို ဖျက်ဆီးမပစ်ကြဖို့ လူသားတွေကို ပြောပြပါ ရောဘတ်ရယ်၊ သူတို့ကို နားလည်သဘောပေါက်လာအောင် လုပ်စမ်းပါ”

“ကျုပ်က တစ်ယောက်တည်းရယ်”

“ရှင့်လို လူစားမျိုးတွေ ထောင်ပေါင်းများစွာ ရှိနေကြပါတယ် [illegible] ရှင့်လို လူစားမျိုးတွေ တိုးပွားလာနေတယ်၊ တစ်နေ့ကျရင် သန်းနဲ့ [illegible] မယ်၊ ရှင်တို့ အားလုံးက စိတ်အား ထက်သန်စွာနဲ့ တစ် [illegible]



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဆိုကြရလိမ့်မယ်၊ ရှင် ဆောင်ရွက်မှာလား"

"ကျုပ် ကြိုးစားပါ့မယ်၊ ကျုပ် ကြိုးစားပါ့မယ်"

"ကျွန်မတို့ အခု ပြန်ကြတော့မယ်၊ ဒါပေမယ့် ကျွန်မတို့က ရှင်တို့ကို စောင့်ကြည့်နေမယ်၊ ပြီးတော့ ကျွန်မတို့ ပြန်လာကြဦးမယ်"

အဖြူရောင်ဝတ်စုံကို ဆင်မြန်းထားသူ အမျိုးသမီးသည် ပြန်လှည့်ပြီး အာကာသယာဉ်ထဲသို့ ဝင်သွားတော့သည်။

အာကာသယာဉ်အတွင်းဘက်မှ အလင်းရောင်များသည် ပို၍ ပို၍ တောက်ပလာကြရာ မိုးကောင်းကင်ကြီး တစ်ခုလုံးကို လင်းထိန်သွားစေသည် အထိပင် ဖြစ်ခဲ့ရတော့သည်။

ထို့နောက် မိခင်အာကာသယာဉ်ကြီးသည် ကြိုတင်သတိပေးခြင်း မရှိဘဲ ဖြုန်းခနဲ ထပ်ပျံသွားလေတော့ရာ အာကာသယာဉ်ငယ်ကလေးများသည် အလျှိုလျှို လိုက်ပါသွားကြသဖြင့် နောက်ဆုံးတွင် အာကာသယာဉ် အားလုံးသည် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားကြလေတော့သည်။

*'ဒီကမ္ဘာကြီးကို ဖျက်ဆီးမပစ်ကြဖို့ လူသားတွေတို့ မြော်မြင်ပါ' တဲ့။*

'ဟုတ်တာပေါ့' ဟု ရောဘတ် တွေးလိုက်သည်။

'ငါ မသေခင် ဘာဆက်လုပ်ရမလဲဆိုတာ ငါ အခု သိပြီ'

သူက ဆူဆန်ကို ကြည့်ပြီး ပြုံးလိုက်သည်။

ဘဝသစ် စခဲ့လေပြီတည်း။

BURMESE CLASSIC .com

**မောင်မြန်ကြွယ်.**

**၀၆၊ ၀၁၊ ၉၀။**

www.burmeseclassic.com